www.dhammadownload.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ဝိပဿနာအတွက်

ပဋ္ဌာန်းမှတ်စု

ဦးတင်ဝင်း (ဒိုက်ဦး-သုံးခွ)

ဘဝတစ်ခု အမြင့်မြတ်ဆုံးဖြစ်အောင် မြတ်ဗုဒ္ဓ၏
ပဋ္ဌာန်းဒေသနာတော်တို့ကို အခြေခံမှစ၍
လေ့လာဆည်းပူးသူများ ဝိပဿနာတရား အားထုတ်ကြသောအခါ

သဒ္ဓိန္ဒြေ ဝီရိယိန္ဒြေ သတိန္ဒြေ သမာဓိန္ဒြေ ပညိန္ဒြေ

တို့ အဆင့်ဆင့် ထက်သန်အားကောင်း ပြည့်စုံလာစေပြီး မိမိတို့၏
ပါရမီအားလျော်စွာ မဂ်,ဖိုလ်,နိဗ္ဗာန် တရားထူး
များကို ရရှိနိုင်ရန်အတွက် အထောက်အပံ့
ကောင်းများ ဖြစ်နိုင်ကြပါစေရန်

4-4-2020

သာသနာ ၂၅၆၃ ကောဇာ ၁၃၈၁ ခရစ် ၂၀၂၀

ဝိပဿနာအတွက် ပဋ္ဌာန်းမှတ်စု ဦးတင်ဝင်း (ဒိုက်ဦး-သုံးခွ)

www.dhammadownload.com

ယေ ဓမ္မာ ဂါထာတော်

ယေ ဓမ္မာ ဟေတုပ္ပဘဝါ၊
တေသံ ဟေတုံ တထာဂတော အာဟ။
တေသဉ္စ ယော နိရောဓော၊
ဧဝံ ဝါဒီ မဟာသမဏော။

(အရှင်အဿဇိ က အရှင်သာရိပုတြာအလောင်းအား ဟောတော်မူသော တရားဂါထာတော်။)

ယေ ဓမ္မာ = အကြင် ဒုက္ခသစ္စာတရားတို့သည်၊ **ဟေတုပ္ပဘဝါ** = အကြောင်း သမုဒယသစ္စာလျှင် အမွန်ပဘဝ အကြောင်းအရင်း ရှိကြကုန်၏။ **တေသံ** = ထို ဒုက္ခသစ္စာတရားတို့၏၊ **ဟေတုံ စ** = အကြောင်းဖြစ်တဲ့ သမုဒယသစ္စာ တဏှာ လောဘ တရားကိုလည်းကောင်း၊ **တထာဂတော** = ရှေးဘုရားတို့အတူ လာခြင်းကောင်းတော်မူသော မြတ်စွာဘုရားသည်၊ **အာဟ** = စိတ်ဖြာခွဲခြား ဟောကြားတော်မူ၏။

တေသံ = ထို ဒုက္ခသစ္စာ သမုဒယသစ္စာ နှစ်ပါးတို့၏၊ **ယော နိရောဓော** = အကြင်ချုပ်ရာ နိရောဓသစ္စာ နိဗ္ဗာန်တရားသည်၊ **အတ္ထိ** = ရှိ၏။ **တဉ္စ** = ထို နိရောဓသစ္စာ နိဗ္ဗာန်တရားကိုလည်းကောင်း၊ (နိရောဓဂါမိနိဉ္စ ပဋိပဒံ= နိဗ္ဗာန် ရောက်ကြောင်း အကျင့်ကောင်းဖြစ်သော မဂ္ဂသစ္စာကိုလည်းကောင်း၊)၊ **အာဟ** = စိတ်ဖြာခွဲခြားဟောကြားတော်မူ၏။ **မဟာသမဏော** = ငါတို့ဆရာ မြတ်စွာဗုဒ္ဓဘုရားသည်၊ **ဧဝံ ဝါဒီ** = ဤသို့ **ဒုက္ခ+သမုဒယ+နိရောဓ+မဂ္ဂ** အားဖြင့် သစ္စာလေးပါးအမှန်တရားကို ဟောကြားတော် မူလေ့ ရှိပါ၏။

ပဋ္ဌာန်းဒေသနာတော် ရွတ်ဖတ် ပူဇော်ရခြင်းအကျိုး

★ ဤဘဝ နောင်ဘဝ ဘဝအဆက်ဆက်
ထူးချွန်ထက်မြက်သော ဉာဏ်ပညာနှင့်ပြည့်စုံခြင်း၊

★ ကြုံတွေ့ဆဲ ကြုံတွေ့လတ္တံ့ ဘေးအန္တရာယ်
အသွယ်သွယ်တို့ကို လွန်မြောက်နိုင်ခြင်း၊

★ ဆောင်ရွက်သမျှ ကောင်းကျိုးအဝဝတို့ ပြီးစီးအောင်မြင်နိုင်ခြင်း၊

★ မကောင်းကျိုးဖြစ်စေမည့် အပြစ်ကျူးလွန်ခြင်းတို့မှ ရှောင်လွှဲနိုင်ခြင်း၊

★ အဆုံးစွန်သောဘဝ၌ နိဗ္ဗာန်ကို လွယ်ကူလျှင်မြန်စွာ မျက်မှောက်ပြုရခြင်း၊

စသည့် အကျိုးတရားတို့ကို ရရှိနိုင်ပါသည်။ 4-4-2020

www.dhammadownload.com

"နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"

ဝိပဿနာအတွက်

ဗောဓိဝါဒ

ဦးတင်ဝင်း (ဒိုက်ဦး-သုံးခွ)

ဘဝတစ်ခု အမြင့်မြတ်ဆုံးဖြစ်အောင် မြတ်ဗုဒ္ဓ၏
ပဋ္ဌာန်းဒေသနာတော်တို့ကို အခြေခံမှစ၍
လေ့လာဆည်းပူးသူများ ဝိပဿနာတရား အားထုတ်ကြသောအခါ
သဒ္ဓိန္ဒြေ ဝီရိယိန္ဒြေ သတိန္ဒြေ သမာဓိန္ဒြေ ပညိန္ဒြေ
တို့ အဆင့်ဆင့် ထက်သန်အားကောင်း ပြည့်စုံလာစေပြီး မိမိ
တို့၏ ပါရမီအားလျော်စွာ မဂ်,ဖိုလ်,နိဗ္ဗာန် တရားထူး
များကို ရရှိနိုင်ရန်အတွက် အထောက်အပံ့
ကောင်းများ ဖြစ်နိုင်ကြပါစေရန်

4-4-2020

သာသနာ ၂၅၆၃ ကောဇာ ၁၃၈၁ ခရစ် ၂၀၂၀

www.dhammadownload.com

နိုင်ငံရာဇဝန်ပူဇော်စို့

* ဘုရားရှင်တော်၊ မပွင့်ပေါ်လျှင်၊ လူတော်အများ စိတ်ကောင်းထားလည်း၊
ဤကားကုသိုလ်၊ အကုသိုလ်နှင့်၊ ထိုထိုဘုံဘဝ၊ မသိရ၊ များလှအပြစ်တွေ။

* ဘုရားရှင်တော်၊ ပွင့်ထွန်းပေါ်၍၊ ဟောဖော်ညွှန်ကြား၊ မြတ်တရားကြောင့်၊
ဤကားကုသိုလ်၊ အကုသိုလ်နှင့်၊ ထိုထိုဘုံဘဝ၊ သိကြရ၊ များလှကျေးဇူးပေ။

* ကျေးဇူးတော်ရှင်၊ ဘုရားရှင်ကို၊ ဦးတင်မပြတ်၊ ကျေးဇူးဆပ်ဖို့၊ အမြတ်ရတနာ၊
သာသနာ၏၊ နိုင်ရာဝန်ထမ်း၊ ကိုယ်စီစွမ်း၊ ကြိုးပမ်းကြပါလေ။ ။

ဝိပဿနာအတွက် ပဋ္ဌာန်းမှတ်စု ပုံနှိပ်မှတ်တမ်း

(ပထမအကြိမ် ၂၀၂၀ ပြည့်နှစ် ✲ အုပ်ရေ–၇၀၀)

အကြိမ် ✲ **ဒုတိယအကြိမ်**

ထုတ်ဝေသည့်လ ✲ မတ်လ၊ ၂၀၂၂

အုပ်ရေ ✲ ၁၀၀၀

အတွင်းစာစီ ✲ **ဓမ္မပူဇာမင်္ဂလာ** (၀၉၄၂၅၀၁၄၈၁၅)

အဖုံးဒီဇိုင်း ✲ သိန်းဝင်း(အောင်မြင့်မိုရ်)

CTP ✲ Eagle(31 Street)

ပုံနှိပ်သူ ✲ အောင်စည်ဟိန်း(၀၁၅၀၀၁)

ဖုန်း–၀၉–၄၂၈၀၂၀၄၀၀

စာအုပ်ချုပ် ✲ ဦးမြင့်စိုး (၀၉၉၆၄၀၈၂၁၆၄)

ထုတ်ဝေသူ ✲ ဦးမြင့်စိုး(၀၀၉၇၉)

ခင်မြတ်သူစာပေ၊

စီစဉ်သူ ✲ **ဦးတင်ဝင်း(ဒိုက်ဦး–သုံးခွ)**

၂၉၄.၃

တင်ဝင်း/ဦး (ဒိုက်ဦး–သုံးခွ)

ဝိပဿနာအတွက် ပဋ္ဌာန်းမှတ်စု

ခင်မြတ်သူစာပေ၊ ဒုတိယ–ကြိမ်၊ ၂၀၂၂

စာ–၄၀၄၊ ၁၅.၅ စင်တီ × ၂၁.၅ စင်တီ

ဝိပဿနာအတွက် ပဋ္ဌာန်းမှတ်စု

www.dhammadownload.com

“နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ”

နာနာပ္ပကာရဉ္စာနာနိ၊ ဗောဓိတာနေတ္ထ မုနိနာ၊
အနန္တနယ ပဋ္ဌာနံ၊ ဝန္ဒေ အနန္တ ဂေါစရံ။

ဧတ္ထ– ဤ အနန္တနယ သမန္တပဋ္ဌာန်းကျမ်းတော်ကြီး၌၊ မုနိနာ– မုနိထွတ်တင် ဘုရားရှင်သည်၊ နာနာပ္ပကာရဉ္စာနာနိ– ဟေတု, အာရမ္မဏစသည်များစွာ အကြောင်းအရာတို့ကို၊ ဗောဓိတာနိ– သဗ္ဗညုတာ ဉာဏ်တော်သာဖြင့် ဦးစွာကျန သိပြီးမှလျှင် များလှဝေနေ သိစေတော်မူအပ်ခဲ့လေကုန်ပြီ၊ အနန္တဂေါစရံ– အဆုံးမရှိ ကုန်အောင်သိသည့်၊ ဉာဏ်တော်၏သာ ကျက်စားရာဖြစ်တော်မူသော၊ တံ အနန္တနယပဋ္ဌာနံ– မြားမြောင်ပေါယယ် နည်းစုံကြွယ်သား၊ ကြီးကျယ်မြင့်မော်၊ ထို ပဋ္ဌာန်းကျမ်းတော်ကြီးကို၊ ဝန္ဒေ– တစ်သက်တစ်ခါ၊ ကြုံခဲစွာဖြင့် ကြုံလာသည့်ခိုက် ဦးဖြင့်တိုက်၍ နှစ်ချိုက်လှစွာ ရှိခိုးကန်တော့ပါ၏ ဘုရား။ ။

ပဋ္ဌာန်းရောင်တော်ဖွင့်အညွှန်း

နီလာ နီလာ နိဒ္ဒသန္တိ၊ ပီတာ ပီတာ စ ရံသိယော။
လောဟိတာ လောဟိတာ စာဘာ၊ သြဒါတော ဒါတရံသိယော။
တမှာ တမှာ စ မဉ္ဇိဋ္ဌာ၊ ပဘာဿန္တိ ပဘာဿရာ။
ဇဝံ ဆဗ္ဗဏ္ဏရံသိယော၊ ဌာတု မေ ဘဂဝါ သိရေ။

(ဘဂဝန်ဘုန်းလှိုင် နှုန်းပြိုင်တုကင်း အဘက်ကွာ၍ စကြာမင်းအစစ်ဖြစ်ကြီးဖြစ်တော်မူသော တိဘဝပါရဂူ သယမ္ဘူ ရှင်တော်မြတ်ဘုရားသည် ငါးပါးမာရ်နှင် ပလ္လင်ဘွေထွတ် မြေတမွတ်ဝယ် ရွှေဝတ်လွှာမှုန် ကြာပဒုံသို့ အစုံလေးလီ ခိုင်နှင်းဆီကို လှမ်းမှီဆွတ်ချွေ၍ ကရွတ်ခွေဝင့်စက်မှ လွတ်ထွက် တော်မူပြီးနောက် သတ္တာသတ္တ နဝတာလီ ကိန်းယာယီဖြင့် ခိုမှီ ပြောင်းစံတော်မူဆဲအခါ **ရတနာဃရ** သတ္တာဟဝယ် မေ့နက်ကျယ် သမုတ်နယ်သို့ ဆန်းကြယ် နက်ဝှမ်း ပဋ္ဌာန်းကျမ်းကို ထောက်လှမ်းမြူးကွန့် ရွှေဉာဏ်တော်လွန့်လေသော် ရောင်ညွန့် ရောင်စွယ် ရွှေဘုန်းတော်ခြယ်သောကြောင့် သပ္ပါယ်လို့ရှုမဆုံး မိုးလုံးတစ်ပြင် ဝေဟင်အပြန့် မရပ်တန့်ဘဲ မဆန့်နိုင်တဝေဝေ ညို, ရွှေ, နီ, ဖြူ အဆူဆူထွေးယှက်လျက် နီမောင်းရောင်ထွက် လျှပ်စီးတွေလက်သလို ပြိုးပြိုးပြက် တစ်ငွါးငွါး ရောင်ခြောက်စုံ ကစားလျက် လောကဓာတ်တိုက် အများကို ဖြန့်လွှားအုပ်မိုးတော်မူ ကြလေကုန်သတည်း။

ရောင်ခြည်တော်ဖူးညွှန့် ထွေးယှက်လိမ်လူးလွန့်လျက် မြူးကွန့်တော်မူစေရန် အကြောင်းရင်းသမုဋ္ဌာန် ဇကန်ဇကေ **ပဋ္ဌာန**ဟု နယထူးဆန်း မြတ်ပဋ္ဌာန်းကို ရှုင်လန်းသောဉာဏ်ကသိုဏ်း သမာဓိဖန်တံတိုင်းဖြင့် ဋ္ဌာန်ကရိုင်းပီသစွာ စေတနာထွတ်အမြတ်ဖြင့် ရွတ်ဖတ်သရဇ္ဈာယ် တော်မူကြပါကုန်လော့။ ။) (လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး)

www.dhammadownload.com

ပူဇော်ကန်တော့ပါသည်

*** *** ***

ဗုဒ္ဓမြတ်စွာဘုရားသည် ဤတရားတော်တို့ကို စတင်ဟောကြားတော်မူသော **မူရင်းဆရာ** ဖြစ်ပါသည်။

အဋ္ဌကထာဆရာ, ဋီကာဆရာ, အရကောက်ဆရာ စသည်တို့သည် ဗုဒ္ဓမြတ်စွာဘုရား၏ မူရင်းတရားတော်တို့ကိုယူ၍ ဖွင့်ဆိုခဲ့ကြသည်။ ဆရာအစဉ်အဆက်တို့ကလည်း ထိုဖွင့်ဆိုချက်များကိုယူ၍ တပည့်များကိုသင်ကြားပေးပြီး၊ သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးအတွက် အဆက်ဆက် ဆောင်ရွက်ခဲ့ကြ၊ ဆောင်ရွက်နေကြပါသည်။ ကျွန်ုပ်သည်လည်း ထိုထိုကျမ်းစာများနှင့် ပညာရှင်ဆရာများထံမှ သင်ယူဆည်းပူး မှတ်သားခဲ့သမျှကို <u>ပဋ္ဌာန်းဒေသနာကို ဝိပဿနာကမ္မဋ္ဌာန်း</u>အတွက် လေ့လာလိုသော ဓမ္မမိတ်ဆွေများ လေ့လာ ဖတ်ရှုရာတွင် သိလွယ်, ထင်လွယ်, မြင်လွယ်စေလိုခြင်းအကျိုးငှာ **ဝိပဿနာအတွက် ပဋ္ဌာန်းမှတ်စု** ကို အလျဉ်းသင့်သလို ရေးသားမှတ်စုထုတ် စီစဉ်ပေးနိုင်ခြင်းဖြစ်ပါသည်။ အကြောင်း အကျိုးကို ဟောတော်မူသော ပဋ္ဌာန်းဒေသနာတော်ကြီးမှာ အကြောင်းရှိသဖြင့် အကျိုးဖြစ်ပေါ်ရပါသည်။ အကြောင်းချုပ်လျှင် အကျိုးလည်း ချုပ်ပါတကားဟူ၍ ဖြစ်ဖြစ်သမျှတရားတို့၏ ချုပ်မှုတရားကို **"ယံကိဉ္စိ သမုဒယဓမ္မံ သဗ္ဗံတံ နိရောဓ ဓမ္မန္တိ"**ဟူ၍ သိကြရကာ သောတာပတ္တိမဂ္ဂစက္ခုကို ဆွတ်ခူးနိုင်ကြပါစေ။

[**ပဋ္ဌာန်းနှင့် ဝိပဿနာဘာဝနာကမ္မဋ္ဌာန်း**၊ သာသနာ့ ဌာန်း ၂-ပင်(ပါး)]

ထိုအားထုတ်မှု အစုစုတို့ဖြင့် ကျေးဇူးကြီးမားတော်မူသော မူရင်းဆရာ ဗုဒ္ဓမြတ်စွာဘုရား၊ အဆင့်ဆင့်သောဆရာမြတ်တို့အားလည်းကောင်း၊ အဘိဓမ္မာ (ဓမ္မတရားစာပေများ)ကို ကျွန်ုပ်အား စတင်၍သင်ကြားပေးခဲ့သော ဆရာတော် **ဘဒ္ဒန္တဝါယာမသာရ**(သင်တန်းမှူးဆရာတော်)နှင့် **ဆရာဦးစိုးသန်း**(မင်္ဂလာဗျူဟာ) တို့အားလည်းကောင်း၊ အနန္တကျေးဇူးရှင်များဖြစ်ကြသော (အဘ)**ဦးလှအောင်**၊ (အမိ)**ဒေါ်တင်လှ** နှင့်တကွ မိသားစု၊ ဤစာအုပ် ဖြစ်မြောက်ရေးအတွက် **များစွာအကူအညီများပေးခဲ့ကြသော ဓမ္မမိတ်ဆွေအပေါင်း**တို့နှင့် ကျေးဇူးတင်ထိုက်သူ အပေါင်းတို့အား ဦးခိုက်ကော်ရော် ပူဇော်ကန်တော့ အပ်ပါသည်။

ဦးတင်ဝင်း(ဒိုက်ဦး-သုံးခွ)

www.dhammadownload.com

ခွင့်ပန်လွှာ

ဆရာမြတ် အသီးသီးတို့၏ နည်းစံနစ်များကို တိုက်ရိုက်သော်လည်းကောင်း၊ ပြင်ဆင်၍သော်လည်းကောင်း၊ သနားချီးမြှောက်သောအားဖြင့် ဤ'**ဝိပဿနာအတွက် ပဋ္ဌာန်းမှတ်စု**'၌ သုံးခွင့်ပြုတော်မူပါရန် ဆရာမြတ်အပေါင်းအား ရိုသေစွာ ရှိခိုးဦးညွှတ် ပန်ကြားအပ်ပါသည်။ (ကိုးကား ပူဇော်အပ်ပါသည်။)

★ ဆရာသခင် ကျေးဇူးတော်ရှင် မူလပဋ္ဌာန်းဆရာတော်၏ '**ပဋ္ဌာန်းပါဠိဂုဏ်ကျမ်း**'
★ ရန်ကုန်မြို့၊ အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၊ မူလပဋ္ဌာန်းဆရာတော် ပို့ချအပ်သော '**ပဋ္ဌာန်း ပစ္စဝါရဝိဘင်္ဂ အသံဖမ်း ပို့ချစဉ်ကျမ်း**'
★ အဘိဓဇမဟာရဋ္ဌဂုရု (မစိုးရိမ်တိုက်)ဦးဝိသုဒ္ဓါဘိဝံသ ၏ '**ပဋ္ဌာန်းအခြေခံဝိပဿနာ**'
★ မိုးညှင်းတောရဆရာတော်ကြီး ၏ '**ပဋ္ဌာန်းဝိပဿနာကျင့်စဉ်တရားတော်ကြီး**'
★ သဒ္ဓမ္မရံသီရိပ်သာရိပ်သာဆရာတော် အရှင်ကုဏ္ဍလာဘိဝံသ ၏ '**ပဋ္ဌာန်း နှင့် ဝိပဿနာ သိကောင်းစရာတရားတော်**' (ပထမတွဲ)(ဒုတိယတွဲ)
★ လက်ပံတန်းမြို့၊ သဒ္ဓမ္မောဒယဆရာတော်၏ '**ပဋ္ဌာနသာရဝိဘာဝနီ**' (ပ၊ဒု၊တ)
★ မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ ၏ '**အခြေပြုပဋ္ဌာန်းတရားတော်**'
★ ဗန်းမော်ဆရာတော် ဒေါက်တာအရှင်ကုမာရာဘိဝံသ ၏ '**ပဋ္ဌာန်းတရားတော်**'
★ အင်းစိန် ရွာမဆရာတော် အရှင်တိလောကာဘိဝံသ၏ '**ပဋ္ဌာန်းလက်ဆောင်**'
★ ပါမောက္ခချုပ်ဆရာတော်အရှင်နန္ဒမာလာဘိဝံသ(Ph.D)၏ '**ပဋ္ဌာန်းမြတ်ဒေသနာ**'
★ ဓမ္မဘေရီ အရှင်ဝီရိယ(တောင်စွန်း) ၏ '**လူတိုင်းအတွက် ပဋ္ဌာန်း**'
★ အရှင်ပဏ္ဍိတ(ဒီဃနိကာရကောဝိဒ) ၏ '**လက်တွေ့အသုံးချပဋ္ဌာန်း**'
★ အရှင်ဇောတိက(ညောင်တုန်း) ၏ '**ပဋ္ဌာန်းပစ္စယနိဒ္ဒေသ ပို့ချဟောကြားချက်**'
★ မဟာသဒ္ဓမ္မဇောတိကဓဇ၊ ဆရာဦးကျော်ထွဋ် ၏ '**မဥ္ဇူသကပဋ္ဌာန်း**'၊
★ သဒ္ဓမ္မရံသီ အရှင်ကုဏ္ဍလာဘိဝံသ ၏ '**ဣန္ဒြေထက်ကြောင်းကိုးပါး တရားတော်**'
★ ပါမောက္ခချုပ်ဆရာတော် အရှင်နန္ဒမာလာဘိဝံသ(Ph.D)၏ '**ဒိဋ္ဌေ ဒိဋ္ဌမတ္တံ**'

စသည့်ပညာရှင်တို့၏ အဆိုအမိန့်များအား ဤ'**ဝိပဿနာအတွက် ပဋ္ဌာန်းမှတ်စု**'ကို လေ့လာလိုသော ဓမ္မမိတ်ဆွေများ လေ့လာဖတ်ရှုရာတွင် သိလွယ်,ထင်လွယ်,မြင်လွယ် စေခြင်းအကျိုးငှာ အလျဉ်းသင့်သလို ပူဇော် ရေးသား ဖော်ပြအပ်ပါသည်။

ဤ'**ဝိပဿနာအတွက် ပဋ္ဌာန်းမှတ်စု**'ကို အမှားအယွင်း ကင်းနိုင်သမျှကင်းအောင် စာရေးသူ အတတ်နိုင်ဆုံး အားထုတ်ခဲ့ပါသော်လည်း ချွတ်ယွင်းချက် အမှားများကို ရှုမြင်မိသော် ပြင်တော်မူပါ၊ မသင့်မြင်သော် အသင့်ဆင်ပါဟု ပန်ကြားအပ်ပါသည်။

ဦးတင်ဝင်း(ဒိုက်ဦး-သုံးခွ)

www.dhammadownload.com

မာတိကာ

****

အကြောင်းအရာ	စာမျက်နှာ
သင်မှသိ၊ သိမှကျင့်၊ ကျင့်မှရ၊ မြတ်ဗုဒ္ဓ၏ ဩဝါဒ	က
ဗန်းမော်ဆရာတော်၏ 'ဩဝါဒကထာ'	စ
၁။ ဟေတုပစ္စည်း	
ဟေတုမည်ခြင်းအကြောင်း	၁
ပဋ္ဌာန်း ၂၄–ပစ္စည်းတွင် ဟေတုပစ္စည်းကို ရှေးဦးစွာဟောရခြင်း	၃
ဟေတုပစ္စည်းကို ရခြင်း/မရခြင်းနှင့် အကျိုး/အပြစ်	၄
ကောင်းမြတ်သောဟိတ် ၃–ပါး အကျိုးတရားများ	၆
အဋ္ဌကထာဆရာများ၏ ဖွင့်ဆိုချက်များ	၇
ရှုပွားကျင့်ပါ ဝိပဿနာ	၁၀
လက္ခဏာမြင်ခြင်းနှင့် ဟိတ်တရား	၁၂
ဟိတ်တရားနှင့် သတိပဋ္ဌာန်	၁၃
ဟိတ်တရားတို့နှင့် လက်တွေ့ပြုကျင့်ရမည့်အပိုင်း	၁၄
ငြိမ်းစေနိုင်သောနည်း	၁၄
ဟိတ်တရားတို့မှ မဇ္ဈိမပဋိပဒါအကျင့်သို့	၁၅
၂။ အာရမ္မဏပစ္စည်း	
အာရမ္မဏမည်ခြင်းအကြောင်း	၁၇
နှစ်ဆယ့်လေးသွယ်၊ ပဋ္ဌာန်းဝယ်၊ အဘယ်ပစ္စည်း ကျယ်သနည်း	၁၉
ဟေတု၏အခြားမဲ့၌ အာရမ္မဏပစ္စည်းဟောရခြင်း	၂၀
အာရမ္မဏ ပစ္စည်း/ပစ္စယုပ္ပန် နှလုံးသွင်းရန်	၂၃
အတိုက်ဓာတ်–အခံဓာတ်–အပွင့်ဓာတ် အဋ္ဌကထာ ဥပမာပြများ	၂၄
အာရုံနှင့် သတိပဋ္ဌာန်	၂၅
အာရုံနှင့် ဒွါရတို့၏ သဘောသဘာဝများ	၂၆
ကျင့်စဉ်တစ်သွယ်	၂၇
ရှုပွားကျင့်ပါ ဝိပဿနာ	၂၈
အာရမ္မဏပစ္စည်း၌ဟောသော	၃၃
အရိယာတို့၏ ပစ္စဝေက္ခဏာဉာဏ် ၁၉–တန် ငြိမ်းစေနိုင်သောနည်း	၃၅

www.dhammadownload.com

မာတိကာ

****

အကြောင်းအရာ	စာမျက်နှာ
၃။ အဓိပတိပစ္စည်း	
အဓိပတိမည်ခြင်းအကြောင်း	၃၇
အာရမ္မဏ၏အခြားမဲ့၌ အဓိပတိပစ္စည်း ဟောရခြင်း	၃၈
အမျိုးဇာတ်နှင့် အကြောင်း–အကျိုးတရား	၃၉
ပစ္စယနိဒ္ဒေသ (သဟဇာတာဓိပတိ)	၄၁
ပစ္စယနိဒ္ဒေသ (အာရမ္မဏာဓိပတိ)	၄၄
ပဉ္စဝါရဝိဘင်္ဂ–အရ အာရမ္မဏာဓိပတိ	၄၅
အာရမ္မဏနှင့် အာရမ္မဏာဓိပတိ မတူပုံ	၅၁
အာရမ္မဏာဓိပတိပစ္စည်း နိဗ္ဗာန်ကို အာရုံပြုပုံ	၅၂
ပဉ္စဝါရဝိဘင်္ဂ–အရ သဟဇာတာဓိပတိပစ္စည်း	၅၄
အဓိပတိပစ္စည်းဖြင့် ဝိပဿနာရှုနည်း	၅၇
၄။ အနန္တရပစ္စည်း	
အနန္တရမည်ခြင်းအကြောင်း	၅၉
အဓိပတိ၏အခြားမဲ့၌ အနန္တရပစ္စည်း, သမနန္တရပစ္စည်း ဟောရခြင်း	၆၁
အနန္တရပစ္စည်းနှင့် သမနန္တရပစ္စည်း အထူး	၆၂
ဘဝင်စိတ်နှင့် ဝီထိစိတ်	၆၇
ရှေးရှေးစိတ်သည် အကြောင်း(ပစ္စည်း)	၇၀
နောက်နောက်စိတ်သည် အကျိုး(ပစ္စယုပ္ပန်)	
ဆိမ်းတောက်ပမာ၊ မြစ်ရေအလျဉ်ပမာ	၇၁
ဧကတ္တနည်း၊ နာနတ္တနည်း၊ အဗျာပါရနည်း၊ ဧဝံဓမ္မတာနည်း	၇၂
ရှုပွားကျင့်ပါ ဝိပဿနာ	၇၃
ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ	၇၄
၅။ သမနန္တရပစ္စည်း	
အနန္တရ၊ သမနန္တရ၊ အနန္တရူပနိဿယ၊ နတ္ထိ၊ ဝိဂတ (အထူး)	၇၇
သမနန္တရပစ္စည်း ဟောရခြင်း	၇၈
အနန္တရပစ္စည်းနှင့် သမနန္တရပစ္စည်း အနက်ထူးခြားမှုမရှိ	၇၉
အနန္တရနှင့်သမနန္တရ သဒ္ဒါချင်းထူးခြားပုံ	၇၉

www.dhammadownload.com

မာတိကာ

* * * * * * *

အကြောင်းအရာ	စာမျက်နှာ

၆။ သဟဇာတပစ္စည်း

သဟဇာတမည်ခြင်းအကြောင်း ၈၁
သမနန္တရ၏အခြားမဲ့၌ သဟဇာတပစ္စည်း ဟောရခြင်း ၈၂
ပစ္စယနိဒ္ဒေသပါဠိတော်– သဟဇာတပစ္စည်းအရကောက် ၈၄
အဋ္ဌကထာဖွင့်ဆိုချက်များ ၈၅
သဟဇာတပစ္စည်း အတူတကွဖြစ်သောတရားများ ၉၀
ရှုပွားကျင့်ပါ ဝိပဿနာ ၉၃
ခန္ဓာနှင့် ဥပါဒါနက္ခန္ဓာ အထူး ၉၆
ခန္ဓာအသီးသီး၌ရရှိနိုင်သည့် အကျိုးထူး ၉၇

၇။ အညမညပစ္စည်း

အညမညမည်ခြင်းအကြောင်း ၉၉
သဟဇာတ၏အခြားမဲ့၌ အညမညပစ္စည်း ဟောရခြင်း ၁၀၀
ပစ္စယနိဒ္ဒေသပါဠိတော်– အညမညပစ္စည်း အရကောက် ၁၀၁
အဋ္ဌကထာဖွင့်ဆိုချက် ၁၀၂
မဟာဘုတ် ၄–ပါး(ဓာတ်ကြီးလေးပါး) ၁၀၅
မဟာသတိပဋ္ဌာနသုတ်တော်၌ ၁၀၇
ဓာတ်ကမ္မဋ္ဌာန်းကို အကျဉ်းဟောတော်မူပုံ
အရှင်သာရိပုတ္တရာ၏ ဓာတ်ကမ္မဋ္ဌာန်းအကျဉ်းရှုပုံ ၁၀၈

၈။ နိဿယပစ္စည်း

နိဿယမည်ခြင်းအကြောင်း ၁၁၃
အညမည၏အခြားမဲ့၌ နိဿယပစ္စည်း ဟောရခြင်း ၁၁၄
ဝတ္ထုပုရေဇာတနိဿယ ၁၁၄
အဋ္ဌကထာဖွင့်ဆိုချက်များ ၁၂၁
ရှုပွားကျင့်ပါ ဝိပဿနာ ၁၂၅
ဝတ္ထုရုပ်(ဒွါရ) ၆–ပါးလုံး၌ စောင့်ရှောက်သင့်ပုံ/ ရှုမှတ်သင့်ပုံ ၁၂၇
အတ္တတ္ထစရိယ၊ ဉာတတ္ထစရိယ၊ လောကတ္ထစရိယ ၁၃၁

www.dhammadownload.com

မာတိကာ

****

အကြောင်းအရာ	စာမျက်နှာ
၉။ ဥပနိဿယပစ္စည်း	
ဥပနိဿယမည်ခြင်းအကြောင်း	၁၃၃
ဥပနိဿယ ၃-မျိုး အထူး	၁၃၅
နိဿယ၏အခြားမဲ့၌ ဥပနိဿယပစ္စည်း ဟောရခြင်း	၁၃၆
ပစ္စယနိဒ္ဒေသပါဠိတော်-ဥပနိဿယပစ္စည်း အရကောက်	၁၃၇
ပဉှာဝါရဝိဘင်္ဂ ပကတူပနိဿယ သရုပ်ခွဲ	၁၄၀
ဥပနိဿယပစ္စည်း အထူးသီးခြားဟောတော်မူသောပါဠိတော်	၁၅၇
ဥပနိဿယဂေါစရ	၁၅၇
သမ္ပတ္တိစက် ၄-ပါး	၁၅၉
၁၀။ ပုရေဇာတပစ္စည်း	
ပုရေဇာတမည်ခြင်းအကြောင်း	၁၆၁
ဥပနိဿယ၏အခြားမဲ့၌ ပုရေဇာတပစ္စည်း ဟောရခြင်း	၁၆၂
ဟဒယဝတ္ထု၏ ကျေးဇူးပြုပုံ	၁၆၄
ပုရေဇာတပစ္စည်း ပဝတ္တိအခါ၌သာဖြစ်ပုံ	၁၆၅
ဝတ္ထုရုပ်, အာရုံရုပ်နှင့် ဝိညာဏစိတ်	၁၆၇
ရှုပွားကျင့်ပါ ဝိပဿနာ	၁၆၉
ပဉှာဝါရဝိဘင်္ဂ ပါဠိတော်	၁၇၁
ပဋိစ္စသမုပ္ပါဒ်ဒေသနာတော် (လည်ပုံ၊ ပြတ်ပုံ)	၁၇၃
၁၁။ ပစ္ဆာဇာတပစ္စည်း	
ပစ္ဆာဇာတမည်ခြင်းအကြောင်း	၁၇၇
ပုရေဇာတ၏အခြားမဲ့၌ ပစ္ဆာဇာတပစ္စည်း ဟောရခြင်း	၁၇၈
အပြန်အလှန်ဆက်သွယ်မှု ကျေးဇူးပြုမှု	၁၇၉
ပုရေဇာတနှင့်ပစ္ဆာဇာတ အထူး	၁၈၀
ဘဝအစ ရုပ်နာမ်မွေတို့ဖြစ်ပုံ	၁၈၁
တစ်ဘဝ၌ ရုပ် ၄-မျိုးတို့၏ ဖြစ်စဉ်နှင့်ချုပ်စဉ်	၁၈၄
ပစ္ဆာဇာတပစ္စည်း အပြန်အလှန်ဆက်သွယ်မှု အထောက်အကူပြုမှု	၁၈၆

www.dhammadownload.com

မာတိကာ

* * * * * * *

အကြောင်းအရာ	စာမျက်နှာ
၁၂။ အာသေဝနပစ္စည်း	
အာသေဝနမည်ခြင်းအကြောင်း	၁၉၉
ပစ္စာဇာတ၏အခြားမဲ့၌ အာသေဝနပစ္စည်း ဟောရခြင်း	၁၉၀
အာသေဝနပစ္စည်း အရကောက်	၁၉၂
အဋ္ဌကထာဖွင့်ဆိုချက်များ	၁၉၃
အာသေဝနပစ္စည်း ဇောတို့၏သတ္တိ	၁၉၅
ဇော ၇–ကြိမ်နှင့် ကံ ၄–မျိုးအကျိုးပေးပုံအစီအစဉ်(ပါပကာလ)	၁၉၆
အာသေဝနဇောများ နှလုံးသွင်းရှုမှတ်မှု	၁၉၈
၁၃။ ကမ္မပစ္စည်း	
ကမ္မမည်ခြင်းအကြောင်း	၂၀၁
ကမ္မပစ္စည်း ၄–မျိုး	၂၀၅
အာသေဝန၏အခြားမဲ့၌ ကမ္မပစ္စည်း ဟောရခြင်း	၂၀၆
ကမ္မ စတုက္က	၂၀၈
ကံနှင့် ဒွါရ	၂၁၂
စေတနာ ၃–တန်	၂၁၄
ကံ+ဉာဏ်+ဝီရိယ	၂၁၅
ကမ္မဿကတာ သမ္မာဒိဋ္ဌိ	၂၁၆
ပုဂ္ဂလဗျာပါရ, ဓမ္မဗျာပါရ	၂၁၇
၁၄။ ဝိပါကပစ္စည်း	
ဝိပါကမည်ခြင်းအကြောင်း	၂၁၉
ဝိပါက်နှင့် အခြားစိတ်များ အထူး	၂၁၉
ကမ္မပစ္စည်းနှင့် ဝိပါကပစ္စည်း အထူး	၂၂၀
ကမ္မ၏အခြားမဲ့၌ ဝိပါကပစ္စည်း ဟောရခြင်း	၂၂၀
ဝိပါကပစ္စည်း မှတ်ဖွယ်	၂၂၀
နာမက္ခန္ဓာ ၄–ပါးနှင့် သတိပဋ္ဌာန်တရား	၂၂၅
ရှုပွားကျင့်ပါ ဝိပဿနာ	၂၂၆

www.dhammadownload.com

မာတိကာ

* * * * * * *

အကြောင်းအရာ	စာမျက်နှာ
၁၅။ အာဟာရပစ္စည်း	၂၂၉
အာဟာရမည်ခြင်းအကြောင်း	၂၂၉
နာမ်အာဟာရသုံးပါး ဆောင်ပုံ၊ ထောက်ပံ့ပုံ	၂၂၉
ရုပ်အာဟာရသီးခြားဟောပုံ	၂၃၁
ဝိပါကဏ်၏အခြားမဲ့၌ အာဟာရပစ္စည်းဟောရခြင်း	၂၃၃
သဗ္ဗေသတ္တာ အာဟာရဋ္ဌိတိကာ	၂၃၅
မစားတတ်လျှင် တဏှာ စားတတ်လျှင် ဘာဝနာ	၂၃၆
နာမ်အာဟာရ ၃-ပါး (အာ-လွန်လွန်ကဲကဲ၊ ဟာရ-ဆောင်ထား၊)	၂၃၇
၁၆။ ဣန္ဒြိယပစ္စည်း	
ဣန္ဒြိယမည်ခြင်းအကြောင်း	၂၃၉
အာဟာရဏ်၏အခြားမဲ့၌ ဣန္ဒြိယပစ္စည်း ဟောရခြင်း	၂၃၉
ဣန္ဒြေ ၂၂-ပါး ဟောပုံအစဉ်	၂၄၀
ဣန္ဒြိယပစ္စည်း အစိုးရပုံ	၂၄၇
ဝိပဿနာအတွက် နာမ်ဣန္ဒြေ ၅-ပါး	၂၄၉
နာမ်ဣန္ဒြေတို့ကို ညီမျှစေခြင်း	၂၅၃
သတိဟူသည် ပိုသည်မရှိ	၂၅၆
ဣန္ဒြေထက်ကြောင်းတရား ၉-ပါး	၂၅၇
ဝေဒနာကို ရှုမှတ်ပုံများ	၂၆၁
၁၇။ ဈာနပစ္စည်း	
ဈာနမည်ခြင်းအကြောင်း	၂၇၅
ဣန္ဒြိယဏ်၏အခြားမဲ့၌ ဈာနပစ္စည်း ဟောရခြင်း	၂၇၆
ဈာနနှင့် မဂ္ဂ အထူး	၂၇၉
ဈာနင်တရား ၅-ပါးတို့၏အလုပ်များ	၂၇၉
ဈာနင် ၅-ပါးနှင့် ပယ်အပ်သော ဆန့်ကျင်ဘက် နီဝရဏတရားများ	၂၈၂
ဝိပဿနာပီတိ ၅-မျိုး	၂၈၆
ဝိပဿနာအတွက် ဈာနပစ္စည်းမှတ်ဖွယ်	၂၈၇

www.dhammadownload.com

မာတိကာ

****

အကြောင်းအရာ .... စာမျက်နှာ

၁၈။ မဂ္ဂပစ္စည်း

မဂ္ဂမည်ခြင်းအကြောင်း ၂၈၉
ဈာန၏အခြားမဲ့၌ မဂ္ဂပစ္စည်းဟောရခြင်း ၂၉၂
အရိယမဂ္ဂင် ၈–ပါး(နိဗ္ဗာန်လမ်း) ၂၉၃
သမ္မာဒိဋ္ဌိ အမှန်သိဖို့အရေးကြီး ၂၉၄
သတိပဋ္ဌာန်မပါလျှင် ပညာမဖြစ်ပါ ၃၀၃
မဂ္ဂသစ္စာကို ပွားများခြင်း ၃၀၅
မဂ်ဉာဏ်(မဂ်စိတ်) (ကိစ္စ ၄–ပါးပြီးပုံ) ၃၀၆
ပွားစေရမည့် မဂ္ဂင်များ ၃၀၇

၁၉။ သမ္ပယုတ္တပစ္စည်း

သမ္ပယုတ္တမည်ခြင်းအကြောင်း ၃၀၉
သမ္ပယုတ္တလက္ခဏာ(သမ္ပယောဂလက္ခဏာ) ၃၁၀
မဂ္ဂပစ္စည်း၏အခြားမဲ့၌ သမ္ပယုတ္တပစ္စည်း ဟောရခြင်း ၃၁၂
စတ္တာရော ခန္ဓာ အရူပိနော အညမည်–စသည် ၃၁၃
မြင်မှုလေးတစ်ခု သမ္ပယုတ္တအစု ၃၁၆
ရှုပွားကျင့်ပါ ဝိပဿနာ– နာမ်သက်သက် ဝိပဿနာ ရှုမှတ်မှု ၃၁၈
သမ္ပယုတ္တနှင့် ပဋ္ဌာန်းပစ္စည်းများ ၃၁၈

၂၀။ ဝိပ္ပယုတ္တပစ္စည်း

ဝိပ္ပယုတ္တမည်ခြင်းအကြောင်း ၃၂၁
သမ္ပယုတ္တ ဝိပ္ပယုတ္တ လက္ခဏာ ၃၂၂
ဝိပ္ပယုတ္တ လေးပါး ၃၂၅
ယုဂဠပစ္စယ ပဋ္ဌာန်းပစ္စည်းများ (နှစ်ပါးစုံအားဖြင့်ဟောရခြင်း) ၃၂၈
သမ္ပယုတ္တစ္စည်း၏အခြားမဲ့၌ ဝိပ္ပယုတ္တပစ္စည်း ဟောရခြင်း ၃၂၈
ဝိပ္ပယုတ္တပစ္စည်းဟောရခြင်း၏ ရည်ရွယ်ချက် ၃၃၀
ဝိပဿနာအတွက် ဝိပ္ပယုတ္တ မှတ်ဖွယ် ၃၃၁

www.dhammadownload.com

****

အကြောင်းအရာ	စာမျက်နှာ

၂၁။ အတ္ထိပစ္စည်း

အတ္ထိမည်ခြင်းအကြောင်း ၃၃၃
ဝိပ္ပယုတ္တပစ္စည်း၏အခြားမဲ့၌ အတ္ထိပစ္စည်း ဟောရခြင်း ၃၃၉
ပစ္စယနိဒ္ဒေသ အတ္ထိပစ္စည်း ကျေးဇူးပြုပုံ ၇-ပိုင်း ၃၄၁
ရုပ်သက်သက် ဝိပဿနာရှုမှတ်မှု ၃၄၅
အတ္ထိပစ္စည်း အကြောင်း-အကျိုး(ပဋိစ္စသမုပ္ပါဒ်, သစ္စာ) ရှုမှတ်ဖွယ် ၃၄၈
သစ္စာ ၄-ပါးတရားတော် ၃၄၈
သစ္စာ၊ ပဋိစ္စသမုပ္ပါဒ်၊ ပဋ္ဌာန်းဒေသနာတော် ၃၅၀
ပဋိစ္စသမုပ္ပါဒ်နည်း ၃၅၀
ပဋိစ္စသမုပ္ပါဒ်နည်း၀ယ် သိဖွယ်များ ၃၅၁

၂၂။ နတ္ထိပစ္စည်း

နတ္ထိမည်ခြင်းအကြောင်း ၃၅၅
အနန္တရ၊ သမနန္တရ၊ အနန္တရူပနိဿယ၊ နတ္ထိ၊ ဝိဂတ(အထူး) ၃၅၆
သမနန္တရနိရုဒ္ဓါ-စသည်ကို ဆိုရခြင်း ၃၅၇
အတ္ထိပစ္စည်း၏အခြားမဲ့၌ နတ္ထိပစ္စည်း ဟောရခြင်း ၃၅၈
နာမ်ကို နာမ်ချင်း မရှိသည့်အခါကျေးဇူးပြု ၃၅၉
အတ္ထိပစ္စည်း၊ နတ္ထိပစ္စည်း (ယုဂဠပစ္စယ)ဟောမှု ၃၅၉
နတ္ထိပစ္စည်း ရှုမှတ်ဖွယ် ၃၆၀
ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဝိပဿနာကျင့်စဉ် ၃၆၀
အဋ္ဌကထာ အဓိပ္ပါယ်ဖွင့်ဆိုချက်များ ၃၆၂

၂၃။ ဝိဂတပစ္စည်း

ဝိဂတမည်ခြင်းအကြောင်း ၃၆၅
နတ္ထိပစ္စည်းနှင့် ဝိဂတပစ္စည်း အထူး ၃၆၅
နတ္ထိပစ္စည်း၏အခြားမဲ့၌ ဝိဂတပစ္စည်း ဟောရခြင်း ၃၆၆
ရူပါရုံကို မြင်မှုတစ်ခုစသည် ကိစ္စရပ်များ ၃၆၇
ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ ၃၇၀
ကျင့်ခြင်း၏အကျိုးတရား ၃၇၁

www.dhammadownload.com

* * * * * * *

အကြောင်းအရာ	စာမျက်နှာ
၂၄။ အဝိဂတပစ္စည်း	
အဝိဂတမည်ခြင်းအကြောင်း	၃၇၃
ဝိဂတနှင့် အဝိဂတပစ္စည်းကို ထပ်၍ဟောတော်မူရခြင်းအကြောင်း	၃၇၃
ဝိဂတပစ္စည်း၏အခြားမဲ့၌ အဝိဂတပစ္စည်း ဟောရခြင်း	၃၇၄
အတ္ထိ၊ နတ္ထိ၊ ဝိဂတ၊ အဝိဂတ ဟောမူများ	၃၇၅
ပဋ္ဌိစ္စသမုပ္ပါဒ်ဒေသနာတော် (လည်ပုံ)	၃၇၆
ပဋ္ဌိစ္စသမုပ္ပါဒ်ဒေသနာတော် (ပြတ်ပုံ)	၃၇၇
ပရိညာသုံးတန် ထူးသိဉာဏ်	၃၇၉
ဝိပဿနာကမ္မဋ္ဌာန်းဝယ် သိဖွယ်များ	၃၈၀
ဝိသုဒ္ဓိ ၇-ပါး	၃၈၀
ဝိပဿနာဉာဏ် ၁၀-ပါး	၃၈၁
ဝိသုဒ္ဓိ ၇-ပါးနှင့် ဉာဏ်စဉ်များ တွဲစပ်ပုံ	၃၈၂
ဝိပဿနုပက္ကိလေသ ၁၀-ပါး(ဥပက္ကိလေသ ၁၀-ပါး)	၃၈၉
ဝုဋ္ဌာနဂါမိနီ ဝိပဿနာ	၃၉၃
အနုလောမဉာဏ်နှင့် ဂေါတြဘူဉာဏ်တို့အထူး	၃၉၄
သစ္စာ ၄-ပါးဟောရခြင်း	၃၉၅
သောတာပတ္တိမဂ္ဂဝီထိ	၃၉၆
မဂ်ဉာဏ်များ ကိလေသာ ပယ်သတ်ပုံအဆင့်ဆင့်	၃၉၆
ဖိုလ်စိတ်ဖြစ်ပုံ	၃၉၇
ပဋ္ဌာန်း ၂၄-ပစ္စည်း မေတ္တာပို့ဆုတောင်း	၄၀၀

ပဋ္ဌာန်းဒေသနာ ကျမ်းရွေစာ၊ ရှည်စွာအခွန့်၊ တည်စေသော်၊

သင်္ချိုသီ သိမ္မကျှင် ကျင်မ္မရ မြတ်ဗုဒ္ဓ၏ ဩဝါဒ

ကျေးဇူးရှင်အပေါင်းအား ကျေးဇူးဆပ်သောအားဖြင့်

ဦးတင်ဝင်း(ဒိုက်ဦး-သုံးခွ)

www.dhammadownload.com

"သင်မှသိ၊ သိမှကျင့်၊ ကျင့်မှရ၊ မြတ်ဗုဒ္ဓ၏ ဩဝါဒ"

'သောတာနုဂတသုတ္တန်' ကညွှန်ပြထားသော တရား ၄–မျိုး ရှိပါသည်။

သောတာနုဂတာနံ ဘိက္ခဝေ ဓမ္မာနံ၊ ဝစသာ ပရိစိတာနံ၊ မနသာနုပေက္ခိတာနံ၊ ဒိဋ္ဌိယာ သုပ္ပဋိဝိဒ္ဓါနံ၊ စတ္တာရော အာနိသံသာ ပါဋိကင်္ခါ။

စာပေပရိယတ္တိ သင်ပေး/သင်ယူသောအခါတွင် အဆင့် ၄–ဆင့် ရှိပါသည်။

(၁) **'သောတာနုဂတ'** ဆိုသည်မှာ သုတမယဉာဏ်ဖြင့်စာပေကို လေ့လာ,သင်ယူ, နာကြားခြင်းတို့သည် ပထမ သုတမယဉာဏ် ဖြစ်ပါသည်။ ထိုအခိုက်တွင် 'ပညာ' မပြဋ္ဌာန်းသေးပါ။ **'သညာ'** ပြဋ္ဌာန်းပါသည်။

(၂) **'ဝစသာ ပရိစိတာနံ'** ဆိုသည့်အတိုင်း 'ပရိစယ' ဉာဏ်သည် ထို စာပေကို နှုတ်ဖြင့် တတွတ်တွတ်မပြတ်ရွတ်ဆိုသောအခါ ဖြစ်ပေါ်သော အသိဉာဏ် ပညာ ဖြစ်၏။ သို့သော် ထိုအခိုက်တွင်လည်း **'သညာ'** ကသာ ခေါင်းဆောင်နေတုန်းရှိပါသေးသည်။

(၃) **'မနသာနုပေက္ခိတာနံ'** တတိယအဆင့်တွင် ထိုစာကလာသော တရားသဘောများကိုဆင်ခြင်ခြင်း ဖြစ်ပါသည်။ ဤအခိုက်တွင် သညာသာမက 'ဝိညာဏ်' ကရှေ့သွား ပြုလာပါပြီ။ သညာက သူချည်း ခေါင်းမဆောင်နိုင်ပါသဖြင့် 'မနသာနုပေက္ခိတ' ဆိုသည့် **'ဝိညာဏ်'** ကခေါင်းဆောင်၍ **'စိန္တာမယဉာဏ်'** ဖြစ်ရပါသည်။

(၄) **'ဒိဋ္ဌိယာ သုပ္ပဋိဝိဒ္ဓ'** ပဋိဝေဓဉာဏ် ဆိုသည်မှာ– စိန္တာမယဉာဏ်က ကြံစည်ဖန်များပြီး၊ 'ဒီနေရာမှာ ဒီလို နှလုံးသွင်းရမယ်။ ဒီနေရာမှာ ဒီလို နှလုံးသွင်းရမယ်။' ဟုသိပြီးနှလုံးသွင်းလျှင် 'ဒိဋ္ဌိယာသုပ္ပဋိဝိဒ္ဓ' ပဋိဝေဓဉာဏ် **'ပညာ'** ဖြစ်ရ,ရောက်ရပါသည်။

ဤသို့ ဓမ္မစာပေ ပရိယတ္တိတစ်ခုမှာ **'သုတမယဉာဏ်'** ဖြင့် လေ့လာသင်ယူ၊ ပရိစယဉာဏ်ဖြင့် နှုတ်ကရွတ်ဆို၍၊ မနသာနုပေက္ခိတ **'စိန္တာမယဉာဏ်'** ဖြင့် စိတ်ကကြံစည်ပါ။ စိန္တာမယဉာဏ် ထက်သန်လာလျှင် **'ဘာဝနာမယဉာဏ်'** ဖြစ်သော 'ပဋိဝေဓဉာဏ်' ပေါ်လာပါလိမ့်မည်။

ထို့ကြောင့် မိမိတို့၏ သင်ယူလေ့လာမှုကို 'သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ' ဆိုသည့်စွမ်းအားများဖြင့် ကြောင့်ကြစိုက်ထုတ်ပြီး ဆောင်ရွက်ရပါမည်။

www.dhammadownload.com

(၈)

လောကတွင် အမှောင်ကြောက်သူ အလင်းရောက်လိုသူတို့အတွက် အမှောင်ကိုဖြိုခွင်းပေးနိုင်သော အလင်းရောင် ၄-မျိုး ရှိပါသည်။ နေရောင်၊ လရောင်၊ မီးရောင်၊ ပညာရောင်တို့ဖြစ်ပါသည်။ သို့သော်....

နေရောင်သည် နေ့အခါသာလင်းပြီး၊ ညအခါမလင်းနိုင်ပါ။ လရောင်သည်လည်း လဆန်းပိုင်း ညအခါမှာသာ လင်းပြီး၊ နေ့အခါမှာ မလင်းနိုင်တော့ပါ။ မီးဆိုသည်မှာလည်း ထွန်းထားသောနေရာမှာ ထွန်းထားတုန်းသာ လင်းနိုင်ပါသည်။ ထို့ကြောင့် နေ,လ,မီးရောင်တို့သည် ကာလ,ဒေသ အခြေအနေအရ ကန့်သတ်ချက်တို့ဖြင့်သာ အလင်းရောင်ကို ပေးနိုင်ကြပါသည်။ ထိုအလင်းရောင်တို့ဖြင့် သံသရာကိုခြယ်လှယ်နေကြသော သတ္တဝါများ၏ ရင်တွင်းအမှောင် 'အဝိဇ္ဇာ'ကို အနည်းအငယ်မျှ ပါးသွားအောင်, အလင်းရသွားအောင် မစွမ်းဆောင်နိုင်ကြပေ။ သံသရာခရီးအတွက် လုံလောက်မှု မရှိသေးပါ။

ရှင်တော်မြတ်ဘုရား၏ လမ်းညွှန်ချက်ဖြစ်သော ပညာ အလင်းရောင်သည် သာလျှင် နေရာမရွေး၊ အချိန်မရွေး ထွန်းလင်းနိုင်ပါပေသည်။ အဝိဇ္ဇာကင်းပြီး စိတ်အလင်းရအောင်၊ အာရုံ၏သဘောကို မဖောက်မပြန် ဟုတ်မှန်သောအတိုင်း အရှိတိုင်းသိအောင်၊ အမှန်တိုင်းမြင်အောင် ဆောင်ရွက်ပေးနိုင်သောကြောင့် 'ပညာ' မည်ပါသည်။

ပညာသည် တရားစွမ်းအင် ထုတ်လုပ်ရေးဆိုင်ရာတွင် အကျဉ်းအားဖြင့် သုံးဆင့်ရှိပါသည်။

* အသိပညာ၊ ရှိမှသာ၊ မှန်စွာအဆင့်ဆင့်။
* ကြောင်းကျိုးဆက်ကာ၊ ကြည့်တတ်ပါ၊ ပညာအလင်းဖြင့်။
* ကိုယ်တိုင်ပြုထား၊ ကံတရား၊ သိငြား- မူလဆင့်။
* ဝိပဿနာ၊ မြတ်ပညာ၊ မှတ်ပါ- အလယ်ဆင့်။
* မဂ်ဉာဏ်ဖိုလ်ဉာဏ်၊ အသိမှန်၊ မှတ်ရန်- အထက်ဆင့်။
* အသိသုံးဖြာ၊ တိုးပွားလာ၊ လူမှာ ဂုဏ်ရည်မြင့်။

(ဓမ္မဘဏ္ဍာဂါရိက၊ ယောဆရာတော်)

(၁) 'ကံသာလျှင် ကိုယ်ပိုင်ဥစ္စာ'ဟူ၍ ကြောင်းကျိုး ဆက်သွယ်သိတတ်သော 'မူလတန်း-ပညာ'။
= ကံအရှိကိုသိတတ်သော **'ကမ္မဿကတာ သမ္မာဒိဋ္ဌိ'**။

www.dhammadownload.com

(၂) ရုပ်,နာမ် သင်္ခါရတို့၏ မခိုင်မြဲသောသဘော၊ ဆင်းရဲသောသဘော၊ အစိုးမရသောသဘောတို့ကို အမှန်အတိုင်းသိတတ်သော 'အလယ်တန်း–ပညာ'။
= ခန္ဓာအရှိကို သိတတ်သော **'ဝိပဿနာ သမ္မာဒိဋ္ဌိ'**။

(၃) လွတ်ငြိမ်းချမ်းသာမှုအစစ်ဖြစ်သော နိဗ္ဗာန်၏သဘောကို တိုက်ရိုက်သိမြင်တတ်သော 'အထက်တန်း–ပညာ'။
= နိဗ္ဗာန်အရှိကိုသိတတ်သော **'မဂ်,ဖိုလ် စတုသစ္စ သမ္မာဒိဋ္ဌိ'**။
တို့ဖြစ်ပါသည်။

ဤကဲ့သို့ သုံးဆင့်ရှိသော်လည်း အလုပ်ပိုင်းဆိုင်ရာတို့တွင် မူလတန်းနှင့် အလယ်တန်းပညာတို့ကသာ လိုရင်းဖြစ်ပါသည်။ 'ကမ္မဿကတာ သမ္မာဒိဋ္ဌိ' ပညာက မိမိပြုလုပ်ထားသော အကောင်းအဆိုး ကံနှစ်မျိုးကို အတိတ်, ပစ္စုပ္ပန်, အနာဂတ် ကြောင်း–ကျိုးဆက်သွယ်ကာ အရှည်မျှော်မြင်ပြီး လုပ်ဆောင်မှာဖြစ်ပါသည်။ ပြုထိုက်သောကံ, မပြုထိုက်သောကံနှင့် ဆောင်သင့်သောကံ, ရှောင်သင့်သောကံတို့ကို အမှန်တိုင်းသိမြင်အောင် စဉ်းစားချိန်ဆ၍ သေချာစွာ ဆုံးဖြတ်ချက်ချပေးတတ်ပါသည်။

ရုပ်,နာမ် ခန္ဓာအရှိကို အမှန်မြင်အောင်ကြည့်နိုင်သော 'ဝိပဿနာ သမ္မာဒိဋ္ဌိ' ပညာက ဖြစ်တိုင်း,ပျက်တိုင်း မြင်အောင် အနီးကပ်ရှုမှတ်သုံးသပ်၍ အကွက်စေ့အောင် လမ်းမှန်ကြည့်တတ်ပါသည်။ လမ်းမှန်သိမှ နည်းမှန်အောင် အားထုတ်တတ်မည် ဖြစ်ပါသည်။ ကိုယ့်ကံကိုယ်ပိုင်ရုံမျှမက နိုင်လည်းနိုင်အောင် ထိန်းချုပ်ကိုင်တွယ် နိုင်ရပါမည်။

တရားအသိရှိလာလျှင် ကုသိုလ်ကံကြောင့် နောက်ထပ်ရရှိလာမည့် လောကီကောင်းကျိုးများကို အနှစ်အစိုင် အခိုင်အမာ ပန်းတိုင်အဖြစ် လက်မခံတော့ဘဲ၊ အသုံးချစရာ၊ အချိန်တန်က ဖျက်ချခံရမည့် 'ငြိမ်း'အဖြစ်သာ မြင်တတ်လာပါသည်။ အကြောင်းတရားရှိနေသမျှ ဖြစ်ပေါ်နေပြီး အချိန်တန်က ပျက်စီးပျောက်ကွယ်သွားရခြင်းသည် ရုပ်,နာမ် သင်္ခါရတို့၏အလုပ်သာ ဖြစ်ပါတော့သည်။

အသိပညာ တိုးပွားလာသည်နှင့်အမျှ မိမိသည်လည်း ဂုဏ်ရည်မြင့်မားလာပါမည်။ ဘဝ, ခန္ဓာနှင့်ပတ်သက်၍လည်း နောက်ထပ် အပူမီးများ မပွားစေဘဲ စွမ်းအားကို တိုးတက်စေရပါမည်။ အသိစွမ်းအားများလည်း ငြိမ်းအေးကြည်လင်သန့်စင်သွားပါမည်။

www.dhammadownload.com

(ဃ)

မဂ်ဉာဏ်, ဖိုလ်ဉာဏ် ဆိုသည်မှာ **"ရလဒ်ပန်းတိုင် အထက်တန်းပညာ"** ဖြစ်ရပါတော့သည်။ ကာမလောက, ရူပလောက, အရူပလောက ဟူသော လောကသုံးပါးထက် လွန်မြတ်၊ သင်္ခါရလောကမှလွန်မြောက်ဆဲ၊ လွန်မြောက်ပြီးသော အရိယာတို့၏'ပညာ' ဖြစ်ပါသည်။ (တစ်နည်း) လောကသုံးပါးမှ လွန်မြောက်သော'ပညာ' ဖြစ်ပါသည်။

"သင်မှသိ၊ သိမှကျင့်၊ ကျင့်မှရ၊ မြတ်ဗုဒ္ဓ၏ ဩဝါဒ"

ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓသောသာသနာတော်ကြီး သုံးရပ်တွင် ပရိယတ္တိကို– သုတမယဉာဏ်ဖြင့် သင်ယူ၍မှတ်သားရပြီး၊ ပဋိပတ္တိကို– စိန္တာမယဉာဏ်ဖြင့် ကျင့်ကြံ ပွားများအားထုတ်လျှင် ပဋိဝေဓဉာဏ်ကို ရရှိပါမည်။ မိမိကိုယ်တိုင် သီလ, သမာဓိ, ပညာတို့ကို အထိုက်အလျောက် ဦးစွာတည်အောင် ဖြည့်ကျင့်ထားပြီး မြတ်ဗုဒ္ဓ၏အဆုံးအမများနှင့်အညီ သာသနာပြုသင့်ပါသည်။ ပရိယတ္တိ၊ ပဋိပတ္တိလုပ်ငန်းများ ကိုယ်တိုင်သင်ယူလေ့လာ အားထုတ်ဖြည့်ကျင့်ခြင်းအားဖြင့် သာသနာတော်အရှည်တည်တံ့စေရန် သာသနာပြုသည်မည်ပါမည်။

ဗုဒ္ဓမြတ်စွာဘုရားသည် တရားတော်တို့ကို စတင်၍ဟောကြားတော်မူသော 'မူရင်းဆရာ' ဖြစ်ပါသည်။ ဆရာမြတ် အစဉ်အဆက်တို့ကလည်း ထေရဝါဒ တရားတော်ကို တပည့်များအား သင်ကြားပေးလျက် သာသနာပြု ဆောင်ရွက်နေကြပါသည်။ မိမိသည်လည်း ထိုထိုကျမ်းစာများနှင့် ပညာရှင်ဆရာမြတ် အစဉ်အဆက်တို့ထံမှ သင်ယူဆည်းပူး၊ မှတ်သားခဲ့သမျှတို့ကို မာတိကာ, ပဋ္ဌာန်း– ကုသလတ္တိကတို့ကို လေ့လာကြသောဓမ္မမိတ်ဆွေများ လေ့လာဖတ်ရှုရာတွင် သိလွယ်,ထင်လွယ်, မြင်လွယ်စေခြင်း အကျိုးငှာ အလျဉ်းသင့်သလို ရေးသား မှတ်စုထုတ်၍ စီစဉ်ပေးနိုင်ခဲ့ပါသည်။ ရန်ကုန်မြို့(မင်္ဂလာဗျူဟာအသင်းချုပ်)၊ မန္တလေးမြို့၊ ပုသိမ်မြို့၊ ဘားအံမြို့၊ ကော့ကရိတ်မြို့နှင့် မအူပင်မြို့တို့တွင် ဓမ္မမိတ်ဆွေများအား မိမိတတ်စွမ်းသမျှကို 'ဓမ္မဒါန'အဖြစ် ကူညီဆောင်ရွက်ပေးလျက် ရှိပါသည်။ ထိုသို့ ဆောင်ရွက်စဉ် ပရမတ္ထ(စိတ်–၈၉၊ စေတသိက်–၅၂၊ ရုပ်–၂၈၊ နိဗ္ဗာန်)တရားတို့ကို ကျောက်သင်ပုန်းပေါ်တွင် ပါဠိတော်များ၏ အနက်, အဓိပ္ပါယ်၊ သရုပ်သဘော၊ အရတရားများနှင့်တကွ ခန္ဓာ,အာယတန,ဓာတ်,သစ္စာ ဖွဲ့ပုံများကို ပိုင်းပိုင်းခြားခြားဖွဲ့ပြ–သရုပ်ထုတ်ပြ၍ရှင်း၊ ပဋ္ဌာန်းနည်းဖြင့် အကြောင်း–အကျိုး၊ ပစ္စယသတ္တိတို့ကို တင်ပြ၍ရှင်း မိမိစွမ်းနိုင်သမျှဖြင့် "ဓမ္မကို ပူဇော်"ခဲ့ပါသည်။

www.dhammadownload.com

ဤသို့သာသနာပြုဆောင်ရွက်စဉ် အသိသုံးဆင့်တွင် မိမိ၏အဆင့်ကို သုံးသပ်ဆင်ခြင် ရပါသည်။ မိမိ သင်ယူ လေ့လာတင်ပြနေသော ပရမတ္ထတရားများကို **'သင်မှသိ'**– ပရိယတ္တိ သာသနာပြုမှုကို အစဉ်အမြဲ လေ့လာသင်ယူ မှတ်သားနေဆဲဖြစ်ပါသည်။ ထိုသို့သင်ယူလေ့လာစဉ်မှာပင် တစ်ဆင့်တက်၍ **'သိမှကျင့်'**– ပဋိပတ္တိသာသနာပြုမှုကိုလည်း ဦးစားပေးအဆင့်ထား၍ ဆောင်ရွက်ရန်ရည်သန်လျက်ရှိပါသည်။ (၄.၄.၂၀၁၄)တွင် ဘားအံမြို့မှ ဓမ္မမိတ်ဆွေများ၏ကျေးဇူးဖြင့် အပြည်ပြည်ဆိုင်ရာ ဖားအောက်တောရ ဗုဒ္ဓသာသနာ့ရိပ်သာ (ဘားအံမြို့)တွင် သမထဝိပဿနာကျင့်စဉ်ကို ဝိသုဒ္ဓိမဂ် အဋ္ဌကထာလာရှိသည့်အတိုင်း တရားပြကမ္မဋ္ဌာနာစရိယ ဆရာတော်များ၏ ညွှန်ကြားမှုကို ခံယူ၍ ကြိုးစားအားထုတ်ခဲ့ပါသည်။ ထိုအချိန်မှစ၍ မိမိ၏ ပရိယတ္တိ–ပဋိပတ္တိ၊ စာအသိမှ–ဘာဝနာအသိရောက်အောင် ကြိုးစားအားထုတ်ရင်း ကျေးဇူးရှင်များအား ကျေးဇူးဆပ်လိုသောသမ္မာဆန္ဒဖြင့် ဤ **'ဝိပဿနာအတွက် ပဋ္ဌာန်းမှတ်စု'** စာအုပ်အား ဖြစ်မြောက်ရန်ကြိုးစားအားထုတ်ခဲ့ပါသည်။ ဤသို့ အားထုတ်စဉ် မိမိသည် ပရမတ္ထတရားများအား သိရှိထားမှုအဆင့်တွင် မိမိ၏ ပဋိပတ္တိကို– စိန္တာမယဉာဏ်ဖြင့် ပွားများအားထုတ်မှု၌ အားနည်းချက်များရှိနေမှုကို သိလာရပါသည်။ 'အသိ'သုံးဆင့်ဂုဏ်ရည်မြင့်နိုင်ရန်အတွက် ဦးစားပေးအဆင့်ကို မြှင့်တင်ရန် လိုအပ်ကြောင်း 'သတိ'ရှိရပါတော့မည်ဟု သိမြင်လာရပါတော့သည်။ ထို့ကြောင့် မိမိတို့ဓမ္မမိတ်ဆွေများသည်လည်း မိမိတို့ အလေးအမြတ်ပြု၍ သင်ပေး/သင်ယူနေကြသော ဓမ္မစာပေပရိယတ္တိများကို အသိစွမ်းအားများ တိုးမြှင့်နိုင်ကြပါစေ။

မိမိတို့လေ့လာသင်ယူနေသော (စိတ်–၈၉၊ စေတသိက်–၅၂၊ ရုပ်–၂၈၊ နိဗ္ဗာန်) ပရမတ္ထဓမ္မ၊ ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာသဘောအမှန် ရုပ်,နာမ်တရားတို့ကို ခွဲခြားနိုင်အောင် 'သောတာနုဂတ'ဆိုသည့် သုတမယဉာဏ်ဖြင့်လေ့လာ,သင်ယူ,နာကြားရသောကြောင့် (နာမရူပ ပရိစ္ဆေဒဉာဏ်)အဆင့်။ ထိုမှတဖန် သိမ်မွေ့နက်ဝှမ်းပဋ္ဌာန်းကျမ်းကို ပူဇော်ရသောကြောင့် ပရမတ္ထဓမ္မတို့၏ အကြောင်း–အကျိုးအမှန်တရား 'ပစ္စယပရိဂ္ဂဟဉာဏ်'ကို ပဋ္ဌာန်းဉာဏ် ပညာအရဏ်အလင်းကို ရရှိနိုင်ပါမည်။ ထိုအခြေခံတို့မှတဆင့် အကြောင်း–အကျိုး၊ ရုပ်,နာမ်ဓမ္မ သင်္ခါရတရားတို့ကို အနိစ္စ, ဒုက္ခ, အနတ္တ လက္ခဏာယာဉ်တို့ဖြင့် ဆင်ခြင်သုံးသပ်သော 'သမ္မသနဉာဏ်'မှသည် အဆင့်ဆင့်တက်လှမ်းနိုင်ကြရန် ရှိသေလေးစားစွာဖြင့် တိုက်တွန်း နှိုးဆော်အပ်ပါသည်...

ဦးတင်ဝင်း(ဒိုက်ဦး–သုံးခွ)

www.dhammadownload.com

(၈)

ဗန်းမော်ဆရာတော်၏ 'ဩဝါဒကထာ'

'ဟေတုပစ္စယောတိ– ဟေတူ ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတုပစ္စယေန ပစ္စယော။

ဟေတူ–အရ ဟိတ် ၆–ပါး နာမ်တရားတို့သည် ဟိတ်နှင့်ယှဉ်သည့် စိတ်, စေတသိက် နာမ်တရားများနှင့် စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်တို့အား ဟေတု–အမြစ်သဖွယ် သတ္တိဖြင့် ကျေးဇူးပြုတတ်၏။

ဤသို့ စသည်ဖြင့် ပစ္စည်းတိုင်း အကြောင်း ရုပ်,နာမ်တရားတို့က အကျိုး ရုပ်,နာမ်တရားတို့အား ကျေးဇူးပြုပုံကို ဟောကြားတော်မူပါသည်။

ရုပ်တရား၊ နာမ်တရား၊ သဘာဝတရားတို့သာ ရှိသည်။ ပုဂ္ဂိုလ် သတ္တဝါ ငါ သူတစ်ပါး မဟုတ်ဟု သိစေသည်။ **'နာမရူပ ပရိစ္ဆေဒဉာဏ်'**ကို ရစေသည်။ အတ္တကောင်၊ အသက်ကောင်၊ လိပ်ပြာကောင်၊ ဝိညာဏ်ကောင် မရှိဟု 'အတ္တဒိဋ္ဌိ' ကိုခွါတော်မူသည်။ 'ဒိဋ္ဌိ' စင်ကြယ်စေသည်။

ဟိတ် ၆–ပါး အကြောင်းတရား နာမ်တရားတို့ကြောင့် အကျိုး ရုပ်,နာမ်များ မပြတ်တရစပ် ဖြစ်ပျက်နေသည်။ အကြောင်းကြောင့် အကျိုးဖြစ်နေသည်ဟု ပြတော်မူသည်။ ယင်းသို့ အကြောင်းအကျိုး တရစပ်ဖြစ်ပျက်နေသည်ဟုပြသဖြင့် ဗြဟ္မာ ဗိဿနိုး တန်ခိုးရှင်က ဖန်ဆင်းလို့ဖြစ်သည်မဟုတ်ဟု သိစေတော်မူသည်။ ယင်းသို့သိစေသဖြင့် 'ဝိစိကိစ္ဆာ'ကွာပြီး **'ပစ္စယပရိဂ္ဂဟဉာဏ်'** ရသည်။

ယင်းသို့ **'ဒိဋ္ဌိ'**ကွာ၊ **'ဝိစိကိစ္ဆာ'**ကွာသဖြင့် သောတာပန် အရိယာများကဲ့သို့ အပါယ်တခါးပိတ်ပြီး သုဂတိဘဝမြဲသည်၊ 'စူဠသောတာပန် ဖြစ်သည်ဟု ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၊ ပစ္စယပရိဂ္ဂဟဉာဏ် နိဂုံး၌ ဖွင့်ဆိုသည်။

ထို့ကြောင့် အပါယ်တံခါးပိတ်ပြီး မဂ် ဖိုလ် နိဗ္ဗာန်ကို အလိုရှိသူ သူတော်စင်များသည် ပဋ္ဌာန်းတရားတော်ကို ကြိုးစားပြီး ရွတ်ဖတ်ပူဇော်နိုင်ကြပါစေ၊ ပွားများနိုင်ကြပါစေ. . .။

[ဗန်းမော်ဆရာတော် ဒေါက်တာအရှင်ကုမာရာဘိဝံသ ၏
'ပဋ္ဌာန်းတရားတော်' စာအုပ်မှ ပူဇော်ပါသည်။]

ပဋ္ဌာန်းဒေသနာ ကျမ်းရွှေစာ၊ ရည်စွာအခွန့်၊ တည်စေသော်၊

UK-2020(COVID-19)

www.dhammadownload.com

"နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"

၁။ ဟေတုပစ္စည်း

ဟေတုမည်ခြင်းအကြောင်း

ဟိတ် ၆–ပါးတရားတို့ကို၊ သဟိတ်စိတ် ၈ကသတ္တတိ(၇၁)၊ မောဟမူဒွေး၌ မောဟကြဉ်သော စေတသိက်ဒွေပညာသ(၅၂)၊ သဟိတ်စိတ္တဇရုပ်၊ သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်–ဟူသော အကျိုး–ပစ္စယုပ္ပန်တရားတို့၏ စည်ပင်ပြန့်ပွားခြင်းသို့ရောက်ကြောင်း ဖြစ်သောကြောင့် 'ဟေတု' မည်၏။

ဟေတု =အကြောင်းအရင်း၊ မြစ်မ၊ မူလ–ဟူသောသဘောဖြင့် ကျေးဇူးပြုတတ်သောတရား။ ရေသောက်မြစ်သည် သစ်ပင်ကို စည်ပင်ကြီးပွားစေတတ် သကဲ့သို့ သမ္ပယုတ်တရားတို့ကို စည်ပင်,ကြီးပွားစေတတ်သောတရားတို့သည် ဟေတုပစ္စည်း မည်၏။

? ဟေတုသည် အဘယ်မျှ အပြားရှိသနည်း၊ အသီးသီးသရုပ်ထုတ်၍ ရေတွက်ပြပါ။

ဟေတုသည် ဟေတုဟေတု၊ ပစ္စယဟေတု၊ ဥတ္တမဟေတု၊ သာဓာရဏဟေတု အားဖြင့် ၄–မျိုးအပြားရှိပါသည်။ *(အဋ္ဌသာလိနီအဋ္ဌကထာ ရူပကဏ္ဍ)*

(၁) **ဟေတုဟေတု**– တယောကုသလာဟေတူ၊ တယောအကုသလာဟေတူ၊ တယော အဗျာကတာဟေတူ… ဟူ၍လာသော မူလဖြစ်သောဟေတုသည် 'ဟေတုဟေတု' မည်၏။

(၂) **ပစ္စယဟေတု**– စတ္တာရောခေါ်ဘိက္ခဝေ မဟာဘူတာဟေတူ စတ္တာရောမဟာဘူတာ ပစ္စယာ ရူပက္ခန္ဓဿပညာပနာယ… ဟူ၍လာသော ရူပက္ခန္ဓာဟုပညတ်ခြင်း၏ အကြောင်း ဖြစ်သော မဟာဘုတ်လေးပါးသည် 'ပစ္စယဟေတု' မည်၏။

(၃) **ဥတ္တမဟေတု**– ကုသလာကုသလံ အတ္တနောဝိပါကဋ္ဌာနေဥတ္တမံ ဣဋ္ဌာရမ္မဏံ ကုသလဝိပါကဋ္ဌာနေဥတ္တမံ၊ အနိဋ္ဌာရမ္မဏံ အကုသလဝိပါကဋ္ဌာနေ… ဟူ၍လာသော မိမိအကျိုးတရားကို ဖြစ်စေရာ၌ ပြဋ္ဌာန်းသောအကြောင်းဖြစ်သော ကုသိုလ်, အကုသိုလ် သည် 'ဥတ္တမဟေတု' မည်၏။

(၄) **သာဓာရဏဟေတု**– ဧသေဝဟေတု ဧသေဝပစ္စယော သင်္ခါရာနံ ယဒိဒံအဝိဇ္ဇာတိ အဝိဇ္ဇာသင်္ခါရာနံ သာဓာရဏဟေတုဟုတွာပစ္စယဋ္ဌံဖရတိ… ဟူ၍လာသော ကုသိုလ်, အကုသိုလ်ဟုဆိုအပ်ကုန်သော သင်္ခါရတို့နှင့်ဆက်ဆံသော အကြောင်းဖြစ်သော အဝိဇ္ဇာ သည် 'သာဓာရဏဟေတု' မည်၏။

www.dhammadownload.com

ပစ္စယနိဒ္ဒေသပါဠိတော်–

ဟေတုပစ္စယောတိ– ဟေတူ ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတုပစ္စယေန ပစ္စယော။

ပစ္စည်း(ကတ္တား)	ပစ္စယုပ္ပန်(သမ္ပဒါန်)	သဘာဂ(ကရိုဏ်း)
ဟေတူ	**ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ**	၁၂ ပြိုင်–အကြီး ၄, ဟေ ယထာရဟ– လတ်-၄, ခိ၊ ဣံ၊ မဂ်၊
ဟိတ် ၆ ပါး	သမ္ပယုတ္တခန္ဓာ (သဟိတ်စိတ်–၇၁၊ မောဒွေးမောကြဉ်စေ–၅၂) သဟိတ်စိတ္တဇရုပ်၊ သဟိတ်ပဋိသန္ဓေကမ္မဇရုပ်၊	

ပစ္စည်း = ဟိတ် ၆–ပါး (လောဘ, ဒေါသ, မောဟ၊ အလောဘ, အဒေါသ, အမောဟ)

ပစ္စယုပ္ပန် = သဟိတ်စိတ်–၇၁၊ မောဟမူဒွေး၌မောဟကြဉ်သော စေတသိက်–၅၂၊ သဟိတ်စိတ္တဇရုပ်၊ သဟိတ်ပဋိသန္ဓေကမ္မဇရုပ်၊

ကရိုဏ်း = တစ်ပြိုင်နက်– သဟဇာတ အကြီး–၄, ဟေတု

ယထာရဟ– အဓိပတိ၊ ဣန္ဒြိယ၊ မဂ္ဂ၊ အညမည၊ ဝိပါက၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊

ပစ္စနိက် = မောဟမူဒွေး၌ မောဟ၊ အဟိတ်ပဝတ္တိ,ပဋိသန္ဓေ နာမက္ခန္ဓာ ၄–ပါး၊ အဟိတ်စိတ္တဇရုပ်၊ အဟိတ်ပဋိသန္ဓေကမ္မဇရုပ်၊ ဗာဟိရရုပ်၊ အာဟာရဇရုပ်၊ ဥတုဇရုပ်၊ အသညသတ်ကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ်၊

အမျိုးဇာတ်၊ ကာလ၊ ဘုံဌာန

☘ ဟေတုပစ္စည်းသည် သဟဇာတမျိုး၌ဖြစ်ပါသည်။ ထို့ကြောင့် ဟေတုပစ္စည်းတရားတို့သည် မိမိနှင့်အတူတကွ ဖြစ်နိုင်ကြကုန်သော ဟေတုပစ္စယုပ္ပန်တရားတို့အားသာ ဟေတုပစ္စယသတ္တိဖြင့် ကျေးဇူးပြုနိုင်ကြလေသည်။

သဟဇာတမျိုးပစ္စည်းရေ–၁၅ ရေတွက်ပုံ

* သဟငယ် ၇–ပစ္စည်း = ဟေတု၊ အဓိပတိ၊ ကမ္မ၊ အာဟာရ၊ ဣန္ဒြိယ၊ ဈာန၊ မဂ္ဂ။

* သဟလတ် ၄–ပစ္စည်း = အညမည၊ ဝိပါက၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊ (ည ဝိ သမ် ဝိဝိ)

* သဟကြီး ၄–ပစ္စည်း = သဟဇာတ၊ နိဿယ၊ အတ္ထိ၊ အဝိဂတ၊ (သဟ နိ အတ် အဝိ)

(ဟေဓိသဟံ၊ အဉ်ိနိကမ်၊ ဝိဟာဣံဈာန်၊ မဂ်သမ်ဝိဝိအတ်၊ အဝိ မှတ်၊ သဟတ်ဆယ့်ငါးတန်။)

☘ ဟေတုပစ္စည်းသည် ပဋိသန္ဓေကာလ, ပဝတ္တိကာလ နှစ်ပါးလုံးတို့၌ဖြစ်သည်။ ပစ္စုပ္ပန်,အတိတ်,အနာဂတ် ကာလသုံးပါးတို့တွင် ပစ္စုပ္ပန်ကာလ၌ ဖြစ်ပါသည်။

☘ ဟေတုပစ္စည်းသည် ပဉ္စဝေါကာရ ၂၆–ဘုံ၊ စတုဝေါကာရ ၄–ဘုံတို့၌ ဖြစ်နိုင်ပါသည်။ ဧကဝေါကာရဘုံ၌ မဖြစ်နိုင်ပါ။

www.dhammadownload.com

ပုဂ္ဂိုလ်အရ

* ပုထုဇဉ်,သောတာပန်,သကဒါဂါမ်ပုဂ္ဂိုလ်တို့၏သန္တာန်တွင် ဟိတ် ၆–ပါးလုံးဖြစ်နိုင်၏။

* အနာဂါမ်ပုဂ္ဂိုလ်၏သန္တာန်တွင် ဒေါသဟိတ်မရှိ၊ ဟိတ် ၅–ပါးသာဖြစ်နိုင်၏။

* ရဟန္တာပုဂ္ဂိုလ်တို့၏သန္တာန်တွင်ကောင်းမြတ်သော ဟိတ် ၃–ပါးသာဖြစ်နိုင်၏။
[အကုသိုလ်တွင် ဧကဟိတ်၊ ဒွိဟိတ်။ ကု,အဗျာကတတွင် ဒွိဟိတ်၊ (ဉာဏ်ယှဉ်လျှင်)တိဟိတ်၊]

ဤဟိတ် ၆–ပါးတို့သည် မိမိတို့သန္တာန်တွင်ဖြစ်နိုင်ကြသော်လည်း မကောင်းသော ဟိတ် ၃–ပါးဖြစ်နေလျှင် ကောင်းသောဟိတ် ၃–ပါးတို့မဖြစ်။ ကောင်းသောဟိတ် ၃–ပါး ဖြစ်နေလျှင် မကောင်းသောဟိတ် ၃–ပါးတို့ ဖြစ်ခွင့်မရှိ။ ဤကဲ့သို့ ဖြစ်ကြပါသည်။

မူလတရားများ

မကောင်းသောဟိတ် ၃–ပါး လောဘ, ဒေါသ, မောဟတို့သည် မိမိတို့သန္တာန်တွင် ဖြစ်နေ/ရှိနေလျှင် အကုသိုလ်တရား(ဒုစရိုက်တရား)များဖြစ်အောင် ကျေးဇူးပြုကြသောကြောင့် အကုသလမူလတရားများမဖြစ်ရအောင် ကာကွယ်နိုင်ရန် အပြစ်များကို သိထားရပါမည်။ ကောင်းမြတ်သောဟိတ် ၃–ပါး အလောဘ, အဒေါသ, အမောဟတို့သည် မိမိတို့သန္တာန် တွင် ဖြစ်နေ/ရှိနေလျှင် ကုသိုလ်တရား(သုစရိုက်တရား)များဖြစ်အောင် ကျေးဇူးပြုကြ သောကြောင့် ကုသလမူလတရားများကို ဖြစ်အောင်,တည်နေအောင်,တိုးပွားနေအောင် အကျိုးများကိုပါ သိရှိလေ့လာထားသင့်ပေသည်။

❀ ဖြစ်စေ တည်စေ၊ ဤနှစ်ထွေ၊ ခေါ်လေ ကျေးဇူးပြု။

ပဋ္ဌာန်း ၂၄–ပစ္စည်းတွင် ဟေတုပစ္စည်းကို ရှေးဦးစွာ ဟောရခြင်း

အကြောင်း, အကျိုး ၂–ပါးတို့တွင် အကြောင်းသည်သာ 'ပဓာန' ဖြစ်၍၊ ဟိတ် တရားတို့၏ အကြောင်းဖြစ်သောကြောင့် ပဋ္ဌာန်း ၂၄–ပစ္စည်းတွင် 'ဟေတုပစ္စည်း'ကို ရှေးဦးစွာ ဟောကြားတော်မူရပါသည်။

(တစ်နည်း) 'ဘဝ၏ ပဓာနအကြောင်း'ဖြစ်သော 'အဝိဇ္ဇာ, တဏှာ' တရား ၂–ပါး တို့သည် ဟိတ်တရားတို့၌ အကျုံးဝင်လေရကား 'ပဓာန'ဖြစ်သော 'အဝိဇ္ဇာ, တဏှာ' ကိုယူလျှင်၊ 'အပဓာန'ဖြစ်သော ဟိတ်တရားတို့ကိုလည်း ယူအပ်လေသည်။ ယင်းသို့ 'အဝိဇ္ဇာ, တဏှာ'တည်းဟူသော ပဓာနအကြောင်းတရားတို့ကို ယူအပ်လေသောကြောင့် 'ဟေတုပစ္စည်း'ကို ရှေးဦးစွာ ဟောကြားတော်မူရပါသည်။

[ဟံသာဝတီဆင်ဖြူများရှင်လက်ထက်၊ အသျှင်သဒ္ဓမ္မာလင်္ကာရ၏ 'ပဋ္ဌာနသာရဒီပနီဋီကာ']

www.dhammadownload.com

ဟေတုပစ္စည်းကို ရခြင်း/မရခြင်း နှင့် အကျိုး/အပြစ်

ဟေတုပစ္စည်း၏ ကျေးဇူးပြုခြင်းကိုခံရသဖြင့် မြဲမြဲခိုင်ခံ့သောအမြစ်ရှိသော သစ်ပင်တို့သည် ရေကို ကောင်းစွာစုပ်ယူရသောကြောင့် ပင်စည်,အကိုင်း,အခက်,အသီး,အပွင့်တို့ဖြင့် စည်ပင်ပြန့်ပြောကုန်သကဲ့သို့ မြဲမြဲခိုင်ခံ့ စည်ပင်ပြန့်ပြောသောအကျိုး ရှိပါသည်။

ကျေးဇူးအပြုကို မခံရသောတရားတို့မှာကား ရေပြင်၌ မျောပါနေကြကုန်သော မှော်သေး,မှော်မွှားတို့ကဲ့သို့ မြဲမြဲခိုင်ခံ့,တည်တံ့မှု မရှိခြင်းဟူသော အပြစ် ဖြစ်ရကုန်၏။

ဟေတုပစ္စည်း၏တရားကိုယ်များ

၁	အကုသိုလ်	လောဘ	လောကီအာရုံ, ကာမဂုဏ်တို့၌ တပ်မက်ခြင်း,လိုချင်ခြင်း၊ (မျောက်နဲ့စေးကဲ့သို့ငြိကပ်မှုနှင့်တူ)
၂		ဒေါသ	ခက်ထန်ကြမ်းတမ်းသောအားဖြင့်ပြစ်မှားခြင်း၊ (ထိခိုက်ခံရသော မြွေဟောက်နှင့်တူ)
၃		မောဟ	အာရုံ၏အမှန်သဘောကို မသိခြင်း, ဖုံးကွယ်ခြင်းသဘော၊ (အမြင်မှား၊ အမိုက်မှောင်ကဲ့သို့)
၄	ကုသိုလ်/အဗျာကတ	အလောဘ	လောကီအာရုံ,ကာမဂုဏ်ကို မလိုချင်,မစုံမက်မှု၊ (ရေမတင်သောပိန်းကြာဖက်)
၅		အဒေါသ	မကြမ်းတမ်းမှု, မပြစ်မှားမှု၊ (အကျိုးလိုလားသော မိတ်ဆွေကောင်း)(မေတ္တာ၊)
၆		အမောဟ	အနိစ္စစသော အစွမ်းအားဖြင့် ထိုးထွင်းသိပြီး၊ ထိုသိခြင်း၌ အစိုးရခြင်းသဘော၊ (အမှောင်ကိုပယ်ခွင်းသော အလင်းရောင်) (ပညာ, ပညိန္ဒြေ, ဝီမံသ, ဝိဇ္ဇာ)

မှတ်ဖွယ်များ (ရုပ်ပိုင်းဆိုင်ရာ)

☛ အရူပကုသိုလ်,ကြိယာ၌ရှိသော ဟိတ်သုံးပါးတို့သည် ပဋိသန္ဓေကာလဘုံ၌ဖြစ်သောအခါ **စိတ္တဇရုပ်**အား ဟေတုသတ္တိဖြင့် ကျေးဇူးပြုနိုင်ပါသည်။ ကုသိုလ်,အကုသိုလ်,ကြိယာ, ပဝတ္တိဝိပါက်ဟိတ်တရားတို့သည် ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ စိတ္တဇရုပ်အား ကျေးဇူးပြုနိုင်သည်။ စတုဝေါကာရဘုံ၌ဖြစ်သောအခါ စိတ္တဇရုပ်အား ကျေးဇူးမပြုနိုင်ပေ။

☛ **ကမ္မဇရုပ်**သည် ပဋိသန္ဓေအခါ စိတ်နှင့်စပ်၍ဖြစ်ခြင်းရှိသောကြောင့် ဟေတုပစ္စည်းတရားသည် ပဋိသန္ဓေကမ္မဇရုပ်အား ကျေးဇူးပြုသည်။ ပဝတ္တိအခါ၌ စိတ်နှင့်မစပ်ဆိုင် အတိတ်ကံနှင့်သာစပ်သောကြောင့် ပဝတ္တိကမ္မဇရုပ်အား ကျေးဇူးမပြုနိုင်ပေ။

စိတ္တဇရုပ်အား	ဟေတုပစ္စည်း	ပဋိသန္ဓေအခါ ကျေးဇူးမပြု၊	ပဝတ္တိအခါ ကျေးဇူးပြု၊
ကမ္မဇရုပ်အား	ဟေတုပစ္စည်း	ပဋိသန္ဓေအခါ ကျေးဇူးပြု၊	ပဝတ္တိအခါ ကျေးဇူးမပြု၊

ရှင်တော်မြတ်ဘုရားသည် လူ, နတ်, ဗြဟ္မာ ရုပ်ဝါဒီသမားများ၏ ရုပ်သာလျှင် အရေးကြီးသည်ဟုထင်မှတ်မှုတွင် ထိုရုပ်တရားတို့၏ဖြစ်ကြောင်း(ပစ္စယ)သည် နာမ်တရားတို့ကြောင့်ဖြစ်ရကြောင်း ဟောပြထားပါသည်။ နာမ်တရားတို့တွင်လည်း လောကတွင်

အထင်ရှားဆုံးဖြစ်နေသော လောဘ, ဒေါသ, မောဟ၊ အလောဘ, အဒေါသ, အမောဟ ဤနာမ်တရားဟိတ် ၆-ပါးကို ပစ္စည်းထား၍ ဟေတုပစ္စည်းကို ဟောတော်မူပါသည်။ လောဘကြောင့်-လောဘရုပ်၊ ဒေါသကြောင့်-ဒေါသရုပ်စသည်တို့ ထင်ရှားတွေ့မြင်နေရမှုမှာ ဟေတုပစ္စည်း၏ သဘောပါလှသော 'သာဓက'များဖြစ်ပေသည်။

ပဥ္စဝါရဝိဘင်္ဂ ပါဠိတော်အရ ဟေတုပစ္စည်း ကျေးဇူးပြုပုံ ၇-ချက်

ပဒ	ပဒါဝသာန		ပစ္စည်း = ကတ္တား	ပစ္စယုပ္ပန် = သမ္ပဒါန်		
				သမ္ပယုတ္တကာနံ ခန္ဓာနံ	စိတ္တသမုဋ္ဌာနာနံ ရူပါနံ	ကဋတ္တာ စ ရူပါနံ
ကု	**ကု**		ကုသလာ **ဟေတူ**	॥		
	ဗျာ		॥		॥	
	ကုဗျာ		॥	॥	စိတ္တ..နဉ္စရူပါနံ	
အကု	**အကု**		အကုသလာ ဟေတူ	॥		
	ဗျာ		॥		စိတ္တသမုဋ္ဌာနာနံ ရူပါနံ	
	အကုဗျာ		॥	॥	စိတ္တ..နဉ္စရူပါနံ	
ဗျာ	**ဗျာ**	ပဝတ္တိ	ဝိပါက, ကိရိယာတာ ဟေတူ	॥	॥	
		ပဋိ.	ပဋိသန္ဓေ.ဝိပါကာ ဟေတူ	॥		॥

ဟိတ်တို့ကကျေးဇူးပြုရာတွင် လောဘစသည်က ၎င်းနှင့်ယှဉ်သော စိတ်,စေတသိက် နာမ်ခန္ဓာတို့ကိုကျေးဇူးပြုလျှင် နာမ်-နာမ်ချင်းကျေးဇူးခြင်း၊ လောဘစသည်က ရုပ်ခန္ဓာတို့ကိုကျေးဇူးပြုလျှင် နာမ်ကရုပ်ကိုကျေးဇူးပြုခြင်းနှင့် လောဘစသည်က ၎င်းနှင့်ယှဉ်သော စိတ်,စေတသိက် နာမ်ခန္ဓာတို့နှင့်တကွ ရုပ်ခန္ဓာတို့ကိုကျေးဇူးပြုနေလျှင် နာမ်က နာမ်,ရုပ်ကို ကျေးဇူးပြုခြင်းတို့ဖြစ်ကြပါသည်။ နာမ်ဓမ္မ,ရုပ်ဓမ္မတို့သာတည်း။

ဟေတုပစ္စည်း၏ အကြောင်းတရား ဟိတ် ၆-ပါး(ကောင်း/မကောင်း)တရားသည် မိမိတို့သန္တာန်မှာရှိနေသော သမ္ပယုတ္တခန္ဓာ(စိတ်,စေတသိက်)နှင့် သဟိတ်စိတ္တဇရုပ်, သဟိတ်ပဋိသန္ဓေကမ္မဇရုပ်တရားများဟုဆိုသော နာမ်,ရုပ် နှစ်ပါးတို့ကို ကျေးဇူးပြုနေပါသည်။ မကောင်းသောဟိတ်တရားတို့က အကြောင်းတရားအဖြစ်ကျေးဇူးပြုလိုက်လျှင် မကောင်းသော စိတ်,စေတသိက်အကျိုးတရား.., စိတ်ဆိုးစိတ်ညစ်များဖြစ်လာလျှင် ရုပ်တရားတွေလည်း မကြည်လင်,မသန့်ရှင်းတော့ပါ။ ကောင်းမြတ်သောဟိတ်တရားတို့၏ ကျေးဇူးပြုမှုကိုခံရလျှင် စိတ်,စေတသိက်,ရုပ်တရားတို့ကြည်လင်၍ ကုသိုလ်တရားများ အဆင့်ဆင့်တိုးပွားရပါတော့သည်။ ပဓာနဖြစ်သော **'စိတ်ကောင်းရှိဖို့က ပထမ'** ဖြစ်နိုင်ရေးအတွက် အကြောင်းဖြစ်သော ဟိတ်တရားတို့ကို လေ့လာပါမည်။

www.dhammadownload.com

စာပေကျမ်းဂန်များတွင် (ကောင်း/မကောင်း)ဟိတ်တရားတို့ကို သစ်ပင်၏ရေသောက်မြစ်ဖြင့် ဥပမာပြကြပါသည်။ ရေသောက်မြစ်ကောင်းသော, အပြစ်အနာအဆာကင်းသောရေသောက်မြစ်ရှိသောသစ်ပင်သည် စည်ပင်,ကြီးထွား၏။ ရေသောက်မြစ်မကောင်းသော, ရေသောက်မြစ်၌ အပြစ်အနာအဆာရှိသောသစ်ပင်သည် မကြီးထွားနိုင်တော့၊ ဆုတ်ယုတ်သွားတော့သည်။ မိမိတို့သန္တာန်ရှိ ရေသောက်မြစ်နှင့်တူသောဟိတ်တရားတို့ကောင်းမြတ်နေရန် နှလုံးသွင်းမှန်ကန်မှုရှိနေရန် အရေးကြီးပေသည်။

ကောင်းမြတ်သောဟိတ် ၃–ပါး အကျိုးတရားများ

✱ အလောဘော ဒါနဟေတု၊

အလောဘသည် ဒါန၏အကြောင်းတည်း။ လောကီအာရုံ,ကာမဂုဏ်တို့ကိုမတပ်မက်, မလိုချင်သော အလောဘသည် အလှူဒါနဖြစ်ဖို့ရန်/ပြည့်စုံဖို့ရန် အကြောင်းဖြစ်သည်။ (လောဘသည် ဝန်တိုနှမြော/မလှူဒါန်းခြင်း မစ္ဆရိယ၏အကြောင်းတည်း။ မလှူဒါန်းနိုင်အောင် လောဘက ကျေးဇူးပြုပါသည်။)

✱ အဒေါသော သီလဟေတု၊

အဒေါသသည် သီလနှင့်ပြည့်စုံခြင်း၏အကြောင်းတည်း။ အဒေါသ=မေတ္တာများသူတို့သည် သူတစ်ပါးကိုချမ်းသာစေလိုသဖြင့် သူ့အသက်ကိုသတ်ခြင်းစသည်တို့မှ ရှောင်ကြဉ်ကြသဖြင့် အဒေါသသည် သီလလုံခြုံခြင်း/သီလနှင့်ပြည့်စုံခြင်း၏အကြောင်းဖြစ်သည်။ (ဒေါသသည် သတ်ချင်,ခိုးချင်လည်း သတ်လိုက်ခိုးလိုက်သဖြင့် သီလပျက်ကြောင်းဖြစ်သည်။ ဒေါသကြီးသူများ မကြာခဏ သီလပျက်တတ်၏။ သတ်ချင်လည်း သတ်ပစ်လိုက်သည်။)

✱ အမောဟော ဘာဝနာဟေတု၊

အမောဟသည် ဘာဝနာကုသိုလ်နှင့်ပြည့်စုံခြင်း၏အကြောင်းတည်း။ အမောဟဆိုသည်မှာဉာဏ်ပညာ၊ ဘာဝနာအရာနှင့် မွေ့လျော်နိုင်သောသူသည် ဉာဏ်ပညာနှင့်ပြည့်စုံ၍ ဘာဝနာတရားကို အားထုတ်နေသူဖြစ်သည်။ ဘာဝနာတရားကို အားမထုတ်နိုင်ဘူးဆိုလျှင် ထိုသူ့မှာ မောဟဟိတ်တွေများနေ၍ ဉာဏ်တုံးနေသောကြောင့်ဖြစ်သည်။ (မောဟသည် တွေဝေနေသဖြင့် ဘာဝနာတရားအားမထုတ်နိုင်ခြင်း၏အကြောင်းဖြစ်သည်။)

www.dhammadownload.com

အဋ္ဌကထာဆရာများ၏ ဖွင့်ဆိုချက်များ

ဟေတုပစ္စည်းတွင် အကြောင်းတရားတို့ကို အရင်းခံပြီး အကျိုးတရားတို့ဖြစ်ပုံကို အဋ္ဌကထာဆရာများက ဆက်လက်ဖွင့်ဆိုထားသည်မှာ–

* အလောဘေန ပေတ္တိဝိသယေ န ဟောတိ၊

အလောဘသည် ပြိတ္တာဘုံ၌ မဖြစ်နိုင်ခြင်း၏အကြောင်းတည်း။ အလောဘဟူသော ဟေတုဟိတ်ပစ္စည်းသည် သုဂတိဘုံများသို့သာရောက်ရန် ကျေးဇူးပြုပါသည်။ (လောဘအားကြီးသဖြင့် လောဘနှင့်သေလျှင် ပြိတ္တာပြည်ရောက်အောင် ကျေးဇူးပြုပါသည်။)
❀ လောဘနှင့်သေ ထိုသူတွေ ရောက်လေ ပြိတ္တာပြည်၊

* အဒေါသေန နိရယေ န ဟောတိ၊

အဒေါသသည် ငရဲဘုံ၌ မဖြစ်နိုင်ခြင်း၏အကြောင်းတည်း။ အဒေါသဟူသော ဟေတုဟိတ်ပစ္စည်းသည်လည်း သုဂတိဘုံများသို့သာရောက်ရန် ကျေးဇူးပြုပါသည်။ (ဒေါသသည် ငရဲပြည်ရောက်အောင် ကျေးဇူးပြုသဖြင့် ဒေါသကင်းအောင် နေသင့်ပါသည်။)
❀ ဒေါသနှင့်သေ ထိုသူတွေ ရောက်လေ ငရဲပြည်၊

* အမောဟေန တိရစ္ဆာန ယောနိယံ န ဟောတိ၊

အမောဟသည် တိရစ္ဆာန်မျိုး၌ မဖြစ်နိုင်ခြင်း၏အကြောင်းတည်း။ အမောဟသည် ပညာ၊ ပညာဉာဏ်နှင့်သေသွားလျှင် အမြတ်ဆုံးအထွတ်အထိပ်အကျိုးသည် နိဗ္ဗာန် အထိဖြစ်နိုင်သည်။ အမောဟအထုံဝါသနာတွေပါပြီး ကွယ်လွန်သွားလျှင် ပါရမီအား လျော်စွာ မြင့်မြတ်သောဘုံဘဝများသို့သာ ရောက်နိုင်ပါသည်။ အမောဟဖြင့်မတွေမဝေ သေနိုင်အောင် သတိပဋ္ဌာန် ဝိပဿနာတရား ရှုမှတ်နေရပါမည်။
(မောဟသည် တိရစ္ဆာန်ပြည်ရောက်အောင် ကျေးဇူးပြုနေသဖြင့် တွေတွေဝေဝေဖြင့် ကောင်းမှုကုသိုလ်များ မဖြစ်နိုင်တော့ပါ။ လူ့ပြည်ပြန်ရောက်နိုင်ရန်ပင် အလွန်ခဲယဉ်းမည်။ မောဟကို မိမိတို့သန္တာန်တွင် ကင်းနိုင်သမျှကင်းအောင် အားထုတ်သင့်ပေသည်။)
❀ မောဟနှင့်သေ ထိုသူတွေ ဖြစ်လေ တိရစ္ဆာန်ပြည်၊

ဤသို့ ဟိတ်တရားတို့၏ အကျိုး,အပြစ်ကိုသိရှိထားပြီး လောဘ, ဒေါသ, မောဟ တို့ကို မြန်မြန်/များများပယ်နိုင်အောင်၊ အလောဘ, အဒေါသ, အမောဟတရားမြတ်တို့ မိမိသန္တာန်မှာ ပြည့်စုံလာအောင်/အကျိုးပေးခွင့်ရှိနေအောင် **သတိထားသင့်ပေသည်**။

www.dhammadownload.com

* အလောဘော အရောဂျသ ပစ္စယော ဟောတိ၊

အလောဘသည် ကျန်းမာခြင်း၏အကြောင်းတည်း။ လောကီအာရုံ,ကာမဂုဏ်တို့ကို မလိုချင်,မတပ်မက်သောသူသည် ကိုယ်အမူအရာ,နှုတ်အမူအရာနှင့် နေထိုင်စားသောက်မှုတို့တွင်အတိုင်းအရှည်ပမာဏကိုသိပြီး မျှတရုံသာမှီဝဲသုံးဆောင်သောကြောင့် ကျန်းမာခြင်းအတွက်ကျေးဇူးပြုပေသည်။ 'အာရောဂျာ ပရမာ လာဘာ' ကျန်းမာခြင်းသည် မြတ်သောလာဘ်ကြီးတစ်ခုပင်တည်း။ ကျန်းမာမှသာ လောကရေးရာ စီးပွားရေးကြီးပွားရေးများကို ကိုယ်အား,ဉာဏ်အားနှင့် ဆောင်ရွက်နိုင်မည်။ ဓမ္မရေးရာဘက်တွင်လည်း ကျန်းမာမှသာ လောကုတ္တရာရေးရာ မိမိ၏တရားဓမ္မကို ကြိုးကြိုးစားစားအားထုတ်နိုင်ပါမည်။ (လောဘကြီးသူသည် စားသောက်သောအခါ အတိုင်းအရှည်ပမာဏကိုမသိ အလွန်အကျွံဖြစ်တတ်သောကြောင့် အစာမကြေ, ရောဂါတွေဖြစ်ကြသဖြင့် လောဘသည် မကျန်းမာခြင်း၏အကြောင်းဖြစ်သည်။)

❁ ယုံကြည့်, ကျန်းမာ၊ ဖြောင့်စွာစိတ်ထား၊ ကြိုးစားတွင်တွင်၊ ဖြစ်ပျက်မြင်၊ ငါးအင် တရားရကြောင်းတည်း။

* အဒေါသော ယောဗ္ဗနဿ ပစ္စယော ဟောတိ၊

အဒေါသ(မေတ္တာ)သည် စိတ်မဆိုးအမျက်မထွက်သဖြင့် အရွယ်ကောင်းခြင်း အရွယ်တင်ခြင်း၏အကြောင်းတည်း။ ဒေါသကြီးသောသူတို့မှာ ဒေါသမီးက ခန္ဓာကိုယ်မှ စိတ္တဇရုပ်ကိုလောင်ကျွမ်းသောကြောင့် ဆံဖြူ,နားထိုင်းပြီးခါးကိုင်းမှု မြန်မြန်ဖြစ်ကြ၍ အရွယ်မတိုင်မီ အိုမင်းမှုက အရင်ဖြစ်ရသည်။ ထို့ကြောင့် ဒေါသသည် အရွယ်အိုခြင်း၏ အကြောင်းတည်း။ အဒေါသ=မေတ္တာများသူများ အရွယ်တင်ခြင်းမှာ ဟေတုပစ္စည်း၏ ကျေးဇူးပြုပုံထင်ရှားမှု သာဓကတစ်ခုဖြစ်ရပါသည်။

* အမောဟော ဒီဃာယုကတာယ ပစ္စယော ဟောတိ၊

အမောဟသည် အသက်ရှည်ခြင်း၏အကြောင်းတည်း။ အသိဉာဏ်ပညာရှိလျှင် သင့်တင့်မျှတသည်များကိုသာ ပြုလုပ်ဆောင်ရွက်ကြပြီး၊ မသင့်တော်သောကိစ္စရပ်များကို ရှောင်ကြဉ်ကြသဖြင့် အသက်ရှည်ခြင်းအတွက် ကျေးဇူးပြုပေသည်။ တွေတွေဝေဝေဖြင့် ကောင်းတာဆိုးတာမသိ၊ မိမိနှင့်တည့်မတည့် သင့်မသင့် ချင့်ချိန်တိုင်းတာမှုမရှိဘဲ မှီဝဲသုံးဆောင် လုပ်ကိုင်တတ်ကြသဖြင့် အသက်တိုသွားနိုင်ပါသည်။ ဟေတုပစ္စည်း၏ သရုပ်တစ်ခုမှာ 'အသက်ဉာဏ်စောင့်'ဟုဆိုသော စကားရပ်ဖြစ်ပေသည်။

www.dhammadownload.com

* အလောဘော ဘောဂသမ္ပတ္တိယာ ပစ္စယော ဟောတိ၊

အလောဘ မလိုချင်, မတပ်မက်ခြင်းသည် စည်းစိမ်ဥစ္စာရတနာတို့နှင့်ပြည့်စုံခြင်း၏ အကြောင်းတည်း။ လောကီအာရုံ, ကာမဂုဏ်တို့ကို မလိုချင်, မတပ်မက်သောသူသည် အလှူဒါနအရာတွင် အားသာလှသဖြင့် လှူဒါန်းပါသည်။ အလှူဒါန၏အကျိုးကြောင့်ပင် လက်ရှိဘဝ, နောက်နောင်ဘဝများမှာလည်း ပစ္စည်းဥစ္စာတို့ မုချ(ဧကန်)ပေါ်များပေမည်။ (လောဘသည် စည်းစိမ်ဥစ္စာ ရှားပါးခြင်း၏အကြောင်းတည်း။ လောဘကြီးလျှင် မလှူနိုင် မတန်းနိုင် မပေးနိုင်တော့ပေ။ လောဘသည် မစ္ဆရိယ–ဝန်တိုနှမြောသဖြင့် မလှူဒါန်းပါ။ မလှူတော့ မရှိ/ ရှားပါးတာ ပိုပြီးထင်ရှားပါသည်။)

* အဒေါသော မိတ္တသမ္ပတ္တိယာ ပစ္စယော ဟောတိ၊

အမျက်မထွက်, မပြစ်မှားတတ်သော အဒေါသ=မေတ္တာသည် မိတ်ဆွေသင်္ဂဟနှင့်ပြည့်စုံ ခြင်း၏အကြောင်းတည်း။ သူတစ်ပါးကိုချမ်းသာစေချင်သောသူသည် အတူတကွတွဲဖက် နေထိုင်ကြသူများအတွက် ကိုယ်ချမ်းသာစိတ်ချမ်းသာဖြစ်စေရန် သည်းခံတတ်သဖြင့် မိတ်ဆွေသင်္ဂဟများ ပေါ်များချမ်းသာပါသည်။ တစ်ဦးတည်းနေလျှင် 'သတိ'နှင့် နေပါ, အများနှင့်နေလျှင် 'ခန္တီ+မေတ္တာ'နှင့်နေပါ ဆိုသည်နှင့်အညီ မေတ္တာဓာတ်များသူတို့နှင့် အတူနေကြရသောပုဂ္ဂိုလ်များ မိမိနှင့်သူတစ်ပါးတို့ ချမ်းသာကိုယ်စိတ် မြဲကြရသည်။ (ဒေါသကြီးသူသည် မကြာခဏမိတ်ဆွေ ပျက်တတ်သည်။ သည်းမခံ, ဆတ်ဆတ်ကလေးမှ အထိမခံ စိတ်ဆိုးအမျက်ထွက်တတ်သဖြင့် အတူတွဲဖက်နေသူများအတွက် မချမ်းသာနိုင်၊ အသွားနှစ်ဖက်ပါသောဓားနှင့်တူသဖြင့် မိမိနှင့်သူတစ်ပါး နှစ်ဦးလုံးကို ဒုက္ခပေးသည်။)

* အမောဟော အတ္တသမ္ပတ္တိယာ ပစ္စယော ဟောတိ၊

အမောဟ=ပညာသည် မိမိကိုယ်ကိုပြည့်စုံခြင်း၏အကြောင်းတည်း။ မတွေဝေသဖြင့် ကောင်း/ဆိုး သင့်/မသင့် ခွဲခြားသိ၍နေတတ်သဖြင့် မိမိကိုယ်ကို အဖက်ဖက်ကပြည့်စုံ စေသော'ဉာဏ်အလင်း' ဖြစ်ပါသည်။
(မောဟသည် တွေတွေဝေဝေဖြင့် အကျိုးရှိ/မရှိ ခွဲခြားမသိသဖြင့် 'အမှောင်'အတိပင် ဖြစ်ရသည်။ လောကတွင် 'မရှိတာထက် မသိတာခက်'ဟူသော မောဟ(အဝိဇ္ဇာ)သည် ကောင်း/ဆိုး, သင့်/မသင့် ခွဲခြား မသိသဖြင့် ဆုတ်ယုတ်ခြင်း၏အကြောင်းတည်း။)

❀ လော–ဒေါ–မောဟော၊ မိုက်မှားနေ၊ မှတ်လေဟေတု ကြောင်းရင်းစု။

❀ အလော–အဒေါ၊ အမောသုံးထွေ၊ ကောင်းမြတ်နေ၊ မှတ်လေဟေတု ကြောင်းရင်းစု။

❀ ဟေတုပစ္စယ၊ ဖြစ်ပျက်ကြ၊ အနိစ္စစု မြင်အောင်ရှု။

www.dhammadownload.com

ရှုပွားကျင့်ပါ ဝိပဿနာ

ပညတ်, ပရမတ်–

လောဘကြောင့်လောဘရုပ်စသည် ထင်ရှားနေသကဲ့သို့ အကြောင်း–လောဘက ကျေးဇူးပြုလိုက်လျှင် လောဘနှင့်ယှဉ်သော စိတ်,စေတသိက်အကျိုးတရား.., စိတ်ဆိုးစိတ်ညစ်များဖြစ်လာသည်။ လောဘ၏သဘောတရားက လောကီအာရုံ, ကာမဂုဏ်တို့၌ တပ်မက်ခြင်း,လိုချင်ခြင်းသည် အမှန်အတိုင်းဖြစ်နေ၏။ အသားအရောင် ဖြူ/မည်း လူ, နတ်, ဗြဟ္မာ မခွဲခြားဘဲ မိမိသဘောလက္ခဏာမှ မဖောက်ပြန် မှန်ကန်တည့်မတ်နေ၏။ အမှန်တကယ်ထင်ရှားရှိသော အရှိတရားလည်းဖြစ်သောကြောင့် ပရမတ္ထတရား 'ပရမတ်'မည်ပေသည်။ ဤကဲ့သို့ ဟိတ်တို့၏သဘောအမှန်ကို **'ငါ..လိုချင်သည်'**ဟု ဆိုလျှင် အမှန်တကယ်မရှိသော 'ပညတ်=ငါ'ကို သုံးသပ်လျှင်– ပဋ္ဌာန်းတရားတော်၏ နက်နဲသန့်ရှင်းသည့်သဘောအရဆိုလျှင် ပစ္စည်းတရားတွင် လူ,နတ်,ဗြဟ္မာ မပါသည့်အပြင် မည်သည့်'ပညတ်'တစ်ခုမျှမပါ။ ထို့ကြောင့် **'ငါ..လိုချင်သည်'**ဟုဆိုသော 'ပညတ်'သည် မမှန်နိုင်ပါ။ 'လိုချင်သည်'က လောဘ၏'ပရမတ်'သဘောလက္ခဏာသာ ဖြစ်ပါသည်။ လောဘ(ဟိတ်)ဆိုသော'ပရမတ်'သာရှိသည်။ ငါ..ဆိုသော'ပညတ်'က မရှိ။ ဤကဲ့သို့ ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတစ်ပါး, ယောကျ်ား, မိန်းမဟူ၍ မတွေ့ရပါ။ ပညတ်နှင့် ပရမတ် မကွဲလျှင် အတ္တဒိဋ္ဌိ, သက္ကာယဒိဋ္ဌိ ဖြစ်နိုင်သည်။

ပညတ်နှင့် ပရမတ်ကွဲတာကိုသိခြင်းသည် **'<u>အမှန်အတိုင်းသိခြင်း</u>'** မည်၏။

"လောဘဟေတု လောဘသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စရူပါနံ ဟေတုပစ္စယေန ပစ္စယော"ဟုဟောထားတော်မူသဖြင့် အမှန်တကယ်ရှိသောလောဘကြောင့် နာမ်,ရုပ်ဖြစ်ရပါသည်။ လောဘကို'ငါ'တပ်တော့ 'ငါ'ကတကယ် မရှိ၊ 'ငါ'က ပညတ်၊ လောဘက ပရမတ်။ ဤတွင် လိုချင်တာနှင့် 'ငါ'မကွဲ, အတူတူဖြစ်နေလျှင် သက္ကာယဒိဋ္ဌိ ဖြစ်ပါသည်။ 'ငါ'တပ်လိုက်သည့်အတွက် လိုချင်သော'လောဘ'က ဒုက္ခပေးလျှင် ခံစရာရှိလျှင် 'ငါ'ခံတော့မည်။ **<u>ပညတ်နှင့် ပရမတ်ကွဲသွားလျှင် သက္ကာယဒိဋ္ဌိ ပြုတ်၏။</u>**

ဝိပဿနာရှုပုံ

မိမိတို့သန္တာန်တွင် တစ်ချိန်တစ်ခါတွင် လောဘကြောင့်ဖြစ်သော နာမ်,ရုပ်၊ တစ်ချိန်တစ်ခါတွင် ဒေါသကြောင့်ဖြစ်သော နာမ်,ရုပ်၊ ကောင်းမြတ်သောဟိတ်တို့ကြောင့်လည်း အလောဘ နာမ်,ရုပ် အဒေါသ နာမ်,ရုပ် အမောဟ နာမ်,ရုပ်တို့ ဖြစ်ကြရသည်။

www.dhammadownload.com

ကုသလာဓမ္မာ–ဆိုသည့် ကောင်းမြတ်သောသဘောဖြစ်ကြရအောင် ယောနိသော မနသိကာရ' 'သံဝရ' 'ကလျာဏမိတ္တ'စသည် အကြောင်းတရားများနှင့် ညီညွတ်အောင် ပြုပြင်အားပေးမှ ဖြစ်နိုင်ကြသည်။ အထက်သို့ အတက်သဘော, အဆန်သဘော, အလင်းသဘောသို့ ရောက်အောင်ကား ကြံဆောင်အားထုတ်ယူကြရပါသည်။ ယင်းတို့နှင့် မပြုပြင်ပေးလျှင် အလိုလိုအနိမ့်သို့ကျခြင်း, အောက်သို့စုန်ခြင်း, အမိုက်မှောင်ဖြစ်ခြင်းတို့ တွေ့ကြုံကြရပါမည်။

သတ္တဝါအစားစားတို့မှာ ဓမ္မတာတရား များသောအားဖြင့် ကောင်းသောအာရုံတို့နှင့်တွေ့ကြုံရလျှင် လောဘ, မောဟ၊ မကောင်းသောအာရုံကိုတွေ့ကြုံရလျှင် ဒေါသ, မောဟ၊ သာမညအာရုံတို့ကိုတွေ့ကြုံရလျှင် မောဟဟိတ်တို့ အသီးသီးဖြစ်ကြပြီး ထိုထိုအာရုံတို့ကိုတွေ့ထိကြရာ အကုသိုလ်ဖြစ်ရန် မသင့်မတင့်နှလုံးသွင်းခြင်း 'အယောနိသော မနသိကာရ'နှင့် မစောင့်စည်းခြင်း 'အသံဝရ'စသည် ဖြစ်ကြသူတို့သည် အလိုမရှိအပ် မနှစ်သက်အပ်သော အနိဋ္ဌအာရုံ ၆–ပါးတို့ကို ဒွါရ ၆–ပါးတို့က ဇော ဝီထိတို့ဖြင့် သိကြရသောအခါ မနှစ်သက်ငြား ပြစ်မှားသောအကြောင်း, တွေဝေသောအကြောင်း ရေသောက်မြစ်တို့ကြောင့် ကိုယ်,နှုတ်,စိတ်အမူအရာ (ဝါ) ဒုစရိုက်, ဒုရာဇီဝ, အကုသိုလ် နာမ်,ရုပ် အကျိုးပစ္စယုပ္ပန်တရားတို့ ဖြစ်ပွားကြကုန်၏။

အသင့်အတင့်နှလုံးသွင်းခြင်း 'ယောနိသော မနသိကာရ'နှင့် စောင့်စည်းခြင်း 'သံဝရ'စသည် ထင်ရှားရှိသူတို့သည် အာရုံ ၆–ပါးအစားစားတို့ကို ဒွါရ ၆–ပါးတို့နှင့် တွေ့ကြုံကြငြားသော်လည်း ဒါန, သီလ, သမထ, ဘာဝနာ အစဖြာသော ကုသိုလ် (အဗျာကတ) နာမ်,ရုပ် အကျိုးပစ္စယုပ္ပန်တရားတို့ ဖြစ်ပွားကြကုန်၏။ ကံ, ကံ၏အကျိုးတို့ကို ယုံကြည်၍ပြုကြပါမူ အလောဘ, အဒေါသ, အမောဟ ရေသောက်မြစ်တို့ကြောင့် ကိုယ်,နှုတ်,စိတ်အမူအရာ (ဝါ) သုစရိုက်, သုရာဇီဝ, ကုသိုလ်(အဗျာကတ) နာမ်,ရုပ် အကျိုးပစ္စယုပ္ပန်တရားတို့ ဖြစ်ပွားကြကုန်၏။

❁ အကျိုးနှင့်ကံ၊ သိသူမှန်၊ ဖြစ်ရန် ဉာဏသမ္ပယုတ္တ။ မသိပြန် ဖြစ်ပြန် ဉာဏဝိပ္ပယုတ္တ။ [ဒွါရဝိမုတ်ဖြစ်ကြသော သဟိတ်ပဋိသန္ဓေ,ဘဝင်,စုတိ အကျိုးပစ္စယုပ္ပန်တရားတို့လည်း ဖြစ်၏။]

ဤကဲ့သို့သိသောအခါ ဟေတုပစ္စည်းဖြင့် နာမ်,ရုပ်တို့၏ အနိစ္စ–မမြဲခြင်းကို ဝိပဿနာရှု ရမည်ဖြစ်ပါသည်။

* မိမိသန္တာန်တွင် လောဘနာမ်,ရုပ် ချုပ်သွားလျှင် အလောဘ နာမ်,ရုပ် ဖြစ်ရသည်။
* ဒေါသနာမ်,ရုပ် ချုပ်သွားလျှင် အဒေါသ(မေတ္တာ)နာမ်,ရုပ် ဖြစ်ရသည်။
* မောဟနာမ်,ရုပ် ချုပ်သွားလျှင် အမောဟ(ဉာဏ်)နာမ်,ရုပ် ဖြစ်ရသည်။

www.dhammadownload.com

ဟောတုပစ္စည်းဖြင့် မိမိတို့သန္တာန်ကိုပြန်ကြည့်လျှင် 'ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတစ်ပါး, ယောကျ်ား, မိန်းမဟူ၍ မတွေ့ရပါ။ လောဘကြောင့်ဖြစ်သောနာမ်,ရုပ်စသည် ဟိတ် ၆-ပါးကြောင့် နာမ်,ရုပ်ဖြစ်ပြီး၊ မမြဲခြင်းသဘောအားမြင်လာသဖြင့် '**အနိစ္စ**'သဘော ထင်လာသည်။ လောဘ နာမ်,ရုပ်စသည်တို့သည် တစ်ရုပ်နှင့်တစ်ရုပ်မတူ၊ နာမ်,ရုပ် အတုံးအခဲကြီးဟု မထင်ရတော့ပေ။

မမြဲသော နာမ်,ရုပ်ကို ပြုစုလုပ်ကျွေးပြီး ယင်းကိုအရေးပေးနေခြင်းသည် '**ဒုက္ခ**'များ လုပေသည်။ ထိုမမြဲသော လောဘ နာမ်,ရုပ်စသည် ယခု အိုလာပြီး နာရတော့မည်.. သေရတော့မည်၊ အို,နာ,သေ လောဘစသည်ကြောင့်ဖြစ်သော နာမ်,ရုပ်ကို ကျွေးမွေးပြုစု စောင့်ရှောက်နေရခြင်းဖြစ်ပြီး၊ မိမိက ဘာမှမပိုင်ဆိုင်သည့်သဘော.. မိမိက အစိုးမရ သဖြင့် '**အနတ္တ**'ဆိုသည့်သဘောလက္ခဏာ ထင်ရှားလာပါသည်။ ဤကဲ့သို့ဆင်ခြင် သဖြင့် ဟေတုပစ္စည်း ဟိတ် ၆-ပါးကြောင့်ဖြစ်သော နာမ်ဓမ္မ,ရုပ်ဓမ္မတို့၏.. "မမြဲသော-အနိစ္စ၊ ဆင်းရဲသော-ဒုက္ခ၊ အစိုးမရသော-အနတ္တ'တရားများကို သမ္မာဒိဋ္ဌိသတိ ကိုယ်စီရှိသဖြင့် ပစ္စည်း-ပစ္စယုပ္ပန်၊ အကြောင်း-အကျိုးမှန်ကို ဆင်ခြင်နိုင်ကြပါစေ..

❀ ဟေတုပစ္စယ၊ ဖြစ်ပျက်ကြ၊ အနိစ္စ, ဒုက္ခ, အနတ္တစု ထင်အောင်ရှု၊

လက္ခဏာမြင်ခြင်းနှင့် ဟိတ်တရား

ဝိပဿနာရှုရာတွင် အနိစ္စ, ဒုက္ခ, အနတ္တ မြင်အောင်ရှုနိုင်လျှင် လောဘ, ဒေါသ, မောဟဟိတ်များ ပယ်ပြီးသား ဖြစ်၍၊ အလောဘ, အဒေါသ, အမောဟဟိတ်များ ကြီးပွားလာပြီးလျှင် ဒါန, သီလ, ဘာဝနာတရား ပြည့်စုံလာပါသည်။

✳ အနိစ္စဒဿနေန အလောဘော ဟောတိ၊

အနိစ္စဒဿနေန- အနိစ္စလက္ခဏာကို မြင်ခြင်းဖြင့်၊ အလောဘော- အလောဘ သည်၊ ဟောတိ- ဖြစ်၏။

အနိစ္စလက္ခဏာကို မြင်အောင်ရှုလျှင် နာမ်တရားလည်း မမြဲ၊ ရုပ်တရားလည်း မမြဲ၊ ခန္ဓာကိုယ်ထဲကတရားသဘောတွေလည်း ဘာတစ်ခုမှ မမြဲ၊ ပစ္စည်းပစ္စယတွေလည်း မမြဲနိုင်ကြောင်း မြင်သိလာပြီး လိုချင်မှု(လောဘ) မရှိတော့သဖြင့် အလောဘ သာလျှင် ဖြစ်ရပါသည်။ အလောဘဖြစ်လာတော့ ဒါနကုသိုလ် ပြည့်စုံလာပါသည်။

❀ အနိစ္စမြင်လျှင်၊ လောဘစင်၊ အလောဘဝင်၊ ဒါနလျှင် အစဉ်ပြည့်စုံသည်။

www.dhammadownload.com

* ဒုက္ခဒဿနေန အဒေါသော ဟောတိ၊

ဒုက္ခဒဿနေန- ဒုက္ခလက္ခဏာကို မြင်ခြင်းဖြင့်၊ အဒေါသော- အဒေါသသည်၊ ဟောတိ- ဖြစ်၏။

ဒုက္ခလက္ခဏာကို မြင်အောင်ရှုလျှင် နာမ်,ရုပ်တရားများ ကုန်ပျက်, ကုန်ပျက်၍ နှိပ်စက်မှုသဘောများကို ဒုက္ခ-ဟုထင်မြင်ပြီး ဒေါသ မဖြစ်ချင်တော့ပါ။ ဒုက္ခ-ကို ကောင်းကောင်းမြင်သောပုဂ္ဂိုလ်သည် ဒေါသတွေ ကင်းစင်ပြီး အဒေါသ-မေတ္တာစေတ် များတိုးပွား လာပါသည်။ အဒေါသဖြစ်လာတော့ သီလကုသိုလ် ပြည့်စုံလာပါသည်။

❀ ဒုက္ခမြင်လျှင်၊ ဒေါသစင်၊ အဒေါသဝင်၊ သီလလျှင် အစဉ်ပြည့်စုံသည်။

* အနတ္တဒဿနေန အမောဟော ဟောတိ၊

အနတ္တဒဿနေန- အနတ္တလက္ခဏာကို မြင်ခြင်းဖြင့်၊ အမောဟော- အမောဟ မတွေဝေခြင်း, ဉာဏ်ပညာသည်၊ ဟောတိ- ဖြစ်၏။

အနတ္တလက္ခဏာကို မြင်အောင်ရှုနိုင်လျှင် ဘယ်အရာကိုမှ အစိုးရတာ မရှိပါ၊ ကိုယ့်ခန္ဓာကိုယ်ထဲက နာမ်,ရုပ်တရားတွေလည်း အစိုးရတာ မရှိပါ၊ ဘယ်ပုဂ္ဂိုလ်မှ ဘယ်အရာဝတ္ထုကိုမှ အစိုးရတာ မရှိပါဟု အမှန်ကိုသိခြင်းသည် အမောဟ ဖြစ်ပါသည်။ အမောဟ, ဉာဏ်ပညာ ဖြစ်လာတော့ ဘာဝနာကုသိုလ် ပြည့်စုံလာပါသည်။

❀ အနတ္တမြင်လျှင်၊ မောဟစင်၊ အမောဟဝင်၊ ဘာဝနာလျှင် အစဉ်ပြည့်စုံသည်။

ဟိတ်တရားနှင့် သတိပဋ္ဌာန်

⇉ ပုရိမာနံ- ရှေ့၌ဖြစ်ကုန်သော၊ ဒွိန္နံ- နှစ်ပါးကုန်သော အလောဘ, အဒေါသတို့၏၊ အာနုဘာဝေန- အစွမ်းအာနုဘော်ကြောင့်၊ ပုရိမာနိ- ရှေ့၌ဖြစ်ကုန်သော၊ ဒွေ- နှစ်ပါး ကုန်သော၊ သတိပဋ္ဌာနာနိ- ကာယာနုပဿနာသတိပဋ္ဌာန်, ဝေဒနာနုပဿနာသတိပဋ္ဌာန် တို့သည်၊ ဣဇ္ဈန္တိ- ပြည့်စုံကြကုန်၏။ ဣတိ- ဤသို့၊ အဋ္ဌကထာစရိယော- အဋ္ဌကထာ ဆရာသည်၊ သံဝဏ္ဏေတိ- ကောင်းစွာမသေ့ ဖွင့်ပြတော်မူခဲ့ပါပေသည်။

⇉ ပစ္ဆိမဿ- နောက်ဆုံး၌ဖြစ်သော အမောဟဟိတ်၏၊ အာနုဘာဝေန- အစွမ်းအာနု ဘော်ကြောင့်၊ ပစ္ဆိမာနိ- နောက်၌ဖြစ်ကုန်သော၊ ဒွေ- နှစ်ပါးကုန်သော၊ သတိပဋ္ဌာနာနိ- စိတ္တာနုပဿနာသတိပဋ္ဌာန်, ဓမ္မာနုပဿနာသတိပဋ္ဌာန်တို့သည်၊ ဣဇ္ဈန္တိ- ပြည့်စုံကြ ကုန်၏။ ဣတိ- ဤသို့၊ အဋ္ဌကထာစရိယော- အဋ္ဌကထာဆရာသည်၊ သံဝဏ္ဏေတိ- ကောင်းစွာမသေ့ ဖွင့်ပြတော်မူခဲ့ပါပေသည်။

✕ လောဘ, ဒေါသ, မောဟဟိတ်များသည် မည်သည့် သတိပဋ္ဌာန်တရားမှ မရနိုင်။ ✕

www.dhammadownload.com

ဟိတ်တရားတို့နှင့် လက်တွေ့ပြုကျင့်ရမည့်အပိုင်း

စိတ်ကိုချယ်လှယ် အရောင်ဆိုးတတ်သော(စေတသိက်) လောဘစသည်တို့ မိမိတို့၏ သန္တာန်၌ဖြစ်နေမှန်း သိနိုင်ရန် 'သတိတရား' အရေးကြီးလှပေသည်။ မိမိတို့စိတ်ထဲမှာ လောဘစသည်ဖြစ်လျှင် ဖြစ်မှန်းသိရမည်။ မိမိကိုယ်တိုင်က လောဘစသည်ဖြစ်နေခြင်းကို ဖြစ်မှန်းမသိလျှင် လောဘစသည်သာ (အစဉ်)ဆက်တိုက် ဖြစ်နေပါလိမ့်မည်။ လောဘစသည်တို့ ဖြစ်မှန်းသိသောအခါ–

❁ ငါ၏ကိုယ်တွင်၊ လောဘဝင်က၊ ဝင်လာလောဘ၊ အနိုင်ရအောင်၊
လောဘကင်းစင်၊ ဘုရားရှင်ကို၊ ငါလျှင်ကြည့်ညိုမိပါ၏။

လောဘစသည်ကင်းငြိမ်းသော မြတ်စွာဘုရားကို အာရုံပြု၍ 'ဗုဒ္ဓါနုဿတိ'ဖြင့် ဘုရားရှင်ကို အာရုံပြုလိုက်လျှင် လိုချင်မှု–လောဘစသည်တို့ ပြေငြိမ်းသွားပါသည်။ 'ဓမ္မာနုဿတိ'ဖြင့်လည်း လောဘဆိုသည်မှာ မကောင်းသောတရား၊ ငြိမ်းရမည့်တရားဟု နှလုံးသွင်းဆင်ခြင်၍ လောဘစသည်တို့ကို ပယ်ရပေမည်။ ပဋ္ဌာန်းဒေသနာတော်ကို– **'ဟေတု ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတုပစ္စယေန ပစ္စယော။'** စိတ်ပါလက်ပါဖြင့် ရွတ်ဆိုပူဇော်လိုက်လျှင် လောဘစသည်အာရုံမှ တရားဓမ္မအာရုံသို့ ပြောင်း၍ဖြေရှင်းနိုင်ပါသည်။ ဤနည်းတို့သည် လတ်တလော အကြမ်းစား ဖြေရှင်းနည်း တို့သာဖြစ်ပါသည်။

ငြိမ်းစေနိုင်သောနည်း

* သိရမည့်အပိုင်း– ဉာတပရိညာ– သစ္စဉာဏ်

လောဘစသည်ဖြစ်လျှင် ဖြစ်မှန်းသိအောင် ကြိုးစားရပေမည်။ မသိလျှင် ကျင့်၍ မရပေ။ လောဘစသည်တို့ကို **'ငါ..လိုချင်သည်'**ဟုဆိုသော 'ပညတ်'သည် မမှန်နိုင်ပါ။ 'လိုချင်သည်'က လောဘ၏ 'ပရမတ်'သဘောလက္ခဏာသာ ဖြစ်ပါသည်။ 'ပရမတ်' သာရှိသည်။ ငါ..ဆိုသော'ပညတ်'က မရှိ။ 'ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတစ်ပါး, ယောက်ျား, မိန်းမဟူ၍ မတွေ့ရပါ။ လောဘစသည်တို့သည် (ပစ္စယပရိဂ္ဂဟဉာဏ်)အကြောင်းကြောင့် ဖြစ်ရသည်ဟု– ပညတ်နှင့်ပရမတ် ခွဲခြား၍သိခြင်းကို 'ဉာတပရိညာ' ခေါ်ပါသည်။ လောဘစသည် ပရမတ်တရားတို့၏ သဘောလက္ခဏာများကို အမှန်သိမြင်နိုင်ခြင်းသည် 'သစ္စဉာဏ်'၏ သိရမည့်အပိုင်း ဖြစ်ပါသည်။

www.dhammadownload.com

✱ ပြုကျင့်ရမည့်အပိုင်း– တိရဏပရိညာ– ကိစ္စဉာဏ်

ပရမတ်တို့၏ သဘောလက္ခဏာများကို သိမြင်မှုမှနေတစ်ဆင့် ဆင်ခြင်မှုများ ဖြစ်လာပါသည်။ လောဘစသည် စိတ်ကလေးဖြစ်တယ်၊ ဖြစ်ပြီး ပျောက်သွားတယ်၊ ဖြစ်ပြီး သတိထားကြည့်လိုက်သည့်အခါ မရှိတော့သည်ကို သိနေရပါသည်။ ထိုသို့ ကြိမ်ဖန်များစွာ လောဘစသည်တို့ကို ဆင်ခြင်ပြီး သိမှုလေးတွေ၏ အပျက်၊ ဖြစ်ပြီး ပျက်၊ အကြောင်းကြောင့် ဖြစ်လာတယ်၊ ဖြစ်လာတဲ့တရားများ ဖြစ်ပြီး,ပျက်သွား သည်ကို သိပေး သိပေးနေခြင်းသည်ပင် ပြုကျင့်ပေးနေခြင်း 'တိရဏပရိညာ'အားဖြင့် လောဘစသည်တို့၏ ဆိုင်ရာလုပ်ငန်းကို သိသောဉာဏ် 'ကိစ္စဉာဏ်' ဖြစ်ပေါ်နေခြင်း ဖြစ်ပါသည်။

✱ ပယ်ပြီးသွားတဲ့အပိုင်း– ပဟာနပရိညာ– ကတဉာဏ်

ပရမတ်တရားတို့၏ သဘောလက္ခဏာများကို သိမြင်နိုင်ခြင်းသည် 'သစ္စဉာဏ်'နှင့် လောဘစသည်တို့၏ ဆိုင်ရာလုပ်ငန်းကို သိသောဉာဏ် ဖြစ်မှု, ပျက်မှုတို့ကို ထပ်ခါ ထပ်ခါသိနေသော ကိစ္စဉာဏ်တို့ ရင့်သန်ပြည့်စုံလာခြင်း (သစ္စာလေးပါးတို့၌ အလုပ် စခန်းပြီးမြောက်ပြီဟု သိသောဉာဏ်) ကတဉာဏ် ဖြစ်ခြင်းသည် 'ပဟာနပရိညာ'ကို ရောက်၍ လောဘစသည်ကို အမြစ်ပြတ် ပယ်ပြီးဖြစ်လေသည်။

(အရိယာပုဂ္ဂိုလ်တို့မှာ သစ္စဉာဏ်, ကိစ္စဉာဏ်, ကတဉာဏ် ဤ ၃–ပါးတို့ ရနိုင်၏။ ကတဉာဏ်သည် သစ္စာလေးပါး ကိစ္စပြီးမြောက်ပြီးသော အရိယာတို့သာ ရနိုင်သဖြင့် တိဟိတ်ပုထုဇဉ်တို့မှာ သစ္စဉာဏ်, ကိစ္စဉာဏ် ၂–ပါးကိုသာ ရထိုက်၏။)

ဟိတ်တရားတို့မှ မမျှိမပငိုပဒါအကျင့်သို့

– 'လောဘ'ရှိနေလျှင် ကာမသုခလ္လိကာနုယောဂအကျင့်များကို မှီဝဲတတ်၏၊ ကျင့်၏။ (ကာမဂုဏ်ငါးပါးတို့ကို လိုက်စားမြူးထူး, ယစ်မူးမေ့လျော့ တရားဘက်၌ ပေါ့၍ နေကြခြင်းအားဖြင့် ကာမသုခလ္လိကာနုယောဂ–ကို လောဘ, မောဟကို ယူရ၏။)

– 'ဒေါသ'ရှိနေလျှင် အတ္တကိလမထအကျင့်များကို ကျင့်နေတတ်၏၊ ကျင့်၏။ (ရေငုတ်ခြင်း, မီးလှုံခြင်း, ဆူးပေါ်၌အိပ်ခြင်း အကြောင်းမဲ့ အာဟာရဖြတ်ထားခြင်း စသည် မိမိကိုယ်ကို ပင်ပန်းဆင်းရဲအောင်ကျင့်သော အတ္တကိလမထအကျင့်–ကို ဒေါသ, မောဟကို ကောက်ယူရပါမည်။)

– 'မောဟ'ရှိနေလျှင် တွေတွေဝေဝေဖြစ်နေ၍ အကျင့်မြတ်များကို မကျင့်နိုင်တော့ပေ။ လောဘ, ဒေါသ, မောဟတို့သည် ပုဂ္ဂိုလ်, သတ္တဝါတို့အား အမြဲတမ်း ဒုက္ခကိုသာ ပေးနေတတ်သည်။ ထို အကုသိုလ်ဟိတ်များရှိနေလျှင် ချမ်းသာခွင့်ကို မရကြပေ။

www.dhammadownload.com

- ➤ အလောဘသည် ကာမသုခလ္လိကာနုယောဂကို ရှောင်ကြဉ်နိုင်ခြင်း၏အကြောင်း၊
- ➤ အဒေါသသည် အတ္တကိလမထအကျင့်ကို ရှောင်ကြဉ်နိုင်ခြင်း၏အကြောင်း၊
- ➤ **အမောဟသည် မဇ္ဈိမပဋိပဒါအကျင့်**ကို ကျင့်နိုင်ခြင်း၏အကြောင်းတည်း။

- မဂ္ဂင် ၈-ပါးသည် ဉာဏ်မျက်စိကိုပွင့်လင်းစေ၍ 'စက္ခုကရဏီ' ခေါ်ပါသည်။
- ကိလေသာမီးကို ငြိမ်းစေသောကြောင့် 'ဥပသမ' ခေါ်ပါသည်။
- အထူးသိမြင်စေတတ်သောကြောင့် 'အဘိညာ' ခေါ်ပါသည်။
- သစ္စာလေးပါးကို သိမြင်စေတတ်သောကြောင့် 'သမ္ဗောဓ' ခေါ်ပါသည်။
- ဒုက္ခခပ်သိမ်း ချုပ်ငြိမ်း,ဓာတ်သိမ်းစေနိုင်သောကြောင့် 'နိဗ္ဗာန' ခေါ်ပါသည်။
- အလယ်အလတ်ကျင့်လမ်းဖြစ်သောကြောင့် 'မဇ္ဈိမပဋိပဒါအကျင့်' ခေါ်ပါသည်။

ပဋ္ဌာန်း ဟေတုပစ္စည်း မေတ္တာပို့ ဆုတောင်းဘုရားရှိခိုး

ဟေတုပစ္စယော- သတ္တဝါအားလုံး မကောင်းသော လောဘ၊ ဒေါသ၊ မောဟ အကုသိုလ်ဟိတ်တရားတို့ကို ပယ်ရှားနိုင်ကြ၍၊ ကောင်းမြတ်သော အလောဘ(ဒါန)၊ အဒေါသ(မေတ္တာ)၊ အမောဟ(ပညာ) ကုသိုလ်ဟိတ်တရားတို့သည်သာ အမြစ်သဖွယ် ကိန်းတည်ကြပြီး၊ ကောင်းမြတ်သော စိတ်,စေတသိက်,ရုပ်တရားတို့သာ မြတ်နိဗ္ဗာန် တိုင်ထိ တိုးတက်ဖြစ်ထွန်းနိုင်ကြပါစေ။

ကောင်းသော အကြောင်းတရား၊ ကုသိုလ်များ၊ တိုးပွားကြရပါစေသော်။

ဟေတုပစ္စယော- ရေသောက်မြစ်လျှင်၊ ယင်းသစ်ပင်ကို၊ စိမ်းရှင်ညွန့်ဝေ၊ စည်ပင်စေထ၊ ထောက်ပံ့မသို့၊ သဟဇာတ်၊ ရုပ်နှင့်နာမ်ကို၊ သန္ဓေပဝတ်၊ မလွတ်စေရ၊ သဘာဂတာ၊ ဆယ့်နှစ်ဖြာတွင်၊ ကောင်းစွာခိုင်ကြည်၊ တည်သည်၏အဖြစ်ကို၊ သိစေတတ်သော ဟေတုသတ္တိထူးဖြင့် ကျေးဇူးပြုခြင်းလက္ခဏာရှိသော ဟိတ်ခြောက်ပါး ပစ္စည်းတရားသည်၊ အတ္ထ- ပုဂ္ဂိုလ်,သတ္တဝါ၊ သူငါမနော၊ တရားသဘောသာ၊ ထင်ရှား ရှိပါပေသည်တကား။

ဣတိ- ဤသို့၊ ဗောဓေန္တိ- သဗ္ဗညုတာ၊ ဉာဏ်တော်သာဖြင့်၊ ဦးစွာကျွန၊ သိပြီးမှလျှင်၊ များလှဝေနေ၊ သိစေတော်မူသော၊ မြတ်စွာဘုရားကို၊ ဝန္ဒာမိ- ဂုဏ်တော်ထုံမွှမ်း၊ ပုံတော်မှန်းလျက်၊ ချီးမွမ်းထောမနာ၊ ပဏာရိုကျိုး၊ လက်စုံမိုး၍၊ ရှိခိုး ကန်တော့ပါ၏ ဘုရား။

UK-2020(COVID-19)

ဟေတုပစ္စည်း ပြီး၏။

www.dhammadownload.com

"နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"

၂။ အာရမ္မဏပစ္စည်း

အာရမ္မဏမည်ခြင်းအကြောင်း

အဆင်း-ရူပါရုံ၊ အသံ-သဒ္ဒါရုံ၊ အနံ့-ဂန္ဓာရုံ၊ အရသာ-ရသာရုံ၊ အတွေ့-ဖောဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံ (ပသာဒရုပ်, သုခုမရုပ်, စိတ်, စေတသိက်, နိဗ္ဗာန်, ပညတ်) ဤအာရုံ ၆-ပါးတို့ကို စိတ်, စေတသိက်တရားတို့၏ လာရောက်မွေ့လျော်ရာဖြစ်သောကြောင့် 'အာရမ္မဏ' မည်၏။
(တစ်နည်း) အားနည်းသောယောကျ်ားသည် တောင်ဝှေး၊ ကြိုးတန်းတို့ကို ဆွဲကိုင်၍သာလျှင် ထနိုင်, ရပ်နိုင်သကဲ့သို့ အာရမ္မဏိက စိတ်, စေတသိက်တရားတို့သည် အာရုံကို အာရုံပြု၍ ဆွဲယူအပ်သောကြောင့် 'အာရမ္မဏ' မည်၏။

အာရမ္မဏပစ္စည်း

အာရမ္မဏသည် အာရုံတရား ဖြစ်ပါသည်။ အာရုံ၏အစွမ်း, အာရုံ၏အဖြစ်ဖြင့် အာရမ္မဏိကတရားများကို ကျေးဇူးပြုတတ်သောတရားသည် အာရမ္မဏပစ္စည်း မည်၏။

အာရုံ ၆-ပါး(ရူပါရုံ,သဒ္ဒါရုံ,ဂန္ဓာရုံ,ရသာရုံ,ဖောဋ္ဌဗ္ဗာရုံ, ဓမ္မာရုံ)၊ အကျဉ်း စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်, ပညတ်အာရုံတို့သည် စိတ်,စေတသိက်တို့၏ မွေ့လျော်ရာဖြစ်၏။ စိတ်သည် တစ်မိနစ်, တစ်စက္ကန့်မျှပင် အာရုံနှင့်ကင်းကွာ၍ မဖြစ်နိုင်ပါ။ အိပ်ပျော်နေစဉ် ဘဝင်ကျနေလျှင်လည်း ကံ, ကမ္မနိမိတ်, ဂတိနိမိတ် တစ်ပါးပါးကို အာရုံပြု၏။

စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်, ပညတ်-ဟူသော ဉေယျဓမ္မတရား ၅-မျိုးလုံးပင် အာရမ္မဏပစ္စည်းဖြစ်၍၊ <u>**အာရမ္မဏပစ္စည်း မဖြစ်နိုင်သောတရားဟူ၍ မရှိပါ**</u>။

အာရမ္မဏသတ္တိ = သီးပွင့်ယှက်ရုံ မျိုးပေါင်းစုံသော ဥယျာဉ်သည် လူသားတို့၏ အကြိုက် နှစ်ခြိုက်ဖွယ်ရာတို့ ဖြစ်၏။ မွေ့လျော်ဖွယ်ကို ဆောင်၏။ ထိုနည်းတူစွာ ရူပါရုံစသောအာရုံ ၆-ပါးတရားတို့သည်လည်း စိတ်,စေတသိက်တို့၏ နှစ်ခြိုက်ဖွယ်ရာဖြစ်၏။ အာရုံနှင့်ကင်းကွာ၍ဖြစ်နိုင်သော စိတ်,စေတသိက်ဟူ၍ မရှိ။ စိတ်,စေတသိက် သာမန်ပါက အာရုံတစ်ခုခုကို အာရုံပြု၍ ဖြစ်ကြရပါသည်။

ယင်းသို့ စိတ်,စေတသိက်တို့က မခွဲနိုင်မခွာရက်လောက်အောင် မွေ့လျော်ဖွယ်ကို ဆောင်သော သတ္တိထူးသည် 'အာရမ္မဏသတ္တိ' မည်၏။

www.dhammadownload.com

ပဋ္ဌာဝါရ၌ ပရမတ္ထအစစ်ကို ဟောခြင်းကြောင့် ပညတ်ကို ဇောနအာရုံပြုသော ရူပါဝစရစိတ်–၁၅, အာကာ–၃, အာကိဉ္စညာ–၃ ဟုဆိုအပ်သော ပညတ်ဇောန်–၂၁ တို့ မရပါ။ (တစ်နည်းကားအကောက်တွင် ကောက်နိုင်၏။) (အဘိညာဉ်ဒွေး ရပါသည်။)

ပဋ္ဌာဝါရဝိဘင်္ဂ အရ

ပစ္စည်း		ပစ္စည်း(ကတ္တား)	ပစ္စယုပ္ပန်(သမ္ပဒါန်)	သင်္ချာ	ပစ္စည်းရေ
၁	အာရမ္မဏ	စိတ် ၈၉၊ စေ ၅၂၊ ရုပ် ၂၈၊ နိဗ္ဗာန်၊	ကာမ ၅၄၊ ဝိညာ ၃၊ နေဝ ၃၊ အဘိ ၂၊ ကုတ် ၈၊	၆	၁

ပညတ် ➢ ပဋ္ဌာဝါရ၌ ပညတ် မပါ။ ပစ္စယနိဒ္ဒေသ၌ ပညတ်ကို ဟောပါသည်။
ပဋ္ဌာဝါရ၌ ခန္ဓ–သဒ္ဒါဖြင့်ဟောသောကြောင့် ပညတ် မပါ။
ပစ္စယနိဒ္ဒေသ၌ ဓမ္မ–သဒ္ဒါဖြင့်ဟောသောကြောင့် ပညတ်ကို ဟောပါသည်။

မနောဓာတ် ➢ ပဋ္ဌာဝါရပါဠိတော်၌ **ဝိညာဏကာယဒေသနာ**ဖြစ်၍မနောဓာတ်ကိုမဟော။
ဝိညာဏကာယ = **ဝိညာဉ် ၆–ပါး**
ပစ္စယနိဒ္ဒေသ၌ ဓာတုဒေသနာဖြစ်၍ မနောဓာတ်ကို ဟောပါသည်။
ဓာတုဒေသနာ = **ဝိညာဏဓာတ် ၇–ပါး(သတ္တဝိညာဏဓာတ်)**

ပစ္စယနိဒ္ဒေသ အရ

ပစ္စည်း(ကတ္တား)	ပစ္စယုပ္ပန်(သမ္ပဒါန်)	သဘာဂ(ကရိုဏ်း)
အလုံးစုံသော အာရုံ ၆–ပါး၊ စိတ်–၈၉၊ စေ–၅၂၊ ရုပ်–၂၈၊ နိဗ္ဗာန်၊ ပညတ်၊	ထိုအာရုံ ၆–ပါးကို ထိုက်သင့်သလို အာရုံပြုသော စိတ်–၈၉၊ စေ–၅၂၊ (သတ္တဝိညာဏဓာတ်)	တစ်ပြိုင်နက်– အာရမ္မဏ ပဋ္ဌာရုံ(ပြိုင်)၄ အာ,ပု,အ,အဝိ သမ္ပယုတ်မှာ,ယံယံမွဲ (ပြိုင်,ယထာ) ၈

ပစ္စည်း = အလုံးစုံသောအာရုံ ၆–ပါး၊ စိတ်–၈၉၊ စေ–၅၂၊ ရုပ်–၂၈၊ နိဗ္ဗာန်၊ ပညတ်၊
ပစ္စယုပ္ပန် = ထိုအာရုံ ၆–ပါးကို ထိုက်သင့်သလိုအာရုံပြုသော
စိတ်–၈၉၊ စေတသိက်–၅၂၊ (သတ္တဝိညာဏဓာတ်)
ကရိုဏ်း = တစ်ပြိုင်နက် အာရမ္မဏ
ပစ္စနိက် = စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်၊ ဗာဟိရရုပ်၊ အာဟာရဇရုပ်၊ ဥတုဇရုပ်၊
အသညသတ်ကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ်၊
(နိဗ္ဗာန်နှင့်ပညတ်တို့သည် အပစ္စယတရားများဖြစ်၍ ပစ္စနိက်မထုတ်ရ။)

www.dhammadownload.com

အမျိုးဇာတ်၊ ကာလ၊ ဘုံဌာန

▲ အာရမ္မဏပစ္စည်းသည် အာရမ္မဏမျိုးဇာတ် ဖြစ်ပါသည်။
အာရုံသတ္တိနှင့် သဘောတူရာ ဖြစ်နိုင်ခွင့် ရှိပါသည်။

အာရမ္မဏ၊ အာရမ္မဏာဓိပတိ၊ ဝတ္ထာရမ္မဏပုရေဇာတနိဿယ(ဝတ္ထာ)၊ အာရမ္မဏူပနိဿယ၊ အာရမ္မဏပုရေဇာတ၊ ဝတ္ထာရမ္မဏပုရေဇာတဝိပ္ပယုတ္တ၊ အာရမ္မဏပုရေဇာတတ္ထိ၊ အာရမ္မဏပုရေဇာတအဝိဂတ အားဖြင့် ၈–ပစ္စည်းဖြစ်ပါသည်။

Ⓢ အာ–အဓိ–နိသ်၊ ဥ–ပု–ဝိပ်၊ နောက်ပိတ် အတ်–အဝိ၊ အာရမ္မဏပစ္စယ ရှစ်ဝရစေဘိ။

▲ အာရမ္မဏပစ္စည်းသည် ပဋိသန္ဓေကာလ, ပဝတ္တိကာလ ၂–ပါးလုံးတို့၌ ဖြစ်ပါသည်။
ပစ္စုပ္ပန်, အတိတ်, အနာဂတ် ကာလ ၃–ပါးတို့၌ ဖြစ်ပါသည်။
နိဗ္ဗာန်နှင့် ပညတ်တို့သည် ကာလ ၃–ပါးမှ လွတ်ကြပါသည်။ (ကာလဝိမုတ်)

▲ အာရမ္မဏပစ္စည်းသည် ၃၁–ဘုံလုံး၌ ဖြစ်နိုင်ပါသည်။

> နှစ်ဆယ့်လေးသွယ်၊ ပဋ္ဌာန်းဝယ်၊ အဘယ်ပစ္စည်း၊ ကျယ်သနည်း။

အာရမ္မဏူပနိဿယ ကမ္မတ္ထိပစ္စယေသု စ သဗ္ဗေပိ ပစ္စယာ သမောဓာနံ ဂစ္ဆန္တိ။

* **<u>စိတ်, စေတသိက်တို့၏ အာရုံအဖြစ်သို့ မရောက်သော တစ်စုံတစ်ခုသောပစ္စည်း မည်သည် မရှိသောကြောင့်လည်းကောင်း၊</u>**

* မိမိတို့၏ဥစ္စာဖြစ်သော ပစ္စယုပ္ပန်တရား၏ အားကြီးသော မှီရာအကြောင်း၏ အဖြစ်သို့မရောက်သော တစ်စုံတစ်ခုသောပစ္စည်းမည်သည် မရှိသောကြောင့်လည်းကောင်း၊

* သင်္ခါရလောက၏ ဖြစ်ခြင်းသည် ကုသိုလ်, အကုသိုလ်ကံသာလျှင် အကြောင်းရင်း ရှိသောကြောင့် လောကပဝတ္တိအကျိုး၌ အကြောင်း ကံသဘော ကံအဖြစ်ကို မလွန်နိုင်သောကြောင့်လည်းကောင်း၊

* ထို ပစ္စည်းအားလုံးတို့သည် ပရမတ္ထအားဖြင့်ဖြစ်စေ, လောကသမုတိ၏အစွမ်းဖြင့်ဖြစ်စေ, ထင်ရှားကုန်သည်သာဖြစ်သောကြောင့်လည်းကောင်း၊

အလုံးစုံသောပစ္စည်းတို့သည် အာရမ္မဏပစ္စည်း, ဥပနိဿယပစ္စည်း, ကမ္မပစ္စည်း, အတ္ထိပစ္စည်းတို့၌ ပေါင်းယူနိုင်ခြင်းသို့ ရောက်ကုန်သောကြောင့် ယင်း ၄–ပစ္စည်းကို အရာကျယ်သည်ဟု ဖြေဆို ဆုံးဖြတ်တော်မူသည်။

[လက်သန်း အဋ္ဌကထာဆရာ မိန့်ဆိုသည့်အတိုင်း ကြီးသဲလေးထပ်ဆရာတော် ဖြေဆို၊]

Ⓢ အာ, ဥ, ကမ်, အတ်၊ လေးရပ်ဤတွင်၊ အကျန်ဝင်၊ ကုန်စင်ခွဲစိတ်ဖြာ။

www.dhammadownload.com

ဟေတု၏ အခြားမဲ့၌ အာရမ္မဏပစ္စည်း ဟောရခြင်း

ဟိတ် ၆–ပါး ဟေတုပစ္စည်းတရားတို့သည် အာရုံ ၆–ပါး အာရမ္မဏပစ္စည်းတရားနှင့်ကင်း၍ မဖြစ်နိုင်ပေ။

တစ်စုံတစ်ခုသောအာရုံ အာရမ္မဏပစ္စည်းတရားတို့ကို အာရုံမပြုရသည်ရှိသော် အဆိုပါ ဟေတုပစ္စည်းတရားတို့သည် မဖြစ်နိုင်ကြတော့ပေ။ ယင်းသို့ ဟိတ် ၆–ပါး ဟေတုပစ္စည်းတရားတို့သည် အာရုံ ၆–ပါး အာရမ္မဏပစ္စည်းတရားနှင့်ကင်း၍ မဖြစ်နိုင်ကြသောကြောင့် ဟေတုပစ္စည်း၏ အခြားမဲ့၌ အာရမ္မဏပစ္စည်းကိုသာ ဟောတော်မူပါသည်။ [ပဋ္ဌာနသာရဒီပနီဋီကာ]

ဟေတုပစ္စည်း၏ အကြောင်း–အကျိုးအရ လောဘစိတ်, ဒေါသစိတ်, မောဟစိတ်, အလောဘ(ဒါန)စိတ်, အဒေါသ(မေတ္တာ)စိတ်, အမောဟ(ပညာ)စိတ်များ အသီးသီး ဖြစ်ရန် အာရုံမပါဘဲနှင့် မဖြစ်နိုင်ပါ၊ အာရုံ မရှိလျှင် စိတ်မဖြစ်နိုင်ပါ။

ပစ္စယနိဒ္ဒေသပါဠိတော်– အာရမ္မဏပစ္စည်း အရကောက်

ပစ္စည်း(ကတ္တား)	ပစ္စယုပ္ပန်(သမ္ပဒါန်)	(ကရိဏ်း)
ရူပါယတနံ– ။ပ။ ဖော	**စက္ခုဝိညာဏ ဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ– ။ပ။**	၄ တစ်ပြိုင်နက်– အာ,ပု,အတ်,အဝိ
ပစ္စုပ္ပန် ရူပါရုံ ။ပ။ ပ,တေ,ဝါ	စက္ခုဝိညာဉ်ဒွေ၊ သဗ္ဗစိတ္တသာ.. စေ ၇ ။ပ။	
ရူပါယတနံ၊ သဒ္ဒါ. ဂန္ဓာ. ရသာ. ဖောဋ္ဌဗ္ဗာယတနံ	**မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ**	၄ တစ်ပြိုင်နက်– အာ,ပု,အတ်,အဝိ
ပစ္စုပ္ပန် ပဉ္စာရုံ	မနောဓာတ် ၃ ခု၊ ဆန္ဒ၊ ပီတိ၊ ဝီရိယ ကြဉ်သော အညသမာန်း စေ ၁၀	
သဗ္ဗေ ဓမ္မာ	**မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ**	(ပြိုင်,ယထာ) ၈ အာ၊ မိ၊ နိ၊ ဥ၊ ပု၊ ဝိပ်၊ အတ်၊ အဝိ
စိတ် ၈၉၊ စေ ၅၂၊ ရုပ် ၂၈၊ နိဗ္ဗာန်၊ ပညတ်၊ (အာရုံ ၆ ပါး)	မနောဝိညာဏဓာတ် ၇၆ ခု၊ စေ ၅၂	
ယံ ယံ ဓမ္မံ (အာရဗ္ဘ)	**ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တ စေတသိကာ ဓမ္မာ,**	(ပြိုင်,ယထာ) ၈ အာ၊ မိ၊ နိ၊ ဥ၊ ပု၊ ဝိပ်၊ အတ်၊ အဝိ
အနိယမအားဖြင့် အာရုံ ၆ ပါး	အနိယမအားဖြင့် အာရမ္မဏိကနာမက္ခန္ဓာ	
တေ တေ ဓမ္မာ	**တေသံ တေသံ ဓမ္မာနံ**	
နိယမ အားဖြင့် အာရုံ ၆ ပါး	နိယမ အားဖြင့် အာရမ္မဏိက	

- အာရုံငါးထွေ၊ ငါးဝိညာ်၊ မှတ်လေအာရမ္မဏ၊ ကြောင်းကျိုးရ။
- အာရုံငါးရုပ်၊ မနောဓာတ်၊ စွဲမှတ်အာရမ္မဏ၊ ကြောင်းကျိုးရ။
- အာရုံခြောက်ရုပ်၊ ဝိညာဏ်ဓာတ်၊ စွဲမှတ်အာရမ္မဏ၊ ကြောင်းကျိုးရ။
- အာရုံရှိသမျှ၊ ကျိုးဖလ၊ စိတ္တစေသာ၊ မှတ်ပါအာရမ္မဏ၊ အချုပ်ပြ။
- အာရုံအာရမ္မဏ်၊ ပြောင်းလေဘိ၊ မှတ်သိအနိစ္စ၊ ရှုပါကြ။

ပဋ္ဌာဝါရ ဝိဘင်- အာရမ္မဏ ၈-မျိုး အနုလုံ သုဒ္ဓသင်္ချာဇယား

ပစ္စည်း		ပစ္စည်း(ကတ္တား)	ပစ္စယုပ္ပန်(သမ္ပဒါန်)	သင်္ချာ	ပစ္စည်းရေ
၁	အာရမ္မဏ	စိတ် ၈၉၊ စေ ၅၂၊ ရုပ် ၂၈၊ နိဗ္ဗာန်၊	ကာမ ၅၄၊ ဝိညာ ၃၊ နေဝ ၃၊ အဘိ ၂၊ ကုတ် ၈၊	၉	၁
၂	အာဓိ(အဓိပတိ) အာရမ္မဏူ (ဥပနိဿယ)	အလေးအမြတ်ပြုအပ်သော ဣဋ္ဌ ဖြစ်သော နိပ္ဖန္နရုပ် ၁၈၊ ဒေါ ၂၊ မော ၂၊ ဒုက္ခကာဝိညာဉ်ကြဉ် ၈၄၊ ဒေါစတုက်,ဝိစိကြဉ်စေ ၄၇၊ နိဗ္ဗာန်၊	အလေးအမြတ်ပြုတတ်သော လောဘမူ ၈၊ မဟာကု ၈၊ မဟာကြိယ် ၄၊ ကုတ် ၈၊ **8848**	၇	၃
၃	အာပု အတ္ထိ, အဝိ	ပစ္စုပ္ပန် နိပ္ဖန္နရုပ် ၁၈၊	ကာမ ၅၄၊ ဒိဗ္ဗစက္ခု၊ ဒိဗ္ဗသောတအဘိညာဉ်၊	၃	၄
၄	ဝတ္ထာပုနိ ဝတ္ထာပု,ဝိပ် အတ္ထိ, အဝိ	စုတိစိတ်မပြန်၍ရေသည်ရှိသော် ၁၇ ချက်မြောက်သောစိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထု	မနောဒွါရာဝဇ္ဇန်း၊ မရဏာသန္နဇော ၅ ချက်၊ တဒါရုံ၊	၃	၆ (မိဥ X)
၅	အာပုဓိ	အလေးအမြတ်ပြုအပ်သော ဣဋ္ဌ ဖြစ်သော နိပ္ဖန္နရုပ် ၁၈၊	အလေးအမြတ်ပြုတတ်သော လော ၈၊	၁	၆ (နိဝိပ် X)
၆	ဝတ္ထာဓိ	အလေးအမြတ်ပြုအပ်သော စုတိစိတ်မပြန်ရေသော် ၁၇ စိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထု	အလေးအမြတ်ပြုတတ်သော လောဘမူ မရဏာသန္နဇော ၅ ချက်၊	၁	၈

အာရမ္မဏပစ္စည်း သုဒ္ဓသင်္ချာဆိုရိုး။ ။ အာရမ္မဏပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ၌ "ကာမစိတ် စတုပညာသ၊ ဝိညာနဉ္စာယတနစိတ် ၃-ခု၊ နေဝသညာနာသညာယတနစိတ် ၃-ခု၊ အဘိညာဉ်ခွေ၊ လောကုတ္တရာစိတ် ၈-ခု အားတပ်သော စိတ် တစ်ခုယုတ်ကိုးဆယ်၊ စေတသိက်-ဒွေပညာသ၊ ရုပ်-အဋ္ဌဝီသ၊ နိဗ္ဗာန်" ဤတရားတို့သည် အာရမ္မဏပစ္စည်းတတ်သောတရားတို့ မည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို အနုလုံ၌ နယသို့လိုက်၍လည်းကောင်း၊ ဝါရသို့လိုက်၍လည်းကောင်း၊ တိက်ပုဒ်၏အရသို့လိုက်၍လည်းကောင်း၊ ကတ္တားသမ္ပဒါန် နေဟန်သို့လိုက်၍လည်းကောင်း **အာရမ္မဏေ "နဝ"** ဟု သင်္ချာတတ်၍ ဟောအပ်ကုန်၏။

www.dhammadownload.com

ပဋ္ဌာဝါရ ဝိဘင်္ဂ– အာရမ္မဏ သရုပ်ခွဲ

၁။	ကုသလဇော(၇)မျိုး	ကု	ကု	ကတ္တား	အရဟတ္တမဂ်ကြဉ် ကု ၂၀၊ စေ ၃၈၊ တပ်သော
				သမ္ပဒါန်	မဟာကု ၈၊ ဝိညာကု၊ နေဝကု၊ ဣ,စေ,ပု, ယထာ,အနာ ကုဘိ ဝိရတီ,အပ္ပကြဉ် စေ ၃၃၊ (ရှေ့ ၂×) အား
				ကရိုဏ်း	အာရမ္မဏ၊ အာရမ္မဏာဓိပတိ၊ အာရမ္မဏူပနိဿယ၊ ၃
၂။		ကု	အကု	ကတ္တား	ကိကု ၁၇၊ စေ ၃၈၊
				သမ္ပဒါန်	အကု ၁၂၊ စေ ၂၇၊
				ကရိုဏ်း	အာရမ္မဏ၊ အာရမ္မဏာဓိပတိ၊ အာရမ္မဏူပနိဿယ၊ ၃
၃။		ကု	ဗျာ	ကတ္တား	ကု ၂၁၊ စေ ၃၈၊
				သမ္ပဒါန်	ရုံ ၁၁၊ ပဉ္စဒွါရာဝဇ္ဇန်းကြဉ် ကာမကြိ ၁၀၊ ဝိညာ.ဝိကြိ၊ နေဝ.ဝိကြိ၊ စေတော,ပုဗ္ဗေ,ယထာ,အနာ ကြိဘိ၊ တိ,အပ္ပကြဉ်စေ ၃၃၊ (ရှေ့ ၃×)
				ကရိုဏ်း	အာရမ္မဏ၊ အာရမ္မဏာဓိပတိ၊ အာရမ္မဏူပနိဿယ၊ ၃
၄။	အကုသလဇော(၇)မျိုး	အကု	အကု	ကတ္တား	အကု ၁၂၊ စေ ၂၇၊
				သမ္ပဒါန်	အကု ၁၂၊ စေ ၂၇၊
				ကရိုဏ်း	အာရမ္မဏ၊ အာရမ္မဏာဓိပတိ၊ အာရမ္မဏူပနိဿယ၊ ၃
၅။		အကု	ကု	ကတ္တား	အကု ၁၂၊ စေ ၂၇၊ (ရှေ့ ၃×)
				သမ္ပဒါန်	မဟာကု ၈၊ စေတော,ပုဗ္ဗေ,ယထာ,အနာ ကုဘိ၊ အပ္ပကြဉ် စေ ၃၆၊
				ကရိုဏ်း	အာရမ္မဏ၊ ၁
၆။		အကု	ဗျာ	ကတ္တား	အကု ၁၂၊ စေ ၂၇၊
				သမ္ပဒါန်	ရုံ ၁၁၊ ပဉ္စဒွါကြဉ်ကာမကြိ ၁၀၊ စေတော,ပုဗ္ဗေ,ယထာ,အနာ ကြိဘိ၊တိ,အပ္ပကြဉ်စေ ၃၃၊ (ရှေ့ ၃×)
				ကရိုဏ်း	အာရမ္မဏ၊ ၁
၇။	အဗျာကတဇော(၇)မျိုး	ဗျာ	ဗျာ	ကတ္တား	ဝိပါက် ၃၆၊ ကြိယာ ၂၀၊ စေ ၃၈၊ ရုပ် ၂၈၊ နိဗ္ဗာန်၊
				သမ္ပဒါန်	ကာမဝိ ၂၃၊ ကာမကြိ ၁၁၊ ဝိညာကြိ၊ နေဝကြိ၊ ဒိဗ္ဗစက္ခု,သော ဣ,စေ,ပုဗ္ဗေ,,အနာ ကြိဘိ၊ ဖိုလ် ၄၊ အပ္ပကြဉ်စေ ၃၆၊ ⬇(ယထာ×)
				ကရိုဏ်း	အာရမ္မဏ၊ အဓိ၊ နိဿယ၊ ဥပ၊ ပု၊ ဝိပ်၊ အတ်၊ အဝိဂတ၊ ၈
၈။		ဗျာ	ကု	ကတ္တား	အရ.ဖိုလ်ကြဉ် ဝိ ၃၅၊ ကြိ ၂၀၊ စေ ၃၈၊ ရုပ် ၂၈၊ နိဗ္ဗာန်၊
				သမ္ပဒါန်	မဟာကု ၈၊ ဒိဗ္ဗစက္ခု,သော,ဣ,စေ,ပုဗ္ဗေ,,အနာ ကုဘိ၊ မဂ် ၄၊ စေ ၃၆၊
				ကရိုဏ်း	အာရမ္မဏ၊ အဓိ၊ နိဿယ၊ ဥပ၊ ပု၊ ဝိပ်၊ အတ်၊ အဝိဂတ၊ ၈
၉။		ဗျာ	အကု	ကတ္တား	လောကီဝိပါက် ၃၂၊ ကြိယာ ၂၀၊ စေ ၃၅၊ ရုပ် ၂၈၊
				သမ္ပဒါန်	အကု ၁၂၊ စေ ၂၇၊
				ကရိုဏ်း	အာရမ္မဏ၊ အဓိ၊ နိဿယ၊ ဥပ၊ ပု၊ ဝိပ်၊ အတ်၊ အဝိဂတ၊ ၈

www.dhammadownload.com

အာရမ္မဏ ပစ္စည်း/ပစ္စယုပ္ပန် နှလုံးသွင်းရန်

ဟိတ်, အာရုံ နှစ်ပါးစုံလင်သည်အဖြစ်ကြောင့် မိမိတို့သန္တာန်၌ဖြစ်ပေါ်နေသော ကုသိုလ်, အကုသိုလ်. ဝိပါက်. ကြိယာစိတ်တို့အကြောင်း နှလုံးသွင်း လေ့လာပါမည်။

အာရမ္မဏပစ္စည်းတွင် အာရုံ ၆-ပါးက ပစ္စည်းတရား ဖြစ်ပြီး၊ ဝိညာဏ် ၆-ပါး (သတ္တဝိညာဏဓာတ်)သည် ပစ္စယုပ္ပန်တရား ဖြစ်ပါသည်။ ပစ္စည်း-အာရုံ ၆-ပါးကြောင့် အကျိုးတရား ဝိညာဏ် ၆-ပါး ဖြစ်လာရပါသည်။ အကျိုးတရား ဝိညာဏ် ၆-ပါး ဖြစ်လာခြင်းသည် အာရုံ ၆-ပါးက အကြည်ဓာတ်(ဒွါရ) ၆-ပါးမှာ တိုက်လာသည့် အခိုက်အတန့်မှာသာ ဖြစ်ရပြီး၊ မတိုက်လာလျှင်(လာမတိုက်လျှင်) မဖြစ်ပါ။

ဒွါရ၌ဖြစ်ကြသော စိတ်တို့၏အာရုံများ

ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံတို့သည် မြင်နိုင်, ကြားနိုင်, နံနိုင်, စားနိုင်, ထိသိနိုင်လောက်အောင် ကြမ်းတမ်းကြသည့် ဩဠာရိကရုပ်(ရုပ်ကြမ်းများ) ဖြစ်ကြသည်။ ဓမ္မာရုံ၌ 'ပသာဒ'ခေါ်အကြည်ရုပ် ၅-ပါး၊ 'သုခုမရုပ်'ခေါ်သိမ်မွေ့သော ရုပ် ၁၆-ပါး၊ စိတ် ၈၉-ပါး, စေတသိက် ၅၂-ပါး၊ နိဗ္ဗာန်, ပညတ်အားဖြင့် တရား အစု ၇၆-ပါးတို့သည် ဓမ္မာရုံတရားများ ဖြစ်ကြသည်။

ရူပါရုံ-အဆင်းက စက္ခုပသာဒ-မျက်စိအကြည်မှာ လာတိုက်သည့်အခါတွင် 'မြင်သိစိတ်' ဖြစ်ရပါသည်။ **စက္ခုပသာဒ၊ ရူပါရုံ၊ အရောင်အလင်း၊ နှလုံးသွင်းမှု** ဟုဆိုအပ်သော အကြောင်းတရားပြည့်စုံလျှင် အကျိုးတရားဖြစ်သော စက္ခုဝိညာဏ်စိတ်=မြင်သိစိတ် ဖြစ်ဖို့ရန် မည်သူမှ မတားဆီးနိုင်ပေ။ ဘယ်သူ ဖန်ဆင်းလို့မှလည်း မရနိုင်ပေ။ ပုဂ္ဂိုလ် သတ္တဝါ သူငါမနေ့သာ တရားသဘောသာ ထင်ရှားရှိပါပေသည်။ ထို့နည်းတူ အာရုံ, ဒွါရနှင့် သိစိတ် (အတိုက်ဓာတ်-အခံဓာတ်-အပွင့်ဓာတ်)တို့ **အသီးသီး** ဖြစ်ကြ၏။

အာရုံ, ဒွါရနှင့် သိစိတ်

စဉ်	အာရုံ ၆-ပါး(အတိုက်ဓာတ်)	ဒွါရ ၆-ပါး(အခံဓာတ်)	ဝိညာဏ ၆-ပါး(အပွင့်ဓာတ်)
၁	ရူပါရုံ = အဆင်းအမျိုးမျိုး	စက္ခုဒွါရ=မျက်စိတံခါး	စက္ခုဝိညာဏ်စိတ်=မြင်သိစိတ်
၂	သဒ္ဒါရုံ = အသံအမျိုးမျိုး	သောတဒွါရ=နားတံခါး	သောတဝိညာဏ်စိတ်=ကြားသိစိတ်
၃	ဂန္ဓာရုံ = အနံ့အမျိုးမျိုး	ဃာနဒွါရ=နှာခေါင်းတံခါး	ဃာနဝိညာဏ်စိတ်=နံသိစိတ်
၄	ရသာရုံ = အရသာအမျိုးမျိုး	ဇိဝှါဒွါရ=လျှာတံခါး	ဇိဝှါဝိညာဏ်စိတ်=အရသာသိစိတ်
၅	ဖောဋ္ဌဗ္ဗာရုံ=အတွေ့အထိအမျိုးမျိုး	ကာယဒွါရ=ကိုယ်တံခါး	ကာယဝိညာဏ်စိတ်=ထိသိစိတ်
၆	ဓမ္မာရုံ =ကျန်သောသိဖွယ်အမျိုးမျိုး	မနောဒွါရ=စိတ်တံခါး	မနောဝိညာဏ်စိတ်=ကြံသိစိတ်

www.dhammadownload.com

❀ ဆင်း သံ နံ့ သာ၊ တွေ့ဓမ္မာ ခြောက်ဖြာ တိုက်ခတ်မည်။

❀ မျက်စိ နား နှာ လျှာ ကိုယ် စိတ်ပါ၊ ဤခြောက်ဖြာ၊ မှန်စွာ ခံခတ်မည်။

❀ ဝိညာဏ်ခြောက်ဖြာ၊ ဖြစ်ပေါ်လာ၊ မှန်စွာ ပွင့်ခတ်မည်။

အာရုံ ၆-ပါးက အတိုက်ခတ်၊ အကြည်ခတ် ၆-ပါးက အခံခတ်၊ ဝိညာဏ် ၆-ပါးက အပွင့်ခတ် ဖြစ်ပါသည်။ အာရုံ ၆-ပါးက အကြည်ခတ် ၆-ပါးမှာ လာတိုက်သည့် အခိုက်အတန့်တွင် မြင်သိစိတ်၊ ကြားသိစိတ်၊ နံသိစိတ်၊ အရသာသိစိတ်၊ ထိသိစိတ်၊ ကြံသိစိတ်ဆိုသည့် ဝိညာဏ် ၆-ပါး ဖြစ်လာရပါသည်။

ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံ အားဖြင့် (အာရမ္မဏ)အကြောင်းပစ္စည်းတရားဖြစ်ပြီး၊ အကျိုး-ပစ္စယုပ္ပန်ဖြစ်သော (အာရမ္မဏိက) မြင်သိစိတ်၊ ကြားသိစိတ်၊ နံသိစိတ်၊ အရသာသိစိတ်၊ ထိသိစိတ်၊ ကြံသိစိတ် ဆိုသည့် ဝိညာဏ် ၆-ပါး (သတ္တဝိညာဏဓာတ်)ကို ကျေးဇူးပြု၍ ဖြစ်နေပါသည်။ ထို မိမိတို့သန္တာန်၌ ဖြစ်ပေါ်နေသော အကြောင်း-အကျိုး ကုသိုလ်၊ အကုသိုလ်၊ အဗျာကတ တရားတို့ကို သိရှိနှလုံးသွင်း၍ ဝိပဿနာ ရှုရပါမည်။

အတိုက်ခတ်-အခံခတ်-အပွင့်ခတ် အဋ္ဌကထာ ဥပမာပြမျာ း-

<u>တယောကြိုး၊ တယောတံ၊ တယော၏အသံ</u>တို့ဖြင့် အဋ္ဌကထာ-ပညာရှင်များက ဥပမာ ပြကြပါသည်။ ဤ ဥပမာတွင် တယောကြိုး၌ တယော၏အသံလေး မရှိသေး၊ တယောတံ၌လည်း တယော၏အသံလေး မရှိသေးပါ။ တယောကြိုးနှင့် တယောတံ ပွတ်တိုက်မှသာ တယော၏အသံလေး ဖြစ်ပေါ်လာပါသည်။ တယောတံနှင့် အာရုံ ၆-ပါးက အတိုက်ခတ်နှင့်လည်းကောင်း၊ တယောကြိုးနှင့် အကြည်ခတ် ၆-ပါးက အခံခတ်နှင့်လည်းကောင်း တူပါသည်။ ထို့ကြောင့် တယော၏အသံနှင့် ဝိညာဏ် ၆-ပါး (သတ္တဝိညာဏဓာတ်)အပွင့်ခတ်တို့ တူပုံကို ဖွင့်ဆိုကြပြီး ထို(အပွင့်ခတ်)ဝိညာဏ် ၆-ပါး ဖြစ်၊ပျက်ခိုက်တွင် သိရှိနှလုံးသွင်း၍ ဝိပဿနာ ရှုမှတ်ရပါမည်။

နောက်တစ်နည်း ထင်ရှားအောင် ဥပမာအားဖြင့် <u>မီးခြစ်ဆံ၊ မီးခြစ်ဘူး၊ မီးတောက်</u>တို့ဖြင့်လည်း ဥပမာ ပြကြပါသည်။ မီးခြစ်ဆံ၌ မီးတောက်လေး မရှိသေး၊ မီးခြစ်ဘူး၌လည်း မီးတောက်လေး မရှိသေးပါ။ မီးခြစ်ဆံနှင့် မီးခြစ်ဘူး ခတ်လိုက်မှသာ မီးတောက်လေး ဖြစ်ပေါ်လာပါသည်။ မီးခြစ်ဆံနှင့် အာရုံ ၆-ပါးက အတိုက်ခတ်နှင့်လည်းကောင်း၊ မီးခြစ်ဘူးနှင့် အကြည်ခတ် ၆-ပါးက အခံခတ်နှင့်လည်းကောင်း တူပါသည်။ ထို့ကြောင့် မီးတောက်နှင့် ဝိညာဏ် ၆-ပါး(သတ္တဝိညာဏဓာတ်) အပွင့်ခတ်တို့၏ ဖြစ်၊ပျက်ခိုက်တွင် သိရှိနှလုံးသွင်း၍ ဝိပဿနာ ရှုမှတ်ရပါမည်။

www.dhammadownload.com

ဝိညာဏ် ၆–ပါး (အပွင့်ခာတ်) ဖြစ်ရန် လိုအပ်သောအင်္ဂါရပ်များ

လိုအပ်သော(အကြောင်း)အင်္ဂါရပ်များ					ဝိညာဏ် ၆–ပါး	
၁	စက္ခုပသာဒ	ရူပါရုံ	အာလောက(အလင်းခာတ်)	မနသိကာရ	စက္ခုဝိညာဏ်	ဒွိပဉ္စဝိညာဏ်
၂	သောတပသာဒ	သဒ္ဒါရုံ	အာကာသ(အပေါက်ဟင်းလင်း)	။	သောတဝိညာဏ်	
၃	ဃာနပသာဒ	ဂန္ဓာရုံ	ဝါယောခာတ်(လေခာတ်)	။	ဃာနဝိညာဏ်	
၄	ဇိဝှါပသာဒ	ရသာရုံ	အာပေါခာတ်(ရေခာတ်)	။	ဇိဝှါဝိညာဏ်	
၅	ကာယပသာဒ	ဖောဋ္ဌဗ္ဗာရုံ	ပထဝီခာတ်(ခက်မာသောခာတ်)	။	ကာယဝိညာဏ်	
၆	ဟဒယဝတ္ထု	ဓမ္မာရုံ	ဘဝင်	။	မနောဝိညာဏ်	မနော

- စက္ခု, လောက၊ ရူပ ထင်ပြီ, မနသိ လေးလီ မြင်သိဖို့၊
- သောတာ, ကာသ၊ သဒ္ဒ ထင်ပြီ, မနသိ လေးလီ ကြားသိဖို့၊
- ဃာန, ဝါတ၊ ဂန္ဓ ထင်ပြီ, မနသိ လေးလီ နံ့သိဖို့၊
- ဇိဝှါ, အာပ၊ ရသ ထင်ပြီ, မနသိ လေးလီ လျက်သိဖို့၊
- ကာယ, ပထ၊ ဖောဋ္ဌ ထင်ပြီ, မနသိ လေးလီ ထိသိဖို့၊
- ဟဒယ, ဘဝ၊ ဓမ္မ ထင်ပြီ, မနသိ လေးလီ ကြံသိဖို့၊

အဆင်း–ရူပါရုံကြောင့် စက္ခုဝိညာဏ်စိတ်ဖြစ်ခြင်း၊ အသံ–သဒ္ဒါရုံကြောင့် သောတဝိညာဏ်စိတ်ဖြစ်ခြင်း၊ အနံ့–ဂန္ဓာရုံကြောင့် ဃာနဝိညာဏ်စိတ်ဖြစ်ခြင်း၊ အရသာ–ရသာရုံကြောင့် ဇိဝှါဝိညာဏ်စိတ်ဖြစ်ခြင်း၊ အတွေ့–ဖောဋ္ဌဗ္ဗာရုံကြောင့် ကာယဝိညာဏ်စိတ်ဖြစ်ခြင်း၊ ဓမ္မာရုံကြောင့် မနောဝိညာဏ်စိတ်ဖြစ်ခြင်းတို့သည် လိုအပ်သော(အကြောင်း–ပစ္စည်း) အင်္ဂါရပ်များပြည့်စုံပါသဖြင့် (အကျိုး–ပစ္စယုပ္ပန်)ဖြစ်ဖို့ရန် (ကေန်)မည်သူမှ မတားဆီးနိုင်ပေ။ ဘယ်သူ ဖန်ဆင်းလို့မှလည်း မရနိုင်ပေ။ ပုဂ္ဂိုလ် သတ္တဝါ သူငါမနော တရားသဘောသာ ထင်ရှားရှိပါပေသည်။

အာရုံနှင့် သတိပဋ္ဌာန်

အဆင်း–ရူပါရုံကြောင့် စက္ခုဝိညာဏ်စိတ်ဖြစ်ခြင်းတွင် မကြည့်မဖြစ်တဲ့အာရုံဖြစ်မည်ဆိုလျှင် 'ကြည့်ချင်တယ်, ကြည့်ချင်တယ်'ဟု ရှေးဦးစွာ ကြည့်ချင်သောစိတ်ကို ရှုမှတ်ရသည့်အတွက် 'စိတ္တာနုပဿနာသတိပဋ္ဌာန်' ပြည့်စုံကြကုန်၏။ 'ကြည့်တယ် ကြည့်တယ်'ဟု ရှုမှတ်မှုသည် စက္ခုပသာဒ–မျက်လုံးအမူအရာ ကိုယ်ကာယကိုရှုမှတ်ရသည့်အတွက် 'ကာယာနုပဿနာသတိပဋ္ဌာန်' ပြည့်စုံကြကုန်၏။ 'မြင်တယ် မြင်တယ်'ဟု မြင်ခါမျှမတ္တသဘောမှာတည်အောင် မြင်ရသည့် သဘောတရားမျှလေးမှာ ရှုမှတ်ရသည့်အတွက် 'ဓမ္မာနုပဿနာသတိပဋ္ဌာန်' ပြည့်စုံကြကုန်၏။ (ကြွင်းတို့ကို သိနိုင်ပါပြီ)

www.dhammadownload.com

အာရုံနှင့် ဒွါရတို့၏သဘောသဘာဝများ

အာရုံနှင့် ဒွါရများတွင် သာယာဖွယ်ဆိုသည့်သဘော၊ စိတ်ပျက်ဖွယ်ဆိုသည့် သဘော၊ ထို သာယာဖွယ်,စိတ်ပျက်ဖွယ်သဘောတို့မှ လွတ်မြောက်လိုမှု–နိဿရဏ ဆိုသည့်သဘောတို့ကို သိထားသင့်ပေသည်။

၁။ စက္ခုပသာဒ–မျက်စိသည် ရူပါရုံ–အဆင်းအမျိုးမျိုးမှာ ပျော်ပါသည်။

ဥပမာ– **မျက်စိသည် အရှင်းမကြိုက် အရှုပ်ကြိုက်သော မြွေသတ္တဝါနှင့် တူ**ပါသည်။ မြွေသတ္တဝါတို့သည် ရှင်းရှင်းလင်းလင်းမှာ မနေပါ၊ ရှုပ်ရှုပ်ထွေးထွေးနေရာမှာသာ နေတတ်ပါသည်။ မျက်စိသည်လည်း ရှုပ်ရှုပ်ထွေးထွေး, အဆင်းအမျိုးစုံကိုသာ ကြည့်ချင်ပါသည်။

၂။ သောတပသာဒ–နားသည် သဒ္ဒါရုံ–အသံအမျိုးမျိုးမှာ ပျော်ပါသည်။

ဥပမာ– **နားသည် မိကျောင်းသတ္တဝါနှင့် တူ**ပါသည်။ ရေထဲမှာနေပြီး တိတ်တိတ်ဆိတ်ဆိတ်နေချင်သည်။ လှိုင်ခေါင်း, ရေစပ်စပ်–ကုန်းစပ်စပ်မှာနေပြီး တိတ်ဆိတ်မှုကို သဘောကျ၏။ နားသည်လည်း နူးညံ့သာယာသောအသံများကို ပိုပြီးနှစ်သက်ပါသည်။

၃။ ဃာနပသာဒ–နှာခေါင်းသည် ဂန္ဓာရုံ–အနံ့အမျိုးမျိုးမှာ ပျော်ပါသည်။

ဥပမာ– **နှာခေါင်းသည် ငှက်သတ္တဝါနှင့် တူ**ပါသည်။ အနံ့ပေါင်းစုံမှာ ပျော်ပါသည်။ ငှက်တို့သည် လေထဲမှာဝဲပျံ၍ ကောင်းကင်မှာ ပျော်သကဲ့သို့ နှာခေါင်းသည်လည်း လေထဲကလာသောအနံ့ကို နှစ်သက်သည့်အတွက် အနံ့ပေါင်းစုံမှာ ပျော်ပါသည်။

၄။ ဇိဝှါပသာဒ–လျှာသည် ရသာရုံ–အရသာအမျိုးမျိုးမှာ ပျော်ပါသည်။

ဥပမာ– **လျှာသည် အိမ်ခွေးသတ္တဝါနှင့် တူ**ပါသည်။ မီးဖိုချောင်ထဲမှာ ပျော်ပါသည်။ မီးဖိုချောင်ထဲမှာ စားစရာတွေရှိသဖြင့် စားသောက်ရသည့်အတွက် ပျော်သကဲ့သို့ လျှာသည် ကောင်း/မကောင်းအရသာအမျိုးစုံမှာ ပျော်ပါသည်။

၅။ ကာယပသာဒ–ကိုယ်ခန္ဓာသည် ဖောဋ္ဌဗ္ဗာရုံ–အတွေ့အထိအမျိုးမျိုးမှာ ပျော်ပါသည်။

ဥပမာ– **ကိုယ်ခန္ဓာသည် တောခွေးနှင့် တူ**ပါသည်။ သင်္ချိုင်းကုန်းမှာ ပျော်ပါသည်။ သင်္ချိုင်းတွင် လူသေကောင်ပုတ်တွေနှင့် စားရ, အိပ်ရတာကို ပျော်သကဲ့သို့ ကိုယ်ခန္ဓာသည်လည်း ပျော့ပျော့ပျောင်းပျောင်း ငြင်ငြင်သာသာ ထိတွေ့မှုများမှာ ပျော်ပါသည်။

၆။ စိတ်–မနောသည် ကြံစည်တွေးတောမှု, အကြံအစည်ပေါင်းစုံမှာ ပျော်ပါသည်။

ဥပမာ– **စိတ်သည် မျောက်သတ္တဝါနှင့် တူ**ပါသည်။ သစ်ပင်သစ်ကိုင်းတို့တွင် ဟိုခုန် ဒီခုန်မှုမှာ ပျော်ပါသည်။ မျောက်သည် တစ်နေရာရာမှာ ငြိမ်ငြိမ်လေး မနေနိုင်သကဲ့သို့ စိတ်သည်လည်း တစ်ခုထဲ တစ်သမတ်ထဲမှာကြံစည်နေတာမဟုတ် အမျိုးမျိုးပြောင်းပြီး အကြံအစည်ပေါင်းစုံမှာ ပျော်ပါသည်။

www.dhammadownload.com

ကျင့်စဉ်တစ်သွယ်

အာရုံနှင့် ဒွါရတို့၏သဘောသဘာဝများအရ ပုံစံအမျိုးမျိုး သန္တာန်အမျိုးမျိုးတို့မှာ ပျော်မွေ့နေတတ်သောကြောင့် သတိပဋ္ဌာန်တရားလက်ကိုင်ထား၍ မစွဲလန်းမိစေရန်နှင့် အာရုံတွေနောက် အလိုက်မမှားကြစေရန် ကျင့်ကြံအားထုတ်ကြရပါမည်။

ရွာပျက်ကြီးပမာ

ရွာပျက်ကြီးက မျက်စိ,နား,နှာ,လျှာ,ကိုယ်,စိတ် တို့ဖြစ်ပြီး၊ ရွာကိုဖျက်မည့်အပြင်ရန်သူတို့က အဆင်း,အသံ,အနံ့,အရသာ,အတွေ့,အကြံအစည်နှင့် အတွင်းရန်သူတို့က လောဘ,ဒေါသ,မောဟ တို့ဖြစ်ကြပါသည်။ ထိုရွာပျက်ကြီးကို ကာကွယ်ထိန်းသိမ်းရန်အတွက် အပြင်ရန်သူတို့မဝင်နိုင်ရန် 'သတိပဋ္ဌာန်'(ခြံစည်းရိုး)ဖြင့်ကာပြီး၊ အတွင်းရန်သူအတွက် 'သီလ,သမာဓိ,ပညာ'(လက်နက်)ကို ဆောင်ထားကြရပေမည်။

အပေါက် ၆–ပေါက်ရှိသော တောင်ပို့ဥပမာ

တောထဲမှာ အပေါက် ၆–ပေါက်ရှိသောတောင်ပို့တစ်ခု ရှိပါသည်။ ထိုတောင်ပို့ထဲတွင် ကြွက်တစ်ကောင် ဝင်နေပါသည်။ ထိုကြွက်ကို လိုချင်သော ယောကျ်ားသည် အပေါက် ၅–ပေါက်ကိုပိတ်ထားပြီး ၁–ပေါက်ကနေ စောင့်ပြီး ဖမ်းရပါမည်။

မျက်စိ,နား,နှာ,လျှာ,ကိုယ်, စိတ်တည်းဟူသော ၆–ဒွါရတွင် ၅–ဒွါရကို ပိတ်ပြီး ၁–ဒွါရကနေ ရှုရပါမည်။ မျက်စိ,နား,နှာ,လျှာ,ကိုယ် ပဉ္စဒွါရကိုလုံခြုံအောင်ပိတ်ထားပြီး မနောဒွါရကနေ ရှုမှတ်ကြရပါမည်။

- မျက်စိမှာကျလာသော ရူပါရုံအမျိုးမျိုးကိုလည်း မနောဒွါရကနေ ရှုရပါမယ်။
- နားမှာကျလာသော သဒ္ဒါရုံအမျိုးမျိုးကိုလည်း ။ ။
- နှာခေါင်းမှာကျလာသော ဂန္ဓာရုံအမျိုးမျိုးကိုလည်း ။ ။
- လျှာမှာကျလာသော ရသာရုံအမျိုးမျိုးကိုလည်း ။ ။
- ကိုယ်မှာကျလာသော ဖောဋ္ဌဗ္ဗာရုံအမျိုးမျိုးကိုလည်း ။ ။

ပဉ္စဒွါရမှာ ကျလာသောအာရုံသည် မနောဒွါရသို့ ရောက်လာသည်သာတည်း။ ဥပမာ– မွန်းတည့်ချိန်မှာ သစ်ပင်ဖျား၌လာနားသော ငှက်၏အရိပ်သည် ငှက်နားလိုက်သည်နှင့်တစ်ပြိုင်နက်တည်း သစ်ပင်ရင်း,မြေမှာ ထိုငှက်၏အရိပ် ထင်လာသကဲ့သို့တည်း။ ဤကဲ့သို့ ဆိုင်ရာဒွါရ၌ ဆိုင်ရာအာရုံ လာတိုက်သည်နှင့်တစ်ပြိုင်နက် မနောအကြည်မှာ လာထင်ပြီး၊ ထိုမနောဒွါရမှာ စောင့်ပြီးရှုမှတ်နေခြင်းဖြင့် ဒွါရ ၆–ပါးလုံး လုံခြုံရကား သီလ, သမာဓိ, ပညာတို့၏အစွမ်းဖြင့် ကျင့်ကြံ ရှုမှတ်ပွားများရပါမည်။

www.dhammadownload.com

ရှုပွားကျင့်ပါ ဝိပဿနာ

ဟေတုပစ္စည်း ဟိတ်-နာမ်ကြောင့် နာမ်,ရုပ်ဖြစ်ပုံကို ဟောသည့်အခါ ရုပ်ဝါဒီသမားများ, ဝိပဿနာရှုဖို့ရန် သဘောမကျသေးသူများက စောဒက မတက်နိုင်အောင် ဟေတုပစ္စည်း၏ အခြားမဲ့၌ အာရမ္မဏပစ္စည်းကို ဟောတော်မူပါသည်။

ရှင်တော်မြတ်ဘုရားသည် ရုပ်ဝါဒီသမားများသဘောကျအောင် ပထမဦးစွာ ရုပ်အကြောင်းတရားကိုထုတ်ပြီး 'ရူပါယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။'ဟု ရူပါရုံ-ရုပ်ကြောင့် မြင်သိစိတ်(နာမ်တရား) ဖြစ်ကြောင်းကို သိလွယ်,မြင်လွယ်ပြီး သဘောပေါက်လွယ်အောင် ပြတော်မူပါသည်။ ဤနည်းဖြင့် '**<u>အာရမ္မဏ-ပုရေဇာတ</u>**'အစထားပြီး၊ အကြောင်းပစ္စည်း အစုံအလင်ဖြင့် 'သဗ္ဗေ ဓမ္မာ'ဟု ပစ္စည်းထုတ်ပြီး အကျိုး-ပစ္စယုပ္ပန်တရား ဝိညာဏ် ၆-ပါး(နာမ်တရား) (သတ္တဝိညာဏဓာတ်)ကို ကျေးဇူးပြုကြောင်း ဟောကြားတော်မူပါသည်။

★ အဋ္ဌကထာက မြစ်ရေများသည် ကာလသုံးပါးလုံး စီးနေသကဲ့သို့၊ တောင်များသည် ကာလသုံးပါးလုံး တည်နေသကဲ့သို့၊ အကြင် အာရုံ-ပစ္စည်းတရားများကို အာရုံပြုပြီး အာရမ္မဏိက-ပစ္စယုပ္ပန်တရားများသည် ဖြစ်ပြီး၊ ဖြစ်ဆဲ၊ ဖြစ်လတ္တံ့ဟု ကာလ ၃-ပါးကိုယူပါဟု ဆိုပါသည်။

★ မူလဋီကာက "ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ"သည် ပစ္စည်းတရား မဟုတ်၊ ပစ္စယုပ္ပန်တရားဖြစ်သည်။ ပစ္စယုပ္ပန်တရားဟူသမျှ ပစ္စုပ္ပန်ကာလ၌သာဖြစ်ရမည်ဟု ဆိုပါသည်။

ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ, ဓမ္မာရုံ အားဖြင့် (အာရမ္မဏ)အကြောင်းပစ္စည်းတရား(တရားအမျိုးစုံစွာ)ဖြစ်ပြီး၊ အကျိုး-ပစ္စယုပ္ပန်ဖြစ်သော (အာရမ္မဏိက) (နာမ်သက်သက်) မြင်သိစိတ်, ကြားသိစိတ်, နံသိစိတ်, အရသာသိစိတ်, ထိသိစိတ်, ကြံသိစိတ် ဟုဆိုအပ်သော ဝိညာဏ် ၆-ပါး(သတ္တဝိညာဏဓာတ်)ကို ကျေးဇူးပြုနေမှု, ဖြစ်,ပျက်နေမှုများကို ကမ္ဘာလောကကြီးအတွင်း မည်သူမျှ လွတ်အောင်ရှောင်ရှားနိုင်ခြင်း မပြုနိုင်ကြပေ။ ထင်ထင်ရှားရှား ပေါပေါများများကြီး ဖြစ်,ပျက်နေမှုတို့ကို သတိပြု၍ ရှုမှတ်သူတိုင်းမှာ ထင်ရှားသိရှိနိုင်သည့်အချက်များကို သမ္ပဇဉ်-သတိထား၍၊ မြင်သိစိတ်စသည် အသစ်,အသစ် ပြောင်း,ပြောင်းသမျှ အဟောင်း,အဟောင်းတို့ ပျက်,ပျက်လိုက်ကြသည့် 'အနိစ္စ'အချက်ကို ဉာဏ်သက်ဝင်ပြီး **<u>ဣရိယာပုထ်တိုင်း, အတိုက်ဓာတ်-အခံဓာတ်-အပွင့်ဓာတ်တိုင်း</u>**မှာ ပဋ္ဌာန်းဝိပဿနာ ရှုမှတ်၍ အားထုတ်နိုင်ကြပါသည်။

www.dhammadownload.com

မြင်သိစိတ် ဝိပဿနာ (ဤနည်းတူ ကြွင်းတရားများကို ရှုရန်)

အဆင်းရူပါရုံသည် မြင်သိစိတ် စက္ခုဝိညာဏဓာတ်, ထို စက္ခုဝိညာဏဓာတ်နှင့် ယှဉ်ဘက်ဖြစ်ကုန်သောစေတသိက်တို့အား အာရမ္မဏပစ္စည်းဖြင့် ကျေးဇူးပြု၏။

'ရူပါယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။'

ရူပါရုံ–ပစ္စည်း, စက္ခုဝိညာဏ်စိတ်–ပစ္စယုပ္ပန် ၂–မျိုးလုံး အမှန်တကယ်ထင်ရှား ရှိသော ပရမတ္ထတရား–'ပရမတ်' မည်ပေသည်။ ဤတွင် မြင်သိစိတ်သဘောအမှန်ကို '**ငါ..မြင်သည်**'ဟုဆိုလိုက်လျှင် အမှန်တကယ်မရှိသော 'ပညတ်=ငါ'ကို သုံးသပ်သဖြင့်–ပဋ္ဌာန်းတရားတော်၏ နက်နဲသန့်ရှင်းသည့်သဘောအရဆိုလျှင် မြင်ခြင်းတရားတွင် ငါ, လူ, နတ်,ဗြဟ္မာ မပါသည့်အပြင် မည်သည့်'ပညတ်' တစ်ခုမျှမပါ။ ထို့ကြောင့် '**ငါ..မြင်သည်**' ဟုဆိုအပ်သော 'ပညတ်'သည် မမှန်နိုင်ပါ။ 'မြင်သည်'က စက္ခုဝိညာဏ်၏ 'ပရမတ်' သဘောလက္ခဏာသာဖြစ်ပါသည်။ ငါ..ဆိုသော'ပညတ်'က မရှိ။ ဤကဲ့သို့ ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတစ်ပါး, ယောကျ်ား, မိန်းမဟူ၍ မတွေ့ရပါ။ ပညတ်နှင့် ပရမတ် မကွဲလျှင် အတ္တဒိဋ္ဌိ, သက္ကာယဒိဋ္ဌိ ဖြစ်နိုင်သည်။ **<u>ပညတ်နှင့် ပရမတ်ကွဲသွားလျှင် သက္ကာယဒိဋ္ဌိ ပြုတ်၏။</u>**

ထိုအကြောင်း–ပစ္စည်းတရား–ရူပါရုံကြောင့် ဖြစ်ပေါ်လာသော စက္ခုဝိညာဏ်သည် ဘယ်လောက်ကြာကြာတည်နေသလဲ, ဖြစ်လာရင် ပျက်သွားတာပါဘဲ၊ ဖြစ်ပြီး ပျက်သွား၏။ ဝိညာဏ်နှင့်တကွ မှီရာဝတ္ထု, အာရုံ အဟောင်းအဟောင်းတို့လည်း ပျက်ပျက်လိုက်ကြမှု သက်သေစုဖြင့် မမြဲခြင်းသဘောအား မြင်လာသဖြင့် '**အနိစ္စ**'သဘော ထင်လာသည်။

စက္ခုဝိညာဏ်စိတ်က ရူပါရုံရှိလျှင် မြင်လာလိုက်၊ ရူပါရုံမရှိလျှင် ပျက်သွားလိုက်၊ ဖြစ်,ပျက်သံသရာ မဆုံးနိုင်ပါသဖြင့် မမြဲသော ရုပ်,နာမ်ကို ပြုစုလုပ်ကျွေးပြီး ယင်းကို အရေးပေးနေခြင်းသည် '**ဒုက္ခ**'များ လှပေသည်။ ထိုမမြဲသော နာမ်,ရုပ်စသည် ယခု အိုလာပြီး နာရတော့မည်.. သေရတော့မည်၊ အို,နာ,သေ စသည်ဖြင့် နာမ်,ရုပ်တို့ကို ကျွေးမွေးပြုစု စောင့်ရှောက်နေရခြင်းဖြစ်ပြီး၊ မိမိက ဘာမှမပိုင်, မဆိုင်သည့်သဘော.. မိမိက အစိုးမရသဖြင့် '**အနတ္တ**'ဆိုသည့် သဘောလက္ခဏာ ထင်ရှားလာပါသည်။ ဤကဲ့သို့ဆင်ခြင်သဖြင့် အာရမ္မဏပစ္စည်း ရုပ်,နာမ်ဓမ္မ ပရမတ္ထတရားတို့၏.. "မမြဲသော–အနိစ္စ၊ ဆင်းရဲသော–ဒုက္ခ၊ အစိုးမရသော–အနတ္တ'တရားများကို သမ္မာဉာဏ်သတိ ကိုယ်စီရှိသဖြင့် ပစ္စည်း–ပစ္စယုပ္ပန်၊ အကြောင်း–အကျိုးမှန်ကို ဆင်ခြင်နိုင်ကြပါစေ..

❀ ဖြစ်ပျက်ကိုသိမှ အနိစ္စမြင်၊ အနိစ္စမြင်မှ ဒုက္ခထင်၊ ဒုက္ခထင်မှ အနတ္တမြင်။
အနတ္တမြင် နိဗ္ဗာန်ခွင် ပြေးဝင်ဆိုက်ရောက်သည်။

www.dhammadownload.com

ပဉ္စာဝါရဝိဘင်္ဂ ကုသလပဒ ၃–ချက်

၁။ **ကု–ကု** ကုသိုလ်ဓမ္မသည် ကုသိုလ်ဓမ္မအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြု၏။

ပုထုဇဉ်, သေက္ခပုဂ္ဂိုလ်တို့ ဝိပဿနာရှုမှတ်ပုံကား–

ရှေးအဖို့က အမှတ်တရပြုခဲ့ကြသော ဒါန, သီလ, သမထ, ဝိပဿနာ အစဖြာသော ကုသိုလ်ကောင်းမှုတို့ကိုလည်းကောင်း၊ ယခုချက်ချင်း ပြုပြုသမျှသော ကုသိုလ်အစုကို လည်းကောင်း ဝိပဿနာရှုမှတ်လိုသော ယောဂီတို့သည် မိမိ, မိမိ၏ပြုသမျှသော ကုသိုလ်အစုတို့ ယခု ဝိပဿနာရှုဆဲအခါ၌ မရှိ,ချုပ်ပျောက် 'အနိစ္စ'ရောက်သည်တို့ကို ဉာဏ်ဖြင့် 'အနိစ္စ–အနိစ္စ, အနိစ္စ–အနိစ္စ'ဟု အခါခါ ဝိပဿနာတို့ကို ပွားများကုန်ရာ၏။ ဤသို့ပွားများကြသောအခါ ရှေးအဖို့က ပြုခဲ့ပြီး အနိစ္စ–သို့ချည်း ရောက်ကြကုန်သော ဒါန, သီလစသည်တို့က **<u>အာရမ္မဏပစ္စည်း(အာရုံ)</u>**၊ 'အနိစ္စ'ဟု ဝိပဿနာရှုသောကုသိုလ်စုက **<u>အာရမ္မဏ–ပစ္စယုပ္ပန်(အာရမ္မဏိက)</u>**များ ဖြစ်ကြသည်ကို သိစေလို၍ 'သေက္ခာ ဝါ ပုထုဇ္ဇနာ ဝါ ကုသလံ အနိစ္စတော၊ ဒုက္ခတော၊ အနတ္တတော၊ ဝိပဿန္တိ။' ဟူ၍ ဟောတော်မူပါသည်။

၂။ **ကု–အကု** ကုသိုလ်ကြောင့် အကုသိုလ်ဖြစ်ကြရသော အာရမ္မဏပစ္စည်းကိုလည်း ဝိပဿနာရှုနိုင်ရန် ပုထုဇဉ်, သေက္ခပုဂ္ဂိုလ်တို့သည် ရှေးအဖို့ကပြုခဲ့သော ဒါနစသည် ပုညကြိယာအဖြာဖြာသောကုသိုလ်စုကို အာရုံပြု၍ သာယာအံ့၊ နှစ်သက်အံ့၊ ထိုသာယာ,နှစ်သက်ခြင်းကို အာရုံပြုပြီး၍ တပ်မက်ခြင်းဖြစ်အံ့၊ ငါလှူသောအလှူသည် ကုသိုလ်ဖြစ်မှဖြစ်ပါ့မလားဟု အမြင်မှားအံ့၊ မဆုံးဖြတ်နိုင်အံ့၊ ပျံ့လွင့်အံ့၊ နှလုံးမသာယာအံ့၊ အကုသိုလ်–အကျိုးကို အာရမ္မဏပစ္စည်းက ကျေးဇူးပြု၏။ ထို သာယာ, နှစ်သက်စသည်စိတ် တစ်မျိုးမျိုးတို့ဖြစ်ခဲ့သော်– ထိုစိတ်တို့ ပျက်,ပျောက် အနိစ္စရောက်သော အကုသိုလ်တို့ကို ယခု ဝိပဿနာရှုဆဲအခါ၌ မရှိ,ချုပ်ပျောက် 'အနိစ္စ'ရောက်သည်တို့ကို ဉာဏ်ဖြင့် 'အနိစ္စ–အနိစ္စ'ဟု အခါခါ ဝိပဿနာပွားများ ကုန်ရာ၏။

၃။ **ကု–ဗျာ** တေဘူမက လောကီကုသိုလ် ၁၇–ပါး အာရမ္မဏပစ္စည်းတရားတို့ကို ရဟန္တာ(အသေက္ခ)ပုဂ္ဂိုလ်တို့က 'အနိစ္စ..'ဟု ဝိပဿနာရှုမှု(ကာမကြိယာ)ကို သိစေလို၍ 'ကုသလံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ၊'ဟူ၍ ဟောတော်မူပါသည်။ [ဝိပဿနာတင်ရာ၌ တေဘူမကကုသိုလ်ကိုသာ ဝိပဿနာ တင်ရသည်။ မဂ်သည် စိတ္တက္ခဏတစ်ချက် မျှသာရှိသည်။ တစ်ခုသောစိတ္တက္ခဏ၏ ပရိစ္ဆေဒ(ကာလ)ကို ပိုင်းခြားပြီး ဘုရားမှတစ်ပါး မည်သည့်ပုဂ္ဂိုလ်မှ မပြနိုင်။ မဂ်ကို စိတ္တက္ခဏ ၁–ကြိမ်သာဖြစ်၍ ဝိပဿနာမတင်ကောင်းသည် မဟုတ်။ ဝိပဿနာ ရှုထိုက်ကောင်းသောတရား မဟုတ်လေသောကြောင့်သာ ဝိပဿနာ မတင်ကောင်းခြင်း ဖြစ်ပါသည်။]

www.dhammadownload.com

အကုသလပဒ ၃–ချက်

၁။ အကု–အကု

အကုသိုလ်ဓမ္မသည် အကုသိုလ်ဓမ္မအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြု၏။ ရာဂ(မိမိ,သူတစ်ပါးထံ၌ဖြစ်သော ရာဂ–နှစ်ပါးလုံးယူနိုင်သည်။ မိမိသန္တာန်၌ဖြစ်သော ရာဂအစွမ်းဖြင့်ပြမှုထင်ရှား)စသည် ပြဋ္ဌာန်းသော အကုသိုလ်စိတ္တုပ္ပါဒ်ကို အာရုံပြု၍ သာယာအံ့၊ နှစ်သက်အံ့၊ တပ်မက်ခြင်းဖြစ်အံ့၊ အမြင်မှားအံ့၊ မဆုံးဖြတ်နိုင်အံ့၊ ပျံ့လွင့်အံ့၊ နှလုံးမသာယာအံ့ အကုသိုလ်–အကျိုးကို အာရမ္မဏပစ္စည်းက ကျေးဇူးပြု၏။ ထို သာယာ, နှစ်သက်စသည်စိတ် တစ်မျိုးမျိုးဖြစ်ခဲ့သော် ထိုစိတ်တို့ ပျက်,ပျောက် အနိစ္စ ရောက်သော အကုသိုလ်တို့ကို ယခု ဝိပဿနာရှုမှတ်ဆဲအခါ၌ မရှိ,ချုပ်ပျောက် 'အနိစ္စ' ရောက်သည်တို့ကို ဉာဏ်ဖြင့် 'အနိစ္စ–အနိစ္စ'ဟု အခါခါ ဝိပဿနာပွားများ ကုန်ရာ၏။

၂။ အကု–ကု

အကုသိုလ်ဓမ္မသည် ကုသိုလ်ဓမ္မအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြု၏။

ရှေးကပြုခဲ့ပြီးသော ပါဏာတိပါတစသော မကောင်းမှုတို့ကို ပြုပြီးနောက် အမှတ်တမဲ့မထားကြဘဲ 'သမ္မပ္ပဓာန်တရားတော်'နှင့်အညီ ယင်း မိုက်မှားမှုအထူး ဖြစ်ကုန်ဖူးသောမကောင်းမှုတို့ကို အာရုံပြု၍ ပယ်ဖျောက်ခြင်းငှာ ကောင်းစွာ အားထုတ်ခြင်း (ဥပ္ပန္နာနံ ပါပကာနံ၊ ပဟာနာယ ဝါယာမော)၊ မဖြစ်သေးသော အကုသိုလ်တို့ကို အသစ်မဖြစ်အောင် ကောင်းစွာအားထုတ်ခြင်း (အနုပ္ပန္နာနံ ပါပကာနံ၊ အနုပါဒါယ ဝါယာမော)တို့ကို ပြုကြရပါသည်။ ဤသို့ ဒုစရိုက်များကို ပယ်ရှားသောအခါတို့၌ မိမိ, မိမိ၏ပြုအပ်ပြီးသော ဒုစရိုက်တို့ ယခု ဝိပဿနာရှုမှတ်ဆဲအခါ၌ မရှိ,ချုပ်ပျောက် 'အနိစ္စ'ရောက်သည်တို့ကို အခါခါ ဝိပဿနာပွားများ ကုန်ရာ၏။

ပုထုဇဉ်, သေက္ခပုဂ္ဂိုလ်တို့ ရှေးအဖို့ကပြုခဲ့ပြီး အနိစ္စ–သို့ချည်း ရောက်ကြကုန်သော မကောင်းမှုဒုစရိုက်ဆယ်ပါးနှင့် ခြောက်ဒွါရတို့၌ဖြစ်ပွားနေသော ကိလေသာစုတို့က <u>**အာရမ္မဏပစ္စည်း(အာရုံ)**</u>၊ 'အနိစ္စ–အနိစ္စ'ဟု ဝိပဿနာရှုသော ကုသိုလ်စုက <u>**အာရမ္မဏ–ပစ္စယုပ္ပန်(အာရမ္မဏိက)**</u>များဖြစ်ကြသည်ကို သိစေလို၍ 'သေက္ခာ ဝါ ပုထုဇ္ဇနာ ဝါ အကုသလံ အနိစ္စတော၊ ဒုက္ခတော၊ အနတ္တတော၊ ဝိပဿန္တိ။' ဟူ၍ ဟောတော်မူပါသည်။

၃။ အကု–ဗျာ

အကုသိုလ်ဓမ္မသည် အဗျာကတဓမ္မအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြု၏။

တေဘူမက အကုသိုလ် ၁၂–ပါး အာရမ္မဏပစ္စည်းတရားတို့ကို ရဟန္တာ(အသေက္ခ) ပုဂ္ဂိုလ်တို့က 'အနိစ္စ–အနိစ္စ'ဟု အခါခါ ဝိပဿနာရှုမှု(ကာမကြိယာ)ကို သိစေလို၍ 'အကုသလံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ၊'ဟူ၍ ဟောတော်မူပါသည်။

www.dhammadownload.com

အဗျာကတပဒ ၃–ချက်

၁။ ဗျာ–ဗျာ

အဗျာကတဓမ္မသည် အဗျာကတဓမ္မအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြု၏။

သတ္တဝါအစားစားတို့၏ ပဋိသန္ဓေ, ဘဝင်, စုတိ၊ သတ္တဝါတို့၏ မြင်သိစသည် ပဥ္စဝိညာဏ်အစားစား၊ ဒါန,သီလ,သမထ,ဝိပဿနာအစဖြာသော ကြိယာဇောအစားစား၊ အနန္တစကြဝဠာ ကမ္ဘာလောကဓာတ်ကြီးတို့၏အတွင်းမှာ ရုပ်–အဗျာကတ(ဩဠာရိကနှင့် ဟဒယဝတ္ထုကိုသာ ဝိပဿနာရှုရာတွင် ထင်ရှား၏၊)နှင့် အသင်္ခတဓာတ် နိဗ္ဗာန်မြတ်တရားဟူသော အဗျာကတတရား ၇–၅ွာန အာရမ္မဏပစ္စည်းတရားတို့မှာ ရဟန္တာ(အသေက္ခ)ပုဂ္ဂိုလ်တို့က (အရဟာ စက္ခုံ– သောတံ၊ ဃာနံ၊ ဇိဝှံ၊ ကာယံ၊ ရူပေ၊ သဒ္ဒေ၊ ဂန္ဓေ၊ ရသေ၊ ဖောဋ္ဌဗ္ဗေ၊ ဝတ္ထုံ ဝိပါကာဗျာကတေ ကိရိယာဗျာကတေ ခန္ဓေ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ။)ဟူ၍ ပျက်,ပျောက် အနိစ္စရောက်သော **<u>ဝိပဿနာရှုအပ်သော (လောကီ)အဗျာကတတရား</u>**တို့ကို ယခုဝိပဿနာရှုမှတ်ဆဲအခါ၌ မရှိ, ချုပ်ပျောက် 'အနိစ္စ'ရောက်သည်တို့ကို ဉာဏ်ဖြင့် 'အနိစ္စ–အနိစ္စ'စသည်ဖြင့် အခါခါ ဝိပဿနာရှုပွားမှု (ကာမကြိယာ)ကို သိစေလို၍ ဟောတော်မူပါသည်။

၂။ ဗျာ–ကု

အဗျာကတဓမ္မသည် ကုသိုလ်ဓမ္မအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြု၏။

ပုထုဇဉ်, သေက္ခပုဂ္ဂိုလ်တို့က ပျက်,ပျောက် အနိစ္စရောက်သော **<u>ဝိပဿနာ ရှုအပ်သော (လောကီ)အဗျာကတတရားတို့</u>**ကို (သေက္ခာ ဝါ ပုထုဇ္ဇနာ ဝါ စက္ခုံ– သောတံ၊ ဃာနံ၊ ဇိဝှံ၊ ကာယံ၊ ရူပေ၊ သဒ္ဒေ၊ ဂန္ဓေ၊ ရသေ၊ ဖောဋ္ဌဗ္ဗေ၊ ဝတ္ထုံ ဝိပါကာဗျာကတေ ကိရိယာဗျာကတေ ခန္ဓေ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ။)ဟူ၍ ပျက်,ပျောက် အနိစ္စရောက်သော **<u>ဝိပဿနာရှုအပ်သော (လောကီ)အဗျာကတတရား</u>**တို့ကို ယခုဝိပဿနာရှုမှတ်ဆဲအခါ၌ မရှိ,ချုပ်ပျောက် 'အနိစ္စ'ရောက်သည်တို့ကို ဉာဏ်ဖြင့် 'အနိစ္စ–အနိစ္စ'စသည် အခါခါ ဝိပဿနာရှုပွားမှု(ကာမကုသိုလ်)ကို သိစေလို၍ ဟောတော်မူပါသည်။

၃။ ဗျာ–အကု

အဗျာကတဓမ္မသည် အကုသိုလ်ဓမ္မအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြု၏။

ပုထုဇဉ်, သေက္ခပုဂ္ဂိုလ်တို့က ပျက်,ပျောက် အနိစ္စရောက်သော **<u>ဝိပဿနာ ရှုအပ်သော (လောကီ)အဗျာကတတရား</u>**တို့ကို အာရုံပြု၍ သာယာအံ့၊ နှစ်သက်အံ့၊ တပ်မက်ခြင်းဖြစ်အံ့၊ အမြင်မှားအံ့၊ မဆုံးဖြတ်နိုင်အံ့၊ ပျံ့လွင့်အံ့၊ နှလုံးမသာယာအံ့... ထိုစိတ်တို့ ပျက်,ပျောက် အနိစ္စရောက်သော အကုသိုလ်တို့ကို ယခု ဝိပဿနာရှုဆဲအခါ၌ မရှိ,ချုပ်ပျောက် 'အနိစ္စ'ရောက်သည်တို့ကို ဉာဏ်ဖြင့် 'အနိစ္စ'ဟု အခါခါ ဝိပဿနာပွားများ ကုန်ရာ၏။

www.dhammadownload.com

အာရမ္မဏပစ္စည်း၌ဟောသော အရိယာတို့၏ ပစ္စဝေက္ခဏာဉာဏ် ၁၉-တန်

မဂ္ဂပစ္စဝေက္ခဏ	သေက္ခာ မဂ္ဂံ ဝုဋ္ဌဟိတွာ မဂ္ဂံ သေက္ခာ-ကျင့်ဆဲသေက္ခပုဂ္ဂိုလ်တို့သည် မဂ္ဂံ-မိမိဆိုင်ရာ သောတာပတ္တိမဂ်,သကမဂ်,အနာဂါမိမဂ်မှ ဝုဋ္ဌဟိတွာ- ထမြောက်၍၊ မဂ္ဂံ- မိမိဆိုင်ရာမဂ်ကို အောက်မဂ် ၃ ပါး	ပစ္စဝေက္ခန္တိ။ သောတာပန်/ သက/ အနာဂါမ် သန္တာန်၌ဖြစ်သော ဆင်ခြင်သော မဟာကု ဉာဏ် ၄ ပါး
	အရဟာ မဂ္ဂံ ဝုဋ္ဌဟိတွာ မဂ္ဂံ ရဟန္တာပုဂ္ဂိုလ်သည်၊ မဂ္ဂံ- အရဟတ္တမဂ်မှ ဝုဋ္ဌဟိတွာ-ထ၍၊ မဂ္ဂံ- အရဟတ္တမဂ်	ပစ္စဝေက္ခတိ။ ဆင်ခြင်သော ကာမာဝစရကြိယာ ဉာဏ် ၄
ကိလေသပစ္စဝေက္ခဏ	သေက္ခာ ပဟီနေ ကိလေသေ သောတာပန်,သကဒါဂါမ်,အနာဂါမ်တို့ ပယ်သော ကိလေသာ သောတာပန်ဖြစ်အံ့ သောမဂ်သည် ဒိဋ္ဌိ,ဝိစိကိစ္ဆာ သကဒါဂါမ်ဖြစ်အံ့ သကမဂ်သည် ရုန့်ရင်း လော,ဒေါ,မော အနာဂါမ်ဖြစ်အံ့ အနာမဂ်သည် ကာမရာဂသံယောဇဉ်တစ်ခု၊ ဒေါသ(ဗျာပါဒ)	ပစ္စဝေက္ခန္တိ၊ သောတာပန်,သကဒါဂါမ်,အနာဂါမ် တို့၏သန္တာန်၌ ဆင်ခြင်သော ကာမာဝစရကုသိုလ် ကာမကုဇော န ဒ၊ မ -ဇ ဇဇဇဇဇ ဇ ရုံရုံ
	ဝိက္ခမ္ဘိတေ ကိလေသေ သောတာပန်,သကဒါဂါမ်,အနာဂါမ်တို့ မပယ်သော ကိလေသာ သောတာပန်ဖြစ်အံ့ သောမဂ်သည် မပယ်သော ကိ(၈)ပါး သကဒါဂါမ်ဖြစ်အံ့ သကမဂ်သည် သိမ်မွေ့လော,ဒေါ,မော(၈) အနာဂါမ်ဖြစ်အံ့ အနာမဂ်သည် မပယ်သော ကိ(၇)ပါး	ပစ္စဝေက္ခန္တိ၊ သောတာပန်,သကဒါဂါမ်,အနာဂါမ် တို့၏သန္တာန်၌ ဆင်ခြင်သော ကာမာဝစရကုသိုလ်
	အရဟာ ပဟီနေ ကိလေသေ အရဟာ-ရဟန္တာပုဂ္ဂိုလ်သည်၊ အရမဂ်ဖြင့်ပယ်အပ်သော ကိလေသေ- ရူ,အရူ,ရာဂဟုဆိုအပ်သော လောဘတစ်စိတ်၊ မော၊မာ၊ထိ၊ဥဒ္ဓစ္စ၊အဟိရိက၊အနောတပ္ပ-ကိလေသာ(၇)ပါး၊	ပစ္စဝေက္ခတိ၊ ရဟန္တာသန္တာန်၌ဖြစ်သော ဆင်ခြင်သော ကာမကြိယာ
ဖလပစ္စဝေက္ခဏ	အရဟာ ဖလံ အရဟာ-ရဟန္တာပုဂ္ဂိုလ်သည်၊ ဖလံ- အရဟတ္တဖိုလ်	ပစ္စဝေက္ခတိ၊ ရဟန္တာသန္တာန်၌ဖြစ် သောဆင်ခြင်သော ကာမကြိယာ
	နိဗ္ဗာနံ	ပစ္စဝေက္ခတိ။ ရဟန္တာ-မဟာကြိ,ဉာဏ်
	သေက္ခာ ဖလံ သေက္ခတို့သည်၊ ဖလံ-မိမိဆိုင်ရာ သောတာပန်ဖြစ်အံ့ ဖလအရ သော.ဖိုလ် သကဒါဂါမ်ဖြစ်အံ့ ဖလအရ သက.ဖိုလ် အနာဂါမ်ဖြစ်အံ့ ဖလအရ အနာ.ဖိုလ်	ပစ္စဝေက္ခန္တိ၊ သော,သက,အနာဂါမ် တို့သန္တာန်၌ဖြစ်သော ဆင်ခြင်သော မဟာကု,ဉာဏ် ၄
	နိဗ္ဗာနံ	ပစ္စဝေက္ခန္တိ။သေက္ခ-မဟာကု,ဉာဏ်

* သေက္ခပုဂ္ဂိုလ် ၃-ဦးတို့အတွက် ပစ္စဝေက္ခဏာဉာဏ် (၃×၅) ၁၅-ပါး၊

* ရဟန္တာပုဂ္ဂိုလ်အတွက် ပစ္စဝေက္ခဏာဉာဏ် ၄-ပါး၊ စုစုပေါင်း (၁၅+၄)၁၉-ပါး

www.dhammadownload.com

နာမရူပ ပရိစ္ဆေဒဉာဏ်

မြတ်စွာဘုရား အဘိဓမ္မာ(ပဋ္ဌာန်း) ဟောရခြင်း၏အကြောင်း လိုရင်းအချုပ်မှာ သက္ကာယဒိဋ္ဌိ ပြုတ်အောင်ဟောလိုရင်း ဖြစ်ပါသည်။ အဘိဓမ္မာ–ဆိုသည်မှာ ပုဂ္ဂိုလ်လည်းမပါ၊ သတ္တဝါလည်း မပါ။ ပဋ္ဌာန်းကျမ်း၏ အာရမ္မဏပစ္စည်းတွင် "ရူပါရုံက စက္ခုဝိညာဏ်စိတ်အား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြု၏။"ဟု ရုပ်,နာမ်ဓမ္မ ပရမတ္ထသဘောသာ ပါ၏။ ပုဂ္ဂိုလ် သတ္တဝါ သူငါမနော တရားသဘောသာ ထင်ရှားရှိပါပေသည်။ **ရုပ်,နာမ်ဓမ္မကို ပိုင်းခြားသိရသဖြင့် သက္ကာယဒိဋ္ဌိ ပြုတ်ပါသည်**။ ဝိသုဒ္ဓိမဂ်၌လည်း နာမရူပ ပရိစ္ဆေဒဉာဏ်–ဟုခေါ်သော နာမ်နှင့်ရုပ်ကို ပိုင်းခြားသိလျှင် သက္ကာယဒိဋ္ဌိ ပြုတ်သည်ဟု ဟောပါသည်။

ယထာဘူတဉာဏ်

"ရူပါရုံက စက္ခုဝိညာဏ်စိတ်အား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြု၏။"ဟု ရုပ်,နာမ်ဓမ္မ ပရမတ္ထသဘောသာ ပါ၏။ ပုဂ္ဂိုလ် သတ္တဝါ သူငါမနော တရားသဘောသာဟု **"အမှန်ကို အမှန်အတိုင်းသိခြင်း" "အရှိကို အရှိအတိုင်းသိခြင်း"**သည် ယထာဘူတဉာဏ် ဟုခေါ်ပါသည်။ ပရမတ္ထသဘောကို သိခြင်းဖြစ်၍ နာမရူပပရိစ္ဆေဒဉာဏ်ပင် ဖြစ်၏။

ဓမ္မဋ္ဌိတိဉာဏ်

(ဓမ္မ–တရား, ဋ္ဌိတိ–တည်သည့်ဉာဏ်) တရားအပေါ်မှာ တည်သောဉာဏ်၊ ပုဂ္ဂိုလ် သတ္တဝါပေါ်မှာ မမှီပါ။ ရူပါရုံရှိလို့ စက္ခုဝိညာဏ်–မြင်သိစိတ် ဖြစ်၏။ သဒ္ဒါရုံရှိလို့ သောတ ဝိညာဏ်–ကြားသိစိတ် ဖြစ်၏–စသည်ဖြင့် သဘောတရားသက်သက်ပေါ်မှာ မူတည်ပြီးသိသောဉာဏ်သည် ဓမ္မဋ္ဌိတိဉာဏ် ဟုခေါ်ပါသည်။

ပစ္စယ ပရိဂ္ဂဟဉာဏ်

(ပစ္စယ–အကြောင်းတရား, ပရိဂ္ဂဟ–သိမ်းဆည်းသည်, ဉာဏ်–သိခြင်း၊)

အကြောင်းတရားကို သိမ်းဆည်းပြီး သိသောဉာဏ်သည် ပစ္စယပရိဂ္ဂဟဉာဏ် ဟုခေါ်ပါသည်။ ရူပါရုံနှင့် စက္ခုဝိညာဏ်တို့တွင် ရူပါရုံက အကြောင်းတရား စက္ခုဝိညာဏ်က အကျိုးတရားဟု သိ၏။ စက္ခုဝိညာဏ်စိတ်သည် ရူပါရုံကြောင့် ဖြစ်ရပါသည်။ ရူပါရုံရှိလို့သာဖြစ်ရသည်၊ ရူပါရုံ မရှိလျှင် စက္ခုဝိညာဏ် မရှိနိုင်ဟု အကြောင်း–အကျိုး အမှန်အတိုင်းကို သိသောဉာဏ်သည် ပစ္စယ ပရိဂ္ဂဟဉာဏ်ဟု ခေါ်ပါသည်။

www.dhammadownload.com

ငြိမ်းစေနိုင်သောနည်း

* သိရမည့်အပိုင်း– ဉာတပရိညာ– သစ္စဉာဏ်

မြတ်စွာဘုရားက အာရမ္မဏပစ္စည်းမှာ သက္ကာယဒိဋ္ဌိ ပြုတ်အောင်ကိုပဲ– 'ငါ မြင်တယ်' 'ငါ ကြားတယ်' 'ငါ နံတယ်' 'ငါ စားတယ်' ငါ ထိတယ်' 'ငါ ကြံသိတယ်' မဟုတ်။ ရူပါရုံကြောင့် စက္ခုဝိညာဏ်ဖြစ်တယ်၊ သဒ္ဒါရုံကြောင့် သောတဝိညာဏ်ဖြစ်တယ်၊ ဂန္ဓာရုံကြောင့် ဃာနဝိညာဏ်ဖြစ်တယ်၊ ရသာရုံကြောင့် ဇိဝှါဝိညာဏ်ဖြစ်တယ်၊ ဖောဋ္ဌဗ္ဗာရုံကြောင့် ကာယဝိညာဏ်ဖြစ်တယ်၊ ဓမ္မာရုံကြောင့် မနောဝိညာဏ် ဖြစ်တယ်–ဟု အာရုံ ၆–ပါးအားခွဲခြား၍ ဟောတော်မူပါသည်။ ဤကဲ့သို့ ဝိညာဏ်စိတ်ကို ပိုင်းခြား၍သိခြင်းသည် 'ဉာတပရိညာ' ခေါ်ပါသည်။ ရုပ်,နာမ်ဓမ္မစသည် ပရမတ္ထတရားတို့၏ သဘောလက္ခဏာများကို အမှန်သိမြင်နိုင်ခြင်းသည် 'သစ္စဉာဏ်'၏ သိရမည့်အပိုင်း ဖြစ်ပါသည်။

* ပြုကျင့်ရမည့်အပိုင်း– တီရဏပရိညာ– ကိစ္စဉာဏ်

ထိုဝိညာဏ် ၆–ပါးသည်လည်း မမြဲပါ။ စက္ခုဝိညာဏ်သည် မြင်သည့်အခိုက်သာဖြစ်ပြီး ထိုအခိုက်တွင် သောတဝိညာဏ်စသည်တို့ မဖြစ်ကြပါ။ သောတဝိညာဏ်သည် ကြားသည့်အခိုက်သာဖြစ်ပြီး ထိုအခိုက်တွင် စက္ခုဝိညာဏ်စသည်တို့ မဖြစ်ကြ, မရှိ။ ထိုသို့ ဝိညာဏ်စိတ်တို့ တစ်ပြိုင်နက်မဖြစ်ကြပါ။ ဝီထိစိတ်သဘောအရ– တစ်ခု ဖြစ်,ပျက်ပြီးမှ နောက်အသစ်တစ်ခု ဖြစ်ပြီး,ပျက်၏။ ထိုသို့ ကြိမ်ဖန်များစွာ ရုပ်,နာမ်ဓမ္မစသည် ပရမတ္ထတရားတို့ကို ဆင်ခြင်ပြီး သိမှုလေးတွေ၏ အပျက်၊ ဖြစ်ပြီး ပျက်၊ အကြောင်းကြောင့်ဖြစ်လာတယ်၊ ဖြစ်လာတဲ့တရားများ ဖြစ်ပြီး–ပျက်သွားသည်ကို သိပေးသိပေးနေခြင်းသည်ပင် ပြုကျင့်ပေးနေခြင်း 'တီရဏပရိညာ'အားဖြင့် အာရုံ–အာရမ္မဏိကတို့၏ ဆိုင်ရာလုပ်ငန်းကို သိသောဉာဏ် 'ကိစ္စဉာဏ်' ဖြစ်ပေါ်နေခြင်း ဖြစ်ပါသည်။

* ပယ်ပြီးသွားတဲ့အပိုင်း– ပဟာနပရိညာ– ကတဉာဏ်

ရုပ်,နာမ်ဓမ္မစသည် ပရမတ်တရားတို့ကို ဆင်ခြင်ပြီး သိမှုလေးတွေ၏ အပျက်၊ ဖြစ်ပြီး ပျက်၊ 'အနိစ္စ'–မမြဲတဲ့တရား → မမြဲတဲ့တရားဆိုတာ 'ဒုက္ခ'ဟုသိလာလျှင် အနိစ္စထင်တာနဲ့ ဒုက္ခမြင်။ မမြဲသော–အနိစ္စသဘော ဆင်းရဲသော–ဒုက္ခသဘောတို့ကို → မိမိက အစိုးမရသဖြင့် **'အနတ္တ'**ဆိုသည့် သဘောလက္ခဏာ ထင်ရှားလာပါသည်။

www.dhammadownload.com

"မမြဲသော–အနိစ္စ၊ ဆင်းရဲသော–ဒုက္ခ၊ အစိုးမရသော–အနတ္တ' လက္ခဏာရေး ၃–ပါး တို့၏ သဘောလက္ခဏာများကို သိမြင်နိုင်ခြင်းသည် 'သစ္စဉာဏ်'နှင့် အာရုံ–အာရမ္မဏိက တို့၏ ဆိုင်ရာလုပ်ငန်းကို သိသောဉာဏ်၊ ဖြစ်မှု၊ပျက်မှုတို့ကို ထပ်ခါထပ်ခါသိနေသော ကိစ္စဉာဏ်တို့ ရင့်သန်ပြည့်စုံလာခြင်း (သစ္စာလေးပါးတို့၌ အလုပ်စခန်းပြီးမြောက်ပြီဟု သိသောဉာဏ်)သည် 'ကတဉာဏ်' ဖြစ်ပေါ်နေခြင်း ဖြစ်ပါသည်။

လက္ခဏာရေး ၃–ပါး ထင်လာသောအခါ 'ငါပဲ၊ သူပဲ'စသည် 'မာန'တွေ မရှိ နိုင်တော့၊ ခန္ဓာကြောင့်၊ ပစ္စည်းဥစ္စာကြောင့် မာနမရှိနိုင်တော့ခြင်းသည် မာနကိုပယ်ခြင်း ဖြစ်ပါသည်။ အတိုက်ခာတ်–အခံခာတ်–အပွင့်ခာတ်၊ အာရုံနှင့် အာရမ္မဏိကတို့၏ဆိုင်ရာ လုပ်ငန်းကို သိသောဝိညာဏ်၏ အပျက်၊ ဖြစ်ပြီး ပျက်သွားသည်ကို သိ,သိလာ သဖြင့် ဝိညာဏ်ကိုတွယ်တာသော 'လောဘ'၊ အထင်မှားသော 'သက္ကာယဒိဋ္ဌိ'တို့ မရှိနိုင်တော့ပါ။ ဤကဲ့သို့ 'လောဘ, မာန, ဒိဋ္ဌိ'တို့ပယ်ခြင်းကို 'ပဟာနပရိညာ'ဟု ခေါ်ပါသည်။

ပဋ္ဌာန်း အာရမ္မဏပစ္စည်း မေတ္တာပို့ ဆုတောင်းဘုရားရှိခိုး

အာရမ္မဏပစ္စယော– သတ္တဝါအားလုံး မကောင်းသော ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံတို့နှင့် မတွေ့ကြုံကြဘဲ၊ ကောင်းမြတ်သော အာရုံများ နှင့်သာ တွေ့ကြုံကြ၍၊ ကောင်းမြတ်သော အကျိုးတရားတို့ကိုသာ ရရှိခံစားနိုင်ကြပါစေ။

ကောင်းသော အာရုံ၊ မြဲတွေ့ကြုံ၊ အစဉ်ဆုံဆည်းရပါစေသော်။

အာရမ္မဏပစ္စယော– တောင်ဝှေးကြိုးတန်း၊ သူမစွမ်းကို၊ မပန်းရလေ၊ ထိုင် ထ စေဖို့၊ စိတ်စေလေးတန်၊ နာမက္ခန်ကို၊ ဖြစ်ဟန်တူစွာ၊ ရစ်သဘာတွင်၊ ဆွဲထောက်ရာအာရုံ၏ အဖြစ်တည်းဟူသော အာရမ္မဏသတ္တိထူးဖြင့် ကျေးဇူးပြုခြင်းလက္ခဏာရှိသော အာရုံ ၆–ပါးပစ္စည်းတရားသည်၊ အတ္ထိ– ပုဂ္ဂိုလ်,သတ္တဝါ၊ သူငါမနော၊ တရားသဘောသာ၊ ထင်ရှားရှိပါပေသည်တကား။

ဣတိ– ဤသို့၊ ဗောဓေန္တံ– သဗ္ဗညုတာ၊ ဉာဏ်တော်သာဖြင့်၊ ဦးစွာကျွန၊ သိပြီး မှလျှင်၊ များလှဝေနေ၊ သိစေတော်မူသော၊ မြတ်စွာဘုရားကို၊ ဝန္ဒာမိ– ဂုဏ်တော်ထုံမွမ်း၊ ပုံတော်မှန်းလျက်၊ ချီးမွမ်းထောမနာ၊ ပဏာရိကျိုး၊ လက်စုံမိုး၍၊ ရှိခိုးကန်တော့ပါ၏ ဘုရား။

UK-2020(COVID-19)

အာရမ္မဏပစ္စည်း ပြီး၏။

www.dhammadownload.com

"နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"

၃။ အဓိပတိပစ္စည်း

အဓိပတိမည်ခြင်းအကြောင်း

မိမိနှင့်စပ်၍ ဖြစ်ခြင်းရှိကုန်သော တရားတို့ကို အစိုးရသည်၏အစွမ်းအားဖြင့် စောင့်ရှောက်တတ်သောကြောင့် 'အဓိပတိ' မည်၏။

အဓိပတိပစ္စည်း

အကြီးအမှူးအဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရားတို့သည် 'အဓိပတိပစ္စည်း' မည်၏။

စကြာဝတေးမင်းသည် လေးကျွန်းစလုံးကို ပြိုင်ဘက်မရှိ တစ်ဦးတည်း ကြီးမှူး အုပ်စိုးသကဲ့သို့ ဖြစ်ပေါ်ဖြစ်ဘက်တရားတို့အပေါ် အကြီးအမှူး ဦးစီးခေါင်းဆောင်ဖြစ် သောတရားတို့သည် 'အဓိပတိပစ္စည်း' မည်၏။

အဓိပတိသည် 'အာရမ္မဏာဓိပတိ', 'သဟဇာတာဓိပတိ'ဟူ၍ မျိုးကွဲရှိပါသည်။

အဓိပတိနှင့်ဣန္ဒြိယ အထူး

* အဓိပတိသည် ပြိုင်ဘက်မရှိအလွန်ကြီးမားလှသဖြင့် စကြာဝတေးမင်းနှင့် တူသည်။ ဣန္ဒြိယမှာ ပဒေသရာဇ်မင်းတို့နှင့် တူပါသည်။ (တစ်နည်း) အဓိပတိသည် ရှင်ဘုရင် နှင့်တူ၍၊ ဣန္ဒြိယသည် မှူးမတ်စသည်တို့နှင့် တူပါသည်။
* မိမိမှတစ်ပါးသော အဓိပတိတရားတို့၏ အဓိပတိအဖြစ်ကိုတားမြစ်၍ မိမိသာလျှင် အကြီးအမှူး၏အဖြစ်အဖြင့် အစိုးရသောအဖြစ်သည် အဓိပတိပစ္စည်း မည်၏။ မိမိမှတစ်ပါးသော ဣန္ဒြေတရားတို့၏ ဣန္ဒြေအဖြစ်ကို မတားမြစ်မူ၍ အစိုးရသော အဖြစ်သည် ဣန္ဒြိယပစ္စည်း မည်၏။

အဓိပတိပစ္စည်းမှတ်ဖွယ်– ဟေတုပစ္စည်း၌ ဟိတ် ၁-ပါးသည်လည်းကောင်း, ၂-ပါး, ၃-ပါး သည်လည်းကောင်း တစ်ပြိုင်နက် ပစ္စည်းပြိုင်၍ ပစ္စည်းအဖြစ်ဖြင့် နေနိုင်ကြသကဲ့သို့ (ခန္ဓာဝါရဖွဲ့ပုံ၌) နာမ်အာဟာရ, သဟဇာတိန္ဒြိယ, ဈာန, မဂ္ဂတို့၌လည်း ၁-ပါး ၂-ပါး စသော အစိပ်အစိပ်သောပစ္စည်းတရားတို့သည်လည်းကောင်း၊ ၃-ပါး, ၅-ပါး, ၈-ပါးသော အပေါင်း ပစ္စည်းတရားတို့သည်လည်းကောင်း တစ်ပြိုက်နက်ပစ္စည်းအဖြစ်ဖြင့် နေနိုင်ကြ၏။ **"စကြာဝတေးမင်း"**သဖွယ်ဖြစ်သော သဟဇာတာဓိပတိ၌ကား 'အဓိပတိ ကောဝလဇ္ဈတိ' အရ ဟေတုစသည်တို့ကဲ့သို့ ၂-ပါး, ၃-ပါး, ၄-ပါး ပစ္စည်းအဖြစ်ဖြင့် နေနိုင်ခွင့် မရှိ။

[ပဋ္ဌာန်းပါဠိရဂူကျမ်း]

www.dhammadownload.com

အာရမ္မဏာ၏အခြားမဲ့၌ အဓိပတိပစ္စည်း ဟောရခြင်း

ဟေတုပစ္စယော–ဟူသောပုဒ်ဖြင့် ဧကဒေသအားဖြင့် သဟဇာတ အာရမ္မဏိက တရားတို့ကိုညွှန်ပြတော်မူရာ အဆိုပါ သဟဇာတ အာရမ္မဏိကတရားတို့သည် အလေးအမြတ်သာလျှင် ပြုတတ်ကုန်သလော (ထိုသို့မဟုတ်) အလေးအမြတ် မပြုကြသော တရားသာလျှင် ဖြစ်ကြလေကုန်သလောဟူသော ယုံမှားသံသယသည် ဖြစ်ခဲ့ရာ၏။

ထို့အတူ အာရမ္မဏပစ္စယော–ဟူသောပုဒ်ဖြင့် အလုံးစုံသော အာလမ္ဗိတဗ္ဗတရားတို့ကိုညွှန်ပြတော်မူရာ အဆိုပါ အာလမ္ဗိတဗ္ဗတရားတို့သည် အလေးအမြတ်သာလျှင် ပြုတတ်ကုန်သလော (ထိုသို့မဟုတ်) အလေးအမြတ် မပြုကြသော တရားသာလျှင် ဖြစ်ကြလေကုန်သလောဟူသော ယုံမှားသံသယသည် ဖြစ်ခဲ့ရာ၏။

ထို့ကြောင့် ယင်းသို့ညွှန်ပြအပ်ကုန်သောတရားတို့တွင် အချို့သောတရားတို့သည် အလေးအမြတ်ပြုတတ်ကုန်၍၊ အချို့သောတရားတို့သည် အလေးအမြတ် မပြုတတ်ကုန်ဟူ၍ခွဲခြားဝေဖန်၍ ယခင် ယုံမှားသံသယတို့ကို ပယ်ဖျောက်ခြင်းအကျိုးငှာ အာရမ္မဏပစ္စည်း၏ အခြားမဲ့၌ အဓိပတိပစ္စည်းကိုသာ ဟောတော်မူပါသည်။

[ဟံသာဝတီဆင်ဖြူများရှင်လက်ထက်၊ အသျှင်သဒ္ဓမ္မာလင်္ကာရ၏ 'ပဋ္ဌာနသာရဒီပနီဋီကာ']

ပဋ္ဌာန်းကျမ်းမှာ မြတ်စွာဘုရားသည် ပထမဆုံး ဟေတုပစ္စည်းကို ဟောပါသည်။ 'ဟေတုပစ္စယော'ဟု ဟောလိုက်သည်နှင့် ဉာဏ်ကြီးသူများသည် တစ်လောကလုံးမှာ ဟိတ် ၆–ပါးကြောင့် ရုပ်,နာမ်တရားများဖြစ်ပေါ်နေပုံကို အကျယ်ချဲ့၍သိကြရသည်။ ဟေတုသည် သဟဇာတမျိုးဖြစ်၍ အတူတကွဖြစ်သောတရားများကို ကျေးဇူးပြုသည်။ ဉပမာ– လောဘဖြစ်လျှင် လောဘနှင့်အတူတကွဖြစ်သော စိတ်,စေတသိက်,စိတ္တဇရုပ်တရားတို့ကို ကျေးဇူးပြုပါသည်။ လောဘနှင့်အတူမဖြစ်သော ဒေါသစသည်နှင့်အတူဖြစ်သောတရားတို့ကို ကျေးဇူးမပြုပါ။ *(အဓိပတိတွင် သဟာဓိသည် ဤသဘော)*

'ဟေတုပစ္စယော'နှင့် မကျွတ်နိုင်သေးသောသူများသည်လည်း 'အာရမ္မဏပစ္စယော' ဟုဟောသဖြင့် တစ်လောကလုံးဖြစ်ပျက်နေသောရုပ်နာမ်များသည် အာရုံ ၆–ပါးကြောင့် ဖြစ်ပေါ်နေကြပုံကို ဉာဏ်ကြီးသူများ ဆင်ခြင်သိမြင်ကြသည်။ အာရမ္မဏပစ္စည်းတွင် အာရုံက အကြောင်းတရား၊ အာရုံကိုအာရုံပြုသော စိတ်,စေတသိက်တို့က အာရမ္မဏိက အကျိုးတရားဖြစ်ရသည်။ အာရုံ(အကြောင်း)နှင့် အာရမ္မဏိက(အကျိုး)တရားတို့သည် အတူတကွဖြစ်သည် မဆိုနိုင်ပါ။ ဉပါဒ်,ဋ္ဌီ,ဘင်အားဖြင့် အတူတကွပြိုင်၍ မဖြစ်။

ဤသို့ သဟဇာတမျိုးနှင့် အာရမ္မဏမျိုး အများကြီးကွာခြားနေသော်လည်း–

ဤ အဓိပတိပစ္စည်း၌ ဆန္ဒာဓိပတိ–စသည် သဟဇာတာဓိပတိမျိုးနှင့် 'ယံ ယံ ဓမ္မံ' စသည် အာရမ္မဏာဓိပတိမျိုးကို ဟောကြားထားတော်မူခဲ့ပါသည်။

www.dhammadownload.com

ပဉ္စာဝါရဝိဘင်္ဂ အဓိပတိပစ္စည်း(ရာသီ) [(အာဓိ-၇)+(သဟာဓိ-၇)] ၁၀-ချက်

ကု	ကု	အာ-ဟ	အကု	အကု	အာ-ဟ	ဗျာ	ဗျာ	အာ-ဟ
	အကု	အာ		ကု(×)	× ×		ကု	အာ
	ဗျာ	အာ-ဟ		ဗျာ	ဟ		အကု	အာ
	ကုဗျာ	ဟ		အကုဗျာ	ဟ			

အမျိုးဇာတ်၊ ကာလ၊ ဘုံဌာန

▲ အဓိပတိပစ္စည်း ၂-ပါးတို့တွင်- 'အာရမ္မဏာဓိပတိ'သည် အာရမ္မဏအမျိုးဇာတ်၊ 'သဟဇာတာဓိပတိ'သည် သဟဇာတအမျိုးဇာတ်ဖြစ်၍ မျိုးကွဲရှိသောပစ္စည်း ဖြစ်ပါသည်။

▲ အဓိပတိပစ္စည်းသည် ပဝတ္တိကာလ၌သာဖြစ်သည်။ (မိ,ပု,အာသေ သန္ဓေ ×) ပစ္စုပ္ပန်,အတိတ်,အနာဂတ် ကာလသုံးပါးတို့တွင်- စိတ်,စေတသိက်,ရုပ်တို့၏အစွမ်းဖြင့် ကာလ ၃-ပါးတို့၌ဖြစ်၍၊ နိဗ္ဗာန်၏အစွမ်းအားဖြင့် ကာလ ၃-ပါးမှလွတ်ပါသည်။ ထို့ကြောင့် အဓိပတိပစ္စည်းသည် တေကာလိက, ကာလဝိမုတ်ပစ္စည်း ဖြစ်ပါသည်။

▲ အဓိပတိပစ္စည်းသည် ၃၁-ဘုံလုံး၌ ဖြစ်နိုင်ပါသည်။

အမျိုးဇာတ်နှင့် အကြောင်း-အကျိုးတရား

ပဋ္ဌာန်းကျမ်းတွင် အကြောင်းတရား အကျိုးတရား ယှဉ်ပုံသည် အမျိုးဇာတ်ပေါ် မူတည်၍ မတူကွဲပြား ကြပါသည်။ 'အဓိပတိပစ္စယောတိ'ဟု ဆိုရာတွင်-

* သဟဇာတာဓိပတိသည် မိမိနှင့်<u>**အတူတကွဖြစ်**</u>သောတရားများကိုသာ ကျေးဇူးပြု၏။

* အာရမ္မဏာဓိပတိသည် ပစ္စည်း-အာရုံက အကြောင်း၊ အာရုံကို အာရုံပြုပြီးဖြစ်သော အာရမ္မဏိကတို့က အကျိုးတရား၊ ထို အာရုံ,အာရမ္မဏိကတရားတို့သည် <u>**အတူတကွ ဖြစ်သည်ဟု မဆိုနိုင်ချေ။**</u> ရူပါရုံသည် စက္ခုဝိညာဏ်ထက် ရှေးဦးစွာဥပါဒ်ပြီး မချုပ်သေးဘဲ ပစ္စုပ္ပန်အနေဖြင့် ဌီအခိုက်မှာတည်နေပြီးကျေးဇူးပြုသောပစ္စည်း ဖြစ်ပါသည်။

သာဓိပတိဇော (ဆန္ဒ၊ ဝီရိယ၊ စိတ္တ) ၅၂-ပါး 8-2-./-/8-8-./9-9-./4-4

လောဘမူ-၈၊ ဒေါသမူ-၂၊ ကုသိုလ်-၂၁၊ ဟသိတုပ္ပါဒ်ကြဉ်ကြိယာဇော-၁၇၊ ဖိုလ်-၄ သာဓိပတိဇော ၅၂-ပါး။ (ဇော-၅၅ မှ ဟသိနှင့်မော ၂ ကြဉ်ပါ။)

သာဓိပတိဇော (ဝီမံသာဓိပတိ) ၃၄-ပါး × × 4 4 ✓ ✓ ✓ ✓ 8-2-./-/8-8-./9-9-./4-4

မဟာကု/ကြိ-ဉာဏသမ္ပယုတ်-၈၊ မဟဂ္ဂုတ်ကု/ကြိ-၁၈၊ မဂ်, ဖိုလ် ၈-ပါးတို့သည် သာဓိပတိ တိဟိတ်ဇော ၃၄-ပါး ဖြစ်ပါသည်။

www.dhammadownload.com

အဓိပတိ ကောန်, အနေကာန်

စဉ်	အဓိပတိကောန်	အနေကာန်
၁။	ကုသိုလ်ကောန် မဟဂ္ဂုတ်ကု-၉၊ မဂ်-၄၊ ဇော-၃၈၊	အဓိပတိပစ္စည်းကိုရသောခါ မဟာကုသိုလ်-၈၊ ဇော-၃၈
၂။	အကုသိုလ်ကောန် မိစ္ဆတ္တနိယတတရား အမိကိုသတ်ခြင်း၊ အဖကိုသတ်ခြင်း၊ ရဟန္တာကိုသတ်ခြင်း၊ ဘုရားကို သွေးစိမ်းတည်အောင်ပြုခြင်း၊ သံဃာကိုသင်းခွဲခြင်း၊	လောဘမူ-၈၊ ဒေါသမူ-၂၊ ဝိစိကိစ္ဆာကြဉ်ဇော-၂၆၊
၃။	အဗျာကတကောန် မဟဂ္ဂုတ်ကြိယာ-၉၊ ဖိုလ်-၄၊ ဇော-၃၈၊	မဟာကြိယာ-၈၊ ဇော-၃၅၊

သဟဇာတာဓိပတိ၌

တပ်ခိုက် = အဓိပတိကိစ္စတပ်လျှင် တပ်ခိုက်ဟု ခေါ်ပါသည်။
အဓိပတိပစ္စည်းကို ရသောအခါ- မဟာကု-၈၊ လောဘမူ-၈၊ ဒေါသမူ-၂၊ မဟာကြိ-၈၊ ဇောများသည် အဓိပတိပစ္စည်း ရ၏။

မတပ်ခိုက် = အဓိပတိကိစ္စမတပ်သောအခါ မတပ်ခိုက်ဟု ခေါ်ပါသည်။
အဓိပတိပစ္စည်းကို မရသောအခါ- မဟာကု-၈၊ လောဘမူ-၈၊ ဒေါသမူ-၂၊ မဟာကြိ-၈၊ ဇောများသည် အဓိပတိပစ္စည်း မရပါ။

∴ကာမဇော-၂၆ ရှိ ပစ္စည်းများသည် အဓိပတိပစ္စည်းရ/မရ ရှိ၍ **အနေကာန်** ဖြစ်ပါသည်။

တပ်နေ = အဓိပတိကောန်ရသော မဟဂ္ဂုတ်ကု-၉၊ မဟဂ္ဂုတ်ကြိ-၉၊ မဂ်-၄၊ ဖိုလ် ၄-ပါး အပ္ပနာဇော-၂၆ ပါး တို့သည် **ကောန်** အဓိပတိကိစ္စ တပ်မှဖြစ်နိုင်သည်။ ကောန် အဓိပတိကိစ္စတပ်မှ ဖြစ်နိုင်၍ "တပ်နေ"ဟု ဆိုရပါသည်။

မတပ်နေ= အဓိပတိတရားကိုယ် ကောန်မရသော မော-၂၊ အဟိတ်ကြိ-၃၊ ကာဝိပါက်-၂၂ ပေါင်း ၂၇-ပါးနှင့် ပဋိသန္ဓေ(ဝိပါက်)စိတ်တို့သည် မည်သည့်အခါမှ အဓိပတိကိစ္စ မတပ်နိုင်ကြ၍ "မတပ်နေ"ဟု ဆိုရပါသည်။

'သာဓိပတိဇော'- အဓိပတိနှင့်တကွဖြစ်သောဇောကိုခေါ်၏။)(၅၅-မောဒွေ,ဟသိ)

အဓိပတိတရားကိုယ်ကြဉ်ရခြင်း- သဟဇာတာအဓိပတိ၏ ပစ္စယုပ္ပန်ဆိုင်ရာဆိုရိုး၌ အဓိပတိတပ်ခိုက် တပ်နေ အဓိပတိတရားကိုယ်တို့သည် အဓိပတိပစ္စည်းသာ ဖြစ်၍ အဓိပတိပစ္စယုပ္ပန် မဖြစ်နိုင်သောကြောင့် အဓိပတိတရားကိုယ်ကို ကြဉ်ရလေသည်။
* ဝိစိကိစ္ဆာစေတသိက်သည် မောဟမူစိတ်၌သာယှဉ်၍ ကြဉ်ရပါသည်။

သာဓိပတိစိတ္တဇရုပ်

သာဓိပတိဇောနာမက္ခန္ဓာတို့သည် ယထာရဟာဖြစ်စေအပ်သော စိတ္တဇရုပ်တို့ကို 'သာဓိပတိစိတ္တဇရုပ်'ဟု ခေါ်ပါသည်။

www.dhammadownload.com

ပစ္စယနိဒ္ဒေသ (သဟဇာတာဓိပတိ)

ပစ္စည်း(ကတ္တား)	ပစ္စယုပ္ပန်(သမ္ပဒါန်)	သဘာဂ(ကရိုဏ်း)
ဆန္ဒာဓိပတိ 69	**ဆန္ဒသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ**	ပြိုင်,ယထာ ၉ ကြီး၊ လတ် ဓိ
သာဓိပတိဇော-၅၂ ခုဒ္ဒိရှိသော ဆန္ဒာဓိပတိ	သာဓိပတိဇော ၅၂-ခု၊ ဆန္ဒ,ဝိစိကြဉ် စေ-၅၀၊ သာဓိပတိစိတ္တဇရုပ်၊	
ဝီရိယာဓိပတိ 73	**ဝီရိယသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ**	ပြိုင်,ယထာ ၁၁ ကြီး၊ လတ် ဓိ၊ ဣ၊ မဂ်
သာဓိပတိဇော-၅၂ ခုဒ္ဒိရှိသော ဝီရိယာဓိပတိ	သာဓိပတိဇော-၅၂ ခု၊ ဝီရိယ,ဝိစိကြဉ် စေ-၅၀၊ သာဓိပတိစိတ္တဇရုပ်၊	
စိတ္တာဓိပတိ 89/121	**စိတ္တသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ**	ပြိုင်,ယထာ ၁၁ ကြီး၊ လတ် ဓိ၊ ဟာ ဣ၊
သာဓိပတိဇော-၅၂ ခုဒ္ဒိရှိသော စိတ္တာဓိပတိ	ဝိစိကိစ္ဆာကြဉ်သော စေတသိက်-၅၁၊ သာဓိပတိစိတ္တဇရုပ်၊	
ဝီမံသာဓိပတိ 47 × × 4 4 ✓ ✓ ✓ ✓ 8-2-./-/8-8-./9-9-./4-4	**ဝီမံသသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ**	ပြိုင်,ယထာ ၁၂ ကြီး၊ လတ် ဟေ၊ဓိ၊ဣ၊ မဂ်
သာဓိပတိတိဟိတ်ဇော-၃၄ ခုဒ္ဒိရှိသော ဝီမံသာဓိပတိ	သာဓိ-တိဟိတ်ဇော-၃၄ ခု၊ ဝီမံသကြဉ်စေ-၃၇၊ သာဓိပတိစိတ္တဇရုပ်၊	

သဟဇာတာဓိပတိသည် တကွဖြစ်ဘက်တရားများအပေါ်တွင် အပြင်းအထန်လွှမ်းမိုးပြီး တစ်ဦးတည်းအနေနှင့်ပြိုင်ဘက်မရှိ အစိုးရသောပစ္စည်း ဖြစ်သည်။ စကြာဝတေးမင်းသည် တစ်ဦးတည်းသောအရှင်သခင်ဖြစ်ပြီး မင်းငယ်များက ဩဇာခံ၍လိုက်နာရသကဲ့သို့ ဆန္ဒစသောအဓိပတိတရားကိုယ် ၄-ပါးတို့တွင် တစ်ပါးပါးက လွှန်ကဲလျှက် အကြောင်းပစ္စည်းတရားဖြစ်နေလျှင် ဝီရိယစသော ၃-ပါးနှင့်တကွ သမ္ပယုတ်ဖြစ်သော နာမ်ခန္ဓာ, ရုပ်ခန္ဓာတို့သည် ဆန္ဒ၏နောက်လိုက်ဖြစ်၍ အကျိုးပစ္စယုပ္ပန်တရားဖြစ်ရသော သဘောသတ္တိ ရှိ၏။

* ဉာဏဝိပ္ပယုတ်စိတ်နှင့် အကုသိုလ်စိတ်များတွင် ဝီမံသာ မရ၍ အဓိပတိတရားကိုယ် ၃-ပါးသာ ရပါသည်။ ဉာဏသမ္ပယုတ်စိတ်နှင့် မဟဂ္ဂုတ်စိတ်, လောကုတ္တရာစိတ်များတွင် ဝီမံသာ ရ၍ အဓိပတိတရားကိုယ် ၄-ပါးလုံး ရ၏။
* တစ်ပါးတည်းအရှင်သခင်အဖြစ် ကျေးဇူးပြုသဖြင့် တစ်ပါးပါးသာ ကောက်ရ၏။

www.dhammadownload.com

* ပစ္စည်းတရားသည် ဆန္ဒစသည့်တစ်ပါးပါးသာရှိသဖြင့် ပစ္စယုပ္ပန်၌ အဓိပတိတရားကိုယ် ကြဉ်ရပါမည်။ (ပစ္စည်း တစ်ပါးတည်းကသာ သမ္ပယုတ်ဖြစ်သော တရားများကို ကျေးဇူးပြု၏။ ထိုပစ္စည်းအဓိပတိသည်လည်း မိမိကိုယ်ကိုပြန်ပြီး အဓိပတိကိစ္စဖြင့် ကျေးဇူးမပြုနိုင်၍ ပစ္စယုပ္ပန်၌ ကြဉ်၏။)

ဆန္ဒာဓိပတိ– အဓိပတိထိုက်သောဆန္ဒ (ဆန္ဒဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ)

ဆန္ဒာဓိပတိပစ္စည်းမှာ ဆန္ဒသမ္ပယုတ္တကာနံ ဓမ္မာနံ–အရ သာဓိပတိဇော ၅၂–ခု၊ ဆန္ဒ,ဝိစိကြဉ် စေတသိက်–၅၀ ရပါသည်။

သဂြိုလ်မှာ ဆန္ဒသည် အဟိတ်နှင့်မောဟမူ ကြဉ်သောစိတ် ၆၉–ပါး၌ယှဉ်ပါသည်။ ထို ၆၉–ပါးလုံးသည် အဓိပတိထိုက်သည် မဆိုနိုင်ပါ။ အဓိပတိသည် ဒွိဟိတ်ဇော, တိဟိတ်ဇော (သာဓိပတိဇော)၅၂–ပါးတို့၌သာ အဓိပတိထိုက်ပါသည်။ အရတရား အရ အဓိပတိထိုက်သောဆန္ဒနှင့် အဓိပတိမထိုက်သောဆန္ဒတို့ကို သိနိုင်ပါသည်။

အဓိပတိထိုက်သောဆန္ဒ–သည် (ဘုရားအလောင်းစသော)ပုဂ္ဂိုလ်ထူးတို့၏သန္တာန်မှာဖြစ်ခြင်းသည် အထူးထင်ရှားလှပါသည်။ ဘုရားအလောင်းများ၏ဖြစ်စဉ် ၅၅၀–ဇာတ်တော်တို့၌ ဘုရားဖြစ်ချင်သည့်ဆန္ဒအလျောက် လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်း အသက်နှင့်ခန္ဓာကိုယ်ကို မငဲ့ညှာဘဲ ပါရမီတော်များကို ဖြည့်ကျင့်တော်မူနိုင်ခဲ့ပါသည်။ သတ္တဝါများကိုကယ်တင်လိုသော ဘုရားဖြစ်ချင်သည့် 'ဆန္ဒ'၏အဓိပတိထိုက်ပုံ ဖြစ်ပါသည်။ ယနေ့ခေတ် လေယာဉ်ပျံ, တယ်လီဖုန်း–စသည်ထူးဆန်းသောပစ္စည်းရုပ်ဝတ္ထုတို့သည်လည်း တီထွင်ဆန်းသစ်သူ၏ ဆန္ဒာဓိပတိပစ္စည်း၏ကျေးဇူးပြုမှု ဖြစ်ပါသည်။

တံသမုဋ္ဌာနာနဥ္စ ရူပါနံ–အရ ဆန္ဒနှင့်ယှဉ်သောစိတ်,စေတသိက်တို့ကြောင့်ဖြစ်ကုန်သော သာဓိပတိစိတ္တဇရုပ်တို့ ဖြစ်ပါသည်။ *(ကြွင်းအဓိပတိများ ဤနည်းတူ–)*

ဆန္ဒနှင့် လောဘ အထူး

* ငြိကပ်တွယ်တာ တပ်မက်မှု မပါသော လိုချင်မှုသည် 'ဆန္ဒ' မည်ပါသည်။
'ဆန္ဒ'သည် အဓိပတိထိုက်ပါသည်။
ပကိဏ်းစေတသိက်ဖြစ်၍ ကုသိုလ်/အကုသိုလ်နှင့် ယှဉ်တွဲဖြစ်နိုင်ပါသည်။
* ငြိကပ်တွယ်တာ တပ်မက်မှုပါသော လိုချင်မှုသည် 'လောဘ' မည်ပါသည်။
'လောဘ'သည် အဓိပတိ မထိုက်ပါ။ အကုသိုလ်သက်သက်သာ ဖြစ်နိုင်ပါသည်။

"လောဘသည် ဆိုးလှသည်"ဆိုသော်လည်း ပဋ္ဌာန်းသဘောအရ အဓိပတိထိုက်သော "ဆန္ဒ"လောက် မဆိုးပါ။ ဆန္ဒသည် ကမ္ဘာကြီးမျိုးပြုတ်လောက်အောင် ကြောက်စရာပါ။

www.dhammadownload.com

ဝီရိယာဓိပတိ– အဓိပတိထိုက်သောဝီရိယ

ဝီရိယာဓိပတိပစ္စည်းမှာ ဝီရိယသမ္ပယုတ္တကာနံ ဓမ္မာနံ–အရ သာဓိပတိဇော ၅၂–ခု၊ ဝီရိယ,ဝိစိကြဉ် စေတသိက်–၅၀ ရပါသည်။

သဂြိုလ်မှာ ဝီရိယသည် အဝီရိယစိတ် ၁၆–ပါးကြဉ်သောစိတ် ၇၃–ပါး၌ယှဉ်ပါသည်။ ထို ၇၃–ပါးလုံးသည် အဓိပတိထိုက်သည် မဆိုနိုင်ပါ။ အဓိပတိသည် ဒွိဟိတ်ဇော, တိဟိတ်ဇော (သာဓိပတိဇော)၅၂–ပါးတို့၌သာ အဓိပတိထိုက်ပါသည်။ အရတရားအရ အဓိပတိထိုက်သောဝီရိယနှင့် အဓိပတိမထိုက်သောဝီရိယတို့ကို သိနိုင်ပါသည်။

× × × × ✓ ✓ ✓ ✓ ✓ ✓ ✓ ✓
တိ န ဒ [ပ စ သံ ဏ] [ဝု ဓ ဓ ဓ ဓ ဓ ဓ ဓ] ရုံ ရုံ

အဓိပတိထိုက်သော ဝီရိယ–သည် ဒီပင်္ကရာမြတ်စွာဘုရား၏ ခြေတော်ရင်းမှာ ဗျာဒိတ်ခံပြီးသည့်အချိန်မှစ၍ ဖြစ်လေရာဘဝတိုင်းဘဝတိုင်း၌ ဘုရားဖြစ်လိုသောကြောင့် ဝီရိယပါရမီကို ဖြည့်ကျင့်ခဲ့ရသော ဝီရိယာဓိပတိသည် ထင်ရှားလှပါသည်။ တကယ်ကြီးကျယ်မြင့်မြတ်သောပုဂ္ဂိုလ်တို့၏ဝီရိယသည် အဓိပတိထိုက်သော ဝီရိယ ဖြစ်ပါသည်။

စိတ္တာဓိပတိ– အဓိပတိထိုက်သောစိတ်

8-2-./-/8-8-./9-9-./4-4

စိတ္တာဓိပတိပစ္စည်းမှာ စိတ္တသမ္ပယုတ္တကာနံ ဓမ္မာနံ–အရ သာဓိပတိဇော ၅၂–ခု၊ ဝိစိကြဉ် စေတသိက်–၅၁ ရပါသည်။

စိတ်သည် ၈၉–ပါးရှိသော်လည်း ထို ၈၉–ပါးလုံးသည် အဓိပတိထိုက်သည် မဆိုနိုင်ပါ။ အဓိပတိသည် ဒွိဟိတ်ဇော, တိဟိတ်ဇော (သာဓိပတိဇော)၅၂–ပါးတို့၌သာ အဓိပတိထိုက်ပါသည်။ အရတရားအရ အဓိပတိထိုက်သောစိတ်နှင့် အဓိပတိမထိုက်သောစိတ် သိနိုင်ပါသည်။ အဓိပတိထိုက်သောစိတ်သည် အထူးထက်သန်လှပါသည်။

အဓိပတိ မရသောစိတ်များ

* ဒွိဟေတုကတိဟေတုက–ဟူသောပါဠိဖြင့်
  - အဟိတ်စိတ် ၁၈–ပါးသည် ဟိတ်မရှိသောကြောင့်လည်းကောင်း၊
  - ဧကဟိတ်စိတ်သည် ယှဉ်ဖော်ယှဉ်ဖက်ဟိတ်မရှိသဖြင့် အလွန်တွေဝေသောကြောင့်လည်းကောင်း အဓိပတိ မရအပ်ဟူသော အဓိပ္ပါယ်ကို ပြပါသည်။
* ဇဝနေသွေဝ–ဟူသောပါဠိဖြင့်–
  - လောကီဝိပါက်စိတ်များသည် ပဋိသန္ဓေစိတ် ဘဝင်စိတ်များဖြစ်ကြ၍ အားထုတ်ခြင်းကင်းပြီး ဆန္ဒ–အစရှိသည်တို့ကို ရှေ့သွားပြု၍ မဖြစ်ကြသောကြောင့် အဓိပတိမဖြစ်ဟူသောအဓိပ္ပါယ်ကို ပြပါသည်။

www.dhammadownload.com

မြတ်စွာဘုရားသည် တစ်ခါတစ်ရံ စိတ်သက်သက်ကို ဟောပါသည်။ စိတ်က အားလုံးချုပ်ကိုင်ထားလိုက်သည့်အတွက်ကြောင့် ဆန္ဒစသည်စေတသိက်တို့သည်လည်း စိတ်၏နောက်လိုက်၍ ကာယကံ, ဝစီကံ, မနောကံအထူးတို့ ဖြစ်ကြရပါသည်။

ဝီမံသာဓိပတိ– အဓိပတိထိုက်သောပညာ

× ×	4 4	✓ ✓	✓ ✓
8-2-./-/	8-8-./	9-9-./	4-4

ဝီမံသာဓိပတိပစ္စည်းမှာ ဝီမံသသမ္ပယုတ္တကာနံ ဓမ္မာနံ–အရ သာဓိပတိတိဟိတ်ဇော ၃၄–ခု၊ ဝီမံသကြဉ် စေတသိက်–၃၇ ရပါသည်။

သဂြိုလ်မှာ ပညာသည် ဉာဏသမ္ပယုတ်စိတ် ၄၇–ပါး၌ယှဉ်ပါသည်။ ထို ၄၇–ပါးလုံးသည် အဓိပတိထိုက်သည် မဆိုနိုင်ပါ။ ဝီမံသာအဓိပတိသည် တိဟိတ်ဇော (သာဓိပတိတိဟိတ်ဇော)၃၄–ပါးတို့၌သာ အဓိပတိထိုက်ပါသည်။ အရတရား အရ အဓိပတိထိုက်သောဝီမံသနှင့် အဓိပတိမထိုက်သောဝီမံသတို့ကို သိနိုင်ပါသည်။

တန်ဖိုးထိုက်တန်သော ဝီမံသာဓိပတိ

ပညာသည် ဆန္ဒ,ဝီရိယ,စိတ်တို့နှင့် အဓိပတိပစ္စည်းတွင် အနည်းငယ်ကွဲပြားမှု ရှိနေပါသည်။ ပညာသည် အကုသိုလ်ဇောတို့တွင်မရှိဘဲ၊ ကောင်းသောကုသိုလ်ဇော တို့၌သာ အဓိပတိတပ်ပါသည်။ ဆန္ဒ,ဝီရိယ,စိတ်တို့သည် ကောင်း/မကောင်း(ကုသိုလ် အကုသိုလ်) ဌာန နှစ်မျိုးလုံးနှင့် ဆက်ဆံသဖြင့် မကောင်းသောလုပ်ရပ်တွင် အဓိပတိ တပ်ခဲ့လျှင် ပို၍ဆိုးသွားနိုင်ပါသည်။ ထို့ကြောင့် ဝီမံသာဓိပတိသည် အကောင်းပိုင်း သက်သက်သာဖြစ်၍ တန်ဖိုးထိုက်တန်လှပါသည်။

ဘုရားအလောင်းစသောပုဂ္ဂိုလ်ထူးတို့သည် ဖြစ်လေရာဘဝတိုင်းဘဝတိုင်းမှာ ဝီမံသ ဟုဆိုသော ပညာပါရမီမြတ်ကိုဖြည့်ဆည်းခဲ့သဖြင့် ဝီမံသာဓိပတိသည် ထင်ရှားပါသည်။

ပစ္စယနိဒ္ဒေသ (အာရမ္မဏာဓိပတိ)

ယံ ယံ ဓမ္မံ (ဂရုံ ကတွာ)	ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တစေတသိကာ ဓမ္မာ	(ပြိုင်,ယထာ) ၈ အာ၊ ဓိ၊ နိ၊ ဥ၊ ပု၊ ဝိပ်၊ အတ်၊ အဝိ
အနိယမအားဖြင့် အလေးအမြတ် ပြုအပ်သော ဣဋ္ဌဖြစ်သော နိပ္ဖန္နရုပ်-၁၈၊ ဒေါ-၂၊ မော-၂၊ ဒုက္ခ–ကာကြဉ် စိတ် ၈၄–ခု၊ ဒေါ၄,ဝိစိကြဉ်စေ-၄၇၊ နိဗ္ဗာန်၊	အနိယမအားဖြင့်အလေးအမြတ်ပြုတတ်သော လောဘမူ-၈၊ မဟာကု-၈၊ မဟာကြိယာဉာဏ်-၄၊ လောကုတ် ၈-ခု၊ ဒေါ-၄,ဝိစိ,အပ္ပကြဉ် စေ ၄၅-ခု၊ 8848	
တေ တေ ဓမ္မာ	တေသံ တေသံ ဓမ္မာနံ	
နိယမအားဖြင့် ယံ ယံ ဓမ္မံ ဖြင့် မှတ်အပ်ပြီးသော အလေးအမြတ် ပြုအပ်သော အာရုံ ၆–ပါး၊	နိယမဖြင့် ယေ ယေ ဓမ္မာ ဖြင့် မှတ်အပ်ပြီးသော အာရမ္မဏိက	

www.dhammadownload.com

ပဥ္စဝါရဝိဘင်္ဂ–အရ အာရမ္မဏာဓိပတိ

အာရုံကို အကြီးအမှူးပြု၍ကျေးဇူးပြုခြင်းသည် အာရမ္မဏာဓိပတိပစ္စည်း ဖြစ်၏။ အကြီးအမှူးပြုသည်ဟူသည်ကား– အာရုံနောက်သို့ အာရမ္မဏိက ပစ္စယုပ္ပန်နာမ်တရားများ ညွတ်ယိမ်းကိုင်းရှိုင်းသည်ကို ဆိုလိုသည်။

* အာရုံက အာရမ္မဏိက နာမ်တရားများကို ဆွဲဆောင်သွားသောသဘောလည်းဖြစ်သည်။
* အာရုံလည်းဖြစ်၊ ဇေယျ(အကြီးအမှူး)သတ္တိလည်းရှိမှ အာရမ္မဏာဓိပတိ ဖြစ်နိုင်ပါသည်။

မိမိလှူဒါန်းသော ဒါန၊ ဆောက်တည်သောသီလကို လေးလေးနက်နက် ရှုဆင်ခြင်သောအခါ ကုသိုလ်တွင် "အာရမ္မဏာဓိပတိ" ဖြစ်နိုင်သည်။

* မရသေးသောအာရုံကို ရအောင်ရှာခြင်း၊
* ရပြီးသောအာရုံကို နှစ်နှစ်သက်သက် စွဲစွဲလန်းလန်းဖြစ်ကာ မစွန့်ပစ်နိုင်ခြင်း၊

ဤအင်္ဂါနှစ်ပါးနှင့်ပြည့်စုံလျှင် အာရမ္မဏာဓိပတိပစ္စည်း တပ်ပါသည်။
မပြည့်စုံလျှင် အာရမ္မဏာဓိပတိပစ္စည်း မတပ်နိုင်ပါ။

ပစ္စည်း		ပစ္စည်း(ကတ္တား)	ပစ္စယုပ္ပန်(သမ္ဗန္ဓ)	သင်္ချာ	ပစ္စည်းရေ
၂။	အာဓိ (အဓိပတိ) အာရမ္မဏူ (ဥပနိဿယ)	အလေးအမြတ်ပြုအပ်သော ဣဋ္ဌ ဖြစ်သော နိပ္ဖန္နရုပ်–၁၈၊ ဒေါ–၂၊ မော–၂၊ ဒုက္ခ.ကာဝိညာဉ်ကြဉ် ၈၄၊ ဒေါစတုက်,ဝိစိကြဉ်စေ–၄၇၊ နိဗ္ဗာန်၊	အလေးအမြတ်ပြုတတ်သော လောဘမူ ၈၊ မဟာကု ၈၊ မဟာကြိယာ ၄၊ ကုတ် ၈၊ 8848	၇	၃

အာရမ္မဏာဓိပတိ၊ (အာရမ္မဏူပနိဿယ)ပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ၌ အလေးအမြတ်ပြုတတ်သော လောဘမူစိတ်ရှစ်ခု၊ မဟာကုသိုလ်စိတ်ရှစ်ခု၊ မဟာကြိယာ ဉာဏသမ္ပယုတ်စိတ်လေးခု၊ လောကုတ္တရာစိတ်ရှစ်ခု အား<u>တပ်သော</u> အလေးအမြတ်ပြုအပ်သော ဣဋ္ဌဖြစ်သော နိပ္ဖန္နရုပ် အဋ္ဌာရသ၊ ဒေါသမူဒွေ, မောဟမူဒွေ, ဒုက္ခသဟဂုတ်ကာယဝိညာဉ်ကြဉ်သောစိတ်–၈၄၊ ဒေါစတုက်,ဝိစိကိစ္ဆာကြဉ်သော စေတသိက်–၄၇၊ နိဗ္ဗာန်။ ဤတရားတို့သည် အာရမ္မဏ၊ အာရမ္မဏာဓိပတိ၊ အာရမ္မဏူပနိဿယပစ္စည်းတတ်သောတရားတို့ မည်ကုန်၏။ သင်္ချာ "သတ္တ"၊ ပစ္စည်းရေ "သုံး"ဟူသည်တည်း။

သင်္ချာ"သတ္တ" ဟူသော်ကား–

* **ကု**–ကု၊ ကု–အကု၊ ကု–ဗျာ။ * **အကု**–အကု။ * **ဗျာ**–ဗျာ၊ ဗျာ–ကု၊ ဗျာ–အကု၊

ပစ္စည်းရေ"သုံး"ဟူသည်ကား– အာရမ္မဏ၊ အဓိပတိ၊ ဥပနိဿ၊

www.dhammadownload.com

အာရမ္မဏာဓိပတိ၊ အာရမ္မဏူပနိဿယ အထူး

* အာရမ္မဏာဓိပတိသည် မိမိနှင့်စပ်သည့်အာရမ္မဏိကပစ္စယုပ္ပန်နာမ်တရားတို့ကို အာရုံမပြုဘဲ မနေနိုင်အောင် ဆွဲဆောင်နိုင်သောသတ္တိ အုပ်စိုး လွှမ်းမိုးနိုင်သောသတ္တိ ဖြစ်ပါသည်။
* အာရမ္မဏူပနိဿယသည် အာရမ္မဏိကနာမ်တရားတို့ဖြစ်စေရန်အတွက် အလွန်တရာ လွန်ကဲသောမှီရာဖြစ်သည့်သတ္တိ ဖြစ်ပါသည်။

အာရမ္မဏာဓိပတိ အကျယ်အဝန်း

အာရမ္မဏာဓိပတိ, အာရမ္မဏူပနိဿယသည် အာရမ္မဏပစ္စည်း၏ အစိတ်အပိုင်းမျှသာဖြစ်ပါသည်။ ၎င်းတို့၏ ပစ္စည်း, ပစ္စယုပ္ပန်တရားများသည် အာရမ္မဏပစ္စည်းမှ အလေးအမြတ်အာရုံများကို ယူထားခြင်းသာဖြစ်ပါသည်။

အာရမ္မဏာဓိပတိ၏ပစ္စယုပ္ပန်တွင် မပါသောတရားများ

* မဟဂ္ဂုတ်ကုသိုလ်သည် မိမိသည်မြတ်သောတရားဖြစ်သောကြောင့် တစ်ခုသောတရားကိုမျှ အလေးအမြတ် မပြု။ ဥပမာ- အထွတ်အမြတ်မင်းအဖြစ်ရောက်သောသူသည် တစ်စုံတစ်ယောက်ကိုမျှ အလေးမပြုသကဲ့သို့တည်း။
* မဟာကြိယာတွင် ဉာဏဝိပ္ပယုတ်စိတ် ၄-ခုသည် ရဟန္တာသန္တာန်မှာလည်းဖြစ် ပစ္စဝေက္ခဏာဇောကိစ္စလည်း တပ်နိုင်ပါလျက် ပစ္စယုပ္ပန်မှာ မပါ။ အဘယ်ကြောင့်ဆိုသော် ရဟန္တာဖြစ်လျှင် လောကီကုသိုလ်တရားကို အလေးအမြတ်အာရုံ မပြုကြပါ။ အလွန်မွန်မြတ်လှသော အရဟတ္တမဂ်၊ အရဟတ္တဖိုလ်၊ နိဗ္ဗာန်ကိုသာ အာရုံပြု၍ မဟာကြိယာဉာဏသမ္ပယုတ်စိတ် ၄-ခု သာရသည်။ (ဉာသမ်မှသာ အာရုံပြုနိုင်)
* ပြစ်မှား အမျက်ထွက်သောသူ၊ မိုက်မဲတွေဝေသောသူ၊ ဆင်းရဲ,ပင်ပန်း,ဒုက္ခ ခံစားနေရသူတို့သည် တစ်စုံတစ်ခုသောတရားကိုမျှ အလေးအမြတ်မပြုတတ်သောကြောင့် ဒေါသ,မောဟ,ဒုက္ခသဟဂုတ်ကာယဝိညာဉ်စိတ်တို့သည် အာရမ္မဏာဓိပတိ ပစ္စယုပ္ပန်မှ လွတ်ကြရသည်။

အာရဗ္ဘ နှင့် ဂရုံကတွာ

အာရမ္မဏ(မတ္တာ)တွင် 'အာရဗ္ဘ'ဟုဆိုခဲ့ပါသည်။ ဤနေရာတွင် အာရမ္မဏာဓိပတိ အာရမ္မဏူပနိဿယ နှစ်မျိုးနှင့် ဆိုင်လာသဖြင့် (အာရဗ္ဘနေရာတွင်) အဓိပတိအသံကလေးဖြင့် 'ဂရုံကတွာ'ဟူ၍ အလေးအမြတ်ပြုမှုကို ထည့်ပြီးဆိုရပါသည်။

www.dhammadownload.com

ပဉ္စဝါရ အာရမ္မဏာဓိပတိ

၁။	ကုသလပဒ(၃)ချက်	ကု	ကု	ကတ္တား	အလေးအမြတ်ပြုအပ်သော အရ.မဂ်ကြဉ် ကု ၂၀၊ စေ ၃၈၊
				သမ္ပဒါန်	အလေးအမြတ်ပြုတတ်သော မဟာကု ၈ ခု၊ စေ ၃၃၊
				ကရိုဏ်း	အာရမ္မဏ၊ အာရမ္မဏာဓိပတိ၊ အာရမ္မဏူပနိဿယ၊ (တပြိုင်နက်)
၂။		ကု	အကု	ကတ္တား	အလေးအမြတ်ပြုအပ်သော လောကီကုသိုလ် ၁၇၊ စေ ၃၈၊
				သမ္ပဒါန်	အလေးအမြတ်ပြုတတ်သော လောဘမူစိတ် ၈ ခု၊ စေ ၂၂၊
				ကရိုဏ်း	အာရမ္မဏ၊ အာရမ္မဏာဓိပတိ၊ အာရမ္မဏူပနိဿယ၊ (တပြိုင်နက်)
၃။		ကု	ဗျာ	ကတ္တား	အလေးအမြတ်ပြုအပ်သော အရဟတ္တမဂ်၊ စေ ၃၆၊
				သမ္ပဒါန်	အလေးအမြတ်ပြုတတ်သော မဟာကြိယာဉာဏ်သမ် ၄၊ စေ ၃၃
				ကရိုဏ်း	အာရမ္မဏ၊ အာရမ္မဏာဓိပတိ၊ အာရမ္မဏူပနိဿယ၊ (တပြိုင်နက်)
၄။	အကု ၁	အကု	အကု	ကတ္တား	အလေးအမြတ်ပြုအပ်သော လောဘမူစိတ် ၈ ခု၊ စေ ၂၂၊
				သမ္ပဒါန်	အလေးအမြတ်ပြုတတ်သော လောဘမူစိတ် ၈ ခု၊ စေ ၂၂၊
				ကရိုဏ်း	အာရမ္မဏ၊ အာရမ္မဏာဓိပတိ၊ အာရမ္မဏူပနိဿယ၊ (တပြိုင်နက်)
၅။	အဗျာကတပဒ(၃)ချက်	ဗျာ	ဗျာ	ကတ္တား	အလေးအမြတ်ပြုတတ်သော အရဟတ္တဖိုလ်၊ **(နိဗ္ဗာန်)**
				သမ္ပဒါန်	အလေးအမြတ်ပြုအပ်သော မဟာကြိယာဉာဏ်သမ် ၄၊ စေ ၃၃ **(ဖိုလ် ၄ ပါး၊ စေ ၃၆)**
				ကရိုဏ်း	အာရမ္မဏ၊ အာရမ္မဏာဓိပတိ၊ အာရမ္မဏူပနိဿယ၊ (တပြိုင်နက်)
၆။		ဗျာ	ကု	ကတ္တား	အလေးအမြတ်ပြုအပ်သော အောက်ဖိုလ် ၃၊ **(နိဗ္ဗာန်)**
				သမ္ပဒါန်	အလေးအမြတ်ပြုတတ်သော မဟာကုဉာဏ်သမ် ၄၊ စေ ၃၃ **(မဂ် ၄ ပါး၊ စေ ၃၆)**
				ကရိုဏ်း	အာရမ္မဏ၊ အာရမ္မဏာဓိပတိ၊ အာရမ္မဏူပနိဿယ၊ (တပြိုင်နက်)
၇။		ဗျာ	အကု	ကတ္တား	အလေးအမြတ်ပြုအပ်သော ဣဋ္ဌနိပ္ဖန္နရုပ် ၁၈၊ ဒွေကြဉ် ကိဝိ ၁၁၊ ကြိယာ ၂၀၊ စေ ၃၅၊
				သမ္ပဒါန်	အလေးအမြတ်ပြုတတ်သော လောဘမူစိတ် ၈ ခု၊ စေ ၂၂၊
				ကရိုဏ်း	အာရမ္မဏ၊ အာရမ္မဏာဓိပတိ၊ အာရမ္မဏူပနိဿယ၊ (တပြိုင်နက်)

အာရမ္မဏ(မတ္တ)တွင် သင်္ချာ 'နဝ' ဖြစ်သော်လည်း အာရမ္မဏာဓိပတိတွင်-'သတ္တ' သာရ၏။

* သတ္တဝါများသန္တာန်၌ ကုသိုလ်စိတ္တုပ္ပါဒ်ဖြစ်ချိန် အကုသိုလ်ကို အလေးအမြတ်အာရုံမပြု။ (အကု-ကု×)

* အဗျာကတဆိုင်ရာတရားများကလည်း အကုသိုလ်ကို အလေးအမြတ်အာရုံမပြု။ (အကု-ဗျာ×)

ကု → ကု, အကု, ဗျာ	အကု → အကု, × ကု, × ဗျာ	ဗျာ → ဗျာ, ကု, အကု

www.dhammadownload.com

အာရမ္မဏာဓိပတိ ၁။ (ကု–ကု)

ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ အဓိပတိပစ္စယေန ပစ္စယော။

ကုသိုလ်ဓမ္မသည် ကုသိုလ်ဓမ္မအား အဓိပတိသတ္တိဖြင့် ကျေးဇူးပြု၏။

စဉ်	ပစ္စည်း(ကု) **ကတ္တား** အာရုံ	အာရမ္မဏိက **သမ္ပဒါန် (ကု)**
၁။	ဒါနံ ဒတွာ, သီလံ သမာဒိယိတွာ, ဥပေါသထကမ္မံ ကတွာ တံ ဒါနံ–လှူအပ်သော ဒါနဝတ္ထုကို ဒတွာ–စွန့်၍၊ သီလံ–ပဥ္စင်္ဂ, ဒသင်္ဂသီလစသည်တို့အစွမ်းအားဖြစ်သော နိစ္စသီလကို သမာဒိယိတွာ–ဆောက်တည်၍၊ ဥပေါသထကမ္မံ– အဋ္ဌင်္ဂဥပုသ်ကို ကတွာ–ဆောက်တည်ပြီး၍ တံ– ထို ဒါန,သီလ,ဥပုသ် ကာမကု	ဂရုံ ကတွာ ပစ္စဝေက္ခတိ။ ဂရုံ ကတွာ– အလေးအမြတ်ပြု၍ ဆင်ခြင်သော (ပရိစ္စာဂစေတနာ ဝိသောဓနစေတနာပြဋ္ဌာန်းသော) ကာမာဝစရကုသိုလ်
၂။	ပုဗ္ဗေ သုစိဏ္ဏာနိ ပုဗ္ဗေ–ရှေး၌ သုစိဏ္ဏာနိ–ကောင်းစွာအလေ့အကျက်ပြုအပ်ပြီး ကုန်သော ဒါန,သီလ,ဥပေါ. စေတနာပြဋ္ဌာန်းသော ကာမကု	ဂရုံ ကတွာ ပစ္စဝေက္ခတိ။ ဂရုံ ကတွာ– အလေးအမြတ်ပြု၍ ဆင်ခြင်သော ကာမကု
၃။	ဈာနာ ဝုဋ္ဌဟိတွာ ဈာနံ ဈာနာ–ဈာန်မှ ဝုဋ္ဌဟိတွာ–ထ၍၊ ဈာနံ–ဈာန်ကို (နှ၊ဒ၊မ ပ ဉ န ဂေါ ဈာန်အကြိမ်များစွာ..ဘွင်) မဟဂ္ဂုတ်ကုဈာန် ၉ ပါး	ဂရုံ ကတွာ ပစ္စဝေက္ခတိ။ ဂရုံ ကတွာ– အလေးအမြတ်ပြု၍ ဆင်ခြင် (မိမိရသောဈာန်ကို) ကာမကု
၄။	သေက္ခာ ဂေါတြဘုံ သေက္ခာတို့သည်၊ ဂေါတြဘုံ–သောတမဂ်၏ ရှေ့ ဂေါတြဘုကို သောတာပတ္တိမဂ်ရှေ့ ဂေါ.ကိစ္စတပ်သော မဟာကုသိုလ် ပထမဒွေ, တတိယဒွေ၊ နှ၊ဒ၊မ ပ ဉ နု ဂေါ မဂ် ဖိုလ် ဖိုလ် ဘွင် သင်္ခါရအာရုံ ⇔⇒ နိဗ္ဗာန် အာရုံ (သောတာပတ္တိမဂ်ဝီထိ)	ဂရုံ ကတွာ ပစ္စဝေက္ခန္တိ။ ဂရုံ ကတွာ– အလေးအမြတ်ပြု၍ သောတာပန်သန္တာန်၌ဖြစ်သော ဆင်ခြင်သော ကာမကု
၅။	ဝေါဒါနံ သေက္ခာ– ဝေါဒါနံ–သက/အနာဂါမိမဂ်၏ရှေ့ ဝေါဒါန်ကိုသကဒါဂါမိ/အနာဂါမိမဂ်ရှေ့ ဝေါဒါန်ကိစ္စတပ်သော မဟာကုသိုလ် ပထမဒွေ, တတိယဒွေ၊	ဂရုံ ကတွာ ပစ္စဝေက္ခန္တိ။ ဂရုံ ကတွာ– အလေးအမြတ်ပြု၍ သ/အနာ–သန္တာန်. ဆင်ခြင်သော ကာမကု
၆။	သေက္ခာ မဂ္ဂါ ဝုဋ္ဌဟိတွာ မဂ္ဂံ သေက္ခာ–ကျင့်ဆဲ မဂ္ဂါ–မိမိဆိုင်ရာ သောမဂ်,သမဂ်,အနာမဂ် မှ ဝုဋ္ဌဟိတွာ–ထမြောက်၍၊ မဂ္ဂံ– မိမိဆိုင်ရာမဂ်ကို အောက်မဂ် ၃ ပါး	ဂရုံ ကတွာ ပစ္စဝေက္ခန္တိ။ ဂရုံ ကတွာ– အလေးအမြတ်ပြု၍ သောတာပန်/သက/အနာဂါမ် သန္တာန်၌ဖြစ်သော ဆင်ခြင်သော မဟာကု ဉာသံ ၄ ပါး

www.dhammadownload.com

အာရမ္မဏာဓိပတိ ၂။ (ကု-အကု)

စဉ်	ပစ္စည်း(ကု) ကတ္တား အာရုံ	အာရမ္မဏိက သမ္ပဒါန် (အကု)
၁။	ဒါနံ ဒတွာ, သီလံ သမာဒိယိတွာ, ဥပေါသထကမ္မံ ကတွာ တံ ဒါနံ-လှူအပ်သော ဒါနဝတ္ထုကို ဒတွာ-စွန့်၍၊ သီလံ-ပဉ္စင်္ဂ, ဒသင်္ဂသီလစသည်တို့ အစွမ်းအားဖြင့် ဖြစ်သော နိစ္စသီလကို သမာဒိယိတွာ- ဆောက်တည်၍၊ ဥပေါသထကမ္မံ- အဋ္ဌင်္ဂဥပုသ်ကို ကတွာ- ဆောက်ပြီး၍ တံ- ထို ဒါန,သီလ,ဥပုသ် ကာမကု၊	ဂရုံ ကတွာ အဿာဒေတိ အဘိနန္ဒတိ၊ ဂရုံ ကတွာ- အလေးအမြတ်ပြု၍ သာယာ, နှစ်သက်သောအခါ သပ္ပီတိကတဏှာ ပြဋ္ဌာန်းသော လောဘမူ.သော ၄ တွင်တစ်ခုခု တံ ဂရုံ ကတွာ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဂရုံ ကတွာ- အလေးအမြတ်ပြု၍ တပ်သော အခါ၊တပ်မက်သောရာဂပြဋ္ဌာန်းသော လောဘမူ ၈ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ၊ အမြင်မှားသောအခါ ဒိသံ ၄
၂။	ပုဗ္ဗေ သုစိဏ္ဏာနိ ပုဗ္ဗေ-ရှေး၌ သုစိဏ္ဏာနိ- ကောင်းစွာအလေ့ အကျက် ပြုအပ်ပြီး ကုန်သော ဒါန,သီလ,ဥပေါ. စေတနာပြဋ္ဌာန်းသော ကာမကု၊	ဂရုံ ကတွာ အဿာဒေတိ အဘိနန္ဒတိ၊ တံ ဂရုံ ကတွာ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ။
၃။	ဈာနာ ဝုဋ္ဌဟိတွာ ဈာနံ ဈာနာ-ဈာန်မှ ဝုဋ္ဌဟိတွာ-ထ၍၊ ဈာနံ-ဈာန်ကို (နှ၊ဒ၊မ ပ ဥ နု ဂေါ ဈာန်အကြိမ်များစွာ..ဘွင်) မဟဂ္ဂုတ်ကုဈာန် ၉ ပါး၊	ဂရုံ ကတွာ အဿာဒေတိ အဘိနန္ဒတိ၊ တံ ဂရုံ ကတွာ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ။

အာရမ္မဏာဓိပတိ ၃။ (ကု-ဗျာ)

၁။	အရဟာ မဂ္ဂါ ဝုဋ္ဌဟိတွာ မဂ္ဂံ အရဟာ-ရဟန္တာ မဂ္ဂါ-မိမိဆိုင်ရာ အရဟတ္တမဂ် မှ ဝုဋ္ဌဟိတွာ-ထမြောက်၍၊ မဂ္ဂံ- အရဟမဂ်ကို အရဟတ္တမဂ်	ဂရုံ ကတွာ ပစ္စဝေက္ခတိ။ ဂရုံ ကတွာ- အလေးအမြတ်ပြု၍ ရဟန္တာသန္တာန်၌ဖြစ်သော ဆင်ခြင်သော မဟာကြိ ဉာသံ ၄ ပါး

အာရမ္မဏာဓိပတိ ၄။ (အကု-အကု)

၁။	ရာဂံ ရာဂံ- ရာဂပြဋ္ဌာန်းသော လောဘမူစိတ္တုပ္ပါဒ် (လော ၈၊ စေ ၂၂) (မိမိ,သူတပါးထံ၌ဖြစ်သော ရာဂနှစ်ပါးလုံးယူနိုင်သည်။)	ဂရုံ ကတွာ အဿာဒေတိ အဘိနန္ဒတိ၊ ဂရုံ ကတွာ- အလေးအမြတ်ပြု၍ သာယာ, နှစ်သက်သောအခါ သပ္ပီတိကတဏှာ ပြဋ္ဌာန်းသော လောဘမူ.သောမနဿသဟဂုတ် တံ ဂရုံ ကတွာ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဂရုံ ကတွာ-အလေးအမြတ်ပြု၍ တပ်သောအခါ၊ တပ်မက်သော ရာဂ ပြ. လောဘမူသဟဂုတ် ဒိဋ္ဌိ ဥပ္ပဇ္ဇတိ၊ အမြင်မှားသောအခါ ဒိဋ္ဌိဂတသမ္ပယုတ် ၄
၂။	ဒိဋ္ဌိံ အမြင်မှားသောအခါ ဒိဋ္ဌိဂတသမ္ပယုတ် ၄၊	ဂရုံ ကတွာ အဿာဒေတိ အဘိနန္ဒတိ၊ တံ ဂရုံ ကတွာ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ။

*** ဝိစိကိစ္ဆာ, ဥဒ္ဓစ္စ, ဒေါမနဿ (၃)မျိုးသည် သာယာဖွယ်မဟုတ်၍ အဿာဒေတိ မဟောပါ။

www.dhammadownload.com

အာရမ္မဏာဓိပတိ ၅။ (ဗျာ-ဗျာ)

စဉ်	ပစ္စည်း(ဗျာ) **ကတ္တား** အာရုံ	အာရမ္မဏိက **သမ္ပဒါန်** (ဗျာ)
၁။	အရဟာ ဖလံ အရဟာ-ရဟန္တာပုဂ္ဂိုလ်သည်၊ ဖလံ - အရဟတ္တဖိုလ်	ဂရုံ ကတွာ ပစ္စဝေက္ခတိ၊ ဂရုံ ကတွာ- အလေးအမြတ်ပြု၍ ရဟန္တာသန္တာန်၌ ဖြစ်သော ဆင်ခြင်သော ကာမကြိယာ ဉာဏ်သမ် ၄
၂။	နိဗ္ဗာနံ နိဗ္ဗာန်	ဂရုံ ကတွာ ပစ္စဝေက္ခတိ၊ ဂရုံ ကတွာ- အလေးအမြတ်ပြု၍ ရဟန္တာ၌ ဖြစ် ဆင်ခြင်သော ကာမကြိယာ ဉာဏ်သမ် ၄
၃။	နိဗ္ဗာနံ	ဖလဿ ဖိုလ် ၄၊

အာရမ္မဏာဓိပတိ ၆။ (ဗျာ-ကု)

၁။	သေက္ခာ ဖလံ သေက္ခတို့သည်၊ ဖလံ-မိမိဆိုင်ရာ သောတာပန်ဖြစ်အံ့ ဖလအရ သော.ဖိုလ် သကဒါဂါမ်ဖြစ်အံ့ ဖလအရ သက.ဖိုလ် အနာဂါမ်ဖြစ်အံ့ ဖလအရ အနာ.ဖိုလ်	ဂရုံ ကတွာ ပစ္စဝေက္ခန္တိ၊ သေက္ခ-တို့သန္တာန်၌ဖြစ်သော ဂရုံ ကတွာ- အလေးအမြတ်ပြု၍ဆင်ခြင်သော မဟာကု.ဉာဏ် ၄
၂။	နိဗ္ဗာနံ နိဗ္ဗာန်ကို	ဂရုံ ကတွာ ပစ္စဝေက္ခန္တိ၊ .(။). မဟာကု.ဉာဏ် ၄
၃။	နိဗ္ဗာနံ	ဂေါတြဘုဿ ဝေါဒါနဿ မဂ္ဂဿ ဂေါတြဘုဿ- သော.မဂ်ရှေ့ ဂေါ.ကိစ္စတပ် မဟာကု-ပ.ဒွေ,တ.ဒွေ၊ ဝေါဒါနဿ - သ,နာ.မဂ်ရှေ့ ဝေါ.ကိစ္စတပ် မဟာကု-ပ.ဒွေ,တ.ဒွေ၊ မဂ္ဂဿ - မဂ် ၄

အာရမ္မဏာဓိပတိ ၇။ (ဗျာ-အကု)

၁။	စက္ခုံ စက္ခုံ- အလေးကျွဖြစ် စက္ခုပသာဒ (ကိုအာရုံပြု၍)	ဂရုံ ကတွာ အဿာဒေတိ အဘိနန္ဒတိ၊ ဂရုံ ကတွာ-အလေး၍ သာယာ,နှစ်အခါ သပ္ပီတိကတဏှာ ပြ. လောဘမူ.သော ၄ တံ ဂရုံ ကတွာ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဂရုံ ကတွာ- အလေး၍ တပ်သောအခါ၊ တပ်မက်သော ရာဂ ပြ. လောဘမူ ၈ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ။ အမြင်မှားသောအခါ အလေးပြု .ဒိသံ ၄
၂။	သောတံ၊ ဃာနံ၊ ဇိဝှံ၊ ကာယံ၊ ရူပေ၊ သဒ္ဒေ၊ ဂန္ဓေ၊ ရသေ၊ ဖောဋ္ဌဗ္ဗေ၊ ဝတ္ထုံ။ ဝိပါကာဗျာကတေ ကိရိယာဗျာကတေ ခန္ဓေ သောတ..., ရူပေ-အလေးကျွဖြစ် ...,ဝတ္ထုံ၊ ဝိ.ဗျာ ကြိ.ဗျာ ခန္ဓေ-	ဂရုံ ကတွာ အဿာဒေတိ အဘိနန္ဒတိ၊ ဂရုံ ကတွာ- အလေး.. သာယာ, နှစ်သက်သောအခါ သပ္ပီတိကတဏှာ ပြဋ္ဌာန်းသော လောဘမူ.သော ၄ တံ ဂရုံ ကတွာ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဂရုံ ကတွာ- အလေး .၍ တပ်သောအခါ၊ တပ် ရာဂ ပြဋ္ဌာန်းသော လောဘမူ ၈ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ။ အမြင်မှားသောအခါ လောဘမူ.ဒိသံ ၄

www.dhammadownload.com

အာရမ္မဏနှင့် အာရမ္မဏာဓိပတိ မတူပုံ

စာမျက်နှာ(၄၆) အာရမ္မဏာဓိပတိ အကျယ်အဝန်းကိုတင်ပြရာတွင်–

အာရမ္မဏာဓိပတိ, အာရမ္မဏူပနိဿယသည် **အာရမ္မဏပစ္စည်း၏ အစိတ်အပိုင်းမျှသာ**ဖြစ်ပါသည်။ ၎င်းတို့၏ ပစ္စည်း, ပစ္စယုပ္ပန်တရားများသည် အာရမ္မဏပစ္စည်းမှ **အလေးအမြတ်အာရုံများကို ယူထားခြင်းသာ** ဖြစ်ပါသည်။

အာရမ္မဏနှင့် အာရမ္မဏာဓိပတိတို့၏ ပစ္စည်း ပစ္စယုပ္ပန်ချင်း မတူနိုင်ရခြင်းမှာ အာရမ္မဏာဓိပတိသည် လေးလေးနက်နက်အာရုံပြုနိုင်သော ပစ္စည်း ပစ္စယုပ္ပန်များသာ ဟောသောကြောင့်ဖြစ်ပါသည်။ ထို့ကြောင့် အာရမ္မဏတွင် သချာ ၉–ချက်ဟောမှုရှိခဲ့သော်လည်း အာရမ္မဏာဓိပတိတွင် သချာ ၇–ချက်သာ ဟောပါသည်။ ၎င်းအပြင် **လေးလေးနက်နက်အာရုံမပြုနိုင်သော ဝိဘင်းများ(ဝိပဿနာဆိုင်ရာ)ကိုလည်း မဟော** ကြောင်းတွေ့ရပါသည်။

ပဥ္စဝါရဝိဘင်–ပါဠိတော်တွင် အာရမ္မဏာဓိပတိအတွက် အာရမ္မဏပစ္စည်း ကု–ကု စသည်တွင် အာရုံတိုင်းသည် စိတ်ကိုလွှမ်းမိုး,ကြီးစိုးထားနိုင်သော အာရုံအနေဖြင့် ကျေးဇူးမပြုပါ။ စိတ်ကိုလွှမ်းမိုး,ကြီးစိုးထားနိုင်သောအာရုံ(ပစ္စည်း)တို့သာ အာဓိတွင် ဟောပါသည်။ ဤတွင် အာရုံ(တေဘူမကတရား)နှင့် အာရမ္မဏိက(ဝိပဿနာပြုတရား)(အောက်ဖော်ပြပါ)အကြောင်း,အကျိုးတို့ အာရမ္မဏာဓိပတိတွင် မဟောပါ။

(ဆိုလိုသည်မှာ အာရမ္မဏ(မတ္တ)တွင်ဟောသော်လည်း အာဓိတွင် မဟောပါ။)

ကု–ကု	၇။	သေက္ခာ ဝါ ပုထုဇ္ဇနာ ဝါ ကုသလံ	အနိစ္စတော၊ ဒုက္ခတော၊ အနတ္တတော၊ ဝိပဿန္တိ၊
ကု–ဗျာ	၃။	အရဟာ ကုသလံ	အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ၊
အကု–ကု	၄။	သေက္ခာ ဝါ ပုထုဇ္ဇနာ ဝါ အကုသလံ	အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ၊
အကု–ဗျာ	၃။	အရဟာ အကုသလံ	အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ၊
ဗျာ–ဗျာ	၄။	အရဟာ စက္ခုံ	အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ၊
	၅။	သောတံ၊ ဃာနံ၊ ဇိဝှံ၊ ကာယံ၊ ရူပေ၊ သဒ္ဒေ၊ ဂန္ဓေ၊ ရသေ၊ ဖောဋ္ဌဗ္ဗေ၊ ဝတ္ထုံ ဝိပါကာဗျာကတေ ကိရိယာဗျာကတေ ခန္ဓေ	အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ၊
ဗျာ–ကု	၄။	သေက္ခာ ဝါ ပုထုဇ္ဇနာ ဝါ စက္ခုံ	အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ၊
	၅။	သောတံ၊ ဃာနံ၊ ဇိဝှံ၊ ကာယံ၊ ရူပေ၊ သဒ္ဒေ၊ ဂန္ဓေ၊ ရသေ၊ ဖောဋ္ဌဗ္ဗေ၊ ဝတ္ထုံ ဝိပါကာဗျာကတေ ကိရိယာဗျာကတေ ခန္ဓေ	အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ၊

[သာမညအားဖြင့်မဟောလည်း သဘာဝအားဖြင့် အဓိပတိတတ်၍ အားထုတ်နိုင်မှသာရပါသည်။]

www.dhammadownload.com

အာရမ္မဏာဓိပတိပစ္စည်း နိဗ္ဗာန်ကို အာရုံပြုပုံ

- သေက္ခာ နိဗ္ဗာနံ ဂရုံ ကတွာ ပစ္စဝေက္ခန္တိ၊
- အရဟာ နိဗ္ဗာနံ ဂရုံ ကတွာ ပစ္စဝေက္ခတိ၊

အရိယာဖြစ်သော သောတာပန်ပုဂ္ဂိုလ်စသည်တို့ နိဗ္ဗာန်ကိုအာရုံပြုချင်လျှင်– 'နိဗ္ဗာန်'ကိုအာရုံပြုနိုင်ရန် ဝိပဿနာရှု၍ ဝိပဿနာလမ်းကြောင်းကသာ သွားနိုင်ပါသည်။

* နိဗ္ဗာန်သည် 'သင်္ခါရာနံ အပ္ပဝတ္တိ' သင်္ခါရတရားများ မဖြစ်ပါ၊ အသင်္ခါရ။

* ဝိပဿနာသည် ရုပ်,နာမ်ဓမ္မ သင်္ခါရတရားတို့ကိုအာရုံပြု၍ ရှုမှတ်နေရသည်။

သင်္ခါရတရားတို့ကိုအာရုံပြုသော ဝိပဿနာဉာဏ်က သင်္ခါရတရားများကိုရှုမှတ်ရင်းရှုမှတ်ရင်း သင်္ခါရတရားများ တဖြည်းဖြည်းချင်းသိမ်မွေ့သွားပြီး နောက်ဆုံးတွင် သင်္ခါရတရားများချုပ်သွားသောအဆင့်ရောက်ခြင်းသည် နိဗ္ဗာန်ကို အာရုံပြုခြင်းဖြစ်ပါသည်။

ဝိပဿနာရှုရာဝယ်– သင်္ခါရတရားတို့ကို ပုဂ္ဂိုလ်, သတ္တဝါစသည်အတွေးအထင်ကိုဖယ်ရှားပြီး ရုပ်,နာမ် ဓမ္မနှစ်ပါးသာရှိသည်ဟုသိမြင်သော 'နာမရူပ ပရိစ္ဆေဒဉာဏ်'၊ ရုပ်နှင့်နာမ် ပိုင်းခြားသိပြီးနောက် ထိုရုပ်,နာမ်တို့သည် ဆိုင်ရာအကြောင်းတို့ကြောင့်သာ ဖြစ်ရသည်ဟုသိမြင်သော 'ပစ္စယပရိဂ္ဂဟဉာဏ်' ဖြစ်ပါသည်။ ထိုသို့သိမြင် ပြီးနောက် ရုပ်,နာမ်သင်္ခါရတရားတို့၏ ဖြစ်ပြီး,ပျက်သွားသည့် လက္ခဏာတို့ဖြင့် ဆင်ခြင်ရှုမှတ်သုံးသပ်တတ်သော 'သမ္မသနဉာဏ်' ဖြစ်ပြီး–

- ရုပ်,နာမ်တို့၏ ဖြစ်ခြင်း, ပျက်ခြင်းကို ရှုမြင်သိတတ်သော 'ဥဒယဗ္ဗယဉာဏ်'
- ရုပ်,နာမ်တို့၏ ပျက်ခြင်းသဘောကိုသာ ရှုမြင်သိတတ်သော 'ဘင်္ဂဉာဏ်'
- ဖြစ်,ပျက်ခြင်းကို 'ကြောက်မက်ဖွယ် ဘေးဆိုးကြီး'ဟုရှုမြင်သော 'ဘယဉာဏ်'
- ရုပ်,နာမ်သင်္ခါရတရားတို့၏ အပြစ်ကို ရှုမြင်သိတတ်သော 'အာဒီနဝဉာဏ်'
- ရုပ်,နာမ်သင်္ခါတရားတို့ကို 'ငြီးငွေ့ဖွယ်'ဟု ရှုမြင်သိတတ်သော 'နိဗ္ဗိဒါဉာဏ်'
- ငြီးငွေ့ဖွယ်အနှောင်အဖွဲ့မှ လွတ်မြောက်ရန်အလိုရှိသော 'မုစ္စိတုကမျတာဉာဏ်'
- အနှောင်အဖွဲ့မှလွတ်မြောက်ရန် တစ်ဖန်ကြိုးစား၍သိမ်းဆည်းသော 'ပဋိသင်္ခါဉာဏ်'
- ရုပ်,နာမ်သင်္ခါရတရားတို့၌ ကြောက်လန့်ခြင်း, နှစ်သက်ခြင်းမဖြစ်ဘဲ လျစ်လျူရှု၍ ရှုမြင်သော 'သင်္ခါရုပေက္ခာဉာဏ်'–'ဝုဋ္ဌာန'အထိ ဉာဏ်စဉ်များအဆင့်ဆင့်တက်ပြီး သင်္ခါရတရားတို့မဖြစ်ဘဲချုပ်ဆုံးသည့် အလွန်သိမ်မွေ့နက်နဲသော 'နိဗ္ဗာန်'ကို သိမြင်ပါသည်။

နိဗ္ဗာန်–အာရုံသည် သောတာပတ္တိမဂ်စသည်လောကုတ္တရာစိတ်တို့ကို လွှမ်းမိုးကြီးစိုးထားနိုင်သောအာရုံအဖြစ် ကျေးဇူးပြုခြင်းသည် 'အာရမ္မဏာဓိပတိပစ္စည်း' မည်၏။

အာရမ္မဏာဓိပတိ အာရမ္မဏူပနိဿယ သရုပ်ခွဲဇယား (အလေးအမြတ်အာရုံပြုခြင်း)

↓ အားတပ်သော ↰

စဉ်	ပစ္စည်း	ကတ္တား		ပစ္စယုပ္ပန်		သမ္ပဒါန်	
၁။	အလေးအမြတ်ပြုအပ်သော	ကုဋ္ဌနိပ္ဖန္နရုပ်–၁၈၊ ဒေါ်ဒွေး,မောဒွေး,ဒုက္ခကြဉ် လောကီ–၇၆၊ ဒေါ–၄,ဝိစိကြဉ်စေ–၄၇၊	ကု အကု ဗျာ	အကု	အလေးအမြတ်ပြုတတ်သော	လောဘမူ	၈
၂။		လောကီကုသိုလ် ၁၇၊	ကု	ကု		မဟာကုညာဝိပ်	၄
၃။		လောကီကုသိုလ် ၁၇၊ အောက်မဂ် ၃၊ အောက်ဖိုလ် ၃၊ နိဗ္ဗာန်	ကု ဗျာ	ကု		မဟာကုညာသံ	၄
၄။		အရဟတ္တမဂ်၊ အရဟတ္တဖိုလ်၊ နိဗ္ဗာန်	ကု ဗျာ	ဗျာ		မဟာကြိယာညာသံ	၄
၅။		နိဗ္ဗာန်	ဗျာ	ကု ဗျာ		လောကုတ္တရာစိတ်	၈

အာဓိ၌ လောကုတ်ရှစ်သည် အရိယာသန္တာန်၌သာဖြစ်သည့်အတွက် နိဗ္ဗာန်ကို အလေးအမြတ်(ဧကန်)ပြု၊ ကြွင်းသောတရားများသည် ဧကန်မဟုတ်။ အလေးအမြတ်ပြုသည့်အခါပြု၍, မပြုတဲ့အခါ မပြုပါ။

ဆိုရိုးနမူနာ– အလေးအမြတ်ပြုတတ်သော လောဘမူစိတ်ရှစ်ခုအား<u>တပ်သော</u> အလေးအမြတ်ပြုအပ်သော–ကုဋ္ဌဖြစ်သောနိပ္ဖန္နရုပ် အဋ္ဌာရသ၊ ဒေါသမူဒွေး, မောဟမူဒွေး, ဒုက္ခသဟဂုတ်ကာယဝိညာဉ်ကြဉ်သောလောကီစိတ် ၇၆၊ ဒေါစတုက်,ဝိစိကြဉ်စေတသိက် ၄၇။

? ရုပ်ပွားတော်၏အဆင်းကို အလေးအမြတ်အာရုံပြုသောသူသည် မဟာကုသိုလ်စိတ် ဖြစ်နိုင်,မဖြစ်နိုင် အကြောင်းပြဖြေဆို၍ မည်သည့်စိတ်ဖြစ်ကြောင်းနှင့် မည်သည့် ပစ္စည်းတတ်ကြောင်း ပဋ္ဌာန်းပါဠိတော်ကို ကိုးကား၍ရှင်းလင်းပြပါ။

ဖြေ။ မဟာကုသိုလ်စိတ် မဖြစ်နိုင်ပါ။ အကြောင်းမှာ– မဟာကုသိုလ်စိတ်တို့သည် အရဟတ္တမဂ်ကြဉ်သော ကုသိုလ်–၂၀၊ အောက်ဖိုလ် ၃–ခုနှင့် နိဗ္ဗာန်ကိုသာ အလေး အမြတ် အာရုံပြု၏။ မဟာကုသိုလ်စိတ်သည် ရူပါရုံကို အလေးအမြတ် အာရုံမပြုပါ။

ရုပ်တရားဖြစ်သောရူပါရုံကို အလေးအမြတ်အာရုံပြုနိုင်သောစိတ်ကား လောဘမူစိတ် ၈–ခုသာ ဖြစ်၏။ ထို့ကြောင့် ရုပ်ပွားတော်၏အဆင်းကို အလေးအမြတ် အာရုံပြုသူသည် မဟာကုသိုလ်ဇော မဖြစ်နိုင်ဘဲ၊ လောဘမူဇောသာ ဖြစ်ရပေမည်။

ပဋ္ဌာန်းပါဠိတော်၌လည်း "ရူပေ ဂရုံ ကတွာ အဿာဒေတိ အဘိနန္ဒတိ၊ တံ ဂရုံ ကတွာ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ။"ဟူ၍သာ ဟောပါသည်။

"ရူပေ ဂရုံ ကတွာ ပစ္စဝေက္ခတိ။"စသည် မဟောပါ။

www.dhammadownload.com

ကောင်းမြတ်သော အဆင်း– ရူပါရုံ၊ အသံ–သဒ္ဒါရုံ၊ အနံ့–ဂန္ဓာရုံ၊ အရသာ–ရသာရုံ၊ အတွေ့–ဖောဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံ အာရမ္မဏာဓိပတိ ပစ္စည်းတပ်၍ အားထုတ်ကြရာ၏။

❀ အလေးပြုအပ်၊ အာရုံဓာတ်၊ မှတ်လေဓိပတိ၊ အကြောင်းသိ။

❀ အလေးပြုတတ်၊ စိတ်စေတတ်၊ မှတ်လေဓိပတိ၊ အကျိုးသိ။

အဓိပတိပစ္စည်းတရားတို့သည် သာမန်လူစား၊ အနံ့စားတို့ မဖြစ်ပွားနိုင်ကြကုန်။ သံသရာခေါင်းဆောင်ကြီးများ(ဘုရား,ပစ္စေကဗုဒ္ဓါ,သာဝကကြီးများ) ကမ္ဘာ့ခေါင်းဆောင်ကြီးများသည် အထူးသဖြင့် ကြံဆောင်အားထုတ်၍ ထိုထိုအမှုကိစ္စတို့ကို ပြီးစီးအောင်မြင်ကြပါသည်။ ဆွမ်း,သင်္ကန်းစသော ကောင်းမြတ်သော အလှူဝတ္ထုတို့ကို အလေးအမြတ်ပြု၍ ကာယအား, ဉာဏအား, ဓနအားတို့ဖြင့်လှူဒါန်းခြင်း၊ ပြုပြုသမျှ သီလ, သမထ, ဘာဝနာတို့ကို ဆင်ခြင်နှလုံးသွင်းကြသော စိတ်, စေတသိက်တရား အစားစားတို့ကလည်း အာရမ္မဏာဓိပတိပစ္စည်း၏ အကျိုး–ပစ္စယုပ္ပန်တရားအဖြစ် ဟောကြားတော်မူပါသည်။

❀ အားထုတ်တိုင်းမှာ၊ ပျက်လိုက်တာ၊ ရုပ်အနိစ္စ၊ ပွားများကြ။

❀ အလေးပြုပြီး၊ ချုပ်ပျက်စီး၊ ရှုနည်းအနိစ္စ၊ ပွားများကြ။

ပဉ္စာဝါရဝိဘင်္ဂ–အရ သဟဇာတာဓိပတိပစ္စည်း

(အဓိပတိနှင့်တကွဖြစ်သောဇောကို 'သာဓိပတိဇော'ဟုခေါ်၏။) (၅၅–မောဒွေ,ဟသိ)
(အဓိပတိရသောစိတ်နှင့်တကွဖြစ်သော စိတ္တဇရုပ်ကို 'သာဓိပတိစိတ္တဇရုပ်'ဟုခေါ်၏။)

၂။	သဟဇာဓိ	အဓိပတိတရားကိုယ် ၃ ပါး ၄ ပါး တို့တွင် တစ်ပါးပါး၊	သမ္ပယုတ္တခန္ဓာ၊ (၆×၅၂) သာဓိပတိစိတ္တဇရုပ်၊	၇	၁၃

သဟဇာတာဓိပတိပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ၌ "သမ္ပယုတ္တခန္ဓာ သာဓိပတိစိတ္တဇရုပ်အား<u>တပ်သော</u> အဓိပတိတရားကိုယ် ၃–ပါး ၄–ပါးတို့တွင် တစ်ပါးပါး၊ ဤတရားတို့သည် သဟဇာတာဓိပတိပစ္စည်းတပ်သောတရားတို့ မည်ကုန်၏။ သင်္ချာ သတ္တ၊ ပစ္စည်းရေ–၁၃ ဟူသည်တည်း။ သင်္ချာသတ္တဟူသော်ကား– (ဟေတုအတိုင်း–တူ၏။)

ပစ္စည်းရေ ၁၃ ဟူသည်ကား– ဟေတု၊ အဓိပတိ၊ သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ အာဟာရ၊ ဣန္ဒြိယ၊ မဂ္ဂ၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဟူသည်တည်း။

www.dhammadownload.com

ပဉ္စဝါရ သဟဇာတာဓိပတိ သရုပ်ခွဲ

၅၅ – (မောဒွေ,ဟသိ) = သာဓိဇော ၅၂

၁။	ကုသိုလ်ပုဒ်(၃)ယှဉ်	ကု	ကု	ကတ္တား	အဓိပတိပစ္စည်းကိုရသောအခါ မဟာကု ၈၊ ဧကန်ရသော မဟဂ္ဂုတ်ကု ၉၊ မဂ် ၄၊ စေ ၃၈၊ စိတ္တဇရုပ်တစုတခုနှင့်ရှိသော အဓိပတိတရားကိုယ် ၃ ပါး ၄ ပါးတို့တွင် တစ်ပါးပါး၊
				သမ္ပဒါန်	အဓိပတိတရားကိုယ်ကြဉ်သော အဓိပတိပစ္စည်းကိုရသောအခါ မဟာကုသိုလ်စိတ် ၈၊ ဧကန်ရသော မဟဂ္ဂုတ်ကုသိုလ် ၉၊ မဂ် ၄၊ စေ ၃၈၊ သမ္ပယုတ္တခန္ဓာ၊
				ကရိုဏ်း	✪ သဟဇာတာဓိပတိသတ္တိသာရ၏။
၂။		ကု	ဗျာ	ကတ္တား	ပဥ္စဝေါဘုံ၌ ဓိ.ရသောအခါ မဟာကု ၈၊ ဧကန်ရ မဟဂ္ဂုတ်ကု ၉၊ မဂ် ၄၊ စေ ၃၈၊ စိတ္တ.. ဓိ..ကိုယ် ၃/၄ ပါးတွင် တစ်ပါးပါး၊
				သမ္ပဒါန်	သာဓိပတိ ကုသိုလ်ပြုအပ်သော သာဓိပတိစိတ္တဇရုပ်၊
				ကရိုဏ်း	✪ သဟဇာတာဓိပတိသတ္တိသာရ၏။
၃။		ကု	ကုဗျာ	ကတ္တား	ပဥ္စဝေါဘုံ၌ ဓိ.ရသောအခါ မဟာကု ၈၊ ဧကန်ရ မဟဂ္ဂုတ်ကု ၉၊ မဂ် ၄၊ စေ ၃၈၊ စိတ္တဇ.. ဓိ..ကိုယ် ၃/၄ ပါးတွင် တစ်ပါးပါး၊
				သမ္ပဒါန်	ဓိ..ကြဉ်သော ဓိ..ရခါ မဟာကု ၈၊ ဧကန်ရ မဟဂ္ဂုတ်ကု ၉၊ မဂ် ၄၊ စေ ၃၈၊ စိတ္တဇ.. ဓိ..ကိုယ် ၃/၄ ပါးတွင် တစ်ပါးပါး သမ္ပယုတ္တခန္ဓာ၊ သာဓိပတိစိတ္တဇရုပ်၊
				ကရိုဏ်း	✪ သဟဇာတာဓိပတိသတ္တိသာရ၏။
၄။	အကုသိုလ်ပုဒ်(၃)ယှဉ်	အကု	အကု	ကတ္တား	လောဘမူစိတ် ၈၊ ဒေါသမူဒွေ၊ ဝိစိကိစ္ဆာကြဉ်စေ ၂၆ စိတ္တဇရုပ်တစုတခုနှင့်ရှိသော ဓိ.ကိုယ် ၃ ပါးတွင် တစ်ပါးပါး၊
				သမ္ပဒါန်	ဓိ..ကြဉ်သော ဓိ..ရခါ လော ၈၊ ဒေါ ၂၊ ဝိစိကြဉ်စေ ၂၆ သမ်ခန္ဓာ၊
				ကရိုဏ်း	✪ သဟဇာတာဓိပတိသတ္တိသာရ၏။
၅။		အကု	ဗျာ	ကတ္တား	ပဥ္စဝေါဘုံ၌ ဓိ.ရသောအခါ လော ၈၊ ဒေါ ၂၊ ဝိစိကြဉ်စေ ၂၆ စိတ္တဇရုပ်တစုတခုနှင့်ရှိသော ဓိ.ကိုယ် ၃ ပါးတွင် တစ်ပါးပါး၊
				သမ္ပဒါန်	သာဓိပတိ အကုသိုလ်ပြုအပ်သော သာဓိပတိစိတ္တဇရုပ်၊
				ကရိုဏ်း	✪ သဟဇာတာဓိပတိသတ္တိသာရ၏။
၆။		အကု	အကုဗျာ	ကတ္တား	ပဥ္စဝေါဘုံ၌ ဓိ.ရသောအခါ လော ၈၊ ဒေါ ၂၊ ဝိစိကြဉ်စေ ၂၆ စိတ္တဇရုပ်တစုတခုနှင့်ရှိသော ဓိ.ကိုယ် ၃ ပါးတွင် တစ်ပါးပါး၊
				သမ္ပဒါန်	ဓိ..ကြဉ်သော ဓိ..ရခါ လော ၈၊ ဒေါ ၂၊ ဝိစိကြဉ်စေ ၂၆ သမ်ခန္ဓာ၊ သာဓိပတိစိတ္တဇရုပ်၊
				ကရိုဏ်း	✪ သဟဇာတာဓိပတိသတ္တိသာရ၏။
၇။	ဗျာ(၁)	ဗျာ	ဗျာ	ကတ္တား	ဓိ.ရသောအခါ မဟာကြိယာ ၈၊ ဧကန်ရ မဟဂ္ဂုတ်ကြိ ၉၊ ဖိုလ် ၄၊ စေ ၃၈၊ စိတ္တဇ.. ဓိ..ကိုယ် ၃/၄ ပါးတွင် တစ်ပါးပါး၊
				သမ္ပဒါန်	ဓိ..ကြဉ်သော ဓိ..ရခါ မဟာကြိယာ ၈၊ ဧကန်ရ မဟဂ္ဂုတ်ကြိ ၉၊ ဖိုလ် ၄၊ စေ ၃၈၊ သမ္ပယုတ္တခန္ဓာ၊ သာဓိပတိစိတ္တဇရုပ်၊
				ကရိုဏ်း	✪ သဟဇာတာဓိပတိသတ္တိသာရ၏။

www.dhammadownload.com

ကုသိုလ်စသော သုံးပဒလုံးမှာပင် တိကသဘောအတိုင်း အဓိပတိတရားကိုယ် ၃–ပါး၊ ၄–ပါးရှိနေရာ မည်သည့်အဓိပတိတရားကိုယ်မျှ အဓိပတိအနေအထားအားဖြင့် မခွဲခြားနိုင်၍ ကရိုဏ်းကောက်ရာဝယ် **'<u>သဟဇာတာဓိပတိသတ္တိသာရ၏</u>။'**ဟု သာမညအားဖြင့် ကောက်ရပါသည်။

သဟဇာတငယ် ပါဠိတော်ဇယား [*(ဟေတု)နေရာတွင် ဆိုင်ရာ–အဓိပတိ သွင်းဆိုရန်*]

ဝိဓိပါဠိ		အနုဝါဒပါဠိတော်			
ပဒ	ပဒါဝသာန	ပစ္စည်း = ကတ္တား	ပစ္စယုပ္ပန် = သမ္ပဒါန်		
			သမ္ပယုတ္တကာနံ ခန္ဓာနံ	စိတ္တသမုဋ္ဌာနာနံ ရူပါနံ	ကဋတ္တာ စ ရူပါနံ
ကု	ကု	ကုသလာ(ဟေတူ)	။		
	ဇျာ	။		။	
	ကုဇျာ	။	။	စိတ္တ..နဥ္စရူပါနံ	
အကု	အကု	အကုသလာ(ဟေတူ)	။		
	ဇျာ	။		။	
	အကုဇျာ	။	။	စိတ္တ..နဥ္စရူပါနံ	
ဇျာ	ဇျာ ပဝတ္တိ	ဝိဇျာ.ကိဇျာတာ(ဟေတူ)	။	။	
	ဇျာ ပဋိ.	ပဋိသေ.ဝိဇျာတာ(ဟေတူ) (အဓိပတိ၌ ×)	။		။

လောကီအကျိုးစီးပွား, လောကုတ္တရာအကျိုးစီးပွား အစားစားတို့ကို ကြီးပွားသည်ထက်ကြီးပွားအောင် ကြံဆောင်အားထုတ်သူတိုင်းတို့မှာ အဓိပတိပစ္စည်း အသီးသီးတို့ ပါရှိမှသာလျှင် ကြီးကျယ်မြင့်မြတ် အရပ်ရပ်ဖြစ်ပွားနိုင်ကြကုန်ရာ၏။

ဆန္ဒာဓိပတိ – ဆန္ဒကို အကြီးအမှူးပြု၍အားထုတ်ခြင်း၊
ဝီရိယာဓိပတိ – ဝီရိယကို အကြီးအမှူးပြု၍အားထုတ်ခြင်း၊
စိတ္တာဓိပတိ – စိတ်ကို အကြီးအမှူးပြု၍အားထုတ်ခြင်း၊
ဝီမံသာဓိပတိ – ပညာကို အကြီးအမှူးပြု၍အားထုတ်ခြင်း၊

- ဆန္ဒကြီးကာ၊ အားထုတ်ရာ၊ ဆန္ဒာဓိပတိ၊ ကြောင်းကျိုးသိ။
- ဝီရိယကြီးကာ၊ အားထုတ်ရာ၊ ဝီရိယဓိပတိ၊ ကြောင်းကျိုးသိ။
- စိတ်စွဲကြီးကာ၊ အားထုတ်ရာ၊ စိတ္တာဓိပတိ၊ ကြောင်းကျိုးသိ။
- ပညာကြီးကာ၊ အားထုတ်ရာ၊ မံသာဓိပတိ၊ ကြောင်းကျိုးသိ။

www.dhammadownload.com

အဓိပတိပစ္စည်းဖြင့် ဝိပဿနာရှုနည်း

ပဋ္ဌာန်းတရားတော်တွင် ဟေတုပစ္စည်း ဟိတ် ၆-ပါးကြောင့် ရုပ်,နာမ်ဖြစ်ခြင်း၊ အာရမ္မဏပစ္စည်း အာရုံ ၆-ပါးကြောင့် ရုပ်,နာမ်ဖြစ်ခြင်းတို့ကိုဟောတော်မူပြီးနောက် အဓိပတိပစ္စည်း ၄-ပါးကြောင့် ရုပ်,နာမ်ဖြစ်ခြင်းကို ဟောတော်မူပါသည်။

ဝိပဿနာရှုရာတွင် ပထမ ရုပ်,နာမ်ဓမ္မ နှစ်ပါးသာရှိသည်ဟု ပိုင်းခြားသိမြင်သော 'နာမရူပ ပရိစ္ဆေဒဉာဏ်'၊ ရုပ်နှင့်နာမ် ကွဲသွားပြီးနောက် ထိုရုပ်,နာမ်တို့သည် ဆိုင်ရာ အကြောင်းတို့ကြောင့်သာ ဖြစ်ရသည်ဟုသိမြင်သော 'ပစ္စယ ပရိဂ္ဂဟဉာဏ်' ဖြစ်ပါသည်။ ထိုသို့ အခြေခံဉာဏ်စဉ်တို့ကို သိမြင်ပြီးနောက် ရုပ်,နာမ်သင်္ခါရတရားတို့၏ ဖြစ်ပြီး, ပျက်သွားသည့်လက္ခဏာတို့ဖြင့် ဆင်ခြင်ရှုမှတ် သုံးသပ်တတ်သော 'ဝိပဿနာဉာဏ်'- 'သမ္မသနဉာဏ်'စသည် အဆင့်ဆင့် တက်ပါမည်။

အဓိပတိပစ္စည်းဖြင့် ဆန္ဒ, ဝီရိယ, စိတ်, ပညာကြောင့် ရုပ်,နာမ်များဖြစ်ပုံမှာ-

၁။	ဆန္ဒာဓိပတိ	ဆန္ဒသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ၊
၂။	ဝီရိယာဓိပတိ	ဝီရိယသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ၊
၃။	စိတ္တာဓိပတိ	စိတ္တသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ၊
၄။	ဝီမံသာဓိပတိ	ဝီမံသသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ၊

ဆန္ဒာဓိပတိတပ်ပြီးကျေးဇူးပြုလျှင် လောဘစသော-ဟေတုပစ္စည်း, အာရမ္မဏ ပစ္စည်းနှင့် အခြား ဝီရိယ,စိတ်,ပညာကြောင့်ဖြစ်သောရုပ်နာမ်တို့ မထင်ရှား, မရှိတော့ဘဲ၊ ဆန္ဒကြောင့်ဖြစ်သောရုပ်နာမ်တို့သာ ထင်ရှားရှိပါသည်။ ဝီရိယာဓိပတိတပ်လျှင်လည်း ဆန္ဒ,စိတ်,ပညာကြောင့်ဖြစ်သောရုပ်နာမ်တို့ မထင်ရှား, မရှိတော့ဘဲ၊ ဝီရိယကြောင့်ဖြစ် သောရုပ်နာမ်သာ ထင်ရှားရှိပါသည်။ ထိုနည်း စိတ်,ပညာတို့လည်း သိနိုင်ပါသည်။

အဓိပတိ(စကြာဝတေးမင်း)သည် ၂-ခု ၃-ခုပြိုင်၍ မတပ်နိုင်သဖြင့် ဖြစ်မှု,ပျက်မှုကို ဝိပဿနာရှုသောအခါ ဆန္ဒပြင်းထန်သည့်အချိန်မှာဖြစ်သောရုပ်နာမ်သည် ဝီရိယာဓိပတိ တပ်ချိန်တွင် မရှိတော့သဖြင့် ဆန္ဒကြောင့်ဖြစ်သောရုပ်နာမ်၏ မမြဲခြင်းသဘောအား မြင်လာသဖြင့် '**အနိစ္စ**'သဘော ထင်လာသည်။ မမြဲသောရုပ်နာမ်ကို ပြုစုလုပ်ကျွေး အရေးပေးနေခြင်းသည် '**ဒုက္ခ**'များ လုပေသည်။ ရုပ်နာမ်ကို ကျွေးမွေးပြုစု စောင့်ရှောက် နေရခြင်းဖြစ်ပြီး၊ မိမိက ဘာမှမပိုင်ဆိုင်သည့်သဘော.. မိမိက အစိုးမရသဖြင့် '**အနတ္တ**' ဆိုသည့်သဘောလက္ခဏာ ထင်ရှားလာပါသည်။ 'မမြဲသော-အနိစ္စ၊ ဆင်းရဲသော-ဒုက္ခ၊ အစိုးမရသော-အနတ္တ'တရားများကို သမ္မဒဉ်သတိ ကိုယ်စီရှိသဖြင့် ပစ္စည်း-ပစ္စယုပ္ပန်၊ အကြောင်း-အကျိုးမှန်ကို ဆင်ခြင်နိုင်ကြပါစေ..

www.dhammadownload.com

ဆန္ဒကြောင့်ဖြစ်သောရုပ်နာမ်ပေါ်မှာ ရုပ်နာမ်သည် ဆန္ဒကြောင့်ဖြစ်မှုကိုသိခြင်းအား 'ဉာတပရိညာ' ခေါ်ပါသည်။ 'မမြဲသော–အနိစ္စ၊ ဆင်းရဲသော–ဒုက္ခ၊ အစိုးမရသော–အနတ္တ'ဟု ဖြစ်ပြီး–ပျက်၊ အကြောင်းကြောင့် ဖြစ်လာတယ်၊ ဖြစ်လာသောတရားများ ဖြစ်ပြီးပျက်သွားသည်ကို သိပေးသိပေးနေခြင်းသည်ပင် ပြုကျင့်ပေးနေခြင်း 'တီရဏပရိညာ'အားဖြင့် ဆန္ဒစသည်တို့၏ဆိုင်ရာလုပ်ငန်းကို သိသောဉာဏ် 'ကိစ္စဉာဏ်' ဖြစ်ပေါ်နေခြင်း ဖြစ်ပါသည်။ လက္ခဏာရေးသုံးပါးဖြင့် ရုပ်နာမ်ကို ထင်မြင်လာသောအခါ 'ဒိဋ္ဌိ'ကိုပယ်လိုက်နိုင်သောကြောင့် 'ပဟာနပရိညာ' ဖြစ်ပါသည်။

ဆန္ဒပြင်းထန် ကြိုးစားရန်၊ စိတ်မှန်တည်ဖြောင့်ထား၊
အရာရာတွင် ဉာဏ်နှင့်ယှဉ်၊ ကြိုတင်စဉ်းစားထား၊
အောင်မြင်မှုအတွက် ဤလေးချက် သော့ချက်တရားများ။

ပဋ္ဌာန်း အဓိပတိပစ္စည်း မေတ္တာပို့ ဆုတောင်းဘုရားရှိခိုး

အဓိပတိပစ္စယော– သတ္တဝါအားလုံးတို့၏ သန္တာန်၌ မထက်မြက်သော ညံ့သော ဆန္ဒ၊ ဝီရိယ၊ စိတ်၊ ပညာတရားတို့ အကြီးအမှူး ဦးစီးဦးဆောင် မပြုကြဘဲ၊ ထက်မြက်သော၊ ကောင်းသော ဆန္ဒ၊ ဝီရိယ၊ စိတ်၊ ပညာတရားတို့သာ အကြီးအမှူး ဦးစီးဦးဆောင်ပြုကြလျက် အလွန်အကြူး အထူးကြီးကျယ်မြင့်မြတ်သော အကျိုးတရားတို့သာ ရရှိခံစားနိုင်ကြပါစေ။

ဆန္ဒနှင့်ခွဲ၊ စိတ်ဉာဏ်တွဲ၊ ကြီးကဲ ဖြစ်ရပ်ပါစေသော်၊

အဓိပတိပစ္စယော– စကြာဘုန်းငှ၊ များဖိုလ်လူတို့၊ ပြိုင်သူမရှိ၊ စိုးအုပ်ဘိသို့၊ မိမိဆိုင်ရာ၊ နာမ်ခန္ဓာဝယ်၊ ကောင်းစွာစိုးဘိ၊ သတ္တိရှိသော၊ အဓိပတိလေးပါး၊ သဟဇာတ၊ ပစ္စည်းတရားနှင့်၊ ခြောက်ပါးအာရုံ၊ အဖုံဖုံသော၊ အာရမ္မဏာဓိပတိ၊ ပစည်းတရားသည် အတ္တိ– ပုဂ္ဂိုလ်၊ သတ္တဝါ၊ သူငါမနော၊ တရားသဘောသာ၊ ထင်ရှားရှိပါပေသည်တကား။ ဣတိ– ဤသို့၊ ဗောဓေန္တိ– သဗ္ဗညုတာ၊ ဉာဏ်တော်သာဖြင့်၊ ဦးစွာကျနှ၊ သိပြီးမှလျှင်၊ များလှဝေနေ၊ သိစေတော်မူသော၊ မြတ်စွာဘုရားကို၊ ဝန္ဒာမိ– ဂုဏ်တော်ထုံမွှမ်း၊ ပုံတော်မှန်းလျက်၊ ချီးမွမ်းထောမနာ၊ ပဏာရိုကျိုး၊ လက်စုံမိုး၍၊ ရှိခိုး ကန်တော့ပါ၏ ဘုရား။

UK-2020(COVID-19)

အဓိပတိပစ္စည်း ပြီး၏။

www.dhammadownload.com

"နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"

+

၄။ အနန္တရပစ္စည်း

မြတ်စွာဘုရားသည် သတ္တဝါတို့အား ဘဝတွေပြောင်းသော်လည်း နာမ်တရားက တည်မြဲသည်ဟုယူသည့် 'သဿတဒိဋ္ဌိ'ဖြစ်စေသော သန္တတိပညတ်ကို ပယ်ရှား၍ အယူမှန်ရစေရန်အတွက် အနန္တရ၊ သမနန္တရ၊ အနန္တရူပနိဿယ၊ နတ္ထိ၊ ဝိဂတပစ္စည်း များဖြင့် ဟောတော်မူပါသည်။

◉ သန္တတိ(ခန္ဓာအစဉ်)၌ သညာဖုံး၍ အနိစ္စကို မမြင်၊ ဘဝအစဉ်၌ သဿတဒိဋ္ဌိ အယူဖြင့် ဝိညာဉ်သည်မြဲ၏ဟုယူမှုကိုပယ်ရန် အနန္တရပစ္စည်းကို ဟောရပါသည်။

အနန္တရမည်ခြင်းအကြောင်း

အနန္တရ - အခြားမရှိသည်အဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရား၊

သမနန္တရ - ကောင်းစွာ အခြားမရှိသည်အဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရား၊

ခမည်းတော်မင်းကြီး နတ်ရွာစံခြင်းသည် သားတော်အိမ်ရှေ့မင်းသား၏ နန်းတက်ခြင်းအား အခြားမရှိ, ဆက်တိုက်ဖြစ်စေသကဲ့သို့ မိမိ၏အခြားမဲ့၌ သင့်လျော်သော စိတ္တုပ္ပါဒ်ကိုဖြစ်စေသော ရှေးရှေးသောစိတ်,စေတသိက်တို့သည် အနန္တရပစ္စည်း မည်၏။

* သမနန္တရပစ္စည်းလည်း မည်၏။

ဤအနန္တရမျိုး၌ ရှေးရှေးစိတ်သည် အကြောင်း(ပစ္စည်း)၊ နောက်နောက်စိတ်သည် အကျိုး(ပစ္စယုပ္ပန်) ဖြစ်သည်။ ထိုသို့ နာမ်တရားတို့ ရှေ့နောက် စဉ်ဆက်အခြားမရှိ ကျေးဇူးပြုခြင်း သဘောသတ္တိသည် 'အနန္တရသတ္တိ'ပင်ဖြစ်သည်။

ထိုသို့ စိတ္တက္ခဏမခြားမှု၍သာ ကျေးဇူးပြုသော်လည်း ရုပ်တရားများခြားနား ရာ၌ကား ကျေးဇူးပြုနိုင်ပါသည်။(နိရောဓသမာပတ်)။ အကြောင်းကား ရုပ်အစဉ် အဆက်နှင့် နာမ်အစဉ်အဆက်တို့သည် ပင်ကိုယ်ကပင် ခြားနားလျက် ရှိကြသည်။ ထို့ကြောင့် ရုပ်တရားတို့သည် နာမ်တရားတို့၏ အစဉ်အဆက်၌ ဝင်ရောက်ခြားနား ခြင်းငှာ မတတ်နိုင်ပါ။ ထို့ကြောင့် အနန္တရသတ္တိဖြင့် ကျေးဇူးပြုသည်။

* အနန္တရပစ္စည်း၏ ကြောင်း-ကျိုးဆက်သွယ်မှုသည် ရုပ်တရား, ရုပ်လောကနှင့် လုံးဝမပတ်သက်။ နာမ်တရား,နာမ်လောကနှင့်သာ သက်ဆိုင်ပတ်သက်ပါသည်။

◉ သမ္ဘ, အာသေ၊ ဝိဂတေနှင့် နတ္ထိ, အနန်, သမနန်- နာမ်သည် နာမ်အား ခြောက်။

www.dhammadownload.com

အနန္တရ = အကြားအလပ်မရှိ

(၁) ဓမ္မအနန္တရ - ဓမ္မဖြစ်စဉ်အကြားမရှိ၊
(၂) ကာလအနန္တရ - အချိန်ကာလအကြားမရှိ၊
(၃) ဘဝအနန္တရ - ဘုံ,ဘဝဖြစ်မှုအကြားမရှိ အားဖြင့် သုံးမျိုးရှိရာတွင်-

✱ အနန္တရပစ္စည်းသည် ဓမ္မအနန္တရ-ဓမ္မဖြစ်စဉ်အကြားမရှိ ဖြစ်ပါသည်။

✱ ဓမ္မအနန္တရ-ဓမ္မဖြစ်စဉ်အကြားမရှိတွင်လည်း (က) ရူပဓမ္မအနန္တရ- ရုပ်ဓမ္မဖြစ်စဉ်အကြားမရှိ၊ (ခ) အရူပ(ဝါ)နာမဓမ္မအနန္တရ- နာမ်ဓမ္မဖြစ်စဉ်အကြားမရှိ ဟူ၍နှစ်မျိုးကွဲပြားပါသည်။ ဤပဋ္ဌာန်း အနန္တရပစ္စည်းသည် အရူပ(ဝါ)နာမဓမ္မအနန္တရ ဖြစ်စဉ်သာဖြစ်ပါသည်။

အနန္တရပစ္စည်းသည် စိတ္တနိယာမအရ နောက်နောက်စိတ်တို့ဖြစ်နိုင်ရန် ရှေ့ရှေ့စိတ်တို့ ချုပ်ငြိမ်းပေးခြင်းသည် မိမိ၏အခြားမဲ့မှာ နောက်နောက်စိတ်များဖြစ်ပေါ်ခွင့်ရအောင် ကျေးဇူးပြုပေးသဖြင့် အကြားမရှိအောင် ကျေးဇူးပြုသောပစ္စည်း ဖြစ်ပါသည်။ ရှေ့စိတ်-နောက်စိတ် အစဉ်မပြတ်ဖြင့် ရှေ့စိတ်သည်အကြောင်း(ပစ္စည်း), နောက်စိတ်သည်အကျိုး(ပစ္စယုပ္ပန်) ဖြစ်ချုပ်-ဖြစ်ချုပ်နှင့် ဆက်စပ်ဖြစ်ပေါ်နေပုံသည် အဘိဓမ္မာအဆန်ဆုံး(အစစ်ဆုံး) ပစ္စည်းဖြစ်ပါသည်။ အသေးငယ်ဆုံး အဟိတ်တိရစ္ဆာန်ကလေးကစပြီး အမြင့်မြတ်ဆုံးပုဂ္ဂိုလ်တို့အထိ (အသညသတ်ကြဉ်)သက်ရှိသတ္တဝါအားလုံးတို့၏(နာမ်ဓမ္မ)စိတ်ဖြစ်စဉ်ကို ဖော်ပြသောပစ္စည်းဖြစ်၍ အလွန်ကျယ်ဝန်းပါသည်။

မူလဋီကာဆရာကြီးက-

အနန္တရ၊ သမနန္တရပစ္စည်းကို ဟောရခြင်းသည် စိတ္တနိယာမသဘောကို ပြရန်ဟောခြင်းဖြစ်သည်ဟု ဆိုပါသည်။

နောက်စိတ်ကို ဥပါဒ်ခွင့်ပြုရန် ရှေ့စိတ်ချုပ်ခြင်း 'ဘင်'ဖြင့် ကျေးဇူးပြုခြင်းသည် အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ နတ္ထိ၊ ဝိဂတတရားတို့ဖြင့် ကျေးဇူးပြုသည် မည်၏။ စက္ခုဝိညာဏ်၏ချုပ်ခြင်း'ဘင်'သည် သမ္ပဋိစ္ဆိုင်း၏'ဥပါဒ်' ဖြစ်ဖို့ရန်အတွက် အနန္တရ၊ သမနန္တရသတ္တိဖြင့် ကျေးဇူးပြု၏။ ရှေ့စိတ်က နောက်စိတ်ကို အနန္တရ၊ သမနန္တရပစ္စည်းဖြင့် ကျေးဇူးပြုခြင်းပင်ဖြစ်၏။ ထိုဘက်ဘဝက စုတိ၏'ဘင်'သည် ဒီဘက်ဘဝ ပဋိသန္ဓေ၏'ဥပါဒ်'ကို အနန္တရ၊ သမနန္တရပစ္စည်းဖြင့် ကျေးဇူးပြုပါသည်။

☸ ရဟန္တာတို့၏စုတိနောက်မှာ စိတ်,စေတသိက်,ရုပ်တို့ မရှိကြသဖြင့် ရဟန္တာတို့၏စုတိသည် ပစ္စည်းတရား မဖြစ်ပါ။ ပစ္စယုပ္ပန်တရားသာ ဖြစ်ပါသည်။

www.dhammadownload.com

* ရဟန္တာ၏မရဏာသန္နဇောအာရုံသည် နောက်ဘဝမရှိတော့၍ နောက်ဘဝပဋိသန္ဓေ ဖြစ်မည့်အာရုံများ မထင်နိုင်ပါ။ ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်များ မထင်ပါ။

? ရုပ်ခြားသော်လည်း အနန္တရသတ္တိဖြင့် ကျေးဇူးပြုနိုင်သလော.....

* ရှေးရှေးဇောသည် နောက်နောက်ဇောအား ကျေးဇူးပြုသကဲ့သို့ နိရောဓသမာပတ်ဝင်စားခါနီး၌ဖြစ်သော နေဝသညာနာသညာယတန စိတ်ကို စိတ္တဇရုပ်ကြဉ်သော)တိဇရုပ်များခြားသော်လည်း သမာပတ်မှထသောအခါ ဖိုလ်ဇောအား အနန္တရသတ္တိဖြင့်ပင် ကျေးဇူးပြုပါသည်။

* ကာမဘုံမှစုတေ၍ အသညသတ်ဘုံ၌ဖြစ်ပြီး၊ ကာမသို့ပင်ပြန်လာ၍ ကာမစုတိနောင်ကာမပဋိသန္ဓေနေကြရာ၌ အနန္တရသတ္တိဖြင့်ပင် ကျေးဇူးပြု၏။ အကြောင်းကား ရုပ်အစဉ်နှင့် နာမ်အစဉ်သည် ပင်ကိုယ်ကပင်ခြား၏။ နာမ်အစဉ်၌ ဝင်ရောက်ခြင်း ငှာမတတ်နိုင်။

အသညသတ်ဘုံမှ စုတေ၍ ကာမဘုံ၌ ပဋိသန္ဓေနေသူ၏ ပဋိသန္ဓေစိတ်အား အနန္တရပစ္စည်း တတ်ပုံ–

ပစ္စည်း = အသညသတ်ဘုံသို့ မရောက်မီ နောက်ဆုံးကာမစုတိစိတ်၊

ပစ္စယုပ္ပန် = အသညသတ်ဘုံမှစုတေ၍ ကာမဘုံသို့ရောက်လာသော ကာမပဋိသန္ဓေစိတ်၊

အဓိပတိ၏အခြားမဲ့၌ အနန္တရပစ္စည်း, သမနန္တရပစ္စည်း ဟောရခြင်း

ဟေတု, အာရမ္မဏ, အဓိပတိ ၃–ပစ္စည်းတို့ဖြင့် 'ဧကက္ခဏ, နာနာဝီထိ' တို့၌ ကျေးဇူးပြုသည်အဖြစ်ကို ညွှန်ပြတော်မူ၏။ ယင်းသို့ညွှန်ပြသောကြောင့် 'ဧကက္ခဏ, နာနာဝီထိ'၌သာ ကျေးဇူးပြုနိုင်သလော 'ဧကဝီထိ, နာနာခဏ'တို့၌ ကျေးဇူးမပြုနိုင်သလော–ဟု ယင်းသို့ ယုံမှားသံသယ ဖြစ်နိုင်ပါသည်။

ယင်းသို့သော ယုံမှားသံသယကို ပယ်ဖျောက်လိုသောကြောင့် အဓိပတိ၏အခြားမဲ့၌ အနန္တရပစ္စည်းကို ဟောတော်မူပါသည်။ အဓိပ္ပါယ်ကား– ပစ္စည်းတရားတို့မည်သည် 'ဧကက္ခဏ, နာနာဝီထိ'တို့၌သာ တစ်ခုသောအခြင်းအရာအားဖြင့် ကျေးဇူးပြုနိုင်သည် မဟုတ်သေး 'ဧကဝီထိ, နာနာခဏ'တို့၌လည်း နောက်စိတ်အား ဖြစ်ခွင့်ကိုပေးခြင်းဟု ဆိုအပ်သော လွန်လေပြီးသော အခြားမဲ့အဖြစ်ဖြင့်လည်း ကျေးဇူးပြုနိုင်ပါသည်ဟူလို။

[ဟံသာဝတီဆင်ဖြူများရှင်လက်ထက်၊ အသျှင်သဒ္ဓမ္မာလင်္ကာရ၏ 'ပဋ္ဌာနသာရဒီပနီဋီကာ']

www.dhammadownload.com

စိတ္တနိယာမ, ဥတုနိယာမ, ဗီဇနိယာမ, ကမ္မနိယာမ, ဓမ္မနိယာမတို့၏အစွမ်းကဲ့သို့ ပဋ္ဌာန်းတရားတော်ကြီးသည်လည်း ရှေးရှေးစိတ်က နောက်နောက်စိတ်ကိုဖြစ်အောင် အနန္တရပစ္စည်းကျေးဇူးပြုရတွင် ဟေတု-ဟိတ်ခြောက်ပါးမှတစ်ပါးပါးက အာရမ္မဏ-အာရုံယူနေရပါသည်။ ဟေတုပစ္စည်းက မိမိရသောအာရုံကိုစွဲ၍ မခွဲနိုင်လောက်အောင် အဓိပတိပစ္စည်းလည်း ကျေးဇူးပြုနိုင်ပါသည်။ ထို့အပြင် မျိုးပစ္စည်းများအားလျော်စွာ ကျေးဇူးပြုနိုင်ပါသေးသည်။

အနန္တရပစ္စည်းနှင့် သမနန္တရပစ္စည်း အထူး

⇉ ဥပစယ, သန္တတိစသည်တို့၌ကဲ့သို့လည်းကောင်း၊ အဓိဝစနဒုက်, နိရုတ္တိဒုက် စသည်တို့၌ကဲ့သို့လည်းကောင်း၊ အနန္တရပစ္စည်းနှင့် သမနန္တရပစ္စည်းသည် သဒ္ဒါမျှသာ ထူး၍ အနက်အားဖြင့် တစ်စုံတစ်ရာထူးခြားခြင်း မရှိပါ။ [ပဋ္ဌာန်းအဋ္ဌကထာ ၂၉၁-၂၄]

⇉ အဝွန့်၏အခြား မရှိသည်၏အဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရားသည် အနန္တရပစ္စည်း မည်၏။ ကာလ၏အခြား မရှိသည်၏အဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရားသည် သမနန္တရပစ္စည်း မည်၏။ ဤသို့ ထူးပါသည်။ [ပဋ္ဌာန်းအဋ္ဌကထာ ၂၉၁-၂၆]

⇉ အနန္တရပစ္စည်း, သမနန္တရပစ္စည်းတို့သည် အနက်-တရားကိုယ်အားဖြင့် တစ်စုံတစ်ရာ ထူးခြားခြင်း မရှိပါသော်လည်း ဝေနေယျပုဂ္ဂိုလ်အားဖြင့် သစ္စာလေးပါးတရားတို့ကို သိစေလိုသောကြောင့် သမနန္တရပစ္စည်းကို ထပ်မံ၍ ဟောကြားတော်မူပါသည်။

အမျိုး‌ဇာတ်၊ ကာလ၊ ဘုံဌာန

▲ အနန္တရပစ္စည်းသည် အနန္တရူပပစ္စည်းမျိုး၌ ဖြစ်ပါသည်။ ထို့ကြောင့် အနန္တရပစ္စည်း တရားတို့သည် မိမိနှင့်အတူတကွ အခြားအနန္တရူပမျိုးပစ္စည်းများလည်း ကျေးဇူးပြုနိုင်ကြလေသည်။
အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ အာသေဝန၊ အနန္တရကမ္မ၊ နတ္ထိ၊ ဝိဂတပစ္စည်း၊
(အနန်, သနန်, ဥ-သေ-ကံ၊ မှတ်ရန် နတ်,ဝိဂ၊)

▲ အနန္တရပစ္စည်းသည် ပဋိသန္ဓေကာလ, ပဝတ္တိကာလ နှစ်ပါးလုံးတို့၌ ဖြစ်သည်။
ပစ္စုပ္ပန်,အတိတ်,အနာဂတ် ကာလသုံးပါးတို့တွင် အတိတ်ကာလ၌ ဖြစ်ပါသည်။

▲ အနန္တရပစ္စည်းသည် ပဉ္စဝေါကာရ ၂၆-ဘုံ၊ စတုဝေါကာရ ၄-ဘုံတို့၌ ဖြစ်နိုင်ပါသည်။

✕ ဧကဝေါကာရ(အသညသတ်ပြဟ္မာ)ဘုံ၌ အနန္တရပစ္စည်း မဖြစ်နိုင်ပါ။ ✕

www.dhammadownload.com

ပစ္စယနိဒ္ဒေသ အနန္တရပစ္စည်း

ပစ္စည်း(ကတ္တား)	ပစ္စယုပ္ပန်(သမ္ပဒါန်)	သဘာဂ(ကရိုဏ်း)
ရဟန္တာတို့စုတိကြဉ်သော အလုံးစုံသော စိတ် ၈၉၊ စေ ၅၂၊ ပဝတ္တိ,ပဋိသန္ဓေ နာမက္ခန္ဓာ ၄ ပါး၊	ရဟန္တာတို့စုတိနှင့်တကွ နောက်နောက်သော နာမက္ခန္ဓာ၊ (နောက်နောက်သော စိတ် ၈၉၊ စေ ၅၂၊)	ပဋ္ဌဝိညာဉ်(ပြိုင်-၅) နံ၊သနံ၊ ဥ၊နတ်၊ဝိ * မနောဓာတ်(ပြိုင်-၅) ..။.. * ကု-ကု(ပြိုင်-၆) နံ၊သနံ၊ ဥ၊**သေ**၊နတ်၊ဝိ ကု-ဗျာ(ပြိုင်.ယ-၆) နံ၊သနံ၊ ဥ၊**ကံ**၊နတ်၊ဝိ အကု-အကု(ပြိုင်-၆) =ကု-ကု အကု-ဗျာ(ပြိုင်-၅) နံ၊သနံ၊ ဥ၊နတ်၊ဝိ * ဗျာ-ဗျာ(ပြိုင်.ယ-၆) နံ၊သနံ၊ ဥ၊**သေ**၊နတ်၊ဝိ ဗျာ-ကု(ပြိုင်-၅) = ဗျာ-ကု(ပြိုင်-၅) = * ယေသံ ယေသံ မွှာနံ(ပြိုင်.ယ-၇) နံ၊သနံ၊ ဥ၊**သေ**၊**ကံ**၊နတ်၊ဝိ

ပစ္စည်း = ရဟန္တာတို့စုတိကြဉ်သောအလုံးစုံသော စိတ်-၈၉၊ စေတသိက်-၅၂၊ ပဝတ္တိ,ပဋိသန္ဓေ နာမက္ခန္ဓာ ၄-ပါး၊

ပစ္စယုပ္ပန် = ရဟန္တာတို့စုတိနှင့်တကွ နောက်နောက်သော နာမက္ခန္ဓာ၊ နောက်နောက်သော စိတ်-၈၉၊ စေတသိက်-၅၂၊



ပစ္စယနိဒ္ဒေသပါဠိတော်-

ပစ္စည်းတရား	ပစ္စယုပ္ပန်တရား	
စက္ခုဝိညာဏဓာတု တံသမ္ပယုတ္တကာစ ဓမ္မာ ..(ပ)..	မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ..(ပ)..	
မနောဓာတု ။	မနောဝိညာဏဓာတုယာ ။	
(ပုရိမာ၂ ကုသလာ ဓမ္မာ)၂	* ပစ္ဆိမာနံ၂ ကုသလာနံ ဓမ္မာနံ	အဗျာကတာနံ ဓမ္မာနံ
(ပုရိမာ၂ အကုသလာ ဓမ္မာ)၂	* ပစ္ဆိမာနံ၂ အကုသလာနံ ဓမ္မာနံ	အဗျာကတာနံ ဓမ္မာနံ
* (ပုရိမာ၂ အဗျာကတာ ဓမ္မာ)၃	* ပစ္ဆိမာနံ၂ အဗျာကတာနံ ဓမ္မာနံ	ကုသလာနံ. / အကု.နံ.
ယေသံ ယေသံ ဓမ္မာနံ အနန္တရာ(သမနန္တရာ)	ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တ စေတသိကာဓမ္မာ (x)	

www.dhammadownload.com

အနန္တရမျိုးအတွက် ဝီထိများ

ဝါရ	ဝီထိများ	ရှေးရှေးသောစိတ်သည် ပစ္စည်း၊ နောက်နောက်သောစိတ်သည် ပစ္စယုပ္ပန်
ကာမ	ပဥ္စဒွါရ	တ၊န၊ဒ၊ ပ စ သံ ဏ ဝု၊ ဇ ဇ ဇ ဇ ဇ ဇ ဇ၊ ရုံ ရုံ၊ ဘ ဘ
	မနောဒွါရ	န၊ဒ၊ မ၊ ဇ ဇ ဇ ဇ ဇ ဇ ဇ၊ ရုံ ရုံ၊ ဘ ဘ
အပ္ပနာဇောဝါရ	ဈာနသမာပတ်	န၊ဒ၊ မ၊ ပ ဥ နု ဂေါ၊ ဈာန်(များစွာ)၊ ဘ ဘ
	မဂ္ဂဝီထိ	န၊ဒ၊ မ၊ ပ ဥ နု **ဂေါ**၊ မဂ် ဖိုလ် ဖိုလ်၊ ဘ ဘ န၊ဒ၊ မ၊ ပ ဥ နု **ဝေါ**၊ မဂ် ဖိုလ် ဖိုလ်၊ ဘ ဘ
	ဖလသမာပတ်	န၊ဒ၊ မ၊ နု နု နု နု ဖိုလ်(များစွာ)၊ ဘ ဘ
	နိရောဓသမာပတ်	န၊ဒ၊ မ၊ ပ ဥ နု ဂေါ နေဝသညာနာသညာယတနဇော ၂ ကြိမ် (နိရောဓ) ဖိုလ်၊ ဘ ဘ
မရဏ	မရဏာသန္န	အက၊မဟာက၊ကြိ ပဥ္စ/ဇော/ရုံ/ဘ စုတိ–ပဋိ ဘ (ဇောနောင်စုတိနှောင်းပုံ)

ပဥ္စဝါရ အနန္တရူပနိဿယ ၇–မျိုး အနုလုံသုဒ္ဓသင်္ချာဇယား

↓ အားတပ်သော ↰

ပစ္စည်း		ပစ္စည်း(ကတ္တား)	ပစ္စယုပ္ပန်(သမ္ပဒါန်)	သင်္ချာ	ပစ္စည်းရေ
၁။	အနန္တရ သနံ၊ အနန္တရူပ၊ နတ္ထိ၊ ဝိဂတ	ရဟန္တာတို့ စုတိကြဉ်သော အလုံးစုံသော စိတ် ၈၉၊ စေ ၅၂၊ ပဝတ္တိ,ပဋိ နာမက္ခန္ဓာ လေးပါး	ရဟန္တာတို့ စုတိနှင့်တကွ နောက်နောက်သော နာမက္ခန္ဓာ	၇	၅
၂။	အာသေဝန	အဆုံးဇောကြဉ်သော ရှေးရှေးသော လောကီဇော–၄၇	ပဌမဇော, ဖိုလ်ဇောကြဉ်သော နောက်နောက်သော ဇော–၅၁	၃	၆
၃။	အနန္တရူပကမ္မ	မဂ်လေးခု၌ရှိသော စေတနာ၊	မဂ္ဂါနန္တရဖိုလ် လေးခု၊	၁	၆

သုဒ္ဓသင်္ချာဆိုရိုး။ ။ အနန္တရ၊ သမနန္တရ၊ အနန္တရူပနိဿယ၊ နတ္ထိ၊ ဝိဂတပစ္စည်း၏ သုဒ္ဓသင်္ချာ ဝါရ၌ ရဟန္တာတို့စုတိစိတ်နှင့်တကွ နောက်နောက်သော နာမက္ခန္ဓာအား<u>တပ်သော</u> ရဟန္တာတို့ စုတိစိတ်ကြဉ်သော အလုံးစုံသော စိတ်တစ်ခုယုတ်ကိုးဆယ်(၈၉)၊ စေတသိက် ဒွေပညာသ ပဝတ္တိ, ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး ဤတရားတို့သည် အနန္တရ၊ သမနန္တရ၊ အနန္တရူပနိဿယ၊ နတ္ထိ၊ ဝိဂတပစ္စည်းတတ်သောတရားတို့ မည်ကုန်၏။ သင်္ချာ သတ္တ၊ ပစ္စည်းရေ–၅ ဟူသည်တည်း။ သင်္ချာသတ္တဟူသော်ကား–

ကု–ကု၊ ကု–ဗျာ။ အကု–အကု၊ အကု–ဗျာ။ ဗျာ–ဗျာ၊ ဗျာ–ကု၊ ဗျာ–အကု ဟူသည်တည်း။

ပစ္စည်းရေ–၅ ဟူသော်ကား အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ နတ္ထိ၊ ဝိဂတ ဟူသည်တည်း။

www.dhammadownload.com

အနန္တရ၊ သမနန္တရ၊ အနန္တရူပနိဿယ၊ နတ္ထိ၊ ဝိဂတပစ္စည်း သရုပ်ခွဲ

၁။	ကုပဒ ၂-ချက်	ကု	ကု	ကတ္တား	အဆုံးဇောကြဉ်သော ရှေးရှေးသော လောကီကုသိုလ် ၁၇၊
				သမ္ပဒါန်	ပထမဇောကြဉ်သော နောက်နောက်သော ကု ၂၁၊ ဇေ ၃၈၊
				ကရိုဏ်း	အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ **အာသေ**၊ နတ္ထိ၊ ဝိဂတ (၆)
၂။		ကု	ဗျာ	ကတ္တား	လောကီကုသိုလ် ၁၇(အဆုံးဇော)၊ **မဂ် ၄**၊
				သမ္ပဒါန်	တဒါရုံ ၁၁၊ မဟဂ္ဂုတ်ဝိပါက် ၉၊ **ဖိုလ် ၄**၊
				ကရိုဏ်း	အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ **ကမ္မ**၊ နတ္ထိ၊ ဝိဂတ (၆)
၃။	အကုပဒ ၂-ချက်	အကု	အကု	ကတ္တား	အဆုံးဇောကြဉ်သော ရှေးရှေးသော အကုသိုလ် ၁၂၊
				သမ္ပဒါန်	ပထမဇောကြဉ်သော နောက်နောက်သော အကုသိုလ် ၁၂၊
				ကရိုဏ်း	အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ **အာသေ**၊ နတ္ထိ၊ ဝိဂတ (၆)
၄။		အကု	ဗျာ	ကတ္တား	အကုသိုလ် ၁၂(အဆုံးဇော)၊
				သမ္ပဒါန်	တဒါရုံ ၁၁၊ မဟဂ္ဂုတ်ဝိပါက် ၉၊ (ရုံ+ဘွင်)
				ကရိုဏ်း	အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ နတ္ထိ၊ ဝိဂတ (၅)
၅။	ဗျာပဒ ၃-ချက်	ဗျာ	ဗျာ	ကတ္တား	ရဟန္တာစုတိကြဉ် ရှေးရှေးသောဝိ ၃၆၊ ကြိ ၂၀၊
				သမ္ပဒါန်	ရဟန္တာစုတိနှင့်တကွသော နောက်နောက်သော ဝိ ၃၆၊ ကြိ ၂၀၊
				ကရိုဏ်း	အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ **အာသေ**၊ နတ္ထိ၊ ဝိဂတ (၆)
၆။		ဗျာ	ကု	ကတ္တား	ဝုဋ္ဌော၊ မနောဒွါရာဝဇ္ဇန်း၊
				သမ္ပဒါန်	မဟာကုသိုလ် ပထမဇော
				ကရိုဏ်း	အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ နတ္ထိ၊ ဝိဂတ (၅)
၇။		ဗျာ	အကု	ကတ္တား	ဝုဋ္ဌော၊ မနောဒွါရာဝဇ္ဇန်း၊
				သမ္ပဒါန်	အကုသိုလ် ၁၂ ပထမဇော
				ကရိုဏ်း	အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ နတ္ထိ၊ ဝိဂတ (၅)

* (ကု-ကု)(အကု-အကု)ပစ္စည်းဖက်၌ အဆုံးဇောနောင်တွင် တဒါရုံ(ဗျာ)သာရှိ၍ ကြဉ်ရ၏။ ပစ္စယုပ္ပန်ဖက်တွင်လည်း ပထမဇောရှေ့၌ အာဝဇ္ဇန်း(ဗျာ)သာ ရှိသောကြောင့်ကြဉ်ရ၏။ (ကု-ကု)အချင်းချင်း (အကု-အကု)အချင်းချင်း ကျေးဇူးပြုမှုသာ ကောက်ရပါမည်။

* ဗျာ-ဗျာ ကတ္တားအရတွင် ရဟန္တာတို့စုတိသည် (သမ္ပဒါန်၌)နောက်ဘဝပဋိသန္ဓေ မရှိ၍ ကြဉ်ရပါသည်။

* အာသေဝန၌လည်း ဇာတ်တူသဘောချင်းသာ အာသေဝနပစ္စည်းတတ်၍ ဟောရကား အဆုံးဇော၊ ဖိုလ်ဇော၊ ပထမဇော ကြဉ်ရပါသည်။

ကရိုဏ်းကောက်များတွင်လည်း ဇာတ်တူ(ကု-ကုစသည်)တို့၌ အာသေဝနပစ္စည်း တတ်၏။

www.dhammadownload.com

ပဌာဝါရ အနန္တရပစ္စယမျိုး ပါဠိတော်ဇယား

ဝိဓိပါဠိ		အနုဝါဒပါဠိတော်	
ပဒ	ပဒါ..	ပစ္စည်း = ကတ္တား	ပစ္စယုပ္ပန် = သမ္ပဒါန်
ကု	ကု	ပုရိမာ ပုရိမာ ကုသလာ ခန္ဓာ	ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ခန္ဓာနံ
		အနုလောမံ	ဂေါတြဘုဿ / ဝေါဒါနဿ
		ဂေါတြဘု / ဝေါဒါနံ	မဂ္ဂဿ
	ဗျာ	ကုသလံ	ဝုဋ္ဌာနဿ
		မဂ္ဂေါ	ဖလဿ
		အနုလောမံ	သေက္ခာယ ဖလသမာပတ္တိယာ
		နိရောဓာ ဝုဋ္ဌဟန္တဿ နေဝ...ကုသလံ	ဖလသမာပတ္တိယာ
အကု	အကု	ပုရိမာ ပုရိမာ အကုသလာ ခန္ဓာ	ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ခန္ဓာနံ
	ဗျာ	အကုသလံ	ဝုဋ္ဌာနဿ
ဗျာ	ဗျာ	ပုရိမာ ပုရိမာ ဝိ.ဗျာ ကိရိ.ဗျာ(ဿ) ခန္ဓာ	ပစ္ဆိမာနံ ပစ္ဆိမာနံ ဝိ.ဗျာနံ ကြိ.ဗျာနံ ခန္ဓာနံ
		ဘဝင်္ဂံ	အာဝဇ္ဇနာယ
		ကိရိယံ	ဝုဋ္ဌာနဿ
		အနုလောမံ	(✱ အရဟတော) ဖလသမာပတ္တိယာ
		နိရောဓာ ဝုဋ္ဌဟန္တဿ နေဝ...ကိရိယံ	ဖလသမာပတ္တိယာ
	ကု	အာဝဇ္ဇနာ	ကုသလာနံ ခန္ဓာနံ
	အကု	॥	အကုသလာနံ ခန္ဓာနံ

✱ အဘိဓမ္မတ္ထသင်္ဂဟ၌ မနောဒွါရာဝဇ္ဇန်းကိုသာ **'ဝုဋ္ဌော'** ဟုဆိုသော်လည်း၊ ဤပဋ္ဌာန်းကျမ်း၌

◉ **ဝုဋ္ဌာနဿ**= ပဋ္ဌိသန္ဓိ၊ ဘဝင်္ဂနှင့်၊ တဒါရုံ၊ စုတိ၊ လေးပါးရှိ၊ မည်ဘိဝုဋ္ဌာနာ၊

◉ 'အနုလောမံ ဂေါတြဘုဿ၊ အနုလောမံ ဝေါဒါနဿ၊' ထပ်မံဟောရခြင်း- အနုလောမံနှင့် ဂေါတြဘုသည် ကာမဘုံချင်းတူပါသည်။ သို့သော် အနုလောမံသည် တေဘူမက သင်္ခါရကို အာရုံပြု၏။ ဂေါတြဘုသည် နိဗ္ဗာန်ကို အာရုံပြု၏။ **ဘုံတူပြီး အာရုံကွဲ** သော နေရာ၌လည်း အနန္တရပစ္စည်း၊ အာသေဝနပစ္စည်းတတ်ကြောင်း ဟော၏။

◉ 'ဂေါတြဘု မဂ္ဂဿ၊ ဝေါဒါနံ မဂ္ဂဿ' ၌လည်း ဂေါတြဘု၊ ဝေါဒါန်နှင့် မဂ်သည် ဘုံအားဖြင့် မတူကြပါ။ ဂေါတြဘု၊ ဝေါဒါန်က ကာမဖြစ်ပြီး၊ မဂ်သည် လောကုတ္တရာ ဖြစ်၏။ သို့သော် ဂေါတြဘုနှင့် ဝေါဒါန်သည် နိဗ္ဗာန်ကိုအာရုံပြုသကဲ့သို့ မဂ်သည်လည်း နိဗ္ဗာန် အာရုံပြုသောကြောင့် အာရုံတူ၏။ **ဘုံကွဲ အာရုံတူ** သောနေရာ၌လည်း အနန္တရပစ္စည်း၊ အာသေဝနပစ္စည်းတတ်ကြောင်း ဟော၏။

www.dhammadownload.com

ဘဝင်စိတ်နှင့် ဝီထိစိတ်

သတ္တဝါတို့သန္တာန်၌ ဝီထိစိတ်မဖြစ်သောအခါ 'ဘဝ၏အကြောင်းအင်္ဂါဖြစ်သော ဘဝင်' စိတ်အစဉ်သာလျှင် အမြဲ ဖြစ်နေ၏။ ဘဝင်စိတ်မဖြစ်သောအခါ ဝီထိစိတ် အစဉ် ဖြစ်နေ၏။ ထိုဘဝင်စိတ်သည် ဘဝဟောင်းမှ ကံ, ကမ္မနိမိတ်, ဂတိနိမိတ် တစ်ပါးပါးကိုသာ အာရုံပြုလျက် ဆီမီးအလျှံ, မြစ်ရေအလျဉ်ကဲ့သို့ မပြတ်ဖြစ်နေ၏။ ထိုဘဝင်များအကြားတွင် ရူပါရုံစသော အာရုံသစ်များကိုစွဲ၍ စက္ခုဒွါရစသော ဒွါရ တစ်ပါးပါးတို့၌ထင်လာလျှင် ဘဝင်အစဉ်ပြတ်၏။ ဘဝင်အစဉ်ပြတ်လျှင် ဝီထိစိတ် အစဉ် ဖြစ်ပေါ်၏။ ဝီထိစိတ်များဖြစ်ပေါ်ရန်အတွက် လိုအပ်သောအကြောင်း အင်္ဂါ ရပ်များ ပြည့်စုံညီညွတ်ရန် လိုအပ်ပေသည်။

ဝိညာဏ် ၆–ပါး(အပွင့်ခာတ်)ဖြစ်ရန် လိုအပ်သောအင်္ဂါရပ်များ					ဝိညာဏ် ၆–ပါး	
၁	စက္ခုပသာဒ	ရူပါရုံ	အာလောက(အလင်းဓာတ်)	မနသိကာရ	စက္ခုဝိညာဏ်	ပဉ္စဝိညာဏ်
၂	သောတပသာဒ	သဒ္ဒါရုံ	အာကာသ(အပေါက်ဟင်းလင်း)	။	သောတဝိညာဏ်	
၃	ဃာနပသာဒ	ဂန္ဓာရုံ	ဝါယောဓာတ်(လေဓာတ်)	။	ဃာနဝိညာဏ်	
၄	ဇိဝှါပသာဒ	ရသာရုံ	အာပေါဓာတ်(ရေဓာတ်)	။	ဇိဝှါဝိညာဏ်	
၅	ကာယပသာဒ	ဖောဋ္ဌဗ္ဗာရုံ	ပထဝီဓာတ်(ခက်မာသောဓာတ်)	။	ကာယဝိညာဏ်	
၆	ဟဒယဝတ္ထု	ဓမ္မာရုံ	ဘဝင်	။	မနောဝိညာဏ်	မနော

- စက္ခာ, လောက၊ ရူပ ထင်ပြီ, မနသိ လေးလီ မြင်သိဖို့၊
- သောတာ, ကာသ၊ သဒ္ဒ ထင်ပြီ, မနသိ လေးလီ ကြားသိဖို့၊
- ဃာန, ဝါတ၊ ဂန္ဓ ထင်ပြီ, မနသိ လေး လီ နံသိဖို့၊
- ဇိဝှါ, အာပ၊ ရသ ထင်ပြီ, မနသိ လေးလီ လျက်သိဖို့၊
- ကာယ, ပထ၊ ဖောဋ္ဌ ထင်ပြီ, မနသိ လေးလီ ထိသိဖို့၊

အဆင်း–ရူပါရုံကြောင့် စက္ခုဝိညာဏ်စိတ်ဖြစ်ခြင်း၊ အသံ–သဒ္ဒါရုံကြောင့် သောတ ဝိညာဏ်စိတ်ဖြစ်ခြင်း၊ အနံ့–ဂန္ဓာရုံကြောင့် ဃာနဝိညာဏ်စိတ်ဖြစ်ခြင်း၊ အရသာ– ရသာရုံကြောင့် ဇိဝှါဝိညာဏ်စိတ်ဖြစ်ခြင်း၊ အတွေ့–ဖောဋ္ဌဗ္ဗာရုံကြောင့် ကာယဝိညာဏ် စိတ်ဖြစ်ခြင်း၊ ဓမ္မာရုံကြောင့် မနောဝိညာဏ်စိတ်ဖြစ်ခြင်းတို့သည် လိုအပ်သော(အကြောင်း– ပစ္စည်း) အင်္ဂါရပ်များပြည့်စုံပါသဖြင့် (အကျိုး–ပစ္စယုပ္ပန်)ဖြစ်ဖို့ရန် (ကေန်)မည်သူမှ မတားဆီးနိုင်ပေ။ ဘယ်သူ ဖန်ဆင်းလို့မှလဲ မရနိုင်ပေ။ ပုဂ္ဂိုလ် သတ္တဝါ သူငါမနော တရားသဘောသာ ထင်ရှားရှိပါပေသည်။

www.dhammadownload.com

ပဉ္စဒွါရ ဝီထိ

စက္ခုစသော ၅-ဒွါရ၌ အာရုံထင်လာမှုကိုအစွဲပြု၍ ဖြစ်သောစိတ်အစဉ်ကို "ပဉ္စဒွါရဝီထိ" ဟုခေါ်၏။ *(စက္ခုဒွါရဝီထိအတွက်ပြသော်လည်း အခြားဒွါရများ ဤနည်းတူ။)*

ဘဝင်စိတ်- သတ္တဝါတို့၏သန္တာန်၌ ဝီထိစိတ်မဖြစ်သောအခါ ဘဝင်စိတ်အစဉ်သာလျှင် အမြဲ ဖြစ်နေ၏။ ဘဝင်စိတ်ဖြစ်နေသည့်အခါ ဘာကိုမျှ ထူးထူးထွေထွေမသိ၊ အခြားမဲ့ လွန်ခဲ့ပြီးစ ဘဝဟောင်း၌စုတေခါနီးက မရဏာသန္နဇောသည် ယူပေးအပ်သော ကံ,ကမ္မနိမိတ်,ဂတိနိမိတ် တစ်ပါးပါးကို အာရုံပြုနေသည်။ အိပ်ပျော်နေစဉ်အခါ၌ ဘဝင်ချည်း ဖြစ်နေသည်။ ထိုဘဝင်တို့၏ အကြား,အကြား၌ ထင်လာသော အာရုံအသစ်ကိုစွဲ၍ ထိုက်သင့်သောစိတ်အစဉ် တစ်သုတ်တစ်သုတ် ဖြစ်ပေါ်လာလေသည်။ ထိုကဲ့သို့ဖြစ်ပေါ်လာမှုကို "ဝီထိကျသည်"ဟု ခေါ်သည်။ ထိုဝီထိအစဉ်ကုန်သောအခါ ဘဝင်ကျမြဲ ကျလေတော့သည်။ *(မူလအတိုင်းပြန်ဖြစ်ခြင်း=ကျခြင်း)*

အာရုံသည်ဒွါရ၌ ထင်လာသည်ဆိုရာ၌လည်း (ရူပါရုံနှင့် စက္ခုပသာဒ)၎င်းတို့ ဥပါဒ်လျှင်ဥပါဒ်ခြင်း မထင်နိုင်ကြသေး။ ရုပ်တို့မည်သည် ဌီအခိုက်၌သာ အားအရှိဆုံးဖြစ်သောကြောင့် အနည်းဆုံး စိတ္တက္ခဏတစ်ချက်လွန်ပြီးနောက်မှ ထင်လာနိုင်၏။ ထိုသို့လွန်ခဲ့သော စိတ္တက္ခဏတစ်ချက်ဖြစ်သည့် ဘဝင်စိတ်ကို 'အတီတဘဝင်'ဟု ခေါ်၏။ *(အာရုံနှင့်ဒွါရတို့ မထိခိုက်,မတိုက်ဆိုင်မီ လွန်(ချုပ်ပျောက်)သွားသော ဘဝင်စိတ်၊)* ထိုအတီတဘဝင်၏ အခြားမဲ့တွင် အာရုံ၏ဒွါရ၌ထင်လာမှုကြောင့် နဂိုရှိရင်းစွဲဘဝင်စိတ်သည် ၎င်း၏အာရုံပြုမြဲဖြစ်သော ဘဝဟောင်း၏ ကံ,ကမ္မနိမိတ်,ဂတိနိမိတ် တစ်ပါးပါးကို အာရုံပြုနေခြင်းကိုလည်း မလွှတ်နိုင်သေး, ထင်လာသော အာရုံသစ်ကိုလည်း စွဲမြဲစွာမယူနိုင်သေးဘဲ၊ အာရုံမတူသဖြင့် ပင်ကိုယ်သဘောမှဖောက်ပြားပြီး နှစ်ကြိမ်တိုင်တိုင် လှုပ်သွားသော ဘဝင်စိတ်ကို 'ဘဝင်္ဂစလန'ဟု ခေါ်၏။ ဒုတိယဘဝင်္ဂစလနသည် အာရုံဟောင်းကိုစွန့်၍ အာရုံသစ်ကိုယူဘို့ရန် ဘဝင်အစဉ်ပြတ်သောကြောင့် 'ဘဝင်္ဂုပစ္ဆေဒ'ဟု ခေါ်၏။

ဝီထိစိတ်ဖြစ်ပုံ

ဘဝင်အစဉ်ပြတ်ပြီးနောက် ထင်လာသော(စက္ခုဒွါရအတွက်) ရူပါရုံကိုဆင်ခြင်သော ပဉ္စဒွါရာဝဇ္ဇန်းစိတ်, မြင်သိသော စက္ခုဝိညာဏ်စိတ်, ခံယူသကဲ့သို့ဖြစ်သော သမ္ပဋိစ္ဆိုင်းစိတ်, စုံစမ်းသကဲ့သို့ဖြစ်သော သန္တီရဏစိတ်, ဆုံးဖြတ်သော ဝုဋ္ဌောစိတ်များအစဉ်အတိုင်းဖြစ်ကြ၏။ ထို့နောက် ရူပါရုံကို အာရုံပြုခံစားသော ကာမဇော

www.dhammadownload.com

၂၉–ပါးအနက်မှ တစ်ပါးပါးသည် (များသောအားဖြင့်) ၇–ကြိမ်တိုင်တိုင် ဇောၡ်။ နှလုံးသွင်းမကောင်းလျှင် အကုသိုလ်ဇော, နှလုံးသွင်းကောင်းလျှင် ကုသိုလ်ဇော, ရဟန္တာပုဂ္ဂိုလ်သန္တာန်၌ ကြိယာဇော ဇောၡ်။ ထိုကဲ့သို့ အခွင့်ရသောဇောသည် စိတ်တစ်မျိုးတည်းက ၇–ကြိမ်ထပ်၍ဖြစ်ၡ်။*(အဖြစ်များ၍ ယေဘုယျနည်း။)* ထို့နောက် ဇောသို့ အစဉ်လိုက်၍ဖြစ်သော တဒါရုံဝိပါက်စိတ် ၂–ကြိမ်ဖြစ်သော်၊ စက္ခုဒ္ွါရဝီထိ အစဉ်သည်လည်း ရူပါရုံနှင့် စက္ခုပသာဒတို့၏ ရုပ်သက် ၁၇–ချက်ပြည့်၍ ချုပ်ခြင်းနှင့်အတူပြိုင်၍ ချုပ်လေၡ်။ ထို့နောက် အာရုံသစ် ထပ်မံ၍မထင်သေးသမျှ ကြားကာလ၌ ဘဝင်စိတ်အစဉ်သာ ဆက်၍ဖြစ်ၡ်။ (ရုပ်တို့မည်သည် စိတ္တက္ခဏ ၁၇–ချက်သာအသက်ရှည်ရကား ဥပါဒ်ခဲ့သောရူပါရုံသည်လည်း ၁၇–ချက် အသက်ပြည့်ခြင်းကြောင့် ချုပ်ရတော့သည်။)

(သောတဒ္ွါရဝီထိ, ဃာနဒ္ွါရဝီထိ, ဇိဝှါဒ္ွါရဝီထိ, ကာယဒ္ွါရဝီထိများသည်လည်း ဤနည်းတူ ဖြစ်ကြပါသည်။)

တီ=အတီတဘဝင်၊ န=ဘဝင်္ဂစလန၊ ဒ=ဘဝင်္ဂုပစ္ဆေဒ၊ ပ=ပဉ္စဒ္ွါရာဝဇ္ဇန်း၊
စ=စက္ခုဝိညာဏ်၊ သံ=သမ္ပဋိစ္ဆိုင်း၊ ဏ=သန္တီရဏ၊ ဝု=ဝုဋ္ဌော၊
ဇ=ဇော၊ ရုံ(တ)=တဒါရုံ၊ ဘ=ဘဝင်၊

ပဉ္စဒ္ွါရဝီထိ

တီ န ဒ၊ ပ စ သံ ဏ ဝု၊ ဇ ဇ ဇ ဇ ဇ ဇ ဇ၊ ရုံ ရုံ၊
ဥ၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀ဥ = (၁၇)

(ဆောင်) ဆင်ခြင်, မြင်သိ, လက်ခံဘိ၍, စိစစ်, ဆုံးဖြတ်၊ ဇော, ရုံ မှတ်၊ စိတ်ဓာတ် နိယာမ။
အာရုံခိုက်ငြား, ရှေ့ပြေးငါးနှင့် ဇောကားခုနှစ်၊ နောက်လိုက် နှစ်၊ ဖြစ်ကြတစ်သင်း၊ ဇော လိုရင်း။

ဇောလိုရင်း– ဝီထိဖြစ်ရာ၌ ဇောစိတ်များသာလျှင် လိုရင်းစိတ် ဖြစ်ပါသည်။ အမိကလုပ်ငန်းကို ဆောင်ရွက်ကြပြီး ဇောစိတ်ကသာ အကောင်း,အဆိုး အာရုံ၏ အရသာကို ခံစားတတ်ကြသည်။ ဇောမတိုင်မီစိတ်(**ရှေ့ပြေး ၅–ခု**)များမှာ အာရုံကို ဖမ်းယူ၍ ဇောအားအပ်နှင်းသကဲ့သို့ ဇောစိတ်အတွက် အကူအညီပေးကြသောစိတ်များသာ ဖြစ်ကြသည်။ ဇောစိတ်နောင်ဖြစ်သော တဒါရုံ (**နောက်လိုက်နှစ်ကြိမ်**)မှာလည်း ဘဝင်မျိုးဖြစ်၍ တစ်စုံတစ်ခုသတ္တိမရှိကြ၊ ဇောစိတ်၏အာရုံကို ထပ်မံ၍အာရုံပြုကာမျှသာဖြစ်ပြီး အကြွင်းအကျန်စားသူကဲ့သို့ နောက်ဆက်တွဲ သိမ်းဆည်းရုံမျှသာ ဖြစ်ပါသည်။

www.dhammadownload.com

ဝီထိဖြစ်ပုံ ဥပမာ (သရက်ပင်အောက်တွင် အိပ်နေသော လူတစ်ယောက်၊)

ခေါင်းမြီးခြုံ၍အိပ်နေ(ဘဝင်ကျ)၊ သရက်သီးကြွေကျ(အာရုံနှင့်ဒွါရတို့တိုက်ခြင်းနှင့်တူ)၊ နိုးလာ(ပဉ္စဒွါရာဝဇ္ဇန်းစိတ် ဖြစ်ပုံနှင့်တူ)၊ ခေါင်းမြီးခြုံ ဖွင့်ကြည့်(စက္ခုဝိညာဏ်စိတ် ဖြစ်ပုံနှင့်တူ)၊ သရက်သီးလှမ်းယူ(သမ္ပဋိစ္ဆိုင်းစိတ် ဖြစ်ပုံနှင့်တူ)၊ မှည့်–မမှည့်နှိပ်စမ်း (သန္တီရဏစိတ် ဖြစ်ပုံနှင့်တူ)၊ မှည့်သည်ဟု ဆုံးဖြတ် (ဝုဋ္ဌောစိတ် ဖြစ်ပုံနှင့်တူ)၊ ကိုက်စား–အရသာခံစား(ဇောစိတ် ဖြစ်ပုံနှင့်တူ)၊ ခံတွင်းရှင်း၍ မျိုချ(တဒါရုံစိတ်ဖြစ်ပုံနှင့်တူ)၊ ခေါင်းမြီးခြုံပြန်အိပ် (ဘဝင်စိတ် ပြန်ဖြစ်ပုံနှင့်တူပါသည်)။



(ဆောင်) ဘဝင် ဆင်ခြင်၊ မြင်ပြီးလျှင်၊ ထိုပြင် လက်ခံတုံ၊ စုံစမ်း ဆုံးဖြတ်၊
ဇောစိတ်သတ်၊ နှစ်ရပ် တဒါရုံ၊ (မဟာစည်ဆရာတော်)

ရှေးရှေးစိတ်သည် အကြောင်း(ပစ္စည်း)၊
နောက်နောက်စိတ်သည် အကျိုး(ပစ္စယုပ္ပန်)

သံသရာကျင်လည်နေသမျှ သတ္တဝါအားလုံးသည် ဘဝတွေပြောင်းနေသော်လည်း စိတ်,စေတသိက်နာမ်တရားများ၏အစဉ်သည် ပြတ်သွားသည်ဟူ၍ မရှိ။ ရှေ့စိတ်ပျက် နောက်စိတ်ဖြစ်လျက် ဆက်ကာဆက်ကာ ဘဝပေါင်းကုဋေကုဋာမက တစ်စဉ်တတန်းကြီး အစဉ်အတိုင်း ဖြစ်လျက်ရှိပါသည်။ ဖန်ဆင်းရှင်က ဖန်ဆင်းထားသောကြောင့်မဟုတ်၊ တစ်စုံတစ်ရာ အကြားမရှိအောင် စိတ္တနိယာမအစဉ်အလာအတိုင်း (ရဟန္တာတို့စုတိကြဉ်) နာမ်တရားများ အနန္တရသတ္တိဖြင့် ကျေးဇူးပြုနေပါသည်။

စိတ်တို့သည်ဇာတ်အားဖြင့် ကုသိုလ်, အကုသိုလ်, အဗျာကတ–ဟူ၍ ခွဲခြားရှိကြသော်လည်း ရှေးရှေးစိတ်သည်အကြောင်း(ပစ္စည်း)၊ နောက်နောက်စိတ်သည်အကျိုး (ပစ္စယုပ္ပန်)တရားဖြစ်လျက် ကျေးဇူးပြုပုံ ခြုံငုံ၍ အနန္တရပစ္စည်း–ပါဠိတော်နိဂုံးတွင်

ယေသံ ယေသံ ဓမ္မာနံ အနန္တရာ ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တစေတသိကာ ဓမ္မာ၊ တေ တေ ဓမ္မာ တေသံ တေသံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

သိသာထင်ရှားသော ဇာတ် ၇–ပါးကို ဟောတော်မူခြင်း ဖြစ်ပါသည်။

www.dhammadownload.com

ဆီမီးတောက်ပမာ

စိတ်အစဉ်အတန်းသည် တောက်လျှောက် အစဉ်အဆက်မပြတ် ဖြစ်ချုပ် ဖြစ်ချုပ် ဖြစ်နေမှုအတွက် ဆီမီးတောက်–ဥပမာဖြင့် ပုံဆောင်ပြရသော်.. ဆီမီးခွက်ကလေးထဲ ဆီနှင့် မီးစာထည့်၍ မီးထွန်းထားသောအခါ၌ မီးသည် ဆီနှင့်မီးစာ မကုန်မချင်း တောက်လောင်နေပါသည်။ မီးသည် ဆီကိုလည်းလောင်သည်၊ မီးစာကိုလည်းလောင်ပါသည်။ ဖြစ်စဉ်သည် ရှေ့ကဆီနှင့်မီးစာတောက်လောင်မှုကုန်ဆုံးပြီးမှ နောက်နောက်က ဆီနှင့်မီးစာတောက်လောင်မှုဖြစ်နေခြင်း ဖြစ်ပါသည်။ ကြည့်လျှင် တစ်ဆက်တည်း ဖြစ်နေသည်ထင်မှတ်ရသော်လည်း ရှေ့မီးတောက်နှင့်နောက်မီးတောက် (လုံး၀)မတူပါ။ ရှေ့မီးတောက်သည် ရှေ့ဆီနှင့်ရှေ့မီးစာကြောင့်ဖြစ်ရပြီး၊ နောက်မီးတောက်သည်လည်း နောက်ဆီနှင့်နောက်မီးစာကြောင့်သာ ဖြစ်ပါသည်။ မီးတောက် အစဉ်အတန်းသည် တောက်လျှောက်အစဉ်အဆက်မပြတ် တောက်လောင်နေသည်ထင်ရသော်လည်း အမှန်တကယ်သည် ရှေ့မီးတောက် ဖြစ်ချုပ်ပြီးမှ နောက်နောက်မီးတောက်တို့ ဖြစ်ချုပ်မှုတို့သည် (နာမ်)စိတ္တနိယာမကဲ့သို့ ဖြစ်နေခြင်းသာ ဖြစ်ပါသည်။

မြစ်ရေအလျင်ပမာ

စိတ်အစဉ်အတန်း၏ ဖြစ်ချုပ်ဖြစ်ချုပ်ဖြစ်နေမှုအတွက် မြစ်ရေအယဉ်–ဥပမာဖြင့် ပုံဆောင်ပြရသော်.. မြစ်ရေအယဉ်စီးဆင်းနေမှုသည် တစ်ဆက်တည်း ဖြစ်နေသည် ထင်မှတ်ရသော်လည်း ရှေးရှေးရေသည် စီးသွားပြီး၊ နောက်နောက်ရေရောက်ရှိလာခြင်း ဖြစ်ပါသည်။ ရှေးရှေးရေနှင့် နောက်နောက်ရေတို့သည် (လုံး၀)မတူပါ။ ပထမရေ စီးသွားသဖြင့် ထိုပထမရေနေရာသို့ ဒုတိယရေရောက်ရှိလာ၊ ထိုဒုတိယရေစီးသွား ပြန်လျှင်လည်း ထိုနေရာသို့ တတိယရေ ထပ်မံ(ထပ်မံ)ရောက်ရှိလာခြင်းသာဖြစ်သည်။ ရှေးရှေးရေသည် သက်သက်၊ နောက်နောက်ရေသည် သက်သက်သာ ဖြစ်ရသောကြောင့် (နာမ်)စိတ္တနိယာမကဲ့သို့ ဖြစ်နေခြင်းသာ ဖြစ်ပါသည်။

<u>သင်္ကြိုဟ်မှာ ဝီထိ၊ ယမိုက်မှာ သင်္ခါရ၊ ပဋ္ဌာန်းမှာ အနန္တရပစ္စည်း</u>တို့ကို သဘောကျမှ အဘိဓမ္မာကို ပိုင်နိုင်ပါလိမ့်မည်။ အနန္တရပစ္စည်းကိုနားလည်မှ သင်္ခါရဖြစ်သော နာမ်တရားတို့၏ အနိစ္စ, ဒုက္ခ, အနတ္တ–ဟူသော လက္ခဏာရေးသုံးပါးကို အမှန်တိုင်း သိမြင်သော ဝိပဿနာကုသိုလ်(ပုဗ္ဗဘာဂပဋိပတ်)ဖြစ်ပေါ်ရင့်ကျက်ပြီး မဂ်ဖိုလ်နိဗ္ဗာန်ကို မျက်မှောက်သိမြင်နိုင်ပါလိမ့်မည်။

www.dhammadownload.com

ဧကတ္တနည်း၊ နာနတ္တနည်း၊ အဗျာပါရနည်း၊ ဧဝံဓမ္မတာနည်း

ပရမတ္ထတရားများ ရှေ့နောက်စဉ်ဆက်မပြတ် အကြောင်းနှင့်အကျိုး ဆက်စပ်ဖြစ်နေပုံကို ဧကတ္တနည်း၊ နာနတ္တနည်း၊ အဗျာပါရနည်း၊ ဧဝံဓမ္မတာနည်းတို့ဖြင့် ခွဲခြားနားလည်လျှင် အထင်အမြင်အယူအဆလွဲမှားမှု မိစ္ဆာဒိဋ္ဌိ အမျိုးမျိုးတို့ကို လွန်မြောက်နိုင်သည့်အတွက် အလွန်အကျိုးကြီးမားပါသည်။

ဧကတ္တနည်း– သတ္တဝါတစ်ဦးသည် နောက်ဆုံး အနုပါဒိသေသနိဗ္ဗာန်ကို မျက်မှောက်ပြုပြီး ပရိနိဗ္ဗာန်မပြုနိုင်သေးသမျှ (အသညသတ်ဘုံ၌ဖြစ်ခိုက်နှင့် နိရောဓသမာပတ်ဝင်စားချိန်မှလွဲ၍) နာမ်တရားများသည် ဖြစ်ပျက်ဖြစ်ပျက်နှင့် အစဉ်မပြတ် အကြားအလပ်မရှိဖြစ်နေခြင်းကို 'ဧကတ္တနည်း'ဟု ခေါ်ပါသည်။ တစ်ဆက်တည်း တစ်တန်းတည်း စဉ်ဆက်မပြတ် တလစပ်ဖြစ်နေသည်ကို– မှန်မှန်ကန်ကန်သဘောပေါက်လျှင် 'သေပြီးနောက် ပြတ်သွားတာပဲ'ဟုယူဆသော 'ဥစ္ဆေဒဒိဋ္ဌိ'အယူဝါဒ ပျောက်ပါသည်။ ဤနည်းကို ဂဃနဏသဘောမပေါက်လျှင် တစ်ဆက်တည်းတစ်ဆက်တည်း ဖြစ်နေခြင်းသည် ဖောက်ပြန်ပြောင်းလည်းခြင်း မရှိသော– 'အတ္တကောင်းကလေးသည်ပင် အစဉ်တစိုက် မပြတ်ဆက်ပြီးဖြစ်နေသည်'ဟု အထင်မှား,အယူမှားသော 'သဿတဒိဋ္ဌိ' ဖြစ်သွားတတ်သောကြောင့် အကြောင်း–အကျိုးစပ် ဖြစ်ပေါ်နေခြင်းသာဖြစ်ကြောင်း သဘာဝကျကျသိဖို့ အထူးလိုအပ်ပါသည်။

နာနတ္တနည်း– ရှေ့စိတ်နောက်စိတ်တို့ စဉ်ဆက်မပြတ် တလစပ်ဖြစ်နေသော်လည်း သဘောလက္ခဏာ၊ ဆောင်ရွက်သောကိစ္စနှင့် ဖြစ်ခြင်းပျက်ခြင်းတို့သည် သီးခြားစီသာ ဖြစ်နေခြင်းကို 'နာနတ္တနည်း'ဟု ခေါ်ပါသည်။ ဤနည်းအား ဟုတ်တိုင်းမှန်စွာဖြင့် သဘာဝကျကျ သဘောပေါက်လက်ခံနိုင်လျှင် 'ဒီအတ္တသည်ပင် (သို့) ဤရုပ်ဤနာမ်သည်ပင် အခိုင်အမြဲပြောင်းလဲဖောက်ပြန်ခြင်းမရှိဘဲ တစ်ဆက်တည်းတစ်တန်းတည်း စဉ်ဆက်မပြတ်တလစပ်ဖြစ်နေသည်ဟု ထင်မှတ်မှားသော 'သဿတဒိဋ္ဌိ'ကို စွန့်နိုင်ပါသည်။ နာနတ္တ–သီးခြားစီဟုဆိုသော်လည်း အကြောင်း–အကျိုးအားဖြင့် စဉ်ဆက်မပြတ် ကျေးဇူးပြုနေမှုကို အခြေခံကျနစွာ သဘောပေါက်ထားရပါမည်။

အဗျာပါရနည်း– အကြောင်းနှင့်အကျိုး ဆက်စပ်ဖြစ်ပေါ်သည်ဆိုသော်လည်း အကြောင်းတရား(ရှေ့စိတ်)သည် 'ငါ– အကျိုးတရား(နောက်စိတ်)ကို ဖြစ်အောင်လုပ်ပေးမယ်၊ ဖြစ်စေသင့်တယ်'ဆိုသည့် ပယောဂဗျာပါရ လုံးဝ(လုံးဝ)မရှိခြင်းကို 'အဗျာပါရနည်း'ဟု

www.dhammadownload.com

ခေါ်ပါသည်။ ဤနည်းကို အမှန်အတိုင်းသဘောပေါက်လျှင် အရာရာတိုင်းမှာ ပုံ့နှံ့တည်နေပြီး အရာရာတိုင်းသည် အတ္တ၏အလိုအတိုင်းသာဖြစ်နေရသည်ဟု–ဆိုသော အတ္တဒိဋ္ဌိနှင့် တန်ခိုးရှင်ကဖန်ဆင်းသည့်အတိုင်းဖြစ်ရသည်ဟူသော 'ဣဿရနိမ္မာနဒိဋ္ဌိ'ကို ပယ်စွန့်ပါသည်။ ဤတွင်လည်း ဗျာပါရမရှိသော်လည်း အကြောင်း–အကျိုးအားဖြင့် ကျေးဇူးပြုခြင်းကို သဘောမပေါက်လျှင် 'အကြောင်းတရား ကုသိုလ်,အကုသိုလ်တွေ ပြုကြသော်လည်း ပြုသည်မဆိုနိုင်၊ ပြုသည်မမည်'ဆိုသည့် 'အကိရိယဒိဋ္ဌိ' အစွန်းဘက်ပြေးပြီးငြိတတ်သဖြင့် သတိပြုရပါသည်။

ဧဝံဓမ္မတာနည်း– ရှေ့စိတ်ချုပ်ပြီး နောက်စိတ်တို့ဖြစ်ရခြင်း၊ သိစိတ်ဖြစ်စဉ်တို့မှာ ဆင်ခြင်သော ပဉ္စဒွါရာဝဇ္ဇန်းစိတ်ဖြစ်ပြီးမှသာ အာရုံကိုသိသော ပဉ္စဝိညာဉ်စိတ်ဖြစ်ခြင်း၊ အကြောင်းကြောင့်သာ အကျိုးဖြစ်ခြင်းစသော စိတ္တနိယာမအရ ဖြစ်ရိုးဖြစ်စဉ်ဓမ္မတာ အတိုင်းသာဖြစ်နေခြင်းကို 'ဧဝံဓမ္မတာနည်း'ဟု ခေါ်ပါသည်။ ဤနည်းကို သဘောပေါက်သည့်အတွက် အကြောင်းမဲ့ သူဖြစ်ချင်သလိုသူဖြစ်နေသည်ဟု ထင်မြင်ယူဆသော 'အဟေတုကဒိဋ္ဌိ' နှင့် 'အကိရိယဒိဋ္ဌိ' အမှားတို့ကို ပယ်စွန့်နိုင်ပါသည်။

ဤနည်းလေးမျိုးကို သဘောကျလက်ခံနိုင်လျှင် မဂ်တား ဖိုလ်တား မိစ္ဆာအယူမှားများက ကင်းလွတ်ရပါသည်။

ရှုပွားကျင့်ပါ ဝိပဿနာ

❀ ဟေတုပစ္စည်းမှာ နာမ်ကအကြောင်းတရား၊ နာမ်ရုပ်က အကျိုးတရားဖြစ်သည်။ နာမ်ကြောင့် နာမ်ရုပ်ဖြစ်ပုံဟောသောကြောင့် **<u>'ရုပ်ဝါဒီ'</u>**များ၏ ရုပ်ကြောင့်သာ နာမ်ရုပ်ဖြစ်နေသည်ဟူသောအယူကို ပယ်ဖျက်လျက် နာမ်(ဟေတု)ကြောင့်လည်း နာမ်ရုပ်ဖြစ်ရကြောင်း ရှင်းလင်းစွာဖော်ပြခြင်း ဖြစ်ပေသည်။

❀ အာရမ္မဏပစ္စည်းမှာ အကြောင်းတရားက စိတ်,စေတသိက်,ရုပ်,နိဗ္ဗာန်,ပညတ်(အာရုံ)တရားဖြစ်ပြီး၊ အကျိုးတရားက နာမ်(အာရမ္မဏိက) ဖြစ်ပါသည်။ ရုပ်တရားက အကြောင်းဖြစ်ပြီး နာမ်ကအကျိုးဖြစ်ရသောကြောင့် **<u>'နာမ်ဝါဒီ'</u>**များလည်း ရုပ်ကြောင့် နာမ်ဖြစ်နိုင်သည်ကို သိမှတ်ရ၍ အယူရှင်းသွားရပါသည်။

❀ အဓိပတိပစ္စည်းမှာ ဆန္ဒ,ဝီရိယ,စိတ္တ,ဝီမံသ–နာမ်က အကြောင်းတရား၊ နာမ်ရုပ်က အကျိုးတရားဖြစ်သောကြောင့် သဟဇာတာဓိပတိ(သဟဇာတမျိုး)သည် ဟေတုနှင့်၊ အာရမ္မဏာဓိပတိ(အာရမ္မဏမျိုး)သည် အာရမ္မဏနှင့် မျိုးသတ္တိအားဖြင့် တူပါသည်။ ထို့ကြောင့် အနန္တရပစ္စည်းကို ထပ်ဟောရပါသည်။

www.dhammadownload.com

❀ အနန္တရပစ္စည်းဟောရခြင်းသည် လက်ဖျောက်တစ်ချက်တီးခန့်အချိန်အတွင်းမှာ နာမ်တရားများ ဖြစ်လိုက်ပျက်လိုက် အကြိမ်ရေ ကုဋေတစ်သိန်းခန့်ဖြစ်နေကြောင်းကို မြတ်စွာဘုရား၏ သဗ္ဗညုတဉာဏ်တော်က သိမြင်နိုင်သော်လည်း လူ၊နတ်၊ဗြဟ္မာတို့သည် မသိနိုင်ကြပါ။ စိတ္တက္ခဏ= ခဏတိုင်းခဏတိုင်း ဖြစ်ပျက်နေကြသောနာမ်တို့ကို မသိမြင်နိုင်ကြသဖြင့် လူ၊နတ်၊ဗြဟ္မာတို့သည် နာမ်ကမြဲသည်-သဿတဒိဋ္ဌိသည်ရှိနေနိုင်သည်။ ထို့ကြောင့် မြတ်စွာဘုရားသည် သတ္တဝါတို့အား ဘဝတွေပြောင်းသော်လည်း နာမ်တရားကတည်မြဲသည်ဟုယူသည့် 'သဿတဒိဋ္ဌိ'ဖြစ်စေသောသန္တတိပညတ်ကိုပယ်ရှား၍ အယူမှန်ရစေရန်အတွက် အနန္တရ၊ သမနန္တရ၊ အနန္တရူပနိဿယ၊ နတ္ထိ၊ ဝိဂတပစ္စည်းများဖြင့် ဟောတော်မူပါသည်။

ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ။

ဒိဋ္ဌေ= မြင်အပ်သော အဆင်းရူပါရုံ၌၊ ဒိဋ္ဌမတ္တံ= မြင်ကာမျှဖြစ်သောစိတ်သည်၊ ဘဝိဿတိ= ဖြစ်လတ္တံ့ (ဝါ) ဖြစ်အောင်ရှုရမည်။ ဣတိ= ဤသို့၊ ဘဂဝါ= မြတ်စွာဘုရားသည်၊ အဝေါစ= ကရုဏာရှေ့သွား ပညာအားဖြင့် ဟောကြားတော်မူခဲ့ပါပေသတည်း။

'အတီတဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ ပဉ္စဒွါရာဝဇ္ဇန်း၊ စက္ခုဝိညာဏ်= မြင်သိစိတ်'- မြင်သိစိတ်ဖြစ်သည့်အခိုက်အတန့်လေးမှာ ရူပါရုံအဆင်းက မျက်စိအကြည်ကိုလာတိုက်မှ ရှုရပါသည်။ ရှေ့က 'အတီတဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ ပဉ္စဒွါရာဝဇ္ဇန်'တိုင်အောင် လွန်သွားပြီးသည့်အခါ စက္ခုဝိညာဏ်= မြင်သိစိတ်ကလေးဖြစ်ခိုက်လေးမှာ "မြင်တယ်၊ မြင်တယ်"ဟု ရှုမှတ်ရပါသည်။ ရှုမှတ်နိုင်သည့်အင်အားအသင့်အတင့်ရှိလာသောအခါ မြင်ကာမျှမတ္တမှာပဲ တည်သွားပါသည်။ ရှေးဦးစွာမြင်ကာမျှမတ္တမှာ တည်အောင်သာရှုမှတ်ရပါသည်။

မြင်လျှင် မြင်ကာမျှမတ္တမှာတည်အောင် ရှုမှတ်သဖြင့် ဣဋ္ဌာရုံဖြစ်သော်လည်း ရူပါရုံကိုသာယာတပ်မက်သောလောဘလည်း မဖြစ်တော့ပေ။ အနိဋ္ဌာရုံဖြစ်လျှင်လည်း ဒေါမနဿ မဖြစ်ပါ၊ ဤနည်းတူစွာ ကြားလျှင်-ကြားကာမျှမတ္တ၊ နံလျှင်-နံကာမျှမတ္တ၊ စားလျှင်-စားကာမျှမတ္တ၊ တွေ့ထိလျှင်-တွေ့ထိကာမျှမတ္တတို့မှာ ရှုမှတ်ရသည်။

ပဉ္စဒွါရ(၅-ဒွါရ)မှာ ကျလာသောအာရုံများကို မနောဒွါရကနေ ရှုနေရပါသည်။ ကျရာအာရုံက ပဉ္စဒွါရ၊ ရှုတာက မနောဒွါရဖြစ်ရခြင်းမှာ ပဉ္စဒွါရမှာ အာရုံ ၅-ပါး လာတိုက်သောအခါ မနောဒွါရမှာ ထင်သောကြောင့် ဖြစ်ပါသည်။

www.dhammadownload.com

အဋ္ဌကထာဆရာများ–ဖွင့်ပြသည့် သစ်ပင်ဖျားငှက်နားသော ဥပမာ–

မွန်းတည့်ချိန်အခါ သစ်ပင်ဖျားမှာ ငှက်လာနားသောအခါ မရှေးမနှောင်းမှာပင် အောက်ခြေမြေကြီးတွင် အရိပ်(တစ်ပြိုင်နက်လို) ထင်လာပါသည်။ ထို့အတူ သစ်ပင်ထိပ်ဖြားနှင့်တူသောပဉ္စဒွါရမှာ ငှက်နှင့်တူသောအာရုံငါးပါးလာတိုက်သောအခါ ငှက်၏အရိပ်သည် မြေမှာထင်လာသကဲ့သို့ မနောဒွါရမှာ အာရုံထင်လာပါသည်။ အာရုံထင်လာသဖြင့် "မြင်တယ်၊ မြင်တယ်"ဟု ရှုမှတ်ရခြင်း ဖြစ်ပါသည်။

အပေါက် ၆–ပေါက်ရှိသော တောင်ပို့ဥပမာ

တောထဲမှာ အပေါက် ၆–ပေါက်ရှိသောတောင်ပို့တစ်ခု ရှိပါသည်။ ထိုတောင်ပို့ထဲတွင် ကြွက်တစ်ကောင် ဝင်နေပါသည်။ ထိုကြွက်ကို လိုချင်သော ယောကျ်ားသည် အပေါက် ၅–ပေါက်ကိုပိတ်ထားပြီး ၁–ပေါက်ကနေ စောင့်ပြီး ဖမ်းရပါမည်။

မျက်စိ,နား,နှာ,လျှာ,ကိုယ်, စိတ်တည်းဟူသော ၆–ဒွါရတွင် ၅–ဒွါရကို ပိတ်ပြီး ၁–ဒွါရကနေ ရှုရပါမည်။ မျက်စိ,နား,နှာ,လျှာ,ကိုယ် ပဉ္စဒွါရကိုလုံခြုံအောင်ပိတ်ထားပြီး မနောဒွါရကနေ ရှုမှတ်ကြရပါမည်။ ထိုမနောဒွါရမှာ စောင့်ပြီးရှုမှတ်နေခြင်းဖြင့် ဒွါရ ၆–ပါးလုံး လုံခြုံရကား သီလ, သမာဓိ, ပညာတို့၏အစွမ်းအားဖြင့် ကျင့်ကြံ ရှုမှတ်ပွားများရပါမည်။

မျက်စိအကြည်နှင့် အဆင်းရူပါရုံ လာတိုက်သည့်အခါ အလွန်သိမ်မွေ့ပါသည်။ အဆင်းရူပါရုံသည် ဝါဂွမ်းလေးနှင့် တူပါသည်။ မျက်စိအကြည် ပသာဒရုပ်သည်လည်း နူးညံ့ပြီး ဝါဂွမ်းလေးနှင့် တူပါသည်။ ဝါဂွမ်းနှစ်ခုတိုက်လိုက်သောအခါ အသံမမြည်သကဲ့သို့ အလွန်သိမ်မွေ့ကြသဖြင့် အခိုက်အတန့်မှာ ရှုမှတ်ဖို့ရန်ခက်ခဲလှပါသည်။ သမာဓိ, ဉာဏ်အားထက်သန်အားကောင်းမှသာ ရှုနိုင်ပေသည်။ ဤနည်းအတူသာလျှင် နားအကြည်နှင့် အသံသဒ္ဒါရုံ၊ နှာခေါင်းအကြည်နှင့် အနံ့ဂန္ဓာရုံ၊ လျှာအကြည်နှင့် ရသာရုံတို့သည်လည်း ဝါဂွမ်းဝါဂွမ်းချင်းတိုက်သကဲ့သို့ အလွန်သိမ်မွေ့ကြပါသည်။

ကိုယ်အကြည်မှာလာတိုက်သော ဖောဋ္ဌဗ္ဗာရုံသည်(ပထဝီ, တေဇော, ဝါယော–မဟာဘုတ် ၃–ပါး)ဝါဂွမ်းမဟုတ်ပဲ သံတူကြီးနှင့်တူပါသည်။ ကိုယ်အကြည်ကလေးကတော့ ဝါဂွမ်းနှင့်သာ တူပါသည်။ ကိုယ်အကြည်သည် ဥပါဒါရုပ်ဖြစ်၍ ပေတုံးကြီးနှင့်တူသောမဟာဘုတ်ပေါ်မှာ မှီ၍တည်ရပါသည်။ ပေတုံးကြီးပေါ်မှာတင်ထားသော ဝါဂွမ်းလေးကို သံတူကြီးနှင့်ထုချလိုက်သောအခါ တူကြီးသည် ဝါဂွမ်းတွင်မနားဘဲ ပေတုံးမှာသွားထိသကဲ့သို့ ဖောဋ္ဌဗ္ဗာရုံက ကိုယ်အကြည်မှာလာတိုက်သောအခါ ကိုယ်အကြည်မှာမနားဘဲ မဟာဘုတ်တွေမှာပါ(မဟာဘုတ်အချင်းချင်း)တိုက်မိ၍ အလွန်ထင်ရှားလှပါသည်။ ထင်ရှားသဖြင့် ရှုမှတ်ရလွယ်ကူပါသည်။

www.dhammadownload.com

အနန္တရပစ္စည်းဖြင့် ဝိပဿနာတရားရှုပုံကို မြတ်စွာဘုရားသည် တန်ခိုးကြီးသော ဗြဟ္မာကြီးများကို ဟောတော်မူပါသည်။ သတ္တဝါတစ်ဦး၏ အတိတ်ဘဝဖြစ်စဉ်ကို ပြန်ကြည့်လျှင် အချို့ဗြဟ္မာများသည် ကမ္ဘာ–၄၀ အထိ ပြန်မြင်နိုင်ပါသည်။ ထို့ကြောင့် သဿတနာမ်သည် မြဲသည်ဟု ထင်နေကြပါသည်။ အနန္တရပစ္စည်းမှာ နာမ်တရားဖြစ်သော စိတ်–၈၉ စေတသိက်–၅၂ တို့သည် မမြဲသောတရား၊ ဖြစ်ပြီးပျက်ရပါသည်။ အရိယာဖြစ်သော သောတာပတ္တိစိတ်သည်လည်း မမြဲ၊ ဥပါဒ်, ဌီ, ဘင်ဖြင့် ပျက်ရပါသည်။ တန်ခိုးကြီးမြတ်သော အရဟတ္တဖိုလ်စိတ်သည်လည်း ဖြစ်ပြီးပျက်ရသည်။ ဤသို့သဘောပေါက်သဖြင့် နာမ်တရားမြဲသည်ထင်နေသော ဗြဟ္မာများသည် အမြင်မှန် အကျင့်မှန် ရကြသဖြင့် အရိယာအဆင့်ဆင့် ဖြစ်သွားကြပါသည်။

ပဋ္ဌာန်း သမနန္တရပစ္စည်း မေတ္တာပို့ ဆုတောင်းဘုရားရှိခိုး

အနန္တရပစ္စယော– သတ္တဝါအားလုံး မကောင်းသော စိတ်+စေတသိက် = (နာမ်) တရားတို့ အကြားအလပ်မရှိ၊ ဆက်ကာ ဆက်ကာ မဖြစ်ကြဘဲ၊ ကောင်းမြတ်သော စိတ်+စေတသိက်=(နာမ်)တရားတို့သာ အကြားအလပ်မရှိ စဉ်ဆက်မပြတ် ဆက်ကာ ဆက်ကာ ဖြစ်နိုင်ကြပါစေ။

ကုသိုလ်အေးမှာ၊ ကုသိုလ်သာ၊ ဆက်ကာဆက်ကာ ဖြစ်ရပါစေသော်။

အနန္တရပစ္စယော– ပျော်စံနတ်ရွာ၊ စကြာမင်းဖျား၊ သားကြီးအားသို့၊ အခြားမဲ့နေ၊ စိတ်နှင့်စေကို၊ မသွေတူစွာ၊ ဖြစ်စိမ့်ငှာဖြင့်၊ လျော်စွာသတ္တိ၊ အစွမ်းရှိသား၊ ရှေးရှေးသော နာမ်ခန္ဓာလေးပါး၊ အနန္တရပစ္စည်းတရားသည်၊ အတ္ထိ– ပုဂ္ဂိုလ်,သတ္တဝါ၊ သူငါမနှော၊ တရားသဘောသာ၊ ထင်ရှားရှိပါပေသည်တကား။

ဣတိ– ဤသို့၊ ဗောဓေန္တိ– သဗ္ဗညုတာ၊ ဉာဏ်တော်သာဖြင့်၊ ဦးစွာကျနာ၊ သိပြီးမှလျှင်၊ များလှဝေနေ၊ သိစေတော်မူသော၊ မြတ်စွာဘုရားကို၊ ဝန္ဒာမိ– ဂုဏ်တော်ထုံမွမ်း၊ ပုံတော်မှန်းလျက်၊ ချီးမွမ်းထောမနာ၊ ပဏာရိုကျိုး၊ လက်စုံမိုး၍၊ ရှိခိုး ကန်တော့ပါ၏ ဘုရား။

UK-2020(COVID-19)

အနန္တရပစ္စည်း ပြီး၏။

www.dhammadownload.com

"နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"

+

၅။ သမနန္တရပစ္စည်း

မြတ်စွာဘုရားသည် သတ္တဝါတို့အား ဘဝတွေပြောင်းသော်လည်း နာမ်တရားက တည်မြဲသည်ဟုယူသည့် 'သဿတဒိဋ္ဌိ'ဖြစ်စေသော သန္တတိပညတ်ကိုပယ်ရှား၍ အယူမှန်ရစေရန်အတွက် အနန္တရ၊ သမနန္တရ၊ အနန္တရူပနိဿယ၊ နတ္ထိ၊ ဝိဂတပစ္စည်းများဖြင့် ဟောတော်မူပါသည်။

◉ သန္တတိ(ခန္ဓာအစဉ်)၌ သညာဖုံး၍ အနိစ္စကို မမြင်၊ ဘဝအစဉ်၌ သဿတဒိဋ္ဌိ အယူဖြင့် ဝိညာဉ်သည်မြဲ၏ဟုယူမှုကိုပယ်ရန် သမနန္တရပစ္စည်းကို ဟောရပါသည်။

အနန္တရ/ သမနန္တရ မည်ခြင်းအကြောင်း

အနန္တရ – အခြားမရှိသည်အဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရား၊
သမနန္တရ – ကောင်းစွာ အခြားမရှိသည်အဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရား၊

ခမည်းတော်မင်းကြီး နတ်ရွာစံခြင်းသည် သားတော်အိမ်ရှေ့မင်းသား၏ နန်းတက်ခြင်းအား အခြားမရှိ, ဆက်တိုက်ဖြစ်စေသကဲ့သို့ မိမိ၏အခြားမဲ့၌ သင့်လျော်သော စိတ္တုပ္ပါဒ်ကိုဖြစ်စေသော ရှေးရှေးသောစိတ်,စေတသိက်တို့သည် အနန္တရပစ္စည်း မည်၏။
* သမနန္တရပစ္စည်းလည်း မည်၏။

အနန္တရ၊ သမနန္တရ၊ အနန္တရူပနိဿယ၊ နတ္ထိ၊ ဝိဂတ (အထူး)

အနန္တရ– ရှေးစိတ်နောက်စိတ် အခြားမရှိ ကျေးဇူးပြု၏။ ရှေးစိတ်နောက်စိတ် နှစ်ခုကြားတွင် နာမ်တရားအစု အခြားမရှိစေရဘဲကျေးဇူးပြုသော ပစ္စည်းဖြစ်၏။
(ဥပမာ– စကြာဝတေးမင်းနတ်ရွာစံ ... သားကြီးနန်းရ၊)

သမနန္တရ– နာမ်ပရမတ်တရားတစ်ခုနှင့်တစ်ခု ကြားအပေါက်မရှိ ကောင်းစွာအခြားမရှိ ကျေးဇူးပြု၏။ ရှေးစိတ်နှင့်နောက်စိတ် တစ်ခုတည်းထင်ရလောက်အောင် ဖြစ်၏။
(ဥပမာ– စကြာဝတေးမင်းတောထွက် ... သားကြီးနန်းရ၊)

အနန္တရူပနိဿယ– နောက်စိတ်ဖြစ်ဖို့ရာအတွက် လွန်ကဲကြီးမားသော အကြောင်းအဖြစ် ကျေးဇူးပြု၏။ (ဥပမာ– အနန္တရနှင့် သဘောတူ၏။)

နတ္ထိ– နောက်စိတ်ဖြစ်ခွင့်ရ၍ ရှေ့စိတ်၏ချုပ်ခြင်း၊ မရှိခြင်းဖြင့် ကျေးဇူးပြု၏။
(ဥပမာ– ညကုန်သောအခါ နေ့ဖြစ်လာခြင်း၊
ဆီမီးငြိမ်းသည့်အခါ အမှောင်ရောက်လာခြင်း၊)

www.dhammadownload.com

ဝိဂတ– ရှေးစိတ်များ၏ ဝိဇ္ဇာနန(သိမှတ်ခြင်း)၊ သဘောမကင်းသေးလျှင် မဖြစ်ဝံ့၊ မဖြစ်နိုင်တဲ့ နောက်စိတ်များအား ဝိဇ္ဇာနန ကင်းခြင်း/ချုပ်ခြင်း သို့ရောက်ခြင်းဖြင့် ကျေးဇူးပြု၏။ (ဥပမာ– နေဝင်သောအခါ လထွက်ခြင်း၊)

သမနန္တရပစ္စည်း ဟောရခြင်း

⇉ အနန္တရပစ္စည်း, သမနန္တရပစ္စည်းတို့သည် အနက်–တရားကိုယ်အားဖြင့် တစ်စုံတစ်ရာ ထူးခြားခြင်း မရှိပါသော်လည်း ဝေနေယျုဇ္ဈာသယအားဖြင့် သစ္စာလေးပါးတရားတို့ကို သိစေလိုသောကြောင့် သမနန္တရပစ္စည်းကို ထပ်မံ၍ ဟောကြားတော်မူပါသည်။

ဥပမာ– လုပ်ဆောင်ရမည့်လုပ်ငန်းဆိုင်ရာကို စီစဉ်ညွှန်ကြားပြီး၊
ထပ်မံ၍ ကောင်းမွန်စွာလုပ်ဆောင်ရန် ညွှန်ကြားသကဲ့သို့ ဖြစ်ပါသည်။

အနန္တရအဖြစ်၊ သမနန္တရအဖြစ်ဖြင့် ကျေးဇူးပြုပုံ

ရှေးရှေးသော စိတ်,စေတသိက်တရားတို့သည် ဖြစ်ပေါ်ပြီးနောက် ချုပ်ပျောက်သွားကြသော်လည်း အရှိန်အဟုန် အစွမ်းသတ္တိကင်းမဲ့စွာ, ကြောင့်ကြမဲ့စွာဖြင့် ချုပ်ပျောက်သွားကြခြင်းမဟုတ်ပေ။ မိမိတို့၏နောက်၌ တစ်ဆက်တည်း နောက်နောက်စိတ်များ ဖြစ်ပေါ်လာအောင် (အကြားမလပ်ရအောင်) ရှေးရှေးစိတ်များက နောက်နောက်စိတ်များကို ကျေးဇူးပြုပြီးမှ ချုပ်သွားခြင်းဖြစ်ပါသည်။ ဤသို့ ကျေးဇူးပြုခြင်းကို အနန္တရ, သမနန္တရ အဖြစ်ဖြင့် ကျေးဇူးပြုခြင်း (အနန္တရပစ္စယသတ္တိတပ်ခြင်း) ဟုခေါ်သည်။

ရှေးရှေးစိတ်များက နောက်နောက်စိတ်များကို ကောင်းစွာအခြားမဲ့ကျေးဇူးပြုခြင်းကို သမနန္တရအဖြစ်ဖြင့် ကျေးဇူးပြုခြင်း (သမနန္တရပစ္စယသတ္တိတပ်ခြင်း)ဟု ခေါ်သည်။

သာဓက အဖြစ်ဖော်ပြရသော်– စက္ခုဝိညာဏ်စိတ်သည် ဥပါဒ်, ဌီ, ဘင်–ဟု သက်တမ်းကုန်၍ ချုပ်ပျောက်သွားသော်လည်း မနောဓာတ်ဟူသော သမ္ပဋိစ္ဆိုင်းစိတ် ဖြစ်ပေါ်အောင် ကျေးဇူးပြုခဲ့၏။ သမ္ပဋိစ္ဆိုင်းစိတ်သည်လည်း ထို့အတူ ချုပ်ပျောက်သွားသော် မနောဝိညာဏဓာတ်ဟူသော သန္တီရဏစိတ် ဖြစ်ပေါ်လာအောင် ကျေးဇူးပြုခဲ့၏။ ဤသဘောကို စိတ္တနိယာမ(စိတ်ဖြစ်စဉ်)ဟု ခေါ်ပါသည်။ ဤသည်ကို ရည်ရွယ်၍ "စက္ခုဝိညာဏဓာတု တံ သမ္ပယုတ္တကာစဓမ္မာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန (သမနန္တရပစ္စယေန) ပစ္စယော"ဟု မြတ်စွာဘုရား ဟောတော်မူခြင်းဖြစ်ပါသည်။

www.dhammadownload.com

အနန္တရပစ္စည်းနှင့် သမနန္တရပစ္စည်း အနက်ထူးခြားမှုမရှိ

အနန္တရပစ္စည်းနှင့် သမနန္တရပစ္စည်းတို့သည် သဒ္ဒါ(စကားသံ)မျှသာ ကွဲပြားပါသည်။ အနက်အဓိပ္ပါယ်အားဖြင့်မူ ထူးခြားမှု မရှိပါ။ ဥပမာ– ဥပစယရုပ်နှင့် သန္တတိရုပ်ဟု အမည်နှစ်မျိုးကွဲပြားသော်လည်း ဇာတိရုပ်တစ်ခုတည်းသာ ဖြစ်သကဲ့သို့လည်းကောင်း၊ အဓိဝစနဒုက်နှင့် နိရုတ္တိဒုက်ဟု အမည်နှစ်မျိုးကွဲ ပြားသော်ငြားလည်း တရားကိုယ် အနက်တစ်မျိုးတည်းသာ ဖြစ်သကဲ့သို့လည်းကောင်း မှတ်ရယူပါမည်။

(စည်း၄။ ၈၈။ ပို့ချချက်–၄၈။)

ထူးခြားမှုရှိကြောင်း အချို့ဆရာတို့၏ယူဆချက် မသင့်ပုံ

အချို့သော ရေဝတမထေရ်စသည့် ရှေးဆရာတို့က– ပရမတ်အနက် အကြား မရှိသောကြောင့် အနန္တရပစ္စည်း မည်၏။ အချိန်ကာလ အကြားမရှိသောကြောင့် သမနန္တရပစ္စည်းမည်၏–ဟူ၍လည်း ယူဆပြောဆိုကြပါသည်။ (အတ္ထာနန္တရ–သည် အနန္တရ–မည်၏။ ကာလာနန္တရ–သည် သမနန္တရပစ္စည်း မည်၏။) ထိုဆရာတို့၏ အယူအဆသည် မသင့်တော်ပါ။ အဘယ်ကြောင့်ဆိုသော်– "နိရောဓ ဝုဋ္ဌဟန္တဿ နေဝသညာနာသညာယတနကုသလံ ဖလသမာပတ္တိယာ သမနန္တရပစ္စယေန ပစ္စယော" (နိရောဓသမာပတ်မှထသော အနာဂါမ်ပုဂ္ဂိုလ်၏ နေဝသညာနာသညာယတနကုသိုလ်သည် အနာဂါမိဖလသမာပတ်အား သမနန္တရပစ္စည်းဖြင့် ကျေးဇူးပြုပါသည်။)ဟူသော ပဋ္ဌာန်း ပါဠိတော်စကားနှင့် ဆန့်ကျင်နေသောကြောင့် ဖြစ်ပါသည်။

ဆန့်ကျင်ပုံကို ရှင်းပြရသော်– သမနန္တရပစ္စည်းဖြင့် ကျေးဇူးပြုရာ၌ အမြဲတမ်း အချိန်ကာလမခြားဘဲ ကျေးဇူးပြုသည်ဟု ပုံသေသတ်မှတ်ယူ၍ မဖြစ်နိုင်ပေ။ တစ်ခါ တစ်ရံ အချိန်ကာလခြားနေပါလျက် ကျေးဇူးပြုသည်လည်း ရှိတတ်သည်။ ဥပမာ– နိရောဓသမာပတ်ဝင်စားသည့် အချိန်ကဖြစ်ခဲ့သော နေဝသညာနာသညာယတနစျာန် ဇောစိတ်သည် နိရောဓသမာပတ်မှ ထသောအချိန်မှဖြစ်ပေါ်လာသော အနာဂါမိဖိုလ်၊ အရဟတ္တဖိုလ်စိတ်အား သမနန္တရပစ္စည်းဖြင့် ကျေးဇူးပြုရာ၌ ၇–ရက်စသော အချိန် ကာလခြားပြီးမှ ကျေးဇူးပြုခြင်းဖြစ်သည်။ *(စည်း၄။ ၈၉။ ပို့ချချက်။ ၄၉။)*

အနန္တရနှင့်သမနန္တရ သဒ္ဒါချင်းထူးခြားပုံ

နတ္ထိ အန္တရံ အနန္တရံ။

ဧတေသံ= ဤစိတ်၊ စေတသိက်တရားတို့အား၊ အန္တရံ=ခြားကွယ်တတ်သော အခြားနာမ်တရား တစ်မျိုးသည်၊ နတ္ထိ= မရှိ၊ ဣတိ=ထို့ကြောင့်၊ အနန္တရံ=အနန္တရ မည်၏။ (န+အန္တရ=အနန္တရ။ အန္တရ=အကြား၊ န=မရှိ၊ အနန္တရ=အကြားမရှိ။)

www.dhammadownload.com

စိတ်, စေတသိက်နာမ်တရားတို့အား (နာမ်တရားအစဉ်အတန်း အဆက်ပြတ်မှုမရှိအောင်) ခြားကွယ်တတ်သော အခြားနာမ်တရားတစ်မျိုးမရှိပေ။ ထို့ကြောင့် 'အနန္တရ' မည်၏။

(သဏ္ဌာနာဘာဝတော) သုဋ္ဌု အနန္တရံ သမနန္တရံ။

ဧတေသံ= ဤစိတ်, စေတသိက်တရားတို့အား၊ သဏ္ဌာနာဘာဝတော= ပုံသဏ္ဌာန်မရှိသည်၏အဖြစ်ကြောင့်၊ သုဋ္ဌု= ကောင်းစွာ၊ အနန္တရံ=ခြားကွယ်တတ်သော အခြားနာမ်တရားတစ်မျိုးမရှိသည်၊ ယောတိ=ဖြစ်၏။ ဣတိ=ထို့ကြောင့်၊ သမနန္တရံ=သမနန္တရမည်၏။ (သံ+အနန္တရ=သမနန္တရ။ သံ=ကောင်းစွာ၊ အနန္တရ=အကြားမရှိ၊ သမနန္တရ= ကောင်းစွာအကြားမရှိ။)

စိတ်,စေတသိက်ဟူသော နာမ်တရားတို့သည် ရုပ်တရားကဲ့သို့ ပုံသဏ္ဌာန် မရှိသောကြောင့် အလွန်အကဲကောင်းစွာ အခြားနာမ်တရားတစ်မျိုး မရှိသောအားဖြင့် ကျေးဇူးပြုတတ်၏။ ထို့ကြောင့် 'သမနန္တရ' မည်၏။

ဤသို့လျှင် အနန္တရ–မှ သမနန္တရ–ဟု သဒ္ဒါမျှသာ ထူးခြားသည်၏ အဖြစ်ကို မှတ်ရပါမည်။ အနက်အဓိပ္ပါယ်မှာမူ ထူးခြားမှု မရှိပေ။

ပဋ္ဌာန်း သမနန္တရပစ္စည်း မေတ္တာပို့ ဆုတောင်းဘုရားရှိခိုး

သမနန္တရပစ္စယော– သတ္တဝါအားလုံး မကောင်းသော စိတ်+စေတသိက် = (နာမ်) တရားတို့ (ကောင်းစွာ)အကြားအလပ်မရှိ ဆက်ကာဆက်ကာ မဖြစ်ကြဘဲ၊ ကောင်းမြတ်သော စိတ်+စေတသိက်=(နာမ်)တရားတို့သာ အကြားအလပ်မရှိ၊ စဉ်ဆက်မပြတ် ဆက်ကာဆက်ကာ ဖြစ်ပွားနိုင်ကြပါစေ။

ကောင်းမှုဘေးမှာ၊ ကောင်းမှုသာ၊ ဆက်ကာဆက်ကာ ဖြစ်ရပါစေသော်

သမနန္တရပစ္စယော– စည်းစိမ်မမက်၊ တောကြီးထွက်သည့်၊ စက္ကဝတ်မင်းဖျား၊ သားကြီးအားသို့၊ အခြားမဲ့နေ၊ စိတ်နှင့်စေကို၊ မသွေသိပ်သဲ၊ တစ်စိတ်တဲသို့၊ အကွဲအပြား၊ အကြားမရှိ၊ မိမိနှင့်တူစွာ၊ ကျေးဇူးပြုနိုင်သော သမနန္တရပစ္စည်းတရားသည်၊ အတ္ထိ– ပုဂ္ဂိုလ်,သတ္တဝါ၊ သူငါမနော၊ တရားသဘောသာ၊ ထင်ရှားရှိပါပေသည်တကား။ ဣတိ– ဤသို့၊ ဇောခေန္တိ– သဗ္ဗညုတာ၊ ဉာဏ်တော်သာဖြင့်၊ ဦးစွာကျန၊ သိပြီးမှလျှင်၊ များလှုဝေနေ၊ သိစေတော်မူသော၊ မြတ်စွာဘုရားကို၊ ဝန္ဒာမိ– ဂုဏ်တော်ထုံမွှမ်း၊ ပုံတော်မှန်းလျက်၊ ချီးမွမ်းထောမနာ၊ ပဏာရိုကျိုး၊ လက်စုံမိုး၍၊ ရှိခိုး ကန်တော့ပါ၏ ဘုရား။

UK-2020(COVID-19)

သမနန္တရပစ္စည်း ပြီး၏။

www.dhammadownload.com

"နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"

+

၆။ သဟဇာတပစ္စည်း

သဟဇာတမည်ခြင်းအကြောင်း

သဟဇာတ = အတူတကွဖြစ်ခြင်းသဘောတရားသည် 'သဟဇာတ' မည်၏။
(**သဟ**–အတူတကွ၊ **ဇာတ**–ဖြစ်ခြင်း၊)

သဟဇာတသတ္တိ = ဆီမီးသည် တောက်လောင်သည်နှင့်တစ်ပြိုင်နက် အလင်း, အရောင်, အရှိန်, အပူဓာတ်တို့ကို အတူတကွပြိုင်တူဖြစ်ပေါ်လာအောင် ကျေးဇူးပြုသကဲ့သို့ မိမိတည်းဟူသော ပစ္စည်းဖြစ်ပေါ်သည်နှင့်တစ်ပြိုင်နက် အကျိုးပစ္စယုပ္ပန်တရားတို့ဖြစ်ပေါ်တည်ရှိအောင် ကျေးဇူးပြုခြင်းသဘောတရားသည် 'သဟဇာတသတ္တိ' မည်၏။ မိမိဖြစ်ပေါ်ဆဲပင်လျှင် ပစ္စယုပ္ပန်တရားတို့ကို **မိမိနှင့်တကွ တစ်ပေါင်းတည်း ပြိုင်တူဖြစ်ပေါ်**စေသည်အဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရား ဖြစ်ပါသည်။

သဟဇာတသတ္တိ အထူး

အတူတကွဖြစ်ရုံမျှဖြင့် သဟဇာတသတ္တိရှိနိုင်သည်ကား မဟုတ်ပါ။ ပစ္စည်းတရားနှင့်ပစ္စယုပ္ပန်တရားတို့သည် **ယှဉ်ဖေါ်ယှဉ်ဘက်အားဖြင့်ဖြစ်စေ၊ တည်ရာမိုရာ, တည်တတ်မှီတတ်သောသဘော**အားဖြင့်ဖြစ်စေ တကွဖြစ်ကြမှသာ "သဟဇာတသတ္တိ" မည်၏။

? သဟဇာတပစ္စည်းသည် မည်သည့်ခဏ၌ ကျေးဇူးပြုသည်ကို
အဋ္ဌကထာ၊ မူလဋီကာ၊ အနုဋီကာတို့၏ ယူဆပုံများသည်–

အတူတကွ တစ်ပြိုင်နက်ဖြစ်ခြင်းကြောင့် ပစ္စယုပ္ပန်တရားများသည် ပစ္စည်းတရားမဖြစ်မီရှေးကဖြစ်နှင့်ပြီးနေတာ မဟုတ်ပါ။ ဆီမီးကြောင့်ဖြစ်ပေါ်လာသော အလင်းရောင်သည် ဆီမီးမတောက်မီက မရှိပါ။ ဆီမီးငြိမ်းပြီးနောက်လည်း မရှိပါ။ သဟဇာတပစ္စည်းကို–

* အဋ္ဌကထာဆရာက ဥပါဒ်ခဏမှာ ကျေးဇူးပြုသည်ဟု ဆိုပါသည်။
* မူလဋီကာဆရာက ဥပါဒ်ခဏသာမက ဌီခဏမှာလည်းကျေးဇူးပြုသည်ဟု ဆိုပါသည်။
* အနုဋီကာဆရာက ဆီမီးသည်အလင်းရောင်အား တည်နေဘို့ရန်အတွက် ကျေးဇူးပြုနိုင်သဖြင့် ဌီခဏမှာ ကျေးဇူးပြုသည်ဟု ယူဆခြင်းသည် အလွန်လျောက်ပတ်သည်ဟု ဆိုပါသည်။

www.dhammadownload.com

အမျိုးဇာတ်၊ ကာလ၊ ဘုံဌာန

∴ သဟဇာတပစ္စည်း သဟဇာတအမျိုးဇာတ် ဖြစ်ပါသည်။

သဟဇာတမျိုးပစ္စည်းရေ–၁၅ ရေတွက်ပုံ

* သဟငယ် ၇–ပစ္စည်း = ဟေတု၊ အဓိပတိ၊ ကမ္မ၊ အာဟာရ၊ ဣန္ဒြိယ၊ ဈာန၊ မဂ္ဂ။

* သဟလတ် ၄–ပစ္စည်း = အညမည၊ ဝိပါက၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊ (ည ဝိ သမ် ဝိဝိ)

* သဟကြီး ၄–ပစ္စည်း = သဟဇာတ၊ နိဿယ၊ အတ္ထိ၊ အဝိဂတ၊(သဟ နိ အတ် အဝိ)

(ဟေဓိသဟံ၊ အညိနိကမ်၊ ဝိဟာဣံဈာန်၊ မဂ်သမ်ဝိဝိအတ်၊ အဝိ မှတ်၊ သဟတ်ဆယ့်ငါးတန်။)

∴ သဟဇာတပစ္စည်းသည် ပဋိသန္ဓေကာလ, ပဝတ္တိကာလ နှစ်ပါးလုံးဖြစ်ပါသည်။

ပစ္စုပ္ပန်,အတိတ်,အနာဂတ် ကာလသုံးပါးတို့တွင် ပစ္စုပ္ပန်ကာလ၌ ဖြစ်ပါသည်။

∴ သဟဇာတပစ္စည်းသည် ၃၁–ဘုံလုံး၌ ဖြစ်နိုင်ပါသည်။

သမနန္တရ၏အခြားမဲ့၌ သဟဇာတပစ္စည်း ဟောရခြင်း

(ဟေတု မှ သမနန္တရ) ပြဆိုခဲ့ပြီးသော ပစ္စည်းတို့ဖြင့် တစ်ခုသောခဏ၌ တစ်စိတ်တစ်ဒေသမျှဖြစ်သောတရား၏ ကျေးဇူးပြုသည့်အဖြစ်ကိုလည်းကောင်း၊ အထူးထူးသော ခဏ၏အစွမ်းအားဖြင့် ကျေးဇူးပြုသည့်အဖြစ်ကိုလည်းကောင်း ဟောတော်မူ၏။

ဤအကြောင်းတို့ဖြင့်သာ ကျေးဇူးပြုလေသလော၊ အခြားသောအကြောင်းအားဖြင့် ကျေးဇူးမပြုလေသလောဟု ယုံမှားသံသယ ဖြစ်လတ်သည်ရှိသော်၊ တစ်ခုသောခဏ၌ တစ်စိတ်တစ်ဒေသမျှဖြစ်သောတရားသည်သာ ကျေးဇူးပြုနိုင်သည် မဟုတ်၊ စင်စစ်သော် တစ်မူကား အလုံးစုံသောခန္ဓာတို့သည် အလုံးစုံသောတရားတို့အား ကျေးဇူးပြုကြကုန်သည်ဟု သိကြစေလိုသောကြောင့် သမနန္တရပစ္စည်း၏အခြားမဲ့၌ သဟဇာတပစ္စည်းကို ဟောတော်မူပါသည်။ [ပဋ္ဌာနသာရဒီပနီဋီကာ]

ဟေတုပစ္စည်း–	ပစ္စည်း ဟိတ်–နာမ်၊	ပစ္စယုပ္ပန် နာမ်,ရုပ်၊
အာရမ္မဏပစ္စည်း–	ပစ္စည်း အာရုံ–နာမ်,ရုပ်၊	ပစ္စယုပ္ပန် အာရမ္မဏိက–နာမ်၊
အဓိပတိပစ္စည်း–	အာရမ္မဏာဓိပတိ + သဟဇာတာဓိပတိ၊	
အနန်–သမနန္တရ–	ပစ္စည်း(နာမ်)	ပစ္စယုပ္ပန် (နာမ်)
သဟဇာတပစ္စည်း–	ပစ္စည်း နာမ်,ရုပ်၊	ပစ္စယုပ္ပန် နာမ်,ရုပ်၊
	နာမ်⇆နာမ်၊ ရုပ်⇆ရုပ်၊ နာမ်⇆ရုပ်၊ နာမ်→ရုပ်၊ ရုပ်→ရုပ်၊ ရုပ်✓×နာမ်၊	

www.dhammadownload.com

ပဋ္ဌာန်းဒေသနာတော်၏ အကြောင်း-အကျိုး ရုပ်,နာမ်ဓမ္မတို့၏ ကျေးဇူးပြုပုံကို ဟောကြားတော်မူရာတွင် ရုပ်ဝါဒီ, နာမ်ဝါဒီတို့ အယူရှင်းလင်း၍ အမြင်မှန်ရကြသဖြင့် 'နာမရူပ ပရိစ္ဆေဒဉာဏ်'၊ 'ပစ္စယ ပရိဂ္ဂဟဉာဏ်'စသည် အခြေခံဉာဏ်စဉ်တို့ကို သိမြင်ပြီးနောက် ရုပ်,နာမ်သင်္ခါရတရားတို့၏ ဖြစ်ပြီး,ပျက်ပျက်သွားသည့် လက္ခဏာတို့ဖြင့် ဆင်ခြင်ရှုမှတ် သုံးသပ်တတ်သော 'ဝိပဿနာဉာဏ်'အဆင့်ဆင့် တက်လှမ်းနိုင်ကြရန် ဟောကြားတော်မူပါသည်။ သဟဇာတပစ္စည်းတွင် ရုပ်,နာမ်ဓမ္မ(စိတ်,စေတသိက်,ရုပ်)တို့၏ အကြောင်း-အကျိုး ကျေးဇူးပြုပုံတို့ကို စုံလင်စွာဟောကြားတော်မူပါသည်။

စတ္တာရော ခန္ဓာ အရူပိနော အညမညံ-စသည်

အနန္တရပစ္စည်းမှာ နာမ်တရားတို့ တစ်ခုပြီးတစ်ခု ဖြစ်ချုပ်-ဖြစ်ချုပ်နှင့် အကြား မရှိအောင် ကျေးဇူးပြုနေသောကြောင့် သံသရာတစ်လျှောက်လုံးမှာ နာမ်တရားအစဉ် အတန်းကြီး (တိ န ဒ၊ ပ စ သံ ဏ ဝု၊ ဇ ဇ ဇ ဇ ဇ ဇ ဇ၊ ရုံ ရုံ၊) ဖြစ်မှုသည် စိတ်သက်သက်သာ ဖြစ်မှုမဟုတ်ပါ။ နာမ်တရားသည် စိတ်တစ်ခုတည်း မဖြစ်နိုင်ပါ။ စိတ်ဖြစ်သည်နှင့် ယှဉ်ဘက်(သမ္ပယုတ္တဓမ္မ)စေတသိက်လည်း ဖြစ်ရပါသည်။

ဝိညာဏက္ခန္ဓာဟူသောစိတ်သည် ဝေဒနာ, သညာ, သင်္ခါရဟူသောစေတသိက်တို့နှင့်အတူတကွ ဖြစ်ရပါသည်။ ဝိညာဏက္ခန္ဓာဖြစ်လျှင် စေတသိက်နာမ်ခန္ဓာသုံးပါးတို့လည်း ဥပါဒ်,ဌီ,ဘင် အတူတကွဖြစ်ကြ၍ နာမက္ခန္ဓာ ၄-ပါးဟု ဆိုကြပါသည်။

တစ်ဖန် ထိုနာမက္ခန္ဓာ ၄-ပါးသည် ပစ္စည်းတစ်ဘက်တည်းတွင် ၄-ပါးလုံးမရနိုင်သောကြောင့် ပစ္စည်းတွင် တစ်စိတ်(၁/၃/၂), ပစ္စယုပ္ပန်တွင် တစ်စိတ်(၃/၁/၂) ယူရမည်ဖြစ်ပါသည်။

နာမက္ခန္ဓာ ၄-ပါးတို့သည် အာရုံကိုခံစားခြင်း၊ အာရုံကိုမှတ်သားခြင်း၊ ပြုပြင်စီရင်လှုပ်ရှားခြင်း၊ အာရုံကိုသိခြင်းတို့တွင် တစ်ပါး(ပစ္စည်း)ဦးဆောင်၍ဖြစ်လျှင် ကျန်ခန္ဓာ ၃-ပါးကလည်း (ပစ္စယုပ္ပန်)အတူတကွ လိုက်ဖြစ်ရပါသည်။ (မည်သည့်ခန္ဓာ တစ်ပါးပါးဟု သတ်မှတ်သည် မဟုတ်ပါ။) တစ်ခါတရံတွင် ခန္ဓာ ၂-ပါး(ပစ္စည်း) ဦးဆောင်၍ဖြစ်လျှင် ကျန်ခန္ဓာ ၂-ပါးကလည်း(ပစ္စယုပ္ပန်)အတူတကွ လိုက်ဖြစ်ရသည်။ ခန္ဓာ ၃-ပါး(ပစ္စည်း) ဦးဆောင်၍ဖြစ်လျှင် ကျန်ခန္ဓာ ၁-ပါးကလည်း(ပစ္စယုပ္ပန်) အတူတကွ လိုက်ဖြစ်ရသည်။ ဆီမီးသည် တောက်လောင်သည်နှင့်တစ်ပြိုင်နက် အလင်း, အရောင်, အရှိန်, အပူဓာတ်တို့ကို အတူတကွ ပြိုင်တူဖြစ်ပေါ်လာအောင် ကျေးဇူးပြုပုံနှင့် တူပါသည်။ (ရုပ်-မဟာဘုတ် ၄-ပါးလည်း ဤနည်းတူ သိနိုင်သည်။)

www.dhammadownload.com

ပစ္စယနိဒ္ဒေသပါဠိတော်–
သဟဇာတပစ္စည်း အရကောက်

ပစ္စည်း(ကတ္တား)	ပစ္စယုပ္ပန်(သမ္ပဒါန်)	သဘာဂ(ကရိယာ်း)
အလုံးစုံသောပဝတ္တိ,ပဋိသန္ဓေ နာမက္ခန္ဓာ ၄ ပါး၊	အချင်းချင်းအားလည်းကောင်း၊ အချင်းချင်းနာမက္ခန္ဓာ,စိတ္တဇရုပ်၊	၁။(ပြိုင်.ယ.၇)ကြီး ည၊ဝိ၊သံ ၂။(ပြိုင်.၅) ကြီး ည
အလုံးစုံသော မဟာဘုတ် ၄ ပါး၊	အချင်းချင်းအားလည်းကောင်း၊ ဥပါဒါရုပ် အားလည်းကောင်း၊	၃။(ပြိုင်.၆) ကြီး ည၊ဝိပ် ၄။(ပြိုင်.၅) ကြီး ဝိပ်
ပဋ္ဌဝေါကာရပဋိသန္ဓေ နာမက္ခန္ဓာ ဟဒယဝတ္ထု၊	အချင်းချင်း	၅။(ပြိုင်.၄) ကြီး ၆။ကိဋ္ဌိ.သဟ=ပဋိသန္ဓေအခါပြု ကိဋ္ဌိ.န.သဟ=ပဝတ္တိအခါ မပြု

ပစ္စည်း = စိတ် ၈၉၊ စေတသိက် ၅၂၊ စတုဇမဟာဘုတ် ၄–ပါး၊
ပဋ္ဌဝေါကာရ ပဋိသန္ဓေ ၁၅ ခု နာမက္ခန္ဓာနှင့် ဟဒယဝတ္ထု၊

ပစ္စယုပ္ပန် = စိတ် ၈၉၊ စေတသိက် ၅၂၊ စတုဇရုပ်အားလုံး၊
ပဋ္ဌဝေါကာရ ပဋိသန္ဓေ ၁၅ ခု နာမက္ခန္ဓာနှင့် ဟဒယဝတ္ထု၊

သဟဇာတပစ္စည်း၏ သုဒ္ဓသရုပ်ဝါရ၌– အချင်းချင်းအားလည်းကောင်း၊ အချင်းချင်း နာမက္ခန္ဓာ စိတ္တဇရုပ်အားလည်းကောင်း<u>တပ်သော</u> အလုံးစုံသော ပဝတ္တိ–ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး။ အချင်းချင်းအားလည်းကောင်း၊ ဥပါဒါရုပ်အားလည်းကောင်း<u>တပ်သော</u> အလုံးစုံသော မဟာဘုတ်လေးပါး။ အချင်းချင်းအား<u>တပ်သော</u> ပဋ္ဌဝေါကာရပဋိသန္ဓေ နာမက္ခန္ဓာ ဟဒယဝတ္ထု။ ဤတရားတို့သည် သဟဇာတပစ္စည်းတတ်သောတရားတို့ မည်ကုန်၏။ ပစ္စည်းရေ–၄ ဟူသည်တည်း။
ပစ္စည်းရေ–၄ ဟူသော်ကား
သဟဇာတ၊ နိဿယ၊ အတ္ထိ၊ အဝိဂတ– ဟူသည်တည်း။

ပါဠိတော်–

ပစ္စည်းတရား		ပစ္စယုပ္ပန်တရား	
စတ္တာရော ခန္ဓာ အရူပိနော		အညမညံ	
စတ္တာရော မဟာဘူတာ	ဩက္ကန္တိက္ခဏေ နာမရူပံ	အညမညံ၂	
စိတ္တ စေတသိကာဓမ္မာ	မဟာဘူတာ	စိတ္တသမုဋ္ဌာနာနံ ရူပါနံ	ဥပါဒါရူပါနံ
ရူပိနော ဓမ္မာ		အရူပီနံ ဓမ္မာနံ ကိဋ္ဌိကာလေ	ကိဋ္ဌိကာလေ န

www.dhammadownload.com

ပစ္စည်း(ကတ္တား)	ပစ္စယုပ္ပန်(သမ္ပဒါန်)	သဘာဂ(ကရိုဏ်း)	
စတ္တာရော ခန္ဓာ အရူပိနော	**အညမည်**	၁ ၃ ၂ ၃ ၁ ၂	အညမည
တစ်ပါးတစ်ပါးသော နာမက္ခန္ဓာ သုံးပါးသုံးပါးသော နာမက္ခန္ဓာ နှစ်ပါးနှစ်ပါးသော နာမက္ခန္ဓာ	သုံးပါးသုံးပါးသော နာမက္ခန္ဓာ တစ်ပါးတစ်ပါးသော နာမက္ခန္ဓာ နှစ်ပါးနှစ်ပါးသော နာမက္ခန္ဓာ	(ပြိုင်) ကြီး ၄၊ (ယ) ညဝိသံ၊	
စတ္တာရော မဟာဘူတာ	**အညမည်**	၁ ၃ ၂ ၃ ၁ ၂	
တစ်ပါးတစ်ပါးသော မဟာဘုတ် သုံးပါးသုံးပါးသော မဟာဘုတ် နှစ်ပါးနှစ်ပါးသော မဟာဘုတ်	သုံးပါးသုံးပါးသော မဟာဘုတ် တစ်ပါးတစ်ပါးသော မဟာဘုတ် နှစ်ပါးနှစ်ပါးသော မဟာဘုတ်	(ပြိုင်) ကြီး ၄၊ ည	
ဩက္ကန္တိက္ခဏေ နာမရူပံ	**အညမည်**		
ပဋိသန္ဓေနာမက္ခန္ဓာ၊ဟဒယဝတ္ထု	ပဋိသန္ဓေနာမက္ခန္ဓာ၊ ဟဒယဝတ္ထု	(ပြိုင်) ကြီး ၄၊ ညဝိပ်	
စိတ္တစေတသိကာ ဓမ္မာ	**စိတ္တသမုဋ္ဌာနာနံ ရူပါနံ**		န အညမည
ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိ ၄ ၊ ဒွေပဉ္စ ၁၀၊ ရဟန္တာစုတိကြဉ်စိတ် ၇၅၊ စေ ၅၂	စိတ္တဇရုပ်	(ပြိုင်) ကြီး ၄၊ ဝိပ်၊	
မဟာဘူတာ	**ဥပါဒါ ရူပါနံ**		
မဟာဘုတ် ၄ ပါး	ဥပါဒါရုပ် ၂၄ ပါး	(ပြိုင်) ကြီး ၄	
ရူပိနော ဓမ္မာ	**အရူပီနံ ဓမ္မာနံ (ကိဉ္စိ)**	ကိဉ္စိ.သဟ=ပဋိ–အခါပြု	
ဟဒယဝတ္ထု	ပဉ္စဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာ	ကိဉ္စိ.န.သဟ=ပဝတ္တိ မပြု	

အဋ္ဌကထာဖွင့်ဆိုချက်များ

? သဟဇာတပစ္စည်း၏ ပစ္စယနိဒ္ဒေသ ပါဠိတော်၌ "ရူပိနော ဓမ္မာ အရူပီနံ ဓမ္မာနံ ကိဉ္စိကာလေ သဟဇာတပစ္စယေန ပစ္စယော။ ကိဉ္စိကာလေ န သဟဇာတပစ္စယေန ပစ္စယော" ဟုအဘယ်ကြောင့် ဟောပါသနည်း။

ဩက္ကန္တိက္ခဏေမှာ ဟဒယဝတ္ထုက ပဉ္စဝေါကာရပဋိသန္ဓေအား ကျေးဇူးပြုရာတွင် **ပဋိသန္ဓေအခါသာရပြီး ပဝတ္တိအခါ မရကြောင်း**ပြရန် ဟောပါသည်။ ရုပ်သည်နာမ်ကို ကျေးဇူးပြုမှုဖော်ပြရန်အတွက် ဖြစ်ပါသည်။

(**ဩက္ကန္တိက္ခဏေ**– ပဉ္စဝေါကာရဘုံ ပဋိသန္ဓေခဏ ဖြစ်ပါတယ်။)

www.dhammadownload.com

? သဟဇာတပစ္စည်း ပစ္စယနိဒ္ဒေသသုဒ္ဓသင်္ချာ၌ <u>**ပဉှာဝါရနှင့် မတူပုံ**</u>ကိုဖော်ပြ၍၊ ပါဠိတော်၌ မည်သို့ဟောသဖြင့် ကွာခြားရပါသနည်း။

"စိတ္တ စေတသိကာ ဓမ္မာ စိတ္တသမုဋ္ဌာနံ ရူပါနံ"အရ စိတ္တဇရုပ်အား<u>တပ်သော</u> ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ အရူပဝိပါက် ၄ ခု၊ ဒွေပဉ္စဝိညာဉ် ၁၀၊ ရဟန္တာတို့ စုတိကြဉ်သော စိတ် ၇၅၊ စေတသိက် ၅၂၊ ပဝတ္တိ–ပဋိသန္ဓေနာမက္ခန္ဓာ ၄–ပါး ရ၏။ ထို့ကြောင့် သုဒ္ဓသင်္ချာ၌ "အချင်းချင်းအားလည်းကောင်း၊ အချင်းချင်း နာမက္ခန္ဓာ စိတ္တဇရုပ်အားလည်းကောင်း<u>တပ်သော</u> ပဝတ္တိ–ပဋိသန္ဓေနာမက္ခန္ဓာ ၄–ပါး ဖြစ်ပါသည်။

ပဉှာဝါရ၌ ပါသကဲ့သို့ **ပဋိသန္ဓေကမ္မဇရုပ်**သည် ပစ္စယုပ္ပန်၌ မပါပါ။ ဤသို့ ကွာခြားမှုရှိပါသည်။

သဟဇာတပစ္စည်း(သဟဇာတကြီး ၄) အနုလုံ သုဒ္ဓသင်္ချာဇယား

↓ အားတပ်သော ↤

ပစ္စည်း		ပစ္စည်း(ကတ္တား)	ပစ္စယုပ္ပန်(သမ္ပဒါန်)	သင်္ချာ	ပစ္စည်း
၁။	သဟဇာတ,	အလုံးစုံသော ပဝတ္တိ,ပဋိသန္ဓေ နာမက္ခန္ဓာ ၄ ပါး။	အချင်းချင်းအားငှ်၊ အချင်းချင်းနာမက္ခန္ဓာ စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်အားငှ်း	၉	၄
၂။	နိဿယ,	မဟာဘုတ် ၄ ပါး၊	အချင်းချင်းအားငှ်း၊ ဥပါဒါရုပ်အားငှ်း		
၃။	အတ္ထိ,	ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ၊ ဟဒယဝတ္ထု၊	အချင်းချင်း		
၄။	အဝိဂတ၊				

သုဒ္ဓသင်္ချာဆိုရိုး။ ။သဟဇာတ၊ နိဿယ၊ အတ္ထိ၊ အဝိဂတပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ၌ အချင်းချင်းအားငှ်း၊ အချင်းချင်းနာမက္ခန္ဓာ စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ် အားငှ်း<u>တပ်သော</u> အလုံးစုံသော ပဝတ္တိ၊ ပဋိသန္ဓေနာမက္ခန္ဓာ ၄–ပါး။ အချင်းချင်း အားငှ်း၊ ဥပါဒါရုပ်အားငှ်း<u>တပ်သော</u> မဟာဘုတ် ၄–ပါး။ အချင်းချင်းအား<u>တပ်သော</u> ပဉ္စဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာ ဟဒယဝတ္ထု။ ဤတရားတို့သည် သဟဇာတ၊ နိဿယ၊ အတ္ထိ၊ အဝိဂတပစ္စည်းတတ်သော တရားတို့ မည်ကုန်၏။

သင်္ချာ နဝ။ ပစ္စည်းရေ(၄)ဟူသည်တည်း။ သင်္ချာ နဝ ဟူသော်ကား–

သင်္ချာ'နဝ'=



www.dhammadownload.com

သဟဇာတ အကြီး, အလတ် ပါဠိတော်ဇယား

ပဒ	ပဒါ.	ပစ္စည်း = ကတ္တား					ပစ္စယုပ္ပန် = သမ္ဗန္ဓ					
ကု	ကု	ကုသလော	၁	၃	၂		၃	၁	၂			
	ဗျာ	ကုသလာခန္ဓာ								စိတ္တသမုဋ္ဌာနာနံရူပါနံ		
	ကုဗျာ	ကုသလော	၁	၃	၂		၃	၁	၂	။ နဉ္စရူပါနံ		
အကု	အကု	အကုသလော	၁	၃	၂		၃	၁	၂			
	ဗျာ	အကုသလာခန္ဓာ								စိတ္တသမုဋ္ဌာနာနံရူပါနံ		
	အကုဗျာ	အကုသလော	၁	၃	၂		၃	၁	၂	။ နဉ္စရူပါနံ		
ဗျာ	(ပဝတ္တိ	ဝိ..ဗျာကတော ကြိ..ဗျာကတော	၁	၃	၂		၃	၁	၂	။ နဉ္စရူပါနံ		
	(ပဋိ	ပဋိသန္ဓိက္ခဏေ ဝိ..ဗျာကတော	၁	၃	၂		၃	၁	၂	ကဋတ္တာစရူပါနံ		
		ခန္ဓာ					ဝတ္ထုဿ					
		ဝတ္ထု					ခန္ဓာနံ					
	ဗျာ	(ရုပ်သက်သက်)	၁	၃	၂	(မဟာဘူတာ)	၃	၁	၂	စိတ္တသမုဋ္ဌာ နာနံရူပါနံ	ကဋတ္တာ ရူပါနံ	ဥပါဒါ ရူပါနံ
		ဗာဟိရံ	။			(။)	။					(။)
		အာဟာရသမုဋ္ဌာနံ	။			(။)	။					(။)
		ဥတုသမုဋ္ဌာနံ	။			(။)	။					(။)
		အသညသတ္တာနံ	။			(။)	။				(။	။)
ကုဗျာ	ဗျာ	ကုသလာခန္ဓာစ မဟာဘူတာစ								စိတ္တသမုဋ္ဌာနာနံရူပါနံ		
အကုဗျာ	ဗျာ	အကုသလာခန္ဓာစ မဟာဘူတာစ								စိတ္တသမုဋ္ဌာနာနံရူပါနံ		

ပဋ္ဌာန်းဒေသနာတော်၌ဟောကြားသော မဟာဘုတ်များနှင့် ဥပါဒါရုပ်များမှာ

၁။	စိတ္တဇမဟာဘုတ်၊	စိတ္တဇဥပါဒါရုပ်၊	စိတ်
၂။	ပဋိသန္ဓေကမ္မဇမဟာဘုတ်၊	ပဋိသန္ဓေကမ္မဇဥပါဒါရုပ်၊	ပဋိ
၃။	ဗာဟိရမဟာဘုတ်၊	ဗာဟိရဥပါဒါရုပ်၊	ဗာ
၄။	အာဟာရဇမဟာဘုတ်၊	အာဟာရဇဥပါဒါရုပ်၊	ဟာ
၅။	ဥတုဇမဟာဘုတ်၊	ဥတုဇဥပါဒါရုပ်၊	ဥ
၆။	အသညသတ်ကမ္မဇမဟာဘုတ်၊	အသညသတ်ကမ္မဇဥပါဒါရုပ်၊	ည
၇။	ပဝတ္တိကမ္မဇမဟာဘုတ်၊	ပဝတ္တိကမ္မဇဥပါဒါရုပ်၊	ဝတ်

(စိတ်ပဋိသန်၊ ဗာဟာဥ နှင့် အသည,ပဝတ်ကံ ဤခုနစ်တန် ရုပ်ကိုဟော။)

www.dhammadownload.com

သဟကြီးသချာ ၉–ချက်

အစသချာ ၇–ချက်မှာ သဟငယ်သချာများနှင့် သဘောသွားတူပါသည်။ ဗျာ–ဗျာ တွင်သာ ရုပ်သက်သက် အနေအားဖြင့် ထူးလာပါသည်။ နောက်ဆုံးသချာ ၂–ချက်ကို တင်ပြပါမည်။

ကုဗျာ–ဗျာ ＊ ကုသိုလ်နာမက္ခန္ဓာ(ကု)ကလည်း စိတ္တဇရုပ်(ဗျာ)အား ကျေးဇူးပြု၊
＊ မဟာဘုတ်(ဗျာ)ကလည်း စိတ္တဇရုပ်(ဗျာ)အား ကျေးဇူးပြုနိုင်၏။

ယင်းနှစ်ချက်ကိုပေါင်းစပ်ဟောကြားသဖြင့် ကုဗျာ–ဗျာ ဟူသောသချာ ဖြစ်လာ၏။

အကုဗျာ–ဗျာ ＊＊ အကုသိုလ်နှင့် မဟာဘုတ်(ဗျာ)ကလည်း စိတ္တဇရုပ်(ဗျာ)အားကျေးဇူးပြုနိုင်ပါသည်။

အရတရား– ပစ္စည်း–ပစ္စယုပ္ပန် အရတရားတူသယောင်ဖြစ်နေသော်လည်း မတူနိုင်ပါ။

ပစ္စည်း–ပစ္စယုပ္ပန် ကု–၂၁၊ စေ–၃၈ ကို ခန္ဓာဖွဲ့လိုက်လျှင် နာမက္ခန္ဓာ ၄–ပါး ရပါသည်။ ၎င်းနာမက္ခန္ဓာ ၄–ပါးကို ပစ္စည်းတွင် တစ်စိတ်(၁/၃/၂), ပစ္စယုပ္ပန်တွင် တစ်စိတ်(၃/၁/၂) ယူရမည်ဖြစ်၍၊ တစ်ဘက်တည်းတွင် ၄–ပါးလုံးမရနိုင်သောကြောင့် "အစိတ်အစိတ်"ဟု ခေါ်ပါသည်။ ၎င်းအသီးသီးတို့သည်လည်း ကုသိုလ်များသာဖြစ်ကြသောကြောင့် "အချင်းချင်း" လည်းမည်ပါသည်။

ကု–ကု ကုသလော [၁ ၃ ၂] [၃ ၁ ၂] *(အကု–အကု နည်းတူ)*

＊ ပစ္စည်းက ခန္ဓာ(၁)ပါးယူလျှင်ပစ္စယုပ္ပန်က ခန္ဓာ(၃)ပါး ဖြစ်ပါသည်။
＊ ပစ္စည်းက ခန္ဓာ(၃)ပါးယူလျှင်ပစ္စယုပ္ပန်က ခန္ဓာ(၁)ပါး ဖြစ်ပါသည်။
＊ ပစ္စည်းက ခန္ဓာ(၂)ပါးယူလျှင်ပစ္စယုပ္ပန်က ခန္ဓာ(၂)ပါး ဖြစ်ပါသည်။
✕ နာမက္ခန္ဓာ(၄)ပါးလုံး ပစ္စည်းယူလိုက်လျှင် ပစ္စယုပ္ပန်ဘက်တွင် မကျန်နိုင်တော့ပါ။

ဤကဲ့သို့ [၁ ၃ ၂] [၃ ၁ ၂] ပါခဲ့လျှင် အစိတ်အစိတ် ဆိုပါသည်။

ကု–ကု နာမက္ခန္ဓာ (ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ) နာမက္ခန္ဓာ ၄–ပါးတို့တွင်

＊ ၁ ပါး ၁ ပါးသော နာမက္ခန္ဓာသည် ၃ ပါး ၃ ပါးသော နာမက္ခန္ဓာအား၊
＊ ၃ ပါး ၃ ပါးသော နာမက္ခန္ဓာသည် ၁ ပါး ၁ ပါးသော နာမက္ခန္ဓာအား၊
＊ ၂ ပါး ၂ ပါးသော နာမက္ခန္ဓာသည် ၂ ပါး ၂ ပါးသော နာမက္ခန္ဓာအား၊

သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပေသည်။
(ဖြစ်စေ,တည်စေ ဤနှစ်ထွေ ခေါ်လေကျေးဇူးပြု။)

www.dhammadownload.com

? သုံးပါးသုံးပါးသော နာမက္ခန္ဓာအားတပ်သောစသည်ဖြင့် အဘယ်ကြောင့် ၂-ကြိမ် ဆိုရပါသနည်း။

သုံးပါးသုံးပါးသော နာမက္ခန္ဓာအားတပ်သောစသည်ဖြင့် ၂-ကြိမ် ဆိုရခြင်းမှာ-

* ပစ္စည်းက ဝေဒနာ တစ်ပါးနေလျှင် ပစ္စယုပ္ပန်က ကျန်နာမက္ခန္ဓာ ၃-ပါး၊
* ပစ္စည်းက သညာ တစ်ပါးနေလျှင် ပစ္စယုပ္ပန်က ကျန်နာမက္ခန္ဓာ ၃-ပါး၊
* ပစ္စည်းက သင်္ခါရ တစ်ပါးနေလျှင် ပစ္စယုပ္ပန်က ကျန်နာမက္ခန္ဓာ ၃-ပါး၊
* ပစ္စည်းက ဝိညာဉ် တစ်ပါးနေလျှင် ပစ္စယုပ္ပန်က ကျန်နာမက္ခန္ဓာ ၃-ပါး၊

ဟူ၍ လေးမျိုးဖြစ်နိုင်သဖြင့် အားလုံးနှံ့ပြီးသွားအောင် **ဝိစ္ဆာ**သဘောဖြင့် ဆိုရခြင်း ဖြစ်ပါသည်။ (ဝိစ္ဆာ= အနက်အဓိပ္ပါယ် ပြန့်နှံ့စေရန် စကားအထပ်ထပ် ဆိုခြင်း၊)

အစိတ်-အပေါင်း

ကု-ဗျာ ((ကုသလာ ခန္ဓာ[၁ ၃ ၂] [၃ ၁ ၂]နှင့် စိတ္တသမုဋ္ဌာနာနံ ရူပါနံ))

ပစ္စည်း-ပစ္စယုပ္ပန်တို့တွင် စေတသိက်, ရုပ်တို့ရှိနေလျှင် "အစိတ်အပေါင်း" မည်၏။ ခန္ဓာအရ နာမက္ခန္ဓာ ၄-ပါးရပြီး၊ တစ်ပါးပါး(၁/၃/၂)က စိတ္တဇရုပ်ကို ကျေးဇူးပြုမည်ဆိုလျှင် "အစိတ်"၊ ၄-ပါးလုံးကကျေးဇူးပြုသည့်အခါတွင် "အပေါင်း" မည်၏။ ဤသို့ဖြစ်လျှင် ကရိုဏ်းတွင် 'ဝိပ္ပယုတ္တ'ဝင်လာပြီး၊ အညမညနှင့်သမ္ပယုတ္တတို့ ပြုတ်သွားပါမည်။

ရုပ်သက်သက် အရတရား-

ပစ္စည်း-ပစ္စယုပ္ပန် အရတရားတူသယောင်ဖြစ်နေသော်လည်း မတူနိုင်ပါ။ စိတ္တဇမဟာဘုတ်စသည်(ပဥ္စဝါရရုပ် ၇-မျိုးလုံး)တို့၌ ဆိုင်ရာမဟာဘုတ် ၄-ပါး ရှိကြရာတွင်-

* ပစ္စည်းက ဘုတ် **၁**-ပါးယူလျှင် ပစ္စယုပ္ပန်က ကြွင်းဘုတ် **၃**-ပါး ဖြစ်ပါသည်။
* ပစ္စည်းက ဘုတ် **၃**-ပါးယူလျှင် ပစ္စယုပ္ပန်က ကြွင်းဘုတ် **၁**-ပါး ဖြစ်ပါသည်။
* ပစ္စည်းက ဘုတ် ၂-ပါးယူလျှင် ပစ္စယုပ္ပန်က ကြွင်းဘုတ် ၂-ပါး ဖြစ်ပါသည်။

× မဟာဘုတ်(၄)ပါးလုံး ပစ္စည်းယူလိုက်လျှင် ပစ္စယုပ္ပန်ဘက်တွင် မကျန်နိုင်တော့ပါ။

* မဟာဘူတာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ၊ ကဋတ္တာရူပါနံ၊ ဥပါဒါရူပါနံ အရ-
  မဟာဘုတ်လေးပါးက စိတ္တဇဥပါဒါရုပ်၊ ပဋိသန္ဓေကမ္မဇဥပါဒါရုပ်တို့ကို
* အသညသတ္တာနံ မဟာဘူတာ ကဋတ္တာရူပါနံ၊ ဥပါဒါရူပါနံ အရ-
  မဟာဘုတ်လေးပါးက အသညသတ်ကမ္မဇဥပါဒါရုပ်၊ ပဝတ္တိကမ္မဇဥပါဒါရုပ်တို့ကို

သဟဇာတ၊ နိဿယ၊ အတ္ထိ၊ အဝိဂတ၊တစ်ပြိုင်နက် ၄-ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုပါသည်။

www.dhammadownload.com

သဟဇာတပစ္စည်း အတူတကွဖြစ်သောတရားများ

၁။ နာမ် ⇆ နာမ် နာမက္ခန္ဓာ ၄-ပါး အချင်းချင်းအပြန်အလှန် အတူတကွဖြစ်ခြင်း၊

စတ္တာရော ခန္ဓာ အရူပိနော အညမည်-

အာရုံတစ်ခုကိုရှု၍ မိမိစိတ်မှာ အာရုံ၏သဘောသဘာဝကို ဆုံးဖြတ်ချက်ချသိမှုတွင် 'ဝိညာဏက္ခန္ဓာ'ကအကြောင်း(ပစ္စည်း)တရားဖြစ်၍၊ ခံစားခြင်း'ဝေဒနာက္ခန္ဓာ'၊ မှတ်သားခြင်း'သညာက္ခန္ဓာ' စေ့ဆော်တိုက်တွန်းခြင်း'သင်္ခါရက္ခန္ဓာ'တရားတို့သည် အကျိုး(ပစ္စယုပ္ပန်)အနေဖြင့် အတူတကွ ဖြစ်ကြရပါသည်။ ဝိညာဏ်ကဖြစ်ပြီးမှ ဝေဒနာဖြစ်၊ ဝေဒနာဖြစ်ပြီးမှ သညာဖြစ်၊ သညာဖြစ်ပြီးမှ သင်္ခါရဖြစ်ရသည် မဟုတ်ပါ။ ဝိညာဏ်က အကြောင်းတရားဖြစ်လျှင် ဝေဒနာ၊ သညာ၊ သင်္ခါရတို့က အကျိုးတရားများအဖြစ် အတူတကွ ဖြစ်ရပါသည်။ အကြောင်း ခန္ဓာ(၁/၃/၂)တို့ဖြစ်သည်နှင့်တစ်ပြိုင်နက် အကျိုးခန္ဓာ(၃/၁/၂)တို့သည် ဖြစ်ရပါသည်။ ဤကျေးဇူးပြုမှုသည် 'အညမည်'အရ အချင်းချင်း(**<u>ကုသိုလ်ချင်းကုသိုလ်ချင်းစသည်</u>**)အပြန်အလှန် ဖြစ်ကြပါသည်။ နာမက္ခန္ဓာ ၄-ပါးလုံး ပစ္စည်းယူလိုက်လျှင် ပစ္စယုပ္ပန်ဘက်တွင် မကျန်နိုင်တော့ပါ။

၂။ ရုပ် ⇆ ရုပ်၊ မဟာဘုတ် ၄-ပါး အချင်းချင်းအပြန်အလှန် အတူတကွဖြစ်ခြင်း၊

စတ္တာရော မဟာဘူတာ အညမည်-

ပထဝီ, အာပေါ, တေဇော, ဝါယော-ဟူသော မဟာဘုတ် ၄-ပါးတို့သည် တစ်ပါးနှင့်တစ်ပါး အားထားမှီတွယ် အချင်းချင်းအတူတကွ ကျေးဇူးပြုလျက်ရှိပါသည်။ မြေဖြင့်ပြုလုပ်ထားသော အရုပ်ကလေးတစ်ခု ဥပမာ- မြေမှုန့်သက်သက်ထားလျှင် လေတိုက်သဖြင့်လွင့်မသွားအောင် ရေဖြင့်ဆွတ်ဖျန်းပေးပြီး၊ မြေနှင့်ရေလုံးထွေးမိအောင် စုတေပေးကာ၊ စိုစိုဖတ်ဖတ်မနေအောင် နေပူလှမ်းပေးရပါသည်။ ထိုသို့ မြေဓာတ်၊ ရေဓာတ်၊ လုံးထွေးမိအောင်ပြုပေးတတ်သောလေဓာတ်၊ အပူဟူသောမီးဓာတ်တို့ဖြင့် သင့်တင့်ညီမျှနေမှသာ အရုပ်ကလေး တင့်တယ်ကောင်းမွန်နေပါမည်။ ထို့အတူပင် မိမိတို့ခန္ဓာကိုယ်၌လည်း မည်သည့်ဓာတ်က အဓိကကျသည်ဟုမဆိုလို၊ မဟာဘုတ် ၄-ပါးတို့သည်လည်း အချင်းချင်း(**<u>မဟာဘုတ်အချင်းချင်း</u>**)အပြန်အလှန် အကြောင်း မဟာဘုတ်(၁/၃/၂)ဖြစ်သည်နှင့်တစ်ပြိုက်နက် အကျိုးမဟာဘုတ်(၃/၁/၂)တို့သည် ဖြစ်ရပါသည်။ အကြောင်း ပထဝီဓာတ်ဖြစ်ချိန်တွင် အကျိုး တေဇော, ဝါယော, အာပေါ ဓာတ်တို့သည် အတူတကွ ဖြစ်ရပါသည်။ ပထဝီစသည်တစ်ခုတည်းဖြင့် ရုပ်ကလာပ် တစ်ခု မဖြစ်နိုင်ပါ။ အနည်းဆုံး အဝိနိဗ္ဘောဂရုပ် ၈-ပါး အတူတကွ ဖြစ်ရပါသည်။

www.dhammadownload.com

၃။ နာမ် ⇆ ရုပ် ပဉ္စဝေါကာရ ပဋိသန္ဓေစိတ်နှင့် ဟဒယဝတ္ထုတို့ အချင်းချင်းအပြန်အလှန် အတူတကွဖြစ်ခြင်း၊

ဩက္ကန္တိက္ခဏေ နာမရူပံ အညမညံ-

<u>ပဉ္စဝေါကာရဘုံ၌</u> သတ္တဝါတို့၏ဘဝအစ **<u>ပဋိသန္ဓေအခါ</u>**တွင် 'ပဋိသန္ဓေနာမက္ခန္ဓာ ၄-ပါး'နှင့်အတူ 'ဟဒယဝတ္ထု'(ကာယ, ဘာဝ, ဝတ္ထု- ကလာပ်သုံးစည်းရှိသော်လည်း ဟဒယဝတ္ထုသာ အရယူပါမည်။) အတူတကွ ဖြစ်ပါသည်။ 'အညမညံ'အရ အချင်းချင်း (**<u>'ပဋိသန္ဓေနာမက္ခန္ဓာ ၄-ပါး'နှင့်'ဟဒယဝတ္ထု'</u>**)အပြန်အလှန် ဖြစ်ကြသည်။ ပထမဆုံးဖြစ်သော ပဋိသန္ဓေနာမက္ခန္ဓာသည် ဟဒယဝတ္ထုကို မှီ၍ဖြစ်ရသလို ဟဒယဝတ္ထုကလည်း ပဋိသန္ဓေနာမက္ခန္ဓာကိုမှီ၍ အတူတကွ ဖြစ်ပါသည်။ ပဋိသန္ဓေနာမက္ခန္ဓာ အကြောင်းတရားဖြစ်လျှင် ဟဒယဝတ္ထုက အကျိုးတရား၊ ဟဒယဝတ္ထုက အကြောင်းဖြစ်လျှင် ပဋိသန္ဓေနာမက္ခန္ဓာက အကျိုးတရား အချင်းချင်းအပြန်အလှန် အတူတကွ ဖြစ်ပါသည်။ (ဤ နာမ် ⇆ ရုပ် ကျေးဇူးပြုမှုသည် ပဋိသန္ဓေအခါ-စိတ္တဇရုပ်မဖြစ်နိုင်သေးသောအခါ၌သာ ကျေးဇူးပြုမှု ဖြစ်ပါသည်။)

'အညမညံ'သည် အထက်ပါ ၃-ချက်တွင်ရပြီး၊ အောက်ပါ ၃-ချက်တွင် မရပါ။

၄။ နာမ် → ရုပ် စိတ်,စေတသိက်တရားနှင့် စိတ္တဇရုပ်တို့ အတူတကွဖြစ်ခြင်း၊

စိတ္တစေတသိကာ ဓမ္မာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ-

ပဉ္စဝေါကာရဘုံ၌ ပဋိသန္ဓေနောက်ဖြစ်သော(ပဝတ္တိအခါ၌) အရူပဝိပါက် ၄-ခု၊ ဒွေးပဉ္စဝိညာဉ်-၁၀ ရဟန္တာတို့စုတိကြည်စိတ် ၇၅-ခု၊ စေတသိက် ၅၂-ပါး နာမက္ခန္ဓာ ၄-ပါးက အတူဖြစ်သော စိတ္တဇရုပ်ကို ကျေးဇူးပြုပါသည်။ ပဝတ္တိအခါ နာမ်ကသာ စိတ္တဇရုပ်ကို ကျေးဇူးပြုပါသည်။ စိတ္တဇရုပ်ကနာမ်ကို အပြန်အလှန်ကျေးဇူးမပြုနိုင်သောကြောင့် 'အညမညံ'မရသဖြင့် သီးခြားဟောထားမှု ဖြစ်ပါသည်။

မြတ်စွာဘုရားရှင်သည် သဗ္ဗညုတဉာဏ်တော်ဖြင့် ပဋ္ဌာန်းဒေသနာတော်မြတ်ကို သုံးသပ်ဆင်ခြင်သောအခါ အစွမ်းကုန်ကြည်လင်ကျက်စားခွင့်ရသောကြောင့် ဉာဏ်တော်၏တည်ရာမှီရာ ဟဒယနှလုံးအိမ်သည်လည်း အစွမ်းကုန်ကြည်လင်သွားပါသည်။ နှလုံးအိမ်ကြည်လင်သဖြင့် နှလုံးအိမ်တွင်တည်မှီ၍လည်ပတ်နေသော နှလုံးသွေးများလည်း အစွမ်းကုန်ကြည်လင်သွားပါသည်။ ထိုမှတဆင့် နှလုံးသွေးလည်ပတ်ပျံ့နှံ့ရာ တစ်ကိုယ်လုံးသာမက ဆံတော်,သွားတော်စသည်တို့၌ ညိုသောရောင်ခြည်, နီသောရောင်ခြည်စသည်ရောင်ခြည်တော်ခြောက်သွယ်တို့ ကွန့်မြူးထွက်ပေါ်လာပါသည်။ ဉာဏ်တော်နှင့်ယှဉ်သောနာမက္ခန္ဓာများကြောင့် စိတ္တဇရုပ်-ရောင်ခြည်တော်များ ဖြစ်ပါသည်။

www.dhammadownload.com

၅။ ရုပ် → ရုပ် မဟာဘုတ်နှင့် ဥပါဒါရုပ်တို့ အတူတကွဖြစ်ခြင်း၊

မဟာဘူတာ ဥပါဒါ ရူပါနံ-

မဟာဘုတ် ၄-ပါးက အတူဖြစ်သောဥပါဒါရုပ်ကို ကျေးဇူးပြုပါသည်။ ဥပါဒါရုပ်များသည် သူ့ချည်းသက်သက်ရပ်တည်၍ မရနိုင်ပါ၊ မဟာဘုတ်ရုပ်ကြီးများကိုသာ မှီ၍ဖြစ်ရပါသည်။ မဟာဘုတ်ပစ္စည်းတရားကသာ ဥပါဒါရုပ်ကို ကျေးဇူးပြုပါသည်။ ဥပါဒါရုပ်က မဟာဘုတ်ကို အပြန်အလှန်ကျေးဇူးမပြုနိုင်သောကြောင့် 'အညမည' မရသဖြင့် သီးခြားဟောထားမှု ဖြစ်ပါသည်။

၆။ ရုပ် ✓ ✗နာမ် ပဋိသန္ဓေအခါ ပဋိသန္ဓေစိတ်နှင့် ဟဒယဝတ္ထုတို့

ပဋိသန္ဓေအခါသာရပြီး ပဝတ္တိအခါ မရခြင်း

ရူပိနော ဓမ္မာ အရူပီနံ ဓမ္မာနံ (ကိဉ္စိ)-

ဩက္ကန္တိက္ခဏေမှာ ဟဒယဝတ္ထုက ပဉ္စဝေါကာရပဋိသန္ဓေအား ကျေးဇူးပြုရာတွင် ပဋိသန္ဓေအခါသာရပြီး ပဝတ္တိအခါ မရကြောင်းပြရန်ဟောပါသည်။ ရုပ်သည်နာမ်ကို ကျေးဇူးပြုမှုဖော်ပြရန်အတွက် ဖြစ်ပါသည်။ (အပြန်အလှန်မဖြစ်ပါ- နအညမည၊)

- 'ကိဉ္စိကာလေ သဟဇာတပစ္စယေန' ဟူသော **ကရိဏ်း**ပါ၌ဖြင့်- ပဋိသန္ဓေအခါ သဟဇာတသတ္တိဖြင့် ကျေးဇူး**ပြု**ဟန်ကို ပြတော်မူပါသည်။
- 'ကိဉ္စိကာလေ န သဟဇာတပစ္စယေန' ဟူသော ကရိဏ်းပါ၌ဖြင့်- ပဝတ္တိအခါ သဟဇာတသတ္တိဖြင့် ကျေးဇူး**မပြု**ဟန်ကို ပြတော်မူပါသည်။

ပဋိသန္ဓေခဏ၌ ကံအဟုန်ကပစ်ချသဖြင့် ဘဝသစ်သို့ရောက်စဖြစ်ရာ၊ မှီရာဝတ္ထု မြဲမြံစွာမရှိဘဲ အားနည်းပါသည်။ ထို့ကြောင့် ပဋိသန္ဓေစိတ်တို့သည် စိတ္တဇရုပ်ကို မဖြစ်စေနိုင်ပါ။ ပဋိသန္ဓေကမ္မဇရုပ်ကသာ ပဋိသန္ဓေစိတ်နှင့် စိတ္တဇရုပ်အရာ၌တည်၍ ကျေးဇူးပြုကြပါသည်။

ပဝတ္တိအခါ စိတ်နှင့်အတူ ကမ္မဇရုပ်များဖြစ်ကြသော်လည်း စိတ်နှင့်အကြောင်း အကျိုး မစပ်။ ရှေးကံကြောင့်သာဖြစ်သဖြင့် ကံနှင့်သာ ကြောင်းကျိုး စပ်သည်။ စိတ်မဖြစ်သော်လည်း ပဝတ္တိကမ္မဇရုပ်တို့သည် ဖြစ်ကြကုန်၏။

ဥပမာ- နိရောဓသမာပတ်ဝင်စားနေသော အနာဂါမ်, ရဟန္တာပုဂ္ဂိုလ်တို့အား စိတ်, စေတသိက်,စိတ္တဇရုပ်တို့ မဖြစ်ကြသော်လည်း၊ ကမ္မဇရုပ်တို့ကား မချုပ်ဘဲ ထင်ရှား ရှိကြကုန်၏။ ထို့ကြောင့် စိတ်နှင့်အတူဖြစ်သောစိတ္တဇရုပ်ကိုသာ ကျေးဇူးပြုပါသည်။ ပဝတ္တိကမ္မဇရုပ်သည် စိတ်နှင့်မစပ်တော့သဖြင့် သဟဇာတသတ္တိဖြင့် ကျေးဇူးမပြု နိုင်သောကြောင့် သဟဇာတပစ္စည်းမတပ်ခြင်း ဖြစ်ပါသည်။ *(ပဝတ္တိအခါ-ပုရေဇာတ်ဖြစ်၊)*

www.dhammadownload.com

<u>ပဉ္စဝေါကာရဘုံ၌ ပဋိသန္ဓေအခိုက်မှာသာ</u>– ပဋိသန္ဓေဝိညာဏ်နှင့် ဟဒယဝတ္ထုရုပ် (ကမ္မဇရုပ်)တို့ တစ်ပြိုင်နက်အတူတကွ အချင်းချင်းအပြန်အလှန် ကျေးဇူးပြုမှုသည်– နာမ်ကိုမှီ၍ ရုပ်တရားဖြစ်ရပုံ၊ ရုပ်ကိုမှီ၍ နာမ်တရားဖြစ်ရပုံ ဟောကြားလိုက်သဖြင့် နာမ်တရားသာအရေးကြီးသည်ထင်မှတ်နေသော နာမ်ဝါဒီများနှင့် ရုပ်တရားသာအရေးကြီးသည်ထင်မှတ်နေသော ရုပ်ဝါဒီများ အယူရှင်းလင်း၍ အမြင်မှန်များရကြပါသည်။

မြတ်စွာဘုရားသည် ပဉ္စဝေါကာရဘုံ၌ ပဋိသန္ဓေအခိုက်မှာသာ နာမ်နှင့်ရုပ်သည် တစ်ပြိုင်နက်အတူတကွဖြစ်ပြီး ခဏတိုင်းခဏတိုင်းမှာ ကမ္မဇရုပ်တို့လည်း ဖြစ်တာတွေဖြစ်, ပျက်တာတွေပျက်နေကြကြောင်း၊ ပဋိသန္ဓေဝိညာဏ်သည်လည်း ဥပါဒ်–ဌီ–ဘင် ဖြစ်ပြီးပျက်သွားကြောင်း ဟောကြားတော်မူသဖြင့် အနိစ္စလက္ခဏာဖြင့်ရှုမှုကို အမြင်သန်စေပါသည်။

ရှုပွားကျင့်ပါ ဝိပဿနာ

သဟဇာတပစ္စည်းကျေးဇူးပြုပုံကို ဟောကြားတော်မူသောကြောင့် နာမ်–ရုပ်တို့၏ အတူတကွကျေးပြုသည်ဆိုရာတွင် နာမ်ကသက်သက်နေသလား၊ ရုပ်ကသက်သက် နေသလား၊ သီးခြားစီဖြစ်တည်နေသလား၊ နာမ်သည် ရုပ်ကိုကျေးဇူးပြုသလား၊ ရုပ်သည် နာမ်ကိုကျေးဇူးပြုသလား၊ နာမ်သည် နာမ်ရုပ်ကိုကျေးဇူးပြုသလား၊ ရုပ်သည် ရုပ်ကိုကျေးဇူးပြုသလားစသည် ပြဿနာပေါင်းများစွာကို ဖြေရှင်းနိုင်ရန် ခန္ဓာ ၅–ပါး တို့၏ ဖြစ်ပုံ,ပျက်ပုံကို ထင်ရှားပေါ်လွင်စွာ သိမှတ်ကြရပါသည်။

ခန္ဓာမည်ပုံ

အတိတ် အနာဂတ် ပစ္စုပ္ပန်အစရှိသော အထူးအပြားတို့ဖြင့်ပြားကုန်သော ထိုထို ရုပ်အစရှိသော သဘောတူတရားတို့သည် ဉာဏ်ပညာဖြင့်ပေါင်းစုအပ်သည့် 'အပေါင်းအစု' ဟူသော အနက်သဘော(ရာသဋ္ဌ)ကြောင့် 'ခန္ဓာ' မည်၏။

ခန္ဓာငါးပါးဟောစဉ်

ခန္ဓာငါးပါးကို မကွဲမပြား တစ်ပေါင်းတည်းယူသဖြင့် အတ္တဟု အမှတ်မှားနေကြသည့် ဝေနေယျသတ္တဝါအပေါင်းအား တစ်လုံးတစ်ခဲတည်း တစ်ယောက်တည်း ဟုထင်ရသော 'သမူဟဃနပညတ်'၏ ရုပ်နာမ်အနေဖြင့် အသီးအသီး ကွဲပြားခြား

www.dhammadownload.com

နားမှုကို ထင်ရှားပြတော်မူ၍ အတ္တအစွဲမှလွတ်မြောက်စေလိုတော်မူသော မြတ်စွာဘုရားရှင်သည်–

(၁) ထိုထို သတ္တဝါအပေါင်း၏ အလွယ်တကူမှတ်သားနိုင်စေခြင်းအကျိုးငှာ မျက်စိစသည်တို့၏အာရုံဖြစ်၍ဖြစ်သော ကြမ်းတမ်းထင်ရှားသည့် (ဝါ) မျက်စိဖြင့်အလွယ်တကူမြင်နိုင်သော ထင်ရှားသော 'ရူပက္ခန္ဓာ'ကို ရှေးဦးစွာဟောတော် မူပါသည်။

(၂) ထို့နောက် ဣဋ္ဌရုပ် အနိဋ္ဌရုပ်ကို ခံစားတတ်သောသဘောရှိသော 'ဝေဒနာက္ခန္ဓာ' ကိုဟောတော်မူပါသည်။

(၃) ထို့နောက် "ခံစားတတ်သောအာရုံကို ကောင်းစွာမှတ်သား၏။"ဟူသည်နှင့်အညီ ခံစားတတ်သော အာရုံ၏အခြင်းအရာကို ယူတတ်,မှတ်တတ်သောသဘောရှိသည့် 'သညာက္ခန္ဓာ'ကို ဟောတော်မူပါသည်။

(၄) ထို့နောက် အမှတ်သညာ၏အစွမ်းဖြင့် သင်္ခါရက္ခန္ဓာတို့ကို ပြခြင်းအကျိုးငှာ 'သင်္ခါရက္ခန္ဓာ'ကို ဟောတော်မူပါသည်။

(၅) ထို့နောက် ဝေဒနာစသည်တို့၏တည်ရာမှီရာဖြစ်သော၊ အကြီးအမှူးလည်းဖြစ်သော 'ဝိညာဏက္ခန္ဓာ'ကို ဟောတော်မူပါသည်။

ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ

အပေါင်းအစုကို ခန္ဓ–သဒ္ဒါဖြင့် ဟောသော်လည်း ဝေဒနာ, သညာတို့သည် အတိတ်, အနာဂတ်, ပစ္စုပ္ပန်ဟု ကာလအားဖြင့်ကွဲပြားသော ဝေဒနာ, သညာတို့ကို ဉာဏ်ဖြင့် စုပေါင်းထားခြင်းကြောင့် ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ–ဟု ခေါ်ဆိုရခြင်း ဖြစ်ပါသည်။

ဝေဒနာသည် ဝဋ္ဋတရားတို့၌ သာယာတတ်သောကြောင့်လည်းကောင်း၊ သညာသည် ထိုသာယာတတ်သော ဝေဒနာ၏ အကြောင်းအဆောက်အဦဖြစ်သောကြောင့်လည်းကောင်း သံသရာ၏ 'ပဓာနအကြောင်းများ' ဖြစ်၏။ ထို့ကြောင့် ဖဿ–အစရှိသည်တို့မှ သီးခြားခွဲ၍ တစ်ပါး တစ်ပါးသော ခန္ဓာအဖြစ်ဖြင့် ပြခြင်းအကျိုးငှာ ဝေဒနာ, သညာတို့ကို သီးခြားခန္ဓာတစ်ပါးစီအဖြစ် ဟောတော်မူ၏။

[ဝေဒနာသည် အသုဘကို သုဘအစရှိသော သညာဝိပ္ပလ္လာသ၏ အစွမ်းဖြင့် တေဘူမကတရားတို့၌ သာယာသောအခြင်းအရာဖြင့် ဖြစ်တတ်စေသောကြောင့် သညာသည် ဝေဒနာ၏အကြောင်းအဆောက်အဦ ဖြစ်ရပါသည်။]

www.dhammadownload.com

ထိုခန္ဓာ ၅–ပါးတို့တွင်–

- ရူပက္ခန္ဓာသည် ဝေဒနာ၏ မှီရာဖြစ်သောကြောင့် တည်ရာခွက်နှင့် တူ၏။
- ဝေဒနာက္ခန္ဓာသည် ဝိညာဏ်၏ ခံစားအပ်သောကြောင့် ဘောဇဉ်နှင့် တူ၏။
- သညာက္ခန္ဓာသည် ဝေဒနာ၏ သာယာခံစားခြင်းကိုရခြင်း၏အကြောင်းဖြစ်သောကြောင့် စားဖွယ်ဟင်းလျာနှင့် တူ၏။
- သင်္ခါရက္ခန္ဓာသည် ပြုပြင်စီရင်တတ်သောကြောင့် စားဖိုသည်နှင့် တူ၏။
- ဝိညာဏက္ခန္ဓာသည် ဝေဒနာတည်းဟူသော ဘောဇဉ်ကို စားတတ်သောကြောင့် စားတတ်သော ထမင်းရှင်နှင့် တူ၏။

ခန္ဓာ ၅–ပါးသာဟောရခြင်းအကြောင်း

သင်္ခတတရားအားလုံးကို သဘောတူရာ ပေါင်းယူခြင်းအားဖြင့်လည်းကောင်း၊ ငါ–ဟုစွဲယူတတ်သောဒိဋ္ဌိ(အတ္တအစွဲ)၊ ငါ၏ဥစ္စာ–ဟုစွဲယူအပ်သောတဏှာ(အတ္တနိယအစွဲ)၏တည်ရာအကြောင်းဝတ္ထုအနေဖြင့် တရားငါးပါးသာ အလွန်ဆုံး အတိုင်းအရှည်ရှိသည်၏အဖြစ်ကြောင့်လည်းကောင်း၊ သီလက္ခန္ဓာစသော အခြားသောခန္ဓာတို့သည် ခန္ဓာငါးပါး၌သာ အကျုံးဝင်သောကြောင့်လည်းကောင်း ခန္ဓာတို့ကို ငါးပါးအောက် ဦန=ယုတ်လျော့၍ဖြစ်စေ၊ ငါးပါးအထက် အဓိက=ပိုလွန်၍ဖြစ်စေ ဟောတော် မမူဘဲ အနူန=မယုတ်, အနာဓိက=မလွန်သောအားဖြင့် ခန္ဓာတို့ကို ငါးပါးသာရှိ၏–ဟု ဟောတော်မူခြင်း ဖြစ်ပါသည်။

ဥပါဒါနက္ခန္ဓာ ၅–ပါး

ဥပါဒါန်တရားတို့၏ အာရုံဖြစ်သော ခန္ဓာသည် 'ဥပါဒါနက္ခန္ဓာ' မည်၏။ ကာမုပါဒါန်စသော ဥပါဒါန်တရား, အာသဝေါတရားတို့၏ အာရုံဖြစ်ကုန်သော လောကီခန္ဓာ ၅–ပါးတို့သည် 'ဥပါဒါနက္ခန္ဓာ' မည်၏။

ဥပါဒါန်၏အာရုံဖြစ်သော ခန္ဓာတို့သည် ရူပုပါဒါနက္ခန္ဓာ၊ ဝေဒနုပါဒါနက္ခန္ဓာ၊ သညုပါဒါနက္ခန္ဓာ၊ သင်္ခါရုပါဒါနက္ခန္ဓာ၊ ဝိညာဏုပါဒါနက္ခန္ဓာ အားဖြင့် ၅–ပါး အပြား ရှိကုန်၏။

www.dhammadownload.com

ခန္ဓာနှင့် ဥပါဒါနက္ခန္ဓာ အထူး

ဥပါဒါန်တရား, အာသဝေါတရားတို့၏ အာရုံမဟုတ်ကုန်သော လောကုတ္တရာ နာမ်ခန္ဓာ ၄-ပါးတို့သည် ခန္ဓာသာ မည်ကုန်၏။ ဥပါဒါနက္ခန္ဓာ မမည်ကုန်။

❦ ရူပက္ခန္ဓာကား သာသဝါမွှာဟူသော 'ဒုက်'အရ လောကီအာသဝေါတရားတို့၏ အာရုံ ဧကန်ဖြစ်၏။ ရုပ်သည် သာသဝ, အနာသဝ ဟူ၍မပြားဘဲ၊ 'သာသဝ'သာ ဖြစ်၍ ခန္ဓာနှင့် ဥပါဒါနက္ခန္ဓာ အထူးမရှိပါ။ [ခန္ဓာနှင့်ဥပါဒါနက္ခန္ဓာ ၂-မျိုးရ၏။]

❖ နာမ်ခန္ဓာလေးပါးသည်သာ-

* ဥပါဒါန် အာသဝေါတရားတို့၏ အာရုံဖြစ်လျှင် ဥပါဒါနက္ခန္ဓာ မည်၏။
* ဥပါဒါန် အာသဝေါတရားတို့၏ အာရုံမဟုတ်လျှင် ခန္ဓာသာ မည်၏။

ရုပ္ပနသဘော အစရှိသည်ဖြင့်တူသော အလုံးစုံသောတရားတို့ကို ဉာဏ်ဖြင့် တစ်ပေါင်းတည်း သိမ်းယူခြင်းအကျိုးငှါ အာသဝေါတရားတို့၏ အာရုံလည်းဖြစ်သော၊ အာသဝေါတရားတို့၏အာရုံလည်း မဖြစ်ကုန်သော တရားတို့ကို သာမညအားဖြင့် 'ပဉ္စက္ခန္ဓာ'-ဟူ၍ ဟောအပ်ကုန်၏။ ဝိပဿနာဇောတ်၏ဖြစ်ရာ အာရုံကိုပြခြင်းငှါ အာသဝေါတရားတို့၏ အာရုံဖြစ်ကုန်သောတရားတို့ကို 'ဥပါဒါနက္ခန္ဓာ'-ဟူ၍ဟော အပ်ကုန်၏။

ခန္ဓာနှင့်ဥပါဒါနက္ခန္ဓာတို့ကို ရှုမှတ်ပုံ

(၁) ရုပ်ကို အနှိပ်အနယ်မခံသောကြောင့် **ရေမြှုပ်စိုင်**ကဲ့သို့ သဘောထား၍ ရှုမှတ်ရပါမည်။

(၂) ဝေဒနာကို တစ်ခဏမျှသာ မွေ့လျော်ဘွယ်ရှိသောကြောင့် **ရေပွက်**(ရေပူပေါင်း) ကဲ့သို့ သဘောထား၍ ရှုမှတ်ရပါမည်။

(၃) သညာကို အမှားမှားအယွင်းယွင်း ပြောဆိုတတ်သောကြောင့် **တံလျှပ်**ကဲ့သို့ သဘောထား၍ ရှုမှတ်ရပါမည်။

(၄) သင်္ခါရတို့ကို အနှစ်သာရမရှိသောကြောင့် **ငှက်ပျောတုံး**ကဲ့သို့ သဘောထား၍ ရှုမှတ်ရပါမည်။

(၅) ဝိညာဏ်တို့ကို လှည့်စားတတ်သည့်သဘောရှိသောကြောင့် **မျက်လှည့်**ကဲ့သို့ သဘောထား၍ ရှုမှတ်ရပါမည်။

www.dhammadownload.com

ခန္ဓာအသီးသီး၌ရရှိနိုင်သည့် အကျိုးထူး

(၁) အဇ္ဈတ္တိကရုပ်ကို အသုဘဟု ရှုမှတ်သော ယောဂီပုဂ္ဂိုလ်သည် ကဗဠီကာရ-အာဟာရကို ပိုင်းခြား၍သိနိုင်ခြင်း၊ အသုဘကို သုဘဟုမှတ်ထင်မှု ဝိပ္ပလ္လာသကို ပယ်နိုင်ခြင်း၊ ကာမောဃမှ လွန်မြောက်နိုင်ခြင်း၊ ကာမယောဂနှင့် မယှဉ်ခြင်း၊ ကာမာသဝမှ ကင်းခြင်း၊ အဘိဇ္ဈာကာယဂန္ထကို ဖျက်ဆီးနိုင်ခြင်း၊ ကာမုပါဒါန်ဖြင့် မစွဲလမ်းတော့ခြင်း အကျိုးထူးတို့ကို ရရှိနိုင်ပါသည်။

(၂) ဝေဒနာကို ဒုက္ခဟု ရှုမှတ်သောယောဂီပုဂ္ဂိုလ်သည် ဖဿာဟာရကို ပိုင်းခြား၍ သိနိုင်ခြင်း၊ ဒုက္ခကို သုခဟု မှတ်ထင်မှု ဝိပ္ပလ္လာသကို ပယ်နိုင်ခြင်း၊ ဘဝေါဃမှ လွန်မြောက်နိုင်ခြင်း၊ ဘဝယောဂနှင့် မယှဉ်ခြင်း၊ ဘဝါသဝမှ ကင်းခြင်း၊ ဗျာပါဒ ကာယဂန္ထကို ဖျက်ဆီးနိုင်ခြင်း၊ သီလဗ္ဗတုပါဒါန်ဖြင့် မစွဲလမ်းတော့ခြင်း အကျိုးထူးတို့ကို ရရှိနိုင်ပါသည်။

(၃) သညာနှင့် သင်္ခါရတို့ကို အနတ္တဟု ရှုမှတ်သော ယောဂီပုဂ္ဂိုလ်သည် မနောသဉ္စေတနာအာဟာရကို ပိုင်းခြား၍သိနိုင်ခြင်း၊ အနတ္တကို အတ္တဟုမှတ်ထင်မှု ဝိပ္ပလ္လာသကို ပယ်နိုင်ခြင်း၊ ဒိဋ္ဌောဃမှ လွန်မြောက်နိုင်ခြင်း၊ ဒိဋ္ဌိယောဂနှင့် မယှဉ်ခြင်း၊ ဒိဋ္ဌာသဝမှ ကင်းခြင်း၊ ဣဒံသစ္စာဘိနိဝေသကာယဂန္ထကို ဖျက်ဆီးနိုင်ခြင်း၊ အတ္တဝါဒုပါဒါန်ဖြင့် မစွဲလမ်းတော့ခြင်း အကျိုးထူးတို့ကို ရရှိနိုင်ပါသည်။

(၄) ဝိညာဏ်ကို အနိစ္စဟု ရှုမှတ်သောယောဂီပုဂ္ဂိုလ်သည် ဝိညာဏ အာဟာရကို ပိုင်းခြား၍သိနိုင်ခြင်း၊ အနိစ္စကို နိစ္စဟုမှတ်ထင်မှု ဝိပ္ပလ္လာသကို ပယ်နိုင်ခြင်း၊ အဝိဇ္ဇောဃမှ လွန်မြောက်နိုင်ခြင်း၊ အဝိဇ္ဇောဃနှင့် မယှဉ်ခြင်း၊ အဝိဇ္ဇာသဝမှ ကင်းခြင်း၊ သီလဗ္ဗတပရာမာသကာယဂန္ထကို ဖျက်ဆီးနိုင်ခြင်း၊ ဒိဋ္ဌုပါဒါန်ဖြင့် မစွဲလမ်းတော့ခြင်း အကျိုးထူးတို့ကို ရရှိနိုင်ပါသည်။

သဟာဇာတပစ္စည်း– ခန္ဓာ ၅–ပါးနှင့် သတိပဋ္ဌာန် ၄–ပါး၊

သဟာဇာတပစ္စည်းသည် ပစ္စည်း(အကြောင်း)နာမ်,ရုပ်၊ ပစ္စယုပ္ပန်(အကျိုး)နာမ်ရုပ် အတူတကွဖြစ်ခြင်းသဘောတရားကို ပြည့်ပြည့်စုံစုံဟောသောကြောင့် ခန္ဓာငါးပါးတို့ အကြောင်း–အကျိုး အတူတကွကျေးဇူးပြုမှုကို ဟောတော်မူပါသည်။

သဟာဇာတပစ္စည်းအရ ခန္ဓာငါးပါးတို့ အတူတကွ ပြိုင်တူဖြစ်နေသော်လည်း ဝိပဿနာရှုမှတ်ရာတွင် မည်သည့်နည်းနှင့်မျှ ခန္ဓာငါးပါးကို ပြိုင်တူရှုမှတ်၍ မရနိုင်ပါ။ အတူတကွဖြစ်သော်ငြားလည်း တစ်ပါးပါးသောခန္ဓာ၏ ဖြစ်မှုပျက်မှုကိုသာရှုရမည်။

www.dhammadownload.com

* ရူပက္ခန္ဓာကိုအာရုံပြု၍ အသုဘအခြင်းအရာပေါ်လာအောင် အဖန်ဖန်ရှုမှတ်သော ကာယာနုပဿနာသတိပဋ္ဌာန်ဖြင့် သုဘဝိပ္ပလ္လာသကို ပယ်ရှားနိုင်ပါသည်။
* ဝေဒနာက္ခန္ဓာကိုအာရုံပြု၍ ဒုက္ခအခြင်းအရာပေါ်လာအောင် အဖန်ဖန်ရှုမှတ်သော ဝေဒနာနုပဿနာသတိပဋ္ဌာန်ဖြင့် သုခဝိပ္ပလ္လာသကို ပယ်ရှားနိုင်ပါသည်။
* ဝိညာဏက္ခန္ဓာကိုအာရုံပြု၍ အနိစ္စအခြင်းအရာပေါ်လာအောင် အဖန်ဖန်ရှုမှတ်သော စိတ္တာနုပဿနာသတိပဋ္ဌာန်ဖြင့် နိစ္စဝိပ္ပလ္လာသကို ပယ်ရှားနိုင်ပါသည်။
* သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာဟူသော ဓမ္မတို့ကိုအာရုံပြု၍ အနတ္တအခြင်းအရာပေါ် လာအောင် အဖန်ဖန်ရှုမှတ်သော ဓမ္မာနုပဿနာသတိပဋ္ဌာန်ဖြင့် အတ္တဝိပ္ပလ္လာသကို ပယ်ရှားနိုင်ပါသည်။

ပဋ္ဌာန်း သဟဇာတပစ္စည်း မေတ္တာပို့ ဆုတောင်းဘုရားရှိခိုး

သဟဇာတပစ္စယော– သတ္တဝါအားလုံး မကောင်းသော ရုပ်,နာမ်တရားများ အတူတကွ မဖြစ်ကြဘဲ၊ ကောင်းသော ရုပ်,နာမ်တရားများသာ အတူအကွဖြစ်နိုင် ကျေးဇူးပြုနိုင်ကြပါစေ။

အတူတကွ၊ မြတ်ပညာ၊ သုခ ပွားရပါစေသော်။

သဟဇာတပစ္စယော– အလင်းဖြစ်မှု၊ ဆီမီးပြုသည့်၊ တန္တုပမာ၊ သဟဇာတ၊ နာမနှင့်ရုပ်၊ ဘူတုပ္ပါဒါ၊ သန္ဓေခါလည်း၊ ဝိပါဝတ္ထု၊ ယှဉ်းခြောက်ခုအား၊ တူငြားအဋ္ဌ၊ သဘာဂတွင်၊ တကွမကွေ၊ ဖြစ်စေခြင်းဟူသော သဟဇာတသတ္တိထူးဖြင့် ကျေးဇူးပြုခြင်းလက္ခဏာရှိသော နာမ်,မဟာဘုတ်၊ ဝတ္ထု,ပါက သဟဇာတခြောက်ပါး ပစ္စည်းတရားသည်၊ အတ္တိ– ပုဂ္ဂိုလ်,သတ္တဝါ၊ သူငါမနော၊ တရားသဘောသာ၊ ထင်ရှားရှိပါပေသည်တကား။

ဣတိ– ဤသို့၊ ဗောဓေန္တံ– သဗ္ဗညုတာ၊ ဉာဏ်တော်သာဖြင့်၊ ဦးစွာကျန၊ သိပြီးမှလျှင်၊ များလှုဝေနေ၊ သိစေတော်မူသော၊ မြတ်စွာဘုရားကို၊ ဝန္ဒာမိ– ဂုဏ်တော်ထုံမွမ်း၊ ပုံတော်မှန်းလျက်၊ ချီးမွမ်းထောမနာ၊ ပဏာရိုက်ကျိုး၊ လက်စုံမိုး၍၊ ရှိခိုး ကန်တော့ပါ၏ ဘုရား။

UK-2020(COVID-19)

သဟဇာတပစ္စည်း ပြီး၏။

www.dhammadownload.com

"နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"

၇။ အညမညပစ္စည်း

သဟဇာတ၊ အညမညနှင့် နိဿယပစ္စည်းတို့သည် အချင်းချင်း ဆက်စပ်မှုရှိလှသောကြောင့် အကြောင်းအရာများကို ထိုသုံးပစ္စည်းတွင် မျှဝေ(ခွဲ)၍တင်ပြပူဇော်ပါမည်။ သဟဇာတတွင် နာမ်ခန္ဓာများအကြောင်း, အညမညတွင် မဟာဘုတ်များအကြောင်းနှင့် နိဿယတွင် ဝတ္ထုပုရေဇာတနိဿယအကြောင်း တင်ပြပူဇော်ပါမည်။

အညမညမည်ခြင်းအကြောင်း

အညမည = အချင်းချင်း အပြန်အလှန်ဖြစ်စေတတ် ထောက်ပံ့တတ်သည့်အဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရား။

အချင်းချင်းမှီ၍ ထောင်ထားသော သစ်သားသုံးချောင်းထောက်ကဲ့သို့ အချင်းချင်း အပြန်အလှန် ထောက်ပံ့နေသော နာမ်ခန္ဓာလေးပါး၊ မဟာဘုတ်လေးပါး၊ ပဋိသန္ဓေဝါကာရ ပဋိသန္ဓေနာမက္ခန္ဓာနှင့် ဟဒယဝတ္ထုတို့သည် အညမည ပစ္စည်းမည်၏။ [သုံးချောင်းထောက်သည် အမြဲတမ်း အညီအညွတ် ထောက်မိနေကြသဖြင့် အခြေခိုင်သောညီညွတ်မှုကိုဖော်ညွှန်းကြောင်း အဋ္ဌကထာဆရာက ဆိုပါသည်။]

? သဟဇာတနှင့်အညမည တူပုံ၊ ထူးပုံ

* သဟဇာတသဘောသည် အတူတကွဖြစ်ခြင်းဖြင့်သာ ကျေးဇူးပြုပါသည်၊
* အညမညကား အတူတကွဖြစ်ခြင်းသာမက မိမိ၏သတ္တိက အကျိုးတရားကိုလည်းပေး၊ မိမိကလည်း အကျိုးတရား၏သတ္တိကို ယူပါသည်။

✓✓(၁) နာမ်ခန္ဓာ အချင်းချင်း၊
(၂) ကလာပ်တူ မဟာဘုတ်အချင်းချင်း၊
(၃) ပဉ္စဝေါကာရပဋိသန္ဓေနာမက္ခန္ဓာ၊ ဟဒယဝတ္ထုအချင်းချင်း ကျေးဇူးပြုရာ၌ သဟဇာတလည်းဖြစ်၊ အညမညလည်းဖြစ်၏။

✓×(၁) နာမ်ကနာမ်ကြောင့်ဖြစ်သော စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်တို့ကိုလည်းကောင်း၊
(၂) မဟာဘုတ်က ဥပါဒါရုပ်ကိုလည်းကောင်း ကျေးဇူးပြုရာ၌ သဟဇာတသာဖြစ်၍ အညမည မဖြစ်ပါ။

www.dhammadownload.com

မဟာဘူတာ ဥပါဒါရူပါနံ-စသည်

မဟာဘုတ်လေးပါးက ဥပါဒါရုပ်အားကျေးဇူးပြုမှုသည် သဟဇာတတွင်သာရပြီး၊ အညမညပစ္စည်းတွင် မရပါ။ မဟာဘုတ်လေးပါးက သစ်ပင်နှင့်တူပြီး ဥပါဒါရုပ်တို့သည် သစ်ပင်၏အရိပ်နှင့် တူပါသည်။ သစ်ပင်က အရိပ်ဖြစ်အောင် ကျေးဇူးပြုနိုင်သော်လည်း၊ အရိပ်က သစ်ပင်ပြန်ဖြစ်အောင်ကား အချင်းချင်းကျေးဇူးပြု၍ မရပါ။ ထို့ကြောင့် 'မဟာဘူတာ ဥပါဒါရူပါနံ'သည် သဟဇာတသာရပြီး အညမည မရပါ။ ထိုနည်းတူစွာပင် 'စိတ္တသမုဋ္ဌာနာနံ ရူပါနံ'တွင်လည်း စိတ်,စေတသိက်တို့က သစ်ပင်နှင့်တူပြီး၊ စိတ္တဇရုပ်သည် အရိပ်နှင့်တူသဖြင့် အညမညတွင် မရပါ။

အညမညပစ္စည်း အပြန်အလှန် ကျေးဇူးပြုကြရာတွင်လည်း သာတူညီမျှဖြစ်မှု၊ အဆင့်အတန်း, ဘဝတူမှုဖြင့် ကျေးဇူးပြုသောသဘော ဖြစ်ပါသည်။

အညမညသည် သဟဇာတမျိုးတွင်ပါဝင်ပြီး၊ သဟဇာတ၏ အစိပ်တရားသာ (သဟဇာတလည်းဖြစ် အညမညလည်းဖြစ်သောတရားသာ)ဖြစ်ပါသည်။ ထို့ကြောင့်-

* အညမညဖြစ်လျှင် သဟဇာတ ဧကန်ဖြစ်၍ "အညမညပစ္စယာ သဟဇာတေ တီဏိ"
* သဟဇာတဖြစ်တိုင်း အညမည မဖြစ်ကြောင်းကိုလည်း "သဟဇာတပစ္စယာ နအညမညေ ပဉ္စ"ဟု ဟောတော်မူပါသည်။

သဟဇာတ၏အခြားမဲ့၌ အညမညပစ္စည်း ဟောရခြင်း

တစ်ခုသောဝါရ၌ နာမက္ခန္ဓာ, မဟာဘုတ်, ဟဒယဝတ္ထုရုပ်တို့သည် ထိုနာမက္ခန္ဓာစသည်တို့အားလည်းကောင်း၊ ကြွင်းသော ဥပါဒါရုပ်တို့အားလည်းကောင်း သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်အဖြစ်ကို ညွှန်ပြအပ်သည်ရှိသော်၊ ဤနာမက္ခန္ဓာစသောတရားတို့သည် အချင်းချင်းအားလည်းကောင်း၊ ကြွင်းသောရုပ်တရားတို့အားလည်းကောင်း ကျေးဇူးပြုကုန်သကဲ့သို့ ယင်းနည်းတစ်မူ။

ကြွင်းသောရုပ်တရားတို့သည် ဤနာမက္ခန္ဓာစသောတရားတို့အား ကျေးဇူးပြုကုန်သလောဟု ယုံမှားသက်ာ ဖြစ်ဖွယ်ရှိလေရာ၊ သဟဇာတပစ္စည်းတပ်ကုန်သောတရားတို့အား သဟဇာတပစ္စည်းတပ်ကုန်သောတရားတို့ကသာ ကျေးဇူးပြုကြကုန်၍၊ ကြွင်းသောတရားတို့က သဟဇာတပစ္စည်းတပ်ကုန်သောတရားတို့အား ကျေးဇူးမပြုကုန်ဟု ဝေနေယျသတ္တဝါအပေါင်းတို့အား သိစေလိုသောကြောင့် သဟဇာတ၏ အခြားမဲ့၌ အညမညပစ္စည်းကို ဟောတော်မူပါသည်။ [ပဋ္ဌာနသာရဒီပနီဋီကာ]

www.dhammadownload.com

သဟဇာတပစ္စည်းကျေးဇူးပြုမှု- အတူတူဖြစ်ဖော်ဖြစ်ဖက်အဖြစ် ကျေးဇူးပြုရာတွင် အချင်းချင်းအပြန်အလှန်ကျေးဇူးပြုမှုကို အညမညပစ္စည်းဟောမှုဖြင့် ပေါ်လွင်ပါသည်။ ကုသိုလ်စိတ်တစ်ခုဖြစ်လျှင် နာမက္ခန္ဓာ အချင်းချင်းကျေးဇူးပြုမှုသည် သဟဇာတဖြစ်သလို အညမညလည်း ဖြစ်ပါသည်။ ကုသိုလ်က စိတ္တဇရုပ်ကိုကျေးဇူးပြုမှုတွင် သဟဇာတသာ ဖြစ်ပြီး၊ အညမညပစ္စည်း အပြန်အလှန်ကျေးဇူးမပြုနိုင်ကြောင်း ဟောတော်မူပါသည်။

အမျိုးဇာတ်၊ ကာလ၊ ဘုံဌာန

▲ အညမညပစ္စည်း သဟဇာတအမျိုးဇာတ်(သက်သက်သာ) ဖြစ်ပါသည်။

သဟဇာတမျိုးပစ္စည်းရေ-၁၅ ရေတွက်ပုံ

* သဟငယ် ၇-ပစ္စည်း = ဟေတု၊ အဓိပတိ၊ ကမ္မ၊ အာဟာရ၊ ဣန္ဒြိယ၊ ဈာန၊ မဂ္ဂ။

* သဟလတ် ၄-ပစ္စည်း = အညမည၊ ဝိပါက၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊ (ညဝိ သမ် ဝိပ်)

* သဟကြီး ၄-ပစ္စည်း = သဟဇာတ၊ နိဿယ၊ အတ္ထိ၊ အဝိဂတ၊(သဟ နိ အတ် အဝိ)

(ဟေဓိသဟံ၊ အဥ်နိကမ်၊ ဝိဟာဣံဈာန်၊ မဂ်သမ်ဝိပ်အတ်၊ အဝိ မှတ်၊ သဟတ်ဆယ့်ငါးတန်။)

▲ အညမညပစ္စည်းသည် ပဋိသန္ဓေကာလ, ပဝတ္တိကာလ နှစ်ပါးလုံးဖြစ်ပါသည်။ ပစ္စုပ္ပန်,အတိတ်,အနာဂတ် ကာလသုံးပါးတို့တွင် ပစ္စုပ္ပန်ကာလ၌ ဖြစ်ပါသည်။

▲ အညမညပစ္စည်းသည် ၃၁-ဘုံလုံး၌ ဖြစ်နိုင်ပါသည်။

ပစ္စယနိဒ္ဒေသပါဠိတော်- အညမညပစ္စည်း အရကောက်

ပစ္စည်း(ကတ္တား)	ပစ္စယုပ္ပန်(သမ္ပဒါန်)	သဘာဂ(ကရိယာ)
အလုံးစုံသောပဝတ္တိ,ပဋိသန္ဓေ နာမက္ခန္ဓာ ၄ ပါး၊	အချင်းချင်း၊	၁။(ပြိုင်.ယ.၇)ကြီး ည၊ဝိ၊သံ
မဟာဘုတ် ၄ ပါး၊	အချင်းချင်း၊	၂။(ပြိုင်.၅) ကြီး ည
ပဉ္စဝေါကာရပဋိသန္ဓေ နာမက္ခန္ဓာ ဟဒယဝတ္ထု၊	အချင်းချင်း	၃။(ပြိုင်.၆) ကြီး ည၊ ဝိပ်

ပစ္စည်း = စိတ် ၈၉၊ စေတသိက် ၅၂၊ စတုဇမဟာဘုတ်လေးပါး၊ ပဉ္စဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာနှင့်ဟဒယဝတ္ထု၊

ပစ္စယုပ္ပန် = စိတ် ၈၉၊ စေတသိက် ၅၂၊ စတုဇမဟာဘုတ်လေးပါး၊ ပဉ္စဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာနှင့်ဟဒယဝတ္ထု၊

www.dhammadownload.com

အညမညပစ္စည်း၏ သုဒ္ဓသချာဝါရ၌– အချင်းချင်းအား<u>တပ်သော</u> အလုံးစုံသော ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး။ အချင်းချင်းအား<u>တပ်သော</u> မဟာဘုတ်လေးပါး။ အချင်းချင်းအား<u>တပ်သော</u> ပဉ္စဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာ ဟဒယဝတ္ထု။ ဤတရားတို့သည် အညမညပစ္စည်းတတ်သောတရားတို့ မည်ကုန်၏။

ပစ္စည်းရေ–၅ ဟူသည်တည်း။

ပစ္စည်းရေ–၅ ဟူသော်ကား သဟဇာတ၊ အညမည၊ နိဿယ၊ အတ္ထိ၊ အဝိဂတ ဟူသည်တည်း။

(သချာ တီကာ– ကု–ကု၊ အကု–အကု၊ ဗျာ–ဗျာ၊)

ပါဠိတော်အရကောက်

သဟဇာတပစ္စည်းအရကောက် ရှေ့ဆုံး ၃–ပိုဒ်တွင် (သဟဇာတ)အစား၊ (အညမည) ပြောင်းထည့်၍ ဆိုရပါသည်။

ပစ္စည်းတရား		ပစ္စယုပ္ပန်တရား
စတ္တာရော ခန္ဓာ အရူပိနော		အညမည
စတ္တာရော မဟာဘူတာ	ဩက္ကန္တိက္ခဏေ နာမရူပံ	အညမည၂

(အညမည သမ္ဗန္ဓါ ကျေနေပါသည်။ ကျေနေသဖြင့် အညမညံ–ဟု ဆိုနေစရာ မလိုပါ။)

အဋ္ဌကထာဖွင့်ဆိုချက်

? "ဩက္ကန္တိက္ခဏေ နာမရူပံ"ကောက်ယူရာ၌ မူလဋီကာဆရာက မည်သို့ဆိုပါသနည်း။ အဘယ်ကြောင့် ထိုအဆိုပြုချက်အတိုင်း မကောက်ယူပါသနည်း။

ပစ္စည်းတရားက ပဉ္စဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာနှင့် ဟဒယဝတ္ထု ဖြစ်သဖြင့် မူလဋီကာဆရာကြီးက "ဩက္ကန္တိက္ခဏေ နာမရူပံ"အရ ပဥ္စဝါရ ဝိပါကတိတ်၌– "ဧကော ခန္ဓော စ ဝတ္ထု စ တိဏ္ဏန္နံ ခန္ဓာနံ အညမည ပစ္စယေန ပစ္စယော"ဟု ဟောသကဲ့သို့ ပစ္စည်း 'နာမ်ခန္ဓာ ဟဒယဝတ္ထု'က ပစ္စယုပ္ပန် 'နာမ်ခန္ဓာ'အား ကျေးဇူးပြုနိုင်သည်ဟုဆို၏။ သို့သော်လည်း "ရူပိနော ဓမ္မာ အရူပီနံ ဓမ္မာနံ"ဟု သဟဇာတ၌ ဟောထားသောကြောင့် နာမ်–မရောသည့် ဟဒယဝတ္ထုကသာ နာမ်အားကျေးဇူးပြုသည်ဟု ယူရမည်ဖြစ်ပါသည်။

www.dhammadownload.com

ပဉ္စဝါရ–သဟဇာတမျိုး၊ သဟဇာတကြီး–၄ နှင့် အညမညပစ္စည်း သုဒ္ဓသင်္ချာဇယား

ပစ္စည်း		ပစ္စည်း(ကတ္တား)	ပစ္စယုပ္ပန်(သမ္ပဒါန်)	သင်္ချာ	ပစ္စည်း
၁။ ၂။ ၃။ ၄။	သဟဇာတ, နိဿယ, အတ္ထိ, အဝိဂတ၊	အလုံးစုံသော ပဝတ္တိ,ပဋိသန္ဓေ နာမက္ခန္ဓာ ၄ ပါး၊	အချင်းချင်းအားငှင်း၊ အချင်းချင်းနာမက္ခန္ဓာ စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်အားငှင်း	(၉)	၄
		မဟာဘုတ် ၄ ပါး၊	အချင်းချင်းအားငှင်း၊ ဥပါဒါရုပ်အားငှင်း		
		ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ၊ ဟဒယဝတ္ထု၊	အချင်းချင်း		
၅။	အညမည	အလုံးစုံသော ပဝတ္တိ,ပဋိသန္ဓေ နာမက္ခန္ဓာ ၄ ပါး၊	အချင်းချင်းအားငှင်း၊ အချင်းချင်းနာမက္ခန္ဓာ ဟဒယဝတ္ထုအားငှင်း	(၇)	၅
		စိတ္တဇမဟာဘုတ်, ပဋိ.ကံ.ဘုတ်, ဗာဟိရဘုတ်, အာဟာရဇ.ဘုတ်, ဥတုဇ.ဘုတ်, အသညကံ.ဘုတ်, ပဝတ္တိကံ.ဘုတ် အားဖြင့်ဘုတ် ၄	အချင်းချင်း		
		ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ၊ ဟဒယဝတ္ထု၊	အချင်းချင်း		

သဟဇာတဖြစ်၍ အညမညမဖြစ်သောတရားများ

သဟ–ည	ပဉ်(အရူပ–၄၊ဒွေ–၁၀၊ရဟန္တာစုတိကြဉ်) အလုံးစုံ ပ/ပဋိသန္ဓေ နာမက္ခန္ဓာ ၄–ပါး	စိတ္တဇရုပ်, ဟဒယဝတ္ထုမှတပါး ပဋိသန္ဓေကမ္မဇရုပ်အားငှင်း တပ်သော
	(ပဌာန်းရုပ်–၇မျိုးရှိ)မဟာဘုတ် ၄–ပါး	ဥပါဒါရုပ်အားတပ်သော

* စိတ္တဇရုပ်၊ ဟဒယဝတ္ထုမှတပါး ပဋိသန္ဓေကမ္မဇရုပ်အား<u>တပ်သော</u> ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက်–၄, ဒွေပဉ္စဝိညာဉ်–၁၀, ရဟန္တာတို့စုတိကြဉ်သော ပဝတ္တိ, ပဋိသန္ဓေ နာမက္ခန္ဓာ ၄–ပါး၊

* ဥပါဒါရုပ်အား<u>တပ်သော</u> မဟာဘုတ် ၄–ပါး၊

('အညမည=ဟဒယဝတ္ထု' ဟူသည် စိတ္တဇရုပ် မရ, ဟဒယဝတ္ထုသာ ရခြင်းကို ဆိုလိုပါသည်)

✗ စိတ္တဇရုပ် မရခြင်းကြောင့် စိတ္တဇရုပ်ဆိုင်ရာ သင်္ချာများ ပျက်သွားပါသည်။

✓ ပဋိသန္ဓေတွင် ဟဒယဝတ္ထုသာ ရပါသည်။

✗ ရုပ်သက်သက်တွင် ဥပါဒါရုပ်များ မရပါ။

www.dhammadownload.com

သဟဇာတအလတ် အညမညပါဠိတော်ဇယား

ပဒ	ပဒါ.နံ	ပစ္စည်း = ကတ္တား		ပစ္စယုပ္ပန် = သမ္ဗဒါန်			
ကု	ကု	ကုသလော	၁ ၃ ၂	၃ ၁ ၂			
အကု	အကု	အကုသလော	၁ ၃ ၂	၃ ၁ ၂			
ဗျာ–ဗျာ	(ပဝတ္တိ	ဝိ..ဗျာကတော ကြိ..ဗျာကတော	၁ ၃ ၂	၃ ၁ ၂	နဋ္ဌရူပါနံ(×)		
	(ပဋိ	ပဋိသန္ဓိက္ခဏေ ဝိ..ဗျာကတော	၁ ၃ ၂	၃ ၁ ၂	ဝတ္ထုဿ စ		
		ခန္ဓာ		ဝတ္ထုဿ			
		ဝတ္ထု		ခန္ဓာနံ			
		(ရုပ်သက်သက်) ၁ ၃ ၂		၃ ၁ ၂	×	×	×
		ဗာ, ဟာ, ဥ, ည ၁ ၃ ၂		၃ ၁ ၂	×	×	×

ဗျာ–ဗျာ (ပဝတ္တိ)တွင် – စိတ္တဇရုပ်မရ။ ('စိတ္တသမုဋ္ဌာနာနဋ္ဌ ရူပါနံ'ကို မဆိုရပါ။)
(ပဋိသန္ဓေ)တွင် – ဟဒယဝတ္ထုကို ကောက်ရ၍ 'ဝတ္ထုဿ စ' ထည့်ဆိုပါ။
(ရုပ်သက်သက်)တွင် – ဥပါဒါရုပ်များမရှိ၍ 'မဟာဘူတာ.× × ×'ကို မဆိုရ။

မဟာဘုတ်ရုပ်

ငါး, လိပ်စသော(သက်ရှိ) ဥပါဒိန္နသန္တာန်, စကြာဝဠာ,ရေ,မြေစသော(သက်မဲ့) အနုပါဒိန္နသန္တာန်တို့၌ မဟာဘုတ်–ဟုဆိုအပ်သော 'သသမ္ဘာရဓာတ်'တို့၏အစွမ်းဖြင့် ကြီးမား၍ ထင်ရှားစွာဖြစ်တတ်သောကြောင့် 'မဟာဘုတ်' မည်၏။

မျက်လှည့်, ဘီလူးမတို့နှင့် တူသောကြောင့်လည်းကောင်း၊ ကြီးမားသော မဟာဘုတ်, ဥပါဒါရုပ်တို့၏ ဖြစ်ရာဖြစ်သောကြောင့်လည်းကောင်း 'မဟာဘုတ်' မည်၏။

ထိုရုပ်တရားတို့သည် မိမိသည် မညိုခြင်းအစရှိကုန်သောသဘောရှိကုန်လျက် ညိုသော အဆင်းအစရှိကုန်သောသဘောဖြင့် ဥပါဒါရုပ်ကိုပြခြင်း အစရှိသောအားဖြင့် ပြတတ်သောကြောင့် 'မျက်လှည့်'နှင့် တူ၏။

ဘီလူးမသည် နှစ်လိုဖွယ်အဆင်းသဏ္ဌာန် အစရှိသည်တို့ဖြင့် သတ္တဝါတို့ကို လှည့်ပတ်တတ်ကုန်သကဲ့သို့ ပထဝီစသည်တို့သည် နှစ်လိုဖွယ် အဆင်း, အနံ့စသည်တို့ဖြင့် လှည့်စားပြတတ်သောကြောင့် 'ဘီလူးမ'နှင့် တူ၏။

www.dhammadownload.com

ဥပါဒါရုပ်

မဟာဘုတ်ကို မှီ၍ဖြစ်သောကြောင့် 'ဥပါဒါရုပ်' မည်၏။

မဟာဘုတ်တို့ကို စွဲမှီ၍ ဖြစ်သောကြောင့် ဥပါဒါရုပ် မည်သည်ရှိသော်– "ဧကံ မဟာဘူတံ ။ပ။ မဟာဘူတာ" ဤသို့ အစရှိသော စကားကို မြတ်စွာဘုရား ဟောတော်မူသောကြောင့် တစ်ပါးတစ်ပါးသော မဟာဘုတ်တို့သည် ကြွင်းသော မဟာဘုတ်တို့အား မှီ၍ဖြစ်ကုန်၏။ ထို့ကြောင့် ထိုမှီ၍ဖြစ်ကုန်သော မဟာဘုတ်တို့၏လည်း ဥပါဒါရုပ်အဖြစ်၏ လျှဉ်းပါးခြင်းသည် ဖြစ်ရာ၏။ (စောဒနာငြားအံ့)

ဤသို့သောအပြားအားဖြင့် မဖြစ်သင့်– အဘယ့်ကြောင့်ဆိုသော် မဟာဘုတ်တို့ကိုသာလျှင် မှီ၍ဖြစ်ကုန်သော ရုပ်တို့ကိုသာ ဥပါဒါရုပ်ဟူ၍ ခေါ်ဝေါ်ခြင်း၏ပြီးစီးခြင်းကြောင့် ဖြစ်၏။ (သူတစ်ပါးကိုသာ မှီခိုသူသက်သက်သာဖြစ်ပြီး အမှီခံအဖြစ် လုံးဝမရသောရုပ်တို့ကိုသာ ဥပါဒါရုပ်–ဟုခေါ်၏။ မဟာဘုတ်တို့သည် အမှီခံလည်း ဖြစ်, မှီခိုသူလည်းဖြစ်၍ ဥပါဒါရုပ်–ဟု မခေါ်နိုင်ပါ။)

မဟာဘုတ် ၄–ပါး(ဓာတ်ကြီးလေးပါး)

ပထဝီ မိမိနှင့် အတူတကွဖြစ်ကုန်သော ရုပ်ကလာပ်တို့၏ တည်ရာ, မှီရာဖြစ်သောကြောင့် 'ပထဝီ' မည်၏။

ပထဝီသည်သာလျှင် မိမိ၏လက္ခဏာကိုဆောင်ခြင်း အစရှိသောအနက်ကြောင့်လည်းကောင်း၊ သတ္တလည်းမဟုတ် ဇီဝလည်းမဟုတ်သောအနက်ကြောင့်လည်းကောင်း၊ ကိုယ်၏အစိတ်ဖြစ်သော သွေး အစရှိသော ဓာတ်, ဆေးဒန်း, မြင်းသီလာအစရှိသော ကျောက်ဖြစ်သောဓာတ်နှင့်တူသည်၏ အဖြစ်ကြောင့်လည်းကောင်း ဓာတ်လည်းမည်သောကြောင့် 'ပထဝီဓာတ်' မည်၏။ [ကြွင်းမဟာဘုတ်များ နည်းတူ၊]

လက္ခဏာ– ခက်မာခြင်း 'ကက္ခဠလက္ခဏာ'ရှိ၏။ [မာ၊ ပျော့၊]

အာပေါ မိမိနှင့် အတူတကွဖြစ်ကုန်သော ရုပ်ကလာပ်တို့ကို ပျံ့နှံ့တတ်, ပွားစေတတ်သောကြောင့် 'အာပေါ' မည်၏။

လက္ခဏာ– ပျောင်းအိဖွဲ့စေးခြင်း 'အာဗန္ဓနလက္ခဏာ'ရှိ၏။ [ဖွဲ့၊ ယို]

www.dhammadownload.com

တေဇော ကြွင်းသော ဘုတ် ၃–ပါးအပေါင်းကို ရင့်ကျက်စေတတ်, ထက်စေတတ်, ပူစေတတ်, နူးညံ့စေတတ်သောကြောင့် 'တေဇော' မည်၏။

လက္ခဏာ– ပူသည်၏အဖြစ် 'ဥဏှတ္တလက္ခဏာ' ရှိ၏။ [ပူ၊ အေး]

ဝါယော ရုပ်အစု, ဘုတ်အစုတို့ကို တည်မြဲတိုင်းသောအရပ်မှ အခြားတစ်ပါးသော အရပ်သို့ ရောက်အောင် တိုက်လွှင့်တတ်သောကြောင့် 'ဝါယော' မည်၏။

လက္ခဏာ– ထောက်ပံ့ခိုင်ခံ့ခြင်း 'ဝိတ္ထမ္ဘနလက္ခဏာ' ရှိ၏။ [တွန်း၊ ရွေ့]

[ခက်မာ, ဖွဲ့စေး, ပူအေး, ထောက်ကန် ဤလေးတန် မှတ်ရန် လက္ခဏာ။]

ဓာတု(ဓာတ်)မည်ပုံ

မိမိ၏ သဘောလက္ခဏာကို ဆောင်တတ်သောကြောင့်လည်းကောင်း၊ သတ္တလည်း မဟုတ် ဇီဝလည်း မဟုတ်သောကြောင့်လည်းကောင်း၊ ကိုယ်အင်္ဂါ၏ အစိတ်ဖြစ်သော သွေးအစရှိသောဓာတ်, ဆေးဒန်း, မြင်းသီလာအစရှိသော ကျောက်ဖြစ်သောဓာတ်နှင့် တူသည်၏အဖြစ်ကြောင့်လည်းကောင်း 'ဓာတု = ဓာတ်' မည်၏။

မဟာဝိကာရကြောင့် မဟာဘုတ် အမည်ရပုံ

မဟာဝိကာရကြောင့် "မဟာဘုတ်"မည်၏–ဟူသော စကားရပ်၌–

ဓာတ်ကြီးလေးပါးတို့၏ ဖောက်ပြန်ပျက်စီးပုံသည် သက်မဲ့တို့ပျက်စီးရာ၌လည်း ထင်ရှားပေါ်လွင်ပါသည်။ သက်ရှိတို့ ပျက်စီးရာ၌လည်း ထင်ရှားပေါ်လွင်ပါသည်။

သက်မဲ့တို့ ဖောက်ပြန်ပျက်စီးပုံအဖြစ် ဩကာသလောကကြီးပျက်စီးပုံကို ဥပမာ အဖြစ် ကြည့်နိုင်သည်။ ဩကာသလောကသည် မီးကြောင့်ပျက်ရာ၌ မြေပြင်မှစ၍ မဟာဗြဟ္မာ့ပြည်တိုင်အောင် ပျက်စီး၏။ ရေကြောင့်ပျက်ရာ၌ ကုဋေတစ်သိန်း အရေ အတွက်ရှိသော စကြဝဠာတစ်ခုလုံး ကြေမွပျက်စီး၏။ လေကြောင့်ပျက်ရာ၌ ကုဋေ တစ်သိန်းအရေအတွက်ရှိသော စကြဝဠာတစ်ခုလုံးဖရိုဖရဲ လွင့်ပျောက်၍ ပျက်စီး၏။ ဤသို့လျှင် သက်မဲ့ဓာတ်လေးပါးတို့သည် အကြီးအကျယ်ပျက်စီး ဖောက်ပြန်တတ် သောကြောင့် 'မဟာဘုတ်' အမည်ရခြင်း ဖြစ်ပါသည်။

သက်ရှိတို့ ဖောက်ပြန်ပျက်စီးပုံအဖြစ် သတ္တဝါတို့၏ ဓာတ်ချောက်ချားခြင်းစသည် ကို ဥပမာအဖြစ် ကြည့်နိုင်ပါသည်။

www.dhammadownload.com

◈ **ကမ္မမုခမြွေ**အကိုက်ခံရလျှင် ခန္ဓာကိုယ်သည် ခက်မာကြမ်းတမ်းလျက် တောင့်တင်း၏။ ထို့အတူ ဤခန္ဓာကိုယ်သည်လည်း ပထဝီဓာတ်ဖောက်ပြန်ပျက်စီးလျှင် ကမ္မမုခမြွေ အကိုက်ခံရသည့်ပမာ ခက်မာကြမ်းတမ်းလျက် တောင့်တင်း၏။

◈ **ပူတိမုခမြွေ**အကိုက်ခံရလျှင် ခန္ဓာကိုယ်သည် ပုပ်၏။ ထို့အတူ ဤခန္ဓာကိုယ် သည်လည်း အာပေါဓာတ်ဖောက်ပြန်ပျက်စီးလျှင် ပူတိမုခမြွေကိုက်ခံရသည့်ပမာ ပုပ်သောကိုယ်ရှိ၏။

◈ **အဂ္ဂိမုခမြွေ**အကိုက်ခံရလျှင် ခန္ဓာကိုယ်သည် ပြင်းစွာပူလောင်နေတတ်၏။ ထို့အတူ ဤခန္ဓာကိုယ်သည်လည်း တေဇောဓာတ်ဖောက်ပြန်ပျက်စီးလျှင် အဂ္ဂိမုခမြွေ ကိုက်ခံ ရသည့်ပမာ ပြင်းစွာပူလောင်၏။

◈ **သတ္ထမုခမြွေ**အကိုက်ခံရလျှင် ခန္ဓာကိုယ်သည် အကြောပြတ်သကဲ့သို့ အပိုင်းပိုင်း ပြတ်၍ ကျ၏။ ထို့အတူ ဤခန္ဓာကိုယ်သည်လည်း ဝါယောဓာတ် ဖောက်ပြန် ပျက်စီးလျှင် သတ္ထမုခမြွေအကိုက်ခံရသည့်ပမာ အပိုင်းပိုင်းပြတ်၍ကျ၏။

ဤသို့လျှင် သက်ရှိဓာတ်လေးပါးတို့သည်လည်း အကြီးအကျယ် ဖောက်ပြန်ပျက်စီး တတ်သောကြောင့် 'မဟာဘုတ်' အမည်ရခြင်း ဖြစ်ပါသည်။

မဟာသတိပဋ္ဌာနသုတ်တော်၌ ဓာတ်ကမ္မဋ္ဌာန်းကို အကျဉ်းဟောတော်မူပုံ

"ချစ်သားရဟန်းတို့ ... ဥပမာအားဖြင့် ပြရလျှင် ကျွမ်းကျင်သော နွားသတ် သမား(သို့မဟုတ်)နွားသတ်သမား၏တပည့်သည် နွားကို သတ်ပြီးလျှင် လမ်းလေးခွ အဆုံ၌ အပုံအပုံအားဖြင့် ခွဲခြမ်း၍ ထိုင်နေသကဲ့သို့၊ ယောဂီသည် တည်မြဲတိုင်း ထားမြဲတိုင်းသော ဤရုပ်ကိုယ်ကိုပင် ဓာတ်သဘောအားဖြင့် ရှုဆင်ခြင်၏။ ဤရုပ်ကိုယ်၌ ခက်မာကြမ်းတမ်းသောသဘောသည် ပထဝီဓာတ်၊ ယိုစီးဖွဲ့စည်းသောသဘောသည် အာပေါဓာတ်၊ ပူနွေးခြင်း, အေးခြင်းသဘောသည် တေဇောဓာတ်၊ တွန်းကန် တောင့်တင်းခြင်းသဘောသည် ဝါယောဓာတ်ဟု၍ အကျဉ်းအားဖြင့် ရှုမှတ်ဆင်ခြင် ရပါသည်။

အထက်ပါဒေသနာတော်ကို ရှင်းပြရသော်...

www.dhammadownload.com

နွားသတ်သမားသည် နွားကိုမွေးမြူသည့်အချိန်၊ နွားသတ်ကုန်းသို့ ခေါ်ဆောင်ရာ အချိန်၊ နွားသတ်ကုန်း၌ ချည်နှောင်ထားချိန်၊ သတ်ဖြတ်နေချိန်၊ နွားအသေကောင်ကို ကြည့်နေချိန်တို့၌ "နွား"ဟူသော အမှတ်သည် မပျောက်သေးပေ။ လမ်းဆုံလေးခွ မင်းလမ်းမ၌ နွားသားတို့ကိုအပုံအပုံပြု၍ ထိုင်ပြီးကြည့်ရှုနေချိန်၌မူ "နွား"ဟူသော အမှတ်သညာသည်ပျောက်၍ "အသား"ဟူသော အမှတ်သညာသာ ဖြစ်နေပါသည်။

ထိုနည်းတူစွာ ယောဂီပုဂ္ဂိုလ်သည် တရားနှလုံးသွင်းမှု မရှိသေးသော ဗာလ ပုထုဇဉ်ပုဂ္ဂိုလ်ဖြစ်ခိုက်၊ လူဝတ်ကြောင်ဖြစ်ခိုက်၊ ရဟန်းဖြစ်ခိုက်အချိန်တို့၌ ပုဂ္ဂိုလ်၊ သတ္တဝါ၊ 'ငါ'ဟူသော အမှတ်သညာ မကွယ်ပျောက်သေးပေ။ တည်မြဲတိုင်း၊ ထားမြဲတိုင်း ခန္ဓာကိုယ်ကို ဓာတ်လေးပါးသဘောဖြင့် ရှုဆင်ခြင်သော အခါ၌မူ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမဟုထင်သော အမှတ်သညာ ကွယ်ပျောက် သွားလေတော့၏။ ဓာတ်သဘော၏အစွမ်းဖြင့်သာလျှင် ဘာဝနာစိတ်သည် ကောင်းစွာ တည်ပါသည်။

ဤသို့သော ဆိုလိုရင်းသဘောကို သိစေတော်မူလိုသောကြောင့် မဟာသတိပဋ္ဌာန သုတ်တော်၌ စတုဓာတုဝဝတ္ထာန်ကမ္မဋ္ဌာန်းကို ဟောတော်မူခြင်း ဖြစ်ပါသည်။

အရှင်သာရိပုတ္တရာ၏ ဓာတ်ကမ္မဋ္ဌာန်းအကျဉ်းရှုပုံ

အရှင်သာရိပုတ္တရာသည် "အရိုးကိုလည်း စွဲမှီ၍၊ အကြောကိုလည်း စွဲမှီ၍၊ အသားကိုလည်း စွဲမှီ၍၊ အရေကိုလည်း စွဲမှီ၍၊ ကာရံလျက်တည်သော ဟင်းလင်းပြင် အာကာသအရပ်ကိုပင် 'ရုပ်'ဟုခေါ်အပ်၏"ဟု ဟောတော်မူ၍ "ထိုအရိုး၊ အကြော၊ အသား၊ အရေဟူသော ကောဋ္ဌာသ ၄-ပါးတို့၏ အကြားအရပ်ကို လက်ဖြင့် ခွဲခြား သကဲ့သို့ ဉာဏ်ဖြင့်ခွဲခြားလျက် သိမြင်ပြီးလျှင် ကောဋ္ဌာသ ၄-ပါးတို့၌ ခက်မာ ကြမ်းတမ်းခြင်းသဘောသည် ပထဝီဓာတ်တည်း"စသည်ဖြင့် ဓာတ်ကြီး ၄-ပါးတို့ကို သိမ်းဆည်း၍ "ဤသဘောတို့သည် ဓာတ်သဘောမျှသာဖြစ်ချေ၏ သတ္တဝါမဟုတ်"ဟု အဖန်ဖန်နှလုံးသွင်း ဆင်ခြင်ရမည်။ ဤသို့ဆင်ခြင်လျှင် မကြာမီ ဥပစာရသမာဓိသို့ ရောက်နိုင်၏ဟု ဓာတ် ၄-ပါးတို့၏ သတ္တဝါမဟုတ်ကြောင်းကို ပြရန်အတွက် ဓာတ် ကမ္မဋ္ဌာန်းရှုပုံအကျဉ်းကို ဟောတော်မူခဲ့ပါသည်။

www.dhammadownload.com

ပစ္စယအားဖြင့် ရှုပုံ

◈ **ပထဝီဓာတ်**သည် အာပေါဓာတ်က ပေါင်းစုပေးခြင်း၊ တေဇောဓာတ်က စောင့်ရှောက်ပေးခြင်း၊ ဝါယောဓာတ်က ထောက်ကန်ပေးခြင်းကိုရ၍၊ ယင်းဓာတ် ၃–ပါးတို့အား တည်ရာဖြစ်လျက် ထောက်ပံ့ကျေးဇူးပြု၏။

◈ **အာပေါဓာတ်**သည် ပထဝီဓာတ်၌တည်၍ တေဇောဓာတ်က စောင့်ရှောက်ပေးခြင်း၊ ဝါယောဓာတ်က ထောက်ကန်ပေးခြင်းကိုရ၍ ယင်းဓာတ် ၃–ပါးတို့အား ဖွဲ့စည်းပေါင်းစပ်လျက် ထောက်ပံ့ကျေးဇူးပြု၏။

◈ **တေဇောဓာတ်**သည် ပထဝီဓာတ်၌တည်၍ အာပေါဓာတ်က ပေါင်းစုပေးခြင်း၊ ဝါယောဓာတ်က ထောက်ကန်ပေးခြင်းကိုရ၍၊ ယင်းဓာတ် ၃–ပါးတို့အား ပူနွေးစေ၊ ကျက်စေလျက် ထောက်ပံ့ကျေးဇူးပြု၏။

◈ **ဝါယောဓာတ်**သည် ပထဝီဓာတ်၌တည်၍ အာပေါဓာတ်က ပေါင်းစုပေးခြင်း၊ တေဇောဓာတ်က ကျက်စေခြင်းရ၍၊ ယင်းဓာတ် ၃–ပါးတို့အား ထောက်ကန်လျက် ထောက်ပံ့ကျေးဇူးပြု၏။

ဤသို့လျှင် ဓာတ်လေးပါးတို့ကို အထောက်အပံ့ကျေးဇူးပြုခြင်း ပစ္စယ အားဖြင့်လည်းနှလုံးသွင်း ရှုမှတ်ရပါမည်။

အသမန္နာဟာရအားဖြင့် ရှုပုံ

ဓာတ်လေးပါးတို့တွင် ပထဝီဓာတ်သည် 'ငါသည် ပထဝီဓာတ် ဖြစ်၏'ဟူ၍လည်းကောင်း၊ 'ကျန်ဓာတ်သုံးပါးတို့အား ငါက တည်ရာဖြစ်၍ အထောက်အပံ့ပေးထား၏'ဟူ၍လည်းကောင်း မသိချေ။ ထို့အတူ အခြားသောဓာတ်သုံးပါးတို့ကလည်း 'ငါတို့အား ပထဝီဓာတ်က တည်ရာဖြစ်၍ ထောက်ပံ့ပေးထား၏'ဟူ၍ မသိကြချေ။ ဤသို့စသည်ဖြင့် ဓာတ်အချင်းချင်းတို့သည် ဆင်ခြင်မှု–နှလုံးသွင်းမှုတို့ကင်းလျက် ဖြစ်နေကြသည်။ ဤသို့လျှင် ဓာတ်လေးပါးတို့ကို ဆင်ခြင်မှု နှလုံးသွင်းမှုကင်းခြင်း (အသမန္နာဟာရ)အားဖြင့်လည်း နှလုံးသွင်း ရှုမှတ်ရပါမည်။

ပစ္စယ ဝိဘာဂအားဖြင့် ရှုပုံ

ဓာတ်လေးပါးတို့သည် ကံ၊ စိတ်၊ ဥတု၊ အာဟာရဟူသော အကြောင်းလေးပါးတို့ကြောင့် ဖြစ်၏။ ထိုအကြောင်းတို့တွင် ကံကြောင့်ဖြစ်သည့်ဓာတ်သည် ကံသာလျှင် အကြောင်းဖြစ်၏။ အခြားသော စိတ်၊ ဥတု၊ အာဟာရ အကြောင်းတို့ကြောင့်ဖြစ်သည်မဟုတ်။ ကြွင်းသော စိတ်၊ ဥတု၊ အာဟာရကြောင့်ဖြစ်သည့် ဓာတ်တို့ကိုလည်း ဤနည်းအတိုင်းမှတ်ရပါမည်။

www.dhammadownload.com

ထို့အတူ ကမ္မဇမဟာဘုတ်သည် ကမ္မဇမဟာဘုတ်အချင်းချင်းအားလည်းကောင်း၊ စိတ္တဇမဟာဘုတ်၊ ဥတုဇမဟာဘုတ်၊ အာဟာရဇမဟာဘုတ်တို့အားလည်းကောင်း ကျေးဇူးပြု၏။ စိတ္တဇမဟာဘုတ်စသည်တို့ကလည်း ဤနည်းအတိုင်း ကျေးဇူးပြုကြ၏။

ဓာတ်အချင်းချင်း ကျေးဇူးပြုပုံ အထူး

ဧကံ ပဋိစ္စ တိဿော၊	– တစ်ပါးစွဲလတ်၊ သုံးဓာတ်လေးလီ
စတုဓာ တိဿော ပဋိစ္စ ဧကောစ။	– သုံးဓာတ်စွဲငြား၊ တစ်ပါးလေးလီ
ဒွေ ဓာတုယော ပဋိစ္စ၊	– နှစ်ဓာတ်စွဲပြု၊ နှစ်ခုခြောက်လီ
ဒွေ ဆဒ္ဓါ သမ္ဘဝန္တိ။	ကြောင်းကျိုးစပ်၊ မပြတ်ဖြစ်ကြသည်။

(အောက်ပါဇယားမှာ **ဧကက** ၄–ဝါရကို (✓)လက္ခဏာဖြင့် **မဟာဘုတ်**ဆိုင်ရာအသီးသီး အောက်မှာရေးပြထားပါသည်။ (✓)လက္ခဏာကို ပစ္စည်း**မဟာဘုတ်**ယူပြီး ကွက်လပ်များကို ပစ္စယုပ္ပန် **မဟာဘုတ်သုံးပါးစီ** အနေဖြင့် ယူရပါသည်။ ထိုနည်းတူစွာ **တိက** ၄–ဝါရ၊ **ဒုက** ၆–ဝါရစသည်များကိုလည်း မှတ်ယူဖွဲ့ဆိုရပါသည်။)

တစ်ပါးစွဲလတ်၊ သုံးဓာတ်လေးလီ

"ဧကံ မဟာဘူတံ"၏အရကို	"တိဿော မဟာဘူတာနံ"၏ အရကို	(လေ့ကျင့်ရန်)			
ပထဝီမဟာဘုတ် ယူ၍	အာပေါ,တေဇော,ဝါယော မဟာဘုတ် ယူ၍ ၁–ဝါရ၊	✓			
အာပေါမဟာဘုတ် ယူ၍	တေဇော,ဝါယော,ပထဝီ မဟာဘုတ် ယူ၍ ၁–ဝါရ၊		✓		
တေဇောမဟာဘုတ် ယူ၍	ဝါယော,ပထဝီ,အာပေါ မဟာဘုတ် ယူ၍ ၁–ဝါရ၊			✓	
ဝါယောမဟာဘုတ် ယူ၍	ပထဝီ,အာပေါ,တေဇော, မဟာဘုတ် ယူ၍ ၁–ဝါရ၊				✓

ဤသို့လျှင် ဧကက ၄–ဝါရ ဖြစ်သတည်း။

သုံးဓာတ်စွဲငြား တစ်ပါးလေးလီ

"တယော မဟာဘူတာ"၏အရကို	"ဧကဿ မဟာဘူတဿ" အရကို	(လေ့ကျင့်ရန်)			
ပထဝီ,အာပေါ,တေဇော မဟာဘုတ် ယူ၍	ဝါယောမဟာဘုတ် ယူ၍ ၁–ဝါရ၊	✓	✓	✓	
အာပေါ,တေဇော,ဝါယော မဟာဘုတ် ယူ၍	ပထဝီမဟာဘုတ် ယူ၍ ၁–ဝါရ၊		✓	✓	✓
တေဇော,ဝါယော,ပထဝီ မဟာဘုတ် ယူ၍	အာပေါမဟာဘုတ် ယူ၍ ၁–ဝါရ၊	✓		✓	✓
ဝါယော,ပထဝီ,အာပေါ မဟာဘုတ် ယူ၍	တေဇောမဟာဘုတ် ယူ၍ ၁–ဝါရ၊	✓	✓		✓

ဤသို့လျှင် တိက ၄–ဝါရ ဖြစ်သတည်း။

www.dhammadownload.com

နှစ်ဓာတ်စွဲပြု၊ နှစ်ခုခြောက်လီ

"ဒွေ မဟာဘူတာ"၏အရကို	"ဒွိန္နံ မဟာဘူတာနံ"၏ အရကို	(လေ့ကျင့်ရန်)			
ပထဝီ,အာပေါ မဟာဘုတ် ယူ၍	တေဇော,ဝါယော မဟာဘုတ် ယူ၍ ၁-ဝါရ၊	✓	✓		
ပထဝီ,တေဇော မဟာဘုတ် ယူ၍	အာပေါ,ဝါယော မဟာဘုတ် ယူ၍ ၁-ဝါရ၊	✓		✓	
ပထဝီ,ဝါယော မဟာဘုတ် ယူ၍	အာပေါ,တေဇော မဟာဘုတ် ယူ၍ ၁-ဝါရ၊	✓			✓
အာပေါ,တေဇော မဟာဘုတ် ယူ၍	ပထဝီ,ဝါယော မဟာဘုတ် ယူ၍ ၁-ဝါရ၊		✓	✓	
အာပေါ,ဝါယော မဟာဘုတ် ယူ၍	ပထဝီ,တေဇော မဟာဘုတ် ယူ၍ ၁-ဝါရ၊		✓		✓
တေဇော,ဝါယော မဟာဘုတ် ယူ၍	ပထဝီ,အာပေါ မဟာဘုတ် ယူ၍ ၁-ဝါရ၊			✓	✓

ဤသို့လျှင် ဒုက ၆-ဝါရ ဖြစ်သတည်း။

ခြေတစ်လှမ်း၌ ဓာတ်လေးပါး ပါဝင်နေပုံ

ပထဝီဓာတ်

ကြမ်းတမ်း၊ မာခက်၊ ချောညက်တမည်၊
တည်ရာကိစ္စ၊ သူကပြုသည်၊
ခံလင့်ဆောင်ရေး၊ ပေါ့လေးထင်သည်၊
ပထဝီဓာတ်၊ သိမှတ် မြတ်ယောဂီ။

အာပေါဓာတ်

အရည်တနည်း၊ ယိုစီးတမည်၊
စိုထိုင်းဖွဲ့ထွား၊ တိုးပွားစေသည်၊
စေးကပ်ပူးတွဲ၊ လုံးခဲထင်သည်၊
အာပေါဓာတ်၊ သိမှတ် မြတ်ယောဂီ။

တေဇောဓာတ်

အပူအနွေး၊ အအေးတမည်၊
ပူဋ္ဌေပေးလျက်၊ ရင့်ကျက်စေသည်၊
နူးညံ့စေကြောင်း၊ ဆင့်လောင်းပေးသည်၊
တေဇောဓာတ်၊ သိမှတ် မြတ်ယောဂီ။

ဝါယောဓာတ်

ထောက်ကန်တောင့်တင်း၊ လှုပ်ခြင်းတမည်၊
ယိမ်းယိုင်လှုပ်ရှား၊ ရွေ့သွားတတ်သည်၊
သူလိုရာဘက်၊ တွန်းလျက်ဆောင်သည်၊
ဝါယောဓာတ်၊ သိမှတ် မြတ်ယောဂီ။

(မဟာစည်ဆရာတော်)

(က) ပထဝီဓာတ်သည် ခြေတစ်လှမ်း၏ ရွေ့တိုး၊ နောက်ဆုတ်ချိန်၌ ဖိနင်းခြင်း အကြောင်း ဖြစ်၏။ သို့ဖြစ်၍ ခြေရပ်တည်ထားနိုင်ခြင်းသည် နောက်လိုက် အာပေါဓာတ်နှင့် အတူတကွဖြစ်သော ပထဝီဓာတ်၏ အစွမ်းဖြစ်၏။

(ခ) ခြေကိုချခြင်းသည် နောက်လိုက် ပထဝီဓာတ်နှင့် အတူတကွဖြစ်သော အာပေါဓာတ်၏အစွမ်း ဖြစ်၏။

www.dhammadownload.com

(ဂ) ခြေကိုကြွခြင်းသည် နောက်လိုက်ဝါယောဓာတ်နှင့် အတူတကွဖြစ်သော တေဇော ဓာတ်၏အစွမ်း ဖြစ်၏။

(ဃ) ခြေကို ဆောင်ခြင်း၊ ဖယ်ခြင်းသည် နောက်လိုက်တေဇောဓာတ်နှင့် အတူတကွ ဖြစ်သော ဝါယောဓာတ်၏အစွမ်း ဖြစ်၏။

(အာပေါ) + ပထဝီ ⟶ နင်း၊ တည်၊
(ပထဝီ) + အာပေါ ⟶ ချ၊
(ဝါယော) + တေဇော ⟶ ကြွ၊
(တေဇော) + ဝါယော ⟶ ဆောင်၊ ဖယ်၊

ပဋ္ဌာန်း အညမညပစ္စည်း မေတ္တာပို့ ဆုတောင်းဘုရားရှိခိုး

အညမညပစ္စယော– သတ္တဝါအားလုံး မကောင်းသော ရုပ်,နာမ်တရားများနှင့် အချင်းချင်းယှဉ်တွဲ၍ အပြန်အလှန် ကျေးဇူးမပြုကြဘဲ၊ ကောင်းမြတ်သော ရုပ်,နာမ် တရားများတို့နှင့်သာ အချင်းချင်းယှဉ်တွဲ၍ အပြန်အလှန် ကျေးဇူးပြုမှုကို ခံစားနိုင် ကြပါစေ။

လူအချင်းချင်း၊ မေတ္တာနှင်း၊ ချစ်ခြင်း ပွားရပါစေသော်။

အညမညပစ္စယော– သစ်သားသုံးခွ၊ ချင်းချင်းမသို့၊ ဥပကာရ၊ ထောက်ပံ့လာသော၊ နာမ်,မဟာဘုု၊ ဝတ္ထု,နာမ်အား၊ တူရှစ်ပါးတွင်၊ ထောက်ထားလှန်ပင်း၊ အချင်းချင်း ဟူသော အညမညသတ္တိထူးဖြင့် ကျေးဇူးပြုခြင်းလက္ခဏာရှိသော နာမ်,မဟာဘုု၊ ဝတ္ထု,ပါက၊ အညမညသုံးပါး ပစ္စည်းတရားသည်၊ အတ္ထိ– ပုဂ္ဂိုလ်,သတ္တဝါ၊ သူငါမနှော၊ တရားသဘောသာ၊ ထင်ရှားရှိပါပေသည်တကား။

ဣတိ– ဤသို့၊ ဗောဓေန္တံ– သဗ္ဗညုတာ၊ ဉာဏ်တော်သာဖြင့်၊ ဦးစွာကျနေ၊ သိပြီးမှလျှင်၊ များလှဝေနေ၊ သိစေတော်မူသော၊ မြတ်စွာဘုရားကို၊ ဝန္ဒာမိ– ဂုဏ်တော်ထုံမွမ်း၊ ပုံတော်မှန်းလျက်၊ ချီးမွမ်းထောမနာ၊ ပဏာရိုကျိုး၊ လက်စုံမိုး၍၊ ရှိခိုး ကန်တော့ပါ၏ ဘုရား။

UK-2020(COVID-19)

အညမညပစ္စည်း ပြီး၏။

www.dhammadownload.com

"နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"

+

၈။ နိဿယပစ္စည်း

နိဿယမည်ခြင်းအကြောင်း

နိဿယ = တည်ရာ,မှီရာအဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရား၊

- မြေကြီးသည် သစ်ပင်တို့၏**တည်ရာ**,မှီရာ ဖြစ်သကဲ့သို့လည်းကောင်း၊
- အဝတ်စ, ပိတ်ကားတို့သည် ပန်းချီဆေး၏တည်ရာ,**မှီရာ** ဖြစ်သကဲ့သို့လည်းကောင်း၊

ပစ္စယုပ္ပန် ရုပ်,နာမ်တရားတို့အား တည်ရာ, မှီရာအဖြစ်ဖြင့် ကျေးဇူးပြုတတ်သော နာမ်ခန္ဓာလေးပါး၊ မဟာဘုတ်လေးပါးစသောတရားတို့သည် နိဿယပစ္စည်း မည်၏။

အမျိုးဇာတ်၊ ကာလ၊ ဘုံဌာန

နိဿယပစ္စည်းသည် (၁) အာရမ္မဏမျိုး ဝတ္ထာရမ္မဏပုရေဇာတနိဿယပစ္စည်း၊ (၂) သဟဇာတအမျိုး သဟဇာတနိဿယပစ္စည်း၊ (၃) ဝတ္ထုပုရေဇာတမျိုး ဝတ္ထုပုရေဇာတနိဿယပစ္စည်းနှင့် (၄) သဟ.ပုရေ.မိဿကပစ္စည်း အားဖြင့် မျိုးကွဲ ရှိသောပစ္စည်း ဖြစ်ပါသည်။ သဘာဂအားဖြင့် ၁၇-ပစ္စည်းသည်-

၄၆၁။ နိဿယပစ္စယာ ဟေတုယာ သတ္တ၊ အာရမ္မဏေ တီဏိ၊ အဓိပတိယာ အဋ္ဌ၊ သဟဇာတေ နဝ၊ အညမညေ တီဏိ၊ ဥပနိဿယေ ဧကံ၊ ပုရေဇာတေ တီဏိ၊ ကမ္မေ သတ္တ၊ ဝိပါကေ ဧကံ၊ အာဟာရေ သတ္တ၊ ဣန္ဒြိယေ သတ္တ၊ ဈာနေ သတ္တ၊ မဂ္ဂေ သတ္တ၊ သမ္ပယုတ္တေ တီဏိ၊ ဝိပ္ပယုတ္တေ ပဉ္စ၊ အတ္ထိယာ တေရသ၊ အဝိဂတေ တေရသ။ (ပါ-၁၇၀)

နိဿယပစ္စယာ

ဟေ	အာ	ဓိ	သ	ည	ဥ	ပု	ကံ	ဝိ	ဟာ	ဣံ	ဈာ	မဂ်	သံ	ဝိပ်	အတ်	အဝိ
၇	၃	၈	၉	၃	၁	၃	၇	၁	၇	၇	၇	၇	၃	၅	၁၃	၁၃

* နိဿယသည် အာရမ္မဏမျိုး၌ ဝတ္ထာရမ္မဏ- (သင်္ချာ-၃)၊
* သဟဇာတမျိုး၌ သဟဇာတနိဿယ- (သင်္ချာ-၉)၊
* ပုရေဇာတမျိုး၌ ဝတ္ထုပုရေဇာတနိဿယ- (သင်္ချာ-၃)၊
* မိဿကမျိုး၌ သဟဇာတ ပုရေဇာတမိဿက- (သင်္ချာ-၂)ဟူ၍ ရှိပါသည်။

www.dhammadownload.com

▲ နိဿယပစ္စည်းသည် ပဋိသန္ဓေကာလ, ပဝတ္တိကာလ နှစ်ပါးလုံးဖြစ်ပါသည်။

* ဝတ္ထုပုရေဇာတနိဿယသည် ပဋိသန္ဓေကာလ၌ လုံးဝမဖြစ်ပါ၊
ပဝတ္တိကာလ၌သာ ဖြစ်နိုင်ပါသည်။ (မိ,ပု,အာသေ သန္ဓေ ×)

ပစ္စုပ္ပန်,အတိတ်,အနာဂတ် ကာလသုံးပါးတို့တွင် ပစ္စုပ္ပန်ကာလ၌ ဖြစ်ပါသည်။

▲ နိဿယပစ္စည်းသည် ၃၁–ဘုံလုံး၌ ဖြစ်နိုင်ပါသည်။

အညမည၏အခြားမဲ့၌ နိဿယပစ္စည်း ဟောရခြင်း

သဟဇာတ, အညမည နှစ်ပစ္စည်းတို့ဖြင့် နာမက္ခန္ဓာ, မဟာဘုတ်, ဟဒယဝတ္ထုရုပ်တို့၏ ကျေးဇူးပြုပုံကို ဟောကြားတော်မူရာ ထိုတရားတို့သည် တစ်ပါးသောအခြင်းအရာအားဖြင့် ကျေးဇူးမပြုကြကုန်သလော။

ထိုမှတစ်ပါးသော ပဉ္စဝတ္ထု၊ ပဝတ္တိအခါ ဟဒယဝတ္ထုတို့သည်လည်း တစ်ပါးသောအခြင်းအရာအားဖြင့် ကျေးဇူးမပြုကြကုန်သလောဟု ဝေနေယျတို့အားဖြစ်သော ယုံမှားသံသယကို ပယ်ဖျောက်ခြင်းအကျိုးငှာ အညမည၏အခြားမဲ့၌ နိဿယပစ္စည်းကို ဟောတော်မူပါသည်။ [ပဋ္ဌာနသာရဒီပနီဋီကာ]

➤➤ နိဿယပစ္စည်းမှာ သဟဇာတနိဿယ၊ ပုရေဇာတနိဿယဟူ၍ ၂–မျိုး ရှိပါသည်။

သဟဇာတနိဿယ

သဟဇာတအတိုင်း (**သဟဇာတ** အစဦး ၅–ချက်နှင့် တူပါသည်။)

အတူတကွဖြစ်ပြီး၊ တည်ရာ, မှီရာဖြစ်သောတရား၊ (∴ သဟဇာတနှင့်တူ၊)

ပုရေဇာတနိဿယသည် ဝတ္ထုပုရေဇာတနိဿယ၊ ဝတ္ထာရမ္မဏပုရေဇာတနိဿယ ဟူ၍ ၂–မျိုး ရှိပါသည်။

ဝတ္ထုပုရေဇာတနိဿယ

စက္ခုဝတ္ထု, သော, ဃာ, ဇိ, ကာယဝတ္ထု, ဟဒယဝတ္ထုဟူသော ဆဝတ္ထုတို့သည် ရှေ့ကဖြစ်နှင့်၍ တည်ရာ,မှီရာအဖြစ် သတ္တဝါတို့အသက်ရှင်ဆဲ ပဝတ္တိကာလတွင် ဝိညာဏဓာတ် ၇–ပါးတို့အား ဝတ္ထုပုရေဇာတနိဿယပစ္စည်းဖြင့် ကျေးဇူးပြုခြင်းဖြစ်ပါသည်။

(ဝတ္ထု = စိတ်,စေတသိက်တို့၏ ဖြစ်ပေါ်ရာ, အခြေခံဖြစ်ခြင်းကြောင့် ဝတ္ထုဟု ခေါ်၏။)

www.dhammadownload.com

ပစ္စည်း	အကြောင်း	အကျိုး
ပုရေ	ရုပ်	နာမ်
ပစ္ဆာ	နာမ်	ရုပ်

ဝတ္ထုပုရေဇာတဆိုသည်မှာ **'ဆဝတ္ထု'** ဖြစ်ပါသည်။

အဓိပ္ပါယ်– ပစ္စယုပ္ပန်တရားတို့မဖြစ်မီ ရှေးကဖြစ်နှင့်ပြီး ချုပ်မသွားဘဲ ဌီအခိုက်မှာတည်ရှိနေသော ဝတ္ထုပစ္စည်းသည် 'ဝတ္ထုပုရေဇာတ'ပစ္စည်း ဖြစ်ပါသည်။

ဥပမာ

* ကမ္ဘာဦးကပေါ်ပေါက်ခဲ့သော နေ့,လနှစ်ပါးတို့သည် နောက်မှပေါ်လာသော သတ္တဝါတို့အား အလင်းရောင်နှင့် အပူ,အအေးတို့ကိုပေးကာ ကျေးဇူးပြုသကဲ့သို့ ပဋိသန္ဓေ ပဝတ္တိအခါ သတ္တဝိညာဏဓာတ်ဟုဆိုအပ်သော ပစ္စယုပ္ပန်(**နာမ်**)တရားတို့မဖြစ်မီ **ရှေးကဖြစ်နှင့်၍ ချုပ်မသွားဘဲ ဌီအခိုက်၌ ထင်ရှားတည်နေပြီး**၊ နောက်မှဖြစ်သော စိတ်၊ စေတသိက်တို့၏မှီရာ(**ရုပ်**)အဖြစ် ကျေးဇူးပြုပါသည်။ ရုပ်ဝတ္ထုတို့၏ ကျေးဇူးပြုမှုသည် **ဝတ္ထုပုရေဇာတနိဿယသတ္တိ** ဖြစ်ပါသည်။

နာမ်တရားတို့သည် အတူဖြစ်သောရုပ်ကိုမမှီဘဲ ရှေးရှေးကဖြစ်သော ရုပ်ကိုမှီကြပါသည်။ ရုပ်တရားတို့သည် ဖြစ်ပေါ်စ ဥပါဒ်ခဏမှာ အလွန်အားနည်း၍၊ ဌီရောက်မှသာအားရှိသဖြင့် နာမ်တရားတို့၏ မှီရာအဖြစ်သို့ရောက်ပါသည်။

ပစ္စည်း(ကတ္တား)	ပစ္စယုပ္ပန်(သမ္ပဒါန်)	သဘာဂ(ကရိုဏ်း)
ဆဝတ္ထု	ပဋိသန္ဓေ ပဝတ္တိအခါ အရူပဝိပါက် ၄–ခုကြဉ်သော သတ္တဝိညာဏဓာတ်	ပဥ္စဝတ္ထု(ပြိုင်.၆) နိ,ပု,(ဣ) ဝိပ်,အတ်,အဝိ ယံ ရုပ် (ပြိုင်.ယ ၈) အာ,ဝိ,နိ, ဥ,ပု,ဝိပ်, အတ်,အဝိ

ပစ္စည်း = ဝတ္ထုရုပ် ၆–ပါး(ဆဝတ္ထု)၊ **(ပဥ္စဝတ္ထု+ဟဒယဝတ္ထု)**

ပစ္စယုပ္ပန် = ပဋိသန္ဓေ ပဝတ္တိအခါ အရူပဝိပါက်လေးခုကြဉ်သော စိတ် ၈၅ ခု၊ စေတသိက် ၅၂ ပညာသ၊ (သတ္တဝိညာဏဓာတ်)

နိဿယပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ၌ – ပဋိသန္ဓေ ပဝတ္တိအခါ အရူပဝိပါက်လေးခုကြဉ်သော သတ္တဝိညာဏဓာတ်အား<u>တပ်သော</u> ဆဝတ္ထု။ ဤတရားတို့သည် ဝတ္ထုပုရေဇာတနိဿယပစ္စည်းတပ်သောတရားတို့ မည်ကုန်၏။

ပစ္စည်းရေ–၅ ဟူသည်တည်း။

ပစ္စည်းရေ–၅ ဟူသော်ကား– နိဿယ၊ ပုရေဇာတ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ၊

သင်္ချာ–တီဏိ ဟူသော်ကား– ဗျာ–ဗျာ၊ ဗျာ–ကု၊ ဗျာ–အကု၊

www.dhammadownload.com

ဝတ္ထုပုရေဇာတနိဿယ အရကောက် (ပဉ္စဝတ္ထု)

ပစ္စည်း(ကတ္တား)	ပစ္စယုပ္ပန်(သမ္ပဒါန်)	သဘာဂ(ကရိုဏ်း)
စက္ခာယတနံ	**စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ**	(ပြိုင်) ၆ နိ, ပု, (ဣံ) ဝိပ်, အတ်, အဝိ
မဇ္ဈိမာယုကဖြစ်၍အတီတဘဝင်နှင့် ဥပါဒ်ပြိုင်သော စက္ခုဝတ္ထု။ မရဏာသန္နအခါစုတိစိတ်မှပြန်၍ ရေသော်(၁၇)ချက်မြောက်သောစိတ် နှင့်အတူဥပါဒ်သော စက္ခုဝတ္ထု။	စက္ခုဝိညာဉ်ဒွေး၊ သဗ္ဗစိတ္တသာဓာရဏစေ ၇ ခု	
**** သော၊ ဃာ၊ ဇိ၊ ‘ကာယာယတနံ’ ဆိုင်ရာတို့ကို နည်းမှီ၍ သိနိုင်ပါသည်။		

ပဉ္စဝတ္ထုကျေးဇူးပြုပုံ ၂–ချက်(အသီးသီး)

(၁) မဇ္ဈိမာယုကဖြစ်၍ တီ.ဘွင်နှင့်ဥပါဒ်ပြိုင်သော စက္ခုဝတ္ထု/./././.

(၂) စုတိစိတ်မှပြန်ရေ. ၁၇–ချက်.စိတ်.အတူ.ဥပါဒ် စက္ခုဝတ္ထု/./././.

အတိမဟန္တာရုံစက္ခုဒွါရဝီထိ ၁၇, ၅၁



ရုပ်များသည် တစ်ခုဖြစ်ပြီးမှ တစ်ခုဖြစ်နေတာမဟုတ်ပါ–

(၁) အတီတဘဝင်၏ဥပါဒ်ခဏဌ်ဖြစ်သော ပသာဒရုပ်တစ်ခုသည် စိတ်သက် ၁၇–ချက် အသက်ပြည့်၍ ဒုတိယတဒါရုံ၏ဘင်နှင့် အပြိုင်ချုပ်သဖြင့် ရူပါရုံနှင့်အသက် တူမျှသောကြောင့် “မဇ္ဈိမယုကပသာဒ” မည်၏။

(၂) အတီတဘဝင်၏ရှေ့. စိတ္တက္ခဏတို့၌ဖြစ်ကုန်သော ဘဝင် ၁၃–ချက်၊ ခဏငယ် ၃၇–ခုတို့၌ရှိသော ပသာဒ–၃၇ တို့သည် ဒုတိယတဒါရုံမချုပ်မီ ချုပ်နှင့်၍ ရူပါရုံ အောက်အသက်တိုသောကြောင့် “မန္ဒာယုကပသာဒ” မည်၏။

(၃) အတီတဘဝင်၏ဌီမှစ၍ ပဉ္စဒွါရာဝဇ္ဇန်း၏ဘင်တိုင်အောင် ခဏငယ် ၁၁–ချက်တို့၌ ရှိသော ပသာဒရုပ် ၁၁–မျိုးတို့သည် ဒုတိယတဒါရုံချုပ်ပြီးသည်၏နောက်မှချုပ်၍ ရူပါရုံထက် ရှည်သောအသက်ရှိသောကြောင့် “အမန္ဒာယုကပသာဒ”မည်၏။

www.dhammadownload.com

ဝတ္ထုပုရေဇာတနိဿယ (ဟဒယဝတ္ထု)

ပစ္စည်း(ကတ္တား)	ပစ္စယုပ္ပန်(သမ္ပဒါန်)	(ကရိဏ်း)
ယံ ရူပံ	**နိဿာယ မနောဓာတု စ၊ မနောဝိညာဏဓာတု စ ဝတ္တန္တိ၊**	(ပြိုင်.ယ ၈) အာ, မိ, နိ, ဉ, ပု,ဝိပ်,အတ်,အဝိ
'ယံ ရူပံ'ဖြင့်.အနိယမအားဖြင့် ပဋိသန္ဓေအစရှိသောရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု။ . . .	နိဿ.ဝတ္တန္တိ–ပဋ္ဌေါကာရဘုံ၌ဖြစ်သောအခါ အရူပဝိ ၄ ကြဉ်သောပဋ္စမဘဝင်အစရှိသော မနောဓာတ် ၃၊ မနောဝိညာဏဓာတ် ၇၂၊ စေ ၅၂	
တံ ရူပံ	**မနောဓာတုယာ စ မနောဝိညာဏ–ဓာတုယာ စ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ**	
'တံ ရူပံ'ဖြင့်. နိယမအားဖြင့် ယံ ရူပံဖြင့်မှတ်အပ်ပြီးသော ပဋိသန္ဓေအစ.. ဟဒယဝတ္ထု။	မနောဓာတုယာ စ ဓမ္မာနံဖြင့်... မနောဓာတ် ၃၊ အရူပဝိ ၄ ကြဉ်..... မနောဝိညာဏဓာတ် ၇၂၊ စေ ၅၂	

ဟဒယဝတ္ထု၏ ကျေးဇူးပြုပုံ ၄–ချက်

ပဋ္ဌိ (၀/မ) နိ စုတိ

(၁) ပဋိသန္ဓေအစရှိသော ရှေးရှေးသောစိတ်နှင့်အတူဥပါဒ်သော **ဟဒယဝတ္ထု**၊

(၂) ဝုဋ္ဌော၊ မနောဒွါ.အစရှိသော ရှေးရှေး.စိတ်.အတူ.ဥပါဒ် **ဟဒယဝတ္ထု**၊

(၃) နိရောဓသမာပတ်မှထသောအခါ ရှေ့စိတ္တက္ခဏ ၁–ချက်ကာလ၌ဖြစ်သော **ဟဒယဝတ္ထု**၊

(၄) မရဏာသန္နအခါ စုတိစိတ်မှပြန်၍ရေသည်ရှိသော် ၁၇–ချက်မြောက်စိတ်နှင့် အတူ ဥပါဒ်သော **ဟဒယဝတ္ထု**၊

ဟဒယဝတ္ထု ၃–မျိုး အထူး

(၁) သဟဇာတ ဟဒယဝတ္ထု – ပဋိသန္ဓေကာလ၌သာ ဖြစ်သည်။

(၂) ပုရေဇာတ ဟဒယဝတ္ထု – ပဝတ္တိကာလ၌သာ ဖြစ်သည်။(ပုရေ= ပဝတ်, ပဋ္ဌေါ)

(၃) ဝတ္ထာရမ္မဏ ဟဒယဝတ္ထု – သေခါနီးကာလ၌သာ ဖြစ်သည်။

ဟဒယဝတ္ထု နှင့် နိဿယပစ္စည်း	
သဟဇာတနိဿယပစ္စည်း၌– ပဋိသန္ဓေအခါမှာ ဖြစ်သည်။	ဝတ္ထုပုရေဇာတနိဿယပစ္စည်း၌– ပဝတ္တိအခါမှာ(စုတိတိုင်အောင်) ဖြစ်သည်။
တစ်ဘဝလုံးအတွက် မရ။	တစ်ဘဝလုံးအတွက် မရ။
တစ်ဘဝလုံးအတွက် ဖြစ်သမျှ ဟဒယဝတ္ထု ရ၏။ (နိဿယပစ္စည်း၌ ဟောကြားပါသည်။)	

www.dhammadownload.com

ဝတ္ထာရမ္မဏပုရေဇာတနိဿယပစ္စည်းတရားသည် မှီရာဝတ္ထုရုပ်၊ အာရုံ၊ ရှေးက ဖြစ်နှင့်နေပြီး ဌီအခိုက်မှာအမှီလည်းခံရမည့် 'ဟဒယဝတ္ထု' သာဖြစ်နိုင်၏။ ဤဟဒယ ဝတ္ထုရုပ်သည်လည်း သုဒ္ဓသင်္ချာတွင်ရေးထားသည့်အတိုင်း မရဏာသန္နအခါမှာဖြစ် သည့် 'ဟဒယဝတ္ထု' ဖြစ်ပါသည်။

? **ဓမ္မသင်္ဂဏီကျမ်း၌ ဟဒယဝတ္ထုကို** မဟောခြင်းကြောင့် ရုပ် ၂၇–ပါးသာရှိသည် ဟူသောဝါဒကို သင့်/မသင့် ပဋ္ဌာန်းကျမ်းမှ ပါဠိတော်ကို ကိုးကား၍ဖြေဆိုပါ။

"ယံ ရူပံ နိဿာယ မနောဓာတု စ မနောဝိညာဏဓာတု စ ဝတ္တန္တိ"ဟူသော ပဋ္ဌာန်း ပစ္စယနိဒ္ဒေသပါဠိတော်အရ မနောဓာတ်၊ မနောဝိညာဏဓာတ်တို့သည် ရှေးရှေး စိတ်တို့ နှင့်အတူဥပါဒ်သော **ဟဒယဝတ္ထုရုပ်**ကိုမှီကြောင်း ပြဆိုပါသည်။

"ယံ ရူပံ"ဟု သာမညဆိုငြားလည်း၊ "ရူပံ"အရ ဟဒယဝတ္ထုကို ရည်ရွယ်ကြောင်း "ယံ ရူပံ နိဿယာတိ ဝတ္ထု ရူပံ သန္ဓာယ ဝုတ္တံ"ဟု အဋ္ဌကထာ၌ မိန့်ဆိုပါသည်။ ပဋ္ဌာန်းပါဠိတော်၌ ဟဒယဝတ္ထုအတွက် ဟဒယအသံမပါဘဲ ဝတ္ထုဟုသာ သာမည ဆို၏။

* ဆဝါရ၌ "ခန္ဓေ ပဋိစ္စ ဝတ္ထု၊ ဝတ္ထုံ ပဋိစ္စ ခန္ဓာ"ဟူ၍လည်းကောင်း၊

* ပဉှာဝါရ၌ "ခန္ဓာ ဝတ္ထုဿ သဟဇာတပစ္စယေန ပစ္စယော။
ဝတ္ထု ခန္ဓာနံ သဟဇာတပစ္စယေန ပစ္စယော။

ဟူ၍လည်းကောင်း သာမညအားဖြင့် ဟောပါသည်။

ထို့ကြောင့် ဟဒယဝတ္ထုရုပ်ကို ဓမ္မသင်္ဂဏီကျမ်း၌မဟောငြားသော်လည်း ပဋ္ဌာန်း ကျမ်း၌ ဟောတော်မူခြင်းကြောင့် ရုပ် ၂၈–ပါးပင် ဖြစ်ပါသည်။

နိဿယပစ္စည်း ပစ္စယနိဒ္ဒေသပါဠိတော်

ပစ္စည်းတရား		ပစ္စယုပ္ပန်တရား	
စတ္တာရော ခန္ဓာ အရူပိနော		အညမည်	
စတ္တာရော မဟာဘူတာ	ဩပက္ကန္တိက္ခဏေ နာမရူပံ	အညမည်[၂]	
စိတ္တ စေတသိကာဓမ္မာ	မဟာဘူတာ	စိတ္တသမုဋ္ဌာနာနံ ရူပါနံ	ဥပါဒါရူပါနံ

စက္ခာယတနံ . . .(ပ) ကာယာယတနံ	စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ (ပ) ကာယ၊
ယံ ရူပံ နိဿာယ	မနောဓာတု စ၊ မနောဝိညာဏဓာတု စ ဝတ္တန္တိ၊ (×)
တံ ရူပံ	မနောဓာတုယာစ၊ မနောဝိညာဏဓာတုယာစ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ

www.dhammadownload.com

စက္ခုပသာဒ ဟူသည်

မျက်တောင်မွေးအညိုတို့ဖြင့် ပတ်ဝန်းကျင်၌ ဝန်းရံထားသော မျက်နက်ဝန်း၊ မျက်ဖြူဝန်းတို့ဖြင့် ဆန်းကြယ်သော ကြာညိုပွင့်ချပ်နှင့်တူသည့် အသားစိုင်လေးကို "သသမ္ဘာရစက္ခု"ဟု ခေါ်သည်။ ယင်းစက္ခုပသာဒလေးသည် ပမာဏအားဖြင့် သန်းဦးခေါင်းပမာမျှသာ ရှိပြီး စက္ခုဝိညာဏ်စသည်တို့၏ ဝတ္ထု–အဖြစ်၊ ဒွါရ–အဖြစ်ကို ပြီးစေလျက် ထိုက်သည့်အားလျော်စွာ တည်ရှိနေပါသည်။

ချီပိုးခြင်း၊ ရေချိုးပေးခြင်း၊ တန်ဆာဆင်ပေးခြင်း၊ ယပ်လေခပ်ပေးခြင်းစသော **အထိန်းတော် လေးယောက်**တို့၏ ပြုစုစောင့်ရှောက်ခြင်းကို ခံရသော မင်းသားငယ်လေးပမာ ယင်းစက္ခုပသာဒကို ပထဝီဓာတ်က အောက်ခံအနေဖြင့် ဆောင်ပေး၏။ အာပေါဓာတ်က စွတ်စိုအောင်ပြုလုပ်ပေးထား၏။ တေဇောဓာတ်က ရင့်ကျက်စေ၏။ ဝါယောဓာတ်က လှုပ်ရှားခြင်းကိစ္စက ဆောင်ရွက်ပေးထားသည်။ ဥတု၊ စိတ်၊ အာဟာရတို့ကလည်း ထောက်ပံ့ပေးထား၏။ အသက်ရုပ်ကလည်း အမြဲမပြတ် စောင့်ရှောက်ပေးထားပြန်သည်။ ဝဏ္ဏ၊ ဂန္ဓ၊ ရသစသောရုပ်တို့ကလည်း ဝန်းရံပေးထား၏။

သောတပသာဒ ဟူသည်

နားအကြည်ခေါ် သောတပသာဒရုပ်သည် 'သသမ္ဘာရသောတ'မည်သော နားပေါက်အတွင်း အနီရောင်ရှိသော အမွေးနုများ စီရရီပေါက်ရောက်ရာဖြစ်သော လက်စွပ်ကွင်းသဏ္ဌာန်ရှိသောအရပ်၌ တည်ရှိနေ၏။

သောတဝိညာဏ်စသည်တို့၏ ဝတ္ထု–အဖြစ်၊ ဒွါရ–အဖြစ်ကို ပြီးစေလျက် ထိုက်သည့်အားလျော်စွာ တည်ရှိနေပါသည်။ အထိန်းတော် လေးယောက်တို့၏ ပြုစုစောင့်ရှောက်ခြင်းကိုခံရသော မင်းသားငယ်လေးပမာ ယင်းသောတပသာဒကို ... ဝန်းရံပေးထား၏။

ဃာနပသာဒ ဟူသည်

နှာခေါင်းအကြည်ခေါ် ဃာနပသာဒရုပ်သည် 'သသမ္ဘာရဃာန'မည်သော နှာခေါင်းပေါက်အတွင်း၌ ဆိတ်ခွာသဏ္ဌာန်ရှိသောအရပ်၌ တည်ရှိနေ၏။ ဃာနဝိညာဏ်စသည်တို့၏ ဝတ္ထု–အဖြစ်၊ ဒွါရ–အဖြစ်ကိုပြီးစေလျက် ထိုက်သည့်အားလျော်စွာ တည်ရှိနေပါသည်။ အထိန်းတော် လေးယောက်တို့၏ ပြုစုစောင့်ရှောက်ခြင်းကိုခံရသော မင်းသားငယ်လေးပမာ ယင်းဃာနပသာဒကို ... ဝန်းရံပေးထား၏။

www.dhammadownload.com

ဇိဝှာပသာဒ ဟူသည်

လျှာအကြည်ဓါတ် ဇိဝှာပသာဒသည် သသမ္ဘာရမည်သော လျှာအလယ်၏ အထက် အပေါ်ယံတွင် ကြာပွင့်ချပ်၏ အဖျားပိုင်းသဏ္ဌာန်ရှိသောအရပ်၌ တည်ရှိနေ၏။

ယင်းဇိဝှာပသာဒကို ပထဝီဓာတ်က အောက်ခံအနေဖြင့် ဆောင်ပေးထား၏။ အာပေါဓာတ်က စွတ်စိုအောင် ပြုလုပ်ပေးထား၏။ တေဇောဓာတ်က ရင့်ကျက်စေ၏။ ဝါယောဓာတ်က လှုပ်ရှားခြင်းကိစ္စကို ဆောင်ရွက်ပေးထားသည်။ ဥတု၊ စိတ်၊ အာဟာရတို့ကလည်း ထောက်ပံ့ပေးထား၏။ အသက်ရုပ်ကလည်း အမြဲမပြတ် စောင့်ရှောက်ပေးထားပြန်သည်။ ဝဏ္ဏ၊ ဂန္ဓ၊ ရသစသော ရုပ်တို့ကလည်း ဝန်းရံပေးထား၏။ ဇိဝှာဝိညာဏ်စသည်တို့၏ ဝတ္ထု-အဖြစ် ဒွါရ-အဖြစ်ကို ပြီးစေလျက် ထိုက်သည့်အားလျော်စွာ တည်ရှိနေပါသည်။

ကာယပသာဒ ဟူသည်

ကိုယ်အကြည်ဓါတ် ကာယပသာဒသည် ဥပါဒိန္နမည်သော ကမ္မဇရုပ်ရှိရာအရပ် အားလုံး၌ ဝါဂွမ်းလွှာကို ဆီပြန့်နှံ့၍ တည်နေသကဲ့သို့ ပြန့်နှံ့လျက်တည်ရှိ နေပါသည်။

ယင်းကာယပသာဒကို ပထဝီဓာတ်က အောက်ခံအနေဖြင့် ဆောင်ပေးထား၏။ အာပေါဓာတ်က စွတ်စိုအောင် ပြုလုပ်ပေးထား၏။ တေဇောဓာတ်က ရင့်ကျက်စေ၏။ ဝါယောဓာတ်က လှုပ်ရှားခြင်းကိစ္စကို ဆောင်ရွက်ပေးထားသည်။ ဥတု၊ စိတ်၊ အာဟာရ တို့ကလည်း ထောက်ပံ့ပေးထား၏။ အသက်ရုပ်ကလည်း အမြဲမပြတ် စောင့်ရှောက် ပေးထားပြန်သည်။ ဝဏ္ဏ၊ ဂန္ဓ၊ ရသ စသောရုပ်တို့ကလည်း ဝန်းရံပေးထား၏။ ကာယဝိညာဏ်စသည်တို့၏ ဝတ္ထု-အဖြစ် ဒွါရ-အဖြစ်ကိုပြီးစေလျက် ထိုက်သည့်အား လျော်စွာ တည်ရှိနေပါသည်။

ဤပသာဒရုပ် ၅-ပါးတို့သည် အဆင်းရူပါရုံစသည့် မိမိတို့၏ ကျက်စားရာ အာရုံများဆီသို့ ညွှတ်ကိုင်းသောသဘော ရှိကြကုန်၏။ ဥပမာအားဖြင့်-

* မြွေသည် တောင်ပို့ခေါင်းသို့လည်းကောင်း၊
* မိကျောင်းသည် ရေနက်ရာသို့လည်းကောင်း၊
* ငှက်သည် ကောင်းကင်သို့လည်းကောင်း၊
* ခွေးသည် ရွာသို့လည်းကောင်း၊
* မြေခွေးသည် သုသာန်သို့လည်းကောင်း အသီးသီး မိမိတို့ကျက်စားရာ အရပ် ဒေသများဆီသို့သာ ညွှတ်ကိုင်းကြသကဲ့သို့ ဖြစ်ပါသည်။

www.dhammadownload.com

အဋ္ဌကထာဖွင့်ဆိုချက်များ

ဝတ္ထုပုရေဇာတနိဿယ ပဝတ္တိအခါ၌သာဖြစ်ပုံ

(ပုရေ= ပဝတ်, ပဋ္ဌဝေါ)

ပဋိသန္ဓေစိတ်ဥပါဒ်သောအခါ ဂဗ္ဘသေယျကစသောပုဂ္ဂိုလ်များမှာ စက္ခုစသော ဝတ္ထုရုပ်များ မဖြစ်ကြသေးပါ။ ပဋိသန္ဓေနေပြီးနောက် ၇၇–ရက်ကြာမှ ဖြစ်ကြရပါသည်။ သံသေဒဇ၊ ဩပပါတိကပုဂ္ဂိုလ်များမှာ စက္ခုစသောရုပ်များဖြစ်ကြသော်လည်း ထို ဝတ္ထုရုပ်များသည် စက္ခုဝိညာဉ်စသည်တို့၏ အကြောင်းမဟုတ်ကြသေးပါ။ ပဋိသန္ဓေ အခိုက် ဟဒယဝတ္ထုဖြစ်သော်လည်း ပုရေဇာတသတ္တိ မရ။ သဟဇာတသတ္တိသာ ရ၏။ ထို့ကြောင့် ဝတ္ထုပုရေဇာတနိဿယပစ္စည်းသည် ပဝတ္တိအခါသာ ရပါသည်။

* (ဘဝတစ်ခုတွင် ပဋိသန္ဓေစိတ်၏ရှေးကဖြစ်နှင့်သောရုပ်သည်လည်း မရှိအပ်ပါ။)

မှတ်ချက်။

(၁) ပဋိသန္ဓေအခါ– နာမ်နှင့်ရုပ် ပုရေဇာတ မဖြစ်။ သဟဇာတသာ ဖြစ်၏။ အဘယ်ကြောင့် ဆိုသော်–

* ပဋိသန္ဓေနောင် ဘဝင် ၁၆–ချက်တွင် ပထမဘဝင်စိတ်သည် မိမိရှေ့ကဖြစ်နှင့်သော ပဋိသန္ဓေစိတ်နှင့်အတူဥပါဒ်သော ဟဒယဝတ္ထုရုပ်ကို မှီပါသည်။

* ဒုတိယဘဝင်စသည်တို့က ပထမဘဝင်စသည်နှင့်အတူဥပါဒ်သော ဟဒယဝတ္ထုကို၊

* သေခါနီးဝီထိမတိုင်မီ ရှေးရှေးစိတ်နှင့်အတူဥပါဒ်သော ဟဒယဝတ္ထုကို နောက်နောက် စိတ်က မှီရပါသည်။

(၂) **နိရောဓသမာပတ်ဝင်စားခိုက်**– ဟဒယဝတ္ထုတို့သည် မှီရာစိတ်၊ စေတသိက် မရှိသဖြင့် ဝတ္ထုပုရေဇာတနိဿယပစ္စည်း မထိုက်ပါ။

နိရောဓသမာပတ်မှထသောအခါ အနာဂါမိဖိုလ်/အရဟတ္တဖိုလ် စိတ်တို့၏ ရှေ့စိတက္ခဏတစ်ချက်ခန့်ကာလ၌ဖြစ်သော ဟဒယဝတ္ထုကို မှီပါသည်။

(၃) * **မရဏာသန္နအခါ**– စုတိစိတ်မှပြန်၍ရေသည်ရှိသော် ရှေးစိတ္တက္ခဏ ၁၇–ချက် ကာလကဥပါဒ်သောဝတ္ထုရုပ် ၆–ပါးသည် နောက်ဆုံးဖြစ်၍ နောက်စိတ်အားလုံး ကမှီရသည်။

* နောက်ဆုံးဖြစ်သော ဟဒယဝတ္ထုကို မနောဓာတ်/မနောဝိညာဏဓာတ် အားလုံးက မှီကြရပြီး၊ ထိုဟဒယဝတ္ထုသည် မိမိကိုမှီသောစုတိစိတ်နှင့်အတူ ပြိုင်၍ ချုပ်ပါသည်။ (ထိုရုပ်နှင့်စိတ် တစ်ပြိုင်နက်ချုပ်မှုကို သေသည်ဟု ဆိုရပါသည်။)

www.dhammadownload.com

? နာမ်ကရုပ်ကို မှီသည်ဆိုရာ၌ ဝတ္ထုရုပ်ထဲက ဝိညာဉ်ဖြစ်သလား၊ မည်သို့မှီပါသနည်း။ အဋ္ဌကထာ၊ ဋီကာတို့၏အလိုအတိုင်း ရှင်းပြပါ။

* ဝတ္ထုရုပ်ထဲက ဝိညာဉ်ကလေးဖြစ်လာသည် မဟုတ်ပါ။ ဝတ္ထုရုပ်နှင့် ဝိညာဉ်သည် သမ္ပယုတ်မဟုတ် ဝိပ္ပယုတ်သာဖြစ်ပါသည်။ မရောနှော သီးခြားစီသာ ဖြစ်ပါသည်။

* စက္ခုဝိညာဉ်က စက္ခုဝတ္ထုကိုမှီသည်ဆိုရာ၌ ငြိကပ်မှီသောအမှီမျိုး မဟုတ်ရပါ။ ဆရာကို တပည့်ကမှီသကဲ့သို့၊ မင်းကို မင်းခယောက်ျားက မှီသကဲ့သို့ မှီခြင်းမျိုး ဖြစ်ပါသည်။ ဆရာမရှိလျှင် တပည့်မရှိနိုင်သကဲ့သို့ စက္ခုဝတ္ထုမရှိလျှင် စက္ခုဝိညာဉ် မဖြစ်၍ စက္ခုဝတ္ထုကို စက္ခုဝိညာဉ်ကမှီသည်ဟု အဋ္ဌကထာ၊ ဋီကာများက ဆိုပါသည်။

? သဟဇာတနိဿယသည် သဟဇာတပစ္စည်းနှင့်တူသည်ဟုဆိုလျှင်– အဘယ်ကြောင့် "ရူပိနော ဓမ္မာ အရူပီနံ ဓမ္မာနံ"ဟု မဟောပါသနည်း။

သဟဇာတ၌ ပစ္စည်းက–ရုပ်၊ ပစ္စယုပ္ပန်က–နာမ်အတွက် သီးခြားမရှိသဖြင့် "ရူပိနော ဓမ္မာ အရူပီနံ ဓမ္မာနံ"စသည်ကို ပဋိသန္ဓေအခါ ဟဒယဝတ္ထုက ပဋိသန္ဓေစိတ်၊ စေတသိက်ကို ကျေးဇူးပြုကြောင်း "ဩက္ကန္တိက္ခဏေ"၌ပါပြီးသည်ကို ထပ်၍ဟောခြင်း ဖြစ်ပါသည်။ **နိဿယ၌** "စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ"စသည်ဖြင့် ရုပ်က နာမ်ကို ကျေးဇူးပြုမှုကို ဝတ္ထုပုရေဇာတ၌ဟောထားမှုရှိသဖြင့် "ရူပိနော ဓမ္မာ အရူပီနံ ဓမ္မာနံ"စသည်ဖြင့် မဟောရခြင်း ဖြစ်ပါသည်။

ရုပ်က နာမ်ကိုကျေးဇူးပြုမှု– ဝတ္ထုပုရေဇာတနိဿယ

("ရူပိနော ဓမ္မာ အရူပီနံ ဓမ္မာနံ"စသည်ကို အကျယ်ဟောပုံ)

> "စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ
> နိဿယပစ္စယေန ပစ္စယော။"

ပစ္စည်း(ရုပ်)တရား စက္ခုပသာဒ(စက္ခုဝတ္ထု)က ပစ္စယုပ္ပန်(နာမ်) စက္ခုဝိညာဉ်ဒွေး သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇–ခုအား ဝတ္ထုပုရေဇာတနိဿယပစ္စည်းဖြင့် ကျေးဇူးပြုခြင်း ဖြစ်ပါသည်။ စက္ခုဝတ္ထုသည် မြင်သိစိတ်မဖြစ်ခင် ရှေးကဖြစ်နှင့်ပြီး မှီရာအဖြစ်ဖြင့် ကျေးဇူးပြုပါသည်။

ပဉ္စဒွါရဝီထိ **(စက္ခုဝိညာဏ်နှင့် စက္ခုပသာဒ အတူတူဖြစ်ခြင်း မဟုတ်)**

တီ န ဒ၊ ပ (စ) သံ ဏ ဝု၊ ဇ ဇ ဇ ဇ ဇ ဇ ဇ၊ ရုံ ရုံ၊

ဥ၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀ဥ = (၁၇)

←————→

www.dhammadownload.com

စက္ခုဝိညာဏ်စိတ်ကို ဝီထိချကြည့်လျှင် ရုပ်တရားများသည် အတီတဘဝင်၏ ဥပါဒ်ကစ၍ ရုပ်သက် ၁၇-ချက် ဖြစ်ပါသည်။ စက္ခုပသာဒ(စက္ခုဝတ္ထု)နှင့် ရူပါရုံ တို့သည် အတီတဘဝင်၏ဥပါဒ်ကစ၍ဖြစ်ပြီး ဒုတိယတဒါရုံမှာ ချုပ်ပါသည်။ စက္ခုဝိညာဏ် သည် မိမိထက်(အတီတဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ ပဉ္စဒွါရာဝဇ္ဇန်း) စိတ္တက္ခဏ ၄-ချက်ခန့်စောပြီးဖြစ်ထားသော စက္ခုပသာဒကို မှီပြီးဖြစ်ရပါသည်။

စက္ခုပသာဒ(အကြည်ရုပ်)သည် စက္ခုဝိညာဏ်၏မှီရာဖြစ်သောကြောင့် 'ဝတ္ထု'၊ ပစ္စယုပ္ပန်တရားတို့မဖြစ်မီ ရှေးကဖြစ်နှင့်ပြီး ချုပ်မသွားဘဲ ဌီအခိုက်မှာတည်ရှိနေသော ကြောင့် 'ပုရေဇာတ'၊ စက္ခုပသာဒကိုမှီပြီးဖြစ်ရသောကြောင့် 'နိဿယ' ဖြစ်ပါသည်။ ထို့ကြောင့် စက္ခုဝတ္ထု, သောတ, ဃာန, ဇိ, ကာယဝတ္ထု, ဟဒယဝတ္ထုဟူသော ဆဝတ္ထု တို့သည် ရှေ့ကဖြစ်နှင့်၍ တည်ရာ, မှီရာအဖြစ် သတ္တဝါတို့အသက်ရှင်ဆဲ ပဝတ္တိ ကာလတွင် ဝိညာဏဓာတ် ၇-ပါးတို့အား ဝတ္ထုပုရေဇာတနိဿယပစ္စည်းဖြင့် ကျေးဇူး ပြုခြင်း ဖြစ်ပါသည်။

မှတ်ချက်။ ။ ဒွေးပဉ္စဝိညာဏ်-၁၀ က ပဉ္စဝတ္ထုကို **<u>ဆိုင်ရာအသီးသီးမှီ</u>**မှုတို့တွင် ဝတ္ထုပုရေဇာတိန္ဒြိယပစ္စည်း ထိုက်ပါသည်။

"ယံ ရူပံ နိဿာယ မနောဓာတု စ၊ မနောဝိညာဏဓာတု စ ဝတ္တန္တိ၊ တံ ရူပံ မနောဓာတုယာ စ၊ မနောဝိညာဏဓာတုယာ စ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော။"

"ယံ ရူပံ"ဟု သာမညဆိုငြားလည်း၊ "ရူပံ"အရ ဟဒယဝတ္ထုကို ရည်ရွယ်ကြောင်း "ယံ ရူပံ နိဿယာတိ ဝတ္ထု ရူပံ သန္ဓာယ ဝုတ္တံ"ဟု အဋ္ဌကထာ၌ မိန့်ဆိုပါသည်။

မနောဓာတ်၊ မနောဝိညာဏဓာတ်တို့သည် ရှေးရှေး စိတ်တို့နှင့်အတူဥပါဒ်သော **ဟဒယဝတ္ထုရုပ်**ကိုမှီကြောင်း ပြဆိုပါသည်။

ဟဒယဝတ္ထုသည် ဒွေးပဉ္စဝိညာဏ်-၁၀ နှင့်အရူပဝိပါက်-၄ ကြဉ်သော မနောဓာတ်၊ မနောဝိညာဏဓာတ်တို့ကို ဝတ္ထုပုရေဇာတနိဿယပစ္စည်းဖြင့် ကျေးဇူးပြုပါသည်။

အတီတဘဝင်၏ ဥပါဒ် ဌီ ဘင်တို့သည် ဟဒယဝတ္ထုကို မှီပါသည်။ လွန်သွားသော အတီတဘဝင်၊ လှုပ်သွားသော ဘဝင်္ဂစလန၊ ပြတ်သွားသော ဘဝင်္ဂုပစ္ဆေဒ ဆိုသော ဝီထိစိတ်မဖြစ်ခင်ဖြစ်နေသောစိတ်များသည် မနောဝိညာဏဓာတ်ဖြစ်၍ ဟဒယ ဝတ္ထုကို မှီပါသည်။ အတီတဘဝင်၏ ဥပါဒ် ဌီ ဘင်တို့သည် ဟဒယဝတ္ထုကိုမှီသည်ဆို သော်လည်း မိမိတို့ ဥပါဒ် ဌီ ဘင်၌ဖြစ်သော ဟဒယဝတ္ထုကို မမှီပါ၊ ပုရေဇာတ-အရ ယင်းတို့ရှေးမှာရှိသော ဘဝင်စိတ်၌ဖြစ်သော ဟဒယဝတ္ထုကိုသာ မှီပါသည်။

www.dhammadownload.com

"သြက္ကန္တိက္ခဏေ နာမရုပ် အညမည်"အရ–

ပဋိသန္ဓေအခါမှာ ဟဒယဝတ္ထုရုပ်က နာမက္ခန္ဓာအား မှီပါသည်၊ နာမက္ခန္ဓာကလည်း ဟဒယဝတ္ထုရုပ်ကို အပြန်အလှန်,အချင်းချင်းမှီသဖြင့် 'သဟဇာတ၊ အညမည၊ နိဿယပစ္စည်း'တို့ဖြင့် ကျေးဇူးပြုနေပါသည်။ ပဋိသန္ဓေအခါမှာ အတူတကွ ဖြစ်သော ဟဒယဝတ္ထုရုပ်ကြဉ်သောကမ္မဇရုပ်များနှင့် ပဝတ္တိအခါဖြစ်သော စိတ္တဇရုပ်များသည် နာမ်တရားများမမှီကြသဖြင့် (ဝတ္ထုလည်းမမည်) နိဿယပစ္စည်းမတတ်ပါ။

ပဝတ္တိအခါတွင် ဟဒယဝတ္ထု(ကမ္မဇ)ရုပ်သည် **မိမိနှင့်အတူ**တကွဖြစ်သောနာမ်ကို ဝတ္ထုပုရေဇာတနိဿယပစ္စည်းဖြင့် ကျေးဇူးမပြုနိုင်ပါ။ ရုပ်တရားတို့သည် ဖြစ်ပေါ်စ ဥပါဒ်ခဏမှာ အလွန်အားနည်း၍၊ ဌီသို့ရောက်မှသာအားရှိသဖြင့် နာမ်တရားတို့၏ မှီရာအဖြစ်သို့ရောက်ပါသည်။ နာမ်တရားသည် အတူဖြစ်သောရုပ်ကိုမမှီဘဲ ရှေးရှေးက ဖြစ်သော ဝတ္ထုရုပ်ကိုမှီမှသာ ဝတ္ထုပုရေဇာတနိဿယပစ္စည်း တတ်ပါသည်။

မရဏာသန္နအခါ– နောက်ဆုံးဖြစ်သောဟဒယဝတ္ထု (စုတိစိတ်မှပြန်၍ရေသည် ရှိသော် ရှေးစိတ္တက္ခဏ ၁၇–ချက်ကာလကဥပါဒ်)သည် နောက်ဆုံးဖြစ်သော နောက် စိတ်အားလုံးကမှီရသည်။ စုတိစိတ်သည် မနောဝိညာဏဓာတ်ဖြစ်၍ ထိုဟဒယဝတ္ထု ကိုမှီပြီး ဟဒယဝတ္ထုရုပ်သည်လည်း မိမိကိုမှီသောစုတိစိတ်နှင့်အတူ ပြိုင်၍ချုပ်ပါသည်။

ဝတ္ထာရမ္မဏပုရေဇာတနိဿယပစ္စည်း

ဟဒယဝတ္ထုသည် ဒွေးပဉ္စဝိညာဏ်–၁၀ နှင့်အရူပဝိပါက်–၄ ကြဉ်သော မနောဓာတ်၊ မနောဝိညာဏဓာတ်တို့ကို မှီရာအဖြစ်လည်းကျေးဇူးပြု၊ အာရုံအဖြစ်လည်းကျေးဇူးပြု သောအခါ ဝတ္ထာရမ္မဏပုရေဇာတနိဿယပစ္စည်းဖြင့် ကျေးဇူးပြုပါသည်။ ဟဒယဝတ္ထုကို ပြန်၍အာရုံပြုပြီး ကုသိုလ်, အကုသိုလ်, အဗျာကတတို့ ဖြစ်ပါသည်။

"ဧတံ မမ"။ ဧတံ= ဤဟဒယဝတ္ထုသည်၊ မမ= ငါ၏ဥစ္စာတည်း။
ဟဒယဝတ္ထုကို ငါပိုင်တဲ့ဟဒယဝတ္ထုပဲဟု စွဲယူလိုက်လျှင် 'တဏှာစွဲ' ဖြစ်သွားပါသည်။

"ဧသော ဟမသ္မိ"။ ဧသော= ဤဟဒယဝတ္ထုသည်၊ အဟံ= ငါသည်၊ အသ္မိ= ဖြစ်၏။ ငါ့အစွမ်း၌ စွမ်းရည်ရှိတာ၊ ငါ့ဟဒယဝတ္ထုစွမ်းရည်ပဲ–ဟု စွဲယူလိုက်လျှင် 'မာနစွဲ' ဖြစ်သွားပါသည်။

"ဧသော မေ အတ္တာ"။ ဧသော= ဤဟဒယဝတ္ထုသည်၊ မေ= ငါ၏၊ အတ္တာ= အတ္တကောင်လေးပင်တည်း။ ဤဟဒယဝတ္ထုသည် ငါ့အတ္တလေး–ဟု စွဲယူလိုက်လျှင် 'ဒိဋ္ဌိစွဲ' ဖြစ်သွားပါသည်။

ဤသို့ ဟဒယဝတ္ထုကိုအာရုံပြု၍ လောဘမူစိတ်များ ဖြစ်နိုင်ပါသည်။

www.dhammadownload.com

ဟဒယဝတ္ထုကိုအာရုံပြု၍ ဝိပဿနာရှုသောအခါ ဤဟဒယဝတ္ထုသည် "မမြဲသော-အနိစ္စ၊ ဆင်းရဲသော-ဒုက္ခ၊ အစိုးမရသော-အနတ္တ"တရားဟုရှု၍ သမ္မာဒိဋ္ဌိသတိကိုယ်စီရှိသဖြင့် ဝိပဿနာ ကုသိုလ်, အဗျာကတတို့ ဖြစ်နိုင်ပါသည်။ ဝိပဿနာစိတ်သည် ဟဒယဝတ္ထုကိုမှီပြီးဖြစ်ရသောကြောင့် 'ဝတ္ထု'၊ ဟဒယဝတ္ထုကိုအာရုံပြုရ၍ 'အာရမ္မဏ'၊ ဟဒယဝတ္ထုသည် ဝိပဿနာစိတ်၏ရှေးကလည်းဖြစ်နှင့်သောဝတ္ထုရုပ်ဖြစ်၍ 'ပုရေဇာတ' ဖြစ်ပါသည်။

ရှုပွားကျင့်ပါ ဝိပဿနာ

နိဿယပစ္စည်းတွင် စက္ခုဝတ္ထု, သောတဝတ္ထု, ဃာနဝတ္ထု, ဇိဝှါဝတ္ထု, ကာယဝတ္ထု, ဟဒယဝတ္ထုဟူသော ဆဝတ္ထုတို့သည် ရှေ့ကဖြစ်နှင့်၍ တည်ရာ,မှီရာအဖြစ် သတ္တဝါတို့အသက်ရှင်ဆဲ ပဝတ္တိကာလတွင် ဝိညာဏဓာတ် ၇-ပါး(မြင်, ကြား, နံ, စား, ထိ, သိ)တို့အား 'ဝတ္ထုပုရေဇာတ နိဿယပစ္စည်း'ဖြင့် ကျေးဇူးပြုခြင်း ဖြစ်ပါသည်။

အကျိုးတရားဖြစ်ပေါ်လာမှုသည် အကြောင်းတရားတို့က ပြည့်စုံလုံလောက်သော ကျေးဇူးပြုမှုကြောင့်သာ ဖြစ်ရပါသည်။ ဥပမာ- မြင်သိစိတ်ဖြစ်ပေါ်ရန် အကြောင်းတရားများရှိရာတွင် စက္ခုပသာဒ(စက္ခုဝတ္ထု)ကိုမှီ၍ ဖြစ်ရသောကြောင့် ဝိပဿနာရှုမှတ်ရာတွင်လည်း ထိုအကြောင်း/အကျိုး ရုပ်,နာမ်များကိုပင် ရှုမှတ်ရပါမည်။

လိုအပ်သော(အကြောင်း)အင်္ဂါရပ်များ					ဝိညာဏ် ၆-ပါး	
၁	စက္ခုပသာဒ	ရူပါရုံ	အာလောက(အလင်းဓာတ်)	မနသိကာရ	စက္ခုဝိညာဏ်	ပဉ္စဝိညာဏ်
၂	သောတပသာဒ	သဒ္ဒါရုံ	အာကာသ(အပေါက်ဟင်းလင်း)	။	သောတဝိညာဏ်	
၃	ဃာနပသာဒ	ဂန္ဓာရုံ	ဝါယောဓာတ်(လေဓာတ်)	။	ဃာနဝိညာဏ်	
၄	ဇိဝှါပသာဒ	ရသာရုံ	အာပေါဓာတ်(ရေဓာတ်)	။	ဇိဝှါဝိညာဏ်	
၅	ကာယပသာဒ	ဖောဋ္ဌဗ္ဗာရုံ	ပထဝီဓာတ်(ခက်မာသောဓာတ်)	။	ကာယဝိညာဏ်	
၆	ဟဒယဝတ္ထု	ဓမ္မာရုံ	ဘဝင်	။	မနောဝိညာဏ်	မနော

- စက္ခု, လောက၊ ရူပ ထင်ပြီ, မနသိ လေးလီ မြင်သိဖို့၊
- သောတ, ကာသ၊ သဒ္ဒ ထင်ပြီ, မနသိ လေးလီ ကြားသိဖို့၊
- ဃာန, ဝါတ၊ ဂန္ဓ ထင်ပြီ, မနသိ လေး လီ နံသိဖို့၊
- ဇိဝှါ, အာပ၊ ရသ ထင်ပြီ, မနသိ လေးလီ လျက်သိဖို့၊
- ကာယ, ပထ၊ ဖောဋ္ဌ ထင်ပြီ, မနသိ လေးလီ ထိသိဖို့၊
- ဟဒယ, ဘဝ၊ ဓမ္မ ထင်ပြီ, မနသိ လေးလီ ကြံသိဖို့၊

www.dhammadownload.com

* စက္ခုဝိညာဏ်စိတ်သည် စက္ခုဝတ္ထုကို မှီ၍ဖြစ်ရခြင်း၊
* သောတဝိညာဏ်စိတ်သည် သောတဝတ္ထုကို မှီ၍ဖြစ်ရခြင်း၊
* ဃာနဝိညာဏ်စိတ်သည် ဃာနဝတ္ထုကို မှီ၍ဖြစ်ရခြင်း၊
* ဇိဝှါဝိညာဏ်စိတ်သည် ဇိဝှါဝတ္ထုကို မှီ၍ဖြစ်ရခြင်း၊
* ကာယဝိညာဏ်စိတ်သည် ကာယဝတ္ထုကို မှီ၍ဖြစ်ရခြင်း၊
* ဒွေးပဉ္စဝိညာဏ်–၁၀ နှင့်အရူပဝိပါက်–၄ ကြဉ်သော မနောဓာတ်၊ မနောဝိညာဏဓာတ်တို့သည် ဟဒယဝတ္ထုကို မှီ၍ဖြစ်ရခြင်းတို့သည် လိုအပ်သော(အကြောင်း–ပစ္စည်း) အင်္ဂါရပ်များပြည့်စုံပါသဖြင့် (အကျိုး–ပစ္စယုပ္ပန်)ဖြစ်ဖို့ရန် (ဧကန်)မည်သူမှ မတားဆီးနိုင်ပေ။ ဘယ်သူ ဖန်ဆင်းလို့မှလည်း မရနိုင်ပေ။ ပုဂ္ဂိုလ် သတ္တဝါ သူငါမနော တရားသဘောသာ ထင်ရှားရှိပါပေသည်။

ထိုအကြောင်း–ပစ္စည်း စက္ခုဝတ္ထုကြောင့် ဖြစ်ပေါ်လာသော စက္ခုဝိညာဏ်သည် ဘယ်လောက်ကြာကြာတည်နေသလဲ, ဖြစ်လာရင် ပျက်သွားတာပါဘဲ၊ ဖြစ်ပြီး ပျက်သွား၏။ ဝိညာဏ်နှင့်တကွ မှီရာဝတ္ထု, အာရုံ အဟောင်းအဟောင်းတို့လည်း ပျက်ပျက်လိုက်ကြမှု သက်သေစုဖြင့် မမြဲခြင်းသဘောအား မြင်လာသဖြင့် '**အနိစ္စ**'သဘော ထင်လာသည်။

စက္ခုဝိညာဏ်စိတ်သည် စက္ခုဝတ္ထုကိုမှီ၍သာ မြင်လာလိုက်၊ ဥပါဒ် ဌီ ဘင်အားဖြင့် ပျက်သွားလိုက်၊ ဖြစ်,ပျက်သံသရာ မဆုံးနိုင်ပါသဖြင့် မမြဲသော နာမ်,ရုပ်ကို ပြုစုလုပ်ကျွေးပြီး ယင်းကို အရေးပေးနေခြင်းသည် '**ဒုက္ခ**'များ လှပေသည်။ ထိုမမြဲသော နာမ်,ရုပ်စသည်တို့သည် ယခု အိုလာပြီး နာရတော့မည်.. သေရတော့မည်၊ အို,နာ,သေ စသည်ဖြင့် ရုပ်,နာမ်ဓမ္မတို့ကို ကျွေးမွေးပြုစု စောင့်ရှောက်နေရခြင်းဖြစ်ပြီး၊ မိမိကဘာမှမပိုင်, မဆိုင်သည့်သဘော.. မိမိက အစိုးမရသဖြင့် '**အနတ္တ**'ဆိုသည့် သဘောလက္ခဏာ ထင်ရှားလာပါသည်။ ဤကဲ့သို့ဆင်ခြင်သဖြင့် နိဿယပစ္စည်း ရုပ်,နာမ်ဓမ္မ ပရမတ္ထတရားတို့၏.. "မမြဲသော–အနိစ္စ၊ ဆင်းရဲသော–ဒုက္ခ၊ အစိုးမရသော–အနတ္တ" တရားများကို သမ္မဇဉ်သတိကိုယ်စီရှိသဖြင့် ပစ္စည်း–ပစ္စယုပ္ပန်၊ အကြောင်း–အကျိုး ပရမတ္ထတရားအမှန်တို့ကို ဆင်ခြင်နိုင်ကြပါစေ..

စက္ခုဝတ္ထုနှင့် အဆင်းရူပါရုံ လာတိုက်သည့်အခါ အလွန်သိမ်မွေ့ပါသည်။ ရှုမှတ်ဖို့ရန်ခက်ခဲလှပါသည်။ သမာဓိ, ဉာဏ်အားထက်သန်အားကောင်းမှသာ ရှုနိုင်ပေသည်။ ဤနည်းအတူ သောတဝတ္ထု၊ ဃာနဝတ္ထု၊ ဇိဝှါဝတ္ထုတို့သည် ဝါဂွမ်းဝါဂွမ်းချင်းတိုက်သကဲ့သို့ အလွန်သိမ်မွေ့ကြပါသည်။

www.dhammadownload.com

ဖောဋ္ဌဗ္ဗာရုံက ကာယဝတ္ထုမှာ လာတိုက်သောအခါတွင် ကာယဝတ္ထုမှာ မနားဘဲ မဟာဘုတ်တွေမှာပါ(မဟာဘုတ်အချင်းချင်း)တိုက်မိ၍ အလွန် ထင်ရှားလှပါသည်။ ထင်ရှားသဖြင့် ရှုမှတ်ရလွယ်ကူပါသည်။

[ထို့ကြောင့် အစပထမပိုင်းတွင် အလွန်သိမ်မွေ့သဖြင့် ရှုမှတ်ဖို့ရန်ခက်ခဲလှသော စက္ခုဝတ္ထုစသည်တို့မှ မရှုမှတ်ပဲ၊ ရှုမှတ်ရန် ထင်ရှားလွယ်ကူသော ကာယဝတ္ထုမှစ၍ ရှုမှတ်သင့်ပါသည်။ သမာဓိ, ဉာဏ်အားထက်သန်အားကောင်းအခါ မည်သည်ဝတ္ထု မဆိုရှုမှတ်၍ ရနိုင်ပါသည်။]

ဝတ္ထုရုပ်(၌ါရ) ၆–ပါးလုံး၌ စောင့်ရှောက်သင့်ပုံ / ရှုမှတ်သင့်ပုံ

စက္ခုနာ သံဝရော သာဓု၊ သာဓု သောတေန သံဝရော။
ဃာနေန သံဝရော သာဓု၊ သာဓု ဇိဝှါယ သံဝရော။
ကာယေန သံဝရော သာဓု၊ သာဓု ဝါစာယ သံဝရော။
မနသာ သံဝရော သာဓု၊ သာဓု သဗ္ဗတ္ထ သံဝရော။
သဗ္ဗတ္ထသံဝုတော ဘိက္ခု၊ သဗ္ဗဒုက္ခာ ပမုစ္စတိ။

စက္ခုနာ= မျက်စိဖြင့်၊ သံဝရော= လောဘ ဒေါသ မောဟတည်းဟူသော ကိလေသာတို့မဖြစ်အောင် စောင့်စည်းခြင်းသည်၊ သာဓု= မင်္ဂချမ်းသာ ဖိုလ်ချမ်းသာ နိဗ္ဗာန်ချမ်းသာကို ပို့ဆောင်ပေးတတ်သောကြောင့် ကောင်းလှပါပေ၏။

သောတေန= နားဖြင့်၊ သံဝရော= လောဘ ဒေါသ မောဟတည်းဟူသော ကိလေသာတို့မဖြစ်အောင် စောင့်စည်းခြင်းသည်၊ သာဓု= ကောင်းလှပါပေ၏။

ဃာနေန= နှာခေါင်းဖြင့်၊ သံဝရော= လောဘ ဒေါသ မောဟတည်းဟူသော ကိလေသာတို့မဖြစ်အောင် စောင့်စည်းခြင်းသည်၊ သာဓု= ကောင်းလှပါပေ၏။

ဇိဝှါယ= လျှာဖြင့်၊ သံဝရော= လောဘ ဒေါသ မောဟတည်းဟူသော ကိလေသာတို့မဖြစ်အောင် စောင့်စည်းခြင်းသည်၊ သာဓု= ကောင်းလှပါပေ၏။

ကာယေန= ကိုယ်ဖြင့်၊ သံဝရော= လောဘ ဒေါသ မောဟတည်းဟူသော ကိလေသာတို့မဖြစ်အောင် စောင့်စည်းခြင်းသည်၊ သာဓု= ကောင်းလှပါပေ၏။

ဝါစာယ= နှုတ်ဖြင့်၊ သံဝရော= လောဘ ဒေါသ မောဟတည်းဟူသော ကိလေသာတို့မဖြစ်အောင် စောင့်စည်းခြင်းသည်၊ သာဓု= ကောင်းလှပါပေ၏။

မနသာ= စိတ်ဖြင့်၊ သံဝရော= လောဘ ဒေါသ မောဟတည်းဟူသော ကိလေသာတို့မဖြစ်အောင် စောင့်စည်းခြင်းသည်၊ သာဓု= မင်္ဂချမ်းသာ ဖိုလ်ချမ်းသာ နိဗ္ဗာန်ချမ်းသာကို ပို့ဆောင်ပေးတတ်သောကြောင့် ကောင်းလှပါပေ၏။

www.dhammadownload.com

သဗ္ဗတ္ထသံဝရော= အလုံးစုံသော မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်တည်းဟူသော ဒွါရခြောက်ပါးလုံး၌ လုံခြုံအောင်စောင့်စည်းခြင်းသည်၊ သာဓု= မင်္ဂလာရှိသောအဖို့တည်း။ ... သာဓု= မင်္ဂချမ်းသာ ဖိုလ်ချမ်းသာ နိဗ္ဗာန်ချမ်းသာကို ပို့ဆောင်ပေးတတ်သောကြောင့် ကောင်းလှပါပေ၏။

သဗ္ဗတ္ထသံဝုတော= အလုံးစုံသော ဒွါရခြောက်ပါးလုံး၌ စောင့်ရှောက်နိုင်သော၊ ဘိက္ခု= ဘေးကိုရှုတတ်သော ယောဂီမြတ်သည်၊ ဘိက္ခု= ဘေးကိုရှုတတ်သော ရဟန်းမြတ်သည်၊ သဗ္ဗဒုက္ခာ= အလုံးစုံသောဆင်းရဲဟူသမျှမှ၊ ပမုစ္စတိ= လွတ်မြောက်ကြ၏။ ဣတိ= ဤသို့၊ ဘဂဝါ= မြတ်စွာဘုရားသည်၊ အဝေါစ= ကရုဏာရှေ့သွား ပညာအားဖြင့် ဟောကြားတော်မူခဲ့ပါပေသည်။

တေလပတ္တဇာတ်၌ ဘုရားလောင်းမင်းသားသည် ပစ္စေကဗုဒ္ဓါ၏ ညွှန်ပြမှုဖြင့် ဂန္ဓာရတိုင်း တက္ကသိုလ်ပြည်သို့ မင်းပြုရန်အတွက် နောက်လိုက်ငါးယောက်နှင့်အတူ ကန္တာရခရီးကိုဖြတ်သွားစဉ် လူယောင်ဆောင်ထားသော ဘီလူးများနှင့် တွေ့ကြ၏။ ဘီလူးတို့က ၎င်းတို့အား ကြိုက်နှစ်သက်ဖွယ်ရာ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိအတွေ့ဟူသော အာရုံမျိုးစုံတို့ဖြင့် ဖြားယောင်းသွေးဆောင်ကြရာ နောက်လိုက်ငါးယောက်လုံး ဘုရားလောင်းနောက် ဆက်မလိုက်ကြတော့ဘဲ မိမိတို့၏ကြိုက်နှစ်သက်သည့် အာရုံရှိရာ ဘီလူးတို့ရွာ၌ နေခဲ့ကြသဖြင့် ဘီလူးအစားခံရလေသည်။ ဘုရားလောင်းကား ဘီလူးတို့၏ သွေးဆောင်ဖြားယောင်းမှုကို မနှစ်သက် မသာယာ စိတ်ခတ်ခိုင်မာစွာထားသောကြောင့် တက္ကသိုလ်ပြည်သို့ရောက်၍ ဘုရင်ဖြစ်လေသည်။

ဤသာဓကေ၌ နောက်လိုက်ငါးယောက် ဘီလူးစားခံရခြင်းမှာ မျက်စိ,နား,နှာ,လျှာ, ကိုယ်,စိတ်တို့ကို လုံခြုံအောင် မစောင့်စည်းခြင်းကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် အလုံးစုံသော မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်တည်းဟူသော ဒွါရခြောက်ပါး လုံး၌ လုံခြုံအောင်စောင့်စည်းနိုင်ရန် ဟောကြားတော်မူပါသည်။

ကာမဂုဏ်အာရုံတရားများ မျက်စိ, နား, နှာ, လျှာ, ကိုယ်, စိတ်–ဟုဆိုသည့် ဝင်ပေါက်တို့မှ အကုသိုလ်တရားများစီးဝင်မလာရအောင် သတိတရားဖြင့် ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ စိတ်ထဲ, နှလုံးထဲတွင် ရာဂစသောကိလေသာတရားဆိုးများ ထကြွသောင်းကျန်းမလာအောင် သမထ, ဝိပဿနာဘာဝနာကို ကျင့်ကြံအားထုတ်ခြင်း ဖြစ်ပါသည်။ ကာမဂုဏ်အာရုံ စည်းစိမ်များ မိမိတို့အနီးအနားတွင် များစွာရှိနေသော်လည်း တဏှာ,ရာဂများ နည်းပါးသွားရအောင် ဟူသောရည်ရွယ်ချက်တို့ဖြင့် ထိုထိုအာရုံများကို မလိုက်စား, မခံစားဘဲ ကြိုးစားရှောင်ကြဉ်ပြီး ကျင့်ကြံအားထုတ်

www.dhammadownload.com

ခြင်းသည် **သတိတရားပြဋ္ဌာန်းသော 'ဣန္ဒြိယ သံဝရသီလ'**နှင့် ကောင်းမြတ်သော လုပ်ငန်းကို နောက်မဆုတ်တမ်း ကြိုးပမ်းအားထုတ်ခြင်း **ဝီရိယ** ပင်ဖြစ်ပါသည်။

'သံဝရ'ဟူသည် 'သတိ'၏အမည်တစ်မျိုးပင် ဖြစ်ပါသည်။ မိမိ၏ မျက်စိ,နား, နှာ,လျှာ, ကိုယ်, စိတ်–တို့ကို ခြိုးခြံစွာ ချင့်ချင့်ချိန်ချိန်အသုံးပြုခြင်း, ထိန်းချုပ်ခြင်း ရှိနေပါက ကိလေသာတို့ကို ပူပန်စေရာ ဖျက်ဆီးရာရောက်၍ 'တပ'ဟု ဆိုပါသည်။

ဣန္ဒြိယသံဝရသီလ

စက္ခုန္ဒြေ(စက္ခုပသာဒ)၊ သောတိန္ဒြေ၊ ဃာနိန္ဒြေ၊ ဇိဝှိန္ဒြေ၊ ကာယိန္ဒြေ၊ မနိန္ဒြေ–ဟူ၍ ခြောက်ပါးရှိရာ ထိုဣန္ဒြေ ခြောက်ပါးတို့ကိုလုံခြုံအောင် စောင့်ထိန်းခြင်းကိုပင် "ဣန္ဒြိယသံဝရသီလ"ဟု ခေါ်ဆိုခြင်း ဖြစ်ပါသည်။ ဣန္ဒြိယသံဝရသီလကို လုံခြုံအောင်စောင့်ထိန်းနိုင်လျှင် ပါတိမောက္ခသံဝရသီလသည် အလိုလိုပင် ပြည့်စုံလာ၏။ ထို့ကြောင့် ဣန္ဒြိယသံဝရသီလသည် ပါတိမောက္ခသံဝရသီလ၏ 'အခြေခံသီလ' ဖြစ်ပါသည်။

သော စက္ခုနာ ရူပံ ဒိသွာ န နိမိတ္တဂ္ဂါဟီ ဟောတိ နာနုဗျဉ္ဇနဂ္ဂါဟီ၊ ယတွာဓိကရဏမေနံ စက္ခုန္ဒြိယံ အသံဝုတံ ဝိဟရန္တံ အဘိဇ္ဈာဒေါမနဿာ ပါပကာ အကုသလာ ဓမ္မာ အန္ဝာဿဝေယျုံ၊ တဿ သံဝရာယ ပဋိပဇ္ဇတိ၊ ရက္ခတိ စက္ခုန္ဒြိယံ၊ စက္ခုန္ဒြိယေ သံဝရံ အာပဇ္ဇတိ။

သောတေန သဒ္ဒံ သုတွာ ။ပ။
ဃာနေန ဂန္ဓံ ဃာယိတွာ ။ပ။
ဇိဝှာယ ရသံ သာယိတွာ ။ပ။
ကာယေန ဖောဋ္ဌဗ္ဗံ ဖုသိတွာ ။ပ။
မနသာ ဓမ္မံ ဝိညာယ ။ပ။ မနိန္ဒြိယေ သံဝရ အာပဇ္ဇတိ။

(ဝိသုဒ္ဓိ–၁၊ ၁၆၊)

သောဘိက္ခု= ပါတိမောက္ခသံဝရသီလနှင့်ပြည့်စုံသော ထိုရဟန်းသည်။ စက္ခုနာ= မျက်စိဖြင့်၊ ရူပံ= အဆင်းကို၊ ဒိသွာ= မြင်၍(ဝါ)မြင်သည်ရှိသော်၊ န နိမိတ္တဂ္ဂါဟီ= မိန်းမ,ယောကျ်ားစသော ပုံသဏ္ဌာန်နိမိတ်ကို မှတ်ယူလေ့မရှိသည်၊ ဟောတိ= ဖြစ်၏။ နာနုဗျဉ္ဇနဂ္ဂါဟီ= လက်,ခြေ,ပြုံးခြင်း,ရယ်ခြင်းစသော အသေးစိတ် အမူအရာ အထူးကို မှတ်ယူလေ့မရှိသည်၊ ဟောတိ= ဖြစ်၏။

www.dhammadownload.com

စက္ခုန္ဒြိယံ= စက္ခုန္ဒြေကို၊ အသံဝုတံ= မစောင့်စည်းဘဲ၊ ဝိဟရန္တံ= နေသည်ရှိသော်၊ ဧနံ= ထိုသို့နေသောရဟန်းကို၊ ယတွာဓိကရဏံ= အကြင်စက္ခုန္ဒြေကို မစောင့်စည်းခြင်းဟူသောအကြောင်းကြောင့်၊ အဘိဇ္ဈာဒေါမနဿာ= အဘိဇ္ဈာ ဒေါမနဿဖြစ်ကုန်သော၊ ပါပကာ= ယုတ်မာကုန်သော၊ အကုသလာ ဓမ္မာ= အကုသိုလ်တရားတို့သည်၊ အန္ဝာသဝေ ယျုံ= အစဉ်လိုက်ကုန်ရာ၏။

တဿ= ထိုစက္ခုန္ဒြေကို၊ သံဝရာယ= ပိတ်ဆို့စောင့်စည်းခြင်းအကျိုးငှာ၊ ပဋိပဇ္ဇတိ= ကျင့်၏။ စက္ခုန္ဒြိယံ= စက္ခုန္ဒြေကို၊ ရက္ခတိ= စောင့်ရှောက်၏။ စက္ခုန္ဒြိယေ= စက္ခုန္ဒြေ၌၊ သံဝရံ= ပိတ်ဆို့စောင်းစည်းခြင်းသို့၊ အာပဇ္ဇတိ= ရောက်၏။

- သောတေန– နားဖြင့်၊ သဒ္ဒံ– အသံကို၊ သုတွာ– ကြားသိ၍၊ ။ပ။
- ဃာနေန– နှာခေါင်းဖြင့်၊ ဂန္ဓံ– အနံ့ကို၊ ဃာယိတွာ– နံသိ၍၊ ။ပ။
- ဇိဝှာယ– လျှာဖြင့်၊ ရသံ– အရသာကို၊ သာယိတွာ– လျှက်သိ၍၊ ။ပ။
- ကာယေန– ကိုယ်ဖြင့်၊ ဖောဋ္ဌဗ္ဗံ– အတွေ့ကို၊ ဖုသိတွာ– တွေ့ထိ၍၊ ။ပ။
- မနသာ– စိတ်ဖြင့်၊ ဓမ္မံ– သဘောအာရုံကို၊ ဝိညာယ– ကြံသိ၍၊ ။ပ။

မနိန္ဒြိယေ= မနိန္ဒြေ၌၊ သံဝရံ= ပိတ်ဆို့စောင့်စည်းခြင်းသို့၊ အာပဇ္ဇတိ= ရောက်၏။

ပါတိမောက္ခသံဝရသီလနှင့်ပြည့်စုံသော ထိုရဟန်းသည် မျက်စိဖြင့် အဆင်းရူပါရုံကိုမြင်သည်ရှိသော် မိန်းမ,ယောကျ်ားစသောပုံသဏ္ဌာန်နိမိတ်ကို မှတ်ယူလေ့မရှိပေ။ လက်,ခြေ,ပြုံးခြင်း,ရယ်ခြင်းစသော အသေးစိတ် အမူအရာအထူးကို မှတ်ယူလေ့မရှိပေ။ စက္ခုန္ဒြေကို မစောင့်စည်းဘဲ နေသည်ရှိသော် ထိုသို့ နေသောရဟန်းကို စက္ခုန္ဒြေကို မစောင့်စည်းခြင်း–ဟူသော အကြောင်းကြောင့် အဘိဇ္ဈာ ဒေါမနဿဖြစ်ကုန်သော ယုတ်မာသည့် အကုသိုလ်တရားဆိုးတို့သည် အစဉ်တစိုက် လိုက်ကုန်ရာ၏။ (အဘိဇ္ဈာဒေါမနဿဖြစ်သည့် အကုသိုလ်တရားဆိုးတို့ အစဉ်တစိုက် မလိုက်စေခြင်းအကျိုးငှာ) ထိုစက္ခုန္ဒြေကို ပိတ်ဆို့စောင့်စည်းခြင်းအကျိုးငှာ ကျင့်၏။ စက္ခုန္ဒြေကို စောင့်ရှောက်၏။ စက္ခုန္ဒြေ၌ ပိတ်ဆို့စောင့်စည်းခြင်းသို့ ရောက်၏။

- နားဖြင့် အသံကို ကြားသိ၍ ။ပ။
- နှာခေါင်းဖြင့် အနံ့ကို နံသိ၍ ။ပ။
- လျှာဖြင့် အရသာကို လျှက်သိ၍ ။ပ။
- ကိုယ်ဖြင့် အတွေ့ကို တွေ့ထိ၍ ။ပ။
- စိတ်ဖြင့် သဘောအာရုံကို ကြံသိ၍ ။ပ။ မနိန္ဒြေ၌ ပိတ်ဆို့စောင့်စည်းခြင်းသို့ရောက်၏။ *(စည်၊၁။ ၄၆)*

www.dhammadownload.com

မြင်လျှင် မြင်ကာမျှမတ္တမှာတည်အောင် ရှုမှတ်သဖြင့် ဣဋ္ဌာရုံဖြစ်သော်လည်း ရူပါရုံကိုသာယာတပ်မက်သောလောဘလည်း မဖြစ်တော့ပေ။ အနိဋ္ဌာရုံဖြစ်လျှင်လည်း ဒေါမနဿ မဖြစ်ပါ၊ ဤနည်းတူ ကြားလျှင်-ကြားကာကာမျှမတ္တ၊ နံလျှင်-နံကာမျှမတ္တ၊ စားလျှင်-စားကာမျှမတ္တ၊ တွေ့ထိလျှင်-တွေ့ထိကာမျှမတ္တတို့မှာ ရှုမှတ်ရသည်။

ပဉ္စဒွါရ(၅-ဒွါရ)မှာ ကျလာသောအာရုံများကို မနောဒွါရကနေ ရှုနေရပါသည်။ ကျရာအာရုံက ပဉ္စဒွါရ၊ ရှုတာက မနောဒွါရဖြစ်ရခြင်းမှာ ပဉ္စဒွါရမှာ အာရုံ ၅-ပါး လာတိုက်သောအခါ မနောဒွါရမှာ ထင်သောကြောင့် ဖြစ်ပါသည်။

မျက်စိ,နား,နှာ,လျှာ,ကိုယ်, စိတ်တည်းဟူသော ၆-ဒွါရတွင် ၅-ဒွါရကို ပိတ်ပြီး ၁-ဒွါရကနေ ရှုရပါမည်။ မျက်စိ,နား,နှာ,လျှာ,ကိုယ် ပဉ္စဒွါရကိုလုံခြုံအောင်ပိတ်ထားပြီး မနောဒွါရကနေ ရှုမှတ်ကြရပါမည်။ ထိုမနောဒွါရမှာ စောင့်ပြီးရှုမှတ်နေခြင်းဖြင့် ဒွါရ ၆-ပါးလုံး လုံခြုံရကား သီလ, သမာဓိ, ပညာတို့၏အစွမ်းအားဖြင့် ကျင့်ကြံ ရှုမှတ် ပွားများရပါမည်။

စက္ခုတွင်မှီ၊ ရုပ်အကြည်ကား၊ မြင့်ရှည့်ကာလ၊ မတည့်ကြဘဲ၊
ခဏဖြစ်လျက်၊ ခဏပျက်၏၊ ဖြစ်ပျက်နှစ်တန်၊ နှိပ်စက်ဒဏ်ဖြင့်၊
တစ်ရံမစဲ၊ လွန်ဆင်းရဲ၏၊ ခိုင်မြဲကျောမာ၊ နှစ်မပါဘူး၊
ပညာစက္ခု၊ မြော်ထောက်ရှုသော်၊ သူ့သဘာဝ၊ အနိစ္စနှင့်၊ ဒုက္ခအနတ္တာ၊ မှန်လှစွာ၏။
ငါ, ငါ့ဥစ္စာ၊ ငါ့လိပ်ပြာတို့၊ ဘာတစ်ခုမျှ၊ မဟုတ်ကြသည့်၊ မွေသက်သက်ပါတကား။

အတ္တတ္တစရိယ၊ ဉာတတ္တစရိယ၊ လောကတ္တစရိယ

သဟဇာတ၊ အညမည၊ နိဿယပစ္စည်းတို့သည် ပရမတ္ထသဘာဝတို့၏ ဓမ္မသတ္တိ သက်သက်ဖြင့် ကြောင်းကျိုးဆက်သွယ်ဖြစ်ပေါ်နေသော ပရမတ္ထသဘာဝစစ်စစ်များ ဖြစ်ကြပါသည်။ ယင်းသဘာဝတို့ကို လူပုဂ္ဂိုလ်တို့ လုပ်ကိုင်ဆောင်ရွက်ကြသကဲ့သို့ ကြောင့်ကျစိုက်မှု(ပုဂ္ဂလဗျာပါဒ)တို့နှင့်ယှဉ်၍ ဥပမာတင်စား ပုံဆောင်ပြရသော်-

* အညမညပစ္စည်းသည် မိသားစုအချင်းချင်း အပြန်အလှန်ကူညီရိုင်းပင်းပြီး ကျေးဇူး ပြုမှုနှင့် တူပါသည်။ ကိုယ်ကျိုးအဓိကထားသဖြင့် အတ္တတ္တစရိယ-သဘောမျိုး ဆန်ပါသည်။

www.dhammadownload.com

* သဟဇာတပစ္စည်းသည် သွေးမတော်သားမစပ်သော်ငြားလည်း တစ်မြေတည်းနေ တစ်ရေတည်းသောက်ဆိုသလို အတူတကွဖြစ်ဖော်ဖြစ်ဖက်များအနေနှင့် ကူညီရိုင်းပင်း ကျေးဇူးပြုမှုနှင့် တူပါသည်။ ကိုယ့်ဝန်းကျင်, ကိုယ့်ဒေသ, ကိုယ့်လူမျိုးစသော ကန့်သတ်မှုရှိသော ပရဟိတဖြစ်၍ ဉာတတ္ထစရိယ–သဘောမျိုး ဆန်ပါသည်။
* နိဿယပစ္စည်းသည် အမျိုးအနွယ် ပုဂ္ဂိုလ်သတ္တဝါ အရပ်ဒေသစသည်ဖြင့် မတူ ကွဲပြားသော်ငြားလည်း စာနာမှုစိတ်နှင့် ကူညီရိုင်းပင်း ကျေးဇူးပြုမှုနှင့် တူပါသည်။ လူမျိုးခွဲ ပုဂ္ဂိုလ်ခွဲ ဒေသခွဲစသည်ဖြင့် ကန့်သတ်မှုမပါဘဲ လောကအားလုံးအကျိုးကို အဓိကထားသော လောကတ္ထစရိယ–သဘောမျိုး ဆန်ပါသည်။

ပဋ္ဌာန်း နိဿယပစ္စည်း မေတ္တာပို့ ဆုတောင်းဘုရားရှိခိုး

နိဿယပစ္စယော– သတ္တဝါအားလုံး မကောင်းသော ရုပ်,နာမ် တရားတို့၌ မှီ၍ မဖြစ်ကြဘဲ၊ ကောင်းမြတ်သော ရုပ်,နာမ်တရားတို့၌သာ အမှီပြု၍ ကောင်းကျိုးအမျိုးမျိုး တို့ကိုသာ ခံစားရရှိနိုင်ကြပါစေ။

သုံးပါးရတနာ၊ မှီခိုကာ၊ ကြည်သာ ရွှင်ပြုံး ရစေသော်

နိဿယပစ္စယော– သစ်ပင်စိုက်မြေ၊ သစ်ပင်တွေ၏၊ မသွေမှီရာ၊ ပုံပမာနှင့်၊ တစ်ဖြာ ပန်းချီ၊ ဆေးရုပ်မှီဖို့၊ ညီညီကြက်ထား၊ အဝတ်ကားသို့၊ ဖြစ်ငြားမသွေ၊ ရှေးရှေးမြေလျှင်၊ ဖြစ်ရာ မှီရာ တည်ရာဖြစ်သော သတ္တိထူးဖြင့် ကျေးဇူးပြုသော သဟဇာတနိဿယ, ပုရေဇာတနိဿယ နှစ်ပါးပစ္စည်းတရားသည်၊ အတ္တ– ပုဂ္ဂိုလ်, သတ္တဝါ၊ သူငါမနှော၊ တရားသဘောသာ၊ ထင်ရှားရှိပါပေသည်တကား။

ဣတိ– ဤသို့၊ ဗောဓေန္တိ– သဗ္ဗညုတာ၊ ဉာဏ်တော်သာဖြင့်၊ ဦးစွာကျနု၊ သိပြီးမှလျှင်၊ များလှဝေနေ၊ သိစေတော်မူသော၊ မြတ်စွာဘုရားကို၊ ဝန္ဒာမိ– ဂုဏ်တော်ထုံမွမ်း၊ ပုံတော်မှန်းလျက်၊ ချီးမွမ်းထောမနာ၊ ပဏာရိုကျိုး၊ လက်စုံမိုး၍၊ ရှိခိုး ကန်တော့ပါ၏ ဘုရား။

UK-2020(COVID-19

နိဿယပစ္စည်း ပြီး၏။

www.dhammadownload.com

"နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"

+

၉။ ဥပနိဿယပစ္စည်း

ဥပနိဿယမည်ခြင်းအကြောင်း

ဥပနိဿယ = လွန်ကဲအားကြီးသော မှီရာအကြောင်းအဖြစ်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား။

မိုးသည် စပါးသီးနှံများ ရှင်သန်ကြီးပွားစေရန် အားကြီးသောမှီရာ အကြောင်းအဖြစ်ဖြင့်ကျေးဇူးပြုသကဲ့သို့ ပစ္စယုပ္ပန်တို့အား အားကြီးသောမှီရာအကြောင်းအဖြစ်ဖြင့် ကျေးဇူးပြုသော ရုပ်,နာမ်တရားတို့သည် 'ဥပနိဿယပစ္စည်း' မည်၏။

ဥပနိဿယ ၃-မျိုး

(၁) **အာရမ္မဏူပနိဿယ** = အလေးအမြတ်ပြုအပ်သော အာရုံတရားသည်ပင် လွန်ကဲအားကြီးသော မှီရာအကြောင်းဖြစ်သောကြောင့် 'အာရမ္မဏူပနိဿယ' မည်၏။ (အာရမ္မဏာဓိပတိနှင့်တူပါသည်၊)

(၂) **အနန္တရူပနိဿယ** = ရှေးရှေး၌ဖြစ်သော စိတ်,စေတသိက်တို့သည် အခြားမဲ့နောက်နောက်၌ဖြစ်သော စိတ်,စေတသိက်တို့၏ အားကြီးသော မှီရာအကြောင်းဖြစ်သောကြောင့် 'အနန္တရူပနိဿယ' မည်၏။ (အနန္တရနှင့်တူပါသည်၊)

(၃) **ပကတူပနိဿယ** = အာရမ္မဏူပနိဿယ၊ အနန္တရူပနိဿယတို့နှင့် မရောနှောဘဲ မိမိ၏ပင်ကိုယ်ပကတိသဘောအားဖြင့်သာလျှင် အားကြီးသောအကြောင်းသည် 'ပကတူပနိဿယ' မည်၏။ (ပကတ+ဥပနိဿယ)

ပကတ = အကျိုးတရား မဖြစ်ဖြစ်အောင် ကောင်းစွာပြုအပ်ပြီးသောတရား၊

* ကောင်းစွာပြုအပ်ပြီးသော အားကြီးသောမှီရာအကြောင်းသည် ပကတူပနိဿယပစ္စည်း ဖြစ်ပါသည်။ ကောင်းစွာပြုအပ်သည်ဆိုရာမှာ- သင့်တင့်လျောက်ပတ်သည့်အခါ ကေန်မုချအကျိုးပေးလာအောင် မိမိအဇ္ဈတ္တသန္တာန်၌ ရာဂ၊ သဒ္ဓါ.... စသောတရားတို့ကို ဖြစ်စေမှု၊ ဗဟိဒ္ဓသန္တာန်၌ ပေါင်းသင်းဆက်ဆံနေထိုင်ခြင်း စားသောက်ထိတွေ့ခြင်း မှီဝဲအပ်သော ဘောဇန သေနာသနစသည်တို့ ဖြစ်ပါသည်။ (ပစ္စယနိဒ္ဒေသတွင်- 'ပုဂ္ဂလ' ပါသည်။)

www.dhammadownload.com

* ပကတိပင်ကိုယ်သဘောအားဖြင့် အားကြီးသောမှီရာအကြောင်းသည် ပကတူပနိဿယ ဖြစ်ပါသည်။ ပကတိဆိုသည်မှာ တစ်ပါးသော အာရမ္မဏူပနိဿယ၊ အနန္တရူပနိဿယတို့နှင့် မရောဘဲ မူလပင်ကိုယ်သဘောအတိုင်း အားကြီးသော အကြောင်းတစ်မျိုး ဖြစ်ပါသည်။

ဥပမာ– မိုးသည် သစ်ပင်၊ သတ္တဝါစသည်တို့အတွက် အားကြီးသောမှီရာဖြစ်သကဲ့သို့ အကျိုး စိတ်,စေတသိက်များဖြစ်စေရန် လွန်ကဲအားကြီးသော အကြောင်းအဖြစ်ဖြင့် ကျေးဇူးပြုမှုသည် ပကတူပနိဿယပစ္စည်း၏သတ္တိ ဖြစ်ပါသည်။

ပကတူပနိဿယ ၃–မျိုး

(က) 'သဒ္ဓံ ဥပနိဿာယ ဒါနံ ဒေတိ'...စသည်ဟောရာ၌ ပုဂ္ဂိုလ်တစ်ယောက်သည် ရှေးဦးစွာ သဒ္ဓါတရားဖြစ်ပြီး၊ ထိုသဒ္ဓါတရားကိုစွဲ၍ ထိုပုဂ္ဂိုလ်သည် နောက်နောက် ကုသိုလ်တရားများ နောက်ထပ်တိုးပွားလာသောအခါ ရှေးသဒ္ဓါတရားမှာ နောက်နောက် တရားများကို တိုးပွားလာစေရန်ဟု အာရမ္မဏ၊ အနန္တရသတ္တိများက ကျေးဇူးမပြုနိုင်ဘဲ၊ ပကတိပင်ကိုယ်သဘောအတိုင်း လွန်စွာအားကြီးသော ပကတူပနိဿယ သတ္တိကသာ ကျေးဇူးပြုနိုင်ပါသည်။

(ခ) မဂ္ဂါရမ္မဏတိက်မှ အာရုံမျိုးနှင့် ရောနေသော ပကတူပနိဿယ ဖြစ်ပါသည်။

(ဂ) ကုသလတိက်မှာပင်– "မဂ္ဂေါ ဖလဿ"ဟူ၍ ဟောတော်မူရာ အနန္တရူပနိဿယ၊ ပကတူပနိဿယသည် ရောနှောလိုက်သောအခါ သာလွန်၍အားကြီးသွားပါသည်။

ဗလဝ

'ဗလဝ'အားကောင်းလှသည်ဆိုသည်မှာ ဥပနိဿယမှ **'ဥပ'**အတွက်ဖြစ်ပါသည်။ အကြောင်းတရားကိုစွဲ၍ အကျိုး–စိတ်,စေတသိက်များဖြစ်ရာမှာ သာမညအားကောင်းရုံ မဟုတ်ဘဲ လွန်လွန်ကဲကဲအားကောင်းသောကြောင့် 'ဗလဝ'ဟု ဆိုပါသည်။

ဥပမာ– ကံတစ်ခုကိုပြုလုပ်သောအခါ ထိုကံကို အခြားကံတစ်ပါးက မနှောက်ယှက်နိုင်လောက်အောင်အားကောင်းသောကံ၊ ကံတစ်ပါးက နှောက်ယှက်လျှင် ပျက်ပြယ်မည့်ကံ၊ ဟူ၍ ၂–မျိုးရှိသည့်အနက် ကံတစ်ပါးမနှောက်ယှက်နိုင်မှသာ 'ဗလဝ'မည်ပါသည်။ ဥပနိဿယတွင် ဗလဝသာ ယူ၏။ (နှောက်ယှက်နိုင်လျှင် 'ဒုဗ္ဗလကံ'၊)

ဥပနိဿယ ၃–မျိုး သင်္ချာ ၉–ချက် (မဟာပစ္စယပစ္စည်း)

ကု		အာ	နံ	ပ
	အကု	✓	✗	✓
	ဗျာ	✓	✓	✓

အကု		အာ	နံ	ပ
	ကု	✗	✗	✓
	ဗျာ	✗	✓	✓

ဗျာ		အာ	နံ	ပ
	ကု	✓	✓	✓
	အကု	✓	✓	✓

www.dhammadownload.com

ဥပနိဿယ ၃-မျိုး အထူး

* အနန္တရူပနိဿယကို ကေဝီထိ၏အစွမ်းအားဖြင့် ဟောကြားတော်မူ၍၊

* အာရမ္မဏူ, ပကတူတို့ကို နာနာဝီထိ၏အစွမ်းအားဖြင့် ဟောကြားတော်မူသည်။

အနန္တရူပနိဿယ	➤ ကေ ဝီထိ	ဝီထိ တစ်ခု၏ အစွမ်းဖြင့်ဟောသည်။
အာရမ္မဏူပနိဿယ ပကတူပနိဿယ	} နာနာဝီထိ	အထူးထူးသော ဝီထိ၏ အစွမ်းအားဖြင့် ဟောပါသည်။

? အာရမ္မဏူပနိဿယပစ္စည်းသည် အာရမ္မဏာဓိပတိပစ္စည်းနှင့် တူ၏-ဟုဆိုရာ ထိုပစ္စည်းတို့သည် တစ်စုံတစ်ရာအထူးမရှိကြပြီလော၊ ထူး၏ဟုဆိုသော် မည်ကဲ့သို့ ထူးကြပါသနည်း။

အာရမ္မဏူပနိဿယပစ္စည်းနှင့် အာရမ္မဏာဓိပတိပစ္စည်းတို့၏ ပစ္စည်း၊ ပစ္စယုပ္ပန် တရားနှစ်ပါးလုံးသည် တူသော်လည်း ပစ္စယသတ္တိ ကွဲပြားကြပါသည်။ မြတ်စွာဘုရားကိုယ်တော်တိုင်က အာရမ္မဏူပနိဿယကို အာရမ္မဏာဓိပတိနှင့် ထူးခြားခြင်းကို မပြုမူ၍ ဟောကြားတော်မူပါသည်။

ထူးခြားပုံကား-

အာရမ္မဏာဓိပတိ- အလေးပြုအပ်သည်အဖြစ်မျှ (ဂရုကတ္တာ)ဟူသော အနက်သဘောကြောင့် အာရမ္မဏာဓိပတိပစ္စည်း မည်၏။

အာရမ္မဏူပနိဿယ- အားကြီးသောအကြောင်းဟူသော အနက်သဘောကြောင့် အာရမ္မဏူပနိဿယပစ္စည်း မည်၏။ ဤသို့ ထူးပါသည်။

(အားကြီးသောအကြောင်းဖြစ်ပုံ- အကြင်အာရုံကိုအကြောင်းပြု၍ စိတ်,စေတသိက်တို့ ဖြစ်ကြကုန်၏။ ထိုအာရုံသည် ကိန်းသေမြဲသောအားဖြင့် ထိုစိတ်,စေတသိက်တို့၏ အားကြီးသော အာရုံပင်ဖြစ်ပေသည်။)

? အနန္တရူပနိဿယပစ္စည်းသည် အနန္တရပစ္စည်းနှင့် တူ၏ဟုဆိုရာ ထိုပစ္စည်းတို့သည် တစ်စုံတစ်ရာအထူးမရှိကြပြီလော၊ ထူး၏ဟုဆိုသော် မည်ကဲ့သို့ ထူးကြပါသနည်း။

မိမိ၏အခြားမဲ့၌ လျော်ကပ်သော စိတ္တုပ္ပါဒ်ကိုဖြစ်စေခြင်းငှာ စွမ်းနိုင်သည်၏ အဖြစ်ဖြင့် ကျေးဇူးပြုသောပစ္စည်းသည် အနန္တရပစ္စည်း မည်၏။ ရှေးရှေးစိတ်၏ နောက်နောက်စိတ်ကိုဖြစ်စေရာ၌ **အားကြီးသောအကြောင်း**၏ဖြစ်ရာအဖြစ်ဖြင့် ကျေးဇူးပြုသောပစ္စည်းသည် အနန္တရူပနိဿယပစ္စည်း မည်၏။ ဤသို့ ထူးပါသည်။

www.dhammadownload.com

နိဿယနှင့် ဥပနိဿယ အထူး

နိဿယလည်း-မှီရာ၊ ဥပနိဿယလည်း-မှီရာ ဆိုကြသော်လည်း

နိဿယ = သာမညမှီရာ၊

ဥပနိဿယ = အားကြီးသောအရင်းခံပစ္စနဖြစ်သောမှီရာ ဖြစ်ပါသည်။

* ဥပမာ- ထမင်းဖြစ်ဖို့ရာ ပစ္စနမှီရာမှာ- စပါးမျိုးစေ့၊ လယ်၊ မိုးရေတို့ ဖြစ်ပါသည်။ ဤ ၃-ခုတို့သည် ထမင်းဖြစ်ဖို့ရာအတွက် အရင်းခံပစ္စနဖြစ်သောမှီရာ (ဥပနိဿယ) များဖြစ်ကြပါသည်။ ထမင်းအိုး၊ မီး၊ ထင်း၊ ထမင်းချက်သူတို့သည် ထမင်းချက်ချိန်ရောက်မှ မကင်းရာမကင်းကြောင်းအနေနှင့် သာမညမှီရာ(နိဿယ)များဖြစ် ကြပါသည်။

* ဥပမာ- စက္ခုဝိညာဉ်ဝိပါက်စိတ်ဖြစ်ဖို့ရာ ကံသည် အားကြီးသောအရင်းခံပစ္စန (ဥပနိဿယ)အကြောင်း၊ စက္ခုဝတ္ထုသည် စက္ခုဝိညာဉ်ဖြစ်ပေါ်ချိန်ရောက်မှ မကင်းရာမကင်းကြောင်း သာမညမှီရာ(နိဿယ)များ ဖြစ်ကြပါသည်။

နိဿယ၏အခြားမဲ့၌ ဥပနိဿယပစ္စည်း ဟောရခြင်း

နိဿယပစ္စည်းဖြင့် တစ်ခုသောခဏ, တစ်ခုသောဝီထိ၌ ကျေးဇူးပြုသည်အဖြစ်ကို ပြတော်မူအပ်၏။ ထိုတရားတို့သည် တစ်ခုသောခဏ၏အစွမ်းအားဖြင့်လည်းကောင်း၊ တစ်ခုသောဝီထိ၏အစွမ်းအားဖြင့်လည်းကောင်း ကျေးဇူးပြုကြကုန်သလော၊ ထိုသို့မဟုတ် အထူးထူးသောခဏ၏အစွမ်းအားဖြင့်လည်းကောင်း၊ အထူးထူးသော ဝီထိ၏အစွမ်းအားဖြင့်လည်းကောင်း ကျေးဇူးပြုကြကုန်သလောဟူသော ယုံမှားသင်္ကာကို ပယ်ဖျောက်လိုသောကြောင့် နိဿယပစ္စည်း၏ အခြားမဲ့၌ ဥပနိဿယပစ္စည်းကို ဟောတော်မူပါသည်။ အဓိပ္ပါယ်ကား-

နိဿယပစ္စည်း၏အစွမ်းအားဖြင့် တစ်ခုသောခဏ, တစ်ခုသောဝီထိ၌သာ ကျေးဇူးပြုသည်မဟုတ်သေး၊ ဥပနိဿယပစ္စည်း၏အစွမ်းအားဖြင့် အထူးထူးသောခဏ, အထူးထူးသောဝီထိ၌လည်း ကျေးဇူးပြုပါသည်ဟူလို။

[ဟံသာဝတီဆင်ဖြူများရှင်လက်ထက်၊ အသျှင်သဒ္ဓမ္မာလင်္ကာရ၏ 'ပဋ္ဌာနသာရဒီပနီဋီကာ']

www.dhammadownload.com

အမျိုးဇာတ်၊ ကာလ၊ ဘုံဌာန

- ဥပနိဿယပစ္စည်းသည် အမျိုးဇာတ် ၃-ပါးရှိ၍ မျိုးကွဲရှိသောပစ္စည်း ဖြစ်ပါသည်။
  - * 'အာရမ္မဏူပနိဿယ' (=အာရမ္မဏာဓိပတိနှင့်တူ)သည် အာရမ္မဏာအမျိုးဇာတ်၊
  - * 'အနန္တရူပနိဿယ' (=အနန္တရနှင့်တူ) အနန္တရအမျိုးဇာတ်၊
  - * 'ပကတူပနိဿယ'သည် ပကတူပနိဿယအမျိုးဇာတ် ဖြစ်ပါသည်။
- ဥပနိဿယပစ္စည်းသည် ပဋိသန္ဓေကာလ, ပဝတ္တိကာလ နှစ်ပါးလုံးဖြစ်ပါသည်။
  - ပစ္စုပ္ပန်, အတိတ်, အနာဂတ် ကာလသုံးပါးတို့တွင်-
  စိတ်,စေတသိက်,ရုပ်တို့၏ အစွမ်းဖြင့် ကာလ ၃-ပါးတို့၌ဖြစ်၍၊
  နိဗ္ဗာန်, ပညတ်တို့၏အစွမ်းအားဖြင့် ကာလ ၃-ပါးမှလွတ်ပါသည်။

ထို့ကြောင့် ဥပနိဿယပစ္စည်းသည် တေကာလိက, ကာလဝိမုတ်ပစ္စည်း ဖြစ်ပါသည်။

- ဥပနိဿယပစ္စည်းသည် ၃၁-ဘုံလုံး၌ ဖြစ်နိုင်ပါသည်။

ပစ္စယနိဒ္ဒေသပါဠိတော်-
ဥပနိဿယပစ္စည်း အရကောက်

ပစ္စည်း(ကတ္တား)	ပစ္စယုပ္ပန်(သမ္ပဒါန်)	သဘာဂ(ကရိုဏ်း)
ဖလဝ ဖြစ်သော စိတ် ၈၉၊ စေတသိက် ၅၂၊ ရုပ်၂၈၊ အချို့သောပညတ်။	စိတ် ၈၉၊ စေတသိက် ၅၂၊	➤ ပြိုင်- ပကတူ-၁ (ပြိုင်.ယ-၇) နံ့,နံ့, ဥ,သေ,**ကံ**, နတ်,ဝိ၊

ပကတူပနိဿယပစ္စည်း၏ သုဒ္ဓါသချာဝါရ၌- စိတ် တစ်ခုယုတ်ကိုးဆယ်၊ စေတသိက် ဒွေပညာသအား<u>တပ်သော</u> ဗလဝဖြစ်သော စိတ် တစ်ခုယုတ်ကိုးဆယ်၊ စေတသိက် ဒွေပညာသ၊ ရုပ် အဋ္ဌဝီသ၊ အချို့သောပညတ်။ ဤတရားတို့သည် ပကတူပနိဿယပစ္စည်းတတ်သောတရားတို့ မည်ကုန်၏။
ပစ္စည်းရေ-၁ ဟူသည်တည်း။
၁-ဟူသော်ကား ပကတူပနိဿယပစ္စည်း တည်း။

[ပဋ္ဌာန်း ၂၄-ပစ္စည်းတွင် ဥပနိဿယပစ္စည်းသည် အရာကျယ်ဝန်းလှသည့်အတွက် "မဟာပစ္စယ"ဟု အဋ္ဌကထာများက ဖွင့်ကြပါသည်။ 'ရောမ အကြောင်းတရားကြီး' ဟုဆိုပါသည်။ အကြောင်းအကျိုး ဆက်စပ်မှုကို စုံလင်စွာ ပြဆိုထားပါသည်။]

www.dhammadownload.com

ပစ္စည်းတရား	ပစ္စယုပ္ပန်တရား			
(ပုရိမာ[၂] ကုသလာ ဓမ္မာ)[၃]	(ပစ္ဆိမာနံ[၂])[၃]	ကုသလာနံ ဓမ္မာနံ	အကု **ကေသဥ္စိ**	အဗျာကတာနံ
(ပုရိမာ[၂] အကုသလာ ဓမ္မာ)[၃]	(ပစ္ဆိမာနံ[၂])[၃]	အကု ။	ကု **ကေသဥ္စိ**	။
(ပုရိမာ[၂] အဗျာကတာ ဓမ္မာ)[၃]	(ပစ္ဆိမာနံ[၂])[၃]	အဗျာ ။	ကုသလာနံ	အကုသလာနံ
ဥတုဘောဇနမ္ပိ, ပုဂ္ဂလောပိ, သေနာသနမ္ပိ၊				

ဆောင် ... အနန္တရူလျှင်၊ စင်စေချင်၊ ကေသဥ္စိကို ထည့်၍ဆို။

ကေသဥ္စိ ဟောမှု

အနန္တရူပနိဿယ မရမှုအတွက်ဟောပါသည်။ (ကု–အကု, အကု–ကု တို့၌သာ)

သချာ	အာရမ္မဏူပနိဿယ	အနန္တရူပနိဿယ	ပကတူပနိဿယ	
၁။ ကု–ကု	✓	✓	✓	
၂။ ကု–အကု	✓	✗ (ကေသဥ္စိ)	✓	* အနန္တရူပ မရ
၃။ ကု–ဗျာ	✓	✓	✓	
၄။ အကု–အကု	✓	✓	✓	
၅။ အကု–ကု	✗	✗ (ကေသဥ္စိ)	✓	* အနန္တရူပ မရ
၆။ အကု–ဗျာ	✗	✓	✓	
၇။ ဗျာ–ဗျာ	✓	✓	✓	
၈။ ဗျာ–ကု	✓	✓	✓	
၉။ ဗျာ–အကု	✓	✓	✓	

အနန္တရူပ ကောဋ္ဌိထိမှာ ကု နှင့် အကု–သည် သဘာဝခြင်းမတူ၍ ဆက်တိုက်မလာပ၊

* "ပုဂ္ဂလောပိ၊ သေနာသနမ္ပိ"ကို ပကတူပနိဿယ အစွမ်းဖြင့် ဟောပါသည်။ ထိုနှစ်ပါးသည် ကုသိုလ်စသည်တရားများဖြစ်မှုအတွက် အားကြီးသောအကြောင်းများ ဖြစ်ပါသည်။
* "ဥတုဘောဇနမ္ပိ"စသည်၌ "ပိ"သည် သဒ္ဒါအရ တော၊ သစ်ပင်၊ တောင်စသော ပညတ်အားလုံးကိုယူပါဟု **မူလဋီကာက** ပြပါသည်။ (ပညတ်)
(အချို့သောပညတ်၌ ပုဂ္ဂလပညတ်ကိုသာ ယူရပါသည်။)
* "သေနာသနမ္ပိ"ကို ပဉ္စဝါရ၌လည်းဟောသဖြင့် ပညတ်မဟုတ်။ ပရမတ်ဟု ယူရပါသည်။ (ပရမတ်)

www.dhammadownload.com

ပဉ္စဝါရဝိဘင်္ဂ–အရ ပကတူပနိဿယပစ္စည်း

၁။	ပကတူပနိဿယ	**ဗလဝ**ဖြစ်သော စိတ် ၈၉၊ စေ ၅၂၊ ရုပ် ၂၈၊	စိတ် ၈၉၊ စေ ၅၂၊	၉	၁ ဥပနိဿယ

သုဒ္ဓသင်္ချာဆိုရိုး။ ။ ပကတူပနိဿယပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ၌ စိတ်တစ်ခုယုတ်ကိုးဆယ်၊ စေတသိက် ဒွေပညာသ အား<u>တပ်သော</u> ဗလဝဖြစ်သောစိတ်တစ်ခုယုတ်ကိုးဆယ်၊ စေတသိက် ဒွေပညာသ၊ ရုပ် အဋ္ဌဝီသ ဤတရားတို့သည် ပကတူပနိဿယပစ္စည်းတတ်သောတရားတို့ မည်ကုန်၏။ သင်္ချာ နဝ။
ပစ္စည်းရေ–၁ ဟူသည်တည်း။ **ပစ္စည်းရေ**–၁ ဟူသည်ကား ဥပနိဿယ တည်း။ နဝဟူသော်ကား–

ဥပနိဿယ ၃–မျိုး သင်္ချာ ၉–ချက် (မဟာပစ္စယပစ္စည်း)

ကု		အာ	နံ	ပ
	အကု	✓	✗	✓
	ဗျာ	✓	✓	✓

အကု		အာ	နံ	ပ
	ကု	✗	✗	✓
	ဗျာ	✗	✓	✓

ဗျာ		အာ	နံ	ပ
	ကု	✓	✓	✓
	အကု	✓	✓	✓

နိဗ္ဗာန်သည် ပကတူပနိဿယပစ္စည်း မတပ်

- နိဗ္ဗာန်၌ ဖြစ်စေအပ်သော (နိပ္ဖါဒိတ)အကြောင်းသဘောလည်း မရှိ။
- မှီဝဲအပ်သော (ဥပသေဝိတ)အကြောင်းလည်း မရှိ။

ထို့ကြောင့် နိဗ္ဗာန်သည် ပကတူပနိဿယပစ္စည်း မတပ်ပါ။

ပကတူပ ပစ္စယုပ္ပန်မှာ ရုပ်မပါ။

* ပစ္စည်းတွင် ရုပ်တရားရှိနေသော်လည်း ပစ္စယုပ္ပန်တွင် ရုပ်တရား မပါ။

အစဉ်ဆိုသည့်သန္တာန်သည် ရုပ်သန္တာန်, နာမ်သန္တာန်ဟူ၍ ၂–မျိုးရှိပါသည်။
ရုပ်အစဉ်တွင် စေတနာမရှိသောကြောင့် တစ်ခုခုကိုမျှ ပြုလုပ်ဆောင်ရွက်နိုင်သောသဘော မရှိပါ။ ရှေးအခါက ကောင်းစွာပြုမှု ကောင်းစွာမှီဝဲမှုဆိုသော 'ပကတ' သဘောလည်း မရှိပါ။ ရုပ်တွင်ဤသဘောများ မရှိသောကြောင့် ပစ္စယုပ္ပန်အဖြစ်ဖြင့် မဟောပါ။

နာမ်အစဉ်သည် တစ်ခုခုကိုပြုလုပ်နိုင် စေ့ဆော်နိုင်သောစေတနာသဘော ရှိနေသောကြောင့် ရှေးအခါကကောင်းစွာပြုမှု ကောင်းစွာမှီဝဲမှုဆိုသော 'ပကတ'သဘောရသည့်အတွက် ပကတူပ၏ ပစ္စယုပ္ပန် ဖြစ်နိုင်ပါသည်။

www.dhammadownload.com

ပဉှာဝါရဝိဘင်္ဂ ပကတူပနိဿယ သရုပ်ခွဲ

၁။	ကုသလပဒ(၃)ဝါရ	ကု	ကု	ကတ္တား	ဗလဝဖြစ်သော အရဲမဂ်ကြဉ်သော ကု ၂၀၊ စေ ၃၈၊ **တပ်သော** **အား**	
				သမ္ပဒါန်	ကုသိုလ် ၂၁၊ စေတသိက် ၃၈၊	
				ကရိုဏ်း	ပကတူပနိဿယ၊	(၁)
၂။		ကု	အကု	ကတ္တား	ဗလဝဖြစ်သော လောကီကု ၁၇၊ စေ ၃၈၊	
				သမ္ပဒါန်	အကုသိုလ် ၁၂၊ စေတသိက် ၂၇၊	
				ကရိုဏ်း	ပကတူပနိဿယ၊	(၁)
၃။		ကု	ဗျာ	ကတ္တား	ဗလဝဖြစ်သော ကုသိုလ် ၂၁၊ စေ ၃၈၊	
				သမ္ပဒါန်	ဝိပါက် ၃၆၊ ကြိယာ ၂၀၊ စေတသိက် ၃၈၊	
				ကရိုဏ်း	အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ **ကမ္မ**၊ နတ္ထိ၊ ဝိဂတ	(၆)
၄။	အကုသလပဒ(၃)ဝါရ	အကု	အကု	ကတ္တား	ဗလဝဖြစ်သော အကု ၁၂၊ စေ ၂၇၊	
				သမ္ပဒါန်	အကုသိုလ် ၁၂၊ စေတသိက် ၂၇၊	
				ကရိုဏ်း	ပကတူပနိဿယ၊	(၁)
၅။		အကု	ကု	ကတ္တား	ဗလဝဖြစ်သော အကု ၁၂၊ စေ ၂၇၊	
				သမ္ပဒါန်	ကုသိုလ် ၂၁၊ စေတသိက် ၃၈၊	
				ကရိုဏ်း	ပကတူပနိဿယ၊	(၁)
၆။		အကု	ဗျာ	ကတ္တား	ဗလဝဖြစ်သော အကု ၁၂၊ စေ ၂၇၊	
				သမ္ပဒါန်	ဝိပါက် ၃၆၊ ကြိယာ ၂၀၊ စေတသိက် ၃၈၊	
				ကရိုဏ်း	ဥပနိဿယ၊ **ကမ္မ**၊	(၂)
၇။	အဗျာကတပဒ(၃)ဝါရ	ဗျာ	ဗျာ	ကတ္တား	ဗလဝဖြစ်သော ဝိပါက် ၃၆၊ ကြိယာ ၂၀၊ စေ ၃၈၊ **ရုပ် ၂၈**၊	
				သမ္ပဒါန်	ဝိပါက် ၃၆၊ ကြိယာ ၂၀၊ စေတသိက် ၃၈၊	
				ကရိုဏ်း	**ပကတူပနိဿယ**၊	(၁)
၈။		ဗျာ	ကု	ကတ္တား	ဗလဝဖြစ်သော အရဲဖိုလ်ကြဉ် ဝိ ၃၅၊ ကြိ ၂၀၊ စေ ၃၈၊ ရုပ် ၂၈၊	
				သမ္ပဒါန်	ကုသိုလ် ၂၁၊ စေတသိက် ၃၈၊	
				ကရိုဏ်း	**ပကတူပနိဿယ**၊	(၁)
၉။		ဗျာ	အကု	ကတ္တား	ဗလဝဖြစ်သော လောကီဝိပါက် ၃၂၊ ကြိယာ ၂၀၊ စေ ၃၅၊ ရုပ် ၂၈၊	
				သမ္ပဒါန်	အကုသိုလ် ၁၂၊ စေတသိက် ၂၇၊	
				ကရိုဏ်း	**ပကတူပနိဿယ**၊	(၁)

* ပစ္စယုပ္ပန် **ကု**–နေလျှင် ပစ္စည်း(ကု)၌ အရဲမဂ်ကြဉ်၊ ပစ္စည်း(ဗျာ)၌ အရဲဖိုလ်ကြဉ်။

* ပစ္စယုပ္ပန် **အကု**–နေလျှင် ကတ္တားအရ ဆိုင်ရာတွင် လောကီတရားများသာကောက်ပါ။

* ပစ္စယုပ္ပန် **ဗျာ**–နေလျှင် ကတ္တားအရ ဆိုင်ရာတွင် အကုန်ကောက်ပါ။

www.dhammadownload.com

(၁) ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ ဥပနိဿယပစ္စယေန ပစ္စယော။

သဒ္ဓါတရားသည် ကံ,ကံ၏အကျိုး၊ ပစ္စုပ္ပန်လောက, တမလွန်လောကစသည်တို့ကိုယုံကြည်မှု ဖြစ်ပါသည်။ ရေကိုအလိုရှိသောသူသည် မြေကြီးအောက်မှာ ရေသည် စင်စစ်ရှိ၏ဟု ယုံကြည်ပြီး မြေကိုတူးသကဲ့သို့ ဒါနပြုသူသည် ဒါန၏အကျိုးဆက် ရမည်ဟုယုံကြည်ပြီး ဒါနပြုပါသည်။ မိမိတို့ပင်ပန်းစွာ ရှာဖွေထားသောပစ္စည်းများကို သဒ္ဓါတရားယုံကြည်မှုကြောင့်သာလှူကြခြင်း ဖြစ်ပါသည်။

၁။	ကု	ကု	ကတ္တား	ဗလဝဖြစ်သော အရဲမင်္ကြဉ်သော ကု ၂၀၊ စေ ၃၈၊ တပ်သော
			သမ္ပဒါန်	ကုသိုလ် ၂၁၊ စေတသိက် ၃၈၊ အား
			ကရိယာ	ပကတူပနိဿယ၊ (၁)

စဉ်	ပစ္စည်း(ကု) ကတ္တား	သမ္ပဒါန် (ကု)	
၁။	သဒ္ဓံ ကံ၊ ကံ၏အကျိုး၊ ပစ္စုပ္ပန်ဘဝ၊ အစရှိသည်တို့၌ ယုံကြည်သောသဒ္ဓါ ပြဋ္ဌာန်းသော မဟာကု ၈ စိတ္တုပ္ပါဒ်	ဥပနိဿာယ	- အမှီပြု၍
		ဒါနံဒေတိ၊	အန္န၊ ပါန၊ ဃရ၊ ဝတ္ထစသောဒါနဝတ္ထုု ဒါနစေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်
		သီလံ သမာဒိယတိ၊	ပဉ္စင်္ဂသီလ၊ ဒသင်္ဂသီလ စေတနာပြု.မဟာ.ကု
		ဥပေါသထကမ္မံ ကရောတိ၊	အဋ္ဌင်္ဂဥပုသ်သီလ စေတနာပြု.မဟာ.ကု
		ဈာနံ ဥပ္ပါဒေတိ၊	မဟဂ္ဂုတ်ကုသိုလ်ဈာန် ၉၊
		ဝိပဿနံ ဥပ္ပါဒေတိ၊	ဝိပဿနာပြုသော မဟာကု၊ ⇦
		မဂ္ဂံ ဥပ္ပါဒေတိ၊	မဂ် ၄ ခု စိတ္တုပါဒ်၊ ⇦
		အဘိညံ ဥပ္ပါဒေတိ၊	ကု.အဘိ ၅ ပါး၊
		သမာပတ္တိံ ဥပ္ပါဒေတိ၊	ကု.သမာပတ် ၈ ပါး၊
၂။	သီလံ သီလ စေတနာပြဋ္ဌာန်းသော - မဟာ.ကု သုတံ သုတမယဉာဏ်ပြဋ္ဌာန်းသော - မဟာကု.ဉာသံ ၄၊ စာဂံ အလောဘပြဋ္ဌာန်းသော - မဟာကု ၈၊ ပညံ ပညာပြဋ္ဌာန်းသော - မဟာကုဉာ.သံ ၄ စိတ္တုပါဒ်	1/8 5/8 5/5 ‖ 1/8 သဒ္ဓံ → ဒါနံ,သီလံ,ဥ ... .. 5/8 သီလံ. → ဒါနံ,သီလံ,ဥ 5/5	
၃။	သဒ္ဓါ၊ သီလံ၊ သုတံ၊ စာဂေါ၊ ပညာ၊	သဒ္ဓါယ၊ သီလဿ၊ သုတဿ၊ စာဂဿ၊ ပညာယ .	
၄။	ပဌမဿ ဈာနဿ **ပရိကမ္မံ** ပဌမဈာန်ရစိမ့်သောငှါ ပထဝီစသည်ဖြင့် စီးဖြန်းသော ပရိကံကိစ္စတတ်သော ကာမ.ကုသိုလ်	ပဌမဿ ဈာနဿ ပထမဈာန်အား	
	ဒုတိယဿ../တတိယဿ../စတုတ္ထဿ ဈာနဿ ပရိကမ္မံ	ဒုတိယဿ. /တဿ. /စဿ.	
	အာကာ.ဿ./ဝိညာ../အာကိဉ္စညာ../နေဝ..ဿ ပရိကမ္မံ	အာကာ../ဝိ../အာ../နေဝ..ဿ	
	ပဌမံ ဈာနံ/ဒု/တ/စ/အာကာ/ဝိ/အာကိဉ္စ.နံ	**ဒုတိယဿ** ဈာနဿ/တ/စ/အာကာ/ဝိ/အာ/နေဝ	

www.dhammadownload.com

စဉ်	ပစ္စည်း(က) **ကတ္တား**	**သမ္ပဒါန်** (က)
၅။	ဒိဗ္ဗသ စက္ခုဿ ပရိကမ္မံ	ဒိဗ္ဗဿ စက္ခုဿ
	ဒိဗ္ဗာယ သော/ဣဒ္ဓိ/စေ/ပု/ယထာ/အနာ.ဿ	ဒိဗ္ဗာယ သော/ဣဒ္ဓိ/စေ/ပု/ယထာ/အနာ.ဿ
	ဒိဗ္ဗစက္ခု	ဒိဗ္ဗာယ သောတဓာတုယာ
	ဒိဗ္ဗသောတဓာတု/ဣဒ္ဓိ.ဏံ/စေ/ပု/ယထာ.ဏံ	ဣဒ္ဓိ/စေ/ပု/ယထာ/အနာ.သဉာဏဿ
၆။	ပဌမဿ မဂ္ဂဿ ပရိကမ္မံ သဗ္ဗေ သင်္ခါရာ အနိစ္စာ၊ ..ဒုက္ခာ၊ ..အနတ္တာ စသည်ဖြင့် စီးဖြန်းခြင်း(မဂ်ရရန် ပရိကံ)	ပဌမဿ မဂ္ဂဿ သောတာပတ္တိမဂ် ⇐
	ဒုတိယဿ/တ.ဿ/စတုတ္ထဿ မဂ္ဂဿ ပရိကမ္မံ	ဒုတိယဿ/တ.ဿ/စတုတ္ထဿ မဂ္ဂဿ ⇐
	ပဌမော မဂ္ဂေါ/ဒု/**တတိယော မဂ္ဂေါ**	ဒုတိယဿ မဂ္ဂဿ/တ/စတုတ္ထဿ မဂ္ဂဿ
၇။	သေက္ခာ မဂ္ဂံ အောက်မဂ် ၃ ခု၊	ဥပနိဿာယ အနုပ္ပန္နံ သမာပတ္တိံ ဥပါဒေန္တိ မဖြစ်သေးသော သမာပတ် ဖြစ်စေ၏။ ဥပ္ပန္နံ သမာပန္နတ္တိ၊ ဖြစ်ပြီးသော သမာပတ်ကို ဝင်စားကုန်၏။
	သင်္ခါရေ အနိစ္စတော၊ ဒုက္ခတော၊ အနတ္တတော သင်္ခါရတရားတို့ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု	ဝိပဿန္တိ။ ဝိပဿနာပွါးသော ကာမကုသိုလ် ⇐
	မဂ္ဂေါ အောက်မဂ် ၃ ခု၊ — သေက္ခာနံ အတ္ထပ္ပဋိသမ္ဘိဒါယ	* ပါဠိတော်အနက်ကိုသိသောဉာဏ်
	ဓမ္မပ္ပဋိသမ္ဘိဒါယ	* မာဂဓဘာသာပါဠိတော်သဒ္ဒါကိုသိသောဉာဏ်
	နိရုတ္တိပ္ပဋိသမ္ဘိဒါယ	* အရပ်သူတို့၏ဘာသာ သဒ္ဒါကိုသိသောဉာဏ်
	ပဋိဘာနပ္ပဋိသမ္ဘိဒါယ	* အနက်၊ ပါဠိ၊ ဘာသာ ၃ ပါးကိုသိသောဉာဏ်
	ဌာနာဌာနကောသလ္လဿ	– အရာဟုတ်သည် မဟုတ်သည်၌ လိမ္မာသောဉာဏ်။ (ပဋိသမ္ဘိဒါဉာဏ် အရ– မဂ်ဉာဏ်၊ ကာမာဝစရ ကုသိုလ်ဉာဏ်။)

"ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။"

သဒ္ဓါအစရှိသော သူတော်ကောင်းတရား ၅–ပါးသည် သက်သက်ဒါန စသည်တို့ဖြစ်ရန် အားကြီးသောအကြောင်းဖြစ်သည်သာမက မိမိ၏နောက်အဖို့မှဖြစ်သော သဒ္ဓါစသည်တို့သည်လည်း အားကြီးသောဖြစ်ခြင်းကို ပြပါသည်။

သဒ္ဓါပြဋ္ဌာန်းသော မဟာကုသိုလ်သည် သီလ၊ အဋ္ဌင်္ဂ၊ ဥပေါသထ၊ ဈာန၊ ဝိပဿနာ၊ မဂ်၊ အဘိညာဉ်၊ သမာပတ်အား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုသည်။

www.dhammadownload.com

ကုသလံ ယောနိသောမနသိကာရုပဒ္ဓာနံ။
အကုသလံ အယောနိသောမနသိကာရုပဒ္ဓာနံ။

✓ ကုသိုလ်ဖြစ်ခြင်း၏ အနီးဆုံးအကြောင်းသည်၊ 'ယောနိသောမနသိကာရ' နှလုံးသွင်းမှန်၍ အကောင်းမြင်ဝါဒ ရှိခြင်းပင်ဖြစ်၍၊
✗ အကုသိုလ်ဖြစ်ခြင်း၏ အနီးဆုံးအကြောင်းသည် 'အယောနိသောမနသိကာရ' မကောင်းမြင်ဝါဒ ရှိခြင်းပင်ဖြစ်၏–ဟု ဟောတော်မူပါသည်။

(၂) ကုသလော ဓမ္မော အကုသလဿ ဓမ္မဿ ဥပနိဿယပစ္စယေန ပစ္စယော။

၂။	ကု	အကု	ကတ္တား	ဗလဝဖြစ်သော လောကီကု ၁၇၊ စေ ၃၈၊	တပ်သော
			သမ္ပဒါန်	အကုသိုလ် ၁၂၊ စေတသိက် ၂၇၊	အား
			ကရိုဏ်း	ပကတူပနိဿယ၊	(၁)

စဉ်	ပစ္စည်း(ကု) ကတ္တား	သမ္ပဒါန် (အကု)
၁။	သဒ္ဓါ ကံ၊ ကံ၏အကျိုး၊ ပစ္စုပ္ပန်ဘဝအစရှိသည်တို့၌ ယုံကြည်သောသဒ္ဓါ ပြဋ္ဌာန်းသော မဟာကု ၈ စိတ္တုပ္ပါဒ်	ဥပနိဿာယ – အမှီပြု၍ မာနံ ဇပ္ပေတိ ငါသာလျှင် သဒ္ဓါတရားနှင့်ပြည့်စုံသောသူတည်းဟု မိမိကိုယ်ကို ထောင်လွှားသောအခါ(မာနကိုဖြစ်စေ၏။) ဒိဋ္ဌိဂတဝိပ္ပယုတ် ၄ ခု စိတ္တုပ္ပါဒ်၊ ဒိဋ္ဌိံ ဂဏှာတိ ထိုထိုသောစကားတို့၌ ယုံကြည်တတ်သောအားဖြင့် အနက်အဓိပ္ပါယ်ကို မစူးစမ်းမဆင်ခြင်မှု၌ မှားသော အယူရှိသောအခါ ဒိဋ္ဌိဂတသမ္ပယုတ် ၄ ခု စိတ္တုပ္ပါဒ်
၂။	သီလံ၊ သုတံ၊ စာဂံ၊ ပညံ	ဥပနိဿာယ မာနံ ဇပ္ပေတိ၊ ဒိဋ္ဌိံ ဂဏှာတိ၊
၃။	သဒ္ဓါ၊ သီလံ၊ သုတံ၊ စာဂေါ၊ ပညာ သဒ္ဓါ, သီလ, သုတ, စာဂ, ပညာ ပြဋ္ဌာန်းသော လောကီကုသိုလ် ၁၇	ရာဂဿ – သဒ္ဓါစသည်တရား–၅ပါးနှင့် ပြည့်စုံပြီဟု၍ မိမိကိုယ်ကို ချီးမြှောက်သောအခါ ရာဂပြဋ္ဌာန်းသော လောဘမူစိတ္တုပ္ပါဒ်၊ ဒေါသဿ – သူတစ်ပါးကို နှိပ်စက်သောအခါ ဒေါသစိတ္တုပ္ပါဒ်၊ မောဟဿ – အတ္တုက္ကံသန(မိမိကိုယ်ကိုချီးမြှောက်ခြင်း) ပရဝမ္ဘန(သူတစ်ပါးကိုရှုံ့ချခြင်း) ၂ ပါးဖြစ်သောအခါ မောဟပြ. အကု ၁၂ စိတ္တုပ္ပါဒ်၊ မာနဿ – ထောင်လွှားသောအခါ ဒိဋ္ဌိဝိပ္ပယုတ် ၄၊ ဒိဋ္ဌိယာ – မှားသောအယူရှိသောအခါ ဒိဋ္ဌိ..သမ္ပယုတ် ၄၊ ပတ္ထနာယ – ဘဝသမ္ပတ္တိပြည့်စုံခြင်း၊

www.dhammadownload.com

"ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ ကေသဉ္စိ ဥပနိဿယပစ္စယေန ပစ္စယော။"

သဒ္ဓါစသည်နှင့်ပြည့်စုံခြင်းကို အမှီပြု၍ ဘဝသမ္ပတ္တိ,ဘောဂသမ္ပတ္တိကို တောင့်တသောအခါ ဆုတောင်းခြင်း 'ပတ္ထနာ'အား ကျေးဇူးပြုသော လောကီကုသိုလ်သည် အကုသိုလ်အား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုပါသည်။

[[[အကြွင်သူသည် "သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ"ဟူသော သူတော်ကောင်းတရား ၅-ပါး ရှိ၏။ သို့သော် ဆုတောင်းမရှိ။ ထိုပုဂ္ဂိုလ်၏ ဂတိသည် မမြဲပါ။ အကြွင်သူသည် သူတော်ကောင်းတရား ၅-ပါးနှင့်တကွ ဆုတောင်းရော ရှိခဲ့လျှင် ထိုပုဂ္ဂိုလ်၏ ဂတိသည် မြဲ၏။ ဥပမာအားဖြင့် ကောင်းကင်ကို တုတ်နှင့် ပစ်တင်လိုက်သည့်အခါ ထိုတုတ်သည် အဖျားပိုင်းကကျမည်လား၊ အရင်းပိုင်းကကျမည်လား၊ မမြဲသလို ထိုထိုသတ္တဝါတို့၏ နောက်ဘဝပဋိသန္ဓေနေမှုသည် မမြဲပါ။ ထို့ကြောင့် အဋ္ဌကထာက- ကုသိုလ်ကံပြုပြီးသည့်နောက် မိမိတို့ဖြစ်လိုသောဘုံဘဝတစ်နေရာရာ ဆုတောင်းသင့်ပါသည်ဟု သြဝါဒ ပေးပါသည်။]]]

"ကေသဉ္စိ" သဒ္ဒါဖြင့်ဟောမှု

ကု		အာ	နံ	ပ
	ကု			
	အကု	✓	✗	✓
	ဗျာ	✓	✓	✓

အကု		အာ	နံ	ပ
	အကု			
	ကု	✗	✗	✓
	ဗျာ	✗	✓	✓

ဗျာ		အာ	နံ	ပ
	ဗျာ			
	ကု	✓	✓	✓
	အကု	✓	✓	✓

ကေသဉ္စိ ဥပနိဿယပစ္စယေန- ဥပနိဿယပစ္စည်းအချို့ဖြင့်ဟု ဟောခြင်းသည် ဥပနိဿယ ၃-မျိုးတွင် အချို့သာရမှုအတွက်ဟောပါသည်။ ဤ အချို့ မရမှုတွင်လည်း 'အကု-ဗျာ'တွင် အာရမ္မဏူပနိဿယပစ္စည်းတစ်ခုမရသော်လည်း အနန္တရူပနိဿယနှင့် ပကတူပနိဿယရသဖြင့် ကေသဉ္စိသဒ္ဒါဖြင့်မဟောခြင်းကိုထောက်ဆလျှင် 'ကု-အကု' နှင့် 'အကု-ကု'တို့တွင် <u>**အနန္တရူပနိဿယမရသည်ကိုဟောကြောင်း**</u> ပြဆိုခြင်းဖြစ်ပါသည်။

အနန္တရူပနိဿယပစ္စည်းသည် ဇောဝီထိမှာ ကုသိုလ်နှင့်အကုသိုလ်သည် သဘာဝခြင်း မတူသဖြင့် ဆက်တိုက်မလာပါ။ ကုသိုလ်သည် 'အနဝဇ္ဇသုခဝိပါကလက္ခဏာ'ဖြစ်ပြီး၊ အကုသိုလ်သည် 'သာဝဇ္ဇဒုက္ခဝိပါကလက္ခဏာ' ဖြစ်ပါသည်။ ထို့ကြောင့် ကုသိုလ်က အကုသိုလ်ကို၊ အကုသိုလ်က ကုသိုလ်ကို အကြားမရှိကျေးဇူးပြု၍ မရပါ။

www.dhammadownload.com

(၃) ကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ ဥပနိဿယပစ္စယေန ပစ္စယော။
ကုသိုလ်ဓမ္မသည် အဗျာကတဓမ္မအား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြု၏။

၃။	ကု	ဗျာ	ကတ္တား	ဗလဝဖြစ်သော ကုသိုလ် ၂၁၊ စေ ၃၈၊
			သမ္ပဒါန်	ဝိပါက် ၃၆၊ ကြိယာ ၂၀၊ စေတသိက် ၃၈၊
			ကရိဏ်း	အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ ကမ္မ၊ နတ္ထိ၊ ဝိဂတ (၆)

စဉ်	ပစ္စည်း(ကု) ကတ္တား	သမ္ပဒါန် (ဗျာ)
၁။	သဒ္ဓံ ကံ၊ ကံ၏အကျိုး၊ ပစ္စုပ္ပန်ဘဝအစရှိသည်တို့၌ ယုံကြည်သောသဒ္ဓါ ပြဋ္ဌာန်းသော ကာမကုသိုလ်	ဥပနိဿာယ – အမှီပြု၍ အတ္တာနံ အာတာပေတိ – သဒ္ဓါတရားကြောင့် ပြုဖွယ်ကိစ္စများ ဥစ္စာရှာဖွေရသဖြင့် မိမိကိုယ်ကို ပူပန်စေ၏၊ ပရိတာပေတိ – ပတ်ဝန်းကျင်ကိုပါ ပူပန်စေ၏၊ ပရိယိဋ္ဌိမူလကံ – ရှာမှီးခြင်းလျှင်အရင်းရှိသော ဒုက္ခံ ပစ္စနုဘောတိ – ဆင်းရဲကို ခံစားရ၏၊ ဒုက္ခသဟဂုတ်ကာယဝိညာဉ်
၂။	သီလံ၊ သုတံ၊ စာဂံ၊ ပညံ	။
၃။	သဒ္ဓါ၊ သီလံ၊ သုတံ၊ စာဂေါ၊ ပညာ သဒ္ဓါ, သီလ, သုတ, စာဂ, ပညာပြဋ္ဌာန်းသော ကာမကုသိုလ်	ကာယိကဿ သုခဿ၊ ကာယိကဿ ဒုက္ခဿ ဖလသမာပတ္တိယာ သဒ္ဓါစသည်ကိုအမှီပြု၍ ချမ်းသာခြင်း၏အကြောင်းဖြစ်သော သုံးဆောင်ခံစားဖွယ်တို့ကိုခံစားသောအခါ သဒ္ဓါစသည့်တရား တို့၏ စွမ်းရည်ကြောင့် နှလုံးသာယာမှု/မသာယာမှု ဖြစ်၏။ သုခသဟဂုတ်ကာယဝိညာဉ်၊ ဒုက္ခ.ကာယဝိညာဉ်၊ ဖိုလ် ၄၊
၄။	ကုသလံ ကမ္မံ ဗလဝဖြစ်သောကုသိုလ်စေတနာ	ဝိပါကဿ ကုသလဝိပါက် (ကျေနတိ်သ)၂၉ ခု၊
၅။	အရဟတာ မဂ္ဂံ (ရဟန္တာ) အရဟတ္တမဂ်၊	ဥပနိဿာယ အနုပ္ပန္နံ ကိရိယ သမာပတ္တိံ ဥပ္ပါဒေတိ၊ ဥပ္ပန္နံ သမာပဇ္ဇတိ၊ သင်္ခါရေ အနိစ္စတော၊ ဒုက္ခတော၊ အနတ္တတော ဝိပဿတိ၊ သင်္ခါရကို အနိစ္စ၊ဒုက္ခ၊အနတ္တဟု ဝိပဿနာရှုသော (မဟာကြိယာ)
၆။	မဂ္ဂေါ အရဟတ္တမဂ်၊	အရဟတော အတ္ထပ္ပဋိသမ္ဘိဒါယ ဓမ္မပ္ပဋိသမ္ဘိဒါယ နိရုတ္တိပ္ပဋိသမ္ဘိဒါယ ပဋိဘာနပ္ပဋိသမ္ဘိဒါယ ဌာနာဌာနကောသလ္လဿ၊
၇။	မဂ္ဂေါ – မဂ် ၄ ခု၊	ဖလသမာပတ္တိယာ– ဖိုလ် ၄ ခု၊

"ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။"

www.dhammadownload.com

* သဒ္ဓါနှင့်ပြည့်စုံခြင်းကိုအမှီပြု၍ အလွန်ချမ်းသည် အလွန်ပူသည်ဟု မဆုတ်မှုဘဲ အထူးထူး အပြားပြားသော အမှုကြီး,ငယ်တို့ကိုပြုသည်ရှိသော် မိမိကိုယ်ကို ပူပန်စေ၏။ ဥစ္စာစည်းစိမ်တို့ကိုဖြစ်စေ၍ အလှူကောင်းမှုတို့ကိုပြုအံ့ဟု ဥစ္စာစည်းစိမ်တို့ကို ရှာမှီးခြင်းအရင်းရှိသောဆင်းရဲကို ခံစား၏။

* သီလနှင့်ပြည့်စုံသောသူသည်လည်း သီလကိုစောင့်ရှောက်အံ့သောငှာ လွင်တီးခေါင်၌ နေခြင်းအစရှိသောအစွမ်းဖြင့် မိမိကိုယ်ကို ပူပန်စေ၏။

* အကြားအမြင်နှင့်ပြည့်စုံသောသူသည်လည်း အကြားအမြင်များသည်နှင့် လျော်စွာ ကျင့်အံ့ဟူ၍ အလွန်ချမ်းသည်,အလွန်ပူသည်ဟု မဆုတ်မှုဘဲ အထူးထူးအပြားပြား သောအမှုသစ် အမှုကြီး,ငယ်တို့ကိုပြုသည်ရှိသော် မိမိကိုယ်ကို ပူပန်စေ၏။ ပိဏ္ဍပတ် ခုတင်ဆောက်တည်ခြင်း အစရှိသည်တို့၏အစွမ်းဖြင့် ဆွမ်းကိုရှာမှီးခြင်းအရင်းရှိသော ဆင်းရဲကို ခံစား၏။

* စွန့်ကြဲခြင်းနှင့်ပြည့်စုံသောသူသည်လည်း လွတ်လွတ်စွန့်ကြဲခြင်းရှိသည်၏အဖြစ် ကြောင့် မိမိမျှတလောက်ရုံသော ဝတ္ထုပစ္စည်းတို့ကို မချွင်းမူ၍ စွန့်ကြဲ၍သော်၎င်း၊ ခြေ,လက်စသော အင်္ဂါကြီး,ငယ်ကို စွန့်ကြဲ၍သော်၎င်း၊ မိမိကိုယ်ကို ပူပန်စေ၏။ စွန့်ကြဲအပ်သောဝတ္ထုကို ဖြစ်စိမ့်သောငှာ ပစ္စည်းဝတ္ထုကိုရှာမှီးခြင်းလျှင်အရင်းရှိသော ဆင်းရဲကို ခံစား၏။

* ပညာနှင့်ပြည့်စုံသောသူသည်လည်း အဆင့်ဆင့်ပညာကိုပွားစေအံ့ဟု ပညာရှိသော အဖြစ်ကိုအမှီပြု၍ အချမ်း,အပူစသည်တို့ကိုမရေတွက်မူ၍ သရဇ္ဈာယ်ခြင်း၊ နှလုံး သွင်းခြင်းတို့၌ လုံ့လပြုသည်ရှိသော် မိမိကိုယ်ကို ပူပန်စေ၏။ မိစ္ဆာဇီဝ၌ အပြစ်၊ သမ္မာဇီဝ၌ အကျိုးကိုမြင်၏။ မိစ္ဆာဇီဝကိုပယ်၍ စင်ကြယ်သောသမ္မာဇီဝဖြင့် အသက် မွေးခြင်းကိုရှာမှီးသည်ရှိသော် ရှာမှီးခြင်းလျှင်အရင်းရှိသော ဆင်းရဲကို ခံစား၏။

◉ သဒ္ဓါအစရှိသောတရားနှင့်ပြည့်စုံခြင်းကို အမှီပြု၍ နှလုံးမသာယာခြင်းလျှင် အရင်းရှိသော ပီတိ, ပါမောဇ္ဇကြောင့်ဖြစ်သော ရုပ်ဖြင့်တွေ့သောကိုယ်ရှိသောသူအား ကာယိကသုခအား ....

◉ ဆိုခဲ့ပြီးသောနည်းဖြင့် ဆင်းရဲသောအခါ– ကာယိကဒုက္ခအား၊ ဖိုလ်ဝင်စားသော အခါ၌ သမာပတ်အား၊ ဗလဝဖြစ်သောကုသိုလ် ၂၁–စေတနာသည် ကုသလဝိပါက် ၂၉–ခုအား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြု၏။

* သဒ္ဓါပြဋ္ဌာန်းသော ကာမကုသိုလ်သည် ဒုက္ခသဟဂုတ်ကာယဝိညာဉ်အား (ပကတူပနိဿယ) သတ္တိဖြင့် ကျေးဇူးပြုပါသည်။ . . .

www.dhammadownload.com

? ပညာကိုအကြောင်းခံ၍ ကုသိုလ်၊ အကုသိုလ်၊ အဗျာကတဖြစ်ပုံကို ပကတူပ-နိဿယပစ္စည်းတွင် အဘယ်ကဲ့သို့ဟောသနည်း။ မည်သည့် ကုသိုလ်၊ အကုသိုလ်၊ အဗျာကတတို့ ဖြစ်ကြသနည်း။ အဗျာကတဖြစ်ပုံကို ဥပမာတစ်ခုဆောင်၍ ရေးပြပါ။

* ကုသိုလ်ဖြစ်ပုံ = ပညံ ဥပနိဿာယ ဒါနံဒေတိ၊ သီလံ သမာဒိယတိ၊ ဥပေါသထကမ္မံ ကရောတိ၊ ဈာနံ ဥပ္ပါဒေတိ၊ ဝိပဿနံ ဥပ္ပါဒေတိ၊ မဂ္ဂံ ဥပ္ပါဒေတိ၊ အဘိညံ ဥပ္ပါဒေတိ၊ သမာပတ္တိံ ဥပ္ပါဒေတိ။

* အကုသိုလ်ဖြစ်ပုံ = ပညံ ဥပနိဿာယ မာနံဇပ္ပေတိ၊ ဒိဋ္ဌိံ ဂဏှာတိ။
- အကုသိုလ်မှာ လောဘမူစိတ် ၈-ခု ဖြစ်ပါသည်။

* အဗျာကတဖြစ်ပုံ = ပညံ ဥပနိဿာယ အတ္တာနံ အာတာပေတိ၊ ပရိတာပေတိ၊ ပရိယိဋ္ဌိမူလကံ ဒုက္ခံ ပစ္စနုဘောတိ။
အဗျာကတဖြစ်ပုံ ဥပမာကား- ပညာနှင့်ပြည့်စုံသောသူသည် အဆင့်ဆင့်ပညာကိုတိုးပွားရန် မိမိပညာရှိအဖြစ်ကိုအမှီပြု၍ အချမ်းအပူစသည်ကို မငဲ့ကွက်နိုင်ဘဲ ထပ်မံအားထုတ်မှုအတွက် မိမိကိုယ်ကိုပူပန်စေ၍ ကာယိကဒုက္ခ ဖြစ်၏။
- အဗျာကတာမှာ ဒုက္ခသဟဂုတ်ကာယဝိညာဏ်စိတ် ဖြစ်၏။

(၄) အကုသလော ဓမ္မော အကုသလဿ ဓမ္မဿ ဥပနိဿယပစ္စယေန ပစ္စယော။

အကု-အကုတွင် ပစ္စည်းတရား ရာဂစသည် ဒုစရိုက် ၁၀-ပါး၊ ပဉ္စာနန္တရိယကံနှင့် နိယတမိစ္ဆာဒိဋ္ဌိတို့ဖြစ်ပါသည်။ ပစ္စည်း,ပစ္စယုပ္ပန်များ အကုသိုလ်များသာဖြစ်ပါသည်။ ရှေးရှေးရာဂစသည်ကို အကြောင်းပြုလိုက်လျှင် နောက်နောက် ရာဂ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိအစရှိသည် အကုသိုလ်စိတ္တုပ္ပါဒ်တို့ မဖြစ်နိုင်တာရယ်လို့ မရှိပါ။ ထိုနည်းတူစွာပင် ဒုစရိုက် ၁၀-ပါးတွင်းလည်း ရှေးရှေး ပါဏာတိပါတအစရှိသည်တို့က နောက်နောက် ပါဏာတိပါတ,အဒိန္နာဒါနာကံစသည်,စသည်တို့ကို ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုနိုင်ပါသည်။

* ရှေးရှေးဖြစ်သော ရာဂ-သည် နောက်နောက်ဖြစ်သော ရာဂ-ကို ကျေးဇူးပြု၏။ ကြွင်းသောဒေါသစသည်တို့ကိုလည်း ကျေးဇူးပြု၏။ ရှေးရှေး ရာဂ-ကိုအကြောင်းပြု၍ နောက်နောက် ရာဂ၊ ဒေါသ၊ မောဟ၊ မာန...အစရှိသော အကု-၁၂ စိတ္တုပ္ပါဒ်သည် မဖြစ်နိုင်တာမရှိပါ။

"ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။"

www.dhammadownload.com

၄။	အကု	အကု	ကတ္တား	ဗလဝဖြစ်သော အကု ၁၂၊ စေ ၂၇၊	တပ်သော
			သမ္ဗဒါန်	အကုသိုလ် ၁၂၊ စေတသိက် ၂၇၊	အား
			ကရိုဏ်း	ပကတူပနိဿယ၊	(၁)

အနုဝါဒပါဠိတော် 6/18 ရာဂံ → ပါဏံဟနတိ,အဒိန္နံ ... ...

စဉ်	ပစ္စည်း(အကု) ကတ္တား	သမ္ပဒါန် (အကု)
၁။	ရာဂံ	ဥပနိဿာယ အမှီပြု၍
	ရာဂံ– ရာဂပြဋ္ဌာန်းသော	ပါဏံဟနတိ ပါဏါတိပါတဖြစ်သော ဒေါမူ,မောမူစိတ္တုပ္ပါဒ်
	လောဘမူစိတ္တုပါဒ်	အဒိန္နံ အာဒိယတိ အဒိန္န ဖြစ်သော(ခိုး) အကု ၁၂ စိတ္တုပ္ပါဒ်
	(လော ၈၊ စေ ၂၂) ↓	မုသာ ဘဏတိ မုသာဝါဒဖြစ်သော(လိမ်) အကု ၁၂ စိတ္တုပ္ပါဒ်
	(မိမိ,သူတပါးထံ၌ဖြစ်	ပိသုဏံ ဘဏတိ ချောဖြစ်သော(ကုံးချော)စကား) ။
	သော ရာဂ နှစ်ပါးလုံး	ဖရုသံ ဘဏတိ ဖရုသဝါစာ(ကြမ်းကြုတ်) ဒေါမူ/မောမူစိတ္တုပ္ပါဒ်
	ယူနိုင်သည်။	သမ္ဖံ ပလပတိ သမ္ဖပလာ(အကျိုးမရှိ) အကု ၁၂ စိတ္တုပ္ပါဒ်
	မိမိသန္တာန် ၌ဖြစ်သော ↓	သန္ဓိံ ဆိန္ဒတိ အိမ်ခြံစပ်ကို ဖျက်၍ခိုး အကု ၁၂ စိတ္တုပ္ပါဒ်
	ရာဂအစွမ်းဖြင့်	နိလ္လောပံ ဟရတိ ပုန်းကွယ်ပြီးခိုး အကု ၁၂ စိတ္တုပ္ပါဒ်
	ပြမှ ထင်ရှား၊)	ဧကာဂါရိကံ ကရောတိ တစ်အိမ်ထဲကိုခြံရံ(ဝိုင်း) အကု ၁၂ စိတ္တုပ္ပါဒ်
		ပရိပန္ထေ တိဋ္ဌတိ လမ်းဆုံ/မမှရပ်ပြီး လု/ခိုး အကု ၁၂ စိတ္တုပ္ပါဒ်
	↓	ပရဒါရံ ဂစ္ဆတိ ကာမေသု..ဖြစ်သော လောမူ/မောမူစိတ္တုပ္ပါဒ်
		ဂါမဃာတံ ကရောတိ ရွာဖျက်ခြင်းဖြစ်သော အကု ၁၂ စိတ္တုပ္ပါဒ်
	၁၃။	နိဂမဃာတံ ကရောတိ နိဂုံးဖျက်ခြင်းဖြစ်သော အကု ၁၂ စိတ္တုပ္ပါဒ်
	❾	မာတရံ ဇီဝိတာ ဝေါရောပေတိ အမိကိုသတ် (မာတု ဃါတက)
		⬇ ဒေါသမူစိတ္တုပ္ပါဒ်
		ပိတရံ ဇီဝိတာ ဝေါရောပေတိ အဖကိုသတ် (ပိတုဃါတက) ။
		အရဟန္တံ ဇီဝိတာ ဝေါရောပေတိ ရဟန္တာကိုသတ်(အရဟန္တဃါတက) ။
		ဒုဋ္ဌေန စိတ္တေန တထာဂတဿ လောဟိတံ ဥပ္ပါဒေတိ
		ပြစ်မှားလိုသောစိတ်ဖြင့်မြတ်စွာဘုရားကို သွေးစိမ်းတည်အောင်ပြုခြင်း၊
		(လောဟိတုပ္ပါဒက) ။
	၁၈။	သံဃံ ဘိန္ဒတိ သံဃာကိုသင်းခွဲ (သံဃဘေဒက) ။

www.dhammadownload.com

စဉ်	ပစ္စည်း(အကု)ကတ္တား	သမ္ပဒါန် (အကု)
၂။	ဒေါသံ ဒေါသပြဋ္ဌာန်းသော ဒေါမူ စိတ္တုပ္ပါဒ် မောဟံ မောဟပြဋ္ဌာန်းသော အကု.၁၂ စိတ္တုပ္ပါဒ် မာနံ မာနပြဋ္ဌာန်းသော ဒိဝိပ် စိတ္တုပ္ပါဒ် ဒိဋ္ဌိံ ဒိဋ္ဌိပြဋ္ဌာန်းသော ဒိသမ် စိတ္တုပ္ပါဒ် ပတ္ထနံ ဘဝ,ဘောဂသမ္ပတ္တိ... လောမူ စိတ္တုပ္ပါဒ်	ဥပနိဿာယ အမြဲပြ၍ ။ ပါဏံဟနတိ ။ပ။ သံဃံ ဘိန္ဒတိ၊
၃။	ရာဂေါ၊ ဒေါသော၊ မောဟော၊ မာနော၊ ဒိဋ္ဌိ၊ ပတ္ထနာ	ရာဂဿ၊ ဒေါသဿ၊ မောဟဿ၊ မာနဿ၊ ဒိဋ္ဌိယာ၊ ပတ္ထနာယ၊
၄။	ပါဏာတိပါတော သူ၏အသက်ကို သတ်ခြင်း ဒေါမူ,မောမူ စိတ္တုပ္ပါဒ်	ပါဏာတိပါတဿ သူ့အသက်သတ်ခြင်း ဒေါမူ,မောမူစိတ္တုပ္ပါဒ် အဒိန္နာဒါနဿ သူ့ဥစ္စာကိုခိုးယူခြင်း အကု ၁၂ စိတ္တုပ္ပါဒ် ကာမေသုမိစ္ဆာစာရဿ ကာမဂုဏ်..မှားခြင်း လောမူ,မောမူစိတ္တုပ္ပါဒ်
4		မုသာဝါဒဿ မုသာဝါဒဖြစ်သော(လိမ်) အကု ၁၂ စိတ္တုပ္ပါဒ် ပိသုဏာယ ဝါစာယ ချောဖြစ်သော(ကုံးချော)စကား) ။ ဖရုသာယ ဝါစာယ ဖရုသဝါစာ(ကြမ်းကြုတ်) ဒေါမူ,မောမူစိတ္တုပ္ပါဒ် သမ္ဖပ္ပလာပဿ သမ္ဖပ္ပလာ(အကျိုးမရှိ) အကု ၁၂ စိတ္တုပါဒ်
3		အဘိဇ္ဈာယ သူတပါးပစ္စည်းမိမိပစ္စည်းဖြစ်လို၍ လောမူ စိတ္တုပ္ပါဒ် ဗျာပါဒဿ သူတပါး၏အကျိုးစီးပွားပျက်စေလို၍ ဒေါမူ စိတ္တုပ္ပါဒ် မိစ္ဆာဒိဋ္ဌိယာ ဖောက်ပြန်သောအားဖြင့်အယူမှားခြင်း ဒိသမ် စိတ္တုပ္ပါဒ်
၅။	အဒိန္နာဒါနံ	အဒိန္နာဒါနဿ၊ ကာမေသုမိစ္ဆာစာရဿ၊ မုသာဝါဒဿ၊ (သံခိတ္တံ၊)
	မိစ္ဆာဒိဋ္ဌိယာ	ပါဏာတိပါတဿ၊ (စက္ကံ ဗန္ဓိတဗ္ဗံ၊)
၆။	ကာမေသုမိစ္ဆာစာရော	မုသာဝါဒေါ၊ ပိသုဏာဝါစာ၊ ဖရုသဝါစာ၊ သမ္ဖပ္ပလာပေါ၊ အဘိဇ္ဈာ၊ ဗျာပါဒေါ၊ မိစ္ဆာဒိဋ္ဌိ မိစ္ဆာဒိဋ္ဌိယာ၊ ⇗
	မိစ္ဆာဒိဋ္ဌိ	ပါဏာတိပါတဿ၊ အဒိန္နာဒါနဿ၊ ကာမေသုမိစ္ဆာစာရဿ၊ မုသာဝါဒဿ၊ ပိသုဏာယ ဝါစာယ၊ ဖရုသာယ ဝါစာယ၊ သမ္ဖပ္ပလာပဿ၊ အဘိဇ္ဈာယ၊ ဗျာပါဒဿ၊
၇။	မာတုဃာတိကမ္မံ	မာတုဃာတိကမ္မဿ၊ ပိတုဃာတိကမ္မဿ၊ ဉ..ပ။ အရဟန္တဃာတိကမ္မဿ၊ ရုဟိရုပ္ပါဒကမ္မဿ၊ သံဃဘေဒကမ္မဿ၊ နိယတမိစ္ဆာဒိဋ္ဌိယာ၊
၈။	ပိတုဃာတိကမ္မံ	ပိတုဃာတိကမ္မဿ၊ အရဟန္တဃာတိကမ္မဿ၊ ရုဟိရုပ္ပါဒကကမ္မဿ၊ သံဃဘေဒကမ္မဿ၊ နိယတမိစ္ဆာဒိဋ္ဌိယာ၊ မာတုဃာတိကမ္မဿ၊*

www.dhammadownload.com

စဉ်	ပစ္စည်း(အကု)ကတ္တား	သမ္ဘဒါန် (အကု)
၉။	အရဟန္တဃာတိကမ္မံ	အရဟန္တဃာတိကမ္မဿ၊ ရုဟိရုပ္ပါဒကမ္မဿ၊ ပ။
၁၀။	ရုဟိရုပ္ပါဒကမ္မံ	ရုဟိရုပ္ပါဒကမ္မဿ၊ ပ။
၁၁။	သံဃဘေဒကမ္မံ	သံဃဘေဒကမ္မဿ၊ ပ။ နိယတမိစ္ဆာဒိဋ္ဌိ နိယတမိစ္ဆာဒိဋ္ဌိယာ၊
၁၂။	နိယတမိစ္ဆာဒိဋ္ဌိ	မာတုဃာတိကမ္မဿ၊ ဥ..၊ ပ။ အရဟန္တဃာတိကမ္မဿ၊ ရုဟိရုပ္ပါဒကမ္မဿ၊ သံဃဘေဒကမ္မဿ၊ (စက္ကံ ကာတဗ္ဗံ၊)

နိယတမိစ္ဆာဒိဋ္ဌိ အထူး

နတ္ထိကဒိဋ္ဌိ – နောက်နောက်သောဘဝ၌ အကျိုးမရှိဟု အကျိုးဝိပါက်ကိုတားမြစ်သောအယူ။ အကျိုးကိုပယ်က အကြောင်းကံကိုလည်း ပယ်ပြီးဖြစ်၏။

အဟေတုကဒိဋ္ဌိ – အကြောင်းလည်း မရှိ, အကျိုးလည်း မရှိဟု အကြောင်းအကျိုးနှစ်ပါးကိုပယ်သောအယူ။ 'အဟေတုက' အကြောင်းမရှိဟုဆိုသဖြင့် အကျိုးလည်းမရှိဟု ဆိုရာရောက်၏။

အကိရိယဒိဋ္ဌိ – ကောင်းမှု, မကောင်းမှုကို ပြုသော်လည်း ပြုသည်မမည်။ ပြုရာမရောက်ဟု အကြောင်းကံကိုတားမြစ်သောအယူ။ အကြောင်းကံကို တားမြစ်လျှင် ထိုကံ၏အကျိုးကိုလည်း တားမြစ်ရာရောက်၏။

ဤသို့ မိစ္ဆာအယူသုံးမျိုးပင် ကံနှင့် ကံ၏အကျိုးကို တားမြစ်ကြသည်။

ပဉ္စာနန္တရိယကံ

* မာတုဃာတိကမ္မံ–အမိကိုသတ်၊ – မာတရံ ဇီဝိတာ ဝေါရောပေတိ၊
* ပိတုဃာတိကမ္မံ–အဖကိုသတ်၊ – ပိတရံ ဇီဝိတာ ဝေါရောပေတိ၊
* အရဟန္တဃာတိကမ္မံ–ရဟန္တာကိုသတ်၊ – အရဟန္တံ ဇီဝိတာ ဝေါရောပေတိ၊
* ရုဟိရုပ္ပါဒကမ္မံ(လောဟိတုပ္ပါဒက) – တထာဂတဿ လောဟိတံ ဥပ္ပါဒေတိ၊ မြတ်စွာဘုရားကို သွေးစိမ်းတည်အောင်ပြုခြင်း၊
* သံဃဘေဒကမ္မံ–သံဃာကို သင်းခွဲခြင်း– သံဃံ ဘိန္ဒတိ၊

(၁) ဒြပ်ပြားသဏ္ဌာန်ပြားသော မာတုဃာတိကံ၊
(၂) ရေးဘဝသတ်ခဲ့ဘူးသော မာတုဃာတိကံ၊
(၃) ဤဘဝတွင် အဖန်တလဲလဲစေ၍သတ်စေသော မာတုဃာတိကံ၊
(၄) နှစ်ကြိမ်စေ၍သတ်သော မာတုဃာတိကံ၊ ဤကဲ့သို့ အစွမ်းအားဖြင့်ဖြစ်သော မာတုဃာတိကံက နောက်နောက်ဖြစ်သော မာတုဃာတိကံအား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုပါသည်။

www.dhammadownload.com

(၅) အကုသလော ဓမ္မော ကုသလဿ ဓမ္မဿ ဥပနိဿယပစ္စယေန ပစ္စယော။
အကုသိုလ်ဓမ္မသည် ကုသိုလ်ဓမ္မအား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြု၏။

၅။	အကု	ကု	ကတ္တား	ဗလဝဖြစ်သော အကု ၁၂၊ စေ ၂၇၊ **တပ်သော**
			သမ္ပဒါန်	ကုသိုလ် ၂၁၊ စေတသိက် ၃၈၊ **အား**
			ကရိယာ	ပကတူပနိဿယ၊ (၁)

အနုဝါဒပါဠိတော် 6/8 ရာဂံ → ဒါနံ,သီလံ,ဥ ... .. 6/5 ရာဂံ → သဒ္ဓါယ,သီလဿ ...

စဉ်	ပစ္စည်း(**အကု**) **ကတ္တား**	**သမ္ပဒါန်** (ကု)
၁။	ရာဂံ (ရာဂကိုအကြောင်းပြုပြီးဒါန.. စသည့် ကုသိုလ်တွေလုပ်) ရာဂံ–ရာဂပြဋ္ဌာန်းသော လောဘမူစိတ္တုပ္ပါဒ် (လော ၈၊ စေ ၂၂)	ဥပနိဿာယ ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊ ဥပေါသထကမ္မံ ကရောတိ၊ ဈာနံ ဥပ္ပါဒေတိ၊ ဝိပဿနံ ဥပ္ပါဒေတိ၊ မဂ္ဂံ ဥပ္ပါဒေတိ၊ ⇐ အဘိညံ ဥပ္ပါဒေတိ၊ သမာပတ္တိံ ဥပ္ပါဒေတိ၊
၂။	ဒေါသံ၊ပ။ မောဟံ၊ပ။ မာနံ၊ပ။ ဒိဋ္ဌိံ၊ပ။ ပတ္ထနံ၊ပ။	။
၃။	ရာဂေါ၊ ဒေါသော၊ မောဟော၊ မာနော၊ ဒိဋ္ဌိ၊ ပတ္ထနာ	သဒ္ဓါယ၊ သီလဿ၊ သုတဿ၊ စာဂဿ၊ ပညာယ၊
၄။	ပါဏံဟန္တွာ တဿ သူ၏အသက်ကိုသတ်၍၊ ထိုစေတနာဝိပါက် အကျိုးကို ဒေါသမူစိတ္တုပ္ပါဒ် (ဒေါ ၂၊ စေ ၂၂)	ပဋိဃာတတ္ထာယ ပယ်ဖျောက်ခြင်းငှာ ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊ ဥပေါသထကမ္မံ ကရောတိ၊ ဈာနံ ဥပ္ပါဒေတိ၊ ဝိပဿနံ ဥပ္ပါဒေတိ၊ မဂ္ဂံ ဥပ္ပါဒေတိ၊ ⇐ အဘိညံ ဥပ္ပါဒေတိ၊ သမာပတ္တိံ ဥပ္ပါဒေတိ၊
၅။	အဒိန္နံ အာဒိယိတွာ၊ပ။ မုသာ ဘဏိတွာ၊ပ။ ပိသုဏံ ဘဏိတွာ၊ပ။ ဖရုသံ ဘဏိတွာ၊ပ။ သမ္ဖံ ပလပိတွာ၊ပ။ သန္ဓိံ ဆိန္ဒိတွာ၊ပ။ နိလ္လောပံ ဟရိတွာ၊ ပ။ ဧကာဂါရိကံ ကရိတွာ၊ပ။ ပရိပန္ထေ ဌတွာ၊ ပ။ ပရဒါရံ ဂန္တွာ၊ပ။ ဂါမဃာတံ ကရိတွာ၊ပ။ နိဂမဃာတံ ကရိတွာ တဿ	။ ⇐
၆။	မာတရံ ဇီဝိတာ ဝေါရောပေတွာ တဿ	ပဋိဃာတတ္ထာယ ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊ ဥပေါသထကမ္မံ ကရောတိ၊
	ပိတရံ ဇီဝိတာ ဝေါရောပေတွာ၊ပ။ အရဟန္တံ ဇီဝိတာ ဝေါရောပေတွာ၊ပ။ ဒုဋ္ဌေန စိတ္တေန တထာဂတဿ လောဟိတံ ဥပ္ပါဒေတွာ၊ပ။ သံဃံ ဘိန္ဒိတွာ တဿ	။

ပစ္စည်း ရာဂ,ဒေါသစသည်။ ပစ္စယုပ္ပန် ဒါနံ ဒေတိ, သီလံ..။ ပေယျာလ များထိုး ထားပါသည်။

www.dhammadownload.com

"ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ ကေသဉ္စိ ဥပနိဿယပစ္စယေန ပစ္စယော။"

ရှေးဦးစွာ မိမိသန္တာန်မှာ ရာဂဆိုတဲ့ လောဘအကြောင်းပေါ်လာ.. နောက်တော့ ရာဂကို အကြောင်းပြုပြီး ကြည်ညိုမှုဖြစ်.. ဒါနပြု..။

၃။	ရာဂေါ၊ ဒေါသော၊ မောဟော၊ မာနော၊ ဒိဋ္ဌိ၊ ပတ္ထနာ	သဒ္ဓါယ၊ သီလဿ၊ သုတဿ၊ စာဂဿ၊ ပညာယ၊ ⇐

? ပဉ္စာနန္တရိယကံ တစ်ပါးပါးကိုကျူးလွန်မိသောသူသည် ယခုဘဝ၌ ဈာန်တရား၊ မဂ်တရား ရနိုင်မည်၊ မရနိုင်မည်ကို ပဋ္ဌာန်းပါဠိတော်ကိုကိုးကား၍ ဖြေဆိုပါ။

မရနိုင်ပါ။ မရနိုင်ကြောင်းကို ပဋ္ဌာန်းပါဠိတော် ပကတူပနိဿယပစ္စည်း၌ဟော ထားပါသည်။ ပါဠိတော် "မာတရံ ဇီဝိတာ ဝေါရောပေတွာ တဿ ပဋိဃာတ တတ္ထာယ ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊ ဥပေါသထ ကမ္မံကရောတိ"ဟုသာ ဟောပါသည်။ "ဈာနံ ဥပ္ပါဒေတိ၊ ဝိပဿနံ ဥပ္ပါဒေတိ၊ မဂ္ဂံ ဥပ္ပါဒေတိ၊ အဘိညံ ဥပ္ပါဒေတိ၊ သမာပတ္တိံ ဥပ္ပါဒေတိ"ဟူ၍ မဟောပါ။ ထို့ကြောင့် အမိသတ်သူ၊ အဖသတ်သူ ကဲ့သို့သော ပဉ္စာနန္တရိယကံ တစ်ပါးပါးကို ကျူးလွန်မိသောသူသည် မိမိပြုခဲ့သော အကုသိုလ်ပပျောက်စေရန် ကုစားသောအားဖြင့် ကုသိုလ်တရားကို ပွားများအားထုတ် သော်လည်း မဟာကုသိုလ်မျှသာဖြစ်နိုင်ပြီး ဈာန်တရား၊ မဂ်တရားမရနိုင်ကြောင်း ပကတူပနိဿယပစ္စည်း အကုသလော ဓမ္မော ကုသလဿ ဓမ္မဿ-၌ ဟောပါသည်။

အနန္တရိယကံ

* အနန္တရိယကံပြုခဲ့ရင် ဧကန်ငရဲကျ၏။ အဝီစိတိုင်အောင်ကျနိုင်သော သတ္တိအစွမ်း ရှိပါသည်။ ဤကဲ့သို့ဖြစ်လျက်သားနဲ့ ဒါတွေကိုဘယ်လို အကျိုးပေးခွင့်မရအောင် လုပ်ရပါမလဲ။ လုပ်လို့မရခဲ့ရင် ဘာကြောင့် မြတ်စွာဘုရားက ဒီလိုဟောထားသလဲ ဆိုတော့ သတ္တဝါတွေရဲ့ အဇ္ဈာသယအားဖြင့် ဟောထားပါတယ်။

ဥပမာ- အဇာတသတ်သည် အဖေသတ်သော အနန္တရိယကံပြုထားခဲ့သော်လည်း ဘုရားထံသို့ချဉ်းကပ်... ဘုရားက သာမညဖလသုတ်... ကိုဟော... အပူငြိမ်း... ဘုရားကြည်ညိုသောနေရာမှာ ဇေတဒဂ်ရ... အပယ်ကျသော်လည်း အဝီစိတိုင်အောင် မကျ၊ ဈာန်,မဂ်,ဖိုလ်တရားထူးများကိုတော့ မရနိုင်တော့ပါ။

www.dhammadownload.com

(၆) အကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ ဥပနိဿယပစ္စယေန ပစ္စယော။
အကုသိုလ်ဓမ္မသည် အဗျာကတဓမ္မအား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြု၏။

၆။	အကု	ဗျာ	ကတ္တား	ဗလဝဖြစ်သော အကု ၁၂၊ စေ ၂၇၊ တပ်သော
			သမ္ပဒါန်	ဝိပါက် ၃၆၊ ကြိယာ ၂၀၊ စေတသိက် ၃၈၊ အား
			ကရိုဏ်း	ဥပနိဿယ၊ ကမ္မ၊ (၂)

စဉ်	ပစ္စည်း(အကု) ကတ္တား	သမ္ပဒါန် (ဗျာ)
၁။	ရာဂံ လောဘမူစိတ္တုပ္ပါဒ် (လော ၈၊ စေ ၂၂)	ဥပနိဿာယ အတ္တာနံ အာတာပေတိ ပရိတာပေတိ ပရိယိဋ္ဌိမူလကံ ဒုက္ခံ ပစ္စနုဘောတိ။ ဒုက္ခသဟဂုတ်ကာယဝိညာဉ်
၂။	ဒေါသံ၊ပေ။ မောဟံ၊ပေ။ မာနံ၊ပေ။ ဒိဋ္ဌိံ၊ပေ။ ပတ္ထနံ၊ပေ။	။
၃။	ရာဂေါ၊ ဒေါသော၊ မောဟော၊ မာနော၊ ဒိဋ္ဌိ၊ ပတ္ထနာ	ကာယိကဿ သုခဿ၊ ကာယိကဿ ဒုက္ခဿ၊ ဖလသမာပတ္တိယာ သုခ.ကာယဝိညာဉ်၊ ဒုက္ခ.ကာယဝိညာဉ်၊ ဖိုလ် ၄၊
၄	အကုသလံ ကမ္မံ ဗလဝဖြစ်သော အကုသိုလ်စေတနာ	ဝိပါကဿ အကုသလဝိပါက် ၇ ခု၊

“ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။”

ရာဂစသည်ကို လွန်မြောက်ပြီး ကုသိုလ်ပြု၍ရအပ်သောချမ်းသာအား ရာဂ၏အစွမ်းနှင့်အပြစ်မရှိမြင်ကာ ကာမဂုဏ်ကိုသုံးဆောင်ခြင်း၏အစွမ်းနှင့်ဖြစ်သော သုခအား ကျေးဇူးပြု၏။ ရာဂ၏အကြောင်းကြောင့် သတ်မှု၊ ညှင်းဆဲမှု၊ နှောင်ဖွဲ့မှုအစွမ်းနှင့်ဖြစ်သောဒုက္ခအား ကျေးဇူးပြု၏။

ရာဂစသည်တို့နှိပ်စက်၍ ရာဂစသည်ကို အကြွင်းမဲ့ပယ်သတ်ပြီး ဖလသမာပတ်ဝင်စားသောအခါ ဖလသမာပတ်ကို ကျေးဇူးပြု၏။

? အကု–ဗျာ ကရိုဏ်းပစ္စည်းရေ (အကြောင်းသွင်း၍ ရှင်းပြပါ။)

အကုသလော အဗျာကတဿ၌ “အကုသလံ ကမ္မံ ဝိပါကဿ”အရ အနန္တရကမ္မ မပါဝင်နိုင်သဖြင့် ပကတူပနိဿယနှင့် ဗလဝနာနာက္ခဏိကကမ္မ (တစ်နည်းအားဖြင့်) ဥပနိဿယနှင့် ကမ္မ ၂–ပစ္စည်းသာ ရပါသည်။

www.dhammadownload.com

(၇) အဇ္ဈာကတော ဓမ္မော အဇ္ဈာကတဿ ဓမ္မဿ ဥပနိဿယပစ္စယေန ပစ္စယော။

၇။	ဇျာ	ဇျာ	ကတ္တား	ဗလဝဖြစ်သော ဝိပါက် ၃၆၊ ကြိယာ ၂၀၊ စေ ၃၈၊ **ရုပ် ၂၈၊**
			သမ္ပဒါန်	ဝိပါက် ၃၆၊ ကြိယာ ၂၀၊ စေတသိက် ၃၈၊
			ကရိုဏ်း	ပကတူပနိဿယ၊ (၁)

စဉ်	ပစ္စည်း(ဇျာ) ကတ္တား	သမ္ပဒါန် (ဇျာ)
၁။	ကာယိကံ သုခံ ကိုယ်၌ဖြစ်သောချမ်းသာ သုခသဟဂုတ်ကာယဝိညာဉ်.စိတ္တုပ္ပါဒ်	ကာယိကဿ သုခဿ၊ ကာယိကဿ ဒုက္ခဿ၊ ဖလသမာပတ္တိယာ သုခ.ဝိညာဉ်.စိတ္တုပ္ပါဒ် ဒုက္ခ.ဝိညာဉ်.စိတ္တုပ္ပါဒ် ဖိုလ် ၄၊
၂။	ကာယိကံ ဒုက္ခံ ဒုက္ခ.ဝိညာဉ်.စိတ္တုပ္ပါဒ်	॥
၃။	ဥတု/ဘောဇနံ/သေနာသနံ	॥
	ကာယိကံ သုခံ၊ ကာယိကံ ဒုက္ခံ၊ ဥတု၊ ဘောဇနံ၊ သေနာသနံ	॥
၄	ဖလသမာပတ္တိယာ	ကာယိကဿ သုခဿ
၅။	**အရဟာ** ကာယိကံ သုခံ ရဟန္တာသန္တာန်၌ ကိုယ်၌ဖြစ်သောချမ်းသာ သုခသဟဂုတ်ကာယဝိညာဉ်.စိတ္တုပ္ပါဒ်	ဥပနိဿာယ အနုပ္ပန္နံ ကိရိယ သမာပတ္တိံ ဥပ္ပါဒေတိ၊ ဥပ္ပန္နံ သမာပဇ္ဇတိ၊ သင်္ခါရေ အနိစ္စတော၊ ဒုက္ခတော၊ အနတ္တတော ဝိပဿတိ၊ သင်္ခါရကို အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု ဝိပဿနာရှုသော (မဟာကြိယာ)
၆။	ကာယိကံ ဒုက္ခံ ဥတု၊ ဘောဇနံ၊ သေနာသနံ	॥

"ပုရိမာ ပုရိမာ အဇ္ဈာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဇ္ဈာကတာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။"

* ချမ်းသာမှုဖြစ်လျှင် မိမိရအပ်သောချမ်းသာကိုသာယာပြီး အဖန်တလဲလဲထိုသုခကို ဖြည့်စွမ်းနိုင်သော သဘောရှိ၏။ ရှေးဖြစ်သောသုခက နောက်ဖြစ်သောသုခကို ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြု၏။

ချမ်း၍မီးလှုံတာ၊ လိုတာထက်ပိုကြာလျှင် ပူ၍ဒုက္ခဖြစ်၊ ယခုပစ္စုပ္ပန်ကာယိက သုခက ငရဲမှာဖြစ်သော ကာယိကဒုက္ခအား ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုပါသည်။ အနာရောဂါကင်း၍ ချမ်းချမ်းသာသာ ဝင်စားသောပုဂ္ဂိုလ်၏ ကာယိကသုခသည် ဖလသမာပတ်အား ကျေးဇူးပြုသည်။ အနာကိုခေါင်းပါးစေပြီး ဖလသမာပတ်ဝင်စား သည့်မြတ်စွာဘုရားကဲ့သို့ အနာတားမြစ်ပြီး ဖလသမာပတ်ဝင်စားခဲ့လျှင် ကာယိက ဒုက္ခက ကာယိကသုခဖလသမာပတ်အား ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြု၏။

www.dhammadownload.com

(၈) အဗျာကတော ဓမ္မော ကုသလဿ ဓမ္မဿ ဥပနိဿယပစ္စယေန ပစ္စယော။

အဗျာကတဓမ္မသည် ကုသိုလ်ဓမ္မအား ပကတူပနိဿယသတ္တိဖြင့်ကျေးဇူးပြု၏။

၈။	ဗျာ	ကု	ကတ္တား	ဖလဝဖြစ်သော အရှ.ဖိုလ်ကြဉ် ဝိ ၃၅၊ ကြိ ၂၀၊ စေ ၃၈၊ ရုပ် ၂၈၊
			သမ္ပဒါန်	ကုသိုလ် ၂၁၊ စေတသိက် ၃၈၊
			ကရိယာ	ပကတူပနိဿယ၊ (၁)

စဉ်	ပစ္စည်း(ဗျာ) ကတ္တား	သမ္ပဒါန် (ကု)
၁။	ကာယိကံ သုခံ ကိုယ်၌ဖြစ်သောချမ်းသာ သုခသဟဂုတ်ကာယဝိညာဉ်.စိတ္တုပ္ပါဒ်	ဥပနိဿာယ ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊ ဥပေါသထကမ္မံ ကရောတိ၊ ဈာနံ ဥပ္ပါဒေတိ၊ ဝိပဿနံ ဥပ္ပါဒေတိ၊ မဂ္ဂံ ဥပ္ပါဒေတိ၊ အဘိညံ ဥပ္ပါဒေတိ၊ သမာပတ္တိံ ဥပ္ပါဒေတိ၊
၂။	ကာယိကံ ဒုက္ခံ၊ ဒုက္ခ.ကာဝိညာဉ်.ပ္ပါဒ် ဥတုံ၊ ဘောဇနံ၊ သေနာသနံ၊	။
၃။	ကာယိကံ သုခံ၊ ကာယိကံ ဒုက္ခံ၊ ဥတု၊ ဘောဇနံ၊ သေနာသနံ၊	သဒ္ဓါယ၊ သီလဿ၊ သုတဿ၊ စာဂဿ၊ ပညာယ၊

"ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။"

ကာယိကသုခကို အမှီပြု, အကြောင်းပြုပြီး ဒါနစသည်ကို ပြုပါသည်။ ငါရနေသောသုခမဆုတ်ယုတ်လျှင် ကောင်းလေစွဟု သုခကိုမဆုတ်ယုတ်လို၍ ဒါနစသည်ကို ပြုသည်။ နောင်အခါမှာလည်း ဤကဲ့သို့ သုခရလျှင် ကောင်းမှာဘဲဟူ၍ နောင် မရသေးသောသုခကို ဖြစ်စေလို၍ ဒါနစသည်ကိုပြုပါသည်။

ဒုက္ခမှာလည်း ငါ့အားဖြစ်နေသည့်ဒုက္ခ ဆုတ်ယုတ်အောင်၊ နောင်အခါ ဤကဲ့သို့ ဒုက္ခမဖြစ်အောင် ဒါနစသည်ကို ပြုပါသည်။ ဥတု၊ ဘောဇဉ်၊ ကျောင်း,အိပ်ရာ နေရာ၌လည်း ဤနည်းတူ အဗျာကတတရားက ကုသိုလ်ကို ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြု၏။

ကိုယ်မှာ ဝေဒနာခံစားရသဖြင့် သေချင်သေမှာဘဲဟု ကာယိကဒုက္ခကိုအကြောင်းပြု၍ တရားအားထုတ်သောအခါ စောင့်ထိမ်းအပ်သောသီလ၊ တရားအားထုတ်သော ဝိပဿနာ(ကာမ)ကုသိုလ်တရား ဖြစ်ပါသည်။ ဤကဲ့သို့ ဒုက္ခဝေဒနာကိုပပျောက်ဖို့ တရားအားထုတ်သောအခါ ဈာန်တရား၊ မဂ်တရားများလည်းရနိုင်သဖြင့် အဗျာကတ တရားက ကုသိုလ်ကို ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြု၏။

www.dhammadownload.com

(၉) အဗျာကတော ဓမ္မော အကုသလဿ ဓမ္မဿ ဥပနိဿယပစ္စယေန ပစ္စယော။

၉။	ဗျာ	အကု	ကတ္တား	ဖလဝဖြစ်သော လောကီဝိပါက် ၃၂၊ ကြိယာ ၂ဝ၊ စေ ၃၅၊ ရုပ် ၂၈၊
			သမ္ပဒါန်	အကုသိုလ် ၁၂၊ စေတသိက် ၂၇၊
			ကရိုဏ်း	ပကတူပနိဿယ၊ (၁)

စဉ်	ပစ္စည်း(ဗျာ) ကတ္တား	သမ္ပဒါန် (အကု)
၁။	ကာယိကံ သုခံ ကိုယ်၌မှီသောချမ်းသာ သုခသဟဂုတ်ကာယဝိညာဉ်.စိတ္တုပ္ပါဒ်	ဥပနိဿာယ၊ ပါဏံ ဟနတိ၊ အဒိန္နံ အာဒိယတိ၊ မုသာ ဘဏတိ၊ ပိသုဏံ ဘဏတိ၊ ဖရုသံ ဘဏတိ၊ သမ္ဖံ ပလပတိ၊ သန္ဓိံ ဆိန္ဒတိ၊ နိလ္လောပံ ဟရတိ၊ ဧကာဂါရိကံ ကရောတိ၊ ပရိပန္ထေတိဋ္ဌတိ၊ ပရဒါရံ ဂစ္ဆတိ၊ ဂါမဃာတံ ကရောတိ၊ နိဂမဃာတံ ကရောတိ၊ မာတရံ ဇီဝိတာ ဝေါရောပေတိ၊ ပိတရံ ဇီဝိတာ ဝေါရောပေတိ၊ အရဟန္တံ ဇီဝိတာ ဝေါရောပေတိ၊ ဒုဋ္ဌေန စိတ္တေန တထာဂတဿ လောဟိတံ ဥပ္ပါဒေတိ သံဃံ ဘိန္ဒတိ၊
၂။	ကာယိကံ ဒုက္ခံ၊ ဥတုံ၊ ဘောဇနံ၊ သေနာသနံ၊	॥
၃။	ကာယိကံ သုခံ၊ ကာယိကံ ဒုက္ခံ၊ ဥတု၊ ဘောဇနံ၊ သေနာသနံ၊	ရာဂဿ၊ ဒေါသဿ၊ မောဟဿ၊ မာနဿ၊ ဒိဋ္ဌိယာ၊ ပတ္ထနာယ၊

* ပစ္စယုပ္ပန်က အကုသိုလ်ဖြစ်ခြင်းကြောင့် ပစ္စည်းတွင် လောကီဆိုင်ရာသာ ကောက်၏။

"ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။"

သတ္တဝါများမှာ ကာယိကသုခရှိသောအခါမှာ တောလိုက်ပြီး(မုဆိုးကဲ့သို့) သမင်စသည်တို့ကို သတ်၏။ ကာယိကသုခကိုမှီပြီး (အပျော်တမ်းသော်၎င်း)ခိုးတာတွေ၊ ကာယိကဒုက္ခကိုမှီပြီး (ဆင်းရဲသောကြောင့်သော်၎င်း) သူတပါးဥစ္စာကို ခိုးပါသည်။ (သတ္တဝါများသည် များသောအားဖြင့် ကာယိကဒုက္ခကို မခံနိုင်(မခံလို)ကြပါ။

* ဥပ္ပါဒိတ- ရာဂ,ဒေါသ...စသည်၊ သဒ္ဓါစသည် မိမိတို့၏အဇ္ဈတ္တသန္တာန်၌ဖြစ်သော ဥပ္ပါဒိတ ပစ္စည်းမျိုး ဖြစ်၏။

* ဥပသေဝိတ- ဥတု,ဘောဇန,သေနာသနစသည်တို့သည် မိမိ၏အပြင် ဗဟိဒ္ဓမှာ ဖြစ်၍ စားသောက်မှီဝဲခြင်း၊ တွေ့ထိခြင်းတို့ဖြင့် မှီဝဲဆည်းကပ်သော ဥပသေဝိတ ပစ္စည်းမျိုးဖြစ်၏။

www.dhammadownload.com

ဥပနိဿယပစ္စည်း အထူးသီးခြားဟောတော်မူသောပါဠိတော်

"ဥတုဘောဇနမ္ပိ ဥပနိဿယပစ္စယေန ပစ္စယော။"
"ပုဂ္ဂလောပိ ဥပနိဿယပစ္စယေန ပစ္စယော။"
"သေနာသနမ္ပိ ဥပနိဿယပစ္စယေန ပစ္စယော။"

ပစ္စည်း(ကတ္တား)	ပစ္စယုပ္ပန်(သမ္ပဒါန်)	သဘာဂ(ကရိဏ်း)
ဥတုဘောဇနမ္ပိ		ပကတူပနိဿယသတ္တိ
လျောက်ပတ်, မလျောက်ပတ်သော အချမ်း,အပူဟူသော ဥတုဘောဇဉ်၊		
ပုဂ္ဂလောပိ		
ကလျာဏမိတ္တစသော ပုဂ္ဂိုလ်၊		
သေနာသနမ္ပိ		
လျောက်ပတ် မလျောက်ပတ်သော ကျောင်းစသော အိပ်ရာနေရာ၊		

လျောက်ပတ် မလျောက်ပတ်သော အချမ်း,အပူဟူသောရာသီဥတု, ဘောဇဉ်တို့က ကုသိုလ်စသည်ဖြစ်အောင် အားကြီးသော ပကတူပနိဿယသတ္တိ ကျေးဇူးပြုပါသည်။ ဥတုကောင်းသည့်အခါ, အအေးအပူမျှတသောအခါ ထိုဥတုက ဝိပဿနာအားထုတ်သောပုဂ္ဂိုလ်ကို တရားမြန်မြန်တိုးတက်အောင် တရားထူးရအောင် ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုပါသည်။ သင့်တင့်သောဘောဇဉ်သည်လည်း ဤနည်းတူ ကျေးဇူးပြုပါသည်။

ကလျာဏမိတ္တစသောပုဂ္ဂိုလ်တို့သည်လည်း ဝိပဿနာအားထုတ်သောပုဂ္ဂိုလ်ကို တရားထူးတွေ့အောင် အထူးအားကြီးသော ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ဥပနိဿယဂေါစရ

ကထာဝတ္ထုဆယ်ပါးနှင့်ပြည့်စုံသည့် ကလျာဏမိတ္တပုဂ္ဂိုလ်ကို မှီဝဲဆည်းကပ်ခြင်းသည် "ဥပနိဿယဂေါစရ" မည်ပါသည်။ ဤဥပနိဿယဂေါစရနှင့် ပြည့်စုံလျှင် (ဝ၁) ကထာဝတ္ထုဆယ်ပါးနှင့်ပြည့်စုံသောပုဂ္ဂိုလ်ကို မှီဝဲဆည်းကပ်ရလျှင်–

– မကြားဖူးသေးသည့်တရားစကားကို ကြားနာရခြင်း၊

www.dhammadownload.com

- ကြားနာဖူးပြီးသည့်တရားစကားဖြစ်ပါက ပို၍ရှင်းလင်းစွာ နားလည်သဘောပေါက်ခြင်း၊
- ယုံမှားသံသယကို လွန်မြောက်နိုင်ခြင်း၊
- မှန်ကန်သောဉာဏ်အမြင်ကို ဖြောင့်မတ်စေနိုင်ခြင်း၊
- စိတ်ကို ကြည်လင်ရွှင်လန်းစေခြင်း–ဟူသော အကျိုးများကို ရရှိနိုင်ပါသည်။

ထို့ပြင် ကလျာဏမိတ္တ၏ကျင့်ပုံကို အတုလိုက်၍ကျင့်သဖြင့် သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာတရားတို့ဖြင့် တိုးတက်ကြီးပွားနိုင်ခြင်း–ဟူသော အကျိုးများကိုလည်း ရရှိနိုင်ပါသည်။

ထိုထိုများစွာ၊ သတ္တဝါ၌၊ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာတရား၊
ဤငါးပါးနှင့်၊ ပြည့်ပြီးသူသာ၊ လိုရာရလျှင်၊ ပဋ္ဌာနာဆုတောင်း၊
တောင်းတိုင်းမချ၊ ပြည့်တတ်စွာ့ရှင့်။

ကထာဝတ္ထု ၁၀–ပါး ဟူသည်မှာ–

(၁) အပ္ပိစ္ဆတကထာ – အလိုနည်းခြင်းနှင့်စပ်သောစကား၊
(၂) သန္တောသကထာ – ရောင့်ရဲလွယ်ခြင်းနှင့်စပ်သောစကား၊
(၃) ပဝိဝေကကထာ – ဆိတ်ငြိမ်ခြင်းနှင့်စပ်သောစကား၊
(၄) အသံသဂ္ဂကထာ – မငြီးတွယ်ခြင်းနှင့်စပ်သောစကား၊
(၅) ဝီရိယာရမ္ဘကထာ – တင်းတင်းရင်းရင်းအားထုတ်ခြင်းနှင့်စပ်သောစကား၊
(၆) သီလကထာ – သီလနှင့်စပ်သောစကား၊
(၇) သမာဓိကထာ – သမာဓိနှင့်စပ်သောစကား၊
(၈) ပညာကထာ – ပညာနှင့်စပ်သောစကား၊
(၉) ဝိမုတ္တိကထာ – အရိယာဖိုလ်နှင့်စပ်သောစကား၊
(၁၀) ဝိမုတ္တိဉာဏဒဿနကထာ– ပစ္စဝေက္ခဏာဉာဏ်နှင့်စပ်သောစကား၊
တို့ဖြစ်ပါသည်။

လျောက်ပတ် မလျောက်ပတ်သောကျောင်းစသော အိပ်ရာနေရာတို့သည်လည်း ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုပါသည်။ သင့်လျော်လျောက်ပတ်သော ကျောင်း အိပ်ရာနေရာသည် ဝိပဿနာတရားအားထုတ်မှုအတွက် ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုပါသည်။ ထို့ကြောင့် သင့်လျော်သော ဓမ္မရိပ်သာကျောင်းကို ရွေးချယ်၍ သဒ္ဓိန္ဒြေ ဝီရိယိန္ဒြေ သတိန္ဒြေ သမာဓိန္ဒြေ ပညိန္ဒြေတို့ အဆင့်ဆင့် ထက်သန် အားကောင်း ပြည့်စုံလာစေပြီး မိမိတို့၏ပါရမီအားလျော်စွာ မဂ်,ဖိုလ်,နိဗ္ဗာန် တရားထူးများကို ရရှိနိုင်ရန်အတွက် အထောက်အပံ့ကောင်းများ ဖြစ်နိုင်ပါသည်။

www.dhammadownload.com

သမ္ပတ္တိစက် ၄-ပါး

(တရားထူးတရားမြတ်ရရေး အခြေခံအကြောင်း ၄-ပါး၊)
(ပြည့်စုံတိုးတက်စေရန် အမြဲလည်ပတ်နေစေရမည့်တရားများဟု ဆိုလိုပါသည်။)

* ပဋိရူပဒေသဝါသော - လျောက်ပတ်သောအရပ်၌ နေရခြင်း၊
* သပ္ပုရိသူပနိဿယော - သူတော်ကောင်းကို မှီခိုရခြင်း၊
* အတ္တသမ္မာပဏိဓိ - မိမိ၏ ကိုယ်နှင့်စိတ်ကို ကောင်းစွာထားခြင်း၊
* ပုဗ္ဗေ စ ကတပုညတာ - ရှေးကပြုဖူးသော ကောင်းမှုရှိခြင်း၊

ထိုစက် ၄-မျိုးတို့တွင် ပုဗ္ဗေစကတပုညတာစက်သည် ဘဝကောင်းကို ရအောင်ပို့ဆောင်၏။ ပဋိရူပဒေသဝါသစက်သည် ဌာနကောင်းကို ပြည့်စုံအောင် ပြုလုပ်ဖန်တီးပေး၏။ သပ္ပုရိသူပနိဿယစက်သည် ဆရာကောင်းကို ဆည်းကပ် မှီခိုခွင့်ရအောင်ပံ့ပိုးကူညီပေး၏။ အတ္တသမ္မာပဏိဓိစက်သည် အကျင့်ကောင်း အလုပ်ကောင်းပြုလုပ်နိုင်အောင် ပြုစုစောင့်ရှောက်ပေး၏။ ဤစက် ၄-ပါးနှင့် ပြည့်စုံသူအား (ဝါ) <u>**ဘဝကောင်း၊ ဌာနကောင်း၊ ဆရာကောင်း၊ အကျင့်ကောင်း**</u>နှင့် ပြည့်စုံသူအား ကြီးပွားတိုးတက်ရေးအတွက် သံသယဖြစ်ဖွယ် မရှိတော့ချေ။ သတ္တဝါမှန်သမျှသည် မိမိဘဝပြည့်စုံတိုးတက်ရန် အကြောင်းတရားဖြစ်သော သမ္ပတ္တိစက် ၄-ပါး အမြဲမပြတ်လည်ပတ်နေမှသာ အကျိုးတရားများကို ရရှိခံစားရမည်ဖြစ်သည်။

သမ္ပတ္တိစက် ၄-ပါးသည် ဝိပဿနာအားထုတ်သောပုဂ္ဂိုလ်ကို တရားထူးတွေ့အောင် အထူးအားကြီးသော ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုပါသည်။ ကုသိုလ်စိတ်= ဝိပဿနာတရားတိုးတက်ရန် အခြေခံအကြောင်းများ ဖြစ်ပါသည်။ ထိုလေးပါးအနက်တစ်ပါးပါးဖောက်ပြန်ပျက်စီးသွားခဲ့ပါလျှင် ကျန်သည့်သမ္ပတ္တိစက်များလည်း အလည်ရပ်ရပါတော့သည်။ ၎င်းတို့၏ ဆန့်ကျင်ဘက်ဖြစ်သော ဝိပတ္တိစက် ၄-ပါးသည် အကုသိုလ်၏အကြောင်းဖြစ်၏။ ဝိပတ္တိစက်တွေအလည်ရပ်အောင် ကုသိုလ်ကောင်းမှုများများပြုလုပ်၍ ဝိပဿနာတရားများ အားထုတ်ပေးရပါမည်။

* အနေလည်းကောင်း၊ အပေါင်းလည်းသင့်၊ အကျင့်လည်းမှန်၊
ပေးပြန်အလှူ၊ ဤလေးဆူလျှင်၊ ကြီးသူမြှောက်စား၊
သူတော်အားကိုး၊ စီးပွားဆောင်ရွက်၊
စတုစက်ဟု၊ လေးဘက်စုမှ၊ (ဓမ္မပါလပျို့။ ၈၆၊)

www.dhammadownload.com

ပကတူပနိဿယပစ္စည်း နိဗ္ဗာန်တရားကကျေးဇူးပြုပုံမှာ–

မျက်မှောက်၌ နိဗ္ဗာန်စံဝင်လိုသည့် ဆန္ဒပြင်းပြသူသည် ဗောဓိပက္ခိယတရားများကို ကျင့်သုံးဆောက်တည်ကြပါသည်။ အနာဂတ်ဘဝတို့၌ ပွင့်လတ္တံ့သော ဘုရားသာသနာဝယ် နိဗ္ဗာန်စံဝင်လိုသည့်အားကြီးသောဆန္ဒရှိသူတို့သည် ပါရမီဆယ်ပါးတို့ကို ဖြည့်ကျင့်ကြပါသည်။ နိဗ္ဗာန်တရားတော်မြတ်သည် ထိုထိုတရားများဖြစ်ပေါ်ခြင်း၌ အားကြီးသော ပကတူပနိဿယပစ္စည်းဖြင့် ကျေးဇူးပြုပါသည်။

ပဋ္ဌာန်း ဥပနိဿယပစ္စည်း မေတ္တာပို့ ဆုတောင်းဘုရားရှိခိုး

ဥပနိဿယပစ္စယော– သတ္တဝါအားလုံး မကောင်းသော ပညတ်,နာမ်,ရုပ်တရားတို့နှင့် မကောင်းသောမိဘ၊ မကောင်းသောဆရာ,မိတ်ဆွေ,ရာသီဥတု နေရာထိုင်ခင်း၊ အစားအသောက်တို့၌ အားကြီးသောမှီရာအဖြစ် အမှီမပြုကြရဘဲ၊ ကောင်းမြတ်သော ပညတ်,နာမ်,ရုပ်တရားတို့နှင့် ကောင်းမြတ်သော မိဘ,ဆရာ, မိတ်ဆွေ, ရာသီဥတု နေရာထိုင်ခင်း, အစားအသောက်တို့၌သာ အားကြီးသော မှီရာအဖြစ် မှီကြရ၍ ကောင်းကျိုးအမျိုးမျိုးတို့ကိုသာ ခံစားရရှိနိုင်ကြပါစေ။

လောကုတ္တရာကိုးလီ၊ တရားမွီ၊ ကုသိုလ်ဆီသို့ သွားစေသော်။

ဥပနိဿယပစ္စယော– မိုးနှင့်မကင်း၊ စုံခပင်းတို့၊ မိုးတွင်းခြိမ့်အုံး၊ ထစ်ချုန်းမြည်ကျိုး၊ ရွာသည့်မိုးသို့၊ သုံးမျိုးပြားလတ်၊ စိတ္တုပ္ပါဒ်အား၊ ကြီးမားလှစွာ၊ မှီရာဖြစ်သော၊ အာရမ္မဏူပ၊ အနန္တရူပ၊ ပကတူပနိဿယ၊ ပစ္စည်းတရားသည် အတ္ထိ– ပုဂ္ဂိုလ်, သတ္တဝါ၊ သူငါမနှော၊ တရားသဘောသာ၊ ထင်ရှားရှိပါပေသည်တကား။

ဣတိ– ဤသို့၊ ဗောဓေန္တံ– သဗ္ဗညုတာ၊ ဉာဏ်တော်သာဖြင့်၊ ဦးစွာကျနေ၊ သိပြီးမှလျှင်၊ များလှဝေနေ၊ သိစေတော်မူသော၊ မြတ်စွာဘုရားကို၊ ဝန္ဒာမိ– ဂုဏ်တော်ထုံမွှမ်း၊ ပုံတော်မှန်းလျက်၊ ချီးမွမ်းထောမနာ၊ ပဏာရိုကျိုး၊ လက်စုံမိုး၍၊ ရှိခိုး ကန်တော့ပါ၏ ဘုရား။

UK-2020(COVID-19)

ဥပနိဿယပစ္စည်း ပြီး၏။

www.dhammadownload.com

"နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"

၁၀။ ပုရေဇာတပစ္စည်း

ပုရေဇာတမည်ခြင်းအကြောင်း

ပဋ္ဌာန်း	ပစ္စည်း	ပစ္စယုပ္ပန်
ပုရေဇာတ	(အရင်ဖြစ်)**ရုပ်**	နာမ်(နောက်ဖြစ်)
ပစ္ဆာဇာတ	(နောက်ဖြစ်)နာမ်	**ရုပ်**(အရင်ဖြစ်)

ပုရေဇာတ

ရှေ့မှဖြစ်နှင့်၍ ဖြစ်ဆဲ၊ ရှိဆဲ၊ တည်ဆဲ အဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရား။

ကမ္ဘာဦး၌ နေ,လတို့သည် အရင်ဖြစ်နှင့်ပြီး အလင်းရောင်ဖြင့် ကျေးဇူးပြုသကဲ့သို့ ဝတ္ထုရုပ် ၆-ပါးနှင့် အာရုံ ၆-ပါးတို့သည် အရင်ဖြစ်နှင့်ပြီး၊ မိမိတို့ရှိဆဲ, တည်ဆဲ၌ပင် ဝိညာဏဓာတ် ၇-ပါးအား ကျေးဇူးပြုသောကြောင့် ပုရေဇာတပစ္စည်း မည်၏။

>> ပုရေဇာတပစ္စည်းသည် အာရမ္မဏပုရေဇာတ၊ ဝတ္ထုပုရေဇာတဟူ၍ ၂-မျိုး ရှိပါသည်။

>> ဝတ္ထုပုရေဇာတသည်လည်း ဝတ္ထုပုရေဇာတနှင့် ဝတ္ထာရမ္မဏပုရေဇာတနိဿယ ဟူ၍ ၂-မျိုး ရှိပါသည်။
(ဝတ္ထာရမ္မဏပုရေဇာတနိဿယသည် အာရမ္မဏပုရေဇာတတွင် ဝင်ပါသည်။)

* ဝတ္ထုပုရေဇာတ၏ သုဒ္ဓသချာသည် ဝတ္ထုပုရေဇာတနိဿယနှင့် တူပါသည်။

အမျိုးဇာတ်၊ ကာလ၊ ဘုံဌာန

☘ ပုရေဇာတပစ္စည်းသည် (၁) အာရမ္မဏမျိုး အာရမ္မဏပုရေဇာတပစ္စည်း၊ (၂) ဝတ္ထုပုရေဇာတမျိုး ဝတ္ထုပုရေဇာတစ္စည်းအားဖြင့် မျိုးကွဲရှိသောပစ္စည်းဖြစ်ပါသည်။

☘ ပုရေဇာတပစ္စည်းသည် ပဋိသန္ဓေကာလ, ပဝတ္တိကာလ နှစ်ပါးတို့တွင်-
* ပဝတ္တိကာလ၌သာ ဖြစ်နိုင်ပါသည်။ (မိ,ပု,အာသေ သန္ဓေ ✕)
ပစ္စုပ္ပန်,အတိတ်,အနာဂတ် ကာလသုံးပါးတို့တွင် ပစ္စုပ္ပန်ကာလ၌ ဖြစ်ပါသည်။

☘ ပုရေဇာတပစ္စည်းသည် ပဉ္စဝေါကာရ ၂၆-ဘုံ၌ ဖြစ်နိုင်ပါသည်။
ပစ္စည်းတရားက ရုပ်သက်သက်ဖြစ်ပြီး ပစ္စယုပ္ပန်သည် နောက်ဖြစ်သောနာမ်ဖြစ်၍ စတုဝေါကာရ၊ ဧကဝေါကာရဘုံတို့၌ မဖြစ်နိုင်ပါ။

www.dhammadownload.com

ဥပနိဿယ၏အခြားမဲ့၌ ပုရေဇာတပစ္စည်း ဟောရခြင်း

အကြင်အကြင် ဟေတုအစရှိသောပစ္စည်းတို့ဖြင့် နမ်တစ်စိတ်က နာမ်တစ်စိတ် နာမ်ရုပ်အား ကျေးဇူးပြုသည်အဖြစ်၊ နာမ်ရုပ်က နာမ်ရုပ်အား ကျေးဇူးပြုသည်အဖြစ်၊ နာမ်,ရုပ်,နိဗ္ဗာန်,ပညတ်တို့က နာမ်အား ကျေးဇူးပြုသည်အဖြစ်ကို ဘုရားရှင်ဟော ကြားတော်မူအပ်ပြီး၊ ထိုကျေးဇူးပြုအပ်သောအခြင်းအရာအားဖြင့်သာလျှင် ကျေးဇူးပြုကောင်း ပါသလော။ ထိုသို့မဟုတ် တစ်ပါးသော အခြင်းအရာအားဖြင့်လည်း ကျေးဇူးပြုကောင်း ပါသလော-ဟု ယုံမှားသံသယဖြစ်ဖွယ်ရှိ၍၊ ထိုသို့ ယုံမှားသံသယကို ပယ်ဖျောက်ခြင်း အကျိုးငှာ ဥပနိဿယ၏အခြားမဲ့၌ ပုရေဇာတပစ္စည်းကို ဟောတော်မူပါသည်။

[ပဋ္ဌာနသာရဒီပနီဋီကာ]

ဟေတုပစ္စည်း-	ပစ္စည်း ဟိတ်-နာမ်၊	ပစ္စယုပ္ပန် နာမ်,ရုပ်၊
အာရမ္မဏပစ္စည်း-	ပစ္စည်း အာရုံ-နာမ်,ရုပ်၊	ပစ္စယုပ္ပန် အာရမ္မဏိက-နာမ်၊
အဓိပတိပစ္စည်း-	အာရမ္မဏာဓိပတိ + သဟဇာတာဓိပတိ၊	
အနန်-သမနန္တရ-	ပစ္စည်း(နာမ်)	ပစ္စယုပ္ပန် (နာမ်)
သဟဇာတ,	ပစ္စည်း နာမ်,ရုပ်၊	ပစ္စယုပ္ပန် နာမ်,ရုပ်၊
အညမည,နိဿယ-	နာမ်⇆နာမ်၊ ရုပ်⇆ရုပ်၊ နာမ်⇆ရုပ်၊ နာမ်→ရုပ်၊ ရုပ်→ရုပ်၊ ရုပ်✓×နာမ်၊	
ဥပနိဿယပစ္စည်း-	ပစ္စည်း နာမ်, ရုပ်, ပညတ်	ပစ္စယုပ္ပန် နာမ်၊
ပုရေဇာတပစ္စည်း-	ရုပ်သက်သက်(ပစ္စည်း)	(ပစ္စယုပ္ပန်)နာမ်သက်သက်

ပုရေဇာတပစ္စည်းသည် ဝတ္ထုပုရေဇာတ, အာရမ္မဏပုရေဇာတအားဖြင့် ၂-ပါး၏ ပစ္စည်းရုပ်သက်သက်(ဥပ္ပါဒက္ခဏကိုလွန်၍ ဌီသို့ရောက်သော ၁၈-ပါးသောရုပ်)က နာမ်အား(ပဉ္စဝေါကာရဘုံ၌) ကျေးဇူးပြုပါသည်။ [ရုပ်က နာမ်ကို <u>၁-ပစ္စည်းသာ</u>]

ပစ္စည်းတရား(ရုပ်သက်သက်)	ပစ္စယုပ္ပန်တရား	
စက္ခာယတနံ (ပ) ကာယာယတနံ	စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ။ (ပ) ကာ.	
ရူပါယတနံ (ပ) ဖောဋ္ဌဗ္ဗာယတနံ	။ ။ ။ (ပ) ကာ.	
ရူပါယတနံ ။ပ။ ဖောဋ္ဌဗ္ဗာယတနံ	မနောဓာတုယာ ။ ။	
ယံ ရူပံ နိဿာယ	မနောဓာတု စ၊ မနောဝိညာဏဓာတု စ ဝတ္တန္တိ၊	
တံ ရူပံ	မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ	
	မနောဝိညာဏဓာတုယာ	ကိဉ္စိကာလေ ပုရေ
	တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ	ကိဉ္စိ. န ပုရေ

www.dhammadownload.com

ပါဠိတော်၌ ✳ စက္ခာယတနံ ။ပ။ ကာယာယတနံ– ပြီးလျှင် 'ယံ ရူပံ'ဆက်ပြီး ဟောသင့်သော်လည်း ရူပါယတနံစသည်ကိုဟောရခြင်းမှာ စက္ခုဝိညာဏ်စသည်ဖြစ်ခြင်း အကြောင်းသည် ပသာဒရုပ်သာမက အခြားအကြောင်းကိုလည်း ပြလို၍ဖြစ်ပါသည်။

✳ ပဉ္စဒွါရအတွက် ဝတ္ထုပုရေဇာတ၊ အာရမ္မဏပုရေဇာတ ၂–မျိုးလုံး ဟောပြီး၊

✳ မနောဒွါရအတွက် ဝတ္ထုပုရေဇာတကိုသာ ဟောပါသည်။

အာရမ္မဏပုရေဇာတ ↲ အားတပ်သော ↰

ပစ္စည်း		ပစ္စည်း(ကတ္တား)	ပစ္စယုပ္ပန်(သမ္ပဒါန်)	သချာ	ပစ္စည်းရေ
၃	အာပု အတ္ထိ, အဝိ	ပစ္စုပ္ပန် နိပ္ဖန္နရုပ် ၁၈၊	ကာမ ၅၄၊ ဒိဗ္ဗစက္ခု၊ ဒိဗ္ဗသောတအဘိညာဉ်၊	၃	၄

အာရမ္မဏပုရေဇာတပစ္စည်း၏ သုဒ္ဓသချာဝါရ၌ "ကာမစိတ် စတုပညာသ၊ ဒိဗ္ဗစက္ခု၊ ဒိဗ္ဗသောတအဘိညာဉ်အားတပ်သော ပစ္စုပ္ပန် နိပ္ဖန္နရုပ် အဋ္ဌာရသ၊ ဤတရားတို့သည် အာရမ္မဏပုရေဇာတပစ္စည်းတတ်သော တရားတို့မည်ကုန်၏။

သချာ 'တီဏိ'၊ ပစ္စည်းရေ–၄ ဟူသည်တည်။ 'တီဏိ' **ဗျာ**–ဗျာ၊ ဗျာ–ကု၊ ဗျာ–အကု၊

ပစ္စည်းရေ–၄ ဟူသည်ကား အာရမ္မဏ၊ ပုရေဇာတ၊ အတ္ထိ၊ အဝိဂတ၊

ပုရေဇာတပစ္စည်း (ဝတ္ထုရုပ်+အာရုံရုပ်)

ပစ္စည်း(ကတ္တား)	ပစ္စယုပ္ပန်(သမ္ပဒါန်)	(ကရိဏ်း)
စက္ခာယတနံ ။ပ။	**စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ**	(ပြိုင်.၆) **နိ, ပု,** (ဤ) ဝိပ်, အတ်, အဝိ
မဇ္ဈိမာယုကဖြစ်၍အတီတဘဝင်နှင့် ဥပါဒ်ပြိုင်သော စက္ခုဝတ္ထု။ မရဏာ..၁၇ ဥပါဒ်. စက္ခုဝတ္ထု၊	စက္ခုဝိညာဉ်ဒွေး၊ သဗ္ဗစိတ္တသာဓာရဏစေ ၇–ခု၊	
(သော, ဃာ, ဇိ, ကာယတနံတို့ကို နည်းမှီ၍ သိနိုင်ပါသည်။)		
ရူပါယတနံ	**စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ**	(ပြိုင်.၄) အာ, ပု, အတ်, အဝိ
ပစ္စုပ္ပန်ရူပါရုံ	စက္ခုဝိညာဉ်ဒွေး၊ စေ ၇–ခု၊	
(သဒ္ဒါ,ဂန္ဓာ,ရသာ,ဖောဋ္ဌဗ္ဗ တို့ကို နည်းမှီ၍သိနိုင်ပါသည်။)		
ရူပါယတနံ သဒ္ဒါ. ဂန္ဓာ. ရသာ. ဖောဋ္ဌဗ္ဗာယတနံ	**မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ**	
ပစ္စုပ္ပန် ပဉ္စာရုံ	မနောဓာတ် ၃–ခု၊ ဆန္ဒ,ပီ,ဝီကြဉ်သော အညႋစေ ၁၀၊	

www.dhammadownload.com

ဟဒယဝတ္ထု၏ ကျေးဇူးပြုပုံ

ပဋိ (၄/မ) နိ စုတိ

ပစ္စည်း(ကတ္တား)	ပစ္စယုပ္ပန်(သမ္ပဒါန်)	(ကရိုဏ်း)
ယံ ရူပံ	**နိဿာယ မနောဓာတု စ၊ မနောဝိညာဏဓာတု စ ဝတ္တန္တိ၊**	
'ယံ ရူပံ'ဖြင့်. အနိယမအားဖြင့် ပဋိသန္ဓေအစ. ရှေးစိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု။ . . .	နိဿ.ဝတ္တန္တိ–ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ အရူပဝိ ၄ ကြဉ်သောပဌမဘဝင်အစရှိသော မနောဓာတ် ၃၊ မနောဝိညာဏဓာတ် ၇၂၊ စေ ၅၂	(ပြိုင်.၅) နိ, ပု, ဝိပ်, အတ်, အဝိ
တံ ရူပံ	မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ	
'တံ ရူပံ'ဖြင့်. နိယမအားဖြင့် ဘဝင်အစ.. ဟဒယဝတ္ထု။ . . .	မနောဓာတ် ၃–ခု၊ ဆန္ဒ,ပီ,ဝိကြဉ်သော အည.စေ ၁၀၊	

တံ ရူပံ	မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ကိဉ္စိကာလေ	ပဝတ္တိအခါ **ပြု**
	မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ကိဉ္စိကာလေ န	ပဋိသန္ဓေအခါ **မပြု**
'တံ ရူပံ'ဟူသော ပါဌ်ဖြင့် .. ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ. . . . ဟဒယဝတ္ထု။	ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ အရူပဝိ ၄ ကြဉ်သော ပဌမဘဝင်အစရှိသော မနောဝိညာဏဓာတ် ၇၂၊ စေ ၅၂၊	

'တံ ရူပံ'ဟူသောပါဌ်ဖြင့် နိယမအားဖြင့် ယံ ရူပံဟူသောပါဌ်ဖြင့် မှတ်အပ်ပြီးသော ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ အရူပဝိပါက်လေးခုကြဉ်သော ပဌမဘဝင်အစရှိသော မနောဓာတ် ၃–ခု၊ မနောဝိညာဏဓာတ် ၇၂–ခု၊ စေတသိက် ဒွေပညာသအား<u>တပ်သော</u> ပဋိသန္ဓေအစရှိသော ရှေးရှေးသောစိတ်နှင့်အတူဥပါဒ်သော **ဟဒယဝတ္ထု**။ နိရောဓသမာပတ်မှ ထသောအခါ အနာဂါမိဖိုလ်၊ အရဟတ္တဖိုလ်အား<u>တပ်သော</u> ရှေ့စိတ္တက္ခဏတစ်ချက်ခန့်ကာလ၌ဖြစ်သော **ဟဒယဝတ္ထု**။ မရဏာသန္နအခါ ပဉ္စဝေါကာရဘဝင် ၁၅–ခု၊ အာဝဇ္ဇန်းဒွေး၊ သမ္ပဋိစ္ဆိုင်းဒွေး၊ သန္တီရဏ–၃၊ ဝုဋ္ဌော၊ မရဏာသန္နဇော ၅–ချက်၊ တဒါရုံ၊ စုတိအား<u>တပ်သော</u> စုတိစိတ်မှပြန်၍ရေသည် ရှိသော် ၁၇–ချက်မြောက်သောစိတ်နှင့် အတူဥပါဒ်သော **ဟဒယဝတ္ထု** ပစ္စည်းတရားကိုပြတော်မူ၏။

www.dhammadownload.com

'မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ခန္ဓာနံ'ဟူသော **သမ္ပဒါန်**ပါဠိဖြင့် အရူပဝိပါက်လေးခုကြဉ်သော မနောဝိညာဏဓာတ် ၇၂–ခု၊ စေတသိက် ဒွေပညာသ ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

✓ 'ကိဉ္စိကာလေ ပုရေဇာတပစ္စယေန'ဟူသော **ကရိုဏ်း**ပါဠိဖြင့် **ပဝတ္တိ**အခါ ပုရေဇာတသတ္တိဖြင့် **ကျေးဇူးပြုဟန်**ကို ပြတော်မူ၏။

✗ 'ကိဉ္စိကာလေ န ပုရေဇာတပစ္စယေန'ဟူသော **ကရိုဏ်း**ပါဠိဖြင့် **ပဋိသန္ဓေ**အခါ ပုရေဇာတသတ္တိဖြင့် **ကျေးဇူးမပြုဟန်**ကို ပြတော်မူ၏။ **(ပဋိသန္ဓေအခါ ပဋိသန္ဓေဝိညာဏ်ကို ပုရေဇာတပစ္စည်း မတတ်ခြင်းကို ဟောခြင်း၊)**

မနောဝိညာဏဓာတ်အား အမြဲထာဝရ ပုရေဇာတဖြင့် ကျေးဇူးမပြုပါ

ဟဒယဝတ္ထုသည် မနောဝိညာဏဓာတ်ဟူသော ထူးထူးခြားခြားသိစိတ်များ (ဒွေပဉ္စဝိညာဉ်တစ်ဆယ်၊ မနောဓာတ်သုံးခုကြဉ်သောစိတ် ၇၆–ပါး)ကို အမြဲထာဝရ အခါခပ်သိမ်း ရှေးကဖြစ်နှင့်ပြီး ဝတ္ထုပုရေဇာတပစ္စည်းဖြင့် ကျေးဇူးမပြုနိုင်ပါ။

✗ ပဋိသန္ဓေစိတ်ဥပါဒ်သောအခါ ဟဒယဝတ္ထုနှင့် ပဋိသန္ဓေဝိညာဏ်တို့သည် အတူတကွလည်းဖြစ်ပြီး အချင်းချင်းအပြန်အလှန်လည်းကျေးဇူးပြုနိုင်ရုံမက တစ်ပါးနှင့်တစ်ပါး မှီရာဖြစ်လည်း ကျေးဇူးပြုပါသည်။ ပဋိသန္ဓေအခါ အတူတကွသာဖြစ်ပြီး **ရှေးကကြိုတင်ပြီးဖြစ်ခွင့်မရသည့်အတွက်** ပုရေဇာတပစ္စည်းဖြင့် ကျေးဇူးမပြုနိုင်တော့ပါ။

✗ ထို့အပြင် **အရူပဘုံတွင် ရုပ်များလုံးဝမရှိသောကြောင့်** အရူပဘုံတွင်ဖြစ်ခွင့်ရှိသော မနောဝိညာဏဓာတ်များသည် ဟဒယဝတ္ထုကို မှီခွင့်လုံးဝမရှိသောကြောင့် အရူပဘုံတွင် ပုရေဇာတပစ္စည်းဖြင့် ကျေးဇူးမပြုနိုင်တော့ပါ။

✓✓✓ ပုရေဇာတပစ္စည်းသည်– အခါအားဖြင့်၊ ဘုံအားဖြင့်၊ တရားအားဖြင့် ထူး၏။

ပုရေဇာတပစ္စည်း ပဝတ္တိအခါ၌သာဖြစ်ပုံ

ပဋိသန္ဓေစိတ်ဥပါဒ်သောအခါ ဂဗ္ဘသေယျကစသော ပုဂ္ဂိုလ်များမှာ စက္ခုစသော ဝတ္ထုရုပ်များ မဖြစ်ကြသေးပါ။ ပဋိသန္ဓေနေပြီးနောက် ၇၇–ရက်ကြာမှ ဖြစ်ကြရပါသည်။ သံသေဒဇ၊ ဩပပါတိကပုဂ္ဂိုလ်များမှာ စက္ခုစသောရုပ်များဖြစ်ကြသော်လည်း ထိုဝတ္ထုရုပ်များသည် စက္ခုဝိညာဉ်စသည်တို့၏အကြောင်း မဟုတ်ကြသေးပါ။ ပဋိသန္ဓေအခိုက် ဟဒယဝတ္ထုဖြစ်သော်လည်း ပုရေဇာတသတ္တိ မရ။ သဟဇာတသတ္တိသာ ရ၏။ ထို့ကြောင့် ပဝတ္တိအခါသာ ရပါသည်။

www.dhammadownload.com

? နိဿယ၊ အတ္ထိ၊ အဝိဂတပစ္စည်းတို့၌ **"တံ ရူပံ"**ဟောပုံနှင့် ပုရေဇာတပစ္စည်း၌ **"တံ ရူပံ"**ဟောပုံ အဘယ်ကြောင့် မတူပါသနည်း။

နိဿယ၊ အတ္ထိ၊ အဝိဂတပစ္စည်းတို့၌ "တံ ရူပံ မနောဓာတု စ မနောဝိညာဏဓာတုယာ စ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ" ဟု ဟောတော်မူပါသည်။ မနောဓာတ်နှင့် မနောဝိညာဏဓာတ်တို့သည် ဟဒယဝတ္ထုကိုမှီကြောင်းဟောခြင်းဖြစ်ရာ သံသယဖြစ်ဖွယ် တစ်စုံတစ်ရာ မရှိပါ။

* မနောဓာတ်သည် ပဝတ္တိအခါသာဖြစ်၍ ဟဒယဝတ္ထုကို မှီ၏။
* ပဋိသန္ဓေအခါ ပဋိသန္ဓေနာမက္ခန္ဓာ–မနောဝိညာဏဓာတ်ကလည်း ဟဒယဝတ္ထုကို မှီ၏။
* ကြွင်းမနော ဝိညာဏဓာတ်ကလည်း ပဝတ္တိအခါ ဟဒယဝတ္ထုကို မှီ၏။

ထို့ကြောင့် အထက်ပါ ပါဠိအတိုင်း သာမန်သာဟောပါသည်။

ပုရေဇာတ၌– မနောဓာတ်၏ ပဝတ္တိအခါ ဟဒယဝတ္ထုကိုမှီမှု၌ ပုရေဇာတဖြစ်ကြောင်း သံသယဖြစ်ဖွယ်မရှိသော်လည်း၊ မနောဝိညာဏဓာတ်၏ ဟဒယဝတ္ထုကို မှီမှုမှာ <u>**ပဝတ္တိအခါ၌သာ ပုရေဇာတဖြစ်၍ ပဋိသန္ဓေအခါ ပုရေဇာတ မဖြစ်ကြောင်း**</u> ပြဆိုရန်အတွက်

– တံ ရူပံ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။
– မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ
* ကိဉ္စိကာလေ ပုရေဇာတ ပစ္စယေန ပစ္စယော၊ (ပုရေသည် ပဝတ္တိသာ ဖြစ်ပြီး။)
* ကိဉ္စိကာလေ န ပုရေဇာတ ပစ္စယေနပစ္စယော။ (ပုရေသည် ပဋိသန္ဓေ မရပ္ပါ)

ဟူ၍ သီးခြားခွဲပြီး ဟောတော်မူပါသည်။

? (က) "ကိဉ္စိကာလေ သဟဇာတပစ္စယေန ပစ္စယော၊
ကိဉ္စိကာလေ န သဟဇာတပစ္စယေန ပစ္စယော"

? (ခ) "ကိဉ္စိကာလေ ပုရေဇာတပစ္စယေနပစ္စယော၊
ကိဉ္စိကာလေ န ပုရေဇာတပစ္စယေန ပစ္စယော"

(က)ဟဒယဝတ္ထုပစ္စည်းတရားနှင့် ပဉ္စဝေါကာရပဋိသန္ဓေနာမက္ခန္ဓာ ပစ္စယုပ္ပန်တရားတို့သည်

* ပဋိသန္ဓေအခါ သဟဇာတသတ္တိဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၍၊
* ပဝတ္တိကာလ၌ သဟဇာတသတ္တိဖြင့် ကျေးဇူးမပြုဟန်ကို ပြတော်မူသည်။

(ခ) ပဋိသန္ဓေအစရှိသော ရှေးရှေးသောစိတ်နှင့်အတူဥပါဒ်သော ဟဒယဝတ္ထုပစ္စည်း တရားသည် အရူပဝိပါက်လေးခုကြဉ်သော မနောဝိညာဏဓာတ်–၇၂၊ စေ–၅၂ အား–

* ပဝတ္တိကာလ၌ ပုရေဇာတသတ္တိဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၍၊
* ပဋိသန္ဓေအခါ ပုရေဇာတသတ္တိဖြင့် ကျေးဇူးမပြုဟန်ကို ပြတော်မူ၏။

www.dhammadownload.com

ဝတ္ထုရုပ်, အာရုံရုပ်နှင့် ဝိညာဏစိတ်

စဉ်	ဝတ္ထု ၆-ပါး(အခံဓာတ်)	အာရုံ ၆-ပါး(အတိုက်ဓာတ်)	ဝိညာဏ ၆-ပါး(အပွင့်ဓာတ်)
၁	စက္ခုဝတ္ထု=မျက်စိတံခါး	ရူပါရုံ = အဆင်းအမျိုးမျိုး	စက္ခုဝိညာဏ်စိတ်=မြင်သိစိတ်
၂	သောတဝတ္ထု=နားတံခါး	သဒ္ဒါရုံ = အသံအမျိုးမျိုး	သောတဝိညာဏ်စိတ်=ကြားသိစိတ်
၃	ဃာနဝတ္ထု=နှာခေါင်းတံခါး	ဂန္ဓာရုံ = အနံ့အမျိုးမျိုး	ဃာနဝိညာဏ်စိတ်=နံသိစိတ်
၄	ဇိဝှါဝတ္ထု=လျှာတံခါး	ရသာရုံ = အရသာအမျိုးမျိုး	ဇိဝှါဝိညာဏ်စိတ်=အရသာသိစိတ်
၅	ကာယဝတ္ထု=ကိုယ်တံခါး	ဖောဋ္ဌဗ္ဗာရုံ=အတွေ့အထိအမျိုးမျိုး	ကာယဝိညာဏ်စိတ်=ထိသိစိတ်
၆	ဟဒယဝတ္ထု=စိတ်တံခါး	ဓမ္မာရုံ =ကျန်သောသိဖွယ်အမျိုးမျိုး	မနောဝိညာဏ်စိတ်=ကြံသိစိတ်

- ဆင်း သံ နံ့ သာ၊ တွေ့ဓမ္မာ ခြောက်ဖြာ တိုက်ဓာတ်မည်။
- မျက်စိ နား နှာ လျှာ ကိုယ် စိတ်ပါ၊ ဤခြောက်ဖြာ၊ မှန်စွာ ခံဓာတ်မည်။
- ဝိညာဏ်ခြောက်ဖြာ၊ ဖြစ်ပေါ်လာ၊ မှန်စွာ ပွင့်ဓာတ်မည်။



စက္ခုဝိညာဏဝီထိကို ဝီထိချကြည့်လျှင် ရုပ်တရားများသည် အတီတဘဝင်၏ ဥပါဒ်ကစ၍ စိတ္တက္ခဏ ၁၇-ချက်(ရုပ်သက်) ဖြစ်ပါသည်။ စက္ခုပသာဒ(စက္ခုဝတ္ထု)နှင့် ရူပါရုံတို့သည် အတီတဘဝင်၏ဥပါဒ်ကစ၍ဖြစ်ပြီး ဘဝင်ကျမှချုပ်ပါသည်။ စက္ခုဝိညာဏ်သည် မိမိထက် (အတီတဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ ပဉ္စဒွါရာဝဇ္ဇန်း) စိတ္တက္ခဏ ၄-ချက်ခန့်စောပြီးဖြစ်ထားသော စက္ခုပသာဒကိုမှီပြီး ဖြစ်ရပါသည်။ ဆဝတ္ထုတို့သည် ရှေ့ကဖြစ်နှင့်၍ တည်ရာ,မှီရာအဖြစ် သတ္တဝါတို့အသက်ရှင်ဆဲ ပဝတ္တိ ကာလတွင် ဝိညာဏဓာတ် ၇-ပါးတို့အား ဝတ္ထုပုရေဇာတနိဿယပစ္စည်းဖြင့် ကျေးဇူးပြုခြင်း ဖြစ်ပါသည်။

ဟဒယဝတ္ထုသည် ဒွေးပဉ္စဝိညာဏ်-၁၀ နှင့်အရူပဝိပါက်-၄ ကြဉ်သော မနောဓာတ်၊ မနောဝိညာဏဓာတ်တို့ကို ဝတ္ထုပုရေဇာတနိဿယပစ္စည်းဖြင့် ကျေးဇူးပြုပါသည်။

www.dhammadownload.com

လွန်သွားသော အတီတဘဝင်၊ လှုပ်သွားသော ဘဝင်္ဂစလန၊ ပြတ်သွားသော ဘဝင်္ဂုပစ္ဆေဒဆိုသော ဝီထိစိတ်မဖြစ်ခင်ဖြစ်နေသောစိတ်များသည် မနောဝိညာဏဓာတ် ဖြစ်၍ ဟဒယဝတ္ထုကို မှီပါသည်။

ဟဒယဝတ္ထုသည် ဒွေးပဉ္စဝိညာဏ်–၁၀ နှင့်အရူပဝိပါက်–၄ ကြဉ်သော မနောဓာတ်၊ မနောဝိညာဏဓာတ်တို့ကို မှီရာအဖြစ်လည်းကျေးဇူးပြု၊ အာရုံအဖြစ်လည်းကျေးဇူးပြု သောအခါ ဝတ္ထာရမ္မဏပုရေဇာတနိဿယပစ္စည်းဖြင့် ကျေးဇူးပြုပါသည်။ ဟဒယဝတ္ထုကို ပြန်၍အာရုံပြုပြီး ကုသိုလ်, အကုသိုလ်, အဗျာကတတို့ ဖြစ်ပါသည်။

ဝတ္ထုရုပ်တို့သည် ကံအကြောင်းကြောင့်ဖြစ်လာသော ကမ္မဇရုပ်တို့ ဖြစ်ပါသည်။ ကံတရားကထုတ်လုပ်လိုက်သည့်အချိန်မှစ၍ စက္ကန့်မလပ် တရစပ်အသစ်အသစ်များ အမြဲတမ်းဖြစ်နေပါသည်။ <u>အသီးသီး</u>ဖြစ်လာသောကမ္မဇရုပ်တို့သည်လည်း ရုပ်သက် ၁၇–ချက်သက်တမ်းပြည့်တိုင်းပြည့်တိုင်း (လုံး၀)ပျက်စီးသွားပါသည်။ နောက်ထပ် အသစ်အသစ်များ တရစပ်ဖြစ်နေပုံမှာ– အတီတဘဝင်မှာဖြစ်ခဲ့သော ကမ္မဇရုပ်၏ ၁၇–ချက်မပြည့်မီမှာပင် ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ ။ပ။ တဒါရုံစသည်တို့၏ ဥပါဒ် တိုင်းမှာလည်း ဖြစ်နေကြပါသည်။ ဤကဲ့သို့ စိတ္တက္ခဏတိုင်း၏ ဥပါဒ်တိုင်းဥပါဒ်တိုင်း မှာဖြစ်ပြီး ရုပ်သက် ၁၇–ချက်ပြည့်တိုင်းပြည့်တိုင်း ချုပ်ချုပ်နေကြပါသည်။ ကမ္မဇရုပ် တို့သည် ပဋိသန္ဓေစိတ်၏ဥပါဒ်မှစ၍ စုတိ၏ရှေး ၁၇–ချက်မြောက်သော စိတ်၏ ဥပါဒ်ထိတိုင်အောင် ခဏတိုင်းခဏတိုင်းဖြစ်ပြီးချုပ်မှုသည် နောက်ဆုံး စုတိစိတ်နှင့် အပြိုင်ချုပ်ပါသည်။

တီ န ဒ၊ ပ စ သံ ဏ ဝု၊ ဇ ဇ ဇ ဇ ဇ ဇ ဇ၊ ရုံ ရုံ၊

ဥ၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀ဥ = (၁၇)

မြစ်ရေလျှဉ် ဥပမာ–

မြစ်ရေအလျှဉ်ကြည့်ရှုရာ၌ တစ်ခုတည်းဟုထင်ရသော်လည်း ပထမမြင်ရသော မြစ်ရေလျှဉ်သည် အောက်သို့စီးသွားပြီး၊ နောက်ထပ်မြစ်ရေအသစ်တို့က အစားဝင် စီးဆင်းနေခြင်းသာ ဖြစ်ပါသည်။ ထိုနည်းတူစွာပင် ပထမရုပ်အစဉ် ချုပ်ပြီးနောက် ဒုတိယ, တတိယစသောရုပ်အစဉ်တို့က အသစ်အသစ် ထပ်မံဖြစ်ပေါ်, ချုပ်ပျက်ကြ ပါသည်။ ဤသို့ ကမ္မဇရုပ်တို့သည် မြစ်ရေလျှဉ်ကဲ့သို့ အစဉ်မပျက် ဆက်ကာဆက်ကာ ဖြစ်နေခြင်းကြောင့် ရုပ်ခန္ဓာသည် မပျက်မစဲတစ်ခုတည်း တည်မြဲနေသည်ဟု မှတ်ထင် နေကြသည်။ အမှန်မှာ အပိုင်းပိုင်းအတစ်အတစ် အဟောင်းအသစ် ပြောင်းလဲနေခြင်း ဖြစ်ပါသည်။ ကံအရှိန်ရှိသမျှ (ဝါ) အသက်ရှည်သမျှ ဖြစ်နေ,ပျက်နေကြပါသည်။

www.dhammadownload.com

ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံတို့သည် မြင်နိုင်, ကြားနိုင်, နံနိုင်, စားနိုင်, ထိသိနိုင်လောက်အောင် ကြမ်းတမ်းကြသည့် ဩဠာရိကရုပ်(ရုပ်ကြမ်းများ) ဖြစ်ကြသည်။ ဓမ္မာရုံ၌ 'ပသာဒ'ခေါ်အကြည်ရုပ် ၅–ပါး၊ 'သုခုမရုပ်'ခေါ်သိမ်မွေ့သော ရုပ် ၁၆–ပါး၊ စိတ် ၈၉–ပါး(*လက္ခဏာအားဖြင့် ၁–ပါးသာ*), စေတသိက် ၅၂–ပါး၊ နိဗ္ဗာန်, ပညတ်အားဖြင့် တရားအစု ၇၆–ပါးတို့သည် ဓမ္မာရုံတရားများ ဖြစ်ကြသည်။

ရူပါရုံ–အဆင်းက စက္ခုပသာဒ–မျက်စိအကြည်မှာ လာတိုက်သည့်အခါတွင် 'မြင်သိစိတ်' ဖြစ်ရပါသည်။ **စက္ခုပသာဒ၊ ရူပါရုံ၊ အရောင်အလင်း၊ နှလုံးသွင်းမှု** ဟုဆိုအပ်သော အကြောင်းတရားပြည့်စုံလျှင် အကျိုးတရားဖြစ်သော စက္ခုဝိညာဏ်စိတ်=မြင်သိစိတ် ဖြစ်ဖို့ရန် မည်သူမှ မတားဆီးနိုင်ပေ။ ဘယ်သူ ဖန်ဆင်းလို့မှလည်း မရနိုင်ပေ။ ပုဂ္ဂိုလ် သတ္တဝါ သူ,ငါမနော တရားသဘောသာ ထင်ရှားရှိပါပေသည်။ ထို့နည်းတူ အာရုံ, ဒွါရနှင့် သိစိတ် (အတိုက်ဓာတ်–အခံဓာတ်–အပွင့်ဓာတ်)တို့ **အသီးသီး** ဖြစ်ကြ၏။

ရှုပွားကျင့်ပါ ဝိပဿနာ
အတိုက်ဓာတ်–အခံဓာတ်–အပွင့်ဓာတ် အဋ္ဌကထာပြ ဥပမာများ–

တယောကြိုး၊ တယောတံ၊ တယော၏အသံတို့ဖြင့် အဋ္ဌကထာ–ပညာရှင်များက ဥပမာ ပြကြပါသည်။ ဤ ဥပမာတွင် တယောကြိုး၌ တယော၏အသံလေး မရှိသေး, တယောတံ၌လည်း တယော၏အသံလေး မရှိသေးပါ။ တယောကြိုးနှင့် တယောတံ ပွတ်တိုက်မှသာ တယော၏အသံလေး ဖြစ်ပေါ်လာပါသည်။ တယောတံနှင့် အာရုံ ၆–ပါးက အတိုက်ဓာတ်နှင့်လည်းကောင်း၊ တယောကြိုးနှင့် အကြည်ဓာတ် ၆–ပါးက အခံဓာတ်နှင့်လည်းကောင်း တူပါသည်။ ထို့ကြောင့် တယော၏အသံနှင့် ဝိညာဏ် ၆–ပါး (သတ္တဝိညာဏဓာတ်)အပွင့်ဓာတ်တို့ တူပုံကို ဖွင့်ဆိုကြပြီး ထို(အပွင့်ဓာတ်)ဝိညာဏ် ၆–ပါး ဖြစ်,ပျက်ခိုက်တွင် သိရှိနှလုံးသွင်း၍ ဝိပဿနာ ရှုမှတ်ရပါမည်။

နောက်တစ်နည်း ထင်ရှားအောင် ဥပမာအားဖြင့် **မီးခြစ်ဆံ၊ မီးခြစ်ဘူး၊ မီးတောက်**တို့ဖြင့်လည်း ဥပမာ ပြကြပါသည်။ မီးခြစ်ဆံ၌ မီးတောက်လေး မရှိသေး, မီးခြစ်ဘူး၌လည်း မီးတောက်လေး မရှိသေးပါ။ မီးခြစ်ဆံနှင့် မီးခြစ်ဘူး ခတ်လိုက်မှသာ မီးတောက်လေး ဖြစ်ပေါ်လာပါသည်။ မီးခြစ်ဆံနှင့် အာရုံ ၆–ပါးက အတိုက်ဓာတ်နှင့် လည်းကောင်း၊ မီးခြစ်ဘူးနှင့် အကြည်ဓာတ် ၆–ပါးက အခံဓာတ်နှင့်လည်းကောင်း တူပါသည်။ ထို့ကြောင့် မီးတောက်နှင့် ဝိညာဏ် ၆–ပါး(သတ္တဝိညာဏဓာတ်) အပွင့်ဓာတ်တို့၏ ဖြစ်,ပျက်ခိုက်တွင် စူးစူးစိုက်စိုက်နှလုံးသွင်း၍ ဝိပဿနာ ရှုမှတ်ရပါမည်။

www.dhammadownload.com

အကျိုးတရားဖြစ်ပေါ်လာမှုသည် အကြောင်းတရားတို့က ပြည့်စုံလုံလောက်သော ကျေးဇူးပြုမှုကြောင့်သာ ဖြစ်ရပါသည်။ ပုရေဇာတပစ္စည်းတွင် မြင်သိစိတ်(နာမ်) ဖြစ်ပေါ်ရန်အကြောင်းတရားများအဖြစ် ရှေ့မှဖြစ်နှင့်၍ ဖြစ်ဆဲ,ရှိဆဲ,တည်ဆဲအဖြစ်ဖြင့် ကျေးဇူးပြုတတ်သော(ရုပ်)တရားများအဖြစ် စက္ခုပသာဒ(စက္ခုဝတ္ထု)က **ဝတ္ထုပုရေဇာနိဿယသတ္တိ**နှင့် အဆင်း(ရူပါရုံ)က **အာရမ္မဏပုရေဇာတသတ္တိ**တို့ဖြင့် ကျေးဇူးပြုနေပါသည်။ မိမိတို့သန္တာန်၌ဖြစ်ပေါ်နေသော အကြောင်း–အကျိုး ကုသိုလ်,အကုသိုလ်, အဗျာကတတရားတို့ကို သိရှိနှလုံးသွင်းကာ ပဋ္ဌာန်းကျမ်းမြတ်၏ ပုရေဇာတပစ္စည်းတွင် 'စက္ခုပသာဒ'နှင့်'ရူပါရုံ'က စက္ခုဝိညာဏ်စိတ်အား ပုရေဇာတသတ္တိဖြင့် ကျေးဇူးပြု၏–ဟု ရုပ်,နာမ်ဓမ္မ ပရမတ္ထသဘောသာ ရှိ၏၊ ပုဂ္ဂိုလ် သတ္တဝါ သူ,ငါမနော တရားသဘော သာထင်ရှားရှိပါပေ၏ဟု– **ရုပ်,နာမ်ဓမ္မကို ပိုင်းခြားသိရသဖြင့် သက္ကာယဒိဋ္ဌိ ပြုတ်ပါသည်**။ ဝိသုဒ္ဓိမဂ်၌လည်း နာမရူပ ပရိစ္ဆေဒဉာဏ်–ဟုခေါ်သော ရုပ်နှင့်နာမ်ကို ပိုင်းခြားသိလျှင် သက္ကာယဒိဋ္ဌိပြုတ်သည်ဟု ဟောပါသည်။

'စက္ခုပသာဒ' 'ရူပါရုံ'နှင့် စက္ခုဝိညာဏ်စိတ်တို့တွင် 'စက္ခုပသာဒ'နှင့် 'ရူပါရုံ'က အကြောင်းတရား 'စက္ခုဝိညာဏ်စိတ်'က အကျိုးတရားဟု သိ၏။ စက္ခုဝိညာဏ်စိတ် သည် 'စက္ခုပသာဒ'နှင့်'ရူပါရုံ' ရှိလို့သာဖြစ်ရပါသည်၊ 'စက္ခုပသာဒ'နှင့်'ရူပါရုံ'မရှိလျှင် စက္ခုဝိညာဏ် မရှိနိုင်ဟု အကြောင်း–အကျိုး အမှန်အတိုင်းကို သိသောဉာဏ်သည် ပစ္စယ ပရိဂ္ဂဟဉာဏ်ဟု ခေါ်ပါသည်။

သတိပဋ္ဌာန်တရားလက်ကိုင်ထား၍ ဝိပဿနာတရား ရှုမှတ်ရာတွင်လည်း ထို အကြောင်း/အကျိုး ရုပ်ဓမ္မ,နာမ်ဓမ္မများကိုပင် အခြေခံထား၍ ရှုမှတ်ရပါမည်။

စက္ခုဝိညာဏ်စိတ်သည် စက္ခုဝတ္ထုကိုမှီ၍သာ မြင်လာလိုက်၊ (ဖြစ်–တည်–ပျက်) ပျက်သွားလိုက် 'အနိစ္စ' ဖြစ်,ပျက်သံသရာ မဆုံးနိုင်ပါသဖြင့် မမြဲသော ရုပ်,နာမ်ကို ပြုစုလုပ်ကျွေးပြီး ယင်းကိုအရေးပေးနေခြင်းသည် '**ဒုက္ခ**'များ လှပေသည်။ ထိုမမြဲသော ရုပ်,နာမ်စသည်တို့သည် ယခု အိုလာပြီး နာရတော့မည်.. သေရတော့မည်၊ အို,နာ,သေ စသည်ဖြင့် ရုပ်,နာမ်ဓမ္မတို့ကို ကျွေးမွေးပြုစု စောင့်ရှောက်နေရခြင်းဖြစ်ပြီး၊ မိမိက ဘာမှမပိုင်, မဆိုင်သည့်သဘော.. မိမိက အစိုးမရသဖြင့် '**အနတ္တ**'ဆိုသည့် သဘော လက္ခဏာ ထင်ရှားလာပါသည်။ ဤကဲ့သို့ဆင်ခြင်သဖြင့် ပုရေဇာတပစ္စည်း ရုပ်,နာမ်ဓမ္မ ပရမတ္ထတရားတို့၏.. "မမြဲသော–အနိစ္စ၊ ဆင်းရဲသော–ဒုက္ခ၊ အစိုးမရသော–အနတ္တ" တရားများကို သမ္မာဇဉ်သတိကိုယ်စီရှိသဖြင့် ပစ္စည်း–ပစ္စယုပ္ပန်၊ အကြောင်း–အကျိုး ပရမတ္ထတရားအမှန်တို့ကို ဆင်ခြင်နိုင်ကြပါစေ..

www.dhammadownload.com

ပဉ္စဝါရဝိဘင် ပါဠိတော်

၅၂–၅၂

၄။	အရဟာ စက္ခုံ အရဟာ–ရဟန္တာသည်၊ စက္ခုံ– စက္ခုပသာဒ	အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ။
၅။	သောတံ၊ ဃာနံ၊ ဇိဝှံ၊ ကာယံ၊ ရူပေ၊ သဒ္ဒေ၊ ဂန္ဓေ၊ ရသေ၊ ဖောဋ္ဌဗ္ဗေ၊ ဝတ္ထုံ သောတ..., ..., ဝတ္ထုံ–ဟဒယဝတ္ထု	အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ။ ရဟန္တာတို့သန္တာန်၌ဖြစ်. အနိစ္စ...ဟု ဝိပဿနာ ကာမကြိယာ
၁၁။	ရူပါယတနံ ရူပါရုံ	စက္ခုဝိညာဏဿ စက္ခုဝိညာဏ်အား
၁၂။	သဒ္ဒါယတနံ, ဂန္ဓာ, ရသာ, ဖောဋ္ဌဗ္ဗာယတနံ သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ	သော.၊ ဃာန.၊ ဇိဝှာ.၊ ကာယဝိညာဏဿ

၅၂–ကု

၄။	သေက္ခာ ဝါ ပုထုဇ္ဇနာ ဝါ စက္ခုံ သေက္ခတို့သည်၊ စက္ခုံ– စက္ခုပသာဒ	အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ။
၅။	သောတံ၊ ဃာနံ၊ ဇိဝှံ၊ ကာယံ၊ ရူပေ၊ သဒ္ဒေ၊ ဂန္ဓေ၊ ရသေ၊ ဖောဋ္ဌဗ္ဗေ၊ ဝတ္ထုံ သောတ..., ..., ဝတ္ထုံ–ဟဒယဝတ္ထု	အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ။ သေက္ခတို့သန္တာန်၌ ဖြစ်. အနိစ္စ...ဟု ဝိပဿနာ မဟာကုသိုလ်

၅၂–အကု

၁။	စက္ခုံ စက္ခုံ– စက္ခုပသာဒ (ကိုအာရုံပြု၍)	အဿာဒေတိ အဘိနန္ဒတိ၊ တံ အာရဗ္ဘ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ၊ ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ၊ ဥဒ္ဒစ္စံ ဥပ္ပဇ္ဇတိ၊ ဒေါမနဿံ ဥပ္ပဇ္ဇတိ၊	
၂။	သောတံ၊ ဃာနံ၊ ဇိဝှံ၊ ကာယံ၊ ရူပေ၊ သဒ္ဒေ၊ ဂန္ဓေ၊ ရသေ၊ ဖောဋ္ဌဗ္ဗေ၊ ဝတ္ထုံ။ သောတ..., ..., ဝတ္ထုံ–ဟဒယဝတ္ထု	အဿာဒေတိ အဘိနန္ဒတိ၊ သာယာ, နှစ်သက်သောအခါ	
		သပ္ပီတိကတဏှာ ပြဋ္ဌာန်းသော	လောဘမူ.သော ၄
		တံ အာရဗ္ဘ ရာဂေါ ဥပ္ပဇ္ဇတိ၊ တပ်သောအခါ၊ တပ်မက်သော	
		ရာဂ ပြဋ္ဌာန်းသော	လောဘမူ ၈
		ဒိဋ္ဌိ ဥပ္ပဇ္ဇတိ၊ အမြင်မှားသောအခါ	လောဘမူ.ဒိသံ ၄
		ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ၊ ယုံမှားသံသယ	မောမူ.ဝိစိသံ
		ဥဒ္ဒစ္စံ ဥပ္ပဇ္ဇတိ၊ ပျံ့လွင့်မငြိမ်သက်	မောမူ.ဥဒ္ဒစ္စသံ
		ဒေါမနဿံ ဥပ္ပဇ္ဇတိ၊ နှလုံးမသာယာ	ဒေါ.သဟဂုတ်(ဒေါသ္ဓေး)

www.dhammadownload.com

၁။ **ဗျာ–ဗျာ**

သတ္တဝါအစားစားတို့၏ မြင်သိစသည် ပဉ္စဝိညာဏ်အစားစား၊ ရုပ်–အဗျာကတ (**ဩဠာရိကနှင့် ဟဒယဝတ္ထုကိုသာ ဝိပဿနာရှုရာတွင်ထင်ရှား၏**၊) ပုရေဇာတပစ္စည်း တရားတို့မှာ ရဟန္တာ(အသေက္ခ)ပုဂ္ဂိုလ်တို့က (အရဟာ စက္ခုံ– သောတံ၊ ဃာနံ၊ ဇိဝှံ၊ ကာယံ၊ ရူပေ၊ သဒ္ဒေ၊ ဂန္ဓေ၊ ရသေ၊ ဖောဋ္ဌဗ္ဗေ၊ ဝတ္ထုံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ။)ဟူ၍ ပျက်,ပျောက် အနိစ္စရောက်သောတရားတို့ကို ယခုဝိပဿနာရှုမှတ်ဆဲ အခါ၌ မရှိ,ချုပ်ပျောက် 'အနိစ္စ'ရောက်သည်တို့ကို ဉာဏ်ဖြင့် 'အနိစ္စ–အနိစ္စ'စသည် အခါခါ ဝိပဿနာရှုပွားမှု(ကာမကြိယာ)ကို သိစေလို၍ ဟောတော်မူပါသည်။

၂။ **ဗျာ–ကု**

ပုထုဇဉ်, သေက္ခပုဂ္ဂိုလ်တို့က (သေက္ခာ ဝါ ပုထုဇ္ဇနာ ဝါ စက္ခုံ– သောတံ၊ ဃာနံ၊ ဇိဝှံ၊ ကာယံ၊ ရူပေ၊ သဒ္ဒေ၊ ဂန္ဓေ၊ ရသေ၊ ဖောဋ္ဌဗ္ဗေ၊ ဝတ္ထုံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ။)ဟူ၍ ပျက်,ပျောက် အနိစ္စရောက်သောတရားတို့ကို ယခု ဝိပဿနာရှုဆဲအခါ၌ မရှိ,ချုပ်ပျောက် 'အနိစ္စ'ရောက်သည်တို့ကိုဉာဏ်ဖြင့် 'အနိစ္စ–အနိစ္စ' စသည်အခါခါ ဝိပဿနာရှုပွားမှု(ကာမကုသိုလ်)ကို သိစေလို၍ ဟောတော်မူပါသည်။

၃။ **ဗျာ–အကု**

ပုထုဇဉ်, သေက္ခပုဂ္ဂိုလ်တို့က ပျက်,ပျောက် အနိစ္စရောက်သော **ဝိပဿနာ ရှုအပ်သော (လောကီ)အဗျာကတတရား**တို့ကို အာရုံပြု၍ သာယာအံ့၊ နှစ်သက်အံ့၊ တပ်မက်ခြင်း ဖြစ်အံ့၊ အမြင်မှားအံ့၊ မဆုံးဖြတ်နိုင်အံ့၊ ပျံ့လွင့်အံ့၊ နှလုံးမသာယာအံ့... ထိုစိတ်တို့ ပျက်, ပျောက် အနိစ္စရောက်သော အကုသိုလ်တို့ကို ယခု ဝိပဿနာရှုဆဲအခါ၌ မရှိ,ချုပ်ပျောက် 'အနိစ္စ'ရောက်သည်တို့ကို ဉာဏ်ဖြင့် 'အနိစ္စ'ဟု အခါခါ ဝိပဿနာပွားများ ကုန်ရာ၏။

? **အာပေါ**အစရှိသည်တို့လည်း ပုရေဇာတပစ္စည်းဖြစ်လျက် မဟောမူ၍၊ အဘယ်ကြောင့် စက္ခုံ အနိစ္စတော.. ဟူ၍သာ ဟောတော်မူပါသနည်း။

ပဥ္စာဝါရတွင် ပရမတ္ထအစစ်ဖြစ်သော နိပ္ဖန္နရုပ် ၁၈–ပါးကို ဟောတော်မူ၏။
သို့ရာတွင် သနိဒဿနတိက်မှလွဲ၍အပြည့်မဟောဘဲ ဩဠာရိကရုပ် ၁၂–ပါးနှင့် ဟဒယဝတ္ထုရုပ် ပေါင်း ၁၃–ပါးကိုသာ ဟောပါသည်။

အဋ္ဌကထာဆရာကြီးမှ ဤဩဠာရိကရုပ်များသည် ဝိပဿနာရှုမှတ်ရာတွင် ထင်ရှား သောကြောင့် စက္ခုံ အနိစ္စတော.. ဟူ၍သာ ဟောတော်မူခြင်းဖြစ်ပြီး သုခုမရုပ်များ ဖြစ်သည့် အာပေါစသည့်ရုပ်များမှာ မထင်ရှားသောကြောင့် မဟောခြင်းဖြစ်ကြောင်း ဆိုပါသည်။

www.dhammadownload.com

ပဋိစ္စသမုပ္ပါဒ်ဒေသနာတော် (လည်ပုံ၊ ပြတ်ပုံ)

မြတ်စွာဘုရားဟောကြားတော်မူသော ဘ၀ဂ်တိုင်အောင် ၃၁–ဘုံမှာရှိသည့် ပုဂ္ဂိုလ်သတ္တဝါများ ပဋိစ္စသမုပ္ပါဒ်(သံသရာ)စက်ရဟက်ကြီးလည်ပုံ၊ ပြတ်အောင်ရှုမှတ်ပုံ၊ ပြတ်သွားပုံများကို မြတ်စွာဘုရားသည် ရှေးဦးစွာစိတ်တော်ဖြင့် ဆင်ခြင်တော်မူပြီး နှုတ်တော်ဖြင့် ရွတ်ဆိုဟောကြားတော်မူပါသည်။

စက္ခုဉ္စ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ။ တိဏ္ဏံ သင်္ဂတိ ဖဿော။ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာ–မရဏံ။ သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿုပါယာသာ သမ္ဘဝန္တိ၊ ဧဝ မေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

(နိဒါနဝဂ္ဂသံယုတ္တ–၃၀၂)

စက္ခုဉ္စ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ။ တိဏ္ဏံ သင်္ဂတိ ဖဿော။

စက္ခာယတန–မျက်စိအကြည်နှင့် ရူပါယတန–အဆင်းရူပါရုံတို့ တိုက်မိပြီး ပေါင်းဆုံလိုက်သောအခါ စက္ခုဝိညာဏ်စိတ် ဖြစ်ပါသည်။ မျက်စိအကြည်, အဆင်းရူပါရုံ, စက္ခုဝိညာဏ် ဤသုံးခုတို့၏၊ သင်္ဂတိ= ပေါင်းဆုံလိုက်သည့်အခိုက်အတန့်မှာ (ဝါ) ပေါင်းဆုံလိုက်ခြင်းကြောင့် ဖဿော= ဖဿသည်၊ သမ္ဘဝန္တိ= ဖြစ်၏။ ပြီးနောက် ဝေဒနာဖြစ်၊ ဝေဒနာဖြစ်ပြီးနောက် တဏှာဖြစ်၊ တဏှာဖြစ်ပြီးနောက် ဥပါဒါန်ဖြစ်၊ ဥပါဒါန်ဖြစ်ပြီးနောက် ဘဝတွေဖြစ်၊ ဘဝဖြစ်ပြီးနောက် ဇာတိဖြစ်၊ ဇာတိဖြစ်ပြီးနောက် ဇရာ–မရဏံ= အိုရ,နာရ,သေရ၊ သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿုပါယာသာ= စိုးရိမ်ရခြင်း, ငိုကြွေးရခြင်း, ကိုယ်ဆင်းရဲခြင်း, စိတ်နှလုံးပူပန်ခြင်းတို့၊ သမ္ဘဝန္တိ= ဖြစ်၏။ ဧဝံ= ဤသို့ ဆိုအပ်ခဲ့ပြီးသော အကြောင်းအဆက်ဆက်တို့ဖြင့်၊ ကေဝလဿ= ချမ်းသာမဖက် ဆင်းရဲသက်သက်သာဖြစ်သော၊ ဧတဿ ဒုက္ခက္ခန္ဓဿ= ဤဆင်းရဲအစု၏၊ သမုဒယော= ဖြစ်ခြင်းသည်၊ ဟောတိ= ဖြစ်၏။

မျက်စိအကြည်, အဆင်းရူပါရုံ, စက္ခုဝိညာဏ် ဤသုံးခုတို့၏ ပေါင်းဆုံလိုက်သည့်အခိုက်အတန့်မှာ (ဝါ) ပေါင်းဆုံလိုက်ခြင်းကြောင့် ဖဿ= အတွေ့ကလေးဖြစ်ပါသည်။ မျက်စိထဲမှာ တွေ့သွားသလို မျက်စိအကြည်လေးမှာလာပြီးတိုက်တိုက်သွားသလို ဖဿ–ဖြစ်ပါသည်။ ဤသို့တွေ့လျှင် စက္ခုဝိညာဏ်ဖြစ်ခိုက်မှာ သမာဓိဉာဏ်အသင်အတင့်ရှိလျှင် "မြင်တယ်၊ မြင်တယ်"ဟု ရှုမှတ်ရပါမည်။ မမှတ်လိုက်လျှင် အကြောင်းအဆက်ဆက်တို့ ဖြစ်ရပါတော့သည်။ 'သံသရာလည်ပတ်' ပါတော့သည်။ ဒီဘဝ, နောက်ဘဝ ဒုက္ခဆင်းရဲအစု အဆက်ဆက်တို့ ဖြစ်ရပါတော့သည်။

www.dhammadownload.com

မြတ်စွာဘုရားသည် ပဋိစ္စသမုပ္ပါဒ်စက်ရဟက်ကြီးလည်ပုံကို ရှေးဦးစွာရွတ်ဆိုပြီး၊ သံသရာစက်ပြတ်ပုံကိုလည်း ဆက်လက်ပြီး ရွတ်ဆိုဟောကြားတော်မူပါသည်။

စက္ခုဉ္စ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ။ တိဏ္ဏံ သင်္ဂတိ ဖဿော။ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဿာယေဝ တဏှာယ အသေသ ဝိရာဂ နိရောဓာ ဥပါဒါနနိရောဓော၊ ဥပါဒါနနိရောဓာ ဘဝနိရောဓော၊ ဘဝနိရောဓာ ဇာတိနိရောဓော၊ ဇာတိနိရောဓာ ဇရာ-မရဏံ၊ သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿုပါယာသာ နိရုဇ္ဈန္တိ၊ ဧဝ မေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ။

ဧဝံ= ဤသို့သော အကြောင်းအဆက်ဆက်ဖြင့်၊ **ကေဝလဿ**= ချမ်းသာမဖက် ဆင်းရဲသက်သက်သာဖြစ်သော၊ **ဧတဿ ဒုက္ခက္ခန္ဓဿ**= ဤဒုက္ခအစု၏၊ **နိရောဓော**= ချုပ်ခြင်းသည်၊ **ဟောတိ**= ဖြစ်၏။ **ဣတိ**= ဤသို့၊ **ဘဂဝါ**= မြတ်စွာဘုရားသည်၊ **အဝေါစ**= ကရုဏာရှေ့သွားပညာအားဖြင့် ဟောကြားတော်မူခဲ့ပါပေသတည်း။

စက္ခုဉ္စ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ။ တိဏ္ဏံ သင်္ဂတိ ဖဿော။

တိဏ္ဏံ= မျက်စိအကြည်, ရူပါရုံ, စက္ခုဝိညာဏ်စိတ်တို့၏၊ သင်္ဂတိ= ပေါင်းဆုံခြင်းသည် (ဝါ) ပေါင်းဆုံခြင်းကြောင့်၊ ဖဿော= ဖဿသည်၊ သမ္ဘဝတိ= ဖြစ်၏။ ဤသုံးခုပေါင်းဆုံလိုက်သဖြင့် ဖဿ= မျက်စိအကြည်လေးမှာလာပြီးတိုက်တိုက်သွားသလို ဖဿ-ဖြစ်ပါသည်။ ဤသို့တွေ့လျှင် စက္ခုဝိညာဏ်ဖြစ်ခိုက်မှာ သမာဓိဉာဏ်ဖြင့် "မြင်တယ်၊ မြင်တယ်"ဟု ရှုမှတ်နိုင်လျှင် 'သံသရာစက် ပြတ်ပေလိမ့်မည်'။

မျက်စိအကြည်, အဆင်းရူပါရုံ, စက္ခုဝိညာဏ်, အတွေ့-ဖဿ ဖြစ်ပြီးနောက် ဝေဒနာဖြစ်လျှင်လည်း ရှုမှတ်,ရှုမှတ် နေရပါမည်။ ဝေဒနာကို ရှုမှတ်ရာတွင်လည်း 'ဝေဒနာ၏သဘာဝလက္ခဏာ'အမှန်ကိုသာ ဖြစ်နေရှိနေဆဲ ဖြစ်နေရှိနေသည့် အတိုင်း စူးစူးစိုက်စိုက် စိပ်စိပ်ရှုမှတ်ရပါမည်။ (ဝေဒနာပျောက်ရန်အဓိကမဟုတ်ပါ) ဤသို့ ဝေဒနာ၏ ဖြစ်-တည်-ပျက်မှုတို့ကို ရှုမှတ်သွားနိုင်လျှင် တဏှာ မဖြစ်တော့ပါ။

မြင်ဆဲခဏလေးမှာ ရှုမှတ်လိုက်လျှင် တရား ၅-မျိုးတို့တွင် တစ်မျိုးမျိုးကိုရှုမှတ်ပြီးသား ဖြစ်သွားတတ်ပါသည်။

❀ မျက်စိရုပ်၊ ရုပ်ကနှစ်ဖြာ၊ မြင်တွေ့ခံစား၊ နာမ်ကားသုံးဖြာ၊
မြင်စဉ်တွေ့ရ၊ ဒုက္ခသစ္စာ၊ မြင်တယ်ဟု၊ မှတ်ရှုသိရပ်။ ။

www.dhammadownload.com

စက္ခုဝိညာဏ်ဖြစ်ခိုက်မှာ "မြင်တယ်၊ မြင်တယ်"ဟု ရှုမှတ်နိုင်လျှင် တစ်ခါတစ်ရံ မျက်စိအကြည်လေးကို သိနေတတ်ပါသည်။ 'မျက်စိထဲမှာ ကြည်ကြည်သွားသလိုပဲ' ဖြစ်ရခြင်းသည် **မျက်စိအကြည်**လေးကိုရှုမိသောကြောင့် ဖြစ်ပါသည်။ ရူပါရုံကိုလည်း မြင်ကာမျှမတ္တမှာတည်တည်သွားခြင်းသည် **အဆင်းရူပါရုံ**ကိုရှုမိသောကြောင့် ဖြစ်ပါသည်။ 'မျက်စိထဲက သိသိ၊ သိသိသွားတာပဲ'ဟု ဉာဏ်ထဲမှာထင်လာတတ်ခြင်းသည် ရှုမှတ်၍ **မြင်သိစိတ်**၏သဘောကိုသိခြင်း ဖြစ်ပါသည်။ 'မျက်စိထဲမှာ တိုက်သွားသလို၊ တိုက်သွားသလိုပဲ'ဟု ထင်လာခြင်းသည် **ဖဿ**ကိုရှုမိသောကြောင့် ဖြစ်ပါသည်။ "မြင်တယ်၊ မြင်တယ်"ဟု ရှုမှတ်လိုက်သောအခါ မြင်လို့ကောင်းသလိုလို၊ မကောင်းသလိုလိုဖြစ်ရခြင်းသည် **ဝေဒနာ**ကိုရှုမိသောကြောင့် ဖြစ်ပါသည်။ 'ဝေဒနာ၏သဘောလက္ခဏာ' အမှန်ကို ဖြစ်နေရှိနေဆဲ ဖြစ်နေရှိနေသည့်အတိုင်း စူးစူးစိုက်စိုက် စိပ်စိပ်ရှုမှတ်နေလျှင် တဏှာ မဖြစ်တော့ပါ။ ဤသို့ရှုမှတ်သည့်အခါတွင် အရွှံ ၅-ခု ထဲက တစ်ခုခုကိုရှုမှတ်နိုင်လျှင်ပင် 'မြင်ကာမျှမတ္တမှာတည်သည်'ဟု ဆိုရပါသည်။

သမာဓိဉာဏ်ရင့်ကျက်လာသည့်အခါ "မြင်တယ်၊ မြင်တယ်"ဟု ရှုမှတ်လိုက်လျှင် မြင်ရသောအဆင်းရူပါရုံလေး တရိပ်ရိပ်ပြောင်းလဲနေမှု၊ မြင်သိစိတ်လေး တစ်ခုပြီး တစ်ခု ပျောက်ပျောက်သွားတာ မြင်ကြရပါသည်။ သမာဓိအားကောင်းပြီး ဉာဏ်ထက်မြတ်သောပုဂ္ဂိုလ်များသည် "မြင်တယ်၊ မြင်တယ်"ဟု ရှုမှတ်လိုက်လျှင် အဆင်းရူပါရုံလေး ရိပ်ကနဲရိပ်ကနဲ ကုန်ပျက်သွားတာ၊ မြင်သိစိတ်လေးလည်း ကုန်ပျက်ကုန်ပျက်သွားတာ၊ "မြင်တယ်၊ မြင်တယ်"ဟု ရှုမှတ်လိုက်သည့် **မှတ်သိစိတ်**လေးပါ ကုန်ပျက်သွားတတ်ကြပါသည်။ အလေ့အကျင့်ရအောင်ရှုမှတ်ရင်း ဘင်္ဂဉာဏ်ရောက်သောအခါ ရှုမှတ်၍ရတတ်ပါသည်။

ဤသို့ရှုမှတ်ရင်း ကုန်ပျက် ကုန်ပျက်သွားတာကိုတွေ့ရသောကြောင့် မမြဲခြင်း 'အနိစ္စ'၊ ကုန်ပျက်မှုလေးများ လျင်မြန်လွန်းအားကြီးသောအခါ နှိပ်စက်နေသကဲ့သို့ ဖြစ်၍ ဆင်းရဲခြင်း 'ဒုက္ခ'၊ ကုန်ပျက်၊နှိပ်စက်နေသောဆင်းရဲများကို မည်သို့မည်ပုံ မှကာကွယ်၍မရ၊ သူ့သဘောအတိုင်းသာသူ ကုန်ပျက်ကုန်ပျက်၍နေကြသောကြောင့် ကိုယ်ကအစိုးမရသဖြင့် 'အနတ္တ'ဟု ဝိပဿနာဉာဏ်တရားထူးများ ရသွားနိုင်ပါသည်။

ထို့အတူ ၆-ဒွါရလုံးမှာ မှတ်နေရပါမည်။ မမှတ်လျှင် 'သံသရာလည်ပတ်ဖို့ရာ ဖြစ်ပါလိမ့်မည်။ 'သံသရာစက် ဖြတ်ဖို့ရာနည်းလမ်း'မှန်သည် ဝိပဿနာရှုမှတ်၍သာ ဖြတ်ရပါမည်။ မြင်ဆဲ၊ ကြားဆဲ၊ နံဆဲ၊ စားဆဲ၊ ထိဆဲ၊ ကြံဆဲတို့တွင် ပစ္စုပ္ပန် တည့်တည့်လေး ဖြစ်ခိုက်မှာရှုမှတ်နေလျှင် သမာဓိဉာဏ်များအားကောင်းလာပြီး တရားမှန်များ ဝိပဿနာဉာဏ်များ တိုးတက်လာပါလိမ့်မည်။

www.dhammadownload.com

သံသရာစက်ပြတ်ဖို့ရန်အတွက် မြတ်စွာဘုရားဟောကြားတော်မူသော ကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မာတည်းဟူသော သတိပဋ္ဌာန်တရားလက်ကိုင်ထား၍ ရှုမှတ်နေရပါမည်။

တဿာယေဝ တဏှာယ= ထိုတဏှာ၏သာလျှင်၊ **အသေသ ဝိရာဂ နိရောဓာ=** အကြွင်းမဲ့ချုပ်ခြင်းကြောင့်၊ **ဥပါဒါနနိရောဓော=** စွဲလမ်းခြင်း ဥပါဒါန်ချုပ်ခြင်းသည်၊ **သမ္ဘဝတိ=** ဖြစ်၏။ စွဲလမ်းခြင်း ဥပါဒါန်ချုပ်ခြင်းကြောင့် ကမ္မဘဝ, ဥပပတ္တိဘဝ ချုပ်၏။ ဘဝချုပ်ခြင်းကြောင့် ပဋိသန္ဓေနေရခြင်း ဇာတိချုပ်၏။ ဇာတိချုပ်ခြင်းကြောင့် အိုရခြင်း သေရခြင်းသည် ချုပ်၏။ စိုးရိမ်ရခြင်း, ငိုကြွေးရခြင်း, ကိုယ်ဆင်းရဲခြင်း, စိတ်နှလုံးပူပန်ခြင်းတို့လည်းသည် **နိရုဇ္ဈန္တိ=** ချုပ်ကြကုန်၏။

ပဋ္ဌာန်း ပုရေဇာတပစ္စည်း မေတ္တာပို့ ဆုတောင်းဘုရားရှိခိုး

ပုရေဇာတပစ္စယော– သတ္တဝါအားလုံး၊ မကောင်းသော အာရုံငါးပါး၊ ရုပ်တရား၊ ဝတ္ထုရုပ်တရားများ၊ ရှေးဦးကြိုတင်၊ မဖြစ်ကြဘဲ၊ ကောင်းမြတ်သော၊ အာရုံငါးပါး၊ ရုပ်တရားများ၊ ဝတ္ထုရုပ်တရားများသာ၊ ရှေးဦးကြိုတင်၊ ဖြစ်နှင့်ကြ၍၊ ကောင်းမြတ်သော၊ ကုသိုလ်တရား၊ အကျိုးဝိပါက်တရားတို့သာ တိုးပွားဖြစ်ထွန်းနိုင်ကြပါစေ။

ရှေ့က ကုသိုလ်၊ နောက်နောက်ကို၊ မှီခို ကောင်းကျိုး ပေးစေသော်။

ပုရေဇာတပစ္စယော– အလင်းမှီနေ၊ များဗိုလ်ခြေကို၊ ကပွေ့စစ္စာ၊ ပေါ်လာထွန်းပ၊ နေနှင့်လသို့၊ နောက်မှဖြစ်လေ၊ စိတ်နှင့်စေအား၊ ပုရေဇာတ၊ သတ္တိထူးဖြင့်၊ ကျေးဇူးပြုတတ်သော ဝတ္ထုပုရေဇာတ၊ အာရမ္မဏပုရေဇာတနှစ်ပါး၊ ပစ္စည်းတရားသည်၊ အတ္ထိ– ပုဂ္ဂိုလ်,သတ္တဝါ၊ သူငါမနော၊ တရားသဘောသာ၊ ထင်ရှားရှိပါပေသည်တကား။ ဣတိ– ဤသို့၊ ဗောဓေန္တိ– သဗ္ဗညုတာ၊ ဉာဏ်တော်သာဖြင့်၊ ဦးစွာကျွန၊ သိပြီးမှသျှင်၊ များလှဝေနေ၊ သိစေတော်မူသော၊ မြတ်စွာဘုရားကို၊ ဝန္ဒာမိ– ဂုဏ်တော်ထုံမွမ်း၊ ပုံတော်မှန်းလျက်၊ ချီးမွမ်းထောမနာ၊ ပဏာရိုကျိုး၊ လက်စုံမိုး၍၊ ရှိခိုးကန်တော့ပါ၏ ဘုရား။

UK-2020(COVID-19)

ပုရေဇာတပစ္စည်း ပြီး၏။

www.dhammadownload.com

"နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"

၁၁။ ပစ္ဆာဇာတပစ္စည်း

ပစ္ဆာဇာတမည်ခြင်းအကြောင်း

ပစ္ဆာဇာတ = နောက်မှ ဖြစ်၍ ကျေးဇူးပြုတတ်သောတရား။

ပဋ္ဌာန်း	ပစ္စည်း	ပစ္စယုပ္ပန်
ပုရေဇာတ	(အရင်ဖြစ်)**ရုပ်**	နာမ်(နောက်ဖြစ်)
ပစ္ဆာဇာတ	(နောက်ဖြစ်)နာမ်	**ရုပ်**(အရင်ဖြစ်)

လင်းတငယ်တို့သည် အစာမစားရသေးပဲ နောင်စားရမည်ဟူသော မျှော်လင့်ချက်ဖြင့် အစာဝနေကြ၏။ အစာဝနေခြင်းအား စားရမည်ဟူသောမျှော်လင့်ချက်သည် နောက်မှ ဖြစ်၍ကျေးဇူးပြုသကဲ့သို့၊ ဤရုပ်ခန္ဓာကိုယ်ကြီးအား ကျေးဇူးပြုသော နောက်မှဖြစ်သော စိတ်,စေတသိက်တရားတို့သည် 'ပစ္ဆာဇာတပစ္စည်း' မည်၏။

အစာအာဟာရ၌ တောင်းတတပ်မက် နှစ်သက်သည့် ရသတဏှာနှင့်ယှဉ်သော စေတနာ(နာမ်တရား)က လင်းတငယ်၏ကိုယ်ခန္ဓာ(ရုပ်)ကို မသေရအောင် ထောက်ပံ့သကဲ့သို့၊ နောက်နောက်မှဖြစ်ကြသည့်ပစ္စည်း(နာမ်တရား)တွေက ရှေးကဖြစ်နှင့်နေကြသည့် စတုသမုဋ္ဌာနိက(ရုပ်)တို့အား စည်ပင်ကြီးပွားအောင်၊ နောင် မိမိနှင့်တူသော ရုပ်အစဉ် ထပ်မံ၍ ဆက်လက်ဖြစ်ပွားအောင် ထောက်ပံ့သမှု ကျေးဇူးပြုကြပါသည်။

ရှေးကပေါက်နှင့်ပြီးသော အင်ကြင်းပင်ငယ်တို့ကို နောက်မှရွာသောမိုးရေတို့က စည်ပင်ကြီးပွားအောင်ကျေးဇူးပြုသကဲ့သို့၊ ရှေးကဖြစ်နှင့်ပြီးသော 'ဌီ'အနေနှင့်ထင်ရှားသောပစ္စယုပ္ပန် စတုသမုဋ္ဌာနိကရုပ်များကို နောက်မှဖြစ်သောပစ္စည်း(စိတ်,စေတသိက်) နာမ်တရားတို့က အဆင့်ဆင့်စည်ပင်ကြီးပွားစေပြီး သေသည့်တိုင် ထောက်ပံ့ကူညီသောသတ္တိဖြင့် ကျေးဇူးပြုပါသည်။

မျိုးစေ့ကြောင့် ပေါက်လာသောအပင်ကို ရေလောင်းသကဲ့သို့၊

မွေးစကလေးကို နို့တိုက်ရသကဲ့သို့- နောက်မှဖြစ်သောနာမ်တရားတို့က ရှေးကဖြစ်နှင့်ပြီးသောရုပ်တရားတို့ကို မသေမချင်း မပုပ်မသိုး, လတ်လတ်ဆတ်ဆတ် ရှင်သန်အောင် ထောက်ပံ့ထားပါသည်။

အကြောင်းနာမ်တရားက နောက်မှဖြစ်၍ အကျိုးရုပ်တရားက အရင်ဖြစ်သော **ထူးဆန်းသောပစ္စည်း** ဖြစ်ပါသည်။

www.dhammadownload.com

အမျိုးဇာတ်၊ ကာလ၊ ဘုံဌာန

⁂ ပစ္ဆာဇာတပစ္စည်းသည် ပစ္ဆာဇာတမျိုး၌သာဖြစ်၍ မျိုးကွဲမရှိပါ။

⁂ ပစ္ဆာဇာတပစ္စည်းသည် ပဋိသန္ဓေကာလ, ပဝတ္တိကာလ နှစ်ပါးတို့တွင်- ပဝတ္တိကာလ၌သာ ဖြစ်နိုင်ပါသည်။ ✕ ပဋိသန္ဓေအခိုက် ပစ္ဆာဇာတပစ္စည်းမရပါ။ အဘယ်ကြောင့်ဆိုသော် ရှေးကဖြစ်နှင့်ပြီးရုပ်မရှိသောကြောင့် ဖြစ်ပါသည်။

* ပစ္စုပ္ပန်,အတိတ်,အနာဂတ် ကာလသုံးပါးတို့တွင် ပစ္စုပ္ပန်ကာလ၌ ဖြစ်ပါသည်။

⁂ ပစ္ဆာဇာတပစ္စည်းသည် ပဉ္စဝေါကာရဘုံ ၂၆-ဘုံ၌ ဖြစ်နိုင်ပါသည်။ ပစ္စည်းတရားက နောက်ဖြစ်သောနာမ်ဖြစ်ပြီး ပစ္စယုပ္ပန်သည် ရုပ်သက်သက်ဖြစ်၍ စတုဝေါကာရ၊ ဧကဝေါကာရဘုံတို့၌ မဖြစ်နိုင်ပါ။

ပုရေဇာတ၏အခြားမဲ့၌ ပစ္ဆာဇာတပစ္စည်း ဟောရခြင်း

ဘုရားရှင်သည် ပုရေဇာတပစ္စည်းဖြင့် ပစ္စယုပ္ပန်မှရှေးဦးစွာဖြစ်၍ ပစ္စယုပ္ပန်တရားတို့အား ကျေးဇူးပြုသည်အဖြစ်ကို ဟောကြားတော်မူသည်။ ဤသို့ကျေးဇူးပြုခြင်းသာ ဖြစ်သင့်ပါသလော။

ပစ္စယုပ္ပန်မှ နောက်၌ဖြစ်၍ ကျေးဇူးပြုခြင်းသည်လည်း ဖြစ်သင့်ပါသလော-ဟု ယုံမှားသက်ာဖြစ်ဖွယ်ရှိ၍ ထိုယုံမှားသက်ာကို ပယ်ဖျောက်ခြင်း အကျိုးငှာ ပုရေဇာတ၏ အခြားမဲ့၌ ပစ္ဆာဇာတပစ္စည်းကို ဟောတော်မူပါသည်။ [ပဋ္ဌာနသာရဒီပနီဋီကာ]

ဟေတုပစ္စည်း-	ပစ္စည်း ဟိတ်-နာမ်၊	ပစ္စယုပ္ပန် နာမ်,ရုပ်၊
အာရမ္မဏပစ္စည်း-	ပစ္စည်း အာရုံ-နာမ်,ရုပ်၊	ပစ္စယုပ္ပန် အာရမ္မဏိက-နာမ်၊
အဓိပတိပစ္စည်း-	အာရမ္မဏာဓိပတိ + သဟဇာတာဓိပတိ၊	
အနန်-သမနန္တရ-	ပစ္စည်း(နာမ်)	ပစ္စယုပ္ပန် (နာမ်)
သဟဇာတ, အညမည,နိဿယ-	ပစ္စည်း နာမ်,ရုပ်၊	ပစ္စယုပ္ပန် နာမ်,ရုပ်၊
	နာမ်⇆နာမ်၊ ရုပ်⇆ရုပ်၊ နာမ်⇆ရုပ်၊ နာမ်→ရုပ်၊ ရုပ်→ရုပ်၊ ရုပ်✓✕နာမ်၊	
ဥပနိဿယပစ္စည်း-	ပစ္စည်း နာမ်, ရုပ်, ပညတ်	ပစ္စယုပ္ပန် နာမ်၊
ပုရေဇာတပစ္စည်း-	ရုပ်သက်သက်(ပစ္စည်း)	(ပစ္စယုပ္ပန်)နာမ်သက်သက်
ပစ္ဆာဇာတပစ္စည်း-	နာမ်သက်သက်(ပစ္စည်း)	(ပစ္စယုပ္ပန်)ရုပ်သက်သက်

နောက်၌ဖြစ်သောနာမ်တရားက ရှေ့ကဖြစ်နှင့်ထားသော ရုပ်တရားအား (ပဉ္စဝေါကာရဘုံ၌) (ဥပတ္ထမ္ဘကသတ္တိ)ကျေးဇူးပြုပါသည်။ [နာမ်က ရုပ်ကို ၁-ပစ္စည်းသာ]

www.dhammadownload.com

အပြန်အလှန်ဆက်သွယ်မှု ကျေးဇူးပြုမှု

ပဋ္ဌာန်းတရားတော် အကြောင်းအကျိုး ကျေးဇူးပြုမှု၊ အပြန်အလှန်ဆက်သွယ်မှု၊ အထောက်အကူပြုမှုတို့သည်-

* သဟဇာတမျိုး born together အကြောင်းတရားနှင့်အကျိုးတရား အတူတကွဖြစ်၊
* ပုရေဇာတမျိုး born earlier အကြောင်းတရားက ကြိုတင်ပြီးဖြစ်နှင့်၊
* ပစ္ဆာဇာတမျိုး born Later အကြောင်းတရားက နောက်မှဖြစ်၍ ကျေးဇူးပြု၏။

အကြောင်း,အကျိုးသဘာဝတရားတို့ကို ဖြစ်ပေါ်လာသည့် အချိန်ပိုင်းနှင့်ကန့်သတ်ပြီး အထင်အရှားရှိနေခိုက်မှာကျေးဇူးပြု၍ 'အတ္ထိပစ္စည်း'၊ မကင်းကွာခင်အထိကျေးဇူးပြု၍ 'အဝိဂတပစ္စည်း'တို့ဖြင့်လည်း ကျေးဇူးပြုပါသည်။

ပစ္ဆာဇာတပစ္စည်းတွင် အကျိုးတရားထက် အကြောင်းတရားကနောက်မှဖြစ်ခြင်းသည် အဖေအမေထက် သားသမီးကအရင်ဖြစ်နှင့်သလား? အဓိပ္ပါယ်မျိုး ဆိုလိုရင်း မဟုတ်ပါ။ အကြောင်းနှင့်အကျိုး အပြန်အလှန်အထောက်အကူပြုမှုကိုဟောသော <u>ထူးဆန်းသောပစ္စည်း</u> ဖြစ်ပါသည်။ ဖြစ်စေမှု, တည်တံ့စေမှုတို့တွင် တည်တံ့စေမှုဖြင့် ကျေးဇူးပြုပါသည်။

ကျေးဇူးပြု

ဖြစ်စေ, တည့်စေ၊ ဤ နှစ်ထွေ၊ ခေါ်လေကျေးဇူးပြု။

ကျေးဇူးပြု-ဟူသော အပြန်အလှန်ဆက်သွယ်နေသော သဘာဝတရားတို့သည်-

* မဖြစ်သေးသည်ကို ဖြစ်စေခြင်း, ထုတ်လုပ်သည့်အကြောင်းတရားသည် 'ဇနကသတ္တိ'ဖြင့်ကျေးဇူးပြုခြင်း၊
* ဖြစ်ပြီးသည်ကို တည်တံ့စေခြင်း, အထောက်အကူပြုသည့်အကြောင်းတရားသည် 'ဥပတ္ထမ္ဘကသတ္တိ'ဖြင့်ကျေးဇူးပြုခြင်း၊
* မဖြစ်သေးသည်ကို ဖြစ်စေခြင်း, ဖြစ်ပြီးသည်ကို တည်တံ့စေခြင်းသည် 'ဇနကောပတ္ထမ္ဘကသတ္တိ'ဖြင့်ကျေးဇူးပြုခြင်း-ဟူ၍ ကျေးဇူးပြုပုံ ၃-မျိုး ရှိပါသည်။

၁	ဇနက	၅	အနန္တရ,သမနန္တရ,အာသေဝန,နတ္ထိ,ဝိဂတ၊ (အနန္တရမျိုး)
၂	ဥပတ္ထမ္ဘက	၁	ပစ္ဆာဇာတ
၃	ဇနက, ဥပတ္ထမ္ဘက(၂-မျိုးရ)	၁၈	ကြွင်း ၁၈-ပစ္စည်း။

(ဆောင်) ဖြစ်စေ ငါးကောင်၊ ပံ့ထောက် ဇက၊ ဋ္ဌာရသ ဇနကော ပထမ်၊

www.dhammadownload.com

ကာမာဝစရဘုံနှင့် ရူပါဝစရဘုံရှိ သက်ရှိသတ္တဝါတို့သည် ရုပ်တရားနှင့်နာမ်တရား နှစ်ခုစုံရှိနေမှ (သာမန်အားဖြင့်)အသက်ရှင်နေနိုင်ပါသည်။ ရှေးရှေးစိတ်တို့နှင့်အတူ ဖြစ်လာသောရုပ်တရားတို့ သက်တမ်းပြည့်ရှင်သန်နိုင်အောင် နောက်နောက်စိတ်တို့ ကလည်း စဉ်ဆက်မပြတ် ကျေးဇူးပြုပေးသည်။ ရှေးရှေးစိတ်တို့နှင့်အတူ(အရင်) ဖြစ်လာသောရုပ်တရားက အကျိုး-ပစ္စယုပ္ပန်တရားဖြစ်ပြီး၊ နောက်နောက်စိတ်တို့က အထောက်အပံ့ပေးနေသော အကြောင်း-ပစ္စည်းအဖြစ်(ထူးဆန်းစွာ) 'ပစ္ဆာဇာတသတ္တိ'ဖြင့် ကျေးဇူးပြုပါသည်။

ပုရေဇာတနှင့်ပစ္ဆာဇာတ အထူး

ပဋ္ဌာန်း	ပစ္စည်း	ပစ္စယုပ္ပန်
ပုရေဇာတ	(အရင်ဖြစ်)ရုပ်	နာမ်(နောက်ဖြစ်)
ပစ္ဆာဇာတ	(နောက်ဖြစ်)နာမ်	ရုပ်(အရင်ဖြစ်)

၂-ပစ္စည်းလုံး

⇉ ရှိဆဲ၊ တည်ဆဲ ရုပ်နှင့်နာမ်တို့ဖြစ်၍ ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ ရပါသည်။

⇉ ၂-ပစ္စည်းလုံးရှိရုပ်သည် **ရှေးကဖြစ်နှင့်ပြီးသော 'ဌီ'အနေနှင့်ထင်ရှားရှိသောရုပ်။**

✓✓✓ ၂-ပစ္စည်းလုံး အခါအားဖြင့်၊ ဘုံအားဖြင့်၊ တရားအားဖြင့် ထူးကြပါသည်။

အခါအားဖြင့် - ပဝတ္တိအခါသာရပါသည်။ ပစ္စုပ္ပန်ကာလ၌ ဖြစ်ပါသည်။

ဘုံအားဖြင့် - ပဥ္စဝေါကာရဘုံ ၂၆-ဘုံ၌သာရပါသည်။ (ရုပ်,နာမ်တရား)

တရားအားဖြင့် - အရူပဝိပါက် ၄-ပါးကို မဟောပါ။ ဤသို့ထူးပါသည်။

❖ ပုရေဇာတသည်- အကြောင်းတရားက အကျိုးပစ္စယုပ္ပန်မဖြစ်မီ ရှေးကကြိုတင်ဖြစ်နှင့်ပြီး ကျေးဇူးပြုပါသည်။

❖ ပစ္ဆာဇာတသည်- အကျိုးတရားက အရင်ဖြစ်နှင့်ပြီး အကြောင်းတရားက နောက်မှ ဖြစ်ပြီး ကျေးဇူးပြုပါသည်။ *(အချို့ဆရာတို့က ပြောင်းပြန်ပစ္စည်းဟုဆိုပါသည်။)*

⏩ ပုရေဇာတသည် အကြောင်း-**အရင်ဖြစ်သောရုပ်**၊ အကျိုး-နောက်ဖြစ်သောနာမ်၊
အရင်ဖြစ်သောရုပ်သည် - ပဋိသန္ဓေအစရှိသော ရှေးရှေးသောစိတ်နှင့်အတူဥပါဒ်ရုပ်၊
နောက်ဖြစ်သောနာမ် - ပထမဘဝင်အစရှိသောနောက်ဖြစ်သောနာမ်၊

⏩ ပစ္ဆာဇာတသည် အကြောင်း-နောက်ဖြစ်သောနာမ်၊ အကျိုး-**အရင်ဖြစ်သောရုပ်**၊
နောက်ဖြစ်သောနာမ် - ပထမဘဝင်အစရှိသောနောက်ဖြစ်သောနာမ်
အရင်ဖြစ်သောရုပ်သည် - ပဋိသန္ဓေအစရှိသော ရှေးရှေးသောစိတ်နှင့်အတူဥပါဒ်ရုပ်၊

✓ ပုရေဇာတသည် - 'ဇနကောပတ္ထမ္ဘကသတ္တိ'ဖြစ်၍ 'ဇနကသတ္တိ' ရပါသည်။

✗ ပစ္ဆာဇာတသည် - 'ဇနကသတ္တိ' မရပါ၊ 'ဥပတ္ထမ္ဘကသတ္တိ'သာ ရပါသည်။

www.dhammadownload.com

ဘဝအစ ရုပ်နာမ်စမ္မတို့ဖြစ်ပုံ

ဘဝတစ်ခုအစ ပဋိသန္ဓေစိတ်နှင့်အတူ ရုပ်များလည်း ဖြစ်ကြပါသည်။ ထို့ကြောင့် ပဋိသန္ဓေ(တည်ခါစ)ဥပါဒ်အခိုက် အတူတကွ 'သဟဇာတ'၊ အချင်းချင်းအပြန်အလှန် 'အညမည'၊ တစ်ခုနှင့်တစ်ခုအားပြုမှီခို၍ 'နိဿယ'သတ္တိတို့ဖြင့် ကျေးဇူးပြုပါသည်။ ထို့နောက် ဘဝင်စိတ်ချည်း ၁၆–ကြိမ်ခန့် ဖြစ်ပါသည်။ ထို့နောက် မနောဒွါရာဝဇ္ဇန်း၊ ထိုနောက် ဘဝကိုတွယ်တာတပ်မက်သော လောဘဇော ၇–ကြိမ်ဖြစ်ပြီး ဘဝင်စိတ် ပြန်ဖြစ်ပါသည်။ စိတ်အစဉ်ဖြစ်ပုံ ဝီထိအစဉ်အားဖြင့်ချ၍ အကြောင်း ၄–ပါးကြောင့် ဖြစ်သောရုပ်အစဉ်ကိုထည့်လျှင် ပစ္စာဇာတပစ္စည်းကျေးဇူးပြုပုံသည်–





ဧကဇကာယ– ကံအကြောင်းတစ်ပါးကြောင့်ဖြစ်သောရုပ်၊ (ပဋိသန္ဓေ၏ဥပါဒ်အခိုက်၌– ကမ္မဇရုပ်)

ဒွိဇကာယ– ကံ၊ ဥတု အကြောင်းနှစ်ပါးကြောင့် ဖြစ်သောရုပ်၊ (ပဋိသန္ဓေ၏ ဋ္ဌီနှင့်ဘင်တို့၌ရှိသော ကမ္မဇရုပ်၊ ဥတုဇရုပ်များ)

တိဇကာယ– ကံ၊ ဥတု၊ စိတ် အကြောင်း ၃–ပါးကြောင့်ဖြစ်သောရုပ်၊ ပထမဘဝင်၏ ဥပါဒ်၌ရှိသော (အာဟာရဇရုပ်မဖြစ်မီ–ကမ္မဇရုပ်၊ဥတုဇရုပ်၊စိတ္တဇရုပ်များ)

စတုဇကာယ ကံ၊ ဥတု၊ စိတ်၊ အာဟာရ–အကြောင်း ၄–ပါးကြောင့်ဖြစ်သောရုပ်၊ (ဂဗ္ဘသေယျက)အမိဝမ်း၌ ကိန်းအောင်းသောပုဂ္ဂိုလ်ဖြစ်လျှင် ၂–သတ္တဟ၊ ၃–သတ္တဟအဖြစ်၊ အမိစားအပ်သော ရသဓာတ်ရည်စိမ့်ဝင်သောအခါ၊ သံသေဒဇ၊ ဥပပါတ်ပုဂ္ဂိုလ်များ အတွက် မိမိတံတွေးကိုမျိုသောအခါ အာဟာရဇရုပ် ဖြစ်၏။ အာဟာရဇရုပ်ဖြစ်ပေါ် ချိန်၌ ကမ္မဇ၊ ဥတုဇ၊ စိတ္တဇ၊ အာဟာရဇ–ဟု ရုပ် ၄–ခုဖြစ်၍ စတုဇကာယ ရပါသည်။

ပစ္စာဇာတပစ္စည်း ကျေးဇူးပြုပုံ (တပ်ပုံအကျဉ်း)

✗ ပဋိသန္ဓေအခိုက် ပစ္စာဇာတပစ္စည်း မရပါ။
အဘယ်ကြောင့်ဆိုသော် ရှေးကဖြစ်နှင့်ပြီးရုပ်မရှိသောကြောင့် ဖြစ်ပါသည်။

✓ ပထမဘဝင်သည် ကမ္မဇ၊ ဥတုဇရုပ် ၂–ပါးကို ကျေးဇူးပြုပါသည်။
ဒုတိယဘဝင်စသည်သည် ကမ္မဇ၊ ဥတုဇ၊ စိတ္တဇရုပ် ၃–ပါးကို ကျေးဇူးပြုပါသည်။

* အာဟာရဇရုပ်များဖြစ်ပြီးနောက် ဒွေပဉ္စဝိညာဉ်–၁၀ မှတစ်ပါး နောက်နောက်စိတ်၊ စေတသိက်တို့သည် ရှေးရှေးဖြစ်နှင့်၍ ဋ္ဌီအနေဖြင့်ရှိသော ကမ္မဇ၊ ဥတုဇ၊ စိတ္တဇ၊ အာဟာရဇ ရုပ် ၄–ပါးကို ကျေးဇူးပြုပါသည်။

www.dhammadownload.com

တိ န ဒ၊ ပ စ သံ ဏ ဝ၊ ဇ ဇ ဇ ဇ ဇ ဇ ဇ၊ ရုံ ရုံ၊

၉၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၉ = (၁၇)

* ကုသိုလ်,အကုသိုလ်တို့သည် ဇောကိစ္စဖြစ်သောကြောင့် ပ–ဇောရှေ့၌ ပဥ္စဒွါရဝီထိတွင်ဝုဋ္ဌော၊ မနောဒွါရဝီထိတွင်မနောဒွါရာဝဇ္ဇန်း ရှိနေသည်။ ဝုဋ္ဌော၊ မနောဒွါရာဝဇ္ဇန်း ရောက်လာသည့်အခါ တိဇကာယ၊ စတုဇကာယ ဖြစ်ပါသည်။

* တိဇကာယသည် ဗြဟ္မာများ၏သန္တာန်မှာ အာဟာရဇ မရှိသောကြောင့်၊

* စတုဇကာယသည် ကာမသတ္တဝါများ၏ သန္တာန်မှာဖြစ်ပါသည်။

ရူပဘုံအတွက် – အာဟာရဇရုပ်မရှိ၍ တိဇကာယ(ကမ္မဇ၊ ဥတုဇ၊ စိတ္တဇ)

ကာမဘုံအတွက် – အာဟာရဇရုပ်ရ၍ စတုဇကာယ ရ၏။

ဗြဟ္မာ၏အာဟာရ – ပီတိဘင်ခဏ= ပီတိနှင့်ယှဉ်သောအစာ= နာမ်အာဟာရ

အဋ္ဌကထာဖွင့်ဆိုချက်များ

? ပစ္စယနိဒ္ဒေသ ပစ္ဆာဇာတပစ္စည်း၌ **"ပုရေဇာတဿ ဣမဿ ကာယဿ"**ကို အဓိပ္ပါယ်ပေါ်အောင် ရှင်းပြပါ။

ပစ္ဆာဇာတာ စိတ္တစေတသိကာ ဓမ္မာ	ပုရေဇာတဿ ဣမဿ ကာယဿ	ပြိုင် ၂
ပဋိသန္ဓေ၊ဘဝင်၊ စုတိ ဒွေ၊ ပဥ္စဝေါ.ဖြစ် အရူပ်–၄ ကြဉ်သော ပထမဘဝင်အစရှိသောနောက်ဖြစ်သော စိတ် ၈၅ ခု၊ စေ ၅၂၊	ပဋိသန္ဓေအစ. ရှေးရှေးသောစိတ်နှင့်အတူ ဥပါဒ်၍ ရုပ်၏ဌီသို့ရောက်သော ဧကဇကာယ၊ ဒွိဇ.၊ တိဇ.၊ စတုဇကာယ	ပစ္ဆာဇာတ၊ ဝိပ္ပယုတ္တ

"ပုရေဇာတဿ"အရ– ပစ္စည်းနာမ်တရားမဖြစ်မီ ပစ္စယုပ္ပန်ရုပ်တရားက ရှေးဦးစွာဖြစ်နှင့်နေပြီး ပစ္စည်းနာမ်တရားဖြစ်သောအခါ၊ ပစ္စယုပ္ပန်ရုပ်တရားက "ဌီ"ခဏတွင် ရှိနေဆဲ၌ ကျေးဇူးပြုခြင်းကို ပြဆိုပါသည်။

"ဣမဿ ကာယဿ"အရ လေးပါး၊ သုံးပါးသောအကြောင်းကြောင့်ဖြစ်သည့် ဘူတရုပ်၊ ဥပါဒါရုပ်ဟုဆိုအပ်သော ဤစတုဇ၊ တိဇရူပကာယပစ္စယုပ္ပန်တရား ဖြစ်ပါသည်။

တိဇရုပ်သည် ရူပဗြဟ္မာတို့၌ အာဟာရဇရုပ် မရှိသဖြင့် ကမ္မဇရုပ်၊ စိတ္တဇရုပ်၊ ဥတုဇရုပ်ဟူသော တိဇကာယ ဖြစ်ပါသည်။

စတုဇရုပ်သည် ကာမပုဂ္ဂိုလ်များမှာ အာဟာရဇရုပ်ရှိသဖြင့် ကမ္မဇရုပ်၊ စိတ္တဇရုပ်၊ ဥတုဇရုပ်၊ အာဟာရဇရုပ်ဟူသော စတုဇကာယ ဖြစ်ပါသည်။

ထိုပစ္စယုပ္ပန်ရုပ်တရားတို့သည် ပစ္စည်းနာမ်တရားတို့ထက် ရှေးဦးစွာဖြစ်နှင့်ပြီး "ဌီ"သို့ရောက်မှ ပစ္ဆာဇာတသတ္တိဖြင့် ကျေးဇူးပြုမှုခံရပါသည်။

www.dhammadownload.com

ပစ္စယနိဒ္ဒေသ ပစ္ဆာဇာတပစ္စည်း အရ

ပစ္စည်း(ကတ္တား)	ပစ္စယုပ္ပန်(သမ္ပဒါန်)	(ကရိုဏ်း)
ပစ္ဆဝေါ.ဖြစ် အရူပ်-၄ ကြဉ် ပထမဘဝင်အစ.နောက်ဖြစ်သော နာမက္ခန္ဓာလေးပါး၊	ပဋိသန္ဓေအစရှိသော ရှေး.အတူဥပါဒ်၍ ရုပ်၏ဌီသို့ရောက်သော ဧကဇကာယ၊ ဒွိဇကာယ၊ တိဇကာယ၊ စတုဇကာယ၊	(ပြိုင်.၂) ပစ္ဆာဇာတ၊ ဝိပ္ပယုတ္တ

ပစ္ဆာဇာတပစ္စည်း၏ သုဒ္ဓသဗျာဝါရ၌ – ပဋိသန္ဓေအစရှိသော ရှေးရှေးသောစိတ်နှင့် အတူဥပါဒ်၍ရုပ်၏ဌီသို့ရောက်သော ဧကဇကာယ၊ ဒွိဇကာယ၊ တိဇကာယ၊ စတုဇကာယ အား<u>တပ်သော</u> ပစ္ဆဝေါကာရဘုံ၌ဖြစ်သောအခါ အရူပဝိပါက်လေးခုကြဉ်သော ပထမ ဘဝင်အစရှိသော နောက်ဖြစ်သော နာမက္ခန္ဓာလေးပါး။ ဤတရားတို့သည် ပစ္ဆာဇာတ ပစ္စည်းတပ်သောတရားတို့. မည်ကုန်၏။ ပစ္စည်းရေ–၂ဟူသည်တည်း။
ပစ္စည်းရေ–၂ ဟူသော်ကား ပစ္ဆာဇာတ၊ ဝိပ္ပယုတ္တ ဟူသည်တည်း။

ပဉှာဝါရ ပစ္ဆာဇာတပစ္စည်း သရုပ်ခွဲ

၁။	ပစ္စုပ္ပန်-ဗျာ(၃)ချက်	ကု	ဗျာ	ကတ္တား	ပစ္ဆဝေါ.ဖြစ်သောအခါ နောက်ဖြစ်သော ကု ၂၁၊ စေ ၃၈၊
				သမ္ပဒါန်	ဝုဋ္ဌော၊ မနောဒွါအစ. ရှေးရှေးသောစိတ်နှင့်အတူဥပါဒ်၍ ရုပ်၏ 'ဌီ'သို့ရောက်သော တိဇကာယ၊ စတုဇကာယ၊
				ကရိုဏ်း	ပစ္ဆာဇာတ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ၊ (၄)
၂။		အကု	ဗျာ	ကတ္တား	ပစ္ဆဝေါ.ဖြစ်သောအခါ နောက်ဖြစ်သော အကု ၁၂၊ စေ ၂၇၊
				သမ္ပဒါန်	ဝုဋ္ဌော၊ မနောဒွါအစ. ရှေးရှေးသောစိတ်နှင့်အတူဥပါဒ်၍ ရုပ်၏ 'ဌီ'သို့ရောက်သော တိဇကာယ၊ စတုဇကာယ၊
				ကရိုဏ်း	ပစ္ဆာဇာတ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ၊ (၄)
၃။		ဗျာ	ဗျာ	ကတ္တား	ပစ္ဆဝေါ.ဖြစ်သောအခါ အရူပဝိ(၄)ကြဉ်သော (ပ)ဘဝင်အစရှိသော နောက်ဖြစ်သော ဝိ ၃၂၊ ကြိ ၂၀၊ စေ ၃၈၊
				သမ္ပဒါန်	ပဋိသန္ဓေ.အစရှိသော ရှေးရှေးသောစိတ်နှင့်အတူဥပါဒ်၍ ရုပ်၏ 'ဌီ'သို့ရောက်သော ဧကဇ၊ ဒွိ၊ တိဇကာယ၊ စတုဇကာယ၊
				ကရိုဏ်း	ပစ္ဆာဇာတ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ၊ (၄)

ပစ္ဆာဇာတပစ္စည်းအကောက်–

- ✱ ကုသိုလ်,အကုသိုလ်ရှေ.၌ ဝုဋ္ဌော,မနောဒွါရာဝဇ္ဇန်းရှိ၍ ၎င်းနှင့်ဥပါဒ်သောရုပ်အား၊
- ✱ ဗျာမှာ ပဋိသန္ဓေစသည်နှင့်အတူဥပါဒ်သော ရုပ်အား ကျေးဇူးပြု၏။
- ◈ ကု,အကုမှာ တိဇ, စတုဇကာယ၊ ဗျာ–မှာ ဧကဇ၊ ဒွိဇ၊ တိဇ၊ စတုဇကာယ၊

www.dhammadownload.com

ပဝတ္တိအခါ– ကာမဘုံ၌ စတုဇကာယရုပ် ၄–မျိုး ရပါသည်။

ရူပဘုံ၌ အာဟာရဇရုပ်မရ၍၊ ဒွေးပဉ္စဝိညာဉ်–၁၀ ၏ ဥပါဒ်ခဏ၌စိတ္တဇရုပ် မဖြစ်၍၊ ဒွိဇကာယ၊ တိဇကာယသာ ရပါသည်။ ရပုံမှာ–

* ရူပဘုံအတွက် စက္ခု၊ သောတဝိညာဉ်များ၌ ဒွိဇကာယ(ကမ္မဇနှင့် ဥတုဇ)၊
* ကာမဘုံအတွက် ဒွေးပဉ္စဝိညာဉ်–၁၀ ၌ တိဇကာယ(ကမ္မဇ၊ ဥတုဇ၊ အာဟာရဇ)
* ဒွေး–၁၀၊ အရူပဝိပါက် ၄–ခုကြဉ်သောစိတ် ၇၅–ခုသည် ဥပါဒ်အခိုက်၌ စိတ္တဇရုပ်ဖြစ်သဖြင့် တိဇကာယ၊ စတုဇကာယ ရပါသည်။

တစ်ဘဝ၌ ရုပ် ၄–မျိုးတို့၏ ဖြစ်စဉ်နှင့် ချုပ်စဉ်



သန္ဓိ ဥ မှာ, ကမ္မဇာ၊ ဋ္ဌိ မှာ ဥတုဇ။ ပဘွင် ဥ မှာ စိတ္တဇာ ဟာရဇ စိမ့်မြဲမြဲ။
စ၍ဖြစ်ပြီး မီးလျှံ, ရေအလျင်, ကဲ့အလျင် အစဉ်သွားလေက။
စုတိ ကမ္မဇရုပ် အပြိုင်ချုပ်၊ လေးဆယ့်ရှစ်မှာ စိတ္တဇာ, ဟာရဇ ငါးဆယ်မှ၊ ကျန်ရုပ် သိလေကြ။

ကမ္မဇရုပ်

ပဋိသန္ဓေအခိုက် ပဋိသန္ဓေစိတ်နှင့် ပဋိသန္ဓေကမ္မဇရုပ်တို့ တပြိုင်နက်ဖြစ်တည်ရာ ပဌမဆုံးဥပါဒ်သည့် ခဏငယ်တစ်ချက်၌ ဖြစ်ပေါ်သည့်ရုပ်ဝတ္ထုကို ပဋိသန္ဓေကမ္မဇရုပ် ဟုခေါ်ပါသည်။ ပဋိသန္ဓေစိတ်၏ဥပါဒ်မှစ၍ ဖြစ်တိုင်းဖြစ်တိုင်းသော စိတ်တို့၏ ဥပါဒ်၊ ဋ္ဌိ၊ ဘင်တိုင်း ကမ္မဇရုပ်တို့သည်ဖြစ်၏။ ထိုသို့ ပဋိသန္ဓေစိတ် ဥပါဒ်အခိုက် မှာစဖြစ်ခြင်းသည် ရှေးကံအကြောင်းတစ်ပါးတည်းကြောင့်ဖြစ်၍ **'ကေဇကာယ'**ဟု

www.dhammadownload.com

ခေါ်၏။ ထို့နောက် ခဏငယ်တိုင်းမှာ အသစ်အသစ်သော ကံကြောင့်ဖြစ်သည့် ကမ္မဇရုပ်တို့ဆက်ဖြစ်ရာ စုတိစိတ်မှပြန်၍ရေသော် ၁၇–ချက်မြောက်သောစိတ်၏ ဥပါဒ်အခိုက်၌ ကမ္မဇရုပ်သည် နောက်ဆုံးအကြိမ်ဖြစ်ပေါ်ကာ ၎င်းစိတ်၏ ဌီမှစ၍ ကမ္မဇရုပ်တို့ မဖြစ်တော့ပါ။

ဥတုဇရုပ်

အဝိနိဗ္ဘောဂရုပ် ၈–ပါးအနက် အအေး,အပူဟူသော တေဇောဓာတ်ကို 'ဥတု'ဟု ခေါ်ပါသည်။ ၎င်း**ဥတုသည် ရုပ်၏ဌီသို့ရောက်တိုင်း ဥတုဇရုပ်ကိုဖြစ်စေ**ရာ ပဋိသန္ဓေ၏ ဌီခဏတွင် ဥတုဇရုပ် စတင်ဖြစ်၏။ ထို့ကြောင့် ပဋိသန္ဓေ၏ဌီခဏတွင် ကမ္မဇရုပ်နှင့် ဥတုဇ အကြောင်း ၂–ပါးကြောင့်ဖြစ်ပေါ်လာသောရုပ်ကို **'ဒွိဇကာယ'**ဟု ခေါ်ပါသည်။ ကမ္မဇရုပ်ထဲ၌ပါသော ဥတုသည် ဥတုဇရုပ်ကလာပ်ကို ဖြစ်စေသကဲ့သို့ စိတ္တဇ၊ ဥတုဇ၊ အာဟာရဇရုပ်တွေ၌ပါသော တေဇောဓာတ်ဟုဆိုအပ်သော ဥတုသည် ရုပ်၏ ဌီသို့ရောက်တိုင်း ဥတုဇရုပ်ကလာပ်များကိုဖြစ်စေပါသည်။ သို့ဖြင့်၍ ဥတုဇရုပ်သည် စုတိကိုလွန်၍ အဋ္ဌကလာပ်ရုပ်တည်ရှိနေသမျှ အဆက်ဆက် ဖြစ်နေပါသည်။

စိတ္တဇရုပ်

ပဋိသန္ဓေစိတ်နောင် ပဌမဘဝင်၏ဥပါဒ်အခိုက်မှာ စိတ္တဇရုပ် စတင်ဖြစ်ပေါ်လာပါသည်။ ပဌမဘဝင်မှစတင်၍ စိတ်တို့၏ဥပါဒ်တိုင်း၌ စိတ္တဇရုပ်တို့ ဖြစ်ပေါ်ကြ၏။ စိတ္တဇရုပ်တို့သည် စုတိစိတ်၏ဥပါဒ်ခဏတိုင်အောင်ဖြစ်၍ စုတိနောက် စိတ္တက္ခဏ ၁၆–ချက်ခန့်ကြာမှ ချုပ်၏။ ပဋိသန္ဓေနောင် ပဌမဘဝင်မှစ၍ ခန္ဓာကိုယ်သည် ကမ္မဇ၊ ဥတုဇနှင့် စိတ္တဇ အကြောင်း ၃–ပါးတို့ကြောင့်ဖြစ်ပေါ်လာ၍ **'တိဇကာယ'**ဟုခေါ် ဆိုပါသည်။

အာဟာရဇရုပ်

အာဟာရဇရုပ် ၂–မျိုး ရှိပါသည်။ အဇ္ဈတ္တသန္တာန်၌ရှိသော ကံ,စိတ်,ဥတု, အာဟာရတည်းဟူသော အကြောင်း ၄–ပါးကြောင့်ဖြစ်သော အဝိနိဗ္ဘောဂရုပ် ၈–ခု၌ ပါသော အဇ္ဈတ္တသြဇာ၊ စားမျိုအပ်သောဘောဇဉ်စသည်တို့၌ပါသော အဆီအစေးဟု ဆိုအပ်သော ဗဟိဒ္ဓသြဇာတို့ဖြစ်ပါသည်။ ထို ဗဟိဒ္ဓသြဇာသည် စတုသမုဋ္ဌာနိက ရုပ်တို့၌ပါသော အဇ္ဈတ္တသြဇာနှင့်ပေါင်းမိ၍ ရုပ်၏ဌီသို့ရောက်သောအခါ ခဏတိုင်း၌ အာဟာရဇရုပ်ကလာပ်တို့ ဖြစ်စေ၏။ အာဟာရဇရုပ်သည် ဝိညာဉ်တည်းဟူသော

www.dhammadownload.com

အထောက်အပံ့ကိုရသဖြင့် စုတိစိတ်၏ဘင်ခဏတိုင်အောင်ဖြစ်သောကြောင့် စုတိစိတ်၏နောက်ခဏငယ် ၅၀–ခန့်လောက်အထိကို ကြွင်းကျန်နိုင်ပါသည်။ ထို့ကြောင့် ဂဗ္ဘသေယျကသတ္တဝါတို့သည် အမိစားမျိုသော အာဟာရဩဇာ ပြန့်သည့်အခါမှစ၍လည်းကောင်း၊ သံသေဒဇ, ဥပပါတ်ပုဂ္ဂိုလ်တို့သည် မိမိတံတွေးကို မျိုသောအခါမှစ၍လည်းကောင်း၊ အာဟာရဇရုပ် ဖြစ်လာပါသည်။ အာဟာရဇရုပ် ဖြစ်လာသောအခါရှေးကဖြစ်နှင့်သောရုပ် ၃–မျိုးနှင့်ပေါင်း၍ **'စတုဇကာယ'**ဟု ခေါ်ဆိုရပါသည်။
✱ ဗြဟ္မာကြီးများသည် အာဟာရဇရုပ် မရနိုင်၍ 'တိဇကာယ'ဟု ဆိုပါသည်။

ပစ္ဆာဇာတပစ္စည်း အပြန်အလှန်ဆက်သွယ်မှု အထောက်အကူပြုမှု

✗ ပဋိသန္ဓေအခိုက် ပစ္ဆာဇာတပစ္စည်း မရပါ။
အဘယ်ကြောင့်ဆိုသော် ရှေးကဖြစ်နှင့်ပြီးရုပ်မရှိသောကြောင့် ဖြစ်ပါသည်။

- ပဋိသန္ဓေ၏ ပဌမဆုံးဥပါဒ်တွင် ကမ္မဇရုပ်သာ ဖြစ်သေး၍ **'ကေဇကာယ'**သည် ပဋိသန္ဓေ၏ဥပါဒ်အခိုက်ကို ဆိုလိုရင်း ဖြစ်ပါသည်။
- ပဋိသန္ဓေ၏ဌီခဏတွင် ဥတုဇရုပ် စတင်ဖြစ်ပါသည်။ ရုပ်သည် ကမ္မဇ၊ ဥတုဇ အကြောင်း ၂–ပါးကြောင့်ဖြစ်သောရုပ်များရှိနေသဖြင့် ပဋိသန္ဓေ၏ဌီခဏကို **'ဒွိဇကာယ'** ဟုဆိုလိုရင်း ဖြစ်ပါသည်။ ပဋိသန္ဓေ၏ဌီခဏသည်လည်း **'ဒွိဇကာယ'** ဖြစ်ပါသည်။
- ပဋိသန္ဓေစိတ်နောင် ပဌမဘဝင်၏ဥပါဒ်အခိုက်မှာ စိတ္တဇရုပ် စတင်ဖြစ်ပါသည်။ ရုပ်သည် ကမ္မဇ၊ ဥတုဇ၊ စိတ္တဇ အကြောင်း ၃–ပါးကြောင့်ဖြစ်သောရုပ်များရှိနေသဖြင့် ပဌမဘဝင်၏ဥပါဒ်ခဏကို **'တိဇကာယ'**ဟုဆိုလိုရင်း ဖြစ်ပါသည်။
- ဗဟိဒ္ဓဩဇာသည် အဇ္ဈတ္တဩဇာနှင့်ပေါင်းမိ၍ ရုပ်၏ဌီသို့ရောက်သောအခါ ခဏတိုင်း၌ အာဟာရဇရုပ် ဖြစ်ပါသည်။ အာဟာရဇရုပ်ဖြစ်လာသောအခါ ရှေးကဖြစ်နှင့်သောရုပ် ၃–မျိုးနှင့်ပေါင်း၍ **'စတုဇကာယ'**ဟု ခေါ်ဆိုရပါသည်။

ပစ္ဆာဇာတာ စိတ္တစေတသိကာ ဓမ္မာ	ပုရေဇာတဿ ဣမဿ ကာယဿ

'ကေဇကာယ'ရုပ်သည် ပဋိသန္ဓေနှင့်ဥပါဒ်ပြိုင်၍ဖြစ်သောကြောင့် ရှေးအရင်ဖြစ်နှင့်သော 'ပုရေဇာတဿ ဣမဿ ကာယဿ' ဖြစ်ပါသည်။ ထို အရင်ဖြစ်သော ကေဇရုပ်ကို သူ့နောက်မှဖြစ်သော(နာမ်) ပဌမဘဝင်စိတ်က အထောက်အကူပြု၍ ကျေးဇူးပြုပါသည်။ အရင်ဖြစ်နှင့်သောရုပ် ဆက်လက်ရှင်သန်ခွင့်ရအောင် နောက်ဖြစ်

www.dhammadownload.com

သောနာမ်က အပြန်အလှန်ဆက်သွယ်မှု အထောက်အကူပြုမှုတွင် အကယ်၍ နောက်ဖြစ်သောနာမ်မဖြစ်တော့လျှင် အရင်ဖြစ်သောရုပ်တည်တံ့ရန် အထောက်အကူ မရသဖြင့် ဆက်လက်မရှင်သန်နိုင်တော့ပါ။ ထို့အတူ ပဋိသန္ဓေ၏ ဌီခဏနှင့် ဘင်ခဏ ရောက်သောအခါဖြစ်သော ဥတုဇရုပ်ကိုလည်း ပထမဘဝင်စိတ်က ပစ္ဆာဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။

✓ ပထမဘဝင်သည် ကမ္မဇ၊ ဥတုဇရုပ် ၂-ပါးကို ကျေးဇူးပြုပါသည်။

ပထမဘဝင်စိတ်အခိုက်(စိတ္တဇရုပ်ဖြစ်သဖြင့်) ကမ္မဇ၊ ဥတုဇ၊ စိတ္တဇ **'တိဇကာယ'**ကို နောက်ဖြစ်သော(နာမ်)ဒုတိယဘဝင်က အပြန်အလှန်ဆက်သွယ်မှု အထောက်အကူပြုမှု၌ ပစ္ဆာဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။

✓ ဒုတိယဘွင်စသည်သည် ကမ္မဇ၊ ဥတုဇ၊ စိတ္တဇရုပ် ၃-ပါးကို ကျေးဇူးပြုပါသည်။

* အာဟာရဇရုပ်များဖြစ်ပြီးနောက် ဒွေပဥ္စဝိညာဉ်-၁၀ မှတစ်ပါး နောက်နောက်စိတ်၊ စေတသိက်တို့သည် ရှေးရှေးဖြစ်နှင့်၍ ဌီအနေဖြင့်ရှိသော ကမ္မဇ၊ ဥတုဇ၊ စိတ္တဇ၊ အာဟာရဇ ရုပ် ၄-ပါးကို ကျေးဇူးပြုပါသည်။

ကု	ဗျာ	ပစ္ဆာဇာတာ ကုသလာ ခန္ဓာ	ပုရေဇာတဿ ဣမဿ ကာယဿ
အကု	ဗျာ	။ အကုသလာ ခန္ဓာ	။ ။ ။
ဗျာ	ဗျာ	။ ဝိပါကာဗျာကတာ ကိရိယာဗျာကတာ ခန္ဓာ	။ ။ ။

ကုသိုလ်,အကုသိုလ်တို့သည် ဇောကိစ္စဖြစ်သောကြောင့် ပ-ဇောရှေ့၌ ပဥ္စဒွါရဝီထိတွင်ဝုဋ္ဌော၊ မနောဒွါရဝီထိတွင်မနောဒွါရာဝဇ္ဇန်း ရှိနေသည်။ ဝုဋ္ဌော၊ မနောဒွါရာဝဇ္ဇန်း ရောက်လာသည့်အခါ တိဇကာယ၊ စတုဇကာယ ဖြစ်ပါသည်။

ပဥ္စဝေါကာရဘုံ၌ဖြစ်သောအခါ နောက်ဖြစ်သော ကုသိုလ်,အကုသိုလ် နာမက္ခန္ဓာတို့သည် ဝုဋ္ဌော၊ မနောဒွါရာဝဇ္ဇန်းအစရှိသော ရှေးရှေးသောစိတ်နှင့်အတူဥပါဒ်၍ ရုပ်၏'ဌီ'သို့ရောက်သော တိဇကာယ၊ စတုဇကာယကို ပစ္ဆာဇာတသတ္တိဖြင့် ကျေးဇူး ပြုပါသည်။

ပဥ္စဝေါကာရဘုံ၌ဖြစ်သောအခါ အရူပဝိပါက်-၄ ကြဉ်သော ပထမဘဝင်အစရှိသော နောက်ဖြစ်သော ဝိပါက်,ကြိယာနာမက္ခန္ဓာတို့သည် ပဋိသန္ဓေအစရှိသော ရှေးရှေးသော စိတ်နှင့်အတူဥပါဒ်၍ ရုပ်၏'ဌီ'သို့ရောက်သော ဧကဇကာယ၊ ဒွိဇကာယ၊ တိဇကာယ၊ စတုဇကာယကို ပစ္ဆာဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။

www.dhammadownload.com

ရုပ်,နာမ်ဓမ္မ သင်္ခါရဆိုသည့်သဘာဝတရားသက်သက်သာ

နောက်နောက်ဖြစ်သော နာမက္ခန္ဓာတို့က ရှေးရှေးစိတ်တွေနှင့်အတူဖြစ်သော ရုပ်တရားတို့ သက်တမ်းပြည့်ရှင်သန်နိုင်အောင် စဉ်ဆက်မပြတ် ကျေးဇူးပြုပေးနေပါသည်။ ရုပ်ဓမ္မ,နာမ်ဓမ္မ သင်္ခါရဆိုသည့်သဘာဝအတိုင်း အကြောင်း,အကျိုးတရားတို့ရုပ်တည်နေမှုသည် 'ငါ'ဟုထောက်ပြစရာ ပြောစရာ တစ်ခုမှမရှိပါ။ 'ငါ'လို့ထင်နေအောင် အဝိဇ္ဇာ-ဒိဋ္ဌိ-တဏှာတရားတို့က မျက်စိလည်နေအောင်လုပ်ထားသောကြောင့် ဖြစ်ပါသည်။ အမှန်မှာ "သုဒ္ဓဓမ္မာ ပဝတ္တန္တိ" သဘာဝတရားသက်သက်သာ ဖြစ်ပါသည်။ သဘာဝတရားတို့ကိုသိရှိနှလုံးသွင်း၍ ဖြေရှင်းနိုင်ရန် 'သုတမယဉာဏ်' 'ဘာဝနာမယဉာဏ်' အဆင့်ဆင့်ရင့်သန်အောင် ဤအကြောင်း,အကျိုး ရုပ်ဓမ္မ,နာမ်ဓမ္မ သင်္ခါရတရားတို့ကို သတိပဋ္ဌာန်တရားလက်ကိုင်ထား၍ ဝိပဿနာရှုမှတ် အားထုတ်ကြိုးပန်းကြရပါမည်။

ပဋ္ဌာန်း ပစ္ဆာဇာတပစ္စည်း မေတ္တာပို့ ဆုတောင်းဘုရားရှိခိုး

ပစ္ဆာဇာတပစ္စယော- သတ္တဝါအားလုံးတို့၏ ဖြစ်နှင့်ပြီးသော ရှေးရှေးရုပ်တရားအား နောက်နောက်မှဖြစ်သော နာမ်တရားများက ကျေးဇူးပြုကြရာတွင် မကောင်းသော အကုသိုလ်နာမ်တရားတို့၏ ကျေးဇူးပြုမှုကို မခံကြရဘဲ၊ ကောင်းမြတ်သော ကုသိုလ်, အဗျာကတ နာမ်တရားတို့ကျေးဇူးပြုမှုကိုသာ ခံယူနိုင်ကြရပါစေ။

နောက်က ကုသိုလ်၊ ရှေ့ရှေ့ကို၊ မှီခို ကောင်းကျိုး ပေးစေသော်။

ပစ္ဆာဇာတပစ္စယော- ပေါက်ခါစရွယ်၊ လင်းတယ်အား၊ တာတွယ်အာသာ၊ စေတနာသို့၊ ဦးစွာဖြစ်ကြ၊ ကိုယ်ကာယအား၊ နောက်မှဖြစ်ဦး၊ သတ္တိထူးဖြင့်၊ ကျေးဇူးပြုနိုင်သော၊ နာမ်ခန္ဓာလေးပါး၊ ပစ္စည်းတရားသည်၊ အတ္ထိ- ပုဂ္ဂိုလ်, သတ္တဝါ၊ သူငါမနော၊ တရားသဘောသာ၊ ထင်ရှားရှိပါပေသည်တကား။

ဣတိ- ဤသို့၊ ဗောဓေန္တံ- သဗ္ဗညုတာ၊ ဉာဏ်တော်သာဖြင့်၊ ဦးစွာကျွန၊ သိပြီးမှလျှင်၊ များလှဝေနေ၊ သိစေတော်မူသော၊ မြတ်စွာဘုရားကို၊ ဝန္ဒာမိ- ဂုဏ်တော်ထုံမွမ်း၊ ပုံတော်မှန်းလျက်၊ ချီးမွမ်းထောမနာ၊ ပဏာရိုက်ကျိုး၊ လက်စုံမိုး၍၊ ရှိခိုးကန်တော့ပါ၏ ဘုရား။

UK-2020(COVID-19)

ပစ္ဆာဇာတပစ္စည်း ပြီး၏။

www.dhammadownload.com

"နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"

၁၂။ အာသေဝနပစ္စည်း

အာသေဝနမည်ခြင်းအကြောင်း

အာသေဝန = အဖန်တလဲလဲ မှီဝဲခြင်း၊ ထုံစေခြင်းသဘောဖြင့် ကျေးဇူးပြုတတ်သောတရား။

ရှေးရှေးသော ကျမ်းဂန်သင်ယူမှုသည် နောက်နောက်သော ကျမ်းဂန်သင်ယူမှုအား အထုံရစေ၍ အားကောင်းစေရန်ကျေးဇူးပြုသကဲ့သို့ မိမိ၏အခြားမဲ့၌ဖြစ်သောဇောတို့အား မိမိနှင့် **ဇာတ်တူသဘောတူဖြစ်အောင် ထုံစေခြင်း**၊ အားကောင်းစေခြင်းဖြင့် ကျေးဇူးပြုသော ရှေးရှေးသောလောကီဇောတို့သည် အာသေဝနပစ္စည်း မည်၏။

အာသေဝနပစ္စည်းသည် ကုသိုလ်စသောတရားမျိုးတို့ကို အဖန်ဖန်အထပ်ထပ် ဖြစ်အောင်ကျေးဇူးပြုသောပစ္စည်း ဖြစ်ပါသည်။ တနည်းအားဖြင့် မိမိနှင့်အခြားမဲ့၌ ဖြစ်သောတရားများကို မိမိနှင့်သဘောတူသော အဖြစ်သို့ရောက်အောင် **ထုံစေသော** သဘောမျိုးဖြင့် **ပယောဂစိုက်ပြီးတမင်ပြုပြင်ရသည့် ကုသိုလ်၊ အကုသိုလ်၊ ကြိယာဇောတရား**များသာဖြစ်ကြောင်း သုဒ္ဓသချာအရ ထင်ရှားပါသည်။

အနန္တရနှင့် အာသေဝန အထူး

* **အနန္တရ**သည် ပဋိသန္ဓေမှစုတိအထိ ရှေ့စိတ်က နောက်စိတ်ကို **ဇာတ်ချင်းမတူ**သော်လည်း ကျေးဇူးပြုပါသည်။
* **အာသေဝန**သည် အဖန်ဖန်တလဲလဲမှီဝဲထုံသည့်သဘောဖြစ်၍ ဇောအချင်း **ဇာတ်ချင်းတူ**မှသာ ကျေးဇူးပြုပါသည်။

အာသေဝနနှင့် ပကတူပနိဿယ အထူး

- ဘဝတစ်ပါး ကာလတစ်ပါးက ကုသိုလ်၊ အကုသိုလ်စသည်တို့၏ အကြောင်း အထောက်အပံ့ကြီးစွာရ၍ အကျိုးဖြစ်မှုသည် 'ပကတူပနိဿယပစ္စည်း' ဖြစ်ပါသည်။
- ထိုကုသိုလ်၊ အကုသိုလ်တို့၏အားကြီးမှုသည် အဖန်တလဲလဲမှီဝဲထုံသည့် 'အာသေဝနပစ္စည်း' ဖြစ်ပါသည်။

ထူးဆန်းကြီးကျယ်သည့် လောကီအတတ်ပညာ၊ ဈာန်၊ အဘိညာဉ်၊ မဂ်၊ ဖိုလ်ရမှု၊ ဘုရားဖြစ်အောင်ပါရမီဖြည့်ဆည်းမှု၊ ဘုရားဖြစ်မှုသည် အာသေဝနပစ္စည်းနှင့်ကင်း၍ မဖြစ်နိုင်ပါ။

www.dhammadownload.com

အမျိုးဇာတ်၊ ကာလ၊ ဘုံဌာန

✤ အာသေဝနပစ္စည်းသည် အနန္တရူပပစ္စည်းမျိုး၌ ဖြစ်ပါသည်။
ထို့ကြောင့် မိမိနှင့်အတူတကွ အခြားသောအနန္တရူပမျိုးပစ္စည်းများလည်း ကျေးဇူးပြုနိုင်ကြလေသည်။ (အနန်၊ သနန်၊ ဥ-သေ-၅၁၂ မှတ်ရန် နတ်,ဝိဂ၊)

✤ အာသေဝနပစ္စည်းသည် ပဝတ္တိကာလ၌သာဖြစ်သည်။ (မိ,ပု,အာသေ သန္ဓေ ×)
ပစ္စုပ္ပန်,အတိတ်,အနာဂတ် ကာလသုံးပါးတို့တွင် အတိတ်ကာလ၌ ဖြစ်ပါသည်။

✤ အာသေဝနသည် ပဉ္စဝေါကာရ ၂၆-ဘုံ၊ စတုဝေါကာရ ၄-ဘုံတို့၌ဖြစ်နိုင်ပါသည်။
× ဧကဝေါကာရ(အသညသတ်ဗြဟ္မာ)ဘုံ၌ အာသေဝနပစ္စည်း မဖြစ်နိုင်ပါ။ ×

ပဋ္ဌာဇာတ၏အခြားမဲ့၌ အာသေဝနပစ္စည်း ဟောရခြင်း

ရှေးရှေးပဋ္ဌာန်းပစ္စည်းတို့တွင် အနန္တရ, သမနန္တ, အနန္တရူပနိဿယပစ္စည်းတို့ဖြင့် **<u>အတီတာနန္တရပစ္စယုပ္ပန်တရား</u>**တို့အား ကျေးဇူးပြုသည်၏အဖြစ်ကို ဘုရားရှင်ဟောကြားတော်မူရာ၊ ထိုအလုံးစုံသောပစ္စည်းတရားတို့သည် 'ဗလဝပဂုဏ'အဖြစ်သို့ ရောက်စေခြင်းဟုဆိုအပ်သော ပစ္စယကိစ္စဖြင့်ကျေးဇူးပြုသလော။ ထိုသို့မဟုတ် ထိုတရားတို့တွင် အချို့သောပစ္စည်းတရားတို့သည်သာ အချို့သောပစ္စယုပ္ပန်တရားတို့အား ထိုကိစ္စဖြင့် ကျေးဇူးပြုသလောဟူသော ယုံမှားသင်္ကာဖြစ်လတ်သည်ရှိသော်-

သက်သက်သောအားဖြင့် ထိုအလုံးစုံသောပစ္စည်းတရားတို့သည်သာလျှင် အလုံးစုံသောတရားတို့အား 'ဗလဝပဂုဏ'အဖြစ်သို့ ရောက်စေခြင်းကိစ္စဖြင့် ကျေးဇူးပြုသည်မဟုတ်။ စင်စစ်သော် တစ်မူကား- တူသောဇာတ်ရှိကုန်သော ဇောကိစ္စ၏အစွမ်းအားဖြင့်ဖြစ်ကုန်သောတရားတို့သည် တူသောဇာတ်ရှိကုန်သော ဇောကိစ္စ၏အစွမ်းအားဖြင့်ဖြစ်ကုန်သောတရားတို့အား 'ဗလဝပဂုဏ'အဖြစ်သို့ ရောက်စေခြင်းကိစ္စဖြင့် ကျေးဇူးပြုကုန်၏။ တစ်ပါးသောကိစ္စ၏အစွမ်းအားဖြင့်ဖြစ်ကုန်သောတရားတို့သည် တစ်ပါးသောကိစ္စ၏အစွမ်းအားဖြင့်ဖြစ်ကုန်သောတရားတို့အား ထိုကိစ္စဖြင့် ကျေးဇူးမပြုကုန်-ဟု ထိုယုံမှားသင်္ကာကို ပယ်ဖျောက်ခြင်း အကျိုးငှာ ပဋ္ဌာဇာတ၏အခြားမဲ့၌ အာသေဝနပစ္စည်းကို ဟောတော်မူပါသည်။ [ပဋ္ဌာနသာရဒီပနီဋီကာ]

မိမိ၏ အခြားမဲ့၌ဖြစ်သော ဇောတို့အား မိမိနှင့် ဇာတ်တူသဘောတူဖြစ်အောင် အဖန်တလဲလဲ ပြုပြင်ခြင်း၊ ဖြစ်စေခြင်း၊ ထုံစေခြင်း၊ လေ့ကျက်အပ်သည်ဖြစ်၍ အားကောင်းစေခြင်းဖြင့် ကျေးဇူးပြုပါသည်။ [ဗလဝ-အားကောင်းလာ၊ ပဂုဏ-အလေ့အကျင့်ရသွား၊]

www.dhammadownload.com

တိ န ဒ ပ စ သံ ဏ ဝ ဇ ဇ ဇ ဇ ဇ ဇ ဇ ရုံ ရုံ

ပစ္စယနိဒ္ဒေသ အာသေဝနပစ္စည်း

ပစ္စည်း(ကတ္တား)	ပစ္စယုပ္ပန်(သမ္ပဒါန်)	သဘာဂ(ကရိယာ)
အဆုံးဇောကြဉ်သော ရှေးရှေးသောလောကီဇော-၄၇၊	ပထမဇော၊ ဖိုလ်ဇောကြဉ်သော နောက်နောက်သောဇော-၅၁၊	ပဋ္ဌဝတ္တု (ပြိုင်.ယ.၆) နံ့,သနံ့, ဥ,သေ, နတ်,ဝိ၊

အာသေဝနပစ္စည်း၏ သုဒ္ဓသချာဝါရ၌– ပထမဇော,ဖိုလ်ဇောကြဉ်သော နောက်နောက်သောဇော ကောပညာသအား<u>တပ်သော</u> အဆုံးဇောကြဉ်သော ရှေးရှေးသော လောကီဇော သတ္တစတ္တာလီသ၊ ဤတရားတို့သည် အာသေဝနပစ္စည်းတတ်သောတရားတို့ မည်ကုန်၏။ ပစ္စည်းရေ-၆ ဟူသည်တည်း။

ပစ္စည်းရေ-၆ ဟူသော်ကား အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ အာသေဝန၊ နတ္ထိ၊ ဝိဂတ

ဇော **၁၁** = အကု-၁၂၊ ကု(၁၇+၄)၊ **ဖိုလ်-၄**၊ ကြိယာ(အာဝဇ္ဇန်းဒွေးကြဉ်-၁၈)

? လောကုတ္တရာ မဂ်ဇော,ဖိုလ်ဇောတို့သည် အဘယ်ကြောင့် အာသေဝနပစ္စည်း မရသနည်း။

အာသေဝနပစ္စည်းဆိုသည်မှာ ကုသိုလ်စသည့်တရားမျိုးကို အဖန်ဖန် အထပ်ထပ် ဖြစ်အောင် ကျေးဇူးပြုသည့်တရားဖြစ်၍ ပယောဂစိုက်ပြီး တမင်ပြုပြင်ရသည့် ကုသိုလ်၊ အကုသိုလ်၊ ကြိယာဇောတရားများသာဖြစ်ကြောင်း သုဒ္ဓသချာအရ ထင်ရှားပါသည်။

* လောကုတ္တရာ-ကုသိုလ်မဂ်ဇောသည် တစ်ကြိမ်တည်းဖြင့် ကိလေသာသတ်မှုကို ဆောင်ရွက်လိုက်သဖြင့် နောက်ထပ် မဂ်ဇောတစ်ခု ထပ်ဖြစ်ဖို့ရန် အားထုတ်စရာ မလိုတော့ပါ။
* ဖိုလ်ဇောသည် ဇောကိစ္စလည်း တတ်၏။ အားထုတ်မှုပယောဂလည်း ရှိ၏။ သို့ရာတွင် ဖိုလ်စိတ်များသည် မဂ်စေတနာ၏အာနုဘော်ကြောင့်သာ ဖြစ်ရ၏။ မဂ်စေတနာနှင့်ကင်းပြီး တစ်စုံတစ်ခုသောပယောဂကြောင့် မိမိအလိုလိုထူထောင် နိုင်သည့်တရားမျိုး မဟုတ်ပါ။

  "ပုရိမာ ပုရိမာ ဝိပါကာဗျာကတာခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ ဝိပါကာဗျာကတာနံ ခန္ဓာနံ အာသေဝနပစ္စယေန ပစ္စယော"ဟု မဟောပါ။
* ထို့ပြင် မဂ်သည် ကုသိုလ်၊ ဖိုလ်သည် ဝိပါက်ဖြစ်၍ **ဇာတ်** မတူသောကြောင့် မဂ်ဇောကဖိုလ်ဇောအား အာသေဝနပစ္စည်းဖြင့် ကျေးဇူးမပြုနိုင်ပါ။

ထို့ကြောင့် လောကုတ္တရာမဂ်ဇော၊ ဖိုလ်ဇောတို့သည် အာသေဝနပစ္စည်း မထိုက်ပါ။

www.dhammadownload.com

တိ န ဒ ပ စ သံ ဏ ဂု ဓ ဓ ဓ ဓ ဓ ဓ ဓ ရုံ ရုံ

အာသေဝနပစ္စည်း အရကောက်

ပစ္စည်း(ကတ္တား)	ပစ္စယုပ္ပန်(သမ္ပဒါန်)	(ကရိုဏ်း)
ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ	**ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ**	ပြိုင် ၆
အဆုံးဇောကြဉ်သောရှေးရှေးသော လောကီကုသိုလ် သတ္တရသ	ပထမဇောကြဉ်သော နောက်နောက်သော ကုသိုလ်စိတ် <u>ဧကဝီသ</u>	
ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ	**ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ**	နံ၊ သနံ၊ ဥ၊ **သေ**၊ နတ်၊ ဝိ
အဆုံးဇောကြဉ်သောရှေးရှေးသော အကုသိုလ် ဒွါဒသ	ပထမဇောကြဉ်သော နောက်နောက်သော အကုသိုလ် ဒွါဒသ	
ပုရိမာ ပုရိမာ ကြိယာဗျာကတာ ဓမ္မာ	**ပစ္ဆိမာနံ ပစ္ဆိမာနံ ကြိယာဗျာကတာနံ ဓမ္မာနံ**	
အဆုံးဇောကြဉ်သောရှေးရှေးသော ကိရိယာဇော အဋ္ဌာရသ	ပထမဇောကြဉ်သော နောက်နောက်သော ကိရိယာဇော အဋ္ဌာရသ	

ပဥှာဝါရ အာသေဝနပစ္စည်း သရုပ်ခွဲ

၁။	ကုဒုက	ကု	ကု	ကတ္တား	အဆုံးဇောကြဉ်သော ရှေးရှေးသော လောကီကုသိုလ် ၁၇၊
				သမ္ပဒါန်	ပထမဇောကြဉ်သော နောက်နောက်သော ကု ၂၁၊ ဓေ ၃၈
				ကရိုဏ်း	အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ **အာသေ**၊ နတ္ထိ၊ ဝိဂတ (၆)
၂။	အကုဒုက	အကု	အကု	ကတ္တား	အဆုံးဇောကြဉ်သော ရှေးရှေးသော အကုသိုလ် ၁၂၊
				သမ္ပဒါန်	ပထမဇောကြဉ်သော နောက်နောက်သော အကုသိုလ် ၁၂၊
				ကရိုဏ်း	အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ **အာသေ**၊ နတ္ထိ၊ ဝိဂတ (၆)
၃။	ဗျာဒုက	ဗျာ	ဗျာ	ကတ္တား	အဆုံးဇောကြဉ်သော ရှေးရှေးသော ကြိယာဇော ၁၈၊
				သမ္ပဒါန်	ပထမဇောကြဉ်သော နောက်နောက်သော ကြိယာဇော ၁၈၊
				ကရိုဏ်း	အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ **အာသေ**၊ နတ္ထိ၊ ဝိဂတ (၆)

ကု	ကု	ပုရိမာ ပုရိမာ ကုသလာ ခန္ဓာ	ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ခန္ဓာနံ
		အနုလောမံ [၂]	ဂေါတြဘုဿ / ဝေါဒါနဿ
		ဂေါတြဘု / ဝေါဒါနံ	မဂ္ဂဿ [၂]
အကု	အကု	ပုရိမာ ပုရိမာ အကုသလာ ခန္ဓာ	ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ခန္ဓာနံ
ဗျာ	ဗျာ	ပုရိမာ ပုရိမာ ကိရိ.ဗျာ ခန္ဓာ	ပစ္ဆိမာနံ ပစ္ဆိမာနံ ကိရိ.ဗျာနံ ခန္ဓာနံ

www.dhammadownload.com

အဋ္ဌကထာဖွင့်ဆိုချက်များ

**** ဝိပါက်နှင့်အာဝဇ္ဇန်းတို့တွင် အာသေဝနပစ္စည်း မရပါ။**

အာသေဝန၏သဘောသည် ပယောဂစိုက်ပြီးတမင်ပြုပြင်ရသော ကုသိုလ်၊ အကုသိုလ်၊ ကြိယာ ဇောတရားများသာ ဖြစ်ပါသည်။

* လောကီဝိပါက်တို့သည် ကံစွမ်းသက်သက်ကြောင့်သာဖြစ်သောတရား၊ ပယောဂစိုက်၍အားထုတ်စရာ မလို၊ အာသေဝနပစ္စည်း မတတ်ပါ။
* (လောကုတ္တရာဝိပါက်)ဖိုလ်ဇောသည်လည်း မဂ်၏အာနုဘော်ကြောင့်သာဖြစ်၏။ မဂ်စေတနာနှင့်ကင်း၍ သီးခြားတစ်စုံတစ်ခုသောပယောဂကြောင့် မိမိအလိုလို ထူထောင်နိုင်သောတရား မဟုတ်၊ ထို့ပြင်(မဂ်-ကုသိုလ်)၊ (ဖိုလ်-ဝိပါက်)ဖြစ်၍ ဇာတ်မတူသောမဂ်ဇောက ဖိုလ်ဇောကို အာသေဝနပစ္စည်းဖြင့် ကျေးဇူးမပြုနိုင်ပါ။
* ပဉ္စဒွါရာဝဇ္ဇန်းသည်(ကြိယာ)ဖြစ်သော်လည်း ဆင်ခြင်ရုံမျှတစ်ပါး တစ်စုံတစ်ရာ သတ္တိထူးမရှိ၍ ဇောကိစ္စမတတ်ပါ။ မနောဒွါရာဝဇ္ဇန်းသည် ၂-ကြိမ်/၃-ကြိမ် ဖြစ်နိုင်သော်လည်း အလွန်အားနည်း၍ တစ်စုံတစ်ခုပယောဂ ဖြင့်ပွားများလာအောင်/ယုတ်လျော့သွားအောင် ပြုပြင်၍မရပါ။ ဇောကိစ္စ မတတ်နိုင်ပါ။

? "ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ"ဟု အနန္တရပစ္စည်း၊ ဥပနိဿယပစ္စည်းတို့၌ဟောသကဲ့သို့ အဘယ်ကြောင့် အာသေဝနပစ္စည်း၌ မဟောသနည်း။ မည်သို့ ဟောပါသနည်း။

အာသေဝနပစ္စည်းသည် ပစ္စယုပ္ပန်တရားတို့အား အဖန်တလဲလဲမှီဝဲထုံမှုဖြင့် အားကြီးခြင်းသို့ရောက်စေသည့်သတ္တိဖြင့် ကျေးဇူးပြုခြင်းဖြစ်ပါသည်။ အဗျာကတတရားတို့၌ ကြိယာဇောတို့သာ ကြောင့်ကြစိုက်မှု ဗျာပါရဖြင့် အဖန်တလဲလဲမှီဝဲထုံမှု အာသေဝနသတ္တိရှိကြပါသည်။ ဝိပါက်တို့သည် ရှေးကံကြောင့်ဖြစ်လာရသဖြင့် ရှေးရှေးဝိပါက်က နောက်နောက်ဝိပါက်ကို အားအစွမ်းထက်လာအောင် မှီဝဲထုံမှုမပြုနိုင်ပါ။ ထို့ကြောင့် အာသေဝနပစ္စည်းဟောရာဝယ်- "ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ"ဟု အနန္တရပစ္စည်း၊ ဥပနိဿယပစ္စည်းတို့၌ ဟောသကဲ့သို့ မဟောဘဲ <u>**သဝိပါက် မပါကြောင်း**</u>သိရန်အတွက် "ပုရိမာ ပုရိမာ ကြိယာဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကြိယာဗျာကတာနံ ဓမ္မာနံ အာသေဝနပစ္စယေန ပစ္စယော" ဟူ၍ ဟောတော်မူပါသည်။

www.dhammadownload.com

(က) **ကုသိုလ်က မိမိကြောင့်ဖြစ်သောဝိပါက်ကို**

ကုသိုလ်ကဝိပါက်ကို ဇာတ်မတူသည့်အတွက် အဖန်တလဲလဲမှီဝဲထုံမှု၊ လေ့လာမှု အားရှိအောင် မိမိကုသိုလ်၏သဘောကိုယူစေမှုပြုခြင်းငှာ မစွမ်းနိုင်၊ လွန်စွာအားကြီး စေမှုမပြုနိုင်သည့်အတွက် အာသေဝနပစ္စည်းဖြင့် ကျေးဇူးမပြုနိုင်ပါ။

(ခ) **ကုသိုလ်က အခြားမဲ့ဖြစ်သောဝိပါက်ကို**

ကုသိုလ်၏ အခြားမဲ့ဖြစ်သောဝိပါက်သည် ထိုရှေ့အခြားမဲ့ဖြစ်သော ကုသိုလ်နှင့် မစပ်။ ရှေးကံနှင့်သာစပ်၍ အဖန်ဖန်ထုံစေမှုမပြုနိုင်ပါ။ ထို့ကြောင့် အာသေဝနပစ္စည်း မတတ်ပါ။

(ဂ) **ဝိပါက်က အခြားမဲ့ဖြစ်သောဝိပါက်ကို**

ဝိပါက်က အခြားမဲ့ဖြစ်သော ဝိပါက်တို့သည် ရှေးကံ၏အကျိုးပေးမျှသာဖြစ်၍ အားထုတ်မှုမရှိ။ ဒုဗ္ဗလ(အားနည်း)သာ ဖြစ်၏။ ကံအဟုန်ပစ်ချမှုသာဖြစ်၍ နောက် ဝိပါက်ကိုထုံစေမှု,အားကြီးစေမှု မပြုနိုင်ပါ။ ထို့ကြောင့် အာသေဝနပစ္စည်း မတတ်ပါ။

(ဃ) **ဘုံ,အာရုံပြားသော်လည်း ဇာတ်ခြားမှုမရှိ**ပါက အာသေဝနပစ္စည်း တတ်နိုင်။
ဘုံ,အာရုံပြားနေသော်လည်း ဇာတ်ပြားမှုမရှိပါက အာသေဝနပစ္စည်း တပ်နိုင်ပါသည်။ ကာမကုသိုလ်, ကြိယာက ဘုံမတူသော မဟဂ္ဂုတ်ကုသိုလ်, ကြိယာကိုလည်းကောင်း၊ သင်္ခါရကိုအာရုံပြုသော အနုလုံကာမကုသိုလ်က နိဗ္ဗာန်ကိုအာရုံပြုသော ဂေါတြဘု, ဝေါဒါန် ကာမကုသိုလ်ကိုလည်းကောင်း၊ နိဗ္ဗာန်ကိုအာရုံပြုသော ဂေါတြဘု, ဝေါဒါန် ကာမကုသိုလ်က လောကုတ္တရာကုသိုလ်-မဂ်ကိုလည်းကောင်း၊ အာသေဝနပစ္စည်း တတ်ပါသည်။

ပဠာဝါရ၌- "အနုလောမံ ဂေါတြဘုဿ၊ အနုလောမံ ဝေါဒါနဿ၊
ဂေါတြဘု မဂ္ဂဿ၊ ဝေါဒါနံ မဂ္ဂဿ အာသေဝနပစ္စယေန ပစ္စယော"

ဘုံတူ အာရုံကွဲ	
(ကာမ)သင်္ခါရအာရုံ	နိဗ္ဗာန်အာရုံ
အနုလောမ →	ဂေါတြဘုဿ၊
	ဝေါဒါနဿ၊

အာရုံတူ ဘုံကွဲ	
ကာမဘုံ	လောကုတ္တရာဘုံ
ဂေါတြဘု →	မဂ္ဂဿ၊
ဝေါဒါန် →	

ဂေါတြဘုသည် နိဗ္ဗာန်ကို ရှေးဦးစွာမြင်သော်လည်း ကိလေသာကိုပယ်ခြင်း ကိစ္စ မပြီးသောကြောင့် "ဒဿန"ဟု အမည်မရပါ။ သောတာပတ္တိမဂ်သည်ကား နိဗ္ဗာန် ကိုလည်းမြင် ကိလေသာပယ်ခြင်းကိစ္စလည်းပြီးသောကြောင့် 'ဒဿန' အမည်ရပါသည်။

www.dhammadownload.com

အာသေဝနပစ္စည်း ဓောတို့၏သတ္တိ

သက်ရှိသတ္တဝါများအနေဖြင့် ပထမတစ်ကြိမ်က စလိုက်သည့်အလုပ်များသည် တစ်ကြိမ်ထက်တစ်ကြိမ်တိုးလာသည့်အခါ အကြိမ်များလာလျှင် အကျင့်ပါ၊ အကျင့်ပါတော့အထုံရလာသည့်သဘောကိုပင် စရိုက်၊ ဝါသနာ၊ ဝလေ့၊ အစဉ်အလာစသည်ဖြင့် 'အာသေဝနပစ္စည်း၏ သံတူကြောင်းကွဲများ'သာ ဖြစ်လာကြပါသည်။ ဘုရားအစရှိသော အရိယာလောင်းလျာတို့ တစ်ဘဝထက်တစ်ဘဝ ပါရမီဓာတ်ခံများရင့်သန်ပြီး အထုံရသည်ဆိုခြင်းသည် **အာသေဝနပစ္စည်း၏ အလယ်ဇော ၅-ချက်**စေတနာကံကြောင့် သာဖြစ်ပါသည်။

ရှေးရှေးအကြိမ်တို့က နောက်နောက်အကြိမ်တို့ကိုကျေးဇူးပြုရာတွင်လည်း အတွေ့အကြုံ အလေ့အကျင့်ရစေရန် (ဟိုစပ်စပ် ဒီစပ်စပ်သဘောမဟုတ်) **ဓာတ်တူသဘောတူဖြစ်အောင်ထုံစေခြင်း**ရှိဖို့ရန် အကြောင်းအကျိုး ညီညွတ်နေရပါသည်။ တစ်ကြိမ်စီသာဖြစ်ခွင့်ရသောစိတ်, အကြိမ်ကြိမ်ဖြစ်ခွင့်ရနေသော်လည်း အာရုံသိမှုထူးခြားခြင်း မရှိသောစိတ်တို့သည် အာသေဝနသတ္တိ မဖြစ်နိုင်ပါ။ အာသေဝနသည် အနန္တမျိုးပစ္စည်းဖြစ်၍ မိမိ၏အခြားမဲ့မှာဖြစ်ပေါ်လာသော(နာမ်) သဘာဝတရားများကို မိမိနှင့်ဓာတ်တူသဘောတူဖြစ်အောင် အဖန်တလဲလဲ ပြုပြင်ခြင်း၊ ဖြစ်စေခြင်း၊ ထုံစေခြင်း၊ လေ့ကျက်အပ်သည်ဖြစ်၍ အားကောင်းစေခြင်းဖြင့် ကျေးဇူးပြုပါသည်။

ဝီထိစိတ်ဖြစ်စဉ်ဖြင့်လေ့လာလျှင်-

တီ	န	ဒ	ပ	စ	သံ	ဏ	ဝု	ဇ	ဇ	ဇ	ဇ	ဇ	ဇ	ဇ	ရုံ	ရုံ

အရာဝတ္ထုတစ်ခုကို နှလုံးသွင်း၍ မျက်စိကမြင်သောအခါ အာရုံကိုစတင်လက်ခံသော ရူပါရုံကိုဆင်ခြင်သော ပဉ္စဒွါရာဝဇ္ဇန်းစိတ်, မြင်သိသော စက္ခုဝိညာဏ်စိတ်, ခံယူသကဲ့သို့ဖြစ်သော သမ္ပဋိစ္ဆိုင်းစိတ်, စုံစမ်းသကဲ့သို့ဖြစ်သော သန္တီရဏစိတ်, ဆုံးဖြတ်သော ဝုဋ္ဌောစိတ်များအစဉ်အတိုင်းဖြစ်ကြပါသည်။ ထိုစိတ်တို့သည် အလွန်တိုတောင်းသောချိန်ပိုင်းလေးအတွင်းမှာ အသီးသီးမိမိတို့အလုပ်ကိုသာလုပ်၍ ပျက်သွားပါသည်။ ဗလဝ-အားကောင်းလာအောင်၊ ပဂုဏ-အလေ့အကျင့်ရသွားအောင် လုပ်ဆောင်ပေးနိုင်ခြင်းမရှိပါ။ အာရုံကိုအာရုံပြုခံစားသော ကာမဇော(များသောအားဖြင့်) ၇-ကြိမ်တိုင်တိုင် နှလုံးသွင်းမကောင်းလျှင်အကုသိုလ်ဇော, နှလုံးသွင်းကောင်းလျှင် ကုသိုလ်ဇော, ရဟန္တာပုဂ္ဂိုလ်သန္တာန်၌ကြိယာဇော ဇောသောအခါတွင် စိတ်တစ်မျိုးတည်းက ၇-ကြိမ်ထပ်၍ထပ်၍ဖြစ်ကာ ဗလဝ-ပဂုဏအဖြစ် အာသေဝနသတ္တိဖြင့် ကျေးဇူးပြုပါသည်။

www.dhammadownload.com

ဇောလိုရင်း– ဝီထိဖြစ်ရာ၌ ဇောစိတ်များသာလျှင် လိုရင်းစိတ်များ ဖြစ်ပါသည်။ အဓိကလုပ်ငန်းကို ဆောင်ရွက်ကြပြီး ဇောစိတ်ကသာ အကောင်း,အဆိုး အာရုံ၏ အရသာကို ခံစားတတ်ကြသည်။ ဇောမတိုင်မီစိတ်(**ရှေ့ပြေး ၅–ခု**)များမှာ အာရုံကို ဖမ်းယူ၍ ဇောအားအပ်နှင်းသကဲ့သို့ ဇောစိတ်တို့အတွက် အကူအညီပေးကြသောစိတ်များသာ ဖြစ်ကြသည်။ ဇောစိတ်နောင်ဖြစ်သော တဒါရုံ (**နောက်လိုက်နှစ်ကြိမ်**)မှာလည်း ဘဝင်မျိုးဖြစ်၍ တစ်စုံတစ်ခုသတ္တိမရှိကြ၊ ဇောစိတ်၏အာရုံကို ထပ်မံ၍အာရုံပြုကာမျှသာဖြစ်ပြီး အကြွင်းအကျန်စားသူကဲ့သို့ နောက်ဆက်တွဲ သိမ်းဆည်းရုံမျှသာ ဖြစ်ပါသည်။

ပထမဇောကစောပြီးသောအခါ သူ့၏အမွေဆက်ခံမည့် ဒုတိယဇောကို အားကောင်းအောင် အလေ့အကျင့်တစ်ခု ပေးခဲ့ပြီး ချုပ်ပျက်ပါသည်။ ထို့ကြောင့် ဒုတိယဇောက ပထမဇောထက်အားကောင်းပြီး၊ တစ်ဖန် ဒုတိယဇောကလည်း တတိယဇောစသည်ကို အဆင့်ဆင့် စွမ်းရည်သတ္တိများပေး၍ ပို၍ပို၍အားကောင်းစေခဲ့ပါသည်။ ထို့ကြောင့် နောက်နောက်ဇောတို့သည် ရှေးရှေးဇောတို့ထက်အားကောင်းပါသည်။ နောက်ဆုံး သတ္တမဇောသည် ဒုတိယဘဝမှာဘဝသစ်တစ်ခုဖြစ်စေနိုင်လောက်အောင် အကျိုးပေးပါသည်။

ဇော ၇–ကြိမ်နှင့် ကံ ၄–မျိုးအကျိုးပေးပုံအစီအစဉ်(ပါပကာလ)

ဒိဋ္ဌဓမ္မဝေဒနီယကံ	မျက်မှောက်ဘဝ၌ အကျိုးပေးသောကံ (ပထမဇော စေတနာ)
ဥပပဇ္ဇဝေဒနီယကံ	ဒုတိယဘဝ၌ အကျိုးပေးသောကံ (သတ္တမဇော စေတနာ)
အပရာပရိယဝေဒနီယကံ	တတိယဘဝမှနိဗ္ဗာန်မရမီစပ်ကြားအကျိုးပေးကံ(အလယ်ဇော–၅)
အဟောသိကံ	အကျိုးလုံးဝမပေးသောကံ၊ အကျိုးပေးကာလကိုကျော်လွန်သွား

ပါပကာလ အဓိပ္ပါယ်

ဒိဋ္ဌဓမ္မဝေဒနီယကံသည် ပစ္စုပ္ပန်ကာလ၊ ဥပပဇ္ဇဝေဒနီယကံသည် ပစ္စုပ္ပန်ကာလမှ အခြားမဲ့ဖြစ်သော ဒုတိယဘဝကာလ၊ အပရာပရိယာယဝေဒနီယကံသည် တတိယဘဝမှစ၍ နိဗ္ဗာန်ရသည်တိုင်အောင် အမှတ်မရှိသောကာလ၊ အဟောသိကံသည် ဆိုအပ်ပြီးသော ကာလမရှိခြင်း, လွန်ခြင်းဟုဆိုအပ်သောကာလ၊ ဤသို့ အကျိုးပေးသောကာလ, အကျိုးမပေးသောကာလတို့ကို အကြောင်းပြု၍ အမည်ရသောကံမျိုးကို 'ပါပကာလကံ'ဟု ဆိုလိုပါသည်။

www.dhammadownload.com

ဒိဋ္ဌဓမ္မဝေဒနီယကံ– ပထမဇောစေတနာအကျိုးပေးပုံ

မျက်မှောက်ဖြစ်သော ယခု–ပစ္စုပ္ပန်ဘဝ၌ ခံစားရန် အကျိုးပေးသော ပထမဇော စေတနာသည် 'ဒိဋ္ဌဓမ္မဝေဒနီယကံ' မည်ပါသည်။

ဆန့်ကျင်ဘက်ဖြစ်ကုန်သော ကုသိုလ်ကံ အကုသိုလ်ကံတို့သည် မလွှမ်းမိုးအပ်ခြင်း၊ အကြောင်းထူး ကျေးဇူးအထူးတို့ဖြင့် ရအပ်သောသတ္တိထူးရှိခြင်းဟူသော အကြောင်းကြောင့် အားရှိသည်အဖြစ်သို့ရောက်သော ကုသိုလ်ဇော အကုသိုလ်ဇော အစဉ်ဝယ် ဂုဏ်အထူးနှင့်ယှဉ်ကုန်သော ဘုရားအစရှိသည်တို့၌ ကျေးဇူးရှိခြင်း, ပြစ်မှားခြင်း၏ အစွမ်းဖြင့်ဖြစ်ခြင်းကြောင့်လည်းကောင်း၊ အာသေဝနပစ္စည်းကိုမရသဖြင့် နည်းသော အကျိုးရှိသည်အဖြစ်ကြောင့်လည်းကောင်း၊ ဤ **<u>ဒိဋ္ဌဓမ္မဝေဒနီယကံ</u>** မှတစ်ပါးသော ဥပပဇ္ဇဝေဒနီယကံ, အပရာပရိယဝေဒနီယကံ နှစ်ပါးအပေါင်းကဲ့သို့ ရှေးကံကြောင့် ဖြစ်သော ခန္ဓာအစဉ်၏ချုပ်ခြင်းကိုငဲ့သောကံသည်လည်းကောင်း၊ အကျိုးပေးခွင့်ရခြင်းကို ငဲ့သောကံသည်လည်းကောင်း မဖြစ်ပေ။ ထို့ကြောင့် ဤပစ္စုပ္ပန် အတ္တဘော(ဘဝ) ၌ပင် (နုငယ်သောအပင်သည် အပွင့်မျှသာပေးကဲ့သို့) ပဝတ္တိအကျိုးမျှဖြစ်သော အဟိတ် အကျိုးမျှကိုသာပေးပါသည်။ (အသီးနှင့်တူသော ပဋိသန္ဓေအကျိုးကို မပေးနိုင်ဘဲ အပွင့်နှင့်တူသော ပဝတ္တိအကျိုးကိုသာ ပေးနိုင်ပါသည်။)

ဥပပဇ္ဇဝေဒနီယကံ– သတ္တမဇောစေတနာ အကျိုးပေးပုံ

အခြားမဲ့ဖြစ်သော ဒုတိယဘဝ၌ခံစားရန် ပဋိသန္ဓေအကျိုးပေးသော သတ္တမဇော စေတနာသည် 'ဥပပဇ္ဇဝေဒနီယကံ' မည်ပါသည်။

ဒါနစသော, ပါဏာတိပါတစသော အကျိုး(ကိစ္စ)ကိုပြီးစေနိုင်သောကြောင့်လည်း ကောင်း၊ ကိစ္စကိုအပြီးဆုံးသို့ရောက်စေနိုင်သော စေတနာဖြစ်သောကြောင့်လည်းကောင်း အကြောင်းထူး ကျေးဇူးအထူးဖြင့်ရအပ်သော သတ္တိထူးရှိသောကြောင့်လည်းကောင်း အခြားမဲ့ အတ္တဘော(ဒုတိယဘဝ)၌ အကျိုးပေးနိုင်ခြင်းဖြစ်ပါသည်။

ဤ(လက်ရှိ)ဘဝ စုတိ၏အခြားမဲ့ဖြစ်သော ဒုတိယဘဝအစကာလသည်သာလျှင် ဥပပဇ္ဇဝေဒနီယကံ အကျိုးပေးဖို့ရာ အခွင့်အခါဖြစ်သောကြောင့် ဥပပဇ္ဇဝေဒနီယကံ မည်သော သတ္တမဇောစေတနာသည် ဒုတိယဘဝ၌ ပဋိသန္ဓေအကျိုးကိုပေးရမှ ပဝတ္တိ အကျိုးကို ဆက်၍ပေးနိုင်ပါသည်။ ပဋိသန္ဓေအကျိုးကို မပေးလိုက်ရလျှင် ပဝတ္တိအကျိုး ကိုမပေးနိုင်ပါ။ (ဥပပဇ္ဇဝေဒနီယကံနှင့်စပ်၍ ဋီကာဆရာ၏ဝါဒ)

www.dhammadownload.com

အပရာပရိယာယဝေဒနီယကံ– အလယ်ဇော ၅–ချက်စေတနာအကျိုးပေးပုံ

မျက်မှောက်ဘဝ, ဒုတိယဘဝမှတစ်ပါးသော တတိယဘဝမှစ၍ အနာဂတ် နိဗ္ဗာန်ရသည့်ဘဝတိုင်အောင် အခွင့်ရသည်ရှိသော် ပဋိသန္ဓေအကျိုး ပဝတ္တိအကျိုးပေးသောအလယ်ဇော ၅–ချက်စေတနာသည် 'အပရာပရိယာယဝေဒနီယကံ' မည်ပါသည်။

ဆန့်ကျင့်ဘက် ကုသိုလ်ကံ အကုသိုလ်ကံတို့သည် မလွှမ်းမိုးအပ်ခြင်းစသော အကြောင်းတို့မှကင်းခြင်းကြောင့် ဒိဋ္ဌဓမ္မဝေဒနီယစသောအဖြစ်သို့မရောက်သော အစ, အဆုံးစေတနာတို့၏ အလယ်၌ဖြစ်သော ဇော–စေတနာ ၅–ချက်သည် အကျိုးကို ပေးခြင်းသဘော မပြတ်ဆဲသည့်အတွက် အမှတ်မထားတစ်ပါးပါးသောဘဝ၌ အကျိုးပေးခွင့်ရရှိသော် ပဋိသန္ဓေအခါ ပဝတ္တိအခါတို့၌ အကျိုးကိုပြီးစေတတ်သောကံသည် 'အပရာပရိယာယဝေဒနီယကံ' မည်ပါသည်။

ကံ ၃–ပါးတို့ အဟောသိကံမည်ပုံ

ဒိဋ္ဌဓမ္မဝေဒနီယကံ, ဥပပဇ္ဇဝေဒနီယကံ, အပရာပရိယဝေဒနီယကံတို့သည် အကြောင်းမသင့် အခွင့်မသာကုန်သဖြင့် မိမိတို့ဆိုင်ရာဆိုင်ရာ ကာလအားလျော်စွာ အကျိုးမပေးကြပါဘဲ အလိုလိုသုဉ်း၍သုဉ်း၍သွားသောကံမျိုးသည် 'အဟောသိကံ' မည်ပါသည်။

[*လက်ရှိဘဝသည် ပထမဘဝ၊ ယခုဘဝမှ စုတိလျှင်– ဒုတိယဘဝ .. .. ..*]

အာသေဝနဇောများ နှလုံးသွင်းရှုမှတ်မှု

အာရုံကိုအာရုံပြုခံစားသော ကာမဇော(များသောအားဖြင့်) ၇–ကြိမ်တိုင်တိုင်သည် နှလုံးသွင်းမကောင်းလျှင်အကုသိုလ်ဇော, နှလုံးသွင်းကောင်းလျှင် ကုသိုလ်ဇော, ရဟန္တာပုဂ္ဂိုလ်သန္တာန်၌ကြိယာဇော စောသောအခါတွင်စိတ်တစ်မျိုးတည်းက ၇–ကြိမ်ထပ်၍ထပ်၍ ဖြစ်ပါသည်။

မြင်လျှင် မြင်ကာမျှမတ္တမှာတည်အောင် ရှုမှတ်သဖြင့် ဣဋ္ဌာရုံဖြစ်သော်လည်း ရူပါရုံကိုသာယာတပ်မက်သောလောဘလည်း မဖြစ်တော့ပေ။ အနိဋ္ဌာရုံဖြစ်လျှင်လည်း ဒေါမနဿ မဖြစ်ပါ၊ ဤနည်းတူ ကြားလျှင်–ကြားကာမျှမတ္တ၊ နံလျှင်–နံကာမျှမတ္တ၊ စားလျှင်–စားကာမျှမတ္တ၊ တွေ့ထိလျှင်–တွေ့ထိကာမျှမတ္တတို့မှာ ရှုမှတ်ရသည်။

ပဉ္စဒွါရ(၅–ဒွါရ)မှာ ကျလာသောအာရုံများကို မနောဒွါရကနေ ရှုမှတ်နေရပါသည်။ ကျရာအာရုံက ပဉ္စဒွါရ၊ ရှုမှတ်တာက မနောဒွါရဖြစ်ရခြင်းမှာ ပဉ္စဒွါရမှာ အာရုံ ၅–ပါး လာတိုက်သောအခါ မနောဒွါရမှာထင်သောကြောင့် ဖြစ်ပါသည်။

www.dhammadownload.com

မျက်စိ,နား,နှာ,လျှာ,ကိုယ်, စိတ်တည်းဟူသော ၆–ဒွါရတွင် ၅–ဒွါရကို ပိတ်ပြီး ၁–ဒွါရကနေ ရှုရပါမည်။ မျက်စိ,နား,နှာ,လျှာ,ကိုယ် ပဉ္စဒွါရကိုလုံခြုံအောင်ပိတ်ထားပြီး မနောဒွါရကနေ ရှုမှတ်ကြရပါမည်။ ထိုမနောဒွါရမှာ စောင့်ပြီးရှုမှတ်နေခြင်းဖြင့် ဒွါရ ၆–ပါးလုံး လုံခြုံရကား သီလ, သမာဓိ, ပညာတို့၏အစွမ်းအားဖြင့် ကျင့်ကြံ ရှုမှတ် ပွားများရပါမည်။ ဝိပဿနာရှုမှတ်ရာတွင် ကောင်းတလှည့်ဆိုးတလှည့်ဖြစ်နေတတ်သော်လည်း ရှုမှတ်မှုတို့အာသေဝနဖြစ်ဖို့ရန်အတွက် ကြိုးစားပြီးရှုမှတ်နေရပါသည်။

အာ ပုနပ္ပုနံ သေဝတိ၊ ပဝတ္တတီတိ အာသေဝနံ။

အာ ပုနပ္ပုနံ= အဖန်ဖန်အထပ်ထပ်၊ သေဝတိ ပဝတ္တတီတိ= ထုံပေးတတ်၊ ဖြစ်စေတတ်၏။ ဣတိတသ္မာ= ထို့ကြောင့်၊ အာသေဝနံ= အာသေဝန မည်ပါသည်။

ဥပါဒ်	ဌီ	ဘင်	ဥပါဒ်	ဌီ	ဘင်	ဥပါဒ်	ဌီ	ဘင်	ဥပါဒ်	ဌီ	ဘင်	ဥပါဒ်	ဌီ	ဘင်	ဥပါဒ်	ဌီ	ဘင်	ဥပါဒ်	ဌီ	ဘင်
ပထမဇော			ဒု–ဇော			တ–ဇော			စ–ဇော			ပ–ဇော			ဆ–ဇော			သတ္တမဇော		

ရှေးရှေးဇောက နောက်နောက်ဇောတို့ ဖြစ်ပေါ်လာအောင်ကျေးဇူးပြုရာတွင်– ပထမဇောက ဒုတိယဇောဖြစ်အောင်၊ ဒုတိယဇောက တတိယဇောဖြစ်အောင်၊ တတိယဇောက စတုတ္ထဇောဖြစ်အောင်၊ စတုတ္ထဇောက ပဉ္စမဇောဖြစ်အောင်၊ ပဉ္စမဇောက ဆဋ္ဌမဇောဖြစ်အောင်၊ ဆဋ္ဌမဇောက သတ္တမဇောဖြစ်အောင် အကြိမ်ကြိမ်အဖန်ဖန် ထုံမွမ်းသမှု ကျေးဇူးပြုပါသည်။

အာသေဝနပစ္စည်းရှိ ပထမဇော၏အစွမ်းသတ္တိသည် ပထမဇော(ဥပါဒ်–ဌီ–ဘင်) အကြောင်းတရားကင်းသွားပြီးတဲ့နောက်မှာ မိမိချုပ်သွားသည်နှင့် အကျိုးတရားကိုဖြစ်ပေါ်စေသော အနန္တရမျိုးသတ္တိများဖြင့် ဒုတိယဇောကို ကျေးဇူးပြုခဲ့ပါသည်။ ဒုတိယဇောစသည်တို့လည်းဤနည်းတူ ရှေးရှေးဇော(ဥပါဒ်–ဌီ–ဘင်)ချုပ်သွားသည်နှင့်အခြားမရှိ နောက်နောက်ဇောကို ထုံမွမ်းသမှု ကျေးဇူးပြုပါသည်။

ထိုအကြောင်း–ပထမဇော(ဥပါဒ်–ဌီ–ဘင်)ချုပ်၍ဖြစ်ပေါ်လာသော ဒုတိယဇောသည် ဘယ်မျှကြာကြာတည်နေသနည်း, ဖြစ်လာလျှင် (ပျက်သွားတာပါဘဲ) ဖြစ်ပြီး ပျက်သွား၏။ ဒုတိယဇောကြောင့်ဖြစ်သော တတိယဇောစသည်တို့ ပျက်ပျက်လိုက်ကြမှု သက်သေစုဖြင့် မမြဲခြင်းသဘောအားမြင်လာသဖြင့် 'အနိစ္စ'သဘော ထင်လာသည်။ ဤသို့ ဖြစ်,ပျက် သံသရာမဆုံးနိုင်ပါသဖြင့် မမြဲသောရုပ်,နာမ်တို့ကို ပြုစုလုပ်ကျွေးပြီး ယင်းကို အရေးပေးနေခြင်းသည် 'ဒုက္ခ'များလှပေသည်။ ထိုမမြဲသောနာမ်,ရုပ်စသည် ယခု အိုလာပြီး

www.dhammadownload.com

နာရတော့မည်.. သေရတော့မည်၊ အို,နာ,သေ စသည်ဖြင့် နာမ်,ရုပ်တို့ကို ကျွေးမွေးပြုစု စောင့်ရှောက်နေရခြင်းဖြစ်ပြီး၊ မိမိကဘာမှမပိုင်, မဆိုင်သည့်သဘော.. မိမိကအစိုးမရ သဖြင့် 'အနတ္တ'ဆိုသည့် သဘောလက္ခဏာ ထင်ရှားလာပါသည်။

"မမြဲသော–အနိစ္စ၊ ဆင်းရဲသော–ဒုက္ခ၊ အစိုးမရသော–အနတ္တ'တရားများကို သမ္မာဉ် သတိကိုယ်စီရှိသဖြင့် ပစ္စည်း–ပစ္စယုပ္ပန်၊ အကြောင်း–အကျိုးမှန်ကို ဆင်ခြင်နိုင်ပါသည်။

❀ ဖြစ်ပျက်ကိုသိမှ အနိစ္စမြင်၊ အနိစ္စမြင်မှ ဒုက္ခထင်၊ ဒုက္ခထင်မှ အနတ္တမြင်။
အနတ္တမြင် နိဗ္ဗာန်ခွင် ပြေးဝင်ဆိုက်ရောက်သည်။

ပဋ္ဌာန်း အာသေဝနပစ္စည်း မေတ္တာပို့ ဆုတောင်းဘုရားရှိခိုး

အာသေဝနပစ္စယော– သတ္တဝါအားလုံး မကောင်းသော အကုသိုလ်တရားများ အဖန်တလဲလဲ ထုံခြင်းသဘောဖြင့် ထပ်ကာထပ်ကာ မဖြစ်ပွားကြရဘဲ၊ ကောင်းမြတ် သောကုသိုလ်တရား ကြိယာအဗျာကတတရားတို့သာ မဂ်ဖိုလ်နိဗ္ဗာန်တိုင်ထိ အဖန် တလဲလဲ ထုံခြင်းဖြင့် ထပ်ကာထပ်ကာ ဖြစ်ပွားနိုင်ကြပါစေ။

❀ ပါရမီအစုံစုံ၊ ပွားကြည်ယုံ၊ အထုံ မြဲရပါစေသော်။

အာသေဝနပစ္စယော– နောက်နောက်မွန်လေး၊ သာလွန်မွေးအောင်၊ ရှေးရှေးထုံထား၊ နံ့သာလားသို့၊ အခြားမပြတ်၊ မျိုးဇာတ်တူသော၊ နောက်နောက်ဇောအား၊ ကျေးဇူး ပြုနိုင်သော၊ စွမ်းပကားအဟုန်၊ ထုံစေနိုင်သော၊ ရှေးရှေးသော လောကီဇောဟူသော၊ အာသေဝနပစ္စည်းတရားသည်၊ အတ္ထိ– ပုဂ္ဂိုလ်,သတ္တဝါ၊ သူငါမနော၊ တရားသဘောသာ၊ ထင်ရှားရှိပါပေသည်တကား။

ဣတိ– ဤသို့၊ ဗောဓေန္တံ– သဗ္ဗညုတာ၊ ဉာဏ်တော်သာဖြင့်၊ ဦးစွာကျနှ သိပြီးမှလျှင်၊ များလှုဝေနေ၊ သိစေတော်မူသော၊ မြတ်စွာဘုရားကို၊ ဝန္ဒာမိ– ဂုဏ်တော်ထုံမွှမ်း၊ ပုံတော်မှန်းလျက်၊ ချီးမွမ်းထောမနာ၊ ပဏာရိုက်ကျိုး၊ လက်စုံမိုး၍၊ ရှိခိုးကန်တော့ပါ၏ ဘုရား။

UK-2020(COVID-19)

အာသေဝနပစ္စည်း ပြီး၏။

www.dhammadownload.com

"နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"

၁၃။ ကမ္မပစ္စည်း

ကမ္မမည်ခြင်းအကြောင်း

မိမိကိစ္စ သူတစ်ပါးကိစ္စကို ပြီးစီးထမြောက်အောင်ကြောင့်ကြစိုက်ခါ နှိုးဆော်ခြင်းကိစ္စဖြင့် ကျေးဇူးပြုသောစေတနာ၏ ထူးခြားသောအမူအယာသည် ကမ္မပစ္စည်း မည်၏။
* ဥပမာ– တပည့်ကြီး၊ လက်သမားကြီးတို့သည် မိမိတို့ပြုရမည့် ကိစ္စကိုလည်း ကြောင့်ကြစိုက်၍ လုပ်ရပါသည်။ တပည့်ငယ်၊ လက်သမားငယ်တို့ကိစ္စကိုလည်း ပြီးစီးအောင်ကြောင့်ကြစိုက်ရခြင်းနှင့်တူသည်ဟု ဥပမာပြကြပါသည်။

ကိုယ်နှုတ်တို့၏ ထူးခြားသောအမူအယာတို့သည် ကာယဝိညတ်၊ ဝစီဝိညတ်ဖြစ်သကဲ့သို့ **စိတ်၏ထူးခြားသောအမူအယာတို့သည် စေတနာ**ဖြစ်သည်ဟု မူလဋီကာက ဆိုပါသည်။ ထိုစိတ်အမူအယာကို နေ့စဉ် မိမိ, သူတစ်ပါး သန္တာန်တို့၌ စေတနာနှင့် အတူဖြစ်သော စိတ္တဇရုပ်များကိုကြည့်ခြင်းဖြင့် မြင်နိုင်,သိနိုင်ပါသည်။

စိတ်ကောင်းရှိဖို့က ပထမ

သဟဇာတကမ္မမှာရှိသော ကမ္မစေတနာသည် စိတ်–၈၉ နှင့်ယှဉ်သဖြင့် သတ္တဝါများနေ့စဉ်၊ နာရီစဉ်၊ မိနစ်စဉ်၊ စက္ကန့်နှင့်တကွ ပြု/ပြော/ကြံသမျှသည် သဟဇာတကမ္မနှင့်ကင်း၍ မဖြစ်နိုင်ပါ။ စိတ်ကောင်း စေတနာကောင်း ထားကြပါ။ စေတနာသန့်ရှင်းကြပါဟူသောစကားသည် သဟဇာတကမ္မကို ပြောခြင်းဖြစ်ပါသည်။

ကမ္မပစ္စည်း ၂–မျိုး

သဟဇာတကမ္မပစ္စည်းဆိုသည်မှာ ဟေတုပစ္စည်းကဲ့သို့ပင် သဟဇာတပစ္စည်းမှ စေတနာတစ်ခုကို ခွဲထုတ်ထားခြင်း ဖြစ်ပါသည်။ ထို့ကြောင့် အတူတကွဖြစ်သည့် တရားများကိုကျေးဇူးပြုသည့် စေတနာသည် သဟဇာတကမ္မပစ္စည်း ဖြစ်ပါသည်။ စေတနာဟူ၍ပေါ်လာသည့်အခါ ယင်းစေတနာသည် ကိစ္စနှစ်မျိုးကို ဆောင်ရွက်၍သာ ဖြစ်လာပါသည်။ ကိစ္စနှစ်မျိုးမှာ မိမိနှင့်အတူတကွဖြစ်သည့် သဟဇာတ်တရားများကို စီရင်နှိုးဆော်ခြင်း သဟဇာတကမ္မကိစ္စ၊ နောင်အနာဂတ်ကာလတွင် အကျိုးဝိပါက်နှင့် ကမ္မဇရုပ်များကိုဖြစ်ပေါ်စေရန်မျိုးထားခြင်း နာနာက္ခဏိကကမ္မ ကိစ္စတို့ ဖြစ်ကြပါသည်။
[နာနာက္ခဏိကကမ္မ → အနန္တရကမ္မ, ဗလဝကမ္မ, ဗလဝဒုဗ္ဗလနာနာက္ခဏိကကမ္မ၊]

www.dhammadownload.com

(၁) သဟဇာတကမ္မပစ္စည်း

မိမိနှင့်အတူတကွဖြစ်သော သဟဇာတ်တရားတို့ကို စီရင်နှိုးဆော်ခြင်း၊

စေတနာ	သမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ	(ပြိုင်.ယ.၁၀) ကြီး+လတ် ကံ+ဟာ
စိတ်–၈၉ ၌ရှိသော စေတနာ	စိတ်–၈၉၊ စေတနာကြဉ်သော စေတသိက်–၅၁၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်၊	

→ ဝိပါက်–၃၆၊ ကြိယာ–၂၀ ၌ယှဉ်သော စေတနာသည် သဟဇာတ်တရားတို့ကိုစီရင် နှိုးဆော်ခြင်း သဟဇာတကမ္မကိစ္စ တစ်မျိုးကိုသာ ဆောင်ရွက်ပါသည်။

⇉ ကုသိုလ်,အကုသိုလ်၌ယှဉ်သောစေတနာသည် ကမ္မကိစ္စ ၂–မျိုး ဆောင်ရွက်ပါသည်။ နောင်အနာဂတ်ကိစ္စ၌ အကျိုးဝိပါက်နှင့်ကမ္မဇရုပ်များဖြစ်ပေါ်စေရန် မျိုးထားခြင်းကို နာနာက္ခဏိကကမ္မကိစ္စ = ကု–၂၁၊ အကု–၁၂ ၌ရှိသော စေတနာ၊

(၂) အနန္တရရမျိုး ကမ္မပစ္စည်း

(သဟဇာတကမ္မနှင့် မဆိုင်ပါ။)

အနန္တရကမ္မသည် အနန္တရနှင့်ကမ္မတို့၏သဘာဂ, နှစ်ဖက်ရတရား ဖြစ်ပါသည်။ **နာနာက္ခဏိကကမ္မ**သာ ဖြစ်ပါသည်။ နာနာက္ခဏိကကမ္မသည် ပဝတ္တိအခါ၌လည်းကောင်း၊ နောက်နောက်ဘဝများတွင်လည်းကောင်း၊ ပဋိသန္ဓေအခါကာလမှာလည်းကောင်း အကျိုးပေးပါသည်။ **အနန္တရကမ္မ**သည် ပဝတ္တိအခါ အခါမလင့် အကျိုးပေးပါသည်။ မဂ်လေးခုရှိစေတနာက ဖိုလ်ကို စိတ္တုပ္ပါဒ်အခြားမရှိ ကျေးဇူးပြုခြင်းသည် အနန္တရကမ္မသတ္တိ ဖြစ်ပါသည်။ မြတ်စွာဘုရားရှင်၏ တရားဂုဏ်တော် ၆–ပါး၌ <u>အကာလိကဂုဏ်တော်</u>သည် အနန္တရကမ္မပစ္စည်း ပါဝင်ပါသည်။

၃။	အနန္တရူပကမ္မ	မဂ်လေးခုရှိ စေတနာ၊	မဂ္ဂါနန္တရဖိုလ် လေးခု၊	၁	၆

သုဒ္ဓသင်္ချာဆိုရိုး။ ။ အနန္တရကမ္မပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ၌ မဂ္ဂါနန္တရဖိုလ် ၄–ခု အား<u>တပ်သော</u> မဂ် ၄–ခု စေတနာ၊ ဤတရားတို့သည် အနန္တရကမ္မပစ္စည်းတတ်သော တရားတို့ မည်ကုန်၏။ သင်္ချာ ဧကံ။ ပစ္စည်းရေ–၆ ဟူသည်တည်း။

သင်္ချာ ဧကံ ဟူသော်ကား– ကုသလော အဗျာကတဿ ဟူသည်တည်း။

ပစ္စည်းရေ–၆ ဟူသော်ကား အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ ကမ္မ၊ နတ္ထိ၊ ဝိဂတ ဟူသည်တည်း။

[မဂ်စေတနာက ဖိုလ်ကိုကျေးဇူးပြုသလို စေတနာသက်သက် မယူရပါ၊ မဂ်စိတ်က ဖိုလ်စိတ်ကို ကျေးဇူးပြုသည့်အခါမှာလည်း ယူပါဟု ဆိုပါသည်။ (အဋ္ဌကထာဆရာ မှာထားချက်)]

www.dhammadownload.com

(၃)ဖလဝနာနာက္ခဏိကကမ္မ

ဖလဝနာနာက္ခဏိကကမ္မသည် ပကတူပမျိုးဖြစ်ခြင်းကြောင့် ပကတူပနိဿယ ထဲတွင်ရှာရပါသည်။ ပကတူပကမ္မကို 'ဖလဝနာနာက္ခဏိကကမ္မ'ဟုလည်း ခေါ်ပါသည်။

ဖလဝနာနာက္ခဏိကကမ္မအတွက် ပါဠိတော်သည် 'ကုသလံကမ္မံ ဝိပါကဿ'၊ 'အကုသလံကမ္မံ ဝိပါကဿ'ဟုဟောရာ ဖလဝဒုဗ္ဗလနာနာက္ခဏိကကမ္မကျမှရောပြီး ဟောပါသည်။ ပစ္စည်းတွင် 'ကုသလံ/အကုသလံ–ကမ္မံ'ဟုဆိုသဖြင့် ကုသိုလ်/အကုသိုလ် ၌ရှိသော'စေတနာ' ဖြစ်ပါသည်။ ပစ္စယုပ္ပန်တွင် အဗျာကတသာဖြစ်သောကြောင့် ကုသိုလ်အတွက် ကုသလဝိပါက်–၂၉ ရပြီး၊ အကုသိုလ်အတွက် အကုသလဝိပါက် ၇–ခု ရပါသည်။

၂။	ဖလဝနာနာက္ခဏိကကမ္မ	ဖလဝဖြစ်သော ကုသိုလ်, အကု စေတနာ	ဝိပါက်ဆတ္တိံသနာမက္ခန္ဓာ၊	၂	၂ ၃, ကံ

သုဒ္ဓသချာဆိုရိုး။ ။ ဖလဝနာနာက္ခဏိကကမ္မပစ္စည်း၏ သုဒ္ဓသချာဝါရ၌ ဝိပါက်စိတ် ဆတ္တိံသ နာမက္ခန္ဓာအား<u>တပ်သော</u> ဖလဝဖြစ်သော ကုသိုလ်, အကုသိုလ် စေတနာ၊ ဤတရားတို့သည် ဖလဝနာနာက္ခဏိကကမ္မပစ္စည်းတတ်သောတရားတို့ မည်ကုန်၏။ သချာ ဒွေ။ (ကု–ဗျာ) (အကု–ဗျာ)

(၄)ဖလဝ ဒုဗ္ဗလ နာနာက္ခဏိကကမ္မ

၁။	ဖလဝ ဒုဗ္ဗလ နာနာက္ခဏိကကမ္မ	ကာမကု, အကု စေတနာ ဒုဗ္ဗလနာနာက္ခဏိက ကမ္မ	ကာမဝိပါက် ၂၃ နာမက္ခန္ဓာ	၂	၁ (ကမ္မ)
၂။		ပဉ္စဝေါ. ကု, အကု စေတနာ ဖလဝဒုဗ္ဗလနာနာက္ခဏိက ကမ္မ	ကဋတ္တာရုပ်		

ခဏမတူ အသီးအခြားခဏမှာဖြစ်သော"စေတနာ"သည် **နာနာက္ခဏိကကမ္မ** မည်ပါသည်။ ရေ၊ မြေ..စသော အထောက်အပံ့ရသော မျိုးစေ့သည် သစ်ပင်ကြီးကို ဖြစ်စေနိုင်သကဲ့သို့ နာနာက္ခဏိကစေတနာသည် <u>**ဂတိ**၊ **ကာလ**၊ **ဥပဓိ**၊ **ပယောဂ**</u> ဆိုသည့်အကြောင်းအထောက်အပံ့ရလျှင် ၃၁–ဘုံ၌ အမျိုးမျိုး ကြီးကျယ်သော ဝိပါက် နာမက္ခန္ဓာ၊ ကဋတ္တာရုပ်ကိုလည်းကောင်း၊ နာနတ္တကာယ(အမျိုးမျိုးသောရုပ်၊ အထူးထူး သောသဘောရှိသော ခန္ဓာကိုယ်–လူ၊နတ်၊ဗြဟ္မာ)၊ နာနတ္တသညီ(အမျိုးမျိုးသောနာမ်၊

www.dhammadownload.com

အထူးထူးသဘောရှိသော အမှတ်သညာစသော ဘဝ–၉ ပါး)ကိုလည်းကောင်း၊ ဇလာဗုဇ.. စသော ပဋိသန္ဓေ ၄–မျိုးကိုလည်းကောင်း ဖြစ်နိုင်ပါသည်။

[၃၁–ဘုံမှာ သတ္တဝါများဖြစ်ရမှုသည် "နာနာက္ခဏိက ကမ္မ" သတ္တိကြောင့် ဖြစ်ပါသည်။]

နာနာက္ခဏိက ကုသိုလ်, အကုသိုလ် စေတနာသည် (ဥပါဒ်၊ ဋီ၊ ဘင်)ခဏတ္တယ ပြည့်သည်နှင့် နာမ်တရားတို့၏သက်တမ်းအားလျော်စွာ ချုပ်သွားသော်လည်း နောင်အကြောင်းသင့်လျှော်သောအခါ ထိုက်သင့်သောအကျိုးကိုဖြစ်စေရန် သတ္တိထူးထားခဲ့ပါသည်။ သတ္တိထူးသည် ပညတ်မဟုတ်၊ ပရမတ္ထတရားတို့၏သတ္တိထူးသာဖြစ်ပါသည်။

ဥပမာ– ငယ်စဉ်ကသင်ကြားခဲ့သော အတတ်ပညာများသည် ချုပ်ကွယ်နေသော်လည်း နောက်သင်ကြားသောအတတ်ပညာများကို ကျေးဇူးပြုပါသည်။

ဥပမာ– ငွေချေးသည့်ကိစ္စ– ငွေရလျှင်ရခြင်း ချုပ်ပျောက်သွားသော်လည်း ပြန်ဆပ်ရန် အကြွေးရှိနေမှုသတ္တိကျန်နေလျှင် ကြွေးကိုကျေအောင်ဆပ်ပြီးမှသာ တာဝန်ကျေပါမည်။

မိမိပြုလုပ်လိုက်သောကံသည် အနုသယဓာတ်/ဝါသနာဓာတ်များကဲ့သို့ နောက်အကြောင်းညီညွတ်လျှင်အကျိုးပေးရန် နာနာက္ခဏိကသတ္တိထူးကိုထားခဲ့ပြီး ချုပ်သွား၏။ အကျိုးပေးပြီးမှသာ ကံကြွေး၊ ဝဋ်ကြွေး ပြေလည်သွားပါသည်။ အဟောသိကံဖြစ်သွားသောကံများလည်း ရှိပါသည်။

နာနာက္ခဏိကကမ္မ အကျိုးပေးပုံ

* အချို့နာနာက္ခဏိကစေတနာသည် ယခုဘဝ(ပစ္စက္ခဘဝ)မှာ အကျိုးပေးသည်။
* အချို့နာနာက္ခဏိကစေတနာသည် ဒုတိယဘဝမှာ အကျိုးပေးသည်။
* အချို့နာနာက္ခဏိကစေတနာသည် တတိယဘဝမှ နိဗ္ဗာန်မရမီကြား အကြောင်းညီညွတ်လျှင် အကျိုးပေးခွင့်ရလျှင် အကျိုးပေးသည်။ ကမ္ဘာများစွာ၊ ဘဝများစွာ ခြားသော်လည်း အကျိုးပေးခွင့်ရက ပဋိသန္ဓေ, ပဝတ္တိ နှစ်မျိုးလုံး အကျိုးပေးပါသည်။

သတ္တဝါတို့ နာနာက္ခဏိကကမ္မပစ္စည်းမှဖြစ်ပုံ

* မျိုးစေ့အမျိုးမျိုးကြောင့် သစ်ပင်အမျိုးမျိုးပေါက်သကဲ့သို့၊
* ကံအမျိုးမျိုးကြောင့် သတ္တဝါအမျိုးမျိုး၊ ဘုံဘဝအမျိုးမျိုး၊ ဆင်းရဲချမ်းသာခံစားမှု၊ ဘုံဗိမ္မာန်၊ ရေ၊ မြေ၊ တော၊ တောင်...စသည်တို့ ဖြစ်ကြပါသည်။

✓ ဆင်းရဲလှသောပုဂ္ဂိုလ်များ ရုတ်တရက် ထီပေါက်၍ ချမ်းသာလာမှု၊

× သမ္မတ၊ ဝန်ကြီးချုပ်...စသည့်ပုဂ္ဂိုလ်များ အသတ်ခံရမှု၊ ထောင်ထဲရောက်မှု..တို့သည် နာနာက္ခဏိကကမ္မ၏ အကျိုးပေးဆန်းကြယ်မှုများ ဖြစ်ပါသည်။

www.dhammadownload.com

ကမ္မပစ္စည်း ၄–မျိုးမှာ

သဟဇာတကမ္မ၊ အနန္တရကမ္မ၊ ဗလဝနာနာက္ခဏိကကမ္မ၊ ဗလဝဒုဗ္ဗလနာနာက္ခဏိကကမ္မ ဟူ၍ ၄–မျိုး ဖြစ်ပါသည်။

* သဟဇာတကမ္မတွင် ကြွင်းသုံးမျိုးတို့၏ သရုပ်ဝင်၍ 'သတ္တ' ရပါသည်။
* အနန္တရကမ္မဟူ၍ သီးသန့်ပစ္စည်းမရှိပါ။
  သဘာဂ–ဃဋ္ဋနာများမှာ အသုံးချရန်ဖြစ်ပါသည်။
* အနန္တရကမ္မ, ဗလဝနာနာက္ခဏိကကမ္မ, ဗလဝဒုဗ္ဗလနာနာက္ခဏိကကမ္မ သုံးမျိုးကို ပေါင်းပြီး ဝိဘင်္ဂပါဠိတော်များမှာ 'နာနာက္ခဏိကကမ္မ'ဟူ၍ ခေါ်ပါသည်။

(ခဏအထူး) ခဏတူ၊ ခဏကွဲ

ကမ္မပစ္စည်း၌ ခဏတူ၊ ခဏကွဲ ၂–မျိုးရှိပါသည်။ ကျေးဇူးပြုပုံတို့မှာ–

ခဏတူ = သဟဇာတကမ္မစေတနာသည် အတူတကွဖြစ်သောနာမ်,ရုပ်ကို ကျေးဇူးပြုပါသည်။ စိတ်–၈၉ (စေတနာကြည့်)စေ–၅၁၊ စိတ္တဇရုပ်၊ (ကေက္ခဏိက)

ခဏကွဲ = နာနာက္ခဏိကကမ္မ အတိတ်ကုသိုလ်,အကုသိုလ်စေတနာသည် မိမိကြောင့်ဖြစ်သော ပစ္ဆယုပ္ပန်ဝိပါက်နာမ်ခန္ဓာနှင့် ကမ္မဇရုပ်တို့ကို ကျေးဇူးပြုပါသည်။ (နာနာက္ခဏိက)

ကဋတ္တာရူပါနံအရ–

* ပဋိသန္ဓေကမ္မဇရုပ်သည် ခဏတူ/ခဏကွဲ နှစ်မျိုးနှင့်သက်ဆိုင်သည်။
* ပဝတ္တိကမ္မဇရုပ်၊ အသညသတ်ကမ္မဇရုပ်သည် ခဏကွဲနှင့်သာ သက်ဆိုင်ပါသည်။

✓ ခဏတူရသောရုပ်– ပဋိသန္ဓေကမ္မဇရုပ်

▲ ခဏကွဲရသောရုပ်– ပဋိသန္ဓေကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ်၊ အသညသတ်ကမ္မဇရုပ်။

❶ ဟောတုစသော သဟဇာတမျိုးတို့၌ ပဋိသန္ဓေကမ္မဇရုပ်ကိုသာ ယူ၏။

❸ နာနာက္ခဏိကကမ္မ၌ ပဋိသန္ဓေကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ်၊ အသညသတ်ကမ္မဇရုပ် ဟူ၍ ၃–မျိုး ယူရပါသည်။

ကမ္မ အထူး

(ပြိုင်–ဆက်–ချုပ်)

(၁) သဟဇာတကမ္မ – အကျိုးပစ္စယုပ္ပန်နှင့် တစ်ပြိုင်နက်အတူတကွ အကျိုးပေး၏။

(၂) အနန္တရကမ္မ – 'မဂ္ဂေါ ဖလဿ'အရ အကြောင်း,အကျိုး တစ်ဆက်တည်း အကျိုးပေး၏။

(၃) နာနာက္ခဏိကကမ္မ– မိမိဖြစ်ဆဲကာလ၌ အကျိုးမပေးဘဲ၊ ချုပ်ပြီးနောက်၌သာ အကျိုးပေး၏။ (သတ္တဝါများအယုတ်၊ အမြတ်ကို 'နာနာက္ခဏိကကမ္မ'က ခွဲခြား၏။)

www.dhammadownload.com

အမျိုးဇာတ်၊ ကာလ၊ ဘုံဌာန

▲ ကမ္မပစ္စည်းတွင် သဟဇာတကမ္မသည် သဟဇာတမျိုး ဖြစ်ပါသည်။ နာနာက္ခဏိကကမ္မသည်(အနန္တရမျိုး၊ ပကတူပမျိုး၊ ဗလဝဒုဗ္ဗလနာနာက္ခဏိကကမ္မမျိုး) တို့ဖြစ်သောကြောင့် မျိုးကွဲရှိသောပစ္စည်း ဖြစ်ပါသည်။

▲ ကမ္မပစ္စည်းသည် ပဋိသန္ဓေကာလ, ပဝတ္တိကာလ နှစ်ပါးလုံးဖြစ်ပါသည်။ ပစ္စုပ္ပန်,အတိတ်,အနာဂတ် ကာလသုံးပါးတို့တွင်- အတိတ်,ပစ္စုပ္ပန် (ဒွိကာလိက)

- သဟဇာတကမ္မသည် ပစ္စုပ္ပန်ကာလ၌သာ ဖြစ်ပါသည်။
- နာနာက္ခဏိကကမ္မသည် အတိတ်ကာလ၌သာ ဖြစ်ပါသည်။

▲ ကမ္မပစ္စည်းသည် ၃၁-ဘုံလုံး၌ ဖြစ်နိုင်ပါသည်။

အာသေဝန၏အခြားမဲ့၌ ကမ္မပစ္စည်း ဟောရခြင်း

ဘုရားရှင်သည် အာသေဝနပစ္စည်းဖြင့် တစ်ခုသောဝီထိ၌ တူမျှသောဇာတ်ရှိသည်၏ အစွမ်းအားဖြင့် တူမျှသောဇာတ်ရှိကုန်သောတရားတို့အား ပဂုဏ, ဗလဝတရ ပစ္စယသတ္တိကို ဟောကြားတော်မူသည်။

ပစ္စည်းတရားတို့မည်သည် ထိုအခြင်းအရာအားဖြင့်သာလျှင် တူမျှသောဇာတ်ရှိကုန်သောတရားတို့အားသာ ကျေးဇူးပြုကုန်သလော၊ ထိုသို့မဟုတ် တစ်ပါးသော အခြင်းအရာအားဖြင့် မတူသောဇာတ်ရှိကုန်သောတရားတို့အားလည်း ကျေးဇူးပြုကုန်သလော-ဟု ယုံမှားသင်္ကာဖြစ်ဖွယ်ရှိ၍ ထိုယုံမှားသင်္ကာကို တားမြစ်ခြင်းအကျိုးငှာ အာသေဝန၏အခြားမဲ့၌ ကမ္မပစ္စည်းကို ဟောတော်မူပါသည်။ [ပဋ္ဌာနသာရဒီပနီဋီကာ]

အာရမ္မဏူပနိဿယ ကမ္မတ္ထိပစ္စယေသု စ သဗ္ဗေပိ ပစ္စယာ သမောဓာနံ ဂစ္ဆန္တိ။

* သင်္ခါရလောက၏ ဖြစ်ခြင်းသည် ကုသိုလ်,အကုသိုလ်ကံသာလျှင် အကြောင်းရင်းရှိသောကြောင့် လောကီပဝတ္တိအကျိုး၌ အကြောင်း ကံသဘော၊ ကံအဖြစ်ကို မလွန်နိုင်သောကြောင့် အလုံးစုံသောပစ္စည်းတို့သည် ကမ္မပစ္စည်း၌ ပေါင်းယှူနိုင်ခြင်းသို့ရောက်ကုန်သောကြောင့် အရာကျယ်သည်ဟု ဖြေဆိုဆုံးဖြတ်တော်မူသည်။

[လက်သန်း အဋ္ဌကထာဆရာ မိန့်ဆိုသည့်အတိုင်း ကြီးသဲလေးထပ်ဆရာတော် ဖြေဆို၊]

❀ အာ, ဥ, ကမ်, အတ်၊ လေးရပ် ဤတွင်၊ အကုန်ဝင်၊ ကုန်စင် ခွဲစိတ်ဖြာ။

www.dhammadownload.com

ပစ္စယနိဒ္ဒေသ ကမ္မပစ္စည်းအရကောက်

နာနာက္ခဏိကကမ္မဖြစ်အုံ

ပစ္စည်း(ကတ္တား)	ပစ္စယုပ္ပန်(သမ္ပဒါန်)	(ကရိုဏ်း)
ကုသလာကုသလံ ကမ္မံ	ဝိပါကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ	(ပြိုင်.ယ.၆) နံ,နံ, ဥ,ကံ, နတ်,ဝိဂတ
(အတိတ်) ကုသိုလ်စိတ်-၂၁၊ အကုသိုလ်-၁၂ ရှိသော စေတနာ	ဝိပါက်စိတ်-၃၆ နာမက္ခန္ဓာ၊ ကဋတ္တာရုပ်၊(ပဋိကံ၊ပ.ဝတ်ကံ၊အသညကံ)	

သဟဇာတကမ္မဖြစ်အုံ

စေတနာ	သမ္ပယုတ္တကာနံ ခန္ဓာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ	(ပြိုင်.ယ.၁၀) ကြီး+လတ် ကံ+ဟာ
စိတ်-၈၉ ၌ရှိသော စေတနာ	စိတ်-၈၉၊ စေတနာကြဉ်သော စေတသိက်-၅၁၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်၊	

ဥဒ္ဒိစ္စစေတနာ

အကုသလဝိပါက် ၇-ခုနာမက္ခန္ဓာ ပဋိသန္ဓေကမ္မဇရုပ် ပဝတ္တိကမ္မဇရုပ်အားတပ်သော အကုသိုလ်ဒွါဒသရှိစေတနာတွင် ပဝတ္တိ,ပဋိသန္ဓေရော၍ကောက်ထားခြင်း ဖြစ်ပါသည်။ **ဥဒ္ဒိစ္စစေတနာသည် ပဋိသန္ဓေအကျိုးကို မပေးပါ**။ ဥဒ္ဒိစ္စစေတနာသည် အကုသိုလ်စေတနာဖြစ်သောကြောင့် ပဋိသန္ဓေအကျိုးကိုပေးလျှင် အပါယ်ဘုံပဋိသန္ဓေကို ပေးရပါမည်။ သို့သော်လည်း 'ဒဿနတိက်' သောတာပတ္တိမဂ်ပယ်ထိုက်သောတရားမှာ မပါဝင်ပါ။ ဥဒ္ဒိစ္စစေတနာသည် ပဝတ္တိအကျိုးကိုသာ ပေးနိုင်ပါသည်။

? ပဋိသန္ဓေအခါ ကဋတ္တာစရူပံဟုဟောတော်မူရာ ဟဒယဝတ္ထုသည်လည်း ကဋတ္တာရုပ်ဖြစ်၍ ပြီးကောင်းပါလျက် "စေတနာ ဝတ္ထုဿ"ဟု အဘယ်ကြောင့် ဟောတော်မူပါသနည်း။

ပဋိသန္ဓေအခါ ပဋိသန္ဓေနာမ်ခန္ဓာ၌ပါသော စေတနာသည် ပဋိသန္ဓေကမ္မဇရုပ်ကို ကျေးဇူးပြုကြောင်း "ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတာ စေတနာ သမ္ပယုတ္တကာနံ ခန္ဓာနံ ကဋတ္တာစ ရူပါနံ ကမ္မပစ္စယေန ပစ္စယော။"ဟု ဟောပြီးဖြစ်သော်လည်း သီးသန့်ဖြစ်သောစေတနာက ဟဒယဝတ္ထုလေးကို သီးခြားကျေးဇူးပြုကြောင်း ပြလိုသောကြောင့် ဤသို့ အထူးပြု၍- "**စေတနာ ဝတ္ထုဿ**"ဟု ဟောရခြင်းဖြစ်ကြောင်း အဋ္ဌကထာ၊ ဋီကာဆရာတို့က ပြပါသည်။

www.dhammadownload.com

တိဟိတ်ကုသိုလ်, ဒွိဟိတ်ကုသိုလ်

ကုသိုလ်ပြုသောအခါ ကံ,ကံ၏အကျိုးကိုသိသော ကမ္မဿကတာဉာဏ်(သို့မဟုတ်) အနိစ္စ,ဒုက္ခ,အနတ္တ ဆင်ခြင်တတ်သော **<u>ဝိပဿနာဉာဏ်ပါဝင်လျှင် 'တိဟိတ်ကုသိုလ်'</u>** မည်၍၊ ဉာဏ်မပါဝင်လျှင် 'ဒွိဟိတ်ကုသိုလ်' မည်၏။

ဥက္ကဋ္ဌကုသိုလ်, ဩမကကုသိုလ်

ကုသိုလ် မပြုခင်သော်လည်းကောင်း၊ ကုသိုလ် ပြုပြီးနောက်သော်လည်းကောင်း အလောဘ, အဒေါသစသည့် ကုသိုလ်စိတ်များ ခြံရံနေလျှင် အမြတ်စားဖြစ်သော 'ဥက္ကဋ္ဌကုသိုလ်' မည်၏။ ကုသိုလ် မပြုခင်သော်လည်းကောင်း၊ ပြုပြီး၍သော်လည်းကောင်း လောဘ, ဒေါသစသည့် အကုသိုလ်တို့ ခြံရံနေလျှင် အညံ့စားဖြစ်သော 'ဩမကကုသိုလ်' မည်၏။

❀ ကုသိုလ်ပြုစဉ်၊ ကံကျိုးမြင်သိ၊ ဉာဏ်ယှဉ်ဘိက၊ တိဟိတ်ကုသိုလ်၊ ခေါ်ဆိုကြရိုး၊ ကံကျိုးမမြင်၊ ဉာဏ်မယှဉ်သော်၊ ခေါ်တွင်ဒွိဟိတ်၊ ကုသိုလ်စိတ်တည်း။

ကမ္မ စတုက္က

ကမ္မစတုက္က		ကံ(ကမ္မ)	သဘော တရားကိုယ်
သုတ္တန်နည်း	ကိစ္စ စတုက္က	ဇနကကံ	ကိုယ်တိုင် အကျိုးကိုဖြစ်စေတတ်သော ကုသိုလ်, အကုသိုလ်ကံ၊
		ဥပတ္ထမ္ဘကကံ	ဇနကကံအကျိုးပေးခွင့်ရရန် အထောက်အပံ့ပြုသောကံ၊
		ဥပပီဠကကံ	ဇနကကံ၏အကျိုးအားနည်းအောင်,ကပ်၍နှိပ်စက်တတ်သောကံ၊
		ဥပဃာတကကံ	အခြားကံ၏အကျိုးကိုပြတ်သွားအောင် သတ်ဖြတ်တတ်သောကံ၊
	ပါက ဒါန	ဂရုကံ	အခြားကံတို့က မတားမြစ်နိုင်အောင် ကြီးလေးသောကံ၊
		အာသန္နကံ	သေခါနီးကာလ၌ ပြုအပ်, အောက်မေ့အပ်သောကံ၊
		အာစိဏ္ဏကံ	နေ့စဉ်မပြတ်, ဝတ်ထား၍ အားထုတ်အပ်သောကံ၊
		ကဋတ္တာကံ	ဂရုကံ,အာသန္နကံ,အာစိဏ္ဏကံတို့မဖြစ်,သာမန်ပြုရုံမျှဖြစ်သောကံ၊
	ပါက ကာလ	ဒိဋ္ဌဓမ္မဝေဒနီယကံ	မျက်မှောက်ဘဝ၌ အကျိုးပေးသောကံ(ပဌမဇော စေတနာ)
		ဥပပဇ္ဇဝေဒနီယကံ	ဒုတိယဘဝ၌ အကျိုးပေးသောကံ (သတ္တမဇော စေတနာ)
		အပရာပရိယဝေဒနီယကံ	တတိယဘဝမှနိဗ္ဗာန်မရမှီစပ်ကြားအကျိုးပေးကံ(အလယ်ဇော-၅)
		အဟောသိကံ	အကျိုး လုံးဝမပေးသောကံ၊ အကျိုးပေးကာလကိုကျော်လွန်သွား.
အဘိဓမ္မာ	ပါက ဌာန	အကုသိုလ်ကံ	အပါယ် ၄ ဘုံ၌ အကျိုးတို့ကိုပေးသောကံ၊
		ကာမကုသိုလ်ကံ	ကာ.သုဂတိ ၇ ဘုံ၌ အကျိုးတို့ကိုပေးသောကံ၊
		ရူပကုသိုလ်ကံ	ရူပ ၁၆ ဘုံ၌ အကျိုးတို့ကိုပေးသောကံ၊
		အရူပကုသိုလ်ကံ	အရူပ ၄ ဘုံ၌ အကျိုးတို့ကိုပေးသောကံ၊

www.dhammadownload.com

(၁) ကိစ္စစတုက္က (လုပ်ငန်းဆောင်ရွက်မှု) အထူး

ဇနကကံ– ပဋိသန္ဓေအခါ, ပဝတ္တိအခါတို့၌ ဝိပါက်နာမက္ခန္ဓာ, ကဋတ္တာရုပ် (ကမ္မဇရုပ်) တို့ကို ဖြစ်စေတတ်သော ကုသိုလ်, အကုသိုလ် စေတနာ(ကံ)သည် 'ဇနကကံ' မည်ပါသည်။ (ဖြစ်စေတတ်)

ဥပတ္ထမ္ဘကကံ– ဇနကကံကဲ့သို့ မိမိကိုယ်တိုင် အကျိုးကိုဖြစ်စေခြင်းငှါ မစွမ်းနိုင်ပါ သော်လည်း တစ်ပါးသော ဇနကကံကိုလည်းကောင်း, ဇနကကံ၏အကျိုးကိုလည်း ကောင်း ပဝတ္တိအခါ၌သာ မြဲမြဲခိုင်ခံ့ တည်တံ့အောင် ထောက်ပံ့တတ်သော ကုသိုလ်, အကုသိုလ်စေတနာ(ကံ)သည် 'ဥပတ္ထမ္ဘကကံ' မည်ပါသည်။ (ထောက်ပံ့)

ဥပပီဠကကံ– ဇနကကံကိုလည်းကောင်း၊ ဇနကကံ၏အကျိုးကိုလည်းကောင်း ပဝတ္တိအခါ ၌သာ အားနည်းချို့နဲ့ မဖွံ့ဖြိုးအောင် ညှဉ်းဆဲနှိပ်စက်တတ်သော ကုသိုလ်, အကုသိုလ် စေတနာ(ကံ)သည် 'ဥပပီဠကကံ' မည်ပါသည်။ (ကပ်၍နှိပ်စက်)

ဥပဃာတကကံ– အားနည်းသော ဇနကကံ၏အကျိုးကိုဖြစ်စေတတ်သော အစွမ်းသတ္တိ ကိုဖြတ်၍ ပဝတ္တိ, ပဋိသန္ဓေ ၂–ပါးလုံး၌ မိမိ၏အကျိုးကိုသာပေးသော ကုသိုလ်, အကုသိုလ် စေတနာ(ကံ)သည် 'ဥပဃာတကကံ' မည်ပါသည်။ (ကပ်၍သတ်)

ကုသိုလ်, အကုသိုလ် ဥပပီဠကကံ ၂–မျိုးတို့၏ ညှင်းဆဲနှိပ်စက်ပုံ

ခန္ဓာအစဉ်၌ အနာရောဂါဖြစ်ပေါ်လာခြင်းစသော အကြောင်းကို တားမြစ်ခြင်း အားဖြင့် အကုသိုလ်–ဇနကကံသည် ဖြစ်စေအပ်သော မကောင်းကျိုး၏ ကြာမြင့်စွာ သောကာလပတ်လုံး ဖြစ်ခြင်းကို ကုသိုလ်–ဥပပီဠကကံက ညှဉ်းဆဲနှိပ်စက်ပါသည်။

ဓာတ်ကြီးလေးပါးတို့ ညီညွတ်ခြင်းစသော အကြောင်းကို တားမြစ်ခြင်းအားဖြင့် ကုသိုလ်–ဇနကကံသည် ဖြစ်စေအပ်သော ကောင်းကျိုး၏ကြာမြင့်စွာသောကာလပတ်လုံး ဖြစ်ခြင်းကို အကုသိုလ်–ဥပပီဠကကံက ညှဉ်းဆဲနှိပ်စက်ပါသည်။

ဥပပီဠကကံနှင့် ဥပဃာတကကံ သဘောသွားခြားနားချက်

ဥပပီဠကကံသည် အနာရောဂါများပြားခြင်းစသော အကြောင်းကို ပုဂ္ဂိုလ်သန္တာန်သို့ ကပ်ဆောင်သောအားဖြင့် ဇနကကံတစ်ပါး၏အကျိုးကို အကြားအကြား၌ နှိပ်စက်၏။

ဥပဃာတကကံ၊ ဇနကကံတစ်ပါး၏အကျိုးကို အကုန်အစင်ဖြတ်တောက်၍ အခြား သော ဇနကကံတစ်ပါးအား အကျိုးပေးဖို့ရာ ခွင့်ပြု၏။ မိမိကိုယ်တိုင်ကား အကျိုး မပေးနိုင်ပါ။ ဤသို့ သဘောသွား ခြားနားကြပါသည်။

www.dhammadownload.com

(၂) ပါကဒါန ပရိယာယစတုက္က (အလှည့်အကြိမ်နှင့်စပ်၍ အကျိုးပေးပုံ)

ဂရုကံ- အလွန်ကြီးလေးသော အပြစ်ရှိသည်ဖြစ်၍လည်းကောင်း၊ အလွန်ကြီးသော အာနုဘော်ရှိသည်ဖြစ်၍လည်းကောင်း၊ အခြားတစ်ပါးသောကံက အကျိုးမပေးအောင် တားမြစ်ခြင်းငှါ မစွမ်းနိုင်သောကံသည် 'ဂရုကံ' မည်ပါသည်။

[ဂရုကံ-အရ ကုသိုလ်အဖို့၌ မဟဂ္ဂုတ်ကံ၊ အကုသိုလ်အဖို့၌ ပဉ္စာနန္တရိယကံ, နိယတမိစ္ဆာဒိဋ္ဌိ]

[လောကုတ္တရာကုသိုလ်ကို ဂရုကံ-ဟု မဆိုရ။ ပဋိသန္ဓေအကျိုးကို ပေးခြင်းဆိုင်ရာဖြစ်၍ မရ၊]

အာသန္နကံ-ရှေးအခါက ပြုဖူး/ပြုခဲ့ပြီးဖြစ်၍ သေခါနီးအခါ၌ အောက်မေ့အပ်သော ကုသိုလ်, အကုသိုလ်ကံသည်လည်းကောင်း၊ သေခါနီးအခါ၌ပြုအပ်သော ကုသိုလ် အကုသိုလ်ကံသည်လည်းကောင်း 'အာသန္နကံ' မည်ပါသည်။

အာစိဏ္ဏကံ- အမြဲမပြတ် လေ့လာပြုလုပ်အပ်သော ကုသိုလ်, အကုသိုလ်ကံသည် လည်းကောင်း၊ ၁-ကြိမ်ပြုပြီးနောက် အမြဲမပြတ် မှီဝဲအပ်, ဆင်ခြင်အောက်မေ့အပ် သော ကုသိုလ်, အကုသိုလ်ကံသည်လည်းကောင်း 'အာစိဏ္ဏကံ' မည်ပါသည်။

ကဋတ္တာကံ- ဂရုကံစသောရှေးကံ ၃-ပါးမှတစ်ပါးသော ပြုကာမျှဖြစ်သော ပဋိသန္ဓေ အကျိုးကိုပေးနိုင်သော ကံသည် 'ကဋတ္တာကံ' မည်ပါသည်။

အကျိုးပေးပုံအလှည့်အကြိမ် အထူး

ကံ ၄-ပါးတို့သည် အကြင်ပုဂ္ဂိုလ်၌ အလုံးစုံရှိကုန်အံ့-

* ဂရုကံသည် ရှေးဦးစွာ စုတိ၏အခြားမဲ့ဖြစ်သော ဒုတိယဘဝ၌ အကျိုးပေး၏။

[အာသန္နကံစသောကံသည်ရှိသော်လည်း အနည်းငယ်သောရေကို လွှမ်းမိုး၍သွား သော ကြီးစွာသောရေအလျဉ်ကဲ့သို့ ဂရုကံသည်သာလျှင် ရှေးဦးစွာအကျိုးပေး၏ ။]

* ယင်းဂရုကံ မရှိခဲ့သော် အာသန္နကံသည် အကျိုးပေးလေ၏။

* ယင်းအာသန္နကံ မရှိခဲ့သော် အာစိဏ္ဏကံသည် အကျိုးပေးလေ၏။

* ယင်းအာစိဏ္ဏကံ မရှိခဲ့လျှင် ကဋတ္တာကံသည် အကျိုးပေးလေ၏။

⇉ အာသန္နကံနှင့်အာစိဏ္ဏကံတွင် အာသန္နကံရှေးဦးစွာ အကျိုးပေးရခြင်း-

ဥပမာ- နွားအပေါင်းနှင့်ပြည့်သော ခြံ၏တံခါးကိုဖွင့်သည်ရှိသော် နောက်ပိုင်း အကျွင်းပိုင်း၌ ဆုံးမအပ်သောနွား, အားရှိသောနွားတို့ရှိကုန်သော်လည်း အကြင်နွားသည် ခြံတခါး၏အနီး၌တည်၏။ ထိုနွားသည်ယုတ်စွအဆုံး နွားအိုကြီးပင်ဖြစ်သော်လည်း ခြံတခါးနှင့်နီးသဖြင့် ထိုနွားအိုကြီးသည်သာလျှင် ရှေးဦးစွာ ထွက်လာသကဲ့သို့ဖြစ် ပါသည်။

www.dhammadownload.com

(၃) ပါကကာလစတုက္က

(အာသေဝနပစ္စည်း–၁၉၂ နှိုင်းပြီး။)

ဒိဋ္ဌဓမ္မဝေဒနီယကံ– မျက်မှောက်ဖြစ်သော ယခုပစ္စုပ္ပန်ဘဝ၌ခံစားရန် အကျိုးပေးသော **ပထမဇောစေတနာ**သည် 'ဒိဋ္ဌဓမ္မဝေဒနီယကံ' မည်ပါသည်။

ဥပပဇ္ဇဝေဒနီယကံ– အခြားမဲ့ဖြစ်သော ဒုတိယဘဝ၌ခံစားရန် ပဋိသန္ဓေအကျိုးပေးသော **သတ္တမဇောစေတနာ**သည် 'ဥပပဇ္ဇဝေဒနီယကံ' မည်ပါသည်။

အပရာပရိယာယဝေဒနီယကံ– မျက်မှောက်ဘဝ, ဒုတိယဘဝမှ တစ်ပါးသော တတိယဘဝမှစ၍ အနာဂတ်၌ နိဗ္ဗာန်ရသည့်ဘဝတိုင်အောင် အခွင့်ရသည်ရှိသော် ပဋိသန္ဓေအကျိုး, ပဝတ္တိအကျိုးပေးသော **အလယ်ဇော ၅–ချက်စေတနာ**သည် 'အပရာပရိယာယဝေဒနီယကံ' မည်ပါသည်။

အဟောသိကံ– ထို ဒိဋ္ဌဓမ္မဝေဒနီယကံ, ဥပပဇ္ဇဝေဒနီယကံ, အပရာပရိယဝေဒနီယကံ တို့သည် အကြောင်းမသင့်အခွင့်မသာကုန်သဖြင့် မိမိတို့ဆိုင်ရာဆိုင်ရာ ကာလအားလျော်စွာ အကျိုးမပေးကြပါဘဲ အလိုလိုသုဉ်း၍သုဉ်း၍သွားသော ကံမျိုးသည် 'အဟောသိကံ' မည်ပါသည်။

(၄) ပါကဋ္ဌာနစတုက္က အကျိုးပေးရာဘုံဋ္ဌာနနှင့်စပ်သောကံ ၄–ပါး

တထာ အကုသလံ, ကာမာဝစရ ကုသလံ, ရူပါဝစရကုသလံ,
အရူပါဝစရကုသလဉ္စေတိ ပါကဋ္ဌာနဝသေန။

ပဋိသန္ဓေအကျိုးပေးရာဖြစ်သော ကာမာဝစရဘုံ, ရူပါဝစရဘုံ, အရူပါဝစရဘုံ ဋ္ဌာနကို အကြောင်းပြု၍ အမည်ရသော ကံမျိုးကို ပါကဋ္ဌာနကံ–ဟု ဆိုလိုသည်။ ပါကဋ္ဌာနက ပဋိသန္ဓေအကျိုးပေးရာနှင့်စပ်သော ကံ ၄–ပါးမှာ အကုသိုလ်ကံ၊ ကာမာဝစရကုသိုလ်ကံ၊ ရူပါဝစရကုသိုလ်ကံ၊ အရူပါဝစရကုသိုလ်ကံ အားဖြင့် အကျိုးပေးရာဋ္ဌာန၏အစွမ်းဖြင့် ကံ ၄–ပါး အပြားရှိပါသည်။

[*ဤ၌ ကာမာဝစရ အကုသိုလ်ကံ, ကုသိုလ်ကံ တို့အတွက်သာတင်ပြပူဇော်ပါမည်။*]

ကမ္မဒွါရ– ကံ၏ဖြစ်ရာဖြစ်ကြောင်းသည် ကမ္မဒွါရ မည်ပါသည်။

* ကာယဝိညတ်ရုပ်သည် ကာယကံ ၃–ပါး၏ဖြစ်ကြောင်းဖြစ်သောကြောင့် 'ကာယဒွါရ'၊
* ဝစီဝိညတ်ရုပ်သည် ဝစီကံ ၄–ပါး၏ ဖြစ်ကြောင်းဖြစ်သောကြောင့် 'ဝစီဒွါရ'၊
* အလုံးစုံသောစိတ်တစ်ခုယုတ်ကိုးဆယ်သည် အနန္တရစသောပစ္စည်းတပ်၍ နောက်နောက်သော မန(စိတ်)၏အကြောင်းဖြစ်သောကြောင့် 'မနောဒွါရ' မည်ပါသည်။

www.dhammadownload.com

ကံနှင့် ဒွါရ

* အကုသိုလ်ကာယကံသည် ကာယဒွါရ, ဝစီဒွါရ၌ ဖြစ်၏။ မနောဒွါရ၌ မဖြစ်။
* အကုသိုလ်ဝစီကံသည် ဝစီဒွါရ, ကာယဒွါရ၌ ဖြစ်၏။ မနောဒွါရ၌ မဖြစ်။
* အကုသိုလ်မနောကံကား ဒွါရ ၃-ပါးလုံး၌ ဖြစ်ပါသည်။
= ကုသိုလ် ကာယကံ, ဝစီကံ, မနောကံတို့လည်း ထို့အတူပင် ဖြစ်ပါသည်။

(က) အကုသလကမ္မပထတရား ၁၀-ပါး

ကာယကံ ၃	၁	ပါဏာတိပါတ	သူ့အသက်သတ်မှု၊
	၂	အဒိန္နာဒါန	သူ့ဥစ္စာကို ခိုးဝှက်,တိုက်ခိုက်ယူမှု၊
	၃	ကာမေသု မိစ္ဆာစာရ	ကာမဂုဏ်၌ မှားယွင်းစွာကျင့်မှု၊
ဝစီကံ ၄	၄	မုသာဝါဒ	မဟုတ်မမှန်၊ လိမ်ညာပြောဆိုမှု၊
	၅	ပိသုဏဝါစာ	ချောပစ်, ကုန်းတိုက်စကားပြောဆိုမှု၊
	၆	ဖရုသဝါစာ	မကြားဝံ့ မနာသာ, ကြမ်းတမ်းစွာပြောဆိုမှု၊
	၇	သမ္ဖပ္ပလာပ	ပြိန်ဖျင်း၊ အနှစ်ကင်းမဲ့စကားကိုပြောမှု၊
မနောကံ ၃	၈	အဘိဇ္ဈာ	သူတစ်ပါး၏ စည်းစိမ်ကို မတရားယူလိုမှု၊
	၉	ဗျာပါဒ	သူတစ်ပါးပျက်စီး၊ သေကြေစေဖို့ရန် ကြံစည်မှု၊
	၁၀	မိစ္ဆာဒိဋ္ဌိ	အယူအဆမှားယွင်းမှု၊

မိစ္ဆာဒိဋ္ဌိသည် **နတ္ထိကဒိဋ္ဌိ, အဟေတုကဒိဋ္ဌိ, အကိရိယဒိဋ္ဌိ**-ဟူသော ဒိဋ္ဌိ ၃-မျိုးတို့ဖြင့်သာ ကမ္မပထမြောက်ပါသည်။ ကြွင်းသောဒိဋ္ဌိတို့ဖြင့် ကမ္မပထ မမြောက်ပါ။
* သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိ, အတ္တဒိဋ္ဌိတို့မှာမူ ကံသာဖြစ်၏။ ကမ္မပထ မမြောက်။
* မိမိ၏ခန္ဓာကိုယ်ပေါ်၌ နှစ်သက်စွဲလမ်းမှု-ဟူသော 'သက္ကာယဒိဋ္ဌိ'သည် အပါယ် မချနိုင်။

*** (**သူ့ရာမေရယကံ**ကို တဏှာအရင်းခံချင်း တူ၍လည်းကောင်း၊ ကာယကံချင်းတူ၍လည်းကောင်း၊ ကာမေသုမိစ္ဆာစာရကံ၌ ထည့်သွင်းကြ၏။)

ကိုယ်တိုင်၊ တိုက်တွန်း၊ ချီးမွမ်း၊ စိတ်တူသော ဒုစရိုက် ၁၀-ပါးစီဟူ၍ ဒုစရိုက်ပွား ၄၀-ပါး ရှိပါသည်။

လူတော်လူကောင်း(သူတော်ကောင်း)တို့သည် ဒုစရိုက်ကိုရှောင်ကြဉ်၍ မိမိအကျိုး၊ သူတစ်ပါးအကျိုး၊ လက်ရှိဘဝအကျိုး၊ သံသရာအကျိုးတို့ကို ဆောင်ရွက်ကြသည်။ ရန်သူ ၁၀-ယောက်နှင့်တူသောဒုစရိုက် ၁၀-ပါးကို ရှောင်ကြဉ် ကြရပါမည်။
➡ (ဒုစရိုက် ၁၀-ပါးကို ရှောင်လျှင် သုစရိုက်-၁၀ ပါးဖြစ်၏။)

www.dhammadownload.com

(ခ) ကုသလကမ္မပထတရား ၁၀-ပါး

ပညာရှိ သူတော်ကောင်းတို့ပြုကျင့်သော သုစရိုက်(ကောင်းကျင့်) ၁၀-ပါး

ကာယကံ ၃	၁	ပါဏာတိပါတာ ဝေရမဏီ	သူ့အသက်သတ်မှုမှ ရှောင်ကြဉ်ခြင်း၊
	၂	အဒိန္နာဒါနာ ဝေရမဏီ	သူ့ဥစ္စာကို ခိုးဝှက်,တိုက်ခိုက်ယူမှုမှ ။
	၃	ကာမေသုမိစ္ဆာစာရာ ဝေရမဏီ	ကာမဂုဏ်၌ မှားယွင်းစွာကျင့်မှုမှ ။
ဝစီကံ ၄	၄	မုသာဝါဒါ ဝေရမဏီ	လိမ်ညာပြောဆိုမှုမှ ရှောင်ကြဉ်ခြင်း၊
	၅	ပိသုဏာဝါစာ ဝေရမဏီ	ချောပစ်,ကုန်းတိုက်စကားပြောဆိုမှု ။
	၆	ဖရုသဝါစာ ဝေရမဏီ	ကြမ်းတမ်းစွာပြောဆိုမှု ။
	၇	သမ္ဖပ္ပလာပါ ဝေရမဏီ	ပြိန်ဖျင်းသောစကားကိုပြောဆိုမှု ။
မနောကံ ၃	၈	အနဘိဇ္ဈာ	အဘိဇ္ဈာ မဖြစ်အောင် စောင့်စည်းခြင်း၊
	၉	အဗျာပါဒ	ဗျာပါဒ မဖြစ်အောင် စောင့်စည်းခြင်း၊
	၁၀	သမ္မာဒိဋ္ဌိ	အယူမှန်ခြင်း၊

မှတ်ချက်။ ။ ကိုယ်တိုင်၊ တိုက်တွန်း၊ ချီးမွမ်း၊ စိတ်တူ = သုစရိုက် ၄၀-ပါး၊

(ဂ) ပုညကြိယဝတ္ထု ၁၀-ပါး

* ပုည - ကောင်းမှု(မိမိစိတ်အစဉ်ကို သန့်ရှင်းဖြူစင်စေတတ်သောတရား၊)
* ကြိယာ - စင်စစ်ပြုသင့် ပြုထိုက်သောကောင်းမှုတရား၊
* ဝတ္ထု - ကောင်းကျိုးချမ်းသာ, မင်္ဂလာတို့၏တည်ရာ, မှီရာ၊

ကောင်းကျိုးချမ်းသာ, မင်္ဂလာတို့၏တည်ရာ, မှီရာဖြစ်သောကြောင့် စင်စစ်ပြုသင့် ပြုထိုက်သောကောင်းမှုတရားများကို 'ပုညကြိယာဝတ္ထု'ဟု ခေါ်ပါသည်။

၁	ဒါန	စွန့်ကြဲပေးကမ်း လှူဒါန်းမှု၊	ဒါန
၂	သီလ	ကိုယ်ကျင့်တရားကောင်းအောင် သီလစောင့်ထိန်းမှု၊	သီလ
၃	ဘာဝနာ	ကမ္မဋ္ဌာန်းတရား အားထုတ်မှု၊	ဘာဝနာ
၄	အပစာယန	ရိုသေထိုက်သူကို ရိုသေမှု၊	သီလ
၅	ဝေယျာဝစ္စ	ကုသိုလ်ရေးတို့၌ ကူညီဆောင်ရွက်မှု၊	သီလ
၆	ပတ္တိဒါန	မိမိကုသိုလ်အဖို့ကို အမျှပေးဝေမှု၊	ဒါန
၇	ပတ္တာနုမောဒနာ	သူတစ်ပါးကုသိုလ်ကို ဝမ်းမြောက်စွာ သာဓုခေါ်မှု၊	ဒါန
၈	ဓမ္မဿဝန	တရားစကား နာကြားမှု၊	ဘာဝနာ
၉	ဓမ္မဒေသနာ	လာဘ်မငဲ့ဘဲ တရားဟောမှု၊	ဘာဝနာ
၁၀	ဒိဋ္ဌုဇုကမ္မ	အယူကို ဖြောင့်မှန်စွာယူမှု။	ဘာဝနာ

www.dhammadownload.com

၆၀ ပုညကြိယဝတ္ထု ၁၀-ပါးကို ပုဗ္ဗစေတနာ, မုဉ္စစေတနာ, အပရစေတနာ ဖြင့်ကုသိုလ်စေတနာ ၃-ပါးဖြင့်မြှောက်ပွားလျှင် ပုညကြိယဝတ္ထု ၃၀-ပါး၊

၄၀ ပုညကြိယဝတ္ထု ၁၀-ပါးကို ကိုယ်တိုင်၊ တိုက်တွန်း၊ ချီးမွမ်း၊ စိတ်တူ၊ ဖြင့် အမူအကျင့်စရိုက် ၄-ပါးဖြင့်မြှောက်ပွားလျှင် ပုညကြိယဝတ္ထု ၄၀-ပါး၊

စေတနာ ၃-တန်

စေတနာဒါန-ဟုခေါ်ရသော ဒါနစေတနာသည် 'ပုဗ္ဗစေတနာ'၊ 'မုဉ္စစေတနာ'၊ 'အပရစေတနာ'ဟူ၍ ၃-မျိုးရှိပါသည်။ ထိုသုံးမျိုးထဲမှ လှူဖွယ်ဝတ္ထုအဆင်သင့်ရှိပြီးဖြစ်လျှင် 'လှူဒါန်းပေးကမ်းတော့မည်'-ဟု ကြံစည်သောအချိန်မှစ၍ မစွန့်လွှတ်မလှူဒါန်းခင်ရှေ့အဖို့တွင် ဒါနနှင့်ဆက်သွယ်၍ဖြစ်နေသမျှစေတနာများသည် ပုဗ္ဗစေတနာ မည်ပါသည်။ လှူဖွယ်ဝတ္ထုမရှိသေးလျှင်လည်း လှူဖွယ်ဝတ္ထုကိုရှာဖွေစုဆောင်းသည့် အချိန်ကစ၍ မစွန့်လွှတ်မလှူဒါန်းခင်ရှေ့အဖို့တွင် ဒါနနှင့်ဆက်သွယ်၍ဖြစ်နေသမျှ စေတနာများသည်လည်း ပုဗ္ဗစေတနာ မည်ပါသည်။ လှူဖွယ်ဝတ္ထုကို မစွန့်လွှတ် မလှူဒါန်းခင် မပေးကမ်းခင် ရှေ့အဖို့တို့တွင်ဖြစ်ခဲ့သော်လည်း ပေးလှူမှုကိစ္စနှင့်သာ ဆက်သွယ်မှုမရှိသော အခြားကိစ္စများနှင့်သာဆက်သွယ်၍ဖြစ်သောစေတနာများသည် ပုဗ္ဗစေတနာ မမည်ပါ။

"သံဃဿ ဒေမ- သံဃာတော်အားလှူဒါန်း၏"ဟူ၍ မြွက်ဆိုပေးကမ်းလှူဒါန်း နေစဉ်အခါဖြစ်သော စေတနာသည် မုဉ္စစေတနာ မည်ပါသည်။ ထို စေတနာကို သန္နိဋ္ဌာနစေတနာ (အလှူကိစ္စ အပြီးဆုံးသို့ရောက်သောစေတနာ)ဟု ခေါ်ပါသည်။ လှူဒါန်းပြီးသည့်နောက် (အလှူကိစ္စ အပြီးအဆုံးသို့ ရောက်ပြီးသည့်နောက်) မိမိ လှူထားသောအလှူဒါနကို သတိရတိုင်း ဝမ်းမြောက်ဝမ်းသာနောက်ထပ်ဖြစ်လာသမျှ စေတနာသည် အပရစေတနာ မည်ပါသည်။

လောကဉ္ဇာ မည်သည့်အရာမဆို ဆန့်ကျင်ဘက်=(ရန်သူ)ရှိမြဲဖြစ်သည်။ ဒါန-စေတနာနှင့် လောဘ, မစ္ဆရိယတို့သည် ဆန့်ကျင်ဘက်ဖြစ်၏။ ဒါန-စေတနာ၏ လက္ခဏာကား ပေးကမ်းလှူဒါန်းလိုသည်။ လောဘ, မစ္ဆရိယတို့ကား မလှူရက်, မပေးရက်, ပစ္စည်းဥစ္စာ၌စွဲလမ်းကြ၏။ ထိုတရားတို့သည် အချင်းချင်း ဆန့်ကျင်လျက် သတ္တဝါတို့သန္တာန်၌ စစ်ထိုးကြလေသည်။ အင်အားကြီးမားသော စေတနာသည် တစ်ခုတည်းပင်ဖြစ်သော်လည်း ယုံကြည်မှု= သဒ္ဓါ, အားထုတ်မှု= ဝီရိယတို့နှင့် ပြည့်စုံလျှင် မစ္ဆရိယ ဦးဆောင်သော ကိလေသာရန်သူများစွာတို့ကို ချေမှုန်းလျက် အောင်မြင်နိုင်ပေသည်။ (သံ၊ ဋ္ဌ၊ ၁၊ ၅၈)

www.dhammadownload.com

ကံ+ဉာဏ်+ဝီရိယ

နိဗ္ဗာန်တည်းဟူသော ပန်းတိုင်သို့ အရောက်ချီတက်နိုင်စေရန် မြတ်စွာဘုရားက မင်္ဂလာတရားတွင် 'ပုဗ္ဗေစ ကတပုညတာ' မင်္ဂလာအနေဖြင့် ကံ၏အစွမ်းသတ္တိကို ဟောကြားတော်မူခဲ့ပါသည်။ ဤတွင် ကံ+ဉာဏ်+ဝီရိယ ဆိုသည့်တရားသုံးပါးထဲက တစ်ပါးပါး ချို့ယွင်းပျက်ပြားနေမည်ဆိုလျှင် မိမိတို့အလိုရှိအပ် တောင့်တအပ်သော ပန်းတိုင်သို့ ပေါက်ရောက်နိုင်မည်မဟုတ်ပေ။

ဉာဏ်၏အစွမ်းသတ္တိအားဖြင့်– 'ဗာဟုသစ္စဉ္စမင်္ဂလာ'နှင့် 'သိပ္ပဉ္စမင်္ဂလာ'၊

ဝီရိယ၏အစွမ်းသတ္တိအားဖြင့်– 'တပေါစမင်္ဂလာ'တို့ကို ဟောကြားတော်မူခဲ့၍ မင်္ဂလာတရားတော်သည် ကံ+ဉာဏ်+ဝီရိယ စုံလင်စွာ သက်ရောက်ပါဝင်ပါသည်။

(အချို့က ဤဘဝဦးဆောင်သုံးပါးကိုခွဲခြား၍ 'ကံစီမံရာ' 'ကံမရှိ ဉာဏ်ရှိ တိုင်းမွဲ' 'ဉာဏ်မရှိ ကံရှိတိုင်းမွဲ' 'ကံ,ဉာဏ်ရှိပါသော်လည်း ဝီရိယမရှိလျှင် ဘယ်လိုမှ အကျိုးမသက်ရောက်'ဟူ၍ ကိုယ်နှစ်သက်ရာကိုသာလက်ကိုင်ပြုမှုတို့ကို မင်္ဂလာတရားတော်နှင့် ချိန်ဆ ကြံစည်သုံးသပ်ရပါမည်။)

လူ့ဘုံသည် ကံဘုံမဟုတ်

လူ့ဘုံသည် ကံတစ်ခုတည်းကိုသာမှီခိုနေသောဘုံမျိုး မဟုတ်ပါ။ ဉာဏ်,ဝီရိယတို့၏အထောက်အပံ့ကိုရမှသာ ကြီးပွားချမ်းသာနိုင်ပါသည်။ အတိတ်ကံတစ်ခုတည်းနှင့်မကြီးပွားနိုင်ပါ, ဉာဏ်နှင့်ယှဉ်ကာ ကြိုးစားအားထုတ်မှုတို့ရှိမှသာ မင်္ဂလာတရားတော်နှင့်အညီ လောကီအကျိုး, လောကုတ္တရာအကျိုး ကြီးပွားတိုးတက်နိုင်ပါမည်။ (အိပ်နေတဲ့ ကေသရာဇာခြင်္သေ့ရဲ့ ခံတွင်းထဲကို ဘယ်သားကောင်မှ ဝင်လာမှာမဟုတ်။)

ကံသာလျှင် ကိုယ်ပိုင်ဥစ္စာ–ဟူသောစကား

'သတ္တဝါအားလုံးသည် ကံ–ဆိုသည့် ကိုယ်ပိုင်ဥစ္စာများရှိသူတွေဖြစ်၏' ဆိုသောစကားမှာ ဘဝရရှိရေးအတွက်ဟောထားသော စကားတော်သာဖြစ်ပါသည်။ ကံကြောင့် လူ့ဘဝ, နတ်ဘဝ, အဆင်းလှသူစသည်..ဖြစ်နိုင်ပါသည်။ ရရှိပြီးဘဝ ကြီးပွားချမ်းသာရေးအတွက် ဟောထားခြင်းမဟုတ်ပါ။ ရရှိပြီးဘဝ တိုးတက်ကြီးပွားရေးအတွက် ပြုလုပ်ရာတွင် ကံတစ်ခုတည်းနှင့် မဖြစ်နိုင်ပါ။ ဉာဏ်, ဝီရိယ အကူအညီ တွဲဖက်၍ ကြိုးစားပြုပြင်ရပါသည်။

* ဒုစရိုက်ဆယ်ပါးသည် အကျိုးစီးပွားကိုဖျက်ဆီးတတ်၍ ကိုယ်ပိုင်ဥစ္စာ မဟုတ်။
* သုစရိုက်ဆယ်ပါးသည် အကျိုးစီးပွားကိုဖြစ်ထွန်းစေတတ်၍ ကိုယ်ပိုင်ဥစ္စာ မည်၏။

www.dhammadownload.com

ကမ္မဿကတာ သမ္မာဒိဋ္ဌိ

ဗုဒ္ဓဘာသာဝင်သူတော်စင်များ၏ ကံ, ကံ၏အကျိုးကို ယုံကြည်ခြင်း၊ သိမြင်ခြင်း ဆိုသည့် 'ကမ္မဿကတာ သမ္မာဒိဋ္ဌိ'သည် ဗုဒ္ဓကို ယုံကြည်ကိုးကွယ်ကြသူတို့၏ အခြေခံ ခံယူချက် ဖြစ်ပါသည်။ ကံ,ကံ၏အကျိုးကို လက်မခံငြင်းပယ်သည်ဆိုလျှင် **မိစ္ဆာဒိဋ္ဌိ** ၃-မျိုး(**နတ္ထိကဒိဋ္ဌိ, အဟေတုကဒိဋ္ဌိ, အကိရိယဒိဋ္ဌိ**)အနက်မှ 'နတ္ထိကဒိဋ္ဌိ'ဖြစ်ပါသည်။

မဖောက်မပြန်သောအားဖြင့် မှန်ကန်စွာ နိဗ္ဗာန်ကို, သစ္စာလေးပါးတရားတော်တို့ကို, တေဘူမကသင်္ခါရတရားတို့ကို **မြင်**တတ်သောကြောင့် 'ပညာ'-စေတသိက်သည် 'သမ္မာဒိဋ္ဌိ' မည်ပါသည်။ ထိုသမ္မာဒိဋ္ဌိသည်ကား 'အတ္ထိ ဒိန္နံ- အလှူအကျိုးသည် ကောင်းရှိ၏' စသည်အစွမ်းအားဖြင့် ၁၀-ပါးအပြား ရှိပါသည်။ တစ်နည်းအားဖြင့် ပရိညာ, ပဟာန, သစ္ဆိကိရိယာ, ဘာဝနာဟူသော ကိစ္စတို့၏အစွမ်းအားဖြင့် ၄-ပါးအပြား ရှိပါသည်။ [လောကုတ္တရာအဖို့ကို ရည်၍ 'နိဗ္ဗာန်ကို, သစ္စာလေးပါးတရားတို့ကို မြင်'ဟုဆို၍၊ လောကီအဖို့ကိုရည်၍ 'တေဘူမကသင်္ခါရတရားတို့ကို မြင်'ဟု ဆိုပါသည်။]

"ကမ္မဿကာ သတ္တာ"၊ သတ္တာ- သတ္တဝါတို့သည် ကမ္မဿကာ- ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကြပါသည်။ "ကမ္မဿကာ သတ္တာ ကမ္မဒါယာဒါ" ကံသာလျှင် အမွေခံ ဥစ္စာရှိကြသည်။ "ကမ္မယောနီ" ကံတည်းဟူသောအကြောင်း ရှိကြသည်။ "ကမ္မဗန္ဓူ" ကံတည်းဟူသောဆွေမျိုး ရှိကြသည်။ "ယံ ကမ္မံ ကရိဿန္တိ ကလျာဏံ ဝါ ပါပကံ ဝါ တဿ ကမ္မဿ ဒါယာဒါ ဘဝိဿန္တိ" ကောင်းသောကံဖြစ်စေ၊ မကောင်းသောကံဖြစ်စေ၊ မိမိပြုလုပ်သောကံ၏အကျိုးကို သတ္တဝါတို့ အမွေခံကြရပါသည်။ [*သဟဇာတကမ္မ မဟုတ်၊ နာနာက္ခဏိကကမ္မကိုသာ ရည်ညွှန်းပါသည်။*]

ပုထုဇဉ်တို့သည် မကောင်းသော အကုသိုလ်ကံများ ပြုမိတတ်ကြပါသည်။ ပြုမိမှားသည့်ကံအတွက် စိုးရိမ်စိတ်များဝင်ပြီး နှလုံးမသာမယာမှုများ ဖြစ်ကြပြန်သည့်အတွက် မြတ်စွာဘုရားသည် 'သခ်ဓမ္မသုတ်'တွင် 'အကုသိုလ်ကလွတ်ရာလွတ်နည်း'ကို ဟော ကြားတော်မူပါသည်။ မိမိပြုခဲ့မှုသည် မှားကြောင်း သိရပါမည်။ မှားကြောင်းမြင်သိသဖြင့် မိတ်ဆွေထံမှာဖြစ်စေ ဆရာထံမှာဖြစ်စေ မှားကြောင်းဝန်ခံပြီး၊ ထိုအမှားမျိုး နောက်ထပ် မဖြစ်အောင် ရှောင်ကြဉ်ရမည်။ ရှောင်ကြဉ်ပြီးသည့်အခါ ကောင်းမှုများသာဆက်လုပ်ရ ပါမည်။ ကံကို ပယ်ဖျက်တာမဟုတ်ပါ။ တရားနှင့်အညီ ကုစားနည်းသာ ဖြစ်ပါသည်။

www.dhammadownload.com

ကံသည် အခြံအရံအကြောင်းများပေါ်မှာ မှီတည်ပြီး အကျိုးပေးတတ်သောကြောင့် မြတ်စွာဘုရားသည် 'လောကကပ္ပသုတ်'မှာ 'ဆားခဲ'နှင့် ဥပမာပေးရာတွင် ဆားခဲလေး တစ်ခုကို သောက်ရေခွက်ထဲသို့ထည့်လိုက်လျှင် သောက်၍မရအောင်ငန်မည် ဖြစ်ပါသည်။ ယင်းပမာဏဆားခဲလေးကိုပင် ရေကန်(သို့)မြစ်ထဲထည့်လိုက်လျှင် ပျောက်သွားမှာ ဖြစ်ပါသည်။

ထို့ကြောင့် ကံတရားသည် ကိုယ်က အရှုံးပေးရမည့်အရာ မဟုတ်ပါ။ ကိုယ်က ပြုပြင်ရမည့်အရာသာ ဖြစ်ပါသည်။ ကောင်းမှုဖြင့် မကောင်းမှုကို အစားထိုးပယ်ရှား ပစ်ရပါမည်။ 'ဂရုကံ'ဖြစ်သော ပဉ္စာနန္တရိယကံတို့မှတပါးသော အကုသိုလ်ကံတို့သည် ယင်းထက်စွမ်းအားကြီးမားသော ဆန့်ကျင်ဘက်ကုသိုလ်တရားများက အကျိုးပေးခွင့်ကို ဟန့်တားပေးနိုင်ပါသည်။ ၎င်းအပြင် ပဉ္စာနန္တရိယကံမဟုတ်သောအကုသိုလ်ကံတို့သည် မဂ်,ဖိုလ်ကိုလည်း မတားမြစ်ပါ။ အရှင်အင်္ဂုလိမာလ–ဖြစ်ရပ်သည် ခိုင်မာသော သာဓက ဖြစ်ပါသည်။ ထို့ကြောင့် လယ်တီဆရာတော်ကြီးက 'ဗောဓိပက္ခိယဒီပနီကျမ်း'တွင် "မုဆိုး တံငါလို ပုဂ္ဂိုလ်မျိုးကိုပင်ဖြစ် ဝိပဿနာကုသိုလ်နှင့် မတန်ဟု မပြောပါလင့်၊ ပြောလျှင် ပြောသူသာ ဓမ္မန္တရာယ် ဖြစ်မည်"ဟု သတိပေးထားပါသည်။

ပုဂ္ဂလဗျာပါရ, ဓမ္မဗျာပါရ

ကမ္မ =စိတ်၏အားထုတ်ခြင်းဟုဆိုအပ်သော ဗျာပါရဖြင့် ကျေးဇူးပြုတတ်သောတရား။

ပုဂ္ဂလဗျာပါရ – ပုဂ္ဂိုလ်က ကြောင့်ကြလုံ့လစိုက်ထုတ်ပြီး ပြုလုပ်ရမည့်တာဝန်အပိုင်း၊

ဓမ္မဗျာပါရ – ပုဂ္ဂိုလ်က လုံ့လစိုက်ထုတ်စရာမလိုဘဲ ဓမ္မသတ္တိက သူ့သဘောသူ ဆောင်ပြီး အကျိုးတရားတွေဖြစ်ပေါ်အောင် ကြောင့်ကြလုံ့လစိုက်သွားသောအပိုင်း၊

ကံနှင့်ကံ၏အကျိုးမှာ ကံက ပုဂ္ဂလဗျာပါရအပိုင်း၊ ကံ၏အကျိုးက ဓမ္မဗျာပါရအပိုင်း ဖြစ်ပါသည်။ ထို့ကြောင့် ကံပြုသူ၏အပိုင်းက မိမိပြုလုပ်သည့်ကံကို ပီပီပြင်ပြင် အောင် အောင်မြင်မြင်ဖြစ်အောင် "သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ"ဆိုသည့်စွမ်းအားများဖြင့် ကြောင့်ကြစိုက်ထုတ်ပြီး ဆောင်ရွက်ရပါမည်။ ကံ၏အကျိုးကို ကိုယ်ကကြောင့်ကြစိုက် စရာမလိုပါ။ ကမ္မဓမ္မကသာ သူ့သဘောသူဆောင်ပြီး ဓမ္မဗျာပါရအားဖြင့် ဖြစ်ပေါ်စေမှာ ဖြစ်ပါသည်။ ကံပြုသူ၏တာဝန်သည် ကံပေါ်မှာ စေတနာထားရမှာ ဖြစ်ပါသည်။ ကံ၏အကျိုးပေါ်မှာ မျှော်ကိုးသောစိတ်စေတနာများ မထားရ။

www.dhammadownload.com

သစ်သီးကိုလိုချင်သဖြင့် သစ်ပင်ပေါ်တက်သူသည် သစ်ပင်တက်နေချိန်မှာ သစ်ပင်ကိုသာအာရုံပြု၍ အန္တရာယ်ကင်းအောင်တက်ရပါမည်။ အပင်ပေါ်မရောက်ခင် လက်တစ်ဖက်က သစ်သီးကိုရူးရန်လှမ်းရှယ်နေလျှင် ပြုတ်ကျပေလိမ့်မည်။

နာမ်ပိုင်းဆိုင်ရာ ကံ၏အမွေများထဲတွင် "သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ" နာမ်စွမ်းအား ခွတ်ခံများကို အခြေခံပြုပြီး 'ရုပ်၊ နာမ်၊ ခန္ဓာ၊ အာယတန၊ ဓာတ်၊' ဆိုသည့် ပရမတ္ထတရားများ၏ ခဏမစဲ တသဲသဲ မမြဲခြင်းသဘောအား မြင်လာသဖြင့် '**အနိစ္စ**'သဘော ထင်လာသည်။ မမြဲသောရုပ်နာမ်ကို ပြုစုလုပ်ကျွေး အရေးပေးနေခြင်းသည် '**ဒုက္ခ**'များ လုပေသည်။ ရုပ်နာမ်ကို ကျွေးမွေးပြုစုစောင့်ရှောက်နေရခြင်းဖြစ်ပြီး၊ မိမိက ဘာမှမပိုင်ဆိုင်သည့်သဘော.. မိမိက အစိုးမရသဖြင့် '**အနတ္တ**' ဆိုသည့်သဘော လက္ခဏာ ထင်ရှားလာပါသည်။ 'မမြဲသော–အနိစ္စ၊ ဆင်းရဲသော–ဒုက္ခ၊ အစိုးမရသော–အနတ္တ'တရားများကို သမ္မာဒိဋ္ဌိသတိ ကိုယ်စီရှိသဖြင့် ပစ္စည်း–ပစ္စယုပ္ပန်၊ အကြောင်း–အကျိုးမှန်ကို ဆင်ခြင်နိုင်ကြပါစေ..

ပဋ္ဌာန်း ကမ္မပစ္စည်း မေတ္တာပို့ ဆုတောင်းဘုရားရှိခိုး

ကမ္မပစ္စယော– သတ္တဝါအားလုံး မကောင်းသော စေတနာကံတရားတို့ကို မပြုလုပ်ဖြစ်ကြဘဲ၊ ကောင်းမြတ်သော စေတနာကံတရားတို့ကိုသာ ပြုလုပ်ဖြစ်ကြ၍ ယခုဘဝ နောင်ဘဝ နိဗ္ဗာန်တိုင်ထိ ကောင်းကျိုးအဆက်ဆက်တို့ကိုသာ ခံစားရရှိနိုင်ကြပါစေ။

ကောင်းကျိုး ပွားရန်၊ ကောင်းသော ကံ၊ မြဲမြဲ ပြုရပါစေသော်

ကမ္မပစ္စယော– သစ်ပင်တို့အား၊ မျိုးစေ့လားသို့၊ အားပါးထုတ်ထ၊ ဖျာပါရဖြင့်၊ ကြောင့်ကြကြီးစွာ၊ စေတနာဟူသော သဟဇာတကမ္မ၊ နာနာက္ခဏိကကမ္မ နှစ်ပါး ပစ္စည်းတရားသည်၊ အတ္တိ– ပုဂ္ဂိုလ်, သတ္တဝါ၊ သူငါမနှော၊ တရားသဘောသာ၊ ထင်ရှားရှိပါပေသည်တကား။

ဣတိ– ဤသို့၊ ဗောဓေန္တံ– သမ္ဗုဒ္ဓတာ၊ ဉာဏ်တော်သာဖြင့်၊ ဦးစွာကျနာ၊ သိပြီးမှလျှင်၊ များလှဝေနေ၊ သိစေတော်မူသော၊ မြတ်စွာဘုရားကို၊ ဝန္ဒာမိ– ဂုဏ်တော်ထုံမွမ်း၊ ပုံတော်မှန်းလျက်၊ ချီးမွမ်းထောမနာ၊ ပဏာရိုကျိုး၊ လက်စုံမိုး၍၊ ရှိခိုး ကန်တော့ပါ၏ ဘုရား။

UK-2020(COVID-19)

ကမ္မပစ္စည်း ပြီး၏။

www.dhammadownload.com

"နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"

၁၄။ ဝိပါကပစ္စည်း

ဝိပါက်မည်ခြင်းအကြောင်း

ဝိပါက= အားထုတ်ခြင်း လုံ့လဗျာပါရမရှိ ငြိမ်သက်စွာဖြင့် ကျေးဇူးပြုတတ်သောတရား။

မိမိကိုယ်တိုင်က ကံ၏အကျိုးဖြစ်၍ ကြောင့်ကြစိုက်ရခြင်း ဗျာပါဒ လုံးဝမရှိပါ။ ငြိမ်သက်အေးချမ်းပြီး မိမိနှင့်အတူဖြစ်ဘက်တရားများကို ဗျာပါဒငြိမ်းအေးစေရန် ကျေးဇူးပြုသောပစ္စည်းသည် ဝိပါကပစ္စည်း ဖြစ်ပါသည်။

ကြိတ်ချက်ထားသောဆီသည် နူးနူးနပ်နပ်ရှိသကဲ့သို့ အသီးအရွက်၊ သား၊ ငါး တို့ကိုလည်း မိမိနည်းတူ နူးနပ်စေ၏။ ထိုနည်းတူစွာ မိမိကိုယ်တိုင်အားထုတ်ခြင်း ဗျာပါရ မရှိ။ ငြိမ်သက်စွာဖြစ်ခြင်းဖြင့် ပစ္စယုပ္ပန်ဖြစ်သော သဟဇာတနာမ်,ရုပ်တို့အား အားထုတ်ခြင်းမရှိ ငြိမ်သက်စွာဖြစ်စေခြင်းငှာ ကျေးဇူးပြုသော ဝိပါက်စိတ်, စေတသိက်တို့သည် ဝိပါကပစ္စည်း မည်ပါသည်။

ဥပမာ- မှည့်ရင့်သော သစ်သီး,သစ်ပွင့်တို့သည် အရှိန်အစွမ်းကုန်ခမ်း၍ သိမ်မွေ့ နူးညံ့သောသဘောသို့ ရောက်ခြင်းနှင့် တူပါသည်။

တစ်ညလုံးအိပ်ပျော်နေသောပုဂ္ဂိုလ်၏သန္တာန်မှာ ကံ, ကမ္မနိမိတ်, ဂတိနိမိတ် ၃-ပါး တို့တွင် တစ်ပါးပါးကိုအာရုံပြု၍ ဘဝင်, ဝိပါက်စိတ်များ တသွင်သွင်ဖြစ်နေသော်လည်း ကိုယ်,နှုတ်,စိတ် ပယောဂမရှိဘဲ စိတ်ဖြစ်နေခြင်းကိုမသိအောင် ငြိမ်သက်နေပါသည်။ [မူလဦးကာဆရာက- ကိလေသာတွေငြိမ်းနေလို့ ငြိမ်သက်တာမဟုတ်ပါဟု ဆိုပါသည်။]

ဝိပါက်နှင့် အခြားစိတ်များ အထူး

* ကုသိုလ်,အကုသိုလ်စိတ်များသည် (၁) ဝိပါက်ကိုဖြစ်အောင် ကြောင့်ကြစိုက်မှု၊ (၂) ကိုယ်အမူအရာ, နှုတ်အမူအရာဖြစ်အောင် ကြောင့်ကြစိုက်မှုတို့ ရှိကြသည်။
* ကြိယာစိတ်သည်- (၁) ဝိပါက်ကိုဖြစ်အောင် ကြောင့်ကြစိုက်မှု မရှိသော်လည်း၊ (၂) ကိုယ်အမူအရာ, နှုတ်အမူအရာဖြစ်အောင် ကြောင့်ကြစိုက်မှုတို့ ရှိကြသည်။
* ဝိပါက်စိတ်များသည်- ထိုနှစ်မျိုးလုံးမရ၍ သမ္ပယုတ်တရားများကို ငြိမ်သက်အောင် ကျေးဇူးပြုထားခြင်းကြောင့် တစ်နေ့လုံး စိတ္တဗျာပါဒအတွက် အဇ္ဈတ္တရုပ်ကြီးကို ပူလောင်မှုများသည် ဝိပါကပစ္စည်းဖြင့် ငြိမ်းမှုကို ရကြသည်။

www.dhammadownload.com

ကမ္မပစ္စည်းနှင့် ဝိပါကပစ္စည်း အထူး (ကံနှင့်ကံ၏အကျိုး စုံတွဲပစ္စည်း)

	ကမ္မပစ္စည်း	ဝိပါကပစ္စည်း
၁။	အကြောင်းပစ္စည်းတရားဖြစ်၏။	အကျိုးပစ္စည်းတရားဖြစ်၏။
၂။	**ကမ္မ** = အလုပ်(ကုသိုလ်၊ အကုသိုလ်)	**ဝိပါက** = ကံကပစ်ချလိုက်သည့်အတိုင်း ဖြစ်ရသောအကျိုးတရား(ကုသိုလ်ဝိပါက်၊ အကုသိုလ်ဝိပါက်)
	အားထုတ်မှု လုံ့လဗျာပါရရှိ၍ မငြိမ်သက်၊ လှုပ်ရှားမှုသဘော ရှိ၏။	အားထုတ်မှု လုံ့လဗျာပါရ မရှိ၍ ငြိမ်သက်၏။
၃။	ကမ္မပစ္စည်းသည် မှန်ရှေ့၌ ရပ်နေသူနှင့် တူ၏။ – မှန်ရှေ့၌ ရပ်နေသူ၏ လှုပ်ရှားမှုကြောင့်	ဝိပါကပစ္စည်းသည် မှန်ထဲကအရိပ်နှင့်တူ၏။ – မှန်ထဲကပုံရိပ်လည်း လိုက်လှုပ်ရှား၏။ – သီးခြားဆောင်ရွက်ခွင့်၊ အားထုတ်ခွင့်မရှိပါ။ ငြိမ်သက်စွာဖြင့်သာ ကျေးဇူးပြု၏။

ကမ္မ၏အခြားမဲ့၌ ဝိပါကပစ္စည်း ဟောရခြင်း

ဘုရားရှင်သည် ကမ္မပစ္စည်းကို ဟောတော်မူသည်ရှိသော်– ဤသို့ ဝေနေယျ သတ္တဝါတို့အား ယုံမှားသံသယဖြစ်ခဲ့ရာ၏။ ဘုရားရှင်သည် အကြောင်း–ဇနကဖြစ်သော ကမ္မပစ္စည်းကို ဟောတော်မူ၏၊ အကြောင်းတရားရှိခဲ့သော် အကျိုးတရားသည်ဖြစ်ရာသည် မဟုတ်တုံလော။ ဇနကတရားရှိခဲ့သော် (ဖြစ်စေအပ်သော) ဇညတရားသည် ဖြစ်ရာသည် မဟုတ်တုံလော။ ယင်းသို့ဖြစ်၍ အကြောင်း–ဇနကဖြစ်သော ကမ္မပစ္စည်း တရား၏ အကျိုး–ဇညတရားသည် ထင်ရှားမရှိပြီလော–ဟု ယုံမှားသံသယ ဖြစ်ဖွယ်ရာ ရှိ၍၊ ထိုယုံမှားသံသယကို ပယ်ဖျောက်ခြင်းအကျိုးငှာ ကမ္မ၏အခြားမဲ့၌ ဝိပါကပစ္စည်းကို ဟောတော် မူရပါသည်။ [ပဋ္ဌာနသာရဒီပနီဋီကာ]

ဝိပါကပစ္စည်း မှတ်ဖွယ်

ပဋိသန္ဓေဝိညာဉ်စသော ဝိပါက်စိတ်များသည် ပဋိသန္ဓေဝိညာဏဝီထိများမှာ ဝတ္ထုနှင့်အာရုံ ထိခိုက်မှုကြောင့်သာဖြစ်ကြရသော်လည်း ၎င်းတို့မှာ (လုံးဝ)အားထုတ်မှု မရှိကြပါ။ ၎င်းတို့သက်သက်သာ ဖြစ်နေမည်ဆိုလျှင် ဖြစ်မှန်းတောင်သိလိုက်ရမည် မဟုတ်ပါ။ ဓာတ်စောလို့သာ သိရပါသည်။

www.dhammadownload.com

အမျိုးဇာတ်၊ ကာလ၊ ဘုံဌာန

▲ ဝိပါကပစ္စည်းသည် သဟဇာတမျိုး၌ ဖြစ်ပါသည်။ ထို့ကြောင့် ဝိပါကပစ္စည်းတရားတို့သည် မိမိနှင့်အတူတကွဖြစ်နိုင်ကြကုန်သော ဝိပါက ပစ္စယုပ္ပန်တရားတို့အားသာ ဝိပါကပစ္စယသတ္တိဖြင့် ကျေးဇူးပြုနိုင်ကြလေသည်။

သဟဇာတမျိုးပစ္စည်းရေ–၁၅ ရေတွက်ပုံ

* သဟငယ် ၇–ပစ္စည်း = ဟေတု၊ အဓိပတိ၊ ကမ္မ၊ အာဟာရ၊ ဣန္ဒြိယ၊ ဈာန၊ မဂ္ဂ။

* သဟလတ် ၄–ပစ္စည်း = အညမည၊ ဝိပါက၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊ (ညဝိ သမ်ဝိပ်)

* သဟကြီး ၄–ပစ္စည်း = သဟဇာတ၊ နိဿယ၊ အတ္ထိ၊ အဝိဂတ၊ (သဟ နိ အတ် အဝိ)

(ဟေဓိသဟံ၊ အဉ်နိကမ်၊ ဝိဟာဣံဈာန်၊ မဂ်သမ်ဝိပ်အတ်၊ အဝိမှတ်၊ သဟတ်ဆယ့်ငါးတန်။)

▲ ဝိပါကပစ္စည်းသည် ပဋိသန္ဓေကာလ, ပဝတ္တိကာလ နှစ်ပါးလုံးတို့၌ဖြစ်သည်။

ပစ္စုပ္ပန်,အတိတ်,အနာဂတ် ကာလသုံးပါးတို့တွင် ပစ္စုပ္ပန်ကာလ၌ ဖြစ်ပါသည်။

▲ ဝိပါကပစ္စည်းသည် ပဉ္စဝေါကာရ ၂၆–ဘုံ၊ စတုဝေါကာရ ၄–ဘုံတို့၌ ဖြစ်နိုင်ပါသည်။ ဧကဝေါကာရဘုံ၌ မဖြစ်နိုင်ပါ။

? ဝိပါက်သည်ဝိပါက်အား အဘယ်ကြောင့် အာသေဝနပစ္စည်းမတတ်သနည်း။

ဝိပါကပစ္စည်းဆိုသည်မှာ မိမိကိုယ်တိုင်က ကံများ၏အကျိုးဖြစ်ခြင်းကြောင့် ဗျာပါရ ပယောဂလုံးဝမရှိဘဲ ငြိမ်သက်အေးချမ်းလှသည့်အပြင် မိမိနှင့်အတူဖြစ်ဘက် တရားများကိုလည်း မိမိနည်းတူ ဗျာပါဒငြိမ်းအေးစေရန် ကျေးဇူးပြုသည့်ပစ္စည်းတရားဖြစ်သောကြောင့် အာသေဝနပစ္စည်းကဲ့သို့ ဇာတ်တူသဘောတူဖြစ်အောင် ရှေးရှေးဇော စိတ်က နောက်နောက်ဇောစိတ်အား ဇာတ်တူ သဘောတူဖြစ်အောင် အားရှိအောင် အဖန်ဖန်ဖြစ်ပွားစေခြင်း ထုံခြင်းကိစ္စနှင့် ကျေးဇူးပြုနိုင်သည့်သဘော ဝိပါက်တွင်မရှိသဖြင့် ဝိပါက်သည်ဝိပါက်အား အာသေဝနပစ္စည်းမတတ်ခြင်း ဖြစ်ပါသည်။

? **မူလဋီကာဆရာကြီးက** ပစ္စယနိဒ္ဒေသ ဝိပါကပစ္စည်း၌ နာမ်သက်သက်ဟောမှုကို မည်သို့ ဖွင့်ဆိုပါသနည်း။

မူလဋီကာဆရာကြီးက ဝိပါက်နာမ်သက်သက် ကျေးဇူးပြုမှုသည် ဧကန်ကျေးဇူးပြုမှု ဖြစ်သဖြင့် "နယဒဿန" နည်းညွှန်ပြခြင်းဖြစ်ကြောင်း၊ အရူပဘုံများ၌ ကာမ, ရူပဘုံကဲ့သို့ ဝိပါက်များက ရုပ်ကိုကျေးဇူးမပြုသဖြင့် ရုပ်ကိုကျေးဇူးပြုမှုသည် ဧကန်မဟုတ်ကြောင်း ဖွင့်ဆိုပါသည်။

www.dhammadownload.com

? ပစ္စယနိဒ္ဒေသ ဝိပါကပစ္စည်းပါဠိတော်အရ သုဒ္ဓသချာ မည်သို့ပြုလုပ်ရမည်နည်း။ စိတ္တဇရုပ်နှင့်ပဋိသန္ဓေကမ္မဇရုပ်တို့အား အဘယ်ကြောင့် မဟောသနည်း။

ဝိပါကပစ္စည်း၏ သုဒ္ဓသချာဝါရ၌ အချင်းချင်းအား<u>တပ်သော</u> အလုံးစုံသော ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာလေးပါး၊ ဤတရားတို့သည် ဝိပါကပစ္စည်းတတ်သောတရားတို့ မည်ကုန်၏။ ပစ္စည်းရေ-၇ ဟူသည်တည်း။ ပစ္စည်းရေ-၇ ဟူသည်ကား သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ သမ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဟူသည်တည်း။

မကျဉ်းမကျယ်ပြတော်မူသော သာဝသေသဒေသနာဖြစ်၍ စိတ္တဇရုပ်နှင့်ပဋိသန္ဓေကမ္မဇရုပ်တို့အား မဟောပါ။

ပစ္စယနိဒ္ဒေသ ဝိပါကပစ္စည်းသုဒ္ဓသချာ

ပစ္စည်း(ကတ္တား)	ပစ္စယုပ္ပန်(သမ္ပဒါန်)	သဘာဂ(ကရိုဏ်း)
အလုံးစုံသော ဝိပါက် ပဝတ္တိ.ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး	အချင်းချင်း	(ပြိုင်.၇) ကြီး-၄, ည, ဝိ, သံ

ဝိပါကာ ဓမ္မာ

အချင်းချင်း ထူးကုန်သော၊ ကုသိုလ်, အကုသိုလ်တို့၏ အကျိုးဖြစ်ကုန်သော၊ ဓမ္မာ= နိဿတ္တ နိဇ္ဇီဝ သဘာဝါ၊ သတ္တလည်း မဟုတ်၊ ဇီဝလည်း မဟုတ်ကုန်သော သဘောတရားတို့သည်၊ သံဝိဇ္ဇန္တိ၊ ရှိကုန်၏။

အချင်းချင်းထူးကုန်သော- 'ဝိ' သဒ္ဒါသည် မတူထူးခြား ကွဲပြားခြားနားသော ကုသိုလ်, အကုသိုလ်ဟူသော(ဝိသိဋ္ဌ)အနက်ကို ဟောပါသည်။ ကုသိုလ်သည် အပြစ်မရှိခြင်း၊ ကောင်းသောအကျိုးကိုပေးခြင်း (ဖြူစင်သော-သုက္က)သဘော ရှိပါသည်။ အကုသိုလ်သည် အပြစ်နှင့်တကွဖြစ်ခြင်း၊ မကောင်းသောအကျိုးကိုပေးခြင်း (မည်းညစ်သော-ကဏှ)သဘောရှိပါသည်။ ဤသို့ မတူထူးခြား ကွဲပြားခြားနားကြပါသည်။

ဤသို့ မတူထူးခြား ကွဲပြားခြားနားကြသော ကုသိုလ်, အကုသိုလ်တို့၏ အကျိုးကို 'ဝိပါက'ဟု ခေါ်ပါသည်။ ကုသိုလ်, အကုသိုလ်တို့ကြောင့်ဖြစ်သော ဝိပါက် နာမက္ခန္ဓာဟူသော နာမ်အကျိုး၊ ကမ္မဇရုပ်ဟူသောရုပ်အကျိုး နှစ်မျိုးတို့တွင် ဝိပါက် နာမက္ခန္ဓာဟူသော နာမ်အကျိုးကိုသာ ဟောပါသည်။

မြတ်စွာဘုရားသည် မုချအကျိုး၊ သာမန်အကျိုး နှစ်ပါးတို့တွင် ဤအရာ၌ မုချအကျိုးကိုရည်တော်မူပါသည်။ သာမန်အကျိုးကိုရည်တော်မမူသောကြောင့် ကမ္မဇရုပ်ကို မကောက်မူ၍၊ ဝိပါက်ကိုသာ ကောက်တော်မူပါသည်။

www.dhammadownload.com

(တစ်နည်း) အကြောင်းတရားနှင့် နာမ်အဖြစ်၊ အာရုံယူတတ်သည်၏အဖြစ်စသည် တူမှ မုချအကျိုးဖြစ်ရကား၊ မုချအကျိုးကိုအလိုရှိခြင်း၊ ဝိပါကမှာလည်း နာမ်တရားတို့၏အမည်ဖြစ်ခြင်းကြောင့်၊ (၁) ကုသိုလ်,အကုသိုလ်(နာမ်တရား)တို့၏ အကျိုးလည်း ဖြစ်ရမည်၊ (၂) ဝိပါက်နာမ်ဟူသောအမည်လည်းရရမည်၊ ဤအင်္ဂါနှစ်ပါးနှင့်ညီညွတ်သော ဝိပါက်စိတ်-၃၆ ကိုသာ ကောက်တော်မူခြင်း ဖြစ်ပါသည်။

(ကမ္မဇရုပ်မှာ - ရုပ်တရားဖြစ်၍ အထက်ဖော်ပြပါ အချက်များနှင့် မညီညွတ်ပါ။)

✖ ကမ္မဇရုပ်တို့သည် ကုသိုလ်, အကုသိုလ်တို့၏အကျိုးပင်ဖြစ်သော်လည်း ဝိပါက်ဟူသောအမည်ကို မရသောကြောင့် မကောက်ရ။ (ဋီကာကျော်)

ဥပမာ- သလေးစေ့ကိုစိုက်၍ အပင်မှအသီးသီးသောကာလ၊ စိုက်သောမျိုးစေ့နှင့်တူသောအသီးကိုမှီ၍ အကိုင်း, အခက်, အရွက်, အသီးတို့သည် ထိုမျိုးစေ့တည်းဟူသောအကြောင်းကြောင့်ဖြစ်ကြသော်လည်း မျိုးစေ့နှင့်တူသော ဝိပါက်ကိုသာ ကောက်၍၊ အကိုင်း, အခက်, အရွက်နှင့်တူသော ကမ္မဇရုပ်ကို မကောက်ရပါ။

? ပဋ္ဌာဝါရနှင့်ပစ္စယနိဒ္ဒေသတို့ သုဒ္ဓသချာ တူ, မတူ၊ ခြားနားမှုရှိပါက ဖော်ပြပါ။

ပစ္စယနိဒ္ဒေသ "ဝိပါကာ စတ္တာရော ခန္ဓာ အရူပိနော"ဟုသာ ဟောသဖြင့် ဝိပါက်နာမ်အချင်းချင်းသာ ကျေးဇူးပြုပါသည်။ ကမ္မဇရုပ်များကို ကျေးဇူးမပြုပါ။

<u>ပဋ္ဌာဝါရ သုဒ္ဓသချာနှင့် မတူပါ</u>။ ပဋ္ဌာဝါရ၌ ပစ္စယုပ္ပန် စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်များပါရှိသော်လည်း ပစ္စယနိဒ္ဒေသ၌ ရုပ် မပါ။ အချင်းချင်းအား<u>တုပ်သော</u> အလုံးစုံသောဝိပါက် ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ လေးပါးဟူ၍ နာမ်သက်သက်သာ ရှိပါသည်။ ထို့ကြောင့် ပစ္စည်းရေ၌လည်း နာမ်သက်သက်ရသော အညမညနှင့် သမ္ပယုတ္တ ၂-ခုတိုးလာပြီး ပစ္စည်းရေ-၇ ဖြစ်လာပါသည်။ ပဋ္ဌာဝါရ၌ သဟဇာတ၊ နိဿယ၊ ဝိပါက၊ အတ္ထိ၊ အဝိဂတ ဟူ၍ တပြိုင်နက် ၅-ပစ္စည်းသာ ရပါသည်။

ပဋ္ဌာဝါရ ဝိပါကပစ္စည်းသုဒ္ဓသချာ

၆။	ဝိပါက	အလုံးစုံသော ဝိပါက် ပဝတ္တိ,ပဋိ နာမက္ခန္ဓာ လေးပါး	အချင်းချင်းအားငင်း၊ အချင်းချင်းနာမက္ခန္ဓာ စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်အားငင်း	၁	၅
		ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ၊	ဟဒယဝတ္ထု၊		

www.dhammadownload.com

ပဉ္စဝါရ ဝိပါကပစ္စည်းအရကောက်

ပဝတ္တိကာလ

စဉ်	ပစ္စည်း(ဗျာ) ကတ္တား	သမ္ပဒါန် (ဗျာ)
၁။	ဝိပါကာဗျာကတော (ဧကော၊ တယော၊ ဒွေ) [၁ ၃ ၂] ခန္ဓာ ဝိပါက် ၂၂၊ စေ ၃၈၊ အစိတ်အစိတ် နာမက္ခန္ဓာ၊	(တိဏ္ဏန္နံ၊ ဧကဿ၊ ဒွိန္နံ) [၃ ၁ ၂] ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ဝိ ၂၂၊ စေ ၃၈ အစိတ်အစိတ် နာမက္ခန္ဓာ၊ စိတ္တဇရုပ်၊

ပဋိသန္ဓေကာလ

၁။	ဝိပါကာဗျာကတော (ဧကော၊ တယော၊ ဒွေ) [၁ ၃ ၂] ခန္ဓာ ပဋိသန္ဓေ ၁၉၊ စေ ၃၅၊ အစိတ်အစိတ် အစိတ်အပေါင်းနာမက္ခန္ဓာ	(တိဏ္ဏန္နံ၊ ဧကဿ၊ ဒွိန္နံ) [၃ ၁ ၂] ခန္ဓာနံ ကဋတ္တာ စ ရူပါနံ ပဋိသန္ဓေ ၁၉၊ စေ ၃၅၊ အစိတ်အစိတ်၊ အစိတ်အပေါင်းနာမက္ခန္ဓာ၊ **ကဋတ္တာရုပ်**၊
၂။	**ခန္ဓာ** ပဋိသန္ဓေ ၁၉၊ စေ ၃၅၊ အစိတ်ပေါင်း	**ဝတ္ထုဿ** ဟဒယဝတ္ထု

? ဝိပါကပစ္စည်းကျေးဇူးပြုရာတွင် မည်သည့်အခါ၌ မည်သည့်ပစ္စည်းတရားက မည်သည့် ပစ္စယုပ္ပန်တရားတို့ကို အစိတ်အစိတ်(သို့မဟုတ်)အစိတ်အပေါင်း ကျေးဇူးပြုသည့် ပါဠိ တော်စာပိုဒ်ချင်း ရှင်းပြပါ။

ပဝတ္တိ– ဝိပါကာဗျာကတော ၁/၃/၂ → ၃/၁/၂ စိတ္တသမုဋ္ဌာနာနဉ္စရူပါနံ= အစိတ်အစိတ်

ပဋိသန္ဓေ– ဝိပါကာဗျာကတော ၁/၃/၂ → ၃/၁/၂ ကဋတ္တာစရူပါနံ = အစိတ်အစိတ်

ခန္ဓာ → ဝတ္ထုဿ = အစိတ်အပေါင်း

* ဝိပါကပစ္စည်းတရား၌ ဝိပါက်နာမ်ခန္ဓာများသာရှိပြီး ပစ္စည်း ရုပ်မရှိပါ။ ထို့ကြောင့် ဝတ္ထု ခန္ဓာနံ မရပါ၊ (ဟဒယဝတ္ထုက နာမ်ခန္ဓာကို ဝိပါကသတ္တိဖြင့် ကျေးဇူးမပြု။)

အစိတ်–အပေါင်း

ဗျာ–ဗျာ ((ဝိဗျာ ခန္ဓာ[၁ ၃ ၂] [၃ ၁ ၂]နှင့် စိတ္တသမုဋ္ဌာနာနံ ရူပါနံ))

ပစ္စည်း–ပစ္စယုပ္ပန်တို့တွင် စေတသိက်, ရုပ်တို့ရှိနေလျှင် "အစိတ်အပေါင်း" မည်၏။ ခန္ဓာအရ နာမက္ခန္ဓာ ၄–ပါးရပြီး၊ တစ်ပါးပါး(၁/၃/၂)က စိတ္တဇရုပ်ကို ကျေးဇူးပြု မည်ဆိုလျှင် "အစိတ်"၊ ၄–ပါးလုံးကကျေးဇူးပြုသည့်အခါတွင် "အပေါင်း" မည်၏၊

ပဋိသန္ဓေခဏ၌ ကံအဟုန်ကပစ်ချသဖြင့် ဘဝသစ်သို့ရောက်စဖြစ်ရာ၊ မှီရာဝတ္ထု မြဲမြံစွာမရှိဘဲ အားနည်းပါသည်။ ထို့ကြောင့် ပဋိသန္ဓေစိတ်တို့သည် စိတ္တဇရုပ်ကို မဖြစ်စေနိုင်ပါ။ ပဋိသန္ဓေကမ္မဇရုပ်ကသာ ပဋိသန္ဓေစိတ်နှင့် စိတ္တဇရုပ်အရာ၌တည်၍ ကျေးဇူးပြုကြပါသည်။

www.dhammadownload.com

ပစ္စယနိဒ္ဒေသ ဝိပါကပစ္စည်းအရကောက်

ဝိပါကာ စတ္တာရော ခန္ဓာ အရူပိနော	အညမည်	
တစ်ပါးတစ်ပါးသော နာမက္ခန္ဓာ	သုံးပါးသုံးပါးသော နာမက္ခန္ဓာ	(ပြိုင်,ယထာ)၇
သုံးပါးသုံးပါးသော နာမက္ခန္ဓာ	တစ်ပါးတစ်ပါးသော နာမက္ခန္ဓာ	ကြိမ်း ၄
နှစ်ပါးနှစ်ပါးသော နာမက္ခန္ဓာ	နှစ်ပါးနှစ်ပါးသော နာမက္ခန္ဓာ	ည၊ ဝိ၊ သံ၊

ဝိပါကပစ္စည်း အပြန်အလှန်အထောက်အကူပြုမှုတွင် **လုံ့လဗျာပါရမရှိ ငြိမ်သက်စွာဖြင့်** ဝိပါက်(စက္ခုဝိညာဏ်စသည်)စိတ်ဖြစ်လျှင် သမ္ပယုတ္တခမ္မဖြစ်သော(အနည်းဆုံး) ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ၊ ဧကဂ္ဂတာ၊ ဇီဝိတိန္ဒြေ၊ မနသိကာရစေတသိက်ဖြစ်၍ နာမက္ခန္ဓာ ၃-ပါးတို့ကို ကျေးဇူးပြုပါသည်။ လှုပ်ရှားမှုကင်းပြီး ငြိမ်သက်နေသည့် သဘောတရားတို့သည် အပြန်အလှန်ငြိမ်သက်နေအောင် အထောက်အကူပြုနေပါသည်။ အာရုံတစ်ခုကိုရှု၍ မိမိစိတ်မှာ အာရုံ၏သဘောသဘာဝကို ဆုံးဖြတ်ချက်ချသိမှုတွင် 'ဝိညာဏက္ခန္ဓာ'ကအကြောင်း(ပစ္စည်း)တရားဖြစ်၍၊ ခံစားခြင်း'ဝေဒနာက္ခန္ဓာ'၊ မှတ်သားခြင်း'သညာက္ခန္ဓာ' စေ့ဆော်တိုက်တွန်းခြင်း'သင်္ခါရက္ခန္ဓာ'တရားတို့သည် အကျိုး(ပစ္စယုပ္ပန်)အနေဖြင့် အတူတကွ ဖြစ်ကြရပါသည်။ ဝိညာဏ်ကဖြစ်ပြီးမှ ဝေဒနာဖြစ်၊ ဝေဒနာဖြစ်ပြီးမှ သညာဖြစ်၊ သညာဖြစ်ပြီးမှ သင်္ခါရဖြစ်ရသည် မဟုတ်ပါ။ ဝိညာဏ်က အကြောင်းတရားဖြစ်လျှင် ဝေဒနာ၊ သညာ၊ သင်္ခါရတို့က အကျိုးတရားများအဖြစ် အတူတကွ ဖြစ်ရပါသည်။ အကြောင်း ခန္ဓာ(၁/၃/၂)တို့ဖြစ်သည်နှင့်တစ်ပြိုက်နက် အကျိုးခန္ဓာ(၃/၁/၂)တို့သည် ဖြစ်ရပါသည်။ ဤကျေးဇူးပြုမှုသည် 'အညမည်'အရ **ဝိပါက်ချင်းဝိပါက်ချင်း** အပြန်အလှန် ဖြစ်ကြပါသည်။

နာမက္ခန္ဓာ ၄-ပါးနှင့် သတိပဋ္ဌာန်တရား

(၁) **ဝေဒနာ**ကို တစ်ခဏမျှသာ မွေ့လျော်ဘွယ်ရှိသောကြောင့် **ရေပွက်**(ရေပူပေါင်း)ကဲ့သို့ သဘောထား၍ ရှုမှတ်ရပါမည်။

(၂) **သညာ**ကို အမှားမှားအယွင်းယွင်း ပြောဆိုတတ်သောကြောင့် **တံလျှပ်**ကဲ့သို့ သဘောထား၍ ရှုမှတ်ရပါမည်။

(၃) **သင်္ခါရ**တို့ကို အနှစ်သာရမရှိသောကြောင့် **ငှက်ပျောတုံး**ကဲ့သို့ သဘောထား၍ ရှုမှတ်ရပါမည်။

(၄) **ဝိညာဏ်**တို့ကို လှည့်စားတတ်သည့်သဘောရှိသောကြောင့် **မျက်လှည့်**ကဲ့သို့ သဘောထား၍ ရှုမှတ်ရပါမည်။

www.dhammadownload.com

ဝိပါကပစ္စည်းအရ နာမ်ခန္ဓာ ၄-ပါးတို့ အတူတကွပြိုင်တူဖြစ်သော်နေသော်လည်း ဝိပဿနာရှုမှတ်ရာတွင် မည်သည့်နည်းနှင့်မျှ ခန္ဓာ ၄-ပါးကို ပြိုင်တူရှုမှတ်၍ မရနိုင်ပါ။ အတူတကွဖြစ်သော်ငြားလည်း တစ်ပါးပါးသောခန္ဓာ၏ ဖြစ်မှုပျက်မှုကိုသာ ရှုမှတ်ရမည်။

* ဝေဒနာက္ခန္ဓာကိုအာရုံပြု၍ ဒုက္ခအခြင်းအရာပေါ်လာအောင် အဖန်ဖန်ရှုမှတ်သော ဝေဒနာနုပဿနာသတိပဋ္ဌာန်ဖြင့် သုခဝိပလ္လာသကို ပယ်ရှားနိုင်ပါသည်။
* ဝိညာဏက္ခန္ဓာကိုအာရုံပြု၍ အနိစ္စအခြင်းအရာပေါ်လာအောင် အဖန်ဖန်ရှုမှတ်သော စိတ္တာနုပဿနာသတိပဋ္ဌာန်ဖြင့် နိစ္စဝိပလ္လာသကို ပယ်ရှားနိုင်ပါသည်။
* သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာဟူသော ဓမ္မတို့ကိုအာရုံပြု၍ အနတ္တအခြင်းအရာပေါ် လာအောင် အဖန်ဖန်ရှုမှတ်သော ဓမ္မာနုပဿနာသတိပဋ္ဌာန်ဖြင့် အတ္တဝိပလ္လာသကို ပယ်ရှားနိုင်ပါသည်။

ရှုပွားကျင့်ပါ ဝိပဿနာ

ကမ္မနှင့်ဝိပါကသည် အကြောင်းနှင့် အကျိုးတရား စုံတွဲ(ယုဂဠပစ္စယ) ဖြစ်ပါသည်။ ဝိပါက်များသည် ဘဝါဘဝများမှာဖြစ်ရသော ပဋိသန္ဓေဝိညာဏ်နှင့် ပဝတ္တိအခါမှာ ဖြစ်သော မြင်သိ၊ ကြားသိ၊ နံသိ၊ စားသိ၊ ထိသိ၊ ကြံသိစသည်စိတ်များ ဖြစ်ပါသည်။

မြင်သိစိတ်သည် ဘဝါဘဝများက မိမိပြုခဲ့သောကံ၏အကျိုးအဖြစ် မမြင်ချင်သော ဆန့်ကျင်ဘက်ဖြစ်သော အနိဋ္ဌာရုံကိုမြင်ရလျှင် 'အကုသလဝိပါက်စိတ်' ဖြစ်ပါမည်။ ဣဋ္ဌာရုံဖြစ်သောအာရုံကိုမြင်ရလျှင် 'ကုသလဝိပါက်စိတ်' ဖြစ်ပါမည်။ ကြားသိ၊ နံသိ၊ စားသိစိတ်တို့သည်လည်း ဤနည်းတူ ဖြစ်ကြပါသည်။

ခန္ဓာကိုယ်မှာတွေ့ထိမှုတွင်လည်း ကောင်းသောအတွေ့အထိ၊ သိမ်မွေ့နူးညံ့သော အတွေ့အထိတို့နှင့်တွေ့ရသည့်အခါ 'ကုသလဝိပါက်စိတ်' ဖြစ်ပြီး ချမ်းချမ်းသာသာ ခံစားရပါမည်။ မကောင်းသော အတွေ့အထိ၊ ကြမ်းတမ်းသော အတွေ့အထိတို့နှင့် တွေ့ရသည့်အခါ 'အကုသလဝိပါက်စိတ်' ဖြစ်ပြီး ဒုက္ခဆင်းရဲကိုသာ ခံစားရပါမည်။ ကိုယ်ကာယမှာလည်း ချမ်းသာကိုတွေ့လျှင် ချမ်းသာသည့်အလျောက်၊ ဆင်းရဲကိုတွေ့ ရလျှင်လည်း ဆင်းရဲသည့်အလျောက်သာ ရှုမှတ်နေရပါမည်။

ဘဝါဘဝများကပြုခဲ့သောကံအားလျော်စွာ ဆင်းရဲ, ချမ်းသာ ဝေဒနာများကို ရှုမှတ် ကြရာတွင် သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာ-ဟူ၍ ၃-မျိုးရှိသည့်အနက် (များသောအားဖြင့် အားထုတ်ခါစမှာ) ဒုက္ခဝေဒနာကို လွှမ်းမိုးအောင်ရှုမှတ်ရာတွင်-

www.dhammadownload.com

* ဝေဒနာကိုပျောက်သွားအောင်ရည်ရွယ်ပြီးရှုမှတ်လျှင် ဝေဒနာပျောက်ချင်ပြီး ချမ်းသာကိုလိုချင်သော လောဘ ဖြစ်ပါနေမည်။ ရှုမှတ်မှုတွင် 'လောဘကိလေသာ' ကြားညှပ်နေသဖြင့် တရားထူးတရားမြတ်ကို မရနိုင်ပေ။

* ဝေဒနာကို ဒီတစ်ထိုင်မှာ အပြုတ်တိုက်မယ်–ဟု စိတ်ကြမ်းကြီးထူထောင်ပြီး ရှုမှတ်မှုတွင်လည်း 'ဒေါသကိလေသာ' ကြားညှပ်နေသဖြင့် တရားထူးကို မရနိုင်ပေ။

* ဝေဒနာ၏သဘောကို သိအောင်ရှုမှတ်ရာတွင် နာကျင်မှု၊ ကိုက်ခဲမှုစသည် ဒုက္ခဝေဒနာများပေါ်လာလျှင် စိတ်ကိုတင်း,တင်းမထားပဲ ကြောင့်ကြပူပန်မှုများမဖြစ်စေရန် စိတ်ကိုအနည်းငယ်လျော့၊ ခန္ဓာကိုယ်ကိုလည်းအနည်းငယ်လျော့ထားပြီး ဝေဒနာပေါ်မှာ ရှုမှတ်စိတ်လေးကို တည့်တည့်လေးချထားပြီး ဝေဒနာ၏သဘောတရားကို 'စူးစူးစိုက်စိုက် စေ့စေ့စပ်စပ် စိပ်စိပ်ရှုမှတ်'လျှင် 'မနောပုဗ္ဗင်္ဂမာ ဓမ္မာ' ရှုမှတ်စိတ်က ပိုအားရှိလာသဖြင့် စိတ်က ဝေဒနာကိုလွှမ်းမိုးပြီး တည်ငြိမ်သည့် 'သမာဓိ'ဖြစ်လာသည်။ ဆင့်ကာဆင့်ကာရှုမှတ်သဖြင့် သမာဓိရင့်ကျက်လာပြီး 'ဘင်ဉာဏ်' ရောက်လာသော ယောဂီပုဂ္ဂိုလ်သည် ဝေဒနာပေါ်မှာ စိတ်ကို တည့်တည့်ချထားပြီး ရှုမှတ်လိုက်သည်နှင့် ဝေဒနာသည် ကုန်ပျက် ကုန်ပျက်သွားပါသည်။ ရှုနေဆဲခဏမှာ ပေါ်လာသည့်ဝေဒနာတို့ ဝိပဿနာအစွမ်းသတ္တိဖြင့် ဝေဒနာ၏သဘောကို 'သဘောသိမှု၊ ဥဒယ၊ ဝယမြင်နိုင်သည်' ဖြစ်ပြီး ဝေဒနာကို လွှမ်းမိုးနိုင်မည် ဖြစ်ပါသည်။

ဒုက္ခာ ဘိက္ခဝေ ဝေဒနာ သလ္လတော ဒဋ္ဌဗ္ဗာ။

ဆူးငြောင့်များ စူးခံရသောပုဂ္ဂိုလ်သည် ဆူးငြောင့်များကိုနုတ်ပြီးမှ အလုပ်များကို ဆက်လုပ်ရသကဲ့သို့ ဒုက္ခဝေဒနာကို လွှမ်းမိုးအောင်ရှုမှတ်ပြီးမှ တစ်ခြားရှုမှတ်ဖွယ်ရာများကို ရှုမှတ်ဖို့ရန် မြတ်စွာဘုရား ဟောကြားတော်မူပါသည်။

သုခါ ဘိက္ခဝေ ဝေဒနာ ဒုက္ခတော ဒဋ္ဌဗ္ဗာ။

ဘဝါဘဝများက ပြုခဲ့သောကုသိုလ်ကံများအားလျော်စွာ ချမ်းသာဝေဒနာများသာ အလွန်ထင်ရှားပြီး ယင်းချမ်းသာကို နှစ်သက်စွဲလမ်းနေလျှင် တရားမရနိုင်ပါ။ သုခဝေဒနာပေါ်လာလျှင် ဒုက္ခ–ဟုထင်အောင် ပြန်ရှုမှတ်နိုင်ရပါမည်။ သမာဓိဉာဏ်အခြေခံရှိလျှင် ချမ်းသာကိုပဲ 'ချမ်းသာတယ်၊ ချမ်းသာတယ်' စူးစူးစိုက်စိုက် ရှုမှတ်လိုက်လျှင် ချမ်းသာသည်လည်း ဖြစ်ပြီးတာနှင့်ပျက်ပျက်သွားမှုကို မြင်ရပါမည်။ သမာဓိဉာဏ်အားကောင်းလာသည်နှင့်အမျှ ဖြစ်မှုပျက်မှုတို့လျင်မြန်အားကြီးလာသောအခါ နှိပ်စက်နေသကဲ့သို့ဖြစ်၍ ဆင်းရဲတစ်မျိုးပါလားဟု ရှုမှတ်ရန် ဟောကြားတော်မူပါသည်။

www.dhammadownload.com

အဒုက္ခမသုခါ ဘိက္ခဝေ ဝေဒနာ အနိစ္စတော ဒဋ္ဌဗ္ဗာ။

ဥပေက္ခာဝေဒနာပေါ်လာလျှင် 'အနိစ္စ'-ဟုထင်အောင် ရှုမှတ်နိုင်ရပါမည်။ ဒုက္ခဝေဒနာ, သုခဝေဒနာတို့သည် သိသာထင်ရှားသော်လည်း ဥပေက္ခာဝေဒနာသည် မထင်ရှားပဲ သိမ်မွေ့သောဝေဒနာ ဖြစ်ပါသည်။

ဥပမာ- ကျောက်ဖျာပေါ်သို့ သမင်တစ်ကောင် ဖြတ်လျှောက်သွားပုံဖြင့် ပြပါသည်။ သမင်၏ခြေရာကို ကျောက်ဖျာပေါ်သို့ အတက်ခြေရာနှင့် အဆင်းခြေရာကိုပါတွေ့ရသဖြင့် ကျောက်ဖျာပေါ်သို့ သမင်ဖြတ်သွားသည်ကို သိရပါသည်။ အတက်ခြေရာနှင့် သုခဝေဒနာတူပြီး အဆင်းခြေရာနှင့် ဒုက္ခဝေဒနာ တူပါသည်။ ဤနှစ်ခု၏ကြားတွင် ဥပေက္ခာဝေဒနာ ရှိပါသည်။ ရှုမှတ်မှုများကို ရိုရိုသေသေ စူးစူးစိုက်စိုက် ရှုမှတ်လျှင် ဝေဒနာသည်လည်း မမြဲ၊ ရှုမှတ်နေသော မှတ်သိစိတ်သည်လည်း မမြဲ 'အနိစ္စ'ဟု ရှုမှတ်ရန် ဟောကြားတော်မူပါသည်။

ပဌာန်း ဝိပါကပစ္စည်း မေတ္တာပို့ ဆုတောင်းဘုရားရှိခိုး

ဝိပကပစ္စယော- သတ္တဝါအားလုံး ကောင်းမြတ်သော အကျိုးတရားတို့ကိုသာ အဆက်မပြတ် ရရှိပိုင်ဆိုင်ကြ၍ ထိုမှတဆင့် ကောင်းမြတ်သော အကျိုးတရားအမျိုးမျိုးတို့ကိုသာ နိဗ္ဗာန်တိုင်ထိ ထပ်ကာထပ်ကာ ရရှိခံစားနိုင်ကြပါစေ။

ကောင်းမှု ပွားတိုး၊ ချမ်းသာမျိုး၊ အကျိုး ကိုယ်မှာ မြဲစေသော်။

ဝိပါကပစ္စယော- ချမ်းရိပ်နားနေ၊ သွင်းလေပြေသို့၊ တစ်သွေဖြစ်ဟန်၊ နာမက္ခန်ကို၊ ပူပန်ဝေးလျက်၊ ငြိမ်သက်စေနိုင်သော ဝိပါက် ပစ္စည်းတရားသည်၊ အတ္ထိ- ပုဂ္ဂိုလ်, သတ္တဝါ၊ သူငါမနော၊ တရားသဘောသာ၊ ထင်ရှားရှိပါပေသည်တကား။

ဣတိ- ဤသို့၊ ဗောဓေန္တ- သဗ္ဗညုတာ၊ ဉာဏ်တော်သာဖြင့်၊ ဦးစွာကျွန၊ သိပြီးမှလျှင်၊ များလှုဝေနေ၊ သိစေတော်မူသော၊ မြတ်စွာဘုရားကို၊ ဝန္ဒာမိ- ဂုဏ်တော်ထုံမွှမ်း၊ ပုံတော်မှန်းလျက်၊ ချီးမွမ်းထောမနာ၊ ပဏာရိုကျိုး၊ လက်စုံမိုး၍၊ ရှိခိုး ကန်တော့ပါ၏ ဘုရား။

UK-2020(COVID-19)

ဝိပါကပစ္စည်း ပြီး၏။

www.dhammadownload.com

"နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"

၁၅။ အာဟာရပစ္စည်း

အာဟာရမည်ခြင်းအကြောင်း

အာဟာရ = ထောက်ပံ့ ခိုင်စေတတ်သည့်အဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရား။

ဒေါက်တိုင်သည် အိမ်အို၊ ကျောင်းအိုတို့အား ထောက်ပံ့သကဲ့သို့ ပစ္စယုပ္ပန် ရုပ်,နာမ်တို့အားထောက်ပံ့တတ်သော နာမ်အာဟာရ၊ ရုပ်အာဟာရတို့သည် အာဟာရပစ္စည်းမည်၏။

⇉ အာဟာရပစ္စည်းသည် နာမ်အာဟာရ၊ ရုပ်အာဟာရ ဟူ၍ ၂-မျိုးရှိပါသည်။

✪ သဟဇာတအငယ်တွင် နာမ်အာဟာရကို လေ့လာပါမည်။

⅄ နာမ်အာဟာရတွင် ဖဿ, စေတနာ, ဝိညာဉ်ဟူ၍တရားကိုယ် ၃-ပါးရှိပါသည်။

(က) နာမ်အာဟာရ

အကျိုးပစ္စယုပ္ပန်တရားများကို အခွန့်ရှည်စွာ ဆက်လက်ပြီးတည်တံ့, ကြီးပွားစည်ပင်,ပြန့်ပြောဖို့ရန်အတွက် ဆောင်မှု,ထောက်ပံ့မှုဖြင့် ကျေးဇူးပြုသောပစ္စည်းတရားသည် (နာမ်)အာဟာရပစ္စည်းတရား ဖြစ်ပါသည်။

ဥပမာ- အလွန်ဟောင်းနွမ်းနေသော အိမ်အိုကြီးကို မယိမ်းယိုင်၊ မပျက်စီးစေရန် ထောက်တိုင်ဖြင့်ထောက်ထားသကဲ့သို့ ဖြစ်ပါသည်။

နာမ်အာဟာရသုံးပါး ဆောင်ပုံ၊ ထောက်ပံ့ပုံ၊

* 'ဖဿပစ္စယာ ဝေဒနာ' အရ- ဖဿာဟာရသည် ဝေဒနာ ၃-မျိုးကို ဖြစ်အောင်ဆောင်ရွက်ပါသည်။ ဝေဒနာကြောင့်(တဏှာ၊ ဥပါဒါန်၊ ကံ)တွေဖြစ်ပြီး သံသရာရှည်အောင် ဖဿကဆောင်ထား, ထောက်ပံ့ထားပါသည်။ ဖဿာဟာရ မဖြစ်ခဲ့လျှင် ဝေဒနာ ဖြစ်တော့မည်မဟုတ်။
(အာရုံမှာပါရှိသည့် ဣဋ္ဌ,အနိဋ္ဌရသကို အရအမိ ယူပါသည်။)
* စေတနာသည် ကုသိုလ်, အကုသိုလ် စေတနာအာဟာရ= သင်္ခါရ ဖြစ်ပါသည်။ သင်္ခါရပစ္စယာ ဝိညာဏံအရ- စေတနာဟာရသည် နောက်ဘဝ ပဋိသန္ဓေဝိပါက်၊ ဝိညာဉ်ဖြစ်စေရန်စီမံ၍ ဘဝ ၃-ပါးကို ဆောင်ထား, ထောက်ပံ့ထားပါသည်။
(ဣဋ္ဌ,အနိဋ္ဌရသအတွက် သမ္ပယုတ်တရားများကို မနေမနား စေ့ဆော်ပါသည်။)

www.dhammadownload.com

* ဝိညာဏပစ္စယာ နာမရူပံ အရ- ဝိညာဏာဟာရ(ဝိညာဉ်)သည် နာမ်-ရုပ်စသည်တို့ကိုတိုးပွားစေကာ ခန္ဓာအစဉ်မပျက်အောင် ဆောင်ထား,ထောက်ပံ့ ထားပါသည်။ (အာရုံကို သိတတ်သောသဘာဝ ရှိပါသည်။)

ဖဿ၊ စေတနာ၊ ဝိညာဉ် နာမ်အာဟာရတရားကိုယ် ၃-ပါးတို့သည် တက္ကဖြစ်ဖက်တရားများကို ထောက်ပံ့သမှု ကျေးဇူးပြုကြပါသည်။

သတ္တဝါများ၏သန္တာန်မှာ-

* ဖဿမရှိပဲ ဝိညာဉ်သက်သက်သာရှိနေလျှင် အဝီစိငရဲမှာကျရောက်ပြီး ငရဲမီးတွေလောင်နေသော်လည်း ပူတာကို သိရုံသာသိမည် မခံသာတဲ့ဒုက္ခ, ဆင်းရဲသောဒုက္ခ ရှိမည်မဟုတ်။ ဖဿရှိနေမှုကြောင့်သာ (ဝေဒနာ)ဆင်းရဲဒုက္ခ ဖြစ်ရပါသည်။

* ဖဿရှိပြီး စိတ်မရှိခဲ့လျှင် အဝီစိငရဲ၏ပူခြင်းကိုပင် သိမည်မဟုတ်။ သစ်တုံးနှင့်တူ၏။ သိတာက ဝိညာဏာဟာရ။ (အာရမ္မဏဝိဇာနန လက္ခဏာ)

* ဖဿ, ဝိညာဉ်ရှိပြီး စေတနာဟာရ မရှိခဲ့လျှင် ကိုယ်မှာမခံသာသော ဆင်းရဲခြင်းအပြင်းအထန်ဖြစ်နေသော်လည်း ပူလိုက်လေခြင်းဟု ကာယကံ,ဝစီကံ,မနောကံ လှုပ်ရှားမှုရှိမည် မဟုတ်ပါ။ စေတနာဟာရက မနေမနားစေ့ဆော်သောကြောင့် လှုပ်ရှားမှုသုံးပါး ဖြစ်ရပါသည်။

▲ လူ,နတ်များ၏ ချမ်းသာမှုကိုလည်း အပြန်သဘောအားဖြင့် သိနိုင်ပါသည်။

လောကတွင် ချမ်းသာမှု,ဆင်းရဲမှုဟူသမျှ ဖဿ-မှ ဖြစ်ပါသည်။ ဖဿမရှိလျှင် ချမ်းသာမှု,ဆင်းရဲမှု မရှိတော့။ ချမ်းသာသုခမရှိလျှင် လောဘတရားလည်း မရှိပါ။ ဒေါသတရားလည်း မရှိပါ။ လောဘ, ဒေါသ မရှိလျှင် မောဟစသည့် ၁၅၀၀-ကိလေသာလည်း မရှိတော့ပါ။

▲ စိတ်နှင့်တကွ သမ္ပယုတ်တရားများကို ရပ်တည်ရာမရဘဲ ထိုထိုအာရုံများကို ပြေးသွားနေအောင် စေတနာ-မှ ဆော်ဩနေခြင်း ဖြစ်ပါသည်။ လောဘဆိုင်ရာအာရုံနှင့်တွေ့လျှင် လောဘကို အတွင်စေ့ဆော်ပေး၏။ လောဘအာရုံရှိရာသို့ရောက်အောင် အတွင်နှင်၏။ အာရုံကိုခံစားမှု၌ အတွင်တိုက်တွန်း၏။ ဒေါသ, မောဟများ၌လည်း ဤနည်းအတိုင်း ဖြစ်၏။ စေတနာ၏ စေ့ဆော်မှုကြောင့်သာ ဘဝအဆက်ဆက်မှာ ပဋိသန္ဓေနေမှုတွေ ဖြစ်ရတော့၏။ ကိလေသာကုန်၍ ပရိနိဗ္ဗာန်စံမှ ရပ်တံ့တော့၏။

▲ သဒ္ဓါ,သီလ,သုတ,စာဂ,ပညာ၊ လောဘ,ဒေါသစသော ကောင်း,မကောင်းအာရုံများနှင့်ဆုံမိသောအခါ ဟဒယဝတ္ထုမှာဖြစ်ပေါ်လာသည့်ဝိညာဉ်သည် မနောဝိညာဉ် ဖြစ်ပါသည်။ စက္ခုဝိညာဉ်စသည် ဝိညာဏာဟာရ ၆-ပါး ရှိပါသည်။ အာရုံကို

www.dhammadownload.com

လိုက်စား မြူးတူးပျော်ပါး ခံစားဖို့ရန် လောဘနိုင်ငံလိုက်ပြီး အပိုအမိုပစ္စည်းဥစ္စာရှာကြံ ဆည်းပူးမှုစသည်များသည် ဝိညာဏာဟာရ-မှ ပေါ်ထွက်လာသောတရားများဖြစ်၏။ ၎င်းသည် မင်းပြစ်မင်းဒဏ်သင့်သဖြင့် တစ်နေ့တစ်နေ့ လှံအချက်ပေါင်းများစွာအထိုးခံရ၍ ဆင်းရဲဒုက္ခခံစားနေရသောယောကျ်ားနှင့် တူ၏-ဟု အဋ္ဌကထာဆရာများက ပြဆိုထားပါသည်။

ရုပ်အာဟာရသီးခြားဟောပုံ

အာဟာရ ၄-ပါးရှိသည့်အနက် ဖဿ၊ စေတနာ၊ ဝိညာဉ် ၃-ပါးသည် နာမ်အာဟာရဟု ဟောပါသည်။ ကဗဠီကာရအာဟာရကို ရုပ်အာဟာရဟု သီးခြားဟောပါသည်။ အဘယ်ကြောင့်ဆိုသော် သက်ရှိ,သက်မဲ့ ရုပ်အာဟာရဟူသမျှ၌ တေဇောသည်အားကြီးသောမှီရာဖြစ်၍ တေဇောချယ်လှယ်မှု၊ အုပ်စိုးမှုသည် ပဓာန ဖြစ်၏။ တေဇောသည်လည်း 'ဩဇာ'-ဟူသောဓာတ်ဆီကို မှီရစားရမှသာ တည်နိုင်သဖြင့် ဩဇာသည် တေဇော၏မူလဖြစ်၍ ရုပ်အာဟာရကို သီးခြားဟောရပါသည်။

(ခ) ရုပ်အာဟာရ

ရုပ်အာဟာရ ၂-မျိုးသည်

၁။ ဆွမ်း၊ ခဲဘွယ်၊ ဘောဇဉ်ဟူသော ဗဟိဒ္ဓသန္တာန်၌တည်သော ဩဇာ။

၂။ အဇ္ဈတ္တသန္တာန်၌ရှိသော စတုသမုဋ္ဌာနိကဩဇာ။ (ကံ၊ စိတ်၊ ဥတု၊ ဟာ)

ကလာပ် ၂၁-စည်းရှိရာ ဩဇာတစ်ခုသည် မိမိနှင့်ကလာပ်တူရုပ်များ၊ အခြားကလာပ်အားလုံးရှိရုပ်အားလုံးကို အာဟာရသတ္တိဖြင့် ထောက်ပံ့နိုင်ခန့်အောင်ပြုပါသည်။

ရုပ်အာဟာရကျေးဇူးပြုပုံ

* ဗဟိဒ္ဓဩဇာကျေးဇူးပြုပုံ- ဗဟိဒ္ဓဩဇာသည် ပဝတ္တိအခါ၌သာ အဇ္ဈတ္တဩဇာနှင့်ရောနှောမိကာ ခန္ဓာကိုယ်အာဟာရဇရုပ်ကို ဇနကသတ္တိဖြင့် ကျေးဇူးပြုပါသည်။ (အာဟာရဇကလာပ်အသစ်ကို ဖြစ်စေပါသည်။)
  ထိုအာဟာရဇကလာပ်မှတစ်ပါး အခြားသောအာဟာရဇကလာပ်ကို ဥပထမ္ဘကသတ္တိနှင့် ကြွင်းတိဇရုပ်တို့ကိုလည်း ဥပတ္ထမ္ဘကသတ္တိဖြင့် ကျေးဇူးပြုပါသည်။
* အဇ္ဈတ္တဩဇာကျေးဇူးပြုပုံ- အဇ္ဈတ္တဩဇာသည် မိမိနှင့်ကလာပ်တူရုပ်တို့အား ဇနကသတ္တိ+အနုပါလနသတ္တိ(အစဉ်မပြတ်စောင့်ရှောက်မှု)ဖြင့် ကျေးဇူးပြုပါသည်။ ကြွင်းသောရုပ်ကလာပ်တို့အား အနုပါလနသတ္တိဖြင့် ကျေးဇူးပြုပါသည်။

www.dhammadownload.com

ဩဇာထောက်ပံ့ပုံ

ဩဇာသည်(ဓာတ်ဆီအဖြစ်) တေဇောကို ညီမျှစေပြီး ကြီးပွားအောင် ထောက်ပံ့ပါသည်။ ဩဇာ၏အထောက်အပံ့ကိုရ၍ တေဇောသည်အားတက်ပြီး လတ်ဆပ်သော ဥတုဇရုပ်ကို ပေါက်ပွားစေပါသည်။ ထမင်းစသည်၌ရှိသော ဗဟိဒ္ဓဩဇာသည် ပါစက တေဇောချက်ပြီးနောက် ကမ္မဇဝါယောကြောင့် တစ်ကိုယ်လုံးပျံ့နှံ့စေ၍ အဇ္ဈတ္တစတုဇဩဇာ နှင့်သဘောတူရောနှောမိကာ ဇနကသတ္တိဖြင့် အာဟာရဇရုပ်ကို ဖြစ်စေ၏။

အာဟာရဇရုပ်ဆိုသည်မှာ– ညီမျှသော တေဇောဓာတ် ထက်သန်သည့် ဩဇာ အကြောင်းခံသော ဥတုဇရုပ်ပင် ဖြစ်၏။ ထို့ကြောင့် ရုပ်အာဟာရပစ္စည်းမှာ ဖြစ်စေမှု၊ ထောက်ပံ့မှု ကိစ္စ ၂–ပါးရှိသော်လည်း ထောက်ပံ့မှုကိစ္စကသာ ပြဋ္ဌာန်း၏။ အစာစားသည့်အခါ အစာကြောင့် ရုပ်အာဟာရဖြစ်ရုံသာမက တစ်ကိုယ်လုံးမှာရှိသော ကမ္မဇ၊ ဥတုဇ၊ စိတ္တဇရုပ်များလည်း တောင့်တင်းလန်းဆန်းကြ၍ ကမ္မဇရုပ်စသည့်ရုပ်အစဉ်ကို မပြတ်မဆဲ ဆက်လက်ဖြစ်ပွားကြပါသည်။

အစာမစားသောသတ္တဝါများ အာဟာရဖြစ်ပုံ

ကမ္မဇရုပ် ကာယအားကြီးသော အချို့နတ်၊ ပြိတ္တာ၊ ငရဲသားတို့ ဗဟိဒ္ဓဩဇာ မရှိဘဲ အဇ္ဈတ္တဩဇာကထောက်ပံ့ထားသဖြင့် ကာလရှည်ကြာစွာ တည်တံ့နိုင်ကြပါသည်။

အမိဝမ်း၌ရှိသောသူငယ် အမိ၏အာဟာရမရမီနေနိုင်ပုံ

အမိဝမ်းရှိသူငယ်အား အမိ၏အာဟာရ မပြန့်နှံ့မီ တစ်သတ္တဟ၊ နှစ်သတ္တဟ အတွင်း တိဇရုပ်ရှိဩဇာက ထောက်ပံ့ထားပါသည်။ အာဟာရဇရုပ်ဖြစ်ပြီး တစ်သက်လုံးနေနိုင်မှုအတွက် ထိုဩဇာကပင် ထောက်ပံ့ထားပါသည်။ ဥပပတ်ကာမာဝစရနတ်များအား နတ်ဖြစ်စ နတ်ဩဇာကိုမမှီဝဲရမီ တိဇဩဇာကပင် ထောက်ပံ့ထားပါသည်။

အာဟာရပစ္စည်း မှတ်ဖွယ်

မဟာဝဂ္ဂသံယုတ်– ပုတ္တမံသူပမသုတ်– အာဟာရ ၄–ပါး ဥပမာပြုများ

* ဖဿာဟာရ– အရေဆုတ်ထားသော နွားမကြီးကို သတ္တဝါအမျိုးမျိုး အကိုက်ခံရ၊
* မနောသဉ္စေတနာဟာရ– မီးကျီးတွင်းထဲသို့ ဆွဲချခံရသောဆင်းရဲဒုက္ခမှ လွတ်လိုသူ၊
* ဝိညာဏာဟာရ– မင်းဒဏ်သင့်သဖြင့် လှံချက်များစွာအထိုးခံနေရ၍ ဒုက္ခဆင်းရဲခံနေရသူ၊
* ကဗဠီကာရာဟာရ– မိမိတို့၏ ချစ်လှစွာသောသားငယ်ကို သတ်စားရခြင်းနှင့် တူ၏။

www.dhammadownload.com

အမျိုးဇာတ်၊ ကာလ၊ ဘုံဌာန

- အာဟာရပစ္စည်း ၂–ပါးတို့တွင်– 'နာမ်အာဟာရ'သည် သဟဇာတအမျိုးဇာတ်ဖြစ်ပြီး၊ 'ရုပ်အာဟာရ'သည် ရုပ်အာဟာရမျိုးဖြစ်၍ မျိုးကွဲရှိသောပစ္စည်း ဖြစ်ပါသည်။
- အာဟာရပစ္စည်းသည် ပဋိသန္ဓေကာလ, ပဝတ္တိကာလ နှစ်ပါးတို့တွင်
  ရုပ်အာဟာရပစ္စည်းသည် ပဝတ္တိကာလ၌သာ ဖြစ်ပါသည်။
  နာမ်အာဟာရပစ္စည်းသည် ပဋိသန္ဓေ,ပဝတ္တိကာလ နှစ်ပါးလုံး၌ ဖြစ်ပါသည်။
  ပစ္စုပ္ပန်,အတိတ်,အနာဂတ် ကာလသုံးပါးတို့တွင် ပစ္စုပ္ပန်ကာလ၌ ဖြစ်ပါသည်။
- အာဟာရပစ္စည်းသည် ပဉ္စဝေါကာရ ၂၆–ဘုံ၊ စတုဝေါကာရ ၄–ဘုံတို့၌ ဖြစ်နိုင်ပါသည်။ ဧကဝေါကာရ(အသညသတ်ဗြဟ္မာ)ဘုံ၌ မဖြစ်နိုင်ပါ။

ဝိပါက၏အခြားမဲ့၌ အာဟာရပစ္စည်းဟောရခြင်း

ဘုရားရှင်သည် ကမ္မပစ္စည်း, ဝိပါကပစ္စည်းတို့ဖြင့် အချင်းချင်း ဇနက–ဇညအဖြစ်ဖြင့် ပစ္စည်း–ပစ္စယုပ္ပန်အဖြစ်ကို ဟောတော်မူ၏။ ဤအကြောင်းဖြင့်သာလျှင် ပစ္စည်း–ပစ္စယုပ္ပန် ဖြစ်သင့်ပါသလော၊ ထိုသို့မဟုတ် တစ်ပါးသောအခြင်းအရာအားဖြင့်လည်း ပစ္စည်း–ပစ္စယုပ္ပန် မဖြစ်သလော–ဟု ဝေနေယျတို့အား ယုံမှားသင်္ကာဖြစ်လတ်သည်ရှိသော် ထိုယုံမှားသင်္ကာကို ပယ်ဖျောက်ခြင်းအကျိုးငှာ ဝိပါက၏အခြားမဲ့၌ အာဟာရပစ္စည်းကို ဟောတော်မူပါသည်။ [ပဋ္ဌာနသာရဒီပနီဋီကာ]

- *အာဟာရပစ္စည်းသည် ဇနက၊ ဥပထမ္ဘကနှင့် အနုပါလနသတ္တိတို့ဖြင့် ကျေးဇူးပြုပါသည်။*

ကဗဠီကာရော အာဟာရော	ဣမဿ, ကာယဿ
အရူပိနော အာဟာရာ	သမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ

? "ကဗဠီကာရော အာဟာရော"ဟုဟောရာ မည်သည့်ရုပ်ကို ကောက်ယူရမည်နည်း။
မည်သည့်အခါ အာဟာရကိစ္စ ပြီးပါသနည်း။

စတုသမုဋ္ဌာနိကဩဇာသည် အာဟာရ မည်ပါသည်။ စတုသမုဋ္ဌာနိကဩဇာသည် အလုတ်အလွေးပြု၍မျိုအပ်သည့် ခဲဘွယ်ဘောဇဉ်လျှင်တည်ရာရှိသဖြင့် "ကဗဠီကာရာဟာရ" အရ စတုသမုဋ္ဌာနိကဩဇာကို ကောက်ယူရပါသည်။

<u>အလုတ်အလွေးပြုပြီးမျိုမှသာ</u> အာဟာရကိစ္စ ပြီးစေအပ်ပါသည်။

www.dhammadownload.com

ပစ္စယနိဒ္ဒေသ

(က) ရုပ်အာဟာရပစ္စည်း

ပစ္စည်း(ကတ္တား)	ပစ္စယုပ္ပန်(သမ္ပဒါန်)	သဘာဂ(ကရိုဏ်း)
စတုသမုဋ္ဌာနိကဩဇာ	ကလာပ်တူဩဇာကြဉ်သော ကလာပ်တူ ကလာပ်ပြားဖြစ်သော စတုသမုဋ္ဌာနိကရုပ်	(၁) ရုပ်အာဟာရသတ္တိဖြင့်သာ

ရုပ်အာဟာရပစ္စည်း၏ သုဒ္ဓသချာဝါရ၌- ကလာပ်တူဩဇာကြဉ်သော ကလာပ်တူ ကလာပ်ပြားဖြစ်သော စတုသမုဋ္ဌာနိကရုပ်အား<u>တပ်သော</u> စတုသမုဋ္ဌာနိကဩဇာ။ ဤတရားတို့သည် ရုပ်အာဟာရပစ္စည်းတတ်သောတရားတို့ မည်ကုန်၏။

ကဗဠီကာရော အာဟာရော	ဣမဿ ကာယဿ	၁
စတုသမုဋ္ဌာနိကဩဇာ	ကလာပ်တူ ဩဇာကြဉ်သော ကလာပ်တူ ကလာပ်ပြားဖြစ်သော စတုသမုဋ္ဌာနိကရုပ်	ရုပ်အာဟာရ သတ္တိဖြင့်သာ

(ခ) နာမ်အာဟာရပစ္စည်း

ပစ္စည်း(ကတ္တား)	ပစ္စယုပ္ပန်(သမ္ပဒါန်)	သဘာဂ(ကရိုဏ်း)
ဖဿ, စေတနာ, ဝိညာဉ် ဟုဆိုအပ်သော နာမ်အာဟာရ တရားကိုယ်သုံးပါး၊	သမ္ပယုတ္တခန္ဓာ၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်၊	(ပြိုင်.၁၂) ကြီး၊ လတ် မိ,ကံ, ဟာ,ဣံ

နာမ်အာဟာရပစ္စည်း၏ သုဒ္ဓသချာဝါရ၌- သမ္ပယုတ္တခန္ဓာ၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်အား<u>တပ်သော</u> ဖဿ, စေတနာ, ဝိညာဉ်ဟုဆိုအပ်သော နာမ်အာဟာရ တရားကိုယ်သုံးပါး။ ဤတရားတို့သည် နာမ်အာဟာရပစ္စည်းတတ်သော တရားတို့ မည်ကုန်၏။

အရူပိနော အာဟာရာ	သမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ	(ပြိုင်.ယ.၁၂) ကြီး၊ လတ် မိ,ကံ, ဟာ,ဣံ
ဖဿ၊ စေတနာ၊ ဝိညာဏ်ဟု ဆိုအပ်သော နာမ်အာဟာရ တရားကိုယ် သုံးပါး	ကလာပ်တူ ဩဇာကြဉ်သော ကလာပ်တူ ကလာပ်ပြားဖြစ်သော စတုသမုဋ္ဌာနိကရုပ်	

www.dhammadownload.com

သဗ္ဗေသတ္တာ အာဟာရဋ္ဌိတိကာ

မိမိတို့ရရှိထားသော ခန္ဓာကိုယ်ကြီးသည် အစားအစာ–အာဟာရကြောင့်သာ မပျက်မစီးဘဲ အခွန့်ရှည်တည်တံ့နိုင်မြဲပြီး ကြီးပွားစည်ပင်နေခြင်း ဖြစ်ပါသည်။ အစားအစာမမှီဝဲမသုံးဆောင်လျှင် ကြုံလှီပိန်ချုံးပျက်စီးမှာ သေချာပါသည်။ ထို့ကြောင့် 'သဗ္ဗေသတ္တာ အာဟာရဋ္ဌိတိကာ' သတ္တဝါအားလုံး အာဟာရကြောင့် အသက်ရှင်ရပ်တည်ကြရသည်–ဟု ဟောတော်မူပါသည်။ အစားအစာတွင်ပါဝင်သော အာဟာရ–ဩဇာရုပ်သည် အာဟာရဇရုပ်(အာဟာရဇကလာပ်အသစ်)ကို ဇနကသတ္တိဖြင့်ဖြစ်စေပြီး၊ အခြားသော အာဟာရဇကလာပ်ကို ဥပထမ္ဘကသတ္တိနှင့် ကြွင်းသော ကမ္မဇ, စိတ္တဇ, ဥတုဇရုပ်များကိုလည်း ဥပတ္ထမ္ဘကသတ္တိ၊ အနုပါလနသတ္တိတို့ဖြင့် ကျေးဇူးပြုပါသည်။

အဝိနိဗ္ဘောဂရုပ် ၈–ပါးမှ ဩဇာရုပ် (ဩ–မိမိဖြစ်ပြီးနောက်၊ ဇ–ဖြစ်စေ)

အဝိနိဗ္ဘောဂရုပ်(တစ်ခုစီတစ်ခုစီ သီးသီးခြားခြား ခွဲခြား၍မရကောင်းသောရုပ်)၊

ရုပ်တရားကို ရုပ်ကလာပ်များဖြင့်ဖွဲ့စည်းထားပါသည်။ ရုပ်ကလာပ်တိုင်းတွင်လည်း အဝိနိဗ္ဘောဂရုပ် ၈–ပါး ပါဝင်ပါသည်။ ထိုအဝိနိဗ္ဘောဂရုပ်ကို တစ်ခုစီခွဲခြားလိုက်လျှင် ရုပ်တရားအဖြစ် မစွမ်းဆောင်နိုင်တော့ပါ(ရုပ်မမည်တော့ပါ)။ ရုပ်တိုင်းရုပ်တိုင်းတွင်ရှိသော ထိုအဝိနိဗ္ဘောဂရုပ်တွင်လည်း ဩဇာရုပ်ပါဝင်ပါသည်။ ဩဇာ (ဩ–မိမိဖြစ်ပြီးနောက်၊ ဇ–ဖြစ်စေ)သည် အမည်အမျိုးမျိုးမှည့်ထားသော သက်ရှိ–သက်မဲ့၊ အဇ္ဈတ္တ–ဗဟိဒ္ဓရုပ်တို့တွင် ရှိနေပါသည်။ ထို့ကြောင့် ဩဇာရုပ်၊ အဝိနိဗ္ဘောဂရုပ်နှင့် ရုပ်တရားတို့၏ ဆက်စပ်မှုကို သိမြင်နိုင်ပါသည်။

'ကဗဠီကာရော အာဟာရော ဩဠာရိကော ဝါ သုခုမော ဝါ' – အရ စတုသမုဋ္ဌာနိက ဩဇာသည် အလုတ်အလွေးပြု၍ မျိုအပ်သည့် ခဲဘွယ်ဘောဇဉ်လျှင်တည်ရာရှိသဖြင့် **အလုတ်အလွေးပြုပြီးမျိုမှသာ** အာဟာရကိစ္စ ပြီးစေအပ်ပါသည်။ (ထမင်းပွဲကြီးရှေ့ချ ထိုင်ကြည့်နေရုံဖြင့် 'ကဗဠီကာရော' မမည်ပါ။ အာဟာရတော့ မည်ပါသည်။) ဗဟိဒ္ဓဩဇာသည် အဇ္ဈတ္တစတုဇဩဇာနှင့် သဘောတူရောနှောမိကာ ဇနကသတ္တိဖြင့် အာဟာရဇရုပ်ကိုဖြစ်စေပြီး၊ ကြွင်းတိဇရုပ်များကိုလည်း ကျေးဇူးပြုပါသည်။

'အာဟာရပစ္စယော'သည် မိမိ–ဩဇာရုပ်ရှိနေသည့်(ဋ္ဌီ)အခိုက် 'အတ္ထိ'၊ မိမိနှင့်မကင်းကွာမီအချိန်တွင်းမှာ 'အဝိဂတ'သတ္တိတို့ဖြင့်လည်း ထောက်ပံ့သမှု ကျေးဇူးပြုပါသည်။

- အာဟာရဇရုပ်တို့သည် ဗဟိဒ္ဓဩဇာပျံ့နှံ့သောအခါ၌ အဇ္ဈတ္တဩဇာ၏အထောက်အပံ့ကို ရသဖြင့် မိမိ၏ဋ္ဌီသို့ ရောက်တိုင်းရောက်တိုင်း ခဏမစဲဖြစ်ပြီး၊ နောက်ဆုံးမှာလည်း စုတိပြီးနောက် ခဏငယ် ၅၀–ချက်ခန့်ကျမှ ချုပ်ပါသည်။

www.dhammadownload.com

မစားတတ်လျှင် တဏှာ စားတတ်လျှင် ဘာဝနာ

မည်သည့်အစားအစာကိုမဆို 'ရသတဏှာ'နောက်သို့လိုက်ပါပြီး တမ်းတမ်းတတ စွဲလမ်းသမှု တဏှာ–လောဘဖြင့် မစားသုံးသင့်ပါ။ တဏှာ–လောဘနှင့်စားသုံးလျှင် အကုသိုလ်ချည်းသာ ဖြစ်ပါသည်။

သတိပဋ္ဌာန် ဝိပဿနာ၏(သမ္မဇဉ်ပိုင်း)အခြေခံသဘောသည် ရုပ်နှင့်နာမ်မှာ ခဏ မစဲဖြစ်ပျက်နေသောသဘောတရားများကို စက္ကန့်မလပ် တရစပ်စောင့်ကြည့်၍ ရှုမှတ်နေ ရပါသည်။ မရှုမှတ်ဘဲ လပ်သွားသောအချိန်ပိုင်းလေးမှာပင် ရုပ်နာမ်နှင့်ပတ်သက်သော ကိလေသာဝင်နိုင်သောကြောင့် မည်သည့်အစားအစာကိုမဆို သုံးဆောင်သောအခါတို့၌ သတိပဋ္ဌာန်နည်းဖြင့်ရှုမှတ်၍စားသုံးလျှင် 'ဘာဝနာ'ဖြစ်၍ ကုသိုလ်ချည်းသာ ဖြစ်ပါသည်။

အာဟာရကြောင့်ပြီးသော အာဟာရဇရုပ်သည် ဆာလောင်မွတ်သိပ်သောအခါ၊ အစာဝလင်သောအခါတို့၌ ထင်ရှားပေါ်လွင်ပါသည်။ ဆာလောင်မွတ်သိပ်ရာအခါ၌ဖြစ် သောရုပ်သည် ညှိုးနွမ်း၏။ ပင်ပန်း၏။ မီးလောင် ငုတ်တိုပမာ မကောင်းသော ပုံသဏ္ဌာန်ရှိ၏။ အစာဝလင်ရာအခါ၌ဖြစ်သောရုပ်သည် ပြည့်ဖြိုး၏၊ စိုပြေ၏၊ နူးညံ့၏၊ ချောညက်၏၊ ကောင်းသောအတွေ့ရှိ၏။ အဆိုပါရုပ်ကို ဉာဏ်ဖြင့်သိမ်းဆည်းပြီးလျှင် ဆာလောင်မွတ်သိပ်သောအခါ၌ဖြစ်သောရုပ်သည် အစာဝလင်ရာအခါသို့ မရောက်၊ ဆာလောင်မွတ်သိပ်ရာအခါ၌ပင် ချုပ်ပျောက်သွား၏။ ထို့ကြောင့် ဆာလောင်မွတ်သိပ်ရာ အခါ၌ ဖြစ်သောရုပ်သည် အနိစ္စ ဒုက္ခ အနတ္တ မည်၏–ဟု ရှုမှတ်ရပါမည်။ (အစာဝလင်ရာအခါ၌ဖြစ်သောရုပ်ကိုလည်း ဤနည်းအတိုင်း ရှုမှတ်ရပါမည်။)

မြတ်စွာဘုရားရှင်က 'မမြင်ခြင်း၊ မကြားခြင်း၊ ယုံမှားသံသယမရှိခြင်း' အစွန်း ၃–ပါး လွတ်ပါက စားသုံးနိုင်ကြောင်း မိန့်တော်မူပါသည်။ 'မိမိအား ကျွေးမွေးဧည့်ခံရန်' အတွက်ရည်ရွယ်၍ သတ္တဝါ၏အသက်ကို သတ်ဖြတ်နေသည်ကို'မြင်ရလျှင်' ထိုအသားငါးကို မစားသုံးသင့်ပါ။ မိမိကိုယ်တိုင်မမြင်ရသော်လည်း 'မိမိအား ကျွေးမွေးဧည့်ခံရန်ရည် ရွယ်၍ သတ်ဖြတ်ခြင်းဖြစ်သည်'ဟု တစ်ဆင့်စကားကြားရလျှင်လည်း ထိုအသားငါးကို မစားသုံးသင့်ပါ။ မမြင်ရ၊ မကြားရသော်လည်း 'မိမိအတွက် သတ်ဖြတ်၍ကျွေးမွေး လေသလား'ဟု ယုံမှားသံသယဖြစ်လျှင်လည်း ထိုအသားငါးကို မစားသုံးသင့်ပါ။ မြတ်စွာဘုရားရှင်သည် တပည့်သားရဟန်းတော်များအား အစားအစာကို မှီဝဲသုံးဆောင် ခါနီးတိုင်း ဉာဏ်ပညာဖြင့်ဆင်ခြင်လျက် တဏှာ–လောဘ မပါဝင်စေဘဲ သုံးဆောင်ရန် 'အပစ္စဝေက္ခဏပဋိပဒါ'သုတ်တွင် ညွှန်ပြပါသည်။

www.dhammadownload.com

ဆွမ်း၌ဆင်ခြင်ပုံ

ဤသည့်စားဖွယ်၊ အမယ်မယ်ကို၊ မြူးရယ်မာန်ကြွ၊ လှပရေဆင်း၊ ပြည့်ဖြိုးခြင်းငှာ၊ မသုံးပါဘူး၊ လေးဖြာစာတ်ဆောင်၊ ဤကိုယ်ကောင်သည်၊ ရှည်အောင်တည်လျက်၊ အသက်မျှတန်း၊ မဓောပန်းငြား၊ ဘုရားသာသနာ၊ ကျင့်နှစ်ဖြာကို၊ ကျင့်ပါနိုင်စေ၊ ဝေဒနာဟောင်း–သစ်၊ မဖြစ်စေရ၊ ယာပိုက်မျှလစ်၊ ခပ်သိမ်းပြစ်ကို၊ မဖြစ်လေအောင်၊ ချမ်းမြေ့အောင်ဟု၊ သုံးဆောင်မှီဝဲပါသတည်း။

နာမ်အာဟာရ ၃–ပါး (အာ–လွှန်လွှန်ကဲကဲ၊ ဟာရ–ဆောင်ထား၊)

အာဟာရသည် အကျိုးတရားများ ပြိုလဲမသွားအောင် လွှန်လွှန်ကဲကဲ ဆောင်ထား ထိန်းထားသော အကြောင်းတရားကို ခေါ်ပါသည်။ 'သဗ္ဗေသတ္တာ အာဟာရဋ္ဌိတိကာ' အရ အစာ–အာဟာရသာယူပါလျှင် မပြည့်စုံနိုင်သေးပါ။ ဗြဟ္မာများ၊ အချို့သောနတ်၊ ပြိတ္တာ၊ ငရဲသားတို့အတွက် ၎င်းတို့အသက်ရှင်နေမှု၏ ဆိုင်ရာအကြောင်းတရားကိုသာ ယူရပါမည်။ အစာစားသောသတ္တဝါများအတွက် အစားအစာ–အာဟာရ–ဩဇာရုပ်နှင့် အစာမစားသောသတ္တဝါများအတွက် အာဟာရဆိုသောအကြောင်းတရား နာမ်အာဟာရ–ဖဿ, စေတနာ, ဝိညာဉ်ဟူ၍ ၃–ပါးဟူ၍ယူလျှင် အစိပ္ပါယ်ခြုံငုံမိပါသည်။

'အရူပိနော အာဟာရာ သမ္ပယုတ္တကာနံ ခန္ဓာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ'

ဖဿ, စေတနာ, ဝိညာဉ်ဟူသော နာမ်အာဟာရ ၃–ပါးသည် ယှဉ်ဘက်တရားနှင့် ထိုယှဉ်ဘက်တရားကြောင့်ဖြစ်သော စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်တို့ကို ကျေးဇူးပြုပါသည်။

* 'ဖဿပစ္စယာ ဝေဒနာ' အရ– ဖဿာဟာရသည် ဝေဒနာ ၃–မျိုးကို ဖြစ်အောင် ဆောင်ရွက်ပါသည်။ ဖဿအားကောင်းလေလေ ဝေဒနာအားကောင်းလေလေ ဖြစ်ပါသည်။ သုခစသည်ကိုဖြစ်စေသောဖဿကြောင့် သုခဝေဒနာစသည် ဖြစ်ပါသည်။ 'ဖဿ'၏ လွှန်လွှန်ကဲကဲစွမ်းဆောင်နိုင်သော အကြောင်းတရားကြောင့်ဖြစ်လာသော ဝေဒနာပေါ်မှာ ရှုမှတ်စိတ်လေးကို တည့်တည့်လေးချထားပြီး ဝေဒနာ၏သဘော တရားကို 'စူးစူးစိုက်စိုက် စေ့စေ့စပ်စပ် စိပ်စိပ်ရှုမှတ်'လျှင် ဝေဒနာသည်လည်း မမြဲ၊ ရှုမှတ်နေသော မှတ်သိစိတ်သည်လည်း 'မမြဲသော–အနိစ္စ၊ ဆင်းရဲသော–ဒုက္ခ၊ အစိုး မရသော–အနတ္တ'တရားများကို သမ္မာဉာဏ်ဖြင့်ရှုမှတ်ရန် ဟောကြားတော်မူပါသည်။

www.dhammadownload.com

* စေတနာသည် ကုသိုလ်, အကုသိုလ် စေတနာအာဟာရ= သင်္ခါရ ဖြစ်ပါသည်။ သင်္ခါရပစ္စယာ ဝိညာဏံအရ ဆောင်ထား, ထောက်ပံ့ထားသော ဘဝ ၃-ပါးတို့၏ 'မမြဲသော-အနိစ္စ၊ ဆင်းရဲသော-ဒုက္ခ၊ အစိုးမရသော-အနတ္တ'တရားများကို သမ္မာဒိဋ္ဌိသတိဖြင့်ရှုမှတ်ရန် ဟောကြားတော်မူပါသည်။

* ဝိညာဏပစ္စယာ နာမရူပံအရ- ဝိညာဏာဟာရ(ဝိညာဉ်)သည် နာမ်-ရုပ်စသည်တို့ကို တိုးပွားစေကာ ခန္ဓာအစဉ်မပျက်အောင် ဆောင်ထား,ထောက်ပံ့ ထားပါသည်။ ထို ခန္ဓာအစဉ်တို့ကို အခြေခံပြုပြီး 'ရုပ်၊ နာမ်၊ ခန္ဓာ၊ အာယတန၊ ဓာတ်၊'ဆိုသည့် ပရမတ္ထတရားများ၏ ခဏမစဲ တသဲသဲ 'မမြဲသော-အနိစ္စ၊ ဆင်းရဲသော-ဒုက္ခ၊ အစိုးမရသော-အနတ္တ'တရားများကို သမ္မာဒိဋ္ဌိသတိဖြင့်ရှုမှတ်ရန် ဟောကြားတော်မူပါသည်။

ပဋ္ဌာန်း အာဟာရပစ္စည်း မေတ္တာပို့ ဆုတောင်းဘုရားရှိခိုး

အာဟာရပစ္စယော- သတ္တဝါအားလုံး ရရှိထားကြသော ရုပ်,နာမ် ခန္ဓာကြီးအား မကောင်းသော ရုပ်အာဟာရဩဇာဓာတ်များ၊ မကောင်းသော နာမ်အာဟာရဓာတ်များဖြင့် အထောက်အပံ့ မပြုကြဘဲ၊ ကောင်းမြတ်သော ရုပ်,နာမ်အာဟာရဓာတ်တို့ဖြင့်သာ အထောက်အပံ့ပြုဖြစ်ကြ၍ နိဗ္ဗာန်ကို လွယ်ကူစွာမျက်မှောက် ပြုနိုင်ကြပါစေ။

ကိုယ် စိတ် အာဟာရ၊ လွန်ပြည့်ဝ၊ သုခ ပွားရန်ဖြစ်စေသော်

အာဟာရပစ္စယော- မယိမ်းမယိုင်၊ ခိုင်စေသောအား၊ ထောက်သည့်ကျားသို့၊ နှစ်ပါး ရုပ်နာမ် သဟဇနှင့်၊ လေးတန်ကြောင်းအင်၊ ရုပ်အစဉ်ကို၊ မပြိုမကျ၊ မလဲရအောင်၊ ထောက်ပံ့သောအား၊ ကျေးဇူးများသော၊ နာမ်အာဟာရသုံးပါး။ ဩဇာဟူသော ရုပ်အာဟာရပစ္စည်းတရားသည်၊ အတ္ထိ- ပုဂ္ဂိုလ်,သတ္တဝါ၊ သူငါမနော၊ တရားသဘောသာ၊ ထင်ရှားရှိပါပေသည်တကား။

က္လတိ- ဤသို့၊ ဗောဓေန္တိ- သဗ္ဗညုတာ၊ ဉာဏ်တော်သာဖြင့်၊ ဦးစွာကျွန၊ သိပြီးမှလျှင်၊ များလှဝေနေ၊ သိစေတော်မူသော၊ မြတ်စွာဘုရားကို၊ ဝန္ဒာမိ- ဂုဏ်တော်ထုံမွှမ်း၊ ပုံတော်မှန်းလျက်၊ ချီးမွမ်းထောမနာ၊ ပဏာရိုကျိုး၊ လက်စုံမိုး၍၊ ရှိခိုး ကန်တော့ပါ၏ ဘုရား။

UK-2020(COVID-19)

အာဟာရပစ္စည်း ပြီး၏။

www.dhammadownload.com

"နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"

၁၆။ ဣန္ဒြိယပစ္စည်း

ဣန္ဒြိယမည်ခြင်းအကြောင်း

ဣန္ဒြိယ = ပစ္စယုပ္ပန်တရားတို့ကို မိမိသို့အစဉ်လိုက်စေခြင်းဟုဆိုအပ်သော အစိုးရသည် အဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရား။

စစ်သူကြီးသည် စစ်တပ်ကိုအစိုးရသကဲ့သို့ ဆိုင်ရာရုပ်,နာမ်တို့အား အစိုးရသော ရုပ်ဣန္ဒြေ၊ နာမ်ဣန္ဒြေတို့သည် ဣန္ဒြိယပစ္စည်း မည်ပါသည်။

အဓိပတိနှင့်ဣန္ဒြိယ အထူး

* အဓိပတိသည် ပြိုင်ဘက်မရှိ ဘုန်းကံကြီးမားသော စကြာဝတေးမင်းနှင့် တူသည်။ ဣန္ဒြိယမှာ ပဒေသရာဇ်မင်းနှင့် တူပါသည်။ (တစ်နည်း)
အဓိပတိသည် ရှင်ဘုရင်နှင့်တူ၍၊ ဣန္ဒြိယသည် မှူးမတ်အရာရှိများနှင့် တူပါသည်။
* အဓိပတိပစ္စည်းတွင် တရားကိုယ်နှစ်ပါးတွဲ၍ မရဘဲ၊
ဣန္ဒြိယပစ္စည်းတွင် နာမ်ဣန္ဒြေအများယှဉ်တွဲ၍ ရပါသည်။
* ဣန္ဒြေတစ်ခု၏ကိစ္စကို တစ်ပါးသောဣန္ဒြေများက အကူအညီ ပေးကြပါသည်။
ဤသို့ ထူးကြပါသည်။

အာဟာရ၏အခြားမဲ့၌ ဣန္ဒြိယပစ္စည်း ဟောရခြင်း

ဘုရားရှင်သည် အာဟာရပစ္စည်းဖြင့် အချို့ကုန်သောပစ္စည်းတရားတို့၏ ဥပတ္ထမ္ဘက အဖြစ်ကိုပြတော်မူ၏။ ထိုတရားတို့အား အာဟာရသတ္တိဖြင့်သာလျှင် ကျေးဇူးပြုလေသလော၊ ထိုသို့မဟုတ် တစ်ပါးသောတရားတို့အား တစ်ပါးသောအခြင်းအရာအားဖြင့် ကျေးဇူးပြုလေသလော-ဟု ယုံမှားသင်္ကာဖြစ်ဖွယ်ရှိ၍ ထိုယုံမှားသင်္ကာကို ပယ်ဖျောက် ခြင်းအကျိုးငှာ အာဟာရ၏အခြားမဲ့၌ ဣန္ဒြိယပစ္စည်းကို ဟောတော်မူပါသည်။

[ပဋ္ဌာနသာရဒီပနီဋီကာ]

[ဣန္ဒြိယပစ္စည်းတွင် ဇနကသတ္တိ၊ ဥပတ္ထမ္ဘကသတ္တိတို့သာမက ရူပဇီဝိတိန္ဒြိယပစ္စည်းသည် ပစ္စယုပ္ပန်တရားများကို အစဉ်မပြတ်စောင့်ရှောက်မှုကိစ္စအားဖြင့် အနုပါလနသတ္တိဖြင့်လည်း ကျေးဇူးပြုပါသည်။]

www.dhammadownload.com

အမျိုးဇာတ်၊ ကာလ၊ ဘုံဌာန

- ကမ္မဇိန္ဒြိယပစ္စည်း ၃–ပါးတို့တွင်– 'သဟဇာတိန္ဒြိယပစ္စည်း'သည် သဟဇာတအမျိုးဇာတ်၊ 'ဝတ္ထုပုရေဇာတိန္ဒြိယပစ္စည်း'သည် ဝတ္ထုပုရေဇာတအမျိုးဇာတ်၊ 'ရူပဇီဝိတိန္ဒြိယပစ္စည်း' သည် 'ရူပဇီဝိတိန္ဒြိယအမျိုးဇာတ်ဖြစ်၍၊ မျိုးကွဲရှိသောပစ္စည်း ဖြစ်ပါသည်။
- ကမ္မဇိန္ဒြိယပစ္စည်းသည် ပဋိသန္ဓေကာလ, ပဝတ္တိကာလ နှစ်ပါးလုံးတို့၌ ဖြစ်သည်။ ပစ္စုပ္ပန်,အတိတ်,အနာဂတ် ကာလသုံးပါးတို့တွင် ပစ္စုပ္ပန်ကာလ၌ ဖြစ်ပါသည်။
- ကမ္မဇိန္ဒြိယပစ္စည်းသည် ၃၁–ဘုံလုံး၌ ဖြစ်နိုင်ပါသည်။ (တစ်နည်း) 'ဝတ္ထုပုရေဇာတိန္ဒြိယ' သည် ပဉ္စဝေါကာရ ၂၆–ဘုံ၌သာဖြစ်ပြီး၊ 'ရူပဇီဝိတိန္ဒြိယပစ္စည်း'သည် ပဉ္စဝေါကာရ၊ ဧကဝေါကာရအားဖြင့် ၂၇–ဘုံနှင့် 'သဟဇာတိန္ဒြိယပစ္စည်း'သည် ပဉ္စဝေါကာရ၊ စတုဝေါကာရအားဖြင့် ဘုံ–၃၀ တို့၌ ဖြစ်ပါသည်။

ဣန္ဒြေ ၂၂–ပါး ဟောပုံအစဉ်

* အဇ္ဈတ္တဓမ္မကို ပိုင်းခြား၍သိမှသာ အရိယာဘုံသို့ ရောက်နိုင်သဖြင့် အတ္တဘောမှာ အကျုံးဝင်သော စက္ခုန္ဒြေစသော ၅–ပါးကို ရှေးဦးစွာ ဟောပါသည်။
* ထို့နောက် မနိန္ဒြေကို ဟောပါသည်။
* ထို့နောက် အတ္တဘော၌ မိန်းမ,ယောကျ်ားဟုခေါ်ရသည့်အကြောင်းကြောင့် ဘာဝိန္ဒြေ ၂–ပါး၊
* ထို့နောက် ဇီဝိတိန္ဒြေ၊
* ထို့နောက် ဇီဝိတိန္ဒြေမပြတ်ဆဲသေးသမျှ ဒုက္ခစသည့်ဝေဒနာ ဝေဒနိန္ဒြေ ၅–ပါး၊
* ထို့နောက် ဝေဒနာချုပ်အောင် ပွားများရသည့် သဒ္ဓိန္ဒြေစသော ဣန္ဒြေ ၅–ပါး၊
* ထို့နောက် အကျင့်၏အချည်းနှီးမဟုတ်ကြောင်းပြ၍ ပညိန္ဒြေအဆင့်ဆင့်ကိုဟောပြီး ထို့နောက် ရှေးဦးစွာ သောတာပတ္တိမဂ်ဉာဏ်ဖြစ်သော အနညာတညဿာမိတိန္ဒြေ၊ ထို့နောက် အနညာတညဿာမိတိန္ဒြေ၏ အခြားမဲ့မှာ ပွားစေအပ်၍ အညိန္ဒြေ၊ ထို့နောက် အညိန္ဒြေကိုတစ်ဖန်ပွား၍ အရဟတ္တဖိုလ်ရပြီး ပြုဖွယ်ကိစ္စမရှိတော့ကြောင်း ကိုပြရန် အညာတာဝိန္ဒြေကို နောက်ဆုံး ဟောတော်မူပါသည်။

ကမ္မဇိန္ဒြိယပစ္စည်း ၃–ပါးဖြစ်လာပုံနှင့် ရုပ်ဇီဝိတိန္ဒြေကို သီးခြားဟောပုံ

ဣန္ဒြေ ၂၂–ပါး၊ တရားကိုယ် ၁၆–ပါးရှိရာတွင်

* နာမ်ဣန္ဒြေ ၈–ပါးကို – 'သဟဇာတိန္ဒြိယပစ္စည်း၊'
* ပသာဒိန္ဒြေ ၅–ပါးကို – 'ဝတ္ထုပုရေဇာတိန္ဒြိယပစ္စည်း၊'
* ရုပ်ဇီဝိတိန္ဒြေကို – 'ရူပဇီဝိတိန္ဒြိယပစ္စည်း'ဟူ၍ သီးခြားဟောပါသည်။

www.dhammadownload.com

◉ အကြောင်းမှာ ရုပ်ဇီဝိတိန္ဒြေသည် တကွဖြစ်ဖက် ကလာပ်တူကမ္မဇရုပ်များအား ကျေးဇူးပြုရာ၌ နာမ်ဣန္ဒြေများကဲ့သို့ ဥပါဒ်အခိုက်၌ အထင်အရှား ကျေးဇူးမပြုနိုင်ပါ။ ဌီအခိုက် စိတ္တက္ခဏ ၄၉–ချက်မှသာ စောင့်ရှောက်မှု၊ အစိုးရမှုနှင့် ကျေးဇူးပြုနိုင်ပါသည်။ ဥပါဒ်အခိုက်၌ဖြစ်စေမှုအားဖြင့် ကျေးဇူးမပြုနိုင်ဘဲ သဟဇာတသဘော မရှိသဖြင့် (သဟဇာတိန္ဒြိယ)တွင်မပါနိုင်သောကြောင့် သီးခြားထုတ်၍ဟောရပါသည်။ ပသာဒိန္ဒြေကဲ့သို့ မှီရာဝတ္ထု(ပုရေဇာတိန္ဒြိယ)၌လည်း မပါဝင်ပါ။

ဥပမာ– ကြာရိုး၌ရှိသောရေသည် ကြာကိုစောင့်သကဲ့သို့ ရုပ်ဇီဝိတိန္ဒြေသည် မိမိနှင့် ကလာပ်တူကမ္မဇရုပ်တို့ကို စောင့်ရှောက်ခြင်း၊ အစိုးရခြင်းလက္ခဏာ အနုပါလနသတ္တိ ရှိပါသည်။

? ဣတ္ထိန္ဒြေ၊ ပုရိသိန္ဒြေတို့ကို ပဋ္ဌာန်း၌ မဟောရခြင်းအကြောင်း

(ဣတ္ထိလိင်္ဂ၊ ဣတ္ထိနိမိတ္တစသည့်) မိန်းမ၊ ယောက်ျားအသွင် စသည်တို့သည် ဣတ္ထိဘာဝရုပ်စသည် ဣတ္ထိဘာဝရုပ်၏အာနုဘော်ကြောင့်ဖြစ်ပေါ်လာပြီး၊ ဘာဝရုပ်များ၏ စွမ်းရည်နှင့်စီမံမှုတို့ကြောင့် မိန်းမအသွင်စသောသဘောတရားများ ရှိကြပါသည်။

ဘာဝရုပ်များက ၎င်းတို့ကိုအစိုးရမှုသဘောရှိ၍ ဣန္ဒြေထိုက်ကြ၏။ ကာမပုဂ္ဂိုလ်များ ပဋိသန္ဓေစိတ်ဥပါဒ်သည်နှင့် ဘာဝရုပ်များ ဖြစ်ကြပါသည်။ ကာယဒသကကလာပ်၊ ဘာဝဒသကကလာပ်၊ ဝတ္ထုဒသကကလာပ်ရုပ်များဖြစ်ကြသော်လည်း၊ မိန်းမအသွင် စသည်ဖြင့် မဖြစ်ကြသေးပါ။ ထို့ကြောင့် ဘာဝရုပ်သည် မိမိနှင့်ကလာပ်တူ ၉–ခုအား လည်းကောင်း၊ အခြားကလာပ်အားလည်းကောင်း၊ မိန်းမအသွင်စသည်ဖြင့် ထင်ရှားရှိစေ၍ အစိုးမရသဖြင့် ဣန္ဒြိယပစ္စည်း မတပ်ပါ။

(တနည်း၊)

ပဋ္ဌာန်းနည်း၌ အနန္တရစသောပစ္စည်းများကို ဖြစ်စေမှုကျေးဇူးပြုသော ဇနကသတ္တိ၊ ပစ္ဆာဇာတပစ္စည်းများကဲ့သို့ ပစ္စယုပ္ပန်တရားများကို တည်တံ့ကြီးပွားစေမှုဖြင့်ကျေးဇူးပြုသော ဥပတ္ထမ္ဘကသတ္တိ၊ ရူပဇီဝိတိန္ဒြိယပစ္စည်းများကဲ့သို့ ပစ္စယုပ္ပန်တရားများကိုအစဉ် မပြတ်စောင့်ရှောက်မှုကိစ္စအားဖြင့်ကျေးဇူးပြုသော အနုပါလနသတ္တိဟု သတ္တိ ၃–မျိုး ရှိပါသည်။ ဘာဝိန္ဒြေ ၂–ပါးသည် ထိုသတ္တိ ၃–မျိုးအနက် မည်သည့်သတ္တိနှင့်မျှ မပြီးစေနိုင်သဖြင့် ဣန္ဒြေ မထိုက်။

(ကလလရေကြည်ဟုဆိုအပ်သော ပဋိသန္ဓေတည့်စ၌ ဣတ္ထိလိင်္ဂစသည့် မထင်ရှား၍ မဟောပါ။)

(သုတ္တန်နည်းတွင်– ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုနိုင်ကြ၏။)

www.dhammadownload.com

ဣန္ဒြေတရား ၂၂-ပါး

ဣန္ဒြေတရား			အဓိပ္ပါယ် (အစိုးရသောတရား)	တရားကိုယ်
၁	စက္ခုန္ဒြေ		မြင်သိမှု၌ (စက္ခုဝိညာဏ်စသည်ကို) အစိုးရသောတရား၊	စက္ခုပသာဒ
၂	သောတိန္ဒြေ		ကြားသိမှု၌ (သောတဝိညာဏ်စသည်ကို) အစိုးရသောတရား၊	သောတပသာဒ
၃	ဃာနိန္ဒြေ		နံသိမှု၌ (ဃာနဝိညာဏ်စသည်ကို) အစိုးရသောတရား၊	ဃာနပသာဒ
၄	ဇိဝှိန္ဒြေ		စားသိမှု၌ (ဇိဝှါဝိညာဏ်စသည်ကို) အစိုးရသောတရား၊	ဇိဝှာပသာဒ
၅	ကာယိန္ဒြေ		ထိသိမှု၌ (ကာယဝိညာဏ်စသည်ကို) အစိုးရသောတရား၊	ကာယပသာဒ
၆	ဣတ္ထိန္ဒြေ		အမ (ဣတ္ထိလိင်) သဘာဝဖြစ်မှု၌ အစိုးရသောတရား၊	ဣတ္ထိဘာဝရုပ်
၇	ပုရိသိန္ဒြေ		အထီး(ပုရိသလိင်) သဘာဝဖြစ်မှု၌ အစိုးရသောတရား၊	ပုရိသဘာဝရုပ်
၈	ဇီဝိတိန္ဒြေ(ရုပ်) (နာမ်)		ရုပ်ခန္ဓာ အစဉ်မပြတ်အောင် စောင့်ရှောက်မှု၌အစိုးရသောတရား နာမ်ခန္ဓာအစဉ်မပြတ်အောင်စောင့်ရှောက်မှု၌အစိုးရသောတရား၊	(ရုပ်) ဇီဝိတ (နာမ်) ဇီဝိတ
၉	မနိန္ဒြေ		အာရုံသိမှု၌ ယှဉ်ဘက်တရားတို့ကို အစိုးရသောတရား၊	စိတ်(၈၉/၁၂၁)
၁၀	သုခိန္ဒြေ		ဖောဋ္ဌဗ္ဗာရုံ၏ ဣဋ္ဌ-အရသာကိုခံစားမှု၌ အစိုးရသောတရား၊	ဝေဒနာ(သုခ)
၁၁	ဒုက္ခိန္ဒြေ		ဖောဋ္ဌဗ္ဗာရုံ၏ အနိဋ္ဌ-အရသာကိုခံစားမှု၌ အစိုးရသောတရား၊	ဝေဒနာ(ဒုက္ခ)
၁၂	သောမနဿိန္ဒြေ		စိတ်၌ဖြစ်သော ဝမ်းမြောက်ခြင်းကိုခံစားမှု၌အစိုးရသောတရား၊	ဝေဒနာ(သော)
၁၃	ဒေါမနဿိန္ဒြေ		စိတ်၌ဖြစ်သော မသာယာဖွယ်ကိုခံစားမှု၌ အစိုးရသောတရား၊	ဝေဒနာ(ဒေါ)
၁၄	ဥပေက္ခိန္ဒြေ		ဝမ်းသာဝမ်းနည်းမရှိအလယ်အလတ်ခံစားမှု၌အစိုးရသောတရား၊	ဝေဒနာ(ဥ)
၁၅	**သဒ္ဓိန္ဒြေ**	ဝိပဿနာအတွက်	ကုသိုလ်အာရုံတွင် ကြည်လင်စေမှု၌ အစိုးရသောတရား၊	သဒ္ဓါ
၁၆	**ဝီရိယိန္ဒြေ**		သမ္ပယုတ်တရားတို့ခိုင်ခံ့စေရန်အားထုတ်မှု၌အစိုးရသောတရား၊	ဝီရိယ
၁၇	**သတိန္ဒြေ**		ကုသိုလ်အာရုံတွင် အမှတ်ရအောက်မေ့မှု၌ အစိုးရသောတရား၊	သတိ
၁၈	**သမာဓိန္ဒြေ**		တစ်ခုတည်းသောအာရုံတွင်တည်ငြိမ်စေမှု၌အစိုးရသောတရား၊	ဧကဂ္ဂတာ
၁၉	**ပညိန္ဒြေ**		အာရုံ၏သဘောအမှန်ကို ထိုးထွင်းသိမှု၌ အစိုးရသောတရား၊	ပညာ
၂၀	အနညာတညဿမိတိန္ဒြေ		သောတာပတ္တိမဂ် နှင့်ယှဉ်သော အာရုံ၏သဘောအမှန်ကို ထိုးထွင်းသိမှု၌ အစိုးရသောတရား၊	ပညာ
၂၁	အညိန္ဒြေ		အထက်သုံးမဂ်, အောက်သုံးဖိုလ် နှင့်ယှဉ်သော အာရုံ၏ သဘောအမှန်ကို ထိုးထွင်းသိမှု၌ အစိုးရသောတရား၊	ပညာ
၂၂	အညာတာဝိန္ဒြေ		အရဟတ္တဖိုလ် နှင့်ယှဉ်သောထိုးထွင်းသိမှု၌အစိုးရသောတရား၊	ပညာ

ဒွါရ ငါးလီ, ဣတ် ပု ဇီ၊ မနိ , ဝေ ငါးခု၊ သဒ်, ဝိ, သ, မာ၊ ပဉ် လေးဖြာ၊ ဣန္ဒြေ ဣန်အစု။
သောတာ မဂ်မှာ အနညာ၊ ဆုံးမှာ အညာဝိ၊ လောကုတ်အလယ်ခြောက်ခုဝယ် အလယ် အညိ သိ။

ဣန္ဒြေ ၂၂-ပါးရှိသော်လည်း ဝေဒနာ ၅-ဌာန, ပညာ ၄-ဌာန ပါဝင်ပြီး၊ ဇီဝိတိန္ဒြေ၏တရားကိုယ်သည် ရုပ်ဇီဝိတနှင့် နာမ်ဇီဝိတအားဖြင့် ၂-မျိုးဖြစ်သောကြောင့် စုစုပေါင်းတရားကိုယ်သည် ၁၆-ပါး ရှိပါသည်။

www.dhammadownload.com

(၁) ဝတ္ထုပုရေဇာတိန္ဒြိယပစ္စည်း

ဝတ္ထုပုရေဇာတိန္ဒြိယသည် မှီရာဝတ္ထုလည်း ဖြစ်ရမည်။ ပစ္စယုပ္ပန်တရားမဖြစ်မီ ရှေးကလည်း ပစ္စုပ္ပန်အနေအားဖြင့် ထင်ရှားဖြစ်နေရပါမည်။ ဆိုင်ရာအသီးသီးသော ကိစ္စဖြင့်လည်း အစိုးရသောပစ္စည်းသည် 'ဝတ္ထုပုရေဇာတိန္ဒြိယပစ္စည်း' မည်ပါသည်။ ဥပမာ– ဝေတရဋ္ဌအစရှိသောနတ်မင်းကြီးလေးပါးတို့သည် အချင်းချင်း၏ဂုဏ်ကို မဟာန့်တားကြဘဲ ဆိုင်ရာ(ဂန္ဓဗ္ဗနာ်,ယက္ခ)စသည်တို့ကို အုပ်စိုးကြသကဲ့သို့ စက္ခုပသာဒက ဒဿနကိစ္စဖြင့် မိမိကိုမှီသော စက္ခုဝိညာဉ်ကို အစိုးရ၏။ စက္ခုပသာဒ အားနည်းလျှင် စက္ခုပသာဒကိုမှီသော စက္ခုဝိညာဉ်သည်လည်းအားနည်း၍ မျက်စိမှုန်ခြင်းဖြစ်ပါသည်။ ထို့အတူ သောတပသာဒစသည်ကလည်း သဝနကိစ္စစသည်ဖြင့် မိမိကိုမှီသောဝိညာဉ် စသည်ကို အစိုးရကြပါသည်။

ပစ္စည်း(ကတ္တား)	ပစ္စယုပ္ပန်(သမ္ပဒါန်)	သဘာဂ(ကရိုဏ်း)
မဇ္ဈိမာယုကဖြစ်၍ အတီတဘဝင်နှင့် ဥပါဒ်ပြိုင်သော ပဉ္စန္ဒြေ	ဒွေပဉ္စဝိညာဏ်–၁၀	(ပြိုင် ၆) နိ,ပု,ဣ, ဝိပ်,အတ်,အဝိ

ဝတ္ထုပုရေဇာတိန္ဒြိယပစ္စည်း၏ သုဒ္ဓသရုပ်ဝါရည္ဘ်– ဒွေပဉ္စဝိညာဉ်တစ်ဆယ်အားတပ်သော မဇ္ဈိမာယုကဖြစ်၍ အတီတဘဝင်နှင့်ဥပါဒ်ပြိုင်သော ပဉ္စန္ဒြေ။ ဤတရားတို့သည် ဝတ္ထုပုရေဇာတိန္ဒြိယပစ္စည်းတတ်သောတရားတို့ မည်ကုန်၏။ ပစ္စည်းရေ ၆–ဟူသည်တည်း။ ပစ္စည်းရေ ၆–ဟူသည်ကား နိဿယ၊ ပုရေဇာတ၊ ဣန္ဒြိယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဟူသည်တည်း။

အဋ္ဌကထာဆရာက– ဝတ္ထုရုပ် ၅–ပါးသည် ရှေ့ကဖြစ်နှင့်ပြီး ပစ္စယုပ္ပန် ဝိညာဏဓာတ် ၅–ပါးကို ဥပါဒ်မှ ဘင်တိုင်အောင် ဣန္ဒြိယသတ္တိဖြင့် ကျေးဇူးပြုသည်ဟုဆိုရာတွင် 'ဘင်တိုင်အောင်'အရ ဘင်ကိုမယူဘဲ **'ဌီ'**ကိုသာ ယူရပါသည်။ ဘင်ခဏ၌ ပစ္စယုပ္ပန် တရားများတို့ ချုပ်နေသဖြင့် ကျေးဇူးမပြုနိုင်ပါ။

? အဘယ်ကြောင့် ဟဒယဝတ္ထုသည် ဝတ္ထုပုရေဇာတိန္ဒြိယ မဖြစ်ပါသနည်း။

* ဟဒယဝတ္ထုသည် ပဉ္စဝတ္ထုကဲ့သို့ရှေးကဖြစ်နှင့်ပြီး မနောဓာတ်၊ မနောဝိညာဏဓာတ် တို့၏မှီရာဖြစ်သော်လည်း မှီရာဝိညာဉ်ကို ထက်အောင်/နုံ့အောင်ပြုခြင်းငှာ မစွမ်းပါ။

* ပဉ္စဝတ္ထုနှင့် ရူပါရုံတို့သည် အခံဓာတ်၊ အတိုက်ဓာတ်တို့ ဖြစ်နေကြပါသည်။ စက္ခုဒွါရနှင့် ရူပါရုံတို့တိုက်၍ စက္ခုဝိညာဉ်ဖြစ်၏။ စက္ခုဝိညာဉ်သည် စက္ခုဝတ္ထုကို မှီ၍ ဖြစ်၏။ စက္ခုဝတ္ထုသည် စက္ခုဝိညာဉ်ကို အစိုးရပါသည်။

www.dhammadownload.com

* ဓမ္မာရုံနှင့် စက္ခုဝိညာဉ်သည် အခံဓာတ်၊ အတိုက်ဓာတ် မဟုတ်။ ဓမ္မာရုံသည် မနောဒွါရ၌သာခိုက်၍ မနောအကြည်မှာသာ ပေါ်ရ၏။ ဟဒယဝတ္ထုသည် ဒွါရ မထိုက်သောကြောင့် မှီရာသာဖြစ်၍ အစိုးမရ။ ဝတ္ထုပုရေဇာတိန္ဒြိယ မဖြစ်ပါ။

ပုရေဇာတ ထိုက်/မထိုက်သော ဟဒယဝတ္ထု

* နိရောဓသမာပတ်ထခါနီး ရှေ့စိတ္တက္ခဏတစ်ချက်ခန့်ကာလ၌ဖြစ်သော ဟဒယဝတ္ထုရုပ်ကိုမှီ၍ နိရောဓသမာပတ်ထသောအခါ စိတ်,စေတသိက်များ ပြန်၍ဖြစ်ပေါ်ကြသည်။ ထိုဟဒယဝတ္ထုသည် ဝတ္ထုပုရေဇာတပစ္စည်း ထိုက်ပါသည်။

* နိရောဓသမာပတ်ဝင်စားစဉ် ဟဒယဝတ္ထုသည် ထိုဟဒယဝတ္ထုကိုမှီမည့် စိတ်, စေတသိက်များ ချုပ်နေခြင်းကြောင့် ဝတ္ထုပုရေဇာတပစ္စည်း မထိုက်ပါ။

ဟဒယဝတ္ထု ၃–မျိုး အထူး

(၁) သဟဇာတ ဟဒယဝတ္ထု – ပဋိသန္ဓေကာလ၌သာ ဖြစ်သည်။

(၂) ပုရေဇာတ ဟဒယဝတ္ထု – ပဝတ္တိကာလ၌သာ ဖြစ်သည်။(ပုရေ=ပဝတ်,ပဋိစေ)

(၃) ဝတ္ထာရမ္မဏ ဟဒယဝတ္ထု – သေခါနီးကာလ၌သာ ဖြစ်သည်။

(၂) ရူပဇီဝိတိန္ဒြိယပစ္စည်း

သတ္တဝါတို့၏သန္တာန်၌ အတိတ်ကံကြောင့် ကမ္မဇရုပ်များဖြစ်ကြရာ ထိုရုပ်များ အသက်ရှည်တည်တံ့နေအောင် အစိုးတရစောင့်ရှောက်သောအားဖြင့် ကျေးဇူးပြုပါသည်။ ပဝတ္တိ၊ ပဋိသန္ဓေအခါ မိမိနှင့်အတူဖြစ်သော ကမ္မဇကလာပ်များ၏ အသက်ရှင်မှု၊ အစဉ်မပြတ်ဆက်လက်ဖြစ်ပွားစေရန် စောင့်ရှောက်မှုကိစ္စအားဖြင့် ကျေးဇူးပြုခြင်းသည် **ရူပဇီဝိတိန္ဒြိယ**ပစ္စည်း၏သတ္တိ ဖြစ်ပါသည်။

ပစ္စည်း(ကတ္တား)	ပစ္စယုပ္ပန်(သမ္ပဒါန်)	သဘာဂ(ကရိုဏ်း)
ရုပ်ဇီဝိတိန္ဒြေ၊	ရုပ်ဇီဝိတိန္ဒြေကြဉ်သော ကလာပ်တူ ကမ္မဇရုပ် ၉–ခု၊	(၁) **ရုပ်ဇီဝိတိန္ဒြေ**

ရူပဇီဝိတိန္ဒြိယပစ္စည်း၏ သုဒ္ဓသချာဝါရ၌ – ရုပ်ဇီဝိတိန္ဒြေကြဉ်သော ကလာပ်တူ ကမ္မဇရုပ် ၉–ခုအားတပ်သော ရုပ်ဇီဝိတိန္ဒြေ၊ ဤတရားတို့သည် ရူပဇီဝိတိန္ဒြိယပစ္စည်း တတ်သောတရားတို့ မည်ကုန်၏။ ပစ္စည်းရေ–၁ ဟူသည်တည်း။

ပစ္စည်းရေ–၁ ဟူသည်ကား ရုပ်ဇီဝိတိန္ဒြေ ဟူသည်တည်း။

www.dhammadownload.com

ရုပ်ရှင်၊ ရုပ်သေ

ရုပ်ဇီဝိတိန္ဒြေ၏ စောင့်ရှောက်အုပ်စိုးမှုရှိနေခြင်းကြောင့် ကမ္မဇရုပ်များသည် အရှင်လို ဖြစ်နေ၍ ရုပ်ရှင်ဟု ခေါ်ဆိုအပ်၏။ ရုပ်ဇီဝိတိန္ဒြေရှိနေ၍သာ ဤကိုယ်ကောင်ကြီးကို အသက်ရှိ၏, 'ရုပ်ရှင်'၏ဟု ထင်မြင်နေကြပါသည်။ ရုပ်ဇီဝိတိန္ဒြေ၏ စောင့်ရှောက်မှု မရှိသော စိတ္တဇရုပ်၊ အာဟာရဇရုပ်၊ ဥတုဇရုပ်များကို 'ရုပ်သေ'ဟု ခေါ်ဆိုအပ်ပေသည်။

အာဟာရဇရုပ်စသည်နှင့် ကမ္မဇရုပ်တို့ကို စောင့်ရှောက်ပုံ ဥပမာ

* အာဟာရဇစသည်ရုပ်များသည် အာဟာရဇစသည်ဖြစ်သောခဏ၌ ထင်ရှား၍ **<u>'အမိ' ထင်ရှားရှိ</u>**သည်နှင့် တူပါသည်။
* ကမ္မဇရုပ်ထင်ရှားဖြစ်သောခဏ၌ ကံသည်ထင်ရှားမရှိတော့၍ 'ဌီကာလ'တစ်လျှောက်လုံး 'ဇီဝိတ'က စောင့်ရှောက်ထားရသဖြင့် '**<u>နို့ထိန်း၏စောင့်ရှောက်မှု</u>**'နှင့် တူပါသည်။

(၃) **သဟဇာတိန္ဒြိယပစ္စည်း** (ဇီဝိတ, စိတ်, ဝေ +သဝိသမိပဉ်) (ကမ္မကြဉ်-၁၄)

မိမိနှင့်အတူတကွဖြစ်သော ရုပ်,နာမ်တရားတို့ကို မိမိတို့ဆိုင်ရာကိစ္စ၌ အစိုးရခြင်း (အုပ်စိုးခြင်း)ပြုသည့်သဘောသည် 'သဟဇာတိန္ဒြိယပစ္စည်း' ဖြစ်ပါသည်။ အစိုးရခြင်း သဘောဆိုသည်မှာ ပစ္စည်းတရားတွေကသာထင်ပေါ်ပြီး ယှဉ်ဘက်ဖြစ်ကြသည့်တရားများမှာ မှေးမှိန်နေကြခြင်း ဖြစ်ပါသည်။

ဥပမာ- ဒုက္ခဝေဒနာဖြစ်နေသောနေရာဌာနမှာ နာမှု-ဒုက္ခသာ ထင်ရှားနေပါသည်။ နာမှု-ဝေဒနာနှင့်ယှဉ်ဘက်ဖြစ်သော စိတ်၊ ဖဿစသည့် စေတသိက်တရားများက မှေးမှိန်၍သာနေသည်နှင့် တူပါသည်။

ပစ္စည်း(ကတ္တား)	ပစ္စယုပ္ပန်(သမ္ပဒါန်)	သဘာဂ
ဇီဝိတ၊ စိတ်၊ ဝေဒနာ၊ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ ဧကဂ္ဂတာ၊ ပညာဟုဆိုအပ်သော နာမ်ဣန္ဒြေတရားကိုယ် ၈-ပါး	စိတ်-၈၉၊ စေ-၅၂၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်၊	(ပြိုင်.ယ.၁၄) ကြီး၊ လတ် ဟေ,မိ,ဟာ,ဈာ,မဂ်

သဟဇာတိန္ဒြိယပစ္စည်း၏ သုဒ္ဓသချာဝါရ၌- သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်<u>အားတပ်သော</u> ဇီဝိတ စိတ် ဝေဒနာ သဒ္ဓါ ဝီရိယ သတိ ဧကဂ္ဂတာ ပညာ ဟုဆိုအပ်သော နာမ်ဣန္ဒြေတရားကိုယ် ၈-ပါး၊ ဤတရားတို့သည် သဟဇာတိန္ဒြိယ ပစ္စည်းတတ်သောတရားတို့ မည်ကုန်၏။ ပစ္စည်းရေ ၁၄-ဟူသည်တည်း။ ပစ္စည်းရေ ၁၄-ဟူသည်ကား ဟေတု၊ အဓိပတိ၊ သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ အာဟာရ၊ ဣန္ဒြိယ၊ ဈာန၊ မဂ္ဂ၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ- ဟူသည်တည်း။

www.dhammadownload.com

* သဒ္ဓိန္ဒြေ– သောတာပတ္တိမင်္ဂ၏ အကြောင်းတရား၊ ရရာရကြောင်း ဦးစီးရှေ့ဆောင်၊

? ဗုဒ္ဓဘာသာဝင်မဟုတ်သူများ တရားအားထုတ်၍ သောတာပန်ဖြစ်နိုင်ပါသလား၊

ဗုဒ္ဓဘာသာဝင်မဟုတ်လျှင် သဒ္ဓါတရား လုံးဝမရှိ။ ဘာသာရေးကို စုံစမ်း သေသသဘောနှင့်သာ အားထုတ်မည်ဆိုလျှင် မင်္ဂ,ဖိုလ်ကို မရနိုင်ပါ။

* ဝီရိယိန္ဒြေ– အားထုတ်လုပ်ကိုင်ရေး သမ္မပ္ပဓာန်တရား ၄–ပါး၏ ဦးစီးရှေ့ဆောင်၊

* သတိန္ဒြေ– မမေ့မလျော့ခြင်း သတိပဋ္ဌာန် ၄–ပါး၏ ဦးစီးရှေ့ဆောင်၊

* သမာဓိန္ဒြေ– တည်ကြည်ရေး ဈာန်,ဝိမောက္ခတရားတို့၏ ဦးစီးရှေ့ဆောင်၊

* ပညိန္ဒြေ– အရိယသစ္စာတရားတို့၏ ဦးစီးရှေ့ဆောင်၊

* ကာယကံ, ဝစီကံ, မနောကံမှုတို့ကို အစိုးရသော ဣန္ဒြေ ၅–ပါး ရှိပါသည်။

– သဒ္ဓိန္ဒြေ၊ သတိန္ဒြေ၊ ပညိန္ဒြေတို့သည် ကောင်းသည့်အမှုကိစ္စ၌သာ အစိုးရပြီး၊

– ဝီရိယိန္ဒြေ၊ သမာဓိန္ဒြေတို့သည် ကောင်း/မကောင်း နှစ်ဌာနတို့၌ အစိုးရပါသည်။

ဣန္ဒြိယပစ္စည်းအရကောက်

ပစ္စည်း(ကတ္တား)	ပစ္စယုပ္ပန်(သမ္ပဒါန်)	သဘာဂ(ကရိုဏ်း)
စက္ခုန္ဒြိယံ ။(ပ)။	**စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ**	(ပြိုင်. ၆) နိ, ပု, ဣ, ဝိပ်, အတ်, အဝိ
မဇ္ဈိမာယုကဖြစ်၍အတီတဘဝင်နှင့် ဥပါဒ်ပြိုင်သော စက္ခုန္ဒြေ၊ မရဏာသန္နအခါစုတိစိတ်မှပြန်၍ ရေသော်(၁၇)ချက်မြောက်သော စိတ်နှင့်အတူဥပါဒ်သော စက္ခုန္ဒြေ	စက္ခုဝိညာဉ်ဒွေ၊ သဗ္ဗစိတ္တ သာဓာရဏစေ ၇–ခု၊	
(သော, ဃာ, ဇိ, ကာယတန် တို့ကို နည်းမှီ၍ သိနိုင်ပါသည်။)		
ရူပဇီဝိတိန္ဒြိယံ	**ကဋတ္တာရူပါနံ**	**ရူပဇီဝိတိန္ဒြိယသတ္တိ**
ရုပ်ဇီဝိတိန္ဒြေ	ရုပ်ဇီဝိတိန္ဒြေကြဉ်သော ကလာပ်တူကမ္မဇရုပ် ၉–ခု	
အရူပိနော ဣန္ဒြိယာ	**သမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ**	(ပြိုင်.ယ.၁၄) ကြီး၊ လတ် ဟေ,ဓိ,ဟာ, ဣံ,ဈာ,မင်
ဇီဝိတ စိတ် ဝေဒနာ သဒ္ဓါ ဝီရိယ သတိ ဧကဂ္ဂတာ ပညာဟုဆိုအပ် သောနာမ်ဣန္ဒြေတရားကိုယ် ၈-ပါး	စိတ်–၈၉၊ စေ–၅၂၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်၊	

www.dhammadownload.com

ဣန္ဒြိယပစ္စည်း အစိုးရပုံ

အကြီးအမှူး အဓိပတိဟူသော အစိုးရခြင်း(ဣဿရိယ) အနက်သဘောကြောင့် 'ဣန္ဒြေ' မည်ပါသည်။

စက္ခုဝိညာဏ်စိတ်စသည်တို့ဖြစ်ပေါ်ရာ၌ စက္ခုစသည်တို့၏ အကြီးအမှူး အစိုးရခြင်းသဘောတို့သည် ထင်ရှားပေါ်လွင်လှပါသည်။ အဘယ်ကြောင့်ဆိုသော် မျက်စိစသည်တို့ထက်မြက်အားကောင်းလျှင် မြင်သိမှုစသည်တို့ကလည်း ထက်မြက်အားကောင်းသောကြောင့်လည်းကောင်း၊ မျက်စိစသည်တို့ နုံ့ညံ့အားနည်းနေလျှင် မြင်သိမှုစသည်တို့ကလည်း နုံ့ညံ့အားနည်းသောကြောင့်လည်းကောင်း ဖြစ်ပါသည်။ ထို့ကြောင့် မြင်သိမှုစက္ခုဝိညာဏ်စသည်တို့ဖြစ်ပေါ်ရာ၌ စက္ခုစသည်တို့သည် အကြီးအမှူး-အဓိပတိဟူသော အစိုးရခြင်းသဘောရှိသောကြောင့် 'ဣန္ဒြေ'(ဣန္ဒြိယ) အမည်ရခြင်း ဖြစ်ပါသည်။

ကိစ္စအားဖြင့် ဝေဖန်ဆုံးဖြတ်ပုံ

စက္ခုန္ဒြေ၏ ကိစ္စ

'စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ဣန္ဒြိယပစ္စယေန ပစ္စယော'ဟု မြတ်စွာဘုရား ဟောတော်မူသောကြောင့် စက္ခုန္ဒြေသည် မိမိ၏အားကောင်းမှု၊ အားနည်းမှုအတိုင်း စက္ခုဝိညာဏ်စသည်တို့ကိုလည်း အားကောင်းအောင်၊ အားနည်းအောင်ပြုခြင်းဟူသော မိမိ၏အခြင်းအရာသို့ အစဉ်လိုက်စေခြင်း (မိမိပုံစံအတိုင်းပြုလုပ်ခြင်း)လုပ်ငန်း (အတ္တာကာရ-အနုဝတ္တာပနကိစ္စ)ကို ဆောင်ရွက်ပါသည်။

မှတ်ချက်။ ။ သောတိန္ဒြေ၊ ဃာနိန္ဒြေ၊ ဇိဝှိန္ဒြေ၊ ကာယိန္ဒြေတို့၏ လုပ်ငန်းကိစ္စသည်လည်း ထို့အတူပင် ဖြစ်ပါသည်။

ဇီဝိတိန္ဒြေ၏ ကိစ္စ

ဇီဝိတိန္ဒြေသည် အတူဖြစ်ဖက်သဟဇာတ်တရားတို့ကို စောင့်ရှောက်ခြင်းလုပ်ငန်း (အနုပါလနကိစ္စ)ကို ဆောင်ရွက်ပါသည်။

(ရုပ်)ဇီဝိတ - ရုပ်ခန္ဓာအစဉ် မပြတ်အောင် စောင့်ရှောက်မှု၌အစိုးရသောတရား၊

(နာမ်)ဇီဝိတ - နာမ်ခန္ဓာအစဉ် မပြတ်အောင် စောင့်ရှောက်မှု၌အစိုးရသောတရား၊

မနိန္ဒြေ၏ ကိစ္စ

မနိန္ဒြေသည် အတူဖြစ်ဖက် သဟဇာတ်တရားတို့ကို မိမိအလိုသို့လိုက်စေခြင်းလုပ်ငန်း(ဝသဝတ္တာပနကိစ္စ)ကို ဆောင်ရွက်ပါသည်။

www.dhammadownload.com

သုခိန္ဒြေ၊ ဒုက္ခိန္ဒြေ၊ သောမနဿိန္ဒြေ၊ ဒေါမနဿိန္ဒြေတို့၏ ကိစ္စ

သုခိန္ဒြေ၊ ဒုက္ခိန္ဒြေ၊ သောမနဿိန္ဒြေ၊ ဒေါမနဿိန္ဒြေတို့သည် အတူဖြစ်ဖက် သဟဇာတ်တရားတို့ကို လွှမ်းမိုး၍ မိမိနှင့်ဆိုင်သော ရုန့်ရင်းကြမ်းတမ်းခြင်းစသည် အခြင်းအရာသို့ ရောက်စေခြင်းလုပ်ငန်း (ဩဠာရိက–အာကာရ–အနုပါပနကိစ္စ)ကို ဆောင်ရွက်ပါသည်။

ဥပေက္ခိန္ဒြေ၏ ကိစ္စ

ဥပေက္ခိန္ဒြေသည် ငြိမ်သက်ကောင်းမြတ်သည့် အလယ်အလတ် သဘောရှိသော အခြင်းအရာသို့ရောက်စေခြင်းလုပ်ငန်း (သန္တပဏီတမဇ္ဈတ္တ–အာကာရ–အနုပါပနကိစ္စ) ကိုဆောင်ရွက်ပါသည်။

သဒ္ဓါစသောဣန္ဒြေတို့၏ ကိစ္စ

သဒ္ဓါစသောဣန္ဒြေတို့သည် ဆန့်ကျင်ဘက်တရားတို့ကို လွှမ်းမိုးခြင်းလုပ်ငန်း (ပဋိပက္ခ–အဘိဘဝနကိစ္စ)ကိုလည်းကောင်း၊ ယှဉ်ဖော်ယှဉ်ဖက်တရားတို့ကို ကြည်လင်စေခြင်းစသောအခြင်းအရာတို့နှင့် ပြည့်စုံခြင်းလုပ်ငန်း (ပသန္နာဒိအာကာရ သမ္ပာပနကိစ္စ) ကိုလည်းကောင်း ဆောင်ရွက်ကြပါသည်။

အနညာတညဿာမီတိန္ဒြေ၏ ကိစ္စ

အနညာတညဿာမီတိန္ဒြေသည် သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတပရာမာသ သံယောဇဉ်သုံးပါးတို့ကို ပယ်သတ်ခြင်းလုပ်ငန်း(ပဟာနကိစ္စ)ကိုလည်းကောင်း၊ ယင်း သံယောဇဉ်တို့ကိုပယ်သတ်၍ ယှဉ်ဖော်ယှဉ်ဖက်တရားတို့ကို ရှေးရှုဖြစ်အောင်ပြုလုပ် ခြင်းလုပ်ငန်း (အဘိမုခဘာဝကာရဏကိစ္စ)ကိုလည်းကောင်း ဆောင်ရွက်ပါသည်။

အညိန္ဒြေ၏ ကိစ္စ

အညိန္ဒြေသည် ကာမရာဂ၊ ဗျာပါဒသံယောဇဉ်တို့ကိုခေါင်းပါးအောင် ပယ်သတ် ခြင်းလုပ်ငန်း (တနုကရဏပဟာနကိစ္စ)ကိုလည်းကောင်း၊ အတူဖြစ်ဖက်သဟဇာတ် တရားတို့ကို မိမိအလိုသို့လိုက်စေခြင်းလုပ်ငန်း (ဝသာနုဝတ္တာပနကိစ္စ)ကိုလည်းကောင်း ဆောင်ရွက်ပါသည်။

အညာတာဝိန္ဒြေ၏ ကိစ္စ

အညာတာဝိန္ဒြေသည် ကြောင့်ကြစိုက်မှုကို ပယ်သတ်ခြင်းလုပ်ငန်း (ဥဿုက္က ပဟာနကိစ္စ)ကိုလည်းကောင်း၊ အတူဖြစ်ဖက်ယှဉ်ဖက်တရားတို့အား အမြိုက်နိဗ္ဗာန်သို့ရှေးရှု ဖြစ်စေခြင်းအကြောင်းလုပ်ငန်း (အမတ–အဘိမုခ ဘာဝပစ္စယကိစ္စ)ကိုလည်းကောင်း ဆောင်ရွက်ပါသည်။

www.dhammadownload.com

ဝိပဿနာအတွက် နာမ်ဣန္ဒြေ ၅-ပါး

ဣန္ဒြေ-'သဒ္ဓါ'သည် အစိုးရခြင်းဟူသောအနက်ကို ဟောပါသည်။ မိမိတို့နှင့်ဆိုင်သည့်တရားများကို မိမိအလိုအတိုင်းဖြစ်စေတတ်သောအားဖြင့် အစိုးတရ (အုပ်စိုးခြင်း, လွှမ်းမိုးခြင်း)ဖြစ်သော တရားတို့သည် 'ဣန္ဒြေ' မည်ပါသည်။

တရားကိုယ်တို့မှာ မဟာကုသိုလ်စိတ် ၈-ပါး, မဟာကြိယာစိတ် ၈-ပါး, အပ္ပနာဇော ၂၆-ပါး အားဖြင့် ၄၂-ပါးသောစိတ်တို့၌ယှဉ်သော သဒ္ဓါ, ဝီရိယ, သတိ, ဧကဂ္ဂတာ, ပညာ တို့ဖြစ်ပါသည်။ [ဝိပဿနာအတွက်သာ ယူပါသည်။]

ဣန္ဒြေတရားများ ညီမျှရန်အတွက်

* သဒ္ဓါ ⇆ ပညာ၊ ဝီရိယ ⇆ ဧကဂ္ဂတာ(သမာဓိ)တို့ကို ညှိ၍ ယူရပါမည်။
* သတိတရားသည်ကား ပိုသည်မရှိမြဲ ဖြစ်ပါသည်။

ဣန္ဒြေတရား		အဓိပ္ပါယ် (အစိုးရသောတရား)	တရားကိုယ်
၁	သဒ္ဓိန္ဒြေ	ကုသိုလ်အာရုံတွင် ကြည်လင်စေမှု၌ အစိုးရသောတရား၊	သဒ္ဓါ
၂	ဝီရိယိန္ဒြေ	သမ္ပယုတ်တရားတို့ခိုင်ခံ့စေရန်အားထုတ်မှု၌အစိုးရသောတရား	ဝီရိယ
၃	သတိန္ဒြေ	ကုသိုလ်အာရုံတွင် အမှတ်ရအောက်မေ့မှု၌ အစိုးရသောတရား၊	သတိ
၄	သမာဓိန္ဒြေ	တစ်ခုတည်းသောအာရုံတွင်တည်ငြိမ်စေမှု၌အစိုးရသောတရား၊	ဧကဂ္ဂတာ
၅	ပညိန္ဒြေ	အာရုံ၏သဘောအမှန်ကို ထိုးထွင်းသိမှု၌ အစိုးရသောတရား၊	ပညာ

သဒ္ဓိန္ဒြေ [သောတာပတ္တိမဂ်၏ အကြောင်းတရား၊ ရရာရကြောင်း ဦးစီးရှေ့ဆောင်၊]

မည်ပုံ - ယှဉ်ဖက်တရားတို့၏ ကြည်လင်ကြောင်းဖြစ်သောတရားသည် 'သဒ္ဓါ'မည်ပါသည်။ (တစ်နည်း) ကြည်လင်တတ် ယုံကြည်တတ်သောတရားသည် 'သဒ္ဓါ' မည်ပါသည်။

လက္ခဏာ- ရတနာသုံးပါးနှင့် ကံ, ကံ၏အကျိုးကိုယုံကြည်သက်ဝင်၍ ကြဲစည်ခြင်း၊ ယုံကြည်ဆုံးဖြတ်ခြင်း ပသာဒနလက္ခဏာ ရှိပါသည်။

ကိစ္စ - ရေကိုကြည်လင်စေတတ်သော ပတ္တမြားရတနာကဲ့သို့ပင် ယှဉ်ဖက်တရားတို့ကို ကြည်လင်စေခြင်း ကိစ္စ ရှိပါသည်။
(တစ်နည်း) ယုံကြည်ဖွယ်၌ပြေးဝင်ခြင်း ကိစ္စ ရှိပါသည်။

ပစ္စုပဋ္ဌာန်- မနောက်ကျုသည့်အနေအားဖြင့် ဉာဏ်ရှေးရှုထင်ခြင်း ပစ္စုပဋ္ဌာန် ရှိပါသည်။
(တစ်နည်း) ယုံကြည်ဆုံးဖြတ်သည့်အနေအားဖြင့် ဉာဏ်အားရှေးရှုထင်ခြင်း ပစ္စုပဋ္ဌာန် ရှိပါသည်။

www.dhammadownload.com

ပဒဋ္ဌာန် – ယုံကြည်ဖွယ်ဝတ္ထုလျှင် နီးသောအကြောင်း ပဒဋ္ဌာန် ရှိပါသည်။
(တစ်နည်း) သူတော်ကောင်းတရားကို နာရခြင်းအစရှိသော သောတာပတ္တိယင်္ဂ လေးပါးလျှင်နီးသောအကြောင်း ပဒဋ္ဌာန် ရှိပါသည်။
(သဒ္ဓမ္မဿဝန၊ သပ္ပုရိသူပနိဿယ၊ ယောနိသောမနသိကာရ၊ ဓမ္မာနုဓမ္မာပဋိပန္န၊)

(ယုံ)သဒ္ဓါ – ရတနာသုံးပါး, ကံ, ကံ၏အကျိုးတရားစသည်တို့ ဧကန်ရှိ၏ဟု ယုံ–၏။
(ကြည်)သဒ္ဓါ– ယှဉ်ဘက် စိတ်,စေတသိက်တရားတို့ကို ကြည်လင်စေတတ်သောသဒ္ဓါ၊
ဥပမာ – ရေနောက်ကိုကြည်လင်စေနိုင်သော စကြဝတေးမင်း၏ ပတ္တမြားရတနာ ကဲ့သို့တည်း။ (လက်၊ ဥစ္စာ၊ မျိုးစေ့တို့နှင့်လည်း တူပါသည်။)

ဝီရိယိန္ဒြေ [အားထုတ်လုပ်ကိုင်ရေး သမ္မပ္ပဓာန်တရား ၄–ပါး၏ ဦးစီးရှေ့ဆောင်၊]

မည်ပုံ – ရဲရင့်သည်၏အဖြစ်ကြောင့် 'ဝီရိယ' မည်ပါသည်။
(တစ်နည်း) ရဲရင့်သောသူတို့၏အမှု(အမှုအရာ)ဖြစ်သောကြောင့် 'ဝီရိယ'၊
(တစ်နည်း) ယှဉ်ဖက်သမ္ပယုတ်တရားတို့ကို ထိုထိုကိစ္စ၌ ဆုတ်နစ်လျော့ရဲမှု မရှိရအောင် ထောက်ပံ့ခိုင်စေတတ်သောကြောင့် 'ဝီရိယ' မည်ပါသည်။
လက္ခဏာ – အားထုတ်ခြင်း၊ သဟဇာတ်တရားတို့ကို ထောက်ပံ့ခိုင်စေခြင်း ဥပတ္ထမ္ဘန လက္ခဏာ ရှိပါသည်။
[ဝီရိယ၏ ထောက်ပံ့ပေးမှုကြောင့်ပင် ဝိတက်စသောတကွဖြစ်ဖက်တရားတို့၏လည်း ဆုတ်နစ်ခြင်းမရှိ။ ထို့ကြောင့် ထောက်ပံ့ခိုင်စေခြင်းလက္ခဏာ ရှိပါသည်။]
ကိစ္စ – အတူဖြစ်ဖက်တရားတို့အား ထောက်ပံ့ပေးခြင်း ကိစ္စ ရှိပါသည်။
ပစ္စုပဋ္ဌာန် – မဆုတ်မနစ်သည်၏အဖြစ်ဖြင့် ဉာဏ်အားရှေးရှုထင်ခြင်း ပစ္စုပဋ္ဌာန် ရှိပါသည်။
ပဒဋ္ဌာန် – သံဝေဂ, ဝီရိယာရမ္ဘဝတ္ထုလျှင်နီးသောအကြောင်း ပဒဋ္ဌာန် ရှိပါသည်။
ဥပမာ– လဲပြိုခါနီးသော အိမ်အိုကြီးကို မလဲမပြိုရအောင် ထောက်ကန်ပေးထားသော ထောက်ကျားတိုင်–ကဲ့သို့တည်း။

မှတ်ချက်။ ။ (သမ္မာ အာရဒ္ဓံ သဗ္ဗသမ္ပတ္တီနံ မူလံ ဟောတိ။) နည်းမှန်အားထုတ်မှု လုံ့လဝီရိယသည် ပြီးပြည့်စုံခြင်းအားလုံးတို့၏ အခြေခံအကြောင်းရင်း ဖြစ်ပါသည်။

* "မြတ်စွာဘုရားသည် ဝီရိယရှိသူကို လွန်စွာချီးမွမ်းတော်မူပါသည်။ အကျင့်မြတ်ကို ကျင့်ခြင်းဖြင့် မြတ်စွာဘုရားကို ပူဇော်ခြင်းသည် အမြတ်ဆုံးပူဇော်ခြင်းဖြစ်၏"ဟုဆင်ခြင်ပါ။ "သူတော်ကောင်းတရားတည်းဟူသောအမွေကို ခံယူသူသည် ပျင်းရိပေါ့တန်နေသူ မဖြစ်သင့်ပေ"

www.dhammadownload.com

သတိန္ဒြေ [မမေ့မလျော့ခြင်း သတိပဋ္ဌာန် ၄-ပါး၏ ဦးစီးရှေ့ဆောင်၊]

မည်ပုံ - ဘုရားအစရှိသော ကောင်းသောအာရုံကို အောက်မေ့ခြင်း, အမှတ်ရခြင်း သဘောသည် 'သတိ' မည်ပါသည်။
(တစ်နည်း) ကုသိုလ်ကောင်းမှု ကောင်းသောအာရုံများကို မပျောက်မပျက်စေခြင်း သဘောသည် 'သတိ' မည်ပါသည်။
(တစ်နည်း) ယှဉ်ဖက်တရားတို့ကို အောက်မေ့ကြောင်း အမှတ်ရကြောင်းသဘော သည် 'သတိ' မည်ပါသည်။

လက္ခဏာ - မိမိ၏အာရုံအဖြစ်မှ မပေါ်မထွက်စေခြင်း လက္ခဏာ ရှိပါသည်။
(တစ်နည်း) သမ္ပယုတ်တရားတို့ကို အောက်မေ့စေခြင်း အမှတ်ရစေခြင်း သရဏ လက္ခဏာ ရှိပါသည်။

ကိစ္စ - မမေ့စေခြင်း ကိစ္စ ရှိပါသည်။

ပစ္စုပဋ္ဌာန် - အစောင့်အရှောက်အနေဖြင့် ဉာဏ်အားရှေးရှုထင်ခြင်း ပစ္စုပဋ္ဌာန် ရှိပါသည်။
(တစ်နည်း) အာရုံဆီသို့ရှေးရှုပြုနေသည့်အဖြစ်ဖြင့် ဉာဏ်အားရှေးရှုထင်ခြင်း ပစ္စုပဋ္ဌာန် ရှိပါသည်။

ပဒဋ္ဌာန် - ခိုင်မြဲသော အမှတ်သညာလျှင်နီးသောအကြောင်း ပဒဋ္ဌာန် ရှိပါသည်။
(တစ်နည်း) ကာယအစရှိသော သတိပဋ္ဌာန်အာရုံလျှင် နီးသောအကြောင်း ပဒဋ္ဌာန် ရှိပါသည်။

ဥပမာ - ကောင်းသော တံခါးစောင့်၊ တံခါးမှူးနှင့် တူပါသည်။

သမာဓိန္ဒြေ [တည်ကြည်ရေး ဈာန်,ဝိမောက္ခတရားတို့၏ ဦးစီးရှေ့ဆောင်၊]

မည်ပုံ - အာရုံ၌ စိတ်ကိုကောင်းစွာထားတတ်သောသဘောသည် 'သမာဓိ' မည် ပါသည်။ (တစ်နည်း) တစ်ခုတည်းသောအာရုံရှိသော စိတ်၏ဖြစ်ကြောင်းဖြစ် သောကြောင့် သမာဓိသည် 'ဧကဂ္ဂတာ' မည်ပါသည်။

လက္ခဏာ - အာရုံတစ်ပါးသို့ မရွေ့လျားခြင်း မပျံ့လွင့်ခြင်း၊ ယှဉ်ဖက်တရားတို့ကို မပျံ့လွင့်စေခြင်း အဝိက္ခေပ လက္ခဏာ ရှိပါသည်။

ကိစ္စ - ရေသည် ဆပ်ပြာမှုန့်ကို ပေါင်းစုလုံးခဲစေသကဲ့သို့ အတူဖြစ်ဖက်တရား တို့ကိုပေါင်းစုစေခြင်း ကိစ္စ ရှိပါသည်။

ပစ္စုပဋ္ဌာန် - ငြိမ်းသက်သည့်အနေအားဖြင့်ဉာဏ်အားရှေးရှုထင်ခြင်းပစ္စုပဋ္ဌာန် ရှိပါသည်။

ပဒဋ္ဌာန် - သုခလျှင် နီးသောအကြောင်း ပဒဋ္ဌာန် ရှိပါသည်။

ဥပမာ- လေငြိမ်ရာ၌ ညှိထွန်းထားသောဆီမီးတိုင်သည် တည်ငြိမ်ခြင်းရှိသကဲ့သို့တည်း။

www.dhammadownload.com

ပညိန္ဒြေ [အရိယသစ္စာတရားတို့၏ ဦးစီးရှေ့ဆောင်၊]

ပညာဟူသည် ကုသိုလ်ပညာစကားစသည့်ဖြင့် အများအပြား ရှိပါသည်။

သုတမယပညာစသည်ဖြင့်လည်း အသေးစိတ် အမျိုးမျိုးရှိပြန်ပါသည်။

သို့ဖြစ်၍ "ပညာဟူသည် အဘယ်နည်း"ဟူသော အမေးပုစ္ဆာကို အပြည့်အစုံ ဖြေဆိုနေရလျှင် လိုရင်းမရောက်ဘဲ မဆိုင်ရာသို့ရောက်၍ အသိဉာဏ်ဝေဝါးသွားနိုင်သဖြင့် ဤနေရာ၌ ပဓာနလိုရင်းဖြစ်သောပညာကိုသာလျှင် ထုတ်ပြထားပါသည်။ ထို့ကြောင့် ပညာဟူသည် ကုသိုလ်စိတ်နှင့်ယှဉ်သော ဝိပဿနာဉာဏ်ကို 'ပညာ'ဟု ဆိုလိုကြောင်း အကျဉ်းချုပ် မှတ်သားပါမည်။

ပညာမည်ပုံ

"ပဇာနနဋ္ဌေန ပညာ"ဟူသည်နှင့်အညီ အပြားအားဖြင့် သိတတ်သောကြောင့် 'ပညာ' မည်ပါသည်။ (ပညာသည် ပဇာနန အနက်ရှိ၏-ဟူလို။)

"အပြားအားဖြင့် သိခြင်း"ဆိုသည်မှာ- အမှတ်ပြု၍သိခြင်း(သညာသိ)၊ အထူးသိခြင်း(ဝိညာဏ်သိ)မှတစ်ပါး အထူးထူးအပြားပြား (အမျိုးမျိုးအဖုံဖုံ)ခွဲခြမ်း စိတ်ဖြာ၍သိသောထူးခြားသည့်သိမှုဆိုင်ရာကို ဆိုလိုခြင်းဖြစ်ပါသည်။ ဤနေရာ၌ အလျဉ်းသင့်၍ အသိသုံးမျိုးတို့၏ မတူကွဲပြားခြားနားပုံကိုလည်း မှတ်သားထားသင့်ပါသည်။ (တစ်နည်း) အနိစ္စ-အစရှိသောအစွမ်းဖြင့် အပြားအားဖြင့်သိတတ်, ထိုးထွင်း၍သိတတ်သောကြောင့် 'ပညာ' မည်ပါသည်။

ထိုပညာသည်ပင်လျှင် ဟုတ်မှန်သောသဘောကို ထိုးထွင်း၍သိခြင်း၌ အကြီးအကဲ၏အဖြစ် အစိုးရသည်အဖြစ်နှင့် ယှဉ်သောကြောင့် 'ပညိန္ဒြေ' မည်ပါသည်။

လက္ခဏာ - ရုပ်,နာမ်တရားတို့၏သဘောသဘာဝကို ထိုးထွင်း၍သိခြင်း၊ အနိစ္စ-အစရှိသော <u>သာမညသဘောလက္ခဏာ၊ ကက္ခဠတ္တ, ဖုသန အစရှိသော ဝိသေသ သဘောလက္ခဏာ</u>-ဟူသော ဟုတ်မှန်သောသဘော လက္ခဏာများ ဖြစ်ပါသည်။

ကိစ္စ - ရုပ်, နာမ်တရားတို့၏ သဘောသဘာဝလက္ခဏာကို ဖုံးလွှမ်းတတ်သော မောဟ-အမှောင်ကို ဖျက်ဆီးခြင်း ကိစ္စ ရှိပါသည်။

ပစ္စုပဋ္ဌာန် - ရုပ်,နာမ်တို့၏ သဘာဝလက္ခဏာကို မတွေမဝေသိခြင်းလျှင် ဉာဏ်အား ရှေးရှုထင်ခြင်း ပစ္စုပဋ္ဌာန် ရှိပါသည်။

www.dhammadownload.com

ပဒဋ္ဌာန် – 'သမာဟိတော ယထာဘူတံ ပဇာနာတိ ပဿတိ'= စိတ်တည်ကြည်သောသူသည် ဟုတ်တိုင်းမှန်စွာ သိမြင်၏"ဟု ဟောတော်မူသောကြောင့် သမာဓိသည် ပညာ၏နီးသောအကြောင်း ပဒဋ္ဌာန် မည်ပါသည်။

ဥပမာ– အမှောင်ကို ပယ်ခွင်းပေးသော အလင်းရောင် ကဲ့သို့တည်း။

ပညာ၏ ဘူမိ၊ မူလ၊ သရီရ

ပညာဘူမိ – ခန္ဓာ၊ အာယတန၊ ဓာတ်၊ ဣန္ဒြေ၊ သစ္စာ၊ ပဋိစ္စသမုပ္ပါဒ်စသော တရားတို့သည် ဝိပဿနာပညာဖြစ်ပေါ်ရာ အာရုံတရားများဖြစ်သောကြောင့် 'ပညာဘူမိ' မည်ပါသည်။

ပညာမူလ – သီလဝိသုဒ္ဓိ(သီလ)၊ စိတ္တဝိသုဒ္ဓိ(သမာဓိ) တရားနှစ်ပါးသည် ဝိပဿနာပညာ ဖြစ်ပေါ်ခြင်း၏ အခြေခံတရားများဖြစ်သောကြောင့် 'ပညာမူလ' မည်ပါသည်။

ပညာသရီရ – ဒိဋ္ဌိဝိသုဒ္ဓိ၊ ကင်္ခါဝိတရဏဝိသုဒ္ဓိ၊ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ၊ ပဋိပဒါ-ဉာဏဒဿနဝိသုဒ္ဓိ၊ ဉာဏဒဿနဝိသုဒ္ဓိ ဝိသုဒ္ဓိငါးပါးတို့သည် ဝိပဿနာပညာ၏အထည်ကိုယ်တရားများဖြစ်သောကြောင့် 'ပညာသရီရ' မည်ပါသည်။

နာမ်ဣန္ဒြေတို့ကို ညီမျှစေခြင်း

ဣန္ဒြေတို့ကို ညီမျှစေခြင်းဆိုသည်မှာ– သဒ္ဓိန္ဒြေ၊ ဝီရိယိန္ဒြေ၊ သတိန္ဒြေ၊ သမာဓိန္ဒြေ၊ ပညိန္ဒြေဟူသော ဣန္ဒြေ ၅–ပါးတို့ မယုတ်မလွန်မျှမျှတတရှိနေခြင်းကို ဆိုလိုပါသည်။ နာမ်ဣန္ဒြေငါးပါးတို့တွင်–

(၁) သဒ္ဓိန္ဒြေသည် ယုံကြည်ခြင်းကိစ္စကို ဆောင်ရွက်ပါသည်။
(၂) ဝီရိယိန္ဒြေသည် ပင့်မြှောက်ခြင်းကိစ္စကို ဆောင်ရွက်ပါသည်။
(၃) သတိန္ဒြေသည် အာရုံသို့ကပ်၍ တည်ခြင်းကိစ္စကို ဆောင်ရွက်ပါသည်။
(၄) သမာဓိန္ဒြေသည် မပျံ့လွင့်ခြင်းကိစ္စကို ဆောင်ရွက်ပါသည်။
(၅) ပညိန္ဒြေသည် သိမြင်ခြင်းကိစ္စကို ဆောင်ရွက်ပါသည်။

⇉ သဒ္ဓိန္ဒြေနှင့်ပညိန္ဒြေကို ညီမျှစေခြင်း

သဒ္ဓိန္ဒြေအားကောင်း၍ ပညိန္ဒြေအားနည်းသောသူသည် အချည်းနှီးသောပုဂ္ဂိုလ်ကို ကြည်ညိုတတ်ပါသည်။ မစူးစမ်းမဆင်ခြင်ဘဲ ကြည်ညိုတတ်ပါသည်။ ကြည်ညိုဖွယ် မဟုတ်သည့် အရာဝတ္ထုကိုလည်း ကြည်ညိုတတ်ပါသည်။

www.dhammadownload.com

ပညိန္ဒြေအားကောင်း၍ သဒ္ဓိန္ဒြေအားနည်းသောသူသည် ကောက်ကျစ်စဉ်းလဲတတ်ပါသည်။ ဆေးကြောင့်ဖြစ်သောရောဂါသည် အကုရခက်သကဲ့သို့ ဖြစ်တတ်ပါသည်။ ထို့ကြောင့် သဒ္ဓိန္ဒြေနှင့် ပညိန္ဒြေ နှစ်ပါးကို ညီမျှနေစေရပါမည်။ ထိုသို့ ဣန္ဒြေနှစ်ပါး ညီမျှနေလျှင် ကြည်ညိုသင့်ကြည်ညိုထိုက်သောအရာတို့၌သာ ကြည်ညိုတော့သည်။

သဒ္ဓိန္ဒြေလွန်ကဲခြင်းအပြစ်

ဣန္ဒြေငါးပါးတို့ကို ယောဂီပုဂ္ဂိုလ်သည် သဒ္ဓိန္ဒြေအားကောင်းပြီး အခြားဣန္ဒြေတို့ အားနည်းနေပါက ဝီရိယိန္ဒြေသည် ပင့်မြှောက်ခြင်းကိစ္စကိုလည်းကောင်း၊ သတိန္ဒြေသည် အာရုံသို့ကပ်၍တည်ခြင်းကိစ္စကိုလည်းကောင်း၊ သမာဓိန္ဒြေသည် မပျံ့လွင့်ခြင်းကိစ္စကို လည်းကောင်း၊ ပညိန္ဒြေသည် သိမြင်ခြင်းကိစ္စကိုလည်းကောင်း မပြုလုပ်နိုင်တော့ပေ။

သဒ္ဓိန္ဒြေအားနည်းအောင် ပြုလုပ်ပုံ

အခြားဣန္ဒြေများအားနည်းပြီး သဒ္ဓိန္ဒြေအားကောင်းနေပါက သဒ္ဓိန္ဒြေတို့ယုတ်လျော့အားနည်းသွားအောင် အကြောင်း, အကျိုးစသော တရားသဘော သဘာဝကို စူးစမ်းဆင်ခြင်ခြင်းဖြင့်လည်းကောင်း၊ သဒ္ဓိန္ဒြေအားကြီးစေတတ်သော ကမ္မဋ္ဌာန်းတရားကို နှလုံးမသွင်းခြင်းဖြင့်လည်းကောင်း သဒ္ဓိန္ဒြေကို ယုတ်လျော့စေရပါမည်။

<u>တရားသဘော သဘာဝကို ဆင်ခြင်ခြင်းဆိုသည်မှာ</u>- မိမိကြည်ညိုယုံကြည်သောပုဂ္ဂိုလ်၏ မြင့်မြတ်သောဂုဏ်တို့ကို အလွန်အကဲနှလုံးသွင်း, သက်ဝင်ယုံကြည်ခြင်းသည် သဒ္ဓါဓိမုတ္တ= သဒ္ဓိန္ဒြေလွန်ကဲအားကြီးမှု ဖြစ်ပါသည်။ ထိုသို့ လွန်ကဲ၍ မသွားအောင် မိမိကြည်ညိုသောပုဂ္ဂိုလ်ကို ဆံပင်၊ မွေးညင်းစသော ရုပ်-နာမ်မျှသာ, ခန္ဓာငါးပါးမျှသာ, အနိစ္စ၊ ဒုက္ခ၊ အနတ္တ မျှသာ, စသည်ဖြင့် ဝေဖန်ခြင်းကိုပြုလျှင် အလွန်ကြည်ညိုစရာပုဂ္ဂိုလ်နှင့်ဂုဏ်များ ပျောက်သွားသဖြင့် သဒ္ဓါတရားသည် လျော့ပါးသွားနိုင်ပါသည်။ (ဝက္ကလိမထေရ်)

⇉ သမာဓိန္ဒြေနှင့်ဝီရိယိန္ဒြေကို ညီမျှစေခြင်း

သမာဓိန္ဒြေအားကောင်း၍ ဝီရိယိန္ဒြေအားနည်းသောသူကို ပျင်းရိခြင်း-ကောသဇ္ဇတရားက လွှမ်းမိုးနေတတ်ပါသည်။ အဘယ်ကြောင့်ဆိုသော် သမာဓိသည် ပျင်းရိသောအဖို့ရှိသောကြောင့် ဖြစ်ပါသည်။

ဝီရိယိန္ဒြေအားကောင်း၍ သမာဓိန္ဒြေအားနည်းသောသူကို ပျံ့လွင့်မှု-ဥဒ္ဓစ္စတရားက လွှမ်းမိုးနေတတ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ဝီရိယသည် ပျံ့လွင့်သောအဖို့ရှိ

www.dhammadownload.com

သောကြောင့်ဖြစ်ပါသည်။ ထို့ကြောင့် သမာဓိန္ဒြေနှင့်ဝီရိယိန္ဒြေကို ညီမျှနေစေရပါမည်။ ဤသို့ ဣန္ဒြေနှစ်ပါးညီမျှနေလျှင် သမာဓိတရားသည် ပျင်းရိခြင်းအဖို့၌ မကျရောက်တော့ခြင်း၊ ဝီရိယသည် ပျံ့လွင့်ခြင်းအဖို့၌ မကျရောက်တော့ခြင်းဟူသော ကောင်းကျိုးတရားများကို ဖြစ်ပေါ်စေနိုင်ပါသည်။

ဝီရိယိန္ဒြေအားနည်းအောင်ပြုလုပ်ပုံ

အခြားဣန္ဒြေတို့အားနည်းပြီး ဝီရိယိန္ဒြေအားကောင်းနေပါက သဒ္ဓိန္ဒြေသည် ယုံကြည်ခြင်းကိစ္စကိုလည်းကောင်း၊ သတိန္ဒြေစသည်တို့သည်လည်း အာရုံသို့ကပ်၍တည်ခြင်းစသောကိစ္စတို့ကိုလည်းကောင်း မပြုလုပ်နိုင်ပေ။ ထို့ကြောင့် ဝီရိယိန္ဒြေကို ယုတ်လျော့အားနည်းသွားအောင် ပဿဒ္ဓိသမ္ဗောဇ္ဈင်၊ သမာဓိသမ္ဗောဇ္ဈင်၊ ဥပေက္ခာသမ္ဗောဇ္ဈင်တို့ကို ပွားများပေးရပါမည်။ (ဝီရိယလွန်ကဲနေသော အရှင်သောဏမထေရ်ထံသို့ ဘုရားရှင်သည်ကြွသွား၍ 'စောင်း'ဥပမာ ဩဝါဒဖြင့် ကမ္မဋ္ဌာန်းကို သုတ်သင်ပေးပြီး ဝီရိယနှင့် သမာဓိကို ညီမျှစေပါသည်။)

ဤသို့လျှင် သဒ္ဓိန္ဒြေနှင့်ပညိန္ဒြေ၊ သမာဓိန္ဒြေနှင့်ဝီရိယိန္ဒြေတို့ အညီအမျှဖြစ်နေလျှင် မကြာမီ တရားထူးတရားမြတ်ဖြစ်ပေါ်ခြင်းဟူသော အကျိုးထူးကို ခံစားရရှိနိုင်၏။

⇉ သမာဓိနှင့်ပညာကို ညီမျှစေခြင်း

သမထဘာဝနာအလုပ်၌ဖြစ်စေ, ဝိပဿနာဘာဝနာအလုပ်၌ဖြစ်စေ သမာဓိနှင့်ပညာနှစ်ပါးညီမျှနေလျှင် လိုအပ်သောအကျိုးကိစ္စတို့ကို လျင်မြန်စွာပြီးစီးစေခြင်း၊ အပ္ပနာသို့ လျင်မြန်စွာရောက်စေခြင်း၊ တရားထူးတရားမြတ်တို့ဖြစ်ပေါ်ခြင်း အကျိုးရှိပါသည်။ ထို့ကြောင့် သမာဓိနှင့်ပညာကိုလည်း ညီမျှအောင်ထားရပါမည်။

သမထဘာဝနာ၌ သဒ္ဓါနှင့်သမာဓိအားကောင်းဖို့လိုအပ်ပုံ

သမထဘာဝနာကိုအားထုတ်သောယောဂီအား သဒ္ဓါအားကောင်းလျှင် သင့်လျော်ပါသည်။ ဤသို့ သမထဘာဝနာအလုပ်၌ သဒ္ဓါတရားအားကောင်းလျှင် "မြတ်စွာဘုရားရှင်ဟောတော်မူအပ်သော အစီအရင်သည် မချွတ်ဧကန် ပြည့်စုံပေလိမ့်မည်"ဟု ယုံကြည်မှုများဖြစ်ပေါ်လာပြီး ကမ္မဋ္ဌာန်းအာရုံကို စူးစူးစိုက်စိုက်ရှုမှတ်၍ အပ္ပနာသို့ လျင်မြန်စွာရောက်စေခြင်း အကျိုးရှိပါသည်။ သမထဘာဝနာကို အားထုတ်သောယောဂီအား သမာဓိအားကောင်းလျှင် အပ္ပနာသို့ လျင်မြန်စွာရောက်နိုင်သောကြောင့် ဖြစ်ပါသည်။

www.dhammadownload.com

ဝိပဿနာဘာဝနာ၌ ပညာအားကောင်းဖို့လိုအပ်ပုံ

ဝိပဿနာဘာဝနာကို အားထုတ်သောယောဂီအား ပညာအားကောင်းလျှင် အထူးသင့်လျော်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ဝိပဿနာကိုအားထုတ်သော ယောဂီပုဂ္ဂိုလ်အား ပညာအားကောင်းလျှင် အနိစ္စ–စသော လက္ခဏာကို ထိုးထွင်းသိမြင်ရန် လွယ်ကူသောကြောင့် ဖြစ်ပါသည်။

သတိဟူသည် ပိုသည်မရှိ

အလုံးစုံသော သမထကမ္မဋ္ဌာန်း၊ ဝိပဿနာကမ္မဋ္ဌာန်းတို့၌ သတိအားကောင်းလျှင် အလွန်သင့်လျော်ပါသည်။ အားကောင်းသောသတိသည် ဥဒ္ဓစ္စ–အဖို့ရှိသောစိတ်ကို သဒ္ဓါ, ဝီရိယနှင့် ပညာတို့၏အစွမ်းဖြင့် ပျံ့လွင့်ခြင်းမရှိအောင်ကာကွယ်စောင့်ရှောက်ပေးပါသည်။ ပျင်းရိမှု–ကောသဇ္ဇအဖို့ရှိသော သမာဓိကြောင့် ပျင်းရိခြင်းမဖြစ်ရလေအောင်လည်း သတိတရားကပင် ကာကွယ်စောင့်ရှောက်ပေးပါသည်။

ဥပမာအားဖြင့် ဟင်းလျာတိုင်း၌ ဆားခပ်ပါမှ အရသာရှိသကဲ့သို့လည်းကောင်း၊ မင်းမှုရေးရာမှန်သမျှတို့၌ မင်းရေးပြည်ရွာ၌ ကျွမ်းကျင်လိမ္မာနှံ့စပ်သည့် အမတ်ကြီးရှိပါမှ ကိစ္စတိုင်းပြီးမြောက်အောင်မြင်သကဲ့သို့လည်းကောင်း၊ ထို့အတူ အလုံးစုံသောကမ္မဋ္ဌာန်းတို့၌ (ဝါ) အလုံးစုံသောတွန့်ဆုတ်ခြင်း, ပျံ့လွင့်ခြင်းတို့၌ သတိတရားပါမှသာ ကမ္မဋ္ဌာန်းကိစ္စသည် ပေါက်ပေါက်မြောက်မြောက် အောင်မြင်နိုင်ပါသည်။ ထို့ကြောင့် သတိတရားအားကောင်းလျှင် အကောင်းဆုံးဖြစ်ပါသည်။ သတိဟူသည် ပိုသည်ဟူ၍ မရှိပေ။ နေရာတိုင်း၌ အမြဲတမ်းလိုအပ်နေသည်သာ ဖြစ်ပါသည်။

တရားထူးမရသေးလျှင် ဆက်လက်ပြုလုပ်ရမည့်လုပ်ငန်းများ

တရားထူးတရားမြတ်တို့မရသေးလျှင် သမာဓိနှင့်ဝီရိယကို မျှတစွာထား၍ စွဲစွဲမြဲမြဲ ဆက်လက်၍အားထုတ်နေရပါမည်။ ဤသို့အားထုတ်မှသာ တရားထူးတရားမြတ်တို့ မုချဧကန်ရနိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် အားထုတ်မှု သမ္မာဝါယာမကို စွန့်လွှတ်၍ တရားထူးရသောပုဂ္ဂိုလ်ဟူ၍ တစ်စုံတစ်ယောက်မျှ မရှိသောကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် ပညာရှိသောယောဂီပုဂ္ဂိုလ်သည် မိမိစိတ်ဖြစ်ပုံအခြင်းအရာကို ကောင်းစွာ မှတ်သားထားပြီးလျှင် သဒ္ဓိန္ဒြေနှင့်ပညိန္ဒြေကို၊ သမာဓိန္ဒြေနှင့်ဝီရိယိန္ဒြေကို မျှတစွာထားလျက် အဖန်ဖန် အထပ်ထပ် ကြိုးစားအားထုတ်နေရပါမည်။

www.dhammadownload.com

မလျော့မတင်းကျင့်သည့်ယောဂီ

ကမ္မဋ္ဌာန်းအားထုတ်နေသောယောဂီပုဂ္ဂိုလ်သည် အနည်းငယ်မျှသောတွန့်ဆုတ်သည့် စိတ်ဖြစ်ပေါ်လာပါက ထိုတွန့်ဆုတ်သောစိတ်ကို ပင့်မြှောက်ခြင်းဖြင့် ဘာဝနာစိတ်ကို တွန့်ဆုတ်ခြင်းမှ လွတ်စေ၍လည်းကောင်း၊ တက်ကြွလွန်းသည့်စိတ် ဖြစ်ပေါ်လာပါက ထိုတက်ကြွလွန်းသောစိတ်ကို တားမြစ်ခြင်းဖြင့် ဘာဝနာစိတ်ကို တက်ကြွခြင်းမှလွတ်စေ၍လည်းကောင်း မလျော့မတင်း ညီမျှသောဝီရိယဖြင့် အားထုတ်ပါက မကြာမီ တရားထူးတရားမြတ်တို့ကို ရရှိနိုင်ပါသည်။ ဆီထည့်ခြင်းဥပမာဖြင့်ပြရသော်–

* မကျွမ်းကျင်သောသူသည် ဆုလာဘ်ကိုလိုချင်ဇောဖြင့် အပေါက်ကျဉ်းသော ဆီကျည်တောက်အတွင်းသို့ ဆီများကို လျင်မြန်စွာလောင်းထည့်မိသဖြင့် ဆီများဖိတ်ကျ၊
* မကျွမ်းကျင်သော အခြားတစ်ယောက်သည် ဆီဖိတ်မည်ကိုသာ စိုးရိမ်နေသဖြင့် ဆီကျည်တောက်အတွင်းသို့ ဆီများကို လောင်းရုံမျှပင်မလောင်းဝံ့ဘဲ ရှိလေ၏၊
* ကျွမ်းကျင်သောသူသည် မမြန်လွန်း၊ မနှေးလွန်းလှသည့် လုံ့လပယောဂဖြင့်သာ ဆီကျည်တောက်အတွင်းသို့ ဆီများကို လောင်းထည့်နိုင်ပြီး ဆုတော်ငွေကို ရယူသကဲ့သို့ ဖြစ်ပါသည်။

ဣန္ဒြေထက်ကြောင်းတရား ၉–ပါး

"နဝဟာကာရေဟိ ဣန္ဒြိယာနိ တိက္ခာနိ ဘဝန္တိ။"

၉–ပါးသောအကြောင်းတို့ကြောင့် ၅–ပါးသော ဣန္ဒြေတို့သည် ထက်ကုန်သည်။ ဣန္ဒြေများထက်မြက်ပြီး ဝိပဿနာဉာဏ် ပြည့်စုံစေရန် ၉–ပါးသောအကြောင်းတို့ကို လိုက်နာပြီး တရားအားထုတ်နိုင်ရန် အဋ္ဌကထာဆရာများက ဖွင့်ဆိုထားပါသည်။

ယောဂီပုဂ္ဂိုလ်သည် အားထုတ်ပါသော်လည်း ဝိပဿနာဉာဏ်သည် မပြည့်စုံဘဲ ဖြစ်နေတတ်ပါသည်။ ထိုသို့ဖြစ်လျှင် ဣန္ဒြေထက်မြက်ကြောင်းတရား ၉–ပါး တို့ကို ပြုကျင့်၍ အသပ္ပါယ ၇–ပါးကို ရှောင်ကြဉ်လျက် သပ္ပါယ ၇–ပါး မှီဝဲပေးရပါမည်။

(ဣန္ဒြေထက်ကြောင်းတရား ၉–ပါး အကျဉ်းအားဖြင့် ပူဇော်ပါသည်။)

(၁) ဖြစ်တိုင်းဖြစ်တိုင်းကုန်သော သင်္ခါရတရား ရုပ်,နာမ် နှစ်ပါးတို့၏ ကုန်ခြင်းကို သာလျှင် ရှုမှတ်နေစေခြင်း၊

(၂) ထိုသို့ ရှုမှတ်ရာ၌လည်း ရိုရိုသေသေပြုခြင်းဖြင့် ဝိပဿနာဉာဏ်ကို ပြီးစီးစေခြင်း၊

www.dhammadownload.com

(၃) ကုန်ပျက်သည့်ဘက်ကို စိတ်ကိုညွတ်ပြီး ရိုရိုသေသေ စူးစူးစိုက်စိုက် ရှုမှတ်မှုကို မပြတ်မလပ်ပြုခြင်းဖြင့် ဝိပဿနာဉာဏ်ကို ပြီးစီးစေခြင်း၊
(၄) သင့်လျော်လျောက်ပတ်ရာ သပ္ပါယ ၇-ပါးကို မှီဝဲသုံးဆောင်ခြင်းဖြင့် ပြီးစီးစေခြင်း၊
(၅) စိတ်တည်ငြိမ်ကြောင်း ဝိပဿနာသမာဓိ၏ အကြောင်းနိမိတ်ကို မှတ်သားခြင်းဖြင့် ပြီးစီးစေခြင်း၊
(၆) ဗောဇ္ဈင်တရားတို့ကို သင့်လျော်စွာပွားစေခြင်းဖြင့် ပြီးစီးစေခြင်း၊
(၇) ကိုယ်၌လည်းကောင်း၊ အသက်၌လည်းကောင်း၊ ငဲ့ကွက်ခြင်းမရှိသည့်အဖြစ်ကို ဖြစ်စေခြင်း၊
(၈) ထိုသို့အားထုတ်ရာ၌လည်း ပျင်းရိမှုမှထွက်မြောက်သော ဝိပဿနာလုံ့လဝီရိယဖြင့် ရှုမှတ်လွှမ်းမိုး၍ ပြီးစီးစေခြင်း၊
(၉) မဂ်,ဖိုလ် မရောက်သေးမီအကြား၌ အဆုံးမသတ်ရှုမှတ်ခြင်းဖြင့် ပြီးစီးစေခြင်း၊

တို့ဖြစ်ပါသည်။ *(အဆုံးမသတ်- ရှုမှတ်မှုဖြင့် အစဉ်ကြိုးစားလျက်)*

တရားအားထုတ်သောအခါ ဣန္ဒြေ ၅-ပါးသည် မှတ်ချက်တိုင်း မှတ်ချက်တိုင်း လိုက်ပါနေပါသည်။ ဣန္ဒြေ ၅-ပါး ထက်သန်ညီမျှသွားသည့်အခါ တရားမတွေ့သေးသောပုဂ္ဂိုလ်များလည်း တရားများတွေ့သွားနိုင်ပြီး၊ တရားတွေ့ပြီးသည့်ပုဂ္ဂိုလ်များလည်း တရားတွေတက်ပြီး၊ တရားထူးတရားမြတ် ရသွားကြပါသည်။ ထို့ကြောင့် ဣန္ဒြေ ၅-ပါး ထက်သန်အောင်၊ ညီမျှအောင် အားထုတ်ကြရပါသည်။

➤ ဣန္ဒြေပါးပါး၊ ထက်ကြောင်းများ၊ ကိုးပါး ရှိလေသည်။

> သဒ္ဓမ္မရံသီဆရာတော် အရှင်ကုဏ္ဍလာဘိဝံသ ဟောကြားတော်မူအပ်သော **ဣန္ဒြေထက်ကြောင်းကိုးပါးတရားတော်** စာအုပ်မှ တင်ပြပူဇော်ပါမည်။

နံပါတ်(၁) ဣန္ဒြေထက်ကြောင်းတရား

"ဥပ္ပန္နုပ္ပန္နာနံ သင်္ခါရာနံ ခယမေဝ ပဿတိ။"

ဥပ္ပန္နုပ္ပန္နာနံ= ဖြစ်တိုင်းဖြစ်တိုင်းကုန်သော၊ သင်္ခါရာနံ= သင်္ခါရတရား ရုပ်,နာမ် နှစ်ပါးတို့၏၊ ခယမေဝ= ကုန်ခြင်းကိုသာလျှင်၊ ပဿတိ= ရှု၏။ (အဋ္ဌကထာ)

မိမိတို့၏သန္တာန်မှာ အကျဉ်းချုပ်အားဖြင့် ရုပ်တရား,နာမ်တရား နှစ်ပါးလုံးသည် ဖြစ်ပေါ်လာပြီး အလျင်အမြန် အလျင်အမြန် ကုန်ပျက် ကုန်ပျက် သွားပါသည်။ ထို ကုန်ပျက်သည့်ဘက်ကို စိတ်ကို ညွတ်ထားပြီး ရှုမှတ်မှုသည် ဣန္ဒြေထက်ကြောင်း,, တရားတက်ကြောင်း တစ်ပါး ဖြစ်ပါသည်။ သာမန်ရှုနေလျှင် တော်တော်နှင့်မမြင်နိုင်သေးပါ။

www.dhammadownload.com

စိတ်ကိုညွတ်ထားပြီး ရှုမှတ်ရာတွင်လည်း ကုန်ပျက်တာကို မမြင်သေးပဲနှင့် ကုန်တယ် ပျက်တယ် မရှုမှတ်ရပါ။ နဂို ရှုမြဲတိုင်းသာ ရှုမှတ်နေရပါသည်။

➤ ဖြစ်တိုင်းရုပ်နာမ်၊ ချုပ်ပျက်ဟန်၊ ကောန်ရှုရမည်။

ကုန်ပျက်သည့်ဘက်ကို စိတ်ကိုညွတ်ထားဖန်များလာလျှင် ဣန္ဒြေ ၅-ပါး ညီမျှသွားသည့်အခါ၊ ထက်သန်သွားသည့်အခါ၊ သမာဓိဉာဏ်များ ရင့်ကျက် အားရှိထက်သန်လာသည့်အခါ ဘင်္ဂဉာဏ်သို့ရောက်ပြီး ကုန်မှု ပျက်မှုတို့ကို ပကတိသောမျက်စိဖြင့် မြင်ရသလို မြင်ကြရပါသည်။ သမာဓိဉာဏ် တစ်ဆင့်ထက်တစ်ဆင့် ရင့်ကျက်အားရှိထက်သန်လာသောအခါ ရှုမှတ်စရာအာရုံများသာ ကုန်ပျက်တာမဟုတ်၊ မှတ်သိစိတ်ပါ နောက်က ကုန်ပျက် ကုန်ပျက်သွားတာကို မြင်ကြရသဖြင့် မမြဲသော 'အနိစ္စ'သဘော၊ ကုန်ပျက်မှုများ လျှင်မြန်အားကြီးသဖြင့် နှိပ်စက်သကဲ့သို့ ဆင်းရဲပါလား 'ဒုက္ခ'သဘော၊ ကုန်ပျက်မှုသဘော, ဆင်းရဲမှုသဘောတို့သည် ကာကွယ်လို့မရ၊ သူ့သဘောအတိုင်းသူဖြစ်နေကြသဖြင့် ကိုယ်အစိုးမရပါလား 'အနတ္တ'သဘောတို့ကို ရှုမှတ်ရပါမည်။

နံပါတ်(၂) ဣန္ဒြေထက်ကြောင်းတရား

"တတ္ထ စ သက္ကစ္စကိရိယာယ သမ္ပာဒေတိ။"

တတ္ထ စ = ထိုသို့ ကုန်ပျက်၏-ဟု ရှုမှတ်ရာ၌လည်း၊ သက္ကစ္စကိရိယာယ= ရိုရိုသေသေပြုခြင်းဖြင့်၊ သမ္ပာဒေတိ= ဝိပဿနာဉာဏ်ကို ပြီးစီးစေ၊ (ဝါ) ဣန္ဒြေကိုထက်စေ၏။ (အဋ္ဌကထာ)

ဝိပဿနာရှုမှတ်ရာတွင် နဂိုမူလကအတိုင်း ဖျတ်ဖျတ်လတ်လတ် မြန်မြန်ဆန်ဆန်ပြုလုပ်မည်ဆိုလျှင်၊ ကိုယ်အမူအရာများ မြန်နေလျှင်၊ သမာဓိဉာဏ်က အားနည်းနေသောအခါ ရှုမှတ်ရန် မမီနိုင်ပါ။ ကိုယ်အမူအရာတွေပေါ်မှာ ပစ္စုပ္ပန်တည့်နေအောင်လိုက်မမှတ်နိုင်သဖြင့် တရားမတွေ့နိုင်ပါ။ ပစ္စုပ္ပန်လည်းတည့်အောင် ပရမတ်လည်းသိအောင် စူးစူးစိုက်စိုက် ရိုရိုသေသေ ကိုယ်အမူအရာများကို သိမ်သိမ်မွေ့မွေ့ ပြုလုပ်၍ ရှုမှတ်ရပါမည်။ (ယောဂီများ၏သန္တာန်မှာရှိနေသော ရုပ်,နာမ်တရားနှစ်ပါးလုံးသည် ပစ္စုပ္ပန်တည့်တည့်မှာသာ ရှိပါသည်။ အနည်းငယ်လေး လွဲသွားရင်ပဲ ထိုရုပ်,နာမ်တရားတွေမရှိတော့ပေ။ မရှိတော့သည့်အတွက်ကြောင့် မှတ်နေသော်လည်း မှတ်ရာမရောက်တော့ပေ။ သမာဓိဉာဏ် မဖြစ်၊ တရားမတွေ့နိုင်ပေ။ အလွန် သတိထားရပါသည်။)

➤ ရှုမှတ်မှုမှာ၊ ရိုသေကာ၊ ကောင်းစွာပြုရမည်။

www.dhammadownload.com

ဝိပဿနာရှုမှတ်ဖို့ရာ ရုပ်တရားနာမ်တရား နှစ်ပါးလုံးသည် မရှိခင် မပေါ်ခင်တုန်းကလည်း မမြင်ရသေးဘူး၊ မရှိသေးဘူး။ ရှိလာ ပေါ်လာပြီးတော့လည်း ဖျတ်ခနဲဆိုဖြစ်ပြီး၊ ဖျတ်ခနဲဆို ချုပ်ပျက်သွားပါသည်။ ဖြစ်ခိုက်လေးမှာ ပစ္စုပ္ပန်တည့်အောင် ရှုနိုင်မှ တရားသဘောကို တွေ့နိုင်ပါသည်။

ဥပမာ(၁)– မိုးဦးကျအခါ ကောင်းကင်ပြင်မှာ တိမ်လွှာနှစ်ထပ် ခတ်မိသဖြင့် လျှပ်စစ်ရောင်ထွက်လာပြီးလျှင် ဝင်းကနဲ လက်လက်သွားပါသည်။ ထိုလျှပ်စစ်ရောင်လေးသည် လက်ခိုက်ကလေးသာ ရှိပါသည်။ မလက်ခင်က လျှပ်စစ်ရောင်လေး မည်သည့်တိမ်တိုက်ထဲမှာရှိသည်ကို ရှာမရပါ။ လက်ပြီးနောက်မှာလည်း ဘယ်တိမ်တိုက်ထဲမှာရှိနေသည်ကို ရှာမရပါ။ လက်ခိုက်ကလေးသာ ရှိပြီး၊ မြင်ရ သိရပါသည်။ ထို့အတူ ရုပ်တရား နာမ်တရားတို့၏ သဘောများသည်လည်း အကြောင်းညီညွတ်၍ဖြစ်လာပြီး ဖျတ်ခနဲဆို ချုပ်ပျက်သွားပါသည်။ ဖြစ်ခိုက် ပစ္စုပ္ပန်တည့်အောင် ရှုမှတ်ဖို့ရန် အရေးကြီးပါသည်။

ဥပမာ(၂)– ခန္ဓာကိုယ်မှ ရုပ်,နာမ်တရားတို့သည် ဆီမီးရောင်နှင့်လည်း တူပါသည်။ မြစ်ရေအလျဉ်နှင့်လည်း တူပါသည်။ ဖယောင်းတိုင်လေးတစ်တိုင်ထွန်းထားပြီး သာမန်စောင့်ကြည့်နေလျှင် ၅–မိနစ်ကြာလည်း ဒီမီးလေးပဲ၊ ၁၀–မိနစ်ကြာလည်း ဒီမီးလေးပဲ ထင်ရပါသည်။ ဖယောင်းတိုင်ကသာ တိုတိုသွားသော်လည်း မီးကဒီမီးလေးဘဲ ထင်မှတ်နေကြသည်။ ရှေးရှေးမီးတွေက အလျင်အမြန် ကုန်ပျက်ကုန်ပျက်သွားပြီး နောက်နောက်မီးတွေက အလျင်အမြန် အသစ်အသစ် ဖြစ်လာသောကြောင့် ဒီမီးတွေကို တစ်ဆက်တည်း ထင်မှတ်နေကြသည်။ ခန္ဓာကိုယ်မှ ရှေးရှေးသော ရုပ်,နာမ်တရားတို့သည်လည်း အလျင်အမြန် ချုပ်ပျက်ချုပ်ပျက်သွားပြီး နောက်နောက်ရုပ်နာမ် အသစ်အသစ်များ အလျင်အမြန် ဖြစ်နေပါသည်။ အလျင်အမြန် ပြောင်းလည်း ချုပ်ပျက်မှုတို့ မြန်လွန်းလှသောကြောင့် တစ်ဆက်တည်း ထင်မှတ်နေကြသည်။

ထို့ကြောင့် အမြဲတမ်း ဖြစ်ပျက်ပြောင်းလဲနေသော ရုပ်,နာမ်တရားတို့ကို ပစ္စုပ္ပန်လည်းတည့်အောင် ပရမတ်လည်းသိအောင် (ပညတ်အာရုံ ပုံသဏ္ဌာန်ဒြပ်ကြီးကို ခွါနိုင်သမျှခွါရမည်။) ကုန်ပျက်သည့်ဘက်သို့ စိတ်ကိုညွတ်ပြီး စူးစူးစိုက်စိုက် ရှိရှိသေသေ သိမ်သိမ်မွေ့မွေ့ဖြင့် အနိစ္စသဘောကိုမြင်အောင်၊ ဒုက္ခသဘောကိုမြင်အောင်၊ အနတ္တသဘောကိုမြင်အောင် အထူးထူးအပြားပြား အခြင်းအရာအားဖြင့် ရှုမှတ်ခြင်းသည် ဝိပဿနာ(စစ်စစ်) မည်ပါသည်။

မှတ်ချက်။ ။ ပညတ်ကိုအာရုံပြု၍ မြဲသည့်ဘက်က ရှုမှတ်နေလျှင် သမထ မည်ပါသည်။

➤ ပရမတ်အာရုံ၊ မမြဲပုံ၊ ရှုတုံ ဝိပဿမည်။ ပညတ်အာရုံ၊ မြဲနေပုံ၊ ရှုတုံ သမထမည်။

www.dhammadownload.com

ဝေဒနာကို ရှုမှတ်ပုံများ

ဝိပဿနာတရား အားထုတ်သောအခါ ဝေဒနာကို လွှမ်းမိုးအောင် ရှုမှတ်နိုင်ဖို့ရန် အဓိကအချက်တစ်ခု ဖြစ်ပါသည်။ ဝေဒနာကို လွှမ်းမိုးအောင် မှတ်နိုင်ပြီဆိုလျှင် ယောဂီ အတွက် ရှေးကိုတရားတက်ဖို့ရာ တစ်ဝက်ခန့် အခွင့်သာသွားပြီ ဖြစ်ပါသည်။

ရှုမှတ်ပုံ ၃-မျိုးကို တင်ပြပူဇော်ပါသည်။

* ဝေဒနာကို ပျောက်သွားရအောင် ရည်ရွယ်၍ မှတ်နေမှုသည် ချမ်းသာကို လိုချင်နေသော လောဘတဏှာသာ ဖြစ်ပါသည်။ လောဘတွေပွားနေပြီး ကိလေသာ ကြားညပ်နေပါသဖြင့် မသင့်တော်လှပေ။ ဝိပဿနာ ရှုမှတ်ခြင်းသည် လောဘကင်းဖို့ရန်အတွက် ရှုမှတ်ခြင်းသာ ဖြစ်ပါသည်။

* ဝေဒနာကို ဒီတစ်ထိုင်တည်းမှာ အပြုတ်တိုက်ထုတ်တော့မယ်-ဟု စိတ်ကြမ်းကြီး ထူထောင်ပြီး ရှုမှတ်နေမှုသည် တရားကိုယ်က စိတ်နှင့်အတူဖြစ်သော ဒေါသ, ဒေါမနဿ များသာ ဖြစ်ပါသည်။ မှတ်ချက်တိုင်းမှာ ဒေါသကိလေသာ ကြားညပ် နေပါသဖြင့် မသင့်တော်လှပေ။ ဝိပဿနာ ရှုမှတ်ခြင်းသည် ဒေါသကင်းဖို့ရန်အတွက် ရှုမှတ်ခြင်းသာ ဖြစ်ပါသည်။

* ဝေဒနာ၏သဘောကိုသာ သိအောင် ရှုမှတ်နေရပါမည်။ ဝေဒနာ၏ နာနေမှုသည် ဘယ်လောက် နာနေသလဲ၊ အသားပေါ် အရေပေါ်လောက်သာ နာသည်။ အကြောထိ နာသည်။ အရိုးထိအောင် နာသည်။ ရိုးတွင်းခြင်ဆီထိအောင် နာသည်စသည် စိတ်ဖြင့် သိအောင် စူးစူးစိုက်စိုက် ရှုမှတ်ပြီး နာတယ် ကျဉ်တယ် အောင့်တယ်ဟု ရှုမှတ်ရပါမည်။ အပေါ်ရံရှုပ်ပြီး နာတယ် ကျဉ်တယ် အောင့်တယ်စသည် အမြန်မမှတ်ရပါ။ အပေါ်ရံ ရှုပ်ပြီးမှတ်လျှင်လည်း မထိရောက်ပါ၊ သမာဓိ မဖြစ်ပါ။

နာမှု ကျဉ်မှုစသည်ကို ပိုင်းခြားပိုင်းခြားပြီး လေးငါးချက်လောက် ဆင့်ကာဆင့်ကာ ရှုမှတ်လိုက်လျှင် ပိုနာ ပိုကျဉ် ပိုအောင့်တာ သိလာတတ်ပါသည်။ သည်းခံပြီး ရှုမှတ် နေရမည်။ ဝေဒနာသည် အထွတ်အထိပ်သို့ရောက်အောင် နာမှု ကျဉ်မှုစသည် ဖြစ်ပြီး သည့်အခါ ဝေဒနာသည်လည်း အကြောင်းအားလျော်စွာ ပြန်ပြီးလျော့လာတတ်ပါသည်။ လေးငါးချက်လောက် ဆင့်ကာဆင့်ကာ ရှုမှတ်လိုက်လျှင် ဝေဒနာသည် တိုးပြီးနာသွားလိုက်၊ ပြန်လျော့သွားလိုက်နှင့် ဝေဒနာ၏သဘောကိုသိအောင် ရှုမှတ်နိုင်ပါသည်။

➤ သဘောသိမှ၊ ဥဒယ၊ ဝယ မြင်နိုင်သည်။

www.dhammadownload.com

ဝေဒနာ၏သဘောကို သိအောင်ရှုမှတ်ပြီး၊ သမာဓိဉာဏ်များ တဖြည်းဖြည်းရင့်ကျက်အားရှိ ထက်သန်လာသောအခါ နာတယ်ကျဉ်တယ် အောင့်တယ်စသည် ရှုမှတ်လိုက်လျှင် နာမှုစသည်တို့သည် ပေါ်ပြီးတာနဲ့ပျောက် ပေါ်ပြီးတာနဲ့ပျောက်သွားခြင်းသည် ပိုပိုပြီး ထင်ရှားလာပါသည်။ ပေါ်တာက 'ဖြစ်'၊ ပျောက်ပျောက်သွားတာက 'ပျက်' ပြောင်းလဲနေသည့်သဘောကိုသိသဖြင့် ဖြစ်မှု ပျက်မှုတို့ကို ရှုမှတ်ရပါသည်။ နောက်ဆင့်ကာဆင့်ကာ သမာဓိဉာဏ်ထက်သန်လာပြီး၊ ဘင်္ဂဉာဏ်သို့ရောက်သောအခါတွင် ဖြစ်မှုက မထင်ရှားတော့ဘဲ ကုန်ပျက် ကုန်ပျက်သွားမှုတို့သာ ထင်ရှားပါတော့သည်။ နာမှုက အဓိကမဖြစ်တော့ပါ၊ ကုန်ပျက်နေမှုကို စူးစူးစိုက်စိုက်ရှုမှတ်နေမှုက လွှမ်းမိုး၍ အဓိက ဖြစ်သွားပါပြီ။ ဝေဒနာကို လွှမ်းမိုးထားလိုက်ပါပြီ။ နာမှုကို မှတ်လိုက်လျှင် နာမှုလည်း ရိပ်ခနဲကုန်ပျက်၊ နာမှုကိုသိသောစိတ်လည်း ကုန်ပျက်၊ နာမှုကိုမှတ်လိုက်သော မှတ်သိစိတ်ပါ လိုက်ပြီးကုန်ပျက်သွားမှုကိုသိရသဖြင့် ဝေဒနာလည်း မမြဲ၊ မှတ်သိစိတ်လည်းမမြဲသော 'အနိစ္စ'သဘော၊ ကုန်ပျက်မှုများ လျှင်မြန်အားကြီးသဖြင့် နှိပ်စက်သကဲ့သို့ ဆင်းရဲပါလား 'ဒုက္ခ'သဘော၊ ကုန်ပျက်မှုသဘော, ဆင်းရဲမှုသဘောတို့သည် ကာကွယ်လို့မရ၊ သူ့သဘောအတိုင်းသူ ဖြစ်နေကြသဖြင့် ကိုယ်အစိုးမရပါလား 'အနတ္တ' သဘော၊ တို့ကို ရှုမှတ်ရပါမည်။

နံပါတ်(၃) ဣန္ဒြေထက်ကြောင်းတရား

"သာတစ္စကိရိယာယ သမ္ပာဒေတိ။"

သာတစ္စကိရိယာယ= (ကုန်ပျက်သည့်ဘက်ကို စိတ်ကိုညွတ်ပြီး ရိရိသေသေ စူးစူးစိုက်စိုက် ရှုမှတ်မှုကို) မပြတ်မလပ်ပြုခြင်းဖြင့်၊ သမ္ပာဒေတိ= ဝိပဿနာဉာဏ်ကို ပြီးစေ၏၊ (ဝါ) ဣန္ဒြေကို ထက်စေ၏။ (အဋ္ဌကထာ)

ဖြစ်တိုင်းဖြစ်တိုင်းကုန်သော သင်္ခါရတရား ရုပ်,နာမ် နှစ်ပါးတို့၏ ကုန်ခြင်းကို ကုန်ပျက်သည့်ဘက်ကို စိတ်ကိုညွတ်ထားပြီး ရိရိသေသေ စူးစူးစိုက်စိုက် ရှုမှတ်မှုကို ရှုမှတ်မှုများ မပြတ်သွားရအောင်၊ အမှတ်တွေ ဆက်စပ်အောင် မပြတ်မလပ် ရှုမှတ်ခြင်း ဖြစ်ပါသည်။ ဝိပဿတရားထူးရရန်အတွက် အားထုတ်သည့်အခါ ရှေးအမှတ်နှင့် နောက်အမှတ်၊ ရှေးသမာဓိနှင့် နောက်သမာဓိ၊ ရှေးဉာဏ်နှင့် နောက်ဉာဏ် ဆက်စပ်နေအောင် ရှုမှတ်ရပါမည်။ အမှတ်တွေဆက်သွားသည့်အခါ တရားတွေတက်သွားနိုင်ပါသည်။

➢ မနားမရပ်၊ ကြားမပြတ်၊ ရှုမှတ် မြဲရမည်။

www.dhammadownload.com

ဥပမာ– မီးပွတ်သည့်ယောက်ျားသည် မီးကိုရရှိရန်အတွက် သစ်သားချင်း, ဝါးချင်း ပွတ်သည့်အခါ ပူလာလေလေ အားစိုက်ပြီး ပို၍ပွတ်ရလေ ဖြစ်ပါသည်။ ပူလွန်းမက ပူသည့်အခါကျမှ မီးလေးပွင့်လာပြီး မီးလေးရသွားသကဲ့သို့ ဖြစ်ပါသည်။

မြတ်စွာဘုရားဟောကြားတော်မူခဲ့သော သမ္ပဇဉအမှတ်များမှတ်နိုင်ရန် အခြေခံ သမ္ပဇဉတရား ၄–ပါးကို အဋ္ဌကထာဆရာများ ဖွင့်ပြတော်မူပါသည်။

* **သတ္ထကသမ္ပဇဉ**= ကုသိုလ်ကောင်းမှု ပြုလုပ်တော့မည်၊ တရားအားထုတ်တော့မည်ဆိုလျှင် မိမိအတွက် အကျိုးရှိဆုံးအလုပ်ကို ရွေးချယ်ခြင်းသည် သတ္ထကသမ္ပဇဉ ဖြစ်ပါသည်။

* **သပ္ပါယသမ္ပဇဉ**= ရွေးချယ်ပြီးသောအခါ ဤအရပ်ဒေသ၌ ပြုလုပ်၍ သင့်/မသင့် တော်/မတော်၊ ဤပုဂ္ဂိုလ်ထံမှာ ပြုလုပ်၍ သင့်/မသင့် တော်/မတော် ရွေးချယ်စီစစ်ခြင်းသည် သပ္ပါယသမ္ပဇဉ ဖြစ်ပါသည်။

* **ဂေါစရသမ္ပဇဉ**= အထက်နှစ်မျိုးလုံး ရွေးချယ်စီစစ်ပြီး အလုပ်ခွင်(ရိပ်သာ)ထဲသို့ ရောက်သောအခါ မပြတ်မလပ် ကြိုးစားရှုမှတ် အားထုတ်ခြင်းသည် ဂေါစရသမ္ပဇဉ ဖြစ်ပါသည်။

* **အသမ္မောဟသမ္ပဇဉ**= မပြတ်မလပ် ကြိုးစားရှုမှတ် အားထုတ်၍ ရုပ်,နာမ်တရားကစပြီး အမှန်အတိုင်း(မတွေမဝေ)သိလာခြင်းသည် အသမ္မောဟသမ္ပဇဉ ဖြစ်ပါသည်။

အကျိုးရှိဆုံးအလုပ်ကို ရွေးချယ်ခြင်း–သတ္ထကသမ္ပဇဉ၊ သင့်/မသင့်ကို ရွေးချယ်စီစစ်ခြင်း–သပ္ပါယသမ္ပဇဉတို့ ဖြစ်ပြီးလျှင် ဂေါစရသမ္ပဇဉ= မပြတ်မလပ် ကြိုးစားရှုမှတ်အားထုတ်နေလျှင် သမာဓိ,ဉာဏ်များ ဖြစ်လာသည့်အခါ အသမ္မောဟသမ္ပဇဉ ဖြစ်ပါသည်။

သမ္ပဇဉပိုင်းအနေဖြင့် ဥပမာ– လက်ဆန့်တော့မည်ဆိုလျှင် ဆန့်တယ် ဆန့်တယ်ဟု၊ ကွေးလျှင်လည်း ကွေးတယ် ကွေးတယ်ဟု ကာယာနုပဿနာသတိပဋ္ဌာန်အဖြစ် မှတ်သိနေရပါမည်။ သမာဓိဉာဏ်များ အဆင့်ဆင့်ရင့်ကျက်လာသောအခါ ဆန့်ချင်သည့်စိတ် ကွေးချင်သည့်စိတ်ထင်ရှားလာသည့်အခါ အမှတ်သတိဖြင့် ထင်ရှားရာကစပြီး မှတ်နိုင်ပါသည်။ ဤနည်းတူ သမ္ပဇဉ=အထွေထွေအသေးစိပ်အမှတ်တို့ကို အထူးဂရုစိုက်ပြီး မှတ်တိုင်းမှတ်တိုင်သော ကာယာနုပဿနာသတိပဋ္ဌာန်, ဝေဒနာနုပဿနာသတိပဋ္ဌာန်, စိတ္တာနုပဿနာသတိပဋ္ဌာန်, ဓမ္မာနုပဿနာသတိပဋ္ဌာန် ကုသိုလ်အမှတ်သတိတို့ဖြင့် ရုပ်,နာမ်ဓမ္မ ပရမတ်တို့၏ မမြဲသော 'အနိစ္စ'သဘော၊ ဆင်းရဲသော 'ဒုက္ခ'သဘော၊ အစိုးမရသော 'အနတ္တ'သဘော၊ တို့ကို ရှုမှတ်ရပါမည်။

www.dhammadownload.com

နံပါတ်(၄) ဣန္ဒြေထက်ကြောင်းတရား

"သပ္ပါယကိရိယာယ သမ္မာဒေတိ။"

သပ္ပါယကိရိယာယ= သင့်လျော်လျောက်ပတ်ရာ သပ္ပါယ ၇-ပါးကို မှီဝဲသုံးဆောင်ခြင်းဖြင့်၊ သမ္မာဒေတိ= ဝိပဿနာဉာဏ်ကို ပြီးစေ၏၊ (ဝါ) ဣန္ဒြေကို ထက်စေ၏။ (အဋ္ဌကထာ)

ဝိပဿနာတရားအားထုတ်သည့်အခါ သင့်လျော်လျောက်ပတ်ရာ သပ္ပါယ ၇-ပါးကို မှီဝဲသုံးဆောင်ပြီး ရှုမှတ်လျှင် ဣန္ဒြေများကိုထက်စေပြီး တရားတွေတက်နိုင်ပါသည်။ သင့်လျော်လျောက်ပတ်ရာ သပ္ပါယ ၇-ပါးမှာ-

၁။ **အာဝါသသပ္ပါယ**- ဝိပဿနာတရား အားထုတ်ရန် အခြေခံ ၅-ပါးနှင့်ပြည့်စုံသော ရိပ်သာကျောင်းသည် မိမိ၏မူလနေရာနှင့် မဝေးလှခြင်း၊ လူသူမရှုပ်ထွေးခြင်း၊ အသံတိတ်ဆိတ်ခြင်း၊ မှက်,ခြင်ရန်နည်းခြင်း၊ လိုအပ်သော အာဟာရ,ဆေးပစ္စည်း ရလွယ်ခြင်း၊ (ကမ္မဋ္ဌာန်းဆရာ)မိတ်ကောင်းရှိခြင်းတို့ ဖြစ်ပါသည်။

'သေနာသနမ္ပိ ဥပနိဿယပစ္စယေန ပစ္စယော။'

သင့်လျော်လျောက်ပတ်သော ကျောင်း အိပ်ရာ နေရာသည်လည်း အားကြီးသော ပကတူပနိဿယသတ္တိဖြင့် ကုသိုလ်ဖြစ်အောင်၊ (ဝါ) တရားရအောင် ကျေးဇူးပြု၏။

၂။ **ဂေါစရသပ္ပါယ**- ကမ္မဋ္ဌာန်းတရားအားထုတ်ခြင်း၌ (ရဟန်းတော်များအတွက်) သိပ်မဝေး,သိပ်မနီးဘဲ ဆွမ်းပစ္စည်း ပြည့်စုံစွာရနိုင်သော သင့်လျော်သော ဆွမ်းခံရွာ ရှိရပါမည်။

၃။ **ဘဿသပ္ပါယ**- ကမ္မဋ္ဌာန်းအားထုတ်နေသောအခိုက်အတန့်မှာ မိမိတို့နှင့် သင့်လျော်သော စကားကို ပြောတတ်ခြင်းသည် ဣန္ဒြေထက် တရားတွေတက်နိုင်ပါသည်။ မလိုအပ်သောစကားတို့ကို မပြောဆိုသင့်ပါ။ တရားနှင့်စပ်သော စကားဆယ်ခွန်းကို အကြောင်းတိုက်ဆိုင်သောအခါ ပြောဆိုနိုင်ပါသည်။

➤ လိုနည်းရောင့်ရဲ ဖော်ကွဲဆိတ်ငြိမ်၊ ကြိမ်ကြိမ်လုံ့လ၊ သီလသမာ၊ ပညာဝိမုတ်၊ ဝိမုတ္တိဉာဏ်၊ ဤဆယ်တန်၊ ပြောရန် စကားတည်း။

၄။ **ပုဂ္ဂလသပ္ပါယ**- ကမ္မဋ္ဌာန်းအားထုတ်နေသောအခိုက်အတန့်မှာ မိမိနှင့်သင့်လျော်သောပုဂ္ဂိုလ်များနှင့် အညီအညွတ် တတ်နိုင်သမျှ အမှတ်ကလေး စိပ်စိပ်မှတ်နေခြင်းသည် ဣန္ဒြေထက် တရားတက်ဖို့ရာ အခြေခံကောင်းတစ်ခု ဖြစ်ပါသည်။

www.dhammadownload.com

'ပုဂ္ဂလောပိ ဥပနိဿယပစ္စယေန ပစ္စယော။'

သင့်လျော်လျောက်ပတ်သော ပုဂ္ဂိုလ်သည်လည်း အားကြီးသော ပကတူပနိဿယ သတ္တိဖြင့် ကုသိုလ်ဖြစ်အောင်၊ (ဝါ) တရားရအောင် ကျေးဇူးပြု၏။

၅။ **ဘောဇနသပ္ပါယ**– ကမ္မဋ္ဌာန်း အားထုတ်နေသောအခိုက်အတန့်မှာ မိမိနှင့်သင့် လျော်သော အာဟာရတို့ကို သင့်လျော်မျှတရုံသာ မှီဝဲသုံးဆောင်လျှင် ဉာဏ်ထက် တရားတက်နိုင်ပါသည်။ မသင့်လျော်သောအာဟာတို့ကို မမှီဝဲသင့်ပါ။

ဆွမ်းခဲဖွယ် ဘောဇဉ်အာဟာရတို့ကို ဆင်ခြင်သောအခါ 'ယာပိုက်မျှလစ်'ဆိုသည် မှာ– 'ယာပိုက်'သည် ဣရိယာပထ–မှ သွားခြင်း၊ ရပ်ခြင်း၊ ထိုင်ခြင်း၊ လျောင်းခြင်း ဟူသော ဣရိယာပုထ် ၄–ပါးလုံးတို့၌ မျှမျှတတဖြင့် ချမ်းချမ်းသာသာ တရားအား ထုတ်နိုင်ခြင်းအကျိုးငှာသာလျှင် ဆွမ်းခဲဖွယ် ဘောဇဉ်အာဟာရတို့ကို မှီဝဲသုံးဆောင် ပါသည်ဟု အဓိပ္ပါယ် ရပါသည်။

'ဘောဇနမ္ပိ ဥပနိဿယပစ္စယေန ပစ္စယော။'

သင့်လျော်လျောက်ပတ်သော ဘောဇဉ်သည်လည်း အားကြီးသော ပကတူပနိဿယ သတ္တိဖြင့် ကုသိုလ်ဖြစ်အောင်၊ (ဝါ) တရားရအောင် ကျေးဇူးပြု၏။

၆။ **ဥတုသပ္ပါယ**– ကမ္မဋ္ဌာန်းအားထုတ်နေသောအခါ၌ မှီဝဲခြင်းငှာ သင့်လျော်လျောက် ပတ်သော ဥတုရာသီကို မှီဝဲပြီး အားထုတ်ရပါမည်။

၇။ **ဣရိယာသပ္ပါယ**– ကမ္မဋ္ဌာန်းအားထုတ်ခြင်းငှာ သင့်လျော်သော ဣရိယာပုထ်ကို မှီဝဲပြီး အားထုတ်ခြင်းသည် ဉာဏ်ထက် တရားတက်ဖို့ရာ အခြေခံကောင်းတစ်ခု ဖြစ်ပါသည်။

နံပါတ်(၅) ဉာဏ်ထက်ကြောင်းတရား

"သမာဓိဿ စ နိမိတ္တဂ္ဂါဟေန သမ္ပာဒေတိ။"

"သမာဓိဿ= စိတ်တည်ငြိမ်ကြောင်း ဝိပဿနာသမာဓိ၏၊ နိမိတ္တဂ္ဂါဟေန စ= အကြောင်းနိမိတ်ကို မှတ်သားခြင်းဖြင့်လည်း၊ သမ္ပာဒေတိ= ဝိပဿနာဉာဏ်ကို ပြီးစေ၏၊ (ဝါ) ဉာဏ်ကို ထက်စေ၏။

(အဋ္ဌကထာ)

ဝိပဿနာတရားအားထုတ်သောပုဂ္ဂိုလ်တို့ အထူးသတိထားကြရမည်မှာ တစ်ခါတလေ တရားတွေအထူးမှတ်လို့ ကောင်းသွားတတ်ပါသည်။ ဤသို့ အထူးမှတ်လို့ကောင်း သွားသည့်အခါ နေရာထိုင်ခင်း ညီညွတ်သောကြောင့်၊ ဥတုရာသီ မျှတသောကြောင့်၊ သင့်လျော်သည့်အာဟာရတွေ မှီဝဲထားရသောကြောင့်၊ ဣရိယာပုထ်အားဖြင့် ကာယိက

www.dhammadownload.com

ဝီရိယ–ကိုယ်အနေအထားလည်း ပုံမှန်ဖြစ်နေသောကြောင့်၊ စေတသိကဝီရိယ–စိတ်က ကြောင့်ကြစိုက်မှုကလည်း ပုံမှန်ဖြစ်နေသောကြောင့် အထူးမှတ်လို့ ကောင်းသွားတတ်ပါသည်။ ဤကဲ့သို့ အထူးမှတ်လို့ ကောင်းခဲ့ဘူးသည့်အကြောင်း သမာဓိနိမိတ်များကို မှတ်သားထားကြရမည် ဖြစ်ပါသည်။ ဤသို့ မှတ်သားထားခြင်းဖြင့် နောင်အခါ၌ အကြောင်းအမျိုးမျိုးကြောင့် သမာဓိမဖြစ်ဘဲ တရားမှတ်လို့မကောင်းသောအခါ ယခင်က သမာဓိဖြစ်ခဲ့ဘူးသော နေရာထိုင်ခင်း၊ ရာသီဥတု၊ ဣရိယာပုထ်၊ ကြောင့်ကြစိုက်မှု၊ အာဟာရစသော သမာဓိဖြစ်ကြောင်းများကို ပြန်လည်ဆင်ခြင်သုံးသပ်၍ ရှုမှတ်သောအားဖြင့် သမာဓိဖြစ်ပြီး တရားမှတ်မှုများ ပြန်ကောင်းလာတတ်ပါသည်။

➢ စိတ်တည်ငြိမ်ကြောင်း၊ နိမိတ်ဟောင်း၊ ကောင်းကောင်းမှတ်ရမည်။

ဝိပဿနာတရားအားထုတ်ရတာ ငှက်များပျံနေသကဲ့သို့ ဥပမာ ပြုကြပါသည်။ ငှက်များပျံသည့်အခါ တစ်ခါတစ်ခါ အပေါ်သို့ထိုးပျံသွားလိုက်၊ တစ်ခါတစ်ခါ အောက်သို့ဆင်းကျပျံသွားလိုက်နှင့် နိမ့်လိုက်မြင့်လိုက်ပျံသကဲ့သို့ ဝိပဿနာတရားအားထုတ်သည့်အခါမှာလည်း အကြောင်းအမျိုးမျိုးကြောင့် တစ်ခါတစ်ခါ ကောင်းလိုက်၊ တစ်ခါတစ်ခါ မကောင်းလိုက် ဖြစ်နေတတ်ပါသည်။

နံပါတ်(၆) ဣန္ဒြေထက်ကြောင်းတရား

“ဗောဇ္ဈင်္ဂါနဉ္စ အနုပဝတ္တနတာယ သမ္ပာဒေတိ။”

ဗောဇ္ဈင်္ဂါနံ= ဗောဇ္ဈင်တရားတို့ကို၊ အနုပဝတ္တနတာယ စ= သင့်လျော်စွာပွားစေခြင်းဖြင့်လည်း၊ သမ္ပာဒေတိ= ဝိပဿနာဉာဏ်ကို ပြီးစေ၏၊ (ဝါ) ဣန္ဒြေကို ထက်စေ၏။

(အဋ္ဌကထာ)

ဝိပဿနာ ရှုမှတ်သည့်အခါ တစ်ခါတစ်ခါ ရှုမှတ်မှုများ ကောင်းလွန်းသောကြောင့် ထူးထူးခြားခြားတရားတွေ့ရသဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး စိတ်ဓာတ်တွေ တက်ကြွပျံ့လွင့်သွားတတ်ကြပေသည်။ တစ်ခါတစ်ခါ တရားမှတ်မှုများ မကောင်းသဖြင့် တရားတွေကြာနေလို့ စိတ်ဓာတ်တွေ ကျဆင်းသွားတတ်ပေသည်။ ဤသို့ စိတ်ဓာတ်တွေ တက်ကြွပျံ့လွင့်သောအခါ၊ စိတ်ဓာတ်တွေ ကျဆင်းသွားသောအခါတို့၌ သင့်လျော်သည့် ဗောဇ္ဈင်တရားများကို ပွားများကြရပေသည်။ ထိုအခါ စိတ်ဓာတ်တွေ ပြန်လည်တည်ငြိမ်ပြီး ဣန္ဒြေတွေထက် တရားတွေတက်သွားနိုင်ပါသည်။

➢ သင့်လျော်လျောက်ပတ်၊ ဗောဇ္ဈင်မြတ်၊ မပြတ်ပွားရမည်။

သတိ, ဓမ္မဝိစယနှင့်၊ ဝီရိ, ပီတိ, ပဿဒ္ဓိ၊ မာဓိ, ဥပေက် ဤခုနစ်ရပ် မှတ်လျှင် သမ္ဗောဇ္ဈင်။

www.dhammadownload.com

ရှုမှတ်မှုများကောင်းလွန်းသောကြောင့် ထူးထူးခြားခြားတရားတွေ့ရသဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး စိတ်ဓာတ်တွေ တက်ကြွပျံ့လွင့်သောအခါ လျစ်လျူရှုမှု- ဥပေက္ခာ၊ တည်ငြိမ်မှု-သမာဓိ၊ ငြိမ်းအေးမှု-ပဿဒ္ဓိ ဟူသော ဗောဇ္ဈင်တရား ၃-ပါးကို ပွားများရပေမည်။

ဥပေက္ခာသမ္ဗောဇ္ဈင် ဖြစ်ပုံ

စိတ်ဓာတ်တွေ တက်ကြွပျံ့လွင့်သောအခါ၌ ပျံ့လွင့်နေသည့်စိတ်ကို စစ်ဆေးကြည့်လျှင် 'သုခ'- ကောင်းသည့် ချမ်းသာသည့်ဘက်မှာချည်း ဖြစ်နေသောကြောင့် တက်ကြွပျံ့လွင့်နေတတ်ပေသည်။ ထိုတက်ကြွပျံ့လွင့်သောစိတ်ကို သိလာသောအခါ ချမ်းသာချည်းဘဲရှိတာမဟုတ်၊ ဆင်းရဲဒုက္ခလည်း ရှိနေပေသည်ဟု ချမ်းသာနှင့်ဆင်းရဲ အညီအမျှထားပြီး ရှုမှတ်ပွားများလိုက်သောအခါတွင် ဥပေက္ခာသမ္ဗောဇ္ဈင် ဖြစ်လာပြီး၊ စိတ်ဓာတ်တွေ ပြန်လည်တည်ငြိမ်လာသဖြင့် ရှုမှတ်မှုများပြန်ကောင်းလာတတ်ပါသည်။

သမာဓိသမ္ဗောဇ္ဈင် ဖြစ်ပုံ

တက်ကြွပျံ့လွင့်နေသည့်စိတ်ကို စစ်ဆေးကြည့်လျှင် ပစ္စုပ္ပန်မတည့်ဘဲ ဖြစ်နေတတ်ပါသည်။ ရှုမှတ်ခဲ့ပြီးသော ထူးခြားကောင်းမွန်မှုများကို ပြန်စဉ်းစားနေတတ်သည်။ နောင်အနာဂတ်အခါမှာ အမှတ်တွေကောင်းဖို့ မရှိသေးတာတွေကို မျှော်မှန်းပြီး ပျံ့လွင့်နေတတ်သည်။ ထိုပျံ့လွင့်နေသောစိတ်တို့သည် အတိတ်ကိုလည်း ပြေးသွားတတ်၊ အနာဂတ်ကိုလည်း ပြေးသွားတတ်သောကြောင့် ပစ္စုပ္ပန်မတည့်ပေဘူးဟု သိလာသောအခါ ပေါ်ရာပေါ်ရာအာရုံများကို ပေါ်ခိုက်ပေါ်ခိုက်မှာ ပစ္စုပ္ပန်တည့်အောင် ရှုမှတ်လိုက်ပါက သမာဓိသမ္ဗောဇ္ဈင် ဖြစ်လာပြီး၊ စိတ်ဓာတ်တွေ ပြန်လည်တည်ငြိမ်လာသဖြင့် ရှုမှတ်မှုများ ပြန်ကောင်းလာတတ်ပါသည်။

ပဿဒ္ဓိသမ္ဗောဇ္ဈင် ဖြစ်ပုံ

တက်ကြွပျံ့လွင့်နေသည့်စိတ်တို့၌ ကြောင့်ကြပူပန်မှုများ ရှိနေတတ်ပေသည်။ ကောင်းမြဲတိုင်း ကောင်းမှကောင်းပါ့မလား၊ မကောင်းသည့်ဆီကို ပြန်ရောက်သွားဦးမည်လား စသည်ဖြင့် ကြောင့်ကြပူပန်မှုများ ရှိနေတတ်ပါသည်။ ထိုသို့ မရှိသင့်ပါ။ တရားကောင်းဆိုသည်မှာ သူ့သဘောအတိုင်း သူကောင်းတာပါ။ ကောင်းချင်သည့်အခါ ကောင်းပြီး မကောင်းချင်တဲ့အခါ မကောင်းလည်းပဲ ဖြစ်တတ်ပါသည်ဟု နှလုံးသွင်းကာ စိတ်ကို အေးငြိမ်းစွာထား၍ ရှုမှတ်လိုက်လျှင် ပဿဒ္ဓိသမ္ဗောဇ္ဈင် ဖြစ်လာပြီး၊ စိတ်ဓာတ်တွေပြန်လည်တည်ငြိမ်လာသဖြင့် ရှုမှတ်မှုများ ပြန်ကောင်းလာတတ်ပါသည်။

www.dhammadownload.com

တရားတွေ မထူးခြားလို့၊ တရားတွေ အတွေ့ဆိုးသဖြင့် တရားအားမထုတ်ချင်ပဲ ပျင်းရိငြီးငွေ့ လာတတ်ကြပေသည်။ ဒီဘဝမှာ တရားထူးတရားမြတ်ကို ရမယ်မထင်ပါ၊ မရနိုင်တော့ဘူးဟု စိတ်ဓာတ်တွေ ကျဆင်းလာသောအခါ ဝီရိယသမ္ဘောဇ္ဈင်, ပီတိသမ္ဘောဇ္ဈင်, ဓမ္မဝိစယသမ္ဘောဇ္ဈင် ဟူသော မ္ဘောဇ္ဈင်တရား ၃-ပါးကို ပွားများရပါမည်။

ဝီရိယသမ္ဘောဇ္ဈင် ဖြစ်ပုံ

စိတ်ဓာတ်တွေကျဆင်းပြီး ပျင်းရိငြီးငွေ့လာသောအခါ "မြတ်စွာဘုရားသာသနာတော်မြတ်ကြီးနှင့် တွေ့ကြုံနေရသည့်အခိုက်မှာ ဝိပဿနာတရားကို ကြိုးကြိုးစားစား အားမထုတ်လျှင် တရားထူးကိုမရသဖြင့် နောက်နောင်ဘဝတစ်ခုခု၌ ငရဲသို့ကျသွားနိုင်ပေသည်။ ငရဲသို့ကျရောက်သည့်အခါ ငရဲဆင်းရဲတွေကို သင်ခံစားရသဖြင့် မျက်ရည်ကြီးငယ်တွေကျပြီး နောင်တပူပန်မှုတွေ ရလိမ့်မည်"ဟု တကယ်တမ်း ဉာဏ်ထဲမှာ ထင်အောင် နှလုံးသွင်းဆင်ခြင်လိုက်လျှင် စိတ်ဓာတ်တွေ ပြန်လည်တိုးတက်လာတတ်ပါသည်။ အပါယ်သံသရာ အပါယ်ဘေးမှ လွတ်မြောက်အောင် အားထုတ်တော့မည်ဟု နှလုံးသွင်းပြီး အားထုတ်လျှင် လုံ့လဝီရိယတွေပြန်လည်တိုးတတ်လာပြီး ဝီရိယသမ္ဘောဇ္ဈင်ဖြစ်လာပြီး၊ စိတ်ဓာတ်တွေ ပြန်တိုးတက်လာသဖြင့် ရှုမှတ်မှုများ ပြန်ကောင်းလာတတ်ပါသည်။

ကိစ္ဆော မနုဿပဋိလာဘော၊ ကိစ္ဆံ မစ္စာန ဇီဝိတံ။
ကိစ္ဆံ သဒ္ဓမ္မဿဝနံ၊ ကိစ္ဆော ဗုဒ္ဓါန မုပ္ပါဒေါ။

* လူ၏အဖြစ်ကိုရခြင်းသည်၊ ခဲယဉ်းလှပေ၏။
* လူတို့၏အသက်ရှင်နေရခြင်းသည်၊ ခဲယဉ်းလှပေ၏။
* မဂ်ဖိုလ်ရောက်ကြောင်း အပါယ်တံခါးပိတ်ကြောင်းဖြစ်သည့် သတိပဋ္ဌာန် ဝိပဿနာစသော သူတော်ကောင်းတရားတို့ကို နာကြားရခြင်းသည် ခဲယဉ်းလှပေ၏။
* ဘုရားရှင်တို့၏ ပွင့်တော်မူခြင်းသည်၊ ခဲယဉ်းလှပေ၏။

ဤ **ရခဲခြင်းတရား ၄-ပါး**ကို မိမိတို့သန္တာန်မှာ ရရှိထားသည့်အခိုက်အတန့်တွင် နည်းမှန်လမ်းမှန် ဝိပဿနာတရားကို အားထုတ်မည်ဆိုလျှင် အပါယ်သံသရာ အပါယ်ဆင်းရဲမှ အပြီးတိုင်လွတ်မြောက်အောင် ကြိုးကြိုးစားစား အားထုတ်မှသင့်တော်ပါမည်။ လူလည်းဖြစ်နေသည့်အခိုက်အတန့်၊ အသက်ရှင်ပြီး ကျန်းမာနေသည့်အခိုက်အတန့်၊ အပါယ်တံခါးကိုပိတ်စေနိုင်သည့် သတိပဋ္ဌာန်ဝိပဿနာတရားတွေ ထွန်းကားနေသည့် အခိုက်အတန့်၊ မြတ်စွာဘုရားသာသနာတော်ကြီးနှင့် တွေ့ကြုံနေရသည့် အခိုက်အတန့် ဟူသော ရခဲခြင်းတရား ၄-ပါး၏တန်ဖိုးကို သိမြင်နိုင်ပါသည်။

www.dhammadownload.com

ပီတိသမ္ဗောဇ္ဈင် ဖြစ်ပုံ

ပီတိသည်လည်း အမျိုးမျိုးရှိရာ၊ သမ္ဗောဇ္ဈင် မထိုက်သော ပီတိ ၃-မျိုးမှာ

* ကာမာမိသာပီတိ- လောကီအာရုံကာမဂုဏ်တွေကို ခံစားရရှိသဖြင့် နှစ်သက်အာရမှု၊
* လောကာမိသာပီတိ- လောကီရေးရာဘက်တွင် စွန့်စွန့်စားစားဆောင်ရွက်၍ အောင်မြင်သည့်အခါမှာ နှစ်သက်အားရမှု၊
* ဝဋ္ဋာမိသာပီတိ- အလှူဒါနတွေပြု၊ သီလတွေဆောက်တည်၊ ကောင်းမှုတွေပြုပြီးသည့်အခါ ဘဝသံသရာမှာ ချမ်းချမ်းသာသာ ကျင်လည်ရတော့မည်ဟု ပြန်ပြီးဆင်ခြင်လိုက်သည့်အခါ ဝမ်းမြောက်ဝမ်းသာ နှစ်သက်အားရမှု၊ တို့ဖြစ်ပါသည်။

ဤပီတိတို့သည် ပီတိသမ္ဗောဇ္ဈင် မထိုက်သောကြောင့် တရားရကြောင်း မဟုတ်ပါ။

ရတနာသုံးပါးနှင့် မိဘ,ဆရာသမားတို့၏ ဂုဏ်ကျေးဇူးကို နှလုံးသွင်းဆင်ခြင်ပြီး ဖြစ်လာသော နှစ်သက်အားရမှုပီတိနှင့် ဝိပဿနာတရားအားထုတ်၍ ဖြစ်လာသော ပီတိမျိုးတို့သည်သာ ပီတိသမ္ဗောဇ္ဈင် ထိုက်ပေသည်။ ဝိပဿနာ ရှုမှတ်သဖြင့် ဥဒယဗ္ဗယဉာဏ်သို့ရောက်လာသောအခါ ခုဒ္ဒကာပီတိ၊ ခဏိကာပီတိ၊ ဩက္ကန္တိကာပီတိ၊ ဥဗ္ဗေကာပီတိ၊ ဖရဏာပီတိ ဟူ၍ ပီတိ ၅-မျိုး ဖြစ်လာတတ်ကြပါသည်။ ပီတိသမ္ဗောဇ္ဈင် ဖြစ်လာလျှင် စိတ်ဓာတ်တွေပြန်တိုးတက်လာသဖြင့် ရှုမှတ်မှုများ ပြန်ကောင်းလာတတ်ပါသည်။

ဓမ္မဝိစယသမ္ဗောဇ္ဈင် ဖြစ်ပုံ

ဓမ္မဝိစယ-ဆိုသည်မှာ ဓမ္မ-တရား၊ ဝိစယ-ဆင်ခြင်၊ အဓိပ္ပါယ်ရပါသည်။

ဝိပဿနာအရာတွင် အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု ရှုမှတ်ဆင်ခြင်ပြီးသိသောဉာဏ်ကို ဓမ္မဝိစယသမ္ဗောဇ္ဈင်ဟု ဆိုပါသည်။ တရားတွေ မထူးခြားလို့၊ တရားတွေအတွေ့ဆိုးသဖြင့် တရားအားမထုတ်ချင်ပဲ ပျင်းရိငြီးငွေ့လာ၊ စိတ်ဓာတ်တွေ ကျဆင်းလာသည့်အခါတွင် ဓမ္မဝိစယသမ္ဗောဇ္ဈင်ဖြစ်အောင် ဆင်ခြင်ဖို့လိုအပ်ပါသည်။ မည်သည့်အခါမှ ရှောင်ကွင်း၍မရသော မိမိ၏သန္တာန်၌ရှိနေသည့် အိုရခြင်းသဘော၊ နာရခြင်းသဘော၊ သေရခြင်းသဘောတရားများကို ဆင်ခြင်လိုက်လျှင် ဓမ္မဝိစယသမ္ဗောဇ္ဈင် ဖြစ်ပြီး၊ စိတ်ဓာတ်များပြန်တိုးတက်လာသဖြင့် ရှုမှတ်မှုများ ပြန်ကောင်းလာတတ်ပါသည်။

မိမိတို့၏အသက်သည် ယနေ့ရှင်နေပါသော်လည်း မနက်ဖန် ရှင်ချင်မှရှင်တော့မည် ဖြစ်ပေသည်။ ထို့ကြောင့် ယနေ့အားထုတ်ခွင့်ရလျှင် ယနေ့ပင်အားထုတ်ပါဟု မြတ်စွာဘုရားဟောကြားတော်မူသည့်အတိုင်း သေရခြင်းသဘောကို တကယ်တမ်းဉာဏ်ထဲရောက်အောင် ဓမ္မဝိစယသမ္ဗောဇ္ဈင်ဖြင့် အားသစ်လောင်းသင့်ပါသည်။

www.dhammadownload.com

နံပါတ်(၇) ဣန္ဒြေထက်ကြောင်းတရား

"ကာယေ စ ဇီဝိတေ စ အနပေက္ခတံ ဥပဋ္ဌာပေတိ။"

ကာယေစ– ကိုယ်၌လည်းကောင်း၊ ဇီဝိတေစ– အသက်၌လည်းကောင်း၊ အနပေက္ခတံ– ငဲ့ကွက်ခြင်းမရှိသည်အဖြစ်ကို၊ ဥပဋ္ဌာပေတိ– ဖြစ်စေ၏။

ဤ ကိုယ်နှင့်အသက်ကို အနမတဂ္ဂသံသရာ ဘဝပေါင်းများစွာက ငဲ့ကွက်ခဲ့သောကြောင့် ယနေ့တိုင်အောင် တရားထူးတရားမြတ်များ မရကြသေးပေ။ တရားထူးတရားမြတ်များ မရခဲ့ကြသည့်အတွက်ကြောင့် အိုရခြင်းဘေးဒုက္ခ၊ နာရခြင်းဘေးဒုက္ခ၊ သေရခြင်းဘေးဒုက္ခတို့က မလွတ်နိုင်ကြသေးပေ။ လူလည်းဖြစ်နေသည့်အခိုက်အတန့်၊ အသက်ရှင်ပြီး ကျန်းမာနေသည့် အခိုက်အတန့်၊ အပါယ်တံခါးကို ပိတ်စေနိုင်သည့် သတိပဋ္ဌာန်ဝိပဿနာတရားများ ထွန်းကားနေသည့် အခိုက်အတန့်၊ မြတ်စွာဘုရားသာသနာတော်ကြီးနှင့် တွေ့ကြုံနေရတဲ့အခိုက်အတန့်မှာ တရားထူးတရားမြတ်များကို ရနိုင်သည့်ဘဝမှာ လဲယူလိုက်မည်ဆိုလျှင် နောက်နောင်သံသရာဘဝများ၌ အိုရခြင်း၊ နာရခြင်း၊ သေရခြင်းစသော ဆင်းရဲဒုက္ခအမျိုးမျိုးတို့မှ အပြီးတိုင်အောင် လွတ်မြောက်သွားပေမည်ဟု နှလုံးသွင်းဆင်ခြင်လိုက်လျှင် ကိုယ်နှင့်အသက်ကို မငဲ့ကွက်ဘဲဖြစ်သွားနိုင်ပါသည်။ တရားအားထုတ်၍ အချို့ဉာဏ်စဉ်များသို့ရောက်သောအခါ မငဲ့ကွက်သည့်သဘောများ မိမိသန္တာန်မှာဖြစ်လာတတ်ပြီး စိတ်ဓာတ်များ ပြန်လည်တိုးတက်လာသဖြင့် ရှုမှတ်မှုများ ပြန်ကောင်းလာတတ်ပါသည်။

နံပါတ်(၈) ဣန္ဒြေထက်ကြောင်းတရား

"တတ္ထ စ အဘိဘုယျ နေက္ခမ္မေန သမ္ပာဒေတိ။"

"တတ္ထစ– ထိုသို့ ကိုယ်နှင့်အသက်ကိုအငဲ့ကွက်ဘဲ ရှုမှတ်ရာ၌လည်း၊ ဥပ္ပန္နုပ္ပန္နံ– ဖြစ်တိုင်းဖြစ်တိုင်းသော၊ ဒုက္ခံ– ဆင်းရဲကို၊ နေက္ခမ္မေန– ဒုက္ခဝေဒနာကြောင့်ဖြစ်သော ပျင်းရိငြီးငွေ့ခြင်းမှ ထွက်မြောက်ကြောင်း ဝိပဿနာဝီရိယဖြင့်၊ အဘိဘုယျ– လွှမ်းမိုး၍၊ သမ္ပာဒေတိ= ဝိပဿနာဉာဏ်ကို ပြီးစေ၏၊ (ဝါ) ဣန္ဒြေကို ထက်စေ၏။

(အဋ္ဌကထာ)

➢ ရှစ်ဉ်ပေါ်ရိုး၊ ဆင်းရဲမျိုး၊ လွှမ်းမိုးနိုင်ဂုမည်။

www.dhammadownload.com

ဝိပဿနာ ရှုမှတ်နေသောအခိုက်အတန့်၌ ဝိပဿနာရှုမှတ်သဖြင့်ပေါ်လာသော ဆင်းရဲဒုက္ခ ဝေဒနာမျိုးများကို လွှမ်းမိုးအောင် ရှုမှတ်နိုင်ရပါမည်။ လွှမ်းမိုးအောင်ရှုမှတ် နိုင်လျှင် ဣန္ဒြေတွေထက် တရားတွေတက်သွားနိုင်ပါသည်။ ရှုမှတ်စဉ်မှာပေါ်လာသော ဒုက္ခဝေဒနာများကို လွှမ်းမိုးသွားနိုင်လျှင် မရှုမှတ်ခင် ရှေးရှေးအခါတည်းကရှိခဲ့ ဖြစ်ခဲ့ သော ဒုက္ခဝေဒနာတွေကိုလည်း လွှမ်းမိုးပြီး ပျောက်ကင်းသွားစေနိုင်ပါသည်။

ဒုက္ခဝေဒနာတွေကို လွှမ်းမိုးအောင် မှတ်နိုင်ဖို့ရန် နာတာ၊ ကျဉ်တာ၊ အောင့်တာ၊ ကိုက်တာတွေ ထင်ရှား ပြင်းထံစွာပေါ်လာသည့်အခါ ရှေးဦးစွာ သည်းခံရပါမည်။ သည်းခံမည်ဟု နှလုံးသွင်းပြီး ဤနာတာ၊ ကျဉ်တာ၊ အောင့်တာ ဒုက္ခဝေဒနာများသည် တစ်ထိုင်လုံးပဲ ခံနေရတော့မှာလားဟု ကြောင့်ကြပူပန်မှုများ မရှိစေရပါ။ စိတ်ကို အေးဆေးတည်ငြိမ်စွာ ထားရပါမည်။ ဝေဒနာကတော့ သူ့သဘောအတိုင်း နာနေမှာပဲ၊ မှတ်ဖို့ရာကတော့ မိမိတာဝန်ပဲဟု နှလုံးသွင်းပြီး၊ ဝေဒနာပြင်းထံတာနှင့်အမျှ စိတ်နှင့် ခန္ဓာကိုယ်ကို တင်းပြီးမထားရပါ။ တင်းထားလိုက်လျှင် ဝီရိယတွေက လွန်ကဲသဖြင့် ဝေဒနာပေါ်မှာ မှတ်သိစိတ်ကို တည့်တည့်ချ၍ မရပါ။ ဝီရိယလွန်ကဲနေသဖြင့် သမာဓိ မဖြစ်နိုင်ဘဲ ပိုပြီးနာနေတတ်ပါသည်။

ဝေဒနာ ပြင်းထန်လာလျှင် ခန္ဓာကိုယ်ကိုလည်း အနည်းအငယ် လျှော့ပေးလိုက် ရပါသည်။ လျှော့ပေးပြီးသည့်အခါကျမှ ဝေဒနာပေါ်မှာ မှတ်သိစိတ်ကလေး တည့်တည့် ချကြည့်လိုက်ပါ။ ဘယ်လောက်နာနေတယ်၊ အသားပေါ် အရေပေါ်လောက်ပဲနာတယ်၊ အကြောထိအောင်နာတယ်၊ အရိုးထိအောင်နာတယ်၊ ရိုးတွင်းချဉ်ဆီထိအောင်နာတယ်ဟု မှတ်သိစိတ်ဖြင့် သိအောင် စူးစူးစိုက်စိုက် ထားပေးရပါမည်။ စူးစိုက်သဖြင့် ဝေဒနာ၏ နာပုံ အတိုင်းအရှည်ပမာဏကို သိပြီးမှ နာတယ်၊ ကျဉ်တယ်စသည်ကို မှတ်ရပါမည်။ နာပုံ အတိုင်းအရှည်ပမာဏကို စူးစိုက်ကတည်းက သမာဓိ ဖြစ်သွားပါသည်။ နာတယ်၊ ကျဉ်တယ်စသည်ကို အလျင်အမြန် အပေါ်ရံတွင်ရုပ်ပြီးတော့လည်း မမှတ်ရပါ။ ပိုပြီးနာ နေတတ်ပါသည်။ ရှိရှိသေသေ စူးစိုက်ပြီးမှ ပိုင်းခြားပိုင်းခြားပြီး မှတ်ရပါသည်။ လေး,ငါး ချက်လောက် ဆင့်ကာဆင့်ကာရှုမှတ်လိုက်လျှင် ပိုပြီးနာ ပိုပြီးကျင်စသည်တို့ထင်ရှားလာပြီး အထွတ်အထိပ်သို့ရောက်အောင် နာမှု, ကျဉ်မှုတို့ဖြစ်ပြီးသောအခါ ဝေဒနာသည်လည်း အကြောင်းအားလျော်စွာ ပြန်ပြီးလျှော့လာတတ်ပါသည်။ လျှော့သည့်အခါမှာလည်း မှတ်သိစိတ်လေးကို ပိုင်းခြားပိုင်းခြားပြီး ရှုမှတ်နေရပါသည်။ ဝေဒနာက လျှော့မသွားပဲ မှတ်မရနိုင်အောင်ဖြစ်၍ ပြင်ရတော့မည်ဆိုလျှင်လည်း ပြင်ချင်သည့်စိတ်ကလေးကို ရှေးဦးစွာမှတ်ပြီးမှ ပြင်သည့်အမူအရာလေးများကို ဖြေးဖြေး သိမ်သိမ်မွေ့မွေ့ပြုလုပ်ပြီး ရမှတ်မှုများ မလွတ်အောင်ပြင်ပြီး ဆက်လက် ရှုမှတ်သွားရပါမည်။

www.dhammadownload.com

ဝေဒနာကို ရှုမှတ်ရာ၌ နာမှု ကျင်မှု စသည်တို့ကို သည်းခံပြီး ရှုမှတ်မြဲ ရှုမှတ်နေရာမှ အထွတ်အထိပ်သို့ရောက်အောင် နာ,ကျင်ပြီး အကြောင်းအားလျော်စွာ ပြန်လျော့သွားလိုက် ပြန်တိုးလာလိုက်၊ တခြားနေရာများသို့ ရွေ့ရွေ့သွားလိုက် ရှုမှတ်နေရသဖြင့် ဝေဒနာဆိုတာ တစ်ဆက်တည်း နာနေတာမဟုတ်။ ဝေဒနာလည်း ပြောင်းလဲနေတယ်၊ ဝေဒနာ၏သဘောကို သိလာရသဖြင့် ဥဒယ-ဖြစ်၊ ဝယ-ပျက်ကို သိရတော့သည်။ မှန်းဆ၍ ဖြစ်ပျက်ကို ရှုမှတ်ခြင်းမဟုတ်ပဲ၊ သဘောကိုသိ၍သာ ပစ္စုပ္ပန်တည့်တည့် စူးစူးစိုက်စိုက် ရှုမှတ်သဖြင့် သမာဓိဉာဏ်များ တစ်ဆင့်ရင့်ကျက်အားရှိလာသည့်အခါ နာမှုကို မှတ်လိုက်လျှင် နာမှုလည်း ရိုပ်ခနဲ ကုန်ပျက်၊ နာမှုကို သိသောစိတ်လည်း ကုန်ပျက်၊ နာမှုကိုမှတ်လိုက်သော မှတ်သိစိတ်ပါ လိုက်ပြီးကုန်ပျက်သွားမှုကို သိရသဖြင့် ဝေဒနာလည်း မမြဲ၊ မှတ်သိစိတ်လည်း မမြဲသော 'အနိစ္စ'သဘော၊ ကုန်ပျက်မှုများ လျှင်မြန်အားကြီးသဖြင့် နှိပ်စက်သကဲ့သို့ ဆင်းရဲပါလား 'ဒုက္ခ'သဘော၊ ကုန်ပျက်မှုသဘော, ဆင်းရဲမှုသဘောတို့သည် ကာကွယ်လို့မရ၊ သူ့သဘောအတိုင်းသူ ဖြစ်နေကြသဖြင့် ကိုယ်အစိုးမရပါလား 'အနတ္တ'သဘော တို့ကို ရှုမှတ်ရပါမည်။

နံပါတ်(၉) ဣန္ဒြေထက်ကြောင်းတရား

"အန္တရာ စ အပ္ပတ္တေ သမ္ဘာဒေတိ။"

အန္တရာ- မဂ်,ဖိုလ် မရောက်သေးမီအကြား၌၊ အပ္ပတ္တေ သနေနစ- <u>အဆုံးမသတ်</u> ရှုမှတ်ခြင်းဖြင့်လည်း၊ သမ္ဘာဒေတိ= ဝိပဿနာဉာဏ်ကို ပြီးစေ၏၊ (ဝါ) ဣန္ဒြေကို ထက်စေ၏။ *(အဆုံးမသတ်- ရှုမှတ်မှုဖြင့် အစဉ်ကြိုးစားလျက်)* (အဋ္ဌကထာ)

မိမိတို့ရည်မှန်းထားသည့် မဂ်,ဖိုလ်,နိဗ္ဗာန် တရားထူးတရားမြတ်များကို မရရှိသေးပါပဲနဲ့၊ မရောက်ရှိသေးပါပဲနဲ့ ဘာအကြောင်းကြောင့်မှ ဒီကြားထဲမှာ ဝိပဿနာ ရှုမှတ်မှုများကို မရပ်ထားဘူး၊ မဖြတ်ထားဘူး၊ ရရသမျှအချိန်များ၌ ရရသမျှသော ရှုမှတ်စရာများကိုရှုမှတ်နေလျှင် ဣန္ဒြေတွေထက် တရားတွေတက်နိုင်ပါသည်။

မိမိတို့သန္တာန်မှာ လူလည်းဖြစ်နေသည့်အခိုက်အတန့်၊ အသက်ရှင်ပြီး ကျန်းမာနေသည့်အခိုက်အတန့်၊ အပါယ်တံခါးကိုပိတ်စေနိုင်သည့် သတိပဋ္ဌာန်ဝိပဿနာတရားများထွန်းကားနေသည့် အခိုက်အတန့်၊ မြတ်စွာဘုရားသာသနာတော်ကြီးနှင့် တွေ့ကြုံနေရသည့်အခိုက်အတန့်ဟူသော ရခဲခြင်းတရား ၄-ပါး၏တန်ဖိုးကို ရရှိထားပါသဖြင့် မိမိတို့၏ လမ်းဆုံးပန်းတိုင်ဖြစ်သော မဂ်တရား ဖိုလ်တရား နိဗ္ဗာန်တရားတော်မြတ်များကို ရရှိနိုင်ဖို့ရန် အခြေခံကောင်း အခွင့်ကောင်း အခွင့်သာကြီး ရှိနေပါသည်။

www.dhammadownload.com

"ဓမ္မော စ မင်္ဂလော လောကေ၊ ဓမ္မော ဂမ္ဘီရော ဒုဒ္ဒသော။
ဓမ္မံ သရဏာ မာဂမ္မ၊ သဗ္ဗဒုက္ခာ ပမုစ္စတိ"– ဟု
မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါသည်။

မြတ်စွာဘုရား၏တရားတော်တို့သည် အလွန်နက်နဲပါသည်။ အလွန်လည်း မြင်နိုင်ခဲပါသည်။ ယခုလို မြတ်စွာဘုရားပွင့်တော်မူလာသည့်အချိန်အခါ၌ မြတ်စွာဘုရား ပေးသနားတော်မူသော သတိပဋ္ဌာန်နည်းဖြင့်သာ ခန္ဓာကိုယ်ထဲမှာရှိသော ရုပ်တရား နာမ်တရားများ၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တသဘောများ၊ အကြောင်းနှင့်အကျိုးဆက်စပ်ပြီး ဖြစ်နေတာတွေ၊ ဖြစ်မှု ပျက်မှုတွေကို မြင်အောင်ရှုမှတ်သောအားဖြင့် မြင်သွားပြီဆိုလျှင် အလုံးစုံသော ဆင်းရဲဟူသမျှမှ လွတ်မြောက်ရပေမည်။ မြတ်စွာဘုရား ပေးသနားတော်မူသော သတိပဋ္ဌာန်နည်းဟူသော ဟောမှုကလည်း ပြည့်စုံနေပါသည်။ မိမိတို့ ကျင့်မှုကလည်းပြည့်စုံပြီး အမှတ်တွေပြည့်သွားလျှင် ဘယ်အချိန်အခါမဆို ဘယ်အမူအရာ၌မဆို တရားရနိုင်ပေသည်ဟု အဋ္ဌကထာဆရာများ ဖွင့်ပြကြပါသည်။ ဝိပဿနာ ရှုမှတ်မှုများကို ရရသမျှအချိန်များ၌ ရရသမျှသော ရှုမှတ်စရာများကို ရှုမှတ်နေလျှင် ဣန္ဒြေတွေထက် တရားတွေတက်နိုင်ပါသည်။ လမ်းဆုံးပန်းတိုင်သို့ မရောက်သေးလျှင် စွမ်းနိုင်သမျှ မှတ်နေရပါသည်။ သွားလျှင်လည်းမှတ်၊ ရပ်လျှင်လည်းမှတ်၊ ထိုင်လျှင်လည်းမှတ်၊ လျောင်းလျှင်လည်းမှတ်၊ စားလျှင်လည်းမှတ်၊ အသေးစိတ်များကိုလည်း ရှုမှတ်နေရပါမည်။

ဥပမာ– ခတ်ပုံကောင်းတစ်ပုံ ရယူနိုင်ရန်ရိုက်ကူးပုံနှင့် ပြကြပါသည်။ ဓာတ်ပုံများ ရိုက်တော့မည်ဆိုလျှင် ဓာတ်ပုံရိုက်ခံရမည့်ပုဂ္ဂိုလ်ကလည်း အချိုးကျအောင် အနေအထား လေးမှန်အောင် နေပေးနေရပါသည်။ ဓာတ်ပုံရိုက်မည့်ဓာတ်ပုံဆရာကလည်း ချိန်ဆ ချိန်ဆပြီး မိမိရိုက်ကွင်းထဲဝင်အောင် ဟိုနားကလှည့်ချိန် ဒီနားကလှည့်ချိန် ချိန်နေရပါသည်။ ချိန်ပြီးတော့ ရိုက်လိုက်သည့်အခါ ဖျတ်ကနဲဆို စက္ကန့်ပိုင်းအတွင်းမှာ ဓာတ်ပုံကောင်း တစ်ပုံကို ရသွားပါသည်။ ဓာတ်ပုံအရိုက်ခံမည့်ပုဂ္ဂိုလ်ကလည်း အချိုးတကျလေး ရှိအောင် အမြိုးမြိုးပြင်ပေးနေရသည်။ ဓာတ်ပုံရိုက်မည့်ပုဂ္ဂိုလ်ကလည်း ချိန်လိုက်ရတာ၊ ဓာတ်ပုံရိုက်ကွင်းထဲရောက်အောင် တော်တော့်ကို ချိန်ပေးနေရသည်။ ရိုက်လိုက်သည့် အခါကျတော့ စက္ကန့်ပိုင်းလေးအတွင်းမှာပင် ဓာတ်ပုံရသွားပါသည်။ ဝိပဿနာတရား ရှုမှတ်သည့်အခါမှာလည်း ရှုမှတ်မှုများကို ဆက်စပ်နေအောင် ရရသမျှအချိန်များ၌ ရရသမျှသောရှုမှတ်စရာများကို ရှုမှတ်နေရသည်။ တရားရသည့်အချိန်ကတော့ မည်သည့်

www.dhammadownload.com

အချိန်မဆို ရနိုင်ပေသည်။ ရသည့်အခါ စက္ကန့်ပိုင်းလေးအတွင်း ဖျတ်ကနဲဆို မဂ်ဉာဏ် ဖိုလ်ဉာဏ်သို့ ရောက်သွားပါသည်။ တရားထူးတရားမြတ်များကို ရသည့်အချိန်အခါ သည် ဣန္ဒြေငါးပါး ညီမျှထက်သန်ပြီး အမှတ်များပြည့်သွားသည့်အခါ ဖျတ်ကနဲ စက္ကန့်ပိုင်းအတွင်းမှာ သောတာပတ္တိမဂ်, သောတာပတ္တိဖိုလ်.. ရဟန္တာအထိ ရသွားနိုင် ပါသည်။ ထို့ကြောင့် ဘယ်အချိန်အခါမဆို ဘယ်အမူအရာမဆို တရားထူးကိုရနိုင် သည့်အကြောင်း အဋ္ဌကထာဆရာများက ဖွင့်ပြကြပါသည်။

➤ လမ်းဆုံးမရောက်၊ လက်မမြှောက်၊ တောက်လျှောက်သွားရမည်။
ဟောမှု ကျင့်မှု၊ နှစ်ခုပြည့်ဝ၊ ခုဘဝ၊ ရကြမြတ်တရား။

ပဋ္ဌာန်း ဣန္ဒြိယပစ္စည်း မေတ္တာပို့ ဆုတောင်းဘုရားရှိခိုး

ဣန္ဒြိယပစ္စယော– သတ္တဝါအားလုံး မကောင်းသော ရုပ်,နာမ်တရားတို့၏ လွှမ်းမိုး အုပ်ချုပ် ချယ်လှယ်မှုကိုမခံကြရဘဲ ကောင်းမွန်သော ရုပ်,နာမ်တရားတို့၏ လွှမ်းမိုး အုပ်ချုပ် ချယ်လှယ်မှုတို့ကိုသာ နိဗ္ဗာန်တိုင်ထိ ရရှိခံစားရရှိနိုင်ကြပါစေ။

စိတ်ကို စိုးပိုင်၊ အမြဲနိုင်၊ ကြံ့ခိုင် သန်စွမ်းပါစေသော်။

ဣန္ဒြိယပစ္စယော– တစ်ပြည်တွင်း၌၊ ချင်းချင်းမဆန့်၊ သီးမသန့်ဘဲ၊ ခန့်ခွဲပိုင်းစား၊ မှူးမတ်များသို့၊ သုံးပါးပြားလတ်၊ သဟဇာတ်နှင့်၊ ဓာတ်ပဉ္စဝိညာဏ၊ ကမ္မဇကို၊ မိမိအလိုသို့ လိုက်စေနိုင်သော သတ္တိထူးဖြင့် ကျေးဇူးပြုနိုင်သော သဟဇာတိန္ဒြိယ၊ ပုရေဇာတိန္ဒြိယ၊ ရူပဇီဝိတိန္ဒြိယ သုံးပါးပစ္စည်းတရားသည်၊ အတ္ထ– ပုဂ္ဂိုလ်, သတ္တဝါ၊ သူငါမနှော၊ တရားသဘောသာ၊ ထင်ရှားရှိပါပေသည်တကား။

ဣတိ– ဤသို့၊ ဇောခန္တီ– သဗ္ဗညုတာ၊ ဉာဏ်တော်သာဖြင့်၊ ဦးစွာကျနု၊ သိပြီးမှလျှင်၊ များလှဝေနေ၊ သိစေတော်မူသော၊ မြတ်စွာဘုရားကို၊ ဝန္ဒာမိ– ဂုဏ်တော်ထုံမွမ်း၊ ပုံတော်မှန်းလျက်၊ ချီးမွမ်းထောမနာ၊ ပဏာရိုကျိုး၊ လက်စုံမိုး၍၊ ရှိခိုး ကန်တော့ပါ၏ ဘုရား။

UK-2020(COVID-19)

ဣန္ဒြိယပစ္စည်း ပြီး၏။

www.dhammadownload.com

"နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"

၁၇။ ဈာနပစ္စည်း

ဈာနမည်ခြင်းအကြောင်း

ဈာန် = ဆိုင်ရာအာရုံကို ရှိုးရှိုးအာရုံပြုပုံထက် လွန်ကဲ၍ စူးစူးစိုက်စိုက် မြဲမြံစွာဖြင့် ကပ်၍ရှုတတ်သော ဝိတက်,ဝိစာရစသည်တရားအပေါင်းသည် 'ဈာန်' မည်၏။

ဈာနင် = ဈာန်၏အင်္ဂါဖြစ်သော ဝိတက်,ဝိစာရစသည် ဈာန်၏အင်္ဂါအစိတ်အပိုင်း (ဈာန်အင်္ဂါ)တို့သည် 'ဈာနင်' မည်၏။

➢ စိုက်စိုက်စူးစူး အထူးမြဲမြံ ရှုအားသန် ဈာန်ဟုခေါ်သတတ်။
ထို၏အင်္ဂါ၊ အစိတ်မှာမူ ဈာနင်ယူ။

မုဆိုးသည် လေး,မြှားဖြင့် သားငှက်တို့ကို ပစ်ကြသည့်အခါ တည့်မတ်စွာ ချိန်ရွယ်မှု၊ မြှားဦးတည်ငြိမ်စေရန် ထိမ်းချုပ်မှုပြုသကဲ့သို့၊ အာရုံမှာလည်း တည့်မတ်စွာ ချိန်ရွယ်မှု၊ ထိမ်းချုပ်မှုများသည် ဈာနပစ္စည်း ဖြစ်ပါသည်။ သစ်ပင်ပေါ်, တောင်ထိပ်ပေါ်တက်သော ပုဂ္ဂိုလ်သည် အောက်မြေပြင်မှာရှိသော ကောင်း/မကောင်းအာရုံများကို မိမိကိုယ်တိုင်လည်း မြင်ရ၊ အောက်မှာနေသောပုဂ္ဂိုလ်များကိုလည်း ပြောပြနိုင်သကဲ့သို့ ဖြစ်ပါသည်။

(တစ်နည်း) ဈာနဆိုသည်မှာ ဆန့်ကျင်ဘက် အဆီးအတား၊ အနှောက်အယှက် (နီဝရဏတရား)တို့ကို လောင်မြိုက်ဖျက်ဆီးတတ်သောတရား ဖြစ်ပါသည်။

ဈာနင်တရား ၇-ပါး = တရားကိုယ် ၅-ပါး

ဈာနင်တရား		တရားကိုယ်(စေတသိက်)	နီဝရဏတရား
၁	ဝိတက်ဈာနင်	ဝိတက်သည်	ထိန-မိဒ္ဓနီဝရဏကို လောင်မြိုက်စေအပ်၏။
၂	ဝိစာရဈာနင်	ဝိစာရသည်	ဝိစိကိစ္ဆာနီဝရဏကို လောင်မြိုက်စေအပ်၏။
၃	ပီတိဈာနင်	ပီတိသည်	ဗျာပါဒနီဝရဏကို လောင်မြိုက်စေအပ်၏။
၄	သောမနဿဈာနင်	ဝေဒနာသည်	ဥဒ္ဓစ္စ-ကုက္ကုစ္စနီဝရဏကို လောင်မြိုက်စေအပ်၏။
၅	ဒေါမနဿဈာနင်		
၆	ဥပေက္ခာဈာနင်		
၇	ဧကဂ္ဂတာဈာနင်	ဧကဂ္ဂတာသည်	ကာမစ္ဆန္ဒနီဝရဏကို လောင်မြိုက်စေအပ်၏။

(ဈာနင်တရားတို့ လောင်မြိုက်စေအပ်သော နီဝရဏတရားတို့တွင် **အဝိဇ္ဇာနီဝရဏ** မပါ။)

www.dhammadownload.com

ကောင်းသည့်အာရုံဖြစ်စေ၊ မကောင်းသည့်အာရုံဖြစ်စေ ဝိတက်စသောတရားတို့သည် မိမိတို့ကိုယ်တိုင်လည်း စူးစူးစိုက်စိုက် အာရုံကို ယူတတ်၏။ တကွဖြစ်ဘက်တရားတို့ကိုလည်း စူးစူးစိုက်စိုက် အာရုံယူစေသောပစ္စည်းသည် ဈာနပစ္စည်း ဖြစ်ပါသည်။

သမ္ပယုတ်တရားများကို အာရုံသို့ ရှေ့ရှုတင်တတ်သော 'ဝိတက်'သည် အလိုရှိရာ အာရုံသို့ စိတ်ကိုဖြောင့်မတ်စွာသွားနိုင်ရန် ချိန်ရွယ်မှု မည်ပါသည်။ အာရုံမှာ တရစ်ဝဲဝဲနေသော 'ဝိစာရ'၊ အာရုံကို နှစ်သက်တတ်သော 'ပီတိ'၊ အာရုံ၏အရသာကို ခံစားတတ်သော 'ဝေဒနာ'၊ တိုက်ဆိုင်ရာကိစ္စကိုဆောင်ရွက်ဖို့ အာရုံမှာစိတ်ကို တည်ငြိမ်စွာထိန်းချုပ်ထားတတ်သော 'ဧကဂ္ဂတာ'တို့သည် အာရုံမှာ စိတ်ကိုချုပ်ထိမ်းမှုများ ဖြစ်ကြပါသည်။

ကိစ္စဟူသမျှ ဈာနမပါလျှင်မပြီး

ဈာနပစ္စည်းရှိလို့သာ ကုသိုလ်,အကုသိုလ်တွေမှာ တစ်ခုတစ်ခုသော ကာယကံ, ဝစီကံ, မနောကံမှုများကို အစ, အလယ်, အဆုံးတိုင်အောင် ပြုလုပ်နိုင်ကြပါသည်။ ဈာန်မရှိလျှင် ခြေတစ်လှမ်းကိုသော်မှ တည့်မတ်အောင်လှမ်းနိုင်မှာ မဟုတ်ပါ။ အာရုံတစ်ပါးကိုစိတ်ပြောင်းပြီး မေ့နေနိုင်ပါသည်။ ပစ္စည်း,ပစ္စယုပ္ပန်တို့သည် မိမိတို့သန္တာန်မှာဖြစ်နိုင်သောတရားများသာ ဖြစ်ပါသည်။ ရှုမှတ်မှုတို့တွင် စိတ်သည် အလွန်ရိုင်းသော နွားသားငယ်နှင့်တူပြီး၊ ဈာနပစ္စည်းသည် ကြိုးလွန်း,ချည်တိုင်,မြက်,ရေနှင့် တူပါသည်။

ဣန္ဒြိယ၏အခြားမဲ့၌ ဈာနပစ္စည်း ဟောရခြင်း

ဘုရားရှင်သည် ဣန္ဒြိယပစ္စည်းဖြင့် အထူးထူးသောခဏ၏ အစွမ်းအားဖြင့် အစိတ်အစိတ်ဖြစ်ကုန်သော နာမ်,ရုပ်တို့၏ ထင်စွာကျေးဇူးပြုသည့်အဖြစ်ကို ဟောကြားတော်မူ၏။ ဤနည်းဖြင့် နာမ်,ရုပ်နှစ်ခု အပေါင်းဖြစ်၍သာလျှင် နာမ်,ရုပ်နှစ်ခုအပေါင်းသာလျှင်ဖြစ်သောတရားအား ဤအခြင်းအရာအားဖြင့်သာလျှင် ကျေးဇူးပြုလေသလော၊ ထိုသို့မဟုတ် နာမ်တရားသာလျှင်ဖြစ်၍ တစ်ပါးသောအခြင်းအရာအားဖြင့် နာမ်,ရုပ်နှစ်ခုအပေါင်းအား ကျေးဇူးပြုလေသလော-ဟု ယုံမှားသက်ာ ဖြစ်ဖွယ်ရှိ၍ ထိုယုံမှားသက်ာကို ပယ်ဖျောက်ခြင်းအကျိုးငှာ ဣန္ဒြိယ၏အခြားမဲ့၌ ဈာနပစ္စည်းကို ဟောတော်မူပါသည်။

[ဟံသာဝတီဆင်ဖြူများရှင်လက်ထက်၊ အသျှင်သဒ္ဓမ္မာလင်္ကာရ၏ 'ပဋ္ဌာနသာရဒီပနီဋီကာ']

www.dhammadownload.com

အမျိုးဇာတ်၊ ကာလ၊ ဘုံဌာန

- ဈာနပစ္စည်းသည် သဟဇာတမျိုး၌ ဖြစ်ပါသည်။ ထို့ကြောင့် ဈာနပစ္စည်းတရားတို့သည် မိမိနှင့်အတူတကွ ဖြစ်နိုင်ကြကုန်သော ဈာနပစ္စယုပ္ပန်တရားတို့အားသာ ဈာနပစ္စယသတ္တိဖြင့် ကျေးဇူးပြုနိုင်ကြလေသည်။

(ယောဂီသဟံ၊ အဥ္စိနိကမ်၊ ဝိပါကဗ္ဗဲဈာန်၊ မဂ်သမ်ဝိပ်အတ်၊ အဝိ မှတ်၊ သဟတ်ဆယ့်ငါးတန်။)

- ဈာနပစ္စည်းသည် ပဋိသန္ဓေကာလ, ပဝတ္တိကာလ နှစ်ပါးလုံးတို့၌ဖြစ်သည်။ ပစ္စုပ္ပန်,အတိတ်,အနာဂတ် ကာလသုံးပါးတို့တွင် ပစ္စုပ္ပန်ကာလ၌ ဖြစ်ပါသည်။
- ဈာနပစ္စည်းသည် ပဉ္စဝေါကာရ ၂၆–ဘုံ၊ စတုဝေါကာရ ၄–ဘုံတို့၌ဖြစ်နိုင်ပါသည်။ ဧကဝေါကာရဘုံ၌ မဖြစ်နိုင်ပါ။

ဈာနပစ္စည်း အရကောက်

ပစ္စည်း(ကတ္တား)	ပစ္စယုပ္ပန်(သမ္ပဒါန်)	သဘာဂ(ကရိုဏ်း)
ဝိတက်၊ ဝိစာရ၊ ပီတိ၊ ဝေဒနာ၊ ဧကဂ္ဂတာ ဟုဆိုအပ်သော ဈာနင်တရားကိုယ် ၅–ပါး	ဒွေပဉ္စဝိညာဏ် တစ်ဆယ်ကြဉ် စိတ် ၇၉–ခု၊ စေတသိက်–၅၂၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်၊	(ပြိုင်.ယှ. ၁၁) လတ်+ကြီး ဣံ, ဈာ, မဂ်

ပစ္စည်း = ဝိတက်၊ ဝိစာရ၊ ပီတိ၊ ဝေဒနာ၊ ဧကဂ္ဂတာ ဟုဆိုအပ်သော ဈာနင်တရားကိုယ် ၅–ပါး၊

ပစ္စယုပ္ပန် = ဒွေပဉ္စဝိညာဏ် တစ်ဆယ်ကြဉ် စိတ် ၇၉–ခု၊ စေတသိက်–၅၂၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်၊

ဈာနပစ္စည်း၏သုဒ္ဓသချာဝါရ၌– သမ္ပယုတ္တခန္ဓာ၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ် <u>အားတပ်သော</u> ဝိတက် ဝိစာရ ပီတိ ဝေဒနာ ဧကဂ္ဂတာဟုဆိုအပ်သော ဈာနင်တရားကိုယ်ငါးပါး၊ ဤတရားတို့သည် ဈာနပစ္စည်းတတ်သောတရားတို့ မည်ကုန်၏။ ပစ္စည်းရေ–၁၁ ဟူသည်တည်း။ ပစ္စည်းရေ–၁၁ ဟူသည်ကား သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ ဣန္ဒြိယ၊ ဈာန၊ မဂ္ဂ၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ– ဟူသည်တည်း။

ဈာနပစ္စည်းသည် ပစ္စုပ္ပန္နကာလိက, သဟဇာတပစ္စည်းမျိုးဖြစ်၍ မိမိထင်ရှားဖြစ်သောအခိုက်၌ မိမိနှင့်အတူတကွ သဟဇာတ်ဖြစ်နိုင်သော နာမ်,ရုပ်တရားတို့အား ဈာနပစ္စယသတ္တိဖြင့် ကျေးဇူးပြုပါသည်။

www.dhammadownload.com

ပစ္စယနိဒ္ဒေသ ဈာနပစ္စည်း

ပစ္စည်း(ကတ္တား)	ပစ္စယုပ္ပန်(သမ္ပဒါန်)	သဘာဂ(ကရိဏ်း)
ဈာနင်္ဂါနိ	ဈာနသမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စ ရူပါနံ	(ပြိုင်.ယ. ၁၁)
ဝိတက်၊ ဝိစာရ၊ ပီတိ၊ ဝေဒနာ၊ ဧကဂ္ဂတာ ဟုဆိုအပ်သော ဈာနင်တရားကိုယ် ၅-ပါး	ဒွေပဉ္စဝိညာဏ် တစ်ဆယ်ကြဉ် စိတ် ၇၉-ခု၊ စေတသိက်-၅၂၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်၊	လတ်+ကြီး ဏ္ကံ၊ ဈာ၊ မဂ်

* ဈာနင် ၇-ပါးရှိသော်လည်း သောမနဿ, ဒေါမနဿ, ဥပေက္ခာတို့၏ ဝေဒနာ အစွမ်းဖြင့် တစ်ပေါင်းတည်းယူ၍ ဈာနင်တရားကိုယ် ၅-ပါးသာ ဖြစ်၏။

ဒွေပဉ္စဝိညာဏ်-၁၀ တို့၌ ဈာနင်တို့ကို မရအပ်ခြင်း

ဒွေပဉ္စဝိညာဏ် ၁၀-ပါးတို့၌ ဝိတက်ကင်းသဖြင့် အာရုံသို့ရှေ့ရှုကျကာမျှဖြစ်၍ ထိုဒွေပဉ္စဝိညာဏ် ၁၀-ပါး၌ရှိသော ဥပေက္ခာ, သုခ, ဒုက္ခဝေဒနာတို့သည် အာရုံကို ကပ်၍ရှုခြင်းအခြင်းအရာ မရှိသောကြောင့် ဈာနင်မထိုက်ပေ။

* ဒွေပဉ္စဝိညာဏ်စိတ်များသည် အာရုံငါးပါးကို သာမညသိမှုသာဖြစ်သဖြင့်, အလွန် တရာအားနည်း၍ အာရုံကိုကြံစည်နိုင်သောသဘောမျိုး မဟုတ်သောကြောင့် (ပင်ကိုယ် သဘောအားဖြင့် ဝိတက်ကင်းသောကြောင့်) ဒွေပဉ္စဝိညာဏ်စိတ်၌ ဝိတက်မယှဉ်။

? အဟိတ်စိတ်များ၌ ဈာနင်ရအပ်၊ မရအပ် အဋ္ဌကထာနှင့် မူလဋီကာဆရာတို့၏ ဖွင့်ဆိုချက်လိုရင်း-

အဋ္ဌကထာက >>> ဒွေပဉ္စဝိညာဏ်တစ်ဆယ်သည် ရူပါရုံစသည်၌ ရှေးရှုကျကာမျှ ဖြစ်၍ ကသိုဏ်းစသည့်အာရုံကို ကပ်၍ရှုခြင်း၊ ကြံခြင်းကဲ့သို့ ဝိတက်၊ ဝိစာရ မရှိ သဖြင့် ဈာနင်မထိုက်၊ ဒွေပဉ္စဝိညာဏ်တစ်ဆယ်သည် ဈာနင်မရ၍ ကြွင်းအဟိတ်စိတ် များ၌လည်း ဈာနင်မရအပ်ဟု ဆိုပါသည်။

မူလဋီကာက >>> ကြွင်းအဟိတ်စိတ် ၈-ခု၌ ဈာနင် ရသင့်ပါသည်။ ဓမ္မသင်္ဂဏီ စိတ္တုပ္ပါဒကဏ္ဍ၌ဟောသည့်အတိုင်း ပဋ္ဌာန်း၌လည်း ယူသင့်ပါသည်ဟု ဆိုပါသည်။

www.dhammadownload.com

ဈာနနှင့် မဂ္ဂ အထူး

* ဈာန်သည် အာရုံ၌ စိတ်ကို မြဲအောင်, ဖြောင့်အောင်ပြုလုပ်သည့်အပြင် အပ္ပနာသို့ ရောက်အောင်လည်း ပြုလုပ်ပါသည်။
* မဂ်သည် သံသရာခရီးလမ်းမှာ စေတနာကံကိုင်၊ သံသရာမှလွတ်မြောက်ရာ နိဗ္ဗာန်ခရီးမှာ ဘာဝနာကံကိုင်၊ ဖြောင့်အောင် ခိုင်မြဲအောင် ပြုလုပ်ပါသည်။ ကမ္ဘပထမြောက်အောင် ကြီးပွားစည်ပင်အောင် ဘုံအထူးသို့ရောက်အောင်လည်း ပြုလုပ်ပါသည်။

➢ ဘုံအထူးရောက်အောင်– ဘာဝနာအစဉ်အားဖြင့် ကာမဘုံမှစပြီးမဟဂ္ဂုတ်, လောကုတ္တရာ ဘုံတိုင်၊ ဘုံအဆင့်ဆင့်သို့ရောက်အောင် ပြုစွမ်းနိုင်သော ဘာဝနာကံသည် ဘုံအထူး ရောက်အောင် ပြု၏။)

ဈာနအပြား

ဈာန်သည် အာရမ္မဏူပနိဇ္ဈာနဈာန် နှင့် လက္ခဏူပနိဇ္ဈာနဈာန် အားဖြင့် ၂–ပါး အပြားရှိပါသည်။ ထိုတွင်–

* သမာပတ် ၈–ပါးသည် ကသိုဏ်းအစရှိသော အာရုံကို ကပ်၍ရှုတတ်သောကြောင့် အာရမ္မဏူပနိဇ္ဈာနဈာန် မည်၏။
* ဝိပဿနာနှင့် မဂ်သည် အနိစ္စအစရှိသော လက္ခဏာကို ကပ်၍ရှုတတ်သောကြောင့် လည်းကောင်း၊ ဖိုလ်သည် နိဗ္ဗာန်၏'တထလက္ခဏာ'ကို ကပ်၍ရှုတတ်သောကြောင့် လည်းကောင်း၊ လက္ခဏူပနိဇ္ဈာနဈာန် မည်၏။ [အဋ္ဌသာလိနီအဋ္ဌကထာ]

ဈာနင်တရား ၅–ပါးတို့၏ အလုပ်များ

ဖဿစသော တစ်ပါးသောသမ္ပယုတ်တရားများရှိကြသော်လည်း ကသိုဏ်းစသော အာရုံတို့ကို ကပ်၍ရှုခြင်းကိစ္စ ရှိသောကြောင့်လည်းကောင်း၊ ကာမစ္ဆန္ဒ အစရှိသော နီဝရဏတရားတို့၏ ဖြောင့်ဖြောင့်ဆန့်ကျင်ဘက် ဖြစ်ကြသောကြောင့်လည်းကောင်း ဝိတက်စသော ၅–ပါးကိုသာ ဈာန်အင်္ဂါဟု ဆိုရခြင်းဖြစ်ပါသည်။

ဈာနင်တရားကိုယ်များသည် အာရုံကို စူးစူးစိုက်စိုက်ရှုခြင်း 'ဥပနိဇ္ဈာနကိစ္စ'ကိစ္စကို လုပ်ဆောင်သည့်အပြင်၊ ဆန့်ကျင်ဘက်ဖြစ်သော အပိတ်အပင် အတားအဆီး(နီဝရဏ) တရားများကိုလည်း ဖယ်ရှားလောင်မြိုက်ခြင်း 'ဈာပနကိစ္စ'ကိုလည်း ဆောင်ရွက် ပါသည်။

www.dhammadownload.com

'ဝိတက်'

အာရုံကို ကြံစည်တတ်၊ သမ္ပယုတ်တရားတို့ကို အာရုံသို့ရောက်အောင် ရှေ့ရှုတင် ပေးတတ်သောကြောင့် 'ဝိတက်' မည်၏။ [သမ္ပယုတ်တရားတို့ကို အာရုံသို့ရောက်၍ သွားအောင် ရှေ့ရှုတင်ပေးခြင်းကို 'အာရုံကို ကြံစည်ခြင်း'ဟု ဆိုလိုပါသည်။]

ဝိတက်သည် မိမိနှင့်အတူတကွဖြစ်ကုန်သော စိတ်,စေတသိက်တရားတို့ကို အာရုံသို့ ရှေ့ရှုတင်ပေးခြင်း, ကြံစည်ခြင်း 'အဘိနိရောပနလက္ခဏာ' ရှိ၏။

ဥပမာ- တစ်စုံတစ်ယောက်သော တောရွာနေယောကျ်ားသည် မင်းနှင့်အကျွမ်းဝင်သည့် မိမိနှင့်စပ်ဆိုင်သူ ဆွေမျိုးကိုလည်းကောင်း၊ မင်းကျွမ်းဝင်သူ မိတ်ဆွေကိုလည်းကောင်း အမှီပြု၍ နန်းတော်သို့ဝင်ရောက်နိုင်သကဲ့သို့ ထို့အတူ ဝိတက်ကို အမှီပြု၍ စိတ်သည် အာရုံသို့ ရှေ့ရှုတက်ရောက်ရပါသည်။

'ဝိစာရ'

စိတ်၏ အာရုံ၌ လှည့်လည်ကြောင်း (ဆင်ခြင်သုံးသပ်ကြောင်း)ဖြစ်သောကြောင့် 'ဝိစာရ' မည်၏။ စိတ်သည် အာရုံပေါ်မှာ ဝိ-အဖန်ဖန်အထပ်ထပ်၊ စာရ-လှည့်လည် နေသောကြောင့် ဝိတက်ကတင်ပေးလိုက်သောအာရုံကို ထိန်းထားပေးပါသည်။

ဝိစာရသည် အာရုံကို အဖန်ဖန်အထပ်ထပ် သုံးသပ်ဆင်ခြင်ခြင်း 'အာရမ္မဏာနုမဇ္ဇန လက္ခဏာ' ရှိ၏။ စိတ်သည် ဝိစာရဖြင့် အာရုံကို ဆင်ခြင်သုံးသပ်တတ်သောကြောင့် အာရုံနှင့်တကွ စိတ်ကို ဆက်စပ်ပေးသောတရားမှာ 'ဝိစာရ' ဖြစ်ပါသည်။

ဝိတက်နှင့် ဝိစာရ အထူး (ကြံစည်ခြင်းနှင့် သုံးသပ်ခြင်း အထူး)

အာရုံယူမှု၌ ဝိစာရထက် ရုန့်ရင်းကြမ်းတမ်းသော အနက်သဘောကြောင့်လည်း ကောင်း၊ ဝိစာရ၏ရှေ့သွားဖြစ်သော အနက်သဘောကြောင့်လည်းကောင်း-

* ခေါင်းလောင်း၏ ထိုးခတ်ခြင်းကြောင့်မည်သော ပထမအသံကဲ့သို့-
စိတ်၏ အာရုံ၌ ရှေးဦးစွာ ကျရောက်ခြင်းသဘောသည် 'ဝိတက်' မည်၏။

* ခေါင်းလောင်း၏ နောက်ထပ် ဆင့်၍မည်သောအသံ(ကြေးစည် ညည်းသံ)ကဲ့သို့-
အာရုံ၌ အဖန်ဖန်လှည့်လည်ခြင်း ဆင်ခြင်သုံးသပ်ခြင်းသည် 'ဝိစာရ' မည်၏။

(တစ်နည်း) ဝိတက်, ဝိစာရ နှစ်ပါးတို့တွင် ဝိတက်သည် ပျံ့သောဖြစ်ခြင်း ရှိ၏။ စိတ်၏ တုန်လှုပ်သောဖြစ်ခြင်း ရှိ၏။ ဝိစာရသည် စိတ်၏ငြိမ်သက်သောဖြစ်ခြင်း အလွန်မတုန်လှုပ်သောသဘော ရှိ၏။ အဘယ့်ကဲ့သို့နည်းဆိုသော်-

www.dhammadownload.com

* ကောင်းကင်သို့ပျံတက်ခြင်းငှာ အလိုရှိသောငှက်၏ အတောင်ကို ခတ်ခြင်းကဲ့သို့-
အာရုံယူမှု၌ စိတ်၏တုန်လှုပ်ခြင်းသဘောသည် 'ဝိတက်' မည်၏။
ကောင်းကင်သို့ပျံတက်ပြီး ငှက်၏ အတောင်ကို ဆန့်တန်းပြီး လေဟုန်စီးသကဲ့သို့-
စိတ်၏ ငြိမ်သက်ခြင်း မတုန်လှုပ်သောသဘောသည် 'ဝိစာရ' မည်၏။
* ဂန္ဓာရုံသို့အစဉ်လိုက်သောပျားပိတုန်း၏ ပဒုမ္မာကြာတောသို့ ရှေးရှုပျံသွားခြင်းကဲ့သို့-
အာရုံယူမှု၌ စိတ်၏တုန်လှုပ်ခြင်းသဘောသည် 'ဝိတက်' မည်၏။
ပျားပိတုန်း၏ ပဒုမ္မာကြာတောထက်ဝယ် ရစ်ဝဲနေခြင်းကဲ့သို့-
စိတ်၏ ငြိမ်သက်ခြင်း မတုန်လှုပ်သောသဘောသည် 'ဝိစာရ' မည်၏။
ဤသို့ ဝိတက်, ဝိစာရတို့ ထူးခြားမှု ရှိပါသည်။

'ပီတိ'

ကိုယ်နှင့်စိတ်ကို နှစ်သက်စေတတ် တိုးပွားစေတတ်သောကြောင့် 'ပီတိ' မည်၏။ ဝိတက်က စိတ်ကို အာရုံပေါ်တင်ပေးသည်၊ ဝိစာရက အာရုံပေါ်မှာ စိတ်ကို ရစ်ဝဲနေအောင်ထိန်းပေးထားသည်။ ထို တင်ပေး,ထိန်းပေးထားသော အာရုံအပေါ်မှာ စိတ်ကို ပျော်နေအောင် နှစ်ခြိုက်နေအောင် 'ပီတိ'က ဆောင်ရွက်ပေးပါသည်။

ပီတိသည် အာရုံကို လွန်စွာနှစ်သက်မြတ်နိုးခြင်း 'လက္ခဏာ' ရှိ၏။
[အာရုံကို သင့်လျော်လျောက်ပတ်သောအားဖြင့်ယူခြင်း လက္ခဏာရှိ၏-ဟုဆိုလို၏။]
[ပီတိသည် သင်္ခါရက္ခန္ဓာနှင့်တကွ ဖြစ်၏။ ပီတိသည် မာနသိကသုခ ဖြစ်၏။]

'သုခ'

မိမိနှင့်ယှဉ်ဖက်သမ္ပယုတ်တရားတို့ကို ချမ်းသာစေတတ်သောကြောင့် 'သုခ' မည်၏။
သုခသည် ဣဋ္ဌာရုံကို ခံစားခြင်း 'လက္ခဏာ' ရှိ၏။
[ဥပမာ- ကောင်းသောဘောဇဉ်၏ အရသာကို ခံစားသော မင်း ကဲ့သို့တည်း။]
[သုခ(ဝေဒနာ)သည် ဝေဒနာက္ခန္ဓာနှင့်တကွ ဖြစ်၏။ သုခသည် ကာယိကသုခ ဖြစ်၏။]

ပီတိနှင့် သုခ အထူး

* အာရုံကို ရှေးဦးစွာ ရရှိရာအခါ၌ နှစ်သက်ခြင်းသည် 'ပီတိ' မည်၏။
ဥပမာ- ခရီးကြမ်းတစ်ခု၌ ပင်ပန်းနေသောယောကျ်ား၏ တောထဲ၌ ရေကိုမြင်ရသော အခါ နှစ်သက်ခြင်းကဲ့သို့တည်း။

www.dhammadownload.com

* ရအပ်ပြီးသောအာရုံကို ခံစားရသောအခါ၌ ချမ်းသာခြင်းသည် 'သုခ' မည်၏။ ဥပမာ– မြင်အပ်ပြီးသောရေကို သောက်သုံးရခြင်းအစရှိသည်၌ချမ်းသာခြင်း ကဲ့သို့တည်း။ ဤသို့အားဖြင့် ပီတိ, သုခတို့ ထူးပါသည်။

'ဧကဂ္ဂတာ'

အထူးထူးသောအာရုံ၌ ပျံ့လွင့်ခြင်း မရှိ။ တစ်ခုတည်းသော အာရုံ၌တည်ရှိသော စိတ်အစဉ်သည် 'ဧကဂ္ဂ' မည်၏။ တစ်ခုတည်းသောအာရုံရှိသော စိတ်၏ဖြစ်ကြောင်း ဖြစ်သောကြောင့် သမာဓိ–သည် 'ဧကဂ္ဂတာ' မည်၏။ သမာဓိ၏အစွမ်းဖြင့် သမ္ပယုတ် တရားနှင့်တကွဖြစ်သောစိတ်သည် အာရုံ၌ ပျံ့လွင့်ခြင်း မရှိ။

ဧကဂ္ဂတာ(ခေါ်)သမာဓိသည် အာရုံ၌ မပျံ့လွင့်ခြင်း တည်ကြည်ခြင်း 'အဝိက္ခေပ လက္ခဏာ' ရှိ၏။

ဈာနသတ္တိဖြစ်ပုံ

'ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ'ဟူသော သဘာဝတရားများသည် အာရုံ နိမိတ်ကို စူးစူးစိုက်စိုက်ရှုနေသကဲ့သို့၊ ၎င်း(စေတသိက်–ဈာန်အင်္ဂါ)တို့နှင့် သဟဇာတ အတူတကွဖြစ်သော သဘာဝတရားအားလုံးတို့သည်လည်း စူးစူးစိုက်စိုက်ရှုနေအောင် ၎င်းတို့က စွမ်းဆောင်ပေးနေပါသည်။ ၎င်းဈာန်အင်္ဂါတို့နှင့်ယှဉ်သော ကျန်သည့် စိတ်,စေတသိက်အားလုံးသည်လည်း ထိုအာရုံတစ်ခုတည်း၏အပေါ်မှာ စူးစိုက်၍ကျနေ ပါသည်။ ထို့ကြောင့် ဈာန်အင်္ဂါတစ်ခုချင်းတစ်ခုချင်း၏အစွမ်းကိုသာ ခေါ်ဆိုခြင်း မဟုတ်ပါ၊ ဈာန်အင်္ဂါတို့နှင့်အတူတကွဖြစ်သော စုပေါင်းစွမ်းအားသာ ဖြစ်ပါသည်။ ထို့အပြင် စူးစိုက်သမ္ပနာမ်အစုကြောင့်ဖြစ်သော စိတ္တဇရုပ်တို့သည်လည်း စူးစိုက်နေဘိ သကဲ့သို့ ငြိမ်သက်နေအောင် ထို ဈာနသတ္တိကပင် စွမ်းဆောင်ပေးပါသည်။

ဈာနင် ၅–ပါးနှင့် ပယ်အပ်သော ဆန့်ကျင်ဘက် နီဝရဏတရားများ

ဝိတက်စသောဈာန်အင်္ဂါ ၅–ပါးသည် ကာမစ္ဆန္ဒအစရှိသော နီဝရဏတရားတို့နှင့် ဖြောင့်ဖြောင့် ဆန့်ကျင်ဘက်ဖြစ်ပုံများမှာ–

* ဝိတက်သည် ယှဉ်ဘက်တရားများကို အာရုံတစ်ခုခုသို့ရောက်အောင် တင်ပေးတတ် သောအစွမ်းဖြင့် ပျံ့လွင့်ခြင်း, တုန်လှုပ်ခြင်းနှင့်တကွဖြစ်သောကြောင့် ➻ အကြံအစည်, ဝီရိယကင်းမဲ့၍ ထိုင်းမှိုင်းတွေဝေခြင်းသဘော 'ထိန, မိဒ္ဓနီဝရဏ'၏ ဆန့်ကျင်ဘက်ဖြစ်၏။

www.dhammadownload.com

(ထိန,မိဒ္ဓကို ပယ်ခွါနိုင်ဖို့အတွက် သတိကောင်းစွာထားခြင်း၊ အလင်းရောင်ကို နှလုံးသွင်းခြင်း၊ မူးဝေထိုင်းမှိုင်းမနေအောင် အစားအသောက်ကို တိုင်းတာချင့်ချိန်၍ စားခြင်း၊ သွားခြင်း,ရပ်ခြင်းစသည်ဖြင့် ဣရိယာပုထ်ကိုပြင်ခြင်းဖြင့်လည်း ပယ်ရမည်။)

* ဝိစာရသည် အာရုံ၌ အဖန်ဖန်သုံးသပ်ခြင်း၏အစွမ်းဖြင့် ပညာနှင့်တူသောသဘော ဖြစ်သောကြောင့် ➻ အာရုံ၌ကောင်းစွာမတည်, သံသယအလီလီဖြင့် ယုံမှားတတ်သော 'ဝိစိကိစ္ဆာနီဝရဏ' ၏ဆန့်ကျင်ဘက်ဖြစ်၏။

(ဝိစိကိစ္ဆာကို ပယ်ခွါနိုင်ရန် အသိဉာဏ်ပညာ ဗဟုသုတရှိအောင်ကြိုးစားခြင်း၊ ဆုံးဖြတ်ချက်မှန်ခြင်း၊ ကျွမ်းကျွမ်းကျင်ကျင်ဖြစ်အောင် လေ့လာခြင်းစသည်ဖြင့်လည်း ပယ်ရပါမည်။)

* ပီတိသည် အာရုံကို စွဲစွဲလမ်းလမ်း နှစ်သက်မြတ်နိုး အင်အားတိုးပြီး ဝမ်းမြောက်ခြင်း သဘောရှိသောကြောင့် ➻ စိတ်ဆိုး, စိတ်ပျက်၊ ခက်ထန်ကြမ်းတမ်းလျက် အာရုံကို မနှစ်သက်နိုင်သော 'ဗျာပါဒနီဝရဏ'၏ ဆန့်ကျင်ဘက်ဖြစ်၏။

(ဒေါသ–ဗျာပါဒကို ပယ်ခွါနိုင်ရန် မေတ္တာတရားပွားများခြင်း၊ ကံတရားကို နှလုံးသွင်းခြင်း၊ အရာရာကိုလျှစ်လျူရှုခြင်း၊ မေတ္တာအားကြီးသူကို ပေါင်းသင်းခြင်း ဖြင့်လည်း ပယ်ရပါမည်။)

* သုခသည် အာရုံ၏အရသာကို အေးမြချမ်းသာ ငြိမ်သက်စွာဖြင့်ခံစားခြင်းသဘော ရှိသောကြောင့် ➻ မငြိမ်းအေးသောသဘော, တုန်လှုပ် ပူပန်သောသဘောရှိသော 'ဥဒ္ဓစ္စ, ကုက္ကုစ္စနီဝရဏ'၏ ဆန့်ကျင်ဘက် ဖြစ်၏။

(ဥဒ္ဓစ္စ, ကုက္ကုစ္စကို ပယ်ခွါနိုင်ဖို့အတွက် အသိဉာဏ်ပညာ ဗဟုသုတရှိအောင် ကြိုးစားခြင်း၊ အသက်ကြီးသူကို မှီဝဲဆည်းကပ်ခြင်း၊ မိမိလုပ်ကိုင်ရမည့်အလုပ်ကို ကြိုတင်၍ အချိန်မီပြီးစီးနိုင်အောင်လုပ်ထားခြင်းဖြင့်လည်း ပယ်ရပါမည်။)

* 'ဧကဂ္ဂတာ'ဟုဆိုသော 'သမာဓိ'သည် အာရုံ၌ စူးစူးစိုက်စိုက် မြဲမြဲ တည်တံ့ခိုင်ခံ့၍၊ ကာမဂုဏ်အာရုံတို့၌ တောင့်တတတ်သောရာဂနှင့် ဖြောင့်ဖြောင့်ကြီးဆန့်ကျင်ဘက် ဖြစ်သောကြောင့် ➻ အထူးထူးသောအာရုံတို့သည် ဖြားယောင်းအပ်သည်ဖြစ်၍ ကာမဂုဏ်အာရုံကိုနှစ်သက်ကာ ကာမဂုဏ်အာရုံနောက်လိုက်မှုကြောင့် စိတ်မငြိမ်မသက် ဖြစ်မှု 'ကာမစ္ဆန္ဒနီဝရဏ'၏ ဆန့်ကျင်ဘက် ဖြစ်၏။

(ကာမစ္ဆန္ဒနီဝရဏကို ပယ်ခွါနိုင်ရန် မျက်စိစသောဣန္ဒြေများကို စောင့်စည်းခြင်း၊ အသုဘကမ္မဋ္ဌာန်းကို အဖန်ဖန်ရှုပွားခြင်းဖြင့်လည်း ပယ်ရပါမည်။)

[*ဈာနင်တရားတို့ ပယ်အပ်သောနီဝရဏတွင် 'အဝိဇ္ဇာနီဝရဏ' မပါဝင်ချေ။*]

www.dhammadownload.com

ဈာနင်္ဂါနိ ဈာနသမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စ ရူပါနံ ဈာနပစ္စယေန ပစ္စယော။

ဝိပဿနာကို အဓိကထားပြီးရှုမှတ်နေသော ယောဂီတို့၏သန္တာန်၌–

'ဝိတက်'က ရှုမှတ်စိတ်ကို သတိပဋ္ဌာန်(သမ္ပဇည)တရားတို့၏ အာရုံအပေါ်သို့ ရောက်သွားအောင် တင်ပေးပါသည်။ အာရုံပေါ်သို့ ရှုမှတ်စိတ်လေးအမြန်ရောက်အောင် တင်ပေးနေသည့် အခိုက်တွင် ထိန–စိတ်၏မခန့်ခြင်း၊ မိဒ္ဓ–စေတသိက်၏မခန့်ခြင်း တို့ကိုဖြစ်ခွင့်ကိုမပေးဘဲ ပယ်ပေးပါသည်။

'ဝိစာရ'သည် အာရုံပေါ်သို့ ဝိတက်ကတင်ပေးလိုက်သော ရှုမှတ်စိတ်က အဖန်ဖန် သုံးသပ်ခြင်း၏အစွမ်းဖြင့် ထိန်းထားပေးပြီး အာရုံနှင့်တကွ ရှုမှတ်စိတ်ကို ဆက်စပ်ပေး သောတရား ဖြစ်ပါသည်။ ထိုသို့ အဖန်ဖန် သုံးသပ်နေခိုက်တွင် သံသယအလီလီဖြင့် ယုံမှားတတ်သော–ဝိစိကိစ္ဆာကို ဖြစ်ခွင့်ကိုမပေးဘဲ ပယ်ပေးပါသည်။

'ပီတိ'သည် ဝိပဿနာရှုမှတ်မှုများ တည်ငြိမ်လာပြီး နှစ်သက်အားရမှုဖြစ်လာ သောတရားမျိုး ဖြစ်ပါသည်။ (ပီတိ ၅–မျိုး ဖြစ်တတ်ပါသည်။) ထို နှစ်သက်မှုပီတိ ဖြစ်နေခိုက် ကြောင့်ကြပူပန်မှု–ဗျာပါဒကို ဖြစ်ခွင့်ကိုမပေးဘဲ ပယ်ပေးပါသည်။

'ဝေဒနာ'ဆိုသည်မှာ ဝိပဿနာတရားရှုမှတ်သည့်အခါ သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ အဒုက္ခမသုခဝေဒနာဟူ၍ ၃–မျိုး တွေ့ရပါသည်။ သုခဝေဒနာသည် ကာယိကသုခ– ကိုယ်၏ချမ်းသာခြင်း၊ စေတသိကသုခ–စိတ်၏ချမ်းသာခြင်းဖြစ်၍ အမှတ်များကောင်း နေခိုက် စိတ်တွေပျံ့လွင့်ပြီး မငြိမ်းအေးသောသဘော, တုန်လှုပ် ပူပန်နေသောသဘော ရှိသော–ဥဒ္ဓစ္စ, ကုက္ကုစ္စ တို့ကိုဖြစ်ခွင့်ကိုမပေးဘဲ ပယ်ပေးပါသည်။

'ဧကဂ္ဂတာ'သည် မိမိတို့ရှုမှတ်နေသော အာရုံပေါ်မှာ ရှုမှတ်စိတ်လေး ကပ်ပြီး တည်တည်သွားခြင်း ဖြစ်ပါသည်။ အာရုံ၏ အစ အလယ် အဆုံး တည်ငြိမ်တည်ငြိမ် ဖြစ်အောင် ခဏိကသမာဓိဖြစ်အောင် ကျေးဇူးပြုပါသည်။ အာရုံ၌ စူးစူးစိုက်စိုက် မြဲမြဲ တည်တံ့ခိုင်ခံ့သော သမာဓိဖြစ်ခိုက်တွင် ကာမဂုဏ်အာရုံတို့၌ တောင့်တတတ်သော ရာဂ–ကာမစ္ဆန္ဒကို ဖြစ်ခွင့်ကိုမပေးဘဲ ပယ်ပေးပါသည်။

ထို ဈာနင်တရား ၅–ပါးတို့သည် 'ဈာနသမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စ ရူပါနံ'ဟူ ဝိပဿနာအာရုံတို့ကို စူးစူးစိုက်စိုက်ရှုမှတ်နေသကဲ့သို့၊ ၎င်း(စေတသိက်– ဈာန်အင်္ဂါ)တို့နှင့် သဟ–အတူတကွ၊ ဇာတ–ဖြစ်ကြသော သဘာဝတရားအားလုံးတို့ သည်လည်း စူးစူးစိုက်စိုက်ရှုနေအောင် ၎င်း(ဈာနင်)တို့က ကျေးဇူးပြုနေပါသည်။

www.dhammadownload.com

ဈာနင်တရားကိုယ်များ၏ သဘာဝများသည်–

ဝိတက်'သည် စိတ်ကို အာရုံပေါ်တင်ပေးခြင်းဆိုသည်မှာ– 'စိတ်ကူးတယ်'– စိတ်က အာရုံပေါ်မှာ ကူးကူးသွားတာ၊ ကူးရောက်သွားခြင်း ဖြစ်ပါသည်။ အာရုံပေါ်တင်ပေး ခြင်းသည် စိတ်နှင့်အာရုံကိုတွေ့ဆုံပေးခြင်း ဖြစ်ပါသည်။

ထို ဝိတက်သည်လည်း အကောင်း ၃–မျိုး၊ အဆိုး ၃–မျိုး ရှိပါသည်။

× 'ကာမဝိတက်' – ကာမဆိုင်ရာအာရုံတို့ကို တပ်မက်မှုဖြင့် ကြံတွေးစိတ်ကူးခြင်း၊
× 'ဗျာပါဒဝိတက်' – အလိုမကျမှုဒေါသကိုအခြေခံပြီး ကြံတွေးစိတ်ကူးခြင်း၊
× 'ဝိဟိံသဝိတက်' – မုန်းတီး ညှင်းဆဲသတ်ဖြတ်လိုမှုဖြင့် ကြံတွေးစိတ်ကူးခြင်း၊

ဤ'ဝိတက် ၃–မျိုးတို့သည် လောဘ, ဒေါသတို့နှင့်စပ်ဆက်၍ မှားယွင်း/အဆိုး။

✓ 'နေက္ခမ္မဝိတက်' – ကာမဂုဏ်အာရုံတွေကို စွန့်ပယ်လိုသောအတွေး(အလောဘ)၊
✓ 'အဗျာပါဒဝိတက်'– သည်းခံ, ခွင့်လွှတ်, မေတ္တာထားသောအတွေး (အဒေါသ)၊
✓ 'အဝိဟိံသဝိတက်'– သနား, ကြင်နာ, ကရုဏာထားသောအတွေး (ကရုဏာ)၊

ထို့ကြောင့် ဝိတက်သည် သဝိတက္ကစိတ်–၅၅ မှာယှဉ်၍ အကောင်း/အဆိုး ရှိ၏။

ဝိစာရ'သည် အာရုံကို အဖန်ဖန်အထပ်ထပ် သုံးသပ်ဆင်ခြင်ခြင်း 'အာရမ္မဏာနုမဇ္ဇန လက္ခဏာ' ရှိ၏။ စိတ်သည် ဝိစာရဖြင့် အာရုံကို ဆင်ခြင်သုံးသပ်တတ်သောကြောင့် အာရုံနှင့်တကွ စိတ်ကို ဆက်စပ်ပေးသောတရား ဖြစ်ပါသည်။

ပီတိ'သည် ဝိတက်က စိတ်ကို အာရုံပေါ်တင်ပေးထားပြီး၊ ဝိစာရက အာရုံပေါ်မှာ ရစ်ဝဲနေအောင် ထိန်းထားပေးသောစိတ်ကို ပျော်နေအောင် နှစ်ခြိုက်နေအောင် လုပ်ပေး၏။ ပီတိသည်လည်း နှစ်သက်သောကာမဂုဏ်များ ရရှိခံစားလျှင်–<u>ကာမာမိသာပီတိ</u>၊ လောကီ ရေးရာများ အောင်မြင်သည့်အခါ–<u>လောကာမိသာပီတိ</u>၊ ဒါန,သီလစသည်ကို အကြောင်း ပြု၍ သံသရာဘုံဘဝအတွက် အားရကျေနပ်မှု–<u>ဝဋ္ဋာမိသာပီတိ</u> တို့သည် လောကီမှ မလွန်မြောက်နိုင်သေးသော ပီတိများသာဖြစ်ပြီး၊ တရားရနိုင်ကြောင်းပီတိများသည်–

သုညာဂါရံ ပဝိဋ္ဌဿ သန္တစိတ္တဿ ဘိက္ခုနော၊
အမာနုသီ ရတိ ဟောတိ သမ္မာ ဓမ္မံ ဝိပဿတော။

သုညာဂါရံ– စိတ်ငြိမ်ရာကမ္မဋ္ဌာန်းကျောင်းသို့၊ ပဝိဋ္ဌဿ– ဝင်လျက်၊ သန္တစိတ္တဿ– ငြိမ်သက်သော စိတ်ရှိသည်ဖြစ်၍၊ သမ္မာ– ကောင်းစွာ၊ ဓမ္မံ– ရုပ်,နာမ်တရားတို့၏ ဖြစ်ခြင်း ပျက်ခြင်းသဘောကို၊ ဝိပဿတော– ဝိပဿနာရှုသော၊ ဘိက္ခုနော– ဘေးကိုရှုတတ်သော ယောဂီမြတ်အား၊ အမာနုသီ– လူသာမန် နတ်သာမန်တို့ မခံစား မတွေ့သိနိုင်သော၊ ရတိ– ဝိပဿနာပီတိသုခတို့ဖြင့် ပျော်မွေ့ခြင်းသည်၊ ဟောတိ– ဖြစ်၏။ (အဋ္ဌကထာ)

www.dhammadownload.com

ဝိပဿနာပီတိ ၅–မျိုး

(၁) ခုဒ္ဒကာပီတိ – အနည်းငယ်ကြက်သီးထရုံ နှစ်သက်ခြင်း။
ရင်ထဲက လှိုက်ခနဲ၊ ကျောထဲက သိမ့်ခနဲစသည်တို့ဖြစ်ပြီး တစ်ခါလောက်ဖြစ်ပြီး ပျောက်သွားတတ်သော အငယ်စားပီတိလေး ဖြစ်ပါသည်။

(၂) ခဏိကာပီတိ – လျှပ်ပြက်သကဲ့သို့ တစ်ခဏမျှ(ခဏခဏ) နှစ်သက်ခြင်း။
အသားတွေလှုပ်ရှုမှုဖြစ်ခြင်း၊ အကြောလေးတွေလှုပ်ရှုမှုဖြစ်ခြင်း၊ တစ်ခါတလေမှာ မျက်ရည်ကျတတ်မှုတို့ မကြာခဏဖြစ်ပြီး ပျောက်သွားတတ်သောပီတိ ဖြစ်ပါသည်။

(၃) ဩက္ကန္တိကာပီတိ – လှိုင်းတံပိုး ထသကဲ့သို့ဖြစ်သော နှစ်သက်ခြင်း။
ခန္ဓာကိုယ်အောက်ပိုင်းကနေ၍ အအေးငွေ့၊ အပူငွေ့တွေ ပက်ဖြန်းလိုက်သလိုဖြစ်ပြီး အထက်ပိုင်းရောက်သွားတော့ ပြောက်သွားသကဲ့သို့၊ အထက်ကဖြန်းချလိုက်သလို ဖြစ်ပြီး အောက်ပိုင်းရောက်သွားတော့ ပြောက်သွားသကဲ့သို့ ခံစားရသောပီတိ။

(၄) ဥဗ္ဗေဂါပီတိ – ကောင်းကင်သို့ ခုန်ပျံတက်နိုင်အောင် နှစ်သက်ခြင်း။
အထက်သို့စိတ်ကိုညွှတ်ထားရင်း ပျံသွားကာ ကောင်းကင်ထိ ပျံတက်တတ်သည်။ ကောင်းကင်ကနေပျံပြီး သွားလိုသည့်နေရာအရပ်သို့ ရောက်သွားတတ်ပါသည်။ လက်ကလေးတွေ ကြွတက်ပြီး ဘုရားရှိခိုးသလိုမျိုး၊ ခန္ဓာကိုယ်ကို အပေါ်သို့ ဆွဲတင်ထားခံနေရသဖြင့် ကြွတက်နေသလိုမျိုး၊ နောက်ကနေ ဆက်ကနဲတွန်းလိုက် ဆွဲလိုက်သလိုမျိုး၊ တစ်ခါတရံ ကျောမှာလာပြီး ထိထားသလိုမျိုး၊ ခေါင်းကိုလာဖိ ထားသလို ကိုင်ထားသလိုမျိုး၊ ငိုချင်သလို ရယ်ချင်သလိုမျိုးစသည်ဖြင့် အလွန်ပင် ဆန်းကြယ်စွာဖြစ်တတ်သော ပီတိမျိုး ဖြစ်ပါသည်။

အချို့ယောဂီများသည် ဘဝါဘဝကအကြောင်းအားလျော်စွာ ပီတိအမျိုးမျိုးတွေ ဖြစ်ပြီး ထိုင်လျှင်လည်း ခုန်ဆွခုန်ဆွ၊ တချို့ကလည်း စကြံလျှောက်ရင်း ကနေသလို ဖြစ်၍ အေးကလိုက်ပြီး စောင့်ရှောက်ပေးရပါသည်။

(၅) ဖရဏာပီတိ – တစ်ကိုယ်လုံး ပျံ့နှံ့စေသော နှစ်သက်ခြင်း။
ဝိပဿနာအာရုံမှာ ရှုမှတ်စိတ်ကလေးသည် တစ်ခါတရံ ရှုမှတ်မှုများအလွန်ကောင်း သွားသောအခါ သတိကလေးလစ်သွားတတ်ပါသည်။ (သတိလစ်သွားတိုင်း တရား ကောင်းသည်ဟု မဆိုလိုပါ။ ပီတိကြောင့် သတိလစ်တတ်သလို သမာဓိ၊ ပဿဒ္ဓိ တို့ကြောင့်လည်း သတိလစ်တတ်ပါသည်။)

'ဝေဒနာ'မှာလည်း ဝိပဿနာတရားရှုမှတ်သည့်အခါ သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ အဒုက္ခမသုခဝေဒနာဟူ၍ ၃–မျိုးတွင် မည်သည့်ဝေဒနာပေါ်ပေါ် ဖြစ်ပြီးပျက်၊ 'အနိစ္စ' 'ဒုက္ခ' 'အနတ္တ'ဆိုသည့် သဘောလက္ခဏာ ထင်ရှားလာအောင် ရှုမှတ်ရပါသည်။

www.dhammadownload.com

ဝိပဿနာအတွက် ဈာနပစ္စည်းမှတ်ဖွယ်

ကသိဏ်းအစရှိသော အာရုံကို ကပ်၍ရှုတတ်သော 'အာရမ္မဏူပနိဇ္ဈာန်'ဟူသော ဈာန်သမာပတ်သည် သာသနာတွင်း မဂ္ဂင်လမ်းစဉ်အတွက် 'ပန်းတိုင်' မဟုတ်သေးပါ။ ဝိပဿနာဉာဏ်, မဂ်ဉာဏ်တို့ကိုရောက်ရှိဖို့ရန်အတွက် အထောက်အကူ 'ငြိမ်း'သာ ဖြစ်ပါသည်။ ဈာနင်တရားအသီးသီးတို့ ပယ်အပ်သော နီဝရဏတရားတို့သည်လည်း 'ဝိက္ခမ္ဘနပဟာန်'အားဖြင့် ခေတ္တမျှပယ်ထားခြင်းသာ ဖြစ်ပါသည်။

သဘောလက္ခဏာထင်ရှားရှိသော ရုပ်ဓမ္မ, နာမ်ဓမ္မဆိုသည့် သင်္ခါရ ပရမတ္ထအာရုံများ၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တ သဘောလက္ခဏာကို ကပ်၍ရှုတတ်သော 'လက္ခဏူပနိဇ္ဈာန်' သည်သာ ဝိပဿနာဉာဏ်, မဂ်ဉာဏ်ဖြင့် ရှုမှတ်ပွားများသော ဝိပဿနာကမ္မဋ္ဌာန်း ဖြစ်ပါသည်။ ဝိပဿနာဉာဏ်တွင် ဈာနင်တရားအသီးသီးတို့ ပယ်အပ်သော နီဝရဏ တရားတို့သည် 'သမုစ္ဆေဒပဟာန်'အားဖြင့် အပြီးတိုင်အောင်ပယ်ခြင်း ဖြစ်ပါသည်။

* **အာရမ္မဏူပနိဇ္ဈာန်**–တွင် ဒုက္ခဝေဒနာကိုရှုဖို့ မလိုပါ။

ဝိတက်က အာရုံအပေါ် စိတ်ကို တင်ပေးလိုက်သည်။ ဝိစာရက အာရုံနှင့်စိတ် ကွာမသွားအောင် ထိန်းပေးထားသည်။ ပီတိက စိတ်ကို အာရုံပေါ်မှာပျော်နေအောင် လုပ်ပေးထာသည်။ သုခက စိတ်ကို အာရုံပေါ်မှာ ကျေနပ်နေအောင်လုပ်ပေးထားသည်။ ဧကဂ္ဂတာက စိတ်ကို ထိုအာရုံတစ်ခုတည်းကလွဲ၍ တခြားရောက်မသွားအောင် ထိန်းထား ပေးပါသည်။ ဤဈာန်အင်္ဂါငါးပါး စုပေါင်းပြီး နိမိတ်ဆိုသည့် ဈာန်အာရုံအပေါ်မှာ တည်ငြိမ်ပြီး သဟဇာတအနေဖြင့်ကျေးဇူးပြုနေပါသည်။ ဤအဆင့်ဆင့်တွင် 'သုခ' ဝေဒနာသာ ဖြစ်နိုင်ပါသည်။ သုခကို မတွယ်တာဘဲ ခွါနိုင်လျှင်လည်း 'ဥပေက္ခာ'သာ ဖြစ်သည့်အတွက် (အာရမ္မဏူပနိဇ္ဈာန်)ဈာန်ရဖို့ရန် ဒုက္ခဝေဒနာကို ရှုမှတ်ဖို့ မလိုပါ။

* **လက္ခဏူပနိဇ္ဈာန်**– ဝိပဿနာကမ္မဋ္ဌာန်း၏ ဝေဒနာနုပဿနာ၌ ဝေဒနာအားလုံးကို ရှုမှတ်ရပါသည်။ ချမ်းသာသည့်စိတ်တွင်ဖြစ်သော သုခဝေဒနာသည်လည်း ဖြစ်ပြီး ပျက်သွားသဖြင့် အနိစ္စ..စသည် ရှုမှတ်ရပါသည်။ နာမှု ကျင်မှု ညောင်းညာကိုက်ခဲမှု စသည်ဒုက္ခဝေဒနာများ ခံစားရပြန်လျှင်လည်း ဤဒုက္ခသည် ကြာကြာဖြစ်တာမဟုတ် ဖြစ်ပြီးပျက်သွားမည်ကို သတိဦးဆောင်၍ အနိစ္စ..စသည် ရှုမှတ်ရပါသည်။ ဥပေက္ခာ ဝေဒနာသည် ချမ်းသာလည်းမဟုတ် ဆင်းရဲလည်းမဟုတ်သော ဝေဒနာသည်လည်း ဖြစ်ပြီးပျက်သွားသဖြင့် ဝေဒနာစသည်ပရမတ်တရားတို့ကို ဆင်ခြင်ပြီး သိမှုလေးတွေ၏ အပျက်၊ ဖြစ်ပြီးပျက်၊ 'အနိစ္စ'–မမြဲတဲ့တရား → မမြဲတဲ့တရားဆိုတာ 'ဒုက္ခ'ဟုသိလာလျှင် အနိစ္စထင်တာနဲ့ ဒုက္ခမြင်။ မမြဲသော–အနိစ္စသဘော ဆင်းရဲသော–ဒုက္ခသဘောတို့ကို → မိမိက အစိုးမရသဖြင့် 'အနတ္တ'ဆိုသည့် သဘောလက္ခဏာ ထင်ရှားလာပါသည်။

www.dhammadownload.com

မေတ္တာသမာဓိအခြေခံ၍ ဝိပဿနာပွားများရှုမှတ်

ဝိပဿနာတရား အားထုတ်သည့်အခါ မေတ္တာဘာဝနာပွားများပြီးမှ မေတ္တာသမာဓိကို အခြေခံပြီး ဝိပဿနာကို အားထုတ်စေလိုပါသည်။ အကျိုးများမှာ– မေတ္တာက စိတ်ကို ဖြူစင် ကြည်လင်ငြိမ်းအေးစေပါသည်။ ကိုယ်ရောစိတ်ပါ သန့်ရှင်းစင်ကြယ်နေသလို ခံစားရပြီး ဝိပဿနာသမာဓိကို ပိုပြီးဖြစ်လွယ်စေပါသည်။

မေတ္တာဆိုသည်မှာ သတ္တဝါများကို ချမ်းသာစေလိုသောစိတ်၊ ဆင်းရဲကင်းစေလိုသောစိတ်၊ ကောင်းကျိုးရစေလိုသောစိတ်ကို ခေါ်ပါသည်။ မေတ္တာသည် သတ္တဝါတွေကို ချမ်းသာစေလို ဆင်းရဲကင်းစေလိုသော သဘောသာရှိပါသည်။ မည်သည့်သတ္တဝါကိုမှ မငြိတွယ်ပါ။ ထို့ကြောင့် မေတ္တာပွားသူရဲ့စိတ်ကို ဖြူစင် ကြည်လင် ငြိမ်းအေးစေပါသည်။ ကိုယ်ရောစိတ်ပါ နူးညံ့ပေါ့ပါးစေပါသည်။ *(အဒေါသစေတသိက်နှင့်ယှဉ်သောစိတ်)*

ပဋ္ဌာန်း ဈာနပစ္စည်း မေတ္တာပို့ ဆုတောင်းဘုရားရှိခိုး

ဈာနပစ္စယော– သတ္တဝါအားလုံး မကောင်းသော အကုသိုလ်တရားတို့၌ စူးစူးစိုက်စိုက် အာရုံမပြုဖြစ်ကြဘဲ၊ ကောင်းမြတ်သော ကုသိုလ်တရားတို့၌သာ စူးစူးစိုက်စိုက် အာရုံပြုနိုင်ကြ၍၊ နိဗ္ဗာန်တိုင်ထိ ကောင်းကျိုးတရားတို့ကို ရရှိနိုင်ကြပါစေ။

ဘေးကင်းဖို့ရန်၊ မေတ္တာစျာန်၊ ရှင်သန် အေးချမ်းပါစေသော်။

ဈာနပစ္စယော– သစ်ပင်,တောင်ငူ၊ တက်သည့်သူသည်၊ အောက်လူတို့အား၊ ပြောသည့်လားသို့၊ နှစ်ပါးရုပ်နာမ်၊ သဟဇာ်အား၊ ဆယ့်တစ်ပါးတွင်၊ ထင်ရှားတပ်တပ်၊ ကပ်၍ရှုခြင်းဟူသောသတ္တိထူးဖြင့် ကျေးဇူးပြုခြင်းလက္ခဏာရှိသော ပဉ္စဝိညာဉ်ကြဉ်စိတ်မှာယှဉ်သည့်၊ ဈာနင်ခုနစ်ပါးပစ္စည်းတရားသည်၊ အတ္တိ– ပုဂ္ဂိုလ်,သတ္တဝါ၊ သူငါ မနော၊ တရားသဘောသာ၊ ထင်ရှားရှိပါ ပေသည်တကား။

ဣတိ– ဤသို့၊ ဗောဓေန္တိ– သဗ္ဗညုတာ၊ ဉာဏ်တော်သာဖြင့်၊ ဦးစွာကျန၊ သိပြီးမှလျှင်၊ များလှဝေနေ၊ သိစေတော်မူသော၊ မြတ်စွာဘုရားကို၊ ဝန္ဒာမိ– ဂုဏ်တော်ထုံမွမ်း၊ ပုံတော်မှန်းလျက်၊ ချီးမွမ်းထောမနာ၊ ပဏာရိုကျိုး၊ လက်စုံမိုး၍၊ ရှိခိုး ကန်တော့ပါ၏ ဘုရား။

UK-2020(COVID-19)

ဈာနပစ္စည်း ပြီး၏။

www.dhammadownload.com

"နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"

၁၈။ မဂ္ဂပစ္စည်း

မဂ္ဂမည်ခြင်းအကြောင်း

မဂ္ဂ = အမှန်နှင့်အမှား တစ်ပါးပါးအားဖြင့် ထွက်မြောက်စေတတ်သည်အဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရား။

လှေ၊ သင်္ဘောတို့သည် စီးနင်းလိုက်ပါသူတို့အား တစ်ဘက်ကမ်းသို့ရောက်အောင် ပို့ဆောင်တတ်သကဲ့သို့ သုဂတိဘဝမှလည်းကောင်း၊ ကောင်းမှုမှလည်းကောင်း၊ ဒုဂ္ဂတိဘဝမှလည်းကောင်း၊ မကောင်းမှုမှလည်းကောင်း၊ ထွက်မြောက်စေတတ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သော ကုသိုလ်မဂ္ဂင်၊ အကုသိုလ်မဂ္ဂင်တို့သည် 'မဂ္ဂပစ္စည်း' မည်၏။

ပကတိသော လူသွားလမ်းခရီး၊ လှည်း, လှေ, သင်္ဘော, လေယာဉ်ပျံစသည်တို့သည် ထိုထိုလမ်းဖြောင့် လမ်းကောက်သို့ ရောက်စေနိုင်သကဲ့သို့ သုဂတိ, ဒုဂ္ဂတိ, ဝိဝဋ္ဋ နိဗ္ဗာန်စခန်းသို့ရောက်အောင် ခရီးလမ်းကိစ္စဖြင့်ကျေးဇူးပြုခြင်းသည် 'မဂ္ဂပစ္စည်း'ဖြစ်ပါသည်။

မဂ္ဂဆိုသည်မှာ လမ်းခရီး၏အမည် ဖြစ်ပါသည်။ မိမိတို့နေရာဌာနမှ အနီးအဝေးဖြစ်သော အရပ်မျက်နှာများသို့သွားကြရာတွင် လမ်းမကြီး,ငယ်များ၏ကျေးဇူးမှာ ထင်ရှားပါသည်။ လိုရာခရီးသို့ ပို့ဆောင်ကြသော လှည်း,လှေသင်္ဘော စသည့်ယာဉ်များသည် လမ်းခရီး၏ အင်္ဂါများ ဖြစ်ကြပါသည်။

ဒုဂ္ဂတိ, သုဂတိသို့ပို့ပုံ

မိစ္ဆာဒိဋ္ဌိသည် ဒုဂ္ဂတိလမ်းမကြီး ဖြစ်ပါသည်။ မိစ္ဆာသင်္ကပ္ပ, မိစ္ဆာဝါယမ, မိစ္ဆာသမာဓိတို့က ဒုဂ္ဂတိလမ်းမကြီးမှာ အတွင်းသွားလာပို့ဆောင်နေကြသော လှည်း, လှေ, သင်္ဘော စသည့်ယာဉ်များ ဖြစ်ကြပါသည်။ မိစ္ဆာမဂ္ဂင် ၄–ပါးဆိုသော လမ်းဆိုး,လမ်းကောက်ဖြင့် ပါဏာတိပါတစသော အကုသိုလ်အမှုကိုပြုကျင့်ကြ၍ ဒုဂ္ဂတိသို့ ပို့ဆောင်ကြပါသည်။

သမ္မာဒိဋ္ဌိသည် သုဂတိနှင့်နိဗ္ဗာန်လမ်းမကြီး ဖြစ်ပါသည်။ ကြွင်းသမ္မာမဂ္ဂင် ၇–ပါးတို့သည် သုဂတိလမ်းမကြီးမှာ အတွင်းသွားလာပို့ဆောင်နေကြသော လှည်း, လှေ သင်္ဘော စသည့်ယာဉ်များ ဖြစ်ကြပါသည်။ သမ္မာမဂ္ဂင် ၈–ပါးဆိုသော လမ်းမှန်,လမ်းဖြောင့်ဖြင့် ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်အမှုများကိုပြုကျင့်ကြ၍ သုဂတိနှင့်တကွ နိဗ္ဗာန်သို့ပို့ဆောင်ကြပါသည်။

www.dhammadownload.com

မဂ္ဂပစ္စည်း မဂ္ဂင်တရားကိုယ် ၉–ပါး

မဂ္ဂင်တရား	အဓိပ္ပါယ်(လမ်းကြောင်း)	တရားကိုယ်
၁ သမ္မာဒိဋ္ဌိ	မှန်သော လမ်းစဉ်အကျင့်ကို သိမြင်သောလမ်းကြောင်း၊	ပညာ
၂ သမ္မာသင်္ကပ္ပ	မှန်သော ကုသိုလ်တရားတို့၌သာ ကြံစည်သောလမ်းကြောင်း၊	ဝိတက်
၃ သမ္မာဝါစာ	မှန်သော စကားတို့ကိုသာပြောဆိုသောလမ်းကြောင်း၊	သမ္မာဝါစာ
၄ သမ္မာကမ္မန္တ	မှန်သော အမှုတို့ကိုသာ ပြုမူ,လုပ်ကိုင်သောလမ်းကြောင်း၊	သမ္မာကမ္မန္တ
၅ သမ္မာအာဇီဝ	မှန်ကန်စွာ တရားနှင့်အညီ အသက်မွေးသောလမ်းကြောင်း၊	သမ္မာအာဇီဝ
၆ သမ္မာဝါယာမ	ကုသိုလ်တရားတို့သာဖြစ်စေရန် မှန်ကန်စွာအားထုတ်မှု၊	ဝီရိယ
၇ သမ္မာသတိ	သတိပဋ္ဌာန် ၄–ပါး၌ရှုပွားမှု၌ကောင်းစွာအောက်မေ့မှုလမ်းကြောင်း၊	သတိ
၈ သမ္မာသမာဓိ	ကုသိုလ်တရားတို့၌ ကောင်းစွာတည်ကြည်သောလမ်းကြောင်း၊	ဧကဂ္ဂတာ
၉ မိစ္ဆာဒိဋ္ဌိ	မှားသော လမ်းစဉ်အကျင့်ကို သိမြင်သောလမ်းကြောင်း၊	ဒိဋ္ဌိ

ဝိတက်ပညာ၊ ဝါစာကမ္မန္တ၊ အာဇီဝနှင့်၊ ဝီရိယသတိ၊ သမာဓိ၊ ဒိဋ္ဌိမဂ္ဂ၊ ကိုးပါးရှု။
ဒိဋ္ဌိ,သင် သမ္မာ ဝါ,ကမ်,ဇီ နှင့် ဝါယာ,သတိ,သမာဓိ ရှစ်သိသမ္မာ မဂ္ဂင်များ။

? မိစ္ဆာဒိဋ္ဌိ, မိစ္ဆာသင်္ကပ္ပ, မိစ္ဆာဝါယမ, မိစ္ဆာသမာဓိဟူသော မိစ္ဆာမဂ္ဂင် ၄–ပါးကဲ့သို့ မိစ္ဆာဝါစာ, မိစ္ဆာကမ္မန္တ, မိစ္ဆာအာဇီဝ, မိစ္ဆာသတိ တို့ကို အဘယ်ကြောင့် မဂ္ဂပစ္စည်း၌ မယူသနည်း။ (သုတ္တန်၌ မိစ္ဆာမဂ္ဂင် ၈–ပါးတရားပြဆိုထားမှုအား သုံးသပ်ခြင်း၊)

မူလဋီကာဆရာကြီး၏ ရှင်းလင်းချက်ဆိုလိုရင်းမှုမှာ–

သုတ္တန်မှာဟောသော (မဂ္ဂင် ၈–ပါးအနက်) မိစ္ဆာဝါစာ, မိစ္ဆာကမ္မန္တ, မိစ္ဆာအာဇီဝ, မိစ္ဆာသတိတို့သည် အကုသိုလ်စေတနာနှင့် အကုသိုလ်နာမက္ခန္ဓာတို့သာဖြစ်၍ မဂ္ဂင်တရားကိုယ် သီးခြားမဟုတ်သောကြောင့် မဂ္ဂပစ္စည်း၌ မဟောပါ။

အဟေတုကမဂ္ဂင်များ

သုဂတိ,ဒုဂ္ဂတိသို့ ပို့ဆောင်တတ်သောကြောင့် မဂ္ဂင်ဆိုလျှင် ကုသိုလ်, အကုသိုလ် အတွက် လျောက်ပတ်သော်လည်း အဟေတုကမဂ္ဂင်များမှာ မပို့ဆောင်နိုင်ကြ၍ မဂ္ဂသတ္တိ မရှိသင့်ဆိုလျှင်–

* သဟိတ်ဝိပါက်မဂ္ဂင်များသည် အကြောင်းရင်းဖြစ်သောကုသိုလ်က မဂ္ဂင်ကိစ္စတတ်သောနည်းအတိုင်း မဂ္ဂပစ္စည်းကို ရထိုက်ပါသည်။
* သဟိတ်ကြိယာမှာရှိသော မဂ္ဂင်များသည် မိမိတို့ကိုယ်တိုင်က သုဂတိသို့ပို့နိုင်စွမ်းရှိသော်လည်း ဝဋ်မြစ်ပြတ်ပြီးဖြစ်သော ရဟန္တာသန္တာန်မှာဖြစ်ရ၍ သုဂတိသို့ ပို့စရာမရှိပါ။

www.dhammadownload.com

မဂ္ဂပစ္စည်း အရကောက်

ပစ္စည်း(ကတ္တား)	ပစ္စယုပ္ပန်(သမ္ပဒါန်)	သဘာဂ(ကရိယာ)
ပညာ၊ ဝိတက်၊ ဝိရတီ ၃၊ ဝီရိယ၊ သတိ၊ ဧကဂ္ဂတာ၊ ဒိဋ္ဌိ ဟုဆိုအပ်သော မဂ္ဂင်တရားကိုယ် ၉-ပါး၊	သမ္ပယုတ္တခန္ဓာ၊ သဟိတ်စိတ္တဇရုပ်၊ သဟိတ်ပဋိသန္ဓေကမ္မဇရုပ်၊	(ပြိုင်.ယ. ၁၃) လတ်+ကြီး ဟေ,ဓိ, ဣ,ဈာ,မဂ်

ပစ္စည်း = ပညာ၊ ဝိတက်၊ ဝိရတီ-၃၊ ဝီရိယ၊ သတိ၊ ဧကဂ္ဂတာ၊ ဒိဋ္ဌိ ဟုဆိုအပ်သော မဂ္ဂင်တရားကိုယ် ၉-ပါး၊

ပစ္စယုပ္ပန် = သဟိတ်စိတ် ၇၁-ခု၊ စေတသိက်-၅၂၊ သဟိတ် စိတ္တဇရုပ်၊ သဟိတ်ပဋိသန္ဓေကမ္မဇရုပ်၊

မဂ္ဂပစ္စည်း၏ သုဒ္ဓသရုပ်ဝါရ၌- သမ္ပယုတ္တခန္ဓာ၊ သဟိတ်စိတ္တဇရုပ်၊ သဟိတ်-ပဋိသန္ဓေကမ္မဇရုပ်အားတပ်သော 'ပညာ ဝိတက် ဝိရတီ ၃-ခု ဝီရိယ သတိ ဧကဂ္ဂတာ ဒိဋ္ဌိ'ဟုဆိုအပ်သော မဂ္ဂင်တရားကိုယ် ၉-ပါး။ ဤတရားတို့သည် မဂ္ဂပစ္စည်းတတ်သော တရားတို့ မည်ကုန်၏။ ပစ္စည်းရေ ၁၃-ဟူသည်တည်း။ ပစ္စည်းရေ ၁၃-ဟူသော်ကား ဟေတု၊ အဓိပတိ၊ သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ ဣန္ဒြိယ၊ ဈာန၊ မဂ္ဂ၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ- ဟူသည်တည်း။

မဂ္ဂင်္ဂါနိ	မဂ္ဂသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ	(ပြိုင်.ယ. ၁၃)
ပညာ၊ ဝိတက်၊ ဝိရတီ ၃၊ ဝီရိယ၊ သတိ၊ ဧကဂ္ဂတာ၊ ဒိဋ္ဌိဟုဆိုအပ်သော မဂ္ဂင်တရားကိုယ် ၉-ပါး၊	သဟိတ်စိတ်-၇၁၊ စေတသိက်-၅၂၊ သဟိတ်စိတ္တဇရုပ်၊ သဟိတ်ပဋိသန္ဓေကမ္မဇရုပ်၊	လတ်+ကြီး ဟေ,ဓိ, ဣ,ဈာ,မဂ်

အဋ္ဌကထာဖွင့်ဆိုချက်များ

မဂ္ဂ= လမ်းဟု အဓိပ္ပာယ်ရသည်။ လမ်းဆိုရာ၌ ဒုဂ္ဂတိခေါ်သောအပါယ်လေးပါးဘုံသို့ ရောက်စေနိုင်သောလမ်းဖြစ်သကဲ့သို့ နိဗ္ဗာန်သို့လည်း ရောက်စေတတ်သောလမ်း ဖြစ်နိုင်ပါသည်။

* မဂ္ဂပစ္စည်းသည် ဟေတုပစ္စည်း၏နောက်လိုက်ဖြစ်၍- အဟိတ်စိတ်များသည် မဂ္ဂင်မထိုက်၊

* **အဋ္ဌကထာ**က သဟိတ်စိတ်များရှိ သမ္မာမဂ္ဂင် ရှစ်ပါးနှင့် မိစ္ဆာဒိဋ္ဌိ၊ မိစ္ဆာဝါစာ၊ မိစ္ဆာကမ္မန္တ၊ မိစ္ဆာအာဇီဝ ပေါင်း မဂ္ဂင် ၁၂-ပါးဟု ပြဆိုသည်။ **မူလဋီကာ**ကမူ မိစ္ဆာဝါစာ၊ မိစ္ဆာကမ္မန္တ၊ မိစ္ဆာအာဇီဝတို့၏ တရားကိုယ်များသည် အကုသိုလ်စေတနာဖြစ်သဖြင့် မဂ္ဂင်မထိုက်ဟု ဆိုပါသည်။

www.dhammadownload.com

အမျိုးဇာတ်၊ ကာလ၊ ဘုံဋ္ဌာန

- မဂ္ဂပစ္စည်းသည် သဟဇာတမျိုး၌ ဖြစ်ပါသည်။ ထို့ကြောင့် မဂ္ဂပစ္စည်းတရားတို့သည် မိမိနှင့်အတူတကွဖြစ်နိုင်ကြကုန်သော မဂ္ဂပစ္စယုပ္ပန်တရားတို့အား မဂ္ဂပစ္စယသတ္တိဖြင့်ကျေးဇူးပြုပါသည်။

(ဟေဓိသဟံ၊ အဉ်ိနိကမ်၊ ဝိပာကဈာန်၊ မဂ်သမ်ိဝိပ်အတ်၊ အဝိမှတ်၊ သဟတ်ဆယ့်ငါးတန်။)

- မဂ္ဂပစ္စည်းသည် ပဋိသန္ဓေကာလ, ပဝတ္တိကာလ နှစ်ပါးလုံးတို့၌ ဖြစ်ပါသည်။ ပစ္စုပ္ပန်,အတိတ်,အနာဂတ် ကာလသုံးပါးတို့တွင် ပစ္စုပ္ပန်ကာလ၌ ဖြစ်ပါသည်။
- မဂ္ဂပစ္စည်းသည် ပဉ္စဝေါကာရ ၂၆-ဘုံ၊ စတုဝေါကာရ ၄-ဘုံတို့၌ ဖြစ်နိုင်ပါသည်။ ဧကဝေါကာရဘုံ၌ မဖြစ်နိုင်ပါ။

? မဂ်သည် နိဗ္ဗာန်၏အကြောင်းလော၊ မဂ်သည် နိဗ္ဗာန်၏အကြောင်းဟုတ်-မဟုတ် စိစစ်ပြပါ။

နိဗ္ဗာန်သည် အကြောင်းတရားတို့ မပြုပြင် မစီရင်အပ်သော 'အသင်္ခတတရား' ဖြစ်၏။ မိမိကပြီးစေတတ်သော တစ်စုံတစ်ခုသောအကြောင်းမရှိသော 'အပ္ပစ္စယတရား' ဖြစ်၏။

- မဂ်တရားတို့သည် နိဗ္ဗာန်ကိုပြီးစေတတ်သော အကြောင်းမဟုတ်၊
- နိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့်သာ ဖြစ်ပါသည်။

ဈာန၏အခြားမဲ့၌ မဂ္ဂပစ္စည်းဟောရခြင်း

ဘုရားရှင်သည် ဈာနပစ္စည်း နာမ်(ဈာန်အင်္ဂါ)တို့၏အစွမ်းအားဖြင့် နာမ်တရားက နာမ်ရုပ်ဖြစ်ကုန်သောတရားတို့ကို ထင်စွာကျေးဇူးပြုသည့်အဖြစ်ကို ဟောကြားတော်မူ၏။ ဤနည်းဖြင့် သဟိတ်နာမ်(မဂ္ဂင်)တို့၏အစွမ်းအားဖြင့် နာမ်ရုပ်တို့၏ အမှန်နှင့်အမှား တစ်ပါးပါးအားဖြင့် သုဂတိဘဝမှလည်းကောင်း၊ ကောင်းမှုမှလည်းကောင်း၊ ဒုဂ္ဂတိဘဝမှလည်းကောင်း၊ မကောင်းမှုမှလည်းကောင်း၊ ထွက်မြောက်စေတတ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သော ကုသိုလ်မဂ္ဂင်၊ အကုသိုလ်မဂ္ဂင်တို့သည် ထိုထိုလမ်းဖြောင့် လမ်းကောက်သို့ရောက်စေနိုင်သကဲ့သို့ သုဂတိ, ဒုဂ္ဂတိ, ဝိဝဋ္ဋ နိဗ္ဗာန် စခန်းသို့ရောက်အောင် (ဘုံအထူးသို့ရောက်အောင်) ခရီးလမ်းကိစ္စဖြင့် ကျေးဇူးပြုခြင်းအကျိုးငှာ ဈာနပစ္စည်း၏ အခြားမဲ့၌ မဂ္ဂပစ္စည်းကို ဟောတော်မူပါသည်။

[ပဋ္ဌာနသာရဝိဘာဝနီ-ဂဏ္ဌိကျမ်းကြီး၌ ဟံသာဝတီဆင်ဖြူများရှင်လက်ထက် အသျှင်သဒ္ဓမ္မာလင်္ကာရ၏ 'ပဋ္ဌာနသာရဒီပနိဋီကာကျမ်း'ကိုကိုး၍ ဒေသနာက္ကမကို ဈာနပစ္စည်းအထိသာရေး၏။ ဈာန၏အခြားမဲ့၌ မဂ္ဂပစ္စည်းဟောမူစသည်ကို မိမိအနေဖြင့်(ကုသိုလ်ရည်မှန်း)ပူဇော်ခြင်းဖြစ်၍ မသင့်မြင်သော်ပြင်တော်မူပါရန်။]

www.dhammadownload.com

အရိယမဂ္ဂင် ၈–ပါး(နိဗ္ဗာန်လမ်း)

သေယျထိဒံ– အရိယမဂ်သည်– သမ္မာဒိဋ္ဌိ–မှန်စွာမြင်ခြင်း၊ သမ္မာသင်္ကပ္ပေါ–မှန်စွာကြံခြင်း၊ သမ္မာဝါစာ–မှန်စွာပြောခြင်း၊ သမ္မာကမ္မန္တော–မှန်စွာပြုခြင်း၊ သမ္မာအာဇီဝေါ–မှန်စွာအသက်မွေးခြင်း၊ သမ္မာဝါယာမော– မှန်စွာအားထုတ်ခြင်း၊ သမ္မာသတိ–မှန်စွာအမှတ်ရခြင်း၊ သမ္မာသမာဓိ–မှန်စွာစူးစိုက် တည်ကြည်ခြင်းတို့ ဖြစ်ပါသည်။

မြတ်စွာဘုရားသည် အရိယမဂ္ဂင်ရှစ်ပါးနှင့်ပတ်သတ်ပြီး အထက်ပါအတိုင်း ဟောကြားပြီးနောက် "အယံ ခေါ သာ ဘိက္ခဝေ မဇ္ဈိမာ ပဋိပဒါ တထာဂတေန အဘိသမ္ဗုဒ္ဓါ စက္ခုကရဏီ ဉာဏကရဏီ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ" ဟုတော်မူပါသည်။

အဓိပ္ပါယ်– ရဟန်းတို့ သင်တို့၏ဆရာ ငါဘုရား သိလာပြီဆိုသော– ဉာဏ်မျက်စိနှင့်အသိဉာဏ်ကို ပြုတတ်ဖြစ်စေတတ်သည်ဟုဆိုသော ကိလေသာငြိမ်းရန်၊ အထူးသိရန်၊ ထိုးထွင်း၍သိရန်၊ ဆင်းရဲခပ်သိမ်းငြိမ်းရန် အလို့ငှာဖြစ်သည်ဟုဆိုသော 'မဇ္ဈိမပဋိပဒါ' အလယ်လမ်းအကျင့်သည် ဤဖော်ပြခဲ့သော မဂ္ဂင် ၈–ပါးပင်တည်း။

မဂ္ဂင် ၈–ပါးသည် အကျဉ်းချုပ်အားဖြင့် အဓိသီလသိက္ခာ၊ အဓိသမာဓိသိက္ခာ၊ အဓိပညာသိက္ခာဟုဆိုသော သိက္ခာ ၃–ပါး ဖြစ်ပါသည်။ ထို မဂ္ဂင် ၈–ပါးတွင်

* သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သီလမဂ္ဂင် ၃–ပါး၊
* သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ သမာဓိမဂ္ဂင် ၃–ပါး၊
* သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ ပညာမဂ္ဂင် ၂–ပါး၊ ဖြစ်ပါသည်။

ထို သမ္မာမဂ္ဂင်များဖြစ်အောင် အားထုတ်လျှင် ဝိပဿနာပညာ၊ မဂ်ပညာ၊ ဖိုလ်ပညာဆိုသည့် လောကီ, လောကုတ္တရာပညာများနှင့် ပြည့်စုံပါတော့သည်။

သမ္မာဒိဋ္ဌိမဂ္ဂင်

သစ္စာလေးပါးကိုထိုးထွင်း၍သိရန် ကျင့်ကြံကြိုးကုတ်အားထုတ်သော ယောဂီပုဂ္ဂိုလ်၏ နိဗ္ဗာန်ကို အာရုံပြုလျက် အဝိဇ္ဇာနုသယကို အကြွင်းမဲ့ နုတ်ပယ်သတ်တတ်သော ပညာမျက်စိသည် 'သမ္မာဒိဋ္ဌိ' မည်၏။ ထိုသမ္မာဒိဋ္ဌိသည်–

* မှန်စွာမြင်ခြင်း (ဒဿန)လက္ခဏာ ရှိ၏။
* ခတ်သဘောကို ထင်ရှားပြခြင်း (ဝါ) သစ္စာလေးပါးကို ထင်ရှားပြခြင်း (ပကာသန)ကိစ္စ ရှိ၏။
* အဝိဇ္ဇာအမိုက်အမှောင်ကို ဖျက်ဆီးခြင်း(ဝိဒ္ဓံသန)လျှင် ဉာဏ်အားရှေးရှုထင်ခြင်း ပစ္စုပဋ္ဌာန် ရှိ၏။

www.dhammadownload.com

သမ္မာဒိဋ္ဌိမဂ္ဂင်သည် သစ္စာလေးပါးကို အမှန်အတိုင်းသိခြင်း ဖြစ်ပါသည်။

သမ္မာဒိဋ္ဌိသည်– 'ကမ္မဿကတာသမ္မာဒိဋ္ဌိ၊' 'ဈာနသမ္မာဒိဋ္ဌိ' 'ဝိပဿနာသမ္မာဒိဋ္ဌိ' 'မဂ္ဂသမ္မာဒိဋ္ဌိ' 'ဖလသမ္မာဒိဋ္ဌိ' 'ပစ္စဝေက္ခဏာသမ္မာဒိဋ္ဌိ'ဟူ၍ ၆–မျိုး ပြထားပါသည်။ မှန်ကန်သော အသိ၊ မှန်ကန်သော ဉာဏ်အမြင်ဟူသော 'သမ္မာဒိဋ္ဌိ'သည် နိဗ္ဗာန်လမ်းအတွက် မင်္ဂ၏ရှေ့အဖို့ဖြစ်သော ဝိပဿနာဉာဏ်အခိုက်မှာပင် အဝိဇ္ဇာအမိုက်မှောင်ကို ပယ်ဖျောက်ခြင်း၊ ကိလေသာရန်သူတို့ကို သုတ်သင်သတ်ဖြတ်ခြင်းဖြင့် ဘေးကင်းရန်ကွာ ချမ်းသာရာနိဗ္ဗာန်ကို ရောက်စေနိုင်ရေးအတွက် သင့်လျော်ကြီးမားလှသော အလင်းရောင်သဖွယ်၊ ဓားလက်နက်သဖွယ် ကျေးဇူးပြုတတ်သောကြောင့် သမ္မာမဂ္ဂင်များ၏ဦးစီးရှေ့ဆောင်အဖြစ် 'သမ္မာဒိဋ္ဌိမဂ္ဂင်'ကို ပထမထားရှေးဦးစွာ ဟောကြားပါသည်။

သမ္မာဒိဋ္ဌိ အမှန်သိဖို့အရေးကြီး

အယုတ်တရားနှစ်ပါး၊ အလယ်လမ်းမဟုတ်သော အစွန်းတရားနှစ်ပါးဖြစ်သော–

* ကာမဂုဏ်အာရုံတို့ကို လိုက်စားမြူးထူးပျော်ပါး၍ ယစ်မူးမေ့လျော့ကာ တရားဘက်၌ ပေါ့၍နေကြသော 'ကာမသုခလ္လိကာနုယောဂ'၊ (လောဘ)(တဏှာခတ်ဖြင့်ငတ်၍သာနေ)၊
* ဤကိုယ်ကာယကြီး ချမ်းသာအောင်မွေးမြူထားသောကြောင့် တဏှာတိုးပွားနေ၏။ တဏှာကုန်ခန်းခြင်းရောက်အောင် မိမိကိုယ်ကို ညှဉ်းဆဲ၍ ပင်ပန်းဆင်းရဲအောင်ကျင့်သော 'အတ္တကိလမထာနုယောဂ'၊ (ဒေါသ) (ပင်ပန်းဆင်းရဲအောင် ပြုကျင့်နေသောသဘော)၊

? အစွန်းနှစ်ပါးသည် လောဘနှင့်ဒေါသကို ကောက်ယူခဲ့သဖြင့် မောဟ မပါသလော၊
ဖြေ– လောဘနှင့်ဒေါသသည် မည်သည့်အခါမှ 'မောဟ'နှင့်ကင်း၍မဖြစ်နိုင်ပါ။

သံသရာမှလွတ်မြောက်ကြောင်း လမ်းကောင်းလမ်းမှန် ဖြောင့်မှန်တည့်မတ်သော အလယ်လမ်းအကျင့်ဖြစ်သော 'မဇ္ဈိမပဋိပဒါ' မဂ္ဂင် ၈–ပါးကို ဟောကြားရာတွင်လည်း လမ်းမှန်ကိုသိဖို့ ပထမ အရေးကြီးဆုံးဖြစ်သောကြောင့် 'သမ္မာဒိဋ္ဌိမဂ္ဂင်'ကို အစဦးစွာ ဟောကြားတော်မူပါသည်။ လမ်းမှန်သိမှ 'သမ္မာသင်္ကပ္ပ'–အတွေးအခေါ် မှန်ပါမည်။ အတွေးအခေါ်မှန်ပါမှ 'သမ္မာဝါယာမ'–ကြိုးစားအားထုတ်မှုလုပ်ရပ်များ ဖြစ်လာပါမည်။ အားထုတ်မှု, အတွေးအခေါ်များမှန်လာလျှင် 'သမ္မာသတိ' လမ်းမှန်သတိ အမှန်အတိုင်းရှိလာပါသည်။ သတိတရားအမှန်ထား၍အားထုတ်လျှင် သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ သီလမဂ္ဂင် ၃–ပါးနှင့် 'သမ္မာသမာဓိ'တို့ ပြည့်စုံလာပါမည်။

'သမ္မာဒိဋ္ဌိမဂ္ဂင်' မှန်ကန်သောအသိ,ဉာဏ်အမြင်သည် သတ္တဝါမှန်သမျှ ဘဝတိုင်းမှာ လောကီ, လောကုတ္တရာအတွက် အလွန်ကျေးဇူးများသဖြင့် အစဦးစွာ ဟောပါသည်။

www.dhammadownload.com

ကမ္မဿကတာသမ္မာဒိဋ္ဌိ

(ကမ္မ–ကံသာလျှင် + သက–ကိုယ်ပိုင်ဥစ္စာရှိသည်၏ + တာ–အဖြစ်ကို + သမ္မာ–မှန်စွာ + ဒိဋ္ဌိ–သိမြင်ခြင်း,ယူခြင်း၊)

ကံ, ကံ၏အကျိုးရှိ၏ဟု ယုံကြည်ပြီး အမှန်သိမြင်သော အယူအဆ ဖြစ်ပါသည်။ ပြုလုပ်သောအမှုကို ကံ(ကမ္မ)ဟု ခေါ်ဆိုပြီး၊ ထိုအမှုကံက ကောင်းကျိုး ဆိုးကျိုးကို ရစေအပ်ပါသည်။ သံသရာဘဝများစွာတို့မှာ အကျိုးကို ပေးတတ်ပါသည်။

ကောင်းမှုကံ မကောင်းမှုကံတို့၏ ကောင်းကျိုး ဆိုးကျိုးသည် အမှန်တကယ်ရှိနေသည်ကိုယုံကြည်ပြီး အမှန်အတိုင်း သိမြင်ယူဆခြင်းသည် 'ကမ္မဿကတာ သမ္မာဒိဋ္ဌိ' ဖြစ်ပါသည်။ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိသည်၏အဖြစ်ကို မှန်စွာသိမြင် ယူဆခြင်းသည် ဝိပဿနာဉာဏ် ကိုယ်ပိုင်ဉာဏ်ဖြင့် ထိုးထွင်းသိမြင်ခြင်း မဟုတ်သေးပါ။ သို့ရာတွင် ဘုရားစကားတော်ဖြင့် ကမ္မဿကတာသမ္မာဒိဋ္ဌိနှင့် သီလမဂ္ဂင်များသည် ဘာဝနာကုသိုလ်ကိုမပွားများမီကပင် ပြည့်စုံစေရမည့် အခြေခံအစပိုင်းဖြစ်ကြောင်း အလွန်ပင်ထင်ရှားနေပါသည်။

ဤ သမ္မာဒိဋ္ဌိ= ဤအသိဉာဏ်ဖြင့် လောကမှာ တစ်စုံ,တစ်ယောက်သော တန်ခိုးရှင် (ထာဝရဘုရား)၏ ဖန်ဆင်းမှုကြောင့် ကောင်းကျိုးများ, ဆိုးကျိုးများ ခံစားနေရသည် ဟူသော 'ဣဿရနိမ္မာနဒိဋ္ဌိ'၊ ကံကိုပယ်သော 'အကိရိယဒိဋ္ဌိ'၊ အကျိုးကိုပယ်သော 'နတ္ထိကဒိဋ္ဌိ'၊ အကြောင်းကိုပယ်သော 'အဟေတုကဒိဋ္ဌိ'ဟုဆိုအပ်သော အဆိုးဝါးဆုံး မိစ္ဆာဒိဋ္ဌိကြီးများကို ပယ်ရှားလွန်မြောက်နိုင်ပါသည်။

ဝိပဿနာသမ္မာဒိဋ္ဌိ

ဤ ရုပ်,နာမ်ခန္ဓာကိုယ်ကြီးကို သေသေချာချာ သတိထားစူးစိုက်ရှုမှတ်လိုက်လျှင် သဘာဝအကြောင်းတရားကြောင့်သာ ဖြစ်ပေါ်လာသောတရားများ ဖြစ်သည်။ အကြောင်းမဲ့ တစ်ခုမျှမဖြစ်ပါ။ ဖြစ်ပေါ်လာပြန်တော့လည်း ခဏချင်းပျက်တတ်သောသဘာဝသာ ဖြစ်၍ 'အနိစ္စ'။ ဤအဖြစ်အပျက်တို့ဖြင့် အမြဲမပြတ် ညှင်းဆဲခံနေရသဖြင့် 'ဒုက္ခ'။ သူ့သဘာဝအတိုင်း ဖြစ်ချိန်တန်လျှင်ဖြစ်၊ ပျက်ချိန်တန်လျှင်လည်းပျက်နေသည့်အတွက် ပိုင်ခွင့်ဆိုင်ခွင့် အမိန့်ပေးခွင့်မရှိပါ၊ အစိုးမရသဖြင့် 'အနတ္တ'။ ဤသို့ သင်္ခါရတို့၏ သဘောအမှန်ကိုသိသော အတွေ့အမြင်ကို 'ဝိပဿနာသမ္မာဒိဋ္ဌိ'ဟု ခေါ်ပါသည်။

ဤ သမ္မာဒိဋ္ဌိ= ဤ အသိဉာဏ်ဖြင့် ခန္ဓာကိုယ်အတွင်းမှာ တစ်စုံတစ်ရာလိုအပ်သလို မိမိအလိုအတိုင်း မိမိသဘောဖြင့်စီမံဆောင်ရွက်နိုင် ခံစားနိုင်သော 'အသက်,လိပ်ပြာကောင်, ဝိညာဉ်၊ အတ္တ ရှိတယ်'ဆိုသည့် 'အတ္တဒိဋ္ဌိ'ကို ပယ်ရှားလွန်မြောက်နိုင်ပါသည်။

www.dhammadownload.com

မဂ္ဂဖလသမ္မာဒိဋ္ဌိ

'ဝိပဿနာသမ္မာဒိဋ္ဌိ'ဖြင့် ရုပ်တရား နာမ်တရားတို့၏ သဘောလက္ခဏာများကို ပွားများဖန်များလာသောအခါ နောက်ဆုံး ထိုဖြစ်ခြင်းပျက်ခြင်းသဘောလက္ခဏာများကို အာရုံမပြုတော့ဘဲ ဖြစ်ပျက်ဆုံးရာ ဖြစ်ပျက်ကုန်ရာ နိဗ္ဗာန်ကိုသိမြင်နိုင်သော အသိဉာဏ်ပညာကို 'မဂ္ဂဖလသမ္မာဒိဋ္ဌိ'ဟု ခေါ်ပါသည်။ (မဂ်,ဖိုလ်သည် နိဗ္ဗာန်ကိုသာအာရုံပြု၏၊)

မဂ္ဂဖလသမ္မာဒိဋ္ဌိအဆင့်ကို ရောက်ရှိသွားလျှင် ဓမ္မစကြာတရားဦးကို နာယူပြီး- အရှင်ကောဏ္ဍညမထေရ်သိသွားသကဲ့သို့ 'ယံ ကိဉ္စိ သမုဒယ ဓမ္မံ၊ သဗ္ဗံ တံ နိရောဓဓမ္မ' ငါ,သူတပါး,ယောကျ်ား,မိန်းမစသည်တို့သည် အပြောသဘော်တမျှသာဖြစ်ပြီး အမှန်တကယ်ရှိသောတရားတို့သည် ရုပ်နာမ်ဓမ္မ သင်္ခါရအစုအဝေးမျှသာဖြစ်ပြီး၊ ထိုတရားတို့သည်လည်း ဖြစ်ပေါ်လာပြီး ချုပ်ပျောက်သွားမြဲသာဖြစ်ကြောင်း အသိဉာဏ်ပညာဖြင့် 'သက္ကာယဒိဋ္ဌိ'ကို ပယ်ရှားလွှန်မြောက်နိုင်ပါသည်။

*** ဤ သမ္မာဒိဋ္ဌိ ၃-ဆင့်တွင် 'ကမ္မဿကတာသမ္မာဒိဋ္ဌိ' နှင့် 'ဝိပဿနာသမ္မာဒိဋ္ဌိ' တို့သည် ကောင်းကျိုးချမ်းသာ နိဗ္ဗာန်တရားတော်မြတ်ကို ဦးတည်ရည်မှန်းသူတိုင်းက ကြိုးစားကျင့်သုံး ဆောက်တည်နေရမည့် 'ပုဂ္ဂလဗျာပါရ'အဆင့်များ ဖြစ်ပါသည်။ 'မဂ္ဂဖလသမ္မာဒိဋ္ဌိ'သည် ဝိပဿနာသမ္မာဒိဋ္ဌိအဆင့် အထွတ်အထိပ်သို့ရောက်သွားလျှင် ဓမ္မသတ္တိအရ ပေါ်ပေါက်လာမည့် 'ဓမ္မဗျာပါရ'အဆင့်သာ ဖြစ်ပါသည်။

သမ္မာသင်္ကပ္ပ

အဝိဇ္ဇာနုသယကို နုတ်ခွာပယ်သတ်တတ်သော သမ္မာဒိဋ္ဌိနှင့်ပြည့်စုံသော ပုဂ္ဂိုလ်၏ ထို သမ္မာဒိဋ္ဌိနှင့်ယှဉ်သော၊ မိစ္ဆာသင်္ကပ္ပကို အကြွင်းမဲ့ပယ်သတ်တတ်သောစိတ်၏ နိဗ္ဗာန်အာရုံသို့ ရှေးရှုတင်ပေးတတ်သောသဘောသည် 'သမ္မာသင်္ကပ္ပ' မည်၏။

ထိုသမ္မာသင်္ကပ္ပသည်-

* စိတ်ကို အာရုံသို့ မှန်စွာရှေးရှုတင်ပေးခြင်း (အဘိရာပန)လက္ခဏာ ရှိ၏။
* နိဗ္ဗာန်အာရုံသို့ ရောက်စေခြင်း (အပ္ပနာ)ကိစ္စ ရှိ၏။
* မိစ္ဆာသင်္ကပ္ပကိုပယ်ခြင်း(ပဟာန)လျှင် ဉာဏ်အားဖြင့်ရှေးရှုထင်ခြင်း ပစ္စုပဋ္ဌာန် ရှိ၏။

ဘိက္ခဝေ-ရဟန်းတို့၊ သမ္မာသင်္ကပ္ပေါ-မှန်စွာကြံခြင်းသည် အဘယ်နည်း ?။ ကာမဂုဏ်မှထွက်မြောက်ရေး ကြံစည်ခြင်းသည်လည်းကောင်း၊ 'အဗျာပါဒ သင်္ကပ္ပေါ'- မသတ်ရေး၊ မသေစေလိုရေး၊ ချမ်းသာစေလိုရေး ကြံစည်ခြင်းသည်လည်းကောင်း၊

www.dhammadownload.com

အဝိဟိံသာ သင်္ကပ္ပေါ- မညှင်းဆဲလိုရေး၊ သနားစောင့်ရှောက်ရေး ကြံစည်ခြင်းသည်လည်းကောင်း၊ အတ္ထိ- ရှိ၏။ အယံ- ဤအကြံသုံးပါးကို၊ သမ္မာသင်္ကပ္ပေါ-မှန်စွာကြံစည်ခြင်းဟူ၍၊ ဝုစ္စတိ- ခေါ်ဆိုအပ်၏။

ကုသိုလ်ကောင်းမှုပြုရန်၊ ရှင်ရဟန်းပြုရန်၊ တရားနာရန်၊ တရားကျင့်ရန်စသည်ဖြင့် ကုသိုလ်ရေးနဲ့စပ်ပြီး ကြံစည်ခြင်းဟူသမျှဟာ 'နေက္ခမ္မသင်္ကပ္ပ' ဖြစ်ပြီး၊ ဝိပဿနာရှုတိုင်းရှုတိုင်း နေက္ခမ္မသင်္ကပ္ပမဂ္ဂင် ပါဝင်နေကြောင်း ထင်ရှားပါသည်။ ဝိပဿနာရှုမှတ်ဆဲမှာလည်း ရှုမှတ်မိသော အာရုံနှင့်စပ်ပြီး သေစေလိုတဲ့အကြံ၊ ညှင်းဆဲလိုတဲ့အကြံများ ဖြစ်ခွင့်မရှိသောကြောင့် ရှုမှတ်တိုင်းရှုမှတ်တိုင်းတွင်လည်း 'အဗျာပါဒသင်္ကပ္ပ' 'အဝိဟိံသ သင်္ကပ္ပ'ဆိုသည့် သမ္မာသင်္ကပ္ပ ၂-ပါးလည်း ပါဝင်ပြီးစီးနေသည်ဟု ယူဆသင့်ပါသည်။ သို့သော် ဝိပဿနာရှုမှတ်မှုတွင်ပါဝင်သော သင်္ကပ္ပ-အကြံသည် တမင်တွေးကြံနေတာမျိုးမဖြစ်စေရပါ။ ရုပ်နာမ်သဘော၊ အဖြစ်အပျက်သဘော၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တသဘောများကို အမှန်အတိုင်းသိအောင် ရှေ့ဆောင်သကဲ့သို့ စိတ်ကို ဦးညွှတ်ပေးသောသဘောကို သမ္မာသင်္ကပ္ပ-မှန်စွာကြံခြင်းဟု ခေါ်ပါသည်။

သင်္ကပ္ပ-ဝိတက် အမျိုးမျိုးတို့တွင်-

- ✖ ကာမဂုဏ်အာရုံတို့ကို ရရှိပိုင်ဆိုင်လိုသော အကြံအစည်-ကာမ ဝိတက်၊
- ✖ သူတစ်ပါးကို ပျက်စီးစေလိုသော အကြံအစည်-ဗျာပါဒ ဝိတက်၊
- ✖ သူတစ်ပါးကို ညှင်းဆဲသတ်ဖြတ်လိုသော အကြံအစည်-ဝိဟိံသ ဝိတက်၊

ထို အကြံအစည်ဆိုး အကြံအစည်အမှား ၃-မျိုးကို မဖြစ်စေရပါ။ (ရှောင်ရန်)

- ✓ ကာမဂုဏ်အာရုံတို့ကို စွန့်လွှတ်နိုင်ဖို့ အကြံအစည်-နေက္ခမ္မဝိတက်၊
- ✓ သူတစ်ပါးအပေါ် မေတ္တာစိတ်ဖြစ်စေသော အကြံအစည်-အဗျာပါဒ ဝိတက်၊
- ✓ သူတစ်ပါး၏အသက်ကို ငဲ့ကွက်ညှာတာသနားသော အကြံအစည်-အဝိဟိံသဝိတက်၊

များဖြစ်နေအောင် အစဉ်ကြိုးစားအားထုတ် (ပွားများ)နေရပါမည်။ (ဆောင်ရန်)

ကောင်းသောအကြံအစည်ရှိမှ မှန်ကန်သောအသိအမြင် ရှိနိုင်သလို၊ မှန်ကန်သောအသိအမြင်ရှိမှလည်း မှန်ကန်သောအကြံအစည်သည်လည်း ဖြစ်နိုင်ပါသည်။ ထို့သို့ တစ်ပါးနှင့်တပါး ကျေးဇူးများလှသည့်အတွက် သမ္မာဒိဋ္ဌိမဂ္ဂင် နောက်ဝယ် သမ္မာသင်္ကပ္ပမဂ္ဂင်ကို ဟောတော်မူပါသည်။ သမ္မာသင်္ကပ္ပသည် သမ္မာဒိဋ္ဌိကျေးဇူးများသလို သမ္မာဝါစာအားလည်း (စကားသည် မပြောမီ အရင်ကြံစည်စဉ်းစားပြီးမှပြောရသည့်အတွက်၊) ကျေးဇူးများသောကြောင့် သမ္မာသင်္ကပ္ပမဂ္ဂင်နောက်ဝယ် သမ္မာဝါစာမဂ္ဂင်ကို ဟောတော်မူပါသည်။

www.dhammadownload.com

သမ္မာဝါစာမဂ္ဂင်

သမ္မာဒိဋ္ဌိဖြင့် မှန်ကန်စွာမြင်ပြီး၊ သမ္မာသင်္ကပ္ပဖြင့် မှန်ကန်စွာကြံစည်သော ပုဂ္ဂိုလ်၏ ထိုကြံစည်မှုဝိတက်နှင့်ယှဉ်သော၊ ဝစီဒုစရိုက်ကို အကြွင်းမဲ့နုတ်ခွာပယ်သတ်တတ်သော၊ မိစ္ဆာဝါစာမှ ရှောင်ကြဉ်ခြင်းသဘောသည် 'သမ္မာဝါစာ' မည်၏။ ထိုသမ္မာဝါစာသည်-

* ကြားနာသူနှင့်ယှဉ်ဖက်တရားတို့ကို သိမ်းဆည်းခြင်း (ပရိဂ္ဂဟ)လက္ခဏာ ရှိ၏။
* မိစ္ဆာဝါစာမှ ရှောင်ကြဉ်ခြင်း (ဝိရမဏ)ကိစ္စ ရှိ၏။
* မိစ္ဆာဝါစာကိုပယ်ခြင်း(ပဟာန)လျှင် ဉာဏ်အားရှေးရှုခြင်း ပစ္စုပဋ္ဌာန် ရှိ၏။

မုသာဝါဒါ-လိမ်လည်ပြောဆိုခြင်း၊ ပိသုဏာယဝါစာ-ဂုံးတိုက်စကား၊ ဖရုသာယ ဝါစာ-ကြမ်းတမ်းသောဆဲဆိုစကား၊ သမ္ဖပ္ပလာပါ-အနှစ်မဲ့သော အပြိန်အဖျင်းစကား။

လိမ်ပြောဖို့ ကုန်းတိုက်ဖို့ ဆဲရေးကြိမ်းမောင်းဖို့ အနှစ်မဲ့စကားပြောဖို့- အကြောင်း တိုက်ဆိုင်တဲ့အခါများ၌ ထိုကဲ့သို့စကားမျိုးကိုမပြောဘဲ ရှောင်ကြဉ်မှုကိုပင် သမ္မာဝါစာ- တရားကိုယ်အားဖြင့် 'သမ္မာဝါစာဝိရတီစေတသိက်' ဖြစ်ပါသည်။ မုသာဝါဒ စသည်မှ ရှောင်ကြဉ်လျှင် သီလကုသိုလ် ဖြစ်ပါသည်။ ငါးပါး၊ ရှစ်ပါး၊ ဆယ်ပါးသီလ ဆောက် တည်ကျင့်သုံးနေသောသူမှာ ဝစီဒုစရိုက် ၄-ပါးမှလည်း ရှောင်ကြဉ်ရသည်။

မြင်တိုင်း၊ ကြားတိုင်း၊ နံတိုင်း၊ စားသိတိုင်း၊ တွေ့ထိတိုင်း၊ ကြံသိတိုင်း ပေါ်လာသမျှ ရုပ်နာမ်အာရုံတွေကိုရှုပြီး အနိစ္စ ဒုက္ခ အနတ္တသဘောမျှသာဖြစ်သည်ဟု အမှန်အတိုင်း သိနေလျှင် မိစ္ဆာဝါစာကို ပြောဆိုနိုင်မည့် ကိလေသာများကို ဖြစ်နိုင်ခွင့်မရှိတော့ပါ။ ဝိပဿနာဖြင့် အနုသယ ကိလေသာမှစပြီး မိစ္ဆာဝါစာ ၄-ပါးကို တဒင်္ဂပဟာန်အားဖြင့် ပယ်ထားပြီး၊ ဝိပဿနာဉာဏ် ရင့်သန်ပြည့်စုံလာသည့်အခါတွင် အရိယမဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုသွားပါသည်။ အရိယမဂ် သမ္မာဝါစာဝိရတီဖြင့် မိစ္ဆာဝါစာကို အကြွင်းမဲ့ ပယ်သတ်သွားပါသည်။ ထို့ကြောင့် ဤ သမ္မာဝါစာမဂ္ဂင်ကို အရိယမဂ် ၄-ပါးအထိ ပြည့်စုံအောင် အားထုတ်ဖို့လိုပါသည်။

[သောတာပတ္တိမဂ်က မုသာဝါဒကို ပယ်သည်။ အနာဂါမိမဂ်က ပိသုဏာဝါစာနှင့် ဖရုသဝါစာတို့ကို ပယ်သည်။ (စေတနာမပါပဲ အပြောအဆိုကြမ်းတမ်းမှုမျိုးအချို့ ရှိနိုင်ပါ သေးသည်။) အရဟတ္တမဂ်က သမ္ဖပ္ပလာပကို ပယ်သည်။] *ဝိသုဒ္ဓိမဂ်(၃-၃၂၅)*

လုပ်ငန်းတစ်ခုမပြုလုပ်မီ အရင်စဉ်းစားပြောဆိုတိုင်ပင်ပြီးမှ လုပ်ကိုင်ဆောင်ရွက် သင့်သောကြောင့် သမ္မာဝါစာမဂ္ဂင်သည် သမ္မာကမ္မန္တမဂ္ဂင်အား ကျေးဇူးများပါသည်။ ထို့ကြောင့် သမ္မာဝါစာမဂ္ဂင်နောက်ဝယ် သမ္မာကမ္မန္တမဂ္ဂင်အား ဟောတော်မူပါသည်။

www.dhammadownload.com

သမ္မာကမ္မန္တမဂ္ဂင်

သမ္မာဝါစာနှင့်ပြည့်စုံသောပုဂ္ဂိုလ်၏ ထိုဝိရတီနှင့်ယှဉ်သော၊ မိစ္ဆာကမ္မန္တကို အကြွင်းမဲ့နုတ်ခွာ ပယ်သတ်တတ်သော၊ ပါဏာတိပါတစသည်မှ ရှောင်ကြဉ်ခြင်းသဘောသည် 'သမ္မာကမ္မန္တ' မည်၏။ ထိုသမ္မာကမ္မန္တသည်-

* အပြစ်ကင်းသောအမှုကိုဖြစ်စေခြင်း (သမုဋ္ဌာပန)လက္ခဏာ ရှိ၏။
* မိစ္ဆာကမ္မန္တမှရှောင်ကြဉ်ခြင်း (ဝိရမဏ)ကိစ္စ ရှိ၏။
* မိစ္ဆာကမ္မန္တကိုပယ်ခြင်း(ပဟာန)လျှင် ဉာဏ်အားရှေးရှုထင်ခြင်း ပစ္စုပဋ္ဌာန် ရှိ၏။

ပါဏာတိပါတာ-သူ့အသက်သတ်ခြင်း၊ အဒိန္နာဒါနာ-သူ့ဥစ္စာကို ခိုးဝှက်, တိုက်ခိုက်ယူခြင်း၊ ကာမေသုမိစ္ဆာစာရာ-ကာမဂုဏ်၌ မှားယွင်းစွာကျင့်ခြင်း။(ကာယကံ ၃-ပါး)

သတ်ရန်၊ ခိုးရန်၊ မတော်မတရားကျူးလွန်ရန် အကြောင်းတိုက်ဆိုင်သောအခါများ၌ ဤအမှုမျိုးများကို မပြုဘဲ ရှောင်ကြဉ်ခြင်းသည် 'သမ္မာကမ္မန္တ' ဖြစ်ပါသည်။ သမ္မာကမ္မန္တမဂ္ဂင်ကို သီလဆောက်တည် ကျင့်သုံးသောအားဖြင့်လည်း ပွားစေရပါမည်။ ဝိပဿနာကို ပွားစေသောအားဖြင့်လည်း ပွားစေရပါမည်။ အရိယမဂ် ၄-အထိ ပွားစေသောအားဖြင့် သမ္မာကမ္မန္တမဂ္ဂင်ကို ပြည့်စုံစေရပါမည်။

သမ္မာအာဇီဝမဂ္ဂင်

သမ္မာဝါစာ၊ သမ္မာကမ္မန္တနှင့်ပြည့်စုံသောပုဂ္ဂိုလ်၏ ထို သမ္မာဝါစာ၊ သမ္မာကမ္မန္တတို့၏ အထူးစင်ကြယ်ကြောင်းဖြစ်သော၊ ယင်းတို့နှင့်ယှဉ်သော၊ အုံ့ဩဖွယ်ပြုခြင်း ကုဟနအမှုစသည်တို့ကို အကြွင်းမဲ့နုတ်ခွာ ပယ်သတ်တတ်သော၊ မိစ္ဆာဇီဝမှရှောင်ကြဉ်ခြင်းသဘောသည် 'သမ္မာအာဇီဝ' မည်၏။ ထိုသမ္မာအာဇီဝသည်-

* ကိုယ်၊ နှုတ်တို့ကို စင်ကြယ်စေခြင်း (ဝေါဒါန)လက္ခဏာ ရှိ၏။
* သင့်လျော်သောအသက်မွေးမှုကို ဖြစ်စေခြင်း (ဉာယ-အာဇီဝပဝတ္တိ)ကိစ္စ ရှိ၏။
* မိစ္ဆာဇီဝကိုပယ်ခြင်း(ပဟာန)လျှင် ဉာဏ်အားရှေးရှုထင်ခြင်း ပစ္စုပဋ္ဌာန် ရှိ၏။

စားဝတ်နေရေး အသက်မွေးဝမ်းကျောင်းအတွက်ပြုလုပ်သော ကာယဒုစရိုက် ၃-ပါး၊ ဝစီဒုစရိုက် ၄-ပါးကို 'မိစ္ဆာအာဇီဝ'ဟု ခေါ်ပါသည်။ ဤမိစ္ဆာအာဇီဝမှ ရှောင်ကြဉ်မှုကို သမ္မာအာဇီဝ ခေါ်ပါသည်။ သမ္မာအာဇီဝမဂ္ဂင်သည်လည်း သမ္မာဝါစာ သမ္မာကမ္မန္တကဲ့သို့ပင် 'ဝိရတီစေတသိက်' ဖြစ်ပါသည်။ ထို့ကြောင့် မိစ္ဆာအာဇီဝမှ ရှောင်ကြဉ်မှုကိုသာ သမ္မာအာဇီဝမဂ္ဂင်ဟု မှတ်ကြရပါမည်။ သမ္မာအာဇီဝမဂ္ဂင်ကို သီလဆောက်တည်ကျင့်သုံးခြင်း ဝိပဿနာရှုမှတ်ခြင်းဖြင့် ပြည့်စုံသည်အထိ ပွားစေရပါမည်။

ဤ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ ပေါင်း ၃-ပါးသည် သီလမဂ္ဂင်များ ဖြစ်ပါသည်။

www.dhammadownload.com

သမ္မာဝါယာမမဂ္ဂင် [မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင် စိတ်ကိုထား။]
(သမ္မပ္ပဓာန်= သမ္မာ–ကောင်းစွာ + ပဓာန–အားထုတ်ခြင်း)

သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝဟုဆိုအပ်သောသီလမြေ၌ ကြံ့ကြံ့နိုင်တည်သောပုဂ္ဂိုလ်၏ ထို သမ္မာဝါစာစသည်အားလျော်သော၊ ထိုသမ္မာဝါစာစသည်နှင့်ယှဉ်သော၊ ပျင်းရိခြင်းကို အကြွင်းမဲ့နုတ်ခွာ ပယ်သတ်တတ်သော၊ အားထုတ်မှုလုံ့လသဘောသည် 'သမ္မာဝါယမ' မည်၏။ ထိုသမ္မာဝါယာမသည်–

* ချီးမြှောက်အားပေးခြင်း (ပဂ္ဂဟ)လက္ခဏာ ရှိ၏။
* မဖြစ်သေးသောအကုသိုလ်တရားတို့ကို မဖြစ်စေခြင်းစသော ကိစ္စ ရှိ၏။
* မိစ္ဆာဝါယာမကိုပယ်ခြင်း(ပဟာန)လျှင် ဉာဏ်အားရှေးရှုထင်ခြင်း ပစ္စုပဋ္ဌာန် ရှိ၏။

ကောင်းစွာအားထုတ်ကြောင်း၊ ပြီးစေကြောင်း ဖြစ်သောကြောင့် 'ဝီရိယစေတသိက်' (ဝါ) ဝီရိယအထူးသည် **'သမ္မပ္ပဓာန်တရား'** မည်၏။

သမ္မပ္ပဓာန်–ဝီရိယသည် အသားအသွေးခန်းခြောက်စေ၊ အရေ,အကြော,အရိုးမျှကြွင်းစေ၊ မဆုတ်မနစ်သောဖွဲဖြင့် အားထုတ်သော အလွန်ဖွဲ့ကောင်းသော 'ဝီရိယ' ဖြစ်ပါသည်။ တရားကိုယ်မှာ– မဟာကုသိုလ်စိတ် ၈–ပါး, မဟာဂ္ဂုတ်ကုသိုလ်စိတ် ၉–ပါး, မဂ်ကုသိုလ် ၄–ပါးအားဖြင့် ကုသိုလ်စိတ် ၂၁–ပါးရှိ 'ဝီရိယ' ဖြစ်ပါသည်။ (အားထုတ်မှုပြီးမြောက်သောရဟန္တာနှင့်မဆိုင်၍ ကြိယာကိုမကောက်ထိုက်။ ဖိုလ်တရားကိုလည်း မကောက်ထိုက်။)

၁	ဥပ္ပန္နာနံ ပါပကာနံ၊ ပဟာနာယ ဝါယာမော၊	ဖြစ်ပြီး အကုသိုလ်တို့ကို ပယ်ခြင်းငှာ ကောင်းစွာအားထုတ်ခြင်း၊	ဝီရိယ
၂	အနုပ္ပန္နာနံ ပါပကာနံ၊ အနုပါဒါယ ဝါယာမော၊	မဖြစ်သေးသော အကုသိုလ်တို့ကို အသစ်မဖြစ်အောင် ကောင်းစွာအားထုတ်ခြင်း၊	ဝီရိယ
၃	အနုပ္ပန္နာနံ ကုသလာနံ၊ ဥပ္ပါဒါယ ဝါယာမော၊	မဖြစ်သေးသော ကုသိုလ်တို့ကို ဖြစ်လာအောင် ကောင်းစွာအားထုတ်ခြင်း၊	ဝီရိယ
၄	ဥပ္ပန္နာနံ ကုသလာနံ၊ ဘိယျောဘာဝါယ ဝါယာမော၊	ဖြစ်ပြီး ကုသိုလ်တို့ကို အစဉ်တိုးပွားနေအောင် ကောင်းစွာအားထုတ်ခြင်း၊	ဝီရိယ

* ဒုဟောင်း ပယ်ပစ်၊ ဒုသစ် မလာ။ ကုဟောင်း မလစ်၊ ကုသစ် ရှငှာ။
* အကု ပယ်ရှား၊ မဖြစ်ပွားဖို့။ ကုများဖြစ်စေ၊ တိုးပွားစေ လေးထွေ သမ္မပ် အားထုတ်အပ်၊
* ကြော+ချဉ်+ရိုး+ရေ ကြွင်းလေစေ ၊ ကုန်စေသားအသွေး၊ အသက်မျှ မညှာရ သမ္မပ္ပဓာန်လေး၊

www.dhammadownload.com

သမ္မပ္ပဓာန်တရားသည် တရားကိုယ်အားဖြင့် 'ဝီရိယ'တစ်ပါးတည်းဖြစ်သော်လည်း ဖြစ်ပြီးအကုသိုလ်ကို ပယ်ခြင်း၊ မဖြစ်သေးသောအကုသိုလ်ကို မဖြစ်အောင်အားထုတ်ခြင်း၊ မဖြစ်သေးသောကုသိုလ်ကို ဖြစ်စေခြင်း၊ ဖြစ်ပြီးသောကုသိုလ်ကို အစဉ်တိုးပွားအောင် အားထုတ်ခြင်းဟူသော ကိစ္စတို့၏အစွမ်းအားဖြင့် ၄–ပါး ပြားရပါသည်။

မြတ်စွာဘုရားက သမ္မာဝါယာမမဂ္ဂင်ကို အကျယ်ဖွင့် ဟောတော်မူထားပါသည်။

အလှူဒါနကုသိုလ်ဖြစ်စေ၊ သီလကုသိုလ်ဖြစ်စေ၊ သမထဘာဝနာကုသိုလ်ဖြစ်စေ၊ ဝိပဿနာဘာဝနာကုသိုလ်ဖြစ်စေ မည်သည့်ကုသိုလ်ကိုမဆို စွမ်းနိုင်လျှင် မဖြစ်ဖူးသေးသောသောကုသိုလ်ကို မိမိမှာဖြစ်အောင် အားထုတ်ဖို့ရန် ဟောတော်မူပါသည်။ မိမိမှာဖြစ်ဖူးသောကုသိုလ်ကို တည်တံ့ခိုင်မြဲအောင် ပွားများပြည့်စုံအောင် အားထုတ်ရပါမည်။ မြင်တိုင်း၊ ကြားတိုင်း၊ နံတိုင်း၊ တွေ့ထိတိုင်း၊ သိတိုင်း၊ ရှုမှတ်နေသော ဝိပဿနာယောဂီများသည် မဖြစ်ဖူးသေးသော အကုသိုလ်တို့ကို ဖြစ်ခွင့်မရအောင်၊ မဖြစ်ရအောင်အားထုတ်နေသည်လည်းမည်၏။ ဖြစ်ဖူးသောအကုသိုလ်ကို ပယ်နိုင်အောင် အားထုတ်နေသည်လည်းမည်၏။ မဖြစ်သေးသော အထက်အထက် ဝိပဿနာကုသိုလ်များနှင့် အရိယမဂ်ကုသိုလ်ဖြစ်အောင်အားထုတ်နေသည်လည်းမည်၏။ ဖြစ်ပြီးသော ဝိပဿနာကုသိုလ် တည်တံ့ခိုင်မြဲအောင် ပွားများပြည့်စုံအောင် အားထုတ်နေသည်လည်း မည်၏။ ထို့ကြောင့် ရှုမှတ်တိုင်း သမ္မပ္ပဓာန် ၄–ပါးဆိုသည့် သမ္မာဝါယာမမဂ္ဂင်ကို ပွားနေသည် မည်ပါသည်။

ဝစီဒုစရိုက် ၄–ပါး၊ ကာယဒုစရိုက် ၃–ပါးတို့မှ ရှောင်ကြဉ်၍ ကောင်းမြတ်သော အကျင့်စရိုက်ပြည့်စုံသူသာ အာဇီဝဋ္ဌမကသီလကိုပြည့်စုံ၍ 'သမ္မာအာဇီဝမဂ္ဂင်'ဟောပြီးနောက်၊ ဤကုသိုလ်အဆင့်ဖြင့် ကျေနပ်နစ်သက်မနေဘဲ ဣရိယာပုထ်တိုင်းမှာ အားထုတ်စေလိုသောအလို့ငှာ 'သမ္မာဝါယာမမဂ္ဂင်'ကို ဟောတော်မူပါသည်။ ထို ဝါယာမ–ဝီရိယ အားထုတ်အပ်သော သတိပဋ္ဌာန်ကိုပြခြင်းငှာ 'သမ္မာသတိမဂ္ဂင်'ကို ဟောတော်မူပါသည်။

သမ္မာသတိမဂ္ဂင်

အားထုတ်မှုလုံ့လဝီရိယနှင့် ပြည့်စုံသောပုဂ္ဂိုလ်၏ ထိုသမ္မာဝါယာမနှင့်ပင်ယှဉ်သော၊ မိစ္ဆာသတိကို နုတ်ခွာပယ်သတ်တတ်သော၊ စိတ်၏ မမေ့မလျော့ခြင်းသဘောသည် 'သမ္မာသတိ' မည်၏။ ထို သမ္မာသတိသည်–

* အာရုံ၌ကပ်၍တည်ခြင်း၊ အာရုံ၌ထင်ခြင်း (ဥပဋ္ဌာန)လက္ခဏာ ရှိ၏။
* အာရုံကို မမေ့မပျောက်စေခြင်း (အသမ္မုဿန)ကိစ္စ ရှိ၏။
* မိစ္ဆာသတိကိုပယ်ခြင်း(ပဟာန)လျှင် ဉာဏ်အားရှေးရှုထင်ခြင်း ပစ္စုပဋ္ဌာန် ရှိ၏။

www.dhammadownload.com

သမ္မာသတိမဂ္ဂင်သည် **သတိပဋ္ဌာန်တရား ၄-ပါး**သာ ဖြစ်ပါသည်။

	သတိပဋ္ဌာန်တရား	အဓိပ္ပါယ်(အဖန်ဖန် ရှုမှတ်သော သတိ)	တရား
၁	ကာယာနုပဿနာ	ရူပက္ခန္ဓာကိုအာရုံပြု၍ အသုဘအခြင်းအရာပေါ်လာအောင် အဖန်ဖန်ရှုမှတ်သော သတိအထူး၊ (သုဘဝိပလ္လာသကို ပယ်ရှား၏။)	**သတိ**
၂	ဝေဒနာနုပဿနာ	ဝေဒနာက္ခန္ဓာကိုအာရုံပြု၍ ဒုက္ခအခြင်းအရာ ပေါ်လာအောင် အဖန်ဖန်ရှုမှတ်သော သတိအထူး၊ (သုခဝိပလ္လာသကို ပယ်ရှားနိုင်၏။)	**သတိ**
၃	စိတ္တာနုပဿနာ	ဝိညာဏက္ခန္ဓာကိုအာရုံပြု၍ အနိစ္စအခြင်းအရာ ပေါ်လာအောင် အဖန်ဖန်ရှုမှတ်သော သတိအထူး၊ (နိစ္စဝိပလ္လာသကိုပယ်ရှားနိုင်၏။)	**သတိ**
၄	ဓမ္မာနုပဿနာ	သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ ဟူသောဓမ္မတို့ကိုအာရုံပြု၍ အနတ္တ အခြင်းအရာပေါ်လာအောင် အဖန်ဖန်ရှုမှတ်သော သတိအထူး၊ (အတ္တဝိပလ္လာသကို ပယ်ရှားနိုင်၏။)	**သတိ**

(ဆောင်) ကာ, ဝေ, စိတ်, ဓမ်၊ နုပဿံ ပဋ္ဌာန်သတိ လေး။

ဘုရားစသောကောင်းသောအာရုံများ၌ အမှတ်ရနေမှု၊ အထူးသဖြင့် ဣရိယာပုထ် ၄-ပါးတို့၌ သွားသွားလာလာ စားစားအိပ်အိပ် နေရာတိုင်း အလုပ်တိုင်း သတိနှင့် ယှဉ်တွဲနေသော အသိဉာဏ်ပညာရှိနေခြင်းသည် 'သမ္မာသတိမဂ္ဂင်' ဖြစ်ပါသည်။

တရားကိုယ်မှာ မဟာကုသိုလ်စိတ် ၈-ပါး, မဟာကြိယာစိတ် ၈-ပါး, အပ္ပနာဇော ၂၆-ပါးအားဖြင့် ၄၂-ပါး သောစိတ်တို့၌ယှဉ်သော သတိစေတသိက်(သမ္မာသတိ)။

သတိပဋ္ဌာန် ၄-ပါးပြားပုံ၊ (ခန္ဓာငါးပါးကို သတိပဋ္ဌာန်လေးပါးဖြင့် ဝေဖန်ပုံ။)

* ယူသောအာရုံ(အဖန်ဖန်ရှုမှတ်သောသတိ၏ အာရုံပြုပုံ)- ရူပက္ခန္ဓာ, ဝေဒနာက္ခန္ဓာ, ဝိညာဏက္ခန္ဓာ, ဓမ္မ(သညာက္ခန္ဓာ,သင်္ခါရက္ခန္ဓာ,)အားဖြင့် ၄-မျိုး ပြား၏။

* ထိုအာရုံများ၌ဆင်ခြင်ပုံ- အသုဘ, ဒုက္ခ, အနိစ္စ, အနတ္တအားဖြင့် ၄-မျိုး ပြား၏။

* ထင်မှားမှုကိုပယ်ခွာခြင်းကိစ္စ- သုဘ, သုခ, နိစ္စ, အတ္တအားဖြင့် ၄-မျိုး ပြား၏။

ထိုအကြောင်းတို့ကြောင့် သတိပဋ္ဌာန် ၄-မျိုး ပြားရပါသည်။

သတိတစ်သာ ဖြစ်တုံပါလည်း၊ ယူရာအာရုံ, ယူပုံခြင်းရာ, ပယ်ခွာကိစ္စ လေးပါးပင်မို့၊ တို့ရှင်ပင်စော၊ လေးမျိုးဟောသည်၊ မှတ်လော သတိပဋ္ဌာန်။

www.dhammadownload.com

ဝိပဿနာသတိ ဖြစ်စေရန်–

ဣရိယာပထပိုင်းအရ (ဂစ္ဆန္တော ဝါ ဂစ္ဆာမီတိ ပဇာနာတိ)စသည်နှင့်အညီ သွားဆဲမှာ သွားသည့်ရုပ်ကို ရှုမှတ်ရမယ်။ ရပ်ဆဲ ထိုင်ဆဲ လဲလျောင်းဆဲမှာ ရပ်သည့်ရုပ် ထိုင်သည့်ရုပ် လျောင်းသည့်ရုပ်များကို ရှုမှတ်နေရမည်။ ထိုင်ဆဲစသည်မှာ အခြားကိုယ်အမူအရာ အသေးစိတ်များရှိလျှင် ထိုအမူအရာကိုလည်း ရှုမှတ်ရမယ်။ "ဂစ္ဆန္တော ဝါ ဂစ္ဆာမီတိ" စသည်ဖြင့် ပစ္စုပ္ပန်ကိုရှုမှတ်ရန်ပြထားခြင်းကို အထူးသတိပြုကြရမည်။ အဘိဓမ္မာကျမ်းစာ ထဲတွင်ပြထားသောရုပ်များကို ကျက်မှတ်ပြီး ကြံတွေးပြီးရှုမှတ်ရုံမျှဖြင့် ကာယာနုပဿနာ သတိပဋ္ဌာန် မဖြစ်နိုင်ပါ။ သွားခြင်း၊ ပြန်ခြင်း၊ တည့်တည့်ကြည့်ခြင်း၊ စောင်းငဲ့ ကြည့်ခြင်း၊ ကွေးခြင်း၊ ဆန့်ခြင်းစသော ကိုယ်အမူအရာများကိုလည်း ရှုမှတ်နေရမည်။

သတိပဋ္ဌာန်မပါလျှင် ပညာမဖြစ်ပါ

တရားနာနေရင်း အရိယမဂ်,ဖိုလ် တရားထူးကို ရသွားကြသည်ဆိုသည်မှာ ဤ သတိပဋ္ဌာန်လမ်းဖြင့်သာလျှင် ဖြစ်ဆဲ ကိုယ်ရုပ်ဖြစ်စေ၊ ဝေဒနာဖြစ်စေ၊ သဘောတရား ဖြစ်စေ တစ်ပါးပါးကိုရှုပြီး တရားထူးကိုရသွားကြခြင်း ဖြစ်ပါသည်။ နာကြားရုံမျှဖြင့် မဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် သတိပဋ္ဌာန်၏ အာရုံရှုကွက်များဖြစ်သော ကာယ၊ ဝေဒနာ၊ စိတ်၊ သဘောတရား ၄–ခုထဲမှ တစ်ခုခုကိုမျှမရှုမှတ်ဘဲ ဝိပဿနာပညာ သည်လည်း ဖြစ်ရိုးမရှိပါ၊ အရိယာမဂ်သည်လည်း ဖြစ်ရိုးမရှိပါ။ သမ္မာသတိ– မှန်စွာ အမှတ်ရခြင်းဟုဆိုသော်လည်း အမှတ်ရရုံမျှဖြင့် ကိစ္စမပြီးပါ။ အမှတ်ရပြီး အမှန်အတိုင်း သိမှသာ ဝိပဿနာဉာဏ်ပညာဖြစ်နိုင်ပြီး မဂ်ကိစ္စ ပြီးမြောက်ပါသည်။

သတိမဂ္ဂင်ဖြစ်စေချင်၊ ရှုမြင်သိရမည်။
၁။ ကိုယ်အမူအရာ၊ ဖြစ်တိုင်းမှာ၊ မှန်စွာသိရမည်။
၂။ စိတ်အမူအရာ၊ ဖြစ်တိုင်းမှာ၊ မှန်စွာသိရမည်။
၃။ ကောင်း ဆိုး လတ်ပါ၊ ဝေဒနာ၊ ပေါ်တာသိရမည်။
၄။ သဘောတရား၊ ထင်ပေါ်ငြား၊ ပိုင်းခြားသိရမည်။

"သတိကောင်းရှိသူသည် သမ္မာသမာဓိအား ကျေးဇူးများသောတရား၊ ကျေးဇူးမများ သောတရားတို့ကို နှလုံးသွင်းလျှက် စိတ်ကိုလိုသလို အာရုံတစ်ခုတည်း၌ ထားနိုင် လောက်ပြီ"ကိုပြခြင်းငှာ သမ္မာသတိမဂ္ဂင်၏နောက်၌ 'သမ္မာသမာဓိမဂ္ဂင်'ကို ဟောကြား တော်မူပါသည်။

www.dhammadownload.com

သမ္မာသမာဓိမဂ္ဂင်

အလွန်အကဲ အမြတ်ဆုံးဖြစ်သောသတိတရားက ကောင်းစွာစောင့်ရှောက်အပ်သော စိတ်ရှိသောပုဂ္ဂိုလ်၏ ထိုသတိနှင့်ယှဉ်သော၊ မိစ္ဆာသမာဓိကိုနုတ်ခွာပယ်သတ်တတ်သော၊ 'စိတ္တေကဂ္ဂတာ'ခေါ် စိတ်တည်ကြည်ခြင်းသဘောသည် 'သမ္မာသမာဓိ' မည်၏။

ထိုသမ္မာသမာဓိသည်–

* စိတ်ကို မပျံ့လွင့်စေခြင်း (အဝိက္ခေပ)လက္ခဏာ ရှိ၏။
* စိတ်ကို အာရုံ၌ကောင်းစွာထားခြင်း (သမာဓာန)ကိစ္စ ရှိ၏။
* မိစ္ဆာသမာဓိကိုပယ်ခြင်း(ပဟာန)လျှင် ဉာဏ်အားရေးရှုထင်ခြင်း ပစ္စုပဋ္ဌာန် ရှိ၏။

သမ္မာသမာဓိ– မှန်စွာစူးစိုက်တည်ကြည်ခြင်းသည် လိုချင်မှုအပေါင်းတို့မှ ကင်းဆိတ်သည့်အပြင် အခြားသောအကုသိုလ်တရားတို့မှလည်း ကင်းဆိတ်မှသာလျှင် သမ္မာသမာဓိမဂ္ဂင်ဟု ခေါ်ပါသည်။ အရိယမဂ်စိတ်နှင့်ယှဉ်သော လောကုတ္တရာစျာန်သမာဓိသည် အရိယသမ္မာသမာဓိမဂ္ဂင် အစစ်ဖြစ်ပါသည်။ လောကီစျာန်သမာဓိသည် ဝိပဿနာ၏ အခြေခံဖြစ်လျှင် သမ္မာသမာဓိမဂ္ဂင် စာရင်းဝင်ပါသည်။ ထွက်သက်ဝင်သက်အစရှိသော သမထနိမိတ်အာရုံကို စူးစိုက်ပြီးရှုမှတ်လျှင် သမထစျာန်သာဖြစ်ပါသည်။ တည်ငြိမ်ရုံမျှ ရှုမှတ်မှုသည် သမထသာဖြစ်ပြီး၊ ရုပ်နာမ်တို့၏သဘော လက္ခဏာတို့ကို အနိစ္စ ဒုက္ခ အနတ္တလက္ခဏာတို့ဖြင့်ရှုမှတ်ပြီး ဉာဏ်ဖြင့်သိမှသာ ဝိပဿနာသမာဓိ(ဝိပဿနာစျာန်) ဖြစ်ပါသည်။ ခဏိကသမာဓိသည် (သမထ)ကမ္မဋ္ဌာန်းအာရုံကို စတင်ရှုမှတ်စဉ်၌ ဥပစာရသမာဓိမဖြစ်သေးမီက အတော်အတန်စိတ်တည်ငြိမ်သောသမာဓိနှင့် ဝိပဿနာသမာဓိကို ဆိုလိုခြင်းဖြစ်ပါသည်။ ထိုနှစ်ပါးတို့တွင်လည်း ဝိပဿနာသမာဓိသည် နီဝရဏနှင့် ကိလေသာတို့ကို ကင်းငြိမ်းစေခြင်းဖြင့် ဥပစာရသမာဓိနှင့် လက္ခဏာတူသည့်အတွက် ဥပစာရသမာဓိဟုလည်း ခေါ်ဆိုပါသည်။ ဝိပဿနာခဏိကသမာဓိသည်လည်း အထူးအားကောင်းသည့်အခါ အပ္ပနာသမာဓိကဲ့သို့ပင် ရှုမှတ်စိတ်တို့ကိုကောင်းကောင်းကြီး တည်ငြိမ်အောင် ထားနိုင်ပါသည်။

သမ္မာဝါယာမမဂ္ဂင်က ကြောင့်ကြစိုက်ပေးသဖြင့် ကိုယ်အမူအရာ–ကာယာနုပဿနာ၊ ဝေဒနာ–ဝေဒနာနုပဿနာ၊ စိတ်–စိတ္တာနုပဿနာ၊ သဘောတရားများကို ဓမ္မာနုပဿနာ သတိပဋ္ဌာန်တို့ဖြင့် ရှုမှတ်ရာအာရုံ၌သာ ကပ်လျက်ကပ်လျက် တည်တည်နေခြင်းသည် သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိမဂ္ဂင် သုံးပါးဖြစ်ပါသည်။ ဝိပဿနာမဂ္ဂင်များ ပွားများသဖြင့် ရင့်သန်ပြည့်စုံသွားသောအခါတွင် အရိယမဂ္ဂင်အဖြစ်သို့ ပြောင်းလဲပြီး နိဗ္ဗာန်သို့ မျက်မှောက်ပြုသွားပါသည်။

www.dhammadownload.com

မဂ္ဂသစ္စာကို ပွားများခြင်း

သမ္မာဒိဋ္ဌိမဂ္ဂင်စသောတရား ၈–ပါးသည် နိဗ္ဗာန်သို့ရောက်ကြောင်း လမ်းဖြောင့် လမ်းမှန်ဖြစ်သည့်အတွက် 'မဂ္ဂသစ္စာ'ဟု ခေါ်ပါသည်။ ဤတရား ၈–ပါးသည် မိမိ သန္တာန်ဝယ် အမြဲမပြတ် ဖြစ်ပွားများနေအောင် ကြိုးစားအားထုတ်ရပါမည်။ ထိုသို့ ကြိုးစားအားထုတ်မှုကိုပင် မိမိစိတ်အစဉ်ဝယ် သမ္မာမဂ္ဂင်တရားများ တိုးပွားစေသည့် အတွက် မဂ္ဂသစ္စာကို ပွားများခြင်း ဖြစ်ပါသည်။

တရားအားထုတ်မည့်ပုဂ္ဂိုလ်သည် ရှေးဦးစွာ မြတ်စွာဘုရားကို အာရုံပြု၍ သီလဆောက် တည်ရပါမည်။ သီလဆောက်တည်ခြင်းသည် သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ ဆိုသော သီလမဂ္ဂင် ၃–ပါးကို ပွားများရာရောက်ပါသည်။

ထို့နောက် မိမိနှစ်သက်အားထုတ်ရာ ကမ္မဋ္ဌာန်းအာရုံ တစ်မျိုးမျိုးကို ရှုမှတ်ပွားများ ရာတွင် ရှုမှတ်နေသော ပရမတ်အာရုံကို စူးစူးစိုက်စိုက် အထူးမြဲမြံစွာ ရှုမှတ်နေရခြင်း သည် 'သမ္မာသတိမဂ္ဂင်' ဖြစ်ပါသည်။ ထို သမ္မာသတိမဂ္ဂင်က ညွှန်ပြအပ်သောအာရုံကို တည့်တည့်မတ်မတ်ကျနေအောင် ကြိုးစားအားထုတ်နေမှုသည် 'သမ္မာဝါယာမမဂ္ဂင်' ဖြစ်ပါသည်။ ကမ္မဋ္ဌာန်းအာရုံပေါ်မှာ ရှုမှတ်စိတ်များ တည်ငြိမ်ပြီး တစ်ဆက်တည်း ကျနေခြင်းသည် 'သမ္မာသမာဓိ' ဖြစ်ပါသည်။ ထိုအာရုံ၏ ပရမတ်သဘောအမှန်ကို စေ့စေ့စပ်စပ် လေ့လာသုံးသပ်၍ သမ္မာဒိဋ္ဌိမဂ္ဂင်သို့ တွေးတောကြံစည်ဆင်ခြင်တင်ပို့ ခြင်းသည် 'သမ္မာသင်္ကပ္ပ' ဖြစ်ပါသည်။ ထို အာရုံသည် အနိစ္စလား ? နိစ္စလား ?၊ ဒုက္ခလား? သုခလား?၊ အနတ္တလား? အတ္တလား?၊ အသုဘလား? သုဘလား? ဟူ၍ စသည်ဖြင့် မှန်မှန်ကန်ကန် သိမြင်သောဉာဏ်သည် 'သမ္မာဒိဋ္ဌိ' ဖြစ်ပါသည်။

ဤသို့ အဖန်ဖန်အထပ်ထပ် အစဉ်ပွားများကြိုးကုတ် အားထုတ်ပါလျှင် မဂ်ဉာဏ် ဖိုလ်ဉာဏ်သို့ ဆိုက်ရောက်နိုင်ပါသည်။ ထို့ကြောင့် သမ္မာမဂ္ဂင် ၈–ပါးသည် နိဗ္ဗာန် ရောက်ကြောင်းလမ်း–ဟု ရှင်တော်မြတ်ဘုရား ဟောကြားတော်မူပါသည်။

သမ္မာမဂ္ဂင်များတွင် သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ မဂ္ဂင်များသည် နိဗ္ဗာန်လမ်းကြောင်းပေါ်တွင် အလုပ်လုပ်နေကြသော 'ကာရာပကမဂ္ဂင်' များဖြစ်ပြီး၊ 'ပဋ္ဌင်္ဂိကမဂ်'ဟုလည်း ခေါ်ပါသည်။ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ ဟူသော သီလမဂ္ဂင် ၃–ပါးသည် ကိုယ်ကျင့်တရားကောင်းမွန်စွာ စောင့်ထိန်းခြင်းဖြင့် နိဗ္ဗာန်ခရီးအတွက် အခြေအနေကောင်းများကို ဖန်တီးကူညီပေးသောမဂ္ဂင်များ ဖြစ်ပါသည်။ တရားအားထုတ်ရာတွင် 'သီလဝိသုဒ္ဓိ'ဖြစ်ရန်လည်း အလွန်အရေးပါလှသဖြင့် သမ္မာ မဂ္ဂင် ၈–ပါလုံးသည် မဂ်,ဖိုလ်,နိဗ္ဗာန်ခရီးအတွက် လမ်းကြောင်းအမှန်သာ ဖြစ်ပါသည်။

www.dhammadownload.com

မဂ်ဉာဏ်(မဂ်စိတ်) (ကိစ္စ ၄-ပါးပြီးပုံ)

ဂေါတြဘူစိတ်၏ အခြားမဲ့၌ မဂ်စိတ်သည် ကိစ္စလေးချက်ကို တစ်ပြိုင်နက်ပြီးစေလျက်၊ နိဗ္ဗာန်ကို အာရုံပြုပြီး၊ တစ်ကြိမ်ဖြစ်ရုံမျှနှင့်ပင် ဆိုင်ရာကိလေသာကို ပယ်သတ်မှု ကိစ္စ ပြီးပြည့်စုံသောကြောင့် တစ်ကြိမ်သာဖြစ်ရိုးထုံးစံရှိသော မဂ်ဉာဏ်သည်ပင်လျှင် 'ဉာဏဒဿနဝိသုဒ္ဓိ' မည်ပါသည်။

ဆီမီးသည် မီးစာကိုလောင်ခြင်း၊ အမှောင်ကိုပယ်ခြင်း၊ အလင်းကိုဖြစ်စေခြင်း၊ ဆီကိုကုန်စေခြင်းဟူသော ကိစ္စ ၄-ချက်ကို တစ်ပြိုင်နက်ပြုသကဲ့သို့ မဂ်စိတ်သည်လည်း-

၁။ ဒုက္ခသစ္စာကို ပိုင်းခြား၍ သိခြင်း။ (သိ) **(ပရိညာကိစ္စ)**
၂။ သမုဒယသစ္စာကို ပယ်ခြင်း။ (ပယ်) **(ပဟာနကိစ္စ)**
၃။ နိရောဓသစ္စာ(နိဗ္ဗာန်)ကိုမျက်မှောက်ပြုခြင်း။ **(ဆိုက်)(သစ္ဆိကရဏကိစ္စ)**
၄။ မဂ္ဂသစ္စာကို ပွားများခြင်း။ (ပွား) **(ဘာဝနာကိစ္စ)**

ဟူသော ကိစ္စ ၄-ချက်ကို တစ်ပြိုင်နက် ပြီးစေပါသည်။

မဂ်စိတ်တိုင်း ဤကိစ္စ ၄-ချက်ကိုပြုကြသဖြင့် မဂ် ၄-ပါးအတွက် **ကိစ္စ ၁၆-ချက်** ဖြစ်ရပါသည်။

မဂ္ဂဝီထိ မန္ဒပုဂ္ဂိုလ် န ဒ၊ မ၊ ပ ဥ နု၊ ဂေါ၊ မဂ် ဖိုလ် ဖိုလ် ဘဝင်
တိက္ခပုဂ္ဂိုလ် န ဒ၊ မ၊ ဥ နု၊ ဂေါ၊ မဂ် ဖိုလ် ဖိုလ် ဖိုလ် ဘဝင်

(ဆောင်) သိ, ပယ်, ဆိုက်, ပွား၊ ကိစ်လေးပါး၊ ကျယ်ကား ဆယ့်ခြောက်ချက်။

မဂ်ဉာဏ်များ ကိလေသာ ပယ်သတ်ပုံအဆင့်ဆင့်

မဂ်ဉာဏ် ၄-ပါး		ကိလေသာ ပယ်သတ်ပုံအဆင့်ဆင့်
၁။	သောတာပတ္တိမဂ်ဉာဏ်	သက္ကာယဒိဋ္ဌိ,ဝိစိကိစ္ဆာတို့ကို အကြွင်းမဲ့ပယ်၏။ (ဒိဋ္ဌိ,ဝိစိကိစ္ဆာ) ကြွင်းကိလေသာတို့၏အပါယ်လားကြောင်းသတ္တိကို ပယ်၏။
၂။	သကဒါဂါမိမဂ်ဉာဏ်	ရုန့်ရင်းသော လောဘ,ဒေါသ,မောဟတို့ကိုခေါင်းပါးအောင်ပြု၏။ (အကြွင်းမဲ့ပယ်သော ကိလေသာ မရှိ။)
၃။	အနာဂါမိမဂ်ဉာဏ်	ကာမရာဂနှင့်ဗျာပါဒတို့ကို အကြွင်းမဲ့ပယ်၏။ (ဒေါသ) (ကြွင်းကိလေသာအားလုံးကို ခေါင်းပါးအောင်ပြု၏။)
၄။	အရဟတ္တမဂ်ဉာဏ်	ကြွင်းကိလေသာအားလုံးကို အကြွင်းမဲ့ပယ်၏။ (လောဘ,မောဟ,မာန, ထိန,ဥဒ္ဓစ္စ, အဟိရိက,အနောတ္တပ္ပ)

(ဆောင်) သောတာပတ္တိ, ဒိဋ္ဌိ ဝိစိနှင့်၊ ပဋိကာမ နှာပယ်ချ၊ အရ ကြွင်းကျန် ပယ်။

www.dhammadownload.com

၁။ **သောတာပတ္တိမဂ်ဉာဏ်**–အမြင်မှားမှု–ဒိဋ္ဌိနှင့် ယုံမှားမှု–ဝိစိကိစ္ဆာကို အကြွင်းမဲ့ပယ်ပြီး၊ ကြွင်းသောကိလေသာတို့၏အပါယ်လားကြောင်း သတ္တိကိုလည်း ပယ်သတ်ပါသည်။
သောတာပန်ပုဂ္ဂိုလ်သည် အပါယ်မလားတော့ဘဲ၊ ၇–ဘဝထက်ပိုပြီး ကာမဘုံ၌ ပဋိသန္ဓေ မနေရတော့ချေ။ (အရိယာနယ်သို့ ရှေးဦးစွာ ရောက်သူ။)

၂။ **သကဒါဂါမိမဂ်ဉာဏ်**– ရုန့်ရင်းသော လောဘ,ဒေါသ,မောဟတို့ကိုခေါင်းပါး အောင်ပြုပါသည်။ (အကြွင်းမဲ့ပယ်သတ်သော ကိလေသာ မရှိ။)
သကဒါဂါမ်ပုဂ္ဂိုလ်သည် ကာမဘုံသို့ ပဋိသန္ဓေအားဖြင့် တစ်ကြိမ်သာလာတော့သည်။
(ကာမဘုံသို့ တစ်ကြိမ်သာ ပြန်လာသူ။)

၃။ **အနာဂါမိမဂ်ဉာဏ်**– ကာမရာဂနှင့် ဗျာပါဒ(ဒေါသ)ကို ပယ်သတ်ပါသည်။ (ကြွင်းကိလေသာ အားလုံးကိုလည်း ခေါင်းပါးအောင် ပြုပါသည်။)
အနာဂါမ်ပုဂ္ဂိုလ်သည် ကာမဘုံသို့ ပဋိသန္ဓေအားဖြင့် မလာတော့ချေ။
(ကာမဘုံသို့ ပြန်မလာသောသူ။)

၄။ **အရဟတ္တမဂ်စိတ်**– ကြွင်းကိလေသာအားလုံးကို အကြွင်းမဲ့ ပယ်သတ်ပါသည်။ ကိလေသာ အာသဝေါအားလုံး ကင်းရှင်းပြီးဖြစ်သောကြောင့် လောက၌ အမြတ်ဆုံး အလှူခံပုဂ္ဂိုလ် ရဟန္တာ ဖြစ်တော့သည်။ (ကိလေသာအားလုံးပယ်သတ်၍ ဘဝငြိမ်းသူ။)

အထက်မဂ်သုံးပါး ဝီထိပုံစံ

မန္ဒပုဂ္ဂိုလ်	န ဒ၊ မ၊ ပ ဥ နု၊ **ဝေါဒါန်**၊ မဂ် ဖိုလ် ဖိုလ် ဘဝင်
တိက္ခပုဂ္ဂိုလ်	န ဒ၊ မ၊ ဥ နု၊ **ဝေါဒါန်**၊ မဂ် ဖိုလ် ဖိုလ် ဖိုလ် ဘဝင်

(ဝေါဒါန် = ဖြူဖွေး ကြည်လင် သန့်ရှင်းသောစိတ်။)

ပွားစေရမည့် မဂ္ဂင်များ

မူလအခြေခံမဂ္ဂင်၊ ပုဗ္ဗဘာဂဝိပဿနာမဂ္ဂင်၊ အရိယမဂ္ဂင်ဟူ၍ သုံးဆင့်ခွဲခြားထား ပါသည်။ ဗုဒ္ဓဘာသာဝင်ဖြစ်သော သူတော်ကောင်းတို့သည် ကုသိုလ်ကောင်းမှုများကို ပြုတိုင်းပြုတိုင်း နိဗ္ဗာန်ချမ်းသာကို လျှင်မြန်စွာ ရလိုပါ၏၊ လျှင်မြန်စွာ မျက်မှောက်ပြု ရပါလို၏ဟု ဆုတောင်းလေ့ ရှိကြပါသည်။ ဆုတောင်းရုံနှင့်တော့ ယခုချက်ခြင်းရမှာ မဟုတ်ပါ။ ဤကောင်းမှုတို့က ပို့ဆောင်ပေးသော သုဂတိဘဝ တစ်ခုခုရောက်မှ ရနိုင်ပါမည်။ မဂ္ဂင်ရှစ်ပါးအကျင့်ကို ကျင့်ပါမှ ရပါမည်။ နောက်ကာလထိအောင် ဆိုင်းငံ့ မနေဘဲ ယခုဘဝတွင် မဂ္ဂင်ရှစ်ပါးအကျင့်ဖြင့် နိဗ္ဗာန်ကိုရအောင် အားထုတ်သင့်ပါသည်။

www.dhammadownload.com

အားထုတ်ဖို့ရန် အခြေခံက ပြည့်စုံဖို့လိုပါသည်။ မူလအခြေခံ မဂ္ဂင်ဆိုသည်မှာ ကမ္မဿကတာသမ္မာဒိဋ္ဌိမဂ္ဂင်၊ သီလမဂ္ဂင်သုံးပါး၊ သမာဓိမဂ္ဂင်တို့ ဖြစ်ပါသည်။

ဗုဒ္ဓသာသနာဝင်ပုဂ္ဂိုလ်များသည် ကမ္မဿကတာသမ္မာဒိဋ္ဌိက ပြည့်စုံပြီးသား ဖြစ်နေပါပြီ။ သီလမဂ္ဂင်များကို သီလဆောက်တည်လိုက်လျှင် ပြည့်စုံနိုင်ပါသည်။ သတိပဋ္ဌာန်၏ အာရုံရှုကွက်များဖြစ်သော ကာယ၊ ဝေဒနာ၊ စိတ်၊ သဘောတရား ၄-ခုထဲမှ ထင်ရှားသောပရမတ်အာရုံတစ်ခုခုကို ဝိပဿနာဉာဏ်ပညာဖြင့် စူးစူးစိုက်စိုက် ရှုမှတ်နေရပါသည်။ စိတ်တည်ကြည်မှုသမာဓိကိုမှီပြီး နာမ်နှင့်ရုပ်ကို ခွဲခြားသိသော ဝိပဿနာဉာဏ်ထူး ဖြစ်လာပါသည်။ အဖန်ဖန် အထပ်ထပ် အစဉ်ပွားများကြိုးကုတ် အားထုတ်ပါလျှင် သမ္မာမဂ္ဂင် ၈-ပါး၏အစွမ်းသည် ပုဗ္ဗဘာဂဝိပဿနာမဂ္ဂင်မှ အရိယမဂ္ဂင်အဆင့်သို့ တက်လှမ်း၍ မဂ်ဉာဏ်၊ဖိုလ်ဉာဏ်သို့ ဆိုက်ရောက်နိုင်ပါသည်။

ပဋ္ဌာန်း မဂ္ဂပစ္စည်း မေတ္တာပို့ ဆုတောင်းဘုရားရှိခိုး

မဂ္ဂပစ္စယော– သတ္တဝါအားလုံး ဒုဂ္ဂတိဘုံသို့ ရောက်စေတတ်သည့် မကောင်းသော အကုသိုလ် မဂ္ဂင်ခရီးလမ်းကြောင်းကို မလျှောက်ဖြစ်ကြဘဲ၊ သုဂတိဘုံ၊ နိဗ္ဗာန်ဘုံတို့သို့သာ ရောက်စေနိုင်သော ကောင်းမြတ်သော ကုသိုလ်မဂ္ဂင်လမ်းကြောင်းကိုသာ လျှောက်လှမ်းနိုင်ကြပါစေ။

နိဗ္ဗာန်ရည်မှန်း၊ မဂ္ဂင်လမ်း၊ လျှောက်လှမ်းနိုင်ရပါစေသော်။

မဂ္ဂပစ္စယော– ထိုဤမှာသို့၊ ဆောင်ယူပို့သည်၊ ကူးတို့မသွေ၊ သဟေတုကတ်၊ သဟဇာတ်အား၊ ဆယ့်သုံးပါးတွင်၊ ဖြူစင်,မည်းညစ်၊ ဤအဖြစ်မှ၊ ပြန်လှစ်ဆူလှယ်၊ ထုတ်ဆယ်ဆောင်ယူ၊ ထွက်မြောက်ကြောင်းဟူသော မဂ္ဂသတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော သဟိတ်မှာယှဉ် မဂ္ဂင်ဆယ့်နှစ်ပါး ပစ္စည်းတရားသည်၊ အတ္တ- ပုဂ္ဂိုလ်,သတ္တဝါ၊ သူငါမနှော၊ တရားသဘောသာ၊ ထင်ရှားရှိပါ ပေသည်တကား။ ဣတိ- ဤသို့၊ ဗောဓေန္တိ- သဗ္ဗညုတာ၊ ဉာဏ်တော်သာဖြင့်၊ ဦးစွာကျွန၊ သိပြီးမှလျှင်၊ များလှဝေနေ၊ သိစေတော်မူသော၊ မြတ်စွာဘုရားကို၊ ဝန္ဒာမိ- ဂုဏ်တော်ထုံမွှမ်း၊ ပုံတော်မှန်းလျက်၊ ချီးမွမ်းထောမနာ၊ ပဏာရိုကျိုး၊ လက်စုံမိုး၍၊ ရှိခိုး ကန်တော့ပါ၏ ဘုရား။

UK-2020(COVID-19)

မဂ္ဂပစ္စည်း ပြီး၏။

www.dhammadownload.com

"နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"

၁၉။ သမ္ပယုတ္တပစ္စည်း

သမ္ပယုတ္တမည်ခြင်းအကြောင်း

သမ္ပယုတ္တ = ဧကုပ္ပါဒစသော သမ္ပယောဂလက္ခဏာ ၃-ပါး, ၄-ပါးတို့ဖြင့် အညီအညွတ် အပြားအားဖြင့်ယှဉ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား။

သမ္ပယုတ္တ= (သံ+ပ+ယုတ္တ)

သံ-ကောင်းစွာရောနှောပေါင်းစပ်ပြီး၊ ပ- ဖြစ်တူ ပျက်တူ အာရုံတူ တည်မှီရာတူ သဘောမျိုးဖြင့်၊ ယုတ္တ- ယှဉ်တွဲဖြစ်ပေါ်သည့်သဘော ဖြစ်ပါသည်။ စိတ်, စေတသိက်ဟူသော နာမက္ခန္ဓာ ၄-ပါးတို့သည် သဘောလက္ခဏာအသီးသီးစီ ကွဲပြားခြားနားကြသော်လည်း သတ္တဝါတို့၏သန္တာန်၌ပေါ်ပေါက်လာသောအခါ သီးခြားစီ ခွဲခြားခွဲခြားပြီး ပေါ်ပေါက်လာခြင်းမဟုတ်ပါ၊ အားလုံးသည် တစ်ပေါင်းတည်းသာ(ခဏတူ) ရောနှောပေါင်းစပ်၍(ယှဉ်၍) တစ်သားတည်း တစ်ပေါင်းတည်း ဖြစ်တူ ပျက်တူ အာရုံတူ တည်မှီရာတူ သဘောမျိုးဖြင့် ပေါ်ပေါက်ကြပါသည်။

ပျားရည်၊ ထောပတ်၊ သကာ၊ ဆီဟူသော စတုမဓု(အချိုလေးမျိုး)သည် အချင်းချင်း ခွဲခြားမရအောင် ပေါင်းစပ်ယှဉ်တွဲနေသကဲ့သို့ ဧကုပ္ပါဒစသော သမ္ပယောဂလက္ခဏာတို့ဖြင့် ယှဉ်တွဲလျက် အပြန်အလှန်ကျေးဇူးပြုနေသော စိတ်,စေတသိက် နာမက္ခန္ဓာ ၄-ပါးတို့သည် သမ္ပယုတ္တပစ္စည်း မည်၏။

[သမ္ပယောဂလက္ခဏာသည် ဥက္ကဋ္ဌ ပရိစ္ဆေဒ အားဖြင့် ၄-ပါးရှိသော်လည်း အရူပဘုံ၌ 'ဧကဝတ္ထုက'သည် ကြဉ်အပ်သောကြောင့် သမ္ပယောဂလက္ခဏာ ၃-ပါးသာ ဖြစ်၍ ၃-ပါး, ၄-ပါးဟုဆိုရခြင်း ဖြစ်ပါသည်။]

သမ္ပယုတ္တသည် ခဏတူ သဟဇာတမျိုးဖြစ်ခြင်း

နာမ်တရားအချင်းချင်းကျေးဇူးပြုသော ၆-ပစ္စည်းတွင် အနန္တရပစ္စည်းစသည်ကဲ့သို့ ပစ္စည်း-နာမ်က စိတ္တက္ခဏတစ်ခု၊ ပစ္စယုပ္ပန်-နာမ်က စိတ္တက္ခဏတစ်ခု ဖြစ်နေလျှင်လည်း သမ္ပယုတ္တသတ္တိ မရနိုင်ပါ။ သမ္ပယုတ္တသည် ပစ္စည်း,ပစ္စယုပ္ပန် စိတ္တက္ခဏတစ်ခုအတွင်း (ခဏတူ)အတူတကွဖြစ်သော သဟဇာတမျိုးပစ္စည်းသာ ဖြစ်ပါသည်။

သမ္ပ,အာသေ၊ ဝိဂတေနှင့်၊ နတ္ထိ,အနန်၊ သမနန်- နာမ်သည်နာမ်အား၊ ခြောက်။

www.dhammadownload.com

သမ္ပယုတ္တလက္ခဏာ(သမ္ပယောဂလက္ခဏာ)

ဧကုပ္ပါဒ နိရောဓာ စ၊ ဧကာလမ္ဗဏ ဝတ္ထုကာ။

ဧကုပ္ပါဒ– အတူတကွဖြစ်ခြင်း(ဖြစ်တူ)၊ ဧကနိရောဓ– အတူတကွချုပ်ခြင်း(ချုပ်တူ)၊ ဧကာရမ္မဏ– တူသောအာရုံရှိခြင်း(အာရုံတူ)၊ ဧကဝတ္ထုက– တူသောမှီရာဝတ္ထုရှိခြင်း (မှီရာတူ)ဟူသော သမ္ပယောဂလက္ခဏာတို့ အညီအမျှ အတူတကွဖြစ်ခြင်းအပြားတို့ဖြင့် ယှဉ်တတ်သောကြောင့် နာမက္ခန္ဓာ ၄–ပါးတို့သည် သမ္ပယုတ္တပစ္စည်း မည်၏။

(ဆောင်) ဖြစ်၊ ချုပ်၊ မှီ၊ အာ၊ တူလေးဖြာ၊ အင်္ဂါယှဉ်နိမိတ်၊

ဧကုပ္ပါဒ–၌ နာမက္ခန္ဓာတို့နှင့် အတူတကွဖြစ်ကာမျှဖြင့်–ဆိုသော် စိတ္တဇရုပ်၊ ကမ္မဇရုပ်တို့သည် နာမက္ခန္ဓာတို့နှင့် အတူတကွဖြစ်ကြသောကြောင့် သမ္ပယုတ္တ မည်၏– အဖြစ်ကို မဖြစ်စေခြင်းငှါ ဧကနိရောဓ–သဒ္ဒါဖြင့် နာမက္ခန္ဓာတို့၏ အတူတကွချုပ်ခြင်း လက္ခဏာကိုထပ်ဆိုရခြင်း ဖြစ်ပါသည်။

[စိတ္တဇရုပ်, ကမ္မဇရုပ်တို့သည် စိတ်နှင့်အတူတကွဖြစ်ကြလည်း စိတ်နှင့်အတူ မချုပ်။]

နာမက္ခန္ဓာတို့နှင့် အတူတကွ ဖြစ်ခြင်း,ချုပ်ခြင်း လက္ခဏာ ၂–ပါး၏အဖြစ်ကို ဆိုပါမူ၊ (နာမက္ခန္ဓာတို့သို့အစဉ်လိုက်၍ဖြစ်ကုန်သော)ဝိညတ်ရုပ် ၂–ပါး၊ (ရှေးစိတ်၏ ဥပါဒ်ခဏ၌ အတူဖြစ်ပြီး ၁၇–ချက်မြောက် နောက်စိတ်၏ဘင်ခဏမှာ ချုပ်သော) ကမ္မဇရုပ်တရားတို့သည် သမ္ပယုတ္တမည်၏–အဖြစ်ကို မဖြစ်စေခြင်းငှါ ဧကာလမ္ဗဏ သဒ္ဒါဖြင့် နာမက္ခန္ဓာတို့၏ တူသောအာရုံရှိခြင်းလက္ခဏာကို ထပ်ဆိုရခြင်း ဖြစ်ပါသည်။

[ဝိညတ်ရုပ်,ကမ္မဇရုပ်တို့သည် နာမက္ခန္ဓာတို့နှင့် ဖြစ်,ချုပ်တူကြလည်း ရုပ်ဖြစ်၍ အာရုံမယူနိုင်။]

ဧကုပ္ပါဒ, ဧကနိရောဓ, ဧကာလမ္ဗဏ ဟူသော လက္ခဏာ ၃–ပါးနှင့်ပြည့်စုံသော နာမက္ခန္ဓာတို့သည် မြဲသောအားဖြင့် တူသောမှီရာ ဝတ္ထုရုပ်ရှိကုန်သည်–ဟု ပြခြင်းငှာ ဧကဝတ္ထုက–သဒ္ဒါကို ထပ်ဆိုရခြင်း ဖြစ်ပါသည်။

[နာမက္ခန္ဓာတို့၏ တူသော ဖြစ်မှု, ချုပ်မှု ရှိခြင်း၊ တူသောအာရုံ ရှိခြင်း၊ တူသော မှီရာရှိခြင်း ဤအင်္ဂါ ၄–ပါးတို့နှင့်ပြည့်စုံမှသာ 'သမ္ပယုတ္တ' မည်၏ ။]

သမ္ပယုတ္တပစ္စည်းသည် နာမ်အချင်းချင်းသာလျှင် ကျေးဇူးပြုသည့်တရား ဖြစ်ပါသည်။ ဤသဘောသည် 'ဖဿ၊' ဤသဘောသည် 'ဝေဒနာ'ဟူ၍ မခွဲခြားနိုင်လောက်အောင် ဖြစ်အတူ၊ ပျက်အတူ၊ အာရုံတူ၊ မှီရာတူသည့် သမ္ပယောဂလက္ခဏာလေးပါးနှင့်အညီ ပြည့်စုံညီညွတ်စွာ တစ်ပါး၏သဘောကို တစ်ပါးကလိုက်လျောပြီး တစ်ပေါင်းတည်း ယှဉ်ခြင်း–သမ္ပယောဂကိစ္စဖြင့်ကျေးဇူးပြုခြင်းသည် သမ္ပယုတ္တပစ္စည်း ဖြစ်ပါသည်။

www.dhammadownload.com

'စတ္တာရော ခန္ဓာ အရူပိနော အညမညံ သမ္ပယုတ္တပစ္စယေန ပစ္စယော'

ပါဠိတော် ဟောထားမှုအတွက် 'အညမည' အပြန်အလှန်ဆိုသော အဓိပ္ပါယ်သည် နာမက္ခန္ဓာ ၄–ပါးတို့ အပြန်အလှန်အထောက်အကူပြုမှုသည် (ဖြစ်,ချုပ်,မှီ,အာ၊ တူလေးဖြာ၊) တစ်ခုတည်းထင်ရလောက်အောင် ယှဉ်တွဲထားသော စွမ်းရည်သတ္တိဖြင့် ကျေးဇူးပြု ထားသောသဘောသတ္တိကို ဖော်ပြထားပါသည်။ သမ္ပယုတ္တပစ္စည်း၏ သရုပ်ဖြစ်သော နာမက္ခန္ဓာသည်ပင် စိတ်တစ်ခုတည်း မဟုတ်ပါ၊ စေတသိက်တို့နှင့်ယှဉ်၍သာ ဖြစ်ရပါသည်။

'စတ္တာရော ခန္ဓာ အရူပိနော'ဟူသော **ကတ္တား**ပါဠ်ဖြင့်

* သုံးပါးသုံးပါးသော နာမက္ခန္ဓာ အားတပ်သော တစ်ပါးတစ်ပါးသော နာမက္ခန္ဓာ၊

* တစ်ပါးတစ်ပါးသော နာမက္ခန္ဓာအား တပ်သော သုံးပါးသုံးပါးသော နာမက္ခန္ဓာ၊

* နှစ်ပါးနှစ်ပါးသော နာမက္ခန္ဓာအားတပ်သော နှစ်ပါးနှစ်ပါးသော နာမက္ခန္ဓာ၊

ပစ္စည်းတရားကို ပြတော်မူ၏။

➡ မြစ်ကြီးငါးသွယ်,မြစ်ငယ်ငါးရာမှ စီးဝင်လာသောရေများသည် သမုဒ္ဒရာသို့ရောက်သော် မည်သည့်မြစ်ကရေဟု မခွဲခြားနိုင်လောက်အောင် ရောနှောသမနေသကဲ့သို့တည်း။

➡ စက္ခုဝိညာဉ်စိတ်ကလေးဖြစ်လာသောအခါ စက္ခုဝိညာဉ်စိတ်, သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇–ခု၊ စုစုပေါင်း၍ ၈–ခုသည် ခွဲခြား၍မရ၊ တစ်ပေါင်းတည်းဖြစ် နေသော နာမ်ကလာပ်တစ်ခုကို တစ်ပါးစီခွဲခြမ်းပြီးသိခြင်းငှာ မစွမ်းနိုင်သကဲ့သို့တည်း။ (ရှင်တော်မြတ်ဘုရား ဟောဖော်ညွှန်ပြ၍သာ တစ်ပါးချင်းစီ၏ လက္ခဏာစသည်တို့ကို ခွဲခြား၍ သိနိုင်စွမ်းရပါသည်။)

➡ သမ္ပယုတ္တပစ္စည်းသည် နာမ်တရားများသာ ပစ္စည်း, ပစ္စယုပ္ပန် ဖြစ်နိုင်ပါသည်။ ရုပ်တရားနှင့် (လုံးဝ)မသက်ဆိုင်ပါ။ (ကေဝါကာရဘုံ၌လည်း မဖြစ်နိုင်ပါ။)

➡ ရုပ်တရားများသည် သုဒ္ဓဋ္ဌကကလာပ်၊ နဝကကလာပ်စသည်ဖြင့် တစ်ပေါင်းတည်း ဖြစ်ပြီး၊ ဖြစ်တူ, ပျက်တူ ဖြစ်ကြသော်လည်း ဤရုပ်တရားများသည် နာမ်မဟုတ်၊ နာမ်ကဲ့သို့ သမ္ပယောဂလက္ခဏာလေးပါးနှင့်လည်း မပြည့်စုံသဖြင့် သမ္ပယုတ္တပစ္စည်း မထိုက်ပါ။

သမ္ပယုတ္တပစ္စည်းတွင် ရုပ်တရားတို့မရှိခြင်း

ရုပ်တရားတို့သည် စိတ်နှင့်တကွ အတူဖြစ်နိုင်သော်လည်း ဧကုပ္ပါဒ–အစရှိသော သမ္ပယောဂလက္ခဏာ ၄–ပါးအပြား မရှိခြင်းကြောင့် စိတ်,စေတသိက် နာမက္ခန္ဓာ ၄–ပါး တို့သည် တကွဖြစ်ဖက် စိတ္တဇရုပ်တရားတို့အား သမ္ပယုတ္တပစ္စည်း မတပ်နိုင်ပါ။ ထို့ကြောင့် "စိတ္တစေတသိကာ ဓမ္မာ အညမညံ"ဟု မိန့်ဆိုအပ်၏။

www.dhammadownload.com

သမ္ပယုတ္တပစ္စည်းဟောရခြင်း၏ ရည်ရွယ်ချက်

လောကီနာမက္ခန္ဓာတရား ၄-ပါးတို့သည် သဘောတူတိုင်ပင်ပေါင်းဖက်၍ မြို့ရွာကို ဖျက်ဆီးတတ်သော သူခိုးကြီး ၄-ယောက်ကဲ့သို့ အချင်းချင်း သဘောတူ ပေါင်းယှဉ်၍ သံသရာဒုက္ခ၊ ဝိပရိဏာမဒုက္ခ၊ ဒုက္ခဒုက္ခဟုဆိုအပ်သော တေဘူမကဝဋ်ဒုက္ခကို ပွားစေတတ်သည် ဖြစ်ပါသည်။ ထို ကုသိုလ်၊ အကုသိုလ်၊ ဝိပါက်၊ ကြိယာ လောကီနာမက္ခန္ဓာ ဟူသမျှကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ သဘောသာတည်းဟု ဝိပဿနာဉာဏ်ဖြင့် အဖန်ဖန် ဆင်ခြင်၍ လောကုတ္တရာနာမက္ခန္ဓာဟုဆိုအပ်သော မဂ်ဖိုလ်တရားကိုသာရည်သန်၍ လွန်စွာအားထုတ်အပ်သည်ဟု ပြတော်မူလို၍ သမ္ပယုတ္တပစ္စည်းကို ဟောတော်မူပါသည်။

အမျိုးဇာတ်၊ ကာလ၊ ဘုံဌာန၊

- သမ္ပယုတ္တပစ္စည်းသည် သဟဇာတမျိုး၌ ဖြစ်ပါသည်။ ထို့ကြောင့် သမ္ပယုတ္တပစ္စည်း တရားတို့သည် မိမိနှင့်အတူတကွ ဖြစ်နိုင်ကြကုန်သော သမ္ပယုတ္တပစ္စယုပ္ပန်တရား တို့အားသာ သမ္ပယုတ္တပစ္စယသတ္တိဖြင့် ကျေးဇူးပြုနိုင်ကြလေသည်။

(ဟေမိသဟံ၊ အဉ္စိနိကမ်၊ ဝိဟာဏ္ဍံစျာန်၊ မဂ်သမ်ဝိဝ်အတ်၊ အဝိမ္ပတ်၊ သဟတ်ဆယ့်ငါးတန်။)

- သမ္ပယုတပစ္စည်းသည် ပဋိသန္ဓေကာလ, ပဝတ္တိကာလ နှစ်ပါးလုံးတို့၌ဖြစ်သည်။ ပစ္စုပ္ပန်,အတိတ်,အနာဂတ် ကာလသုံးပါးတို့တွင် ပစ္စုပ္ပန်ကာလ၌ ဖြစ်ပါသည်။
- သမ္ပယုတပစ္စည်းသည် ပဉ္စဝေါကာရ ၂၆-ဘုံ၊ စတုဝေါကာရ ၄-ဘုံတို့၌ ဖြစ်နိုင် ပါသည်။ ဧကဝေါကာရဘုံ၌ မဖြစ်နိုင်ပါ။

မဂ္ဂပစ္စည်း၏အခြားမဲ့၌ သမ္ပယုတ္တပစ္စည်း ဟောရခြင်း

ဈာန, မဂ္ဂ နှစ်ပစ္စည်းတို့ဖြင့် နာမ်ကနာမ်ရုပ် ကျေးဇူးပြုပုံကို ဟောကြားတော်မူရာ ထိုတရားတို့သည် တစ်ပါးသောအခြင်းအရာအားဖြင့် ကျေးဇူးမပြုကြကုန်သလော။ နာမ်ကနာမ်အား ကျေးဇူးပြုမှုအထူးရှိကုန်သလော စသည်ရည်သန်၍ သမ္ပယုတ္တပစ္စည်းကို ဟောတော်မူပါသည်။ ဤသို့ နာမ်အချင်းချင်း ကျေးဇူးပြုရာ၌ အနန္တရ, သမနန္တရ, အာသေဝန, သမ္ပယုတ္တ, နတ္ထိ, ဝိဂတ-ဟုဆိုအပ်သော ၆-ပစ္စည်းအားဖြင့် ကျေးဇူးပြု ကြရာတွင်လည်း သမ္ပယုတ္တသည် ပစ္စည်း,ပစ္စယုပ္ပန် စိတ္တက္ခဏတစ်ခုအတွင်း(ခဏတူ) အတူတကွဖြစ်သော သဟဇာတမျိုးဖြင့် ကျေးဇူးအထူးကိုပြလို၍ ဟောတော်မူပါသည်။

[သမ္ပယုတ္တဟောမှုကို မိမိအနေဖြင့်(ကုသိုလ်ရည်မှန်း)ပူဇော်ခြင်းဖြစ်၍ မသင့်မြင်သော်ပြင်တော်မူပါရန်။]

www.dhammadownload.com

ပဋ္ဌာန်းဒေသနာတော်၏ အကြောင်း–အကျိုး ရုပ်,နာမ်ဓမ္မတို့၏ ကျေးဇူးပြုပုံကို ဟောကြားတော်မူရာတွင် ရုပ်ဝါဒီ, နာမ်ဝါဒီတို့ အယူရှင်းလင်း၍ အမြင်မှန်ရကြသဖြင့် 'နာမရူပ ပရိစ္ဆေဒဉာဏ်'၊ 'ပစ္စယ ပရိဂ္ဂဟဉာဏ်'စသည် အခြေခံဉာဏ်စဉ်တို့ကို သိမြင်ပြီးနောက် ရုပ်,နာမ်သင်္ခါရတရားတို့၏ ဖြစ်ပြီး,ပျက်ပျက်သွားသည့် လက္ခဏာတို့ဖြင့် ဆင်ခြင် ရှုမှတ် သုံးသပ်တတ်သော 'ဝိပဿနာဉာဏ်'အဆင့်ဆင့် တက်လှမ်းနိုင်ကြရန် ဟောကြားတော်မူပါသည်။ သမ္ပယုတ္တပစ္စည်းတွင် နာမက္ခန္ဓာတရား ၄–ပါး(စိတ်,စေတသိက်)တို့၏ အကြောင်း–အကျိုး ကျေးဇူးပြုပုံတို့ကို စုံလင်စွာဟောကြားတော်မူပါသည်။

စတ္တာရော ခန္ဓာ အရူပိနော အညမညံ–စသည်

အနန္တရပစ္စည်းမှာ နာမ်တရားတို့ တစ်ခုပြီးတစ်ခု ဖြစ်ချုပ်–ဖြစ်ချုပ်နှင့် အကြားမရှိအောင် ကျေးဇူးပြုနေသောကြောင့် သံသရာတစ်လျောက်လုံးမှာ နာမ်တရားအစဉ်အတန်းကြီး (တီ န ဒ၊ ပ စ သံ ဏ ဝု၊ ဇ ဇ ဇ ဇ ဇ ဇ ဇ၊ ရုံ ရုံ၊) ဖြစ်မှုသည် စိတ်သက်သက်သာဖြစ်မှု မဟုတ်ပါ။ နာမ်တရားသည် စိတ်တစ်ခုတည်း မဖြစ်နိုင်ပါ။ စိတ်ဖြစ်သည်နှင့် ယှဉ်ဘက်(သမ္ပယုတ္တဓမ္မ)စေတသိက်လည်း ဖြစ်ရပါသည်။

ဝိညာဏက္ခန္ဓာဟူသောစိတ်သည် ဝေဒနာ, သညာ, သင်္ခါရဟူသောစေတသိက်တို့နှင့်အတူတကွ ဖြစ်ရပါသည်။ ဝိညာဏက္ခန္ဓာဖြစ်လျှင် စေတသိက်နာမ်ခန္ဓာသုံးပါးတို့လည်း ဥပါဒ်,ဌီ,ဘင် အတူတကွဖြစ်ကြ၍ နာမက္ခန္ဓာ ၄–ပါးဟု ဆိုကြပါသည်။ တစ်ဖန် ထိုနာမက္ခန္ဓာ ၄–ပါးသည် ပစ္စည်းတစ်ဘက်တည်းတွင် ၄–ပါးလုံး မရနိုင်သောကြောင့် ပစ္စည်းတွင် တစ်စိတ်(၁/၃/၂), ပစ္စယုပ္ပန်တွင် တစ်စိတ်(၃/၁/၂) ယူရမည်ဖြစ်ပါသည်။

နာမက္ခန္ဓာ ၄–ပါးတို့သည် အာရုံကိုခံစားခြင်း၊ အာရုံကိုမှတ်သားခြင်း၊ ပြုပြင်စီရင်လှုပ်ရှားခြင်း၊ အာရုံကိုသိခြင်းတို့တွင် တစ်ပါး(ပစ္စည်း) ဦးဆောင်၍ဖြစ်လျှင် ကျန်ခန္ဓာ ၃–ပါးကလည်း (ပစ္စယုပ္ပန်)အတူတကွ လိုက်ဖြစ်ရပါသည်။ (မည်သည့်ခန္ဓာတစ်ပါးပါးဟု သတ်မှတ်သည် မဟုတ်ပါ။) တစ်ခါတရံတွင် ခန္ဓာ ၂–ပါး(ပစ္စည်း) ဦးဆောင်၍ဖြစ်လျှင် ကျန်ခန္ဓာ ၂–ပါးကလည်း(ပစ္စယုပ္ပန်)အတူတကွ လိုက်ဖြစ်ရသည်။ ခန္ဓာ ၃–ပါး(ပစ္စည်း) ဦးဆောင်၍ဖြစ်လျှင် ကျန်ခန္ဓာ ၁–ပါးကလည်း(ပစ္စယုပ္ပန်) အတူတကွ လိုက်ဖြစ်ရသည်။ ဆီမီးသည် တောက်လောင်သည်နှင့်တစ်ပြိုင်နက် အလင်း, အရောင်, အရှိန်, အပူဓာတ်တို့ကို အတူတကွ ပြိုင်တူဖြစ်ပေါ်လာအောင် ကျေးဇူးပြုပုံနှင့် တူပါသည်။

www.dhammadownload.com

သမ္ပယုတ္တပစ္စည်းအရကောက်

ပစ္စည်း(ကတ္တား)	ပစ္စယုပ္ပန်(သမ္ပဒါန်)	သဘာဂ(ကရိုဏ်း)
အလုံးစုံသော ပဝတ္တိ, ပဋိသန္ဓေ နာမက္ခန္ဓာ ၄-ပါး၊	အချင်းချင်း	(ပြိုင်.ယ. ၇) ကြီး ၄+ ည,ဝိ,သံ

ပစ္စည်း = အလုံးစုံသော ပဝတ္တိ-ပဋိသန္ဓေ နာမက္ခန္ဓာ ၄-ပါး၊

ပစ္စယုပ္ပန် = အလုံးစုံသော ပဝတ္တိ-ပဋိသန္ဓေ နာမက္ခန္ဓာ ၄-ပါး၊

သမ္ပယုတ္တပစ္စည်း၏ သုဒ္ဓသရုပ်ဝါရ၌- အချင်းချင်းအားတပ်သော အလုံးစုံသော ပဝတ္တိ-ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး။ ဤတရားတို့သည် သမ္ပယုတ္တပစ္စည်းတတ်သော တရားတို့မည်ကုန်၏။

စတ္တာရော ခန္ဓာ အရူပိနော	အညမည်	(ပြိုင်,ယထာ) ၇ ကြီး ၄ ည၊ ဝိ၊ သံ၊
တစ်ပါးတစ်ပါးသော နာမက္ခန္ဓာ	သုံးပါးသုံးပါးသော နာမက္ခန္ဓာ	
သုံးပါးသုံးပါးသော နာမက္ခန္ဓာ	တစ်ပါးတစ်ပါးသော နာမက္ခန္ဓာ	
နှစ်ပါးနှစ်ပါးသော နာမက္ခန္ဓာ	နှစ်ပါးနှစ်ပါးသော နာမက္ခန္ဓာ	

'စတ္တာရော ခန္ဓာ အရူပိနော'ဟူသော **ကတ္တား**ပါဌ်ဖြင့်

- ✱ သုံးပါးသုံးပါးသော နာမက္ခန္ဓာ အားတပ်သော တစ်ပါးတစ်ပါးသော နာမက္ခန္ဓာ၊
- ✱ တစ်ပါးတစ်ပါးသော နာမက္ခန္ဓာအား တပ်သော သုံးပါးသုံးပါးသော နာမက္ခန္ဓာ၊
- ✱ နှစ်ပါးနှစ်ပါးသော နာမက္ခန္ဓာအားတပ်သော နှစ်ပါးနှစ်ပါးသော နာမက္ခန္ဓာ၊

ပစ္စည်းတရားကို ပြတော်မူ၏။

'အညမည်'ဟူသော **သမ္ပဒါန်**ပါဌ်ဖြင့် သုံးပါးသုံးပါးသော နာမက္ခန္ဓာ၊ တစ်ပါးတစ်ပါးသောနာမက္ခန္ဓာ၊ နှစ်ပါးနှစ်ပါးသော နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

'သမ္ပယုတ္တပစ္စယေန'ဟူသော **ကရိုဏ်း**ပါဌ်ဖြင့် တစ်ပြိုင်နက်ယထာရဟတပ်ကောင်းသော သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ သမ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဤ ၇-ပစ္စယသတ္တိတို့တွင် သမ္ပယုတ္တသတ္တိဟုဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေးဇူးပြုပုံကို ပြတော်မူ၏။

✱ ကရိုဏ်းတွင် ဝိပ္ပယုတ္တ (လုံး၀)မရပါ။ သမ္ပယုတ္တသည် ဝိပ္ပယုတ္တ၏ ဆန့်ကျင်ဘက်။ သချာ တီဏ်-ဟူသော်ကား- **ကု-ကု**၊ **အကု-အကု**၊ **ဗျာ-ဗျာ** ဟူသည်တည်း။ သမ္ပယုတ္တပစ္စည်းသည် နာမ်ကုန်ရသောကြောင့် ၃-ချက် ရပါသည်။

www.dhammadownload.com

သဟဇာတ အကြီး, အလတ် ပါဠိတော်ဖေယျား

ပဒ	ပဒါဝသာန	ပစ္စည်း = ကတ္တား								ပစ္စယုပ္ပန် = သမ္ဗဒါန်		
ကု	ကု	ကုသလော	၁	၃	၂		၃	၁	၂			
	ဗျာ	ကုသလာခန္ဓာ								စိတ္တသမုဋ္ဌာနာနံရူပါနံ		
	ကုဗျာ	ကုသလော	၁	၃	၂		၃	၁	၂	။ နဠရူပါနံ		
အကု	အကု	အကုသလော	၁	၃	၂		၃	၁	၂			
	ဗျာ	အကုသလာခန္ဓာ								စိတ္တသမုဋ္ဌာနာနံရူပါနံ		
	အကုဗျာ	အကုသလော	၁	၃	၂		၃	၁	၂	။ နဠရူပါနံ		
ဗျာ	(ပဝတ္တိ	ဝိ..ဗျာကတော ကြိ..ဗျာကတော	၁	၃	၂		၃	၁	၂	။ နဠရူပါနံ		
	(ပဋိ	ပဋိသန္ဓိက္ခဏေ ဝိ..ဗျာကတော	၁	၃	၂		၃	၁	၂	ကဋတ္တာစရူပါနံ		
		ခန္ဓာ								ဝတ္ထုဿ		
		ဝတ္ထု								ခန္ဓာနံ		
	ဗျာ	(ရုပ်သက်သက်)	၁	၃	၂	(မဟာဘူတာ)	၃	၁	၂	စိတ္တသမုဋ္ဌာနာနံရူပါနံ	ကဋတ္တာရူပါနံ	ဥပါဒါရူပါနံ
		ဗာဟိရံ		။		(။)		။				(။)
		အာဟာရသမုဋ္ဌာနံ		။		(။)		။				(။)
		ဥတုသမုဋ္ဌာနံ		။		(။)		။				(။)
		အသညသတ္တာနံ		။		(။)		။			(။	။)
ကုဗျာ	ဗျာ	ကုသလာခန္ဓာစ မဟာဘူတာစ								စိတ္တသမုဋ္ဌာနာနံရူပါနံ		
အကုဗျာ	ဗျာ	အကုသလာခန္ဓာစ မဟာဘူတာစ								စိတ္တသမုဋ္ဌာနာနံရူပါနံ		

အညမည – ဗျာ–ဗျာ(ပဝတ္တိ)တွင် စိတ္တဇရုပ်မရ။ ('စိတ္တသမုဋ္ဌာနဠရူပါနံ' ကို မဆိုရပါ။)
(ပဋိသန္ဓေ)တွင် ဟဒယဝတ္ထုကို ကောက်ရ၍ 'ဝတ္ထုဿစ' ထည့်ဆိုပါ။
(ရုပ်သက်သက်)တွင် ဥပါဒါရုပ်များမရှိ၍ 'မဟာဘူတာ'ကို မဆိုရ။

ဝိပါက – ဗျာ–ဗျာ (ပဝတ္တိ)တွင် ဝိပါက်များသာရှိ၍ ကြိယာကို ဖြုတ်၏။
(ပဋိသန္ဓေ)တွင် 'ခန္ဓာ ဝတ္ထုဿ'သာရ၏။ ဝတ္ထု ခန္ဓာနံ မရ။
(ရုပ်သက်သက်) မရ။

သမ္ပယုတ္တ– ဗျာ–ဗျာ အားလုံး နာမ်သက်သက်မျှသာ ရ၏။

ဝိပ္ပယုတ္တ– ဗျာ–ဗျာ တွင် (၁/၃/၂)အစား 'ခန္ဓာ'ဟု ထည့်ဆိုပါ။

www.dhammadownload.com

မြင်မှုလေးတစ်ခု သမ္ပယုတ္တအစု

အဆင်းအာရုံ ရူပါရုံလေးတစ်ခု မျက်စိတံခါးကို ထိခိုက်လာသည့်အခါ ဟဒယဝတ္ထုကို မှီနေသော 'ပဉ္စဒွါရာဝဇ္ဇန်းစိတ်'(ပထမဦးဆုံး ထိုအာရုံကို အသိအမှတ်ပြုလိုက်သောစိတ်)သည် တံခါးဖွင့်ပေးလိုက်သောသဘောဖြင့် ဖြစ်ပေါ်လာပါသည်။ ထိုစိတ်ဦးဆောင်ပြီး စေတသိက် ၁၀–ခု၊ စုစုပေါင်း နာမ်ဓမ္မ ၁၁–မျိုးဖွဲ့စည်းပြီး အတူတကွ အပြန်အလှန် ကျေးဇူးပြုပါသည်။

ပဉ္စဒွါရဝဇ္ဇန်းစိတ်(ပဉ္စဒွါရ၌ အာရုံငါးပါးကို ဆင်ခြင်နှလုံးသွင်းသောအဟိတ်ကြိယာစိတ်) မှာယှဉ်တွဲ၍ 'ဖဿ'(စိတ်နှင့်အာရုံကို တွေ့ထိခြင်းသဘော)၊ 'ဝေဒနာ'(အာရုံ၏အရသာကို ခံစားခြင်းသဘော)၊ 'သညာ'(အာရုံ၏သဘောမျှကို မှတ်သားခြင်း, သိခြင်းသဘော)၊ 'စေတနာ'(ယှဉ်ဘက်တရားတို့ကို ဆိုင်ရာကိစ္စ၌စေ့ဆော်ခြင်း)၊ 'ဧကဂ္ဂတာ'(တစ်ခုတည်းသောအာရုံ၌တည်ကြည်ခြင်း, မပျံ့လွင့်ခြင်း)၊ 'ဇီဝိတိန္ဒြေ'(ယှဉ်ဘက်တရားတို့ကို စောင့်ထိန်းခြင်း, အစိုးရခြင်းသဘော)၊ 'မနသိကာရ'(စိတ်၌အာရုံပေါ်လာအောင်နှလုံးသွင်းခြင်း)၊ 'ဝိတက်'(ယှဉ်ဘက်တရားတို့ကို အာရုံသို့တင်ပေးခြင်း)၊ 'ဝိစာရ'(အာရုံကို သုံးသပ်ခြင်း, ထပ်၍ထပ်၍ယူခြင်း)၊ 'အဓိမောက္ခ'(အာရုံကို ဆုံးဖြတ်ချက်ချခြင်းသဘော)တို့ သီးခြားစီ ခွဲခြားခွဲခြားပြီး ပေါ်ပေါက်လာခြင်းမျိုး မဟုတ်ပါ၊ အားလုံးသည် တစ်ပေါင်းတည်းသာ (ခဏတူ)ရောနှောပေါင်းစပ်၍(ယှဉ်၍) တစ်သားတည်း တစ်ပေါင်းတည်း ဖြစ်တူ ပျက်တူ အာရုံတူ တည်မှီရာတူသဘောမျိုးဖြင့် စုစည်းထားပြီး တစ်ခုတည်းအသွင်သဏ္ဌာန်ဖြင့် ပေါ်ပေါက်ကြပါသည်။

ထို နာမ်ဓမ္မ ၁၁–မျိုးတို့သည် မိမိတို့၏ကိုယ်ပိုင် သဘောလက္ခဏာအသီးသီးစီ ကွဲပြားခြားနားကြသော်လည်း သမ္ပယောဂလက္ခဏာ ၄–ပါး(တူလေးတူ)ဖြင့် အားလုံးသည် တစ်ပေါင်းတည်းသာ(ခဏတူ) ရောနှောပေါင်းစပ်၍(ယှဉ်၍) နာမက္ခန္ဓာ ၄–ပါးတို့၏ အပြန်အလှန်အထောက်အကူပြု၍ ကျေးဇူးပြုမှုသည် 'သမ္ပယုတ္တသတ္တိ' ဖြစ်ပါသည်။ နာမက္ခန္ဓာ ၄–ပါးတို့သည် တစ်ပြိုင်နက် အတူတကွဖြစ်ကြသောကြောင့် 'သဟဇာတ'၊ အပြန်အလှန်အထောက်အကူပြုမှုသည် 'အညမည'၊ ဟဒယဝတ္ထုကို အတူတကွမှီကြ၍ 'နိဿယ'၊ အတူတကွရှိနေစဉ်အမှီပြုကြသောကြောင့် 'အတ္ထိ'၊ မကင်းကွာခင် အတူရှိနေစဉ်အချိန်တွင် အမှီပြုကြသဖြင့် 'အဝိဂတ'ဟူသော ပဋ္ဌာန်းပစ္စယ အကြောင်းသတ္တိ အပေါင်းအစုဖြင့်လည်း ပေါင်းစပ်၍ အထောက်အကူပြုနေကြခြင်းသာ ဖြစ်ပါသည်။ ထို့ကြောင့် ဤမြင်မှုတစ်ခုလေး ဖြစ်/ပျက်သွားခြင်းသည်ပင် 'ငါ့ဟာ'ဟု ပြောစရာမရှိပါ။ ငါလုပ်နိုင်တာမဟုတ်ဘဲ အကြောင်းအပေါင်းတို့ သူ့ဟာသူလုပ်နေခြင်းသာ ဖြစ်ပါသည်။

www.dhammadownload.com

သစ်ပင်တစ်ပင်စိုက်လျှင် မြေကြီးကိုတူးဆွ၍ မျိုးစေ့ကို မြေကြီးထဲ ချပေးရပါမည်။ မျိုးစေမှ အညှောင့်ကလေးထွက်လာအောင်၊ အမြစ်ကလေး ဆင်းသွားအောင်၊ အရွက် ဖြစ်လာအောင်၊ အကိုင်းအခက်၊ အပွင့်အသီး ဖြစ်လာအောင် သဘာဝတရားကလုပ်ပေး သွားပါသည်။ ထို့အတူ ဆိုင်ရာအကြောင်းတရားများက ပေါင်းစပ်ကျေးဇူးပြုလိုက်သဖြင့် ဖြစ်ပေါ်လာသော ပဉ္စဒွါရာဝဇ္ဇန်းစိတ်(စိတ်ကသာဦးဆောင်သော်လည်း ထိုစိတ်ကလေးလည်း သမ္မယုတ္တဓမ္မဖြစ်သော စေတသိက်တို့က တူလေးတူဖြင့် ကျေးဇူးပြုလိုက်၍သာဖြစ်ရပါသည်။) ပရမတ္ထ ရုပ်နာမ်ဓမ္မတို့သဘာဝအတိုင်း အခိုက်အတန့်လေးအတွင်းမှာပင် ဖြစ်,တည်,ပျက် သွားပါသည်။ 'ငါ' 'ငါ့စိတ်'ထင်မှတ်နေကြသော်လည်း 'ငါ' 'ငါ့စိတ်'ဟု ပြောစရာမရှိ။ 'ငါ''ငါ့စိတ်'ဟု ပြောမည့်အတွေးတောင်မခံ ပျက်သွားနှင့်ပြီ၊ ပြောမည့်အချိန်မှာ မရှိတော့။

ထိုကြောင့် ရှင်တော်မြတ်ဘုရားက 'နေတံ မမ' ငါ့ဟာ မဟုတ်ဘူး။ 'နေသော ဟမသ္မိ' ငါလည်း မဟုတ်ဘူး။ 'န မေ သော အတ္တာ' ငါ့ရဲ့အတ္တလည်း မဟုတ်ဘူး။ 'ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ' မှန်ကန်သောဉာဏ်ဖြင့် ကြည့်ရပါမည်-ဟု ဟောကြားတော်မူပါသည်။

ပဉ္စဒွါရာဝဇ္ဇန်းစိတ်သည် ဆိုင်ရာအကြောင်းတရားများ ပေါင်းစပ်ကျေးဇူးပြုကြသဖြင့် ဖြစ်ပေါ်လာခြင်း ဖြစ်ပါသည်။ အကြောင်းတရားများကို ဖယ်လိုက်လျှင် ထိုစိတ်သည် ဖြစ်ပေါ်လာနိုင်မည် မဟုတ်ပေ။ မျိုးစေ့လေးကို အညှောက်၊ အမြစ်၊ အညွန့်စသည်တို့ ထွက်အောင် မြေ လေ ရေ ဥတုအပူအအေးတို့က ကျေးဇူးပြုပေးလိုက်ခြင်း ဖြစ်ပါသည်။

ပဉ္စဒွါရာဝဇ္ဇန်းစိတ်သည်လည်း ဖြစ် တည် ပျက်သွားသည်နှင့်တစ်ပြိုင်နက် (အနန္တရ) နောက်စိတ်ဖြစ်သော 'စက္ခုဝိညာဏ်စိတ်'(မြင်သိစိတ်)သည်(ပဉ္စဒွါရာဝဇ္ဇန်းကလမ်းပြပေး၍ အကောင်းအဆိုးကိုမသိ မြင်ကာမျှမတ္တ) သမ္မယောဂလက္ခဏာ ၄-ပါး(တူလေးတူ)နှင့်အညီ ဖဿ, ဝေဒနာ, သညာ, စေတနာ, ဧကဂ္ဂတာ, ဇီဝိတိန္ဒြေ, မနသိကာရ-ဟူသော စေတသိက် ၇-ပါးတို့နှင့် တစ်ပေါင်းတည်းသာ(ခဏတူ) ရောနှောပေါင်းစပ်၍(ယှဉ်၍) နာမက္ခန္ဓာ ၄-ပါးတို့၏ အပြန်အလှန်အထောက်အကူပြု၍ 'သမ္မယုတ္တသတ္တိ'ဖြင့် ကျေးဇူး ပြုပါသည်။ ဤတွင်လည်း အကြောင်းတရား 'ဖဿ'တစ်ပါးပါးက ချို့ယွင်းလျှင်လည်း အကျိုးပစ္စယုပ္ပန်ဖြစ်အောင် ကျေးဇူးမပြုနိုင်တော့ပါ။ ထို နာမက္ခန္ဓာ ၄-ပါး(နာမ်ဓမ္မ ၈-ပါး) တို့သည် သဘောလက္ခဏာများသီးခြားစီ ခွဲခြားခွဲခြားပြီး ပေါ်ပေါက်လာခြင်းမျိုး မဟုတ်ပါ၊ အားလုံးသည် တစ်ပေါင်းတည်းသာ(ခဏတူ) ရောနှောပေါင်းစပ်၍(ယှဉ်၍) တစ်သားတည်း တစ်ပေါင်းတည်း ဖြစ်တူ ပျက်တူ အာရုံတူ တည်မှီရာတူ သဘောမျိုးဖြင့် စုစည်းထားပြီး တစ်ခုတည်းအသွင်သဏ္ဌာန်ဖြင့် ပေါ်ပေါက်ကြပါသည်။ ဤနည်းဖြင့် စက္ခုဝိညာဏ်စိတ် သည်လည်း ဖြစ်-တည်-ပျက်ပြီး၊ (အနန္တရ) စိတ္တနိယာမသဘောအတိုင်း နောက်စိတ် နာမက္ခန္ဓာများသည်လည်း ဖြစ်-တည်-ပျက်၊ ဖြစ်-တည်-ပျက် ကြရပါသည်။

www.dhammadownload.com

ရှုပွားကျင့်ပါ ဝိပဿနာ– နာမ်သက်သက် ဝိပဿနာ ရှုမှတ်မှု

သမ္ပယုတ္တပစ္စည်းတွင် 'စတ္တာရော ခန္ဓာ အရူပိနော အညမည်' နာမက္ခန္ဓာ ၄–ပါး (ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ၊)တို့သည် သဘောလက္ခဏာ အသီးသီးစီ ကွဲပြားခြားနားကြသော်လည်း သမ္ပယောဂလက္ခဏာ ၄–ပါး(တူလေးတူ)ဖြင့် အားလုံးသည် တစ်ပေါင်းတည်းသာ(ခဏတူ) ရောနှောပေါင်းစပ်၍(ယှဉ်၍) အပြန်အလှန် အထောက်အကူပြုမှု၊ ကျေးဇူးပြုမှုသည် 'သမ္ပယုတ္တသတ္တိ' ဖြစ်ပါသည်။

အထက်ပါပြဆိုထားသည့်အတိုင်း နာမက္ခန္ဓာ ၄–ပါးတွင်ရှိသော ဝေဒနာ သက်သက် ကိုသာကွဲအောင် တရားရှုမှတ်လျှင် မလွယ်ကူပါ။ သမ္ပယုတ္တသတ္တိအစွမ်းဖြင့် ခွဲမရဟု ဆိုထားပြန်သဖြင့် ဉာဏ်ဖြင့်သာ ရှုမှတ်ရပါတော့သည်။

ဥပမာ– မိမိ ပဓာနထား၍ ဖြစ်ပေါ်လာသည့်ဝေဒနာကို ရှုမှတ်လိုက်လျှင် နာမက္ခန္ဓာ ၄–ပါးတွင် ဒုက္ခ,သုခစသည်ဝေဒနာတို့ကို သတိပဋ္ဌာန်ဖြင့် သိနေခြင်းသည် ဝိညာဏက္ခန္ဓာ၊ ထို ဒုက္ခ,သုခစသည်ဝေဒနာသည် ဝေဒနာက္ခန္ဓာ၊ ဝေဒနာကိုလိုက်ပြီး မှတ်နေခြင်းသည် သညာက္ခန္ဓာ၊ သတိပဋ္ဌာန်ဖြင့် ဖြစ်ပေါ်နေဆဲဖြစ်သောဝေဒနာကိုမှတ်ရန် မိမိကိုယ်တိုင် တိုက်တွန်းကြိုးစားအားထုတ်မှုသည် သင်္ခါရက္ခန္ဓာ၊ ဖြစ်နေကြပါသည်။ ထို နာမက္ခန္ဓာ ၄–ပါးတို့သည်လည်း အာရုံအားဖြင့်တူညီကြသောကြောင့် ဝေဒနာကို ပဓာနထား၍သာ အာရုံပြုရှုမှတ်နေလျှင် သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာတို့သည်လည်း ဝေဒနာ ကိုသာအာရုံပြုကြမည် ဖြစ်ပါသည်။ စိတ်ကို ပဓာနထား၍ စိတ္တာနုပဿနာသတိပဋ္ဌာန် ရှုမှတ်လျှင်လည်း ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာတို့သည်လည်း ရှုမှတ်စိတ် ကိုသာအာရုံပြုကြမည် ဖြစ်ပါသည်။ ဤနည်းတူ တစ်ခုတည်းအသွင်သဏ္ဌာန်ဖြင့် ပေါ်ပေါက်လာကြသော နာမက္ခန္ဓာ ၄–ပါးတို့သည် ဝိပဿနာရှုမှတ်မှုတို့တွင် အချင်းချင်း အပြန်အလှန်အထောက်အကူပြု၍ ကျေးဇူးပြုကြပါသည်။

သမ္ပယုတ္တနှင့် ပဋ္ဌာန်းပစ္စည်းများ

'ဟေတူ ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတုပစ္စယေန ပစ္စယော'ဟောမှုတွင် ဟေတုပစ္စည်း(လောဘ,ဒေါသ,မောဟ၊ အလောဘ,အဒေါသ, အမောဟ)ဟိတ် ၆–ပါး(စေတသိက်)နာမ်တရားသည် 'ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ' (သဟိတ်စိတ်–၇၁၊ မောဟမူဒွေး၌မောဟကြဉ်သော စေတသိက်–၅၂) အတူတကွဖြစ် သောနာမ်တရားကို ကျေးဇူးပြုရာတွင် 'စတ္တာရော ခန္ဓာ အရူပိနော အညမည်' အရ သမ္ပယုတ္တသတ္တိလည်း ရပါသည်။ ဟေတုပစ္စည်းတရားဟိတ် ၆–ပါးသည် 'တံသမုဋ္ဌာနာနဉ္စ ရူပါနံ' အတူတကွဖြစ်သောရုပ်အား ကျေးဇူးပြုရာတွင် သမ္ပယုတ္တသတ္တိ မရနိုင်ပါ။

www.dhammadownload.com

အာရမ္မဏပစ္စည်း 'ရူပါယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။' ဟောမှုတွင် ရူပါရုံပစ္စည်းတရားက 'စက္ခုဝိညာဏဓာတုယာ'နာမ်တရားကို ကျေးဇူးပြုမှုတွင် 'စတ္တာရော ခန္ဓာ အရူပိနော အညမညံ' ရမှု မရှိ၍ သမ္ပယုတ္တသတ္တိ မရနိုင်ပါ။ အာရမ္မဏပစ္စည်း အာရုံရုပ်သည် ပစ္စယုပ္ပန် အာရမ္မဏိက နာမ်ထက် ရှေးဦးကြိုတင်ဖြစ်နှင့်ရသဖြင့် သဟဇာတကဲ့သို့ အတူဖြစ်သောရုပ်မဟုတ်သောကြောင့် သမ္ပယုတ္တသတ္တိဖြစ်မလား သံသယဖြစ်စရာပင် မလိုပါ။ အာရမ္မဏမျိုး၊ သဟဇာတမျိုးအားဖြင့်လည်း မတူပါ။

အဓိပတိသည် သဟဇာတမျိုးအနေဖြင့် နာမ်ကနာမ်ကို ကျေးဇူးပြုလျှင် သမ္ပယုတ္တသတ္တိ ရပါသည်။ 'ဆန္ဒာဓိပတိ ဆန္ဒသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ'တွင် ဆန္ဒပစ္စည်းတရားသည် ဆန္ဒနှင့်ယှဉ်သောစိတ်,စေတသိက် နာမ်တရားတို့ကိုကျေးဇူးပြုမှုစသည်တို့တွင် 'စတ္တာရော ခန္ဓာ အရူပိနော အညမညံ'အရ သမ္ပယုတ္တသတ္တိ ရပါသည်။

အနန္တရ(သမနန္တရ,နတ္ထိ,ဝိဂတ)ပစ္စည်းတွင် နာမ်ကနာမ်ကို ကျေးဇူးပြုကြသော်လည်း ပစ္စည်း ပစ္စယုပ္ပန် ကာလမတူ အတူတကွဖြစ်ခြင်းမျိုး မဟုတ်ပါ။ ရှေးပစ္စည်းနာမ်တရား ဖြစ်-တည်-ပျက်ပြီးမှသာ (နာမ်တစ်ပါးအခြားမရှိ) နောက်ပစ္စယုပ္ပန်နာမ်ကို ကျေးဇူးပြုသောကြောင့် သမ္ပယုတ္တသတ္တိ မရပါ။

သဟဇာတ(အညမည, နိဿယ, အတ္ထိ, အဝိဂတ) ကျေးဇူးပြုမှုတွင် 'စတ္တာရော ခန္ဓာ အရူပိနော အညမညံ' သမ္ပယုတ္တ ဥပဒေသရသဖြင့် သမ္ပယုတ္တသတ္တိ ရပါသည်။ 'နာမ်နာမ် ခြောက်ပါး'ဆိုသည်မှာ သဟဇာတမျိုး နာမ်ကနာမ်ကို ကျေးဇူးပြုရာတွင် သဟကြီး-၄ နှင့် အညမည, သမ္ပယုတ္တ တို့ရကြောင်း ပြဆိုပါသည်။

နိဿယ(အတ္ထိ, အဝိဂတ)ပစ္စည်းဟောမှုတွင် 'စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော'သည် စက္ခာယတနံ-စက္ခုဝတ္ထုသည် စက္ခုဝိညာဏ် နာမက္ခန္ဓာကို ကျေးဇူးပြုသောအခါ စက္ခုဝိညာဏ်စိတ်သည် စက္ခုဝတ္ထုကို မှီ၍သာဖြစ်ရသောကြောင့် စက္ခုဝိညာဏ်စိတ်သည် စက္ခုဝတ္ထုမှထွက်လာသလို ဖြစ်နေသောကြောင့် (သမ္ပယုတ္တ)အတူတကွဖြစ်မလား သံသယရှိမည်စိုး၍၊ အရင်ဖြစ်နှင့်သော ရုပ်ကိုသာမှီသော ဝိပ္ပယုတ္တသာဖြစ်ကြောင်း ဟောပါသည်။

ဥပနိဿယ, ပုရေဇာတ, ပစ္ဆာဇာတတို့သည် သဟဇာတမျိုးနှင့်လည်း မဆိုင်ပါ။ 'စတ္တာရော ခန္ဓာ အရူပိနော အညမညံ' ရမှုသဘောမျိုးလည်း မရှိပါ။

အာသေဝနသည်လည်း သဟဇာတမျိုးမဟုတ်။ နာမ်ကနာမ်ကို ကျေးဇူးပြုသည် မှန်သော်လည်း အနန္တရမျိုးသာဖြစ်၍ သမ္ပယုတ္တသတ္တိ မရပါ။

www.dhammadownload.com

ကမ္မပစ္စည်း(အဟာရ, ဣန္ဒြိယ, ဈာန, မဂ္ဂ)စသည်တွင် 'စေတနာ သမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော၊' ဟောထားမှုတို့တွင် နာမ်တရားသည် 'သမ္ပယုတ္တကာနံ ဓမ္မာနံ' အတူတကွဖြစ်သောနာမ်တရားကို ကျေးဇူးပြုရာတွင် 'စတ္တာရော ခန္ဓာ အရူပိနော အညမညံ'အရ သမ္ပယုတ္တသတ္တိ ရပါသည်။

ဝိပါကပစ္စည်းမှာ 'ဝိပါကာ စတ္တာရော ခန္ဓာ အရူပိနော အညမညံ' ဝိပါက် နာမက္ခန္ဓာ ၄-ပါးသည် တစ်ပေါင်းတည်းသာ(ခဏတူ) ရောနှောပေါင်းစပ်၍(ယှဉ်၍) အပြန်အလှန် အထောက်အကူပြုမှု၊ ကျေးဇူးပြုမှုသည် 'သမ္ပယုတ္တသတ္တိ' ဖြစ်ပါသည်။

▲ သမ္ပယုတ္တပစ္စည်းသည် သဟဇာတမျိုး၌ နာမ်ကနာမ်ကို ကျေးဇူးပြုပါသည်။

(ဟောမိသဟံ၊ အဉ်ိနိကမ်၊ ဝိပာက္ကံဈာန်၊ မဂ်သမ်ဝိပ်အတ်၊ အဝိ မှတ်၊ သဟတ်ဆယ့်ငါးတန်။)

ပဋ္ဌာန်း သမ္ပယုတ္တပစ္စည်း မေတ္တာပို့ ဆုတောင်းဘုရားရှိခိုး

သမ္ပယုတ္တပစ္စယော– သတ္တဝါအားလုံး မကောင်းသော စိတ်,စေတသိက် နာမ်တရား အချင်းချင်း အညီအညွတ်ယှဉ်တွဲ ပေါင်းစပ်ခြင်း မပြုကြဘဲ၊ ကောင်းသော စိတ်, စေတသိက် နာမ်တရား အချင်းချင်းတို့သာ အညီအညွတ်ယှဉ်တွဲ ပေါင်းစပ်၍ နိဗ္ဗာန်တိုင်ထိ သွားနိုင်ကြပါစေ။

သူတော်ကောင်းဓာတ်၊ ပေါင်းယှဉ်စပ်၊ သူမြတ်နှင့်သာတွေ့စေသော်။

သမ္ပယုတ္တပစ္စယော– စတုမရူ၊ ရောသည့်တူသို့၊ လေးဆူနာမ်အား၊ ခုနစ်ပါးတွင်၊ လေးပါးအင်္ဂါ၊ မကွာချင်းချင်း၊ ယှဉ်ကြခြင်းဟူသော သမ္ပယုတ္တသတ္တိထူးဖြင့် ကျေးဇူးပြုခြင်းလက္ခဏာရှိသော နာမ်ခန္ဓာလေးပါး သမ္ပယုတ္တပစ္စည်းတရားသည်၊ အတ္ထိ– ပုဂ္ဂိုလ်,သတ္တဝါ၊ သူ,ငါမနော၊ တရားသဘောသာ၊ ထင်ရှားရှိပါ ပေသည်တကား။ ဣတိ– ဤသို့၊ ဗောဓေန္တိ– သဗ္ဗညုတာ၊ ဉာဏ်တော်သာဖြင့်၊ ဦးစွာကျနေ၊ သိပြီးမှလျှင်၊ များလှုဝေနေ၊ သိစေတော်မူသော၊ မြတ်စွာဘုရားကို၊ ဝန္ဒာမိ– ဂုဏ်တော်ထုံမွှမ်း၊ ပုံတော်မှန်းလျက်၊ ချီးမွမ်းထောမနာ၊ ပဏာရိကျိုး၊ လက်စုံမိုး၍၊ ရှိခိုး ကန်တော့ပါ၏ ဘုရား။

UK-2020(COVID-19)

သမ္ပယုတ္တပစ္စည်း ပြီး၏။

www.dhammadownload.com

"နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"

+

၂၀။ ဝိပ္ပယုတ္တပစ္စည်း

ဝိပ္ပယုတ္တမည်ခြင်းအကြောင်း

ဝိပ္ပယုတ္တ = သမ္ပယောဂလက္ခဏာအားဖြင့် မယှဉ်ကြသောကြောင့် မနီးနှောသော အားဖြင့် ထူးခြားစွာကျေးဇူးပြုတတ်သောတရားသည် 'ဝိပ္ပယုတ္တပစ္စည်း' ဖြစ်ပါသည်။

ဝိပ္ပယုတ္တပစ္စည်းမှာ ပစ္စည်း,ပစ္စယုပ္ပန် နာမ်တရား,ရုပ်တရားများသည် သဟဇာတ သဘောအားဖြင့် အတူတကွဖြစ်ကြသော်လည်း သမ္ပယုတ်သဘောကင်းပြီးသကာလ မယှဉ်ကြဘဲ ကျေးဇူးပြုသည့်သဘောသည် 'ဝိပ္ပယုတ္တပစ္စည်း' မည်ပါသည်။

ဝတ္ထုရုပ် ၆-ပါး, စိတ်,စေတသိက်တရားတို့ကို အချင်းချင်းစပ်သည်၏အဖြစ်ဖြင့် ကျေးဇူးပြုသော်လည်း၊ အချင်းချင်း မနီးနှောသည်၏အဖြစ် အထူးထူး အပြားပြား အဖြစ်သို့ ကပ်ရောက်စေသောအားဖြင့် ကျေးဇူးပြုတတ်သောကြောင့် 'ဝိပ္ပယုတ္တပစ္စည်း' မည်ပါသည်။

တစ်ပါးသည်တစ်ပါးနှင့် စပ်သည်အဖြစ်ဖြင့်ယှဉ်ကုန်သော်လည်း ဧကုပ္ပါဒ အစ ရှိသောလက္ခဏာအားဖြင့် မယှဉ်သည်ဖြစ်၍ မနီးနှောသည်အဖြစ်ကြောင့် ထူးသည် အဖြစ်သို့ရောက်သဖြင့် ကျေးဇူးပြုတတ်ကုန်သော နာမ်နှင့်ရုပ်တို့သည် 'ဝိပ္ပယုတ္တပစ္စည်း' မည်ပါသည်။

'ချို, ချဉ်, ငံ, စပ်, ဖန်, ခါး'ဟူသော အရသာ ၆-ပါးသည် အတူတကွပေါင်းစပ် တည်နေသော်လည်း အရသာချင်းမရောနှောသကဲ့သို့ပင်၊ အတူတကွ ပေါင်းစပ်တည် နေပြီး မရောနှောဘဲ အပြန်အလှန်ကျေးဇူးပြုတတ်သော ရုပ်တရားနှင့်နာမ်တရားတို့သည် 'ဝိပ္ပယုတ္တပစ္စည်း' မည်ပါသည်။

ပဝတ္တိအခါ စိတ်နှင့်စိတ္တဇရုပ်၊ ပဋိသန္ဓေအခါ ပဋိသန္ဓေစိတ်နှင့်ပဋိသန္ဓေကမ္မဇရုပ် တို့သည် အတူတကွဖြစ်ကြသော်လည်း သမ္ပယုတ်မဟုတ်၊ ဝိပ္ပယုတ်သာ ဖြစ်ကြသည်။ ပဉ္စဝေါကာရပဋိသန္ဓေနှင့် ဟဒယဝတ္ထုတို့သည် ဤသဘောသာ ဖြစ်ပါသည်။

> အယူဝါဒချင်း စိတ်ဆန္ဒချင်း မတူသည့်အတွက် မယှဉ်တွဲနိုင်သော်လည်း
> လုပ်ငန်းတစ်ခု ပြီးစီးအောင်မြင်နိုင်အောင် ပူးပေါင်းဆောင်ရွက် ကျေးဇူးပြုနိုင်ပါသည်။

www.dhammadownload.com

သမ္ပယုတ္တနှင့် ဝိပ္ပယုတ္တ အထူး

* သမ္ပယုတ္တပစ္စည်းမှာ နာမ်အချင်းချင်းသာလျှင် ကျေးဇူးပြုသည့်တရား ဖြစ်ပါသည်။ ဤသဘောသည် ဖဿ၊ ဤသဘောသည် ဝေဒနာ ဟူ၍ မခွဲခြားနိုင်လောက်အောင် ဖြစ်အတူ၊ ပျက်အတူ၊ အာရုံတူ၊ မှီရာတူသည့် သမ္ပယောဂလက္ခဏာလေးပါးနှင့်အညီ တစ်ခုတည်း တစ်ပေါင်းတည်းယှဉ်ခြင်းသည် သမ္ပယုတ္တပစ္စည်း ဖြစ်ပါသည်။

ဥပမာ– ချက်ပြီး စတုမဓုရှိ ဤအရသာသည် ထောပတ်, ဤအရသာသည် ပျားရည်ဟု မခွဲခြားနိုင်လောက်အောင် ရောနှောသမနေသကဲ့သို့တည်း။

* ဝိပ္ပယုတ္တပစ္စည်းမှာ ပစ္စည်း,ပစ္စယုပ္ပန် နာမ်တရား,ရုပ်တရားများသည် သဟဇာတ သဘောအားဖြင့် အတူတကွဖြစ်ကြသော်လည်း သမ္ပယုတ်သဘောကင်းပြီးသကာလ မယှဉ်ကြဘဲ ကျေးဇူးပြုသည့်သဘောသည် ဝိပ္ပယုတ္တပစ္စည်း ဖြစ်ပါသည်။

ဥပမာ– ချို, ချဉ်, ငံ, စပ်, ဖန်, ခါး ဟူသော ရသာခြောက်ပါးတို့ကို ရောစပ်၍ တစ်ခု နှင့်တစ်ခုနှီးနှောမိသော်လည်း အချိုအရသာက အချဉ်အရသာနောက်မလိုက်သကဲ့သို့၊ အချဉ်အရသာကလည်း အချိုအရသာနောက်မလိုက်ဘဲ အချင်းချင်း မလိုက်လျောနိုင်ကြပါ။

– ပြဒါးကို ရေထဲသို့ထည့်လိုက်သည့်အခါ ပြဒါးနှင့်ရေ အတူတကွဖြစ်သော်လည်း အချင်းချင်း မရောမိကြသည်နှင့်တူသည်။ ထို့အတူပင် ဝတ္ထု အာရုံတည်းဟူသောရုပ်ကို မှီ၍နာမ်ဖြစ်သော်လည်း ရုပ်ကတခြား နာမ်ကတခြား၊ နာမ်နှင့်ရုပ်သည် အချင်းချင်း မရောနှောကြပါ။

သမ္ပယုတ္တ ဝိပ္ပယုတ္တ လက္ခဏာ

နာမက္ခန္ဓ၊ ချင်းချင်းရ၊ မှတ်ကြ သမ္ပယုတ်။
သမ္ပယောဂ၊ လက္ခဏာလေး၊ ညီတုံ့ရေး၊ သိရေး သမ္ပယုတ်။
နိဗ္ဗာန်နှင့်နာမ်၊ ရုပ်နှင့်နာမ်၊ ဇကန် ဝိပ္ပယုတ်။
စိတ်ဓာတ်ခုနစ်၊ ချင်းချင်းဖြစ်၊ စင်စစ် ဝိပ္ပယုတ်။
နိဗ္ဗာန်နှင့်ရုပ်၊ ရုပ်ချင်းရုပ်၊ သမ္ပယုတ် ဝိပ္ပယုတ် မဆိုရာ။
ဘုံ–ကာ–ဇာတ်–သန်၊ ဤလေးတန်၊ မှတ်ရန် ဝိပ် အချုပ်။

စိတ်၊ စေတသိက်(ဝေ,သဉ်,သင်)၊ ⟺	ရုပ်၊ နိဗ္ဗာန်၊

* နိဗ္ဗာန်နှင့်နာမက္ခန္ဓာလေးပါး၊ ရုပ်နှင့်နာမက္ခန္ဓာလေးပါး တို့သည် ဧကန်ဝိပ္ပယုတ္တ၊

www.dhammadownload.com

ရုပ်နှင့် နာမက္ခန္ဓာလေးပါး (ကေန်)ဝိပ္ပယုတ်ဖြစ်ပုံ

စိတ္တဇရုပ်တို့သည် ပဋိသန္ဓေနောင်ပထမဘဝင်မှစ၍ စုတိတိုင်အောင် (အရူပဝိပါက် ၄–ခု၊ ဒွေးပဉ္စဝိညာဉ်–၁၀၊ ရဟန္တာစုတိကြဉ်သော) ဖြစ်တိုင်းဖြစ်တိုင်းသောစိတ်တို့နှင့် အတူတကွ ဖြစ်ကြကုန်၏။ ကမ္မဇရုပ်တို့မှာလည်း ပဉ္စဝေါကာရပဋိသန္ဓေနာမက္ခန္ဓာနှင့် အတူတကွ ဖြစ်ကြကုန်၏။ စိတ္တက္ခဏ ၁၇–ချက်(ခဏငယ်–၅၁)ခန့်တည်၍ အမှတ်မရှိ တစ်ခုခုသောစိတ်နှင့်ပြိုင်၍ အတူတကွ ချုပ်ကြ၏။ ဝိညတ်ဒွေးဟူသော စိတ္တဇရုပ်မှာ စိတ်နှင့် အတူဖြစ် အတူချုပ်၏။

ထိုကဲ့သို့ နာမက္ခန္ဓာလေးပါးနှင့် ရုပ်တရားတို့ အတူဖြစ်ကြ အတူချုပ်ကြသောအခါ ၎င်းတရားနှစ်ပါးတို့သည် အတူဖြစ်မှုအတွက် သဟဇာတ ကား ဟုတ်ပေ၏။ သဟဇာတ ဖြစ်လျှင် သမ္ပယုတ်ဖြစ်ကြလေမည်လား**?**၊ သို့မဟုတ် ဝိပ္ပယုတ်ဖြစ်ကြလေမည်လား **?**၊ ယုံမှားဘွယ် ရှိရာ၏။ ထိုယုံမှားမှုတို့ကို ပယ်ဖျောက်ခြင်းငှာ မြတ်စွာဘုရားရှင်သည် ပဋ္ဌာန်းကျမ်း၌ ဝိပ္ပယုတ္တပစ္စည်း၌ ရုပ်နှင့်နာမက္ခန္ဓာလေးပါး၊ နာမက္ခန္ဓာလေးပါးနှင့် ရုပ်တရားတို့ကို "ရူပိနော ဓမ္မာ အရူပီနံ ဓမ္မာနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။ အရူပိနော ဓမ္မာ ရူပီနံ ဓမ္မာနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။"ဟု ဟောတော်မူပါသည်။

နိဗ္ဗာန်နှင့် နာမက္ခန္ဓာလေးပါး (ကေန်)ဝိပ္ပယုတ်ဖြစ်ပုံ

နိဗ္ဗာန်သည် စိတ်,စေတသိက်ဖြစ်ကုန်သော အာရမ္မဏိကတရားတို့ကို မိမိသို့ အာရုံပြုသောအားဖြင့် ညွတ်စေတတ်သောကြောင့် 'နာမ်' မည်၏။(ဤ၌ စိတ်,စေတသိက် တရားဟုဆိုသော်လည်း စိတ်အားလုံး စေတသိက်အားလုံး မဟုတ်ကြ၊ နိဗ္ဗာန်ကို ကေန် အာရုံပြုသော လောကုတ္တရာစိတ် ၈–ပါးနှင့် အနေကန်အာရုံပြုသောစိတ် ၁၁–ပါးသာ ဖြစ်၏။) စိတ်,စေတသိက်တရားတို့သည်လည်း–နာမ်၊ နိဗ္ဗာန်မှာလည်း–နာမ်ဖြစ်ရာ ("နာမာဓမ္မာတိ စတ္တာရော အရူပိနောခန္ဓာ နိဗ္ဗာနဉ္စ"ဟု ယမိုက်ကျမ်း၌ နိဗ္ဗာန်–နာမ် မည်ပုံကို ဟောတော်မူကုန်၏။) နာမ်အမည်ချင်း တူနေကြ၍ နာမက္ခန္ဓာလေးပါးတို့ အချင်းချင်း သမ္ပယုတ်ဖြစ်ကြသလို နာမက္ခန္ဓာနှင့် နိဗ္ဗာန်လည်း သမ္ပယုတ်ဖြစ်ကြလေ မည်လား**?** ဟု ယုံမှားဖွယ်ရှိသဖြင့် နာမက္ခန္ဓာလေးပါးနှင့်နိဗ္ဗာန်သည် သမ္ပယုတ်မဟုတ်၊ ဝိပ္ပယုတ်သာဖြစ်ကြောင်း ဟောတော်မူပါသည်။

ကြံဆဖွယ်– နိဗ္ဗာန်နှင့်နာမက္ခန္ဓာလေးပါး ဝိပ္ပယုတ်သာဖြစ်လျှင် ပဋ္ဌာန်းကျမ်း ဝိပ္ပယုတ္တပစ္စည်း၌ အဘယ်ကြောင့်မဟောသနည်း ကြံဆရန် ဖြစ်လာပါသည်။

www.dhammadownload.com

အဖြေမှာ– ပဋ္ဌာန်း သမ္ပယုတ္တ၊ ဝိပ္ပယုတ္တပစ္စည်းတို့၌ဟောမှုတို့သည် 'သင်္ခတတရား' များသာဖြစ်သည်။ နိဗ္ဗာန်သည် 'အသင်္ခတတရား' ဖြစ်သည့်အပြင် စိတ်,စေတသိက်တို့၏အာရုံပြုရာအနေဖြင့်သာ အာရမ္မဏ၊ အာရမ္မဏာဓိပတိ၊ အာရမ္မဏူပနိဿယ ပစ္စည်းဖြစ်၍ ဝိပ္ပယုတ္တပစ္စည်း၌ မဟောပါ။ ပဋ္ဌာန်းကျမ်းတွင် သမ္ပယုတ်စီစစ်မှုမှာ နာမ်အချင်းချင်းဖြစ်သော သဟဇာတ၊ အညမည၊ သမ္ပယုတ္တစသည့် ပစ္စည်းများ၌ ဖြစ်၏။ ဝိပ္ပယုတ္တ စီစစ်မှုမှာ သဟဇာတ၊ ပုရေဇာတ၊ ပစ္ဆာဇာတပစ္စည်းတို့၌ ဖြစ်၏။ နိဗ္ဗာန်သည် 'အသင်္ခတ' ဖြစ်၍ ထိုကဲ့သို့ စီစစ်ဘွယ်မရှိ၍ မဟောပါ။

? နိဗ္ဗာန်သည် နာမ်တရားဖြစ်၍ "အရူပိနော ဓမ္မာ ရူပီနံ ဓမ္မာနံ"အရ ရုပ်တရားတို့ကို ဝိပ္ပယုတ္တသတ္တိဖြင့် ကျေးဇူးပြုပါသလော။

နိဗ္ဗာန်သည် ရုပ်တို့ကို ဝိပ္ပယုတ္တသတ္တိဖြင့် ကျေးဇူးမပြုပါ။

ဓာတုကထာ၌– သမ္ပယုတ် ၄–ပါး၊ ဝိပ္ပယုတ် ၄–ပါး၊ 'စတုဟိ သမ္ပယောဂေါ၊' 'စတုဟိ ဝိပ္ပယောဂေါ'ဟုဟောရာ နာမ်ခန္ဓာလေးပါးအချင်းချင်း သမ္ပယုတ်။ နာမ်နှင့်ရုပ်, နာမ်နှင့်နိဗ္ဗာန်တို့သည် ဝိပ္ပယုတ်။ ရုပ်နှင့် နိဗ္ဗာန်တို့သည် သမ္ပယုတ်၊ ဝိပ္ပယုတ် မဟုတ်ဟုဟောပါသည်။

အနေကန် ဝိပ္ပယုတ္တဖြစ်ပုံ

နာမက္ခန္ဓာ လေးပါးတို့တွင် ဝေဒနာနှင့် ကြွင်းသုံးပါး၊ သညာနှင့် ကြွင်းသုံးပါး၊ သင်္ခါရနှင့်ကြွင်းသုံးပါး၊ ဝိညာဉ်နှင့်ကြွင်းသုံးပါးတို့သည် သမ္ပယောဂလက္ခဏာတို့နှင့် ညီညွတ်မှု၊ သန္တာန်တူခဏတူဖြစ်ကြမှု သမ္ပယုတ်ဖြစ်ကြ၏။ မညီညွတ်လျှင် သန္တာန်ပြား ခဏပြားဖြစ်ကြလျှင် ဝိပ္ပယုတ်ဖြစ်ရကား 'အနေကန်ဝိပ္ပယောဂ'ဟု ဆိုရပါသည်။

သမ္ပယုတ္တ ဝိပ္ပယုတ္တ နှစ်ပါးစုံမဟုတ်သောတရား

ရုပ်နှင့် နိဗ္ဗာန်၊ ရုပ် ရုပ်ချင်း၊ ဝေဒနာနှင့် ဝေဒနာချင်း၊ သညာနှင့် သညာချင်း၊ သင်္ခါရနှင့် သင်္ခါရချင်း၊ ဝိညာဉ်နှင့် ဝိညာဉ်ချင်း၊ ဖဿနှင့် ဖဿချင်း၊ စေတနာနှင့် စေတနာချင်းစသည်တို့မှာ သမ္ပယောဂလက္ခာလေးပါးချင်း ခပ်သိမ်းမရှိကြ၍ သမ္ပယုတ္တလည်းမဟုတ်၊ ဝိပ္ပယုတလည်းမဟုတ်၍ နှစ်ပါးစုံမဟုတ်သောတရား ဖြစ်ပါသည်။

ဥပမာ– မိမိကိုယ်ကို မိမိနှင့်တူသလော၊ မတူသလောဟု မဆိုထိုက်။ သူတစ်ပါးနှင့်သာတူ/မတူဆိုရသလို ပထဝီဓာတ်တစ်ခုသည် ပထဝီဓာတ်တစ်ခုနှင့် ယှဉ်သည်

www.dhammadownload.com

မယှဉ်ဟု မဆိုထိုက်။ ဝေဒနာသည် ဝေဒနာနှင့် ယှဉ်/မယှဉ် ဟူ၍ မဆိုထိုက်ရကား သမ္ပယုတ် ဝိပ္ပယုတ် နှစ်ပါးလုံး မဟုတ်ပါ။

ဝိပ္ပယုတ္တ လေးပါး (ဘုံ-ကာ-ဇာတ်-သန်၊ ဤလေးတန်၊ မှတ်ရန် ဝိပ် အချုပ်)

ဘူမိဝိပ္ပယုတ္တ- ကာမဘုံ၊ ရူပဘုံ၊ အရူပဘုံ၊ လောကုတ္တရာဘုံ ဟုဆိုအပ်သော ဘုံအားဖြင့် မတူမှုပင်တည်း။ ကာမဘုံ၌ဖြစ်သော မဟာကုသိုလ်စိတ္တုပ္ပါဒ်နှင့် ရူပဘုံ စသည်၌ဖြစ်သော မဟာကုသိုလ်စိတ္တုပ္ပါဒ်သည် မဟာကုသိုလ်စိတ္တုပ္ပါဒ်ချင်းတူသော်လည်း ဘုံကွဲပြား၍နေသောကြောင့် 'ဘူမိဝိပ္ပယုတ္တ' ဖြစ်ပါသည်။

ဇာတိဝိပ္ပယုတ္တ- ကုသိုလ်ဇာတ်၊ အကုသိုလ်ဇာတ်၊ ဝိပါက်ဇာတ်၊ ကြိယာဇာတ်။ သဟိတ်ဇာတ်၊ အဟိတ်ဇာတ်အားဖြင့် မတူမှုတည်း။ ကုသိုလ်နှင့် အကုသိုလ်စသည် တို့မှာ ဇာတ်အားဖြင့်မတူကြ၍ 'ဇာတိဝိပ္ပယုတ္တ' ဖြစ်ပါသည်။

ကာလဝိပ္ပယုတ္တ- အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်ဟူသော ကာလအားဖြင့် မတူမှုတည်း။ အတိတ်ကာလ၌ဖြစ်သောကုသိုလ်နှင့် အနာဂတ်၊ ပစ္စုပ္ပန်ကာလ၌ဖြစ်သောကုသိုလ်တို့မှာ ကုသိုလ်ချင်းတူသော်လည်း ကာလအားဖြင့်မတူကွဲပြား၍ 'ကာလဝိပ္ပယုတ္တ' ဖြစ်ပါသည်။ [စက္ခုဝိညာဏဓာတ်နှင့် ကြွင်းဆဝိညာဏဓာတ်တို့ အချင်းချင်း ဝိပ္ပယုတ်ဖြစ်မှုမျိုးကို ကာလဝိပ္ပယုတ္တ တစ်မျိုးဟု ယူဆအပ်၏။]

သန္တာနဝိပ္ပယုတ္တ- မိမိသန္တာန်၊ သူတစ်ပါးသန္တာန်၊ အဇ္ဈတ္တသန္တာန်၊ ဗဟိဒ္ဓသန္တာန် အားဖြင့် မတူမှုတည်း။ မိမိသန္တာန်ဖြစ်သောကုသိုလ်နှင့် သူတစ်ပါးသန္တာန်၌ဖြစ်သော ကုသိုလ်တို့မှာ ကုသိုလ်ချင်းတူသော်လည်း သန္တာန်မတူ၍ 'သန္တာနဝိပ္ပယုတ္တ' ဖြစ်ပါသည်။

ဝိပ္ပယုတ္တပစ္စည်းအဖြစ် ဟောသောတရား

စက္ခု-အစရှိသော ဝတ္ထုရုပ်တို့၏အတွင်းမှ ထွက်လာသကဲ့သို့ ဖြစ်ကုန်သော စက္ခုဝိညာဉ်စသောနာမ်တရားများနှင့် နာမ်ဟူသောမှီရာကြောင့်သာလျှင်ဖြစ်ကြရသော (နာမ်တရားတို့ မှီ၍သာဖြစ်ရသော ဝတ္ထုရုပ်များ)ရုပ်တရားတို့မှာ 'သမ္ပယုတ်လေလား' ဟုယုံမှားဖွယ် ရှိပါသည်။ ထိုသို့ ယုံမှားဖွယ်ရှိနေသောကြောင့် (မှီသောနာမ်တရား) စက္ခုဝိညာဉ်စသောနာမ်တရားနှင့် (ထိုနာမ်တရားမှီသော)ဝတ္ထုရုပ်တို့ကိုသာ ဝိပ္ပယုတ္တ ပစ္စည်းအဖြစ် ဟောပါသည်။

www.dhammadownload.com

ဝိပ္ပယုတ္တပစ္စည်းအဖြစ် မဟောသောတရား

မကွေမကွာဖြစ်သော ရုပ်တို့၏ မကွေမကွာဖြစ်သောရုပ်တို့နှင့် 'သမ္ပယုတ်လေလား' ဟုယုံမှားဖွယ် မရှိပါ။ ပစ္ဆုပ္ပန်–ရူပါရုံစသောအာရုံသည် စက္ခုဝတ္ထုစသော ဝတ္ထုရုပ်ကို မှီ၍သာဖြစ်ကြရသော စက္ခုဝိညာဉ်စသော အာရမ္မဏိကတရားတို့၏ အာရုံမျှသာဖြစ်၍ ထိုအာရုံနှင့်လည်း ထိုစက္ခုဝိညာဉ်စသောတရားတို့၏ 'သမ္ပယုတ်လေလား'ဟု ယုံမှားဖွယ် မရှိပါ။ ထို့ကြောင့် မကွေမကွာဖြစ်သော ရုပ်တရားတို့နှင့် ပစ္ဆုပ္ပန်–ရူပါရုံစသောအာရုံ တရားတို့၏ ဝိပ္ပယုတ္တပစ္စည်းအဖြစ် ဟောတော်မမူပါ။

ရုပ်,ရုပ်ချင်းသည် ဝိပ္ပယုတ္တ ဧကန်ဖြစ်၍ 'သမ္ပယုတ်လေလား'ဟု ယုံမှားဖွယ် မရှိ။ ထို့ကြောင့် ရုပ်,ရုပ်ချင်းကိုလည်း ဝိပ္ပယုတ္တပစ္စည်းအဖြစ် ဟောတော်မမူပါ။

'သြက္ကန္တိက္ခဏေ'အစရှိသောပါဠ်ကို ဆိုရခြင်း

'သမ္ပယုတ်လေလား'ဟု ယုံမှားဖွယ်ရှိသောတရားတို့ကိုသာလျှင် ဝိပ္ပယုတ္တပစ္စည်း အဖြစ် ဟောတော်မူပါသည်။ ယုံမှားဖွယ်မရှိသောတရားတို့ကိုမူ ဝိပ္ပယုတ္တပစ္စည်းအဖြစ် ဟောတော်မမူပေ။ ထို့ကြောင့် 'သြက္ကန္တိက္ခဏေ နာမရူပံ အညမညံ'(ခန္ဓာ–ဝတ္ထု၊ ဝတ္ထု–ခန္ဓာ) ဟူသောစကားကို အရှင်အနုရုဒ္ဓါဆရာသည် မိန့်ဆို၏။
(သဟဇာတ+အညမညလည်းဖြစ်နေ၍ ယုံမှားဖွယ်ရှိနေကြောင့် ဟော၏။)

အဋ္ဌကထာဖွင့်ဆိုချက်များ

? ရူပါရုံစသောရုပ်တရားတို့က ဝိညာဏဓာတ် နာမ်တရားတို့အား ကျေးဇူးပြုမှုကို ဝိပ္ပယုတ္တပစ္စည်း၌ ဟောပါသလား။

? ဝတ္ထုရုပ်များက နာမ်တရားတို့အားကျေးဇူးပြုမှုကို ဝိပ္ပယုတ္တပစ္စည်း၌ ဟောပါသလား။

ရူပါရုံစသော အာရုံရုပ်တရားများက ဆိုင်ရာအာရမ္မဏိကနာမ်တရားတို့ကို ကျေးဇူး ပြုမှုသည် ဧကန်ဝိပ္ပယုတ္တဖြစ်သဖြင့် 'သမ္ပယုတ္တများ ဖြစ်မလား'ဟု ယုံမှားစရာ မရှိ သောကြောင့် ဝိပ္ပယုတ္တပစ္စည်း၌ မဟောပါ။

နာမက္ခန္ဓာလေးပါးဖြစ်သော နာမ်တရားများသည် စက္ခုစသောရုပ်များ၏အတွင်းမှ ထွက်လာသကဲ့သို့ဖြစ်၍ ဝတ္ထုရုပ် ၆–ပါးနှင့် နာမက္ခန္ဓာတရားများသည် 'သမ္ပယုတ္တ ဖြစ်မလား'ဟု ယုံမှားဖွယ်ရှိ၍ ဝတ္ထုပုရေဇာတဝိပ္ပယုတ္တကို ဟောရပါသည်။

www.dhammadownload.com

ဝိပ္ပယုတ္တပစ္စည်းမှတ်ဖွယ်

✱✱ သဟဇာတပြောသည့်အတိုင်း 'အတူတကွဖြစ်ကြလျှင် သမ္ပယုတ်များ ဖြစ်လေမလား' ဟုယုံမှားဘွယ်ရှိသောနေရာတွင် ဝိပ္ပယုတ္တပစ္စည်းကို ဟောပါသည်။
ဥပမာ– လက်ခတ်ဖြင့် စည်ကိုရိုက်လိုက်သောအခါ 'စည်သံ' ဖြစ်ပေါ်လာပါသည်။ သို့သော် 'စည်'ကတစ်ခြား 'အသံ'ကတစ်ခြား၊ မရောပါ။ စည်သည် အသံမှ ဆိတ်၏။ အသံသည် စည်မှ ဆိတ်၏။ ထို့နည်းအတူ ဝတ္ထု ဒွါရ အာရုံဆိုသည့်ရုပ်ကို မှီ၍သာ နာမ်ဖြစ်သော်လည်း ရုပ်ကတစ်ခြား၊ နာမ်ကတစ်ခြား ဖြစ်၏။ နာမ်နှင့်ရုပ်တို့သည် အချင်းချင်း မရောနှောကြပါ။

▲ ဝိပ္ပယုတ္တပစ္စည်းသည် (၁) သဟဇာတဝိပ္ပယုတ္တ၊ (၂) ဝတ္ထုပုရေဇာတဝိပ္ပယုတ္တ၊ (၃) ပစ္ဆာဇာတဝိပ္ပယုတ္တ ဟူ၍ အကျဉ်းအားဖြင့် ၃–မျိုးရှိပါသည်။
■ ဝတ္ထာရမ္မဏ(အာရမ္မဏမျိုး၌ဟော)ထည့်လိုက်လျှင် ဝိပ္ပယုတ္တ ၄–မျိုး ရှိပါသည်။

အမျိုးဇာတ်၊ ကာလ၊ ဘုံဌာန

⛬ ဝိပ္ပယုတ္တပစ္စည်းသည် အာရမ္မဏမျိုး(ဝတ္ထာ)၊ သဟဇာတမျိုး၊ ဝတ္ထုပုရေဇာတမျိုး၊ ပစ္ဆာဇာတမျိုးတို့၌ဖြစ်ပါသည်။ ထို့ကြောင့် မျိုးကွဲများရှိသော ဝိပ္ပယုတ္တပစ္စည်းသည် ဤ ၄–မျိုး၏ သဘာဂကိုရှာရလျှင် သဘာဂသည် ၁၇–ပစ္စည်း ရှိပါသည်။

၅၁၁။ ဝိပ္ပယုတ္တပစ္စယာ ဟေတုယာ တီဏိ၊ အာရမ္မဏေ တီဏိ၊ အဓိပတိယာ စတ္တာရိ၊ သဟဇာတေ တီဏိ၊ အညမညေ ဧကံ၊ နိဿယေ ပဉ္စ၊ ဥပနိဿယေ ဧကံ၊ ပုရေဇာတေ တီဏိ၊ ပစ္ဆာဇာတေ တီဏိ၊ ကမ္မေ တီဏိ၊ ဝိပါကေ ဧကံ၊ အာဟာရေ တီဏိ၊ ဣန္ဒြိယေ တီဏိ၊ ဈာနေ တီဏိ၊ မဂ္ဂေ တီဏိ၊ အတ္ထိယာ ပဉ္စ၊ အဝိဂတေ ပဉ္စ။

ဝိပ္ပယုတ္တပစ္စယာ (ပါ–စာနှာ–၁၈၄)

ဟေ	အာ	ဓိ	သ	ည	နိ	ဥ	ပု	ပစ်	ကံ	ဝိ	ဟာ	ဣံ	ဈာ	မဂ်	အတ်	အဝိ
၃	၃	၄	၃	၁	၅	၁	၃	၃	၃	၁	၃	၃	၃	၃	၅	၅

⛬ ဝိပ္ပယုတ္တပစ္စည်းသည် ပဋိသန္ဓေကာလ, ပဝတ္တိကာလ နှစ်ပါးတို့တွင်–
သဟဇာတဝိပ္ပယုတ္တ– ပဝတ္တိ,ပဋိသန္ဓေ ၂–ပါးလုံး၊ ဝတ္ထုပုရေဇာတဝိပ္ပယုတ္တ– ပဝတ္တိ၊ ပစ္ဆာဇာတဝိပ္ပယုတ္တ– ပဝတ္တိကာလ၌ ဖြစ်ပါသည်။
ပစ္စုပ္ပန်,အတိတ်,အနာဂတ် ကာလသုံးပါးတို့တွင်–ပစ္စုပ္ပန်ကာလ၌ ဖြစ်ပါသည်။

www.dhammadownload.com

ဝိပ္ပယုတ္တပစ္စည်းသည် (ရုပ်,နာမ်ရှိသော)ပဥ္စဝေါကာရ ၂၆–ဘုံ၌သာ ဖြစ်ပါသည်။ (နာမ်သက်သက်)စတုဝေါကာရ၊ (ရုပ်သက်သက်)ဧကဝေါကာရဘုံတို့၌ မဖြစ်နိုင်ပါ။

ယုဂဠပစ္စယ ပဋ္ဌာန်းပစ္စည်းများ (နှစ်ပါးစုံအားဖြင့်ဟောရခြင်း)

ပဋ္ဌာန်းပစ္စည်းများတွင် 'ယုဂဠပစ္စယ'ဟူသော အစုံအစုံပစ္စည်းအစွမ်းများရှိပါသည်။ ပုရေဇာတ–ပစ္ဆာဇာတ၊ ကမ္မ–ဝိပါက၊ သမ္ပယုတ္တ–ဝိပ္ပယုတ္တ၊ အတ္ထိ–နတ္ထိ၊ ဝိဂတ–အဝိဂတ တို့ဖြစ်ပါသည်။ အစုံအစုံပစ္စည်းများ၏ ဆန့်ကျင်ဘက်များကိုဖော်ပြ၍ ဟောပါသည်။ နှစ်ပစ္စည်းစီတွဲ၍သာ ရုပ်တရား, နာမ်တရားတို့၏ အကြောင်း, အကျိုး၊ ဖြစ်ပုံ, တည်ပုံ၊ ကျေးဇူးပြုပုံအထူးများကို အပြန်အလှန်ထောက်ပံ့အစွမ်းဖြင့် ပြည့်စုံစေရန် ဟောပါသည်။

သမ္ပယုတ္တစ္စည်း၏အခြားမဲ့၌ ဝိပ္ပယုတ္တပစ္စည်း ဟောရခြင်း

သမ္ပယုတ္တပစ္စည်းမှာ နာမ်အချင်းချင်းသာလျှင် ကျေးဇူးပြုသည့်တရား ဖြစ်ပါသည်။ ဤသဘောသည် ဖဿ၊ ဤသဘောသည် ဝေဒနာ ဟူ၍ မခွဲခြားနိုင်လောက်အောင် ဖြစ်အတူ၊ ပျက်အတူ၊ အာရုံတူ၊ မှီရာတူသည့် သမ္ပယောဂလက္ခဏာလေးပါးနှင့်အညီ တစ်ခုတည်း တစ်ပေါင်းတည်း ယှဉ်ခြင်းဖြင့် ကျေးဇူးပြုပုံကို ဟောကြားတော်မူရာ ထိုတရားတို့သည် တစ်ပါးသောအခြင်းအရာအားဖြင့် ကျေးဇူးမပြုကြကုန်သလော။ အတူတကွဖြစ်သောသဟဇာတမျိုးဖြင့် ပစ္စည်း,ပစ္စယုပ္ပန် နာမ်တရား,ရုပ်တရားများသည် သမ္ပယုတ္တသဘောကင်းပြီးသကာလ မယှဉ်ကြဘဲကျေးဇူးပြုသည့် သဘောအထူးကိုပြလို၍ ဝိပ္ပယုတ္တပစ္စည်းကို ဟောတော်မူပါသည်။ 'ယုဂဠပစ္စယ'ဟူသော အစွမ်းများတွင် ဖြစ်,ချုပ်,မှီ,အာ တူလေးဖြာ သမ္ပယောဂလက္ခဏာ ၄–ပါးအစွမ်းဖြင့် သမ္ပယုတ္တပစ္စည်း ဟောတော်မူသည်၏ အခြားမဲ့၌ နာမက္ခန္ဓာနှင့် ရုပ်တရားတို့ အတူဖြစ်၊ အတူချုပ်၍ သဟဇာတဖြစ်လျှင် သမ္ပယုတ်ဖြစ်ကြလေမည်လား?၊ သို့မဟုတ် ဝိပ္ပယုတ်ဖြစ်ကြလေမည်လား ?၊ ယုံမှားဘွယ် ရှိရာ၏။ ထိုယုံမှားမှုတို့ကို ပယ်ဖျောက်ခြင်းငှာ ဝိပ္ပယုတ္တပစ္စည်း၌ ရုပ်နှင့်နာမက္ခန္ဓာလေးပါး၊ နာမက္ခန္ဓာလေးပါးနှင့် ရုပ်တရားတို့ကို "ရူပိနော ဓမ္မာ အရူပီနံ ဓမ္မာနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။ အရူပိနော ဓမ္မာ ရူပီနံ ဓမ္မာနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။"ဟု ဟောတော်မူပါသည်။

[ဝိပ္ပယုတ္တဟောမှုကို မိမိအနေဖြင့်(ကုသိုလ်ရည်မှန်း)ပူဇော်ခြင်းဖြစ်၍ မသင့်မြင်သော် ပြင်တော်မူပါရန်၊]

www.dhammadownload.com

ဝိပ္ပယုတ္တပစ္စည်းသည်– (၁) သဟဇာတဝိပ္ပယုတ္တ၊ (၂) ဝတ္ထုပုရေဇာတဝိပ္ပယုတ္တ၊
(၃) ပစ္ဆာဇာတဝိပ္ပယုတ္တ ဟူ၍ သုံးမျိုး ရှိပါသည်။

ပစ္စည်း(ကတ္တား)	ပစ္စယုပ္ပန်(သမ္ပဒါန်)	သဘာဂ(ကရိုဏ်း)
ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ အရူပ ၄, ဒွေပဉ္စ ၁၀၊ ရဟန္တာတို့စုတိကြည်သော ပဝတ္တိ,ပဋိသန္ဓေနာမက္ခန္ဓာ(၄)ပါး၊	စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်	၁။သဟဝိပ်(ပြိုင်.ယ. ၆) ကြီး ၄+ ည, ဝိပ် ၂။ပုရေဝိပ်(ပြိုင်.ယ. ၉) အာ,မိ,နိ,ဥ၊ပု,ဏ္ကံ,ဝိပ်,အတ်,အဝိ၊
ပဉ္စဝေါကာရပဋိသန္ဓေနာမက္ခန္ဓာ၊ ဟဒယဝတ္ထု၊	အချင်းချင်း	၁။သဟဝိပ်(ပြိုင်.ယ. ၆) ၂။ပစ္ဆာဝိပ် (ပြိုင်.၂)**ပစ်,ဝိပ်**

(၁) သဟဇာတဝိပ္ပယုတ္တ

သဟဇာတဝိပ္ပယုတ္တပစ္စည်း၏ သုဒ္ဓသချာဝါရ၌– စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ် အားတပ်သော ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ အရူပဝိပါက် ၄–ခု၊ ဒွေပဉ္စဝိညာဏ်–၁၀၊ ရဟန္တာတို့စုတိကြည်သော ပဝတ္တိ,ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး။ အချင်းချင်းအားတပ်သော ပဉ္စဝေါကာရပဋိသန္ဓေနာမက္ခန္ဓာ, ဟဒယဝတ္ထု၊ ဤတရားတို့သည် သဟဇာတဝိပ္ပယုတ္တ ပစ္စည်းတပ်သောတရားတို့ မည်ကုန်၏။ ပစ္စည်းရေ ၅–ဟူသည်တည်း။
ပစ္စည်းရေ ၅–ဟူသော်ကား သဟဇာတ၊ နိဿယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ။

(၂) ပစ္ဆာဇာတဝိပ္ပယုတ္တ = ပစ္ဆာဇာတနှင့်တူ၏။ (နောက်မှဖြစ်၍ ကျေးဇူးပြု၏။)

- ⏩ ပစ္ဆာဇာတသည် အကြောင်း–နောက်ဖြစ်သောနာမ်၊ **အကျိုး–အရင်ဖြစ်သောရုပ်**၊
  နောက်ဖြစ်သောနာမ် – ပထမဘဝင်အစရှိသောနောက်ဖြစ်သောနာမ်
  အရင်ဖြစ်သောရုပ်သည်– ပဋိသန္ဓေအစရှိသော ရှေးရှေးသောစိတ်နှင့်အတူဥပါဒ်.ရုပ်၊
  ✖ ပစ္ဆာဇာတသည်– 'ဇနကသတ္တိ' မရပါ၊ 'ဥပတ္ထမ္ဘကသတ္တိ'သာ ရပါသည်။✓

(၃) ပုရေဇာတဝိပ္ပယုတ္တ = ဝတ္ထုပုရေဇာတနှင့် တူ၏။
(ရှေးကလည်းဖြစ်၊ မှီရာလည်းဖြစ်၍ ကျေးဇူးပြု၏။)

- ⏩ ပုရေဇာတသည် **အကြောင်း–အရင်ဖြစ်သောရုပ်**၊ အကျိုး–နောက်ဖြစ်သောနာမ်၊
  အရင်ဖြစ်သောရုပ်သည်– ပဋိသန္ဓေအစရှိသော ရှေးရှေးသောစိတ်နှင့်အတူဥပါဒ်.ရုပ်၊
  နောက်ဖြစ်သောနာမ် – ပထမဘဝင်အစရှိသောနောက်ဖြစ်သောနာမ်၊

www.dhammadownload.com

ဝိပ္ပယုတ္တပစ္စည်း အရကောက်

ပစ္စည်း(ကတ္တား)	ပစ္စယုပ္ပန်(သမ္ပဒါန်)	သဘာဂ(ကရိုဏ်း)
ရူပိနော ဓမ္မာ	**အရူပီနံ ဓမ္မာနံ**	
သဟဇာတဝိပ္ပယုတ္တ ဖြစ်အံ့–		
ပဋိသန္ဓေကာလ ပဋိသန္ဓေနှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု၊	ပဉ္စဝေါကာရပဋိသန္ဓေနာမက္ခန္ဓာ၊ စေတသိက် ပဉ္စတိံသ(၃၅)	(ပြိုင် ၆) ကြီး–၄ + ည,ဝိပ်
ဝတ္ထုပုရေဇာတဝိပ္ပယုတ္တ ဖြစ်အံ့–		
ဆဝတ္ထု	အရူပဝိပါက် လေးခုကြဉ်သော သတ္တဝိညာဏဓာတ်၊ စေ–၅၂၊	(ပြိုင်.ယ.၉) အာ,မိ,နိ, ဥ၊ပု,ဣံ, ဝိပ်,အတ်,အဝိ၊

ပစ္စည်း(ကတ္တား)	ပစ္စယုပ္ပန်(သမ္ပဒါန်)	သဘာဂ(ကရိုဏ်း)
အရူပိနော ဓမ္မာ	**ရူပီနံ ဓမ္မာနံ**	
သဟဇာတဝိပ္ပယုတ္တ ဖြစ်အံ့–		
ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ အရူပဝိ–၄၊ ဒွေပဉ္စ–၁၀၊ ရဟန္တာတို့ စုတိကြဉ်သော စိတ်–၇၅၊ စေ–၅၂	စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်	(ပြိုင် ၆) ကြီး–၄ + ည,ဝိပ်
ပစ္ဆာဇာတဝိပ္ပယုတ္တ ဖြစ်အံ့–		
ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ အရူပဝိ–၄ ကြဉ်သော ပဋိသန္ဓေမှစ၍အစ ရှိသောနောက်ဖြစ်သော စိတ်–၈၅၊ စေ–၅၂၊	ပဋိသန္ဓေအစရှိသောရှေးရှေးသော စိတ်နှင့်အတူဥပါဒ်၍ ရုပ်၏ဌီသို့ ရောက်သော **ဧကဇကာယ၊ ဒွိ၊တိ၊ စတုဇကာယ၊**	(ပြိုင်.၄) **ပစ္ဆာဇာတ, ဝိပ္ပယုတ္တ** အတ်,အဝိ၊

ဝိပ္ပယုတ္တပစ္စည်းဟောရခြင်း၏ ရည်ရွယ်ချက်

သဟဇာတပစ္စည်းတွင် သမ္ပယုတ်၊ ဝိပ္ပယုတ် သံသယဖြစ်စရာ ရှိသောနေရာများ ရှိနေပါသည်။ ထို့နည်းအတူ ပုရေဇာတပစ္စည်း၊ ပစ္ဆာဇာတပစ္စည်းတို့၌လည်းရှိနေသဖြင့် ထိုတရားတို့တွင် ရုပ်တရား, နာမ်တရားတို့၏ ဝိပ္ပယုတ္တဖြစ်မှုကို ဆုံးဖြတ်နိုင်ရန်အတွက် ဟောတော်မူပါသည်။ အတူတကွဖြစ်သောသဟဇာတမျိုးတွင် အပြန်အလှန်သဘော၊ အချင်းချင်းသဘော ဆောင်နေကြသော်လည်း နာမ်နှင့်ရုပ် ရုပ်နှင့်နာမ်တရားတို့သည် သမ္ပယုတ်မဖြစ်၊ ဝိပ္ပယုတ်သာဖြစ်ကြောင်း ခိုင်ခိုင်မာမာထုတ်ပြန် ဟောကြားပါသည်။

www.dhammadownload.com

ဘဝတစ်ခု၏အစဦးစွာ ပဋိသန္ဓေအခါ နာမ်နှင့်ရုပ်သည် အတူတကွဖြစ်ပြီး အချင်းချင်း 'ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ' အပြန်အလှန်(အညမည)ကျေးဇူးပြုကြသော်လည်း သမ္ပယုတ်မဖြစ်၊ ရုပ်,နာမ်တို့၏ 'သဟဇာတဝိပ္ပယုတ္တ' သဘောကိုသာ ဟောပါသည်။

ပုရေဇာတဝိပ္ပယုတ္တတွင်လည်း ရှေးကကြိုတင်ဖြစ်နှင့်ပြီး ဌီအခိုက်တည်နေသော ဆဝတ္ထုရုပ်သည် အကျိုး–နောက်ဖြစ်သောနာမ်အား ကျေးဇူးပြုပါသည်။

ပစ္ဆာဇာတဝိပ္ပယုတ္တတွင်လည်း အကျိုး–ရှေးကကြိုတင်ဖြစ်နှင့်ပြီး ဌီအခိုက်တည်နေသောရုပ်အား အကြောင်း–နောက်ဖြစ်သောနာမ်က ကျေးဇူးပြုပါသည်။

ဝိပဿနာအတွက် ဝိပ္ပယုတ္တ မှတ်ဖွယ်

နာမ်တရားနှင့် ရုပ်တရားတို့ အတူတကွဖြစ်နေနေ၊ အချင်းချင်း အပြန်အလှန်ကျေးဇူးပြုနေနေ နာမ်၏သဘော ရုပ်၏သဘောတို့သည် သီးခြားစီသာရှိနေကြောင်း သိရသဖြင့် 'နာမရူပပရိစ္ဆေဒဉာဏ်'အမြင်မှန် ရှင်သန်ပေါက်ဖွားလာစေပါသည်။

သဟဇာတဝိပ္ပယုတ္တတွင် စိတ္တဇရုပ်တို့သည် စိတ်ဖြစ်လျှင်ဖြစ် စိတ်ချုပ်လျှင် သူလည်းချုပ်ပါသည်။ လောဘမူစိတ်စသည်ဖြစ်သည့်အခါ ထိုစိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်သည်လည်းဖြစ်ပြီး စိတ်နှင့်အတူ ချုပ်ပါသည်။ အတူတကွ ဖြစ်,ချုပ်ကြသော နာမ်နှင့်ရုပ်ကို ပဋ္ဌာန်း–ဝိပ္ပယုတ္တပစ္စည်းသဘောဉာဏ်ဖြင့် ခွဲခြားသိမြင် နိုင်ပါသည်။

ပစ္ဆာဇာတဝိပ္ပယုတ္တတွင် အရင်ဖြစ်သောရုပ်(အကျိုးတရား)သည် နောက်ဖြစ်သော နာမ်(ပစ္စည်းတရား)ဖြစ်ပေါ်ရန် (အကြောင်း,အကျိုး ပြောင်းပြန်) ကျေးဇူးပြုပါသည်။

(ဝတ္ထု)ပုရေဇာတဝိပ္ပယုတ္တတွင် ကြိုတင်ဖြစ်နှင့်ပြီးသော ဖြစ်ဆဲ, ရှိဆဲ, တည်ဆဲ ဝတ္ထုရုပ်သည် နာမ်ဖြစ်သောသတ္တဝိညာဏဓာတ်တို့အား ဖြစ်ပေါ်ရန်အကြောင်းတရားများအဖြစ် ကျေးဇူးပြုမှုတွင်လည်း ရုပ်,နာမ်ဓမ္မ ပရမတ္ထသဘောသာ ရှိ၏၊ ပုဂ္ဂိုလ် သတ္တဝါ သူငါမနော တရားသဘောသာထင်ရှားရှိပါပေ၏ဟု– **ရုပ်,နာမ်ဓမ္မကို ပိုင်းခြား သိရသဖြင့် သက္ကာယဒိဋ္ဌိ ပြုတ်ပါသည်**။ ဝိသုဒ္ဓိမဂ်၌လည်း နာမရူပ ပရိစ္ဆေဒဉာဏ်–ဟုခေါ်သော ရုပ်နှင့်နာမ်ကိုပိုင်းခြားသိလျှင် သက္ကာယဒိဋ္ဌိပြုတ်သည်ဟု ဟောပါသည်။

စက္ခုဝိညာဏ်စိတ်သည် စက္ခုဝတ္ထုကိုမှီ၍သာဖြစ်ပြီး၊ ဖြစ်လာလိုက်၊ ဖြစ်–တည်–ပျက် **'အနိစ္စ'**။ ဖြစ်,ပျက်သံသရာ မဆုံးနိုင်ပါသဖြင့် မမြဲသော ရုပ်,နာမ်ကို ပြုစုလုပ်ကျွေးပြီး ယင်းကိုအရေးပေးနေခြင်းသည် **'ဒုက္ခ'**များ လှပေသည်။ ထိုမမြဲသော ရုပ်,နာမ်စသည် တို့သည် ယခု အိုလာပြီး နာရတော့မည်.. သေရတော့မည်၊ အို,နာ,သေ စသည်ဖြင့်

www.dhammadownload.com

ရုပ်,နာမ်ဓမ္မတို့ကို ကျေးမွေးပြုစု စောင့်ရှောက်နေရခြင်းဖြစ်ပြီး၊ မိမိက ဘာမှမပိုင်, မဆိုင်သည့်သဘော.. မိမိက အစိုးမရသဖြင့် '**အနတ္တ**'ဆိုသည့်သဘော လက္ခဏာ ထင်ရှားလာပါသည်။ ဤကဲ့သို့ ဆင်ခြင်သဖြင့် ဝိပ္ပယုတ္တပစ္စည်း ရုပ်,နာမ်ဓမ္မ ပရမတ္ထ တရားတို့၏.. "မမြဲသော–အနိစ္စ၊ ဆင်းရဲသော–ဒုက္ခ၊ အစိုးမရသော–အနတ္တ" တရား များကို သမ္မဒိဋ္ဌိ သတိ ကိုယ်စီရှိသဖြင့် ပစ္စည်း–ပစ္စယုပ္ပန်၊ အကြောင်း–အကျိုး ပရမတ္ထ တရား သဘောအမှန်တို့ကို ဆင်ခြင်နိုင်ကြပါစေ..

ပဋ္ဌာန်း ဝိပ္ပယုတ္တပစ္စည်း မေတ္တာပို့ ဆုတောင်းဘုရားရှိခိုး

ဝိပ္ပယုတ္တပစ္စယော– သတ္တဝါအားလုံး အချင်းချင်း အညီအညွတ် မယှဉ်တွဲသော အားဖြင့် ရုပ်,နာမ်တရားတို့ ကျေးဇူးပြုရာ၌၊ မကောင်းသော ရုပ်,နာမ်တရားတို့ မယှဉ်တွဲသောအားဖြင့် ကျေးဇူးမပြုကြဘဲ၊ ကောင်းမြတ်သော နာမ်တရားတို့က ကောင်းမွန်သော ရုပ်တရားတို့ကို၊ ကောင်းမွန်သော ရုပ်တရားတို့က ကောင်းမြတ် သောနာမ်တရားတို့ကို ကျေးဇူးပြုနိုင်ကြ၍ နိဗ္ဗာန်တိုင်ထိ ကောင်းကျိုး အမျိုးမျိုး တို့ကိုသာ ရရှိခံစားနိုင်ကြပါစေ။

မကောင်းမှုများ၊ ပယ်ကာရှား၊ သူတော်ကောင်းတရား ပွားစေသော်။

ဝိပ္ပယုတ္တပစ္စယော– ရသာခြောက်ပါး၊ ပေါင်း၍ထားသို့၊ သဟဇာရုပ်၊ ဝတ္ထုပ်,သန္ဓေ၊ အစထွေသား၊ သုံးမျိုးအားကို၊ ထူးပြားသသော၊ ဆယ့်သုံးဖြာတွင်၊ နာနာဘာဝ၊ မယှဉ်ကြခြင်းဟူသော၊ ဝိပ္ပယုတ္တသတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော ပဋ္ဌဝေါကာရ၊ ရူပသမုဋ္ဌာနိက စိတ်,စေ၊ သန္ဓေ,ဟဒယစသော၊ သဟဇာတဝိပ္ပယုတ်၊ ပုရေဇာတဝိပ္ပယုတ်၊ ပစ္ဆာဇာတဝိပ္ပယုတ် သုံးပါးပစ္စည်းတရားသည်၊ အတ္ထိ– ပုဂ္ဂိုလ်, သတ္တဝါ၊ သူငါ မနှော၊ တရားသဘောသာ၊ ထင်ရှားရှိပါပေသည်တကား။

ဣတိ– ဤသို့၊ ဗောဓေတွ်– သဗ္ဗညုတာ၊ ဉာဏ်တော်သာဖြင့်၊ ဦးစွာကျနေ၊ သိပြီးမှလျှင်၊ များလှဝေနေ၊ သိစေတော်မူသော၊ မြတ်စွာဘုရားကို၊ ဝန္ဒာမိ– ဂုဏ်တော်ထုံမွမ်း၊ ပုံတော်မှန်းလျက်၊ ချီးမွမ်းထောမနာ၊ ပဏာရကျိုး၊ လက်စုံမိုး၍၊ ရှိခိုး ကန်တော့ပါ၏ ဘုရား။

UK-2020(COVID-19)

ဝိပ္ပယုတ္တပစ္စည်း ပြီး၏။

www.dhammadownload.com

"နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"

+

၂၁။ အတ္ထိပစ္စည်း

အတ္ထိမည်ခြင်းအကြောင်း

အတ္ထိ = ပစ္စုပ္ပန်သဘောရှိသော ထင်ရှားရှိသည်အဖြစ်ဖြင့်၊ ထိုသို့ ထင်ရှားရှိသော သဘောရှိသည်သာလျှင်ဖြစ်သောတရားအား ထောက်ပံ့သောအဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရားသည် 'အတ္ထိပစ္စည်း' မည်ပါသည်။

မြေကြီး၊ မြင့်မိုရ်တောင်စသည်တို့သည် စိမ်းရင်သော မြက်,သစ်ပင်တို့အား မိမိထင်ရှားရှိသောအားဖြင့် ကျေးဇူးပြုသကဲ့သို့ နာမက္ခန္ဓာစသည်တို့သည် မိမိဆိုင်ရာ ပစ္စယုပ္ပန်တရားတို့အား ထင်ရှားရှိခြင်းဖြင့် ကျေးဇူးပြုသောသဘောသည် 'အတ္ထိပစ္စည်း' မည်ပါသည်။

ဟိမဝန္တာတောင်ကြီးသည် ထင်ရှားရှိနေပြီး တော,တောင်,ရေ,မြေ, သမုဒ္ဒရာတို့အား ကျေးဇူးပြုသကဲ့သို့ မိမိထင်ရှားရှိနေဆဲ၌ပင် ထင်ရှားရှိနေဆဲသော ပစ္စယုပ္ပန်တရားတို့ကို ထောက်ပံ့တတ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သော ရုပ်,နာမ်တရားတို့သည် 'အတ္ထိပစ္စည်း' မည်ပါသည်။

(တနည်း) အတ္ထိပစ္စည်းသည် အကျဉ်းအားဖြင့် ခဏသုံးပါးသို့ရောက်သည့် နာမ်,ရုပ် တရား ဖြစ်ပါသည်။ ဖြစ်ဆဲ ပစ္စုပ္ပန် ခန္ဓာငါးပါး-ဟုလည်း ဆိုနိုင်ပါသည်။

[ပစ္စုပ္ပန်သဘော ဆိုသည်မှာ- ဥပါဒ်၊ ဌီ၊ ဘင် (ဖြစ်-တည်-ပျက်)ဟုဆိုအပ်သော ခဏတ္တယနှင့်ပြည့်စုံသောအဖြစ်ကို ဆိုလိုပါသည်။]

အတ္ထိ အဝိဂတ အထူး

* ပရမတ္ထသဘာဝ ခဏိကပစ္စုပ္ပန် မဖေါက်မပြန် မိမိသဘောထင်ရှားရှိနေမှုသည် အတ္ထိပစ္စည်း၏သတ္တိ ဖြစ်ပါသည်။ [ပစ္စည်း၊ ပစ္စယုပ္ပန် ၂-မျိုးလုံး ထင်ရှားရှိနေစဉ်]

* ပရမတ္ထသဘာဝ မကင်းသေး၊ ချုပ်ခြင်းသို့မရောက်သေးသောသဘောသည် အဝိဂတ ပစ္စည်း၏သတ္တိ ဖြစ်ပါသည်။

မြေမှသစ်ပင်၊ စိမ်းဝေလွင်သို့၊ ထင်ထင်ရှိနေ၊ ရုပ်နာမ်တွေကို၊ ဖြစ်စေသမှု၊ ကျေးဇူးပြု၏။

www.dhammadownload.com

အဋ္ဌကထာဖွင့်ဆိုချက်

အတ္ထိပစ္စည်း၏ ဇနကသတ္တိ၊ ဥပတ္ထမ္ဘကသတ္တိဟု ၂-မျိုးရှိရာ ဥပါဒ်အခိုက်၊ ဘင်အခိုက်၌ ပစ္စည်းထင်ရှားရှိသော်လည်း ဖြစ်နေခိုက်၊ ပျက်နေခိုက်ဖြစ်၍ မထင်ရှားဘဲ ဌီအခိုက်၌သာပို၍ထင်ရှားသဖြင့် ဇနကသတ္တိရှိသော်လည်း ဥပထမ္ဘကသတ္တိက ပြဋ္ဌာန်းသည်ဟု အဋ္ဌကထာ၊ ဋီကာများက ဆိုကြပါသည်။

အမျိုးဇာတ်၊ ကာလ၊ ဘုံဋ္ဌာန

- အတ္ထိပစ္စည်း ၃-ပါးတို့တွင်- သဟဇာတတ္ထိပစ္စည်းသည် သဟဇာအမျိုးဇာတ်၊ ဝတ္ထုပုရေဇာတတ္ထိပစ္စည်းသည် ဝတ္ထုပုရေဇာတအမျိုးဇာတ်၊ အာရမ္မဏပုရေဇာတတ္ထိပစ္စည်းသည် အာရမ္မဏအမျိုးဇာတ်ဖြစ်၍၊ မျိုးကွဲရှိသောပစ္စည်း ဖြစ်ပါသည်။
- အတ္ထိပစ္စည်းသည် ပဋိသန္ဓေကာလ, ပဝတ္တိကာလ နှစ်ပါးလုံးတို့၌ ဖြစ်ပါသည်။ ပစ္စုပ္ပန်,အတိတ်,အနာဂတ် ကာလသုံးပါးတို့တွင် ပစ္စုပ္ပန်ကာလ၌ ဖြစ်ပါသည်။
- အတ္ထိပစ္စည်းသည် ၃၁-ဘုံလုံး၌ ဖြစ်နိုင်ပါသည်။ (တစ်နည်း) 'ဝတ္ထုပုရေဇာတတ္ထိ' သည် ပဉ္စဝေါကာရ ၂၆-ဘုံ၌သာဖြစ်ပြီး၊ 'အာရမ္မဏပုရေဇာတတ္ထိ'သည် ပဉ္စဝေါကာရ၊ စတုဝေါကာရအားဖြင့် ၂၇-ဘုံနှင့် 'သဟဇာတိန္ဒြိယပစ္စည်း'သည် ပဉ္စဝေါကာရ၊ စတုဝေါကာရအားဖြင့် ဘုံ-၃၀ တို့၌ ဖြစ်ပါသည်။

ပဉ္စာဝါရ အတ္ထိ ၉-မျိုး- အာရမ္မဏပုရေဇာတတ္ထိ၊ သဟဇာတတ္ထိ၊ ဝတ္ထုပုရေဇာတတ္ထိ၊ ပစ္ဆာဇာတတ္ထိ၊ ရုပ်အာဟာရတ္ထိ၊ ရူပဇီဝိတိန္ဒြိယတ္ထိစ္စည်း၊ သဟ-ပုရေ မိဿကပစ္စည်း၊ ပစ္ဆာ-ဟာ မိဿကပစ္စည်း၊ ပစ္ဆာ-ဣ မိဿကပစ္စည်း၊

၂၃။ **အတ္ထိပစ္စည်း** သင်္ချာ'**တေရသ**'

ကု ← ကု ဗျာ သ၊ ပစ္ဆာ ကုဗျာ	**အကု** ← အကု ဗျာ သ၊ ပစ္ဆာ အကုဗျာ	**ဗျာ** ← ဗျာ သ၊ ပု၊ ပစ္ဆာ၊ ဟာ၊ ဣ ကု ပုရေဇာတ် အကု ပုရေဇာတ်

ကုဗျာ ← ကု သတ်-ပုတ် ဗျာ သ၊ ပစ္ဆာ၊ ဟာရ၊ ဣ	**အကုဗျာ** ← အကု သတ်-ပုတ် ဗျာ သ၊ ပစ္ဆာ၊ ဟာ၊ ဣန္ဒြိယ်

www.dhammadownload.com

ပဋ္ဌာဝါရ၌ အတ္ထိ ၉–မျိုးဟောသော်လည်း ပစ္စယနိဒ္ဒေသ၌ မကျဉ်းမကျယ်ဟောသော သာဝသေသဒေသနာဖြစ်သဖြင့် ၃–မျိုးသာ ဟောပါသည်။ (သာဝသေသ= အကြွင်းရှိ)

ပစ္စယနိဒ္ဒေသ အတ္ထိ ၃–မျိုးသည်
သဟဇာတတ္ထိ = သဟဇာတပစ္စည်း သုဒ္ဓသချာအတိုင်း၊
ဝတ္ထုပုရေဇာတတ္ထိ = ဝတ္ထုပုရေဇာတနိဿယပစ္စည်း သုဒ္ဓသချာအတိုင်း၊
အာရမ္မဏပုရေဇာတတ္ထိ = အာရမ္မဏပုရေဇာတပစ္စည်း သုဒ္ဓသချာအတိုင်း၊

၂၁။ **အတ္ထိပစ္စည်း သဘာဂ(၁၈)**

အတ္ထိပစ္စယာ ဟေတုယာ သတ္တ၊ အာရမ္မဏေ တီဏိ၊ အဓိပတိယာ အဋ္ဌ၊ သဟဇာတေ နဝ၊ အညမညေ တီဏိ၊ နိဿယေ တေရသ၊ ဥပနိဿယေ ဧကံ၊ ပုရေဇာတေ တီဏိ၊ ပစ္ဆာဇာတေ တီဏိ၊ ကမ္မေ သတ္တ၊ ဝိပါကေ ဧကံ၊ အာဟာရေ သတ္တ၊ ဣန္ဒြိယေ သတ္တ၊ ဈာနေ သတ္တ၊ မဂ္ဂေ သတ္တ၊ သမ္ပယုတ္တေ တီဏိ၊ ဝိပ္ပယုတ္တေ ပဉ္စ၊ အဝိဂတေ တေရသ။ (ပါ–၁၈၆)

အတ္ထိပစ္စယာ

ဟေ	အာ	ဓိ	သ	ည	နိ	ဥ	ပု	ပစ်	ကံ	ဝိ	ဟာ	ဣံ	ဈာ	မဂ်	သံ	ဝိပ်	**အဝိ**
၇	၃	၈	၉	၃	၁၃	၁	၃	၃	၇	၁	၇	၇	၇	၇	၃	၅	၁၃

အညမညနှင့်စပ်၍ အတ္ထိပစ္စည်းဟောမှု ၂–မျိုး

အတ္ထိပစ္စည်းတွင် အညမညနှင့် နအညမညဟူ၍ ၂–မျိုး ဟောပါသည်။
အညမညအတ္ထိ–
စတ္တာရော ခန္ဓာ အရူပိနော = နာမ်အချင်းချင်း ကျေးဇူးပြုပါသည်။
စတ္တာရော မဟာဘူတာ = မဟာဘုတ် ၄–ပါး ရုပ်အချင်းချင်း ကျေးဇူးပြုပါသည်။
ဩက္ကန္တိက္ခဏေ နာမရူပံ = ရုပ်၊ နာမ် အချင်းချင်း ကျေးဇူးပြုပါသည်။

နအညမညအတ္ထိ–
စိတ္တစေတသိကာ ဓမ္မာ .. ရူပါနံ = နာမ်ကရုပ်ကို ကျေးဇူးပြုပါသည်။ (ပဋ္ဌဝါဘုံ)
မဟာဘူတာ ဥပါဒါရူပါနံ = ရုပ်ကရုပ်ကို ကျေးဇူးပြုပါသည်။
စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ= ရုပ်ကနာမ်ကို ကျေးဇူးပြုပါသည်။

www.dhammadownload.com

အတ္ထိပစ္စည်းအရကောက်

(ပဥ္စဝါရ အတ္ထိ ၉–မျိုးဟောသော်လည်း ပစ္စယနိဒ္ဒေသ အတ္ထိ ၃–မျိုးကို တင်ပြပါသည်။)

သဟဇာတတ္ထိ

ပစ္စည်း(ကတ္တား)	ပစ္စယုပ္ပန်(သမ္ပဒါန်)	သဘာဂ(ကရိုဏ်း)	
စတ္တာရော ခန္ဓာ အရူပိနော	**အညမညံ**	 (ပြိုင်) ကြီး ၄၊ (ယ) ည၊ဝိ၊သံ၊	[illegible]
တစ်ပါးတစ်ပါးသော နာမက္ခန္ဓာ သုံးပါးသုံးပါးသော နာမက္ခန္ဓာ နှစ်ပါးနှစ်ပါးသော နာမက္ခန္ဓာ	သုံးပါးသုံးပါးသော နာမက္ခန္ဓာ တစ်ပါးတစ်ပါးသော နာမက္ခန္ဓာ နှစ်ပါးနှစ်ပါးသော နာမက္ခန္ဓာ		
စတ္တာရော မဟာဘူတာ	**အညမညံ**	 (ပြိုင်) ကြီး ၄၊ ည	
တစ်ပါးတစ်ပါးသော မဟာဘုတ် သုံးပါးသုံးပါးသော မဟာဘုတ် နှစ်ပါးနှစ်ပါးသော မဟာဘုတ်	သုံးပါးသုံးပါးသော မဟာဘုတ် တစ်ပါးတစ်ပါးသော မဟာဘုတ် နှစ်ပါးနှစ်ပါးသော မဟာဘုတ်		
ဩက္ကန္တိက္ခဏေ နာမရူပံ	**အညမညံ**	(ပြိုင်) ကြီး ၄၊ ည၊ဝိပ်	
ပဋိသန္ဓေနာမက္ခန္ဓာ၊ဟဒယဝတ္ထု	ပဋိသန္ဓေနာမက္ခန္ဓာ၊ ဟဒယဝတ္ထု		
စိတ္တစေတသိကာ ဓမ္မာ	**စိတ္တသမုဋ္ဌာနာနံ ရူပါနံ**	(ပြိုင်) ကြီး ၄၊ ဝိပ်၊	[illegible]
ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိ ၄၊ ဒွေပဉ္စ ၁၀၊ ရဟန္တာစုတိကြဉ်စိတ် ၇၅၊ စေ ၅၂	စိတ္တဇရုပ်		
မဟာဘူတာ	**ဥပါဒါ ရူပါနံ**	(ပြိုင်) ကြီး ၄	
မဟာဘုတ် ၄ ပါး	ဥပါဒါရုပ် ၂၄ ပါး		

ဝတ္ထုပုရေဇာတတ္ထိ

စက္ခာယတနံ	စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ	(ပြိုင်) ၆ နိ၊ ပု၊ ဣံ ဝိပ်၊ အတ်၊ အဝိ
မဇ္ဈိမာယုကဖြစ်၍အတီတဘဝင်နှင့်ဥပါဒ်ပြိုင်သော စက္ခုဝတ္ထု။ မရဏာသန္နခါ စုတိစိတ်မှပြန်၍ရေ ၁၇–ချက်မြောက်သောစိတ်နှင့် အတူဥပါဒ်သော စက္ခုဝတ္ထု၊	စက္ခုဝိညာဉ်ဒွေ၊ သဗ္ဗစိတ္တသာဓာရဏ စေ ၇-ခု	
**** သော၊ ဃာ၊ ဇိ၊ 'ကာယာယတနံ' ဆိုင်ရာတို့ကို နည်းမှီ၍ သိနိုင်ပါသည်။		

www.dhammadownload.com

အာရမ္မဏပုရေဇာတတ္တိ

ပစ္စည်း(ကတ္တား)	ပစ္စယုပ္ပန်(သမ္ပဒါန်)	(ကရိုဏ်း)
ရူပါယတနံ ॥ပ॥ ဖော	စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ॥ပ॥	၄ တစ်ပြိုင်နက်– အာ,ပု,အတ်,အဝိ
ပစ္စုပ္ပန် ရူပါရုံ ॥ပ॥ ပ,ဖော,ဝါ	စက္ခုဝိညာဉ်ဒွေး၊ သမ္ပဋိစ္ဆသာ.. စေ ၇ ॥ပ॥	
›››› (ထိုနည်းတူစွာ ကြွင်း သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗအာရုံများကို နည်းမှီ၍)		
ရူပါယတနံ၊ သဒ္ဒါ.၊ ဂန္ဓာ.၊ ရသာ.၊ ဖောဋ္ဌဗ္ဗာယတနံ၊	မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ၊	၄ တစ်ပြိုင်နက်– အာ,ပု, အတ်,အဝိ
ပစ္စုပ္ပန် ပဉ္စာရုံ	မနော ၃၊ ဆန္ဒ၊ပီ၊ဝီကြဉ် အညစေ ၁၀၊	
ယံ ရူပံ	နိဿာယ မနောဓာတု စ၊ မနောဝိညာဏဓာတု စ ဝတ္တန္တိ၊	(ပြိုင်.ယ ၈) အာ, မိ, နိ, ဥ, ပု ဝိပ်, အတ်, အဝိ
'ယံ ရူပံ'ဖြင့်.အနိယမအားဖြင့် ပဋ္ဌ..အစရှိ.. .. ဟဒယဝတ္ထု॥.	နိဿ.ဝတ္တန္တိ–ပဋ္ဌ.ဖြစ်အခါ အရူပိ ၄ကြဉ် ပ–ဘဝင်အစ. မနော ၃၊ မနောဝိ ၇၂၊ စေ ၅၂	
တံ ရူပံ	မနောဓာတုယာ စ မနောဝိညာဏ–ဓာတုယာ စ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ၊	
'တံ ရူပံ'ဖြင့်. နိယမအားဖြင့် ယံရူပံမှတ်ပြီး.ပဋ္ဌ..ဟဒယဝတ္ထု॥	မနောဓာတုယာ စ ဓမ္မာနံဖြင့်... မနော ၃၊ မနောဝိ ၇၂၊ စေ ၅၂	

အတ္တိပစ္စည်း ပစ္စယနိဒ္ဒေသပါဠိတော်

ပစ္စည်းတရား		ပစ္စယုပ္ပန်တရား	
စတ္တာရော ခန္ဓာ အရူပိနော		အညမည်	
စတ္တာရော မဟာဘူတာ	ဩက္ကန္တိက္ခဏေ နာမရူပံ	အညမည်[၂]	
စိတ္တ စေတသိကာဓမ္မာ	မဟာဘူတာ	စိတ္တသမုဋ္ဌာနာနံ ရူပါနံ	ဥပါဒါရူပါနံ
စက္ခာယတနံ ...(ပ) ကာယာယတနံ		စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ (ပ)	
ရူပါယတနံ ...(ပ) ဖောဋ္ဌဗ္ဗာယတနံ		॥	
ရူပါယတနံ .... ဖောဋ္ဌဗ္ဗာယတနံ		မနောဓာတုယာ ॥	
ယံ ရူပံ နိဿာယ		မနောဓာတု စ၊ မနောဝိညာဏဓာတု စ ဝတ္တန္တိ ×	
တံ ရူပံ		မနောဓာတုယာစ၊ မနောဝိညာဏဓာတုယာစ ॥	

www.dhammadownload.com

နှစ်ဆယ့်လေးသွယ်၊ ပဋ္ဌာန်းဝယ်၊ အဘယ်ပစ္စည်း၊ ကျယ်သနည်း။

အာရမ္မဏူပနိဿယ ကမ္မတ္ထိပစ္စယေသု စ သဗ္ဗေပိ ပစ္စယာ သမောဓာနံ ဂစ္ဆန္တိ။

* စိတ်, စေတသိက်တို့၏ အာရုံအဖြစ်သို့ မရောက်သော တစ်စုံတစ်ခုသောပစ္စည်း မည်သည် မရှိသောကြောင့်လည်းကောင်း၊
* မိမိတို့၏ဥစ္စာဖြစ်သော ပစ္စယုပ္ပန်တရား၏ အားကြီးသောမှီရာအကြောင်း၏အဖြစ်သို့ မရောက်သော တစ်စုံတစ်ခုသောပစ္စည်းမည်သည် မရှိသောကြောင့်လည်းကောင်း၊
* သင်္ခါရလောက၏ ဖြစ်ခြင်းသည် ကုသိုလ်,အကုသိုလ်ကံသာလျှင် အကြောင်းရင်း ရှိသောကြောင့် လောက ပဝတ္တိအကျိုး၌ အကြောင်း ကံသဘော၊ ကံအဖြစ်ကို မလွန်နိုင်သောကြောင့်လည်းကောင်း၊
* ထို ပစ္စည်းအားလုံးတို့သည် ပရမတ္ထအားဖြင့်ဖြစ်စေ, လောကသမုတိ၏အစွမ်း ဖြင့်ဖြစ်စေ, ထင်ရှားကုန်သည်သာဖြစ်သောကြောင့်လည်းကောင်း၊

အလုံးစုံသောပစ္စည်းတို့သည် အာရမ္မဏပစ္စည်း, ဥပနိဿယပစ္စည်း, ကမ္မပစ္စည်း, အတ္ထိပစ္စည်းတို့၌ ပေါင်းယှုနိုင်ခြင်းသို့ ရောက်ကုန်သောကြောင့် ယင်း ၄-ပစ္စည်းကို အရာကျယ်သည်ဟု ဖြေဆိုဆုံးဖြတ်တော်မူသည်။

[လက်သန်း အဋ္ဌကထာဆရာ မိန့်ဆိုသည့်အတိုင်း ကြီးသဲလေးထပ်ဆရာတော် ဖြေဆို၊]

အာ, ဥ, ကမ်, အတ်၊ လေးရပ် ဤတွင်၊ အကုန်ဝင်၊ ကုန်စင် ခွဲစိတ်ဖြာ။

နိဗ္ဗာန်သည် အတ္ထိပစ္စည်းမထိုက်ပုံ၊ နတ္ထိပစ္စည်း မထိုက်ပုံ

နိဗ္ဗာန်သည် မဂ်,ဖိုလ်စသည်တို့၏ အာရုံအားဖြင့် အသင်္ခတတရား၊ အမြဲနိစ္စ ထင်ရှားရှိနေသောတရား ဖြစ်၏။ ဥပါဒ် ဌီ ဘင်မှကင်းသဖြင့် ကာလဝိမုတ်တရား ဖြစ်၏။ အတ္ထိပစ္စည်းသည် ထင်ရှားရှိဆဲ ကျေးဇူးပြုသည်ဆိုရာ၌ ပစ္စယုပ္ပန္နဓမ္မ အား ထင်ရှားရှိ ဆဲသာဖြစ်ပြီး ဖြစ်မှုချုပ်မှုနှင့်ဆက်စပ်နေသော အနိစ္စတရား၊ သင်္ခတတရား၊ သပ္ပစ္စယ တရားသာဖြစ်ပါသည်။ နိဗ္ဗာန်သည် ဖြစ်မှုချုပ်မှုမရှိပဲ အမြဲထာဝရရှိနေသောတရား ဖြစ်၍ အတ္ထိပစ္စည်း မထိုက်ပါ။

နတ္ထိပစ္စည်းသည် ဖြစ်မှုချုပ်မှုနှင့်စပ်၍ ချုပ်သည့်အခါမှ မရှိသည်ဖြစ်၍ ပစ္စယုပ္ပန် နာမ်တရားတို့ကို ကျေးဇူးပြုခြင်းဖြစ်ရာ နိဗ္ဗာန်သည် အမြဲ နိစ္စရှိ၍ ချုပ်မှုမရှိသော တရားဖြစ်သဖြင့် နတ္ထိပစ္စည်းလည်း မထိုက်ပါ။

www.dhammadownload.com

(တစ်နည်း) ဥပါဒ်, ဌီ ဘင် ခဏငယ် ၃–ချက်နှင့်ယှဉ်သော သင်္ခတ, ရုပ်, နာမ်တရား တို့၏ ထင်ရှားမရှိသည်၏အဖြစ်ဖြင့် ကျေးဇူးပြုတတ်သည်၏အဖြစ်နှင့် ဆန့်ကျင်ဘက်လည်းဖြစ်သော၊ ကင်းကွာသည်၏အဖြစ်ဖြင့် ကျေးဇူးပြုတတ်သည်၏အဖြစ်နှင့် ဆန့်ကျင်ဘက်လည်းဖြစ်သော ကျေးဇူးပြုတတ်သည်၏အဖြစ်သည် အတ္ထိပစ္စယသတ္တိ အဝိဂတပစ္စယသတ္တိ မည်သောကြောင့် အသင်္ခတတရားဖြစ်သည့်အတွက် ဥပါဒ်, ဌီ, ဘင် ခဏငယ် ၃–ချက်နှင့်မယှဉ်သော(ကာလဝိမုတ်ဖြစ်သော) နိဗ္ဗာန်သည် (အတ္ထိသဘော အဝိဂတသဘော မရှိရကား) အတ္ထိပစ္စည်း၊ အဝိဂတပစ္စည်း မတပ်ပါ။

နိဗ္ဗာန်သည် အမြဲထင်ရှားရှိနေသောကြောင့် (တစ်နည်း) အသင်္ခတတရားဖြစ်သည့်အတွက် ဥပါဒ်, ဌီ, ဘင် ခဏငယ် ၃–ချက်နှင့်မယှဉ်သဖြင့် ကာလဝိမုတ်သာဖြစ်၍ အတ္ထိသဘော, အဝိဂတသဘော မရှိသောကြောင့် အတ္ထိပစ္စည်း, အဝိဂတပစ္စည်း မတပ်ပါ။

ဝိပ္ပယုတ္တပစ္စည်း၏အခြားမဲ့၌ အတ္ထိပစ္စည်း ဟောရခြင်း

သဟဇာတ, အညမည, နိဿယ, ဝိပ္ပယုတ္တပစ္စည်းစသည်(သဟဇာတတ္တိ)တို့ဖြင့် တစ်ခုသောခဏ၏ အစွမ်းအားဖြင့်လည်းကောင်း၊ တစ်ခုသောဝီထိ၏ အစွမ်းအားဖြင့်လည်းကောင်း ကျေးဇူးပြုကြကုန်သလော၊ ထိုမှတစ်ပါး ပုရေဇာတ, ပစ္ဆာဇာတ, ဝိပ္ပယုတ္တပစ္စည်းစသည်အစွမ်းအားဖြင့် အာရမ္မဏပုရေဇာတတ္တိ၊ ဝတ္ထုပုရေဇာတတ္တိ၊ ပစ္ဆာဇာတတ္တိ၊ ရုပ်အာဟာရတ္တိ၊ ရူပဇီဝိတိန္ဒြိယတ္တိစ္စည်း စသည်(ပဋ္ဌာဝါရတွင် အတ္ထိ ၉–မျိုး)တို့ဖြင့် အထူးထူးသောခဏ၏အစွမ်းအားဖြင့်လည်းကောင်း၊ အထူးထူးသော ဝီထိ၏အစွမ်းအားဖြင့်လည်းကောင်း ကျေးဇူးပြုကြကုန်သလောဟူသော ယုံမှားသက်ာကို ပယ်ဖျောက်လိုသောကြောင့် ဝိပ္ပယုတ္တပစ္စည်း၏ အခြားမဲ့၌ အတ္ထိပစ္စည်းကို ဟောတော်မူပါသည်။

အဓိပ္ပါယ်ကား–

အတူတကွဖြစ်သောသဟဇာတမျိုးဖြင့် ပစ္စည်း,ပစ္စယုပ္ပန် နာမ်တရား,ရုပ်တရားများသည် သမ္ပယုတ္တသဘော၊ ဝိပ္ပယုတ္တသဘောကို(ယုဂဠပစ္စယ) ဟောတော်မူပြီးနောက် အထူးထူးသော မျိုးပစ္စည်းများ [၈–ပစ္စည်း၊ ၉–မျိုး(မိဿကအပါအဝင် ၁၂–မျိုး)] မှ (အတ္ထိ–နတ္ထိ ယုဂဠပစ္စယ မှ)အတ္ထိမျိုးများ၏ ကျေးဇူးပြုပုံကို ဟောတော်မူပါသည်။

[အတ္ထိပစ္စည်းဟောမှုကို မိမိအနေဖြင့်(ကုသိုလ်ရည်မှန်း)ပူဇော်ခြင်းဖြစ်၍ မသင့်မြင်သော် ပြင်တော်မူပါရန်၊]

www.dhammadownload.com

ပစ္စည်း ၅–မျိုး အတ္ထိ, အဝိဂတ အမည်ရခြင်း

အရှင်အနုရုဒ္ဓါမထေရ်သည် 'အဘိဓမ္မတ္ထသင်္ဂဟ'ကျမ်း၌–

သဟဇာတံ ပုရေဇာတံ၊ ပစ္ဆာဇာတဉ္စ သဗ္ဗထာ။
ကဗဠီကာရော အာဟာရော၊ ရူပဇီဝိတ မိစ္စယန္တိ။
ပဉ္စဝိဓော ဟောတိ အတ္ထိပစ္စယော၊ အဝိဂတပစ္စယော စ။

အတ္ထိပစ္စည်း, အဝိဂတပစ္စည်းသည်–
သဟဇာတတ္ထိ, ပုရေဇာတတ္ထိ, ပစ္ဆာဇာတတ္ထိ, ရူပအာဟာရတ္ထိ, ရူပဇီဝိတိန္ဒြိယတ္ထိ ဟူ၍ ၅–ပါးအပြား ရှိ၏–ဟူ၍ ဖွင့်ဆိုထားပါသည်။

၁။ သဟဇာတတ္ထိ

အတူတကွဖြစ်ပြီး ရှိနေဆဲသောအခါ၊ အကြောင်းတရားနှင့် အကျိုးတရားသည် ပြိုင်တူဖြစ် (born together)အတူတကွမွေးဖွားလာပြီး နှစ်ပါးလုံးထင်ရှားရှိနေခိုက်မှာ ကျေးဇူးပြုနေခြင်း ဖြစ်ပါသည်။

၂။ ပုရေဇာတတ္ထိ

အကြောင်းတရား(ရုပ်ဓမ္မ)က ကြိုတင်ဖြစ်နှင့်ပြီး(born earlier)မှ မိမိရှိနေခိုက်မှာ နောက်ကဖြစ်သော(နာမ်ဓမ္မ)အကျိုးတရားကို နှစ်ပါးလုံးထင်ရှားရှိနေခိုက်မှာ ကျေးဇူးပြုနေခြင်း ဖြစ်ပါသည်။ (အကြောင်း–ရုပ်–အရင်ဖြစ်၊ အကျိုး–နာမ်–နောက်ဖြစ်)

၃။ ပစ္ဆာဇာတတ္ထိ

အကြောင်းတရား(နာမ်ဓမ္မ)က နောက်မှဖြစ်လာပြီး၊ အကျိုးတရား(ရုပ်ဓမ္မ)ကကြိုတင်ဖြစ်နှင့်ပြီး(born earlier)၊ အကြောင်းနှင့်အကျိုး နှစ်ပါးလုံးထင်ရှားရှိနေခိုက်မှာသာ ကျေးဇူးပြုနေခြင်း ဖြစ်ပါသည်။ (အကြောင်း–နာမ်–နောက်ဖြစ်၊ အကျိုး–ရုပ်–အရင်ဖြစ်)

၄။ ရူပအာဟာရတ္ထိ

ရုပ်ကလာပ် ၂၁–စည်းရှိရာ ဩဇာတစ်ခုသည် မိမိနှင့်ကလာပ်တူရုပ်များ၊ အခြားကလာပ်အားလုံးရှိရုပ်တို့ကို ရူပအာဟာရတ္ထိသတ္တိဖြင့် ထောက်ပံ့ခိုင်ခန့်အောင်ပြုပါသည်။ ကာဗဠီကာရအာဟာရဆိုသည့် အစာအာဟာရ(ရုပ်ဓမ္မ)နှင့် ပတ်သက်သော ဩဇာရုပ်သည် ၎င်းတို့နှစ်ပါးလုံးထင်ရှားရှိနေခိုက်မှာသာ ကျေးဇူးပြုနေခြင်း ဖြစ်ပါသည်။

www.dhammadownload.com

၅။ ရူပဇီဝိတိန္ဒြိယတ္ထိ

ကမ္မဇရုပ်တို့၏အသက်ဟုခေါ်သော ရုပ်ဇီဝိတိန္ဒြေသည် ကလာပ်တူကမ္မဇရုပ်တို့အား နှစ်ပါးလုံးထင်ရှားရှိနေခိုက်မှာသာ ကျေးဇူးပြုနေခြင်း ဖြစ်ပါသည်။

အတ္ထိပစ္စယော–ဆိုသည်မှာ ပစ္စုပ္ပန်ခဏ တကယ်ထင်ရှားရှိနေသော အခိုက်အတန့်မှာ (အကြောင်းတရားလည်း ထင်ရှားရှိနေ၊ အကျိုးပြုရမည့်တရားလည်း ထင်ရှားရှိနေ) အကျိုးတရားကို အထောက်အကူပြုနေခြင်းသည် အတ္ထိပစ္စည်း ဖြစ်ပါသည်။

ပစ္စယနိဒ္ဒေသ အတ္ထိပစ္စည်း ကျေးဇူးပြုပုံ ၇–ပိုင်း

ကျေးဇူးပြုပုံ ၇–ပိုင်းတွင် ၁ မှ ၅ သည် **သဟဇာတ** အစဉ်း **၅**–ချက်နှင့် တူပြီး၊ ၆– အာယတန(ဝတ္ထုပုရေဇာတတ္ထိ၊ အာရမ္မဏပုရေဇာတတ္ထိ)နှင့်၊ ၇– ဟဒယဝတ္ထု ဆိုင်ရာ တို့ဖြစ်ပါသည်။

၁။ စတ္တာရော ခန္ဓာ အရူပိနော အညမည်– **နာမ် ⇆ နာမ်**

နာမက္ခန္ဓာ ၄–ပါး အချင်းချင်း အပြန်အလှန် အတူတကွဖြစ်၍ ဤကျေးဇူးပြုမှု သည် 'အညမည်'အရ အချင်းချင်း(ကုသိုလ်ချင်း၊ ကုသိုလ်ချင်းစသည်) အပြန်အလှန် ဖြစ်ကြပါသည်။ အကြောင်း ခန္ဓာ(၁/၃/၂)တို့ဖြစ်သည်နှင့်တစ်ပြိုင်နက် အကျိုးခန္ဓာ (၃/၁/၂)တို့သည် ဖြစ်ရပါသည်။ (စာ–၉၀)

၂။ စတ္တာရော မဟာဘူတာ အညမည်– **ရုပ် ⇆ ရုပ်၊**

မဟာဘုတ် ၄–ပါး အချင်းချင်း အပြန်အလှန် အတူတကွဖြစ်ပြီး တစ်ပါးနှင့်တစ်ပါး အပြန်အလှန် အားထားမှီတွယ် အချင်းချင်းအတူတကွ ကျေးဇူးပြုလျက်ရှိပါသည်။ အနည်းဆုံး အဝိနိဗ္ဘောဂရုပ် ၈–ပါး အတူတကွဖြစ်ပြီး မဟာဘုတ် ၄–ပါးတို့သည်လည်း အချင်းချင်း(**မဟာဘုတ်အချင်းချင်း**)အပြန်အလှန် အကြောင်း မဟာဘုတ်(၁/၃/၂) ဖြစ်သည်နှင့်တစ်ပြိုက်နက် အကျိုးမဟာဘုတ်(၃/၁/၂)တို့သည် ဖြစ်ရပါသည်။

၃။ ဩက္ကန္တိက္ခဏေ နာမရူပံ အညမည်– **နာမ် ⇆ ရုပ်**

ပဉ္စဝေါကာရ ပဋိသန္ဓေစိတ်နှင့်ဟဒယဝတ္ထုတို့ အချင်းချင်းအပြန်အလှန် အတူတကွ ဖြစ်ပြီး ပထမဆုံးဖြစ်သော ပဋိသန္ဓေနာမက္ခန္ဓာသည် ဟဒယဝတ္ထုကို မှီ၍ အချင်းချင်း အပြန်အလှန် အတူတကွ ဖြစ်ပါသည်။ (ဤ နာမ် ⇆ ရုပ် ကျေးဇူးပြုမှုသည် **ပဋိသန္ဓေအခါ–စိတ္တဇရုပ်မဖြစ်နိုင်သေးသောအခါ၌သာ** ကျေးဇူးပြုမှု ဖြစ်ပါသည်။)

'အညမည'သည် အထက်ပါ ၃–ချက်တွင်ရပြီး၊ အောက်ပါ ၂–ချက်တွင် မရပါ။

www.dhammadownload.com

၄။ စိတ္တစေတသိကာ ဓမ္မာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ- နာမ် → ရုပ်

ပဋ္ဌဝေါကာရဘုံ၌ (ပဋိသန္ဓေနောက်ဖြစ်သော)ပဝတ္တိအခါ၌ စိတ်,စေတသိက်တရားနှင့် စိတ္တဇရုပ်တို့ အတူတကွဖြစ်ခြင်း၊ ပဝတ္တိအခါ နာမ်ကသာ စိတ္တဇရုပ်ကို ကျေးဇူးပြုပါသည်။ စိတ္တဇရုပ်က နာမ်ကို အပြန်အလှန်ကျေးဇူးမပြုနိုင်သောကြောင့် 'အညမည' မရသဖြင့် သီးခြားဟောထားမှု ဖြစ်ပါသည်။

၅။ မဟာဘူတာ ဥပါဒါ ရူပါနံ- ရုပ် → ရုပ်

မဟာဘုတ်နှင့် ဥပါဒါရုပ်တို့ အတူတကွဖြစ်ပြီး မဟာဘုတ် ၄-ပါးက အတူဖြစ်သောဥပါဒါရုပ်ကို ကျေးဇူးပြုပါသည်။ ဥပါဒါရုပ်က မဟာဘုတ်ကို အပြန်အလှန် ကျေးဇူးမပြုနိုင်သောကြောင့် 'အညမည'မရသဖြင့် သီးခြားဟောထားမှု ဖြစ်ပါသည်။

၆။ စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ ရုပ် → နာမ်
တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ- (ပ)-။

စက္ခုဝတ္ထု, သောတ, ဃာန, ဇိ, ကာယဝတ္ထုဟူသော အာယတနတို့သည် ရှေ့ကဖြစ်နှင့်၍ တည်ရာ,မှီရာအဖြစ် သတ္တဝါတို့အသက်ရှင်ဆဲ ပဝတ္တိကာလတွင် စက္ခုဝိညာဏဓာတ် စသည်တို့အား ဝတ္ထုပုရေဇာတတ္ထိပစ္စည်းဖြင့် ကျေးဇူးပြုခြင်းဖြစ်ပါသည်။ အကြောင်းဖြစ်သော စက္ခာယတနရုပ်စသည်က ကြိုတင်ဖြစ်နှင့်ပြီး(born earlier)မှ မိမိရှိနေခိုက်မှာ နောက်ကဖြစ်သော စက္ခုဝိညာဏဓာတ်စသည် အကျိုးတရားကို နှစ်ပါးလုံး ထင်ရှားရှိနေခိုက်မှာ ကျေးဇူးပြုနေခြင်း ဖြစ်ပါသည်။

ရူပါယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ- (ပ)-။

မျက်စိကမြင်ရသော အဆင်းအာရုံ ရူပါရုံစသည် အာရုံရုပ် အာယတနတို့သည် ရှေ့ကဖြစ်နှင့်၍ စက္ခုဝိညာဏဓာတ်စသည်တို့အား အာရမ္မဏပုရေဇာတတ္ထိပစ္စည်းဖြင့် အကြောင်းနှင့်အကျိုး နှစ်ပါးလုံးထင်ရှားရှိနေခိုက်မှာသာ ကျေးဇူးပြုနေခြင်း ဖြစ်ပါသည်။

ရူပါယတနံ သဒ္ဒါယတနံ ဂန္ဓာယတနံ ရသာယတနံ ဖောဋ္ဌဗ္ဗာယတနံ
မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ- ။

'ရူပါယတနံ၊ သဒ္ဒါယတနံ၊ ဂန္ဓာယတနံ၊ ရသာယတနံ၊ ဖောဋ္ဌဗ္ဗာယတနံ'ဟူသော ပစ္စုပ္ပန်ပဉ္စာရုံပစ္စည်းတရားသည် မနောဓာတ် နာမက္ခန္ဓာပစ္စယုပ္ပန်တရားကို အာရမ္မဏ- ပုရေဇာတတ္ထိပစ္စည်းဖြင့် အကြောင်းနှင့်အကျိုး နှစ်ပါးလုံးထင်ရှားရှိနေခိုက်မှာ ကျေးဇူးပြုနေခြင်းဖြစ်ပါသည်။

www.dhammadownload.com

ရုပ် → နာမ်

၇။ ယံ ရူပံ နိဿာယ မနောဓာတု စ၊
မနောဝိညာဏဓာတု စ ဝတ္တန္တိ၊
တံ ရူပံ မနောဓာတုယာ စ မနောဝိညာဏဓာတုယာ စ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ–

အကြင် ဟဒယဝတ္ထုရုပ်ကို အမှီပြု၍ မနောဓာတ်, မနောဝိညာဏဓာတ်တို့သည် ဖြစ်ပေါ်လာကြကုန်၏။ ထို ဟဒယဝတ္ထုရုပ်သည် မနောဓာတ်, မနောဝိညာဏဓာတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားကို (ဝတ္ထုရုမ္ဘဏ)ပုရေဇာတတ္ထိပစ္စည်းဖြင့် အကြောင်းနှင့် အကျိုး နှစ်ပါးလုံးထင်ရှားရှိနေခိုက်မှာ ကျေးဇူးပြုနေခြင်း ဖြစ်ပါသည်။

ပစ္ဆာဇာတပစ္စည်းတွင် အတ္ထိပစ္စည်းဟောမှု

ပစ္ဆာဇာတပစ္စည်းတွင် အတ္ထိပစ္စည်းဟောမှုသည် ထင်ရှားမရှိပါဘဲနှင့် ကျေးဇူးပြုနေသလားဟု– ထို ယုံမှားသံသယကို ပယ်ဖျောက်လိုသောကြောင့် ဟောတော်မူပါသည်။ အကြောင်းတရား နောက်မှဖြစ်ပြီး၊ အကျိုးတရားက အရင်ဖြစ်နှင့်နေပါသည်။ လူအများနားလည်နေကြသည်မှာ အကြောင်းကြောင့် အကျိုးဖြစ်၊ အကြောင်းရှိမှ အကျိုးရှိ၊ ထို့ကြောင့် အကြောင်းတရားက အရင်ဖြစ်ပြီးမှ အကျိုးတရား(နောက်က)ဖြစ်သည်–သဘော မှတ်ယူကြပါသည်။ တစ်ဖန် ပဋ္ဌာန်းပစ္စည်း အကြောင်း,အကျိုး ကျေးဇူးပြုမှုများတွင်လည်း အကြောင်းကအရင်ဖြစ် အကျိုးကနောက်မှဖြစ်၊ အကြောင်းနှင့်အကျိုး အတူတကွ(တစ်ပြိုင်နက်)ဖြစ်မှုများသာ များပါသည်။

ပစ္ဆာဇာတပစ္စည်းတွင် ရှေးရှေးစိတ်တို့နှင့်အတူဖြစ်လာသောရုပ်တရားတို့ သက်တမ်းပြည့်ရှင်သန်နိုင်အောင် နောက်နောက်စိတ်တို့ကလည်း စဉ်ဆက်မပြတ် ကျေးဇူးပြုပေသည်။ ရှေးရှေးစိတ်တို့နှင့်အတူ(အရင်) ဖြစ်ထားနှင့်သောရုပ်တရားက အကျိုး–ပစ္စယုပ္ပန်တရားဖြစ်ပြီး၊ နောက်နောက်စိတ်တို့က အထောက်အပံ့ပေးနေသော အကြောင်း–ပစ္စည်းအဖြစ်(ထူးဆန်းစွာ) 'ပစ္ဆာဇာတသတ္တိ'ဖြင့် ကျေးဇူးပြုပါသည်။

အကြောင်းတရား(နာမ်ဓမ္မ)က နောက်မှဖြစ်လာပြီး၊ အကျိုးတရား(ရုပ်ဓမ္မ)ကကြိုတင်ဖြစ်နှင့်ပြီး(born earlier)၊ အကြောင်းနှင့်အကျိုး နှစ်ပါးလုံးထင်ရှားရှိနေခိုက်မှာသာ ကျေးဇူးပြုနေခြင်း ဖြစ်ပါသည်။

အကြောင်းအကျိုးသဘာဝတရားတို့ကို ဖြစ်ပေါ်လာသည့် အချိန်ပိုင်းနှင့်ကန့်သတ်ပြီး အထင်အရှားရှိနေခိုက်မှာကျေးဇူးပြု၍ 'အတ္ထိပစ္စည်း'၊ မကင်းကွာခင်အထိကျေးဇူးပြု၍ 'အဝိဂတပစ္စည်း'တို့ဖြင့်လည်း ကျေးဇူးပြုပါသည်။

www.dhammadownload.com

ပစ္ဆာဇာတပစ္စည်းတွင် အကျိုးတရားထက် အကြောင်းတရားကနောက်မှဖြစ်ခြင်းသည် အဖေအမေထက် သားသမီးကအရင်ဖြစ်နှင့်သလား၊ အဓိပ္ပါယ်မျိုးဆိုလိုရင်း မဟုတ်ပါ။ အကြောင်းနှင့်အကျိုး အပြန်အလှန်အထောက်အကူပြုမှုကိုဟောသော ထူးဆန်းသော ပစ္စည်း ဖြစ်ပါသည်။ ဖြစ်စေမှု, တည်တံ့စေမှုတို့တွင် တည်တံ့စေမှုဖြင့် ကျေးဇူးပြု ပါသည်။

ရေးကပေါက်နှင့်ပြီးသော အင်ကြင်းပင်ငယ်တို့ကို နောက်မှရွာသောမိုးရေတို့က စည်ပင်ကြီးပွားအောင်ကျေးဇူးပြုသကဲ့သို့၊ ရေးကဖြစ်နှင့်ပြီးသော 'ဌီ'အနေနှင့်ထင်ရှားသောပစ္ဆယုပ္ပန် စတုသမုဋ္ဌာနိကရုပ်များကို နောက်မှဖြစ်သောပစ္စည်း(စိတ်,စေတသိက်) နာမ်တရားတို့က အဆင့်ဆင့် စည်ပင်ကြီးပွားစေပြီး သေသည့်တိုင်ထောက်ပံ့ကူညီသောသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ရုပ်အာဟာရတ္ထိပစ္စည်းတွင် အတ္ထိပစ္စည်းဟောမှု

ကလာပ် ၂၁-စည်းရှိရာ ဩဇာတစ်ခုသည် မိမိနှင့်ကလာပ်တူရုပ်များ၊ အခြားကလာပ် အားလုံးရှိရုပ်အားလုံးကို အာဟာရတ္ထိသတ္တိဖြင့် ထောက်ပံ့ ခိုင်ခန့်အောင်ပြုပါသည်။ ကာဗဠီကာရအာဟာရဆိုသည့် အစာအာဟာရ(ရုပ်ဓမ္မ)နှင့် ပတ်သက်သော ဩဇာရုပ်သည် နှစ်ပါးလုံးထင်ရှားရှိနေခိုက်မှာသာ ကျေးဇူးပြုနေခြင်း ဖြစ်ပါသည်။

အဝိနိဗ္ဘောဂရုပ်(တစ်ခုစီတစ်ခုစီ သီးသီးခြားခြား ခွဲခြား၍မရကောင်းသောရုပ်)၊

ရုပ်တရားကို ရုပ်ကလာပ်များဖြင့်ဖွဲ့စည်းထားပါသည်။ ရုပ်ကလာပ်တိုင်းတွင်လည်း အဝိနိဗ္ဘောဂရုပ် ၈-ပါးပါဝင်ပါသည်။ ထိုအဝိနိဗ္ဘောဂရုပ်ကို တစ်ခုစီခွဲခြားလိုက်လျှင် ရုပ်တရားအဖြစ် မစွမ်းဆောင်နိုင်တော့ပါ(ရုပ်မမည်တော့ပါ)။ ရုပ်တိုင်းရုပ်တိုင်းတွင်ရှိသော ထိုအဝိနိဗ္ဘောဂရုပ်တွင်လည်း ဩဇာရုပ်ပါဝင်ပါသည်။ ဩဇာ (ဩ-မိမိဖြစ်ပြီးနောက်၊ ဇ-ဖြစ်စေ)သည် အမည်အမျိုးမျိုးမှည့်ထားသော သက်ရှိ/သက်မဲ့၊ အဇ္ဈတ္တ/ဗဟိဒ္ဓရုပ် တို့တွင် ရှိနေပါသည်။ ထို့ကြောင့် ဩဇာရုပ်၊ အဝိနိဗ္ဘောဂရုပ်နှင့် ရုပ်တရားတို့၏ ဆက်စပ်မှုကို သိမြင်နိုင်ပါသည်။

စတုသမုဋ္ဌာနိကဩဇာသည် အာဟာရ မည်ပါသည်။ စတုသမုဋ္ဌာနိကဩဇာသည် အလုတ်အလွေးပြု၍မျိုအပ်သည့် ခဲဘွယ်ဘောဇဉ်လျှင်တည်ရာရှိသဖြင့် 'ကဗဠီကာရာဟာရ' အရ စတုသမုဋ္ဌာနိကဩဇာကို ကောက်ယူရပါသည်။

'အာဟာရပစ္စယော'သည် မိမိ-ဩဇာရုပ်ရှိနေသည့်(ဌီ)အခိုက် 'အတ္ထိ'၊ မိမိနှင့်မကင်း ကွာမီအချိန်တွင်းမှာ 'အဝိဂတ'သတ္တိတို့ဖြင့်လည်း ထောက်ပံ့သမှု ကျေးဇူးပြုပါသည်။

www.dhammadownload.com

ရုပ်ဇီဝိတိန္ဒြိယတ္ထိတွင် အတ္ထိပစ္စည်းဟောမှု

သတ္တဝါတို့၏သန္တာန်၌ အတိတ်ကံကြောင့် ကမ္မဇရုပ်များဖြစ်ကြရာ ထိုရုပ်များ အသက်ရှည်တည်တံ့နေအောင် အစိုးတရစောင့်ရှောက်သောအားဖြင့် ကျေးဇူးပြုပါသည်။ ပဝတ္တိ၊ ပဋိသန္ဓေအခါ မိမိနှင့်အတူဖြစ်သော ကမ္မဇကလာပ်များ၏ အသက်ရှင်မှု၊ အစဉ်မပြတ်ဆက်လက်ဖြစ်ပွားစေရန် စောင့်ရှောက်မှုကိစ္စအားဖြင့် ကျေးဇူးပြုခြင်းသည် **ရူပဇီဝိတိန္ဒြိယ**ပစ္စည်း၏သတ္တိ ဖြစ်ပါသည်။

ဥပမာ– ကြာရိုး၌ရှိသောရေသည် ကြာကိုစောင့်ရှောက်သကဲ့သို့ ရုပ်ဇီဝိတိန္ဒြေသည် မိမိနှင့်ကလာပ်တူ ကမ္မဇရုပ်တို့ကို စောင့်ရှောက်ခြင်း၊ အစိုးရခြင်းလက္ခဏာဖြစ်သော အနုပါလနသတ္တိ ရှိပါသည်။

ကမ္မဇရုပ်တို့၏အသက်ဟုခေါ်သော ရုပ်ဇီဝိတိန္ဒြေသည် ကလာပ်တူကမ္မဇရုပ်တို့အား နှစ်ပါးလုံးထင်ရှားရှိနေခိုက်မှာသာ ကျေးဇူးပြုနေခြင်း ဖြစ်ပါသည်။

အာဟာရဇရုပ်စသည်နှင့် ကမ္မဇရုပ်တို့ကို စောင့်ရှောက်ပုံ ဥပမာ

* အာဟာရဇစသည်ရုပ်များသည် အာဟာရဇစသည်ဖြစ်သောခဏ၌ ထင်ရှား၍ **'အမိ' ထင်ရှားရှိ**သည်နှင့် တူပါသည်။
* ကမ္မဇရုပ်ထင်ရှားဖြစ်သောခဏ၌ ကံသည်ထင်ရှားမရှိတော့၍ 'ဌီကာလ'တစ်လျှောက်လုံး 'ဇီဝိတ'က စောင့်ရှောက်ထားရသဖြင့် **'နို့ထိန်း၏စောင့်ရှောက်မှု'**နှင့် တူပါသည်။

အတ္ထိပစ္စယော–ဆိုသည်မှာ ပစ္စုပ္ပန်ခဏ တကယ်ထင်ရှားရှိနေသော အခိုက်အတန့်မှာ (အကြောင်းတရားလည်း ထင်ရှားရှိနေ၊ အကျိုးပြုရမည့်တရားလည်း ထင်ရှားရှိနေ) အကျိုးတရားကို အထောက်အကူပြုနေခြင်းသည် အတ္ထိပစ္စည်း ဖြစ်ပါသည်။

ရုပ်သက်သက် ဝိပဿနာရှုမှတ်မှု

စတ္တာရော မဟာဘူတာ အညမည်–

ပထဝီ, အာပေါ, တေဇော, ဝါယော–ဟူသော မဟာဘုတ် ၄–ပါးတို့သည် တစ်ပါးနှင့်တစ်ပါး အားထားမှီတွယ် အချင်းချင်းအတူတကွ ကျေးဇူးပြုလျက်ရှိပါသည်။ မြေဖြင့်ပြုလုပ်ထားသော အရုပ်ကလေးတစ်ခု ဥပမာ– မြေမှုန့်သက်သက်ထားလျှင် လေတိုက်သဖြင့် လွင့်မသွားအောင်ရေဖြင့်ဆွတ်ဖျန်းပေးပြီး၊ မြေနှင့်ရေလုံးထွေးမိအောင် စုတေပေးကာ၊ စိုစိုဖတ်ဖတ်မနေအောင် နေပူလှမ်းပေးရပါသည်။ ထိုသို့ မြေခတ်၊

www.dhammadownload.com

ရေဓာတ်၊ လုံးထွေးမိအောင်ပြုပေးတတ်သောလေဓာတ်၊ အပူဟူသောမီးဓာတ်တို့ဖြင့် သင့်တင့်ညီမျှနေမှသာ အရုပ်ကလေး တင့်တယ်ကောင်းမွန်နေပါမည်။ ထို့အတူပင် မိမိတို့ခန္ဓာကိုယ်၌လည်း မည်သည့်ဓာတ်က အဓိကကျသည်ဟုမဆိုလို၊ မဟာဘုတ် ၄-ပါးတို့သည်လည်း အချင်းချင်း(မဟာဘုတ်အချင်းချင်း)အပြန်အလှန် အကြောင်း မဟာဘုတ်(၁/၃/၂)ဖြစ်သည်နှင့်တစ်ပြိုက်နက် အကျိုးမဟာဘုတ်(၃/၁/၂)တို့သည် ဖြစ်ရပါသည်။ အကြောင်း ပထဝီဓာတ်ဖြစ်ချိန်တွင် အကျိုးတရား အာပေါ, တေဇော, ဝါယောဓာတ်တို့သည် အတူတကွ ဖြစ်ရပါသည်။ ပထဝီစသည် တစ်ခုတည်းဖြင့် ရုပ်ကလာပ်တစ်ခု မဖြစ်နိုင်ပါ။ အနည်းဆုံး အဝိနိဗ္ဘောဂရုပ် ၈-ပါး အတူတကွဖြစ် ရပါသည်။

ပထဝီ မိမိနှင့် အတူတကွဖြစ်ကုန်သော ရုပ်ကလာပ်တို့၏ တည်ရာ, မှီရာဖြစ်သောကြောင့် 'ပထဝီ' မည်၏။

ပထဝီသည်သာလျှင် မိမိ၏လက္ခဏာကို ဆောင်ခြင်းအစရှိသောအနက်ကြောင့်လည်းကောင်း၊ သတ္တလည်းမဟုတ် ဇီဝလည်းမဟုတ်သောအနက်ကြောင့်လည်းကောင်း၊ ကိုယ်၏အစိတ်ဖြစ်သော သွေး အစရှိသော ဓာတ်, ဆေးဒန်း, မြင်းသီလာအစရှိသော ကျောက်ဖြစ်သောဓာတ်နှင့်တူသည်၏ အဖြစ်ကြောင့်လည်းကောင်း ဓာတ်လည်းမည်သောကြောင့် 'ပထဝီဓာတ်' မည်၏။ [ကြွင်းမဟာဘုတ်များ နည်းတူ၊]

လက္ခဏာ- ခက်မာခြင်း 'ကက္ခဠလက္ခဏာ' ရှိ၏။ [မာ၊ ပျော့၊]

အာပေါ မိမိနှင့် အတူတကွဖြစ်ကုန်သော ရုပ်ကလာပ်တို့ကို ပျံ့နှံ့တတ်, ပွားစေတတ်သောကြောင့် 'အာပေါ' မည်၏။

လက္ခဏာ- ပျောင်းအိဖွဲ့စေးခြင်း 'အာဗန္ဓနလက္ခဏာ' ရှိ၏။ [ဖွဲ့၊ ယို]

တေဇော ကြွင်းသော ဘုတ် ၃-ပါးအပေါင်းကို ရင့်ကျက်စေတတ်, ထက်စေတတ်, ပူစေတတ်, နူးညံ့စေတတ်သောကြောင့် 'တေဇော' မည်၏။

လက္ခဏာ- ပူသည်၏အဖြစ် 'ဥဏှတ္တလက္ခဏာ' ရှိ၏။ [ပူ၊ အေး]

ဝါယော ရုပ်အစု, ဘုတ်အစုတို့ကို တည်မြဲတိုင်းသောအရပ်မှ အခြားတစ်ပါးသော အရပ်သို့ ရောက်အောင် တိုက်လွှင့်တတ်သောကြောင့် 'ဝါယော' မည်၏။

လက္ခဏာ- ထောက်ပံ့နိုင်စံ့ခြင်း 'ဝိတ္ထမ္ဘနလက္ခဏာ' ရှိ၏။ [တွန်း၊ ရွေ့]

| ခက်မာ, ဖွဲ့စေး, ပူအေး, ထောက်ကန် ဤလေးတန် မှတ်ရန် လက္ခဏာ။ |

www.dhammadownload.com

ဓာတ်လေးပါးတို့တွင် ပထဝီဓာတ်စသည်ကို ဉာဏ်ဖြင့်ခွဲခြားလျက် သိမြင်ပြီးလျှင် ကောဋ္ဌာသ ၄၂-ပါးတို့၌ 'ခက်မာ ကြမ်းတမ်းခြင်းသဘောသည် ပထဝီဓာတ်တည်း' စသည်ဖြင့် ဓာတ်ကြီး ၄-ပါးတို့ကို သိမ်းဆည်း၍ "ဤသဘောတို့သည် ဓာတ်သဘောမျှသာဖြစ်ချေ၏ သတ္တဝါမဟုတ်"ဟု အဖန်ဖန်နှလုံးသွင်း ရှုမှတ်ရပါမည်။ ရုပ်,နာမ်ဓမ္မ ပရမတ္ထ သဘောမျှသာဖြစ်ပြီး ပုဂ္ဂိုလ်, သတ္တဝါ, သူ, ငါမနော တရားသဘောမျှသာ ထင်ရှားရှိကြောင်း သိရပါသည်။ **ရုပ်,နာမ်ဓမ္မကို ပိုင်းခြားသိရသဖြင့် သက္ကာယဒိဋ္ဌိ ပြုတ်ပါသည်**။ ဝိသုဒ္ဓိမဂ်၌လည်း နာမရူပ ပရိစ္ဆေဒဉာဏ်-ဟုခေါ်သော နာမ်နှင့်ရုပ်ကို ပိုင်းခြားသိလျှင် သက္ကာယဒိဋ္ဌိ ပြုတ်သည်ဟု ဟောပါသည်။

? အတ္တိပစ္စည်း၏ ကျေးဇူးပြုပုံကို သိနားလည်ပြီး လောဘစသည် ကင်းပျောက်အောင်မည်သို့ ဆင်ခြင်သင့်ပါသနည်း။

ရုပ်နာမ်တရားတို့သည် ပစ္စုပ္ပန်အနေအားဖြင့် ထင်ရှားရှိဆဲ၌ တစ်ခုနှင့်တစ်ခု ဖွဲ့စပ်၍ ကျေးဇူးပြုထားခြင်းကြောင့် အထူးထူးသောနိမိတ်သဏ္ဌာန် ဟန်ပန်ပုံပန်း အဆန်းတကျယ် ဖြစ်နေကြ၏။ ထိုရုပ်နာမ်တရားတို့၏ အစဉ်ဖြစ်နေသော သန္တတိ၊ သမူဟ၊ သဏ္ဌာန၊ ပညတ်သုံးပါးတို့၏ အစွမ်းဖြင့် နိမိတ္တရှိနေလျှင် "ထိုဝတ္ထုသည် တင့်တယ်၏၊ မင်္ဂလာရှိ၏၊ ကောင်းမြတ်၏၊ ချစ်ခင်ဘွယ် ရှိ၏။"စသည်ဖြင့် လောဘ တရားများ ပွားများကြ၏။ မူလဖြစ်သော နိမိတ်မရှိလျှင် လောဘလည်း မရှိနိုင်။ အတ္တိပစ္စည်းဖြင့် ရုပ်နာမ်အချင်းချင်း ကျေးဇူးပြုပုံကို အထင်အရှားမြင်လျှင် နိမိတ်လည်း မရှိတော့သည့်အတွက် လောဘစသည် တရားများလည်း ကင်းပျောက်နိုင်ပါသည်။

? အတ္တိ ၅-မျိုး၏ ကျေးဇူးပြုပုံအရ အတ္တ၊ ဇီဝ စသောအယူ ကင်းပျောက်အောင် မည်သို့ဆင်ခြင်သင့်ပါသနည်း။

ရုပ်နာမ်တရားတို့၏ ပစ္စုပ္ပန်၌ထင်ရှားမရှိဘဲ အတ္တိပစ္စည်း၏သတ္တိဖြင့် ဖွဲ့စပ်ကျေးဇူး ပြုထားသဖြင့် ထိုရုပ်နာမ်တို့၏ အစဉ်ဖြစ်သော သန္တတိ၊ သမူဟ၊ သဏ္ဌာန၊ ပညတ်သုံးပါး တို့၏အစွမ်းဖြင့် ပုံသဏ္ဌာန်စသော နိမိတ်အမျိုးမျိုးကိုစွဲလျက် ငါ၊ သူတပါး၊ ယောကျ်ား၊ မိန်းမစသည်ဖြင့် အတ္တ, ဇီဝစသည်အယူမှားတို့ ဖြစ်ပေါ်ခြင်းဖြစ်၏။

၁။ အာရမ္မဏာပုရေဇာတတ္တိသတ္တိကြောင့် မြင်ခြင်း စက္ခုဝိညာဉ် ဖြစ်၏။ အကြောင်းကို စွဲ၍ အကျိုးတရားဖြစ်မှုသာ ဖြစ်၏။ ငါ-မြင်တာမဟုတ်ဟု ဆင်ခြင်ရပါမည်။
၂။ သဟဇာတတ္တိသတ္တိကြောင့် ရုပ်နာမ်အစဉ်ဖြစ်နေခြင်း ဖြစ်၏။ ငါ-ဖြစ်နေတာ မဟုတ်ဟု ဆင်ခြင်ရပါမည်။

www.dhammadownload.com

၃။ ပစ္ဆာဇာတတ္တိ နာမ်တရားတို့ကြောင့် စတုသမုဋ္ဌာနိကရုပ်တရားတို့တည်နေခြင်း ဖြစ်၏။ ငါ-တည်နေတာမဟုတ်ဟု ဆင်ခြင်ရပါမည်။

၄။ ရုပ်အာဟာရတ္ထိသြဇာကြောင့် စတုသမုဋ္ဌာနိကရုပ်တရားတို့ အင်အားပြည့်ဝ, ရှင်လန်းလတ်ဆတ်နေကြ၏။ ငါ-အင်အားပြည့်ဝလတ်ဆတ်နေတာ မဟုတ်ဟု ဆင်ခြင်ရပါမည်။

၅။ ရူပဇီဝိတိန္ဒြိယသတ္တိကြောင့် ကမ္မဇရုပ်တို့ မပျက်ပြားဘဲရှည်ကြာစွာ အသက်ရှိသည့်အသွင်ဖြင့် တည်နေနိုင်ခြင်းဖြစ်၏။ ငါ-တည်နေနိုင်တာမဟုတ်ဟု ဆင်ခြင်ရပါမည်။

ဤသို့ အတ္ထိသတ္တိဖြင့် ရုပ်တရား,နာမ်တရားတို့၏ ကျေးဇူးပြုပုံကို ဆင်ခြင်၍ ငါ၊ သူတပါး၊ ယောကျ်ား၊ မိန်းမ၊ အတ္တ၊ ဇီဝရှိသည်ဟု ယုံမှားမှုများကင်းပျောက် နိုင်ပါသည်။

အတ္ထိပစ္စည်း အကြောင်း–အကျိုး(ပဋိစ္စသမုပ္ပါဒ်, သစ္စာ) ရှုမှတ်ဖွယ်

စိတ်, စေတသိက်, ရုပ် ပစ္စည်းတရား အားလုံးတို့သည် ပရမတ္ထအားဖြင့်ဖြစ်စေ, လောကသမုတိ၏အစွမ်းဖြင့်ဖြစ်စေ, ထင်ရှားကုန်သည်သာဖြစ်သောကြောင့် အလုံးစုံသောအတ္ထိပစ္စည်း၌ ပေါင်းယူနိုင်ခြင်းသို့ရောက်သဖြင့် အတ္ထိပစ္စည်းသည် အရာကျယ်သည်ဟု ဆိုကြပါသည်။

ထိုအရာကျယ်လှသော အတ္ထိပစ္စည်းပဋ္ဌာန်းနည်း ပရမတ္ထတရား၊ ရုပ်နာမ် ၂-ပါး၊ ခန္ဓာ ၅-ပါးတို့၏ အကြောင်း–အကျိုးဟောကြားမှုကို ချုံ့မည်ဆိုလျှင် ပဋိစ္စသမုပ္ပါဒ်နည်းဖြင့် ချုံ့ရပါမည်။ ထိုပဋိစ္စသမုပ္ပါဒ်နည်းကို ချုံ့မည်ဆိုလျှင်လည်း သစ္စာ ၄-ပါး နည်းဖြင့် ချုံ့ရမည် ဖြစ်ပါသည်။

သစ္စာ ၄–ပါးတရားတော်

သစ္စာ = မှန်ကန်သောကြောင့် 'သစ္စာ'ဟု ခေါ်ရပါသည်။
အရိယသစ္စာ = သစ္စာလေးပါး အမှန်တရားကိုပင် အရိယာပုဂ္ဂိုလ်တို့၏ သစ္စာဖြစ်သောကြောင့် (ဝါ) အရိယာ၏အဖြစ်ကို ပြုတတ်,ပြီးစေတတ်သောကြောင့် 'အရိယသစ္စာ' မည်ပါသည်။

၁။ ဒုက္ခသစ္စာကို ပိုင်းခြား၍ သိခြင်း။ **(သိ) (ပရိညာကိစ္စ)**
၂။ သမုဒယသစ္စာကို ပယ်ခြင်း။ **(ပယ်) (ပဟာနကိစ္စ)**
၃။ နိရောဓသစ္စာ(နိဗ္ဗာန်)ကိုမျက်မှောက်ပြုခြင်း။ **(ဆိုက်)(သစ္ဆိကရဏကိစ္စ)**
၄။ မဂ္ဂသစ္စာကို ပွားများခြင်း။ **(ပွား) (ဘာဝနာကိစ္စ)**

www.dhammadownload.com

သစ္စာ ၄–ပါး

သစ္စာ		အစိပ္ပါယ် (အမှန်တရား)	တရားကိုယ်	ဌာန	ရုပ်+နာမ်
၁	**ဒုက္ခသစ္စာ** (သိ) (အကျိုး)	တေဘူမက ဝဋ်သုံးပါး၌ ဒုက္ခ အမှန်တရားများ၊	ရုပ်–၂၈,လောကီ–၈၁ လောဘကြဉ်စေ–၅၁	လောကီ	ရုပ်+နာမ်
၂	**သမုဒယသစ္စာ** (ပယ်)(အကြောင်း)	ဒုက္ခဖြစ်ကြောင်းအမှန်တရား	လောဘ–တဏှာ	။	နာမ်
၃	**နိရောဓသစ္စာ** (ဆိုက်) (အကျိုး)	ဒုက္ခ+သမုဒယ နှစ်ပါးချုပ်	နိဗ္ဗာန်	လောကုတ်	။
၄	**မဂ္ဂသစ္စာ** (ပွား) (အကြောင်း)	ဒုက္ခ+သမုဒယ နှစ်ပါးချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်း	မဂ်လေးပါး၌ရှိသော မဂ္ဂင်တရားကိုယ်–၈	။	။

သစ္စာလေးပါးမှလွတ်သော သိမှတ်ဖွယ်ရာတရားမည်သည်မရှိ

လောကီစိတ်–၈၁၊ လောဘကြဉ်သောစေတသိက်–၅၁၊ ရုပ်–၂၈၊ * ဒုက္ခသစ္စာ
လောဘ(တဏှာ)စေတသိက်၊ * သမုဒယသစ္စာ
နိဗ္ဗာန်၊ * နိရောဓသစ္စာ
မဂ်စိတ် ၄–ပါး၌ရှိ မဂ္ဂင်တရားကိုယ် ၈–ပါး ၊ * မဂ္ဂသစ္စာ

ကြွင်းသော(သစ္စာဝိမုတ်) မဂ်စိတ္တုပ္ပါဒ်–၂၉, ဖိုလ်စိတ္တုပ္ပါဒ် ၃၇–ပါးတို့သည် မုချအားဖြင့် သစ္စာ ၄–ပါးမှလွတ်ကြသော်လည်း (*သုတ္တန်နည်းအရ သစ္စာ၌ပြန်သွင်းခြင်း*)–ပရိယာယ်အားဖြင့်ယူပါက ဖိုလ်တရားတို့၌ယှဉ်သော သမ္မာဒိဋ္ဌိစသော မဂ္ဂင် ၈–ပါးတို့ကို(မဂ်၏ အကျိုးဖြစ်သောကြောင့်လည်းကောင်း၊ မဂ္ဂင် ချင်းတူသောကြောင့်လည်းကောင်း) မဂ္ဂသစ္စာ၌ သွင်းယူနိုင်ပါသည်။ ထိုမှတစ်ပါး မဂ်စိတ္တုပ္ပါဒ်–၂၉, ဖိုလ်စိတ္တုပ္ပါဒ်–၂၉ တို့ကို(သင်္ခါရ ဒုက္ခချင်းတူသောကြောင့်) ဒုက္ခသစ္စာ၌ သွင်းယူ နိုင်ပါသည်။

ဤသို့ ပရမတ္ထတရားများကို အကြွင်းအကျန်မရှိအောင် သစ္စာဖွဲ့နိုင်ပါသည်။

သစ္စာ ၄–ပါးတို့တွင် 'ပဝတ္တိ'နှင့် 'နိဝတ္တိ'ဟူ၍ ၂–မျိုးခွဲလျှင်

* ဒုက္ခသစ္စာ နှင့် ဒုက္ခသမုဒယသစ္စာတို့သည်– သံသရာမှာ ဒုက္ခသမုဒယကြောင့် ဒုက္ခဖြစ်ရသော အကြောင်း–အကျိုးတစ်စုံသည် '**ပဝတ္တိသစ္စာ**' မည်ပါသည်။
* မဂ္ဂသစ္စာနှင့် နိရောဓသစ္စာတို့သည်– မဂ္ဂသစ္စာကို ကျင့်သုံးခြင်းဖြင့် နိရောဓကို ဆိုက်ရောက်နိုင်သော အကြောင်း–အကျိုးတစ်စုံသည် '**နိဝတ္တိသစ္စာ**' ဖြစ်ပါသည်။

www.dhammadownload.com

သစ္စာ၊ ပဋိစ္စသမုပ္ပါဒ်၊ ပဋ္ဌာန်းဒေသနာတော်

ဒုက္ခသစ္စာနှင့် သမုဒယသစ္စာကို ချဲ့ထွင်ဟောသောအခါ ပဋိစ္စသမုပ္ပါဒ် အနုလောမ ဒေသနာတော်ကို မြတ်စွာဘုရား ဟောကြားတော်မူပါသည်။

နိရောဓသစ္စာနှင့် မဂ္ဂသစ္စာကို ချဲ့ထွင်ဟောသောအခါ ပဋိစ္စသမုပ္ပါဒ် ပဋိလောမ ဒေသနာတော်ကို မြတ်စွာဘုရား ဟောကြားတော်မူပါသည်။

ထိုမှတပါး ပဋိစ္စသမုပ္ပါဒ်ကို ပြည့်ပြည့်စုံစုံ ဖြစ်နိုင်ဖို့ရန် ပဋ္ဌာန်းဒေသနာတော်ကို ရှင်တော်မြတ်ဘုရား ဟောကြားတော်မူပါသည်။

ပဋိစ္စသမုပ္ပါဒ်နည်း

ပဋိစ္စသမုပ္ပါဒ် = (ပဋိစ္စ အကြောင်းကိုစွဲ၍)+(သမုပ္ပါဒ ဖြစ်ပေါ်လာသော အကျိုးတရား။)

ပဋိစ္စသမုပ္ပါဒ် (အနုလုံပါဠိတော်)

အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပပစ္စယာ သဠာယတနံ၊ သဠာယတနပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာ-မရဏံ။ ။သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿုပါယာသာ သမ္ဘဝန္တိ၊ ဧဝ မေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

	ပစ္စည်း	ပစ္စယုပ္ပန်	ဆက်သွယ်ပုံ
၁	အဝိဇ္ဇာပစ္စယာ	သင်္ခါရ	မသိမှု အဝိဇ္ဇာကြောင့် ပြုပြင်စီရင်မှု သင်္ခါရ ဖြစ်ရ၏။
၂	သင်္ခါရပစ္စယာ	ဝိညာဏ်	သင်္ခါရကြောင့် သိမှု ဝိပါက် ဝိညာဏ် ဖြစ်ရ၏။
၃	ဝိညာဏပစ္စယာ	နာမရူပ်	ဝိညာဏ်ကြောင့် နာမ်,ရုပ် ဖြစ်ရ၏။
၄	နာမရူပပစ္စယာ	သဠာယတနံ	နာမ်,ရုပ် ကြောင့် အတွင်း အာယတန ၆-ပါး ဖြစ်ရ၏။
၅	သဠာယတနပစ္စယာ	ဖဿော	အတွင်းအာယတန ၆-ပါး ကြောင့် တွေ့ထိမှု ဖဿ ဖြစ်ရ၏။
၆	ဖဿပစ္စယာ	ဝေဒနာ	တွေ့ထိမှု ဖဿကြောင့် ခံစားမှု ဝေဒနာ ဖြစ်ရ၏။
၇	ဝေဒနာပစ္စယာ	တဏှာ	ခံစားမှု ဝေဒနာကြောင့် တပ်မက်မှု တဏှာ ဖြစ်ရ၏။
၈	တဏှာပစ္စယာ	ဥပါဒါန်	တဏှာကြောင့် ပြင်းစွာစွဲလမ်းမှု ဥပါဒါန် ဖြစ်ရ၏။
၉	ဥပါဒါနပစ္စယာ	ဘဝေါ	ဥပါဒါန်ကြောင့် ကမ္မဘဝ, ဥပပတ္တိဘဝ ဖြစ်ရ၏။
၁၀	ဘဝပစ္စယာ	ဇာတိ	ကမ္မဘဝကြောင့် ဘဝတစ်ခု၏အစ ဇာတိ ဖြစ်ရ၏။
၁၁	ဇာတိပစ္စယာ	ဇရာ မရဏ (သောက, ပရိဒေဝ,ဒုက္ခ, ဒေါမနဿ, ဥပါယာသ)	ဇာတိကြောင့် အိုမှု ဇရာ, သေမှု မရဏ ဖြစ်ရ၏။(မုချ) (အကျိုးဆက်များဖြစ်သော စိုးရိမ်မှု သောက, ငိုကြွေးမှု ပရိဒေဝ, ကိုယ်ဆင်းရဲခြင်း ဒုက္ခ, စိတ်နှလုံးပူပန်ခြင်း ဒေါမနဿ, ပြင်းစွာပူပန်မှု ဥပါယာသ)တို့ ဖြစ်ကြကုန်၏။

www.dhammadownload.com

ပဋိစ္စသမုပ္ပါဒ်နည်းဝယ် သိဖွယ်များ

ပဋိစ္စသမုပ္ပါဒ်တရားတော်၌ ကာလ(အဓွန့်) ၃–ပါး၊ အင်္ဂါ ၁၂–ပါး၊ အခြင်းအရာ (အာကာရ) ၂၀–ပါး၊ အစပ်(သန္ဓိ) ၃–ပါး၊ အလွှာ(အဖို့အစု) ၄–ပါး၊ ဝဋ် ၃–ပါး၊ မူလ ၂–ပါးအားဖြင့် ဤ ၇–မျိုးတို့အား ခွဲခြား၍သိထိုက်သည်, သိအောင် ပြသင့်ပါသည်။

❀ မူလနှစ်ဖြာ၊ သစ္စာနှစ်ခု၊ လေးခုအလွှာ၊ အင်္ဂါတစ်ဆယ့်နှစ်ပါး၊ တရားကိုယ်များနှင့်
သုံးပါးအစပ်၊ နှစ်ရပ်မူလ၊ ဝဋ်သုံးဝနှင့်၊ ကာလသုံးဖြာ၊ ခြင်းရာနှစ်ဆယ်၊
ဤရှစ်သွယ်ကို၊ အလွယ်ကျက်မှတ်၊ သိစေအပ်သည်၊ သံသရာမှ လွတ်ကြောင်းတည်း။

အဓွန့် ၃–ပါး	အတိတ်ကာလ	ပစ္စုပ္ပန်ကာလ (အဓွန့်)		အနာဂတ်ကာလ
အင်္ဂါ ၁၂ပါး	၁။ အဝိဇ္ဇာ ၂။ သင်္ခါရ	၃။ ဝိညာဏ် ၄။ နာမ်-ရုပ် ၅။ သဠာယတန ၆။ ဖဿ ၇။ ဝေဒနာ	၈။ တဏှာ ၉။ ဥပါဒါန် ၁၀။ ဘဝ	၁၁။ ဇာတိ ၁၂။ ဇရာ-မရဏ
(ဝဋ်တရားခြင်းတူသောကြောင့်) ရသင့်သဖြင့် သွတ်သွင်းယူ။ (အဝိနာဘာဝနည်း)	တဏှာ ဥပါဒါန် ကမ္မဘဝ		အဝိဇ္ဇာ သင်္ခါရ	(ဇာတိ,ဇရာ-မရဏ၏ တရားကိုယ်ဖြစ်သော) ဝိညာဏ်, နာမ်-ရုပ် သဠာယတန,ဖဿ ဝေဒနာ
ခြင်းရာ ၂၀ ပါး	၅	၅	၅	၅
အစပ် ၃–ပါး	သင်္ခါရ↔ဝိညာဏ် ဝေဒနာ↔တဏှာ ဘဝ↔ဇာတိ ဟေတု ◀၁▶ ဖလ၊ ဖလ ◀၂▶ ဟေတု၊ ဟေတု ◀၃▶ ဖလ၊			
အလွှာ ၄ လွှာ	အတိတ်အကြောင်း	ပစ္စုပ္ပန် အကျိုး	ပစ္စုပ္ပန် အကြောင်း	အနာဂတ် အကျိုး
ဝဋ် ၃–ပါး	အဝိဇ္ဇာ=ကိလေသဝဋ် သင်္ခါရ=ကမ္မဝဋ်	ဝိပါကဝဋ်	တဏှာ=ကိလေသဝဋ် ဥပါဒါန်= ။ ဘဝ = ကမ္မဝဋ်	ဝိပါကဝဋ်
မူလ ၂–ပါး	**အဝိဇ္ဇာ** (ရှေ့ပိုင်း ဝဋ်မြစ်)		**တဏှာ** (နောက်ပိုင်း ဝဋ်မြစ်)	

ဝဋ်သုံးပါး၏ ပြဋ္ဌာန်း, ထင်ရှားသောအကြောင်းဖြစ်သောကြောင့် အဝိဇ္ဇာကို အစထား၍ဟောပါသည်။ ဤသို့ အဝိဇ္ဇာအစထား၍ ကြောင်း–ကျိုးဆက် အစဉ်အတိုင်း ဖြစ်သွားသဖြင့် တဏှာဟူသော ဝဋ်မြစ်မပြတ်သေးသော ပုဂ္ဂိုလ်တို့အား အာသဝေါတို့သည် ဖြစ်ကြကုန်၏။ အာသဝေါတရားတို့ကြောင့် အဝိဇ္ဇာ ဖြစ်ပြန်ပါသည်။

www.dhammadownload.com

ဇာတိ၏ မုချအကျိုးချည်းသာဖြစ်၍ ဇရာနှင့် မရဏတို့ အင်္ဂါတစ်ပါးတည်း မည်ပါသည်။ (အကျိုးဆက်များဖြစ်သော သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသ အင်္ဂါစာရင်း၌ မသွင်း။

(၁) **အဝိဇ္ဇာပစ္စယာ သင်္ခါရာ** (အဝိဇ္ဇာ-ကြောင့် သင်္ခါရ ဖြစ်၏။)

သိထိုက်သည်ကို မသိ, မသိထိုက်သည်ကိုသာ သိသော 'အဝိဇ္ဇာတရား'ကြောင့် ပုညာဘိသင်္ခါရ, အပုညာဘိသင်္ခါရ, အာနေဉ္ဇာဘိသင်္ခါရတည်းဟူသော 'သင်္ခါရတရား' တို့သည် ဖြစ်ပေါ်လာကြကုန်၏။

(၂) **သင်္ခါရပစ္စယာ ဝိညာဏံ** (သင်္ခါရ-ကြောင့် ဝိညာဏ် ဖြစ်၏။)

ပုညာဘိသင်္ခါရ, အပုညာဘိသင်္ခါရ, အာနေဉ္ဇာဘိသင်္ခါရတည်းဟူသော 'သင်္ခါရတရား' ကြောင့် ပဋိသန္ဓေဝိညာဏ် ၁၉-ပါး, ပဝတ္တိဝိညာဏ် ၃၂-ပါးဟူသော 'ဝိညာဏ်တရား' တို့သည် ဖြစ်ပေါ်လာကြကုန်၏။

(၃) **ဝိညာဏပစ္စယာ နာမရူပံ** (ဝိညာဏ်-ကြောင့် နာမ်,ရုပ် ဖြစ်ရ၏။)

ရှေးဘဝကပြုခဲ့သော ကမ္မဝိညာဏ်နှင့် ယခုပစ္စုပ္ပန်၌ဖြစ်သော ပဝတ္တိဝိပါက် ဝိညာဏ် ၃၂-ပါး တို့ကြောင့် ဝိပါက်ဝိညာဏ် ၃၂-ပါးနှင့်ယှဉ်သော စေတသိက် (ဝေဒနာ,သညာ,သင်္ခါရ) နာမ်ခန္ဓာ ၃-ပါးနှင့် ကမ္မဇရုပ်ဟူသော 'နာမ်,ရုပ်တရား'တို့သည် ဖြစ်ပေါ်လာကြကုန်၏။

(၄) **နာမရူပပစ္စယာ သဠာယတနံ** (နာမ်,ရုပ်-ကြောင့် သဠာယတန ဖြစ်၏။)

လောကီ ဝိပါက်ဝိညာဏ် ၃၂-ပါးနှင့်ယှဉ်သော စေတသိက်(ဝေဒနာ,သညာ,သင်္ခါရ) နာမ်ခန္ဓာ ၃-ပါးနှင့် ကမ္မဇရုပ်တို့ကြောင့် အဇ္ဈတ္တိကာယတန ၆-ပါး 'သဠာယတနတရား' တို့သည် ဖြစ်ပေါ်လာကြကုန်၏။

(၅) **သဠာယတနပစ္စယာ ဖဿော** (အာယတန ၆-ပါး-ကြောင့် တွေ့ထိမှု ဖဿ ဖြစ်၏။)

ပသာဒရုပ် ၅-ပါးနှင့် လောကီဝိပါက်စိတ် ၃၂-ပါးဟုဆိုသော အဇ္ဈတ္တိကာယတန ၆-ပါးတို့ကြောင့် ဝိညာဏ် ၆-ပါးနှင့်ယှဉ်သော 'ဖဿတရား'တို့သည် ဖြစ်ပေါ်လာကြကုန်၏။

(၆) **ဖဿပစ္စယာ ဝေဒနာ** (ဖဿ-ကြောင့် ဝေဒနာ ဖြစ်၏။)

လောကီဝိပါက်စိတ် ၃၂-ပါး၌ယှဉ်သော ဖဿစေတသိက်ကြောင့် ဝိညာဏ်, ဖဿခြောက်ပါး ယှဉ်သော 'ဝေဒနာ' ၆-ပါးတို့သည် ဖြစ်ပေါ်လာကြကုန်၏။

❀ ဝိညာဏ်ခြောက်ဝ၊ ယှဉ်တုံ့ကြ၊ ဖဿ,ဝေဒနာ။

www.dhammadownload.com

(၇) **ဝေဒနာပစ္စယာ တဏှာ** (ဝေဒနာ–ကြောင့် တဏှာ ဖြစ်၏။)

လောကီဝိပါက်စိတ် ၃၂–ပါး၌ယှဉ်သော ဝေဒနာ စေတသိက်ကြောင့် အာရုံ ၆–ပါး၌နှစ်သက်သော ရူပတဏှာစသည် 'တဏှာ' ၆–ပါးတို့သည် ဖြစ်ပေါ်လာကြကုန်၏။

(၈) **တဏှာပစ္စယာ ဥပါဒါနံ** (တဏှာ–ကြောင့် ဥပါဒါန် ဖြစ်၏။)

လောဘမူစိတ် ၈–ပါး၌ရှိသော လောဘစေတသိက်(တဏှာ)ကြောင့် အာရုံ၌ ပြင်းစွာ စွဲလမ်းသော ကာမုပါဒါန်စသည် 'ဥပါဒါန်' ၄–ပါးတို့သည် ဖြစ်ပေါ်လာကြကုန်၏။

(၉) **ဥပါဒါနပစ္စယာ ဘဝေါ** (ဥပါဒါန်–ကြောင့် ဘဝ ဖြစ်၏။)

အားကြီးသော လောဘနှင့်ဒိဋ္ဌိယှဉ်သော ဥပါဒါန်ကြောင့် 'ကမ္မဘဝ'နှင့် 'ဥပပတ္တိဘဝ' ဟူ၍ ဘဝနှစ်မျိုးတို့သည် ဖြစ်ပေါ်လာကြကုန်၏။

❀ ကုသလာ ကုသလ၊ ကမ္မပထံ၊ ဤနှစ်တန်၊ ပြုလုပ်သမျှ၊ ကမ္မဘဝ။

❀ ဝိပါက် ခန္ဓာ ကဋတ္တာ ဟူ၊ ရုပ်နာမ် အစု၊ ဥပပတ္တိသာ။

(၁၀) **ဘဝပစ္စယာ ဇာတိ** (ဘဝ–ကြောင့် ဇာတိ ဖြစ်၏။)

ကမ္မဘဝဟုဆိုသော လောကီကုသိုလ်ကံ, အကုသိုလ်ကံစေတနာ ၂၉–ပါးကြောင့် နာမ်တရား, ရုပ်တရားတို့ ဘဝတစ်ခု၌ ရှေးဦးစွာထင်ရှား ဖြစ်ပေါ်လာကြကုန်၏။

(၁၁) **ဇာတိပစ္စယာ ဇရာ–မရဏံ** (ဇာတိ–ကြောင့် ဇရာ–မရဏ စသည်ဖြစ်၏။)

လောကီဝိပါက်စိတ် ၃၂–ပါးနှင့်ယှဉ်ဘက်စေတသိက်နှင့် ကမ္မဇရုပ်များ ဖြစ်ခြင်း (ဇာတိ)ကြောင့် ယင်းတရားအပေါင်း၏ အိုမင်းရင့်ရော်မှု(၌) 'ဇရာ', ပျက်ဆုံးမှု(ဘင်) 'မရဏ'နှင့် အကျိုးဆက်များဖြစ်သော 'သောက'စသည်တို့သည် ဖြစ်ပေါ်လာကြကုန်၏။

ဇာတိကြောင့်ဖြစ်ရသော အကျိုးဆက်များ

ဇာတိ ပဋိသန္ဓေကြောင့် လူဟူ၍ဖြစ်လာသောအခါ စားဝတ်နေရေးအတွက် ရှာဖွေရ, ကြောင့်ကြ ပူပန်ရ၏။ ဆွေမျိုး, စည်းစိမ် ဂုဏ်သိန်တို့ ဆုံးရှုံး, ပျက်စီးသောအခါ ဝမ်းနည်း,ပူဆွေးရ၏။ ဤသို့ဖြစ်ရခြင်းတို့သည် ဇာတိကြောင့်ဖြစ်ရသော အကျိုးဆက်တို့ ဖြစ်ပါသည်။

သောက = စိုးရိမ်,ပူဆွေးဝမ်းနည်းခြင်းသဘော၊ (ဒေါသမူဒွေ၌ရှိ ဒေါမနဿဝေဒနာ)

ပရိဒေဝ = တမ်းတငိုကြွေးမှု၊ (စိတ္တဇဝိပ္ပလ္လာသသဒ္ဒရုပ်– စိတ်ဖေါက်ပြန် အသံရုပ်)

ဒုက္ခ = ကိုယ်ဆင်းရဲမှု၊(ကာယိကဒုက္ခ)(ဒုက္ခသဟဂုတ်ကာယဝိညာဏ်ရှိ ဝေဒနာ)

ဒေါမနဿ= စိတ်ဆင်းရဲမှု၊ နှလုံးမသာယာမှု၊(စေတသိကဒုက္ခ)(ဒေါသမူဒွေ၌ရှိ ဝေဒနာ)

ဥပါယာသ= သောက,ပရိဒေဝ တို့ထက်လွန်ကဲသော၊ အသံမျှမထွက်နိုင်အောင် ရှိုက်ကြီးတငင် ပြင်းပြစွာပူပန်မှု, ပင်ပန်းမှု၊ (ဒေါသမူဒွေ၌ယှဉ်သော ဒေါသ)

www.dhammadownload.com

ပဋိစ္စသမုပ္ပါဒ်တရား ဝဋ်မြစ်ပြတ်ပုံ

အဝိဇ္ဇာနှင့် တဏှာ၊ ဝဋ်မြစ်နှစ်ပါး(မူလနှစ်ပါး)ကို 'အရဟတ္တမဂ်'ဖြင့် တူးဖော်၍၊ အကြွင်းမရှိ (ချုပ်စေခြင်း)ဖျက်စီးနိုင်သောအခါ ပဋိစ္စသမုပ္ပါဒ်၌ သံသရာစက်ရဟတ် အပြီးတိုင် ပြတ်တော့သည်။

ပဋိစ္စသမုပ္ပါဒ် (ပဋိလုံပါဠိတော်)

အဝိဇ္ဇာယ တွေဝ အသေသ ဝိရာဂ နိရောဓာ သင်္ခါရနိရောဓော၊ သင်္ခါရနိရောဓာ ဝိညာဏနိရောဓော၊ ဝိညာဏနိရောဓာ နာမရူပနိရောဓော၊ နာမရူပနိရောဓာ သဠာယတနနိရောဓော၊ သဠာယတနနိရောဓာ ဖဿနိရောဓော၊ ဖဿနိရောဓာ ဝေဒနာနိရောဓော၊ ဝေဒနာနိရောဓာ တဏှာနိရောဓော၊ တဏှာနိရောဓာ ဥပါဒါန နိရောဓော၊ ဥပါဒါနနိရောဓာ ဘဝနိရောဓော၊ ဘဝနိရောဓာ ဇာတိနိရောဓော၊ ဇာတိနိရောဓာ ဇရာ–မရဏံ၊ သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿုပါယာသာ နိရုဇ္ဈန္တိ၊ ဧဝ မေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ။

ပဋ္ဌာန်း အတ္ထိပစ္စည်း မေတ္တာပို့ ဆုတောင်းဘုရားရှိခိုး

အတ္ထိပစ္စယော– သတ္တဝါအားလုံး မကောင်းသော ရုပ်,နာမ် တရားတို့ထင်ရှားစွာ မဖြစ်ပေါ်ကြဘဲ၊ ကောင်းသောရုပ်,နာမ် တရားတို့သာထင်ရှားစွာဖြစ်ပေါ်ကြ၍ ကောင်းကျိုး အမျိုးမျိုးတို့သာ နိဗ္ဗာန်တိုင်ထိ တိုးတက်ဖြစ်ထွန်းနိုင်ကြပါစေ။

ကောင်းရာသုဂတိ၊ လားရာရှိ၊ ပျော်သည့်စိတ်ဓာတ် ရှိစေသော်။

အတ္ထိပစ္စယော– မြေမြင့်မိုရ်သည်၊ ထိုထိုစိမ်းရှင်၊ မြက်သစ်ပင်အား၊ ထင်ရှားရှိနေ၊ ထောက်ပံ့ပေသို့၊ တွက်ရေကုံထံ၊ ရုပ်နှင့်နာမ်အား၊ ဆယ့်ငါးပါးတွင်၊ ထင်ရှားရှိခိုက်၊ အထိုက်လျော်ထ၊ ဥပတ္ထမ္ဘကသတ္တိထူးဖြင့် ကျေးဇူးပြုခြင်းလက္ခဏာရှိသော ထိုထို ရုပ်နာမ်ဟူသော သဟဇာတတ္ထိ၊ ပုရေဇာတတ္ထိ၊ အာရမ္မဏပုရေဇာတတ္ထိ သုံးပါးပစ္စည်း တရားသည်၊ အတ္ထိ– ပုဂ္ဂိုလ်၊ သတ္တဝါ၊ သူငါ မနှော၊ တရားသဘောသာ၊ ထင်ရှားရှိပါ ပေသည်တကား။

ဣတိ– ဤသို့၊ ဗောဓေန္တံ– သဗ္ဗညုတာ၊ ဉာဏ်တော်သာဖြင့်၊ ဦးစွာကျနံ၊ သိပြီးမှလျှင်၊ များ ဝေနေ၊ သိစေတော်မူသော၊ မြတ်စွာဘုရားကို၊ ဝန္ဒာမိ– ဂုဏ်တော်ထုံမွမ်း၊ ပုံတော် န်းလျက်၊ ချီးမွမ်းထောမနာ၊ ပဏာရိုကျိုး၊ လက်စုံမိုး၍၊ ရှိခိုး ကန်တော့ပါ၏ ဘုရား။

UK-2020(COVID-19)

အတ္ထိပစ္စည်း ပြီး၏။

www.dhammadownload.com

"နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"

၂၂။ နတ္ထိပစ္စည်း

မြတ်စွာဘုရားသည် သတ္တဝါတို့အား ဘဝတွေပြောင်းသော်လည်း နာမ်တရားက တည်မြဲသည်ဟုယူသည့် 'သဿတဒိဋ္ဌိ'ဖြစ်စေနိုင်သော သန္တတိပညတ်ကို ပယ်ရှား၍ အယူမှန်ရစေရန်အတွက် အနန္တရ၊ သမနန္တရ၊ အနန္တရူပနိဿယ၊ **နတ္ထိ**၊ ဝိဂတပစ္စည်း များဖြင့် ဟောတော်မူပါသည်။

သန္တတိ(ခန္ဓာအစဉ်)၌ သညာဖုံး၍ အနိစ္စကို မမြင်၊ ဘဝအစဉ်၌ သဿတဒိဋ္ဌိ အယူဖြင့် ဝိညာဉ်သည်မြဲ၏ဟုယူမှုကိုပယ်ရန် အနန္တရမျိုးကို ဟောရပါသည်။

နတ္ထိမည်ခြင်းအကြောင်း

နတ္ထိ = ထင်ရှားမရှိသောအားဖြင့် ကျေးဇူးပြုသောတရား။

ဆီမီးငြိမ်းခြင်းသည် အမှောင်ဖြစ်စေရန် ကျေးဇူးပြုသကဲ့သို့၊ မိမိတည်ရှိနေခြင်း ကြောင့်ဖြစ်ခွင့်မရကုန်သော မိမိ၏အခြားမဲ့၌ ဖြစ်လတ္တံ့ကုန်သော စိတ်, စေတသိက် နာမ်တရားတို့အား ဖြစ်ခွင့်ပေးသည့်အစွမ်းဖြင့် ကျေးဇူးပြုတတ်သော၊ အခြားမဲ့ဖြစ်၍ ချုပ်ကုန်ပြီးသော စိတ်,စေတသိက်တရားတို့သည် 'နတ္ထိပစ္စည်း' မည်၏။

တစ်ခုသော ဖဿအစရှိသော တရားအပေါင်းဖြစ်နေစဉ် နှစ်ခုမြောက်ဖြစ်သော ဖဿအစရှိသောတရားအပေါင်း မဖြစ်နိုင်သောကြောင့် မိမိဟူသော ပစ္စည်းတရား၏ တည်နေခြင်းဖြင့် ဖြစ်ခွင့်မရကုန်သော မိမိ၏အခြားမဲ့၌ ဖြစ်လတ္တံ့သော စိတ်,စေတသိက် တို့အား ဖြစ်ခွင့်ပေးသည်အစွမ်းဖြင့် ကျေးဇူးပြုတတ်သော အခြားမဲ့ဖြစ်၍ ချုပ်ကုန်ပြီးသော စိတ်,စေတသိက်တရားတို့သည် 'နတ္ထိပစ္စည်း' မည်၏။

မီးငြိမ်းလိုက်မှ၊ အမှောင်ရသို့၊ ရှေ့နာမ်ချုပ်မှ၊ နောက်နာမ်အသစ်၊ ထပ်၍ဖြစ်၊

ဋီကာဆရာ၏ တိုက်တွန်းချက်

ဘုရားရှင်အပေါ်၌ ယုံကြည်မှု-သဒ္ဓါတရားဖြင့် ထိုထိုပစ္စည်းတို့၏ သတ္တိထူး အပေါင်းတို့ကို ဤသို့ထူးကုန်၏-ဟု 'သုတမယဉာဏ်'ကို ဖြစ်စေ၍ 'စိန္တာမယဉာဏ်', 'ဘာဝနာမယဉာဏ်'တို့ဖြင့် သိခြင်းငှါ အားထုတ်ခြင်းကို ပြုအပ်၏။

www.dhammadownload.com

အတ္ထိပစ္စည်းနှင့် နတ္ထိပစ္စည်း အထူး

အတ္ထိ ပစ္စည်း = ခဏသုံးပါးသို့ ရောက်သောရုပ်,နာမ်တရား၊
ပစ္စယုပ္ပန် = ဖြစ်ဆဲ ခန္ဓာငါးပါး၊
နတ္ထိ ပစ္စည်း = ရှေ့စိတ်ချုပ်ခြင်းဖြင့် နောက်စိတ်ကို ဖြစ်ခွင့်ပေးခြင်း၊
ပစ္စယုပ္ပန် = ထိုထိုအကြောင်းကိုစွဲ၍ ခဏသုံးပါးသို့ရောက်ဆဲဖြစ်သော ပစ္စုပ္ပန် ခန္ဓာငါးပါး၊

** ပစ္စယုပ္ပန်မှန်သမျှ ပစ္စုပ္ပန်-ဇကန် ရုပ်,နာမ်တို့သာ ဖြစ်သည်။

✓ အတ္ထိပစ္စည်း၌ ပစ္စည်းရော၊ ပစ္စယုပ္ပန်ပါရှိနေဆဲ မချုပ်သေးမီ ကျေးဇူးပြု၏။ (ဥပါဒ်, ဌီ, ဘင် မကင်း၊)

× နတ္ထိပစ္စည်း၌ ပစ္စည်းတရားချုပ်၍ မရှိတော့မှသာ ပစ္စယုပ္ပန်တရားဖြစ်ရခြင်းဖြင့် ကျေးဇူးပြု၏။ (ဥပါဒ်, ဌီ, ဘင် ကင်း၏၊)

အနန္တရ၊ သမနန္တရ၊ အနန္တရူပနိဿယ၊ နတ္ထိ၊ ဝိဂတ (အထူး)

အနန္တရ- ရှေးစိတ်နောက်စိတ် အခြားမရှိ ကျေးဇူးပြု၏။ ရှေးစိတ်နောက်စိတ် နှစ်ခု ကြားတွင် နာမ်တရားအစု အခြားမရှိစေရဘဲကျေးဇူးပြုသော ပစ္စည်းဖြစ်၏။ (ဥပမာ- စကြာဝတေးမင်းနတ်ရွာစံ ... သားကြီးနန်းရ၊)

သမနန္တရ- နာမ်ပရမတ်တရားတစ်ခုနှင့်တစ်ခု ကြားအပေါက်မရှိ ကောင်းစွာအခြားမရှိ ကျေးဇူးပြု၏။ ရှေးစိတ်နှင့်နောက်စိတ် တစ်ခုတည်းထင်ရလောက်အောင် ဖြစ်၏။ (ဥပမာ- စကြာဝတေးမင်းတောထွက် ... သားကြီးနန်းရ၊)

အနန္တရူပနိဿယ- နောက်စိတ်ဖြစ်ဖို့ရာအတွက် လွန်ကဲကြီးမားသော အကြောင်းအဖြစ် ကျေးဇူးပြု၏။ (ဥပမာ- အနန္တရနှင့် သဘောတူ၏။)

နတ္ထိ- နောက်စိတ်ဖြစ်ခွင့်ရ၍ ရှေ့စိတ်၏ချုပ်ခြင်း၊ မရှိခြင်းဖြင့် ကျေးဇူးပြု၏။ (ဥပမာ- ညကုန်သောအခါ နေ့ဖြစ်လာခြင်း၊) (ဆီမီးငြိမ်းသည့်အခါ အမှောင်ရောက်လာခြင်း၊)

ဝိဂတ- ရှေးစိတ်များ၏ ဝိဂတနန(သိမှတ်ခြင်း)၊ သဘောမကင်းသေးလျှင် မဖြစ်ဝံ့၊ မဖြစ်နိုင်သော နောက်စိတ်များအား ဝိဂတနန ကင်းခြင်း/ချုပ်ခြင်း သို့ရောက် ခြင်းဖြင့် ကျေးဇူးပြု၏။ (ဥပမာ- နေဝင်သောအခါ လထွက်ခြင်း၊)

❀ သမ္ပ, အာသေ၊ ဝိဂတေနှင့် နတ္ထိ, အနန်, သမနန်- နာမ်သည်နာမ်အား ခြောက်။

www.dhammadownload.com

(သုဒ္ဓသင်္ချာ = အနန္တရနှင့် တူ၏။)

ပစ္စည်း = ရဟန္တာတို့စုတိကြဉ်သောအလုံးစုံသော စိတ်–၈၉၊ စေတသိက်–၅၂၊ ပစ္စုပ္ပန် ပဋိသန္ဓေ နာမက္ခန္ဓာ ၄–ပါး၊

ပစ္စယုပ္ပန် = ရဟန္တာတို့စုတိနှင့်တကွ နောက်နောက်သော နာမက္ခန္ဓာ၊ နောက်နောက်သော စိတ်–၈၉၊ စေတသိက်–၅၂၊

နတ္ထိပစ္စည်း အရကောက်

ပစ္စည်း(ကတ္တား)	ပစ္စယုပ္ပန်(သမ္ပဒါန်)	သဘာဂ(ကရိယာ)
သမနန္တရနိရုဒ္ဓါ စိတ္တစေတသိကာ ဓမ္မာ	**ပစ္စုပ္ပန္နာနံ စိတ္တစေတသိကာနံ ဓမ္မာနံ**	(ပြိုင်.ယ. ၇) နံ၊သနံ၊ ဥ၊ **သော၊ကံ၊** နတ်၊ ဝိဂ၊
ရဟန္တာတို့စုတိကြဉ်သော ရှေးရှေးသောစိတ် ၈၉၊ စေ ၅၂	ရဟန္တာတို့စုတိနှင့်တကွ နောက်နောက်သော စိတ် ၈၉၊ စေ ၅၂	

မိမိ၏အခြားမဲ့၌ ကောင်းစွာချုပ်ကုန်ပြီးသော ရှေးရှေးသော စိတ်,စေတသိက် (နာမ်)တရားတို့သည် မိမိသို့အစဉ်လိုက်၍ဖြစ်ကုန်သော နောက်နောက်သော စိတ်, စေတသိက်(နာမ်)တရားတို့အား နတ္ထိပစ္စည်းဖြင့် ကျေးဇူးပြု၏။

သမနန္တရနိရုဒ္ဓါ–စသည်ကို ဆိုရခြင်း

အနန္တရပစ္စည်းကို 'ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော'စသောနည်းဖြင့် အနန္တရပစ္စည်းနှင့် ထူးခြားကွဲပြားမှုကို မပြဘဲ ပစ္စယနိဒ္ဒေသ၌ ဟောတော်မူသောကြောင့် 'သမနန္တရနိရုဒ္ဓါ' စသောစကားရပ် ကိုပင် အနန္တရပစ္စည်းကိုပြဆိုသော စကားရပ်အဖြစ် မိန့်ဆို၏။

? နတ္ထိပစ္စည်းသည် အနန္တရပစ္စည်းနှင့် တူ၏–ဆိုရာ၊ ထိုနှစ်ပစ္စည်းတို့ တစ်စုံတစ်ရာ အထူးမရှိပြီလော။

ပစ္စည်း,ပစ္စယုပ္ပန်တူသည်ကိုရည်၍ နတ္ထိပစ္စည်းသည် အနန္တရပစ္စည်းနှင့် တူ၏–ဟု သုံးချက်စုဝီထိဆိုရိုး၌ မိန့်ဆိုအပ်သော်လည်း– ဟောသောပါဠိတော်၊ ပစ္စယလက္ခဏာ အားဖြင့် ထူးကြပါသည်။ အနန္တရပစ္စည်း၌ စက္ခုဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ..စသည်အားဖြင့် သရုပ်ထုတ်၍ ဟောကြားညွှန်ပြတော်မူပါသည်။

ဤ နတ္ထိပစ္စည်း၌ကား– 'သမနန္တရနိရုဒ္ဓါ–။ပ။– နတ္ထိပစ္စယေန ပစ္စယော။'ဟု သာမညအားဖြင့်သာ ဟောကြားညွှန်ပြတော်မူပါသည်။

www.dhammadownload.com

အမျိုးဇာတ်၊ ကာလ၊ ဘုံဌာန

- နတ္ထိပစ္စည်းသည် အနန္တရရူပပစ္စည်းမျိုး၌ ဖြစ်ပါသည်။ ထို့ကြောင့် နတ္ထိပစ္စည်း တရားတို့သည် မိမိနှင့်အတူတကွ အခြားအနန္တရရူပမျိုးပစ္စည်းများလည်း ကျေးဇူး ပြုနိုင်ကြလေသည်။ (အနန်, သနန်, ဥ–သေ–ကံ၊ မှတ်ရန် နတ်,ဝိဂ၊)
- နတ္ထိပစ္စည်းသည် ပဋိသန္ဓေကာလ, ပဝတ္တိကာလ နှစ်ပါးလုံးတို့၌ ဖြစ်သည်။ ပစ္စုပ္ပန်,အတိတ်,အနာဂတ် ကာလသုံးပါးတို့တွင် အတိတ်ကာလ၌ ဖြစ်ပါသည်။
- နတ္ထိပစ္စည်းသည် ပဉ္စဝေါကာရ ၂၆–ဘုံ၊ စတုဝေါကာရ ၄–ဘုံတို့၌ ဖြစ်နိုင်ပါသည်။

× ဧကဝေါကာရ(အသညသတ်ဗြဟ္မာ)ဘုံ၌ နတ္ထိပစ္စည်း မဖြစ်နိုင်ပါ။ ×

အတ္ထိပစ္စည်း၏အခြားမဲ့၌ နတ္ထိပစ္စည်း ဟောရခြင်း

အတ္ထိပစ္စည်းနှင့် နတ္ထိပစ္စည်း (အတ္ထိ–နတ္ထိ ယုဂဠပစ္စယ မှ) အစုံအစုံပစ္စည်းများ၏ ဆန့်ကျင်ဘက်များကိုဖော်ပြ၍ ဟောပါသည်။ နှစ်ပစ္စည်းစီတွဲ၍သာ ရုပ်တရား, နာမ် တရားတို့၏ အကြောင်း,အကျိုး၊ ဖြစ်ပုံ,တည်ပုံ၊ ကျေးဇူးပြုပုံအထူးများကို အပြန်အလှန် ထောက်ပံ့သည့်အစွမ်းဖြင့် ပြည့်စုံစေရန် နတ္ထိပစ္စည်းကို ဟောပါသည်။

အတ္ထိတွင် ရုပ်,နာမ်တရားတို့ကျေးဇူးပြုပုံမှာ ဥပါဒ်, ဌီ, ဘင် အားဖြင့် ထင်ရှားရှိပြီး။ နတ္ထိပစ္စည်းသည် ဥပါဒ်, ဌီ, ဘင် အားဖြင့်ထင်ရှားမရှိဘဲ ကျေးဇူးပြုခြင်း ဖြစ်ပါသည်။

* အတ္ထိပစ္စည်း၌ ဥပါဒ်, ဌီ, ဘင် မကင်း၊ * နတ္ထိပစ္စည်း၌ ဥပါဒ်, ဌီ, ဘင် ကင်း၏။

ဤသို့ ဥပါဒ်, ဌီ, ဘင် ထင်ရှားရှိမှသာ ကျေးဇူးပြုနိုင်သလော၊ ဥပါဒ်, ဌီ, ဘင် နှင့်ကင်းပြီး ကျေးဇူးမပြုနိုင်သလော–ဟု ယုံမှားသံသယသည် ဖြစ်နိုင်ပါသည်။ ယင်းသို့ သောယုံမှားသံသယကို ပယ်ဖျောက်လိုသောကြောင့် အတ္ထိ၏အခြားမဲ့၌ နတ္ထိပစ္စည်းကို ဟောတော်မူပါသည်။

အနန္တရမျိုး၌ ရှေးရှေးစိတ်သည် အကြောင်း(ပစ္စည်း)၊ နောက်နောက်စိတ်သည် အကျိုး(ပစ္စယုပ္ပန်) ဖြစ်သည်။ ထိုသို့ နာမ်တရားတို့ ရှေ့နောက် စဉ်ဆက်အခြားမရှိ ကျေးဇူးပြုခြင်း သဘောသတ္တိတို့မှ (အတ္ထိ–နတ္ထိ ယုဂဠပစ္စယ မှ)နတ္ထိပစ္စည်း၏ ကျေးဇူး ပြုပုံကို ဟောတော်မူပါသည်။

[နတ္ထိပစ္စည်းဟောမှုကို မိမိအနေဖြင့်(ကုသိုလ်ရည်မှန်း)ပူဇော်ခြင်းဖြစ်၍ မသင့်မြင်သော်ပြင်တော်မူပါရန်၊]

www.dhammadownload.com

နာမ်ကို နာမ်ချင်း မရှိသည့်အခါကျေးဇူးပြု

ပဋ္ဌာန်း ၂၄–ပစ္စည်းတွင် နာမ်ကနာမ်ကို ကျေးဇူးပြုသော အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ အာသေဝန၊ အနန္တရကမ္မ၊ နတ္ထိ၊ ဝိဂတပစ္စည်းတို့ (အနန္တရမျိုး ၇–ပစ္စည်း) ရှိပါသည်။ ထိုသို့ကျေးဇူးပြုကြရာတွင် နတ္ထိပစ္စည်းဖြင့် နာမ်တရားတစ်ခုက ဥပါဒ်, ဋ္ဌီ, ဘင် အားဖြင့် ဖြစ်,ပျက်သွားပြီးမှ နောက်နာမ်တရားတစ်ခု အဆက်မပြတ်ဖြစ်ဖို့ ကျေးဇူးပြုခြင်းသည် နာမ်ကိုနာမ်ချင်း (ဥပါဒ်, ဋ္ဌီ, ဘင် အားဖြင့်ထင်ရှားမရှိတော့ဘဲ ကျေးဇူးပြုခြင်း) မရှိသည့်အခါကျေးဇူးမှုကို ထင်ရှားစေပါသည်။

အတ္ထိပစ္စည်း၊ နတ္ထိပစ္စည်း (ယုဂဠပစ္စယ)ဟောမှု

အယူဝါဒနှင့်ပတ်သက်၍ လူသေပြီးလျှင် နောက်ထပ်ရုပ်နာမ်မဖြစ်တော့ဘဲ ပြတ်သွားသည့်ဆိုသည့် 'ဥစ္ဆေဒဒိဋ္ဌိ'အယူရှိသူများအတွက် အတ္ထိပစ္စည်းဖြင့် ရှိနေတယ်–ဆိုသည့် အဓိပ္ပါယ်ကို ဟောပါသည်။ အနန္တရပစ္စည်းတွင် သဘာဝနိယာမ၊ စိတ္တနိယာမတို့အရ စုတိစိတ်ပြီးလျှင်(ဝဋ်မြစ်မပြတ်သေးသမျှ) ပဋိသန္ဓေစိတ် ဖြစ်လာပါသည်။ စုတိစိတ်ဖြစ်ပြီးပျက်သွားသော်လည်း နောက်စိတ်–ပဋိသန္ဓေစိတ် ဖြစ်ဖို့ရန် အနန္တရသတ္တိဖြင့် ကျေးဇူးပြုခဲ့ပါသည်။ 'ဥစ္ဆေဒဒိဋ္ဌိ'အယူရှိသူက စုတိပြီး ပဋိသန္ဓေဖြစ်မှုကို မသိမမြင်ဘဲ 'သေပြီးလျှင် ပြတ်သွားဒါဘဲ၊ ရုပ်,နာမ်ဖြစ်မှုသည် တစ်ဘဝထဲဘဲ'ဟု ထင်မှတ်၏။ အတ္ထိပစ္စည်းဖြင့် ရုပ်,နာမ် ပရမတ္ထတရားတို့သည် ဥပါဒ်, ဋ္ဌီ, ဘင် အားဖြင့်ထင်ရှားဖြစ်ပေါ်ပြီး အရှိအားဖြင့် ကျေးဇူးပြုမှုကိုဟောကြားလိုက်သည့်အတွက် 'ဥစ္ဆေဒဒိဋ္ဌိ'အယူ ကင်းစင်သွားနိုင်ပါသည်။

အတ္ထိပစ္စည်းသာဟောလျှင် ရုပ်တရား, နာမ်တရားတို့သည် အမြဲရှိတယ်၊ ပျက်ကို မပျက်ဘူးဟု–ထင်မှတ်ပြီး 'သဿတဒိဋ္ဌိ' ဖြစ်သွားပါမည်။ "မြတ်စွာဘုရားက အတ္ထိပစ္စည်းကိုဟောတော်မူသည်– ရုပ်တရား,နာမ်တရားတို့သည် အရှိတရားဖြစ်ပြီး ဘယ်တော့မှ မပျောက်ပျက်"ဟူသော 'သဿတဒိဋ္ဌိ'အယူရှိသူတို့ ဆိုကြ၏။ ပရမတ္ထတရားတို့ရှိမှုသည် အမှန်တကယ်ရှိကြောင်း အတ္ထိပစ္စည်းကိုဟောပြီး၊ ထို ပရမတ္ထတရားတို့သည် ဖြစ်ပြီးပျက်မှု(ဥပါဒ်, ဋ္ဌီ, ဘင် အားဖြင့် ထင်ရှားမရှိတော့ဘဲ ကျေးဇူးပြုခြင်း)ကိုဟောသောအခါ 'သဿတဒိဋ္ဌိ'အယူ ကင်းစင်သွားနိုင်ပါသည်။

"ဥဘော အန္တေ အနုပဂ္ဂမ္မ"ဆိုသည့် ဓမ္မစကြာတရားတော်မှာ အစွန်းနှစ်ဘက်မှလွတ်အောင် ဟောသကဲ့သို့ 'အတ္ထိပစ္စယော၊ နတ္ထိပစ္စယော'ကိုဟောခြင်း ဖြစ်ပါသည်။

www.dhammadownload.com

နတ္ထိပစ္စည်း ရှုမှတ်ဖွယ်

ရှေးရှေးသော စိတ်,စေတသိက်တရားတို့သည် ဖြစ်ပေါ်ပြီးနောက် ချုပ်ပျောက်သွားကြသော်လည်း အရှိန်အဟုန် အစွမ်းသတ္တိကင်းမဲ့စွာ, ကြောင့်ကြမဲ့စွာဖြင့် ချုပ်ပျောက်သွားကြခြင်းမဟုတ်ပေ။ မိမိတို့၏နောက်၌ တစ်စပ်,တစ်ဆက်တည်း နောက်နောက်စိတ်များဖြစ်ပေါ်လာအောင်(အကြားမလပ်ရအောင်) ရှေးရှေးစိတ်များက နောက်နောက်စိတ်များကို ဥပါဒ်, ဌီ, ဘင် အားဖြင့် ထင်ရှားမရှိတော့ဘဲ ကျေးဇူးပြုပြီးမှ ချုပ်သွားခြင်းဖြစ်ပါသည်။

သာဓကအဖြစ်ဖော်ပြရသော်– စက္ခုဝိညာဏ်စိတ်သည် ဥပါဒ်,ဌီ,ဘင်ဟု သက်တမ်းကုန်၍ ချုပ်ပျောက်သွားသော်လည်း မနောဓာတ်ဟူသော သမ္ပဋိစ္ဆိုင်းစိတ် ဖြစ်ပေါ်အောင် ဥပါဒ်, ဌီ, ဘင် အားဖြင့် ထင်ရှားမရှိတော့ဘဲ ကျေးဇူးပြုခဲ့၏။ သမ္ပဋိစ္ဆိုင်းစိတ်သည် လည်းထို့အတူ ချုပ်ပျောက်သွားသော်လည်း မနောဝိညာဏဓာတ်ဟူသော သန္တီရဏစိတ်ဖြစ်ပေါ်လာအောင် ကျေးဇူးပြုခဲ့၏။ ဤသဘောကို 'စိတ္တနိယာမ'ဟု ခေါ်ပါသည်။

ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဝိပဿနာကျင့်စဉ်

"ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဝိပဿနာကျင့်စဉ်"ကို မြတ်စွာဘုရားရှင်သည် နှစ်ကြိမ်ဟောကြားတော်မူပါသည်။ 'မာလုကျပုတ္တ'ရဟန်းတော်အား တစ်ကြိမ်နှင့် ရဟန်းဘဝမရောက်သေးသော 'ဗာဟိရ'အမည်ရှိသောပုဂ္ဂိုလ်အား တစ်ကြိမ် ဟောကြားတော်မူပါသည်။

ခိပ္ပါဘိညာ အသိဉာဏ်ရှိသော 'ဗာဟိရ'အား ဟောကြားတော်မူသည်မှာ–

၁။ **တသ္မာတိဟ တေ ဗာဟိယ ဧဝံ သိက္ခိတဗ္ဗံ–**
ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ၊
သုတေ သုတမတ္တံ ဘဝိဿတိ၊
မုတေ မုတမတ္တံ ဘဝိဿတိ၊
ဝိညာတေ ဝိညာတမတ္တံ ဘဝိဿတိ, တိ။
ဧဝဉ္ဟိ တေ ဗာဟိယ သိက္ခိတဗ္ဗံ။

၂။ **ယတော ခေါ တေ ဗာဟိယ**
ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ၊
သုတေ သုတမတ္တံ ဘဝိဿတိ၊
မုတေ မုတမတ္တံ ဘဝိဿတိ၊
ဝိညာတေ ဝိညာတမတ္တံ ဘဝိဿတိ။

www.dhammadownload.com

တတော တွံ ဗာဟိယ န တေန၊
ယတော တံ ဗာဟိယ န တေန။
တတော တွံ ဗာဟိယ န တတ္ထ။
တတော တွံ ဗာဟိယ န နတ္ထ။
တတော တွံ ဗာဟိယ နေဝိဓ န ဟုရံ။
န ဥဘယမန္တရေန၊ ဧသေဝန္တော ဒုက္ခဿ။

(ဥဒါနသုတ်-၁၀)

မြန်မာပြန်အကျဉ်းအားဖြင့်

* မျက်စိက အဆင်းကိုမြင်လျှင် အမြင်အာရုံကို အဆင်းအာရုံမျှသာ ဖြစ်စေရမည်။
* နားက အသံကိုကြားလျှင် ကြားသောအာရုံကို အသံအာရုံမျှသာ ဖြစ်စေရမည်။
* နှာခေါင်းက အနံ့ကိုနံလျှင်၊ လျှာက အရသာကိုလျက်လျှင်၊ ခန္ဓာကိုယ်က အထိအတွေ့ကိုထိတွေ့လျှင်၊ အာရုံတို့ကို အနံ့အာရုံမျှသာ၊ အရသာအာရုံမျှသာ၊ အထိအတွေ့အာရုံမျှသာ ဖြစ်စေရမည်။
* စိတ်ကူးကြံစည်သဖြင့် သိသောအာရုံမှာ ဓမ္မာရုံမျှသာ ဖြစ်စေရမည်-ဟု ဟောတော်မူပါသည်။

ဤကဲ့သို့ လိုက်နာကျင့်သုံးလျှင် အာရုံနှင့်မတွဲတော့သဖြင့် အာရုံပေါ်မှာ တွယ်တာမှုမရှိတော့ပါ။ တွယ်တာမှုမရှိတော့လျှင် ဤဘဝမှာလည်း မဖြစ်တော့ပါ၊ နောင်ဘဝမှာလည်း မဖြစ်တော့ပါ၊ ဤဘဝ,နောင်ဘဝ နှစ်ဘဝတို့၏စပ်ကြားမှာလည်း မဖြစ်တော့ပါ။

အာရုံ ၆-ပါးကို ၄-ပိုင်းခွဲ၍ဟောကြားခြင်း

အာရုံ ၆-မျိုးကို ၄-ပုံ ပုံပြီး ထိုအာရုံတို့နှင့်ပတ်သက်၍ ဝိပဿနာဉာဏ်ဖြစ်ပြီး ရရှိနိုင်သော အကျိုးထူးကို မြတ်စွာဘုရား ဟောတော်မူခြင်း ဖြစ်ပါသည်။

* **ဒိဋ္ဌေ** – မျက်စိဖြင့်မြင်ရသော အဆင်းအာရုံ၊
* **သုတေ** – နားကကြားရသော အသံအာရုံ၊
* **မုတေ** – နှာခေါင်းက အနံ့အာရုံ, လျှာက အရသာအာရုံ၊ ခန္ဓာကိုယ်က ထိတွေ့ရသော အထိအတွေ့အာရုံ၊
* **ဝိညာတေ** – မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကာယတို့နှင့် တိုက်ရိုက်ဆက်စပ်ခြင်း မရှိဘဲ မန-စိတ်ဖြင့်သိရသောအာရုံတို့ ဖြစ်ပါသည်။

www.dhammadownload.com

အဋ္ဌကထာ အစိပ္ပါယ်ဖွင့်ဆိုချက်များ (သံ၊ ၄၊ ၃၊ ၂၈)

* ပဌမနည်း အစိပ္ပါယ်ဖွင့်ဆိုချက်–

ဒိဋ္ဌေ–သည် မျက်စိဖြင့်မြင်စရာ အဆင်းအာရုံကိုမြင်သောအခါ **ဒိဋ္ဌမတ္တံ**– မြင်စရာအာရုံအဖြစ်မှာသာ ရပ်တန့်မှု ဖြစ်ပါသည်။ ဆိုလိုသည်မှာ မြင်ရသောရူပါရုံမျှကိုသာ သိလျှင် လောဘ လိုက်မလာပါ၊ ဒေါသ လိုက်မလာပါ၊ မောဟ လိုက်မလာပါ။ မြင်တာကို မြင်သည့်အဆင့်မှာသာရပ်ရန် သတိ၊ သမာဓိ၊ ပညာတို့ဖြင့် ဝိပဿနာ ရှုမှတ်နေလျှင် မြင်သည့်အဆင့်မှာသာ ရပ်နိုင်ပါသည်။ မြင်သည့်အဆင့်မှာ မရပ်လျှင် ကောင်း မကောင်း၊ လှ မလှဆိုသည့်အတွေး လိုက်လာမည် ဖြစ်ပါသည်။ 'ငါ မြင်တယ်၊ 'ငါ့ အမြင်'ပြောတော့မှာ ဖြစ်ပါသည်။ မြင်သည့်အဆင့်မှာသာ ကြိုးစား၍ရပ်နိုင်ပါလျှင် 'ငါ မြင်တယ်၊ 'ငါ့ အမြင်'စသည်တို့ မပါတော့ပါ။

မျက်စိဖြင့် အဆင်းအာရုံကို မြင်လျှင် မြင်သည့်အတိုင်းအတာအတိုင်း ဝိပဿနာ ရှုမှတ်လျှင် ထိုအဆင်းအာရုံသည် 'သတ္တဝါ'လည်းမဟုတ်၊ 'ငါ'လည်းမဟုတ်၊ **'ဓမ္မ'** သက်သက်မျှသာဖြစ်ကြောင်း သိရမည် ဖြစ်ပါသည်။ ထိုအသိထိအောင် မပြောဘဲ စက္ခုဝိညာဏ်စိတ်တွင် ရပ်တန့်သည်ဆိုလျှင် အယူအဆ မမှန်နိုင်ပါ။ ဆိုလိုသည်မှာ အဆင်းရုပ်(ရူပါရုံ)ကို 'ရုပ်'ဟု သိလိုက်သည်နှင့်တစ်ပြိုင်နက် 'သတ္တဝါ မဟုတ်ဘူး' ဆိုသောအသိ၊ 'ငါ မဟုတ်ဘူး'ဆိုသောအသိ၊ 'ငါ့ဟာလည်း မဟုတ်ဘူး'ဆိုသောအသိ ဖြစ်အောင် သတိပဋ္ဌာန်ဖြင့် ဝိပဿနာရှုမှတ်ပြီး သိရမည်ဟု ဆိုလိုပါသည်။

* ဒုတိယနည်း အစိပ္ပါယ်ဖွင့်ဆိုချက်–

ဒိဋ္ဌမတ္တံ– မှာ **ဒိဋ္ဌ**–ဆိုသည့် မြင်တတ်သော စက္ခုဝိညာဏ်စိတ်(မြင်သိစိတ်)၊ **ဒိဋ္ဌေ**–မြင်စရာ အဆင်းအာရုံမှာ၊ **ဒိဋ္ဌမတ္တံ**– မြင်သိစိတ်အတိုင်းအတာတိုင်းသာ ဖြစ်စေရမည်။ ဆိုလိုသည်မှာ ရူပါရုံကိုမြင်ပြီဆိုလျှင် ပဉ္စဒွါရာဝဇ္ဇန်း၊ စက္ခုဝိညာဏ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ဇော၊ တဒါရုံ၊ ထို့နောက် မနောဒွါရဝီထိ ဖြစ်လာပါသည်။

'မြင်သိစိတ် အတိုင်းအတာတိုင်း' ဖြစ်စေရမည်ဆိုသည်မှာ စက္ခုဝိညာဏ်စိတ်မှာ လောဘ–လည်းမရှိ၊ ဒေါသ–လည်းမရှိ၊ မောဟ–လည်းမရှိ၊ ကောင်းတာလည်း မသိ၊ မကောင်းတာလည်း မသိပါ။ ဤကဲ့သို့ လောဘ၊ ဒေါသ၊ မောဟတို့နှင့် မဆက်စပ်သေးသော စက္ခုဝိညာဏ်စိတ်အနေအထားအတိုင်းသာ ဇောစိတ်အထိကို ကျင့်ရန် ဖြစ်ပါသည်။ ဇောရောက်သည့်အခါ အဆင်းရူပါရုံကို သတိ ပညာဖြင့် မြင်ခြင်းမျှသာ သိလျှင် လှ–မလှ၊ 'ငါ မြင်တယ်၊ 'ငါ့ အမြင်'စသည်အတွေးတို့ မပါတော့ပါ။

www.dhammadownload.com

ဝီထိစိတ်ဖြစ်စဉ်ကို စက္ခုဝိညာဏ်စိတ်တွင် ရပ်တန့်ခိုင်းခြင်း မဟုတ်ပါ။ (ရှေ့သို့ ဇောအထိ မသွားဘူးဟု မဆိုလိုပါ။) စက္ခုဝိညာဏ်စိတ်မှာ လောဘ၊ ဒေါသ၊ မောဟ တို့နှင့် မဆက်စပ်သလို ဇောစိတ်များတွင်လည်း ဤသဘောအတိုင်းဖြစ်စေရပါမည်။

* တတိယနည်း အဓိပ္ပါယ်ဖွင့်ဆိုချက်–

ဒိဋ္ဌေ ဒိဋ္ဌမတ္တံ– စက္ခုဝိညာဏ်စိတ်သာ မြင်ရုံမြင်တာမဟုတ်ပါ၊ သမ္ပဋိစ္ဆိုင်းစိတ်က အဆင်းရူပါရုံကို လက်ခံ၏၊ သန္တီရဏက စုံစမ်း၏၊ ဝုဋ္ဌောက ဆုံးဖြတ်၏။ ဤစိတ်တို့ တွင်လည်း လောဘ၊ ဒေါသ၊ မောဟတို့နှင့် မဆက်စပ်သေးဘဲ ဖြူစင်နေသေးသကဲ့သို့ နောက်ဖြစ်လာမည့် ဇောစိတ်တို့တွင်လည်း လောဘ၊ ဒေါသ၊ မောဟတို့နှင့် မဆက်စပ်ဘဲ ရှေးဖြစ်သော စက္ခုဝိညာဏ်စသောစိတ်တို့၏ အတိုင်းအတာအတိုင်းဖြစ်အောင် ကြိုးစား ပါဟု ဆိုလိုကြောင်း အဋ္ဌကထာမှာ ဖွင့်ဆိုပါသည်။

တီ နှ ဒ၊ ပ စ သံ ဏ ဝု၊ ဇ ဇ ဇ ဇ ဇ ဇ ဇ၊ ရုံ ရုံ၊

၉၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၉ = (၁၇)

ဆင်ခြင်, မြင်သိ, လက်ခံဘိ၍, စိစစ်, ဆုံးဖြတ်၊ ဇော, ရုံ မှတ်၊ စိတ်ခေတ် နိယာမ။
အာရုံခိုက်ငြား, ရှေ့ပြေးငါးနှင့် ဇောကားခုနှစ်၊ နောက်လိုက် နှစ်၊ ဖြစ်ကြတစ်သင်း၊ ဇော လိုရင်း။

ပရိညာ ၃–မျိုးဖြင့် ပြောမည်ဆိုလျှင် 'ဉာတပရိညာ'ဟု ခေါ်ပါသည်။ သိစရာ ရုပ်,နာမ်တို့၏ သဘာဝကို သိခြင်း၊ သိလိုက်သည့်အချိန်တွင် လှပ်မှားသည့်အတွေး, မြဲသည်ဆိုသည့်အတွေး, လှသည်ဆိုသည့်အတွေး, ချမ်းသာသည်ဆိုသည့်အတွေး, ငါ့ဆိုသည့်အတွေးအထွေထွေ ဝင်မလာဘဲ ပုဂ္ဂိုလ်၊ သတ္တဝါ၊ သူငါမနော၊ တရား သဘောသက်သက်မျှသာဖြစ်ကြောင်း သိခြင်းသည် 'ဒိဋ္ဌေ ဒိဋ္ဌမတ္တံ'ဟု ဆိုလိုပါသည်။

အကျဉ်းအားဖြင့်– ပထမနည်းက မျက်စိဖြင့်မြင်ရသော အဆင်းအာရုံကို အဆင်း အာရုံ အနေအထားအတိုင်းသာ ရပ်လိုက်ပါ– ဆိုလိုသည်။ အဆင်းအာရုံအနေဖြင့်သာ သတိပဋ္ဌာန်ဖြင့် ဝိပဿနာရှုမှတ်ပြီး သိရမည်။ (ဉာတပရိညာ)

ဒုတိယနည်းသည် မြင်သိစိတ်ဖြစ်သော စက္ခုဝိညာဏ်စိတ်သည် လောဘ၊ ဒေါသ၊ မောဟတို့နှင့် မဆက်စပ်သကဲ့သို့ ဤအဆင်းအာရုံနှင့်အလုပ်လုပ်ကြသော နောက် ပိုင်းဖြစ်သော ဇောစိတ်တို့ထိတိုင်အောင် လောဘ၊ ဒေါသ၊ မောဟတို့ကင်းရှင်းရမည်။

တတိယနည်းသည် ရူပါရုံကို အာရုံပြုပြီးဖြစ်သော ဝီထိစိတ်များမှ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ ဝုဋ္ဌောတို့တွင် လောဘ၊ ဒေါသ၊ မောဟတို့ မပါသလို နောက်ဖြစ်ပေါ်မည့် ဇောစိတ်တို့တွင်လည်း ရှေးစိတ်များအတိုင်းသာရှိရမည်ဟု ဆိုလိုပါသည်။

www.dhammadownload.com

သို့သော် အချို့သောအယူအဆတို့တွင် ဝုဋ္ဌောတွင် ရပ်သည်။ ဝိပဿနာတရား အားထုတ်လျှင် 'ဇော'မဇောဘူး–ဟူသောအဆိုသည် အဘိဓမ္မာသဘောအရ မမှန်ပါ။ 'ဝိပဿနာဉာဏ်'သည် ဇောမှာသာ ဖြစ်ပါသည်။ ဇောရှိမှ ဝိပဿနာဉာဏ် ဖြစ်၏။

ထို့အတူ 'သုတေ သုတမတ္တံ'၌ အဓိပ္ပါယ် ၃–မျိုးစီ၊ 'မုတေ မုတမတ္တံ'၌ အဓိပ္ပါယ် ၃–မျိုးစီနှင့် 'ဝိညာတေ ဝိညာတမတ္တံ'၌မူ အာရုံမျှကိုသိခြင်းနှင့် မနောဒွါရာဝဇ္ဇန်းစိတ် အတိုင်းအတာ ပမာဏထက် မပိုသောအာရုံကို 'သိကာမတ္တ–ဇောဝီထိ' ဖြစ်အောင် ကျင့်ရမည်ဟု ဆိုလိုပါသည်။

သတ္တဝါတိုင်းတွင် နာမက္ခန္ဓာတို့ ပုတီးကုန်းအစဉ်များသဖွယ် သံသရာတစ်လျှောက်လုံးမှာ အစဉ်အတိုင်းဖြစ်ပေါ်လာကြပြီး ဥပါဒ်–ဌီ–ဘင် အားဖြင့် ရှေးရှေးနာမက္ခန္ဓာတို့ ကွယ်ပျောက် အနိစ္စရောက်ခြင်းမှာ နောက်နောက်နာမက္ခန္ဓာတို့ ဖြစ်ပေါ်အောင် မရှိခြင်းက ကျေးဇူးဆောင်သည်ဖြစ်သောကြောင့် ဖြစ်ရန်အတွက်ပျက်၊ ပျက်ရန်အတွက်ဖြစ်ကြ၍ "မမြဲသော–အနိစ္စ၊ ဆင်းရဲသော–ဒုက္ခ၊ အစိုးမရသော–အနတ္တ"တရားများကို သမ္မဇဉ်သတိ ကိုယ်စီရှိသဖြင့် ပစ္စည်း–ပစ္စယုပ္ပန်၊ ပရမတ္ထတရားအမှန်တို့ကို ဆင်ခြင်နိုင်ကြပါစေ..

ပဋ္ဌာန်း နတ္ထိပစ္စည်း မေတ္တာပို့ ဆုတောင်းဘုရားရှိခိုး

နတ္ထိပစ္စယော– သတ္တဝါအားလုံး ကောင်းမြတ်၊ ကောင်းမြတ်သော ရှေးရှေးနာမ်တရားတို့ ချုပ်ပျက်,ချုပ်ပျက်သွားကြပြီး၊ ကောင်းမြတ်၊ ကောင်းမြတ်သော နောက်နောက် နာမ်တရားတို့သာ နိဗ္ဗာန်တိုင်ထိ အစားထိုးကာ ဆက်လက်ဖြစ်ပွား နိုင်ကြပါစေ။

အပါယ် ဒုဂ္ဂတိ၊ မရောက်ရှိ၊ ဝေးသည့်ကိုယ်သာ ဖြစ်စေသော်။

နတ္ထိပစ္စယော– မိုက်မှောင်ဖြစ်စေ၊ ငြိမ်းသေလေပြီး၊ ဆီမီးပုံသွေး၊ ဖြစ်ခွင့်ပေး၍၊ ကျေးဇူးပြုခြင်းလက္ခဏာရှိသော နတ္ထိ ပစ္စည်းတရားသည်၊ အတ္ထိ– ပုဂ္ဂိုလ်,သတ္တဝါ၊ သူငါ မနော၊ တရားသဘောသာ၊ ထင်ရှားရှိပါ ပေသည်တကား။

ဣတိ– ဤသို့၊ ဇာနေန္တော– သဗ္ဗညုတာ၊ ဉာဏ်တော်သာဖြင့်၊ ဦးစွာကျနစ်၊ သိပြီးမှလျှင်၊ များလှဝေနေ၊ သိစေတော်မူသော၊ မြတ်စွာဘုရားကို၊ ဝန္ဒာမိ– ဂုဏ်တော်ထုံမွမ်း၊ ပုံတော်မှန်းလျက်၊ ချီးမွမ်းထောမနာ၊ ပဏာရိုကျိုး၊ လက်စုံမိုး၍၊ ရှိခိုး ကန်တော့ပါ၏ ဘုရား။

UK-2020(COVID-19)

နတ္ထိပစ္စည်း ပြီး၏။

(၁၈၃)

www.dhammadownload.com

"နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"

+

၂၃။ ဝိဂတပစ္စည်း

ဝိဂတမည်ခြင်းအကြောင်း

ဝိဂတ = ကင်းသည်အဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရား။

နတ္ထိပစ္စည်းထိုက်သောတရားတို့သည်ပင်လျှင် ကင်းသောအဖြစ်ဖြင့် ကျေးဇူးပြုတတ်သည်၏အဖြစ်ကြောင့် 'ဝိဂတပစ္စည်း' မည်ပါသည်။

မိမိ၏ အထည်ကိုယ်သဘော(ဖုသန-စသောသဘော) မကင်းသေးခြင်းကြောင့် မိမိ၏အခြားမဲ့၌ ဖြစ်ခွင့်မရကုန်သော (နောက်နောက်)စိတ်,စေတသိက်တရားတို့အား မိမိသဘောကင်းသည်အဖြစ်ဖြင့် ကျေးဇူးပြုတတ်သော နတ္ထိပစ္စည်းတရားတို့သည်ပင် 'ဝိဂတပစ္စည်း' မည်၏။

နေဝင်ခြင်းသည် လထွက်ခြင်းကို ကျေးဇူးပြုသကဲ့သို့၊ နောက်ဖြစ်သော စိတ်,စေတသိက်တို့အား ကင်းကွာသည်အဖြစ် ကျေးဇူးပြုတတ်သော ရှေ့ဖြစ်သော (ချုပ်ကုန်ပြီးသော) စိတ်,စေတသိက်တို့သည် 'ဝိဂတပစ္စည်း' မည်၏။

(သုဒ္ဓသင်္ချာ = နတ္ထိနှင့် တူ၏။)

မှတ်ချက်။ ။ ဝိဂတပစ္စည်းဖြင့်ကျေးဇူးပြုပုံကို အနန္တရပစ္စည်းအတိုင်း မှတ်ရမည်။

နတ္ထိပစ္စည်းနှင့် ဝိဂတပစ္စည်း အထူး

ဝိဂတပစ္စည်းနှင့် နတ္ထိပစ္စည်းတရားတို့သည် 'သဒ္ဒါ'မျှသာ ထူးပါသည်။ အနက်အားဖြင့် တစ်စုံတရာ အထူးမရှိပါ။

* ချုပ်သည်၏အခြားမဲ့၌ ကင်းဆိတ်သည်၏အဖြစ်သည် နတ္ထိပစ္စည်း မည်၏။
  ဘာမှမရှိတော့မှ ကျေးဇူးပြုနိုင်သောသတ္တိသည် နတ္ထိသတ္တိ ဖြစ်ပါသည်။
* ချုပ်ခြင်းဘင်သို့ ရောက်သည်၏အဖြစ်သည် ဝိဂတပစ္စည်း မည်၏။
  ဥပါဒ်-ဌီ-ဘင် သဘောအားဖြင့် ကင်းသွားပြီးမှ ကျေးဇူးပြုနိုင်သောသတ္တိသည် ဝိဂတသတ္တိ ဖြစ်ပါသည်။

ဤသို့ ထူးပါသည်။ (နတ္ထိ-မရှိတော့၊ ဝိဂတ-ကင်းသွားပြီ၊)

www.dhammadownload.com

အမျိုးဇာတ်၊ ကာလ၊ ဘုံဌာန

- ဝိဂတပစ္စည်းသည် အနန္တရူပပစ္စည်းမျိုး၌ ဖြစ်ပါသည်။ ထို့ကြောင့် ဝိဂတပစ္စည်း တရားတို့သည် မိမိနှင့်အတူတကွ အခြားအနန္တရူပမျိုးပစ္စည်းများလည်း ကျေးဇူး ပြုနိုင် ကြပါသည်။ (အနန်, သနန်, ဥ–သေ–ကံ၊ မှတ်ရန် နတ်,ဝိဂ၊)
- ဝိဂတပစ္စည်းသည် ပဋိသန္ဓေကာလ, ပဝတ္တိကာလ နှစ်ပါးလုံးတို့၌ ဖြစ်သည်။ ပစ္စုပ္ပန်,အတိတ်,အနာဂတ် ကာလသုံးပါးတို့တွင် အတိတ်ကာလ၌ ဖြစ်ပါသည်။
- ဝိဂတပစ္စည်းသည် ပဥ္စဝေါကာရ ၂၆–ဘုံ၊ စတုဝေါကာရ ၄–ဘုံတို့၌ ဖြစ်နိုင်ပါသည်။

  ✕ ဧကဝေါကာရ(အသညသတ်ဗြဟ္မာ)ဘုံ၌ ဝိဂတပစ္စည်း မဖြစ်နိုင်ပါ။ ✕

နတ္ထိပစ္စည်း၏အခြားမဲ့၌ ဝိဂတပစ္စည်း ဟောရခြင်း

အနန္တရမျိုး၌ ရှေးရှေးစိတ်သည် အကြောင်း(ပစ္စည်း)၊ နောက်နောက်စိတ်သည် အကျိုး(ပစ္စယုပ္ပန်) ဖြစ်ပါသည်။ ထိုသို့ နာမ်တရားတို့ ရှေ့နောက် စဉ်ဆက်အခြားမရှိ ကျေးဇူးပြုခြင်း သဘောသတ္တိတို့တွင် (နတ္ထိပစ္စည်း)နောက်စိတ်ဖြစ်ခွင့်ရ၍ ရှေ့စိတ်၏ ချုပ်ခြင်း၊ မရှိခြင်းဖြင့် ကျေးဇူးပြုပုံကိုဟောကြားတော်မူရာ ထိုတရားတို့သည် တစ်ပါး သောအခြင်းအရာအားဖြင့် ကျေးဇူးမပြုကြကုန်သလော။

ထိုမှတစ်ပါးသော ရှေးစိတ်များ၏ ဝိဇာနန(သိမှတ်ခြင်း) သဘောမကင်းသေးလျှင် မဖြစ်ဝံ့ မဖြစ်နိုင်သော နောက်စိတ်များအား ဝိဇာနန ကင်းခြင်း/ချုပ်ခြင်းသို့ ရောက် ခြင်းဖြင့် ကျေးဇူးမပြုကြကုန်သလောဟု ဝေနေယျတို့အားဖြစ်သော ယုံမှားသံသယကို ပယ်ဖျောက်ခြင်းအကျိုးငှာ နတ္ထိပစ္စည်း၏အခြားမဲ့၌ ဝိဂတပစ္စည်းကို ဟောတော်မူပါသည်။

[ဝိဂတပစ္စည်းဟောမှုကို မိမိအနေဖြင့်(ကုသိုလ်ရည်မှန်း)ပူဇော်ခြင်းဖြစ်၍ မသင့်မြင်သော်ပြင်တော်မူပါရန်၊]

ဝိဂတပစ္စည်းကိုဟောတော်မူပုံ

ဝိဂတပစ္စည်းနှင့်ပတ်သက်၍ မြတ်စွာဘုရားဟောတော်မူပုံမှာ–

"သမနန္တရဝိဂတာ စိတ္တစေတသိကာ ဓမ္မာ ပစ္စုပ္ပန္နာနံ စိတ္တစေတသိကာနံ ဓမ္မာနံ ဝိဂတပစ္စယေန ပစ္စယော– ကောင်းစွာအခြားမဲ့၌ ကင်းကုန်ပြီးသော စိတ်, စေတသိက် တရားတို့သည် မိမိသို့အတူလိုက်၍ဖြစ်ကုန်သော စိတ်,စေတသိက်တရားတို့အား ဝိဂတပစ္စည်းဖြင့် ကျေးဇူးပြုသည်ဖြစ်၏"ဟူ၍ ဖြစ်ပါသည်။

www.dhammadownload.com

"နတ္ထိ–မရှိတော့၊ ဝိဂတ–ကင်းသွားပြီ"ဟူ၍ ကျေးဇူးပြုပုံချင်း အတူတူဖြစ်သော်လည်း အဘယ်ကြောင့် ထပ်ဟောရပါသနည်း။

စက္ခုဝိညာဏ်စိတ်က သမ္ပဋိစ္ဆိုင်းစိတ်ဖြစ်ပေါ်အောင်ကျေးဇူးပြုရာတွင် ဉပါဒ်, ဌီ, ဘင် အားဖြင့် ပျက်သွားပြီး မရှိတော့မှကျေးဇူးပြုခြင်းသည် နတ္ထိသတ္တိ ဖြစ်ပြီး၊ ဝိဂတ၏ သဘောသည် မရှိရုံမျှမက သတ္တိသဘောအားဖြင့်လည်းကင်းပြီးမှသာ ကျေးဇူးပြုပါသည်။ ကင်းပြီးမှသာ ကျေးဇူးပြုသည်ဆိုသည်မှာ စိတ္တနိယာမသဘောတရားအရ သဘောမကင်းသေးလျှင် မဖြစ်ဝံ့မဖြစ်နိုင်သော နောက်စိတ်များအား ဝိဇာနန ကင်းခြင်း/ချုပ်ခြင်းသို့ ရောက်ခြင်းဖြင့် မိမိ၏အခြားမဲ့၌ ဖြစ်လတ္တံ့သော စိတ်,စေတသိက် ပစ္စယုပ္ပန်တရားတို့အား ဖြစ်ခွင့်ပေးသည်အစွမ်းဖြင့် ကျေးဇူးပြုခြင်း ဖြစ်ပါသည်။ စက္ခုဝိညာဏ်စိတ် မရှိတော့သော်လည်း သူ၏သဘောသတ္တိမကင်းသေးလျှင် သမ္ပဋိစ္ဆိုင်းစိတ် မဖြစ်နိုင်ပါ။ "ပရမတ္ထတရားများသည် ပျက်သွားသော်လည်း သူတို့၏သတ္တိက ကျန်နေသေးတယ်ဆိုသည့်" 'သဿတဒိဋ္ဌိ'သမားများအတွက် နတ္ထိပစ္စည်းကို ဟောတော်မူပြီးသော်လည်း ဝိဂတပစ္စည်းကို ပုဂ္ဂလဇ္ဈာသယအလိုအားဖြင့် ထပ်မံ၍ဟောရပါသည်။

ရူပါရုံကို မြင်မှုတစ်ခုစသည် ကိစ္စရပ်များ

ပစ္စယနိဒ္ဒေသ၌ ဟောတော်မူသော 'သမနန္တရဝိဂတာ'စသော အနန္တရမျိုးသတ္တိ.. ဝိဂတပစ္စည်းစသည်ကို ပြဆိုသောစကားရပ် ဖြစ်ပါသည်။ ရှေးရှေးစိတ်သည် အကြောင်း(ပစ္စည်း)၊ နောက်နောက်စိတ်သည် အကျိုး(ပစ္စယုပ္ပန်) အဖြစ်သည် ဧကဝီထိအတွင်း ပြဆိုမှုကို သိရှိနားလည်အပ်ပြီး၊ စိတ္တနိယာမအရ စက္ခုဝိညာဏ်စိတ်သည် ဉပါဒ်,ဌီ,ဘင်ဟုသက်တမ်းကုန်၍ ချုပ်ပျောက်သွားသော်လည်း မနောဓာတ်ဟူသော သမ္ပဋိစ္ဆိုင်းစိတ်ဖြစ်ပေါ်အောင် ဉပါဒ–ဌီ–ဘင် အားဖြင့် ထင်ရှားမရှိတော့သည့်အခါ ကျေးဇူးပြုပါသည်။ သမ္ပဋိစ္ဆိုင်းစိတ်သည်လည်း ထို့အတူ ချုပ်ပျောက်သွားသောအခါ မနောဝိညာဏဓာတ်ဟူသော သန္တီရဏစိတ်ဖြစ်ပေါ်လာအောင် ကျေးဇူးပြုပါသည်။ ဆိုလိုသည်မှာ ရူပါရုံကို မြင်ပြီဆိုလျှင် ပဉ္စဒွါရာဝဇ္ဇန်း၊ စက္ခုဝိညာဏ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ဇော၊ တဒါရုံ–ဟူသော ပဉ္စဒွါရဝီထိစိတ်အစဉ်တို့(တဒါရမ္မဏဝါရ၌) ဖြစ်လာပါသည်။

ပဉ္စဒွါရဝီထိစိတ် တစ်ခုဖြစ်တိုင်းဖြစ်တိုင်း ထို ဝီထိနောက်သို့ အစဉ်လိုက်သော 'တဒနုဝတ္တက' မနောဒွါရဝီထိ ၃–မျိုး(အနုဗန္ဓကဝါရ)လိုက်၍ဖြစ်လေ့ရှိ၏။ သို့မှသာ ထိုရူပါရုံ၏ သဘောအမှန်ကို သိရပေမည်။ 'သုဒ္ဓိကဝါရ'ဟုလည်း ခေါ်ပါသည်။

www.dhammadownload.com

* ပစ္စုပ္ပန်အဆင်းရူပါရုံ(ဘုရားပုံတော်)ကို အာရုံပြု၍ စက္ခုဒွါရဝီထိ ဖြစ်ပါသည်။
* ထို့နောက် မြင်ခဲ့ပြီးသော အတိတ်ဖြစ်သောရူပါရုံ(ဘုရားပုံတော်)ကိုပင် အာရုံပြုလျက် 'တဒနုဝတ္တက မနောဒွါရဝီထိ' ကျပါသည်။
* ထိုအဆင်းရူပါရုံ(ဘုရားပုံတော်)၏ အမည်နာမ, အသံပညတ်ကို ဆင်ခြင်တွေးတောသော 'သဒ္ဒ မနောဒွါရိကဝီထိ' ကျပါသည်။
* ထို့နောက် အသွင်သဏ္ဌာန်ဒြပ် အတ္ထပညတ်ကို အာရုံပြု၍ 'သဒ္ဒ မနောဒွါရိကဝီထိ' ကျပါသည်။

မှတ်ချက်။ ။ ထို ၄–ဝီထိစီဖြစ်ရာတွင် ပထမနှင့် ဒုတိယဝီထိတို့၌ အာရုံအားအာရုံပြုရုံသာဖြစ်ပြီး၊ တတိယနှင့်စတုတ္ထဝီထိတို့ရောက်မှ 'သဒ္ဒပညတ်/အတ္ထပညတ်' တို့ဖြစ်ရသည်။ ဤသို့ စတုတ္ထဝီထိရောက်မှ ဘုရားပုံသသဏ္ဌာန် အမည်နာမစသည်တို့ကို ကွဲကွဲပြားပြား သိရပါသည်။

❀ ပထမစိတ်၊ ပုံရိပ်အသံ၊ လွန်ပြီးအတိတ်၊ ဒုစိတ်သိပြန်။
တတိစိတ်က၊ သိရနာမံ၊ စတုတ္ထ၊ အတ္ထ ပညတ္တံ။

ရူပံ ပထမစိတ္တေန၊ တီတံ ဒုတိယစေတသာ၊
နာမံ တတိယစိတ္တေန၊ အတ္ထံ စတုတ္ထစေတသာ။

ရူပါရုံတစ်ခုကို မြင်လျှင် စိတ် ၄–မျိုးကွဲပြီး၊ **ပထဆုံးမြင်သောစိတ်** (စက္ခုဒွါရဝီထိ)သည် မြင်တာတဲ့ရှိပြီး ဘာမှမသိပါ။ (ဥပမာ– အမှတ်တမဲ့ မြင်လိုက်မိသကဲ့သို့)၊

ဘဝင်အစဉ်ပြတ်ပြီးနောက် ထင်လာသော(စက္ခုဒွါရအတွက်) ရူပါရုံကိုဆင်ခြင်သော ပဉ္စဒွါရာဝဇ္ဇန်းစိတ်, မြင်သိသော စက္ခုဝိညာဏ်စိတ်, ခံယူသကဲ့သို့ဖြစ်သော သမ္ပဋိစ္ဆိုင်းစိတ်, စုံစမ်းသကဲ့သို့ဖြစ်သော သန္တီရဏစိတ်, ဆုံးဖြတ်သော ဝုဋ္ဌောစိတ်များ အစဉ်အတိုင်းဖြစ်ကြ၏။ ထို့နောက် ရူပါရုံကို အာရုံပြုခံစားသော ကာမဇော ၂၉–ပါး အနက်မှတစ်ပါးပါးသည်(များသောအားဖြင့်) ၇–ကြိမ်တိုင်တိုင် ဇောပါသည်။ နှလုံးသွင်း မကောင်းလျှင် အကုသိုလ်ဇော, နှလုံးသွင်းကောင်းလျှင် ကုသိုလ်ဇော, ရဟန္တာပုဂ္ဂိုလ်သန္တာန်၌ ကြိယာဇော ဇောပါသည်။ ထိုကဲ့သို့ အခွင့်ရသောဇောသည် စိတ်တစ်မျိုးတည်းက ၇–ကြိမ်ထပ်၍ဖြစ်၏။*(အဖြစ်များ၍ ယေဘုယျနည်း၊)* ထို့နောက် ဇောသို့အစဉ်လိုက်၍ဖြစ်သော တဒါရုံဝိပါက်စိတ် ၂–ကြိမ်ဖြစ်သော်၊ စက္ခုဒွါရဝီထိ အစဉ်သည်လည်း ရူပါရုံနှင့် စက္ခုပသာဒတို့၏ ရုပ်သက် ၁၇–ချက်ပြည့်၍ ချုပ်ခြင်းနှင့် အတူပြိုင်၍ ချုပ်၏။ (ထို့နောက် အာရုံသစ်ထပ်မံ၍မထင်သေးသမျှ ဘဝင်စိတ် အစဉ်သာဖြစ်၏။)

www.dhammadownload.com

'ရူပံ ပဌမစိတ္တေန၊' ပဌမစိတ်သည် တစ်စိတ်တည်းမဟုတ်ပါ၊ ၁၇–ချက်အတွင်း ပါသောစိတ်တို့ ဖြစ်ပါသည်။ 'တီတံ ဒုတိယစေတသာ၊' အတိတ်ရူပါရုံကို အာရုံပြုပြီး 'မနောဒွါရာဝဇ္ဇန်း၊ ဇော ၇–ကြိမ်၊ တဒါရုံ ၂–ကြိမ်(တဒါရုမ္မဏဝါရ) ဖြစ်ပြီးလျှင်၊ ဒုတိယတဒါရုံ၏ ဘင်နှင့်ပြိုင်၍ချုပ်သော'တဒနုဝတ္တက မနောဒွါရဝီထိ' ကျပါသည်။ (ကြားကာလ မူလဘဝင်ဆက်၍ဖြစ်၊) တစ်စိတ်ပြီးတစ်စိတ် အနန္တရမျိုးသတ္တိတို့ဖြင့် ကျေးဇူးပြုနေပါသည်။ ထိုနည်းတူ 'နာမံ တတိယစိတ္တေန၊' ထို အဆင်းရူပါရုံ၏ အမည်နာမ,အသံပညတ်ကို ဆင်ခြင်တွေးတောသော 'သုဒ္ဓ မနောဒွါရိကဝီထိ'ကျပြီး၊ ထို့နောက် 'အတ္ထံ စတုတ္ထစေတသာ။' အသွင်သဏ္ဌာန်ဒြပ် အတ္ထပညတ်ကို အာရုံပြု၍ 'သုဒ္ဓ မနောဒွါရိကဝီထိ' ကျပါသည်။ ဤသို့ စတုတ္ထဝီထိရောက်မှ ရူပါရုံ၏ ပုံသဏ္ဌာန် အမည်နာမစသည်တို့ကို ကွဲကွဲပြားပြား သိရပါသည်။ *(ပဥ္စာရုံတို့ ဤနည်းတူပြီ၊)*

ရှင်တော်မြတ်ဘုရား ဟောကြား၍သာ ရူပါရုံကိုမြင်မှုတစ်ခုစသည် ကိစ္စရပ်များ စိတ်အစဉ်, ဝီထိအစဉ်တို့၏ ဖြစ်မှု, ပျက်မှု သဘောလက္ခဏာ၊ အနိစ္စ,ဒုက္ခ,အနတ္တ သဘောလက္ခဏာတို့ကို သိရှိလိုက်နာ မှတ်သား ကျင့်သုံးရပါသည်။

သတ္တဝါတိုင်းတွင် နာမက္ခန္ဓာတို့ ပုတီးကုန်းအစဉ်များသဖွယ် သံသရာတစ်လျှောက် လုံးမှာ အစဉ်အတိုင်းဖြစ်ပေါ်လာကြပြီး ချုပ်/ပျက်စီး၍နေကြသည့် ရှေးရှေးနာမက္ခန္ဓာတို့ ကွယ်ပျောက် အနိစ္စရောက်ခြင်းမှာ နောက်နောက်နာမက္ခန္ဓာတို့ ဖြစ်ပေါ်အောင် မရှိခြင်းက ကျေးဇူးဆောင်သည်ဖြစ်သောကြောင့် ဖြစ်ရန်အတွက်ပျက်၊ ပျက်ရန်အတွက်ဖြစ်ကြ၍ "မမြဲသော–အနိစ္စ၊ ဆင်းရဲသော–ဒုက္ခ၊ အစိုးမရသော–အနတ္တ"တရားများကို သမ္မာဉ်သတိ ကိုယ်စီရှိသဖြင့် ပစ္စည်း–ပစ္စယုပ္ပန်၊ ပရမတ္ထတရားအမှန်တို့ကို ဆင်ခြင်နိုင်ရပါမည်။

❀ အနန္တရမျိုးပစ္စည်းဟောရခြင်းသည် လက်ဖျောက်တစ်ချက်တီးခန့်အချိန်အတွင်းမှာ နာမ်တရားများ ဖြစ်လိုက်ပျက်လိုက် အကြိမ်ရေ ကုဋေတစ်သိန်းခန့်ဖြစ်နေကြောင်းကို မြတ်စွာဘုရား၏ သဗ္ဗညုတဉာဏ်တော်က သိမြင်နိုင်သော်လည်း လူ,နတ်,ဗြဟ္မာတို့ သည် မသိနိုင်ကြပါ။ စိတ္တက္ခဏ= ခဏတိုင်းခဏတိုင်း ဖြစ်ပျက်နေကြသောနာမ် တို့ကို မသိမြင်နိုင်ကြသဖြင့် လူ,နတ်,ဗြဟ္မာတို့သည် နာမ်ကမြဲသည်–သဿတဒိဋ္ဌိ သည် ရှိနေနိုင်သည်။ ထို့ကြောင့် မြတ်စွာဘုရားသည် သတ္တဝါတို့အား ဘဝတွေ ပြောင်းသော်လည်း နာမ်တရားကတည်မြဲသည်ဟုယူသည့် 'သဿတဒိဋ္ဌိ'ဖြစ်စေသော သန္တတိပညတ်ကိုပယ်ရှား၍ အယူမှန်ရစေရန်အတွက် အနန္တရ၊ သမနန္တရ၊ အနန္တရူပ– နိဿယ၊ နတ္ထိ၊ ဝိဂတပစ္စည်းများဖြင့် ဟောတော်မူပါသည်။

www.dhammadownload.com

ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ။
'မာလုကျပုတ္တ'ရဟန်းတော်၏ အဓိပ္ပါယ်ဖွင့်ဆိုချက်

မြတ်စွာဘုရားရှင်သည် 'ဒိဋ္ဌေ ဒိဋ္ဌမတ္တံ'ကျင့်စဉ်ကို 'မာလုကျပုတ္တ'ရဟန်းတော်အား အကျဉ်းနည်းဖြင့်ဟောပြီးသောအခါ မာလုကျပုတ္တရဟန်းက သူနားလည်သလို ပြန်လည်လျှောက်ထားမှုကို မြတ်စွာဘုရားက 'သာဓု'ခေါ်ဆို၍ ထောက်ခံချက် ပေးတော်မူသည်။

[မိမိအနေဖြင့် အကျဉ်းမျှ(ကုသိုလ်ရည်မှန်း)ပူဇော်ခြင်းဖြစ်ပါသည်။]

အဆင်းအာရုံကိုမြင်သည့်အခါ ရှုမှတ်မှုသတိလွတ်သွားလျှင် မြင်သောအဆင်းအာရုံအပေါ်မှာ 'အဆင်းအာရုံမျှသာဖြစ်တယ်'ဆိုသည့် အမှတ်သတိမရှိတော့ဘဲ၊ ထိုရူပါရုံကို ငါမြင်တာ၊ ယောကျ်ား၊ မိန်းမစသည် ဖြစ်သွားပါသည်။ အမှန်တကယ် ရူပါရုံရုပ်ကိုသာမြင်ခြင်းဖြစ်ပြီး၊ ရှုမှတ်မှု သမ္မာဇဉ်သတိ မထားမိလိုက်သဖြင့် ရူပါရုံကိုမြင်ခြင်း အဆင့်မှကျော်ပြီး အမှန်တကယ်မရှိသော 'ငါမြင်တယ်'စသည် ဖြစ်သွားပါသည်။

မိမိမြင်သော အဆင်းရူပါရုံပေါ်မှာ ရှုမှတ်မှု သမ္မာဇဉ်သတိ ကင်းမဲ့နေလျှင်–

* နှစ်သက်ကျေနပ်စရာဖြစ်သော ရူပါရုံကို 'ငါမြင်တယ်' 'ငါ့ ဥစ္စာ'စသည်ဖြင့်သိမ်းပိုက်မှုများ စိတ်ထဲအထင်ရောက်သွားပြီး ရူပါရုံကို ရူပါရုံဟုမသိနိုင်တော့ဘဲ လှတယ်၊ နှစ်သက်စရာစသည်ဖြင့် စွဲလန်းတပ်မက်သော ရာဂဖြင့် တပ်မက်သည့်ခံစားမှုတို့ အဆင့်ဆင့် ဖြစ်ပေါ်လာပါသည်။

* ကာမာသဝ– လိုချင်သော လောဘ,တဏှာများ ပွားလာပါသည်။ ဘဝါသဝ– ရူပ,အရူပကို တပ်မက်သောတဏှာ ပွားလာပါသည်။ ဒိဋ္ဌာသဝ– မိစ္ဆာအယူဝါဒများ ပွားလာပါသည်။ အဝိဇ္ဇာသဝ– အမှန်မသိမှု တိုးပွားလာပါသည်။ ဤသို့ အာသဝတရားများ ဆင့်ကဲဆင့်ကဲ တိုးပွားလာပါတော့သည်။

* နှစ်သက်စရာအဆင်းရူပါရုံကို အကြောင်းပြု၍ နှစ်သက်ကျေနပ်မှု ပျော်ရွှင်မှု ခံစားမှုတို့ဖြင့် လိုချင်သောစိတ်က မိမိ၏ပင်ကိုယ်စိတ်ကို နှိပ်စက်လွှမ်းမိုးလာပါသည်။ မိမိ မကြိုက်သောအာရုံဆိုလျှင် နှလုံးမသာယာဖြစ်မှုဖြင့် မုန်းတီးသောစိတ်က မိမိ၏ ပင်ကိုယ်စိတ်ကို နှိပ်စက်လွှမ်းမိုးလာပါသည်။ အကုသိုလ်မျိုးစုံ ဆက်လက်ဖြစ်ပွားပါသည်။

မိမိမြင်သောအဆင်းရူပါရုံတွင် ရှုမှတ်မှု သမ္မာဇဉ်သတိ ကင်းမဲ့သဖြင့် အကုသိုလ်တရားများတိုးပွားနေလျှင် အာသဝတရားများတိုးပွား၊ ကိလေသာတရားများတိုးပွားပြီး ဝဋ္ဋဒုက္ခတို့သာဖြစ်ကြရသဖြင့် ရွှေပြည်နိဗ္ဗာန်နှင့် ဝေးရပါတော့သည်။

www.dhammadownload.com

ဝိပဿနာအကျင့်မြတ်ဖြင့် မျက်စိကမြင်သော အဆင်းရူပါရုံအပေါ်မှာ ရုပ်အနေ အထားထက် ကျော်ပြီးမသွားဘဲ၊ 'ရူပါရုံကို ရူပါရုံဟုသာ ရှုမှတ်မှု သတိ' ရှိနေလျှင် ထိုမြင်ရသော အဆင်းရူပါရုံသည် ခဏမျှသာဖြစ်သည်၊ ဖြစ်ပြီးလျှင် ပျက်သွားရသည်၊ "မမြဲသော–အနိစ္စသဘော၊ ဆင်းရဲသော–ဒုက္ခသဘော၊ အစိုးမရသော–အနတ္တသဘော" တရားများကို သမ္မာဒိဋ္ဌိသတိကိုယ်စီရှိသဖြင့် တဏှာ–ရာဂစသည်တို့ မဖြစ်နိုင်တော့ပါ။

ဝိပဿနာသတိသည် ရုပ်ကိုရုပ်ဟု အမှတ်ရ၏၊ နာမ်ကိုနာမ်ဟု အမှတ်ရ၏၊ သဘာဝလက္ခဏာဖြင့် မျက်စိ၊ မြင်စရာအဆင်းအာရုံစသည်ဖြင့် ရုပ်ကိုရုပ်ဟုသိသည်။ မြင်သိစိတ်စသည်ကို နာမ်ကိုနာမ်ဟုသိသည်။ ရုပ်ဓမ္မ, နာမ်ဓမ္မမှလွဲ၍ ပ[illegible]ခြားမရှိ။ ပုဂ္ဂိုလ်၊ သတ္တဝါ၊ သူငါမနေ့၊ တရားသဘောသာ ထင်ရှားရှိပါကြောင်း အသိဉာဏ်က နောက်ကလိုက်နေပါသည်။(ဉာတပရိညာ)။ ဝိပဿနာ သတိပဋ္ဌာန်ဖြင့် မိမိမြင်သော အဆင်းရူပါရုံပေါ်မှာ ရှုမှတ်မှု သမ္မာဒိဋ္ဌိသတိရှိနေသဖြင့် ရုပ်ကိုရုပ်ဟုသိပြီး၊ 'ပတိဿတော' ဆိုသည့်အတိုင်း ထင်လာသောအာရုံအပေါ်မှာ တွယ်တာမှုစသည် မရှိတော့ပါ။ ဓမ္မ သက်သက်မျှသာမြင်သောအသိဉာဏ်သာရှိပြီး ကိလေသာတို့ကို ဖိနှိပ်လိုက်ပါသည်။

မြင်လျှင်မြင်ခိုက်မှာ၊ ကြားလျှင်ကြားခိုက်မှာ၊ နံလျှင်, လျက်လျှင်, ထိလျှင်ထိ ခိုက်မှာ၊ စိတ်ကူးကြံစည်လျှင် စိတ်ကူးကြံစည်သည့်အခိုက်မှာ ရှုမှတ်မှုသမ္မာဒိဋ္ဌိသတိ ရှိနေပါလျှင် ဝဋ္ဋဒုက္ခတို့ကိုသာပေးမည့် ကိလေသာတို့ကို ဖျက်ဆီးလိုက်သဖြင့် ရွှေပြည် နိဗ္ဗာန်နှင့် နီးရပါတော့သည်–စသည်ဖြင့် (မာလုကျပုတ္တရဟန်းက) လျှောက်ထားပါသည်။

ကျင့်ခြင်း၏အကျိုးတရား

တစ်ပါးပါးသောအာရုံနှင့်တွေ့ဖက်ပြီး လောဘ၊ ဒေါသ၊ မောဟ မဖြစ်လျှင် ထိုအာရုံ အပေါ်မှာ တွယ်တာစွဲလမ်းမှုတို့မဖြစ်ပြီ။ ဝိပဿနာ သတိပဋ္ဌာန်ဖြင့် ဓမ္မသက်သက်မျှ သာမြင်သောအသိဉာဏ်သာရှိပြီး ကိလေသာတို့ကို ဖိနှိပ်လိုက်သဖြင့် တဏှာကို ပယ်၏၊ ဒေါသကိုပယ်၏၊ မောဟကိုပယ်၏။ ကိလေသာတို့ကိုပယ်လိုက်သောကြောင့် အာရုံနှင့်မတွဲတော့သဖြင့် အာရုံပေါ်မှာတွယ်တာမှု မရှိတော့ပါ။ တွယ်တာမှုမရှိတော့လျှင် ကိလေသာတို့ကုန်သည့်အတွက် 'မဂ်စိတ်' ဖြစ်ပေါ်သည်။ တွယ်တာမှု တဏှာတို့သည် ဤဘဝမှာလည်း မဖြစ်တော့ပါ၊ နောင်ဘဝမှာလည်း မဖြစ်တော့ပါ၊ ဤဘဝ,နောင်ဘဝ နှစ်ဘဝတို့၏စပ်ကြားမှာလည်း မဖြစ်တော့ပါ။ ဤဘဝစသည် ဘယ်မှာမှမဖြစ်တော့ သဖြင့် ကိလေသာကင်းသော 'အနုပါဒိသေသနိဗ္ဗာန်'ကိုရောက်သည်ဟု ညွှန်းပါသည်။

www.dhammadownload.com

ထို့ကြောင့် ဤ ဝိပဿနာကျင့်စဉ်တရားဖြင့် မဂ်တရားဖြစ်ပုံ၊ ဖိုလ်တရားဖြစ်ပုံ၊ နိဗ္ဗာန်ရောက်ပုံတို့ကို ရှင်တော်မြတ်ဘုရား ဟောကြားတော်မူပါသည်။

ဝိပဿနာ၏အာရုံတို့သည် (လောကီ)ရုပ်ဓမ္မ, နာမ်ဓမ္မသာဖြစ်ပြီး၊ ထို အာရုံနှင့် အာရုံပြုသောစိတ်တို့ ဆုံတွေ့သောအခါ အာရုံနှင့် အာရမ္မဏိက နှစ်မျိုးလုံးကို ရှုမှတ်မှု သမ္မဒဉ်သတိလက်ကိုင်ထား၍ ဝိပဿနာသတိပဋ္ဌာန်ဖြင့် ရှုမှတ်နေရပါသည်။

ဒိဋ္ဌေ- မျက်စိဖြင့်မြင်ရသော အဆင်းအာရုံ၊ သုတေ- နားကကြားရသော အသံအာရုံ၊ မုတေ- အနံ့အာရုံ, အရသာအာရုံ, အထိအတွေ့အာရုံ၊ ဝိညာတေ- စိတ်ဖြင့်သိရသော အာရုံတို့နှင့် အသီးသီးဆိုင်ရာအာရုံပြုသောစိတ် (အာရုံ၊ အာရမ္မဏိက)နှစ်မျိုးလုံးသည် အကြောင်းအားလျော်စွာ ဖြစ်ရုံသက်သက်မျှသာဖြစ်သော 'သဘာဝ'တရား ဖြစ်ပါသည်။ လုပ်ခိုင်းသူလည်းမရှိ၊ လုပ်တဲ့သူလည်းမရှိ၊ ခံစားသူဆိုတာလည်းမရှိ၊ 'ဓမ္မသက်သက်' မျှသာဖြစ်သောတရားတို့၏ "မမြဲသော-အနိစ္စ၊ ဆင်းရဲသော-ဒုက္ခ၊ အစိုးမရသော-အနတ္တ"တရားများ၏ ပရမတ္ထတရားအမှန်တို့ကို ဆင်ခြင်နိုင်ကြပါစေ။

ပဋ္ဌာန်း ဝိဂတပစ္စည်း မေတ္တာပို့ ဆုတောင်းဘုရားရှိခိုး

ဝိဂတပစ္စယော- သတ္တဝါအားလုံး ကောင်းမြတ်, ကောင်းမြတ်သော ရှေးရှေးနာမ် တရားတို့ ကင်း၍,ကင်း၍သွားကြပြီး၊ ကောင်းမြတ်, ကောင်းမြတ်သော နောက်နောက် နာမ်တရားတို့သာ နိဗ္ဗာန်တိုင်ထိ အစားထိုးကာ ဆက်လက်ဖြစ်ပွား နိုင်ကြပါစေ။

ကိုယ်စိတ်ဆင်းရဲ ဝေးကွာရှဲ့ အမြဲ ချမ်းသာရစေသော်။

ဝိဂတပစ္စယော- နေရောင်ကွယ်ပျောက်၊ လရောင်ရောက်သို့၊ ကိုယ့်နောက်စိတ်,စေ၊ ဖြစ်ခွင့်ပေးလျက်၊ ရှေးရှေးစိတ်၏ ကင်းပျောက်ခြင်းဟူသောသတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော ဝိဂတပစ္စည်းတရားသည်၊ အတ္ထိ- ပုဂ္ဂိုလ်,သတ္တဝါ၊ သူငါ မနော၊ တရားသဘောသာ၊ ထင်ရှားရှိပါပေသည်တကား။

ဣတိ- ဤသို့၊ ဗောဓေတွံ- သဗ္ဗညုတာ၊ ဉာဏ်တော်သာဖြင့်၊ ဦးစွာကျနေ၊ သိပြီးမှလျှင်၊ များလှုဝေနေ၊ သိစေတော်မူသော၊ မြတ်စွာဘုရားကို၊ ဝန္ဒာမိ- ဂုဏ်တော်ထုံမွှမ်း၊ ပုံတော်မှန်းလျက်၊ ချီးမွှမ်းထောမနာ၊ ပဏာရိုကျိုး၊ လက်စုံမိုး၍၊ ရှိခိုး ကန်တော့ပါ၏ ဘုရား။

UK-2020(COVID-19)

ဝိဂတပစ္စည်း ပြီး၏။

www.dhammadownload.com

"နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"

၂၄။ အဝိဂတပစ္စည်း

အဝိဂတမည်ခြင်းအကြောင်း

အတ္ထိပစ္စည်းသည်ပင်လျှင် မကင်းသည်၏အဖြစ်ဖြင့် ကျေးဇူးပြုတတ်သောကြောင့် 'အဝိဂတပစ္စည်း' မည်ပါသည်။

ဝိဂတနှင့် အဝိဂတပစ္စည်းကို ထပ်၍ဟောတော်မူရခြင်းအကြောင်း

အတ္ထိပစ္စည်းတရားသည်ပင်လျှင် အဝိဂတပစ္စည်းတရားဖြစ်သဖြင့် အဝိဂတပစ္စည်းနှင့် အတ္ထိပစ္စည်းသည် သဘောသွားချင်း တူညီနေသည်။ ထို့အတူ နတ္ထိပစ္စည်းနှင့် ဝိဂတပစ္စည်းသည်လည်း သဘောချင်း တူနေပါသည်။ သို့သော်လည်း ဒေသနာတော်ကို တင့်တယ်အောင်တန်ဆာဆင်သော သဗ္ဗညုတဉာဏ်တော်၏ အစွမ်း(ဒေသနာဝိလာသ) အားဖြင့်လည်းကောင်း၊ ဝိဂတပစ္စည်းနှင့် အဝိဂတပစ္စည်းတစ်စုံကို (ယုဂဠပစ္စယ နှစ်ပါးစုံ အားဖြင့်ဟောရခြင်း)ထပ်၍ဟောတော်မူရခြင်း ဖြစ်ပါသည်။ ဥပမာ– အဟေတုကဒုက် ကိုဟောတော်မူပြီးဖြစ်ပါသော်လည်း ထိုဒုက်နှင့် အနက်သဘောအတူတူပင်ဖြစ်သော ဟေတုဝိပ္ပယုတ္တဒုက်ကို ထပ်မံ၍ဟောတော်မူသကဲ့သို့ မှတ်ရပါမည်။ *စည်–၄၊၁၂၁–၂။*

အတ္ထိ အဝိဂတ အထူး

* ပရမတ္ထသဘာဝ ခဏိကပစ္စုပ္ပန် မဖေါက်မပြန် မိမိသဘောထင်ရှားရှိနေမှုသည် အတ္ထိပစ္စည်း၏သတ္တိ ဖြစ်ပါသည်။ [ပစ္စည်း၊ ပစ္စယုပ္ပန် ၂–မျိုးလုံး ထင်ရှားရှိနေစဉ်]

* ပရမတ္ထသဘာဝ မကင်းသေး ချုပ်ခြင်းသို့မရောက်သေးသောသဘောသည် အဝိဂတ ပစ္စည်း၏သတ္တိ ဖြစ်ပါသည်။

(အဝိဂတပစ္စည်း သုဒ္ဓသင်္ချာ = အတ္ထိပစ္စည်းနှင့် တူ၏ ။)

အဋ္ဌကထာဖွင့်ဆိုချက်

အဝိဂတပစ္စည်း၏ ဇနကသတ္တိ၊ ဥပတ္ထမ္ဘကသတ္တိဟု ၂–မျိုးရှိရာ ဥပါဒ်အခိုက်၊ ဘင်အခိုက်၌ ပစ္စည်းထင်ရှားရှိသော်လည်း ဖြစ်နေခိုက်၊ ပျက်နေခိုက်ဖြစ်၍ မထင်ရှားဘဲ ဋ္ဌီအခိုက်၌သာပို၍ထင်ရှားသဖြင့် ဇနကသတ္တိရှိသော်လည်း ဥပထမ္ဘကသတ္တိက ပြဋ္ဌာန်း သည်ဟု အဋ္ဌကထာ၊ ဋီကာများက ဆိုကြပါသည်။

www.dhammadownload.com

အမျိုးဇာတ်၊ ကာလ၊ ဘုံဌာန
(အတ္ထိပစ္စည်းနည်းတူ မှတ်ယူရပါမည်။)

- အဝိဂတပစ္စည်း ၃–ပါးတို့တွင်– သဟဇာအဝိဂတပစ္စည်းသည် သဟဇာအမျိုးဇာတ်၊ စသည်ဖြင့် ဝတ္ထုပုရေဇာတအမျိုးဇာတ်၊ အာရမ္မဏအမျိုးဇာတ်အားဖြင့် မျိုးကွဲရှိသော ပစ္စည်း ဖြစ်ပါသည်။
- အဝိဂတပစ္စည်းသည် ပဋိသန္ဓေကာလ, ပဝတ္တိကာလ နှစ်ပါးလုံးတို့၌ ဖြစ်ပါသည်။ ပစ္စုပ္ပန်,အတိတ်,အနာဂတ် ကာလသုံးပါးတို့တွင် ပစ္စုပ္ပန်ကာလ၌ ဖြစ်ပါသည်။
- အဝိဂတပစ္စည်းသည် ၃၁–ဘုံလုံး၌ ဖြစ်နိုင်ပါသည်။

ပဋ္ဌာဝါရ အဝိဂတ ၉–မျိုး– အာရမ္မဏပုရေဇာအဝိဂတ၊ သဟဇာတအဝိဂတ၊ ဝတ္ထုပုရေဇာအဝိဂတ၊ ပစ္ဆာဇာတအဝိဂတ၊ ရုပ်အာဟာရအဝိဂတ၊ ရူပဇီဝိတိန္ဒြိယအဝိဂတ၊ သဟ–ပုရေ မိဿကပစ္စည်း၊ ပစ္ဆာ–ဟာ မိဿကပစ္စည်း၊ ပစ္ဆာ–ဣ မိဿကပစ္စည်း၊

ဝိဂတပစ္စည်း၏အခြားမဲ့၌ အဝိဂတပစ္စည်း ဟောရခြင်း

ပရမတ္ထသဘာဝ ခဏိကပစ္စုပ္ပန် မဖေါက်မပြန် မိမိသဘော ထင်ရှားရှိနေမှုဖြင့် အတ္ထိပစ္စည်း၏သတ္တိကို ဟောတော်မူပါသည်။ အဓိပ္ပါယ်ကား– ပစ္စည်း၊ ပစ္စယုပ္ပန် ၂–မျိုးလုံး ထင်ရှားရှိနေစဉ် ကျေးဇူးပြုပုံကို ဟောကြားတော်မူရာ ထိုတရားတို့သည် တစ်ပါးသောအခြင်းအရာအားဖြင့် ကျေးဇူးပြုကုန်သလောဟု ယုံမှားသံသယ ဖြစ်ဖွယ်ရှိလေရာ၊ ထို ပစ္စည်း၊ ပစ္စယုပ္ပန် ၂–မျိုးလုံး ထင်ရှားရှိနေစဉ်ဆိုသည်မှာ ပရမတ္ထသဘာဝ <u>လုံးဝချုပ်ငြိမ်းကင်းကွာသွားခြင်း မရှိသေးခင်အထိ</u> ကျေးဇူးပြုကြောင်း သိစေလိုသောကြောင့် ဥပါဒ် ဌီ ဘင် သဘောအားဖြင့် ကင်းသွားပြီးမှ ကျေးဇူးပြုနိုင်သော ဝိဂတပစ္စည်း၏အခြားမဲ့၌ အဝိဂတပစ္စည်းကို ဟောတော်မူပါသည်။

ပဋ္ဌာန်းပစ္စည်းများတွင် 'ယုဂဠပစ္စယ'ဟူသော အစုံအစုံပစ္စည်းအစွမ်းများရှိပါသည်။ အစုံအစုံပစ္စည်းများ၏ ဆန့်ကျင်ဘက်များကိုဖော်ပြ၍ နှစ်ပစ္စည်းစီတွဲ၍သာ ရုပ်တရား, နာမ်တရားတို့၏ အကြောင်း, အကျိုး၊ ဖြစ်ပုံ, တည်ပုံ၊ ကျေးဇူးပြုပုံ အထူးများကို အပြန်အလှန်ထောက်ပံ့အစွမ်းဖြင့် ပြည့်စုံစေရန် 'ယုဂဠပစ္စယ'အစွမ်းအားဖြင့် ဝိဂတပစ္စည်း၏အခြားမဲ့၌ အဝိဂတပစ္စည်းကို ဟောတော်မူပါသည်။

[အဝိဂတပစ္စည်းဟောမှုကို မိမိအနေဖြင့်(ကုသိုလ်ရည်မှန်း)ပူဇော်ခြင်းဖြစ်၍ မသင့်မြင်သော် ပြင်ဆင်တော်မူပါရန်၊]

www.dhammadownload.com

အတ္ထိ၊ နတ္ထိ၊ ဝိဂတ၊ အဝိဂတ ဟောမှုများ

အယူဝါဒနှင့်ပတ်သက်၍ လူသေပြီးလျှင် နောက်ထပ်ရုပ်နာမ်မဖြစ်တော့ဘဲ ပြတ်သွားသည့်ဆိုသည့် 'ဥစ္ဆေဒဒိဋ္ဌိ'အယူရှိသူများအတွက် အတ္ထိပစ္စည်းဖြင့် ရှိနေတယ်–ဆိုသည့်အဓိပ္ပါယ်ကို ဟောပါသည်။ သဘာဝနိယာမ၊ စိတ္တနိယာမတို့အရ စုတိစိတ်ပြီးလျှင် (ဝဋ်မြစ်မပြတ်သေးသမျှ) ပဋိသန္ဓေစိတ် ဖြစ်လာပါသည်။ စုတိစိတ်က ဖြစ်ပြီးပျက်သွားသော်လည်း နောက်စိတ်–ပဋိသန္ဓေစိတ်ဖြစ်ဖို့ရန် အနန္တရမျိုးသတ္တိဖြင့် ကျေးဇူးပြုခဲ့ပါသည်။ 'ဥစ္ဆေဒဒိဋ္ဌိ'အယူရှိသူက စုတိပြီးပဋိသန္ဓေဖြစ်မှုကို မသိမမြင်ဘဲ 'သေပြီးလျှင် ပြတ်သွား၏၊ ရုပ်,နာမ်ဖြစ်မှုသည် တစ်ဘဝထဲဘဲ'ဟုထင်မှတ်၏။ အတ္ထိပစ္စည်းဖြင့် ရုပ်,နာမ် ပရမတ္ထတရားတို့သည် ဥပါဒ်, ဌီ, ဘင် အားဖြင့်ထင်ရှားဖြစ်ပေါ်ပြီး အရှိအားဖြင့်ကျေးဇူးပြုမှုကိုဟောကြားလိုက်သည့်အတွက် 'ဥစ္ဆေဒဒိဋ္ဌိ'အယူ ကင်းစင်သွားနိုင်ပါသည်။

အတ္ထိပစ္စည်းသာဟောလျှင် ရုပ်တရား, နာမ်တရားတို့သည် အမြဲရှိတယ်၊ ပျက်ကို မပျက်ဘူးဟု–ထင်မှတ်ပြီး 'သဿတဒိဋ္ဌိ' ဖြစ်သွားပါမည်။ "မြတ်စွာဘုရားက အတ္ထိပစ္စည်းကိုဟောတော်မူသည်– ရုပ်တရား, နာမ်တရားတို့သည် အရှိတရားသာဖြစ်ပြီး ဘယ်တော့မှမပျောက်ပျက်"ဟူသော 'သဿတဒိဋ္ဌိ'အယူရှိသူတို့ဆိုကြ၏။ ပရမတ္ထတရားတို့ရှိမှုသည် အမှန်တကယ်ရှိကြောင်း အတ္ထိပစ္စည်းကိုဟောတော်မူပြီး၊ နတ္ထိပစ္စည်းဖြင့် ထိုတရားတို့သည် ဖြစ်ပြီးပျက်မှု(ဥပါဒ်, ဌီ, ဘင် အားဖြင့် ထင်ရှားမရှိတော့ဘဲ ကျေးဇူးပြုခြင်း)ကိုဟောသောအခါ 'သဿတဒိဋ္ဌိ'အယူသည်လည်း ကင်းစင်သွားနိုင်ပါသည်။

"ဥဘော အန္တေ အနုပဂ္ဂမ္မ"ဆိုသည့် ဓမ္မစကြာတရားတော်မှာ အစွန်းနှစ်ဘက်မှလွတ်အောင် ဟောသကဲ့သို့ 'အတ္ထိပစ္စယော၊ နတ္ထိပစ္စယော'ကိုဟောခြင်း ဖြစ်ပါသည်။

နတ်,ဗြဟ္မာများသည် သဿတဒိဋ္ဌိ အယူရှိတတ်ပါသည်။ ဒိဗ္ဗစက္ခုအဘိညာဉ်ရသောပုဂ္ဂိုလ်များသည် တစ်ဘဝမှတစ်ဘဝ၊ တစ်ဘုံမှတစ်ဘုံ ပြောင်းသွားမှုတို့ကိုသိပါသော်လည်း ရုပ်,နမ်ဓမ္မတို့၏ အဖြစ်အပျက်သဘောအမှန်ကို သိနိုင်သည်မဆိုနိုင်ပါ။ မြတ်စွာဘုရားက ရုပ်,နမ်ဓမ္မတို့သည် သတ္တဝါတိုင်းတွင် ပုတီးကုန်းအစဉ်များသဖွယ် သံသရာတစ်လျှောက်လုံးမှာ အစဉ်အတိုင်း ဖြစ်ပေါ်လာကြပြီး ပျက်သွားသည့်သဘောအမှန်ကို ဝိဂတပစ္စည်းဖြင့် ဟောတော်မူပါသည်။ ထို့နောက် 'ဥစ္ဆေဒဒိဋ္ဌိ'အယူရှိသူတို့က စုတိပြီးပဋိသန္ဓေဖြစ်မှုကို မသိမမြင်ဘဲ 'သေပြီးလျှင် ပြတ်သွား၏၊' အယူမှားအတွက် ပျက်သွားသည့် ရုပ်,နမ်ဓမ္မတို့သည် နောက်အသစ်ဖြစ်သောတရားတို့နှင့် မကင်းသည်၏ အဖြစ်ဖြင့်ကျေးဇူးပြုသည့်သဘောမှန်ကို အဝိဂတပစ္စည်းဖြင့် ပုဂ္ဂလဇ္ဈာသယ အလိုဆန္ဒအားလျော်စွာ ဟောကြားတော်မူပါသည်။

www.dhammadownload.com

ဝတ္ထုရုပ်, အာရုံရုပ်နှင့် ဝိညာဏစိတ် အဝိဂတစ္စည်း ပစ္စယနိဒ္ဒေသပါဠိတော်

ပစ္စည်းတရား		ပစ္စယုပ္ပန်တရား	
စတ္တာရော ခန္ဓာ အရူပိနော		အညမညံ	
စတ္တာရော မဟာဘူတာ	ဩက္ကန္တိက္ခဏေ နာမရူပံ	အညမညံ၂	
စိတ္တ စေတသိကာဓမ္မာ	မဟာဘူတာ	စိတ္တသမုဋ္ဌာနာနံ ရူပါနံ	ဥပါဒါရူပါနံ
စက္ခာယတနံ ...(ပ) ကာယာယတနံ		စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ (ပ)	
ရူပါယတနံ ...(ပ) ဖောဋ္ဌဗ္ဗာယတနံ		။	
ရူပါယတနံ .... ဖောဋ္ဌဗ္ဗာယတနံ		မနောဓာတုယာ ။	
ယံ ရူပံ နိဿာယ		မနောဓာတု စ၊ မနောဝိညာဏဓာတု စ ဝတ္တန္တိ ×	
တံ ရူပံ		မနောဓာတုယာစ၊ မနောဝိညာဏဓာတုယာစ ။	

စဉ်	ဝတ္ထု ၆-ပါး(အခံဓာတ်)	အာရုံ ၆-ပါး(အတိုက်ဓာတ်)	ဝိညာဏ ၆-ပါး(အပွင့်ဓာတ်)
၁	စက္ခုဝတ္ထု=မျက်စိတံခါး	ရူပါရုံ = အဆင်းအမျိုးမျိုး	စက္ခုဝိညာဏ်စိတ်=မြင်သိစိတ်
၂	သောတဝတ္ထု=နားတံခါး	သဒ္ဒါရုံ = အသံအမျိုးမျိုး	သောတဝိညာဏ်စိတ်=ကြားသိစိတ်
၃	ဃာနဝတ္ထု=နှာခေါင်းတံခါး	ဂန္ဓာရုံ = အနံ့အမျိုးမျိုး	ဃာနဝိညာဏ်စိတ်=နံသိစိတ်
၄	ဇိဝှါဝတ္ထု=လျှာတံခါး	ရသာရုံ = အရသာအမျိုးမျိုး	ဇိဝှါဝိညာဏ်စိတ်=အရသာသိစိတ်
၅	ကာယဝတ္ထု=ကိုယ်တံခါး	ဖောဋ္ဌဗ္ဗာရုံ=အတွေ့အထိအမျိုးမျိုး	ကာယဝိညာဏ်စိတ်=ထိသိစိတ်
၆	ဟဒယဝတ္ထု=စိတ်တံခါး	ဓမ္မာရုံ =ကျန်သောသိဖွယ်အမျိုးမျိုး	မနောဝိညာဏ်စိတ်=ကြံသိစိတ်

ပဋိစ္စသမုပ္ပါဒ်ဒေသနာတော် (လည်ပုံ)

'စက္ခာယတနံ၊ ရူပါယတနံ၊ စက္ခုဝိညာဏဓာတုယာ' ပါဠိတော်တို့အား အာရုံပြု၍ သံသရာဝဋ်ဒုက္ခဖြစ်ကြောင်းကို ပုဂ္ဂိုလ်သတ္တဝါများ ပဋိစ္စသမုပ္ပါဒ်(သံသရာ) စက်ရဟက်ကြီးလည်ပုံ၊ ပြတ်အောင်ရှုမှတ်ပုံ၊ ပြတ်သွားပုံများကို မြတ်စွာဘုရားသည် ရှေးဦးစွာ စိတ်တော်ဖြင့် ဆင်ခြင်တော်မူပြီး နှုတ်တော်ဖြင့် ရွတ်ဆိုဟောကြားတော်မူပါသည်။

စက္ခုဉ္စ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ။ တိဏ္ဏံ သင်္ဂတိ ဖဿော။ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာ–မရဏံ။ သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿုပါယာသာ သမ္ဘဝန္တိ၊ ဧဝ မေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။ (နိဒါနဝဂ္ဂသံယုတ္တ–၁၀၂)

www.dhammadownload.com

စက္ခုဉ္စ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ။ တိဏ္ဏံ သင်္ဂတိ ဖဿော။

စက္ခာယတန–မျက်စိအကြည်နှင့် ရူပါယတန–အဆင်းရူပါရုံတို့ တိုက်မိပြီး ပေါင်းဆုံလိုက်သောအခါ စက္ခုဝိညာဏ်စိတ် ဖြစ်ပါသည်။ မျက်စိအကြည်, အဆင်းရူပါရုံ, စက္ခုဝိညာဏ် ဤသုံးခုတို့၏၊ သင်္ဂတိ= ပေါင်းဆုံလိုက်သည့်အခိုက်အတန့်မှာ (ဝါ) ပေါင်းဆုံလိုက်ခြင်းကြောင့် ဖဿော= ဖဿသည်၊ သမ္ဘဝန္တိ= ဖြစ်၏။ ပြီးနောက် ဝေဒနာဖြစ်၊ ဝေဒနာဖြစ်ပြီးနောက် တဏှာဖြစ်၊ တဏှာဖြစ်ပြီးနောက် ဥပါဒါန်ဖြစ်၊ ဥပါဒါန်ဖြစ်ပြီးနောက် ဘဝတွေဖြစ်၊ ဘဝဖြစ်ပြီးနောက် ဇာတိဖြစ်၊ ဇာတိဖြစ်ပြီးနောက် ဇရာ–မရဏံ= အိုရ, နာရ, သေရ၊ သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿုပါယာသာ= စိုးရိမ်ရခြင်း, ငိုကြွေးရခြင်း, ကိုယ်ဆင်းရဲခြင်း, စိတ်နှလုံးပူပန်ခြင်းတို့၊ သမ္ဘဝန္တိ= ဖြစ်၏။ ဧဝံ= ဤသို့ ဆိုအပ်ခဲ့ပြီးသော အကြောင်းအဆက်ဆက်တို့ဖြင့်၊ ကေဝလဿ= ချမ်းသာမဖက် ဆင်းရဲသက်သက်သာဖြစ်သော၊ ဧတဿ ဒုက္ခက္ခန္ဓဿ= ဤဆင်းရဲအစု၏၊ သမုဒယော= ဖြစ်ခြင်းသည်၊ ဟောတိ= ဖြစ်၏။

မျက်စိအကြည်, အဆင်းရူပါရုံ, စက္ခုဝိညာဏ် ဤသုံးခုတို့၏ ပေါင်းဆုံလိုက်သည့်အခိုက်အတန့်မှာ (ဝါ) ပေါင်းဆုံလိုက်ခြင်းကြောင့် ဖဿ= အတွေ့ကလေးဖြစ်ပါသည်။ မျက်စိထဲမှာ တွေ့သွားသလို မျက်စိအကြည်လေးမှာ လာပြီးတိုက်တိုက်သွားသလို ဖဿ–ဖြစ်ပါသည်။ ဤသို့တွေ့လျှင် စက္ခုဝိညာဏ်ဖြစ်ခိုက်မှာ သမာဓိဉာဏ် အသင့်အတင့်ရှိလျှင် "မြင်တယ်၊ မြင်တယ်"ဟု ရှုမှတ်ရပါမည်။ မရှုမှတ်လိုက်လျှင် အကြောင်းအဆက်ဆက်တို့ ဖြစ်ရပါတော့သည်။ 'သံသရာလည်ပတ်' ပါတော့သည်။ ဤဘဝ, နောက်ဘဝ ဒုက္ခဆင်းရဲအစု အဆက်ဆက်တို့ ဖြစ်ရပါတော့သည်။

ပဋိစ္စသမုပ္ပါဒ်ဒေသနာတော် (ပြတ်ပုံ)

မြတ်စွာဘုရားသည် ပဋိစ္စသမုပ္ပါဒ်စက်ရဟက်ကြီးလည်ပုံကို ရှေးဦးစွာရွတ်ဆိုပြီး၊ သံသရာစက်ပြတ်ပုံကိုလည်း ဆက်လက်ပြီး ရွတ်ဆိုဟောကြားတော်မူပါသည်။

စက္ခုဉ္စ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ။ တိဏ္ဏံ သင်္ဂတိ ဖဿော။ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဿာယေဝ တဏှာယ အသေသ ဝိရာဂနိရောဓာ ဥပါဒါနနိရောဓော၊ ဥပါဒါနနိရောဓာ ဘဝနိရောဓော၊ ဘဝနိရောဓာ ဇာတိနိရောဓော၊ ဇာတိနိရောဓာ ဇရာ–မရဏံ၊ သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿုပါယာသာ နိရုဇ္ဈန္တိ၊ ဧဝ မေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ။

www.dhammadownload.com

စဝံ= ဤသို့သော အကြောင်းအဆက်ဆက်ဖြင့်၊ **ကေဝလဿ=** ချမ်းသာမဖက် ဆင်းရဲသက်သက်သာဖြစ်သော၊ **ဧတဿ ဒုက္ခက္ခန္ဓဿ=** ဤဒုက္ခအစု၏၊ **နိရောဓော=** ချုပ်ခြင်းသည်၊ **ဟောတိ=** ဖြစ်၏။ **ဣတိ=** ဤသို့၊ **ဘဂဝါ=** မြတ်စွာဘုရားသည်၊ **အဝေါစ=** ကရုဏာရှေ့သွားပညာအားဖြင့် ဟောကြားတော်မူခဲ့ပါပေသတည်း။

စက္ခုဉ္စ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ။ တိဏ္ဏံ သင်္ဂတိ ဖဿော။

တိဏ္ဏံ= မျက်စိအကြည်, ရူပါရုံ, စက္ခုဝိညာဏ်စိတ်တို့၏၊ သင်္ဂတိ= ပေါင်းဆုံခြင်းသည် (ဝါ) ပေါင်းဆုံခြင်းကြောင့်၊ ဖဿော= ဖဿသည်၊ သမ္ဘဝတိ= ဖြစ်၏။ ဤသုံးခုပေါင်းဆုံလိုက်သဖြင့် ဖဿ= မျက်စိအကြည်လေးမှာ လာပြီးတိုက်တိုက်သွားသလို ဖဿ–ဖြစ်ပါသည်။ ဤသို့တွေ့လျှင် စက္ခုဝိညာဏ်ဖြစ်ခိုက်မှာ သမာဓိဉာဏ်ဖြင့် "မြင်တယ်၊ မြင်တယ်"ဟု ဝိပဿနာ ရှုမှတ်နိုင်လျှင် 'သံသရာစက် ပြတ်ပေလိမ့်မည်'။

မျက်စိအကြည်, အဆင်းရူပါရုံ, စက္ခုဝိညာဏ်, အတွေ့–ဖဿ ဖြစ်ပြီးနောက် ဝေဒနာဖြစ်လျှင်လည်း ရှုမှတ်,ရှုမှတ် နေရပါမည်။ ဝေဒနာကို ရှုမှတ်ရာတွင်လည်း 'ဝေဒနာ၏သဘောလက္ခဏာ'အမှန်ကိုသာ ဖြစ်နေရှိနေဆဲ ဖြစ်နေရှိနေသည့် အတိုင်း စူးစူးစိုက်စိုက် စိပ်စိပ်ရှုမှတ်ရပါမည်။ (ဝေဒနာပျောက်ရန်အဓိကမဟုတ်ပါ) ဤသို့ ဝေဒနာ၏ ဖြစ်–တည်–ပျက်မှုတို့ကို ရှုမှတ်သွားနိုင်လျှင် တဏှာ မဖြစ်တော့ပါ။

ဤသို့ရှုမှတ်ရင်း ကုန်ပျက် ကုန်ပျက်သွားတာကို တွေ့ရသောကြောင့် မမြဲခြင်း 'အနိစ္စ'၊ ကုန်ပျက်မှုလေးများ လျှင်မြန်လွန်းအားကြီးသောအခါ နှိပ်စက်နေသကဲ့သို့ ဖြစ်၍ ဆင်းရဲခြင်း 'ဒုက္ခ'၊ ကုန်ပျက်,နှိပ်စက်နေသောဆင်းရဲများကို မည်သို့မည်ပုံမှ ကာကွယ်၍မရ၊ သူ့သဘောအတိုင်းသာသူ ကုန်ပျက် ကုန်ပျက်၍နေကြသောကြောင့် ကိုယ်ကအစိုးမရသဖြင့် 'အနတ္တ'ဟု ဝိပဿနာဉာဏ်တရားထူးများ ရသွားနိုင်ပါသည်။

ထို့အတူ ၆–ဒွါရလုံးမှာ မှတ်နေရပါမည်။ မမှတ်လျှင် 'သံသရာလည်ပတ်ဖို့ရာ ဖြစ်ပါလိမ့်မည်။ 'သံသရာစက် ဖြတ်ဖို့ရာနည်းလမ်း'မှန်သည် ဝိပဿနာရှုမှတ်၍သာ ဖြတ်ရပါမည်။ မြင်ဆဲ, ကြားဆဲ, နံဆဲ, စားဆဲ, ထိဆဲ, ကြံသိဆဲတို့တွင် ပစ္စုပ္ပန် တည့်တည့်လေး ဖြစ်ခိုက်မှာရှုမှတ်နေလျှင် သမာဓိဉာဏ်များအားကောင်းလာပြီး တရားမှန်များ ဝိပဿနာဉာဏ်များ တိုးတက်လာပါလိမ့်မည်။

သံသရာစက်ပြတ်ဖို့ရန်အတွက် မြတ်စွာဘုရားဟောကြားတော်မူသော ကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မာတည်းဟူသော သတိပဋ္ဌာန်တရားလက်ကိုင်ထား၍ ရှုမှတ်နေရပါမည်။

www.dhammadownload.com

တဿာယေဝ တဏှာယ= ထိုတဏှာ၏သာလျှင်၊ **အသေသ ဝိရာဂ နိရောဓာ**= အကြွင်းမဲ့ချုပ်ခြင်းကြောင့်၊ **ဥပါဒါနနိရောဓော**= စွဲလမ်းခြင်း ဥပါဒါန်ချုပ်ခြင်းသည်၊ **သမ္ဘဝတိ**= ဖြစ်၏။ စွဲလမ်းခြင်း ဥပါဒါန်ချုပ်ခြင်းကြောင့် ကမ္မဘဝ, ဥပပတ္တိဘဝ ချုပ်၏။ ဘဝချုပ်ခြင်းကြောင့် ပဋိသန္ဓေနေရခြင်း ဇာတိချုပ်၏။ ဇာတိချုပ်ခြင်းကြောင့် အိုရခြင်း သေရခြင်းသည် ချုပ်၏။ စိုးရိမ်ရခြင်း, ငိုကြွေးရခြင်း, ကိုယ်ဆင်းရဲခြင်း, စိတ်နှလုံးပူပန်ခြင်းတို့လည်းသည် **နိရုဇ္ဈန္တိ**= ချုပ်ကြကုန်၏။

ပရိညာသုံးတန် ထူးသိဉာဏ်

နိဗ္ဗာန်ကိုလိုလားကြသော အကြင်သူတော်ကောင်းတို့သည် ပဋိစ္စသမုပ္ပါဒ် သဘော တရားများကို မှန်းဆ၍သိသည့် 'အနုမာန'အသိမျှသာမဟုတ်ရဘဲ ဉာဏ်မျက်စိဖြင့် ထိုးထွင်းလျက် ဉာတပရိညာ၊ တီရဏပရိညာ၊ ပဟာနပရိညာ ဟူသော ပရိညာ ၃-တန် ထူးသိဉာဏ်တို့ဖြင့် ပိုင်းခြား၍သိအောင် ကြိုးစားအားထုတ်ကြရမည် ဖြစ်ပါသည်။

(၁) **ဉာတပရိညာ**- ဥပါဒါနက္ခန္ဓာငါးပါးတည်းဟူသော ရုပ်,နာမ်တရားအားလုံးကို 'နာမရူပ ပရိစ္ဆေဒဉာဏ်'ဖြင့် ပိုင်းခြား၍သိခြင်းနှင့် ရုပ်,နာမ်တရားတို့၏ အကြောင်း တရားတို့ကို 'ပစ္စယပရိဂ္ဂဟဉာဏ်'ဖြင့် ဟုတ်တိုင်းမှန်စွာသိခြင်းတို့ ဖြစ်ပါသည်။ ရုပ်,နာမ်တို့၏ သဘာဝလက္ခဏာအသီးအသီးကို သိမြင်မှုဉာဏ်သည် အကြီးအမှူး ဖြစ်နေသောကြောင့် ဖြစ်ပါသည်။

(၂) **တီရဏပရိညာ**- အကြောင်းတရားနှင့်တကွသော အလုံးစုံသော ရုပ်,နာမ်တရား တို့၏ အနိစ္စအချက်၊ ဒုက္ခအချက်၊ အနတ္တအချက်တို့ကို ပိုင်းပိုင်းခြားခြားသိသော 'ကလာပသမ္မသနဉာဏ်'မှစ၍ 'ဥဒယဗ္ဗယဉာဏ်'အထိသည် 'တီရဏပရိညာ' ဖြစ်ပါသည်။ ရုပ်,နာမ်တရားတို့၏ သာမညလက္ခဏာကို သိမြင်မှုဉာဏ်သည် အကြီးအမှူးဖြစ်နေသောကြောင့် ဖြစ်ပါသည်။

(၃) **ပဟာနပရိညာ**- 'ဘင်္ဂဉာဏ်'မှစ၍ အထက်ပိုင်း ဝိပဿနာဉာဏ်တို့သည် အကြောင်းတရားနှင့်တကွသော ထိုအလုံးစုံသောရုပ်,နာမ်တရားတို့၏ အပျက်သက်သက် ကိုလည်းသိ၏၊ ယင်းတရားတို့၏ အနိစ္စသဘော၊ ဒုက္ခသဘော၊ အနတ္တသဘော တို့ကိုလည်းသိ၏၊ ပယ်သင့်ပယ်ထိုက်သော ကိလေသာတို့ကိုလည်း တဒင်္ဂအားဖြင့် ပယ်သဖြင့် 'ပဟာနပရိညာ' ဖြစ်ပါသည်။ ဘင်္ဂဉာဏ်မှစ၍ နိစ္စသညာကို ပယ်ခြင်း စသည်တို့ကိုပြီးစီးစေသည့် အနိစ္စာနုပဿနာသည် အကြီးအမှူးဖြစ်နေသောကြောင့် ဖြစ်ပါသည်။

www.dhammadownload.com

ဝိပဿနာကမ္မဋ္ဌာန်းဝယ် သိဖွယ်များ

အမည်		သရုပ်	
၁။	ဝိသုဒ္ဓိ	၇	သီလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိ၊ ဒိဋ္ဌိဝိသုဒ္ဓိ၊ ကင်္ခါဝိတရဏဝိသုဒ္ဓိ၊ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ၊ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ၊ ဉာဏဒဿနဝိသုဒ္ဓိ၊
၂။	လက္ခဏာ	၃	အနိစ္စလက္ခဏာ၊ ဒုက္ခလက္ခဏာ၊ အနတ္တလက္ခဏာ၊
၃။	အနုပဿနာ	၃	အနိစ္စာနုပဿနာ၊ ဒုက္ခာနုပဿနာ၊ အနတ္တာနုပဿနာ၊
၄။	ဝိပဿနာဉာဏ်	၁၀	သမ္မသနဉာဏ်၊ ဥဒယဗ္ဗယ၊ ဘင်္ဂ၊ ဘယ၊ အာဒီနဝ၊ နိဗ္ဗိဒါ၊ မုစ္စိတုကမျတာ၊ ပဋိသင်္ခါ၊ သင်္ခါရုပေက္ခာ၊ အနုလောမဉာဏ်၊
၅။	ဝိမောက္ခ	၃	သုညတဝိမောက္ခ၊ အနိမိတ္တဝိမောက္ခ၊ အပ္ပဏိဟိတဝိမောက္ခ၊
၆	ဝိမောက္ခမုခ	၃	သုညတာနုပဿနာ၊ အနိမိတ္တာနုပဿနာ၊ အပ္ပဏိဟိတာနုပဿနာ၊

ဝိသုဒ္ဓိ ၇-ပါး

ဝိသုဒ္ဓိ = (ဝိ-အထူး) + (သုဒ္ဓိ-စင်ကြယ်သည်)

အထူး စင်ကြယ်သောတရားဖြစ်သော ဝိသုဒ္ဓိတရား ၇-ပါး ရှိပါသည်။

ဝိသုဒ္ဓိ ၇-ပါး		အဓိပ္ပါယ်(အထူး စင်ကြယ်သောတရား)
၁။	သီလဝိသုဒ္ဓိ	သီလ၏ စင်ကြယ်ခြင်း၊
၂။	စိတ္တဝိသုဒ္ဓိ	စိတ်ဓာတ်စင်ကြယ်မှု၊ ကာမစ္ဆန္ဒနီဝရဏတို့မှ စင်ကြယ်ခြင်း၊
၃။	ဒိဋ္ဌိဝိသုဒ္ဓိ	ရုပ်,နာမ်တို့ကို သိမ်းဆည်း၍ (အတ္တ)မိစ္ဆာအယူတို့မှ စင်ကြယ်ခြင်း၊
၄။	ကင်္ခါဝိတရဏဝိသုဒ္ဓိ	ကင်္ခါ=ယုံမှားမှု ၁၆-မျိုး၊ ဝိစိကိစ္ဆာ=မဆုံးဖြတ်နိုင်မှု ၈-မျိုးတို့မှ စင်ကြယ်ခြင်း၊
၅။	မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ	မဂ် ဟုတ်သည်/မဟုတ်သည် သိမြင်၍ အထူးစင်ကြယ်ခြင်း၊
၆။	ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ	မဂ်,ဖိုလ် ရောက်ကြောင်းကျင့်စဉ်ဟူသော ဉာဏ်အမြင်စင်ကြယ်ခြင်း၊
၇။	ဉာဏဒဿနဝိသုဒ္ဓိ	မဂ်ဉာဏ် အမြင်ဟူသော စင်ကြယ်ခြင်း၊ (သစ္စာလေးပါးကို သိ/ဆိုက်)

(ဆောင်) သီလစိတ္တာ၊ ဒိဋ္ဌိကင်္ခါနှင့်၊ မဂ္ဂါပဋိ၊ ဉာဏာသိ၊ သုဒ္ဓိ ခုနစ်ပါး။

www.dhammadownload.com

ဝိပဿနာဉာဏ် ၁၀-ပါး

တောဘူမက ရုပ်,နာမ်ဓမ္မ သင်္ခါရတရားတို့၏ အနိစ္စ အဖြစ်၊ ဒုက္ခ အဖြစ်၊ အနတ္တ အဖြစ် အဖန်တစ်လဲလဲရှုတတ်သော အနုပဿနာဉာဏ်သည် 'ဝိပဿနာဉာဏ်' မည်ပါသည်။

ဝိပဿနာဉာဏ် ၁၀-ပါး		အဓိပ္ပါယ်(ဝိပဿနာဉာဏ်)
၁။	သမ္မသနဉာဏ်	ရုပ်,နာမ် သင်္ခါရတရားတို့ကို အနိစ္စ,ဒုက္ခ,အနတ္တ လက္ခဏာတို့ဖြင့် ဆင်ခြင်ရှုမှတ် သုံးသပ်တတ်သောဉာဏ်၊
၂။	ဥဒယဗ္ဗယဉာဏ်	ရုပ်,နာမ်တို့၏ ဖြစ်ခြင်း,ပျက်ခြင်းကို ရှုမြင်သိတတ်သောဉာဏ်၊
၃။	ဘင်္ဂဉာဏ်	ရုပ်,နာမ်တို့၏ ပျက်ခြင်းသဘောကိုသာ ရှုမြင်သိတတ်သောဉာဏ်၊
၄။	ဘယဉာဏ်	ရုပ်,နာမ် သင်္ခါရတို့သည် 'ကြောက်မက်ဖွယ် ဘေးဆိုးကြီးပါတကား' ဟု ရှုမြင်သိတတ်သောဉာဏ်၊
၅။	အာဒီနဝဉာဏ်	ရုပ်,နာမ် သင်္ခါရတရားတို့၏ အပြစ်ကို ရှုမြင်သိတတ်သောဉာဏ်၊
၆။	နိဗ္ဗိဒါဉာဏ်	ရုပ်,နာမ်တရားတို့ကို 'ငြီးငွေ့ဖွယ်' ဟု ရှုမြင်သိတတ်သောဉာဏ်၊
၇။	မုစ္စိတုကမျတာဉာဏ်	ခန္ဓာငါးပါး ရုပ်,နာမ်တို့၏ အနှောင်အဖွဲ့မှ လွတ်မြောက်ရန် အလိုရှိ၍ ရှုမြင်သိတတ်သောဉာဏ်၊
၈။	ပဋိသင်္ခါဉာဏ်	ခန္ဓာငါးပါး ရုပ်,နာမ်တို့၌ အနှောင်အဖွဲ့မှ လွတ်မြောက်ရန် ခန္ဓာငါးပါး ရုပ်,နာမ်တို့ကို တစ်ဖန်ကြိုးစား၍ သိမ်းဆည်းသောဉာဏ်၊
၉။	သင်္ခါရုပေက္ခာဉာဏ်	ရုပ်,နာမ် သင်္ခါရတရားတို့၌ ကြောက်လန့်ခြင်း, နှစ်သက်ခြင်း မဖြစ်ဘဲ လျစ်လျူရှု၍ ရှုမြင်သိတတ်သောဉာဏ်၊
၁၀။	အနုလောမဉာဏ်	အောက် ဝိပဿနာဉာဏ် ၉-ပါးတို့အားလည်းကောင်း၊ အထက်ဖြစ်သော ဗောဓိပက္ခိယတရား ၃၇-ပါးတို့အားလည်းကောင်း၊ လျော်စွာဖြစ်တတ်သောဉာဏ် (ဝါ) မဂ် ဖြစ်ခြင်းငှာ လျော်သောဉာဏ်၊

(ဆောင်) သမ္မ, ဥဒ၊ ဘင်, ဘယနှင့် အာဒိ, နိဗ္ဗိ။ မုစ္စိ, ပဋိ သင်္ခါ။
သင်္ခါ အနု ဤဆယ်ခု မှတ်ရှု ဉာဏ်စဉ်များ။
(လက္ခဏာဖြစ်ပျက်၊ အပျက်ကြောက်လန့်၊ အပြစ်ငြီးငွေ့၊ လွတ်လိုကြိုးစား၊ လျစ်လျူ လျော်စွာ။)

www.dhammadownload.com

ဝိသုဒ္ဓိ ၇-ပါးနှင့် ဉာဏ်စဉ်များ တွဲစပ်ပုံ

ဝိသုဒ္ဓိ ၇-ပါး			ဉာဏ်စဉ် ၁၆-ပါး				
မူလ-၂	၁။	သီလ ဝိသုဒ္ဓိ					
	၂။	စိတ္တ ဝိသုဒ္ဓိ					
သရီရ ၄-ပါး (ကာယဝိသုဒ္ဓိ)	၃။	ဒိဋ္ဌိ ဝိသုဒ္ဓိ	၁။	နာမရူပပရိစ္ဆေဒဉာဏ်	အခြေခံ	လောကီ, ပုထုဇဉ်နွယ်	ရုပ်,နာမ်,သင်္ခါရ ကိုအာရုံပြု
	၄။	ကင်္ခါဝိတရဏ ဝိသုဒ္ဓိ	၂။	ပစ္စယပရိဂ္ဂဟဉာဏ်			
	၅။	မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ	၃။	သမ္မသနဉာဏ်	ဝိပဿနာဉာဏ် ၁၀-ပါး		
			၄။	ဥဒယဗ္ဗယဉာဏ် (နု)			
	၆။	ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ		ဥဒယဗ္ဗယဉာဏ် (ရင့်)			
			၅။	ဘင်္ဂဉာဏ်			
			၆။	ဘယဉာဏ်			
			၇။	အာဒီနဝဉာဏ်			
			၈။	နိဗ္ဗိဒါဉာဏ်			
			၉။	မုစ္စိတုကမျတာဉာဏ်			
			၁၀။	ပဋိသင်္ခါဉာဏ်			
			၁၁။	သင်္ခါရုပေက္ခာဉာဏ် (ဝုဋ္ဌာန)			
			၁၂။	အနုလောမဉာဏ် (ဝုဋ္ဌာန)			
	x	ဝိသုဒ္ဓိမလွတ်	၁၃။	ဂေါတြဘူဉာဏ်	ဦးခေါင်းပိုင်း-၄	⇕	နိဗ္ဗာန်အာရုံ
သီသ	၇။	ဉာဏဒဿနဝိသုဒ္ဓိ	၁၄။	**မဂ်ဉာဏ်**		လောကုတ္တရာ	
			၁၅။	**ဖိုလ်ဉာဏ်**			
			၁၆။	ပစ္စဝေက္ခဏာဉာဏ်			

- သီ, စိတ်, ဒိဋ္ဌိ, ကင်၊ ဤလေးအင် ဉာဏ်စဉ် မဆိုင်သေး ။
- ဉာဏ်စဉ်ဆယ့်ဝ၊ မူတည့်ပြ၍၊ နာမ ရူပ၊ ပစ္စယ စွက်၊ အောက်နှစ်ချက်နှင့်၊ ဂေါ, မဂ်, ဖိုလ်, ပစ် ၊ ထက်လေးဆစ်၊ ပေါင်းလစ်ဉာဏ်စဉ်၊ ဆယ့်ခြောက်ပါး။

ပုထုဇဉ်နွယ်၊ ချိုးနှိမ်ပယ်၍၊ ရိနွယ်ဖြစ်စေ၊ ကြောင်းနှစ်ထွေကြောင့်၊ ခေါ်လေ ဂေါတြဘူ၊ မြတ် နိဗ္ဗူ၊ ရုံယူ မဂ်ရှေ့သွား။

www.dhammadownload.com

အရိယာ မဂ္ဂင်ရှစ်ပါးဟူသော မဇ္ဈိမပဋိပဒါလမ်းစဉ်သည် သတိပဋ္ဌာန်လေးပါး လမ်းစဉ်ပင် ဖြစ်ပါသည်။ သတိပဋ္ဌာန်လေးပါးနှင့်အညီ ရုပ်,နာမ်ဓမ္မအာရုံ၌ ဝိပဿနာ ဘာဝနာ ရှုမှတ်ပွားများသူသည် ဝိသုဒ္ဓိအဆင့်ဆင့် ဖြစ်ပေါ်ပြီးလျှင် မဂ်,ဖိုလ်,နိဗ္ဗာန် တရားတော်မြတ်ဆီသို့ ဆိုက်ရောက်နိုင်ပါသည်။ ဝိသုဒ္ဓိနှင့် ဝိပဿနာဉာဏ်စဉ်တို့ ဖြစ်ပေါ်ပုံမှာ–

(၁) သီလဝိသုဒ္ဓိ

သီလ၏စင်ကြယ်ခြင်းသည် 'သီလဝိသုဒ္ဓိ' မည်ပါသည်။ ရဟန်းတော်များသည် ပါတိမောက္ခသံဝရသီလစသော စတုပါရိသုဒ္ဓိသီလ လုံခြုံမှ သီလဝိသုဒ္ဓိ ဖြစ်ပါသည်။ လူပုဂ္ဂိုလ်တို့သည်လည်း မိမိတို့စောင့်ထိန်းထားသော သီလ၏ ကျိုးခြင်း, ပေါက်ခြင်း, ကျားခြင်း, ပြောက်ခြင်းတို့ မဖြစ်ရအောင် စောင့်ထိန်းရပါသည်။

ရဟန်းတို့၏ စတုပါရိသုဒ္ဓိသီလသည် ပါတိမောက္ခသံဝရသီလ, ဣန္ဒြိယသံဝရသီလ, အာဇီဝပါရိသုဒ္ဓိသီလ, ပစ္စယသန္နိဿိတသီလ အားဖြင့် ၄–မျိုး ဖြစ်ပါသည်။

(က) ပါတိမောက္ခသံဝရသီလ

ဒွေမာတိကာဟုခေါ်အပ်သော ပါတိမောက်သာမက ဝိနည်းပါဠိတော်၌ ပညတ်အပ်သော သီလအားလုံးကို စောင့်ရှောက်ထိန်းသိမ်းခြင်းသည် 'ပါတိမောက္ခသံဝရသီလ' မည်ပါသည်။ သဒ္ဓါတရားဖြင့်သာလျှင် ဤသီလကို လုံခြုံစေနိုင်ပါသည်။

(**သဒ္ဓါတရား** ပြဋ္ဌာန်း၏။)

(ခ) ဣန္ဒြိယသံဝရသီလ

စက္ခုန္ဒြေစသော ၆–ပါးသော ဣန္ဒြေတို့ကို (အကုသိုလ်မဖြစ်အောင်) စောင့်စည်းခြင်းသည် 'ဣန္ဒြိယသံဝရသီလ' မည်ပါသည်။ သတိ မပြတ်ထားမှသာ ဣန္ဒြေတို့ကို စောင့်ရှောက်နိုင်ပါသည်။ (**သတိတရား** ပြဋ္ဌာန်း၏။)

(ဂ) အာဇီဝပါရိသုဒ္ဓိသီလ

(အာဇီဝ–အသက်မွေးမှု)+(ပါရိသုဒ္ဓိ–သန့်ရှင်းစင်ကြယ်သည်။)

ဒကာ, ဒကာမတို့ လှူချင်လာအောင် သစ်သီးပေးမှု, ပန်းပေးမှု, ဖြားယောင်းမှု စသည်တို့ကို ရှောင်ကြဉ်၍ စင်ကြယ်စွာရအပ်သော ပစ္စည်းကိုသာ ခံယူသုံးစွဲလျှင် ဤသီလ လုံခြုံပါသည်။ မိစ္ဆာဇီဝမှရှောင်၍ သမ္မာဇီဝဖြင့် စင်ကြယ်စေနိုင်သော သီလသည် 'အာဇီဝပါရိသုဒ္ဓိသီလ' မည်ပါသည်။ ဝီရိယတရားရှိသူမှ သမ္မာဇီဝဖြင့် စင်ကြယ်စေနိုင်ပါသည်။ (**ဝီရိယတရား** ပြဋ္ဌာန်း၏။)

www.dhammadownload.com

(ဃ) ပစ္စယသန္နိဿိတသီလ

စင်ကြယ်စွာရအပ်သော ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး ပစ္စည်း ၄-ပါး၌ ပစ္စဝေက္ခဏာဆင်ခြင်၍ သုံးစွဲသောသီလသည် 'ပစ္စယသန္နိဿိတသီလ' မည်ပါသည်။ ပညာရှိသူမှသာ ပစ္စည်းလေးပါးတို့ကိုသုံးစွဲရာ၌ ဆင်ခြင်နိုင်ပါသည်။

(ဆင်ခြင်ပုံမှာ)- **(ပညာတရား** ပြဋ္ဌာန်း၏။)

❀ အသက်ရှည်ကြာ၊ ဘေးရောဂါတို့၊ ကိုယ်မှာမကပ်၊ ပရိယတ်နှင့်၊ ပဋိပတ်ရေး၊
မျှော်ထောက်တွေး၍၊ ဤဆေး,ဤဆွမ်း, ဤသင်္ကန်းနှင့်, ရွှင်လန်းဘွယ်ကြောင်း၊
ဤ စံကျောင်းကို၊ မှီအောင်း သုံးစွဲပါသတည်း။

❀ ပါ, ဣန်, အာ, ပစ်၊ လေးဆစ်သီလ၊ စင်ကြယ်မှ၊ သီလဝိသုဒ္ဓိ ။

(၂) စိတ္တဝိသုဒ္ဓိ

ဥပစာရသမာဓိ, အပ္ပနာသမာဓိ နှစ်မျိုးနှင့်ယှဉ်သော စိတ်အစဉ်သည် နီဝရဏ, ကိလေသာ အနှောက်အယှက်တို့ အနယ်ကျသဖြင့် လွန်စွာကြည်လင်ရကား 'စိတ္တဝိသုဒ္ဓိ' မည်ပါသည်။

စိတ္တဝိသုဒ္ဓိဖြစ်ရန်အတွက် သမထကမ္မဋ္ဌာန်း-၄၀ အနက် မိမိစရိုက်နှင့် လျော်သော ကမ္မဋ္ဌာန်း ၁-ပါးပါးကို အနည်းဆုံး ဥပစာသမာဓိဟူသော လောကီဈာန်ရအောင် အားထုတ်ရပါသည်။ ဝိပဿနာအားထုတ်မှု၌ ဖြစ်ပေါ်သော 'ခဏိကသမာဓိ'သည် ဥပစာရသမာဓိနှင့် ဆင်တူပါသည်။

❀ ဥပစာရ၊ အပ္ပနာထိ၊ သမာဓိရ၊ စင်ကြယ်မှ၊ စိတ္တဝိသုဒ္ဓိ ။

(၃) ဒိဋ္ဌိဝိသုဒ္ဓိ

နာမ်နှင့်ရုပ်တို့ကို ခွဲခြမ်းဝေဖန်၍ ဟုတ်တိုင်းမှန်စွာ သိမြင်ခြင်းသည် 'ဒိဋ္ဌိဝိသုဒ္ဓိ' မည်၏။ နာမ်,ရုပ်တရားတို့ကို လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်ဟူသော ဤ ၄-ချက်ဖြင့် သိမ်းဆည်း,ဆင်ခြင်သုံးသပ်လျှင် ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတစ်ပါး, ယောကျ်ား, မိန်းမ, အတ္တဟူသော အတ္တဒိဋ္ဌိ, အယူမှားမှု, အမြင်မှားမှုတို့မှ ကင်းလွတ်သော, စင်ကြယ်သော အသိဉာဏ် (အမြင်စင်ကြယ်မှု)သည် 'ဒိဋ္ဌိဝိသုဒ္ဓိ' မည်ပါသည်။

ထိုဉာဏ်သည် နာမ်,ရုပ်တို့ကို အမှန်အတိုင်း ပိုင်းခြား၍လည်းကောင်း၊ ကွဲပြားစွာ သိ၍လည်းကောင်း၊ 'နာမရူပပရိစ္ဆေဒဉာဏ်'(ဝါ) 'နာမရူပပရိစ္ဆေဒဉာဏ်'ဟုခေါ်ပါသည်။

❀ နာမ်ရုပ်ပေါ်မြာ၊ လက္ခဏာနှင့်၊ ရသ, ပစ္စု, ပဒ သိမ်းစည်းမှု၊ မှတ်ရှု ဒိဋ္ဌိဝိသုဒ္ဓိ။
အတ္တအယူ၊ ကင်းစင်ဖြူ၊ မှတ်ယူ ဒိဋ္ဌိဝိသုဒ္ဓိ။

www.dhammadownload.com

ပွားများပုံမှာ –

– ဤ ရုပ်ခန္ဓာကိုယ်ကြီးသည် ဖောက်ပြန်သော လက္ခဏာ ရှိပါသည်။

– စိတ်သည် အာရုံကိုသိခြင်း လက္ခဏာ ရှိပါသည်။

– ဝေဒနာသည် ခံစားခြင်း လက္ခဏာ ရှိပါသည်။

– သညာသည် မှတ်သားခြင်း လက္ခဏာ ရှိပါသည်။

– ကြွင်းသော ရုပ်တရား, နာမ်တရား အသီးသီးတို့သည်လည်း သူ့ဆိုင်ရာဆိုင်ရာ လက္ခဏာ အသီးသီး ရှိကြပါသည်။

ဤသို့ အစိတ်စိတ်အားဖြင့် ဆင်ခြင်လိုက်သည်ရှိသော် 'ရုပ်,နာမ်တရားကို့သည် အသီးသီး သူ့ကိုယ်ပိုင်လက္ခဏာနှင့်သူ၊ သူ့ကိစ္စနှင့်သူ ဆောင်ရွက်နေကြသော တရားအစုသာ ဖြစ်ပါသည်။ ထို ရုပ်,နာမ်တရားအစုကို ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတစ်ပါး, ယောကျာ်း, မိန်းမ, အတ္တဟူသော အမြင်မှားဖြင့် စွဲခေါ်နေကြပါသည်။ အမှန်သည် ရုပ်,နာမ်တရားအစုတို့ ဖြစ်,ပျက်နေခြင်းသာဖြစ်သောကြောင့် မမြဲခြင်း အနိစ္စ၊ ဆင်းရဲခြင်း ဒုက္ခ၊ အစိုးမရခြင်း အနတ္တဟု အမှန်အတိုင်း မြင်ခြင်းသည် 'ဒိဋ္ဌိဝိသုဒ္ဓိ = အမြင်စင်ကြယ်မှု' ဖြစ်ပါသည်။

ရုပ်,နာမ် တစ်မျိုးစီကို လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်အားဖြင့် ၄–မျိုးစီဖြင့် နှလုံးသွင်းခြင်းသည် 'ဒိဋ္ဌိဝိသုဒ္ဓိ = အမြင်စင်ကြယ်မှု' ဖြစ်ပါသည်။

ဥပမာ– စိတ်ဟူသော နာမ်တရားလေး တစ်ခုသည်–

(က) အာရုံကိုသိခြင်းဟူသော ကိုယ်ပိုင်လက္ခဏာ ရှိပါသည်။
(အာရမ္မဏ ဝိဇာနန လက္ခဏာ)

(ခ) အရာရာတိုင်း၏ ရှေ့သွားခေါင်းဆောင် ကိစ္စ(ရသ)လည်း ရှိပါသည်။
(ပုဗ္ဗင်္ဂမရသံ)(နေရာတကာ စိတ်ကအရင်ဖြစ်ပြီးမှ ကာယကံ,ဝစီကံတို့ဖြစ်ရသည်။)

(ဂ) နောက်နောက်စိတ်များဖြစ်ပေါ်အောင် ဆက်စပ်ပေးတတ်သည့် ပစ္စုပဋ္ဌာန် ခေါ် အကျိုးတရားလည်း ရှိပါသည်။ (အနန္တရ, သမနန္တရသတ္တိတို့ဖြင့် ကျေးဇူးပြုပုံ၊)
(သန္ဓာနပစ္စုပဋ္ဌာန်)

(ဃ) နာမ်,ရုပ်လျှင် နီးသောအကြောင်း ပဒဋ္ဌာန် ရှိပါသည်။ စိတ်တစ်ခုဖြစ်လာဖို့ ယှဉ်ဘက် စေတသိက်နာမ်တရား, ရုပ်တရားတို့ မရှိလျှင် မဖြစ်နိုင်ပေ။ ထို့ကြောင့် နာမ်,ရုပ်တရားတို့သည် နီးသောအကြောင်း ပဒဋ္ဌာန် ဖြစ်ပါသည်။
(နာမရူပ ပဒဋ္ဌာန်)

www.dhammadownload.com

လက္ခဏာစသည်တို့၏ အဓိပ္ပါယ်-

၁။ အများနှင့် မဆက်ဆံသော ကိုယ်ပိုင်သီးခြားသဘောသည် 'လက္ခဏာ' မည်၏။
၂။ (က) ဆိုင်ရာ ရုပ်,နာမ် ပရမတ်တို့၏ ဆောင်ရွက်မှုသည် 'ကိစ္စ' မည်၏။
(ခ) သမ္ပတ္တိ= ပြီးပြည့်စုံစေမှု သဘောသည်လည်းကောင်း၊
ထို ၂-မျိုးသည် 'ရသ' မည်၏။
၃။ ဆင်ခြင်ဖန်များသဖြင့် ဆိုင်ရာပရမတ်တရားတို့၏ လက္ခဏာ (သို့) ကိစ္စ, ရသ (သို့) အကျိုး (သို့) အကြောင်းတစ်ခုခုဉာဏ်တွင်ထင်လာခြင်းသည် 'ပစ္စုပဋ္ဌာန်' မည်၏။
၄။ ထိုပရမတ်တရားတို့၏ အနီးကပ်ဆုံးသော အကြောင်းသည် 'ပဒဋ္ဌာန်' မည်၏။

(၄) **ကင်္ခါဝိတရဏဝိသုဒ္ဓိ**

(ကင်္ခါ-ယုံမှားသံသယ) + (ဝိတရဏ-လွတ်မြောက်ကြောင်းတရား)

နာမ်,ရုပ်တရားတို့ကို အမှန်အတိုင်း ပိုင်းခြားဆင်ခြင်၍ သိပြီးနောက်၊ နာမ်,ရုပ်တရားတို့၏ အကြောင်းအရင်းဖြစ်သော 'ပစ္စယ'ကို သိမ်းဆည်း ဆင်ခြင်ပြီးနောက် ဖြစ်ကြောင်းတရားအမှန်များကို သေချာစွာသိမြင်သဖြင့် 'ငါသည် ရှေးက ဖြစ်ခဲ့ဖူးလေရဲ့လား ?'စသည် ယုံမှား ၁၆-မျိုးနှင့် ဘုရားရှင်အား ယုံမှားခြင်း, မဆုံးဖြတ်နိုင်ခြင်းစသည် ဝိစိကိစ္ဆာ ၈-မျိုးတို့ကို လွန်မြောက်ကြောင်းဖြစ်သော စင်ကြယ်သောဉာဏ်သည် 'ကင်္ခါဝိတရဏဝိသုဒ္ဓိ' မည်ပါသည်။ ထိုဉာဏ်သည်ပင် နာမ်,ရုပ်တရားတို့၏ဖြစ်ကြောင်းကို သိသောဉာဏ်ဖြစ်၍ 'ပစ္စယပရိဂ္ဂဟဉာဏ်'လည်း မည်ပါသည်။ ဖြစ်ကြောင်းကို ဟုတ်တိုင်းမှန်စွာသိသော 'ယထာဘူတဉာဏ်', 'သမ္မာ ဒဿနဉာဏ်' လည်းမည်ပါသည်။

❀ ဖြစ်,မဖြစ်၊ အမျိုးနွယ်, အချင်းအရာ၊ အဆက်ဆက် (သုတ္တန်)ယုံမှား ဆယ်ခြောက်ပါး။

ရုပ်ခန္ဓာအစဉ် + နာမ်ခန္ဓာအစဉ်တို့ ဖြစ်ပေါ်လာပုံအကြောင်းကို ပိုင်းခြားသိမြင်မှ ကင်္ခါဝိတရဏဝိသုဒ္ဓိသို့ ရောက်ပါမည်။ ရုပ်, နာမ်တို့၏ အကြောင်း(ဖြစ်ကြောင်း) ရှာရာ၌- ဤခန္ဓာ(ခန္ဓာငါးပါး) ဖြစ်လာရသည်မှာ အဝိဇ္ဇာ(ရုပ်,နာမ်အဖြစ်ကို မသိမှု)၊ တဏှာ (ရုပ်,နာမ်ခန္ဓာအပေါ် တပ်နှစ်သက်မှု)၊ ဥပါဒါန် (ရုပ်,နာမ်ခန္ဓာအပေါ် စွဲလမ်းမှု)၊ ကံ(ကုသိုလ်ကံ, အကုသိုလ်ကံ)၊ အာဟာရ(ရုပ်,နာမ်ခန္ဓာ ဖြစ်ပေါ်အောင် ကျေးဇူးပြုတတ်သည့် ရုပ်အာဟာရ+နာမ်အာဟာရ)တို့ကြောင့် ဖြစ်ရသည်။ မည်သည့် ထာဝရဘုရား, ဗြဟ္မာ, ဗိဿနိုးတို့မှ ဖန်ဆင်း၍မဟုတ်ကြောင်း သိမ်းဆည်းဆင်ခြင် သိရှိရပါသည်။

www.dhammadownload.com

❀ နာမရူပ၊ သင်္ခါရနှ၏၊ ပဋိစ္စစာတ်၊ စက်ရဟာတ်ကို၊ အတက်ထင်ထင်၊ ပိုင်ပိုင်မြင်က၊ ကင်္ခါယုံမှား၊ ဆယ့်ခြောက်ပါးနှင့် ရှစ်ပါးဝိစိ၊ ဒိဋ္ဌိဖြာဖြာ၊ ကင်းစင်စွာ၊ ကင်္ခါဝိတရဏဝိသုဒ္ဓိ။

ဆိုခဲ့ပြီးသော သီလဝိသုဒ္ဓိ(သီလစင်ကြယ်မှု)၊ စိတ္တဝိသုဒ္ဓိ(စိတ်စင်ကြယ်မှု)၊ ဒိဋ္ဌိဝိသုဒ္ဓိ (အယူအစွဲစင်ကြယ်မှု)၊ ကင်္ခါဝိတရဏဝိသုဒ္ဓိ (ယုံမှားမှုများမှလွန်မြောက်သောစင်ကြယ်မှု) ဟူသော ဝိသုဒ္ဓိ ၄–ပါးအခိုက်၌ ဝိပဿနာဉာဏ်စဉ် ၁၀–ပါးသို့ မရောက်သေးပေ။ ဉာဏ်စဉ်များရရန် အခြေခံမျှသာ ဖြစ်သေးသည်။

❀ သီ၊ စိတ်၊ ဒိဋ္ဌိ၊ ကင်၊ ဤလေးအင်၊ ဉာဏ်စဉ် မရောက်သေး။

(၄) မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ

(မဂ္ဂ–လမ်းမှန်) + (အမဂ္ဂ–လမ်းမှန်မဟုတ်ဟု)

သီလဝိသုဒ္ဓိဖြင့် သီလ၏စင်ကြယ်မှုပြုခြင်း၊ စိတ္တဝိသုဒ္ဓိဖြင့် စိတ်ဓာတ်စင်ကြယ်မှု ပြုခြင်း၊ ဒိဋ္ဌိဝိသုဒ္ဓိဖြင့် နာမ်၊ရုပ်တရားတို့ကို ပိုင်းခြားခဲ့ခြင်း၊ ကင်္ခါဝိတရဏဝိသုဒ္ဓိဖြင့် နာမ်၊ရုပ်တို့၏ အကြောင်းကို သိမ်းဆည်းပြီးခြင်းတို့အားပြုပြီးသော ယောဂီပုဂ္ဂိုလ်သည် ရှေးဝိသုဒ္ဓိ ၄–ပါးတို့၌ ရုပ်၊နာမ်တရားတို့ကို လက္ခဏာရေးသုံးပါးတင်၍ မရှုမှတ်သေး။ ယခုအခါ 'မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ'ဖြစ်ပေါ်ရေးအတွက် အကြောင်းနှင့်တကွ ပိုင်းခြား၍ သိထားပြီးဖြစ်သော တေဘူမက ရုပ်တရား၊နာမ်တရားတို့ကို ခန္ဓာအစရှိသောနည်း အားဖြင့် အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာယာဉ်သုံးချက်တင်၍ သမ္မသနဉာဏ်ဖြင့် သုံးသပ် ရပါတော့မည်။

မဂ်၊ဖိုလ်သို့ ရောက်ကြောင်းဖြစ်သော လမ်းမှန်နှင့် မဂ်၊ဖိုလ်သို့ရောက်ရာမဟုတ်သည့် လမ်းမှားတို့ကို ခွဲခြား၍၊ ထင်ရှားစွာမြင်သိနိုင်သော ဉာဏ်၏စင်ကြယ်ခြင်းသည် 'မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ' မည်ပါသည်။

သမ္မသနဉာဏ်

ရုပ်၊နာမ်ဓမ္မ သင်္ခါရတရားတို့ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာယာဉ်တို့ဖြင့် ဆင်ခြင်သုံးသပ်သောဉာဏ်သည် 'သမ္မသနဉာဏ်' မည်ပါသည်။

* ရုပ်၊နာမ်တရားတို့၏ ကုန်ဆုံးပျက်စီးခြင်း အနက်သဘောကြောင့် 'အနိစ္စ'၊
* ရုပ်၊နာမ်တရားတို့၏ ကြောက်မက်ဘွယ်ဘေးဖြစ်သောကြောင့် 'ဒုက္ခ'၊
* ရုပ်၊နာမ်တရားတို့၏ အနှစ်သာရ လုံးလုံး(လုံး၀)မရှိသောကြောင့် 'အနတ္တ'၊
ဟူ၍ သုံးသပ်ရာ၌ သမ္မသနနည်း ၄–မျိုး ရှိပါသည်။

www.dhammadownload.com

သမ္မသနနည်း ၄-မျိုး

သမ္မသနနည်း ၄-မျိုး		အဓိပ္ပါယ်(လက္ခဏာယာဉ်သုံးပါးဖြင့် သုံးသပ်ရာ၏။)
၁။	ကလာပ သမ္မသန	ရူပက္ခန္ဓာအားလုံး စသည်ဖြင့် ခန္ဓာတစ်စုတစ်စုကို အပေါင်းပြု၍ လက္ခဏာယာဉ် သုံးပါးဖြင့် သုံးသပ်ရပါသည်။
၂။	အဒ္ဓါန သမ္မသန	အတိတ်,ပစ္စုပ္ပန်,အနာဂတ်၌ ဖြစ်သော ခန္ဓာဟူ၍ ကာလခွဲခြား၍ လက္ခဏာယာဉ် သုံးပါးဖြင့် သုံးသပ်ရပါသည်။
၃။	သန္တတိ သမ္မသန	တစ်ဘဝတည်း၌ပင် ခန္ဓာအစဉ်(အအေးရုပ်အစဉ်,အပူရုပ်အစဉ်စသည်) အမျိုးမျိုးခွဲခြား၍ လက္ခဏာယာဉ် သုံးပါးဖြင့် သုံးသပ်ရပါသည်။
၄။	ခဏ သမ္မသန	ခန္ဓာအစဉ် တစ်မျိုးတည်း၌ပင် ဥပါဒ်,ဠီ,ဘင် ဟူသော ခဏအားဖြင့်ခွဲ၍ လက္ခဏာယာဉ်သုံးပါးဖြင့် သုံးသပ်ရပါသည်။

ဤသို့ သုံးသပ်ရှုမှတ်ပွားများသောယောဂီပုဂ္ဂိုလ်၌ အကြောင်း၏အစွမ်းအားဖြင့်

၁။ အဝိဇ္ဇာ,တဏှာ,ကံ, အာဟာရ တို့သည် ရုပ်တရား၏ အကြောင်းတရားများဖြစ်၏။

၂။ အဝိဇ္ဇာ,တဏှာ,ကံ, ဖဿ တို့သည် စေတသိက်(နာမ်)၏ ။

၃။ အဝိဇ္ဇာ,တဏှာ,ကံ, နာမ်,ရုပ် တို့သည် စိတ်(နာမ်)၏ ။

ဟူ၍လည်းကောင်း၊ ခဏ၏အစွမ်းအားဖြင့် ဥပါဒ်ခဏ, ဘင်ခဏအားဖြင့် သင်္ခါရတရားတို့၏ အဖြစ်,အပျက်ကို သိသောဉာဏ်သည် ဖြစ်ပေါ်လာပါသည်။

❀ အဝိဇ်,တဏှာ၊ကံ, အာဟာရနှင့်၊ တစ်ဖြာဖဿ၊ နာမ်ရုပ်ပြု၊ မှတ်ကြ ပစ္စယအကြောင်း။

ဥဒယဗ္ဗယဉာဏ်

ထို သင်္ခါရတရား ရုပ်,နာမ်တို့၏ အဖြစ်နှင့် အပျက်ကို ထင်မြင်စွာရှုသိတတ်သော ဉာဏ်သည် 'ဥဒယဗ္ဗယဉာဏ်' မည်ပါသည်။

အကြောင်း ပစ္စယအားဖြင့်လည်းကောင်း၊ ဥပါဒ်-ဌီ-ဘင် ခဏအားဖြင့်လည်းကောင်း၊ ကြိုးစားရှုမှတ်ပွားများလေသော်၊ ရုပ်,နာမ်တို့၏ ဖြစ်ခြင်းကိုသိသော 'ဥဒယဉာဏ်', ပျက်ခြင်းကိုသိသော 'ဝယဉာဏ်' ဖြစ်သည်။ အဖြစ်,အပျက်ကို အဖန်တလဲလဲရှုမှတ်သဖြင့် ဉာဏ်ရင့်သန်လာသောခါ၊ (ဥဒယဗ္ဗယဉာဏ် အဆုံးမသတ်မီ လမ်းခုလပ်မှာပင်၊) ထိုဉာဏ်၏ညစ်နွမ်းကြောင်းဖြစ်သော ဆားအန္တရာယ် (ဥပက္ကိလေသ) ၁၀-ပါး ဖြစ်လာတတ်ပါသည်။

❀ ဖြစ်ပွားပျက်မှု၊ အာရုံ ရှု၊ ဥဒယဗ္ဗယဉာဏ်၊

ဥဒယဉာဏ်၊ ရင့်သန်တုံလတ်၊ ဖြစ်လာတတ်၊ ဆယ်ရပ်အန္တရာယ် ။

www.dhammadownload.com

ဝိပဿနုပက္ကိလေသ ၁၀-ပါး (ဥပက္ကိလေသ ၁၀-ပါး)

ဝိပဿနုပက္ကိလေသ		အဓိပ္ပါယ် (ဝိပဿနာပျက်ကြောင်း အန္တရာယ်)
၁။	ဩဘာသ	ဝိပဿနာစိတ်၏ အစွမ်းကြောင့် ကိုယ်ရောင်ကိုယ်ဝါများ ထွက်လာခြင်း၊
၂။	ပီတိ	ဝိပဿနာနှင့်ယှဉ်သော နှစ်သက်ဖွယ်ရာပီတိ ၅-မျိုးဖြစ်ပေါ်လာခြင်း၊
၃။	ပဿဒ္ဓိ	ကိုယ်,စိတ်တို့၏ ငြိမ်းချမ်းမှု(ကာယ,စိတ္တပဿဒ္ဓိ) ဖြစ်ပေါ်လာခြင်း၊
၄။	အဓိမောက္ခ	ကမ္မဋ္ဌာန်းအာရုံ၌ စူးစိုက်စွာ သက်ဝင်ယုံကြည်သော သဒ္ဓါဖြစ်ပေါ်လာခြင်း၊
၅။	ပဂ္ဂဟ(ဝီရိယ)	ဝိပဿနာစိတ်ကို အားပေးထောက်ပံ့မှု ဝီရိယ ထက်သန်ဖြစ်ပေါ်လာခြင်း၊
၆။	သုခ	မွန်မြတ်သောစိတ္တဇရုပ်တို့ဖြင့် တစ်ကိုယ်လုံး၌ သုခချမ်းသာဖြစ်ပေါ်လာခြင်း၊
၇။	ဉာဏ(ဗုဒ္ဓိ)	အလွန်ထက်မြက်သော ဝိပဿနာဉာဏ် ဖြစ်ပေါ်လာခြင်း၊
၈။	ဥပဋ္ဌာန(သတိ)	ကမ္မဋ္ဌာန်းအာရုံ၌ အလွန်ထင်လင်း(ထင်ရှား)နေသော သတိ ဖြစ်နေခြင်း၊
၉။	ဥပေက္ခာ	ဖြစ်မှု,ပျက်မှု(ဥဒယဗ္ဗယ)သဘော အလွန်ထင်ရှားနေကာ မထင်ထင်အောင် ကြောင့်ကြစိုက်ရမှုမပြုရတော့ဘဲ၊ အသင့်အားဖြင့်ရှုနိုင်သော တတြမဇ္ဈတ္တတာ နှင့် ဖြစ်မှု,ပျက်မှုကို လျှင်မြန်စွာ ဆင်ခြင်နိုင်သော အာဝဇ္ဇနုပေက္ခာတို့ ဖြစ်ပေါ်လာခြင်း၊
၁၀။	နိကန္တိ	ကိလေသာဟူ၍ပင် မသိနိုင်လောက်အောင် အထက် ဝိပဿနုပက္ကိလေသ ၉-ပါးကို နှစ်သက်တပ်မက်နေသော သိမ်မွေ့သောတဏှာသည်ဖြစ်ပေါ်လာ၏။

❀ အရောင်,ပီတိ၊ ပဿဒ္ဓိနှစ်ဖြာ၊ သဒ္ဓါ,ဝီရိယ၊ သုခဗုဒ္ဓိ၊ နိကန္တိ နှင့်၊
သတိ ဥပေက္ခာ၊ ဤဆယ်ဖြာ၊ မှတ်ပါအန္တရာယ်။

ပရိယတ္တိ၌ ကျွမ်းကျင်လိမ္မာသောယောဂီတို့သည် ဤ ဩဘာသစသည်တို့သည် တဏှာ, မာန, ဒိဋ္ဌိတို့၏ တည်ရာဖြစ်၍ ဝိပဿနာဉာဏ်ကို ညစ်နွမ်းစေတတ်သောကြောင့် မဂ်,ဖိုလ်ရကြောင်း လမ်းကောင်း, လမ်းမှန် မဟုတ်သဖြင့် 'အမဂ္ဂ' တည်း။ ဤ ၁၀-ပါးမှလွတ်သော ဝိပဿနာဉာဏ်ဖြင့်သာ ဆက်လက်၍ တိုးတက်အားထုတ်မှုသည်သာလျှင် မဂ်,ဖိုလ် ရကြောင်း လမ်းကောင်း,လမ်းမှန် 'မဂ္ဂ' အစစ်ဖြစ်သည်ဟု ပိုင်းခြားသတ်မှတ်နိုင်ကြပါသည်။

ထိုသို့ လမ်းမှန်ဟုတ်သည် မဟုတ်သည်ကို ထင်ရှားစွာသိမြင်တတ်သော စင်ကြယ်သော အသိဉာဏ်သည် 'မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ' မည်ပါသည်။

❀ သမ္မသန, ဥဒယဉာဏ်၊ အမြင်သန်၊ လမ်းမှန်မြင်သိ၊ မဂ္ဂဝိသုဒ္ဓိ။

www.dhammadownload.com

(၆) ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ

မဂ်,ဖိုလ်ရောက်ကြောင်း ကျင့်စဉ်ဟူသော ဝိပဿနာဉာဏ်အမြင် စင်ကြယ်မှုသည် 'ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ' မည်ပါသည်။

(ဥဒယဗ္ဗယဉာဏ် နောက်ပိုင်းမှစ၍ အနုလောမဉာဏ်အထိ၊)

ဝိပဿနာ ညစ်ညူးကြောင်း(အန္တရာယ်)တို့မှ လွတ်မြောက်ပြီးသော ယောဂီပုဂ္ဂိုလ်သည် ဥဒယဗ္ဗယဉာဏ်ကိုပင် အခြေခံ၍ (ဥဒယဗ္ဗယဉာဏ်နောက်ပိုင်းမှစ၍) အနုလောမဉာဏ် တိုင်အောင် ဉာဏ်စဉ် ၉-ပါးဖြင့် အနိစ္စ, ဒုက္ခ, အနတ္တ လက္ခဏာယာဉ် ဆင်ခြင်ပွားများ အားထုတ်လျှင် 'ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ'သည် ဖြစ်ပါသည်။

❀ ဥဒယဉာဏ်၊ အခြေခံ၍၊ ကိုးတန်ဉာဏ်များ၊ ကျင့်ကြံပွား၊ မှတ်သား ပဋိ ဝိသုဒ္ဓိ။

ဘင်္ဂ ဉာဏ်

ရုပ်,နာမ်ဓမ္မ သင်္ခါရတရားတို့၏ ပျက်ခြင်းသဘောကိုသာ ရှုမှတ်သောဉာဏ်သည် 'ဘင်္ဂဉာဏ်' မည်ပါသည်။

ဥပက္ကိလေသမှ လွတ်မြောက်ပြီးသောယောဂီပုဂ္ဂိုလ်၏ ဥဒယဗ္ဗယဉာဏ် ရင့်သန်လာသော် ဖြစ်ခြင်း, ပျက်ခြင်းတို့သည် အလွန်လျှင်မြန်စွာ ထင်ကြကုန်၍ သင်္ခါရတရားတို့၏အပျက်ကိုသာ ဦးတည်၍ ရှုမှတ်မိတော့သည်။ ထိုသို့ဖြစ်ခြင်း (ဥဒယ)ကိုလွတ်၍ ပျက်ခြင်း(ဝယ)မျှသာ ရှုမှတ်တတ်သောဉာဏ်သည် 'ဘင်္ဂဉာဏ်' မည်ပါသည်။

❀ အပျက်ကိုသာ၊ ရှုတုံပါ။ သညာ ဘင်္ဂဉာဏ် ။

ဘယ ဉာဏ်

ရုပ်,နာမ်ဓမ္မ သင်္ခါရတရားတို့သည် ကြောက်မက်ဖွယ် ဘေးဆိုးကြီးပါတကားဟု မြင်သိသောဉာဏ်သည် 'ဘယဉာဏ်' မည်ပါသည်။

ဘင်္ဂဉာဏ်ဖြင့် ရုပ်,နာမ်ဓမ္မ သင်္ခါရတရားတို့၏ အပျက်ကိုသာရှုဖန်များလတ်သော်၊ ခန္ဓာငါးပါး သင်္ခါရတရားတို့၌ ကြောက်ရွံ့ထိတ်လန့်ဖွယ်(ဘေးဆိုးကြီး)ဟု သံဝေဂဖြင့် ထင်မြင်လာသောဉာဏ်သည် 'ဘယဉာဏ်' မည်ပါသည်။

❀ အပျက်မြင်က၊ ပျက်မှုခပင်း၊ ဘေးသေမင်းဟု၊
ကြောက်ခင်းထွေထွေ၊ ရှုတုံပေ၊ မှတ်လေ ဘယဉာဏ်။

www.dhammadownload.com

အာဒီနဝဉာဏ်

ရုပ်,နာမ် သင်္ခါရတရားတို့၏အပြစ်ကို မြင်သိသောဉာဏ်သည် 'အာဒီနဝဉာဏ်' မည်ပါသည်။

ဘယဉာဏ်ဖြင့် ကြောက်မက်ဖွယ်သဘောကို သိမြင်မှု၌ အားကြီးလတ်သော်၊ ထိုရုပ်,နာမ်ဓမ္မ ခန္ဓာတရားတို့၌ အားကိုးဘွယ်ရာဘာမျှမရှိသည့်အဖြစ်ကို သိမြင်လာ၍၊ ရုပ်,နာမ်တို့အပေါ်၌ အပြစ်ဟု ရှုမြင်တတ်သောဉာဏ်သည် 'အာဒီနဝဉာဏ်' မည်ပါသည်။

❀ ကြောက်ဖွယ်ခပင်း၊ မြင်တုံလျှင်းက၊ ဘေးဘယမျိုး၊
ရုပ်နာမ်ဆိုး၌၊ ကိုးရာမရှိ၊ ခက်မှန်းသိ၊ အာဒီနဝဉာဏ်။

နိဗ္ဗိဒါဉာဏ်

ရုပ်ဓမ္မ,နာမ်ဓမ္မ သင်္ခါရတရားတို့ကို ငြီးငွေ့ဖွယ်အဖြစ် ရှုမှတ်သောဉာဏ်သည် 'နိဗ္ဗိဒါဉာဏ်' မည်ပါသည်။

ရုပ်,နာမ်ဓမ္မ သင်္ခါရတရားတို့၏အပြစ်ကိုသာ မြင်နေ,ထင်နေသူ ယောဂီပုဂ္ဂိုလ်၌ ထိုတရားတို့အပေါ်တွင် မပျော်မွေ့နိုင်တော့ဘဲ ငြီးငွေ့ခြင်းသည် ဖြစ်လာ၏။ ထိုသို့ ငြီးငွေ့သောဉာဏ်သည် 'နိဗ္ဗိဒါဉာဏ်' မည်ပါသည်။

❀ ကိုးရာမမြင်၊ ခက်ပုံထင်က၊ မရွှင်မလန်း၊ စိတ်ကုန်ခန်း၍၊
မချမ်းမမြေ့၊ ငြီးငွေ့သောထွေ၊ စိတ်အနေ၊ မှတ်လေနိဗ္ဗိဒါ။

မုစ္စိတုကမျတာဉာဏ်

ရုပ်ဓမ္မ,နာမ်ဓမ္မ သင်္ခါရတရားတို့၏ အနှောင်အဖွဲ့မှ လွတ်မြောက်ရန် အလိုရှိသောဉာဏ်သည် 'မုစ္စိတုကမျတာဉာဏ်' မည်ပါသည်။

ရုပ်,နာမ်ဓမ္မ သင်္ခါရတရားတို့၌ ငြီးငွေ့သောအမြင်သန်လာသောအခါ ထိုသင်္ခါရတရားတို့မှ လျှင်မြန်စွာလွတ်မြောက်, လွတ်ကင်းလိုသောဉာဏ်သည် ဖြစ်လာပါသည်။ မြွေမိသော ဖား, လှောင်ထားသော ငှက်, ထောင်ချောက်၌မိနေသော သမင်ပျိုတို့သည် လွတ်မြောက်လို, ရုန်းထွက်လိုသကဲ့သို့ သင်္ခါရနယ်မှ လွတ်မြောက်လိုမှု, လွတ်ကင်းလိုသောဉာဏ်သည် 'မုစ္စိတုကမျတာဉာဏ်' မည်ပါသည်။

❀ ငြီးငွေ့အားသန်၊ စိတ်ပူပန်က၊ လျင်မြန်တစိ၊ လွတ်လိုဘိ၊ မုစ္စိတုကမျတာဉာဏ် ။

www.dhammadownload.com

ပဋိသင်္ခါဉာဏ်

ရုပ်ဓမ္မ,နာမ်ဓမ္မ သင်္ခါရတရားတို့မှ လွတ်မြောက်ရန် သင်္ခါရတရားတို့ကို တစ်ဖန်ကြိုးစား၍ သုံးသပ်သောဉာဏ်သည် 'ပဋိသင်္ခါဉာဏ်' မည်ပါသည်။

ရုပ်,နာမ်ဓမ္မ သင်္ခါရတရားတို့မှ လွတ်မြောက်လိုသောဆန္ဒ ပြင်းပြလာသောအခါ လွတ်ခြင်း၏အကြောင်းကို ပြည့်စုံစေခြင်းငှာ၊ ထိုတရားတို့အပေါ်၌ နိစ္စ, သုခ, အတ္တအားဖြင့် တစ်ဖန်ပြန်၍မစွဲနိုင်အောင် ဘာဝနာလေးဆယ်စသောနည်းအားဖြင့် လက္ခဏာယာဉ်သုံးချက်တင်၍ ပြန်လည်သိမ်းဆည်း သုံးသပ်သောဉာဏ်သည် 'ပဋိသင်္ခါဉာဏ်' မည်ပါသည်။

❀ လွတ်လိုလှ၍၊ လွတ်ရတဲ့ငှာ၊
ဘာဝနာလေးဆယ်၊ အကျယ်ဖြန့်ချီ၊ အားတိုက်ဘိ၊ ပဋိသင်္ခါဉာဏ်။

သင်္ခါရုပေက္ခာဉာဏ်

ရုပ်,နာမ်ဓမ္မ သင်္ခါရတရားတို့၌ ကြောက်လန့်ခြင်း,နှစ်သက်ခြင်းမဖြစ်ဘဲ၊ အလယ်အလတ်အားဖြင့် လျစ်လျူရှုတတ်သောဉာဏ်သည် 'သင်္ခါရုပေက္ခာဉာဏ်' မည်ပါသည်။

ရုပ်,နာမ်ဓမ္မ သင်္ခါရတရားတို့မှလွတ်မြောက်လို၍ ထိုတရားတို့အပေါ်၌ နိစ္စ, သုခ, အတ္တအားဖြင့် တစ်ဖန်ပြန်၍ မစွဲနိုင်အောင် ဘာဝနာလေးဆယ် စသောနည်းအားဖြင့် လက္ခဏာယာဉ်သုံးချက်တင်၍ ပြန်လည်သိမ်းဆည်း သုံးသပ်ဖန်, ရှုဖန်များသောအခါ သင်္ခါရတရားတို့၌ ကြောက်မက်ဖွယ်ဘေးဟုလည်း ဂရုမစိုက်၊ သာယာနှစ်သက်ခြင်းလည်းမရှိဘဲ၊ အလယ်အလတ်သဘောအားဖြင့် လျစ်လျူရှုကာ အနိစ္စ, ဒုက္ခ, အနတ္တဟုဆင်ခြင်သောဉာဏ်သည် 'သင်္ခါရုပေက္ခာဉာဏ်' မည်ပါသည်။ ဖောက်ပြန်တတ်သောမယားကို စွန့်ပစ်ခဲ့သောယောက်ျားသည် ထိုမယား၌ လျစ်လျူရှုသကဲ့သို့ မြင်အပ်ပြီးသော၊ အပြစ်ရှိသောသင်္ခါရတရားတို့၌ လျစ်လျူရှုသောအခြင်းအရာအားဖြင့် ဖြစ်သောဉာဏ်ဖြစ်ပါသည်။

❀ အားတိုက်ရှု၍၊ လွတ်မှုလွတ်ရန်၊ အမြင်သန်က၊
ရုပ်,နာမ် ဓမ္မ၊ သင်္ခါရဝယ်၊ မတွယ်သမှု၊ လျစ်လျူရှု၊ သင်္ခါရုပေက္ခာဉာဏ်။

www.dhammadownload.com

အနုလောမဉာဏ်

အောက်ဝိပဿနာဉာဏ် ၉-ပါးတို့အားလည်းကောင်း၊ အထက်ဖြစ်သော ဗောဓိပက္ခိယ တရား ၃၇-ပါးတို့အားလည်းကောင်း၊ လျော်စွာဖြစ်တတ်သောဉာဏ် (ဝါ) မဂ်ဉာဏ် ရဖို့ရန် အလောတော် သင့်လျော်, လျောက်ပတ် အဆင်သင့်ဖြစ်နေသောဉာဏ်သည် 'အနုလောမဉာဏ်' မည်ပါသည်။

ရုပ်,နာမ်ဓမ္မ သင်္ခါရတရားတို့၌ အနိစ္စ, ဒုက္ခ, အနတ္တဟုရှုမှတ်နေသဖြင့် ရှေးဉာဏ် ၉-ပါးနှင့်လည်း မဆန့်ကျင်၊ မဂ်ခဏ၌ ဖြစ်ပေါ်လတ္တံ့သော ဗောဓိပက္ခိယတရားများ နှင့်လည်းလျော်စွာ ဖြစ်ပေါ်သောဉာဏ်သည် 'အနုလောမဉာဏ်' မည်ပါသည်။

ရုပ်,နာမ်ဓမ္မ သင်္ခါရတရားတို့၌ အနိစ္စ, ဒုက္ခ, အနတ္တ လက္ခဏာကိုရှုသည်အဖြစ် အားဖြင့် အောက်၌ဖြစ်သော ဝိပဿနာဉာဏ်တို့နှင့်လည်း မဆန့်ကျင်၊ မဂ်ခဏ၌ ရလတ္တံ့သော ဗောဓိပက္ခိယတရားတို့နှင့်လည်း လျော်စွာဖြစ်ပေါ်ပါသည်။

မဂ်ဖြစ်ခါနီး မဂ္ဂဝီထိ၌ပါဝင်သော ပရိကံ, ဥပစာ, အနုလုံ အမည်တို့ဖြင့်ဖြစ်သော ဝိပဿနာဇောစိတ် ၃-ကြိမ် (သို့) ၂-ကြိမ်ကို အနုလောမဉာဏ်ဟု ခေါ်ပါသည်။ ယင်း ဝိပဿနာစိတ်များသည် အနိစ္စာဒိလက္ခဏာဟူသော တေဘူမက သင်္ခါရကို အာရုံ ပြုပါသည်။

မဂ္ဂဝီထိ– (မန္ဒ) န ဒ၊ မ၊ <u>ပ ဥ နု</u> ဂေါ မဂ် ဖိုလ် ဖိုလ် ဘ (၃-ကြိမ်)
(တိက္ခ) န ဒ၊ မ၊ <u>ဥ နု</u> ဂေါ မဂ် ဖိုလ် ဖိုလ် ဖိုလ် ဘ (၂-ကြိမ်)

❀ မဂ်ရောက်လိုသော်၊ အခေါ်အနူး၊ မဂ်လေးဦးအား၊ အထူးလျော်မှု၊ ကျေးဇူးပြု၊ အနုလောမဉာဏ်။
မဂ် ဖြစ်နီးလာ၊ အနိစ္စာဒိ၊ အာရုံ ရှိ၊ ပရိ,ဥ,နု၊ ဝိသုံးခု။

ဝုဋ္ဌာနဂါမိနီ ဝိပဿနာ

မဂ်တရားကို 'ဝုဋ္ဌာန'ဟု ခေါ်ပါသည်။ မဂ်သို့ရောက်ကြောင်းဖြစ်သော (ဝါ) မဂ်နှင့် နီးကပ်သောဝိပဿနာသည် 'ဝုဋ္ဌာနဂါမိနီဝိပဿနာ' မည်ပါသည်။ ဝိပဿနာဉာဏ်၏ အထွတ်အထိပ်သို့ရောက်သော သင်္ခါရုပေက္ခာဉာဏ်နှင့် အနုလောမဉာဏ်တို့ကို အပါယ် စသည်မှလည်းကောင်း၊ သင်္ခါရနိမိတ်မှလည်းကောင်း၊ ထ၍ 'ဝုဋ္ဌာန'မည်သော မဂ်သို့ ရောက်ကြောင်း ဝိပဿနာဖြစ်သောကြောင့် 'ဝုဋ္ဌာနဂါမိနီဝိပဿနာ' မည်ပါသည်။

ဝိပဿနာအကျင့်၏ လမ်းဆုံးသို့ရောက်ပြီးဖြစ်သောကြောင့် 'သိခါပတ္တ'၊ 'အထွတ်အထိပ်' ဟုမိန့်ဆိုအပ်ပါသည်။

❀ ထွတ်ထိပ်ရောက်မှု၊ သင်္ခါရုနှင့်၊ အနုလောမ၊ ဒွေဉာဏ၊ ခေါ်ကြ ဝုဋ္ဌာနဂါမိနီ ဝိပဿနာ။

www.dhammadownload.com

ဂေါတြဘုဉာဏ် ဖြစ်ပုံ

(ဂေါတြ–အနွယ်)+(ဘူ–လွှမ်းမိုးတတ်,ဖြစ်စေတတ်၊)

ပုထုဇဉ်အနွယ်ကို လွှမ်းမိုးနိုင်စက်၍ အရိယာအနွယ်ကို ဖြစ်ပွားစေတတ်သောကြောင့် 'ဂေါတြဘူ'ဟု ခေါ်ပါသည်။

မဂ္ဂဝီထိ၌ပါဝင်သော ပရိကံ, ဥပစာ, အနုလုံစိတ်တို့သည် အနိစ္စ, ဒုက္ခ, အနတ္တ ဟူသော လက္ခဏာသုံးပါးကို အာရုံပြု၏။ ဂေါတြဘူစိတ်သည်ကား ရုပ်,နာမ်မွေ့ သင်္ခါရတို့ကို အာရုံမပြုဘဲ နိဗ္ဗာန်ကို အာရုံပြု၏။ ဤဉာဏ်တို့သည် မဂ္ဂဝီထိတစ်ခု အတွင်းရှိ မဂ်၏ရှေးအဖို့၌ဖြစ်ကြသော ဥပစာရသမာဓိဇော ချင်းတူကြသော်လည်း–

✓✗ အနုလောမဉာဏ်သည် မောဟအမှောင်ကို ပယ်နိုင်၏။ နိဗ္ဗာန်ကို မမြင်နိုင်ပါ။

✗✓ ဂေါတြဘူဉာဏ်ကား မောဟကိုကား မပယ်နိုင်။ နိဗ္ဗာန်ကို မြင်နိုင်၏။

အနုလောမဉာဏ်နှင့် ဂေါတြဘူဉာဏ်တို့အထူး

* အနုလောမဉာဏ်သည် သစ္စာလေးပါးကို ဖုံးလွှမ်းတတ်သောကိလေသာ အမိုက်အမှောင်ကိုသာ ပယ်ဖျောက်နိုင်စွမ်း ရှိ၏။ နိဗ္ဗာန်ကို အာရုံပြုခြင်းငှာမစွမ်းနိုင်ပါ။
* ဂေါတြဘူဉာဏ်သည် နိဗ္ဗာန်ကို အာရုံပြုခြင်းငှာ စွမ်းနိုင်၏။ သစ္စာလေးပါးကို ဖုံးလွှမ်းတတ်သော ကိလေသာအမိုက်အမှောင်ကို ပယ်ဖျောက်နိုင်ခြင်းငှာ မစွမ်းနိုင်ပါ။

ဤသို့အားဖြင့် ထူးပါသည်။

ဂေါတြဘူသည် မဂ်ရှေ့မှ နိဗ္ဗာန်ကို ညွှန်ပြတတ်သောကြောင့် မဂ်ဇော, ဖိုလ်ဇော တို့၏ရှေ့သွားဖြစ်သည့် အာဝဇ္ဇန်းနှင့် တူပါသည်။ သို့အတွက် ဂေါတြဘူသည် ပုထုဇဉ် အနွယ်ကို လွှမ်းမိုးကျော်ဖြတ်တတ်သောတရား၊ အရိယာအနွယ်သို့ရောက်မည့်တရား မည်ပါသည်။ ဂေါတြဘူဉာဏ်သည် မဂ်ဉာဏ်၏ အာဝဇ္ဇန်းအရာတည်သဖြင့် 'ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ' ၌လည်းမဝင်ပါ၊ အထက်၌ဖြစ်သော 'ဉာဏဒဿနဝိသုဒ္ဓိ' ၌လည်းမဝင်ပါ။ ဝိပဿနာ၏ အလျင်၌ကျသဖြင့် ဝိပဿနာဉာဏ်ကားဖြစ်ပြီး၊ သီးခြား 'ဂေါတြဘူဉာဏ်' မည်ပါသည်။

သင်္ခါရ အာရုံ	နိဗ္ဗာန် အာရုံ	
နှ ဒ၊ မ၊ ပ ဥ နု	ဂေါ	မဂ် ဖိုလ် ဖိုလ် ဘဝင်
၊ အနုလောမဉာဏ်	ဂေါတြဘူဉာဏ်	မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်
ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိ	ဝိသုဒ္ဓိ မှ လွတ်	ဉာဏဒဿန ဝိသုဒ္ဓိ
(လောကီ) ပုထုဇဉ်အနွယ်	← နယ်ခြား →	အရိယာအနွယ် (လောကုတ္တရာ)

www.dhammadownload.com

ဂေါ်တြဘူဉာဏ်သည် ပုထုဇဉ်(ကာမ,လောကီနယ်)နှင့် အရိယာ(လောကုတ္တရာ)၏ နယ်ခြား မှတ်တိုင်သဖွယ် ဖြစ်ပါသည်။ ဂေါ်တြဘူဉာဏ်၏ အခြားမဲ့၌ မဂ်စိတ် (လောကုတ္တရာ)တည်းဟူသော အပ္ပနာဇော ဖြစ်ပါသည်။

❀ ပုထုဇဉ်နွယ်၊ ချိုးနှိမ်ပယ်၍၊ ရိုနွယ်ဖြစ်စေ၊ ကြောင်းနှစ်ထွေကြောင့်၊ ခေါ်လေဂေါ်တြဘူ၊ မြတ် နိဗ္ဗူ၊ ရှုံယူ မဂ်ရှေ့သွား။

(၇) ဉာဏဒဿနဝိသုဒ္ဓိ

သစ္စာလေးပါးကိုလည်း တိုက်ရိုက်သိတတ်၊ မျက်မှောက်လည်းပြုတတ်၊ ကိလေသာ အညစ်အကြေးမှလည်း စင်ကြယ်သောကြောင့် 'ဉာဏဒဿနဝိသုဒ္ဓိ' မည်ပါသည်။

မဂ်ဉာဏ်(မဂ်စိတ်) ကိစ္စ ၄-ပါးပြီးပုံ

ဂေါ်တြဘူစိတ်၏ အခြားမဲ့၌ မဂ်စိတ်သည် ကိစ္စလေးချက်ကို တစ်ပြိုင်နက်ပြီး စေလျက်၊ နိဗ္ဗာန်ကိုအာရုံပြုပြီး၊ တစ်ကြိမ်ဖြစ်ရုံမျှနှင့်ပင် ဆိုင်ရာကိလေသာကို ပယ် သတ်မှုကိစ္စပြီးပြည့်စုံသောကြောင့် တစ်ကြိမ်သာဖြစ်ရိုးထုံးစံရှိသော မဂ်ဉာဏ်သည်ပင် 'ဉာဏဒဿနဝိသုဒ္ဓိ' မည်ပါသည်။

ဆီမီးသည် မီးစာကိုလောင်ခြင်း၊ အမှောင်ကိုပယ်ခြင်း၊ အလင်းကိုဖြစ်စေခြင်း၊ ဆီကိုကုန်စေခြင်းဟူသော ကိစ္စ ၄-ချက်ကို တစ်ပြိုင်နက်ပြုသကဲ့သို့ မဂ်စိတ်သည်လည်း-

၁။ ဒုက္ခသစ္စာကို ပိုင်းခြား၍ သိခြင်း။	**(သိ)**	**(ပရိညာကိစ္စ)**
၂။ သမုဒယသစ္စာကို ပယ်ခြင်း။	**(ပယ်)**	**(ပဟာနကိစ္စ)**
၃။ နိရောဓသစ္စာ(နိဗ္ဗာန်)ကိုမျက်မှောက်ပြုခြင်း။	**(ဆိုက်)**	**(သစ္ဆိကရဏကိစ္စ)**
၄။ မဂ္ဂသစ္စာကို ပွားများခြင်း။	**(ပွား)**	**(ဘာဝနာကိစ္စ)**

ဟူသော ကိစ္စ ၄-ချက်ကို တစ်ပြိုင်နက် ပြီးစေပါသည်။ မဂ်စိတ်တိုင်း ဤကိစ္စ ၄-ချက်ကိုပြုကြသဖြင့် မဂ် ၄-ပါးအတွက် ကိစ္စ ၁၆-ချက် ဖြစ်ရပါသည်။

❀ သိ, ပယ်, ဆိုက်, ပွား၊ ကိစ်လေးပါး၊ ကျယ်ကား ဆယ့်ခြောက်ချက်။

သစ္စာ ၄-ပါးဟောရခြင်း

၁။ သံသရာ၌ဖြစ်ရသော ရုပ်,နာမ်တရားတို့သည် ဒုက္ခတရားချည်းသာတည်း။ ထို့ကြောင့် ဒုက္ခသစ္စာသည် သံသရာဝဋ်ဒုက္ခ၌ ဖြစ်ရခြင်းဟူသော 'ပဝတ္တိသစ္စာ'၊ မကောင်းသော 'အကျိုးသစ္စာ'ဖြစ်၏။ (လောကီသစ္စာ) (ပိုင်းခြား၍သိအပ်သောတရား) (တဏှာ၏တည်ရာ)

www.dhammadownload.com

၂။ သမုဒယသစ္စာသည် ဝဋ္ဋဒုက္ခဟူသမျှတို့၏ ဖြစ်ရဖို့အကြောင်း 'ပဝတ္တိဟေတုသစ္စာ'၊ မကောင်းသော 'အကြောင်းသစ္စာ' ဖြစ်၏။ (လောကီသစ္စာ) (ပယ်အပ်သောတရား) (တဏှာ)

၃။ နိရောဓသစ္စာကား သံသရာဝဋ္ဋဒုက္ခ၏ ဆုတ်နစ်ရာ 'နိဝတ္တိသစ္စာ'၊ ကောင်းသော 'အကျိုးသစ္စာ' ဖြစ်၏။ (လောကုတ္တရာသစ္စာ) (မျက်မှောက်ပြုအပ်သောတရား) (တဏှာချုပ်ရာ)

၄။ မဂ္ဂသစ္စာသည် နိဝတ္တိ သို့ရောက်ကြောင်း 'နိဝတ္တိဟေတုသစ္စာ'၊ ကောင်းသော 'အကြောင်းသစ္စာ' ဖြစ်၏။ (လောကုတ္တရာသစ္စာ) (ပွားစေအပ်သောတရား) (တဏှာချုပ်ကြောင်း)

သောတာပတ္တိမဂ္ဂဝီထိ

မန္ဒပုဂ္ဂိုလ်	န ဒ၊ မ၊ ပ ဥ နု၊ ဂေါ၊ မဂ် ဖိုလ် ဖိုလ် ဘဝင်
တိက္ခပုဂ္ဂိုလ်	န ဒ၊ မ၊ ဥ နု၊ ဂေါ၊ မဂ် ဖိုလ် ဖိုလ် ဖိုလ် ဘဝင်

အထက်မဂ်သုံးပါးဝီထိ

မန္ဒပုဂ္ဂိုလ်	န ဒ၊ မ၊ ပ ဥ နု၊ ဝေါဒါန်၊ မဂ် ဖိုလ် ဖိုလ် ဘဝင်
တိက္ခပုဂ္ဂိုလ်	န ဒ၊ မ၊ ဥ နု၊ ဝေါဒါန်၊ မဂ် ဖိုလ် ဖိုလ် ဖိုလ် ဘဝင်

မဂ်ဉာဏ်များ ကိလေသာ ပယ်သတ်ပုံအဆင့်ဆင့်

မဂ်ဉာဏ် ၄-ပါး		ကိလေသာ ပယ်သတ်ပုံအဆင့်ဆင့်
၁။	သောတာပတ္တိမဂ်ဉာဏ်	သက္ကာယဒိဋ္ဌိ,ဝိစိကိစ္ဆာတို့ကို အကြွင်းမဲ့ပယ်၏။ (ဒိဋ္ဌိ,ဝိစိကိစ္ဆာ) ကြွင်းကိလေသာတို့၏အပါယ်လားကြောင်းသတ္တိကို ပယ်၏။
၂။	သကဒါဂါမိမဂ်ဉာဏ်	ရုန့်ရင်းသောလောဘ,ဒေါသ,မောဟတို့ကိုခေါင်းပါးအောင်ပြု၏။ (အကြွင်းမဲ့ပယ်သော ကိလေသာ မရှိ။)
၃။	အနာဂါမိမဂ်ဉာဏ်	ကာမရာဂနှင့်ဗျာပါဒတို့ကို အကြွင်းမဲ့ပယ်၏။ (ဒေါသ) (ကြွင်းကိလေသာအားလုံးကို ခေါင်းပါးအောင်ပြု၏။)
၄။	အရဟတ္တမဂ်ဉာဏ်	ကြွင်းကိလေသာအားလုံးကို အကြွင်းမဲ့ပယ်၏။ (လောဘ,မောဟ,မာန, ထိန,ဥဒ္ဓစ္စ, အဟိရိက,အနောတ္တပ္ပ)

(ဆောင်) သောတာပတ္တိ, ဒိဋ္ဌိ ဝိစိနှင့်၊ ပဋိကာမ နှစ်ပယ်ချ၊ အရ ကြွင်းကျန် ပယ်။

(၁) သောတာပတ္တိမဂ်ဉာဏ်– အမြင်မှားမှု–ဒိဋ္ဌိနှင့် ယုံမှားမှု–ဝိစိကိစ္ဆာကို အကြွင်းမဲ့ ပယ်ပြီး၊ ကြွင်းသောကိလေသာတို့၏ အပါယ်လားကြောင်းသတ္တိကိုလည်း ပယ်သတ် ပါသည်။ သောတာပန်ပုဂ္ဂိုလ်သည် အပါယ်မလားတော့ဘဲ၊ ၇–ဘဝ ထက်ပိုပြီး ကာမဘုံ၌ပဋိသန္ဓေ မနေရတော့ချေ။ (အရိယာနယ်သို့ ရှေးဦးစွာ ရောက်သူ။)

www.dhammadownload.com

(၂) **သကဒါဂါမိမဂ်ဉာဏ်**– ရုန့်ရင်းသော လောဘ, ဒေါသ, မောဟတို့ကို ခေါင်းပါးအောင်ပြုပါသည်။ (အကြွင်းမဲ့ပယ်သတ်သော ကိလေသာ မရှိ။)

သကဒါဂါမ်ပုဂ္ဂိုလ်သည် ကာမဘုံသို့ ပဋိသန္ဓေအားဖြင့် တစ်ကြိမ်သာလာတော့သည်။

(ကာမဘုံသို့ တစ်ကြိမ်သာ ပြန်လာသူ။)

(၃) **အနာဂါမိမဂ်ဉာဏ်**– ကာမရာဂနှင့် ဗျာပါဒ(ဒေါသ)ကို ပယ်သတ်ပါသည်။ (ကြွင်းကိလေသာ အားလုံးကိုလည်း ခေါင်းပါးအောင်ပြုပါသည်။)

အနာဂါမ်ပုဂ္ဂိုလ်သည် ကာမဘုံသို့ ပဋိသန္ဓေအားဖြင့် မလာတော့ချေ။

(ကာမဘုံသို့ ပြန်မလာသောသူ။)

(၄) **အရဟတ္တမဂ်စိတ်**– ကြွင်းကိလေသာအားလုံးကို အကြွင်းမဲ့ ပယ်သတ်ပါသည်။ ကိလေသာ, အာသဝေါအားလုံး ကင်းရှင်းပြီးဖြစ်သောကြောင့် လောက၌ အမြတ်ဆုံး အလှူခံပုဂ္ဂိုလ် 'ရဟန္တာ' ဖြစ်တော့သည်။

(ကိလေသာအားလုံးပယ်သတ်၍ ဘဝငြိမ်းသူ။)

ဖိုလ်စိတ်ဖြစ်ပုံ

မဂ်စိတ်ဖြစ်သည်၏ အခြားမဲ့၌ မဂ်၏အကျိုးဖြစ်သော ဖိုလ်စိတ်သည် ၂–ကြိမ် (သို့) ၃–ကြိမ် ဆက်၍ဖြစ်ပါသည်။ မဂ်၏အခြားမဲ့၌ကျသော ဖိုလ်ဖြစ်၍ 'မဂ္ဂါနန္တရဖိုလ်' ဟုခေါ်ပါသည်။

မီးကိုသတ်ပြီးသော်လည်း၊ မီး၏အပူရှိန် ငြိမ်းအေးရန် သွန်းလောင်းအပ်သော ရေကဲ့သို့ ကိလေသာတို့ကို ပယ်အပ်ပြီးသော်လည်း၊ သန္တာန်ဝယ် ကိလေသာအပူရှိန် ငြိမ်းအေးစေရန် ဖိုလ်စိတ် ၂–ကြိမ်(သို့) ၃–ကြိမ် ဖြစ်ရပါသည်။

ဖလသမာပတ္တိ ဝီထိပုံစံ

မန္ဒပုဂ္ဂိုလ်	န ဒ၊	မ၊	နု	နု	နု	နု၊	ဖိုလ်စိတ်	များစွာ ဘဝင်
တိက္ခပုဂ္ဂိုလ်	န ဒ၊	မ၊		နု	နု	နု၊	ဖိုလ်စိတ်	များစွာ ဘဝင်

လူမင်းသည် လူ့စည်းစိမ်, နတ်မင်းသည် နတ်စည်းစိမ်ကိုခံစားသကဲ့သို့ ဖိုလ်သို့ ရောက်သောပုဂ္ဂိုလ်တို့သည်လည်း နိဗ္ဗာန်ကို အာရုံပြု၍ (ဆိုင်ရာ)ဖိုလ်ကို အထပ်ထပ် ဝင်စားသောအားဖြင့် ဖလသမာပတ်ချမ်းသာ, ဖိုလ်ချမ်းသာကို ခံစားတော်မူကြသည်ကို 'ဖလသမာပတ်ဝင်စားသည်'ဟု ခေါ်ပါသည်။

www.dhammadownload.com

ပစ္စဝေက္ခဏာ ၁၉–တန်– မဂ္ဂဝီထိဖြစ်ပြီးနောက် ဘဝင် အနည်းအငယ်ခြား၍ မဂ်, ဖိုလ်, နိဗ္ဗာန်, ပယ်ပြီး ကိလေသာ, ကြွင်းကျန်သော ကိလေသာတို့ကိုဆင်ခြင်သော 'ပစ္စဝေက္ခဏာဝီထိ'များ ထိုက်သည့် အားလျော်စွာ ဖြစ်ကြပါသည်။

ပစ္စဝေက္ခဏာ ဝီထိ– န ဒ၊ မ၊ ဇ ဇ ဇ ဇ ဇ ဇ ဇ၊ ဘဝင်

သောတာပန်, သကဒါဂါမ်, အနာဂါမ် ပုဂ္ဂိုလ်တို့သည် ပစ္စဝေက္ခဏာ ၅–ဝီထိစီ ရနိုင်ပါသည်။ ရဟန္တာပုဂ္ဂိုလ်သည် ကြွင်းကျန်သော ကိလေသာ မရှိသောကြောင့် ပစ္စဝေက္ခဏာ ၄–ဝီထိသာရ နိုင်ပါသည်။ ထို့ကြောင့် ပစ္စဝေက္ခဏာ ၁၉–ဝီထိ ရှိပါသည်။

❀ မဂ်, ဖိုလ်, နိဗ္ဗာန် မြဲသုံးတန်၊ ပယ်ကျန်ရှုံခါ။ ပစ်ငါးဖြာ၊ ကျယ်မှာ တစ်ဆယ့်ကိုး။

ဝိသုဒ္ဓိ ၇–ပါးနှင့် ဉာဏ်စဉ်များ တွဲစပ်ပုံ

ဝိသုဒ္ဓိ

- သီလဝိသုဒ္ဓိ နှင့် စိတ္တဝိသုဒ္ဓိသည် 'အရင်းမူလဖြစ်သော ဝိသုဒ္ဓိ ၂–ပါး' ဖြစ်ပါသည်။ **(အခြေခံ)**
- ဒိဋ္ဌိဝိသုဒ္ဓိ, ကင်္ခါဝိတရဏဝိသုဒ္ဓိ, မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ, ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ အားဖြင့် ဝိသုဒ္ဓိ ၄–ပါးသည် မဂ်ဉာဏ်ဖြစ်ရန် နီးစွာသောအကြောင်းအရင်းဖြစ်၍ ကိုယ်ထည် သဖွယ်ဖြစ်သောကြောင့် သရီရဝိသုဒ္ဓိ(ကာယဝိသုဒ္ဓိ) မည်ပါသည်။ **(ကိုယ်ထည်)**
- မဂ် တည်းဟူသော ဉာဏဒဿနဝိသုဒ္ဓိသည် ဦးခေါင်းပမာ ထိပ်ဆုံးဖြစ်သောကြောင့် 'သီသဝိသုဒ္ဓိ' မည်ပါသည်။ **(ဦးခေါင်း)**

ဉာဏ်စဉ်

- အခြေခံဉာဏ် ၂–ပါးသည် နာမရူပပရိစ္ဆေဒဉာဏ်, ပစ္စယပရိဂ္ဂဟဉာဏ် အားဖြင့် ၂–ပါး ဖြစ်ပါသည်။ **(အခြေခံ ဉာဏ်–၂)**
- ကိုယ်ထည်ဉာဏ်(ဝိပဿနာဉာဏ်)သည် သမ္မသနဉာဏ်, ဥဒယဗ္ဗယဉာဏ်, ဘင်ဉာဏ်, ဘယဉာဏ်, အာဒီနဝဉာဏ်, နိဗ္ဗိဒါဉာဏ်, မုစ္စိတုကမျတာဉာဏ်, ပဋိသင်္ခါဉာဏ်, သင်္ခါရုပေက္ခာဉာဏ်, အနုလောမဉာဏ် အားဖြင့် ၁၀–ပါးဖြစ်ပါသည်။ **(ကိုယ်ထည်ဉာဏ်–၁၀)**
- ဦးခေါင်းပိုင်းဉာဏ်သည် ဂေါတြဘူဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်, ပစ္စဝေက္ခဏာ ဉာဏ်အားဖြင့် ၄–ပါး ဖြစ်ပါသည်။ **(ဦးခေါင်းပိုင်းဉာဏ်–၄)**
- ဉာဏ်စဉ်များသည် အခြေခံဉာဏ် ၂–ပါး, ကိုယ်ထည်ဉာဏ်(ဝိပဿနာဉာဏ်) ၁၀–ပါး, ဦးခေါင်းပိုင်းဉာဏ် ၄–ပါး အားဖြင့် ဉာဏ်စဉ် ၁၆–ပါး ဖြစ်ပါသည်။

www.dhammadownload.com

နာနာပ္ပကာရဋ္ဌာနာနိ၊ ဗောဓိတာနေတ္ထ မုနိနာ၊
အနန္တနယ ပဋ္ဌာနံ၊ ဝန္ဒေ အနန္တ ဂေါစရံ။

တေ္တ– ဤ အနန္တနယ သမန္တပဋ္ဌာန်းကျမ်းတော်ကြီး၌၊ မုနိနာ– မုနိထွတ်တင်၊ ဘုရားရှင်သည်၊ နာနာပ္ပကာရဋ္ဌာနာနိ– ဟေတု, အာရမ္မဏစသည်များစွာ၊ အကြောင်းအရာတို့ကို၊ ဗောဓိတာနိ– သဗ္ဗညုတာ၊ ဉာဏ်တော်သာဖြင့်၊ ဦးစွာကျနေ၊ သိပြီးမှလျှင်၊ များလှဝေနေ၊ သိစေတော်မူအပ်ခဲ့လေကုန်ပြီ၊ အနန္တဂေါစရံ– အဆုံးမရှိ၊ ကုန်အောင်သိသည့်၊ ဉာဏ်တော်၏သာ၊ ကျက်စားရာဖြစ်တော်မူသော၊ တံ အနန္တနယပဋ္ဌာနံ– မြားမြောင်ပေါ်ယယ်၊ နည်းစုံကြွယ်သား၊ ကြီးကျယ်မြင့်မော်၊ ထို ပဋ္ဌာန်းကျမ်းတော်ကြီးကို၊ ဝန္ဒေ– တစ်သက်တစ်ခါ၊ ကြုံခဲ့စွာဖြင့်၊ ကြုံလာသည့်ခိုက်၊ ဦးဖြင့်တိုက်၍၊ နှစ်ချိုက်လှစွာ၊ ရှိခိုးကန်တော့ပါ၏ ဘုရား။ ။

❀❀❀ ပဋ္ဌာန်းဒေသနာ ကျမ်းရွှေစာ၊ ရှည်စွာအဓွန့်၊ တည့်စေသော်၊ ❀❀❀

ပဋ္ဌာန်း အဝိဂတပစ္စည်း မေတ္တာပို့ ဆုတောင်းဘုရားရှိခိုး

အဝိဂတပစ္စယော– သတ္တဝါအားလုံး မကောင်းသော ရုပ်,နာမ်တရားတို့ မကင်းသောအားဖြင့် မဖြစ်ပေါ်ကြဘဲ၊ ကောင်းသော နာမ်တရားတို့သာ မကင်းကွာသောအားဖြင့် ဖြစ်ပေါ်ကြ၍ ကောင်းကျိုးအမျိုးမျိုးတို့သာ နိဗ္ဗာန်တိုင်ထိ တိုးတက်ဖြစ်ထွန်းနိုင်ကြပါစေ။

❀ ကိုယ်စိတ်နှစ်ဖြာ၊ လွှန်ချမ်းသာ၊ မကွေမကွာ ဖြစ်စေသော်။

အဝိဂတပစ္စယော– သမုဒ်နက်ရေ၊ ငါးလိပ်တွေကို၊ မကင်းလေဘဲ၊ ထောက်ပံ့နဲ့သို့၊ ပစ္စည်းပစ္စယုတ်၊ မကင်းချုပ်ဘဲ၊ ပစ္စယုပ္ပန်အခိုက်၌၊ ထောက်ပံ့တတ်သော အဝိဂတသတ္တိထူးဖြင့် ကျေးဇူးပြုနိုင်သော ပစ္စည်းတရားသည်၊ အတ္ထိ– ပုဂ္ဂိုလ်, သတ္တဝါ၊ သူငါ မနော၊ တရားသဘောသာ၊ ထင်ရှားရှိပါ ပေသည်တကား။

ဣတိ– ဤသို့၊ ဗောဓေန္တံ– သဗ္ဗညုတာ၊ ဉာဏ်တော်သာဖြင့်၊ ဦးစွာကျနေ၊ သိပြီးမှလျှင်၊ များလှဝေနေ၊ သိစေတော်မူသော၊ မြတ်စွာဘုရားကို၊ ဝန္ဒာမိ– ဂုဏ်တော်ထုံမွှမ်း၊ ပုံတော်မှန်းလျက်၊ ချီးမွမ်းထောမနာ၊ ပဏာရိုကျိုး၊ လက်စုံမိုး၍၊ ရှိခိုး ကန်တော့ပါ၏ ဘုရား။

UK-2020(COVID-19)

အဝိဂတပစ္စည်း ပြီး၏။

www.dhammadownload.com

'စိရံ တိဋ္ဌတု အဘိဓမ္မာ'

အဘိဓမ္မာ၊ သတ္တဇီဝါ၊ သူငါမစပ်၊ ပရမတ်အစစ်၊ တရားနှစ်ကို၊
ဖွင့်လစ်ထုတ်ဖော်၊ အဘိဓမ္မာတရားတော်သည်၊
စိရံ၊ ငါးထောင်သာသနာ၊ မြင့်ရှည်ကြာအောင်၊ အစွန့်ရှည်စွာ၊
တိဋ္ဌတု၊ စိန်မြင့်မိုရ် မဏ္ဍိုင်ကဲ့သို့၊ ခိုင်မတ်မတ် တန့်ရပ်တည်နေပါစေသတည်း။

ပဋ္ဌာန်းဒေသနာ၊ ကျမ်းရွှေစာ၊ ရှည်စွာအစွန့်၊ တည်စေသော်၊

ကိုယ်တိုင် + တိုက်တွန်း + ချီးမွမ်း + စိတ်တူ

ဤမျှဆန်းကြယ် နက်နဲခက်ခဲသော ပဋ္ဌာန်းဒေသနာကျမ်းရွှေစာကို ဗုဒ္ဓုပ္ပါဒ ဒုလ္လဘငါးဖြာ ကြုံခိုက်ခါတွင် သူငါမဟူ ရှင်လူရဟန်း အမျိုးသား, အမျိုးသမီး ပုဂ္ဂိုလ် သတ္တဝါ သူငါမခွဲခြားပါဘဲ၊ ဤကားရုပ် ဤကားနာမ်... ဝေဘန်ခွဲခြားသော (**နာမရူပပရိစ္ဆေဒ**)ဉာဏ် အရင်းခံတည်ထားကာ သံသရာဝဋ္ဋစက်မှ လွတ်ထွက်နိုင်ရန် အခြေခံအုတ်မြစ်မှ မဆုတ်နစ်သော သဒ္ဓါ+ဝီရိယ+သတိ+သမာဓိ+ပညာတရား စွမ်းအား တို့ဖြင့် ကြိုးစားသင့်လှပါသည်။ အမြို့မြို့အရွာရွာရှိ မိမိတို့နှင့်နီးစပ်ရာ ရဟန်းပညာရှိ, လူပညာရှိများထံ ဆည်းကပ်၍ ပညာပါရမီမြတ်ကို ဖြည့်ဆည်း သင်ယူ(သင်မှသိ၊ သိမှကျင့်၊ ကျင့်မှရ၊ မြတ်ဗုဒ္ဓ၏ဩဝါဒ) အားထုတ်နိုင်ကြရန် တိုက်တွန်းအပ်ပါသည်။

ပဋ္ဌာန်းနှင့် ဝိပဿနာဘာဝနာကမ္မဋ္ဌာန်း [သာသနာ့ ဌာန်း ၂-ပင်(ပါး)] မြတ် တရားကို ကြိုးအားထုတ်၍ ရုပ်,နာမ် ခန္ဓာအရိုကို အမှန်မြင်အောင်ကြည့်နိုင်သော 'ကမ္မဿကတာ သမ္မာဒိဋ္ဌိ' 'ဝိပဿနာ သမ္မာဒိဋ္ဌိ' 'မဂ်,ဖိုလ် စတုသစ္စ သမ္မာဒိဋ္ဌိ'သို့ အဆင့်ဆင့်တက်လှမ်းနိုင်ကြရန် ရိုသေလေးစားစွာဖြင့် တိုက်တွန်းနှိုးဆော်အပ်ပါသည်...

ရှင်တော်မြတ်ဘုရားသည် ဤပဋ္ဌာန်းကျမ်းမြတ်ကိုဟောတော်မူရာ၌ သတ္တဝါဝေနေယျ တို့၏ (ဉာဏ်အနုအရင့်)ဉာဏ်အားလျော်စွာ ဉာဏ်သက်ဝင်နိုင်စေရန် ပစ္စယုဒ္ဒေသ၊ ပစ္စယနိဒ္ဒေသ၊ ပုစ္ဆာဝါရ၊ ဝိသဇ္ဇနာဝါရ(ဝိဘင်္ဂ+သင်္ချာ)အစီအစဉ်ဖြင့် ကြည်ညိုဖွယ်ရာ လည်းကောင်းလှပါသည်။ အခြေခံ အဘိဓမ္မာတရားမြတ်များကစ၍ လေ့လာသင်ယူ ကြရပြီး ပဋ္ဌာန်းကျမ်းမြတ်မှ ဝိပဿနာကမ္မဋ္ဌာန်းထိ တက်လှမ်းနိုင်ကြပါစေ...

မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ၊ **ဦးတင်ဝင်း(ဒိုက်ဦး-သုံးခွ)** မင်္ဂလာဗျူဟာအသင်းချုပ်

www.dhammadownload.com

ပဋ္ဌာန်းဒေသနာ၊ ကျမ်းရွှေစာ၊ ရှည်စွာအစွန့်၊ တည်စေသော်၊

ဓမ္မပူဇာမင်္ဂလာ

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ
ဒါနအားလုံးကို ဓမ္မဒါနက
အောင်နိုင်၏။

အနုမောဒနာ ဂုဏ်ပြုမော်ကွန်းလွှာ

ထေရဝါဒ ဗုဒ္ဓဘာသာတရားတော်မြတ်ကြီး အရှည်တည်တံ့ခိုင်မာ ပြန့်ပွားစေရန် ဓမ္မပူဇာမင်္ဂလာ စာပေထုတ်ဝေလှူဒါန်းနိုင်ရေး (ဝိပဿနာအတွက် ပဋ္ဌာန်းမှတ်စုစာအုပ်) အတွက် ဥစ္စာအနှစ် ဒါနစစ်ကို သဒ္ဓါ+ပညာ နှစ်ဖြာညီမျှစွာဖြင့် သဒ္ဓါ–စေတနာ–ကုသိုသိုလ်ရှင် မိသားစုများက ပါဝင်လှူဒါန်းပေးကြပါသည်။

အလှူရှင်မိသားစုတို့အားလည်း ကျေးဇူးဥပကာရ တင်ရှိစွာဖြင့်၊ လှူဒါန်းနိုင်ခြင်းဂုဏ်ကို အဖန်ဖန်အာရုံပြုလျက် စာဂါနုဿတိဘာဝနာကို အခါခါပွားများနိုင်ရန် ရည်ညွှန်းကာ ဤ "မော်ကွန်းတင်လွှာ"ကို ဂုဏ်ယူနှင်းအပ်ပါသည်။

"ပေါဘတု တေ ပုညဝဖုနံ"

ဖြစ်စင်ကောင်းသား ကောင်းမှုများကို တိုးပွားသင့်အား ဖြစ်ပါစေ။

သဒ္ဓါကြည်ညို၊ **ရှိသေ**လှူစွာ၊ **အခါ**ကိုသိ၊ **မစွန်းငြိ**ပဲ၊ **မထိ**မပါး၊ လှူတုံငြား၊
ငါးပါးသပ္ပုရိသ မြတ်ဒါန။

* *သဒ္ဓါကြည်ရွှင် လှူဒါန်းလျှင် ဆင်းပြင်ရုပ်ရည်လှ၊*
* *ရိုသေလှူငြား သူ့စကား အများနာယူရ၊*
* *အခါသိသဖြင့် လှူတုံလင့် ချိန်သင့်ကောင်းကျိုးရ၊*
* *မစွန်းငြိတောင်း လှူတုံရှောင်း အကောင်းသုံးဆောင်ရ၊*
* *မထိမပါး လှူတုံငြားမူ ထိုသည့်သူ၏ ပြောထုများပြား စည်းစိမ်အား ငါးပါးရန်မခ၊ ဒါနပြသော် ဤငါးဖော် ညီလျော်ပြကုန်ကြ။ ။*

ဦးတင်ဝင်း(ဒိုက်ဦး–သုံးခွ)

www.dhammadownload.com

ဝိပဿနာအတွက် ပဋ္ဌာန်းမှတ်စု ဒုတိယအကြိမ်ထုတ်ဝေခြင်း၊ အလှူရှင်များစာရင်း

စဉ်	အလှူရှင်အမည်	နေရပ်	အလှူငွေ
၁။	Henry & Noelene Kao- Sons Eric and Ronald Kao	USA	USD-400
၂။	Daw Win May and daughter Sandi Kaw and Sons	USA	USD-100
၃။	ဦးဝင်းနိုင်+ဒေါ်မီးမီး နှင့် သားများ		၁၆၅,၀၀၀ိ
၄။	ဦးမြတ်နိုင်+ဒေါ်ချိုချိုမြင့် မိသားစု		၁၀၀,၀၀၀
၅။	Dr.ဦးခင်ဇော်သိန်း+ Dr.ဒေါ်ခင်သန်းဆွေ	Australia	AUD-80
၆။	ဦးသော်ထိုက်ဝင်း+ဒေါ်လင်းလင်းရီ	Australia	AUD-40
၇။	ဒေါ်ခင်ချိုလွင်	Australia	AUD-40
၈။	Dr.ဒေါ်ချိုချိုသန်း	Australia	AUD-40
၉။	ဒေါ်ရွှေရည်လွင်	Australia	AUD-40
၁၀။	ဦးစိုးမိုးဇော်+မနိုဗိတာ	Australia	AUD-40
၁၁။	ဒေါ်ချစ်ချစ်မြ	Australia	AUD-40
၁၂။	ဒေါ်မြင့်မြင့်ကြည်	Australia	AUD-40
၁၃။	ဒေါ်မျိုးသန်း	Australia	AUD-40
၁၄။	ဒေါ်မြမြဝင်း	Australia	AUD-40
၁၅။	ဒေါ်လီလီချန်း	Australia	AUD-40
၁၆။	ဦးဟန်ရီစု	Australia	AUD-40
၁၇။	ဦးကျော်ကျော်နိုင်	Australia	AUD-50
၁၈။	ဦးဝင်းအောင်+ဒေါ်နိုင်နိုင်ဝင်း	Australia	AUD-40
၁၉။	ဒေါ်ခင်မေလွင်	Australia	AUD-40
၂၀။	ဒေါ်ငွေးမြင့်မြင့်	Australia	AUD-40
၂၁။	ဒေါ်တင်ကြည်ကြည်မိုး	Australia	AUD-40
၂၂။	Dr.ဦးကျော်မြင့်	Australia	AUD-40
၂၃။	ဒေါ်စုစုလွင်	Australia	AUD-40
၂၄။	ဦးအောင်ဆန်းမိုး+ဒေါ်တင်တင်အေး	Australia	AUD-40
၂၅။	ဒေါ်ထွေးထွေး	Australia	AUD-40
၂၆။	ဦးသိန်းဟန် ဒေါ်မြင့်မြင့်သိန်း	Australia	AUD-40
၂၇။	ဒေါ်အေးမင်းစိုး	Australia	AUD-40
၂၈။	ဒေါ်ဝင်းမင်းသိမ့်	Australia	AUD-40
၂၉။	ဦးထွန်းလွင် ဒေါ်တင်တင်နွယ်	Australia	AUD-40
၃၀။	Dr.မြတ်သန္တာလွင်	Australia	AUD-40
၃၁။	Australia(ALGA) လစဉ်အလှူငွေ	Australia	၂၈၀,၀၀ိ
၃၂။	ရန်ကုန်မြို့နှင့် မန္တလေးမြို့မှ ဓမ္မမိတ်ဆွေများ		၃၄၀,၀၀ိ

www.dhammadownload.com

ပဋ္ဌာန်း ၂၄-ပစ္စည်း မေတ္တာပို့ဆုတောင်း

(ဆောင်ရွက်သမျှ ကောင်းကျိုးအဝဝတို့ ပြီးစီးအောင်မြင်နိုင်ရန်)

၁။	ဟေတု ပစ္စယော	ကောင်းသောအကြောင်းတရား၊ ကုသိုလ်များ၊ တိုးပွားကြရပါစေသော်။
၂။	အာရမ္မဏ ပစ္စယော	ကောင်းသောအာရုံ၊ မြဲတွေ့ကြုံ၊ အစဉ်ဆုံစည်းရပါစေသော်။
၃။	အဓိပတိ ပစ္စယော	ဆန္ဒနှင့်ဖွဲ့၊ စိတ်ညာဏ်တွဲ၊ ကြီးကဲဖြစ်ရပါစေသော်။
၄။	အနန္တရ ပစ္စယော	ကုသိုလ်ဘေးမှာ၊ ကုသိုလ်သာ၊ ဆက်ကာဆက်ကာဖြစ်ရပါစေသော်။
၅။	သမနန္တရ ပစ္စယော	ကောင်းမှုဘေးမှာ၊ ကောင်းမှုသာ၊ ဆက်ကာဆက်ကာဖြစ်ရပါစေသော်။
၆။	သဟဇာတ ပစ္စယော	အတူတကွ၊ မြတ်ပုည၊ သုခပွားရပါစေသော်။
၇။	အညမည ပစ္စယော	လူအချင်းချင်း၊ မေတ္တာနှင်း၊ ချစ်ခြင်းပွားရပါစေသော်။
၈။	နိဿယ ပစ္စယော	သုံးပါးရတနာ၊ မှီခိုကာ၊ ကြည်သာရွှင်ပြရစေသော်။
၉။	ဥပနိဿယ ပစ္စယော	လောကုတ္တရာကိုးလီ၊ တရားမှီ၊ ကုသိုလ်ဆီသို့သွားစေသော်။
၁၀။	ပုရေဇာတ ပစ္စယော	ရှေ့ကကုသိုလ်၊ နောက်နောက်ကို၊ မှီခိုကောင်းကျိုးပေးစေသော်။
၁၁။	ပစ္ဆာဇာတ ပစ္စယော	နောက်ကကုသိုလ်၊ ရှေ့ရှေ့ကို၊ မှီခိုကောင်းကျိုးပေးစေသော်။
၁၂။	အာသေဝန ပစ္စယော	ပါရမီအစုံစုံ၊ ပွားကြည်ယုံ၊ အထုံမြဲရပါစေသော်။
၁၃။	ကမ္မ ပစ္စယော	ကောင်းကျိုးပွားရန်၊ ကောင်းသောကံ၊ မြဲမြံပြုရပါစေသော်။
၁၄။	ဝိပါက ပစ္စယော	ကောင်းမှုပွားတိုး၊ ချမ်းသာမျိုး၊ အကျိုးကိုယ်မှာမြဲစေသော်။
၁၅။	အာဟာရ ပစ္စယော	ကိုယ်စိတ်အာဟာရ၊ လွန်ပြည့်ဝ၊ သုခပွားရန်ဖြစ်စေသော်။
၁၆။	ဣန္ဒြိယ ပစ္စယော	စိတ်ကိုစိုးပိုင်၊ အမြဲနိုင်၊ ကြံ့ခိုင်သန်စွမ်းပါစေသော်။
၁၇။	ဈာန ပစ္စယော	ဘေးကင်းဖို့ရန်၊ မေတ္တာဈာန်၊ ရှင်သန်အေးချမ်းပါစေသော်။
၁၈။	မဂ္ဂ ပစ္စယော	နိဗ္ဗာန်ရည်မှန်း၊ မဂ္ဂင်လမ်း၊ လျှောက်လှမ်းနိုင်ရပါစေသော်။
၁၉။	သမ္ပယုတ္တ ပစ္စယော	သူတော်ကောင်းဓာတ်၊ ပေါင်းယှဉ်စပ်၊ သူမြတ်နှင့်သာတွေ့စေသော်။
၂၀။	ဝိပ္ပယုတ္တ ပစ္စယော	မကောင်းမှုများ၊ ပယ်ကာရှား၊ သူတော်ကောင်းတရားပွားစေသော်။
၂၁။	အတ္ထိ ပစ္စယော	ကောင်းရာသုဂတိ၊ လားရာရှိ၊ ပျော်သည့်စိတ်ဓာတ်ရှိစေသော်။
၂၂။	နတ္ထိ ပစ္စယော	အပါယ်ဒုဂ္ဂတိ၊ မရောက်ရှိ၊ ဝေးသည့်ကိုယ်သာဖြစ်စေသော်။
၂၃။	ဝိဂတ ပစ္စယော	ကိုယ်စိတ်ဆင်းရဲ၊ ဝေးကွာရှဲ၊ အမြဲချမ်းသာရစေသော်။
၂၄။	အဝိဂတ ပစ္စယော	ကိုယ်စိတ်နှစ်ဖြာ၊ လွန်ချမ်းသာ၊ မကွေမကွာဖြစ်စေသော်။

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ ဦးတင်ဝင်း(ဒိုက်ဦး-သုံးခွ) မင်္ဂလာဗျူဟာအသင်းချုပ်

မဟာပဋ္ဌာန်းအခါတော်နေ့၊ စတုတ္ထသတ္တာဟ(နယုန်လဆန်း ၁၃-ရက်) အမှတ်တရရည်မှန်းပူဇော်ပါသည်။

www.dhammadownload.com

ဓမ္မပူဇာမင်္ဂလာ ဘဝ၏မှတ်တိုင်များ

အစဉ်အဆက် ကျေးဇူးရှင်အပေါင်းတို့အား ကျေးဇူးဆပ်သောအားဖြင့်
ရှင်သန်ဆဲဘဝတစ်ခုမှာ (ကျေးဇူးဆပ်)ဘဝ၏မှတ်တိုင်များ...

မင်္ဂလာဗျူဟာအသင်းချုပ် ၂၀၀၅-ခုနှစ် အဘိဓမ္မာသင်တန်းမှ...
သင်တန်းသားတစ်ဦးဖြစ်သော ဦးတင်ဝင်း(ဒိုက်ဦး–သုံးခွ)၏

၁။ ဘဝတစ်ခု အမြင့်မြတ်ဆုံးဖြစ်အောင် ဗုဒ္ဓအဘိဓမ္မာကို အခြေခံမှစ၍
သင်္ဂြိုဟ်(၉)ပိုင်းကို ရှင်းလင်းတင်ပြခြင်း **အဘိဓမ္မာ မှတ်စု**
၂။ အဘိဓမ္မတ္ထဝိဘာဝိနီကို ရှင်းလင်းတင်ပြခြင်း **ဋီကာကျော် မှတ်စု**
၃။ အဘိဓမ္မာ(ညဝါ)ကိုအခြေခံမှစ၍လေ့လာဆည်းပူးလိုသူများအတွက်
ဓမ္မသင်္ဂဏီကျမ်း၊ စိတ္တုပ္ပါဒကဏ္ဍ၊ **မာတိကာ မှတ်စု**
၄။ ပဋ္ဌာန်းဒေသနာ၊ ကျမ်းရွေစာ၊ ရှည်စွာအခွန့်၊ တည်စေရန်
ပဋ္ဌာနပါဠိ *ကုသလတ္တိက၊ **ပစ္စယနိဒ္ဒေသ+ပဉှာဝါရဝိဘင်္ဂ မှတ်စု**
၅။ ဆဝါရ အနုလုံ, ပစ္စနိတ်၊ ဝိဘင်္ဂဝါရ၊ **ဆဝါရဝိဘင်္ဂ မှတ်စု**
၆။ ပဉှာဝါရ ပစ္စယာနုလောမ၊ ပစ္စနိယသင်္ချာ **ပဉှာဝါရသင်္ချာ–၁ မှတ်စု**
၇။ ပစ္စယာနုလောမပစ္စနီယ၊ ပစ္စနီယာနုလောမသင်္ချာ၊ **ပဉှာဝါရသင်္ချာ–၂ မှတ်စု**
၈။ ဆဝါရသင်္ချာ အနုလုံ, ပစ္စနီယာနုလောမသင်္ချာ၊ **ဆဝါရသင်္ချာ မှတ်စု**
၉။ ပစ္စယနိဒ္ဒေသ+ပဉှာဝါရ၊ ပဉှာဝါရသင်္ချာ၊ ဆဝါရဝိဘင်္ဂ+သင်္ချာ၊
ပါဠိတော်မှတ်စု(ဇယား)
၁၀။ သုံးပုံပိဋကတ်၊ အဆီမြတ်ဖြစ်သော မင်္ဂလာတရားတော်၏
လောကီ၊လောကုတ္တရာချမ်းသာ 'နိဗ္ဗာန်'တိုင်အောင် **မင်္ဂလာ မှတ်စု**
၁၁။ ဘဝတစ်ခု အမြင့်မြတ်ဆုံးဖြစ်အောင် ပဋ္ဌာန်းဒေသနာဖြင့်
ဝိပဿနာ၏အထောက်အပံ့ရစေရန် **ဝိပဿနာအတွက် ပဋ္ဌာန်းမှတ်စု**
၁၂။ ပဋ္ဌာနပါဠိ ကုသလတ္တိက ပုစ္ဆာဝါရ၊ ပဉှာဝါရဝိဘင်္ဂ+သင်္ချာ၊
ပစ္စယနိဒ္ဒေသ၊ ဆဝါရဝိဘင်္ဂ+သင်္ချာ **ပဋ္ဌာန်း ကုသလတိက်မှတ်စု**
၁၃။ ပဋ္ဌာန် ဝေဒနာတိက်ကို ပူဇော်နိုင်ရန် **ပဋ္ဌာန်း ဝေဒနာတိက်မှတ်စု**
ဓမ္မပူဇာမင်္ဂလာဖြင့် (ကျေးဇူးဆပ်)ပူဇော်ပါသည်။ 2022

စိတ်ကောင်းရှိဖို့က ပထမ

"နိဗ္ဗာန်တိုင်အောင်၊ အကျိုးဆောင်၊ ထွန်းပြောင်ဓမ္မပူဇာမင်္ဂလာ။"